www.burmeseclassic.com



www.burmeseclassic.com

အမေ့ဥယျာဉ်

www.burmeseclassic.com

## ဒို့အဓိကအရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

အမေ့ဥယျာဉ် စာအုပ်အမှတ် (၃)

# မြသန်းတင့်

# မာယာဘုံ

(တတိယအကြိမ်)

အမေ့ဥယျာဉ် စာအုပ်တိုက်
အမှတ် ၂၀၊ စီ (၄)၊ ၅၅ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၃၅၂၇

www.burmeseclassic.com

စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း

တတိယအကြိမ်ပုံနှိပ်ခြင်း

[၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ ၁၀၀၀]

စာမူခွင့်ပြုချက်အမှတ်

[ ၄၅၃/၂၀၀၂ (၅) ]

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

[ ၁၂၀၃/၂၀၀၃(၁၀) ]

မျက်နှာဖုံးပန်းချီ

ပန်းချီမောင်ညိုဝင်း

မျက်နှာဖုံးကာလာခွဲ

Eternal

စီစဉ်ထုတ်လုပ်မှု

အောင်မြင့်နိုင်

မျက်နှာဖုံးပုံနှိပ်သူ

ဦးစိုးသိန်း (ငွေကြယ်အော့ဖ်ဆက်)

၁၄၈၊၄၅လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ

ဦးလွင်စန်းယဉ် (စာပေလုပ်သားပုံနှိပ်တိုက်)

၂၁၃၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)

၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ် - ကိုမြင့်

အတွင်းဖလင် - ကိုအောင်အောင် (Eternal)

ကွန်ပျူတာစာစီ - ရွှန်းလဲ့ကွန်ပျူတာ

[တန်ဖိုး - ၂၂၀ ကျပ်]

www.burmeseclassic.com

# ၁

ပေတစ်ရာလမ်းမကြီးပေါ်က ထနောင်းပင်နှင့် ကတုံးဇရပ်ကလေးသို့ အေးမတို့ရောက်တော့ နံနက်ဝေလီဝေလင်း၊ မိုးပင် စင်စင်မလင်းတတ်သေး။

ကတုံးဇရပ်ဆိုသည့်အတိုင်း ဇရပ်က အမိုးမရှိ၊ အရွက်စိပ်စိပ်ကလေးတွေ ဖြာယှက်သည့် ထနောင်းပင်အောက်တွင် နွားသားတိုင် လေးတိုင်ထူကာ နွားသားကြမ်းပြင် ခင်းထားသည့် ဇရပ်အိုကလေးဖြစ်သည်။ ပထမတုန်းက သွပ်မိုး၊ အဖီလေးဘက်ချ အခိကဇရပ်ကြီးဖြစ်သည်။ သို့ရာတွင် ခေတ်တွေ မည်မျှဖြတ်သန်းခဲ့ရသည်မသိ၊ ယခုတော့ အိုမင်းဟောင်းနွမ်းနေပြီ။ အမိုးသွပ် များလည်း မရှိတော့၊ ပျဉ်ကာများလည်း မရှိတော့၊ အဖီလေးဘက်က တိုင်များ လည်း မရှိတော့။ အလယ်ကောင်က ကြမ်းခင်းထားသည့် ခင်တမ်းငုတ်တိုသာ ကျန်သည်။ အေးမ လူဖြစ်လာကတည်းက သည်ဇရပ်ကို ကတုံးဇရပ်အဖြစ် တွေ့ခဲ့ရသည်။

ထနောင်းပင်ခြေရင်းတွင် အုတ်ရေအိုးစင်တစ်ခုရှိသည်။ အုတ်ပလ္လင်ပေါ်တွင် ဟောင်းနွမ်း၍ အရောင်အဆင်းမဲ့နေသည့် ပုခန်းကြီး အိုးနှစ်လုံး တင်ထားသည်။ အဖုံးအကာမရှိ။ ရေအိုးတစ်လုံးပေါ်တွင် ဝါးရိုးတပ် ရေမှုတ်ဟောင်းကလေးတစ်လုံး ကန့်လန့်ဖြတ် တင်ထားသည်။

ကတုံးဇရပ်ရှေ့ ပေတစ်ရာရောက်တော့ ထွန်စက်က တောင်ရူးရူးသို့ လှည့်၍ ရပ်သည်။ ထွန်စက်နောက်တွဲ ပက်လက်ထဲတွင် ခရီးကြိုစီးလိုက်သူတွေ ပြည့်နေသည်။ ခံတောင်းတွေ၊ ခြင်းတောင်းတွေ၊ အိတ်တွေအပြည့်တင်ထားသည်။ အေးမတို့ လလသသက ဝယ်ထားသည့် လယ်ထွန်စက်ဖြစ်သည်။ သူတို့ရွာဘက်တွင် လယ်မရှိ၊ ယာခင်းသာရှိသည်။ လယ်မရှိသဖြင့် လယ်ထွန်စက်က လယ်မထွန်နိုင်။ လယ်မထွန်နိုင်၍ ယာထွန်နိုင်သလောဆိုတော့ ယာလည်း ကောင်းကောင်းထွန်၍ မဖြစ်။ အေးမတို့ ရွာတစ်ဝိုက်က ယာခင်းများထဲတွင် ထန်းတောတွေ ရှိသည်။ ထန်းပင်တွေကြားထဲတွင် ထွန်စက်မောင်းရသည်က ခက်သည်။

www.burmeseclassic.com


အချိန်ကုန်သည်။ လယ်ထွန်စက်က ကျသည့် ဆီများက မြေသြဇာ တုံးစေသည်ဟု တောင်သူများ အယူရှိကြသည်။ ထို့ကြောင့် ယာလည်း မထွန်နိုင်။

တစ်ခုတော့ ကောင်းသည်။ သူတို့ရွာ၌ ထွန်စက်တစ်စီး ရှိသဖြင့် အသွားရ အလာရ လွယ်သည်။ ရွာနီးချုပ်စပ် သွားလိုလျှင် လှည်းငှားဖို့မလို၊ လယ်ထွန်စက်ဖြင့် လိုက်နိုင်သည်။ ပိုက်ဆံလည်း အကုန်သက်သာသည်၊ အချိန်လည်း မြန်သည်။ တစ်ခါတစ်ရံ ခရီးကြုံလျှင် ပုလဲ၊ ယင်းမာပင်၊ ညောင်ပင်ကြီး ဆိပ် စသည့် ယမားမြောက်ဘက်က မြို့များသို့ လိုက်နိုင်သည်။ ထို့ကြောင့် ထွန်စက်ကို အေးမတို့ရွာက သဘောကျသည်။

'ဟေ့ အေးမ ကတုံးဇရပ်မှာ ဆင်းမယ်ဆို၊ ဘာငေးနေတာလဲ'

လယ်ထွန်စက်မောင်းသည့် ကိုတင်ထွန်းက စက်မရပ်ဘဲ နောက်သို့ လှည့်အော်သည်။

'ဟောတော့'

အေးမက လျှာကလေး တစ်လစ်ထုတ်ကာ နောက်တွဲပက်လက်နောက်မြီးမှ ခုန်ချလိုက်သည်။ လက်တစ်ဖက်ဖြင့် တင်ပါးကို ဖုတ်ခါသည်။ လက်တစ်ဖက်က အဝတ်အစားထည့်သည့် ပင်း(န်)အင် တံဆိပ်တုရိုက် အပေါ်စား လက်ဆွဲအိတ်ကလေးကို ဆွဲထားသည်။ တက်ထရွန် လိမ္မော်ရောင်အင်္ကျီနှင့် ထမီကို ဆင်တူဝတ်ထားသည်။ နွမ်းစပြုနေပြီ။

'ကိုတင်ထွန်းကြီး ထုံးစံအတိုင်းနော်...'

အေးမက ပလပ်စတစ် လက်ကိုင်အိတ်ကလေးမှ ဇစ်ကိုဆွဲကာ ပြားငါးဆယ်ထုတ်သည်။

'ဘာထုံးစံအတိုင်းလဲ...'

'လူခ ပြားငါးဆယ်ဆို တော်ရောပေါ့...'

'အံမယ် နင့်ပဲအိတ် သုံးအိတ်အတွက်ကော'

'ပဲအိတ် သုံးအိတ်က အလကား ပဲတင်းပေါ့'

အေးမက ပြောင်စပ်စပ်ဖြင့် ပြောသည်။

'ဘာ အလကား ပဲတင်းလဲ၊ နင်တို့ပဲကျတော့ အလကားပေးလို့လား၊ မရဘူး၊ တစ်အိတ်တစ်ကျပ်နဲ့ သုံးကျပ်ပေး၊ လူခ လျှော့လိုက်မယ်'

လယ်ထွန်စက်သံကြောင့် ကိုတင်ထွန်းက ခပ်ကျယ်ကျယ် အော်သည်။ ကိုတင်ထွန်းက သဘောကောင်းသည်။ အေးမထက် ဆယ်နှစ်လောက်ကြီးသည်။ လယ်ထွန်စက်မောင်းသင်တန်းဆင်းပြီး ရွာက လလသသ လယ်ထွန်စက်ကို

www.burmeseclassic.com


မောင်းနေသည်။ သူ့အသားက နေလောင်ထားသဖြင့် ခပ်ညိုညို၊ မျက်လုံးမှေးမှေး၊ ခပ်ဝဝ၊ စစ်ရှပ်အင်္ကျီစိမ်းဟောင်း၊ နှစ်ခြောက်ဆယ် ချည်လုံချည်ကို ဝတ်ထားပြီး ခေါင်းပေါ်တွင် စစ်ဦးထုပ်ဟောင်းတစ်လုံး ဆောင်းထားသည်။ ကွမ်းစားသဖြင့် သူ့သွားများက မည်းနက်နေသည်။

'ဟင့်အင်း ပေးနိုင်ဘူး၊ ရော့- တစ်ကျပ်ခွဲပဲယူ၊ အိတ်တွေလဲ ချပေးဦးတော့'

အေးမက ကျပ်တန်ဟောင်းလေး တစ်ရွက်ကို နောက်ထပ် ပေးလိုက်ပြီး ထွန်စက်နောက်မြီးဘက်သို့ လှည့်လာသည်။

'သေလိုက်ပါတော့ဗျာ၊ ပိုက်ဆံကျတော့လဲ အပြည့်မပေးဘူး၊ ပဲအိတ်တွေလဲ ထမ်းပေးရသေး၊ ဗျို့ နောက်ကလူတွေ ပဲအိတ်တွေ ချပေးလိုက်ကြစမ်းဗျာ ကြာတယ်၊ ရေစကြိုရောက်အောင် သွားရမှာ၊ နောက်ကျနေလိမ့်မယ်'

'ဘယ်အိတ်တွေလဲ'

'ကုလားပဲအိတ် သုံးအိတ်ဗျာ၊ မြန်မြန်၊ မြန်မြန်'

နောက်တွဲပေါ်က လူသုံးလေးဦးက ပဲအိတ်ကြီးများကို အောက်သို့ တွန်းချလိုက်ကြသည်။ ကုလားပဲအိတ်များက နှစ်တင်းဝင်အိတ် သုံးအိတ်။ စုစုပေါင်း ခြောက်တင်းရှိသည်။

'ဒါပဲလား'

'ဟုတ်တယ်တော့၊ အဲလေ မဟုတ်ဘူးတော့'

စက်သံကြောင့် အေးမက ခပ်ကျယ်ကျယ်ပြောသည်။ သူ့စကားကို သဘောကျ၍ ထွန်စက်ပေါ်က လူများက ရယ်ကြသည်။

'ဘာဟုတ်တယ်- မဟုတ်ဘူးလဲ၊ ဘာကျန်သေးသလဲ'

'ယိုးဒယား ပလပ်စတစ်ခြင်းတစ်လုံး၊ ပြီးတော့ အိပ်ရာလိပ်၊ အိပ်ရာလိပ်က အရေးကြီးတယ်နော်'

ထွန်စက်ပေါ်မှ ပလပ်စတစ်ခြင်းတောင်းအနီ တစ်လုံး ကျလာသည်။ ပလပ်စတစ်ခြင်းတောင်းထဲတွင် တိုလီမိုလီပစ္စည်းတွေ ပါသည်။ ထမင်းထည့်ထားသည့် သတ္တုလက်ဆွဲချိုင့် တစ်လုံး၊ ရေပုလင်း တစ်ပုလင်း၊ ကာတွန်းစာအုပ်နှစ်အုပ် သုံးအုပ်၊ ထန်းလျက်ထုပ် တစ်ထုပ်၊ ဓာတ်ဗူး အသစ်စက်စက် တစ်လုံး။

အိပ်ရာလိပ်က မြေကြီးပေါ်သို့ ဘုတ်ကနဲ ကျလာသည်။ မိုးကာဖျင်အဟောင်းကို ကြိုးနှင့်စည်းထားသည့် ခပ်ကျစ်ကျစ် အိပ်ရာလိပ်ကလေး။

'ဒါပဲလား'

www.burmeseclassic.com


'ဟုတ်ကဲ့၊ ဒါပဲ။ ကျေးဇူးပဲ ကိုတင်ထွန်းကြီး'

အေးမက လယ်ထွန်စက်နောက်တွဲဘီးကို ကိုင်၍ ကိုတင်ထွန်းကို လှမ်းနှုတ် ဆက်သည်။ လယ်ထွန်စက်ဘီးတွင် နွားချေးတွေ ပေနေသဖြင့် ကိုင်မိသည်တွင် အေးမက မျက်နှာရှုံ့မဲ့ပြသည်။ ကိုတင်ထွန်းက ရှေ့ထိုင်ခုံမှနေ၍ သူ့ကို လှမ်း ကြည့်ရင်း ရယ်နေသည်။

'အေးမ ငါ့ထွန်စက်ဘီးမှာ နွားချေးတွေ ပေနေတာ မြင်တယ် မဟုတ်လား'

'မြင်တာပေါ့တော်'

'အော် မြင်ရင် ကြပ်ကြပ် သတိထား'

ကိုတင်ထွန်းက ထွန်စက်ဘီးကို မေးငေါ့ပြသည်။ လည်လွန်းသည့်ဘီး ချေးသင့်တတ်သည်ဟု ကိုတင်ထွန်း ပြောလိုပုံရသည်။ အေးမကလည်း နား လည်လိုက်သည်။

'မမြင်လို့ ကိုင်မိတာပေါ့တော့၊ အသေကောင်ကြီး ဟွန်း'

အေးမက နှုတ်ခမ်းစူသည်။ ကိုတင်ထွန်းက တဟားဟား ရယ်ရင်း လယ်ထွန်စက်ကို ဂီယာသွင်းလိုက်သည်။ လယ်ထွန်စက်သည် လင်းကတော ပေတစ်ရာအတိုင်း တောင်စူးစူးသို့ မောင်းထွက်သည်။

ထွန်စက်သံနှင့် ထွန်စက်ပေါ်မှ ရယ်သံများသည် ဖုံလုံးများထဲတွင် ပျောက်သွားသည်။

နံနက်ဆည်းဆာ နေခြည်နုနုများ ဖြာကျလာကြပြီ။ ယာမြေက နီနီ ရဲရဲ။ သစ်ပင်တွေက စိမ်းစိမ်းမြမြ။ နွေဦးလေပြေက သင်းသင်းပျံ့ပျံ့။ ထနောင်း ပင်ပေါ်က ချိုးငှက်က တေးသံနွဲ့နွဲ့။

၂

www.burmeseclassic.com

## ၂

ကားကြိုကို မည်မျှကြာအောင် စောင့်ရမည် မသိ။ ပခုက္ကူ ရေစကြိုဘက်မှ လာသော ခရီးသည်တင် လော်ရီကြီးများကို မမီတော့။ စောစောက ဖြတ်သွားကြပြီ။ အရပ်ကားကို မမီလျှင် ကားကြိုကို စောင့်ရတော့မည်။ သည်လမ်းတစ်ဝိုက်တွင် ‘ဟီးနိုး’ဟု သူတို့အရပ်က ခေါ်သည့် သစ်ထုတ်လုပ်ရေးဌာနက ကားကြီးများ၊ ‘ခေါင်းဝါ’ဟု ခေါ်ကြသည့် ကလသဖက အီဆူဇူးကားကြီးများ၊ ‘ဂျီအမ်စီ’ဟု ခေါ်သော ဆောက်လုပ်ရေးကော်ပိုရေးရှင်းက ကားကြီးများ မကြာခဏ ဖြတ်တတ်သည်။ လက်ပြလျှင် ရပ်ပေးသည်။ သဘောကောင်းသည့် ဒရိုင်ဘာနှင့် တွေ့လျှင် အလကား တင်သွားသည်။ သဘောမကောင်းလျှင်လည်း မှုစရာ မရှိ။ လက်ဖက်ရည်ဖိုးလေး နည်းနည်းပါးပါး ပေးလိုက်လျှင် လိုက်နိုင်သည်။ ရှော့ပတ္တမြား ရှော့နဂါး။ ဘာမျှ အားနာစရာ မလို။

အေးမက အိပ်ရာလိပ်ကို သယ်ကာ ကတုံးဇရပ်ပေါ်တွင် ဝင်ထိုင်သည်။

အေးမ သည်လမ်းကို အခါခါ အခေါက်ခေါက် ရောက်ဖူးပြီ။ ဘာမျှ စိုးရိမ်ကြောင့်ကြစရာ မရှိ။ မရောက်ဘူးသည့် အရပ်သို့ ခရီးသွားရသလို သဲထိတ်ရင်ဖိုစရာ ဘာမျှ မရှိ၊ ကတုံးဇရပ်ကလေးပေါ်တွင် သူတစ်ယောက်တည်း ထိုင်နေ၍လည်း ဘာမျှ စိုးရိမ်ဖွယ်မရှိ။ သည်ကတုံးဇရပ်ကို အေးမ အခေါက်ခေါက် ရောက်ဖူးလှပြီ။ နားဖူးလှပြီ။ သူတို့ရွာက လင်းကတော ပေတစ်ရာဟု ခေါ်သော ပခုက္ကူ–မုံရွာ ကားလမ်းမကြီးအတွင်းဘက် တခေါ်သာသာလောက် ဝင်ရသည်။ ယင်းမာပင်၊ ညောင်ပင်ကြီး၊ ဆားထုံ၊ ဆားလင်း၊ ပုလဲ၊ မင်းတိုင်ပင်စသည့် ယမားချောင်း မြောက်ဘက်က ငါးရက်တစ်ဈေး မြို့များသို့ သွားလိုလျှင် လမ်းဆုံက ကတုံးဇရပ်ကလေးသို့ လာရသည်။ ဘယ်သွားသွား သည်ကတုံးဇရပ်ကို ထွက်၍ ကားစောင့်ရမြဲ။ ဘယ်ကပြန်ပြန် ကတုံးဇရပ်လေးတွင် ဆင်းရမြဲ။

www.burmeseclassic.com


ကြာတော့ သူ့လက်ဖဝါးအကြောင်းကို ကောင်းကောင်းသိသလို၊ သည် ပတ်ဝန်းကျင် တစ်ဝိုက်ကိုလည်း အေးမ ကောင်းကောင်းသိနေပြီ။ ဘာမျှ ကြောက်စရာ မရှိ။

ကားသံ ကြားရသဖြင့် အေးမ ဝမ်းသာသွားသည်။ သို့ရာတွင် သေသေ ချာချာ ကြည့်လိုက်တော့ ကားသံက တောင်ဘက်မှ မဟုတ်။ ယမားချောင်း မြောက်ဘက်ကမ်းမှ ဖြစ်သည်။ ခဏကြာတော့ လူအပြည့်တင်ထားသည့် လော်ရီ ကားတစ်စီး ယမားချောင်းထဲသို့ ဖုတ်တထောင်းထောင်းဖြင့် တအိအိ ဆင်းလာ သည်။

အေးမက ကားဆီသို့ မျှော်ကြည့်သည်။ သူသွားရမည့် ခရီးက ယမား မြောက်ဘက်။ ယခုကားက ယမားတောင်ဘက်သို့ တက်လာသောကား ဖြစ် သည်။ အေးမနှင့် ဘာမျှမဆိုင်။ သို့ရာတွင် ရွာကလူတွေများ ပါမည်လောဟု မျှော်ကြည့်ခြင်း ဖြစ်သည်။

ကားက ချောင်းပြင်က ကြက်သွန်ခင်းတွေကြားထဲတွင် ကွေ့ကောက် သွားသော လမ်းအတိုင်း တလှုပ်လှုပ် လာနေသည်။ သဲပြင်ကြီးထဲတွင် တဂူး ဂူးအော်ကာ မနည်းရုန်းနေရသည်။ မနိုင်ဝန်ကို ထမ်းနေရသည့် သတ္တဝါကြီး တစ်ကောင် အော်သည့်နှယ် သူ့အော်သံက သနားစရာပင် ကောင်းသေးသည်။ ရေစကြိုဖက်က လော်ရီကား ဖြစ်သည်။ သူတို့ရွာက လူတစ်ယောက်မျှ မပါ၊ ကားဖြတ်သွားတော့ တက်ထရွန်အင်္ကျီ တက်ထရွန်ထမီဆင်တူနှင့် ဇရပ်ဒုတ်တို ပေါ်တွင် ထိုင်နေသော အေးမကို နောက်ပြောင်သွားကြသည်။

'ခင်သန်းနုကွ၊ တင်တင်ညိုကွ'

အေးမက နှုတ်ခမ်းစူပြီး တစ်ဖက်သို့ လှည့်နေလိုက်သည်။ ကားသံနှင့် ရယ်သံများသည် တဖြည်းဖြည်း ဝေးသွားကြသည်။

ကားအော်သံနှင့် ရယ်သံပျောက်တော့ ထနောင်းပင်ပေါ်က ချိုးကူသံ ပေါ်လာပြန်သည်။

အေးမ ယမားချောင်းကို ငေးကြည့်သည်။

မိုးတွင်းဆိုလျှင် ယမားသည် ကြောက်စရာကောင်းသည်။ ချောင်းပြင် က ကျယ်သည်။ တချို့နေရာများတွင် နှစ်မိုင်နီးပါးလောက် ရှိမည်။ မိုးမှုန်ချိန် တွင် ကမ်းတစ်ဖက်နှင့် တစ်ဖက်ကို ပျပျမျှသာ မြင်ရသည်။ မိုးတွင်း ချောင်းကျ လာချိန်၌ လှိုင်းလုံးများက မြွေဟောက်အကောင်ပေါင်းများစွာ ပါးပျဉ်းထောင် ၍ ပြေးလာသလို တအုန်းအုန်း အော်မြည်လိမ့်ဆင်းလာတတ်သည်။ လှိုင်းထပ်

www.burmeseclassic.com


၍ ကျလျှင် ရေသည် အဟုန်ပြင်းစွာ စီးကာ တွေ့သမျှကို တိုက်စားသွားသည်။ ပုံတောင်ပုံညာဘက်တွင် မိုးကြီးသည်နှင့် ချောင်းရေသည် ထန်းတဖျားသာသာ မြင့်သော ကမ်းပါးစောက်တွေအထိ ပြည့်မောက်လျှံတက်ကာ ကုန်းပေါ်က လူနေအိမ်ခြေ၊ စိုက်ခင်းပျိုးခင်းတို့ကို ဖျက်ဆီးဝါးမျိုသွားသည်။ တောရိုင်းတိရစ္ဆာန်ကြီးတစ်ကောင် လောဘတကြီးနှင့် ကျင်းထဲမှ ခုန်လှမ်း၍ ဟပ်လိုက်ပုံမျိုးနှင့် တူသည်။ ပုံတောင်ပုံညာ ချင်းတွင်းတစ်လျှောက် စီးလာရာ လမ်းတစ်လျှောက်တွင် ချောင်းငယ်လျှိုငယ် များစွာတို့ ပေါင်းဆုံစီးဝင်သောကြောင့် သည်မျှ အရှိန်ပြင်းသလော မဆိုနိုင်။

ယမားကို ဖြတ်တော့မည်ဆိုလျှင် ချောင်းညာ၊ ပုံတောင် ပုံညာဘက်က မိုးရိပ်မိုးခြေကို လှမ်းကြည့်ရသည်။ ပုံတောင်ပုံညာဘက်တွင် မိုးညိုလျှင် ယမားကို ဖြတ်မကူးလေနှင့်တော့။ ချောင်းလယ်ရေစီးတွင် မျောပါမည်မှာ သေချာသည်။ ဖြတ်ကူးရာ နေရာတွင် မိုးသည်းနေသော်လည်း ချောင်းရေမလာ။ သို့ရာတွင် ပုံတောင်ပုံညာတွင် မိုးညိုပြီဆိုလျှင်တော့ ချောင်းရေတွေ ဝါးလုံးထိုးစီးလိမ့်ဆင်းလာတတ်သည်။ ယမားချောင်းရေကို မည်သည့်ကားမျှ ပြေးမလွတ်။

ယမားသည် လူပေါင်းများစွာ၊ လှည်းပေါင်းများစွာ၊ ကျွဲနွားပေါင်းများစွာ၊ မော်တော်ကားပေါင်းများစွာကို စားသောက် ဝါးမျိုခဲ့ဖူးပြီ။

ပခုက္ကူ၊ ရေစကြို၊ မြိုင်ဘက်မှ ကားသမားများက ယမားကို ကြောက်ကြသည်။ ယမားက မာယာများသည်။ မထင်ဘဲလည်း ချောင်းရေတွေ ဒလဟော လိမ့်ဆင်းလာတတ်သည်။ ထင်လျက်နှင့်လည်း ချောင်းရေဆို၍ တစ်စက်မျှမရှိ။ သဲပြင်ကြီးအတိ။

ယမားချောင်းက ပုံတောင်ပုံညာတွင် အဖျားခံပြီး ချင်းတွင်းသို့ စီးဝင်သည်။ ယမား၏ တောင်ဘက်ကို ပခန်းနယ်၊ မြောက်ဘက်ကို ဇဂျီ (ဇန့်ဂျီ)နယ်ဟု ရှေးလူကြီးများ ခေါ်သံ အေးမ ကြားဖူးသည်။

သည်ချောင်းပြင်ကျယ်ကြီးကို ယမားဟု ဘာကြောင့်ခေါ်မှန်း အေးမ မသိ။ ရေစီးအဟုန် ကြီးမားသောကြောင့် ရေမားခေါ်ကြောင်း၊ ကာလရွေ့လျော သည်တွင် ယမားဖြစ်လာကြောင်းဖြင့် ပြောကြသည်။ မည်သည်ကြောင့် ခေါ်ခေါ် ယမားချောင်း ရေအဟုန် ကြီးမားကြောင်းကိုတော့ အေးမ ကောင်းကောင်းသိသည်။ သူငယ်ငယ် ဆယ်နှစ်သမီးအရွယ်ကောင်းတုန်းက ညီမငယ် တိုးမနှင့်အတူ ယမားချောင်းစပ်တွင် ဆူးပုပ်ရွက်ခူးအပြန်၊ ချောင်းလုံးပြည့် ချောင်းကျသဖြင့် တိုးမတစ်ယောက် ယမားချောင်းရေနှင့် မျောပါခဲ့ရပုံကို အေးမ မမေ့။ သည်တုန်း

www.burmeseclassic.com


က ကံကြီး၍ ညီမငယ် တိုးမ မသေခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ယမား၏ အကြောင်းကို အေးမ နှောကြေနေအောင် သိသည်။ ထို့မျှမက အေးမက ယမားချောင်း ကမ်းဘေးတွင် မွေးဖွားခဲ့သူ မဟုတ်လော။ သူ့အဘိုးအဘွားသည် လည်း ယမားချောင်းဘေးတွင် ကြီးပြင်း မွေးဖွားကာ ခေါင်းချသွားခဲ့ကြသည် မဟုတ်လော။ သူ့အမေသည်လည်း ပခန်းဇဂျီနယ်စပ်က ယမားချောင်းရိုးတစ် လျှောက်တွင် ကြီးပြင်းခဲ့သူ မဟုတ်လော။

အဖေကကော...

အဖေ့အကြောင်းကိုတော့ အေးမ ကောင်းကောင်းမသိ။ တွေးလည်း မတွေးချင်။ တွေးလိုက်တိုင်း အဖေ့ကို စိတ်နာသည်။ အေးမ သိသလောက်မှာ အဖေက တစ်နယ် လှော်ကားဘက်မှဖြစ်သည်။ အေးမတို့ ရွာထဲ ရောက်လာကာ အမေနှင့် အိမ်ထောင်ကျသည်။ ကျေးရွာ ကာကွယ်ရေးအဖွဲ့ ခေါင်းဆောင် ဖြစ်ခဲ့ဖူးသည်။ အရက်သောက်သည်။ ဖဲရိုက်သည်။ မိန်းမတွေ မှိုလိုပေါက်အောင် ယူသည်။ ဓားပြတိုက်သည်။ လက်နက်အားကိုးဖြင့် ဇဂျီ တစ်ရိုးတွင် တစ်ဗိုလ် တစ်မင်း လုပ်ခဲ့သည်။ အေးမ သုံးနှစ်အရွယ်၊ တိုးမ အခါလည် မရှိတရှိတွင် လူသတ်မှုဖြင့် ထောင်ကျသွားသည်။ သည်ကတည်းက အေးမ အဖေ့ကို မတွေ့ တော့။ အဖေ့ရုပ်ပုံကိုလည်း မမှတ်မိတော့။ အသားညိုညို အရပ်ထောင်ထောင် မောင်းမောင်း၊ မေးရိုး လေးထောင့်ကြီးတော့ မှတ်မိသလိုလိုရှိသည်။ အေးမ မှတ်မိသလောက် အဖေက ဒေါသလည်း ကြီးသည်။ သူ့ဒေါသက ယမားချောင်း ရေအဟုန်လို ပြင်းထန်သည်။ သူ့စိတ်က ယမားလို လှိုင်းဂုက်ဆန်းကြယ်သည်။ အသိရခက်သည်။ အမေကတော့ အဖေသေပြီဟု သဘောထားလိုက်သည်။ အဖေ့ အကြောင်း မေးလျှင် မကြိုက်။ အော်ငေါက်ပစ်တတ်သည်။ ထို့ကြောင့် အဖေ့ အကြောင်းကို အေးမ သည်ထက် ဘာမျှ ပိုမသိ။ သိလည်း မသိချင်တော့။ သိရသလောက်ပင်လျှင် အဖေ့သတင်းက သင်းလှပြီ။

အေးမ တွေးနေတုန်း လင်းကတော ပေတစ်ရာဘက်ဆီမှ ကားတစ်စီး လာနေသည်ကို မြင်ရသည်။ အေးမ ကတုံးဇရပ်ပေါ်က ခုန်ဆင်း၍ လက်ပြသည်။ ကားက ကလသဖဟု ခေါ်သော လမ်းပန်းဆက်သွယ်ရေးဌာနက အီဆူဇူးကား။ ခေါင်းဝါကြီး။

ကားက လေဘရိတ်သံ ရှူးကနဲပေး၍ ထိုးရပ်ကာ ရှေ့ခန်းက ဒရိုင်ဘာ က ခေါင်းပြူထွက်လာသည်။ ကားက ဘာပစ္စည်းမျှ မပါ။ ဝန်ပေါ့ ဖြစ်သည်။

'ဘယ်လဲ'

www.burmeseclassic.com


'ညောင်ပင်ကြီးဆိပ်ကိုပါ'

ဒရိုင်ဘာ မျက်လုံးများက လမ်းဘေးတွင် ချထားသည့် အိတ်သုံးအိတ်ဆီသို့ တစ်ချက်ရောက်သွားပြီး အေးမ မျက်လုံးများဆီသို့ ပြန်ရောက်လာသည်။

'ဘာတွေလဲ'

'ကုလားပဲအိတ်တွေပါရှင်၊ သုံးအိတ်တည်းပါနော်'

'မအားဘူး၊ နောက်ကားမှလိုက်'

ဘာမျှ ပြန်မပြောလိုက်နိုင်။ ကားက ဂူးခနဲ မြည်ကာ ဆောင့်ထွက်သွားသည်။ ဒရိုင်ဘာကို အေးမစိတ်ထဲက ကျိန်ဆဲမိသည်။ ကိုတင်ထွန်းကြီးလို သဘောကောင်းသည့် ဒရိုင်ဘာမျိုးတွေ့လျှင် မည်မျှ ကောင်းမည်နည်းဟု အေးမ တောင့်တမိသည်။

မတတ်နိုင်။

ကတုံးဇရပ်ပေါ်တွင် အေးမ ပြန်ထိုင်သည်။ 'ခေါင်းဝါ'ကြီးက ယမားချောင်းထဲသို့ ဆင်းသွားပြီ။

()

www.burmeseclassic.com

# ၃

ယခုတော့လည်း ယမားသည် လှနေသည်။

နွေဦး၏ မြူပြာပြာပဝါပါးကို လွှမ်းခြုံထားသဖြင့် ယမားသည် မှုန်ရီမှိုင်းနေသည်။ နောက်ဘက် ပုံတောင်ပုံညာ တောင်တန်းသည် မြူခိုးနှင့် ဝိုးဝါးထွေးယှက်ကာ မှုန်ဝါးနေသည်။ ကြက်သွန်ခင်းများက ချောင်းပြင်နှင့်အမျှ ကျယ်ပြန့်ရှည်လျားသည်။ မြကော်ဇောကွက်ပေါ်နေသည့် ကြက်သွန်ခင်းများပေါ်သို့ နေခြည်နုနုက ဖြာကျနေသည်။ ကြက်သွန်ခင်းများထဲက ရေတွင်းများတွင် မောင်းလက်ကြီးများ ဆင်ထားသည်။ တချို့ ကြက်သွန်ခင်းများတွင် ရေလောင်းသူတွေရောက်ကုန်ကြပြီ။ မောင်းလက်ကြီးများက နွေဦးနံနက်ဆည်းဆာကောင်းကင်ကို ခေါင်းညိတ်ပြကြသည်။ တကျွီကျွီ မြည်သံဖြင့် နှုတ်ဆက်ကြသည်။ မြောက်ဘက်ကမ်းပါးတောစပ်မှ ဘုတ်အီးသံကို ခပ်သဲ့သဲ့ ကြားရသည်။ မိုးတွင်းတွင် ဒေါသဟုန်ပြင်းထန်သော ယမားချောင်းသည် သည်ချောင်းပြင်ကြီးဟုပင် ယုံနိုင်စရာမရှိ။ ဩော် သည်လိုကျတော့လည်း ယမားက ချစ်စရာအကောင်းသား။

ယမားတစ်ဝိုက်တွင် အေးမ အလုပ်စုံ လုပ်ခဲ့ဖူးပြီ။ မြေပဲပေါ်ချိန်တွင် ပဲဖော်လည်း လိုက်ခဲ့ဖူးပြီ။ ငရုတ်လည်း ဆွတ်ခဲ့ဖူးပြီ။ ကြက်သွန်ခင်းတွေမြင်တော့ ကြက်သွန်ခင်းတွေ ရေလောင်းခဲ့ရသည်ကို အမှတ်ရသည်။ ကြက်သွန်ဥဖော်ခဲ့ရသည်ကို သတိရသည်။ သူများ ကြက်သွန်ခင်းတွင် အငှားလိုက်၍ရေလောင်းရခြင်း ဖြစ်သည်။

အေးမ ရေလောင်းရသည့် ကြက်သွန်ခင်းက ဆယ်ခင်းလောက်ရှိမည်။ ကြက်သွန်ခင်းပတ်လည်တွင် ရေမြောင်းတွေ ဖောက်ထားသည်။ ကြက်သွန်ခင်းတစ်ခင်း ရေလောင်းပြီးလျှင် ရေလွှတ်ပေါက်ကို ပိတ်လိုက်ပြီး နောက်တစ်ခင်းကရေလွှတ်ပေါက်ကို ဖွင့်ရပြန်သည်။ အလုပ်က ပင်ပန်းသည်။ မောင်းတက်ကြီးတွေကို ဆွဲ၍ ရေလောင်းရသည့် အလုပ်ကြမ်းဖြစ်သဖြင့် ဖျားနာလျှင် မခံနိုင်အောင် ကိုယ်လက်တွေ ကိုက်ခဲနာကျင်သည်။ ပင်ပန်းသည်ကို အေးမ မကြောက်။ ပင်ပန်းသည့် အလုပ်မျိုးကို အေးမလုပ်နိုင်သည်။ လုပ်လည်း လုပ်ခဲ့ဖူးပြီ။

www.burmeseclassic.com



သို့ရာတွင် ကြက်သွန်ခင်း ရေလောင်းရသည့် အလုပ်က လက်ဝင်သည်။ အချိန်ကြာသည်။ ဤသည်ကိုတော့ အေးမ သည်းမခံနိုင်။ ထန်းလုံးမြောင်းထဲသို့ ရေလောင်းထည့်သည့်အခါတွင် ရေက ထန်းလုံးမြောင်းမှ မြေမြောင်းထဲသို့ စီးသွားသည်။ မြေမြောင်းထဲတွင် အချိန်အတော်ကြာ စီးသွားပြီးမှ လိုသည့်ရေ လွှတ်ပေါက်က တစ်ဆင့် ကြက်သွန်ခင်းထဲသို့ စီးဝင်သည်။ သည်ကြားထဲ အောက်က သဲမြေက ရေကို နှုတ်ယူထားလိုက်သဖြင့် ရေတစ်ပုံးအပြည့် လောင်းလျှင် ပုံးတစ်ဝက်လောက်သာ ကြက်သွန်ခင်းထဲသို့ ရောက်သည်။ သည်နည်းဖြင့် တွက်ပါက ကြက်သွန်တစ်ခင်းအတွက် ရေပုံးငါးဆယ်လောင်းလိုလျှင် ရေပုံး တစ်ရာ ဆွဲရမည်။

သည်တော့ အေးမ စိတ်တိုသည်။

စင်စစ် သစ်ပင်စိုက်ရသည့်အလုပ်သည် အေးမနှင့် မကိုက်၊ သစ်ပင် စိုက်သူက စိတ်ရှည်ရသည်။ အပင်ပျိုးရသည်။ ရေလောင်းရသည်။ ပိုးကျ မကျ ဂရုစိုက်ရသည်။ ကြက်သွန်ဖော်ရသည်က စိတ်ရှည်ရသည်။

အေးမက စိတ်မြန်သည်။ စိတ်ဆတ်သည်။ အလုပ်တစ်ခုကို ကြာရှည် ကြာမြော စောင့်လုပ်မနေချင်။ အပြီးသတ်အောင် တစ်ခါတည်း ဆက်တိုက် လုပ်ချလိုက်ချင်သည်။ မောသည် ပန်းသည်က အရေးမဟုတ်။ အလုပ်ပြီးတော့ မှ စိတ်လွတ်ကိုယ်လွတ် နေချင်သည်။

အမေက ကြက်သွန်ခင်း အငှားရေလောင်းလိုက်ခိုင်းတော့ သားအမိ နှစ်ယောက် စကားများရသည်။ ဝင်ငွေလည်းရအောင် စိတ်မလေအောင် အမေက ခိုင်းခြင်း ဖြစ်သည်။ လုပ်ခလည်း မက်လောက်စရာ မရှိ။ ကြက်သွန် တစ်ရာ သီလုံး လုပ်ပါက ငွေလေးတစ်ရာလောက်ရသည်။ ခုခေတ်တွင် ငွေတစ်ရာသည် ဘာမျှ မဖြစ်လောက်။ တက်ထရွန်အင်္ကျီ ထမီ တစ်စင်စာလောက်သာ ရှိသည်။ အေးမက မလုပ်ချင်ဟု ခါးခါးသီးသီး ငြင်းတော့ အမေက စိတ်ဆိုးသည်။ ငို လား ရယ်လား လုပ်သည်။ အေးမကို စကားမပြောဘဲနေသည်။ အေးမက စိတ်ကြီးသူ ဖြစ်သည်။ အမေက စကားမပြောတော့ အေးမကလည်း စိတ်ကောက် ၍ စကားမပြောဘဲ နေလိုက်သည်။

သည်အတောအတွင်း ဘာလုပ်မည်နည်းဟု အေးမ စဉ်းစားသည်။ အလုပ်တစ်ခုတော့ လုပ်ရမည်။ အမေကလည်း မကျန်းမာ။ ကျန်းမာ၍ အလုပ် လုပ်နိုင်သည့်တိုင်အောင် အမေ့လုပ်စာက သည်ခေတ်တွင် မစားလောက်။ ဘာလုပ် မည်နည်းဟု စဉ်းစားသောအခါ အေးမ မစဉ်းစားတတ်။ သူ့ပညာက စကော စက။ ဘာမှ လုပ်မဖြစ်။

www.burmeseclassic.com


သူငယ်ငယ်ကတော့ ဘာမျှ စဉ်းစားစရာမရှိ။ တာဝန်လည်း မရှိ။ အဖေမရှိသည့်တိုင်၊ အမေက ကြက်မကြီး ကြက်ကလေးကို အမိုက်ပုံယက်ကျွေးသလို အမေက ရတတ်သမျှ ရှာဖွေကျွေးသည်။ အမေက ဆားထုံး၊ ဆားလင်းကြီး၊ မင်းတိုင်ပင်၊ ပုလဲ၊ ညောင်ပင်ကြီး စသည့် ယမားမြောက်ဘက်က ငါးရက် တစ်ဈေးသို့ လိုက်၍ ကုန်စိမ်းရောင်းသည်။ အေးမကို ရွာအလယ်တန်းကျောင်းမှာ ထားခဲ့သည်။ အမေက သူ့သမီးကို သူ့လို ဈေးတောင်း ခေါင်းရွက်အဖြစ်မျိုးသို့ မရောက်စေချင်။

အေးမ သတ္တမတန်းအောင်သည့်နှစ်တွင် သူတို့ရွာသို့ မုံရွာမှ တက္ကသိုလ်ကျောင်းသူတစ်သိုက် နွေရာသီ လုပ်အားပေးရင်း စီးပွားရေးစစ်တမ်းကောက်ရန် ရောက်လာကြသည်။ အမေ၏ စီးပွားရေးအခြေအနေကို စစ်တမ်းကောက်ရင်း အမေ့ကို သနားသွားကြသည်။ သူတို့ထဲမှ နွဲ့နွဲ့ရီက အေးမကို ကျောင်းထားပေးမည်၊ မုံရွာသို့ ထည့်လိုက်ပါဟု ပြောသည်။

နွဲ့နွဲ့ရီ၏ အဖေ ဦးမြမင်းက အေးမတို့အဖေ ကာကွယ်ရေး ခေါင်းဆောင်ဘဝတွင် ဆရာရင်း ဖြစ်ခဲ့ဖူးသည်ဟု အမေက ပြောပြသည်။ ဦးမြမင်းသည် ပါလီမန်ခေတ်တုန်းက ပါလီမန်အမတ် ဖြစ်ခဲ့ဖူးသည်။ မုံရွာတစ်ဝိုက်တွင် အရှိန်ဩဇာကြီးသည်။ သည်ဘက်ခေတ်ကျတော့ ဦးမြမင်းနိုင်ငံရေးမလုပ်တော့။ စီးပွားရေးကို စောက်ချလုပ်သဖြင့် ထိပ်တန်းကုန်သည်ကြီးတစ်ဦး ဖြစ်နေပြီ။

ဦးမြမင်း သမီးမှန်းသိတော့၊ အမေကလည်း စိတ်ချသည်။ မုံရွာတွင် ကျောင်းထားဖို့ အရေးသည် သူတို့အဖို့ ရတောင့်ရခဲ အခွင့်အရေးကြီးဖြစ်သည်။ ကိုယ့်စရိတ်နှင့် ကိုယ်ဆိုလျှင် သည်တစ်သက်တွင် မည်သည့်နည်းနှင့်မျှ ထားနိုင်စရာ အကြောင်းမမြင်။ ယခု ကြုံတောင့်ကြုံခဲ အခွင့်အရေးရပြီ။ ထားရမည့်အိမ်ကလည်း အဖေ့ဆရာရင်း ဦးမြမင်း၏အိမ်ဆိုတော့ စိတ်ချရသည်။

အမေ့စိတ်ကူးက အေးမကို ၁၀ တန်း အောင်, အောင် ကျောင်းထားမည်။ ဆယ်တန်းအောင်လျှင် အေးမကို အလုပ်လုပ်ခိုင်း၍ မုံရွာသို့ ပြောင်းမည်။ အေးမရသည့် ဝင်ငွေကလေး တစ်ဖက်၊ သူရသည့် ဝင်ငွေကလေး တစ်ဖက်ဖြင့် အငယ်မ တိုးမကို ကျောင်းထားမည်။ တိုးမကိုတော့ ဆယ်တန်းလောက်ဖြင့် မတင်းတိမ်နိုင်။ တိုးမက စာတော်သည်။ ဉာဏ်ကောင်းသည်။ ရွာကျောင်းက အလက ကျောင်းဆရာကြီးကလည်း တိုးမကို ပညာကောင်းကောင်းသင်ပေးရန် မကြာခဏ တိုက်တွန်းဖူးသည်။

(၂)

www.burmeseclassic.com



ရောက်စတွင် အေးမ အနေရကျပ်သည်။

သူတို့တိုက်ကြီးက ကျယ်သော်လည်း အေးမ မနေတတ်။ စည်းကမ်းတွေက များသည်။ ခြေသံပြင်းလျှင် အဆူခံရသည်။ ခပ်ကျယ်ကျယ် ရယ်မိလျှင်လည်း အဆူခံရသည်။ စကားကျယ်ကျယ်ပြောလျှင်လည်း အငေါက်ခံရသည်။ အေးမစိတ်ထဲ၌ ကျဉ်းကျပ်နေသည်။ တိုက်ကြီးက ကျယ်သော်လည်း အသက်ရှူ၍ ဝသည်မထင်။ အေးမ အလိုလို ရင်မောသည်။

သည်တိုက်ကြီးတွင် သူနေ၍ ဖြစ်မှ ဖြစ်ပါ့မည်လောဟု သံသယဝင်ချင်သည်။ တိုက်အိမ်ကြီး၌ သူကြောက်ရမည့် သူတွေချည်း ဖြစ်နေသည်။ ဖေဖေကြီး ဦးမြမင်းကိုလည်း အလိုလိုကြောက်သည်။ သူ့မျက်နှာထားကြီးက အမြဲတည်နေသည်။ တစ်ခါတစ်ရံ ဘယ်သူ့ကိုမှ စကားမပြောဘဲ ဆေးပြင်းလိပ်ကို ဖွာ၍ ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်နေတတ်သည်။ တစ်ခုခုကို အစဉ်းစားရကျပ်နေပုံမျိုး၊ ဆုံးဖြတ်ချက်တစ်ခုကို ချရန် အလေးအနက် စဉ်းစားနေပုံမျိုး၊ ဖြစ်သည်။ ထိုအခါမျိုးတွင် ဘယ်သူမှ အနားမကပ်ရဲကြ။ စကားကျယ်ကျယ်ပြောတတ်သော မေမေကြီး ဒေါ်သန်းကြည်အသံမှာ တိုးတိတ်သွားတော့သည်။ ကက်ဆက်ဖွင့်သူ မာလာလည်း လျှာကလေးတစ်လစ်ထုတ်ကာ ကက်ဆက်ကို ပိတ်လိုက်သည်။ စန္ဒယားတီးလေ့ရှိသည့် နွဲ့နွဲ့ရီလည်း စန္ဒယားမတီးတော့။ ဒရိုင်ဘာကိုငွေမောင်းလည်း မျက်နှာငယ်ကလေးဖြင့် ဖြစ်နေတတ်သည်။ ထိုအခါမျိုးမှာ စီးပွားရေးလုပ်ငန်းတွင် စဉ်းစားစရာပေါ်နေသည့် အခါမျိုးဖြစ်သည်။ ဦးမြမင်းသည် ထိုသို့စဉ်းစားနေသည့်အခါမျိုးတွင် အိမ်သားများကိုလည်း အတွေ့မခံတော့။ တိုက်အပေါ်ထပ်တွင်သာနေသည်။ တစ်ခါတရံ မိုးညှင်းသမ္မုဒ္ဒေသို့လည်းကောင်း၊ ဗောဓိတစ်ထောင်သို့လည်းကောင်း၊ ဖိုးဝန်းတောင်သို့ လည်းကောင်း ထွက်သွားတတ်သည်။ မနက်ကတည်းက ဂျစ်ကားဖြင့် ထွက်သွားပြီး ညနေ မိုးစုတ်စုတ်ချုပ်မှ ပြန်လာသည်။ တစ်ခါတရံတွင်လည်း ဂျစ်ကားကို

www.burmeseclassic.com


ပြန်လွတ်လိုက်ကာ တစ်ညနှစ်ညတန်သည် အိပ်ပြီးမှ ပြန်လာသည်။ စီးပွားရေး လုပ်ငန်းများကို ဦးမြမင်း အားစိုက်ခွန်စိုက် လုပ်သည်။ စီးပွားရေးကိစ္စဆိုလျှင် မည်သူ့ကိုမျှ မငဲ့ညှာ။ ပြတ်သားသည်။ လူတွေ စားဝတ်နေရေး အဆင်မပြေသည် ကို သူက တိုင်းပြည်နာသည်ဟု သူလိုရာ သူဆွဲ၍တွေးပြီး 'ပြည်နာမှ ငွေရှာ လို့ကောင်းတယ်' ဟု ပြောတတ်သည်။

ထို့နောက်တွင်ကား ဦးမြမင်းသည် ပုစ္ဆာတစ်ခုကို စိတ်ချလက်ချ တွက်ပြီးသွားဟန်ဖြင့် ပေါ့ပါးရွှင်လန်းစွာ ပြန်လာတတ်သည်။ ခါတိုင်းကဲ့သို့ပင် ပရလုပ်ငန်းဟုခေါ်သော ပွဲရုံများသို့သွားခြင်း၊ ဆောက်လက်စတိုက်များ၊ အိမ်များ သို့သွားရောက် ကြည့်ရှုခြင်း၊ ဆီစက်များသို့ သွားကြည့်ခြင်း၊ မိတ်ဆွေများနှင့် စကားပြောခြင်း စသည့် လုပ်ငန်းများကို ပုံမှန်ပြန်လုပ်သည်။

ရောက်စက အနေကျပ်သော်လည်း နှစ်ဝက်လောက်နေတော့ အေးမ အသားကျသွားသည်။ ဦးမြမင်း၏တိုက်က စက်ယန္တယားကြီးထဲတွင် သူ့နေရာ နှင့်သူ အံကျသော ဝက်အူချောင်းကလေးတစ်ချောင်း ဖြစ်လာသည်။

နံနက်ငါးနာရီထိုးတော့ အေးမ အိပ်ရာထပြီး ရေနွေးအိုးတည်ရသည်။ အိမ်ကိုကြမ်း တိုက်ရသည်။ ကုလားထိုင်တွေ၊ ပြတင်းပေါက်တွေ ဖုန်သုတ်ရသည်။ ဘုရား ညောင်ရေအိုးလဲရသည်။ မေမေကြီး ဒေါ်သန်းကြည်ဈေးသွားလျှင် မီးဖိုချောင်တွင် ဘာဟိယတွေကို သိမ်းကျုံးလုပ်ရသည်။ အိမ်တွင်ဆွမ်းပင့်ထား သော သံဃာတော်များကို ဆွမ်းလောင်းရသည်။ နံနက်အိမ်မှုကိစ္စပြီးတော့ နံရံမှ သံစုံနာရီက ကိုးနာထိုးပြီ။ သင်္ချာ၊ ရူပဗေဒနှင့် အင်္ဂလိပ်စာ ကျူရှင်ယူသည့် မာလာလည်း ကျူရှင်မှ ပြန်လာပြီ။

မာလာ ကျောင်းတက်လျှင်လဲဖို့ အဝတ်အစားတွေ အသင့်ထုတ်ပေးကာ သူကိုယ်တိုင်လည်း ရေမိုးချိုး၊ ထမင်းကပျာကရာစားကာ ဖြီးလိမ်းပြီး မာလာ နှင့်အတူ ကျောင်းသွားရသည်။

သည်လိုနှင့် တစ်မနက်ခင်းကုန်သွားသည်။ အသက်ပင်မည်သို့ ရှူ လိုက်ရမှန်း မသိတော့။

ကျောင်းက ရေဦး–မုံရွာလမ်းမကြီးပေါ်မှာရှိသည်။ တိုက်တွင် ဂျစ်ကား တစ်စီးအပြင် ဖို့ကွန်တီနာ ကားကြီးတစ်စင်းလည်းရှိသေးသည်။ သို့ရာတွင် သူတို့နှစ်ယောက် ခြေလျင်တက်ရသည်။ ကြက်ဥနှစ်ရောင် ဖို့ကွန်တီနာကြီးက ပွဲလမ်းကျမှသာသုံးသည်။ မာလာတစ်ယောက်တည်းတုန်းက ဂျစ်ကားဖြင့်လိုက်ပို့ သည်။ သည်နှစ်တွင် ဦးမြမင်းအလုပ်က များလာသည်။ ပွဲရုံများသာမက

www.burmeseclassic.com



မြို့ပေါ်အနှံ့ဆောက်နေသည့် အိမ်များ၊ တိုက်များကို လျှောက်ကြည့်ရသည်။ ထို့ကြောင့် သည်နှစ်တွင် ဂျစ်ကားဖြင့် လိုက်ပို့ချိန်မရ။

ကျောင်းက မာလာတို့တိုက်နှင့်လှမ်းသည်။ လမ်းက မြို့လယ်လမ်းမကြီး ဖြစ်၍ မော်တော်ကားအသွားအလာထူသည်။ ရေဦး–မုံရွာပြေးသည့် ဘတ်စ်ကား များ၊ မြင်းလှည်းများ၊ ကျောင်းသွား ရုံးသွား ဘိုင်စကယ်များဖြင့် အမြဲရှုပ်နေတတ် သည်။

အစက မာလာတစ်ယောက်တည်း စိတ်မချသော်လည်း ယခု အေးမ အဖော်ရသဖြင့် တိုက်က လိုက်မပို့တော့။

မာလာက နုနုနယ်နယ်၊ အသားဖြူဖြူ၊ ကိုယ်ဟန်နွဲ့နွဲ့ကလေး။ မျက် တောင်များက ကော့ညွတ်ကာ မျက်လုံးတွေက ရီဝေညို့မှိုင်းနေကြသည်။ ပန်းပွင့် လွှာပေါ်မှ အကြောမွှာကလေးများကို ဖြူဝင်းသောပါးပြင်တွင် အကြောစိမ်း ကလေးတွေ ယှက်သန်းနေကြသည်။ ချယ်ရီရိပ်ပြေးသော နှုတ်ခမ်းထူထူကလေး က ပြုံးလိုက်လျှင် ကြာငုံဖူးလိုလှသည်။ ကိုယ်လုံးက သွယ်လျသည်။ မေမေကြီး ဒေါ်သန်းကြည်က သူ့သမီးကို စိတ်မချ။ ကောင်လေးတွေ အနှောင့်အယှက်ပေး ကြမည်ကို အလွန်စိုးရိမ်တတ်သည်။

ကျောင်းဝတ်ကျောင်းစားနှင့်ကျတော့ အေးမကလည်း တစ်မျိုးလှသည်။ အေးမအသားက ဖြူသည်ဟု မပြောနိုင်သော်လည်း ဝင်းမွတ်နုညက်သည်။ မျက်လုံးများက တောက်ပရွှန်းလဲ့နေကြသည်။ လယ်တိုင်က သွယ်နွဲ့သော်လည်း တောင့်တင်းရှင်းလင်းသည်။ လန်းဆန်းသောလေထဲတွင် အလုပ်ကြမ်းလုပ်ခဲ့ရ သောကြောင့်လောမသိ၊ ကိုယ်လုံးကိုယ်ပေါက်က စိုပြေသည်။ ကျစ်လစ်တောင့် တင်းသည်။

သူတို့နှစ်ယောက်ယှဉ်၍ လျှောက်သွားကြလျှင် တစ်ယောက် တစ်မျိုး စီလှကြသည်။

သီတင်းကျွတ် ကျောင်းပိတ်ကာနီးတစ်နေ့တွင် အေးမနှင့်မာလာတို့ ကျောင်းသို့ထွက်လာခဲ့ကြသည်။ လမ်းတစ်ဝက်ရှိ လမ်းလေးခွဆိုင်တစ်ခု၏ ကွမ်း ယာဆိုင်တစ်ဆိုင်နားရောက်တော့ အုပ်စုဖွဲ့၍ ထိုင်နေကြသည့် လူရွယ်တစ်စုကို တွေ့ရသည်။ သူတို့အားလုံး ဆံပင်တွေက ပခုံးပေါ်ဝဲပုံ့ကျနေသည်။ မာလာ ကုပ်ပေါ်တွင် ဝဲကျနေသည့် ဆံပင်လောက်ရှည်လိမ့်မည်။ တချို့က ကွမ်းယာဆိုင် ရှေ့က အုတ်တံတားဘောင်ပေါ်တွင်ထိုင်ပြီး တချို့က မတ်တတ်ရပ်နေကြသည်။ ကျောင်းတက်ကျောင်းဆင်းဆိုလျှင် သူတို့တစ်သိုက် ကွမ်းယာဆိုင်အနီးက သည်

www.burmeseclassic.com



တံတားဘေးတွင် စုမိတတ်ကြသည်။ တံတားအုတ်ခုံတွင်ထိုင်ကာ ကျောင်းသူများကို မျက်စိစားပွဲထိုင်ကြသည်။

တံတားနားရောက်တော့ မာလာ အလိုလိုခြေလှမ်းပျက်လာသည်။ ရင်တွေတုန်ကာ လက်ဖျားတွေအေးစက်လာသည်။ ခေါင်းမမော့ရဲ၊ အောက်ကိုငုံ့ကြည့်လျှောက်လာသည်။ အေးမက ဟန်မပျက်။ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာသည်။

'ဒီမှာ–ဒီမှာ'

သူတို့ထဲက တစ်ယောက်က နောက်ကလိုက်ပြီးခေါ်သည်။ မာလာရော အေးမပါ သူတို့ခေါ်မှန်းသိကြသည်။ သို့ရာတွင် နောက်ပြန်လှည့်မကြည့်။ ဆက်မြဲဆက်လျှောက်လာကြသည်။

'ဒီမှာ၊ ညီမလေး'

အသံက တဖြည်းဖြည်းနီးလာသည်။ မာလာက ခေါင်းကိုငုံ့ထားသည်။ သူမျက်နှာသည် ထုပိန်းသွားကာနီမြန်းလာသည်။ ခြေလှမ်းမမှန်တော့။ ရင်တွေကလည်းခုန်နေပြီ။ သူ့နှလုံးခုန်သံကို ကြားနေရသည်။ ခြေဖျား လက်ဖျားတွေအေးစက်နေသည်။

'လှည့်မကြည့်နဲ့၊ ကိုယ့်လမ်းကိုယ်သွား'

မာလာက တိုးတိုးလေးပြောသည်။ အေးမက လှည့်ကြည့်ချင်လှပြီ။ ဧကန္တ ဈေးကြီးတောင်ဘက်က တွင်ခုံပိုင်ရှင်သား ဆောင့်ကြွားကြွား ကောင်ကလေး ဖြစ်မည်ဟု အေးမထင်သည်။ သို့ရာတွင် မာလာက မကြည့်နှင့်ဟု ပြောသဖြင့် အောင့်ထားရသည်။

'ညီမလေး ခဏနေပါဦး၊ ကျောင်းမတက်သေးပါဘူး'

နောက်က အသံပေါ်လာသည်။ မာလာရော အေးမပါနှစ်ယောက်လုံး လှည့်မကြည့်။ တံတားဆီမှ လေချွန်သံ၊ ပြောင်သံများသည် သူတို့နားထဲသို့ ပြေးဝင်လာနေကြသည်။

'ဘာလဲ'

အေးမက ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူထင်သည့်အတိုင်း တွင်ခုံပိုင်ရှင်သား ညကျောင်းတက်နေသည့် ကောင်လေးဖြစ်သည်။ ကော်လံကြီးကြီး၊ အစိမ်းရောင် ဖော့ကရစ်အင်္ကျီ အပြင်ထုတ်ဝတ်ထားပြီး၊ အင်္ကျီလက်ကျပ်ကျပ်ကလေးကို ဖရိုဖရဲ ဆွဲလှန်တင်ထားသည်။ ပုဆိုးက အနက်ကွက်ကချက်အောက် လျှောကျနေသည်။ ဆံပင်က ပခုံးတွင်ဝဲလျက်။

www.burmeseclassic.com


'ဘာမှမဟုတ်ပါဘူး၊ မာလာ့ကို စာတစ်စောင်ပေးချင်လို့'

'ဘာစာလဲ မသိဘူး၊ မနှောင့်ယှက်ပါနဲ့'

အေးမက ငေါက်ဆတ်ဆတ်ပြောပြီး ဆက်လျှောက်လာသည်။ ကောင်လေးက နောက်က ကပ်လိုက်လာသည်။

'ချစ်လို့ပေးတဲ့စာပါကွယ်၊ မာလာယူသွားပါလား'

ကောင်လေးက နောက်က ကပ်လိုက်လာသည်။ မာလာက ကြောက်လှပြီ၊ တစ်ခွန်းမျှ မပြောဘဲ ဆက်လျှောက်နေသည်။

'နင် မိန်းကလေးတွေကို ဒီလိုမနှောက်ယှက်ပါနဲ့'

'နှောင့်ယှက်တာ မဟုတ်ပါဘူး။ စာလေးပေးရုံပါ။ ရော့ပါ။ ယူသွားပါ။'

ကောင်လေးက လက်ထဲကစာခေါက်ကလေးကို အတင်းလိုက်ပေး သည်။ ယူရလည်းအခက်။ မယူရင်လည်းအခက်။ ခပ်လှမ်းလှမ်းက ကောင်လေးတွေကလည်း ညာသံပေးနေသဖြင့် အေးမ ရှက်လှပြီ။

'တောင်းပန်နေတာ မရဘူးလား'

'ညီမလေးကလဲကွယ်၊ ဒေါသချည်းပဲ။ ဟဲ–ဟဲ–ဟဲ'

မာလာက ရှေ့ကခပ်သုတ်သုတ်လျှောက်နေသဖြင့် အေးမတစ်ယောက်တည်း နောက်ကျန်နေရစ်ခဲ့သည်။ ကောင်လေးက ဖျတ်ခနဲ အေးမကျောကို တစ်ချက်လှမ်းပုတ်လိုက်သည်။ အေးမတစ်ကိုယ်လုံး ကြက်သီးတွေထကာ ထူပူသွားသည်။ ထွက်သက်က အေးမလည်ကုတ်ပေါ်တွင် နွေးနေသည်။ သည်လောက်တော့လွန်လွန်းပြီ။ မာလာက ရှေ့ရောက်နေတော့ သူ့ကို ထိကပါးရိကပါးလုပ်သည်။ မိန်းကလေးတစ်ယောက်ကိုချစ်၍ ရည်းစားစာပေးပုံမျိုးမဟုတ်။ တွေ့ရာမိန်းကလေးကို တမင်သက်သက် နှောင့်ယှက်ပုံမျိုး ဖြစ်သည်။

'ငါ လူကြီးတွေကို တိုင်လိုက်မယ်၊ နင် လိုက်မနှောင့်ယှက်နဲ့'

'တိုင်–(ဘ)ရိုင်ပေါ့'

ကောင်လေးက နောက်သည်။

'နင်တို့ ဒီလိုကြပ်ကြပ်လုပ်၊ တစ်နေ့မှာ လမ်းသရဲဖြစ်မှာ'

'ဖြစ်–(ဘ)ရစ်ပေါ့'

အေးမ စကားကောင်းပြော၍မရ။ ထို့ကြောင့် ဘာမျှမပြောဘဲ ဆက်လျှောက်သည်။ ကောင်လေးက နောက်ကကပ်လိုက်လာသည်။ လမ်းသွား လမ်းလာတွေက ကြည့်သွားကြသည်။ သူတို့နှစ်ယောက်ကို သမီးရည်းစားဟု ထင်၍

www.burmeseclassic.com



လော၊ သို့မဟုတ် ကြည့်ကောင်း၍လော မပြောတတ်။ မည်သူကမျှ အကူအညီ မပေး။ ပြုံးကြည့်သွားကြသူချည်း။

အေးမ ရှက်လည်းရှက်လုပြီ။ စိတ်လည်းတိုလုပြီ။ မြို့မှာဖြစ်၍ ကိုယ်က သည်းခံနေရသည်။ တောမှာဆိုလျှင် အေးမ ဆတ်ဆတ်ထိမခံ။ ဖြစ်ချင်ရာဖြစ် ပါးရိုက်ပစ်လိုက်ချင်သည်။ ယခုတော့ ကိုယ်က တောသူ။ သူများမြို့မှာ လာနေရသူ။ တပန်းရှုံးနေသည်။ သည်ကြားထဲ အတူပါလာသူ မာလာ့မျက်နှာကိုလည်း ငဲ့ရသေးသည်။

အေးမမျက်နှာတွေ ထူပူကာ ခပ်သုတ်သုတ်လျှောက်လာသည်။ အေးမက ခပ်သုပ်သုပ်လျှောက်တော့ ကောင်လေးကလည်း ခပ်သုပ်သုပ်လျှောက် လာသည်။ မာလာကို စိတ်ဝင်စားပုံမရတော့။

'ရော့ပါကွယ်။ ညီမလေးကလဲ။ မာလာ မယူတော့ ညီမလေးပဲ ယူသွားပါ။ ညီမလေးကလဲ တစ်မျိုးလုပြီး တစ်မျိုးချစ်စရာကောင်းတာပဲ။ မျက်လုံးလေးတွေကလဲလု။ အသားကလေးလည်း ညိုပြာညက်။ ကြည့်စမ်း ခုလို နှုတ်ခမ်းကလေးစူထားလိုက်တော့ သာပြီးတောင် ချစ်စရာကောင်း။'

စကားဆုံးအောင် မပြောလိုက်ရ။ ဒေါက်ကနဲမြည်သံနှင့်အတူ စကားသံ တိတ်သွားသည်။ အေးမ သည်းမခံနိုင်တော့ လက်ထဲကခေါက်ထီးကို တင်းတင်း ဆုပ်ကာ အရိုးဖြင့် သူခေါင်းကို ရိုက်ချလိုက်သည်။ ခေါင်းတွင် သွေးတော့မထွက်။ တော်တော်တော့ နာသွားပုံရသည်။ အနည်းဆုံး ဖူးရောင်သွားလိမ့်မည်ထင်သည်။

တံတားပေါ်မှ ညာသံများသည် ခေတ္တတိတ်သွားကြသည်။ ကောင်လေး သည် ခေါင်းကိုပွတ်ရင်း နောက်တွင်ကျန်ရစ်ခဲ့သည်။ ဘာတွေပြောမှန်းမသိ။ ပါးစပ်ကတော့လှုပ်နေသည်။ အေးမက ခေါက်ထီးကို တင်းတင်းဆုပ်ပြီး၊ ခပ်သုတ် သုတ်လျှောက်လာသည်။

တံတားတစ်ဝိုက်မှ ညာသံများသည် ဝေး၍ကျန်ရစ်ခဲ့သည်။

မာလာက လမ်းလျှောက်မပျက်။ အေးမကမူ ရင်တွေခုန်ပြီး မောနေ သည်။ အသက်ရှူသံကလည်း ပြင်းနေသည်။

'အေးမတော့ ခေါက်ထီးနှင့် ချပစ်ခဲ့ပြီ'

'ဟင်–'

မာလာ့မျက်လုံးက ဝိုင်းဝိုင်းလည်သွားသည်။ အံ့သြထိတ်လန့်သွားပုံ ရသည်။

'တောင်းပန်တာမရဘဲ အတင်းလိုက်နှောင့်ယှက်နေတာကိုး'

www.burmeseclassic.com


'ဘယ်သူလဲ'

'ဟိုတွင်ခုံက အသားဖြူစပ်စပ်နဲ့ ဘဲနာပေါ့'

အေးမက စိတ်မချသဖြင့် နောက်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သူတို့တစ်တွေနှင့် တော်တော်ဝေးလာပြီ။

'နေလင်းအောင်လား'

'မသိပါဘူး၊ ဟုတ်မှာပေါ့။ ဟိုတစ်နေ့ကလည်း တိုက်ရှေ့က ဂျစ်ကား ဖြတ်မောင်းသွားရင်း မျက်စိမှိတ်၊ လျှာထုတ်ပြောင်သွားတယ်'

'နေလင်းအောင်က မာလာကိုပိုးနေတာ'

မာလာက ယောကျ်ားလေးတစ်ယောက် ပိုးပန်းခံရသည်ကို ဂုဏ်ယူတတ်သည့် မိန်းကလေးတို့ သဘာဝအတိုင်း မာနသံလေးဖြင့် ပြောသည်။

'ပိုးရင် ကောင်းကောင်းမွန်မွန် ပိုးပါလား၊ လမ်းမှာဘာဖြစ်လို့ အနှောင့် အယှက်ပေးရသလဲ။ ပြီးတော့ မိန်းကလေးတစ်ယောက်ကို ကြိုက်တယ်ဆိုရင် အဲ့ဒီမိန်းကလေးကိုပဲ ပေးပေါ့။ ခုတော့ရည်းစားစာကို အိတ်ထဲထည့်ပြီး ရပ်ရှင် ကြော်ငြာ လက်ကမ်းဝေသလို တွေ့ကရာလူကို လိုက်ပေးနေတာ ဘယ်ကောင်း မလဲ ရပ်ကိုက ဟင်း'

အေးမက စိတ်ဆိုးမပြေသေး။ ခေါက်ထီးကို လွယ်အိတ်ထဲပြီး၊ ထမီကို တင်းတင်းပြန်ဝတ်သည်။

'ရပ်ကတော့ သိပ်မဆိုးပါဘူးဟယ်'

မာလာကပြောတော့ အေးမက နှုတ်ခမ်းမဲ့ကာ နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

'ကိုယ်လေးကလည်း ဘိန်းစားလို ပိန်ပိန်သေးသေးကလေး၊ ရင်အုပ် ကလေးကကျဉ်းကျဉ်း၊ စာကလေးရင်အုပ်၊ တင်ပါးကလေးက လိမ်ကျစ်လိမ်ကျစ် နဲ့ သူဌေးသားသမီးမို့လို့ပေါ့။ ဆင်းရဲသား သားသမီးဆိုရင် ဒီဗလမျိုးနဲ့ ဝတ် တောင်သေသေး'

မာလာက သူ့စကားကို ကြိုက်ပုံမရ၊ နှုတ်ခမ်းစူသည်။

နှစ်ယောက်သား ကျောင်းနားသို့ ရောက်လာသဖြင့် စကားပြတ်သွားကြ သည်။ ညနေကျောင်းဆင်းတော့ အေးမက ထမီကိုတိုတိုဝတ်ကာ ခေါက်ထီးကို လက်တွင် တင်းတင်းကိုင်လာခဲ့သည်။ ကျောင်းဆင်းချိန် လူအုပ်ကောင်းသဖြင့် တခြားကျောင်းသူတွေနှင့် ရောလိုက်ခဲ့ကြသည်။ ကွမ်းယာဆိုင် တံတားနားတွင် လူရွယ်တစ်သိုက် ထိုင်မြဲထိုင်နေကြသည်။ သို့ရာတွင် နေလင်းအောင်တော့မပါ။

www.burmeseclassic.com


မကြားတကြား ပြောကြသေးသော်လည်း မနက်ကလောက် မသောင်းကျန်းကြတော့။

သူတို့ထဲက တစ်ယောက်ကတော့ အေးမကိုစိုက်ကြည့်ပြီး၊ လျှာထုတ်ပြသည်။ အေးမက တစ်ချက်မျှလှမ်းကြည့်ပြီး နှုတ်ခမ်းစူကာ မျက်နှာကို တစ်ဘက်သို့ လွှဲလိုက်သည်။

၇

www.burmeseclassic.com

# ၅

အေးမက နှုတ်ခမ်းစူကာ တစ်ဘက်သို့ လှည့်လိုက်သည်။

'ဟော့– အေးမ ကားကြုံမရသေးဘူလား၊ ဘာဖြစ်နေတာတုန်း၊ နှုတ်ခမ်းကြီးစူလို့'

အေးမတို့ရွာက မစန်းရင်ဖြစ်သည်။ မစန်းရင်က အသက်သုံးဆယ်လောက်ရှိပြီ၊ တစ်ခုလပ်ဖြစ်သည်။ အသားညိုစိမ့်စိမ့် မျက်နှာသွယ်သွယ် ကိုယ်လုံးသွယ်သွယ် ငါးရံ့ကိုယ်ဟု ခေါ်ကြသော ကိုယ်လုံးမျိုး။ ခပ်သွက်သွက်၊ သူ့ယောကျ်ားက ချင်းအမျိုးသား စစ်သား၊ ယခုတော့ ကွဲနေကြသည်။ ယောကျ်ားက ဘယ်ဆီဘယ်စခန်း ရောက်နေမှန်းမသိတော့။ မျက်မမြင်ဖခင်အိုကြီးနှင့် အရွယ်မရောက်သေးသည့် ကလေးတစ်ယောက်ကို သူကပင် ရှာဖွေကျွေးမွေးနေရသည်။

နေခြည်များက အရှေ့ဘက်ကျသည့် ထနောင်းကိုင်းဖျားကို ပတ္တမြားမှုန်၊ ရွှေမှုန်များကို ပက်ဖျန်းပေးထားသည်။ လင်းကတောဘက်မှလာသော မန်ကျည်းလှည်းများ တကျွီကျွီ ဖြတ်မောင်းသွားကြသည်။

'စောင့်ရတာကြာလှပြီ၊ ခုထက်ထိမလာသေးဘူး၊ ဂျီအမ်စီကလဲ ရပ်ပြီးမှ မတင်နိုင်ဘူးတဲ့၊ မစန်းရင်ကော ဘာတွေပါသေးသလဲ'

'ဒီတစ်ပတ်တော့ ဘာမှမပါပါဘူးအေ၊ မုံရွာလည်းမသွားသေးပါဘူး။ ရေစကြိုပန်းထိမ်မှာ ရွှေကြိုးကလေးတစ်ကုံး လုပ်ထားတာ သွားရွေးမလို့'

မစန်းရင်နှင့် အဖော်က ကတုံးဇရပ်ပေါ်တွင် တင်ပါးလွှဲဝင်ထိုင်သည်။ မစန်းရင်က အောက်တွင်တွဲလွှဲချထားသော ခြေထောက်များကို ကော့ချည်ကွေးချည်လုပ်၍ ကစားနေသည်။

'ညည်းကတော့ ဟန်ကျရဲ့လား၊ ဒီတစ်ပတ် ဘာတွေပါသလဲ'

'ဟန်ကျတယ်လို့ မဟုတ်ပါဘူး မစန်းရင်ရယ်'

အေးမ၏ အသံသည် ညည်းညူသံတစ်ဝက် ရောစွက်နေသည်။ အေးမ ဖုံးကွယ်ပြောသလော၊ တကယ်ပြောသလော၊ မစန်းရင်က သံသယစိတ်ဖြင့် ကြည့်သည်။

www.burmeseclassic.com



'ဟိုအိတ်တွေက ဘာတွေလဲ၊ ကုလားပဲတွေလား'

'ကုလားပဲလေး ခြောက်တင်းထဲပါ။ မုံရွာဈေးထဲက မမချစ်မေတို့က မှာလိုက်လို့။ ဈေးက သိပ်မကိုက်ပါဘူး။ ပြီးတော့ လလသသ, ကရတဲ့ ခတ်ဘူးလေးတစ်ဘူးရတယ်'

အေးမကလည်း မစန်းရင်ကို အကဲခတ်သည်။ မစန်းရင်က သူ့ထက် အနည်းငယ် ပြောင်ရောင်သည်။ တက်ထရွန်ထမီ၊ တက်ထရွန်အင်္ကျီ အသစ်နှင့် သားနားနေသည်။ သူ့တက်ထရွန်အင်္ကျီက မုံရွာက မမနွဲ့တို့ပေးလိုက်သည့် အကျဖြစ်သည်။ ရေလျှော်ဖန်များသဖြင့် တော်တော်နွမ်းနေပြီ။

မစန်းရင်က ရွှေကြိုးတွေ ဘာတွေ၊ ရေစကြိုပန်းထိမ် တက်အပ်ပြီဆိုတော့ တော်တော်ဟန်ကျနေပုံရသည်။

'ငါလည်း နောက်လထဲဆိုရင် မော်လမြိုင်နဲ့ရန်ကုန်ကို လိုက်မလို့ဟော့၊ မုံရွာက ဟာမတွေနဲ့ အဖော်စပ်ထားတယ်။ ညည်းလည်း ဒါလေးတွေလုပ်လို့ ဘာလုပ်မှာလဲ၊ ခြောက်ပြားတစ်ပဲလောက်ရမှာ'

'ဒါလေးလောက်ပဲ လုပ်နိုင်တာကိုး မစန်းရင်ရယ်၊ ဒါလေးလုပ်ဖို့တောင် ဟိုက ပိုက်ဆံဆွဲ၊ ဒီကပိုက်ဆံဆွဲနဲ့ လုပ်ရတာ၊ ခုထက်ထိ မမချစ်တို့အကြွေး မကျေသေး ဘူး'

'ဒါမျိုးလုပ်တယ်ဆို ရဲရတယ်အေ့၊ ယူစရာရှိရင် ရဲရဲယူပစ်လိုက်၊ ပေးစရာရှိရင်လည်း ရဲရဲပေးပစ်လိုက်'

မစန်းရင်စကားသည် မည်သို့ရည်ရွယ်ပြောသည် မသိ။ အေးမကမူ မစန်းရင်သတင်းကို ကြားနေရသည့်အတွက် သူ့စကားအဓိပ္ပာယ်ကိုတွေးကာ ကျောထဲစိမ့်သွားသည်။

'မတတ်နိုင်ဘူးဟေ့ မှောင်ခိုလုပ်တယ်ဆိုတာ လိမ်တန်လိမ်၊ ကောက်တန် ကောက်ရတာပဲ။ တစ်ခါတစ်လေ ကိုယ့်အရင်းအနှီးနဲ့ကိုယ်၊ တစ်ခါတစ်လေလည်း သူများက ငွေရင်းစိုက်ပြီး ကိုယ်က လူငှားပေါ့အေ။ ဒါလည်း မဆိုးပါဘူး။ တစ်ခုတော့ ရှိသပေါ့အေ၊ အစ်ကိုကြီးခေါ်တန် အစ်ကိုကြီးခေါ်၊ မောင်လေးခေါ်တန် မောင်လေးခေါ်ပြီး ကိုယ့်ပစ္စည်းလေးလွတ်အောင် လုပ်ရတာတွေ ရှိသပေါ့။ မှောင်ခိုလုပ်တယ်ဆိုတာ ဥပုသ်စောင့်တာမှ မဟုတ်ဘဲ။ မရှိလို့လုပ်စားတာ ဟုတ်လား။ ဖြည်းဖြည်းပေါ့'

မစန်းရင်၏ စကားကိုတွေး၍ အေးမ ရင်မောသွားသည်။ ခပ်ပေါ့ပေါ့လေးပြောကာ ခပ်ပေါ့ပေါ့သဘောထားနိုင်သော မစန်းရင်ကိုကြည့်၍လည်း အံ့သြ

www.burmeseclassic.com


ရသည်။ မစန်းရင်သည် အစ်ကိုကြီးခေါ်သူ ဘယ်နှစ်ယောက်ရှိခဲ့ပြီနည်း။ မောင်လေးခေါ်သူကော ဘယ်နှစ်ယောက်များ ရှိခဲ့ပြီနည်း။

အေးမသည် ယောကျ်ားတို့စွဲမက်ဖွယ် မစန်းရင်၏ ရှိုက်ဖိုကြီးငယ်များကို ငေးကြည့်နေမိသည်။ တင်ပါးလွှဲထိုင်နေသော တင်ပါးများကလည်း လုံးကျစ်မို့မောက်နေကြဆဲ။ ပေါင်တံများကလည်း တက်ထရွန်လုံချည်ထဲတွင် အိစက်လုံးချောနေကြဆဲ။

'ဒါပေါ့ မစန်းရင်ရယ်၊ ရှိရင် ဘယ်မှာလုပ်စားချင်ပါ့မလဲ။ ခုတော့ အမေက ဟိုတုန်းကလို အလုပ်မလုပ်နိုင်တော့ဘူး။ ဒီအထဲ ပန်းနာကထတော့ သူ့ဖို့ ဆေးဖိုးဝါးခလေးကလဲ လိုသေးတယ်။ ဟိုတစ်လောကလဲ ရွာကကျန်းမာရေးမှူးက ပြောလို့ ဆေးကို မုံရွာဈေးထဲက ဝယ်လာတာ၊ ဈေးကလည်း ခေါင်ခိုက်နေတာပဲ။'

'ကြီးမှာပေါ့အေ၊ သူကလည်း မှောင်ခိုကိုး၊ တို့လိုပဲပေါ့၊ ဈေးကြီးကြီးရမှ စရိတ်ကလေးလည်းကျေ၊ အမြတ်ကလေးကျန်မှာပေါ့။ ဒီမှာအေးမ ငါညည်းကို ခဏခဏပြောဖူးတယ်မဟုတ်လား။ လောကကြီးမှာ နှစ်လမ်းပဲရှိတယ်၊ တစ်လမ်းက ကိုယ်က သူများမျက်ခုံမွေးပေါ်မှာ စင်္ကြံလျှောက်မလား၊ ဒါမှမဟုတ် ကိုယ့်မျက်ခုံးမွေးပေါ်မှာ သူများစင်္ကြံလျှောက်ခံမလား။ ဒါပဲ။ မိစန်းရင်တို့ကတော့ ကိုယ့်မျက်ခုံးမွေးပေါ်မှာ သူများစင်္ကြံလျှောက်တာ ခံခဲ့ရပြီ။ ခု– သူများမျက်ခုံးမွေးပေါ်မှာ စင်္ကြံလျှောက်နေတာ၊ ဟား–ဟား'

မစန်းရင်က ရယ်သည်။ အေးမက မရယ်နိုင်။ သူ့ရှေ့တွင် တဖြည်းဖြည်း ယိုင်နဲ့လဲသွားသော မစန်းရင်၏ စာရိတ္တအဆောက်အအုံကို ငေးကြည့်နေသည်။

သူငယ်ငယ်တုန်းက မစန်းရင်သည် ရွာက ကွမ်းတောင်ကိုင်စာရင်းထဲတွင် ပါခဲ့သည်။ သူ ဆယ်နှစ်သမီးလောက်တုန်းက မစန်းရင်က အသက်နှစ်ဆယ် အပျိုကြီးဖားဖားဖြစ်နေပြီ။ သူတို့တစ်တွေ မစန်းရင် မျက်ခုံးချီပုံမျိုး၊ စကားပြောလျှင် နှုတ်ခမ်းမဲ့ပုံမျိုး၊ ဝေရီငေးစင်းနေသော မျက်လုံးကြည့်ပုံမျိုး၊ ချိုလွင်သော အသံဖြင့် ရယ်ပုံမျိုး၊ ခါးကြားတွင်လက်ကိုင်ပုဝါ ညှပ်ပုံမျိုးကို အတုခိုးခဲ့ကြသည်။ မစန်းရင် အိမ်ထောင်ကျသည်ကိုပင် အားကျခဲ့သည်။ သည်တုံးက မစန်းရင်၏ စာရိတ္တ အဆောက်အအုံသည် မယုံနိုင်လောက်အောင် ပြိုလဲပျက်စီးသွားဖို့ဝေးစွ။ ယိုင်နဲ့ခြင်းပင် မရှိသေး။

www.burmeseclassic.com



နောက်တွင် ဘာကြောင့်မှန်းမသိ၊ ယောက်ျားနှင့် ကွဲသွားကြသည်။ သားတစ်ကောင် တို့လို့တွဲလောင်းနှင့် ကျန်ရစ်ခဲ့သည်။ သည်ကတည်းက သူ့ဘဝတွင် မိုးသက်လေပြင်းအစ ပြုခဲ့သည်။ ယခုတော့ မစန်းရင်၏ စာရိတ္တအဆောက်အအုံသည် မိုးပြင်းထဲတွင် ပြိုလဲပျက်စီးသွားခဲ့သည်။

အေးမ သူ့ကို အားမကျချင် အားကျစရာလည်းမဟုတ်၊ မရှိ၍လုပ်စားသော်လည်း သည်အဖြစ်မျိုးသို့ အရောက်မခံနိုင်၊ သည်အလုပ်မျိုးကိုလည်း မလုပ်ချင်။ သည်အလုပ်လုပ်လျှင် တစ်နေ့တော့ သည်အဖြစ်မျိုးရောက်နိုင်သည်။

စာရိတ္တအဆောက်အအုံ ပြိုလဲသွားနိုင်သည်။ သည်အဖြစ်မျိုးကို အေးမ ကြောက်သည်။ သည်အလုပ်သည် တရားဥပဒေနှင့်လည်း မလွတ်ကင်းချင်၊ အလုပ်အကိုင်မေး၍မှ မှောင်ခိုလုပ်နေသည်ဟု ဖြေ၍မကောင်း၊ ဖြေ၍မဖြစ်။ ထို့ကြောင့် အေးမ ကြက်သွန်စိုက်လိုက်သည်။ ပဲဖော်လိုက်သည်။ မိုးဦးကျတွင် ပေါ်တတ်သော တောဟင်းရွက်ကလေးများကို ခူး၍ရောင်းသည်။ မန်းကျည်းသီးပုတ် လိုက်သည်။ ရက်ကန်းလိုက်ရက်သည်။ သပြေပန်းချိုးရောင်းသည်။ မြူအိုးကောက်သည်။ အေးမ မလုပ်ဘူးသည့်အလုပ်ဆို၍ ရွာတွင် မရှိသလောက်ရှားသည်။

သို့ရာတွင် လုပ်စားတော့ မိုးခေါင်သည်။ တစ်ခုမှ အဆင်မပြေချင်။ ကြက်သွန်စိုက်၊ မန်ကျည်းသီးပုတ်၊ ပဲဖော်၊ ဟင်းရွက်ခူး စသည့်အလုပ်များမှာ ရာသီလိုက်လုပ်ရသည့် အလုပ်များဖြစ်သည်။ ရသည့်ငွေကလေးက သားအမိ သုံးယောက်စားမလောက်။ အမေ့ပန်းနာကိုကုဖို့၊ မျက်လုံးခွဲဖို့ ဆိုသည့်ကိစ္စကို ထည့်၍ပင် မစဉ်းစားနိုင်။ တိုးမ ကျောင်းထားဖို့ဆိုသည်ကလည်း ဝေးလာဝေး။

အေးမ မုံရွာတစ်လှည့်၊ ရေစကြိုတစ်လှည့်သွားကာ 'ကူသည်–ခေါက်သည်' ကုန်ကူးကြည့်သည်။ ဘေးဖြစ်ကုန် တစ်ခုမှမပါ။ ခမ္မိယလဒ္ဓဖြစ်သည်။ မစင်ကြယ်သော အလုပ်ကို မလုပ်ချင်။ တားမြစ်ကုန်များကို အရောင်းအဝယ် မလုပ်ချင်။ ကိုယ့်လိပ်ပြာကိုယ် ရက်သည်။ လူအထင်သေးခံရမည်စိုးသည်။ သို့ရာတွင် ကူသည်–ခေါက်သည် ကုန်ကူးသည်က ဘာမျှအကျိုးမရှိ။

သူ့ရင်ထဲတွင် ပဋိပက္ခဖြစ်နေသည်။ စားဝတ်နေရေး ကျပ်တည်းခြင်းသည် သူ့အဖို့ ရောဂါတစ်ခုကြီးဖြစ်သည်။ သူ့ရောဂါကြီးကို လောလောဆယ် ပျောက်ချင်လျှင် သူ့အတွက် မှောင်ခိုလုပ်ငန်းသာ ရှိတော့သည်။ သို့ရာတွင် မှောင်ခိုလုပ်ငန်းက မကောင်း။ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေသည်။ ယာယီ

www.burmeseclassic.com



သက်သာမှုကို ပေးနိုင်မည့် ဆေးဝါးကြီးဖြစ်သည်။ သည်ဆေးဝါးကြီးကို သောက်လျှင် အဝင်ဆိုးသည်။ နောက်ဆက်တွဲရောဂါတွေ ဝင်လာနိုင်သည်။ အေးမသည် ဆေးခါးကြီးကို တတ်နိုင်သမျှ ရှောင်ချင်သည်။ ရှောင်ခဲ့သည်။

ယခုမူ သည်ဆေးခါးကြီးကို မသောက်၍ မရတော့။ သူ့ရောဂါက တဖြည်းဖြည်း တိုးလာပြီ။ အမေ့ ပန်းနာရင်ကျပ်အတွက် ဆေးကလေးမှ မဝယ်နိုင်။ ဓာတ်စာကလေးမှ မကျွေးနိုင် အမေသောက်သည့် ကိုမီသာဇင်းက ဆေးဆိုင်တွင် ဝယ်မရ၊ အပြင်တွင် ဝယ်ရသည်။ အမေက ကိုမီသာဇင်း စွဲနေပြီ။ ကိုမီသာဇင်းမှ မသောက်ရလျှင် တစ်ညလုံးအိပ်မပျော်တော့။ ချောင်းတဟွတ်ဟွတ်ဆိုးနေတော့သည်။ ယခု ခဏတွင်တော့ အေးမ ကိုမီသာဇင်းလည်း မဝယ်နိုင်။ မုံရွာတွင် ကိုမီသာဇင်းက ဈေးခေါင်ခိုက်နေသည်။ ကိုမီသာဇင်း မှီဝဲကြသဖြင့် မုံရွာမှောင်ခိုဈေးတွင် အဆမတန် ဈေးကြီးနေသည်။ ကိုမီသာဇင်း မတတ်နိုင်တော့။ ထနောင်းတိုင်က ဘုန်းကြီးဖော်ပေးသည့် မြန်မာဆေးကို တိုက်ရသည်။ မြန်မာဆေးကလည်း တကယ်ကျတော့ သူ့ အမေအတွက် ကိုမီသာဇင်းလောက် ချောင်းဆိုးမသက်သာ။ ဘယဆေးအမယ်တွေကလည်း ဈေးကြီးသည်။

ထို့ကြောင့် အေးမ စိတ်ညစ်သည်။

သို့ဖြင့် အေးမ မှောင်ခိုအရောင်းအဝယ်ကို မလုပ်ချင်ဘဲ လုပ်လာရသည်။ မတတ်နိုင်။ သူအတွက် သည်နည်းသာရှိတော့သည်။ သို့ရာတွင် ကြီးကြီးကျယ်ကျယ် မဟုတ်။ ရွာတွင် လလသသက ထုတ်ပေးသည့် အထည်အစကလေး၊ ဓာတ်ဗူးကလေး၊ ချည်လုံးချည်ကလေး၊ ဆပ်ပြာတောင့်ကလေး၊ နို့ဆီဗူးကလေး စသည်တို့ကိုကောက်ပြီး မုံရွာဈေးထဲက မချစ်မေတို့ဆိုင်ကို သွားသွင်းသည်။ မချစ်မေတို့ဆိုင်က သေလဲထိုးခြောက်၊ ရေနံဆီ စသည်တို့ကို သယ်လာကာ ရွာတွင်ပြန်ရောင်းသည်။ မြတ်သည့်အခါလည်း မြတ်သည်။ တားမြစ်ကုန်ပါ၍ ရာဖွေရေးနှင့် တွေ့သည့်အခါတွင်လည်း ရှုံးသည်။ သို့ရာတွင် ဘာဖြစ်ဖြစ် ထမင်းလေးတစ်လုတ်တော့ စားရသည်။

သည်တစ်ခေါက်တော့ မချစ်မေတို့ဆီကို ကုလားပဲသွင်းထားရသည့် ပိုက်ဆံကလေးဖြင့် အဖော်ကောင်းလျှင် တမူးဘက်သို့ လိုက်ကြည့်မည်ဟု အေးမ စိတ်ကူးသည်။

'ညည်း တမူးလိုက်မလို့ဆို'

မစန်းရင်က သူ့ပေါင်ကို ဖျက်ကနဲပုတ်၍ မေးသည်။ မစန်းရင်က စကားပြောလျှင် ခြေတို့လက်တို့ဖြင့် စကားပြောတတ်သည်။ စကားပြောလျှင် သူမျက်နှာက ရှေ့သို့တိုးလာတတ်သေးသည်။

www.burmeseclassic.com


'အဖော်ကောင်းရင်တော့ လိုက်မလို့စိတ်ကူးတာပဲ မစန်းရင်'

'အရင်းအနှီးရှိရင် ကောင်းတာပေါ့အေ။ ငါတောင်လိုက်ချင်တာ ကြိုးလေးတစ်ကုံး သွားလုပ်မိလို့၊ အခုတစ်လောတော့ နိုးမန်းနီး ဖြစ်နေတယ်၊ ကျိုးကုန်းဂိတ်မှာ ငါ့လူရှိတယ်အေ့'

မစန်းရင်က အေးမအနားသို့ကပ်ကာ ခပ်တိုးတိုးပြောသည်။ အေးမမျက်နှာတွေ နီရဲထူပူသွားသည်။

'ဟိုကျရင်– ယင်းမာပင်က မလှမြင့်ရဲ့ညီမလို့ပြော'

'ယင်းမာပင်က မလှမြင့်ဆိုတာက'

မစန်းရင်က အေးမကိုကြည့်၍ ရယ်သည်။

'အံမာလေးဟဲ့ အေးမရေ၊ ခိုးချင်တာကလည်းပြာလို့၊ လက်နှေးလိုက်တာကလည်း ချာလို့ဆိုတာ ကျနေတာပဲ။ ယင်းမာပင်က မလှမြင့်ဆိုတာ၊ အီဖေကို မစန်းရင်ပဲတော့၊ သိပလား။ ညည်းအိမ်လာပြီး သန်ခေါင်စာရင်းကောက်နေတာမှမဟုတ်ဘဲ၊ အမှန်တွေ လျှောက်ပြောနေလို့ ဘယ်ဖြစ်မလဲ၊ ပါးစပ်ထဲတွေ့တဲ့ အကြံအဖန်နာမည်ပေါ့။ ကျိုကုန်ဂိတ်ကျရင် ယင်းမာပင်က မလှမြင့်ဆိုရင် လူတိုင်းသိတယ်'

မစန်းရင်က သူ့နာမည်ကြီးပုံကို ဂုဏ်ယူချင်ပုံရသည်။ တမူးလမ်းက အတွေ့အကြုံများကို မစန်းရင်က ဖောက်သည်ချသည်။ သူ့စကားများထဲတွင် စိတ်ဝင်စားစရာလည်း ပါသည်။ ရင်လေးစရာလည်း ပါသည်။

အေးမသည် မစန်းရင်၏ စကားကိုနားထောင်ရင်း ထနောင်းပင်အောက် အုတ်ခုံပေါ်က ရေအိုးစင်ကို ငေးကြည့်နေမိသည်။ အုတ်ခုံပေါ်က ပခန်းကြီးအိုးနှစ်လုံးက အရောင်အဆင်းမရှိတော့။

သည်တုန်း၊ ယမားမြောက်ဘက်က ဟီးနိုးကားကြီးတစ်စင်း တက်လာသည်။ 'ဟော့– တို့ကတော့ ကားကြုံလာပြီဟေ့၊ လာဟေ့ ဒီကားနဲ့ လိုက်ရအောင် ဟော့– အေးမ သွားမယ်ဟေ့'

မစန်းရင်က ဇရပ်ကတုံးပေါ်မှ ခုန်ဆင်းကာ မော်တော်ကားကို ဆင်းတားသည်။ သစ်ထုတ်လုပ်ရေးမှ ကားကြီးဖြစ်သည်။

ဒရိုင်ဘာရှေ့ခန်းကလိုက်သွားကာ ဒရိုင်ဘာနှင့် ရယ်ရယ်မောမောစကားပြောနေသည်။ ရင်းနှီးကြပုံရသည်။

www.burmeseclassic.com


သူ့အဖော်များက ကားနောက်ဘက်သို့ သွားကြသည်။ ကားနောက်မီး က မြင့်သဖြင့် ကားပေါ်က ယောကျ်ားတစ်ယောက်က ဆွဲတင်ရသည်။ ခဏကြာ တော့ ဂီယာသွင်းသံနှင့်အတူ 'ခေါင်းဝါ'ကြီးထွက်သွားသည်။

လက်ပြနှုတ်ဆက်သွားသော မစန်းရင်၏ ရုပ်ပုံသည် ဖုန်လုံးကြီးတွေထဲ တွင် နစ်မြုပ်ပျောက်ကွယ်သွားသည်။

၀

www.burmeseclassic.com

၆

ထနောင်းပင်အောက်က ဇရပ်ကတုံးပေါ်တွင် အေးမတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

အေးမသည် မစန်းရင်စီးသွားသည့် 'ခေါင်းဝါ' ကြီးကို မျက်စိတဆုံး ကြည့်ကျန်နေရစ်ခဲ့သည်။

သူသည် မစန်းရင်လို ထနောင်းပင်အောက်က ရေအိုးစင်အဖြစ်သို့ ရောက်ရတော့မည်လော။ သူလျှောက်ရသော လမ်းသည် သူ့ကိုယ်သူ ရေအိုးစင်အဖြစ်သို့ ရောက်စေမည့်လမ်းလော။ သူ့ကိုယ်သူတော့ သည်အဖြစ်သို့ အရောက်မခံနိုင်။ မှောင်ခိုကူးရသည်မှာ လူမှုရေးအရလည်း မကောင်း၊ ဥပဒေအမြင်ရလည်း မကောင်း၊ သည်အလုပ်ကို သူမလုပ်ချင်၊ ပျော်ပိုက်လွန်း၍မဟုတ်၊ ချမ်းသာချင်လွန်း၍မဟုတ်၊ လုပ်ချင်လွန်း၍မဟုတ်။ ဤသည်ကို သည့်ပြင်လူမသိလျှင်ရှိစေ၊ ကိုယ်ဖာသာကိုယ်သိသည်။ ကိုယ့်ဝမ်းနာသည်ကို မည်သူသိနိုင်မည်နည်း။

မာလာတို့လို လိုလေသေးမရှိ နေရသည့် ဘဝမျိုးဆိုလျှင် သည်အလုပ်မျိုးကို အေးမလုပ်ဖို့မပြောနှင့်၊ စိတ်ကူးထဲတောင် ထည့်မိမည်မဟုတ်။ အိပ်မက်ပင် မက်မည်မဟုတ်။

သူ့ပညာလေးက စကောစက၊ အခြေခံပညာရေးအလယ်တန်းကိုပင် မအောင် သူမုံရွာကျောင်းရောက်သည့်နှစ်က အောင်စရင်းတွင် သူ့နာမည် မပါလာ၊ မာလာက သင်္ချာ၊ သိပ္ပံ၊ ပထဝီ၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်သည်။ စာမေးပွဲရှုံးတော့ အေးမ စိတ်ဓာတ်အကြီးအကျယ်ကျသည်။ အမေ့ကို သနားသည်။ ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်သည်။ စာမေးပွဲအောင်စာရင်းတွင် သူ့နာမည် ရှာမတွေ့စဉ်တုန်းကဆိုလျှင် ရှက်စိတ်၊ ခံပြင်းစိတ်ဖြင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ သည်ခံစားချက်ကို သူ့တစ်သက်တွင် ဒီတစ်ကြိမ်သာကြုံဖူးသည်။ ကြော်ငြာသင်ပုန်းပေါ်က အောင်စာရင်းစာရွက်မှ သူ့ခုံနံပါတ်နှင့် အမည်သည် သူ့ဘဝမျှော်လင့်ချက် ဟူသမျှကို တည်ဆောက်ပေးမည့် အမှတ်

www.burmeseclassic.com



အသားကလေးတစ်ခုဖြစ်သည်။ ယခု အောင်စာရင်းစာရွက်ပေါ်တွင် သူ့အမည်သည် ဟာလာဟင်းလင်းဖြစ်နေသည်။ စာရွက်ပေါ်က ကွက်လပ်ကလေးကို မြင်တော့ သူ့ဘဝကြီးတစ်ခုလုံးသည်လည်း ဟာလာဟင်းလင်းဖြစ်သွားမည်ဟု ထင်ခဲ့သည်။ သူ့ဘဝကြီးတစ်ခုလုံးသည် ကွက်လပ်ကြီးဖြစ်သွားမည်ဟု အေးမ ထင်သည်။ သည်ခံစားချက်သည် နောင်တွင်မီးညှန့်ကျသွားသလို အရှိန်လျော့ကျသွားသည်။ သည်ခံစားချက်မျိုးသာ လျော့ကျမသွားလျှင် အေးမ သူ့ကိုယ်သူ သတ်သေမိမည်လောပင် မပြောတတ်။

ခေါင်းအေးအေးထား၍ ပြန်စဉ်းစားကြည့်မိတော့ သူစာမေးပွဲကျရသည်မှာ ဖျင်း၍မဟုတ်၊ ပျင်း၍လည်းမဟုတ်၊ အေးမအဖို့ ကျောင်းတက်ချိန်ကလေးသာ ကျောင်းစာနှင့် ထိတွေ့ရသည်။ ကျောင်းစာသင်ရသည်ဆိုသည့်တိုင် ဟုတ်တိပတ္တိ သင်ရသည်လည်းမဟုတ်။ သူ့တို့အတန်းတွင် ကျောင်းသူကျောင်းသားများလွန်းသဖြင့် အတန်းငါးတန်း ခွဲထားရသည်။ တစ်တန်းလျှင် ကျောင်းသူကျောင်းသား ခြောက်ဆယ်ကျော်ရှိသည်။ ဆရာ–ဆရာမများက အတန်းထဲရောက်သည်နှင့် တန်း၍သင်သွားသည်။ ကျောင်းသားနားလည် မလည်ကို ဂရုမစိုက်။ ဂရုစိုက်ချိန်လည်းမရှိ။ တချို့ကလည်း ကျောင်းတွင် ဝတ်ကျေတန်းကျေသင်ကာ အိမ်သို့ ခေါ်၍ တိတ်တဆိတ် ကျူရှင်ပေးကြသည်။

အေးမက သည်ကျူရှင်မျိုးကို မယူနိုင်။ ကျောင်းဆင်းသည်နှင့် တစ်ပြိုင်နက် ကျောင်းလွယ်အိတ်ကို ပစ်ချကာ အိမ်အလုပ်ကို ကောက်လုပ်ရသည်။ မီးဖိုထဲက ထမင်းချက်ဒေါ်သင်းအုံကို ကူညီလုပ်ကိုင်ပေးရသည်။ ထမင်းစားသောက်ပြီး၍ ပန်းကန်ခွက်ယောက်တွေ ဆေးပြီးတော့ ည ၇ နာရီထိုးနေပြီ။ ၇ နာရီထိုးသည်နှင့် ဦးမြမင်း၊ ဒေါ်သန်းကြည်၊ မမန္တ၊ မာလာတို့အိပ်ယာများ ကို ခင်းရသည်။ မမကြီးဒေါ်သန်းကြည် ပုတီးစိပ်နေစဉ် နင်းပေးရသည်။ ဒေါ်သန်းကြည် အိပ်ပျော်သွားတော့ ကျောင်းအဆင်းတွင် သူလျှော်ဖွပ်ထားသော တစ်အိမ်လုံးက အဝတ်အစားတွေကို မီးပူတိုက်ရသည်။ ဆယ်နာရီခွဲလောက် အိမ်မှုကိစ္စတွေပြီးတော့ အေးမ ပင်ပန်းလှပြီ။ အိပ်ချင်နေပြီ။ စာမကျက်နိုင်တော့။ မနက်အစောကြီး ထရဦးမည်။

သည်လိုဖြင့် အေးမ စာကျက်ချိန်မရောက်ဘဲ စာမေးပွဲကျခဲ့ရသည်။ မာလာ့လို စာကျက်ချိန်ရလျှင်၊ ကျူရှင်ယူနိုင်လျှင် သူကော ဘာကြောင့် မအောင်ရမည်နည်း။ စာမေးပွဲလေး တစ်ခါနှစ်ခါကျရုံဖြင့် သူ့ဘဝကို အရှုံးပေးရမည်ဆိုလျှင် လောကတွင် သူ့ထက်ညံ့ဖျင်းသူ ရှိပါဦးမည်လော။

www.burmeseclassic.com



အေးမ ရှစ်တန်းစာမေးပွဲတွင် တစ်နှစ်ကျတော့ မမန္တလည်း ကျောင်းဆက်နေရဦးမည်ဟု ဆိုသည်။ ဦးမြမင်းကလည်း ကျောင်းဆက်ထားဦးမည်ဟု ပြောသည်။ ထို့ကြောင့် မုံရွာမှာပင် အေးမ ကျောင်းဆက်တက်သည်။ သူက ရှစ်တန်းမှာ နေရစ်ခဲ့ရပြီး မာလာက ကိုးတန်းတက်သွားသည်။ နောက်တစ်နှစ်တွင်လည်း အေးမ စာမေးပွဲကျပြန်သည်။ မာလာက ထုံးစံအတိုင်းအောင်ကာ ဆယ်တန်းသို့ရောက်သွားပြီ။

သည်တစ်နှစ်တော့ အေးမကလည်း ကျောင်းဆက်မတက်ချင်တော့၊ တစ်နှစ်ပြီးတစ်နှစ် ကျပြီးရင်းကျနေသည့်အခါတွင် ကျောင်းနေရသည်ကို စိတ်ပျက်လာသည်။ အချိန်ကုန်သည်ဟု ထင်လာသည်။ စင်စစ် သူ့ဘဝသည် အမေ့အိမ်မှာထက် ထမင်းနပ်မှန်အောင်တော့ စားရသည်။ သို့ရာတွင် သူ့ဘဝသည် သည်လို ထမင်းစားကျွန်ခံဖြင့် ပြီးသွားရမည်လော။

သည်တစ်နှစ်တော့ အေးမကလည်း ကျောင်းနေရုံအမည်ခံကာ သူတစ်ပါးအိမ်တွင် ထမင်းစားကျွန်ခံဘဝဖြင့် မနေချင်တော့။ ဦးမြမင်းတို့ကလည်း အေးမကို သူတို့အိမ်တွင် ဆက်လက်ထားချင်ဟန်မတူတော့။ နှစ်နှစ်လုံးလုံးသူတို့ ကျောင်းထားခဲ့ပြီးပြီ။ နှစ်နှစ်ထားသည့်တိုင် စာမေးပွဲမအောင်တော့ အေးမဖျင်းသည်၊ ပညာပါရမီနည်းသည်၊ ကျွဲပါးစောင်းတီးသကဲ့သို့ရှိသည်၊ ပိုးသာကုန်၍ မောင်ပို စောင်းမတတ်သည့် ကိန်းမျိုးဖြစ်သည်။ အခွင့်အရေးရသခိုက်တွင် ကိုယ့်ကြီးပွားလမ်းကို ကိုယ်မရှာတတ်သူဖြစ်သည်။ ငြုတ်ကျည်ပွေ့သာ အတက်ပေါက်ချင်ပေါက်မည်။ အေးမလိုလူမျိုးက အညွန့်မတက်နိုင်ဟု တည့်တည့် တစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ ပြောလာကြသည်။ သူတို့စကားကို ဘာသာပြန်ကြည့် လိုက်တော့ အေးမကို သူတို့တိုက်တွင် မထားနိုင်တော့ဟု အဓိပ္ပာယ်ထွက်သည်။

သူတို့တိုက်တွင် မထားချင်သည့် အကြောင်းပြချက်က အေးမစာမေးပွဲ ခဏခဏကျသဖြင့် အကျိုးမထူးသောကြောင့်ဟုဆိုသည်။ သို့ရာတွင် ဤသည်မှာ အပေါ်ယံအကြောင်းပြချက်ဖြစ်သည်။ တကယ့်အကြောင်းက ဤသို့မဟုတ်။

ဦးမြမင်းတိုက်သို့ အေးမရောက်သည့် ဒုတိယနှစ်တွင် ပြဿနာတစ်ခု ပေါ်လာသည်။

စင်စစ်တော့ အေးမနှင့်ဘာမျှမဆိုင်။ ပြဿနာက မာလာနှင့် နေလင်းအောင်တို့ ပြဿနာ။

နေလင်းအောင်သည် အေးမ၏ ခေါက်ထီးစာမိပြီးသည့်နောက် ကွမ်းယာဆိုင်တံတားတွင် မထိုင်တော့။ နှစ်ပတ်လောက် ပျောက်ချက်သားကောင်း

www.burmeseclassic.com


နေသည်။ ခေါင်းပေါက်သွားသဖြင့် ဆေးထည့်၍များ နေရသလောဟု မာလာက တွေး၍စိုးရိမ်သည်။ နှစ်ပတ်လောက်ကြာတော့ နေလင်းအောင် ပြန်ပေါ်လာသည်။ သူ့မျက်နှာက ညှိုးငယ်သယောင်ရှိသည်။ ခါတိုင်းလို နောက်လားပြောင်လား မလုပ်တော့။ ကျောင်းတက်ကျောင်းဆင်း အေးမတို့နှစ်ယောက်နောက် လိုက်လာတတ်သည်။ နေလင်းအောင်၏ အရိပ်အခြေကိုကြည့်၍ အေးမစိုးရိမ်သည်။

နေလင်းအောင်သည် ခေါက်ထီးဖြင့် အရိုက်ခံရသည်ကို အခဲမကျေသဖြင့် သူတို့နှစ်ယောက်ကို အရှက်တကွဲအကျိုးနဲဖြစ်လာအောင် လက်စားချေမည်လော မဆိုနိုင်။ အထူးသဖြင့် ကာယကံရှင် အေးမက ပို၍ စိုးရိမ်သည်။ သူတို့လူတွေရှေ့တွင် အရှက်ခွဲခဲ့သည့်နည်းတူ နေလင်းအောင်ကလည်း လူပုံလယ်တွင် မိမိအား အရှက်ခွဲလေမည်လောဟု တွေး၍လန့်သည်။ ထို့ကြောင့် အေးမက နေလင်းအောင်ကို အလစ်မပေး။ နေလင်းအောင် သူတို့နောက်က လိုက်လာသည်နှင့် အေးမက ထမီကို တင်းတင်းဝတ်ကာ ခေါက်ထီးကို လက်က တင်းတင်းကိုင်ထားသည်။ တကယ်တမ်းကျလျှင် နေလင်းအောင်လို ပိန်ညှောင်ညှောင်လေး တစ်ယောက်ကို အသာကလေး အနိုင်ယူနိုင်မည်ဟု သူထင်သည်။

ထိုနေ့ကို အေးမ ကောင်းကောင်းမှတ်မိသည်။

မိုးနှောင်းနေ့ တစ်နေ့။ မိုးတဖွဲဖွဲ စွေနေသည်။ မိုးမှုန်မိုးစက်များသည် ကတ္တရာလမ်းပေါ်တွင် တဖွဲဖွဲကျနေသည်။ ကတ္တရာလမ်းချိုင့်က ရေအိုင်ကလေးများထဲတွင် မိုးစက်တွေကျကာ ဂယက်ကလေးတွေ ထနေသည်။

အေးမက ကတ္တရာလမ်းဘေးအတိုင်း ကျောင်းက တစ်ယောက်တည်း ပြန်လာသည်။ တုပ်ကွေးဖြစ်နေသဖြင့် မာလာ ကျောင်းမတက်နိုင်သည်မှာ တစ်ပတ်လောက်ရှိသွားသည်။

ယနေ့ ဆရာမ အသင်ကောင်းနေသဖြင့် သူ့တို့ရှစ်တန်း နောက်ကျသွားသည်။ မိုးမှုန်ကလေးများထဲတွင် အေးမ ထီးဆောင်းလျက် ရေဦး–မုံရွာ လမ်းမကြီးအတိုင်း အိမ်သို့ ခပ်သုတ်သုတ်ပြန်လာခဲ့သည်။

ကွမ်းယာဆိုင် တံတားနားရောက်တော့ အေးမ ခြေလှမ်းတုံ့သွားသည်။ နေလင်းအောင်က ကွမ်းယာဆိုင်ရှေ့ အဖီချထားသည့် တာရပတ်အောက်မှ ရုတ်တရက် ထွက်လာသောကြောင့် ဖြစ်သည်။ အေးမ လန့်သွားသော်လည်း ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း မျက်နှာထားတင်းတင်းဖြင့် ခပ်သွက်သွက် ဆက်လျှောက်သည်။ ခေါက်ထီးကလည်း ဖွင့်ဆောင်းထားသဖြင့် အားကိုး၍မရ။ သို့ရာတွင် အရေးရှိက မြန်မြန်ပိတ်နိုင်အောင် အဆင့်သင့် လုပ်ထားသည်။

www.burmeseclassic.com


အေးမ ကြာကြာမလျှောက်လိုက်ရ။ နောက်က အသံတစ်သံပေါ်လာသဖြင့် ခေါင်းနပန်းတွေ ကြီးသွားသည်။ အေးမက လှည့်မကြည့်ဘဲ ဆက်လျှောက်မြဲ လျှောက်သည်။

'အေးမ ခဏနေပါဦး'

နေလင်းအောင်၏ အသံဖြစ်သည်။ နေလင်းအောင်သည် သူခေါက်ထီးဖြင့် အရိုက်ခံရသည်ကို မကျေနပ်၍ လက်စားချေရန်လော။ အေးမသတ္တိကောင်းသည် မှန်သော်လည်း နှစ်ယောက်တည်း တွေ့သည်အခါတွင် ရင်နည်းနည်းခုန်စပြုလာသည်။

'အေးမ ခဏလေးပါ၊ စကားပြောစရာရှိလို့ပါ'

နေလင်းအောင် နောက်မှကပ်ပါလာရင်း ထပ်ခေါ်သည်။ လမ်းမကြီးပေါ်တွင် မော်တော်ကား၊ မြင်းရထား၊ ဘိုင်စကယ်တို့ ဥဒဟို ဖြတ်သန်းနေကြသည်။ ကျောင်းဆင်းလာသူတွေလည်း ခပ်လှမ်းလှမ်းမှ ပါလာကြသည်။ သို့ရာတွင် သူတို့နှစ်ယောက်ကို မည်သူကမျှ ဂရုမစိုက်ကြ။

'ပြောစရာရှိလို့ ခဏလေးပါ'

အေးမ သူနှင့်ဘေးချင်းယှဉ်လာသော နေလင်းအောင်ကို ဆက်ခနဲလှည့်ကြည့်လိုက်သည်။

'ဘာလဲ၊ ဘာနှောင့်ယှက်ဦးမလို့လဲ'

အေးမ ခပ်ဆတ်ဆတ်မေးသည်။

'အကောင်းပြောတာပါ၊ နှောင့်ယှက်တာမဟုတ်ပါဘူး'

နေလင်းအောင် အသံက အပြောင်အပျက်ပြောသံမဟုတ်။ သူ့မျက်နှာကလည်း ညှိုးငယ်နေသည်။ မျက်လုံးများက ရီမှိုင်းနေကြသည်။ သူ့ကိုနှောင့်ယှက်မည့် အမူအရာမျိုးမဟုတ်ကြောင်းကို သူ့မျက်လုံးများက ဖော်ပြနေကြသည်။

အေးမက ဘာမျှမပြော၊ နေလင်းအောင်ကို အကဲခတ်ကာ ဆက်လျှောက်သည်။

'ငါသိချင်တာ တစ်ခုရှိလို့ပါ'

'ဘာလဲ ငါမသိဘူး'

အေးမက ခပ်ပြတ်ပြတ်ပြောသည်။

'နင်ကလည်းဟာ မေးမှမမေးရသေးဘူး၊ ငြင်းတာကအရင်ပဲ'

နေလင်းအောင် လေသံကလေးက ပျော့နေသည်။ သူ့မျက်နှာလေးဆီးရွက်လောက်နှင့်။

www.burmeseclassic.com


'ဘာလဲဟယ်၊ ပြောစရာရှိ မြန်မြန်ပြော၊ ငါအိမ်ပြန်နောက်ကျရင် ဆူနေလိမ့်မယ်'

'ငါသိချင်တာ၊ ငါသိချင်တာက'

နေလင်းအောင်စကားက အပ်ကြောင်းထပ်နေသည်။

မိုးစက်မိုးမှုန်ကလေးများ စိပ်စိပ်ကျလာကြကာ နေလင်းအောင်၏ မျက်နှာနှင့် ပုခုံးကိုလာ၍ ထိမှန်ကြသည်။ သူ့ဆံပင်ထူထူတွင် မိုးစက်တွေ သီးနေကြသည်။

'မာလာ၊ မာလာ ဘာဖြစ်လို့ ကျောင်းမတက်တာလဲဟင်'

နေလင်းအောင်က မေးသည်။

'အဲ့ဒါနင်နဲ့ ဘာဆိုင်လို့လဲ'

'နင်ကလဲဟာ ငါသိချင်လို့ အကောင်းမေးတာပါ၊ ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား'

နေလင်းအောင် လေသံသည် ယခုတော့ သနားစရာများကောင်း လောက်အောင် ပျော့ပျောင်းနူးညံ့နေသည်။

'ကောင်းကောင်း မကောင်းကောင်း နင့်အပူမဟုတ်ဘူး'

အေးမလေသံက တင်းမာနေဆဲဖြစ်သည်။ နေလင်းအောင်က လက်ထဲ တွင် ကိုင်လာသည့် ကာတွန်းစာအုပ်ကလေး တစ်အုပ်ကိုလှမ်းပေးသည်။

'စာအုပ်ထဲမှာ စာတစ်စောင်ပါတယ်၊ အဲဒါမာလာ့ကို ပေးပေးပါ'

'ဘာ'

အေးမအသံကြောင့် နေလင်းအောင်ပင် လန့်သွားသည်။

'စာတစ်စောင် မာလာကို ပေးပေးပါလို့'

'ဘာစာလဲ၊ ဘာဖြစ်လို့ပေးရမှာလဲ'

အေးမက ငေါက်ဆတ်ဆတ်ပြောသည်။

'ဘာစာလဲဆိုတာ သူသိပါတယ်၊ ဒီစာလေးသာ သူ့လက်ထဲရောက် အောင် ပေးပေးပါ၊ နင့်ကျေးဇူးကိုမမေ့ပါဘူး'

နေလင်းအောင်က ကာတွန်းစာအုပ်ကို သူ့လက်ထဲအတင်းထိုးပေး သည်။

အေးမက မယူ။ ခါးခါးသီးသီးငြင်းသည်။ နေလင်းအောင်က အေး မ လွယ်အိတ်ထဲသို့ ကာတွန်းစာအုပ်ကို ထိုးထည့်လိုက်သည်။ အေးမ စိတ်တိုလာ သည်။ ရှက်လည်းရှက်လာသည်။

www.burmeseclassic.com


'ဘာလဲ၊ မယူနိုင်ဘူးလို့ပြောတာ မရဘူးလား၊ ပေးချင်ရင်နင့်ဖာသာပေး၊ ငါမယူနိုင်ဘူး'

အေးမက လွယ်အိတ်ထဲက ကာတွန်းစာအုပ်ကိုဆွဲထုတ်ကာ လမ်းပေါ်သို့ လွှင့်ပစ်လိုက်သည်။ ကာတွန်းစာအုပ်လေးက လမ်းပေါ်က ရေအိုင်ထဲသို့ ကျသွားသည်။

နေလင်းအောင်မျက်နှာတွင် သွေးရောင်လွှမ်းသွားသည်။ ဘာမျှတော့ မပြောတော့၊ တက်တစ်ချက်ခေါက်ကာ ရေအိုင်ထဲက ကာတွန်းစာအုပ်ကလေးကို ကုန်းကောက်ကျန်ရစ်ခဲ့သည်။

တိုက်ရောက်တော့ အေးမ အဝတ်အစားလဲကာ မာလာ့အခန်းထဲသို့ ဝင်လာသည်။ မာလာက အဖျားမရှိတော့၊ နာလန်ထစပြုနေပြီ။

အေးမရောက်လာတော့ မာလာအိပ်ယာပေါ်တွင် လှဲကာ ကက်ဆက်ဖွင့် နားထောင်နေသည်။ နာမည်ကျော် စတူရီယို အဆိုတော်တစ်ဦး၏ ဆက်တောက်တောက်တေးသံကို ကြားရသည်။

အေးမ ကျောင်းကအပြန် တွေ့ကြုံခဲ့သမျှကို ပြန်ပြောသည်။ မာလာ၏မျက်နှာညိုးကျသွားသည်။ သူ့မျက်လုံးများသည် မှုန်ငေးရီဝေသွားကြသည်။

'အေးမကလည်းကွာ ယူခဲ့ရောပေါ့၊ စာကလေးတစ်စောင်ယူရတာ ဘာများပင်ပန်းလို့လဲ'

မာလာက အပြစ်တင်သံလေးဖြင့် ပြောသည်။ အေးမမျက်လုံးများသည် အလိုလို ပြူးကျယ်သွားကာ အလိုလို ပါးစပ်ဟမိလျက်သားဖြစ်သွားသည်။

'ဘာ–အေးမ ယူခဲ့ရမယ်ဟုတ်လား'

'စာကလေးတစ်စောင်ယူခဲ့တာ အေးမမှာ ဘာများပင်ပန်းလို့လဲ'

'ဟောတော့– မာလာဘယ်လိုပြောလိုက်တာလဲ၊ ဘာမှန်းမသိ ညာမှန်းမသိ၊ သူပေးတဲ့စာကို အေးမ ယူလာခဲ့ရမှာလား၊ ဖေဖေကြီးနဲ့ မေမေကြီးတို့ မမန္တတို့သိရင် ဒီတိုက်ပေါ်က ခေါင်းနဲ့ဆင်းရမယ်၊ ဒီစာကလေးယူလာတာ ဘာများအပန်းကြီးလို့လဲတဲ့၊ မေးရက်လိုက်တာ၊ အေးမက ကျောက်ခဲကြီးကို ရွက်လာချင်သေးတယ်၊ သူပေးတဲ့စာကို မယူချင်ဘူး၊ ယူလာလို့ မာလာက သွားတိုင်ရင် ဘယ်နှယ့်လုပ်မလဲ'

အေးမက လေသံကလေးဖြင့် သွားစေ့၍ပြောသည်။

'အေးမကလည်းဟယ် သိပ်တုံးတာပဲ၊ မာလာက ဘာဖြစ်လို့ တိုင်ရမှာလဲ 'အခု မာလာ သူနဲ့၊ သူနဲ့'

www.burmeseclassic.com



မာလာက ထစ်နေသည်။

'ဘာဖြစ်သလဲ'

'ပြေလည်နေကြပြီ'

မာလာက တိုးတိုးလေးပြောသည်။

'ဘာ'

အေးမက ခုတင်ခြေရင်းတွင် ထိုင်နေရာက အလန့်တကြား ထရပ်လိုက်သည်။ မာလာက လက်ညှိုးထောင်၍ နှုတ်ခမ်းနှင့်ကပ်ပြကာ တိုးတိုးပြောရန် အချက်ပေးသည်။

'ဘာဖြစ်တယ်၊ မာလာနဲ့ သူနဲ့ပြေလည်နေပြီဟုတ်လား'

မာလာက ကျေနပ်နှစ်သိမ့်စွာပြုံး၍ ခေါင်းညိတ်ပြပြီး နဖူးပေါ်သို့ ဝဲကျလာသည့် ဆံနွယ်များကို သေးသွယ်သော လက်ချောင်းများဖြင့် အသာပင့်တင်သည်။

'အေးမ ဘယ်သူ့ကိုမှ မပြောရဘူးနော်၊ မေမေတို့ မမတို့ကို သွားမပြောနဲ့၊ ဒေါ်သင်းအုံကြီးကိုလဲ သွားမပြောနဲ့၊ သွားပြောရင် မာလာနဲ့အသိပဲ'

အေးမက မာလာကိုကြည့်၍ မသိမသာသက်ပြင်းချသည်။ မာလာသည် သူနှင့်ရွယ်တူဖြစ်သည်။ အသက် ၁၈ နှစ်ကျော်ကြပြီ၊ သို့ရာတွင် မာလာက ယခုထက်ထိ ကလေးစိတ်မပျောက်သေး၊ အညှာလွယ်သော မာလာကိုကြည့်၍ အေးမ အံ့သြသည်။ သူ့ကြောင့် နေလင်းအောင်ကို သူ မုန်းခဲ့ရသည်။ နေလင်းအောင် မနှောင့်ယှက်နိုင်အောင် မာလာ့ကို ကာကွယ်ခဲ့သည်။ လိုက်နှောင့်ယှက်သဖြင့် နေလင်းအောင်ကို ခေါက်ထီးနှင့် ရိုက်ခဲ့ဖူးသည်။ ယခုတော့ မာလာက နေလင်းအောင်ကို ကြိုက်နေပြီဟုဆိုသည်။

'မြန်လှချည်လား မာလာရယ်၊ ဘယ်တုန်းက ဖြစ်လိုက်ကြတာလဲ'

မာလာက အောင်နိုင်စွာပြုံးသည်။ ဖြူညက်သည့် ပါးပြင်တွင် သွေးရောင်လွှမ်းလာသည်။

'ကြာလှပြီ၊ ခုမှအဆန်းလုပ်နေ'

မာလာက အပြစ်တင်လေသံကလေးဖြင့် ပြောသည်။ သူ့နှုတ်ခမ်းက ရယ်ပြုံးဟန်တစ်ဝက်၊ စိတ်ဆိုးဟန်တစ်ဝက် ရောက်နေသည်။

'အေးမကိုပြောစမ်း၊ ဘယ်တုန်းကလဲ'

အေးမက ဆရာမလေသံဖြင့် မေးသည်။

'ဘယ်သူ့ကိုမှ မပြောရဘူးနော်'

www.burmeseclassic.com



အေးမက ဘာမျှပြန်မပြော၊ မိုးနှောင်းလေပြေများထဲတွင် လွင့်နေသော ဇာခန်းဆီးများကို ငေးကြည့်နေသည်။

'ကတိပေးလေ၊ ဘယ်သူ့ကိုမှ မပြောပါဘူးလို့'

'အေးပါဟယ် မပြောပါဘူး၊ ဘယ်တုန်းက ဖြစ်လိုက်ကြတာလဲ၊ မြန်လှချည်လား၊ အေးမကဖြင့် သူ့အတွက်စိုးရိမ်လိုက်ရတာ၊ သူနဲ့ပတ်သက်ပြီး ဒီကောင့်ကို မုန်းလိုက်ရတာ'

'အေးမကလည်းဟယ်၊ ဒီကောင်လို့ မပြောပါနဲ့၊ မေမေတို့ မမနွဲ့တို့ကို မပြောနဲ့နော်'

'မပြောပါဘူးဆို'

မာလာက ကိုယ်ကိုထူကာ ခေါင်းအုံးကို ဆင့်၍မှီသည်။ သူ့မျက်နှာသည် လန်းဆန်းလာသည်။ သွေးရောင်ကြောင့် နီပြေပြေ အရောင်သန်းလာသည်။

'ဟိုတစ်ခါ အေးမ ခေါက်ထီးနဲ့ရိုက်ပြီးတော့ သူ့ဆီက မာလာ့ဆီကို စာတစ်စောင်လာတယ်သိလား'

မာလာ၏အသံသည် ရွှင်မြူးနေသည်။

'အဲဒီတုန်းက မာလာတို့ကို တမင်လိုက်နှောင့်ယှက်တာ မဟုတ်ပါဘူးတဲ့၊ မာလာကို စကားလိုက်မပြောရဲဘူးဆိုပြီး သူ့သူငယ်ချင်းတွေက စတာနဲ့ မခံချင်လို့ ငွေတစ်ရာကြေး အလောင်းအစားလုပ်တဲ့အတွက် စကားလိုက်ပြောမိတာပါတဲ့။ အဲဒီလိုလုပ်မိတဲ့အတွက် သူတောင်းပန်ပါတယ်တဲ့။ အေးမ ခေါက်ထီးနဲ့ရိုက်တာလဲ သူအရိုက်ခံသင့်ပါတယ်တဲ့။ အမှန်က ဒီထက်မကတောင် ခံသင့်ပါသေးတယ်တဲ့။ ဒီလိုကျတော့လဲ သူ့အပြစ်သူ ဝန်ခံသားပဲ။ သနားပါတယ် အေးမရယ်'

အေးမက နှုတ်ခမ်းကို မဲ့လိုက်သည်။

'ဒါနဲ့ကြိုက်သွားရောလား'

'အေးမကလည်းကွယ်၊ မာလာပြောတာတော့ နားမထောင်ဘူး၊ သူ့ဖာသာ သူ ထင်ရာပြောနေတာပဲ။ ဒီလိုဆိုရင်လည်း မာလာ မပြောတော့ဘူး'

'ကဲ ပြောမှာပြောပါ၊ အေးမ မပြောတော့ပါဘူး'

'အဲဒီစာ ရောက်လာပေမယ့် မာလာ မကြိုက်သေးပါဘူး၊ မာလာလည်း ဒီလောက်စိတ်မလွယ်ပါဘူး၊ အထင်မသေးလိုက်ပါနဲ့'

'မသေးပါဘူး၊ ပြောပြစမ်းပါအုံး'

www.burmeseclassic.com



မာလာက နွဲ့ဆိုး ဆိုးတတ်သည်။ အငယ်ဆုံးမို့ အဖေ အမေကလည်း အလိုလိုက်သည်။ သူ့တွင် ရင်ဖွင့်စရာဆို၍ တစ်ယောက်မျှမရှိ။ သူ့ပြောစကားကို နားထောင်တတ်သော အေးမတစ်ယောက်သာရှိသည်။

'မာလာကလဲ ဒီလိုပဲ မသိမသာနေလိုက်တာပဲ၊ လမ်းတွေ့လဲ မှန်မှန်ပဲ၊ ကျူရှင်မှာတွေ့တော့လဲ ခပ်မှန်မှန်ပဲ'

'သူက ကျူရှင်ကော တက်သေးသလား'

'အင်း– တက်တယ်။ နောက်တော့ သူ့ဆီက စာတစ်စောင် ထပ်လာပြန်ရော၊ အဲ့ဒီစာကတော့ ပထမစာလို မဟုတ်တော့ဘူး။ ပထမစာတုန်းကတော့ တောင်းပန်တဲ့စာ၊ ခုစာကျတော့'

မာလာက ဆက်မပြောဘဲ ရယ်နေသည်။ သူ့မျက်နှာက ကြည်နေသလို၊ သူ့ရယ်သံကလည်း လွင်နေသည်။

'ခုစာကျတော့ မာလာရဲ့မျက်လုံးတွေဟာ မဟူရာလို နက်ပြီးလှတယ်တဲ့။ မာလာရဲ့နှုတ်ခမ်းတွေဟာ ချယ်ရီပန်းငုံတွေလိုပဲတဲ့။ မာလာမျက်နှာကိုပဲ မြင်နေတယ်တဲ့။ အို မာလာအကုန်လုံးတော့ မမှတ်မိတော့ပါဘူး၊ စာတစ်စောင်လုံးကို ဖတ်လိုက်ရင်တော့ သူကိုယ်တိုင် မာလာရဲ့ အနားကပ်ပြီး တိုးတိုးကလေး ချစ်စကားတွေ လာပြောနေသလို ခံစားရတယ်။ အေးမကို ပြောပြလို့ နားလည်မှာ မဟုတ်ပါဘူးလေ'

မာလာက အေးမကို သနားသလိုကြည့်၍ ပြုံးသည်။ သူ့အကြည့်က ချမ်းသာကြွယ်သူတစ်ဦးက သူ့လို စည်းစိမ်မခံစားဖူးသော လူဆင်းရဲတစ်ဦးကို ကြည့်ပုံမျိုးဖြစ်သည်။

'ဒါလည်း မာလာက မကြိုက်သေးပါဘူး၊ နောက်တစ်စောင်လာတော့မှ မာလာ သူ့ကိုစာပြန်တာ'

'ခုတော့ ကြိုက်နေကြပြီပေါ့'

'သြော်... ခက်လိုက်ပါဘိ အေးမရယ်။ ကျားကိုက်ပါတယ်ဆို နာတာရှည်လားလို့ မေးနေရသေးသလား။ အေးမ ယောကျ်ားလေးတစ်ယောက်ကို ချစ်ဖူးသလား၊ အေးမ ချစ်ဖူးမှာ မဟုတ်သေးပါဘူး။ အေးမက အမေလောက်ပဲ ချစ်တတ်ပြီး အမေလောက်ကိုပဲ လွမ်းတတ်တာ။ အဲဒါတွေနဲ့ တစ်ခုမှမတူဘူး။ ကိုယ့်ချစ်သူကို လွမ်းရတာလည်း ဘယ်အလွမ်းနဲ့မှမတူဘူး။ အေးမ ဒါတွေဘာမှ နားလည်မှာမဟုတ်ပါဘူး။ ချစ်ဖူးသူမှ အချစ်အကြောင်းကို နားလည်တာ။ အချစ်လွမ်း လွမ်းဖူးသူမှ အချစ်လွမ်း လွမ်းရတဲ့ အရသာကို နားလည်တာ။

www.burmeseclassic.com


အေးမက အချစ်လွှမ်း မလွှမ်းဘူးတော့ ကိုယ်ချင်းမစာတတ်ဖူးပေါ့။ ဒါကြောင့် မို့ သူပေးလိုက်တဲ့စာကို အေးမ ယူမလာတာပေါ့'

'ဟောတော့'

အေးမက အလန့်တကြား အော်သည်။ လက်စသတ်တော့ မာလာက သူ့ကို စွဲချက်တင်နေပြီ။

'အေးမ ဘယ်သူ့ကိုမှ မပြောရဘူးနော်၊ ဒေါ်သင်းအုံကြီးကိုတော့ ယောင်လို့မှ မပြောလေနဲ့။ အဖွားကြီးက သိပ်ပါးစပ်ဖွာတာ၊ ကတိပေးမယ် မဟုတ်လား'

'ပေးပါတယ်ကွယ် ဘယ်သူမှမပြောပါဘူး။ ဒါပေမယ့် အေးမ မာလာ့ ကို တစ်ခုတော့ ပြောချင်တယ်'

'ဘာလဲ'

မာလာက စူးစမ်းသောအကြည့်၊ မသင်္ကာသောအကြည့်ဖြင့် ကြည့် သည်။ သူ့အကြည့်က အေးမကို အေးမဟု မြင်ပုံမရတော့။ နေလင်းအောင်နှင့် ပတ်သက်လာလျှင် ရန်သူလော၊ မိတ်ဆွေလောဟု ခွဲခြားနေပုံမျိုးဖြစ်သည်။

'မာလာတို့မှာ အစစ အရာရာ ပြည့်စုံပါတယ်။ ဥစ္စာပစ္စည်းဆိုရင်လဲ လိုလေသေးမရှိဘူး။ ပညာဆိုလဲ ကျူရှင်ကို ကြိုက်တဲ့ကျောင်းတက်နိုင်တယ်၊ ဆယ်တန်းအောင်ရင်လဲ ကောလိပ်တို့ ဘာတို့သွားနိုင်တယ်။ ဆွေမျိုးဆိုရင်လည်း ဆွေကြီးမျိုးကြီး၊ ပြောစရာမရှိဘူး။

'အဲ့ဒီတော့ ဘာဖြစ်လဲ'

'ဒါတွေစိတ်မကူးပါနဲ့၊ ဒီအထဲမှာ အေးမလဲ မပါပရစေနဲ့၊ အေးမ ဖာသာ အေးမ နေပါရစေ'

မာလာက သူ့ကို စူးစိုက်ကြည့်နေသည်။

'အေးမ သူ့ဆီကို စာလေးတစ်စောင်လောက် ယူမသွားနိုင်ဘူးလား'

အေးမ ခေါင်းခါသည်။

'အေးမ ပြောပြီးပါပကော၊ မပါပရစေနဲ့လို့'

'ဘာလဲ မနာလိုဘူးလား'

အေးမက မာလာ့မျက်နှာကို မော့ကြည့်လိုက်သည်။ အပြောင်အပြက် ပြောနေခြင်းမဟုတ်၊ မာလာ့မျက်နှာထားက တည်နေသည်။ သူ ခိုင်းသည်ကို မလုပ်ရကောင်းလားဟု စိတ်ဆိုးနေပုံရသည်။

www.burmeseclassic.com


သူ့စကားက စိတ်ဆတ်သည့်အေးမကို ဆွပေးလိုက်သလိုဖြစ်နေသည်။ အေးမ၏ သွေးကြောများထဲတွင် သွေးတို့လျင်မြန်စွာ စီးဆင်းနေကြသည်။

'မနာလိုစရာ မရှိပါဘူး၊ အေးမ ဒါမျိုးတွေလဲ စိတ်မကူးပါဘူး၊ အေးမ ဘဝက တစ်ကောင်ကြွက်၊ အဖေမရှိတဲ့ဘဝ၊ ကိုယ့်အဖေတောင် ကိုယ်မမြင်ဘူးတဲ့ဘဝ၊ အဖေသေသလား၊ ရှင်သလားဆိုတာတောင် ခွဲခြားမသိရတဲ့ဘဝ၊ ဘယ်သူ့ကိုမှ မနာလိုစရာမရှိပါဘူး၊ အေးမမှာ အမေနဲ့ညီမလေးပဲရှိတယ်၊ အမေ့ကို သနားတယ်၊ သူတစ်ပါးအိမ်မှာလာပြီး ထမင်းစားကျွန်ခံလုပ်ပြီး စာလာသင်နေတာဟာ အမေ့ကိုလုပ်ကျွေးချင်လို့၊ ဒုက္ခိတအမေကြီးကို ကျေးဇူးဆပ်ချင်လို့ စာလာသင်နေတာ၊ သူများလို အားအားရှိတိုင်း ရည်းစားထားဖို့ စာသင်နေတာမဟုတ်ဘူး'

အေးမက ပွင့်လင်းသည်။ ပြောမည့်ပြောတော့လည်း အေးမက ရင်ထဲရှိသမျှကို ဖွင့်ချလိုက်သည်။

ဖြန်းကနဲအသံနှင့်အတူ မာလာ၏လက်ဝါးက အေးမ ပါးပြင်ပေါ်သို့ ကျလာသည်။

'သွား–သွား၊ ငါ့အနားမလာနဲ့ သွား၊ သိပ်လူပါးဝတယ်'

မာလာက အိပ်ယာပေါ်မှောက်ချကာ ငိုသည်။ အေးမ မျက်လုံးတို့တွင် မျက်ရည်တွေ ဝဲလာသည်။ အမေကပင် သူ့ပါးကိုမရိုက်စဖူး၊ ယခု အရိုက်ခံရပြီ၊ သည်တော့ အေးမ ခံပြင်းသည်။ သို့ရာတွင် အေးမ သူ့စိတ်ကို သူချုပ်တည်းသည်။ နှုတ်ခမ်းများကိုကိုက်ကာ သူ့ပါးကို သူ ပွတ်နေသည်။ မျက်ရည်ဖုံးသော မျက်လုံးများဖြင့် တသိမ့်သိမ့်ရှိုက်ငိုနေသော မာလာ့ကို တစ်ချက်မျှကြည့်ပြီး ချာကနဲလှည့်ထွက်ခဲ့သည်။

သည်နောက်မှစ၍ သူနှင့် မာလာတို့ စကားကောင်းကောင်းမပြောကြတော့။

အေးမလို တောသူမ မြို့ရောက်၍ လူပါးဝသည်ဟု မာလာက ထင်သည်။ သူခိုင်းသမျှ မလုပ်သဖြင့် ဘက်ကန်သည်ဟုထင်သည်။ သူ့ကို အားအားယားယားရှိတိုင်း ရည်းစားထားသည်ဟု ရင့်သီးစွာပြောသဖြင့် နာကျည်းသည်။

မာလာသည် သူ့ကို တစ်ကောင်ကြွက် မျက်နှာငယ်မို့ အနိုင်ကျင့်သည်ဟု အေးမကလည်း ထင်သည်။ သူတို့က ထမင်းကျွေးထားသဖြင့် ဇက်ရဲလက်ရဲ ပါးရိုက်ခြင်းဖြစ်သည်ဟု ခါးသီးနာကျည်းသည်။

သည်တုန်းက မာလာတို့ကိစ္စသည် ဒေါ်သန်းကြည်နားသို့ ပေါက်သွားသည်။ နေလင်းအောင်တို့တိုက်မှ ထမင်းချက်မိန်းမကြီးနှင့် အိမ်ကထမင်းချက်

www.burmeseclassic.com



ဒေါ်သင်းအုံကြီးတို့ သတင်းအလဲအလှယ်လုပ်ရာက ထိုသတင်းကို ရရှိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ဒေါ်သန်းကြည်က မာလာကို ကျိတ်စစ်သည်။ မာလာကငြင်းသည်။ မာလာကို အေးမနှင့် နှစ်ယောက်တည်း ကျောင်းမလွှတ်တော့၊ ဒရိုင်ဘာကိုငွေမောင်းက ဂျစ်ကားဖြင့်လိုက်ပို့သည်။ မာလာ၏ အနေအထိုင်အသွားအလာများကို ကန့်သတ်ပစ်လိုက်သည်။ ဒေါ်သန်းကြည်က အေးမကိုတော့ စစ်ဆေးခြင်းမပြု။ သို့ရာတွင် အေးမ၏ အသွားအလာကို မမန္တ့နှင့် ဒေါ်သင်းအုံက စောင့်ကြည့်သည်။ သူတို့စိတ်တွင် နေလင်းအောင်နှင့် မာလာတို့ကြား အေးမက အောင်သွယ်လုပ်သည်ဟု ထင်ကြပုံသည်။

အေးမက အနေကျုံ့သွားသည်။ ဦးမြမင်းတစ်ယောက်သာလျှင် အေးမကို ခါတိုင်းလို ဟန်မပျက်ဆက်ဆံသည်။ ဒေါ်သန်းကြည်၊ မမန္တ့နှင့် ဒေါ်သင်းအုံတို့က သူ့ကို သင်္ကာရန့်ဖြင့် ဆက်ဆံသည်။ မာလာကလည်း သည်သတင်းကို အေးမမှတစ်ဆင့် ပေါက်ကြားသည်ဟုထင်ကာ အေးမကို ရန်ငြိုးဖွဲ့သည်။ နှစ်ဖက်စလုံးက အေးမအပေါ် အကောင်းမမြင်။

သည်တော့ အေးမ သူတို့တိုက်တွင် နေရသည်ကို စိတ်ညစ်သည်။ ကျောင်းစာကိုလည်း ကျက်ချိန်မရ၊ ကျက်လည်းမကျက်ချင်တော့။

သို့ဖြင့် ထိုနှစ်က အေးမ အခြေခံပညာရေးအလယ်တန်းစာမေးပွဲတွင် ဒုတိယအကြိမ်ကျသည်။ ရှစ်တန်းတွင် ဒီသုံးခုနှင့်အောင်ခဲ့သည့် မာလာလည်း ထိုနှစ် အခြေခံပညာရေးအထက်တန်းတွင်ကျသည်။

ကျောင်းပိတ်တော့ ဒေါ်သန်းကြည်က အေးမကို အိမ်သို့ပြန်လွှတ်သည်။

'ညည်းလည်း စာမေးပွဲကျတာ နှစ်ခါရှိပြီ။ ပညာဆိုတာ လိုချင်မှရတာအေ့၊ မလိုချင်ရင် ဘယ်လောက်သင်သင် အချိန်ကုန်ရုံ၊ ငွေကုန်ရုံ ရှိမှာပဲ၊ ညည်းခါတ် ကူးလို့လားမသိဘူး။ ဒီနှစ် ခါတိုင်းအောင်နေကျ မာလာတောင် ဒီနှစ်မအောင်ဘူး။ ခ–စာရင်းတောင် မပါတော့ ငါ့ရှက်လွန်းလို့။ ညည်းလဲ တစ်နှစ်တလေ ရွာကိုပြန်နေချည်ဦး။ ညည်းအမေ ဒုက္ခတကြီးကို ကြာကြာပစ်ထားလို့ဘယ်ဖြစ်မလဲ၊ ခဏတဖြုတ်ဆိုရင်တော့ အရေးမကြီးဘူးပေါ့'

ဒေါ်သန်းကြည်က သူတို့တိုက်တွင် မထားနိုင်တော့ဟု ပြောလိုရင်းဖြစ်သည်။ သည်လောက်တော့လည်း အေးမ အကင်းပါးသည်။

အေးမ ဦးမြမင်းနှင့် ဒေါ်သန်းကြည်ကို ကန်တော့သည်။ မမန္တ့ကိုလည်း ကန်တော့သည်။ ဒေါ်သင်းအုံကြီးကိုလည်း ကန်တော့သည်။ မာလာ့ကိုလည်း နှုတ်ဆက်သည်။

www.burmeseclassic.com


သူတို့တိုက်က အေးမ ပြန်တော့ ဒေါ်သန်းကြည်က ငွေအစိတ်ပေးလိုက်သည်။ မမန္တဲ့က သူ့အကျ လိမ္မော်ရောင်တက်ထရွန်အင်္ကျီနှင့် ထမီဟောင်းတစ်စုံ ပေးလိုက်သည်။

သူတစ်ပါးကို မှီခိုရသည်မှာ မျက်နှာငယ်ရသည်။ အားငယ်ရသည်။ အေးမ မည်သူ့ကိုမျှ အားမကိုးလိုပြီ။ ကိုယ့်ခြေထောက်ပေါ်တွင် ကိုယ်ရပ်တော့မည်။

လောကကြီးတွင် မွေးလာတော့လည်း တစ်ယောက်တည်း မွေးလာရသည်။ သေတော့လည်း တစ်ယောက်တည်း သေရသည်။ အဖော်ဘယ်မှာရှိသနည်း။ ပုခက်တွင်းမှ သင်္ချိုင်းသို့ သွားရာလမ်းသည်း တိုတိုကလေးဖြစ်သည်။

သည်လမ်းမှာ တိုတိုကလေးတွင် မည်သူ့ကိုမျှ အေးမ အားမကိုးချင်ပြီ။

()

www.burmeseclassic.com

# ၇

အေးမက သူဝတ်ထားသည့် လိမ္မော်ရောင် တက်ထရွန်အင်္ကျီနှင့် ထမီကို ငုံ့၍ကြည့်သည်။ ဟောင်းနွမ်းနေသည့်တိုင် အရောင်လွဲ့လွဲ့ ပြေးနေသေးသည်။ ဘေးတွင် ချထားသည့် ပင်းန်အမ်အတု လေယာဉ်လက်ဆွဲအိတ်ဟောင်းကလေးထဲတွင် တက်ထရွန်အင်္ကျီနှင့် ထမီဆင်တူတစ်စုံ ပါသေးသည်။ ပွင့်ရိုက်ထမီနှစ်ထည်နှင့် မြန်မာဖြစ် တက်ထရွန်အင်္ကျီလေးနှစ်ထည်လည်း ပါသေးသည်။

နေက တော်တော်မြင့်လာပြီ။ စောစောက သူ့ခေါင်းပေါ်က ထနောင်းကိုင်းပေါ်တွင် တနွဲ့နွဲ့ကူနေသော ချိုးကူသံသည် မြောက်ဘက်ခပ်ဝေးဝေးမှ သဲ့သဲ့ပေါ်လာသည်။ ယမားချောင်းမြောက်ဘက် ပေါက်ပင်ကြီးပေါ်မှ လာခြင်းဖြစ်သည်။ အပင်ပေါ်တွင် ပေါက်ပွင့်များ ရဲပတောင်းခတ်အောင် ပွင့်စပြုနေကြသည်။

အေးမ ငေးနေတုန်း အသံတစ်သံကို ကြားရသည်။ မောင်းလက်က ရေကို ရေတံလျှောက်ထဲ လောင်းထည့်လိုက်သည့် အသံမျိုးဖြစ်သည်။ ရုတ်တရက်သော် အေးမ ဘာမှန်းမသိ။ သေသေချာချာ နားထောင်ကြည့်တော့မှ ယမားချောင်းက ချောင်းဦးပေါက် ရေကျလာခြင်းဖြစ်ကြောင်း အေးမသိသည်။ ခဏကြာတော့ ကျယ်ပြန့်သည့် ချောင်းပြင်ကျယ်ကြီးတွင် ရေစီးကြောင်း သေးသေးကလေးတစ်ခု ဆင်းလာသည်ကို အေးမမြင်ရသည်။ မြွေတစ်ကောင် လျှော၍ လူးလွန့်လာသလို ချောင်းရေစီးသည် ကွေ့ကောက်စီးလာသည်။ ရေစီးကြောင်းအကျယ်က ဝါးတစ်ရိုက်ခန့်ရှိသော်လည်း ချောင်းပြင်ကျယ်ကြီးထဲတွင် ရေစီးကြောင်းသေးသေးကလေးလို ထင်နေရသည်။

သည်တုန်း တောင်ဘက် လင်းကတော ပေတစ်ရာဆီက ‘ခေါင်းဝါ’ ကြီး တစ်စင်းမောင်းလာသည်။ သစ်ထုပ်လုပ်ရေးဌာနက ဟီးနိုးကားကြီးတစ်စင်းဖြစ်သည်။

အေးမက ကတုံးဇရပ်ပေါ်မှ ခုန်ဆင်းကာ ကားကိုတားသည်။ မော်တော်ကားက ဝူးကနဲ လေဘရိတ်သံပေးကာ ထိုးရပ်သည်။

www.burmeseclassic.com



'ကျွန်မ မုံရွာ လိုက်ချင်လို့ပါ'

အေးမက နောက်တွဲပက်လက်ကြီးကိုလှမ်း၍ မျက်လုံးကစားလိုက်သည်။ နောက်တွဲပေါ်တွင် ပျဉ်ခွဲသားတွေတင်ထားသည်။ ခရီးကြုံစီးလာသူတချို့လည်း ပါသည်။ ပျဉ်ပုံပေါ်တွင် ထိုင်လိုက်လာကြခြင်းဖြစ်သည်။ ကားကြီးက အမိုးဖွင့်ထားသဖြင့် သူတို့ခေါင်းတွင် ဖုံမှုန့်တို့ ဖွေးဖွေးဖြူနေသည်။

'ဘာပါသေးသလဲ'

'ဟို…ပဲအိတ် သုံးအိတ်တည်းပါ'

'ဟော့…မြန်မြန်တင်လိုက်စမ်းကွာ'

ဒရိုင်ဘာက နောက်သို့ လှမ်းအော်သည်၊ ကားနောက်မြီးက လူငယ်တစ်ယောက် ခုန်ဆင်းကာ ပဲအိတ်များကို ကားပေါ်သို့ ထမ်းတင်ပေးသည်။ ကားပေါ်က ခရီးကြုံများက ပဲအိတ်များကို ဆွဲတင်ပေးကြသည်။

'ပြီးပြီလားဟော့၊ မြန်မြန်လုပ်၊ ချောင်းကျနေတယ်'

'ဟိုး…ဆရာရေ့၊ လူမတက်ရသေးဘူး၊ ခဏလေး…ခဏ၊ ကဲ…ညီမလေး မြန်မြန်တက်စမ်း၊ ဟား နွေခေါင်ခေါင်ကြီး ချောင်းရေကျနေပါလား'

စပယ်ယာက ချောင်းကျနေသည်ကို ယခုမှ မြင်သဖြင့် လှမ်းအော်သည်။

ဟီးနိုးကားက မြင့်သည်။ နောက်မြီးက အေးမ ရင်ခေါင်းလောက်မြင့်သည်၊ ကားနောက်မြီးတွင် ပျဉ်ခွဲသားတွေ ထိုးထွက်နေသဖြင့် နောက်ကတက်၍မရ၊ အေးမ ကားဘေးက တက်ရသည်၊ ကားဘီးကြီးပေါ်တက်ပြီး ဘော်ဒီကသံတိုင်ကို လှမ်းဆွဲရသည်၊ သို့တိုင်အောင် ဘီးပေါ်က မော်တော်ကားပေါ်သို့ အေးမ လှမ်းမတက်နိုင်၊ အပေါ်က ခရီးသည်တစ်ယောက်က လှမ်းဆွဲပေးမှ ကားပေါ်သို့ ရောက်လာသည်။

'ဒီမှာထိုင်'

လက်လှမ်းဆွဲတင်သူက သူ့နေရာကို ဖယ်ပေးသည်။ ကားက ဘော်ဒီနှုတ်ခမ်းရောက်အောင် ပျဉ်ခွဲသားတွေ တင်ထားသည်။ တချို့နေရာများတွင် ကားဘော် ဒီထက်မြင့်၍ မို့မောက်နေသည်။ ကားပေါ်တွင် ခရီးသည် ဆယ့်လေးငါးယောက် ရှိသည်။ တချို့က ပခုက္ကူဘက်မှ လိုက်လာခြင်းဖြစ်၍ တချို့က လမ်းမှတက်လာကြဟန်တူသည်။ သူများသာ နေရာဖယ်မပေးလျှင် အေးမ ထိုင်စရာနေရာ ရှိမည်မဟုတ်၊ မြင့်မောက်နေသည့် သစ်သားပုံကြီးပေါ်တွင် တင်ထားသည့် ပဲအိတ်ကြီးတွေပေါ်တွင် တက်ထိုင်ရမည့်ကိန်း ဖြစ်သည်၊ ယခုနေရာကလေး တစ်နေရာရ၍ တော်သေးသည်။

www.burmeseclassic.com


အေးမ နေရာတွင် နေသားတကျ ထိုင်ပြီးတော့ သူ့ကို နေရာဖယ်ပေး သူကို ကျေးဇူးတင်သော မျက်လုံးများဖြင့်ပြုံး၍ ကြည့်သည်။ အသက်သိပ်မကြီး သေး၊ အလွန်ရှိဦးမှ အစိတ်လောက်ရှိဦးမည်။ အသားလတ်လတ် အရပ်မြင့်မြင့် ငါးပေရှစ်လက်မလောက်ရှိမည်။ ရင်အုပ်ကား၍ ပခုံးကျယ်သည်။ လက်မောင်း ကြွက်သားမှာ အင်္ကျီထဲတွင် ရုန်းထနေသည်။ ပေါင်တံများက တောင့်တင်းသည်။ အဝတ်အစားက ခပ်နွမ်းနွမ်း အရောင်လွင့်စပြုနေသည့် အစိမ်းရောင် တက်ထရွန် အင်္ကျီအဟောင်းနှင့် ပခုက္ကူရက် အနက်ရောင် ယောလုံချည်ဟောင်းကလေးနှင့် ဖြစ်သည်။

အဝတ်အစားနွမ်းသော်လည်း ဥပတိရုပ်က မနွမ်း၊ မျက်နှာက ကြည် လင်သည်။ နှုတ်ခမ်းက မထူမပါး၊ အပြုံးရိပ်သန်းသွားသည့်အခါများတွင် ပို၍ကြည့် ကောင်းသည်။ သွားများက ဖြူဖွေးသန့်ရှင်းသည်။ နှုတ်ခမ်းမွေး ခပ်ရေးရေး ထင်နေသည်။ တမင်ထားရသော နှုတ်ခမ်းမွေးမျိုးဟုတ်ဟန်မတူ။ ဆံပင်ကတော့မှ ခေတ်လူငယ်များထုံးစံ ခပ်ရှည်ရှည်။ သို့ရာတွင် ကုပ်ပေါ်ဝဲကျ နေသည့် ဆံပင် ရှည်မဟုတ်၊ ကော်လာတွင် လာထောက်နေရုံမျှသာရှိသည့် ဆံပင်နိမ့်နိမ့်ထူထူ၊ နဖူးမကျဉ်းမကျယ်ပေါ်တွင် ဆံပင်တို့က ခပ်ရိုင်းရိုင်း ဖွာကျ နေကြသည်။

သူ့ဘေးတွင် အဲယားအင်းဒီးယားဆိုသည့် လေယာဉ်အိတ်ဟောင်း ကလေးတစ်လုံး ချထားသည်။

လူရွယ်က နဖူးတွင် ဝဲကျနေသောဆံပင်ကို လက်ဖြင့်ပင့်တင်ပြီး အေးမ ကို ပြန်၍ပြုံးပြသည်။

ဘာကြောင့်မသိ သူ့အကြည့်နှင့် သူ့အပြုံးက အေးမရင်ကို နွေးထွေး သွားစေသည်။

'ခေါင်းဝါ'ကြီးက စက်နှိုးကာ ယမားချောင်းပြင်သို့ ဆင်းသည်။ ကမ္ဘား က မတ်စောက်သဖြင့် တဖြည်းဖြည်းဆင်းယူရသည်။

ရေဦးပေါက်လာသည့် ချောင်းရေက နဂိုရှိသည့်စီးကြောင်းကိုလိုက်၍ ကြက်သွန်ခင်းတွေကြားမှ ဖြတ်စီးသွားသည်။

မော်တော်ကားသည် သဲပြင်ကိုရောက်တော့ မနဲဆွဲယူရသည်။ သတ္တဝါ ကြီးတစ်ကောင် ဒေါမာန်တကြီး အော်သကဲ့သို့ တဝီဝီ အော်မြည်၍ ရုန်းသည်။ ချောင်းပြင်တွင် တစ်မိုင်ကျော်ကျော် မောင်းသွားပြီးတော့ တောင်ကျချောင်း ရေဦးပေါက်စီးသွားရာ အလယ်သို့ ရောက်သည်။

www.burmeseclassic.com


'ဖြတ်လို့ဖြစ်ပါ့မလား'

ခရီးသည်တချို့က လှမ်းအော်ကြသည်။

ချောင်းရေက အစီးအသန်သည်၊ သိပ်တော့မနက်။

'ချာတိတ်ရေ ဆင်းကြည့်စမ်းကွာ'

ဒရိုင်ဘာက ကားနောက်မြီးက သူ့စပယ်ယာကို လှမ်းအော်သည်။ သူသည် ယမားအကြောကို မသိ၊ ပျဉ်မနားသစ်ထုတ်လုပ်ရေးမှ ပြောင်းလာခါစ ဖြစ်သည်။

စပယ်ယာက ကားနောက်မြီးမှ ခုန်ဆင်းလာကာ ချောင်းရေထဲသို့ တစွက်စွက် ဆင်းလျှောက်သွားသည်။ ရေက ပေါင်လယ်လောက်ရှိသည်။ အောက်က သဲနွံများရှိသည်။ ယမားအကြောကို သိသည့်စပယ်ယာက သူ့ဒရိုင်ဘာကို သူ စိတ်မချ၊ ချောင်းထဲတွင်ရှိသည့် ကားလမ်းကြောင်းက ရေအောက်မှာ ပျောက်သွားပြီ စမ်းမရတော့။

စပယ်ယာက ချောင်းညာကို လှမ်းကြည့်သည်၊ ချောင်းညာတွင် မိုးညို နေသည်။ ချောင်းလုံးပြည့် ရေမကျသည့်တိုင် ချောင်းရေ တော်တော်များနိုင် သည်။ သူ့ဒရိုင်ဘာမောင်းပုံနှင့်ဆိုလျှင် ကားနစ်နိုင်သည်။ လမ်းကလည်းစမ်း၍ မတွေ့။

ယမားအကြောင်းကို ကြားဖူးသည့် ကားပေါ်က ခရီးသည်များမျက်နှာ ပျက်နေကြသည်။ တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေ ပေးကြသည်။

'တောင်ဘက်ကမ်းကို ပြန်တက်ဗျာ၊ တော်တော်ကြာ အကုန်နစ်ကုန် လိမ့်မယ်'

တစ်ယောက်က ပြောသည်။

'ပြန်လှည့်တက်လို့ဖြစ်မလားဗျ၊ ဖြတ်ရမယ့် သဲချောင်းပြင်ကြီးကိုက တစ်မိုင်လောက်ရှိနေတာ၊ ဖြတ်နေတုန်း ချောင်းထပ်လာမှဖြင့် ဒုက္ခ'

'နို့ ဘယ့်နှယ်လုပ်မလဲ'

'မြောက်ဘက်ကမ်းကို နီးနေပြီပဲ၊ ဆက်မောင်းပေါ့'

ဒရိုင်ဘာက စပယ်ရှယ်ဂီယာကိုသွင်းကာ ရေထဲသို့စဆင်းကြည့်သည်။ ရှေ့ဘီးကသဲနွံထဲတွင် နစ်သွားသည်။ ထို့ကြောင့် ရှေ့ဆက်မဆင်းရဲ၊ ချက်ချင်း နောက်ပြန်ဆုတ်လိုက်သည်။

အေးမက ပုံတောင်ပုံညာဘက်ကို မျှော်ကြည့်သည်။ ပုံတောင်ပုံညာတစ် ဝိုက်တွင် မိုးရိပ်တို့ညို့နေသည်။ သူတို့နားတစ်ဝိုက်တွင် မိုးတစ်စက်မျှမကျ။ နေကျဲကျဲပူနေသည်။ နွေနှောင်းမိုးရွာလျှင် ပုံတောင်ပုံညာတစ်ဝိုက်တွင် မိုးသဲတတ်

www.burmeseclassic.com



သည်။ လွန်ခဲ့သည့် လေးငါးနှစ်လောက်တုန်းက ပုံတောင်ပုံညာ နွေနှောင်းမိုးရွာ သဖြင့် ချောင်းလုံးပြည့်ရေကျခဲ့ဖူးပြီ မဟုတ်လော။ ယမားချောင်းမြစ်ထဲက စိုက်ခင်းတွေအားလုံး မျောပါခဲ့ဖူးပြီ မဟုတ်လော။

ဒရိုင်ဘာ တွေဝေဆုတ်ဆိုင်းနေပုံကိုကြည့်၍ အေးမ အားမရ။ ချောင်းဦး ပေါက်လာခါစ၊ ယမားကို ဖြတ်မည်ဆိုလျှင် သတ္တိကောင်းရသည်။ ရဲရသည်။ ပြတ်သားရသည်။ မြန်မြန်ပိုင်းဖြတ်၍ လုပ်စရာရှိသည်ကို မြန်မြန်လုပ်ရသည်။ ဆုတ်လျှင်လည်း မြန်မြန်ဆုတ်၊ ဖြတ်လျှင်လည်း မြန်မြန်ဖြတ်။ သည်နှစ်လမ်း အနက် တစ်လမ်းလမ်းကို မြန်မြန်ရွေးရသည်။ တွေဝေဖင့်နွဲ့နေ၍မဖြစ်။ ပိုင်းဖြတ် မှုရှိလျှင် ယမားချောင်းရေစီးကို ကျော်နိုင်မည်။ ပိုင်းဖြတ်မှုမရှိလျှင် ယမားရေ စီးက တိုက်စားသွားလိမ့်မည်။

ဩော်–သည်ခေတ်ရေစီးကြောင်းကို ဖြတ်ရသည့်နှယ်ပါတကား။

တစ်ယောက်တစ်ပေါက် ပြောနေကြစဉ် ကားနောက်မြီးမှ လူတစ် ယောက် ခုန်ဆင်းသွားကာ ဒရိုင်ဘာခန်းဘေးသို့ ကွေ့လျှောက်သွားသည်။ စောစောက သူ့ကိုနေရာဖယ်ပေးသည့် တက်ထရွန်အင်္ကျီအဟောင်းနှင့် လူရွယ်ဖြစ် သည်။

'ကျွန်တော် ကားမောင်းပေးရမလား ဦးလေး၊ ဦးလေးကြည့်ရတာ ပင်ပန်းနေပြီထင်တယ်'

သူ့အသံက တိုးတိတ်ညင်သာသည်။ စကားပြောပုံက ယဉ်ကျေးသိမ်မွေ့ သည်။ အေးမထိုင်သည့်ဘက်ကဖြစ်၍ သူ့ပြောနေသော စကားကို အေးမ ကြားနေရသည်။

လူရွယ်က ဒရိုင်ဘာကို စိုက်ကြည့်ရင်း ဒရိုင်ဘာ၏ အဖြေကို စောင့် သည်။ စပယ်ယာက ချောင်းရေစီးထဲတွင် လမ်းရှာရင်း အော်လှပြီ။

'ပင်ပန်းဆို မပြောနဲ့တော့၊ တမြန်နေ့ညကတည်းက မင်းတပ်က ဆင်းလာခဲ့ရတာ၊ မနေ့ကလဲ မအိပ်ရဘူး၊ တစ်နေ့လုံးမောင်းလာရတာ၊ မနေ့ည ကလဲ မအိပ်ရဘူး'

အသက်နည်းနည်းကြီးသော ဒရိုင်ဘာက ဘာမျှမပြောတော့။ ရှေ့ကား တံခါးကိုဖွင့်၍ ဆင်းပေးလိုက်သည်။ အစိုးရကားဖြစ်၍ တစ်ခုခုဖြစ်လျှင် သူ့ခေါင်း ပေါ် တာဝန်ကျမည်။ ထို့ကြောင့် စိတ်ထဲက မယုံ့ရဲယုံ့ရဲ ဖြစ်နေမိသေးသည်။ သို့ရာတွင် သူကိုယ်တိုင်ကလည်း မဖြတ်ရဲ။ တကယ်လည်း ပင်ပန်းလှပြီ။

စစ်အစိမ်းရောင် အင်္ကျီအဟောင်းနှင့် လူရွယ်က ကားရှေ့ခန်းသို့ တက် ထိုင်သည်။ ဂီယာကိုသွင်း၍ ရေစီးကြောင်း တော်တော်ဝေးဝေးသို့ ဆုတ်လာ

www.burmeseclassic.com



သည်။ ကားပေါ်ကလူများက တောင်ဘက်ကမ်းသို့ ပြန်ဆုတ်သည်ထင်ပြီး အော်ဟစ်ဆူပူကြသည်။ ရေစီးကြောင်းမှ တစ်ဖာလုံလောက် ဆုတ်လာပြီးနောက် စပယ်ရှယ်ဂီယာသို့ ပြောင်းသည်။ လီဗာကို တအားနင်းသည်။

'ခေါင်းဝါ'ကြီးသည် ဆင်ရိုင်းကြီးတစ်ကောင်လို တဝီးဝီး အောင်မြည်ကာ သဲပြင်ထဲတွင် ပြေးလာသည်။ သဲမှုန်များသည် နောက်တွင် တဖွဲဖွဲစင်ကျန်ရစ်ခဲ့ကြသည်။ အရှိန်နှင့် မောင်းလာပြီး စပယ်ရှယ်ဂီယာထိုး၍ လက်ပြသည့်လမ်းအတိုင်း တည့်တည့်ကြီး မောင်းဆင်းသည်။ ရေထဲရောက်တော့လည်း ဆင်ကြီး တစ်ကောင် အိုင်ထဲမှ ဒေါသတကြီး ထလာသည်နှင့် တူသည်။ ရေပန်းရေမွှားတို့ နောက်တွင် လွင့်စင် ကျန်ရစ်ခဲ့ကြသည်။ ကားသည် ချောင်းလယ်ကသဲနွံတွင် ကျွံသွားသည်။ ရှေ့တိုး၍မရ၊ ဘီးက တဝီးဝီးလည်နေသည်။ ချောင်းရေက တဖြည်းဖြည်း များလာပြီ၊ ကားပေါ်ကလူတွေ မျက်စိမျက်နှာပျက်ကုန်ကြသည်။

လူရွယ်က လီဗာကို တအားဆောင့်နင်းလိုက်သည်တွင် ကားကြီးတုန်ခါသွားကာ ရှေ့သို့တက်သွားသည်။ နောက်လီဗာကို တစ်ချက်နှစ်ချက်တော့နင်းလိုက်ပြီးနောက် သဲပြင်ချောင်းပေါ်သို့ တစ်ဟုန်တိုး တက်သွားကာ မြောက်ဘက်ချောင်းကမ်းထိပ်တွင် ရပ်လိုက်သည်။

သည်တော့မှ ကားပေါ်ကလူများ ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ကြသည်။ ဒရိုင်ဘာက နောက်က ပြေးလိုက်လာသည်။ လူရွယ်က ကားတံခါးဖွင့်၍ ခုန်ဆင်းသည်။ မုန်ယိုနေသော ဆင်ရိုင်းကြီးတစ်ကောင်ကို အောင်မြင်စွာထိန်းသိမ်းနိုင်ခဲ့သည့် ဆင်ဦးစီးတစ်ယောက်နှင့်တူနေသည်။

ဆံပင်ရိုင်းရိုင်းတို့ ဝဲကျနေသည့် သူ့နဖူးပြင်တွင် ချွေးသီးတွေ စို့နေသည်။ ပြုံး၍ မော့အကြည့်လိုက် ကားပေါ်က ငုံ့ကြည့်နေသော အေးမနှင့်အကြည့်ချင်း ဆုံသွားသည်။ စောစောကလိုပင် သူ့အပြုံးက အေးမရင်ကို နွေးကနဲ ဖြစ်သွားစေသည်။

'ကဲ...ဦးလေး မောင်းတော့။ ကျွန်တော့်တာဝန် ပြီးပြီ'

လူရွယ်က အနားသို့ ချွေးသံရွှဲရွှဲဖြင့် ရောက်လာသော ဒရိုင်ဘာကို လှမ်းပြောပြီး၊ ကားနောက်မြီးသို့ တက်သည်။

ယဉ်ပါး၍ လူ့အလိုကို သိနေသော ဆင်ယဉ်ကြီးတစ်ကောင်လို 'ခေါင်းဝါ' ကြီးသည် ကတ္တရာစေး လမ်းပေါ်တွင် ပြေးနေသည်။

()

www.burmeseclassic.com

၈

အစကတော့ အဖော်ကောင်း၍ သည်နေရာသို့ ရောက်ခြင်းဖြစ်သည်။ နောက်တော့ မသွားရလျှင် ဝတ္တရားတစ်ခုပျက်သလို စိတ်တွင် ထင်လာသည်။ သည်နေရာရောက်လျှင် ပျော်လာသည်။ သဲထိတ်ရင်ဖို စွန့်စားခန်းတစ်ခုကို ကြုံတွေ့ရသည့်နှယ် ထင်လာသည်။

သည်နေရာသို့ နေလင်းအောင် မရောက်သည်မှာ နှစ်ရက်ရှိသွားပြီ။ အဖေက တွင်ခုံပစ္စည်းတစ်ခု အဝယ်ခိုင်းသဖြင့် မန္တလေးသို့ နေလင်းအောင် သွားခဲ့ရသည်။ မန္တလေးတွင် လိုသည့် တွင်ခုံပစ္စည်းက လွယ်လွယ်နှင့်မရ။ အစက တစ်ညအိပ်လောက်နှင့် ကိစ္စပြီးမည်ဟု မှန်းထားခဲ့သည်။ သို့ရာတွင် နှစ်ညအိပ်ကြာသွားသည်။ သည်နှစ်ရက်အတွင်း နေလင်းအောင် ပျင်းလိုက်သည် မှာ ဆိုဘွယ်မရှိတော့။

ပစ္စည်းရတော့ နေလင်းအောင် အိမ်က ဂျစ်ကားကလေးကို ဒလကြမ်းမောင်းကာ မုံရွာသို့ ပြန်ခဲ့သည်။ အိမ်ရောက်တော့ ပစ္စည်းအပ်၊ ရေမိုးချိုး၊ ထမင်း ကပျာကယာစားကာ သူရောက်နေကျနေရာသို့ ထွက်လာခဲ့သည်။

လမ်းမီးများက လမ်းကြားကလေးထဲတွင် မှုန်ရီစွာ လင်းနေကြသည်။

တိုက်ရှေ့တွင် ဂျစ်ကားနှစ်စီး ဆိုက်ထားသည်။ တိုက်ရှေ့ဘီလပ်သံတံခါးများကို ဆွဲပိတ်ထားသည်။ တိုက်ထဲတွင် မီးရောင်မှိန်မှိန်လင်းနေသည်။ တိုက်ရှေ့ဧည့်ခန်းတွင် ခါတိုင်းလို တိုက်ရှင် ဦးကျင်စိန်၏ ကလေးတွေ ဆော့ကစားနေကြသည်။ စတူရီယို တေးသံက စူး၍မြူးနေသည်။

ဦးကျင်စိန်က တရုတ်ကပြားဖြစ်သည်။ ပွဲရုံများ၊ ကုန်တိုက်များကို ပြည်သူပိုင် သိမ်းလိုက်တော့ သူ့ပွဲရုံများနှင့် ကုန်တိုက်ကြီးများ အသိမ်းခံရသည့်အထဲတွင် ပါသွားသည်။ ရာတန်၊ ငါးဆယ်တန်တွေ တရားမဝင်ကြေညာတုန်းကလည်း ဆယ်သိန်းလောက်ပါသွားသည်။ သူ့ကုန်တိုက် တစ်တိုက်တွင် မန်နေဂျာပြန်ရသည်။ ဖြစ်စတုန်းက ဦးကျင်စိန် စိတ်မကောင်း။ ထို့ကြောင့် မည်သည့်

www.burmeseclassic.com


စီးပွားရေးလုပ်ငန်းကိုမှု မလုပ်သေး။ ဥပုသ်ရက်ရှည် စောင့်မည်ဟုဆိုကာ ဖိုးဝင် တောင်တွင် တစ်လလောက်နေသည်။

အမှန်က ဥပုသ်စောင့်သည် ဆိုခြင်းမှာ အပေါ်ယံ အကြောင်းပြချက်ဖြစ်သည်။ သည်အတောအတွင်း ဦးကျင်စိန် အခြေအနေကို စောင့်ကြည့်သည်။ အကြံထုတ်သည်။ သည်လမ်းကိုပိတ်လျှင် လမ်းသစ်ရှာရမည်။ သည်နည်းမဟုတ်လျှင် နည်းသစ်ရှာရမည်။ ခေတ်ပြောင်းလျှင် စီးပွားရှာသည့်နည်းလမ်းပြောင်းရမည်။နည်းဟောင်းကြီးတွေ သုံး၍မရတော့။ သမားရိုးကျလမ်းကို လိုက်၍မရတော့။ လမ်းဟောင်းပိတ်လျှင် လမ်းသစ်ကို ရှာရမည်။ လမ်းသစ်က ဖြတ်လမ်းလည်း ဖြစ်ရမည်။

သူ ကြီးပွားလာပုံ လမ်းဟောင်းအတိုင်း ကြီးပွားလာပုံမျိုးဖြစ်သည်။ ပထမ လက်ဖက်ရည်ဆိုင်လေးဖွင့်၊ နောက်ကုန်စုံဆိုင်၊ နောက်ကုန်တိုက်၊ နောက်လက်ကားအရောင်းအဝယ် စသည်ဖြင့် လှေကားထစ်များကို တစ်ဆင့်ပြီးတစ်ဆင့်တက်ခဲ့ရသည်။ ယခု လှေကားထစ်တွေမရှိတော့၊ တစ်ထစ်ချင်း လှမ်း၍ မရတော့၊ သည်တော့ ခုန်တန်ခုန်ရမည်။ ကျော်လွှားတန် ကျော်လွှားရမည်။ နည်းမျိုးစုံကို သုံးရမည်။

ချင်းတွင်းမြစ် တစ်ကြောတွင် မုံရွာသည်တံခါးဝဖြစ်သည်။ အနောက်ဘက်မှ ဆင်းလာသော မှောင်ခိုကုန်များလည်း သည်တံခါးပေါက်သို့ရောက်သည်။ ခန္တီး၊ ဟုမ္မလင်းစသည့် အထက်ချင်းတွင်းဘက်မှ ဆင်းသော ကျောက်မျက်ရတနာများလည်း သည်တံခါးဝသို့ ရောက်သည်။ ဖြတ်လမ်းဖြင့် ကြီးပွားလိုသူတစ်ယောက်အဖို့ အလွန်ကောင်းသည့် အချက်အခြာ နေရာဖြစ်သည်။

သိပ်မကြာ။ ဦးကျင်စိန်၏ စီးပွားရေးသည် ခေါင်းထောင်လာသည်။ သူ့ကုန်တိုက်တွေ အသိမ်းမခံရမီကထက်ပင် စီးပွားလမ်းဖြောင့်သည်။ ကုန်တိုက်တွေ အသိမ်းခံရ၍ ယခုလို အလုပ်မျိုးကို လုပ်ဖြစ်ခြင်းဖြစ်သည်။ သို့မဟုတ်လျှင် လုပ်ဖြစ်ချင်မှ လုပ်ဖြစ်မည်ဟု သူထင်သည်။

ဦးကျင်စိန်က အနောက်မြောက်ဘက်မှ ဆင်းလာသော မှောင်ခိုကုန်များကို ချုပ်ဝယ်၍ သိမ်းသည်။ သူတို့မြို့တွင် သည်လိုချုပ်ဝယ်နိုင်သူမှာ သူနှင့် ဦးမြမင်း နှစ်ဦးသာရှိသည်။ သို့ရာတွင် စီးပွားရေးပြိုင်ဘက် တစ်ယောက်အဖြစ် ဦးမြမင်းကို သူမကြောက်။

ဦးမြမင်းက ကြီးပွား၍သာ ကြီးပွားသော်လည်း ဟိတ်ဟန်များသည်။ တစ်ခေတ်က ကုန်သည်ပွဲစားကြီးများလို ထယ်လွန်းသည်။ အပေါင်းအသင်း

www.burmeseclassic.com


ကိုပင်လျှင် ရွေးပေါင်းသည်။ ကိုယ်ကသာ အမြဲ အမြတ်လိုချင်သည့် ကုန်သည်မျိုးဖြစ်သည်။ ကုန်ကူးလျှင် အမြတ်ထွက်ရန် သေချာသည့် ကုန်မျိုးကိုမှ ကူးချင်သည်။ မသေချာသည့် ကုန်မျိုးကို မလုပ်ချင်။

ဦးကျင်စိန်က သည်လိုမဟုတ်၊ သူ့အမြင်တွင် ကုန်ကူးခြင်းဆိုသည်မှာ လောင်းကစားနည်းတစ်မျိုး ဖြစ်သည်ဟု သူမြင်သည်။ ကုန်ကူးရာတွင် အမြဲတမ်းမြတ်မည်ဟု မမျှော်လင့်အပ်။ ရှုံးသည့်အခါ ရှုံးမည်၊ မြတ်သည့်အခါတွင် မြတ်မည်။ အမြတ်ချည်းမရှိနိုင်။ အမြတ်ဟူ၍ရှိလျှင် အရှုံးဟူ၍လည်း ရှိရမည် ဟုယူဆသည်။ အရှုံးအမြတ် မသေချာသည့် ကိစ္စတစ်ခုကို လုပ်ရသည်ကပင် သူ့အဖို့ ပျော်စရာစွန့်စားခန်းတစ်ရပ် ဖြစ်သည်။ တစ်ခါတရံ အချို့ကုန်သည်များ က အမြတ်မသေချာသဖြင့် ခပ်ရှောင်ရှောင် လုပ်ကြသည့် ကုန်မျိုးကို ဦးကျင်စိန်က ဝယ်လှောင်သည်။ အနုတ်အသိမ်းလေးသဖြင့် ဈေးလည်းသက်သာသည်။ သည်အခါမျိုးတွင် ဦးကျင်စိန် ဝမ်းသာသည်။ လူကြိုက်နည်းသည့် အကောင်ကို လောင်းလိုက်ပြီ။

ဥပမာ တစ်နှစ်မြေပဲဈေးတွေ ကျနေသည်။ ပဲဈေးလည်း ကျနေသည်။ တောက ကျလာသည့် ပဲများ၊ ဆီများကို မြို့ပေါ်တွင် သိမ်းမည့်သူမရှိ။ ဆီဈေး၊ ပဲဈေး ဒလဟောထိုးကျနေသည်။ ကုန်သည်ကြီးတွေက ဆီဈေးတက်ရိပ်ရှိသည်ကို သိသည်။ သို့ရာတွင် မဝယ်ရဲကြ။ ဆီကိုသမဝါယမက ကိုင်တော့မည်လိုလို၊ သိမ်းမည်လိုလို။ ကန့်သတ်ကုန်လုပ်မည်လိုလို သတင်းသဲ့သဲ့ပြေးနေသည်။ (စင်စစ်ဘာမျှမဟုတ်သေး ကုန်သည်အချင်းချင်း သတင်းလွှင့်နေကြခြင်းဖြစ်သည်။ ဦးကျင်စိန်က လာသမျှ ပဲနှင့်ဆီကို သိမ်းဝယ်သည်၊ တစ်လလောက် လှောင်လိုက်သည်။ ပဲဈေး၊ ဆီဈေးနှစ်ဆလောက် တက်သွားသည်။ ဦးကျင်စိန် နှစ်သိန်းလောက်မြတ်လိုက်သည်။

'ဒီခေတ်မှာ သမားရိုးကျကုန်ကူးလို့မရတော့ဘူး။ ဟိုခေတ်တုန်းက တော့ ဆီကုန်သည်ကလဲ ဆီပဲလုပ်တယ်၊ ပဲသမားကလဲ ပဲပဲလုပ်တယ်။ ဒ့ါပြင် လိုင်းကို မကူးဘူး၊ ခုကျတော့ လိုင်းစုံလုပ်မှ ဖြစ်မယ်ဗျ'

ဦးကျင်စိန်က ပြောတတ်သည်၊ သူပြောသည့်အတိုင်းလည်း လုပ်သည်။

ဦးကျင်စိန်က ထီလည်းထိုးသည်။ တစ်ပတ် တစ်ပတ်လျှင် ငါးသောင်းဖိုးလောက် ထိုးသည်။ တစ်ခါတရံ နည်းနည်းပါးပါး ရှုံးသော်လည်း မြတ်သည်က များသည်။ ဦးကျင်စိန်က မြင်မြင်သမျှကို ကစားသမား မျက်စိဖြင့် ကြည့်သည်။ အပေါင်းအသင်းကလည်း စုံသည်။ အာဏာရှိ၊ အာဏာမဲ့၊ လူကြီးလူငယ် မည်

www.burmeseclassic.com



သည့်ကိုမျှမရွေး၊ ကုန်သည် ပီသသည့်နေရာတွင် ဦးကျင်စိန်ကို ယှဉ်နိုင်သူ ရှိမည်မထင်။

နေလင်းအောင်က တိုက်ရှေ့မဝင်ဘဲ ဘေးမှကွေ့ကာ တိုက်နောက်ဖေးကို ဝင်လာသည်။

သူ့ကိုမြင်တော့ တိုက်ဘေးဘန်ဒါပင်ရိပ်မှ လူတစ်ယောက်ထလာသည်။ တိုက်ထောင့် တစ်နေရာဆီသို့ မေးထိုးပြလိုက်သည်။

တိုက်ထောင့် တစ်နေရာတွင် မီးခံတိုက်ကလေးတစ်လုံးရှိသည်။ တိုက်တစ်ဝက်က မြေကြီးထဲတွင်ရှိ၍ တစ်ဝက်က မြေကြီးပေါ်တွင် ပေါ်နေသည်။

နေလင်းအောင်က သံတံခါးကို ခေါက်လိုက်သည်။ တံခါးက ချက်ချင်းပွင့်လာသည်။ တံခါးတွေ လုံအောင် ပိတ်ထားသည့်တိုင် လေးအေးစက်တပ်ထားသဖြင့် အေးသွားသည်။ ပူလောင်သည့် အညာနွေအငွေ့အသက်သည် အပြင်မှာကျန်ရစ်ခဲ့ပြီ။

'လာဟေ့ နောက်ကျလှချည်လား'

ဦးကျင်စိန်က လှမ်းခေါ်သည်။

'ညောင်ပင်ဝန်း ဒီဘက်မှာ ကားပျက်နေလို့ ဦးလေးရ'

နေလင်းအောင်က မီးခံတိုက်အိမ်ကလေး ပတ်ပတ်လည်ကို တစ်ချက်ဝေ့ကြည့်သည်။ ခပ်လှမ်းလှမ်း စားပွဲပေါ်တွင် ထမင်းပန်းကန်များ တင်ထားသည်။ စားကြွင်းစားကျန်တချို့၊ ထမင်းပန်းကန်ထဲတွင် ပိုးလို့ပက်လက် မသိမ်းရသေးသော ဝိုက်လေဘယ်ပုလင်းလွတ် နှစ်လုံးသုံးလုံးနှင့် ဖန်ခွက်တချို့က ဖရိုဖရဲ။

အခန်းထဲတွင် လူဆယ်ယောက်ခန့်ရှိသည်။ အားလုံးလောက်ကို နေလင်းအောင် သိသည်။ တစ်ယောက် နှစ်ယောက်လောက်ကမှ လူစိမ်းဖြစ်သည်။

'ကဲ... နောက်ကျမှ လာတော့၊ အမီလိုက်ဟေ့'

ဦးကျင်စိန်က လှမ်းပြောကာ၊ ကုလားထိုင်တစ်လုံးကို ယူခိုင်းသည်။ နေလင်းအောင်က ကုလားထိုင် တစ်လုံးကို ဆွဲ၍ စားပွဲတွင် ဝင်ထိုင်သည်။

'ဘယ့်နှယ်လဲဟေ့ ဝင်မလား၊ အချိန်သိပ်မရှိဘူး၊ ကိုးနာရီမှာသိမ်းမယ်'

ဦးကျင်စိန်က သူ့လက်က ရိုးလက်(စ်)အခွိုင်းစတားနာရီကို မြှောက်ကြည့်သည်။

'လုပ်ကြပါ တစ်ဝိုင်းနှစ်ဝိုင်း ကြည့်လိုက်ဦးမယ်'

နေလင်းအောင်က လာချပေးသော ဝိုက်လေဘယ်ဖန်ခွက်ကို ကောက်၍ မော့ရင်းပြောသည်။ ကျန်လူများမှာ သူသိပြီးသူတွေဖြစ်သည်။ လူလတ်ပိုင်းနှင့်

www.burmeseclassic.com


လူငယ်တချို့၊ သို့ရာတွင် လူစိမ်းနှစ်ယောက်ကိုတော့ သူမသိ။ ထို့ကြောင့် အကဲခတ်ကြည့်ချင်သည်။

စားပွဲပေါ်က ပလပ်စတစ် အခင်းကလေးပေါ်တွင် ဖား၊ ဝက်၊ ကြက်၊ ငှက်စသည့် အရုပ်လေးခု ရေးထားသည်။ လောင်းကြေးကို ကြည့်လိုက်တော့ သိပ်မနည်းလှ။ အရုပ်လေးရုပ်ပေါ်တွင် အမျိုးမျိုးထိုးထားကြသည်။ တချို့က အောထိုးကြသည်။ တချို့က ရုံထိုးကြသည်။ တချို့က လုပ်စီထိုးကြသည်။ တချို့က ရုံအောပေါင်းထိုးကြသည်။ ကြိုးလည်းထိုးကြသည်။

နေလင်းအောင် ဆယ်တန်းစာမေးပွဲ ကျသည်မှာ နှစ်ခါရှိပြီ။ စာမေးပွဲ ခဏခဏကျနေလျှင် အချိန်ကုန်သည်။ စီးပွားရေးလုပ်သည်က ကောင်းသည် ဟုဆိုကာ အိမ်တွင် တွင်ခုံလုပ်ငန်းကို သူကြီးကြပ်ရသည်။ လိုအပ်သည့် ပစ္စည်းများကို မန္တလေး၊ ရန်ကုန် စသည်တို့သို့ ဆင်း၍ ဝယ်ရသည်။

သည်တွင် နေလင်းအောင် အပေါင်းအသင်း များလာသည်။ ယခင်က သူ့အသိုက်အဝန်းမှာ ကျောင်းသားအသိုက်အဝန်းမျှလောက်သာ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းထဲရောက်တော့ အပေါင်းအသင်းက စုံလာသည်။ အရက်လေး တမြမြ သောက်တတ်လာသည်။ တစ်ချပ်မှောက်ကလေးဘာလေး ကစားတတ်လာသည်။ နောက်ဆုံးတစ်ချပ်မှောက် ကစားရုံနှင့် မကျေနပ်တော့။ အဆင့်မြင့်လာကာ 'လေးမျက်နှာ'ဝိုင်းသို့ ရောက်လာသည်။ ယခုတော့ ရင့်နေပြီ။

မန္တလေးကအပြန်၊ ပစ္စည်းဝယ်ရာတွင် အိမ်ကို ငွေပိုပြသဖြင့် အိတ်ထဲ၌ ငါးထောင်လောက် ကျန်နေသည်။ စင်စစ် ဦးကျင်စိန် ဝိုင်းက ကြေးကြီးဝိုင်း ဖြစ်သည်။ ခါတိုင်းဆိုလျှင် အိတ်ထဲတွင် တစ်သောင်းလောက် မပါဘဲမလာ။

ယခုတော့ အပျင်းပြေသဘောလောက် ကစားမည်ဟု ရည်ရွယ်ရင်း ဖြစ်သည်။

လှည့်ဒိုင်က ဦးကျင်စိန်မဟုတ်၊ လူစိမ်းဖြစ်သည်။ သူ့တွင် အဖော် တစ်ယောက်ပါသည်။ လူစိမ်းဆိုသော်လည်း မျက်နှာချင်းကတော့ တန်းမိနေကြ သည်။ သူ့တို့ဝိုင်းသို့မူ ပထမဆုံးအကြိမ် ရောက်လာခြင်းဖြစ်သည်။

နေလင်းအောင်က လှည့်ဒိုင်နှင့်ဂျင်ကို အကဲခတ်ကြည့်ချင်သေးသည်။ လှည့်ဒိုင်က အသက်နှစ်ဆယ်ကျော်လောက်သာ ရှိသေးသည်။ အသားဖြူဖြူ၊ လူပုံနွဲ့နွဲ့၊ မျက်နှာက အမြဲပြုံးနေသည်။ မျက်လုံးများက လှုပ်ရှားသည်။ သူ့ဆံပင်က ရေးခေတ်က ဇာတ်လိုက်မင်းသားကြီးများထားသလို၊ ဗလင်တီနိုပုံစံ ဖြစ်သည်။ သူ့နှင့်အသက်ချင်း မတိမ်းမယိမ်း၊ သူ့ထက်ကြီးလျှင် သုံးလေး

www.burmeseclassic.com


နှစ်လောက်သာ ကြီးမည်။ သို့ရာတွင် ကစားသမား အနေဖြင့်ကား ကစားသက် ရင့်နေပြီ။ မန္တလေးထိတက်၍ နာမည်ကြီးသူဖြစ်သည်။ သူ့ရှေ့တွင် ငွေစက္ကူ တွေ ထောင်ပုံရာပုံဖြစ်နေသည်။

လှည့်ဒိုင်က ဂျင်ကို လှည့်၍ ယွန်းအစ်ကလေးဖြင့် အုပ်ချလိုက်သည်။ ဂျင်လှည့်ပုံက ပြင်းလည်းမပြင်း၊ ပျော့လည်းမပျော့ ခပ်မှန်မှန်ဖြစ်သည်။ တစ်မိနစ် လောက်ကျတော့ ဂျင်ကလေးက တစ်ဂျောက်ဂျောက်မြည်ပြီး လဲကျသွားသည်။

လှည့်ဒိုင်က ယွန်းအုပ်ကို လက်ညှိုးဖြင့် တစ်ချက်တောက်၍ ဖွင့်လိုက် သည်။

'ဟော...ဖားကလေးခင်ဗျာ'

အားလုံး ကြက်၊ ဝက်၊ ငရုဉ့်ကို ထိုးထားကြသဖြင့် ဒိုင်စားသွားသည်။ ကြိုးထိုးထားသည့် အိမ်တစ်အိမ်ကိုသာ လျော်ရသည်။

ဦးကျင်စိန်က တော်တော်ရှုံးနေပြီ။ သူ့လို ကစားသမားရင့်မကြီးက ပေါက်စနကောင်ကလေးကို ခံနေရသဖြင့် ရှက်သည်။ မျက်နှာတွေ နီရဲနေသည်။ သို့ရာတွင် အပြုံးမပျက်။

'ကဲ...ထိုးကြခင်ဗျာ၊ နောက်တစ်ချီဖွင့်မယ်၊ အချိန်သိပ်မရှိတော့ဘူး၊ အစ်ကိုလေး...ထိုးလေ'

လှည့်ဒိုင်က နေလင်းအောင်ဘက်သို့ လှည့်၍ ပြောသည်။ နေလင်း အောင် ချီတုံချတုံဖြစ်နေသည်။ သူဂျင်ကိုင်ပုံကို အကဲခတ်ကြည့်ချင်ပေသည်။ ထို့ကြောင့် နေလင်းအောင် မထိုးသေး၊ ပြုံး၍ ခေါင်းရမ်းပြသည်။

သည်တစ်လက်တွင် ဦးကျင်စိန်က ဖားကို လိုက်အောသည်။ နည်းနည်း လည်းမူးနေပြီ။ သူ့ရှေ့တွင် ငွေနှစ်ထောင်လောက် ရှိလိမ့်မည်။

လှည့်ဒိုင်က သည်တစ်ကြိမ်တွင် ဂျင်ကို အပျော့လှည့်သည်။ ဂျင်က သိပ်ကြာကြာမလည်။ ခပ်မြန်မြန်လည်ပြီး လဲကျသွားသည်။ ဖွင့်လိုက်တော့ ငရုဉ့်။

ဦးကျင်စိန် သည်တစ်ချီတွင်လည်း ထိသွားသည်။ နောက်တစ်ကြိမ်ကျ တော့ လှည့်ဒိုင်က ဂျင်ကို အပြင်းလှည့်သည်။ ဂျင်က အကြာကြီးလည်ပြီးမှ ဝဲ၍ လဲကျသွားသည်။

နေလင်းအောင်က ဂျင်လည်သံကို နားထောင်ကြည့်သည်။ ဂျင်ကစား သက်မနုတော့။ တစ်နှစ်ကျော်ကျော်လောက်ရှိပြီ။ ဂျင်မျိုးစုံ တွေ့ခဲ့ဖူးပြီ။ ဂျင်သံကို နည်းနည်းပါးပါး အကဲခတ်တတ်ပြီ။ လှည့်ဒိုင်များ ဂျင်လှည့်ရာ၌ တစ်ယောက်

www.burmeseclassic.com


တစ်မျိုးစီ သန်ရာလှည့်ကြသည်။ တချို့ဒိုင်က အပျော့လှည့်သည်။ တချို့ဒိုင်က ပုံမှန်လှည့်တတ်သည်။ တချို့ဒိုင်က အပြင်းလှည့်တတ်သည်။ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ လှည့်လက်သိပ်မပြောင်းကြ၊ အလွန်အမင်း ရှုံးနေတော့မှ လှည့်လက်ပြောင်းတတ်ကြသည်။ ဤသည်မှာလည်း တစ်ပွဲတစ်လေမျှသာ ဖြစ်သည်။ ခဏကြာတော့ သူသန်ရာ လှည့်လက်အတိုင်း ပြန်လှည့်သည်။

'ဟော့...ရွှေဝင်း၊ အချိန်သိပ်မရှိတော့ဘူးနော်'

နောက်ကပါလာသူက လှည့်ဒိုင်ကို သတိပေးသည်။ ရွှေဝင်းက လက်မှ လေးထောင့်ပုံ စီကိုဖိုက် နာရီကို မြှောက်ကြည့်သည်။

'ရပါသေးတယ်၊ ကဲ...ကဲ နာရီဝက်ပဲကျန်တော့တယ်။ ထိုးကြ၊ ထိုးကြ'

နေလင်းအောင် ရွှေဝင်း၏ ဂျင်ကိုင်ပုံကို အကဲခတ်ကြည့်သည်။ သူကြည့်နေသည့် သုံးလက်အတွင်းတော့ ရွှေဝင်းသည် ဂျင်ကို ပုံသေမကိုင်၊ တစ်လက်ကို တစ်မျိုးစီ လှည့်သွားသည်။ ပြင်းပြင်းတစ်ချီ၊ ပျော့ပျော့တစ်ချီ၊ ပုံမှန်တစ်ချီ၊ သုံးမျိုးလှည့်သွားသည်။ သည်ကောင် အင်မတန် ဉာဏ်များသည်ဟု နေလင်းအောင် ထင်သည်။

သည်တစ်ချီတော့ ရွှေဝင်း ဂျင်ကိုင်ပုံကို စောင့်ကြည့်မည်။

သူထင်သည့်အတိုင်း ရွှေဝင်း ဂျင်ကိုင်ပုံ ပြောင်းသွားသည်။ ပထမတစ်ခါတုန်းကကဲ့သို့ပင် ပုံမှန်လှည့်သည်။ ပုံမှန်လှည့်တော့ ဖားကျသွားသည်။ နေလင်းအောင်က ဖားနှင့် ရေဥ္စကြိုးပေါ်တွင်တင်ကာ ငွေတစ်ရာထိုးသည်။ ရွှေဝင်းလက်ကို သူဆက်ကြည့်ချင်သည်။ သည်ကောင်ဂျင်ကို ပုံမှန်လှည့်လျှင် သည် နှစ်ကောင်က ပြေးလွတ်မည်မဟုတ် ဖားကျလျှင်ကျ၊ မကျလျှင် ရေဥ္စကျမည်။ ကြိုးထိုးလျှင် သည်နှစ်ကောင်အနက် မည်သည့်အကောင်ကျကျ ကိုယ်က အနိုင်ရမည်။

ယွန်းအစ်ကို ဖွင့်တော့ ရေဥ္စကျသည်။ ထို့ကြောင့် သည်တစ်လက်တွင် ငွေတစ်ရာ ဆတူရသည်။ သေချာပြီ၊ ရွှေဝင်းဂျင်သည် ရေဥ္စနှင့်ဖားကို အကျများတတ်သည်။ သူဂျင်လှည့်ပုံက ပုံမှန်လှည့်ခြင်းဖြစ်သည်။ ဖားကိုကြိုက်ကောင် ရွေးလိုက်သည်။

သည်တစ်ချီတော့ နေလင်းအောင်က ဖားကို ငွေသုံးရာ အောထိုးသည်။ သုံးဆလျော်သဖြင့် ငွေကိုးရာ အလျော်ရသည်။ လျော်ငွေကိုးရာနှင့် အရင်းငွေ သုံးရာပေါင်း၍ တစ်ထောင့်နှစ်ရာ ဖားကိုပင် အောသည်။ သည်တစ်ချီတွင် ဖားကျသည်။ လျော်ငွေ သုံးထောင့်ခြောက်ရာ ရလိုက်သည်။

www.burmeseclassic.com


ရွှေဝင်းမျက်နှာ ပျက်သွားသော်လည်း၊ ချက်ချင်းဣန္ဒြေဆည်၍ ပြုံးလိုက်သည်။ နေလင်းအောင်က ပြုံးသည်။ သေချာပြီ၊ သူ့ပျော့ကွက်ကို သိပြီ။ ရွှေဝင်း၏ ဂျင်သည် ဖားကျတတ်သည်။ သူဂျင်ကိုင်ပုံက မပြင်းမပျော့၊ သူ့ဂျင်ကိုင်ပုံဖြင့် သည်ဂျင်ကို လှည့်လျှင် ဖားက ပြေး၍လွတ်မည်မဟုတ်။ ဇယားကွက်ပေါ်က ဖားရုပ်သည် သူ့အတွက် ပလိုင်းထဲက ဖားဖြစ်သည်။

နေလင်းအောင်က ရွှေဝင်းမျက်နှာကို တစ်ချက်ကြည့်လိုက်သည်။ ရွှေဝင်းနှင့် အကြည့်ချင်းဆုံကြသည်။ နေလင်းအောင် မျက်လုံးက အထိုးခံဦးမည်ရလားဟု အမေးထွက်သည်။

'ထိုးပါ၊ ကြိုက်ကောင်ရှိရင် ထိုးပါ၊ ရပါတယ်'

နေလင်းအောင်က ကစားလောဘကြီးသည်။ လူတစ်ယောက်၏ စရိုက်သည် ကစားဝိုင်းတွင် သိသိသာသာပေါ်လာတတ်ရာ၊ ယခုလည်း နေလင်းအောင်စရိုက်က တဖြည်းဖြည်းပေါ်လာပြီ။ ကစားဝိုင်းထဲ ရှိသမျှငွေကို လိုချင်လာသည်။ သည်တစ်ချီတွင်လည်း နေလင်းအောင် ငွေသုံးထောင့်ခြောက်ရာနှင့် အရင်းတစ်ထောင့်နှစ်ရာပါပေါင်း၍ ငွေလေးထောင့်ရှစ်ရာကို ဖားရုပ်တွင် ပုံအောသည်။ သည်တစ်ချီတွင် ဖားကျသည်။ တစ်သောင်းသုံးထောင့်လေးရာ လျော်ရသည်။

'ဘယ်လိုလဲ၊ အချိန်ရှိသေးလား'

နေလင်းအောင်ကမေးသည်။

'ရပါတယ်၊ ထိုးပါ'

'ကဲဗျာ၊ ဒီတစ်ချီတော့ မအောတော့ပါဘူး၊ အားနာပါတယ်'

နေလင်းအောင်က ခပ်ခပ်ပြုံးကြည့်သည်။

'အချစ်နဲ့စစ်မှာ အားလုံးဟာ တရားတယ်တဲ့ခင်ဗျာ၊ ကျွန်တော်စကားပုံတစ်ခု ကြားဖူးတယ်၊ ခုလဲဒီလိုပေါ့ဗျာ၊ အချစ်နဲ့ လောင်းကစားမှာ အားလုံးဟာ တရားတယ်၊ ဟုတ်လား၊ အားနာတာတွေ ဘာတွေမလိုပါဘူး၊ နိုင်သူပြုံး၊ ရှုံးသူခံပေါ့။ ရွှေဝင်းတို့က ဒါလောက်သွေးမနည်းပါဘူး၊ ကြိုက်သလောက်ထိုးပါ'

သူ့လေသံ ခပ်အေးအေး၊ မျက်လုံးများကလည်း အေးစက်စက်။

နေလင်းအောင်က လျော်ငွေနှင့် ရင်းငွေပေါင်းကာ တစ်သောင်းနှစ်ထောင့် နှစ်ရာ ပုံအောသည်။

ဦးကျင်စိန်တို့မှာ ထိုးလက်ပြည့်ရုံလောက်သာ လောင်းကြတော့သည်။ အားလုံးသူတို့နှစ်ယောက်ကို စိတ်ဝင်စားနေကြသည်။ ရွှေဝင်းက ဝါရင့်ကစားသမား တည်တည်ငြိမ်ငြိမ်၊ နေလင်းအောင်က ဝါနုသူ ကစားလောကြီးသူ။

www.burmeseclassic.com



ရွှေဝင်းက ယွန်းအုပ်ကို လက်နှင့်တောက်ပြီး ဖွင့်လိုက်တော့ ဖားပင်ကျသည်။ ရွှေဝင်း မျက်နှာပျက်သွားသည်။ သည်တစ်ချီတွင် ငါးသောင်းလေးထောင့်ခြောက်ရာ လျော်လိုက်ရပြန်သည်။ ဦးကျင်စိန်နှင့် ထိုးလက်များ၏ငွေများသည် ဒိုင်မှတစ်ဆင့် နေလင်းအောင်လက်ထဲတွင် စုလာနေသည်။ သူ့ရှေ့တွင် ငွေစက္ကူတွေပုံနေပြီ၊ ဒိုင်ရှေ့တွင် ငွေစက္ကူသိပ်မရှိတော့။

'ဘယ်နှယ့်လည်း'

နေလင်းအောင်က ဦးကျင်စိန်ဘက်သို့ လှည့်၍မေးသည်။ ရွှေဝင်းက နာရီမြှောက်ကြည့်သည်။

'ကိုးနာရီထိုးဖို့ လေးမိနစ်လိုသေးတယ်၊ နှစ်ဝိုင်းသုံးဝိုင်းတော့ ရပါသေးတယ်'

'ကိုရွှေဝင်း အောထိုးလို့ ရသေးသလား'

'ခင်ဗျာ'

'သြော်–အောထိုးလို့ရသေးသလားလို့ မေးတာပါ'

ရွှေဝင်းက နေလင်းအောင်ကို စိုက်ကြည့်သည်။ ထို့နောက် တမင်ပြုံးလိုက်သည်။

'ရပါတယ်၊ ထိုးပါ'

နေလင်းအောင်က မိုက်ကန်းသည်။ လျော်ငွေငါးသောင်းလေးထောင့်ခြောက်ရာနှင့် ရင်းငွေတစ်သောင်းရှစ်ထောင်ကျော်ပေါင်း၍ ခုနှစ်သောင်းနှစ်ထောင်ကျော်ထိုးသည်။

ဦးကျင်စိန်တို့က ထောင်ဂဏန်းလောက်မှာ ကျန်ရစ်ခဲ့ကြသည်။ ရွှေဝင်းက ဣန္ဒြေမပျက်၊ သို့ရာတွင် နေလင်းအောင် ရင်ခုန်လှပြီ။

တဝီဝီမြည်နေသော ဂျင်သံကို နားထောင်ကြည့်သည်။ ဖားရပ်ကျရန် တထိတ်ထိတ် ဆုတောင်းရသည်။ ဖွင့်လိုက်တော့ ဖားရပ်။

'ကဲ– ကိုးနာရီ မထိုးသေးဘူးလား'

'သုံးမိနစ် ကျန်သေးတယ်ဗျ'

'တော်လောက်ပါပြီ ထင်ပါတယ်'

နေလင်းအောင်က ရွှေဝင်းရှေ့က ငွေစက္ကူထပ်ကိုကြည့်၍ ပြောသည်။ ငွေစက္ကူအထပ်က နိမ့်ဆင်းသွားပြီ။ အလွန်ဆုံးရှိလျှင် နှစ်သောင်း သုံးသောင်းထက် မရှိတော့။

www.burmeseclassic.com



'ဘာလဲ၊ အစ်ကိုလေးက ကျွန်တော့်ငွေစက္ကူပုံကို ကြည့်ပြီး အားမရှိလို့လား'

ရွှေဝင်းက မေးသည်။

'မဟုတ်ပါဘူး'

ရွှေဝင်းက သူ့နောက်အလျော်အစားလုပ်နေသော သူ့ထံမှ လက်ဆွဲသားရေအိတ်ကို လှမ်းတောင်းပြီးဖွင့်လိုက်သည်။ အိတ်ထဲမှ စက္ကူအိတ်တစ်အိတ်ဆွဲထုတ်သည်။

'ဟောဒီမှာ ခင်္ဂီးဘက်က နာမည်ကြီးလှတဲ့ ဗိုလ်ကတော်ကြောကရခဲ့တဲ့ ကျောက်စိမ်းခင်ဗျ၊ ပထမတန်းစား၊ ဒီတစ်လုံးတည်းကို ဆယ်သိန်းပေးမဲ့လူရှိတယ်၊ ထိုးသာထိုးပါ အားတော့မနာနဲ့ခင်ဗျ၊ အားနာတယ်ဆိုတာ ကြောက်ခြင်းတစ်မျိုးပဲ။ ကြောက်ရင် ကြောက်တယ်လို့ ပြောတာကောင်းတယ်၊ အားနာတယ်ဆိုတာကတော့ ဟဲ–ဟဲ'

နေလင်းအောင် ဘာမျှမပြောတော့ ရွှေဝင်းစကားကြောင့် ခံပြင်းလာသည်။

ရှိသမျှငွေအားလုံးကို ပုံအောလိုက်သည်၊ နှစ်သိန်းကျော်ကျော်ရှိမည်။ ပြန်လျော်လျှင် အနည်းဆုံး ခြောက်သိန်းကျော်ကျော်ရမည်။

'ကဲ– ဖားပဲဗျာ'

'ဖားသား တော်တော်ကြိုက်ပုံရတယ်– ဟဲ ဟဲ'

ရွှေဝင်းက ကြည့်၍ရယ်သည်။ ဂျင်ကို လက်ညှိုးလက်မကြားတွင် ရွရွကလေးကိုင်၍ လှည့်သည်။ တစ်ဝိုင်းလုံးဂျင်သံကို နားစွင့်နေကြသည်။ ခဏကြာတော့ ဂျင်သည် တရျောက်ရျောက်မြည်၍ လဲကျသွားသည်။

နေလင်းအောင် ရင်တဒိတ်ဒိတ်ခုန်နေသည်။ မာလာနှင့်ချိန်းတွေ့တုန်းက ရင်ခုန်ပုံမျိုးလည်းမဟုတ်၊ သည်ရင်ခုန်ပုံမျိုးက မည်သည်နှင့်မျှ မတူ၊ ခြေဖျားလက်ဖျားတွေအေးကာ ချွေးစေးတွေပျံလာသည်။ ဘေးနားက အရက်ခွက်ကိုကောက်၍မော့ကာ မျက်နှာကို လက်ကိုင်ပုဝါဖြင့်သုတ်သည်။ လေးအေးစက်ဖွင့်ထားသည့်တိုင် ချွေးစေးက အထွက်မရပ်။

'ကဲ၊ လက်ရှောင်ခင်ဗျ၊ ဖွင့်မယ်'

ရွှေဝင်းက ယွန်းအစ်ဖုံးကို လက်ညှိုးနှင့်တောက်၍ အသာမ,ဖွင့်လိုက်သည်။ တစ်ဝိုင်းလုံး အာမေဋိတ်အသံ ထွက်လာကြသည်။ အရုပ်က ဝက်ကုန်းရုပ်။

'ဝက်ခင်ဗျ'

www.burmeseclassic.com


ရွှေဝင်းက နေလင်းအောင် ထိုးထားသော ငွေများကို သိမ်းကျုံးယူရင်း နေလင်းအောင်မျက်နှာကို စေ့စေ့ပြီးကြည့်သည်။ သူ့အကြည့်က လှောင်ပြုံး၊ နေလင်းအောင်ကို သနားစရာ သတ္တဝါကလေး တစ်ကောင်ဟု ကြည့်သည့်အပြုံး။

ရွှေဝင်းက လက်ပတ်နာရီကို မြှောက်ကြည့်သည်။

'ကဲ…ကိုးနာရီထိုးတော့မယ်ခင်ဗျ၊ ဒီနေ့တော့ ဒီမျှလောက်နဲ့ပဲ'

ရွှေဝင်းက ငွေစက္ကူများကို သူ့နောက်ကလူကို လှမ်းပေးသည်။

'နောက်ထပ် တစ်လက်လောက်ဗျာ၊ တစ်လက်ထဲပါ'

နေလင်းအောင်က အငမ်းမရ ပြောသည်။ သူ့ပါးစပ်က ခန်းခြောက်နေသည်။ ဦးကျင်စိန်ဆီတွင် ငွေထပ်ချေးနေသည်။

'ဆောရီးပဲ အစ်ကိုလေးရ၊ ကျွန်တော်က အားမနာတတ်ဘူး၊ အားနာတယ်ဆိုတာ ကြောက်ခြင်းတစ်မျိုးမဟုတ်လား၊ ဟဲ…ဟဲ၊ ဒီလိုပေါ့ ကိုလေးရာ ငိုတစ်ခါ ရယ်တစ်လှည့် ရှုံးတစ်ခါ နိုင်တစ်လှည့်ပေါ့၊ ကဲ…ခွင့်ပြုကြဦး'

ရွှေဝင်းအသံက မြူးသည်။ အမှောင်ရိပ်ဘက်သို့ လှည့်သွားသည့် သူ့မျက်နှာသည် ပြုံးနေလိမ့်မည်။

ရွှေဝင်းနှင့် သူ့အဖော်က အရင်ထွက်သည်။ အိမ်ရှေ့က မော်တော်ကား ထွက်သွားသံကြားတော့ လူစုခွဲကြသည်။

()

www.burmeseclassic.com

၉

မြူပြာပြာဝေဆိုင်းသည့် မှိုင်းပျပျနွေရက်၏ တစ်ခုသော ဆည်းဆာချိန် ဖြစ်ပါ၏။

တံငါသည်နေဝန်းက အဇဋာပင်လယ်ပြင်မှ ရွှေချည်ကွန်ယက်တို့ကို ဖြေးဖြေးညှင်းညှင်းရုတ်သိမ်းစဖြစ်၍ အနောက်ဘက်ကောင်းကင်တွင် ရွှေချည်မျှင်တို့ လျှော့အိကျနေကြသည်။

ဆည်းဆာရောက်သည့်တိုင် အပူငွေ့က မလျော့တတ်သေး၊ တငွေ့ငွေ့ လျှပ်နေဆဲ ဖြစ်သည်။

မီးပွင့်များ၊ နီယွန်မီးချောင်းများသည် တဖြည်းဖြည်း မှိုးယှက်လာသော ညအမှောင်ထုကို ချည့်နဲ့စွာ တွန်းလှန်နေကြဟန်ရှိသည်။ အမှောင်တစ်ဝက်၊ အလင်းတစ်ဝက် ဝိုးဝါးထွေးယှက်နေသည့် ဆည်းဆာရောင်နှင့် မီးပွင့်ရောင်များသည် ထွေးလုံးရစ်ပတ် ဖြစ်နေကြသည်။

မုံရွာမြို့ တစ်ခုသော အဝေးပြေး ကားဂိတ်အနီး ကွပ်ပျစ်တစ်လုံးပေါ်တွင် အေးမသည် ပါလာသည့် အိပ်ရာလိပ်ကိုချသည်။ လက်ကဆွဲလာသည့် ပလပ်စတစ်ခြင်းနှင့် အပေါစား ပဲန်-အမ်လက်ဆွဲအိတ်ကလေးကိုလည်း အိပ်ရာလိပ် အနီးတွင်ချသည်။

ရင်မောဟန်နှင့် သက်ပြင်းကို ချရင်း၊ လက်ကိုင်ပုဝါဖြင့် ယပ်ခတ်သည်။ သူ့တစ်ကိုယ်လုံး ချွေးတွေ စိုရွှဲနေသည်။ မုံရွာက နွေရက်များသည် ပူပြင်းရုံမျှမက၊ အိုက်စပ်လှပါတကား။

သူ့အနီးတစ်ဝိုက်တွင် ကလေးမြို့နှင့် တမူးသို့သွားသည့် ခရီးသည်များကို မြင်ရသည်။ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် သူ့လိုပင် ကူးခတ်နေရသူများ ဖြစ်ဟန်ရှိသည်။ မျက်နှာသုတ်ပုဝါ ခေါင်းပေါင်းထားသည့် အသက်လေးဆယ် ကျော်ငါးဆယ်နီးပါး မိန်းမကြီးတွေလည်း ပါသည်။ လူငယ်တွေ၊ မိန်းမငယ်တွေလည်း ပါသည်။ သူတို့အားလုံး သားသားနားနားတော့ မဟုတ်ကြ အဝတ်အစားက ခပ်နွမ်းနွမ်း၊ လူပုံတွေကလည်း ခပ်ညှိုးညှိုး။

www.burmeseclassic.com



အဝေးပြေးဂိတ်က မဖွင့်သေး၊ ခြောက်နာရီထိုးမှ ဖွင့်မည်ဟုဆိုသည်။ မော်တော်ကားကလည်း ဂိတ်မထိုးသေး။ လက်မှတ်ရုံထဲတွင် ကားဂိတ်မှ အလုပ်သမားအချို့ ကျားထိုးနေကြသည်။ သူ့ဘေးမှ အသံမျိုးစုံကို ကြားရသည်။ ခရီးသည်တို့ စကားပြောသံ၊ မော်တော်ကားသံ၊ မြင်းလှည်းဘီးကြားထဲသို့ ကြိမ်ထိုးသဖြင့် ပေါ်လာသံ၊ ရယ်မောသံ၊ ကလေးငိုသံ၊ ရန်ဖြစ်သံ။

အေးမ လည်တဆန့်ဆန့်ဖြစ်နေသည်။ တမူးသို့ မမချစ်မေလည်း လိုက်မည်ပြောသည်။ မမချစ်မေ လိုက်မည်ပြောသဖြင့် စွန့်စွန့်စားစား သူလာခဲ့ခြင်းဖြစ်သည်။ အေးမက တစ်ခေါက်မျှ ရောက်ဖူးသူမဟုတ်။ ခါတိုင်း မုံရွာဈေးထဲမှ ဝယ်စရာကလေးတွေ ဝယ်ပြီး ပြန်မြဲဖြစ်သည်။ သည်တစ်ခေါက်တော့ မမချစ်မေတို့မှာသည့် ကုလားပဲလေးကို ယူလာသဖြင့် မုံရွာတွင် ဈေးကောင်းရလိုက်သည်။ အရင်းရော အမြတ်ပါပေါင်းလျှင် ငွေငါးရာကျော်လောက်ရသည်။ သည်ငွေလေးငါးရာနှင့် မမချစ်မေဆီက ငွေငါးရာထပ်ဆွဲကာ၊ မုံရွာဈေးက ယိုးဒယား အထည်စကလေးများ ဝယ်သည်။ တမူးဘက်တွင် ယိုးဒယားထည်များ ရောင်းကောင်းသည်ဆိုသဖြင့် ယူလာခဲ့ခြင်းဖြစ်သည်။ အပြန်ကျလျှင် တမူးဘက်က ပစ္စည်းကလေးများကို ဝယ်ရမည်။ မချမ်းသာသည့်တိုင်အောင် အမေ့မျက်လုံးက တိမ်ကိုခွဲဖို့၊ အမေ့ပန်းနာရင်ကျပ်ရောဂါကို ကုဖို့၊ တိုးမ ကျောင်းသွားဖို့ စရိတ်စကတော့ ရနိုင်သည်။

မမချစ်မေက ကားဂိတ်သို့ ခြောက်နာရီအရောက်လာမည်ဟု ပြောသော်လည်း မပေါ်လာသေး။

ခပ်လှမ်းလှမ်းမှ ခြောက်နာရီ သံချောင်းခေါက်သံကို ကြားရသည်။

အေးမစိတ်ပျက်လက်ပျက်ဖြင့် တစ်ဖက်သို့ လှည့်သည်။ တွေ့ပြန်ပြီ။ သူ့ကို တွေ့ရပြန်ပြီ သူ့ကိုမြင်တော့ အေးမမျက်နှာပေါ်တွင် အံ့အားသင့်သည့် အရိပ်အရောင်များ ပေါ်လာသည်။ အံ့အားသင့်ရာမှတစ်ဖန် အပြုံးရိပ်သန်းသွားသည်။ သူကလည်း ပြုံးပြသည်။

တစ်နေ့က ဟီးနိုးကားခေါင်းဝါကြီးပေါ်တွင် သူ့ကို နေရာဖယ်ပေးခဲ့သည့် လူငယ်ဖြစ်သည်။ ထိုတစ်နေ့ကကဲ့သို့ပင် သူ့အဝတ်အစားက ခပ်နွမ်းနွမ်း။ အစိမ်းရောင် လွင့်ပြယ်စပြုနေသည့် စစ်အစိမ်းရောင် တက်ထရွန် အင်္ကျီအဟောင်း၊ ပခုက္ကူဖြစ် ယောလုံချည် တစ်ပတ်နွမ်းကလေးကို ဝတ်ကာ အဲယား အင်ဒီးယား လက်ဆွဲအိတ်ကလေးကို ပခုံးတွင် လွယ်ထားသည်။

အေးမ ပြုံးပြသည်ကို လူရွယ်ကလည်း အပြုံးဖြင့် တုံ့ပြန်သည်။

www.burmeseclassic.com



'ညီမကော တမူးကို သွားမလို့လား'

'ဟုတ်ကဲ့၊ အစ်ကိုကော'

'အစ်ကိုလဲ တမူးကို သွားမလို့ဘဲ ဆိုပါတော့'

'ဟန်ကျတာပေါ့၊ အေးမလည်း အဖော်ရတာပေါ့'

အေးမ...အေးမ...အေးမ

လူငယ်က အေးမ နာမည်ကို စိတ်ထဲက ရွတ်သည်။

အေးမက၊ သူ့တွင် မည်သည့်အရောင်းအဝယ် ပါမည်နည်းဟု မသိမသာ အကဲခတ်ကြည့်သည်၊ ယခုမှ ကားဂိတ်သို့ ရောက်လာခြင်းဖြစ်သော်လည်း ပခုံးတွင် လွယ်ထားသည့် သားရေအိတ်မှအပ၊ အခြားဘာမျှမမြင်၊ အိတ်ထဲတွင်လည်း ဘာမျှပါပုံမရ၊ သူ့အိတ်က ပြည့်ဖောင်းခြင်းမရှိ ခပ်လျော့လျော့ ဖြစ်နေသည်။ အဝတ်အစားပင် များများစားစားပါဟန်မတူ။

'အေးမ တစ်ယောက်တည်းလား'

လူငယ်က ပထမဆုံး သူ့နာမည်ခေါ်လိုက်သည်ကို အေးမ သတိထားလိုက်မိသည်။

'မုံရွာက အဖော်တွေ ပါဦးမှာပါ။ ခု အေးမတည်းတဲ့အိမ်က အဖော်လာမယ်ဆိုလို့ စောင့်နေတာ၊ ခုထိမလာသေးဘူး'

အေးမ မုံရွာ ရောက်လာသည်မှာ လေးရက်လောက်ရှိပြီ။ ပထမရက်များတုန်းက ကုလားပဲဖိုးတွေမရသေးသဖြင့် မသွားဖြစ်၊ နောက်ရက်များတွင် မမချစ်မေ ကိစ္စတွေမပြတ်သဖြင့် မသွားရ၊ နောက်တစ်ရက်တွင် ကားလက်မှတ်မရသဖြင့် တစ်ရက် သောင်တင်ရပြန်သည်။ မမချစ်မေတို့အိမ်တွင် တည်းသော်လည်း ကိုယ့်စရိတ် ကိုယ်စားသည်။

သူကော မည်သည့်နေရာတွင် တည်းသနည်း။

အေးမ ခေါင်းထဲတွင် လျှပ်စီးလက်သလို မေးခွန်းတစ်ခု ဝင်လာသည်။

'အစ်ကိုကော ဘယ်မှာတည်းသလဲ'

'အစ်ကို့မှာ တည်းစရာတွေ ပေါပါတယ်။ မြန်မာပြည်တစ်ပြည်လုံး ဘယ်သွားသွား တည်းစရာတွေချည်းဘဲ'

'ဟယ်...ဟုတ်လား၊ ထမင်းစရိတ် မကုန်တော့ဘူးပေါ့'

အေးမက သူ့ထမင်းစရိတ်ဖိုးလေးကို နမြောသည်။

မုံရွာတွင် ထမင်းစရိတ်ကြီးသဖြင့် အေးမ စိတ်ညစ်ရသည်။ ကြာကြာ သောင်တင်လျှင် စရိတ်ဖြင့် ပွန်းရချည့်၊ အတိုးတွေတက်ရချည့်။

www.burmeseclassic.com


'ထမင်းစရိတ်လည်း မကုန်ဘူး၊ လက်ဖက်ရည်ဖိုးလဲမကုန်ဘူး၊ အဲ... ဆေးပြင်းလိပ်ဖိုးတော့ကုန်တယ်'

လူရွှယ်က ပြုံးလဲ့လဲ့ဖြင့် ပြောသည်။

'ဒီလိုဆို အစ်ကိုက ဟန်ကျတာပေါ့၊ တစ်ပြည်လုံး ဘယ်ကိုသွားသွား ထမင်းစရိတ်တော့ မကုန်ဘူးပေါ့'

'အစ်ကိုတင်မဟုတ်ဘူး၊ အေးမတို့လဲ တည်းလို့ရပါတယ်'

'တကယ်'

အေးမက မျက်နှာချိုချို၊ မျက်လုံးကျယ်ကျယ်ဖြင့် မေးသည်။

'မြန်မာပြည်မှာ ဘယ်နေရာရောက်ရောက် ဘုန်းကြီးကျောင်းတွေရှိ တာပဲ၊ မနက်စာဆိုရင် ဆွမ်းကျန်ကလေး၊ ဘာလေး စားနိုင်တယ်၊ ညနေစာဆိုရင် လည်း ဘုန်းကြီးကျောင်းသားကလေးတွေနဲ့အတူ ဝင်စားလို့ရတယ်၊ ညကျတော့ လည်း ဘုန်းကြီးကျောင်းမှာ အိပ်နိုင်တယ်၊ သင်ဖြူးနဲ့၊ စောင်နဲ့၊ ခေါင်းအုံးနဲ့၊ ဘာမှ ပူစရာမရှိဘူး'

'ဒါဖြင့် အစ်ကို ဘုန်းကြီးကျောင်းမှာ တည်းတာပေါ့'

'မုံရွာမှာ အိပ်တဲ့ညက ညောင်တပင်ရိပ်ထဲက ဘုန်ကြီးကျောင်းတစ် ကျောင်းမှာ အိပ်တယ်'

မုံရွာမှာ အိပ်တဲ့ညတုန်းက...ဆိုသည့် စကားက ဆန်းနေသည်။

'ဒီရက်တွေမှာ မုံရွာမှာပဲ မဟုတ်ဘူးလား'

လူရွှယ်က ခေါင်းရမ်းသည်။

'ဖိုးဝင်တောင်မှာ တစ်ည၊ မိုးညှင်းသမ္ဗုဒ္ဓေမှာ တစ်ည'

'လျှောက်လည်တာပေါ့'

'အေးမက စူးစမ်းသောအကြည့်ဖြင့် ကြည့်သည်။

လျှောက်လည်တယ်လို့လည်း ပြောလို့ရပါတယ်၊ ဘုရားဖူးလို့လည်း ပြောလို့ရပါတယ်'

'ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်း ဆိုပါတော့'

အေးမက ရယ်သံတစ်ဝက်ဖြင့်ပြောသည်။ လူရွှယ်က မပြုံးမရယ်။

'ဟော့တော့၊ မိရွှေမ ရောက်နေတာ ကြာပလား'

အသက် ၃၀ ခန့် အသားညိုညို၊ ကိုယ်လုံးကိုယ်ထည်တောင့်တောင့် မိန်းမတစ်ယောက် ဆိုက်ကားဖြင့် ရောက်လာသည်။ အိပ်ရာလိပ်နှင့် တောင်း တစ်လုံးကို နောက်ဘက်ထိုင်ခုံတွင် တင်လာသည်။

www.burmeseclassic.com



'ကြာလှပြီပေါ့ မမချစ်မေရဲ့၊ အိမ်မပြန်ဘဲ ကားဂိတ်ကို သွားတော့မယ်လို့ ပြောခဲ့သားပဲ'

အေးမက အပြစ်တင်သည်။ မချစ်မေက ဆိုက်ကားဆရာကို ပိုက်ဆံလှမ်းပေးနေသည်။

မချစ်မေရောက်လာချိန်မှာ အနေတော်ဖြစ်သည်။ အဝေးပြေး မော်တော်ကားက ဂိတ်ကို နောက်ပြန်ထိုးဝင်လာသည်။ စောစောက ငြိမ်သက်နေသော ကားဂိတ်သည် လှုပ်ရှားလာသည်။ အသံတွေကလည်း ပို၍ဆူညံလာသည်။

ဂိတ်တွင် ထိုင်ခုံလက်မှတ်ရသူတို့က ပစ္စည်းတွေကို ကားပေါ်သို့ တင်ကြသည်။ အေးမတို့က ထိုင်ခုံလက်မှတ်မရ၊ ရရာနေရာမှ စီးရတော့မည်။ ပစ္စည်းတွေတင်ပြီးလျှင် တစ်နေရာတော့ ရတန်ကောင်းသည်။

မော်တော်ကားက စစ်အတွင်းက သုံးသွားသော ချက်ပလက်ခေါင်းတိုကြီး ဖြစ်သည်။ ကားဘော်ဒီက ရှည်ရှည်မျောမျော၊ ဒရိုင်ဘာဘေးက တစ်ပေါက်နှင့် နောက်ဘက်က အပေါက်တစ်ပေါက်ရှိသည်။ ဘေးတစ်ဘက်တစ်ချက် အလျား လိုက်ခုံရှည် ရိုက်ထားသည်။ အလယ်ခေါင်တွင် သုံးယောက်လောက် ထိုင်နိုင်မည့် ခုံတန်းသုံးတန်း ရိုက်ထားသည်။

ခဏကြာတော့ နံပါတ်အစဉ်အလိုက် ပစ္စည်းတွေတင်ပြီးသွားသည်။ သည်ခရီးလမ်းတွင် မည်သူမျှ ပစ္စည်းများများစားစား ပါကြသည်မဟုတ်။ လူတစ်ကိုယ်လျှင် အိပ်ရာတစ်လိပ်လက်ဆွဲအိတ်ကလေး တစ်လုံးစ နှစ်လုံးစ၊ ခြင်းတောင်းကလေးတစ်လုံးစ၊ နှစ်လုံးစလောက်သာ ပါကြသည်။ သို့ရာတွင် ကားခေါင်မိုးပေါ်၌ ပစ္စည်းတွေ အပြည့်ဖြစ်နေပြီ။ အိပ်ရာလိပ်ပုံကြီးကိုက မို့မောက်နေပြီ။

ကားဂိတ်မှ အလုပ်သမားများက ကားခေါင်မိုးပေါ်တွင် အလုပ်များနေကြသည်။ အိပ်ရာလိပ်ပုံကြီးပေါ်သို့ မိုးကာရွက်ဖျင်ကြီးတစ်ထည်ကို အုပ်ပြီး ကြိုးနှင့် သိုင်းနေကြသည်။

'ထိုင်ခုံတော့ မရတော့ဘူး'

အေးမက ပြောသည်။

'မရရင်လည်း ရတဲ့နေရာက လိုက်ရမှာပေါ့အေ့၊ ကားခေါင်မိုးပေါ်က လိုက်တာပေါ့...အဟီး'

မချစ်မေက ရွှင်မြူးစွာ ရယ်သည်။

'အစ်ကိုကော ထိုင်ခုံရရဲ့လား'

www.burmeseclassic.com



အေးမက သူ့အနီးတွင်ရပ်နေသည့် လူရွယ်ကို မေးသည်။

'ရပါတယ်၊ ဖိုးဝင်တောင်တို့ ဘယ်တို့ မသွားခင်ကတည်းက ယူထားတာ'

'ဒုက္ခပါပဲ၊ ထိုင်ခုံနေရာမရရင် ဘယ်လိုလုပ်များ လိုက်ရဦးမလဲ မသိဘူး'

အေးမက ညည်းသည်။ သည်အတွင်း အေးမတို့ အိပ်ရာလိပ်များ ကားခေါင်မိုးပေါ် တင်ပြီးသားဖြစ်သွားသည်။

ခပ်လှမ်းလှမ်းမှ ၇–နာရီ သံချောင်းခေါက်သံ ပေါ်လာသည်။ ၆–နာရီခွဲတွင် ထွက်မည့်ကားသည် ၇–နာရီထိုးသည့်တိုင် မထွက်ရသေး။

ဂိတ်မှူးက ခရီးသည်စာရင်းကို ဖတ်ပြကာ တစ်ယောက်ပြီးတစ်ယောက် ကားပေါ်တင်သည်။ နာမည်တစ်ခု အော်ခေါ်လိုက်တော့ အေးမတို့အနီးတွင် ရပ်နေသည့် စစ်အစိမ်းရောင်အင်္ကျီဟောင်းနှင့် လူရွယ် ကားပေါ်တက်သွားသည်။ သူ့နာမည်ကို အေးမ မှတ်ထားလိုက်သည်။ မောင်ကိုမြင့်တဲ့ မောင်ကိုမြင့်။

အေးမတို့ လူသိုက်အလှည့်ရောက်တော့ ထိုင်ခုံနံပါတ်မပါတော့ ရသည့် နေရာတွင် ဝင်ထိုင်ရသည်။ အေးမထိုင်ရသည့် နေရာက ကျပ်သည်။ ကျပ်လိုက်သည်မှာ အသက်တောင်ကောင်းကောင်းရှူ၍ မရချင်။

နေရာက ဘော်ဒီဘေးတွင် ကပ်၍ ရိုက်ထားသည့် ခုံတန်းရှည်ကြီး နှစ်ခုအကြား ကန့်လန့်ခင်းထားသည် သုံးယောက်ထိုင်ခုံတွေနောက်က နေရာဖြစ်သည်။ ထိုနေရာတစ်ဝိုက်တွင် အိပ်ရာလိပ်တွေ ထပ်၍တင်ထားသည်။ အိပ်ရာလိပ်များပေါ်တွင် တစ်ယောက်နှင့်တစ်ယောက် ပူးကပ်တိုးဝှေ့၍ ထိုင်ရခြင်း ဖြစ်သည်။ လူတက်ထိုင်လိုက်သည့်အခါ ခေါင်းက မော်တော်ကားခေါင်မိုးနှင့် ထိတော့မတတ်ဖြစ်နေသည်။

အေးမ စိတ်ဓာတ်အကျကြီး ကျသွားသည်။

သူ့တစ်သက်တွင် သည်လောက် ကျဉ်းကျပ်သည်မျိုးကို တစ်ခါမှုမစီးဖူးခဲ့၊ လူချင်းထပ်နေသည်။ အိပ်ရာလိပ်များပေါ်တွင်တက်ထိုင်ကြသဖြင့် စထိုင်စဉ် ကိုယ့်နေရာနှင့်ကိုယ်ဖြစ်သော်လည်း တဖြည်းဖြည်း အိကျလာကာ တစ်ယောက်အပေါ်တစ်ယောက် ထပ်ကုန်သည်။ ဘေးတွင်လည်း ခြေချစရာမရှိ၊ ရှေ့တွင်လည်း ခြေချစရာမရှိ။ နေရာကိုပင် ပြင်မထိုင်ရဲ၊ ညောင်း၍ ခဏဆောင့်ကြောင့်ထိုင်ဦးမည် စိတ်မကူးလိုက်လေနှင့် ကိုယ့်ဖင်တစ်နေရာစာနေရာ သူများဝင်လာကာ နေရာပျောက်သွားသည်။ အိုက်သည်ရော၊ ကျဉ်းကျပ်သည်ရော၊

www.burmeseclassic.com



မွန်းသည်ရော၊ ဝေဒနာပေါင်းစုံနေသည်။ အသက်ငါးဆယ်ခန့် အဒေါ်ကြီး တစ်ယောက်မှာ မူးသွားသေးသည်။

မော်တော်ကား မထွက်သေး၊ ဒရိုင်ဘာ မြို့ထဲထွက်သွားသည်ဟု ဂိတ်မှူးကပြောသည်။ လမ်းတွင်စက်ပျက်လျှင် သုံးရအောင် စက်ပစ္စည်း သွားရှာသည်ဟု တချို့ကပြောသည်။ အင်ဂျင်ချောဆီထွက်ရှာသည်ဟုလည်း တချို့က ပြောကြသည်။ မည်သူ့စကားကို ယုံရမည်နည်း။

မော်တော်ကားပေါ်တွင် ကျပ်ကျပ်တည်းတည်း နှစ်နာရီလောက်ထိုင်နေကြရသဖြင့် ခရီးသည်တွေ စိတ်တိုလာကြသည်။ တချို့က ပိုက်ဆံပြန်တောင်းကြသည်။ ဂိတ်မှူးကို ရှာမတွေ့တော့၊ ရှောင်နေပုံရသည်။ ဂိတ်တွင် စာရင်းမှတ်သည့် ကုလားကပြားကောင်လေးနှင့် သူတို့လူတစ်သိုက်သာ ကျန်ရစ်သည်။

'ဒရိုင်ဘာကတော့ အင်ဂျင်ဝိုင်သွားရှာနေတယ်၊ ဘယ်တော့ ပြန်လာမလဲတော့ မပြောနိုင်ဘူး။ ပိုက်ဆံပြန်အမ်းဖို့လဲ ကျွန်တော်မကိုင်ဘူး၊ ဂိတ်မှူးယူသွားပြီ'

ခရီးသွားအချို့ ကားပေါ်မှဆင်းကာ ငွေပြန်တောင်းကြသည်။ ကုလားကပြား ကောင်လေးက မပေး။ ခရီးသည်တချို့ ပွစိ–ပွစိ ဖြစ်နေကြသည်။ မည်သူကမျှ ဦးဆောင်မပြောကြ၊ ခရီးသည်တွေ အသံက တဖြည်းဖြည်း ဆူညံလာသည်။ တချို့က ဒေါသထွက်နေကြပြီ။

ဆယ်နာရီထိုးတော့မှ ဒရိုင်ဘာပြန်လာသည်။ ခြောက်နာရီခွဲတွင် ထွက်မည့်ကားသည် ဆယ်နာရီကျမှ ထွက်ဖြစ်တော့သည်။

ကားက အထဲတွင်သာ လူတွေပြည့်ကျပ်နေသည်မဟုတ်။ ကားနောက်မြီးတွင်လည်း တွဲလွဲခိုလိုက်သူတွေ ပြည့်နေသဖြင့် ပိတ်ဆို့နေသည်။ ကားခေါင်မိုးပေါ်တွင်လည်း လူတွေပြည့်နေသည်။ သုံးဆယ့်နှစ်ယောက်သာ စီးရမည့်ကားသည် လူတစ်ရာကျော်လောက် တင်ထားသည်။ အထဲတွင် လူခြောက်ဆယ်လောက်၊ နောက်မြီးတွင် အယောက်နှစ်ဆယ်လောက် ခေါင်မိုးပေါ်တွင် လူငါးဆယ်လောက် ရှိမည်ထင်သည်။

မော်တော်ကားသည် မုံရွာ မြို့စွန်သို့ လှည့်ထွက်လာခဲ့သည်။

စောစောက နီယွန်မီးချောင်းတွေ လင်းနေရာက မြို့စွန်ရောက်လာတော့ မီးရောင်များသည် တဖြည်းဖြည်း မှိန်လိုက်လာကြသည်။ ဓာတ်မီးတိုင်ကျဲကျဲမှ ဖျော့တော့သော မီးပွင့်ကလေးများက မှုန်မွှားမွှားလက်နေကြသည်။ မြို့ပြင်

www.burmeseclassic.com


ရောက်တော့ ခတ်မီးတိုင်များ၊ အိမ်များမှ မီးရောင်များသည် အဝေးအမှောင်ထုကြီးထဲတွင် တဖြည်းဖြည်း နစ်မြုပ်ပျောက်ကွယ် ကျန်ရစ်ခဲ့ကြသည်။ သမုဒ်ပြင်တွင် မျောပါသွားကြသော ဖေဒါပွင့်များနှင့် တူသည်။

ကိုမြင့်က ခုံတန်းကို ဘေးစောင်းတိုက်ထိုင်၍ နေရာချဲ့ယူသည်။ ကားပေါ်ရောက်စတုန်းကတော့ ရိုးရိုးပင်ထိုင်သည်။ ဒူးနှစ်လုံးကို တတ်နိုင်သမျှ စေ့ပေးပြီး ရို့ရို့ကုတ်ကုတ် ထိုင်ပေးသည်။ သို့ရာတွင် ဘေးက ခရီးသည်များက သူရို့ရို့ကုတ်ကုတ် ထိုင်ပေးသည်ကို အခွင့်ကောင်း ယူချင်ကြသည်။ သူက ကိုယ်ကို ရို့ပေးတော့ သူတို့က နေရာချဲ့ထိုင်လာကြသည်။ သူတစ်ပါး အကျပ်အတည်းကို ဘာမျှမငဲ့။

ကိုမြင့် အောင့်အီးသည်းခံသေးသည်။ အတတ်နိုင်ဆုံး ကြာနိုင်သမျှ ကြာကြာ ကျုံ့ထိုင်ပေးသည်။ ကြာလာသည့်အခါတွင် မတတ်နိုင်တော့။ ခြေထောက်တွေ၊ ပေါင်တွေ ထုံကျင်လာသည်။ အစောကြီးရှိသေး၊ သူ့ဘေးမှ မိန်းမကြီးက အိပ်ငိုက်နေပြီ။ ကိုယ်က သူ့အပေါ်သို့ယိုင်၍ ကျလာတတ်သေးသည်။

ကိုမြင့်က ဘေးစောင်းထိုင်ပြီး နေရာချဲ့၍ လိုက်လာရင်းအပြင်ကို ငေးကြည့်လာသည်။

အမှောင်ထုက တဖြည်းဖြည်း နက်ရှိုင်းလာနေသည်။ ရုပ်ဒြပ် အပေါင်းသည် ကြယ်ရိပ်မှိုင်းမှိုင်းလဲ့နေသည့် ညဥ့် မှုန်မှုန်ဝါးဝါးဖြစ်နေကြသည်။ ပင်စည်များက မော်တော်ကားရှေ့မီးရောင်ထဲသို့ ပြေးဝင်လာကာ တဝေါဝေါအော်မြည်ပြီးနောက်တွင် ကျန်ရစ်ခဲ့ကြသည်။ မော်တော်ကားရှေ့မီးရောင်ခြည်တန်းက ညအမှောင်ကို နက်နက်ရှိုင်းရှိုင်း မဖောက်ထွင်းနိုင်၊ မျက်စိတစ်ဆုံးလောက်မျှကိုသာ မီးရောင်ဖြာနိုင်သည်။ မျက်စိတစ်ဆုံးမြင်ရသော မီးရောင်တန်း၏ နောက်တွင်တော့ ဘာကိုမျှ မမြင်ရ၊ အမှောင်ထုကြီးသာ ရှိသည်။

မော်တော်ကားကြီးက အမှောင်ထုထဲပြေးဝင်သည်။ သူသည်လည်း အမှောင်ထုကြီးထဲ ပြေးဝင်နေသည်ဟု ကိုမြင့် ခံစားမိသည်။ ကားနောက်တွင် အမှောင်ထုကြီး ကျန်ရစ်သလို သူ့ဘဝတွင်လည်း အမှောင်ထုကြီး ကျန်ရစ်ခဲ့သည်။ မော်တော်ကားရှေ့တွင် အမှောင်ထုကြီး ဆီးခံနေသလို သူ့အနာဂတ်တွင်လည်း အမှောင်ထုကြီး ခံနေသည်။

ကိုမြင့် အသက်နှစ်ဆယ်ကျော်ပြီ၊ နှစ်ဆယ်ကျော်သည်မှ အစိတ်ပိုင်းထဲရောက်နေပြီ။ အသက်အစိတ်အတွင်း သူ့ဘဝသည် ဘာမျှ မရေရာ၊ ရင့်

www.burmeseclassic.com


ခြောက်ကြွေကျ မြေခခဲ့ရသည့် ရွက်ဝါတစ်ရွက်လို လွင့်မျောခဲ့ရဖူးပြီ။ ညို သွယ်သော သူ့လက်ချောင်းများသည် တံစဉ်ကိုလည်း ကိုင်ခဲ့ဖူးသည်။ မော်တော် ကား လက်ကိုင်ဘီးကိုလည်း ကိုင်ခဲ့ဖူးသည်။ တယောပြားပေါ်မှ ပုလဲကြိုးလေး များပေါ်တွင်လည်း ပြေးသွားခဲ့ဖူးသည်။ သေနတ်မောင်းကိုလည်း ဖြုတ်ခဲ့ဖူးသည်။ တူကိုလည်း ကိုင်ခဲ့ဖူးသည်။ ကလောင်တံကိုလည်း ကိုင်ခဲ့ဖူးသည်။ ယခုအချိန် အထိတော့ ညိုသွယ်သွယ် လက်ချောင်းများသည် မည်သည့်နေရာတွင်မျှ အတည် တကျမရပ်နားသေး၊ မရပ်နားနိုင်သေး။

ရှေ့တွင်ကော၊ ရှေ့တွင်လည်း ဘာဖြစ်မည်ဟု သူ မမှန်းဆနိုင်။

မော်တော်ကားက အမှောင်ထုကြီးထဲ တိုးဝင်ပြေးလွှားနေရသလို သူ့ ဘဝသည်လည်း အမှောင်ထုကြီးထဲ တိုးဝင်ပြေးလွှားနေရသည်ဟု သူ ခံစားမိ သည်။ ကားနောက်တွင် အမှောင်ထုကြီး သိပ်သည်းစွာ ကျန်ရစ်ခဲ့သလို သူ့ အတိတ်တွင်လည်း အမှောင်ထုကြီး စိုးမိုးခဲ့သည်။ သြော် ဘဝ ညအမိုက်၊ ဘဝ ညအမှောင်။

အမှောင်ထုကြီးကိုကြည့်ပြီး ငြီးငွေ့လာတော့ အလင်းဘက်သို့ ကိုမြင့် လှည့်ကြည့်လိုက်သည်။ ကားထဲတွင် မီးရောင်မှိန်လဲ့လဲ့ လင်းနေသည်။ မှုန်လဲ့သော မီးရောင်ထဲတွင် ခရီးသည်တွေ ငါးပိ ငါးချဉ်သိပ် ဖြစ်နေသည်။ သူ့မျက်လုံး များသည် မော်တော်ကားထဲက ခရီးသည်များကို တစ်ချက်သိမ်းကျုံး၍ အကဲခတ် သည်။ လူပုံပန်းသဏ္ဌာန်၊ မျက်နှာပုံပန်းသဏ္ဌာန် အမျိုးမျိုးကို မြင်ရသည်။ ပုံတူ ဆွဲကောင်းသည့် ပန်းချီဆရာကြီးတွေ သည်မျက်နှာတွေကို ဆွဲလိုက်ရလျှင် ကမ္ဘာကျော် ပန်းချီကားကြီးတစ်ချပ် ဖြစ်လိမ့်မည်ထင်သည်။

တချို့မျက်နှာတွေက လောဘမျက်နှာ၊ တချို့က မောဟမျက်နှာ၊ တချို့က မစ္ဆရိယမျက်နှာ၊ တချို့က ကုက္ကုစ္စမျက်နှာ၊ တချို့က ဥဒ္ဓစ္စမျက်နှာ မျက်နှာမျိုး စုံနေသည်။

သည်အထဲတွင် အေးမ မျက်နှာက ကြည်လင်ဝင်းပနေသည်ဟု ကိုမြင့် ထင်သည်။ သူနှင့် မျက်နှာချင်းဆိုင် အိပ်ရာလိပ်ပုံကြီးပေါ်တွင် ခရီးသည်တွေ တစ်ယောက်ကိုတစ်ယောက် ထပ်ထိုင်နေကြသည်။ ယောကျ်ားမိန်းမ၊ ပျိုပျိုအိုအို ဘာကိုမျှ ခွဲခြားမနေနိုင်။

အေးမက အိပ်ရာလိပ်ပေါ်က ခရီးသည်တွေကြားမှာ ညပ်နေသည်။ သူ့ ညာဘက်တွင် မချစ်မေက ကပ်ထိုင်နေသည်။ သူ့ဘယ်ဘက်ဘေးတွင် အလွန်ဝသော မိန်းမဝဝကြီးတစ်ယောက်က စိမ်ပြေနပြေ ထိုင်ရင်း တစ်ဘက်ခုံ

www.burmeseclassic.com


တန်းက မိန်းမတစ်ယောက်ကို လှမ်းစကားပြောနေသည်။ မုံရွာက ထွက်လာကတည်းက သူတို့ စကားပြောလာခဲ့သည်မှာ ယခုတိုင် အမျှင်မပြတ်နိုင်သေး။ အေးမ၏ ရှေ့တွင် လူငယ်တစ်ယောက် ထိုင်နေသည်။ သူ့တင်ပါးက အေးမ ဒူးကို မှေးထားပြီး သူ့ကိုယ်က နောက်သို့ ယိုင်နေသည်။ ရုတ်တရက် ကြည့်လျှင် အေးမရင်ခွင်ထဲသို့ လှဲချလိုက်တော့မည့် ပုံမျိုးဖြစ်သည်။

အေးမ မျက်နှာကို ရှုံ့ကာ နောက်သို့ ဆုတ်သည်။ သူ့နောက်တွင် ဆုတ်စရာမရှိတော့။ ရှေ့ကို မျက်နှာမူထားသည့် ထိုင်ခုံနောက်ကျောတန်းကို ထိနေပြီ။ သူနှင့် ကျောချင်းကပ်လျက်တွင် အသက်လေးဆယ်ခန့် တဘက်ခေါင်းပေါင်းထားသည့် လူကြီးတစ်ယောက်နှင့် မိန်းမကြီးနှစ်ယောက် ထိုင်နေကြသည်။

ဒရိုင်ဘာ နောက်တန်းက ချောင်ထဲတွင် စုံတွဲတစ်တွဲ ထိုင်သည်။ ကောင်လေးက နောက်မှီခုံပေါ်သို့ လက်တင်ထားပြီး ကောင်မလေးက လက်မောင်း ပေါ်ကို ခေါင်းမှီ၍ အိပ်နေသည်။

မော်တော်ကား အသံရဲ့စက်မှ စတီရီယို တေးသံပေါ်လာသည်။ ကားစက်သံနှင့် စတီရီယိုတေးသံသည် ရောထွေးနေသည်။

ကိုမြင့်က သူ့ဘေးက မိန်းမကြီးကို ကြည့်သည်။ ဘေးတစ်ဘက်တစ်ချက်တွင် မိန်းမတွေချည့် ဖြစ်သဖြင့် မလှုပ်သာ။

အေးမကို လှမ်းကြည့်လိုက်တော့ အေးမလည်း လူတွေကြားမှာ ပိနေသည်။ မိန်းမ၀၀ကြီးနှင့် မချစ်မေတို့မှလွဲလျှင် သူ့အနားက ခရီးသည်များမှာ ယောကျ်ားတွေချည်းဖြစ်သည်။ ယောကျ်ားဆိုသည်မှာကလည်း ကြီးကြီးမားမားတွေမဟုတ် ငယ်ငယ်ရွယ်ရွယ်တွေ ဖြစ်သည်။ သူတို့ဆီက အရက်နံ့သည် ကိုမြင့်တို့ ခုံတန်းဘက်ထိ ပြန့်နေသည်။ အနားတွင်ရှိသည့် အေးမတို့အဖို့ မည်မျှနံစော်နေမည်ကို မပြောနိုင်။ ခွေးကလည်း အရက်နံ့ နံနေလိမ့်မည်ထင်သည်။

‘ဟော့ မတော်တဆလိုလို ဘာလိုလိုနဲ့ ဟိုထိဒီထိတော့ မလုပ်ကြနဲ့နော်၊ ဘာမှတ်နေလဲ၊ တွယ်ချိတ်နဲ့ ထိုးပစ်လိုက်မယ် သိလား’

မချစ်မေ၏ အသံဖြစ်သည်။ သူ့အသံသည် စတီရီယိုတေးသံနဲ့ စက်သံကြားထဲမှ ပေါ်လာသည်။

ဖြစ်ရမည်။ သည်အတိုင်းပင် ဖြစ်ရမည်။ မော်တော်ကားထဲက မီးကမှိန်မှိန် လူတွေကကျပ်ကျပ်၊ မည်သူ့ကိုမျှ ဂရုမစိုက်နိုင်သည့် အချိန်မျိုးတွင် ပြဿနာတွေ ပေါ်လာတတ်သည်။

www.burmeseclassic.com


သည်လိုခရီးမျိုးကို လာကြသူဆိုလျှင် လူတွေကလည်း အထင်သေးချင်ကြသည်။ ခရီးသွားဖော်အချင်းချင်းကလည်း အထင်သေးချင်ကြသည်။ သည်ခရီးတွင် အမျိုးကောင်းသမီးကလေးတွေ မည်မျှ ပျက်စီးသွားကြပြီနည်း။

ကိုမြင့်တွေးရင်း သက်ပြင်းချသည်။ သည်အဖြစ်တွေကို ကြည့်၍ သူစိတ်မကောင်း၊ မမြင်ချင်။ သို့ရာတွင် မမြင်ချင်၍ကော သူက ဘာတတ်နိုင်သနည်း။ သူပင် ယခု သည်ခရီးကို သွားနေပြီမဟုတ်လော။

အေးမ မျက်နှာက စိတ်ရှုပ်သည့်အသွင် ပေါ်နေသည်။ ယောကျ်ားလေးတွေ ကြားထဲတွင် ညပ်နေသည့် အေးမကို သူ နှမချင်း စာနာသည်။ ပိုဆိုးသည်က အေးမအနားမှ လူငယ်တစ်သိုက် ဘရုတ်ကျချင်ဟန်တူသည်။ သူတို့ အချင်းချင်းလည်း စကားတွေ ဖောင်ဖွဲ့လာသည်။ မိတ္ထီလာ၊ သာစည်ဘက်မှ ဖြစ်ပုံရသည်။ တောင်ကြီး၊ ကျိုင်းတုံအကြောင်းကို ပြောလာကြသည်။

အေးမနှင့် နေရာချင်းလဲရမည်လောဟု စဉ်စားသည်။ သူ့နေရာက အေးမ နေရာထက်တော့ ကောင်းသည်။ ဘေးတွင် ယောကျ်ားမရှိ၊ မိန်းမနှစ်ယောက် တစ်ဘက်တစ်ချက် ညပ်ထားကြသည်။ မိန်းမချင်းဆိုတော့ အားမနာရ၊ အနေရ အထိုင်ရ လွယ်မည်။

'အေးမ နေရာချင်း လဲထိုင်မလား'

ကိုမြင့်က လှမ်းပြောသည်။ အေးမက သူ့စကားကို ရုတ်တရက် နားလည်ပုံမရ၊ သူ့ကို ပြန်ကြည့်နေသည်။

'အေးမ နေရာကျပ်ရင် အစ်ကို့နေရာနဲ့ လဲထိုင်မလား ဒီက နည်းနည်းချောင်တယ်'

ကိုမြင့်က ထပ်ပြောသည်။ သည်တော့မှ အေးမ သဘောပေါက်သွားဟန်ဖြင့် ပြုံးကာ မချစ်မေ နောက်ဘက်မှကျော်၍ သူ့ဆီသို့ ထလာသည်။ ကိုမြင့်က သူ့နေရာကို ဖယ်ပေးပြီး အေးမနေရာသို့ ကူးသွားသည်။ သူ့ဘေးက မိန်းမနှစ်ယောက်က မကျေနပ်သည့် အကြည့်မျိုးဖြင့် ကိုမြင့်ကို ကြည့်သည်။ ဇယားရှုပ်ရန်ကောဆိုသည့် အကြည့်မျိုးဖြစ်သည်။

အေးမ နေရာတွင် ကိုမြင့် ဝင်ထိုင်သည်။ ထိုင်ကြည့်လိုက်တော့မှ အေးမနေရာ တော်တော်ကျပ်မှန်း သိရသည်။ ယောကျ်ားခန္ဓာကိုယ်ဆိုတော့ သူ့နေရာက ဖင်ချ၍ပင် မထိုင်လောက်။ သို့ရာတွင် မော်တော်ကားပေါ်၌ ဖင်တစ်နေရာစာလောက်တော့ ရအောင်ယူရမည်။ ဖင်ချ၍ မထိုင်လျှင် သည်ခရီးကြီးကို မည်သည့်နည်းနှင့်မျှ မသွားနိုင်၊ သည်တော့ ကိုမြင့် အတင်းတိုးဝှေ့၍

www.burmeseclassic.com



ဖင်ချထိုင်သည်။ သူ့ဘေးက လူငယ်တစ်သိုက်က သူ့ကို မကျေနပ်ချင်၊ သူ့ကို မျက်စောင်း ထိုးကြည့်ကြသည်။ စောစောက အေးမ ရင်ခွင်ထဲလှဲချတော့မတတ်၊ နောက်သို့ မှီနေသည့် လူငယ်က သူထိုင်၍မရအောင် တမင်ခွဲ၍ ထိုင်ထားသည်။

လူငယ်က ကိုမြင့်ထက်တောင် ငယ်ဦးမည်ထင်သည်။ အလွန်ဆုံးရှိလျှင် နှစ်ဆယ်ကျော်ရုံမျှသာ ရှိဦးမည်။ သူ့ဆံပင်က ရှည်ရှည်၊ ဇော်ဂျီရောင် ဖော့ ခရစ်အင်္ကျီ၊ တက်ထရက် ဘောင်းဘီနှင့် ဖြစ်သည်။ သူ့အင်္ကျီနှင့် ဘောင်းဘီမှာ တော်တော်သစ်သေးသည်။ ပေါင်ပေါ်တွင် လက်ဆွဲအိတ်တစ်လုံးကို တင်ထား သည်။ လက်ဆွဲအိတ်က ဘာပစ္စည်းတွေ ထည့်လာသည်မသိ၊ ပြည့်ဖောင်းနေ သည်။

'သိပ်မတိုးနဲ့ဗျ၊ ဒီမှာ နေရာမရှိတော့ဘူး'

ခရစ်အင်္ကျီနှင့် လူငယ်က ကိုမြင့်ကို ပြောသည်။ ကိုမြင့်က ဘာမျှပြန် မပြော၊ မကြားယောင်ဆောင်ကာ တစ်နေရာစာရအောင် အတင်း တိုးဝှေ့ထိုင် သည်။

မော်တော်ကားက သတ္တဝါကြီးတစ်ကောင်လို အမှောင်ထဲတွင် ပြေးနေ သည်။ စတီရီယိုတေးသံ ရပ်သွားသဖြင့် စကားသံများသည် ပိုမိုကျယ်လောင်လာ သည် ထင်ရသည်။

ခဏကြတော့ ကားသည် ဂူးကနဲမြည်သံနှင့်အတူ ထိုးရပ်သွားသည်။ ကားဆရာတို့က စက်အဖုံးကို ဖွင့်၍ကြည့်သည်။ နှိုး၍မရတော့၊ ခရီးသည်တွေက လည်း ကားပေါ်တွင် ညောင်းလှပြီ။ ကားခေါင်မိုးပေါ်မှ ခရီးသည်များ၊ ကားထဲမှ ခရီးသည်များ အောက်သို့ ဆင်းကြသည်။ အညောင်းပြေအညာပြေ လမ်းလျှောက် ကြသည်။ အချို့က မြေကြီးပေါ်တွင် လှဲကြသည်။

ကိုမြင့် တော်တော်ညောင်းနေပြီ။ ထို့ကြောင့် ကတ္တရာစေးလမ်းမကြီး ပေါ်သို့ ဆင်း၍ လမ်းလျှောက်သည်။ ကားက တစ်နာရီကြာလည်း ပြင်မပြီး။ နှစ်နာရီကြာသော်လည်း ပြင်မပြီး။

ခရီးသည်တွေ စိတ်တိုလာကြသည်။ ခရီးဝေး ခရီးကြမ်းကြီးကို မောင်း သည့် မော်တော်ကား သည်လောက်မှ ပြင်မထားရကောင်းသားဟု ငြူစူကြ သည်။

သည်နေရာက ကားလည်းပြတ်သည်။ နှစ်နာရီခန့်ကြာသည့်တိုင် မော်တော်ကား တစ်စင်းမှ မဖြတ်သေး။ မြို့ရွာနှင့်လည်း အဆက်ဝေးသည်။ ကတ္တရာစေးလမ်း တစ်ဖက်တစ်ချက်တွင် ယာပြင်ကြီးတွေသာ ရှိသည်။ တမျှော်

www.burmeseclassic.com


တခေါ်ရှိသော ယာပြင်ကြီးတွေကို ဖြတ်ပြီးမှ အနီးဆုံးရွာကို ရောက်နိုင်သည်။ အနည်းဆုံး သုံးလေးမိုင်လောက်တော့ လျှောက်ရမည်။ ရွာက မီးရောင်ကလေးများကိုပင် သေးသေးမှုန်မှုန်ကလေး မြင်ရသည်။

တချို့ခရီးသည်တွေက မော်တော်ကား ခေါင်မိုးပေါ်က အိပ်ရာလိပ်တွေကို အောက်သို့ချပြီး ဖြန့်ခင်းနေကြသည်။

'ဒီတစ်ညတော့ လမ်းပေါ်မှပဲ အိပ်ရတော့မှာပဲ ထင်တယ်'

မိန်းမခပ်ဝဝကြီးက ညည်းသည်။

'မော်တော်ကားတွေက စစ်အတွင်းကသုံးခဲ့တဲ့ မော်တော်ကားတွေ မဟုတ်လား၊ ဒီကောင်တွေရဲ့ သက်တမ်းဟာ အနည်းဆုံး ခင်ဗျားတို့ ကျုပ်တို့ အသက်လောက်နီးပါး ရှိနေပြီ'

ပင်နီအဖြူ တိုက်ပုံဝတ်ထားသည့် လူကြီးတစ်ယောက်က ဆေးပြင်းလိပ်ကို ဖွာရင်း ပြောသည်။

ကားခေါင်မိုးပေါ်က လူငယ်တစ်သိုက်က ဂီတာတီးကာ စတီရီယိုသီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် တီးနေကြသည်။ သူတို့တစ်သိုက်နှင့် ခေါင်မိုးတွင် စီးလာသူ ခရီးသည်များက ကားခေါင်မိုးပေါ်တွင် နေရာယူပြီးကြပြီ။ ကားထဲတွင်လည်း တချို့က ခုံတန်းတွေပေါ်တွင် အိပ်ရာလိပ်တွေ ခင်းထားကြသည်။ ဒရိုင်ဘာနောက်ဘက်မှ လူငယ်စုံတွဲမှာ လမ်းဘေး တမာပင်အောက် မှောင်ရိပ်တွင် ရောက်နေကြသည်။

ကိုမြင့်က ကားစက်ခေါင်းတွင် ဖယောင်းတိုင်ထွန်း၍ အလုပ်များနေကြသော ကားဆရာများအနားသို့ ရောက်သွားပြီး အခြေအနေကို အကဲခတ်သည်။ ကားက သည်နေ့ညအဖို့ ပြင်ပြီးနိုင်ဖွယ်မရှိ၊ ပစ္စည်းတစ်ခုကို လဲရမည်။ သည်ပစ္စည်းက အပိုလည်းမပါ၊ မုံရွာကို ပြန်မှာရမည်ဟုဆိုသည်။

သေချာပြီ၊ သည်နေ့တစ်ညတော့ မုံရွာနှင့် ရေဦးကြားက ကတ္တရာစေး လမ်းမကြီးပေါ်မှာ အိပ်ရတော့မည်။

ကိုမြင့် စိတ်ပျက်လက်ပျက်ဖြင့် ကားနောက်မြီးပိုင်းကို ကွေ့ပတ်လျှောက်လာခဲ့သည်။ အေးမတစ်ယောက် မည်သည့်နေရာတွင် ရောက်နေပြီ မပြောနိုင်။

'အစ်ကို–အစ်ကို'

လမ်းဘေးသစ်ပင်အောက် မှောင်ရိပ်မှအသံတစ်သံ ပေါ်လာသဖြင့် ကိုမြင့် လမ်းဘေးသို့ ဆင်းခဲ့သည်။ သစ်ပင်များအောက်တွင်လည်း ခရီးသည်တွေ အစုလိုက်၊ ကိုယ့်အစုနှင့်ကိုယ်။

www.burmeseclassic.com



'ကားသမားက ဘာပြောသလဲ၊ ဒီမှာ ညအိပ်ရမယ်တဲ့လား'

'ဟုတ်တယ်၊ မနက်ကျမှ မုံရွာကို ပြန်ပြီး ပစ္စည်းတစ်ခု ဝယ်ထည့်ရမယ်တဲ့'

မချစ်မေက ကားသမားကို ကျိန်ဆဲနေသည်။

'အစ်ကိုမှာ အိပ်ရာလိပ် မပါဘူးနော်'

အေးမက မေးသည်။

'ဟင့်အင်း– ဘာမှမပါဘူး၊ လက်ဆွဲအိတ်ကလေး တစ်လုံးပဲပါတယ်။ ရပါတယ်၊ လက်ဆွဲအိတ်ခေါင်းအုံးပြီး မြေကြီးပေါ် အိပ်လိုက်ရုံပေါ့'

'အို–မြေကြီးက တစ်နေကုန်ပူထားတာပဲ၊ ဘယ်ဖြစ်မလဲ၊ အေးမတို့မှာ အိပ်ရာလိပ် တစ်ယောက်တစ်လိပ်စီပါပါတယ်။ အေးမက မမချစ်မေနဲ့အတူ အိပ်မယ်၊ အေးမ အိပ်ရာလိပ်ကို ခင်းအိပ်ပေါ့'

'နေပါစေ–ရပါတယ်၊ အစ်ကိုက မြေကြီးပေါ်မှာလဲ အိပ်တတ်ပါတယ်။

'ဘယ်ဟုတ်မလဲကွယ်၊ အစ်မကြီးနဲ့ အေးမ အတူတူအိပ်မယ်၊ မင်းက အေးမအိပ်ရာနဲ့ အိပ်ပေါ့၊ ပေးလိုက်ပါ'

မချစ်မေက ဝင်ပြောသည်။ ကိုမြင့်က အတန်တန်ငြင်းသော်လည်းမရ။ အေးမ ခင်းထားသော အိပ်ရာလိပ်ကို ပြန်လိပ်ပြီး မလှမ်းမကမ်းတွင် ဖြန့်ခင်းပေးသည်။ ကိုမြင့်က အားနာသဖြင့် သူ့လက်ထဲက အိပ်ရာလိပ်ကို ယူပြီး သူ့ဖာသာသူ ခင်းသည်။

'ဟိုဘက်နား သိပ်မတိုးနဲ့အစ်ကိုရဲ့၊ အဲဒီဘက်မှာ ဆူးတွေရှိတယ်'

'ရပါတယ်၊ ကျားကို ခလုတ်၊ သစ်ငုတ် သင်ဖြူး၊ ဆူးကို မွေ့ရာတဲ့'

ကိုမြင့်က သူ ရဖူးသည့် ကဗျာလေးတစ်ပိုဒ်ကို ရွတ်ပြသည်။

'အမယ်– အစ်ကိုက ဘယ်ဆိုးလို့တုန်း၊ ကဗျာတွေ ဘာတွေရသားပဲ'

အေးမ ကိုမြင့်အကြောင်းကို သိချင်နေသည်။ သူ့ကြည့်ရသည်မှာ ဆန်းသည်။ သည်ခေတ်တွင် လူငယ်လူရွယ်တွေ ကုန်ကူးကြသည်။ အရောင်းအဝယ်လုပ်ကြသည်။ ရာလောက် အရင်းအနှီးရှိသူအစ၊ သိန်းချီကိုင်၍ လုပ်နေကြသူများ လည်းရှိသည်။ နေလင်းအောင် တို့လိုလူမျိုးက မုံရွာတွင် သောင်းသိန်းချီ၍ လုပ်သည်။ တစ်ခါတစ်ရံ မန္တလေး၊ လားရှိုး၊ မိုးကုတ်၊ တောင်ကြီးတို့ထိ တက်သည်။ တစ်ခါတစ်ရံ ရန်ကုန်အထိ ဆင်းသည်။ သူတို့လောက် မတတ်နိုင်သူတို့က မြို့ပေါ်တွင် ပွဲရုံကလေးတွေထောင်၍ ကုန်လှောင်ကြသည်။ မြေပဲ၊

www.burmeseclassic.com



ကုလားပဲ၊ နှမ်း၊ ပဲစင်းခုန်၊ ဝါ၊ ဆီ၊ ဆန်၊ ထန်းလျက်၊ မန်ကျည်းစသည့် စားကုန်သောက်ကုန်များကို လှောင်ကြသည်။ တချို့က စီးကရက် ကိုယ်စားလှယ်များထံမှ စီးကရက်သေတ္တာများ ကောက်ပြီးလှောင်ကြသည်။ တစ်ခါ တစ်ရံ အသိမ်းခံရသည့်အတွက် ဆုံးရှုံးသူများ ရှိသော်လည်း အရောင်းအဝယ်ကို မရပ်၊ ဆက်လုပ်မြဲလုပ်ကြသည်။ တစ်ခါတစ်ရံ အဖမ်းခံရသည့် အခါများလည်း ရှိသည်။ သည်အခါတွင်လည်း သူတို့မရပ်၊ ရာလောက်သာချီ၍ လုပ်နိုင်သူများလည်းရှိသည်။ သူတို့က အရင်းအနှီးသိပ်မများ၊ တမူး၊ မုံရွာ၊ မန္တလေးကို ခေါက်တုံ့ခေါက်ပြန်ကူး၍ အရောင်းအဝယ်လုပ်ကြသည်။

သူတို့တွင်လော၊ သူတို့တွင်မက မိန်းမတွေလည်း အရောင်းအဝယ်လုပ်ကြသည်။ ကြီးကြီး၊ ရွယ်ရွယ်၊ ငယ်ငယ် အကုန်ပါသည်။ မန္တလေးမှလာပြီး ဦးမြမင်းတို့တိုက်တွင် တည်းသွားသည့် အသက်ငါးဆယ်ခန့် ဖြူဖြူခန့်ခန့်၊ စိန်ပွဲစားမိန်းမကြီးကိုလည်း အေးမ မြင်ဖူးသည်၊ မန္တလေးမှတစ်ဆင့် တာချီလိတ်ကို လေယာဉ်ဖြင့် ကုန်ကူးနေသည့် ဗိုလ်ကတော်ကျတစ်ဦးကိုလည်း မုံရွာတွင် အေးမ မြင်ခဲ့ဖူးသည်။ မုံရွာဈေးကြီးထဲတွင် သမဝါယမကုန်များကို ဆီး၍ကောက်နေသော ဈေးသည်များကိုလည်း အေးမ မြင်ဖူးသည်။ မမချစ်မေတို့ပင်လျှင် သည်လိုလုပ်နေသည် မဟုတ်လော။ သမဝါယမဆိုင်ဝတွင် စောင့်ပြီး ပြန်ရောင်းသည့်ပစ္စည်းများကို သိမ်းကာ ဈေးသို့သွားသွင်းသည့် အရောင်းအဝယ်သမားများလည်း ရှိသည်။ မစန်းရင်တို့လို ကုန်ပစ္စည်းအရောင်းအဝယ် လုပ်ရင်းက လူပါ မသိမသာ အရောင်းအဝယ် လုပ်သူများလည်းရှိသည်။

ထိုမျှမက၊ မုံရွာတစ်မြို့လုံးကလည်း ကုန်သည်မြို့ကြီးဖြစ်နေသည်။ ယခင်က သမားရိုးကျကုန်သည် ပွဲစားများကလည်း သူတို့လုပ်ငန်းကို သူတို့တွင်တွင်ကြီး ဆက်လုပ်ကြသည်။ နောက်မှ ကြီးပွားလာသည့် ကုန်သည်များကလည်း၊ အရောင်းအဝယ်လုပ်ငန်းကို အားသွန်လုပ်နေကြသည်။ ယခင်က ကုန်သည် မဟုတ်ခဲ့သူများကလည်း ကုန်ကူးကြသည်။

ဥပမာ–ဦးမြမင်းလို လူမျိုးဆိုပါတော့။

ဦးမြမင်းက နိုင်ငံရေးသမား၊ နိုင်ငံရေးသမားမှ အကြီးစား၊ ပါလီမန် အမတ်တောင် ဖြစ်လိုက်သေးသည်။ ထိုမှတစ်ဆင့် ပါလီမန် အတွင်းဝန်တောင် ခဏတဖြုတ် ဖြစ်လိုက်သေးသည်ဟု ကြားဖူးသည်။ ပါလီမန်ခေတ်တွင် ဇနီးဒေါ်သန်းကြည်နာမည်ဖြင့် သွင်းကုန်လိုင်စင်ရသည်။ ပါလီမန်တွင်းက နိုင်ငံရေးပါတီတွေကွဲတော့ ဦးမြမင်းသည် ငွေပေးရာဘက်သို့လိုက်၍ မဲထည့်ခဲ့သည်။ သည်

www.burmeseclassic.com


နောက် အစိုးရအပြောင်းအလဲဖြစ်တော့ ဦးမြမင်း နိုင်ငံရေးမလုပ်တော့၊ စီးပွားရေးကို ဖောက်ချလုပ်သည်။ မုံရွာမြို့အနှံ့ မြေတွေဝယ်ပြီး၊ အိမ်တွေ၊ တိုက်အိမ်တွေ ဆောက်သည်။ ပြီးတော့ ပြန်ရောင်းသည်။ တိုက်တစ်လုံးစာရင်းလျှင် နောက်ထပ် တိုက်တစ်လုံးဖြစ်သည်ဟု ပြောသံကြားရသည်။ တခြားသူမသိသည့် အရောင်းအဝယ်တွေလည်း လုပ်သည်ဟု အေးမထင်သည်။ ဦးမြမင်းတွင် ငွေစက္ကူကို ဂုံနီအိတ်နှင့် ထည့်ရလောက်အောင် ချမ်းသာသည်ဟုလည်း အေးမ ကြားဖူးသည်။ ဘယ်မျှမှန်မည်ကိုတော့ အေးမ မသိ။

ဦးကျင်စိန်လို လူမျိုးကျတော့လည်း တစ်နေ့တခြား စီးပွားတက်နေသည်။ သူ မုံရွာရောက်စကပင် ဦးကျင်စိန် သည်လောက် မချမ်းသာသေး။ နာမည်မကြီးသေး။ ယခုဦးကျင်စိန်သည် မုံရွာမြို့ပေါ်က ထိပ်တန်းသူဌေးကြီးများ စာရင်းထဲ ဝင်နေပြီ။

သူတို့က ပိုင်သည်၊ အောက်လက်ကိုလည်း အရစည်းရုံးထားသည်။ အထက်ကိုလည်း အယုံသွင်း၍ ပေါင်းထားသည်။ ထို့ကြောင့် သူတို့မှာ တော်တော်တန်တန်ကြောင့် ဘေးအန္တရာယ်မဖြစ်။

ခက်သည်က သည်ခေတ်တွင် ငွေရှိလျှင် ပစ္စည်းတစ်ခုဝယ်ထား၊ ဘယ်တော့မှ အရှုံးမပေါ်၊ အမြတ်ထွက်သည်။ အမြတ်ကြီးနှင့် အမြတ်ကလေးသာ ကွာသည်။ ရှုံးမှာကိုတော့ မပူရ။ ဈေးကြီးသည်ထင်၍ မဝယ်လိုက်မိသဖြင့် နောက်တစ်ခါပြန်ဝယ်မည်ကြံလျှင် စောစောကဈေးနှင့် ဝယ်မရတော့။ ထို့ထက်နှစ်ဆလောက် တက်သွားပြီ။

ဦးမြမင်းကမူ နိုင်ငံရေးသမားဟောင်းဖြစ်၍လော မသိ။ ဦးကျင်စိန်လောက် ဖြောင်မကျ။ ဖြောင်မကျသော်လည်း အမြတ်ကြီးစားရာတွင်မူ နည်းနည်းကလေးမျှ မလျှော့။ လူတွေ စီးပွားရေးကျပ်တည်းသည်။ လူတွေကို သနားသည်ဟု ပါးစပ်က တွင်တွင်ပြောပြီး မတရားသည့်နည်း၊ တရားသည့်နည်းဖြင့် ဘက်ပေါင်းစုံက စီးပွားရှာသည်။ 'ပြည်နာလျှင် ငွေရှာ၍ကောင်းသည်'ဟု ဦးမြမင်းက အဘိဓမ္မာထုတ်သည်။

သူတို့သာလော။ သူတို့တွင်မက အစိုးရ အမှုထမ်းအရာထမ်းများလည်း အရောင်းအဝယ် လုပ်ကြသည်။ အရာရှိ၊ အရာရှိမ၊ စာရေးကြီး၊ စာရေးမ၊ ရုံးစေလုလင် စသည်တို့လည်း အရောင်းအဝယ်လုပ်ကြသည်။ သူတို့ကတော့ တရိပ်ရိပ်တက်နေသည့် ကုန်ဈေးနှုန်းတွေနှင့် မစားလောက်၍ ဖြစ်ဟန်တူသည်။

www.burmeseclassic.com


သူတို့မှူမက။ ယခုမိမိသည်ပင် အရောင်းအဝယ် လုပ်နေပြီ မဟုတ်လော။

အေးမ ဘောဂဗေဒတို့၊ ဘာတို့ဆိုသည်ကို နားမလည်။ သူနားလည်သည်က သည်ခေတ်တွင် လူတိုင်း ကုန်သည်ဖြစ်နေသည့် ကိစ္စဖြစ်သည်။ ငွေရင်းများများ စိုက်နိုင်လေ၊ ချမ်းသာလေ ဖြစ်နေသည်။

သူတို့ကားပေါ်တွင် ပါလာသူများအားလုံး အရောင်းအဝယ်သမားတွေချည်း ဖြစ်ဟန်တူသည်။ တချို့က မချစ်မေနှင့် မျက်နှာသိများဖြစ်သည်။ တချို့မျက်နှာများကမူ အေးမကိုယ်တိုင် မုံရွာ ဈေးကြီးထဲတွင် မကြာမကြာမြင်ဖူးသည် ထင်သည်။ သည်ကားပေါ်တွင်ပါလာသည့် ခရီးသည်များသည် အပျော်ခရီးထွက်လာခြင်းမဟုတ်သည်မှာ သေချာသည်။ ပစ္စည်းတစ်ခုမဟုတ် တစ်ခုတော့ ပါလာကြမည်လည်း သေချာသည်။ သည်လမ်းတွင် အိပ်ရာလိပ်ဆိုလျှင် သိပ်မရှာ။ ထို့ကြောင့် တော်တော်တန်တန် ပစ္စည်းဆိုလျှင် အိပ်ရာလိပ်တွင် ထည့်ယူခဲ့ကြသည်။ အေးမ၏ အိပ်ရာလိပ်ထဲတွင်ပင် ယိုးဒယား အထည်ကလေးနည်းနည်းပါးပါး ပါလာသေးသည် မဟုတ်လော။

ညအမှောင်ထုက ကန့်လန့်ကာ အနက်ကြီးဖုံးထားသလို နက်ရှိုင်းသည်ထက် နက်ရှိုင်းလာနေသည်။ မဟူရာ ကောင်းကင်တွင် ကြယ်ပွင့်တို့ ပြိုးပြက်နေကြသည်။ လရောင်မရှိသော်လည်း ကြယ်ရောင်က ခပ်လဲ့လဲ့ လင်းနေသည်။ သြော် လမင်းကြီးမရှိသည့်တိုင်၊ ကြယ်တို့က လင်းသေးသည်။

ညငှက်တစ်ကောင် အော်မြည်၍ ပျံသန်းသွားသည်။ ညငှက်သံသည်၊ တဖြည်းဖြည်းဝေး၍ ပျောက်သွားသည်။

အေးမ အိပ်မပျော်။ သူ့စိတ်က၊ ရင်ကျပ်၍ မျက်ကွယ်ခမန်းဖြစ်နေသည့် ရောဂါသည် အမေ့ထံသို့လည်း ရောက်သည်။ ညီမငယ် တိုးမ၏ ပညာရေးကိုလည်း တွေးသည်။ သူ့ရှေ့ခရီးဆီသို့လည်း လွင့်ပျံသည်။ တစ်ရာ တစ်ဆယ်တိုးဖြင့် ယူခဲ့ရသည့် ငွေငါးရာ အကြောင်းသို့လည်း ရောက်သည်။ သည်အထဲတွင် မရောက်ဘူးသည့် ခရီးကြောင့်လည်း ရင်ဖိုသည်။ မြေကြီးပေါ်တွင် အိပ်ရာကိုဖြန့်၍ အိပ်ရသဖြင့် ပိုးကောင် မွှားကောင်ကိုလည်း ကြောက်သည်။ မချစ်မေ၏ဟောက်သံကလည်း သူ့ကို အနှောင့်အယှက်ပြုသည်။ ပြီးတော့...

ပြီးတော့ ကိုမြင့် အကြောင်းကိုလည်း မဆီမဆိုင် တွေးမိသည်။ သူ့ကြည့်ရသည်မှာ ခပ်ဆန်းဆန်း၊ ဆန်းဆန်း ဆိုသည်မှာ၊ အေးမမျက်စိတွင် အမြင်ဆန်းနေခြင်း ဖြစ်သည်။ လူကတော့ ရိုးဖြောင့်ပုံရသည်။ သူ့တွင် ဘာပစ္စည်း

www.burmeseclassic.com


မှ ပါပုံမရ။ သည်လမ်းတွင် အလွန်အသုံးဝင်သည့် အိပ်ရာလိပ်ကလေးပင် မပါ။ အသွင်အပြင်က ခပ်နွမ်းနွမ်းဖြစ်သည့်တိုင်၊ စိတ်ကတော့ မြင့်ပုံရသည်။ သူတစ်ပါးအကူအညီကို လွယ်လွယ်နှင့်ယူမည့် လူစားမျိုးမဟုတ်။ သူက အိပ်ရာလိပ်ပေးသည်ကိုပင် လွယ်လွယ်နှင့်လက်မခံ၊ အရောင်းအဝယ် လုပ်ဖူးပုံမရ။

အေးမက ခပ်လှမ်းလှမ်းရှိ ကိုမြင့်အိပ်ရာဆီသို့ ခေါင်းထောင်၍ လှမ်းကြည့်သည်။ သူ့အိပ်ရာနှင့် ငါးပေလောက် ဝေးမည်ထင်သည်။ ကိုမြင့်အိပ်ရာက ဟာလာဟင်းလင်း ဖြစ်နေသည်။ အိပ်ရာခေါင်းရင်း ကတ္တရာစေးလမ်းစောင်းတွင် ငုတ်တုတ်ထိုင်နေသော ကိုမြင့်ကို မြင်ရသည်။ တစ်ချက်တစ်ချက်တွင် ဆေးလိပ်မီးရဲတက်လာသည်ကို မြင်ရသည်။

'အစ်ကို မအိပ်သေးဘူးလား'

'အိပ်မပျော်သေးတာနဲ့ ဆေးလိပ်ဖွာနေတာ'

'ကားက မနက်ဖြန်တော့ ပြင်လို့ ပြီးကောင်းပါရဲ့'

'ပြီးမှာပါ၊ မနက်လင်းရင် ကားကြိုနဲ့ မုံရွာကိုလိုက်ပြီး ပစ္စည်းသွားဝယ်မယ်တဲ့၊ နေ့လယ်လောက်ဆိုရင် ထွက်ဖြစ်မယ်ထင်တာပဲ၊ အေးမကော တရေးနိုးပလား'

'ဟင့်အင်း...အေးမလဲ အိပ်လို့မပျော်သေးဘူး။ ဒါထက် အစ်ကို့မှာကော ဘာကုန်တွေ ပါသလဲ'

'ဘာမှ မပါဘူး'

'အလည် သက်သက်ပေါ့'

'အလည်လို့ပဲ ပြောပါတော့'

'အရင်ကကော တမူးကို ရောက်ဖူးသလား'

အေးမ ထထိုင်၍၊ ခေါင်းတွင်ချထားသည့် ချည်ဆွယ်တာအင်္ကျီကို ကောက်ခြုံလိုက်သည်။ ညဉ့်နက်လာသဖြင့် အပူရှိန်လျော့သွားကာ အအေးဓာတ်ဝင်လာသည်။ နှင်းကြွင်းများက သစ်ရွက်များပေါ်သို့ တဖျောက်ဖျောက် ကျနေကြသည်။

'တစ်ခါမှ မရောက်ဖူးဘူး၊ ဒါ ပထမဆုံးပဲ'

'ဟိုရောက်ရင်၊ ဘယ်မှာတည်းမလဲ'

'သစ်ချောက် ကျောက်မီးသွေးတွင်းမှာ သူငယ်ချင်းတစ်ယောက်ရှိတာပဲ၊ သူ့ဆီမှာ တည်းရမှာပဲ၊ သူနဲ့မတွေ့ရင်တော့ တွေ့ရာဘုန်းကြီးကျောင်း တစ်ကျောင်းပေါ့ အေးမကော ဟိုမှာအသိရှိသလား'

www.burmeseclassic.com



'ဟင့်အင်း...တစ်ခါမှလဲ မရောက်ဖူးဘူး၊ အသိလည်းမရှိဘူး၊ မမချစ်မေမှာတော့ အသိရှိတယ်ပြောတာပဲ၊ အေးမ သူနဲ့လိုက်တည်းရမှာပေါ့'

ကိုမြင့်က သက်ပြင်းရှည်ကြီးတစ်ချက် ချသည်။ သူ သက်ပြင်းချသံသည် တိတ်ဆိတ်သောညတွင် ကျယ်လောင်နေသည်ဟု ထင်ရသည်။ ကိုမြင့်က စကား မပြောဘဲ၊ ဆေးပြင်းလိပ်ဖွာနေသည်။

'ဘာတွေများတွေးပြီး သက်ပြင်းချနေတာလည်း အစ်ကို'

ကိုမြင့်က ရုတ်တရက် ပြန်မဖြေ။ အေးမ မေးခွန်းကခပ်တိုတို ဖြစ်သည်။ သို့ရာတွင် သူဖြေရမည့် အဖြေက ရှည်လျားသည်။ စကားတစ်လုံးတည်းနှင့် ဖြေလျှင် အေးမ နားလည်နိုင်မည်မဟုတ်။

'ကိုယ့်ဘဝကို ကိုယ်ပြန်တွေးမိလို့ပါကွယ်'

သူ့အသံက တိုးတိတ်ညင်သာသည်။ နောက်စကားလုံးများမှာ တိမ်ဝင်သွားသည်ဟု ထင်ရသည်။ တကယ်တော့ ထိုစကားလုံးကို သူပြောလိုက်မိလေသည်လောဟုပင် သူ့ဖာသာ သူ စဉ်းစားမရ။ ပါးစပ်မှ အလိုလို ထွက်မိလျက်သား ဖြစ်သွားသည်။

ကိုမြင့်၏ အသံသည် ညည်းညူသံ ပါသည်ဟု အေးမ ထင်သည်။ သို့ရာတွင် ကိုယ်ရေးကိုယ်တာဖြစ်နေသဖြင့် အေးမကလည်း ဆက်မမေး၊ စပ်စုသည်ဟု အထင်မခံချင်။

သူ့ဘဝအကြောင်းကို တွေးသည်ဆိုတော့ ဘာတွေများ သည်လောက်တွေးစရာ ရှိသနည်း။ အေးမ မစဉ်းစားတတ်။

'အရောင်းအဝယ်လေး ဘာလေးလုပ်ပါလား အစ်ကို'

ကိုမြင့် ခေါင်းကို ဖြည်းညှင်းစွာ ရမ်းသည်။

'အစ်ကို့မှာ အရင်းအနှီး မရှိပါဘူးကွယ်'

'အရင်းအနှီးကတော့ ဒီလိုပဲ ရှာရတာပေါ့ အစ်ကို၊ အေးမတို့က အရင်းအနှီးရှိလို့ လုပ်နေကြတာမှ မဟုတ်ဘဲ။ ငွေတိုးပေးပြီး လုပ်နေကြရတာ။ ဒါတောင်ခုမှ တော်သွားသေးတာ၊ ဟိုတုန်းကဆိုရင် နေ့ပြန်တိုးယူပြီးလုပ်ရတယ်။ ငွေလေးနှစ်ရာ နေ့ပြန်တိုးယူမိပါတယ် အံမာလေး ဆပ်လိုက်ရတာ တစ်နှစ်လောက်ဆပ်ယူလိုက်ရတယ်'

'အရင်းအနှီး ရှိရင်လည်း၊ အစ်ကိုတော့ မှောင်ခိုအလုပ်ကို မလုပ်ချင်ပါဘူးကွယ်၊ ကျီးလန့်စာ စားရတဲ့ဘဝ၊ ဟိုကြောက်ရ၊ ဒီကြောက်ရနဲ့၊ အေးမလုပ်နေတာ မြင်ရတာတောင် စိတ်ပျက်လှပြီ'

www.burmeseclassic.com


ကိုမြင့်အသံက စိတ်ပျက်သံ ပေါက်နေသည်။

'ဩော် အစ်ကိုရယ်၊ ဒါကတော့ မှောင်ခိုလုပ်တယ်ဆိုတာလည်း အမျိုးမျိုးရှိပါတယ်။ သိန်းချီပြီး မှောင်ခိုလုပ်နေကြတဲ့လူတွေရှိသလို၊ ခြောက်ပြားတစ်ပဲလေးနဲ့ မှောင်ခိုလုပ်ကြတဲ့ လူတွေလည်း ရှိတာပဲ။ အေးမတို့ မှောင်ခိုလုပ်တယ်ဆိုတာ ခြောက်ပြားတစ်ပဲနဲ့ လုပ်ရတာပါ။ ပျော်လို့ လုပ်ချင်လို့ ကြိုက်ကြိုက်တက်ချမ်းသာချင်လို့ လုပ်ကြတာမဟုတ်ပါဘူး။ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ မလွှဲသာလို့ လုပ်နေကြတာပါ။ ဘယ်သူ လုပ်ချင်ပါ့မလဲ'

အေးမပြောပုံက ရိုးသားသည်။ ပွင့်လင်းသည်။

'ဒီပြင် အလုပ်တစ်ခုခုကို ရှာလုပ်ရင် ပိုကောင်းတာပေါ့ကွယ်'

'ပိုကောင်းတာတော့ ဟုတ်တာပေါ့၊ ဒါပေမယ့် ဘာလုပ်မလဲ။ အစ်ကို့ကို အေးမ တစ်ခုမေးမယ်၊ မိန်းကလေးတစ်ယောက်၊ သူ့မှာ ရောဂါသည် အမေအိုကြီးနဲ့၊ ညီမလေးတစ်ယောက်ရှိတယ်၊ ပညာကလေးကလည်း ရှစ်တန်းတောင် မအောင်ဘူး၊ ထိုင်စားနိုင်လောက်အောင်လည်း မရှိဘူး။ တခြား မှီခိုအားထားစရာလည်း မရှိဘူး၊ အဲဒီမိန်းကလေးဟာ ဘာလုပ်ရမှာလဲ၊ အေးမကို ပြောပြပါဦး'

သူ မမျှော်လင့်သည့် မေးခွန်းကို အေးမက မေးသည်။ သူ့မေးခွန်းက လက်တွေ့ကျသည်။ ဘဝနှင့် နီးစပ်သည်။ သည်မေးခွန်းကို ဖြေဖို့ သူ့တွင် အဆင်သင့် အဖြေမရှိ။

ခပ်လှမ်းလှမ်းက စကားဝိုင်းများက တဖြည်းဖြည်း တိတ်ဆိတ်သွားသည်။ သို့ရာတွင် တစ်နေရာမှ စကားပြောသံကို သဲ့သဲ့ကြားနေရသည်။ တမာပင်အောက် မှောင်ရိပ်စုံတွဲဖြစ်မည် ထင်သည်။

ခဏကြာတော့ လူသုံးလေးယောက် သူ့တို့ဘက်သို့ လျှောက်လာကြသည်။ အနားသို့ရောက်၍ ကြည့်လိုက်တော့ ကားပေါ်တုန်းက အေးမကိုယ်ပေါ်သို့ လှဲချမတတ် ထိုင်နေသည့် ခရစ်အင်္ကျီနှင့် လူငယ်ကိုလည်း တွေ့ရသည်။

...အာလူးလာမပေးနဲ့ လေနည်းနည်းရှော့၊ ညာပြီး လာမလိမ့်နဲ့ လေနည်းနည်းရှော့၊ ဖြည်းဖြည်းပေါ့၊ ဖြည်းဖြည့်ပေါ့...

သူတို့နှစ်ယောက်ကို စောင်းငဲ့ကြည့်ပြီး ခပ်လှမ်းလှမ်းရောက်တော့ သံကုန်ဟစ် ဆိုသွားကြသည်။ နှစ်ယောက်စလုံး မျက်နှာတွေ ထူပူသွားသည်ကို ခံစားမိကြသည်။ တစ်ယောက်မျက်နှာကို တစ်ယောက် မမြင်ရသည့်အတွက် တော်သေးသည်။

()

www.burmeseclassic.com

# ၁၀

နောက်တစ်နေ့ နံနက်တွင် ကိုမြင့် အစောကြီး အိပ်ရာကနိုးသည်။

နံနက်စောစောတွင် နွေညှော်သည်ဥသြက တေးသီနေသည်။ နှင်းယွန်းသည့် ဂိမ္မာန်ရာသီဘွဲ့ကြီးပြီးခါနီး၍ တျာတျောတျောသပ်နေသည်လော မပြောနိုင်။

နံနက်စောစောနိုးသည်မှာ သူ့အကျင့်ဖြစ်သည်။ ညက မည်မျှ အိပ်ရေးပျက်ပျက်၊ နံနက်ဆိုလျှင် စောစောနိုးတတ်သည်။

မနေ့က အေးမနှင့်စကားပြော၍ အိပ်ရာဝင်ကြတော့ တော်တော်ညဉ့်နက်နေပြီ။ အိပ်ရာပေါ်လှဲအိပ်လိုက်သည့်တိုင် ကိုမြင့် ညက ကောင်းကောင်းအိပ်မပျော်။ သူ့စိတ်သည် ပျံ့လွင့်နေခဲ့သည်။ အိပ်ရာပေါ်လှဲအိပ်တော့ အိပ်ရာကမွှေးပျံ့နေသည်။ ရေမွှေးနံ့လည်းမဟုတ်၊ ပေါင်ဒါနံ့လည်းမဟုတ်၊ မိန်းမများအနီးတစ်ဝိုက်တွင်ပျံ့လွင့်နေတတ်သည့် ကိုယ်သင်းနံ့တစ်မျိုးဖြစ်သည်။ ချွေးနံ့လိုလို၊ ရေမွှေးနံ့လိုလို အနံ့နှစ်မျိုး ရောထွေးနေသည်။

ပထမတွင် ကိုမြင့် သူ့အိပ်ရာပေါ်တွင် မအိပ်ရက်၊ မအိပ်ရဲ၊ အေးမကိုအားနာသည်။ သူ့ကိုယ်က ချွေးစော်နံနေပြီ။ အင်္ကျီကလည်း ညစ်ပတ်နေပြီ။ မိန်ကလေးတစ်ယောက်၏ ဖြူဖွေးသန့်ရှင်းသည့် အိပ်ရာပေါ်ကို တက်အိပ်ရတော့ ရင်ခုန်ချင်သည်။

အိပ်ရာထဲသို့ရောက်သော်လည်း တလူးလူး တလွန့်လွန့်ဖြင့် အိပ်မပျော်။

အေးမ စကားတွေကို သူ ပြန်စဉ်းစားသည်။ အေးမက သူ့ကို အရောင်းအဝယ်လုပ်ရန် ပြောသည်။ အရောင်းအဝယ်အလုပ်ဆိုတော့ မှောင်ခိုလုပ်ငန်းဟု အဓိပ္ပာယ်ထွက်သည်။ သူ့တွင် အရင်းအနှီးမရှိ၊ ရှိသည့်တိုင် သည်လုပ်ငန်းမျိုးကို သူ မလုပ်ချင်။ သည်လုပ်ငန်းသည် သတ်မှတ်ထားသော တရားဥပဒေနှင့် ဆန့်ကျင်သည်။ ဆန့်ကျင်သည်ဟု ထင်သည်။ ဟုတ်ကဲ့ ထင်သည်။

သည်တိုင်းပြည်တွင် မှောင်ခိုလုပ်ငန်းသည် ဘယ်တုန်းကပေါ်လာခဲ့သည်ဟု သူ မသိ။ အမေကပြောတော့ ဒုတိယကမ္ဘာစစ် အပြီးတွင် ပေါ်လာသည်ဟု

www.burmeseclassic.com


ဆိုသည်။ သည်တုန်းက အဖေက သူရင်းငှားလိုက်သည့် တောင်သူဖြစ်သည်။ နောက် ပခုက္ကူနှင့် ပေါက် ပြေးသည့် ကုန်ကားကြီးတွေကို မောင်းသည်။ အင်္ဂလိပ် စစ်ဆုတ်သည့်အခါတွင် အရပ်ကားတွေ ချောဆွဲတော့ အဖေမောင်းသည့် ကားလည်းပါသွားသည်။ တမူးရောက်တော့ အဖေ ထွက်ပြေးလာခဲ့သည်။ ပြန် ရောက်တော့ အရပ်ကားတွေမရှိတော့။ သည်တွင် အဖေ စာရင်းငှားပြန်၍ လုပ်ရသည်။ စစ်ပြီးတော့ ပေါက်အနီးက ဆင်သေရွာတွင် အင်္ဂလိပ်စစ်တပ်က လေယာဉ်ပျံကွင်းကြီးတစ်ခု ဆောက်သည်။ လေယာဉ်ပျံကွင်းသို့ အင်္ဂလိပ်စစ် လေယာဉ်တွေ အမြဲဆင်းသည်။ ရိက္ခာတွေ၊ အဝတ်အထည်တွေ၊ စက်ပစ္စည်း မော်တော်ကား ပစ္စည်းတွေ အလွန်ပေါသည်။ အမဲဘူး၊ ငါးသေတ္တာဘူး၊ နို့စိမ်းဘူး၊ နို့ဆီဘူး၊ ချိစ်ဘူး၊ စီးကရက်၊ ကော်ဖီ၊ ချောကလက်၊ စွပ်ကျယ်အင်္ကျီ၊ ပလေကပ် လုံချည်၊ လေထီးပိတ်၊ မာလကျင်စ၊ ပေါ်ပလင် စသည့်စားကုန်သောက်ကုန်တွေ ကွင်းထဲတွင် ဂိုဒေါင်ကြီးတွေနှင့် အပြည့်ရှိသည်။ အဖေက လေယာဉ်ကွင်း အလုပ်သမား ဝင်လုပ်သည်။ အလုပ်သမားများ၊ စစ်သားများက သည်ပစ္စည်းတွေ ကို အပြင်ထုတ် ရောင်းကြသည်။ ဆင်သေ လေယာဉ်ကွင်းက မှောင်ခိုဈေးသည် ပခုက္ကူဒိစတြိတ်တွင် နာမည်ကြီးသည်ဟု အမေက ပြောဖူးသည်။

စစ်ပြီးစ ရန်ကုန်တရုတ်တန်းက မှောင်ခိုဈေးကြီးအကြောင်းကိုလည်း သူကြားဖူးသည်။ အဖေက လေယာဉ်ပျံကွင်းတွင် အလုပ်သမား ဝင်လုပ်ပြီး နောက် အရပ်ကားတွေပေါ်လာသည့် အခါတွင် ကားဒရိုင်ဘာ ဝင်လုပ်သည်။ သည်တုန်းက ကားဈေး အလွန်ပေါသည်။ ပေါက်အနီး ဆင်သေလေယာဉ်ကွင်း၊ မြစ်ကြီးနားကွင်း၊ တမူးကွင်း စသည်တို့တွင် စစ်သုံးမော်တော်ကားတွေ လေလံပစ် သဖြင့် အရပ်ကားတွေ ပြန်ထွက်လာနိုင်ခြင်းဖြစ်သည်။ ဂျစ်ကားတစ်စီးမှ အင်္ဂလိပ် ငွေ လေးရာလောက်၊ ထရပ်ကားကြီးတစ်စင်း ငွေခြောက်ရာလောက် ကျသည်ဟု အမေက ပြောဖူးသည်။

သည်တုန်းက အဖြစ်အပျက်များမှာ အမေ ပြောပြသဖြင့် သိရခြင်းဖြစ် သည်။ သူ့အတွက် ပုံပြင်များဖြစ်နေသည်။ သူ့ကို မမွေးသေး၊ အဖေနှင့် အမေပင် အိမ်ထောင်မကျသေး။

ဒရိုင်ဘာလုပ်နေရင်း (ပြည်တွင်းဆူပူမှု) ဖြစ်သည်တွင် အဖေ တောခို သွားသည်။ ထိုစဉ်က အဖေ့အသက်က အစိတ်ပင် မပြည့်တတ်သေး။ တောခိုရင်း ပုံတောင်ပုံညာကြား ချိုင့်ဝှမ်းထဲက တပြင်းရွာသူ အမေနှင့် အိမ်ထောင်ကျကာ ပုံတောင်ပုံညာတစ်ဝိုက်က တောထဲတွင် သူ့ကိုမွေးခဲ့သည်။ သူ့မွေးပြီးနောက်

www.burmeseclassic.com


အမေ မကျန်းမမာသဖြင့် ရွာသို့ပြန်လာခဲ့သည်။ ထိုနှစ်မှာ ၁၉၅၀–ခုနှစ် ဖြစ်သည်။ အမေက တစ်ခါတလေ တောသို့လိုက်သွားသည်။ တစ်ခါတစ်ရံ အဖေက ရွာသို့လာသည်။ သည်လိုဖြင့် သူ့ထက်အငယ် ညီမသန်းဆင့်ကို မွေးသည်။ သည်နောက်တော့ အစိုးရထိုးစစ်လာသဖြင့် အဖေတို့ ပုံတောင်ပုံညာတဝိုက်တွင် မနေနိုင်တော့ဘဲ ပုံတောင်ပုံညာဖျား အလောင်းတော်ကဿပသို့ ဆုတ်ကြသည်။ ထိုမှတစ်ဆင့် မုံရွာခရိုင် ဗဂျီနယ်ထဲတွင် အဖေတို့ လှုပ်ရှားခဲ့ကြသည်။ သည်နောက် ၁၉၅၃–ခုနှစ်တွင် အဖေ အလင်းဝင်လာသည်။ အဖေက တောထဲက သူတတ်လာသည့် ပညာကလေးဖြင့် တိတ်တိတ်ပုန်း ဆေးထိုးအပ်ကိုင်ကာ သူတို့တစ်တွေကို ရာကျွေးခဲ့သည်။ ၁၉၅၆–ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲများ ကျင်းပတော့ အဖေ သူ ကျင်လည်ခဲ့ရာ မုံရွာ နယ်ဘက်သို့ကူးကာ အတိုက်အခံ အမတ်လောင်းကို ကူညီသည်။ အတိုက်အခံ အမတ်လောင်း၏ မဲရုံကိုယ်စားလှယ် လုပ်ရင်း ဗဂျီနယ်တွင် အဖေအသတ်ခံခဲ့ရသည်။

အဖေဆုံးတော့ ကိုမြင့်က ၆ နှစ်သား၊ သူ့ညီမ သန်းဆင့်က ၂ နှစ်သမီးသာ ရှိသေးသည်။ ကိုမြင့် တစ်သက်တွင် အဖေကို ကောင်းကောင်း မမြင်ဖူးလိုက်။ ၂ နှစ်နီးပါးလောက်သာ အဖေနှင့်အတူ နေလိုက်ရသည်။ သည်တုန်းက သူက ငယ်သေးသဖြင့် အဖေ့ရုပ်သွင်ကို ကောင်းကောင်းမမှတ်မိ။ ပြန်စဉ်းစားတိုင်း အဖေ့ရုပ်သွင်သည် မှုန်ဝါးနေသည်။

အမေက သူတို့မောင်နှမ နှစ်ယောက်ကို ဈေးရောင်းကျွေးသည်။ သို့ရာတွင် အမေက ငယ်သေးသည်။ အရွယ်တင်သည်။ ထို့ကြောင့် အဖေဆုံးပြီး လေးနှစ်ကြာတော့ အမေ နောက်အိမ်ထောင်သစ် ထူသည်။ နောက်အိမ်ထောင်က အဖေ့သူငယ်ချင်း၊ အဖေ့လို ကားဒရိုင်ဘာ လုပ်ခဲ့ဖူးသည်။ ငွေနှင့် ဆောင်းတွင် ပခုက္ကူ–ဂန့်ဂေါလမ်းတွင် ကားမောင်းသည်။ ကိုမြင့်က ပထွေးနှင့်အတူ ဂန့်ဂေါလမ်းတွင် စပယ်ယာလိုက်ရသည်။ နောက် ကားမောင်း သင်ရသည်။ ပထွေးမအားသည့်အခါများတွင် ကိုမြင့်က လမ်းကြမ်းသော ပုံတောင်ပုံညာကိုကျော်ကာ ပခုက္ကူ၊ ပေါက်၊ မင်းတပ်လမ်းတွင် အစားဝင်မောင်းရသည်။

သည်တုန်းက ကိုမြင့်အသက် ဘာရှိဦးမည်နည်း၊ ဆယ့်ရှစ်နှစ်လောက်သာ ရှိဦးမည်။ ပထွေးကိုယ်စား ဒရိုင်ဘာ ဝင်လုပ်ပေးရသည့် အခါတွင်တော့ အလုပ်ရှိသည်။ သို့ရာတွင် ပထွေးကိုယ်တိုင်က ငွေနှင့် ဆောင်းသာ အလုပ်ရှိသူဖြစ်သည်။ မိုးကျလျှင် ဂန့်ဂေါလမ်းက သွား၍မဖြစ်တော့။ သည်တော့ ပထွေးကလည်း အလုပ်လက်မဲ့၊ သူကလည်း အလုပ်လက်မဲ့၊ ပထွေးဆီမှာမနေချင်၊

www.burmeseclassic.com


ပထွေးကလည်း ညာဉ်ဆိုးချင်သည်။ အရက်သောက်သည်။ ဖဲရိုက်သည်။ အမေ့ကို နှိပ်စက်ချင်သည်။ ရိုက်လားပုတ်လား လုပ်တတ်သည်။ သည်တွင် ကိုမြင့် ပထွေးနှင့် စကားများကာ အိမ်မှထွက်၍ ကျောက်ထုသို့လာသည်။ ကျောက်ထု တွင် အဖေ့ဘက်မှ ဆွေမျိုးသားချင်း တစ်ဦးရှိသည်။ သူ့လယ်တွင် နှစ်မိုးလောက် ဝင်လုပ်သေးသည်။ လယ်ဆိုသော်လည်း စပါးစိုက်သည့် လယ်မဟုတ်၊ နှမ်းလျင်စိုက်သည့် ကုန်းလယ် ဖြစ်သည်။

ကိုမြင့်က နှမ်းလျင်စိုက်ရင်း ကျောက်ထု အထကတွင် ကျောင်းတက်သည်။ ကျောက်ထုကျောင်းအုပ်ကြီး ဦးစံကောင်းက လူပျိုကြီး ဖြစ်သည်။ စာဖတ်ဝါသနာပါသည်။ ပညာအခြေခံကောင်း၍ ဆင်းရဲသည့်ကလေးများကို သူ့စရိတ်ဖြင့် ကျောင်းထားပေးသည်။ တယောကလေးတစ်လက်၊ စာအုပ်ပုံများဖြင့် ပျော်မွေ့သူဖြစ်သည်။ စာဖတ်ဝါသနာပါသည့် ကိုမြင့်ကို တွေ့တော့ ဆရာကြီးက သူ့ကို ကျောင်းထားပေးသည်။ စာအုပ်ကောင်းများကို ရွေး၍ အဖတ်ခိုင်းသည်။ အင်္ဂလိပ် ဂန္ထဝင်ဝတ္ထုများကို ဖတ်၍ ပြန်ပြောသည်။ ချားလ်ဒစ်ကင်၊ သောမတ်စ်ဟာဒီ၊ ရိုက်စပီးယား၊ ဘားနဒ်ရှော စသူတို့၏ စာပေများအကြောင်းကို ပြောပြတတ်သည်။ တယောထိုး သင်ပေးသည်။ သူတစ်ယောက်တည်း နေသည့် အိမ်တွင် ကိုမြင့်ကို ခေါ်ကျွေးထားသည်။ ကိုမြင့်က ဆရာကြီး၏ဝေယျာဝစ္စများကို လုပ်ပေးရသည်။ ထမင်းချက်ကျွေးရသည်။ ဆရာကြီး၏ အကူအညီဖြင့် ကျောက်ထုကျောင်းမှနေ၍ အခြေခံပညာရေးအထက်တန်းစာမေးပွဲကို ဝင်ရောက်ဖြေသည်။ ကိုမြင့် ခ–စာရင်းမှ အောင်ပြီး နောက်တစ်နှစ်တွင် သူ့ဆရာကြီးပြောင်းသဖြင့် ကိုမြင့် ကျောက်ထုတွင် ကျောင်းဆက်မနေတော့၊ ရွာသို့ပြန်ခဲ့သည်။

ရွာရောက်တော့ သူကြားသည့်သတင်းက မလှ။ သူ့ပထွေးက သူ့ညီမငယ် သန်းဆင့်ပါ ယူထားသည်ဟု ကြားရသည်။ အိမ်သို့ သူရောက်သွားတော့ အမေ့ကို မတွေ့၊ အမေက သားကိုရှက်သဖြင့် ရှောင်နေသည်။ ညီမနှင့် ပထွေးကိုတော့ အဆင်သင့်တွေ့ရသည်။

ပထွေးက ဒရိုင်ဘာမလုပ်တော့ သန်းဆင့်ကို ဘန်းပြကာ ဂန့်ဂေါ–ကျောက်ထု စသည့်ဘက်က အစိုးရ တားမြစ်ကုန်များကို ပေါက်နှင့် ပခုက္ကူသို့ သယ်ကာ ကြီးပွားနေပြီ။

သူအိမ်ရောက်တော့ ပထွေးက မူးနေသည်။ မျက်နှာကြီးအစ်ကာ မျက်ထောင့်ကြီးတွေ နီရဲနေသည်။ အမေ့ကို ယူခဲ့တုန်းကတော့ သူက ငယ်ငယ်မို့ မပြောသာ၊ မပြောရဲ၊ အမေကိုသာ နာကျည်းခဲ့သည်။ ယခု သူ လူလားမြောက်ပြီ။

www.burmeseclassic.com



အမေ့အတွက်သာမက နှမအတွက်ပါ သူ အရှက်ရသည်။ အမေ့ကို စိတ်နာသလို သန်းဆင့်ကိုလည်း စိတ်နာသည်။ သူက တမြွေ့မြွေ့ခံစားနေချိန်တွင် သူ့တို့က ပျော်နိုင်အားသည်ဟု တွေး၍လည်း နာကျည်းသည်။

'ဘယ်လိုလဲဟေ့၊ တေချင်ရာတေပြီးတော့ ပြန်လာပလား၊ ချီးကျရာပျော်တဲ့ ကြက်လိုပဲ'

ပထွေးက သူ့ကို ငယ်နိုင်ဖြစ်သည်။ သူ ဆယ်နှစ်သားကတည်းက သူ့ကို နိုင်လာသူ မဟုတ်လော။

ကိုမြင့် ကြောက်လည်းကြောက်သည်။ ရှက်လည်းရှက်သည်။ နာလည်း နာသည်။ ထို့ကြောင့် သူ့မျက်နှာကို မကြည့်၊ သူ့ကိုလည်း ဘာမျှ ပြန်မပြော။

သူ့မျက်လုံးများက မီးဖိုထဲက အလန့်တကြား ထွက်လာသည့် သန်းဆင့်နှင့် မျက်လုံးချင်းဆုံမိသည်။ သြော် သန်းဆင့်၊ သူ့နှမလေး၊ သူ့ညီမလေး၊ အမေကလွဲလျှင် တွယ်တာရပါသော ညီမလေး။

ရတ်တရက်တော့ ယူကျုံးမရဖြစ်သည်။ အဖေလောက်ရှိသည့် ပထွေး၏ မယားငယ်ဖြစ်ရခြင်းအတွက် ကိုမြင့် ယူကျုံးမရဖြစ်သည်။

ကြည့်ပါဦးတော့ အသက်က ဆယ့်ရှစ်နှစ်လောက်သာ ရှိဦးမည်။ အစွမ်းကုန်ဖူးပွင့်သည့် ပန်းတစ်ပွင့်လို အစွမ်းကုန် အလှပန်းပွင့်သည့် အရွယ်ကလေး။ ကိုယ်လုံးကလေး တုတ်တုတ်ခဲခဲ၊ မျက်နှာကလေး ပြည့်ပြည့်၊ အသားကလေးဝင်းဝင်း။

လက်ကောက်နှင့်၊ ဆွဲကြိုးနှင့်၊ ဇမာတက်ထရွန်အင်္ကျီနှင့်၊ ဇမာ တက်ထရွန် လုံချည်နှင့်၊ သနပ်ခါး အဖွေးသား၊ စိတ်ချမ်းသာနေသည့်ပုံ၊ စည်းစိမ်တွေ တိုးနေသည့်ပုံ။

သန်းဆင့်မျက်လုံးများကို စူးစိုက်ကြည့်ရင်း သန်းဆင့်စိတ်ကို သူဖတ်သည်။ ပထမတော့ သန်းဆင့် သူ့ကို ကြောင်ကြည့်နေသည်။ နောက် မျက်လုံးချင်း မဆိုင်ရဲဟန် မျက်လွှာချပြီး ခေါင်းငုံ့နေသည်။

'အမေကော'

သန်းဆင့် ကြောက်နေသည်။ သူ့အစ်ကိုပါးစပ်က ထွက်လာသည့် စကားက မိုးချုန်းသံလို ကျယ်သည်ဟု ထင်သော်လည်း သဲသဲကွဲကွဲ မကြားမိ။

'အမေကော၊ အမေ ဘယ်မှာလဲ'

'အကြည်ပန်းဇလွန်းက အရီးသောင်းတို့ဆီ ခဏသွားတယ်'

သန်းဆင့်အသံက တုန်နေသည်။

www.burmeseclassic.com


အကြည်ပန်းဗလွန်းမှာ တပြင်းနှင့် ခပ်လှမ်းလှမ်း ယောနယ်စပ်မှ ရွာတစ်ရွာ ဖြစ်သည်။ အကြည်ပန်းဗလွန်းတွင် သူတို့ဆွေမျိုးတွေရှိသည်။

'ဘယ်တော့ ပြန်လာမှာတဲ့လဲ'

'ဘယ်တော့မှ ပြန်လာလာ၊ မင်းအပူ မဟုတ်ပါဘူးကွ။ သွားချင်ရာသွားပြီး ခုမှ လာမေးနေရသေးတယ်'

ပထွေး၏ အသံဖြစ်သည်။ သူ့ပါးစပ်တွင် အရက်တွေ စီးကျနေသည်။ ရှေ့က စားပွဲပေါ်တွင် မီးတောက်ချက်အရက်ပုလင်းတစ်လုံး ထောင်ထားသည်။ ပုလင်းက သုံးချိုးတစ်ချိုးလောက်သာ ကျန်တော့သည်။

သူ့ပထွေးက ပါးစပ်တွင် စီးကျနေသည့် အရက်များကို လက်ခုံဖြင့် သုတ်ရင်း သူ့ကို စိုက်ကြည့်နေသည်။

'ခင်ဗျားကို မေးတာ မဟုတ်ပါဘူးဗျ၊ သန်းဆင့်ကို မေးတာပါ၊ ကိုယ့်အမေ ကိုယ်မေးတာ၊ ခင်ဗျားနဲ့မဆိုင်ပါဘူး၊ အနေသာချည်းပါ'

'ဟော့ကောင်… ခွေးစကားမပြောနဲ့၊ ဆယ်နှစ်သားကတည်းက လူလား မြောက်အောင် ငါကျွေးလာရတာ၊ ငါ ကားမောင်းသင်းပေးခဲ့ရတာ၊ ငါလည်း အဖေပဲ'

ပထွေးက အော်သည်။ ကိုမြင့်က သူ့ကို ဆတ်ကနဲ လှည့်ကြည့်သည်။

'ဘာ အဖေလဲ'

'ဩော်…ဟဲ…ဟဲ မှားသွားလို့၊ မှားသွားလို့၊ အဖေမဟုတ်ဘူး၊ ယောက်ဖ– ယောက်ဖ၊ မင်းနှမကို ယူထားတဲ့ ယောက်ဖ၊ ဟုတ်လား ဟား… ဟား

ကြောက်မက်ဖွယ် ဟိန်း၍ထွက်လာသော ကိုရန်ဆဲသံကြီးနှင့်အတူ ကိုမြင့် စားပွဲပေါ်က အရက်ပုလင်းကို ကောက်ကာ ပထွေး၏ ဦးခေါင်းကို ရိုက်ခွဲလိုက်သည်။ ခွမ်ကနဲ မြည်သံနှင့်အတူ သူ့ပထွေးစိုက်ဆင်းသွားကာ မြေကြီးပေါ် ပုံကျသွားသည်။ အရက်များနှင့်သွေးများ မြေကြီးပေါ်တွင် စီးကျနေသည်။ အရက်ပုလင်းလည်း ကိုမြင့်လက်ထဲမှလွတ်ကျကာ အဝေးသို့ ရောက်သွားသည်။ မည်သို့မည်ပုံ လွတ်ကျသွားမှန်းမသိ။

ပထွေးက မျက်နှာတွင် သွေးတွေယိုစီးလျက်က ထလာသည်။ ပါးစပ်က အယုတ္တအနတ္တတွေ ဆက်တိုက်ထွက်နေသည်။

ကိုမြင့်က ကုန်းထလာသော ပထွေးကို လက်သီးနှင့် ဆင့်ထိုးမည်အပြု သန်းဆင့် သူတို့ကြားထဲသို့ ပြေးဝင်လာသည်။

www.burmeseclassic.com


'ကိုမြင့် နင် ရမ်းလှချည်လားဟင်၊ မိုက်ရိုင်းလှချည်လား၊ ဟောဒီမှာတော့ ကိုမြင့်ရယ်၊ လူသတ်နေပါပြီ။ ကယ်ကြပါအုံး အရပ်ကတို့၊ ကိုမြင့်သတ်နေပါပြီ'

'ဩော်...ရမ်းသတဲ့၊ မိုက်ရိုင်းသတဲ့၊ သူ့လင်ကြီးထိတော့ နာသတဲ့။ နင်ကလည်းနင်ပဲ၊ နင် ကမြင်းကြောထတာလည်း ပါမှာပဲ။ ကဲ– နာဦးကွာ၊ သူ့လင်ကြီးထိတော့ နာဦးကွာ၊ နာဦး'

ကိုမြင့်ဒေါသသည် ပထွေးဘက်မှ သန်းဆင့်ဘက်သို့ စုပြုံရောက်လာကြသည်။ စိတ်ချဉ်ချဉ်ဖြင့် သန်းဆင့်မျက်နှာကို ဘယ်ပြန်ညာပြန်ရိုက်သည်။ ပြီးတော့ ချာကနဲ လှည့်ထွက်လာသည်။

အမှုတွေ ဘာတွေတော့ မဖြစ်။ အမေကရော ပထွေးကရော သည်ကိစ္စကို အုပ်ထားကြသည်။ သည်ကိစ္စတွင် သူမှားသည်လော၊ မှန်သလော သူမသိ။ မစဉ်းစား။ ပထွေးကို နာကြည်းရမည်လော။ မည်သူ့အပြစ်နည်းဟု သူ မတွေးချင်။ သူတို့သုံးယောက်လုံးကို မျက်နှာချင်း မဆိုင်ချင်သည့် စိတ်သာရှိသည်။

ရွာက ထွက်လာပြီးတော့ ကိုမြင့် စစ်တပ်သို့ ဝင်သည်။ စစ်မြေပြင်သို့သွားရသည်။ သေနတ်ကိုင်ရသည်။ စစ်ထဲရောက်၍ ၂နှစ်အကြာတွင် ကိုမြင့် အထိန်းအသိမ်းခံရသည်။ ကိစ္စက သူနှင့် မပတ်သက် သူတို့ဆီ ဝင်ထွက်နေသည့် သူငယ်ချင်းတစ်ယောက်ကြောင့် မီးခိုးကြွက်လျှောက်လိုက်ကာ အခြောက်တိုက် အထိန်းသိမ်းခံလိုက်ရခြင်း ဖြစ်သည်။ ထောင်ထဲဝင်ရခြင်းဟူသည် ရုပ်ရှင်ရုံသို့ ဝင်ရခြင်းမဟုတ်၊ ရုပ်ရှင်ရုံထဲသို့ ဝင်ရခြင်းက သက်သာသည်။ ဈေးပေါသည်။ ရုံပေါက်တွင် နှစ်ကျပ် သုံးကျပ် ပေးလိုက်လျှင် ရုံထဲသို့ ရောက်သည်။ ထောင်ထဲဝင်ရသည်က မသက်သာ၊ ဘူးဝတွင် လွတ်လပ်မှုကြီး တစ်ခုလုံး ပေးပစ်ခဲ့ရသည်။ တန်ဖိုးကြီးသည်။ အထဲရောက်တော့လည်း ရုပ်ရှင်ရုံထဲရောက်သလို ဣဋ္ဌာရုံကို တွေ့ရသည် မဟုတ်။

သို့ရာတွင် ထောင်ထဲဝင်ရခြင်းအတွက် လူတွေ၏ စိတ္တဇေဒသဘောကို သူ နားလည်သင့်သလောက် နားလည်လာခဲ့သည်။ ဘဝမျိုးစုံမှ လူမျိုးစုံကို တွေ့ခဲ့ရသည်။ ထို့ကြောင့် တစ်ဘက်တစ်လမ်းကကြည့်လျှင် အသိဉာဏ်ပညာ တိုးလာသည်ဟု သူ့ဖာသာသူ ဖြေသိမ့်သည်။

ထောင်ထဲတွင် ကိုမြင့် တစ်နှစ်ကျော်ကျော်လောက်ကြာသည်။ စစ်ဆေးသည့်အခါ သူ့တွင် ဘာမျှ အပြစ်မရှိသဖြင့် ဆိုင်ရာက သူ့ကို ပြန်လွှတ်လိုက်သည်။ ထောင်ကထွက်တော့ ကိုမြင့် အသိပညာတွေ တိုးလာသည်။ ဘဝကို

www.burmeseclassic.com


တည်တည်ငြိမ်ငြိမ် မြင်တတ်လာသည်။ တော်တော်တန်တန် ဆင်းရဲဒုက္ခတွေကို ခံ တတ်လာသည်။ မိတ်ဆွေတွေ တိုးလာသည်။ လူမှန်းသိစ အရွယ်ကတည်းက ဖြတ်သန်းခဲ့ရသော သူ့ဘဝကိုသူ တည်တည်ငြိမ်ငြိမ် မြင်တတ်လာသည်။ ကိုယ်စိတ်နှစ်ပါး၏ ဆင်းရဲဒုက္ခကို တွေ့ကြုံရပြီးနောက်တွင် သူ၏ဝိညာဉ်သည် ကြည်လင်သန့်စင်လာသည်ဟု ရုရှားစာရေးဆရာကြီး ဒေါ့စတိုယက်စကီက ပြောခဲ့ဖူးသည်။ (သူကိုယ်တိုင် ဖတ်တတ်၍ ဖတ်ဖူး၍မဟုတ်။ ဆရာဦးစံကောင်းက ပြန်ပြော၍ သိရခြင်းဖြစ်သည်။) ထိုစကားကို အစက သူ နားမလည်ခဲ့။ သို့ရာတွင် အကျဉ်းအကျပ်ဘဝမှ လွတ်မြောက်လာသည့်နောက်တွင်မှ ထိုစကား၏ အဓိပ္ပာယ်ကို ကိုမြင့်ကောင်းကောင်း နားလည်လာသည်။

အကျဉ်းအကျပ်မှ လွတ်လာပြီးသည့်နောက်တွင် သူသည် လောကကို ခါးသည်းနာကျည်းသော အမြင်ဖြင့် မကြည့်တော့။ တွယ်တာခံမင်သော အကြည့်ဖြင့် မြင်တတ်လာခဲ့ပြီ။ ဘဝကို မကောင်းအမြင်ဖြင့် မကြည့်တော့ဘဲ အကောင်းအမြင်ဖြင့် ကြည့်တတ်လာခဲ့ပြီ။ သူတစ်ပါးအတွက် စွန့်လွှတ်အနစ်နာခံတတ်သော စိတ်မျိုး မွေးမြူရကောင်းမှန်း သိလာပြီ။ အဆိုးနဲ့အကောင်း တရားမှုနှင့်မတရားမှုတို့ ခွဲခြားရှောင်ကြဉ်ရကောင်းမှန်း သိလာခဲ့ပြီ။ စိတ္တဗေဒဆိုင်ရာ ရုပ်သွင်ပြောင်းမှုကို စိတ္တဗေဒဆရာတို့ ခေါ်ကြသော စိတ်အသွင်ပြောင်းမှုမျိုး သူ့တွင် ပေါ်လာခဲ့ပြီ၊ ပြင်းပြင်းထန်ထန် ဖျားလာပြီးနောက် နာလန်ထစပြုလာသော ကလေးငယ်တစ်ယောက်၏ စိတ်ဓာတ်ပြောင်းသွားသလို သူ့စိတ်ဓာတ်ပြောင်းသွားသည်။ သူ့စိတ်သည် သန့်စင်ကြည်လင် ညွတ်နူးနေသည်။

အထိန်းအသိမ်းခံ ဘဝမှလွတ်တော့ သူ့အလုပ်ပြန်မရသဖြင့် အလုပ်ရှာရသည်။ အလုပ်ကလည်း ရှားသည်။ သည်အထဲတွင် ထိန်းသိမ်းခံရသည့် နောက်ခံရာဇဝင်ကြောင်းကလည်း ရှိတော့ အလုပ်အလွယ်တကူ ရှာမရ။ ရွာသို့လည်း ပြန်စရာအကြောင်း မရှိတော့။

ကျွန်းချောင်း ဓာတ်မြေဩဇာစက်တွင် အလုပ်ရှိသည်ကြားသဖြင့် သွားလျှောက်သော်လည်း မရခဲ့။ သူငယ်ချင်း ကိုဖေတင်တို့ ကိုလှချိုတို့ ခန္တီးတွင် ထမင်းကြော်ဆိုင်ဖွင့်နေသည်ဟု ကြားရသည်။ ထိုကြောင့် အလုပ်အကိုင်လေး ရလို့ရငြား သူတို့ဆီလိုက်သည်။ သူတို့ထမင်းဆိုင်က ရောင်းကောင်းသည်။ ဝိုင်းလုပ်ဝိုင်းစားကြသည်။ ဝမ်းရေးအတွက် မပူရ။ သို့ရာတွင် ရေရှည်ကြတော့ မလွယ်၊ သူတို့ဆိုင်တွင် သူတို့ဝိုင်းလုပ်ဝိုင်းစားတွေ အများကြီးရှိနေသည်။ ထို့ကြောင့် အားနာရသည်။

www.burmeseclassic.com


ခန္တီးဘက်တွင် ကျောက်စိမ်းများ တူးကြသူတွေ ရှိသည်။ ဗိုလ်ကတော် ပြောဆိုသည့် တောင်တစ်ဝိုက်တွင် ကျောက်စိမ်းကောင်းကောင်းရှိသည်ဟု ကြားရသဖြင့် သွားတူးကြသူတွေ ထမင်းဆိုင်သို့ မကြာခဏ လာကြသည်။ ထို့ကြောင့် သူလည်း လိုက်သွားသည်။

မဖြစ်၊ ဒီအလုပ်နှင့် သူနှင့် နည်းနည်းမှမဖြစ်။ သူက ကင်းကင်း ရှင်းရှင်း၊ လွတ်လွတ်ကင်းကင်း လုပ်ချင်သည်။ သို့ရာတွင် လုပ်ရသည့် အလုပ်က မလွတ်မကင်းတွေချည့် ဖြစ်သည်။ တောတောင်အသွယ်သွယ်ကို ကျော်၍ တစ်နေ့ခရီး သွားရသည်။ ရိက္ခာနှင့် တူးဖော်ရမည့် ပစ္စည်းများ သယ်ရသည်။ အရက်ယူရသည်။ တောထဲမှာက ငွေဖြင့်ဝယ်လျှင် လိုသည့်ပစ္စည်းကို လွယ်လွယ် မရ၊ ဘိန်းတစ်ကျပ်သား၊ နှစ်ကျပ်သား ဆောင်သွားရသည်။ စစ်တပ်နှင့် တွေ့၍ အဖမ်းခံရမည်စိုးသဖြင့် တောထဲတောင်ထဲ ကွင်း၍ သွားရသည်။ သည်တစ်ခေါက် တည်းနှင့် ကျောက်စိမ်းတူးသည့် အလုပ်ကို ကိုမြင့် စိတ်ပျက်သွားပြီ။ ပင်ပန်းလိုက် သည့်ဖြစ်ခြင်း။ ရတော့ ဘာမှ အဖိုးမတန်သည့် ကျောက်တုံးတွေသာရခဲ့သည်။ အရောင်တင် ထုခွဲရောင်းလျှင် ဘာမှမရ၊ အဖိုးမတန်၊ သူတို့ရသည့် ကျောက် စိမ်းက စီးကရက်၊ ဆေးလိပ်ပြာခံခွက်တို့၊ အရုပ်တို့ ထုဖို့လို့သာကောင်းသည့် ကျောက်စိမ်းတုံးမျိုးဖြစ်သည်။ သူ မယူတော့၊ စရိတ်တောင်းပြီး ပခုက္ကူက သူငယ်ချင်းဆီ ပြန်ခဲ့သည်။

ကျောက်စိမ်းတူးသွားသည့်အတွက် မှတ်မှတ်ရရ အမြတ်တစ်ခုသာကျန် သည်။ အမြတ်က ငှက်ဖျားရောဂါပါတည်း။

ငှက်ဖျားကြောင့် တစ်လလောက် ဆေးကုယူရသည်။

မကြာမီ ကိုဖေခင်တို့ဆီမှ စာတစ်စောင်လာသည်။ ကိုဖေခင်က ခန္တီးတွင် မရှိတော့။ ကျောက်စိမ်းတူးသည့် ကိစ္စကို ဆိုင်ရာတို့က ကြပ်မတ်သဖြင့် ခန္တီးက သူတို့ထမင်းဆိုင်လည်း ယခင်ကလောက် ရောင်းမကောင်း။ ထို့ကြောင့် သစ်ချောက် ကျောက်မီးသွေးတွင်းတွင် အလုပ်ရနေကြသည်။ ခဏတဖြုတ်လာ၍ အလုပ်ရှာရန် ခေါ်သည်။

သည်အတိုင်းဆိုလျှင် မျှော်လင့်ချက်ရှိသည်။ သူလည်း သစ်ချောက် ကျောက်မီးသွေးတွင်းတွင် အလုပ်ရှာရမည်။ အလုပ်မရလျှင် ကလေးမြို့၊ တမူးမြို့ ကားလမ်းတွင် ဒရိုင်ဘာလောက်တော့ ရနိုင်သည်ဟု ကိုမြင့် ထင်သည်။ မဟန် လျှင်လည်း မန္တလေး သို့မဟုတ် ရန်ကုန်သို့ ဆင်းရတော့မည်။ မှောင်ခို အလုပ်မျိုး ကိုတော့ သူ မလုပ်ချင်။

www.burmeseclassic.com


အလုပ်ဆိုသည်မှာ ငွေရတိုင်း လုပ်၍မဖြစ်။ သန့်ရှင်းစင်ကြယ်ဖို့လိုသည်။ သိက္ခာရှိဖို့ လိုသည်။ ဥပဒေနှင့် လွတ်ကင်းဖို့ လိုသည်။ ဆင်းရဲပင်ပန်းသည်က အရေးမကြီး၊ ဆင်းရဲပင်ပန်းသည်ကိုတော့ ခံနိုင်သည်။ ဆင်းရဲပင်ပန်းခြင်းသည် သူ့ဘဝတွင် သူ့အဖော် ဖြစ်နေပြီ။

'အစ်ကိုတို့တော့ ခုထက်ထိ မနိုးသေးဘူး ထင်တယ်'

အိပ်ရာပေါ်တွင် လှဲရင်း မည်မျှကြာအောင် စဉ်းစားနေသည်မသိ။ ခရီးသည်တွေ အိပ်ရာက နိုးကုန်ကြပြီ၊ အေးမတို့ပင် အိပ်ရာတွေ သိမ်းနေကြပြီ။

အရှေ့ဘက် တောတန်းများနောက်မှ ကောင်းကင်က ပန်းနုသွေးလဲ့လဲ့ ပြေးနေသည်။

ကိုမြင့် အိပ်ရာမှ လူးလဲထကာ အိပ်ရာလိပ်ကို သိမ်းသည်။

'ဒုက္ခပဲ မျက်နှာသစ်စရာလည်း ရေမရှိဘူး'

အေးမက ညည်းသည်။ မချစ်မေက လိပ်ထားသည့် အိပ်ရာလိပ်ပေါ်တွင် ထိုင်ကာ မျက်လုံးများကို ပွတ်နေသည်။ သူ့ဆံပင်က ဖရိုဖရဲ၊ မျက်နှာက အဆီပြန်လျက်။

'ဟိုလူတွေ မေးကြည့်ပါလား၊ ပုလင်းထဲမှာတော့ ရေတွေထည့်လာတာ တွေ့တယ်'

မချစ်မေက ရေပုလင်းတစ်လုံးကို ဆွဲလာသည့် ယောက်ျားကြီးနှစ်ယောက်ကို မေးငေါ့ပြကာ လှမ်းမေးသည်။ တချို့ ခရီးသည်များက ကတ္တရာစေးလမ်းမကြီးအတိုင်း နောက်ဘက်သို့ ပြန်သွားနေကြသည်။ တချို့က ကားဆီသို့ ပြန်လာနေကြသည်။

'ဟိုဘက်ကို ပြန်လျှောက်သွား၊ တံတားဖြူဖြူလေးနားမှာ ရေအိုးစင်ရှိတယ်၊ ကျုပ်တို့တော့ မျက်နှာသစ်ပြန်လာခဲ့ပြီ'

ယောက်ျားကြီးတစ်ယောက်က ဖြေသည်။

'ဝေးသလား၊ ဦးလေး'

'နည်းနည်းတော့ ဝေးတယ်၊ တစ်မိုင်လောက် လျှောက်ရတယ်'

မချစ်မေက နှာခေါင်းရှုံ့ပြသည်။

'ကျွန်တော် ခပ်ခဲ့မယ်လေ၊ ရေချိုင့်ကလေး ဘာလေး မပါဘူးလား'

ကိုမြင့်က မေးသည်။

'ရေပုလင်းတစ်လုံးပဲပါတယ် အစ်ကို၊ ကိစ္စမရှိပါဘူးလေ၊ အေးမလိုက်ပြီး မျက်နှာသစ်မယ်။ မမချစ်မေဖို့ ဒီပုလင်းနဲ့ ခပ်ခဲ့တာပေါ့၊ တစ်ပုလင်းဆိုရပါတယ်'

www.burmeseclassic.com


မချစ်မေက နှုတ်ခမ်းကို မိန့်ကာ ခေါင်းညိတ်ပြသည်။

သူတို့နှစ်ယောက် ကတ္တရာစေးလမ်းအတိုင်း နောက်ပြန်လျှောက်ခဲ့ကြသည်။ လမ်းတွင် သူတို့လို ရေအိုးစင်သို့ မျက်နှာသစ် သွားနေသူများလည်း ရှိသည်။ ပြန်လာသူများလည်း ရှိသည်။

အေးမက သူ့ဘေးမှ လိုက်လာသည်။ ဆံပင်များက ညိုလဲ့သော မျက်နှာတစ်ဝိုက်ကို ဖုံးနေကြသည်။ သူ့ကိုယ်က ကိုယ်သင်းနံ့က မွှေးမြနေသည်။ မနေ့ညက သူအိပ်ခဲ့သည့် ခေါင်းအုံးက အနံ့မျိုး။

အေးမကို မြင်တော့ သူ့ညီမ သန်းဆင့်ကို သတိရသည်။ ဂန့်ဂေါ–ပခုက္ကူလမ်းတွင် သန်းဆင့်လည်း ဒီလိုကူးချည်သန်းချည် လုပ်နေလိမ့်မည် ထင်သည်။

'အစ်ကို့မှာ ညီမလေးတစ်ယောက်ရှိတယ်'

ကိုမြင့်က သူ့အတွေးနှင့် သူပြောသည်။

'ညီမတစ်ယောက်ရှိတယ်၊ ဟုတ်လား'

'ဟုတ်တယ်၊ အေးမလောက်ပဲ၊ ငယ်ရင် နည်းနည်းပဲငယ်မယ်'

'ခုကော'

'ခုတော့၊ ယောကျ်ားရနေပါပြီ၊ အေးမလိုပဲ အရောင်းအဝယ်လေး ဘာလေးလုပ်နေတယ်၊ အေးမကော အရောင်းအဝယ်လုပ်တာ ကြာပြီလား'

'တစ်နှစ်ကျော်ကျော်လောက်တော့ ရှိရောပေါ့'

'ဒီပြင်အလုပ်ကို လုပ်ပါလားကွယ်၊ အေးမတို့လို မိန်းကလေးတွေ ဒီအလုပ်မျိုးလုပ်ရတာဟာ အန္တရာယ်များလှတယ်'

ကိုမြင့်၏ အမူအရာက ရိုးသားသည်။ ကိုယ့်ညီမလေး တစ်ယောက်အတွက် စိုးရိမ်ဟန်မျိုးဖြစ်သည်။ သူ့မျက်နှာတွင် ဆန်းပြားသည့်အမူရာ မတွေ့ရ။

'ဘာအန္တရာယ်များတာလဲ အစ်ကို'

'အစစအရာရာ အန္တရာယ်များတယ်၊ သားရဲတွေပေါတဲ့ တောကြီးထဲ လျှောက်ရသလိုပဲ'

'ဩော်...ဒါကတော့ အစ်ကိုရယ်၊ ဘဝဆိုရာ သက်သက်သာသာ လျှောက်ရတယ်လို့ ဘယ်ရှိပါ့မလဲ။ ဘဝဆိုတာ နှင်းဆီခင်းတဲ့လမ်း မဟုတ်ဘူး။ ဆူးခင်းတဲ့လမ်းဆိုတာ အစ်ကိုလည်း ဝတ္ထုတွေထဲမှာ မကြာခဏ ဖတ်ဖူးသားပဲ။ ဒီတော့ သားရဲတွေပေါတဲ့ တောမှန်းသိပေမယ့်လည်း လျှောက်ရတာပဲ။ အရေးက မလှတော့ အေးမတို့လည်း ပြေးရတာပေါ့ အစ်ကိုရဲ့'

www.burmeseclassic.com


အေးမစကားက အဘိဓမ္မာဆန်နေသည်။ နောက်ဆုံးစကားလုံးများကိုတော့ အေးမ ရွှတ်လိုက်ခြင်းဖြစ်သည်။ သူ့မျက်နှာကလည်း နောက်ရွှတ်ရွှတ် မျက်နှာထားဖြစ်သည်။

ကိုမြင့် မောင်ခိုဆန့်ကျင်ရေး တရားဟောတော့မည်ကို အေးမသိသည်။

ရေအိုးစင်တွင် မျက်နှာသစ်သည့် ခရီးသည်တွေ တော်တော်များသည်။

ကိုမြင့်က လူရှင်းအောင်စောင့်ကာ အေးမကို ရေခပ်ပေးသည်။

'ကျေးဇူးပဲ၊ အစ်ကိုရယ်'

၃

www.burmeseclassic.com

## ၁၁

မော်တော်ကားက အနောက်စူးစူးသို့ မောင်းနေသည်။

အနောက်ဘက်ကောင်းကင်က မီးလျှံလို ရဲနေသည်။ နေလုံးကြီးက နောက်ဘက် တောင်တန်းများနောက်တွင် ချက်ခြင်း လျှောကျသွားပြီ။

ရေဦးကထွက်တော့ ခြောက်နာရီထိုးပြီ။ ရှေ့တွင် စခန်းမရှိတော့သဖြင့် ရေဦးတွင် ထမင်းစားကြသည်။ အရက်သောက်သူက သောက်ကြသည်။ သူ့ရှေ့က ဇော်ဂျီရောင် ခရစ်အင်္ကျီနှင့်လူငယ် အပါအဝင် လူငယ်တစ်သိုက်က အရက်သောက်ကြသည်။ ကားနောက်ပိုင်းတစ်ခုလုံး အရက်နံ့ထောင်းထနေသည်။

'ဟောဝန်နန်းနဲ့ စိမ့်စမ်းထွေထွေ **x x** မာလာစုံပေါ်တဲ့ တောဝနာဖွေ**...x x** ဂန့်ဂေါမင်း မြှော်တင်းထွေထွေ**...x x** ပန်းပိတောက်ဝင်းအဖန့်သင်းပျံ့နိုင်ပေ**...x x** သရဖီရွှေအင်ကြင်းဆင်းရနံ့ ဝင်းဖန့်ဖန့် ထုံသင်းကာနေ၊ ခတ္တာပုန်းညက်ကြိုင်လှိုင်သင်းပေ**...x x**'

မော်တော်ကားပေါ်က ကက်ဆက်ထဲမှ မေရှင်၏ မဲဇာမြိုင်သီချင်းသံ ပေါ်လာသည်။

မော်တော်ကားသည် ထန်းပင်အုပ်အုပ်နှင့် ယာခင်းများကို ကျော်လာခဲ့ကာ တောကိုဝင် တောင်ကို တက်စပြုသည်။

နာမည်ကျော် မဟာမြိုင်တောပါတည်း။

အင်ကြင်းပင်၊ ကျွန်းပင်၊ ပျဉ်းကတိုးပင်တို့ ကားလမ်း တစ်ဘက်တစ်ချက်တွင် ပေါက်နေကြသည်။ အမှောင်ကြောင့် အင်ကြင်းပွင့်တို့၏ အလှကိုတော့ မမြင်ရ။ သို့ရာတွင် အနံ့ကမွှေး၍ လေကအေးနေသည်။ တရှိန်ရှိန်တောက်နေသည့် နွေတံလျှပ်များထဲတွင် တစ်နေကုန်ဖြတ်လာရသူတို့ကို အေးမြလန်းဆန်းသွားစေသည်။

ကားပေါ်ကလူတွေက စကားပြောလာကြသည်။ လူငယ်တစ်သိုက်ကလည်း သီချင်းဆိုလာကြသည်။ ကက်ဆက်မှ တေးသံ၊ စကားပြောသံ၊ သီချင်း

www.burmeseclassic.com


ဆိုသံ၊ မော်တော်ကားစက်သံတို့သည် ညအမှောင်ထဲတွင် ဝေ့ဝိုက်မျောပါကျန်ရစ်ခဲ့သည်။

တောင်တက်တောင်ဆင်းက မတ်စောက်သည်။ ကားလမ်းက ကြမ်းသည်။ တစ်နေ့မှ ကားတစ်စီးစ နှစ်စီးစလောက်သာ ဖြတ်သည့်လမ်း ဖြစ်သည်။

အရင်တစ်ခေါက် ခန္တီးကိုသွားတုန်းက မုံရွာမှ ချင်းတွင်းတစ်ကြောကို ဆန်တက်ခဲ့ခြင်းဖြစ်သဖြင့် သည်လမ်းကို ကိုမြင့် တစ်ခေါက်မှ မရောက်ဖူးဘူး။ အင်္ဂလိပ်စစ်ဆုတ်တုန်းက အဖေလိုက်၍ ကားမောင်းပေးရသည်မှာ သည်လမ်းပင်ဖြစ်လိမ့်မည်။ သို့ရာတွင် သည်လမ်းအကြောင်းကိုတော့ ကိုမြင့် ကြားဖူးသည်။ ကျောက်ထုတွင် ဆရာဦးစံကောင်းနှင့် နေစဉ်က ဆရာဦးစံကောင်းက အင်္ဂလိပ်စစ်ဗိုလ်ချုပ် ဝီလျံစလင်းရေးသည့် 'အောင်မြင်မှုသို့ ဆုတ်ခွာရခြင်း' အမည်ရှိ စာအုပ်ကို ဖတ်ပြသည်။ ဂန့်ဂေါ၊ ကျောက်ထု၊ ပေါက်၊ တပျင်းစသည့် သူသိ သည့်မြို့ရွာကို ဖြတ်သန်းရသည့် စစ်မြေပြင်အကြောင်းဖြစ်၍ သူ စိတ်ဝင်စားသည်။

တောက နက်သည်ထက် နက်လာသည်။ မော်တော်ကားသည် တောင်ကမ်းပါးယံကြီးကို မှေ့တတ်သည်။ လမ်းကကျဉ်း၍ တစ်ဖက်တွင် ချောက်ကမ်းပါးယံကြီးတွေ ရှိသဖြင့် သတိထား မောင်းနေရသည်။ လမ်းတွင် ပျဉ်လယ်ဆိုသည့် ရွာကလေးတစ်ရွာသာ တွေ့ခဲ့သည်။ ရွာဆိုသော်လည်း တဲစုကလေးသာဖြစ်သည်။ အလွန်ဆုံးရှိမှ အိမ်သုံးလေးဆယ်ခန့်ရှိမည်။

ကိုမြင့် အိပ်ငိုက်စပြုပြီ။

ကားပေါ်က ခရီးသည်များ၏ စကားသံများသည်လည်း တိတ်စပြုပြီ။ ဒရိုင်ဘာက ကက်ဆက်ကိုလည်း ဖွင့်မပေးတော့။ လမ်းကြမ်းသဖြင့် သူ့အာရုံကို တခြားသို့ ပုံ့လွင့်စေချင်ဟန်မတူ။ သတိတစ်ချက်လွတ်သွားသည်နှင့် ကားသည် ချောက်ကမ်းပါးထဲသို့ ကျသွားနိုင်သည်။

သူ့ခေါင်းက ငိုက်ကျသွားလိုက်၊ ပြန်ထောင်သွားလိုက်၊ သတိရလိုက်။ မှေ့ခနဲ ပျော်သွားလိုက်။

ဟုတ်ပါ၏။ သူနှင့်အေးမသည် တောကြီးထဲ ဖြတ်သန်းနေကြသည်။ တောက သားရဲတိရစ္ဆာန်တွေ ပေါသည်။ ရှေ့တွင် သစ်ပင်ချုံနွယ်တွေ ပိတ်နေကြသည်။ ဆူးခက်ဆူးနွယ်တွေ ဆီးနေကြသည်။ တချို့သစ်ပင်များတွင် နွယ်တန်းကြီးတွေ တွဲလွဲကျနေကြသည်။ အပေါ်ယံကြည့်လျှင် အန္တရာယ်မရှိဟု ထင်ရသော်လည်း အနားကပ်သွားသည့် သတ္တဝါကို ရစ်ပတ်နှောင်ဖွဲ့တတ်ကြသည်။ မြိုင်ကန္တာရတွင် တံလျှပ်တို့ကလည်း ထုပြောသည်။ အဝေးကြည့်တော့ စိမ့်စမ်းထင်

www.burmeseclassic.com



ရသည်။ အနားရောက်တော့ တံလျှပ်တွေဖြစ်နေသည်။ သူက အေးမလက်ကို မြဲမြဲတွဲထားသည်။ အေးမ မလိုက်နိုင်သည့်နေရာတွင် သူက တွဲခေါ်သည်။ အေးမ လဲကျလျှင်လည်း သူက ပွေ့ထူသည်။ သူနှင့် အေးမတို့နှစ်ယောက် ကန္တာရကြီးထဲတွင် မျက်စိလည်နေစဉ်၊ မုန်တိုင်းကြီး တိုက်လာသည်။ သစ်ပင်တို့ ကျိုးပြတ် လဲကျကုန်ကြသည်။ မြိုင်ကန္တာစုံလည်တောက မာယာပရိယာယ် များသည်။ လမ်းပျပျထင်၍ လျှောက်သော်လည်း ခရီးအတန်ပေါက်တော့ လမ်းစ ပျောက်သွားသည်။ ကန္တာတောလယ်တွင် သူတို့နှစ်ယောက် ရှေ့ပြည်တော်ကို ဘယ်ကစ ဘယ်ဆီ မမှန်းတတ်ပြီ။

မြောင်ဖီလာ **x x** ကန္တာစုံခြေလှမ်း **x** အိုဘယ်ဝယ်ဆီသွယ်ရည်ရွယ်မှန်း **x** စံနန်းကွာနယ် **x** ပူတယ်လေ ဆယ်နေကဲ ဖြေမပြေဘဲ သဲဝယ်ဖို

ဟုတ်ပါ၏။ ကန္တာစုံ ခြေလမ်းဖြစ်ပါ၏။ ဘယ်ဝယ်ဆီသွယ် ရည်ရွယ် မှန်း။ ရည်ရွယ်မှန်း။

ကိုမြင့် မေး မေး မေး မေး ပျော်လိုက်လာစဉ် မြည်သံကြီးတစ်ခုကို ကြားရသည်။ သူ့နားတွင် အော်သံတွေ ကြားလိုက်ရသလိုလည်း ထင်သည်။

မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ခရီးသည်တွေ လှုပ်လှုပ်ရွရွ ဖြစ်နေ သည်။ ကားက တောင်တွေပေါ်မှာ မဟုတ်တော့။ တောင်အောက်မြေပြန့်မှာ ရောက်နေပြီ။ မြေပြန့်ဆိုသည့်တိုင် ပုံ့ပျုံးနေသည့် မြေပြန့်မျိုးမဟုတ်။ ချိုင့်ဝှမ်း လျှိုမြောင်တွေ၊ ကမူတွေပြည့်နေသည့် တောလမ်းကြမ်း ဖြစ်သည်။ ဘေးတစ်ဘက် ချက်တွင် ကျွန်းပင်ကြီးများ မိုးယုက်နေကြသည်။

'မော်တော်ကားက စက်ပျက်သွားပြန်ပတဲ့'

ကားအောက်ဆင်းနေသော ခရီးသည် တစ်ယောက်က သတင်းပို့သည်။ ကားပေါ်မှ ခရီးသည်တွေက တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ ဆဲရေး တိုင်းထွာသံများကို ကြားရသည်။

အားလုံး စိတ်တိုကုန်ကြသည်။

သည်နေရာမျိုးတွင် မော်တော်ကားပျက်လျှင် မလွယ်တော့။ နေရာက လည်း တောခေါင်ခေါင်ကြီးမှာဖြစ်သည်။ မုံရွာနှင့်လည်း မနီး။ ကလေးဝနှင့် လည်းမနီး။ ဘယ်မြို့ဘယ်ရွာနှင့်မှ မနီး။

သည်နေ့ညတော့ သည်မှာအိပ်ရဖို့ သေချာပြီ။

ကားဆရာတို့က လက်နှိပ်ဓာတ်မီး တဝင်းဝင်း၊ ဖယောင်းတိုင်မီး တလက်လက်ဖြင့် ကားစက်ခေါင်းကို ဖွင့်၍ နှိုက်ကြသည်။

www.burmeseclassic.com



တချို့ခရီးသည်များက အိပ်ရာလိပ်တွေကို ဖြည်ကာလမ်းဘေးတွင် ဖြန့်ခင်းကြသည်။ သည်လမ်းကတော့ မနေ့ညကလို ကတ္တရာစေး လမ်းကျယ် မဟုတ်။

ကျောက်တုံးကျောက်ခဲများထူထပ်သော လမ်းဖြစ်သည်။ လမ်းကလည်း ကျဉ်းသည်။

အေးမက ကားပေါ်မှ ခုန်ဆင်းသည်။ မချစ်မေက စောစောကတည်းက အောက်ရောက်နေပြီ၊

'ဒုက္ခပဲ၊ ဒီနေ့ညလည်း လမ်းမပေါ်မှာ အိပ်ရပြန်ပြီ'

အေးမက မချစ်မေအနားတွင် ထိုင်သည်။ မဟာမြိုင်တောက အအေး ဓာတ်ပိုချင်သည်။ နွေနှောင်းသည့်တိုင် နှင်းကြွင်းတို့က မပြယ်တတ်သေး။ ငွေနှင်းတို့ သစ်ရွက်ပေါ်ကျသံက တစ်တောလုံးညံနေသည်။ 'နှင်းငွေရီအုံ့မဆုံး၊ မိုးပေါက်ကရှုံး' ဆိုသည့် သီချင်းတစ်ပိုင်းတစ်စကို ကိုမြင့်သတိရသည်။

သည်နေ့ညတွင်တော့ ကားခေါင်မိုးပေါ်က ဂီတာဆရာတို့လည်း စတီရီ ယိုတေး မဟစ်နိုင်တော့။ ဖော်ဂျီရောင်အင်္ကျီနှင့် လူငယ်ခေါင်းဆောင်သည့် လူငယ်တစ်သိုက်ကမူ လမ်းဘေးတွင်ထိုင်ကာ အရက်သောက်နေကြသည်။ သူ တို့တွင် အရက်ပုလင်း တော်တော်များများ ပါလာကြဟန်တူသည်။ ရေဦးတွင် ထမင်းစားကြတုန်းကလည်း သူတို့တစ်သိုက် အရက်လိုက်ရှာနေကြသည်။

သူတို့ တစ်သိုက်က အရက်သောက်ပြီး ငြိမ်ငြိမ်မနေ။ ရေဦးတုန်းကဆို လျှင် ဒရိုင်ဘာ နောက်ခုံတန်းတွင်ထိုင်သည့် ကောင်မလေးနှင့် ကောင်းလေးတို့ အတွဲကို လိုက်၍ နှောင့်ယှက်နေကြသည်။ သူတို့ သွားရာနောက်သို့ တကောက် ကောက်လိုက်နေကြသည်။ သူတို့လူသိုက် လုပ်ပုံက အများမျက်စိနောက်စရာ ဖြစ်နေသည်။ ယခုလည်း သူတို့တစ်သိုက် ကောင်လေးနှင့် ကောင်မလေး အတွဲနားတွင် အရက်သောက်ရင်း ရိုင်းစိုင်းစွာ နောက်ပြောင်နေကြသည်။

'ဘယ်လိုလဲ ရှယ်ယာလေး ဘာလေး မရဘူးလား'

ဖော်ဂျီရောင် ခရစ်အင်္ကျီနှင့် လူငယ်၏အသံ ဖြစ်သည်။ သူတို့အချင်း အချင်း အပြန်အလှန် ပြောနေပုံမျိုးဖြင့် အော်ကျယ် ဟစ်ကျယ် ပြောနေခြင်းဖြစ် သည်။ သူတို့စကားထဲတွင် နေလင်းအောင် ဆိုသည့် အမည်နှင့် မာလာဆိုသည့် အမည်ကို မကြခဏ ကြားရသည်။

'အစ်ကို ချမ်းနေပြီလား'

သူ့ရှေ့နားက အေးမက လှမ်းမေးသည်။

www.burmeseclassic.com



'နည်းနည်းတော့ အေးတယ်၊ အေးမကော'

'အေးမ သိပ်မချမ်းပါဘူး၊ ဆွယ်တာအင်္ကျီ ဝတ်ထားတယ်၊ အစ်ကိုချမ်းနေမှာပေါ့၊ ကားပေါ်က အိပ်ရာလိပ်ယူပြီး အိပ်ပါလား'

'မအိပ်ချင်သေးပါဘူး။ အေးမ အိပ်မလား၊ ယူပေးမယ်လေ'

'အေးမလည်း မအိပ်ချင်သေးဘူး'

အေးမက ပခုံးတွင် သိုင်းထားသည့် မျက်နှာသုတ်ပုဝါကို ခေါင်းပေါ်တွင် လွှမ်းလိုက်သည်။

'ညည်း မအိပ်ချင်ပေမယ့် တို့တော့ အိပ်ချင်ပြီတော့။ မောင်ဟိုဒင်းရေ၊ တို့အိပ်ရာလိပ်ကလေး ကားခေါင်မိုးက ချပေးကွယ်၊ မအိပ်လည်း အညောင်းအညာပြေ လှဲရတာပေါ့။ ဒီနေရာမှာ အိပ်ရမှာပဲ၊ စိတ်ချ'

ကိုမြင့်က ခေါင်မိုးပေါ်တက်၍ အိပ်ရာလိပ်နှစ်လိပ်ကို ချလာသည်။

'အစ်ကို အိပ်လေ'

အေးမက သူ့အိပ်ရာလိပ်ကို ကိုမြင့်ကို ပေးသည်။

'ဟင့်အင်း၊ အစ်ကို မအိပ်ချင်ဘူး။ မျက်လုံး ကြောင်နေတယ်'

'ညောင်းမှာပေါ့ အစ်ကိုရယ်'

'ရပါတယ်။ မြေကြီးပေါ် လှဲလို့ရသားပဲ'

အိပ်ရာကို ဖြန့်ခင်းသော်လည်း မည်သူမျှ မအိပ်ကြ။ မချစ်မေကမူ သူ့အိပ်ရာကို ဖြန့်ခင်း၍ အိပ်နေပြီ။ ခဏကြာလျှင် သူ့ထံမှ ဟောက်သံပေါ်လာသည်။ သူတို့နှစ်ယောက်စလုံးအိပ်ပျော်လွယ်သော မချစ်မေကိုကြည့်၍ ပြုံးမိကြသည်။

'ဒီက အစ်မကြီးကတော့ ဟန်ကျတယ်၊ ခေါင်းချလိုက်ရင် အိပ်ပျော်တာပဲ၊ အေးမကော အိပ်ချင်ရင် အိပ်လေ'

'ဟင့်အင်း၊ အေးမ မအိပ်ချင်သေးဘူး။ ဗိုက်ဆာတာ တစ်ခုပဲ'

အေးမတွင်မက သူ့လည်း ဗိုက်ဆာသည်။ ရေဦးတုန်းက ထမင်းစားခဲ့သော်လည်း ညသန်းခေါင်ကျော်တော့ ဗိုက်က ချောင်သွားပြီ။ မော်တော်ကားဆောင့်သဖြင့် ကားမပျက်ခင်တည်းက ဆာလှပြီ။

ရှေ့နားတွင် စခန်းတစ်ခုရှိသည်။ သူတို့အနားက ခရီးသည်တစ်သိုက်က ထသွားကြသည်။ မိန်းမတွေရော ယောကျ်ားတွေပါ သုံးလေးဆယ်လောက်ရှိမည်။ စားစရာသောက်စရာ ရလို့ရငြား သွားကြခြင်းဖြစ်သည်။

'အေးမ ဆာရင် အစ်ကိုလိုက်သွားပြီး ဝယ်ခဲ့မယ်လေ'

www.burmeseclassic.com


'အေးမပါ လိုက်မယ်လေ'

အေးမက လူးလဲထသည်။ သူတို့ နှစ်ယောက် ရှေ့က ခရီးသည်အုပ်နောက်သို့ လိုက်လာခဲ့ကြသည်။

လမ်းက မပြုမပြင်ပဲ ထားသည်မှာ တော်တော်ကြာနေပုံရသည်။ တချို့နေရာများတွင် ရေစီးကြောင်း လိုက်ကာ ရိုးကလေးတွေ ဖြစ်နေသည်။ အပေါ်က ဖို့ထားသည့် မြေသားကို ရေတိုက်စားသဖြင့် တောင်ကြောအောက် ကျောက်တုံးကျောက်သားတွေ ပေါ်နေသည်။

ကိုမြင့်က ရှေ့ကလျှောက်၍ အေးမက နောက်မှလိုက်သည်။ နှစ်ယောက်စလုံး စကားမပြောမိကြ။

မနက်ကလည်း ကားပျက်သည့်နေရာမှ ရေချမ်းစင်သို့ သူတို့နှစ်ယောက် အတူထွက်ခဲ့ကြသည်။ ညကျတော့လည်း ကားပျက်သည့်နေရာမှ စခန်းတစ်ခုသို့ သူတို့နှစ်ယောက် အတူလျှောက်ကြရပြန်ပြီ။

ကိုမြင့်က အေးမကိုကြည့်၍ စိတ်မကောင်း။ သည်လို မိန်းမငယ်ကလေးတွေ မှောင်ခိုကုန်ကူးရင်း ပျက်စီးသွားကြရသည်ကို မြင်ခဲ့ကြားခဲ့ဖူးပြီ။ သူ့ညီမ သန်းဆင့်ပင်လျှင် မှောင်ခိုကုန်ကူးရင်း ပထွေးလက်သို့ ကျရောက်သွားခဲ့ရပြီ မဟုတ်လော။ သန်းဆင့်က ပထွေး၏ မော်တော်ကား အပတ်တိုင်း ဂန့်ဂေါသို့ ကုန်ကူးလိုက်သည်။ သည်နည်းဖြင့် ပထွေးနှင့် မယားပါသမီးတို့ မှောက်မှားခဲ့ကြရသည်။ အေးမတို့လို ငယ်ရွယ်သော မိန်းကလေးမျိုးတွေကို သည်အလုပ်မျိုး သူ မလုပ်စေချင်။

သို့ရာတွင် မလုပ်စေချင်တော့ကော သူက ဘာများတတ်နိုင်ပါသနည်း။ မနေ့ညတုန်းကပင် အေးမ သူ့ကို မေးခွန်းထုတ်ခဲ့ပြီ မဟုတ်လော။ သူက အေးမ အမေးကိုပင် ဖြေရန် အဆင်သင့် မဖြစ်ခဲ့။ သူကိုယ်တိုင်ကလည်း အနိုင်နိုင် လမ်းမမှာ လျှောက်နေသူတစ်ဦး။

'အေးမ စကားတွေကို အစ်ကို စဉ်းစားကြည့်တယ်'

ကိုမြင့်က ပြောသည်။

'ဘာစကားတွေလဲ အစ်ကို၊ အေးမ ဘာတွေများ ပြောမိပါလိမ့်'

သြော်... မှောင်ခိုသမား အမျိုးအမျိုးရှိတယ်ဆိုတဲ့ စကားကိုပါ၊ မနေ့ညတုန်းက ပြောတာလေ'

အေးမက နားမလည်။ သူ့စကားက သည်လောက်စဉ်းစားစရာ ထွေထွေ ထူးထူးမပါဟု ထင်သည်။ ကိုမြင့်က အစဉ်းစားလွန်သည်။ လေးနက်လွန်း

www.burmeseclassic.com


သည်ဟု၊ အတွေးခေါင်သည်ဟုပင် အေးမ ထင်သည်။ အနည်းဆုံး အတွေးခေါင်သည်ဟုပင် ထင်ချင်သည်။

'ဒါများ ဘာစဉ်းစားစရာ ရှိလို့လဲ အစ်ကိုရဲ့၊ ရှင်းရှင်းလေးပါ၊ ခုခေတ်မှာ ပိုက်ဆံသိပ်ရှိတဲ့ လူကလည်း မှောင်ခိုလုပ်တယ်။ ကုန်းကောက်စရာ မရှိတဲ့ လူကလည်း မှောင်ခိုလုပ်တယ်။ မရှိတရှိ လူကလည်း မှောင်ခိုလုပ်တယ်။ အမျိုးမျိုးပေါ့၊ လူတိုင်း လုပ်နေကြတာပဲ'

'ဘာ လူတိုင်း၊ ဟုတ်လား'

'ဟုတ်တယ်၊ လူတိုင်းမှောင်ခိုလုပ်နေကြတာပဲ။

'အင်း...အေးမ စကားက ထပ်ပြီးစဉ်းစားစရာ ဖြစ်လာပြန်ပြီ'

အေးမက တမင်လုပ်ပြီးရယ်သည်။

'တချို့က မှောင်ခိုလုပ်ချင်လို့ လုပ်ကြတယ်။ တချို့က မလုပ်ချင်ဘဲ လုပ်ကြရတယ်။ တချို့ကျတော့လည်း ကိုယ့်ဖာသာကို မှောင်ခိုလုပ်မှန်း မသိဘဲနဲ့ လုပ်မိရက်သား ဖြစ်နေကြတယ်။ ရှင်းပါသလား အစ်ကို'

'ဆိုပါဦး'

'သိပ်ပြီးပိုက်ဆံရှိတဲ့ လူတွေကျတော့ မှောင်ခိုလုပ်ချင်လို့ လုပ်ကြတာလေ။ တိုက်တစ်လုံးအပြင် နောက်ထပ် တိုက်တစ်လုံး ဆောက်ချင်လို့၊ မော်တော်ကား တစ်စီးအပြင် နောက်ထပ် မော်တော်ကားတစ်စီး စီးချင်လို့၊ စိန်တစ်ဆင်စာအပြင် နောက်ထပ် စိန်တစ်ဆင်စာ ဆင်ချင်လို့၊ မယားတစ်ယောက်အပြင် နောက်ထပ် စမောလေးတစ်ယောက် ယူချင်လို့၊ အားကျစရာကြီးနော်...အစ်ကို၊ ဟဲ...ဟဲ'

အေးမက အရွှန်းဖောက်ပြီး တမင်ရယ်သည်။ ကိုမြင့်က မရယ်နိုင်၊ မရယ်ချင်။

'ဒီလောက်တောင်ပဲတဲ့လားကွယ်'

'ဩော်... ခက်လိုက်ပါဘိ အစ်ကိုရယ်'

အေးမက ညည်းသည်။ သူ့ညည်းသံက အရှေ့မှ နေထွက်၍ အနောက်တွင် နေဝင်သည် ဆိုခြင်းကို ယခုမှ သိသည့်လူတစ်ယောက်အား သနားသည့် ညည်းသံမျိုးဖြစ်သည်။

'သူတို့က ခေတ်မီပေသကိုး အစ်ကိုရဲ့၊ ခေတ်မီတယ် ဆိုတာကိုတော့ အစ်ကို နားလည်ပါတယ်နော်'

ခက်ပြီ။ သည်နေ့ညတော့ အေးမ သူ့ကို ပညာစမ်းနေပြီ ထင်သည်။

www.burmeseclassic.com


'ပြောပါဦး'

မသိရင် မှတ်ထား အေးမပြောမယ်၊ ခေတ်မီတယ်ဆိုတာ ခေတ်အကြောင်းကို သိတာ၊ လိမ္မာတာ၊ ရေလိုက် ငါးလိုက် နေတတ်တာ၊ ဟိုကွေ့ကို ဟိုတက်နဲ့ လှော်ပြီး ဒီကွေ့ကျတော့ ဒီတက်နဲ့ လှော်တက်တာ၊ ဂုဏဝုဍ္ဍိဆိုတဲ့ စကားနှင့်အညီ ကိုယ့်ထက်ရာထူးကြီးသူ၊ ဂုဏ်ကြီးသူ၊ ကိုယ့်ကို စောင့်မမဲ့သူကို ကျိုးနွံရိုသေတတ်တာ၊ ကတညုတ ကတဝေဒီ ဆိုတဲ့ စကားလို အထက်လူကြီးက ပြုဖူးတဲ့ ကျေးဇူးကိုသိပြီး အဲဒီ ကျေးဇူးကို ပြန်ဆပ်တာ။ ဉာတကာ နဉ္စသင်္ဂဟော ဆိုသလို ကိုယ်ကြီးပွားချမ်းသာရင် ကိုယ့်ရဲ့ဆွေမျိုး၊ သားမယား၊ ခယ်မ၊ ယောက်ဖ တို့ကို သင်္ဂြိုဟ်ထောက်ပံ့တာ၊ အောက်လက်ငယ်သားကို ပေးကမ်းချီးမြှင့်တာ၊ ကိုယ်အယူအဆကို အမှန်လို့ တရားသေမဆုပ်ကိုင်ဘဲ ခေတ်နဲ့အညီ လိုက်လျော ညီထွေ ကျင့်တတ်တာ အဲဒါတွေဟာ ခေတ်မီသူတစ်ယောက်ရဲ့ မရှိမဖြစ်တဲ့ အရည်အချင်းတွေပေါ့ အစ်ကိုရဲ့၊ တရားတော်နဲ့လည်းညီ၊ ခေတ်နဲ့လည်းညီ၊ လောကီမှာလည်း ကြီးပွား၊ သံသရာမှာလည်း အကျိုးရှိ၊ အစ်ကိုကော အဲဒီလို ခေတ်မီတဲ့ လူတစ်ယောက် မဖြစ်ချင်ဘူးလား'

'အင်း၊ အဟင်း–ဟင်း'

'သူတို့က ကုန်ကူးသန်းရောင်းဝယ်တဲ့အလုပ်ဟာ ဘာတဲ့၊ ဩော်... ဟုတ်ပြီ၊ ခမ္မိယလဒ္ဓဖြစ်သတဲ့၊ ခမ္မိယလဒ္ဓဆိုတာ ဘာတဲ့လည်း အစ်ကို'

'သန့်ရှင်းစင်ကြယ်သပေါ့ကွယ်'

'အင်း။ အဲ...ဟုတ်တယ်၊ သန့်ရှင်းသတဲ့၊ စင်ကြယ်သတဲ့၊ ဘယ်သူ့ ဥစ္စာကိုမှ လုယူတာမဟုတ်ဘူးတဲ့၊ ရောင်းဝယ်သူနှစ်ဦး သဘောတူမှ ရတဲ့အလုပ် တဲ့။ ဟုတ်သားပဲနော်၊ ဒါထက် အစ်ကို့ တက်ထရွန်အင်္ကျီစိမ်းဟာ ဘယ်လောက် ပေးရသလဲ၊ လုံချည်ကကော'

'အင်္ကျီကတော့ တစ်ထည်ကို ငါးဆယ်လောက်ကျတယ်၊ လုံချည်က လေးဆယ်လောက်၊ ဝယ်ထားတာ ကြာပါပြီကွယ်'

'ဘယ်က ဝယ်တာလဲ'

'အင်း၊ အဲ... မှောင်ခိုဈေးက'

အေးမက ရယ်သည်။

'ဒါပဲပေါ့ အစ်ကိုရဲ့၊ ရောင်းသူက ရောင်းတယ်ပေါ့၊ ဝယ်သူက ဝယ်တယ်ပေါ့၊ ဒါကြောင့် သူတို့က ကုန်အရောင်းအဝယ်လုပ်တာဟာ အဲ့... ဘာတဲ့၊ ခမ္မိယလဒ္ဓလို့ ပြောတာနေမှာပေါ့၊ ဟုတ်ဖူးလား'

www.burmeseclassic.com


ကိုမြင့်က ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

'ဒါပေမယ့် အဲဒီ သိပ်ချမ်းသာပြီး မှောင်ခိုအလုပ်ကိုလုပ်ချင်လို့ လုပ်နေတဲ့ လူတစ်စားလည်း ရှိသေးတယ်။ သူတို့ကတော့ လူတွေကျပ်တည်းတာကို သဘောကျသတဲ့၊ သူတို့အဘိဓမ္မာက ဘာတဲ့၊ ဩော်...ဟုတ်ပြီ၊ ပြည်နာရင် ငွေရှာလို့ ကောင်းသတဲ့၊ သိလားအစ်ကို၊ ဘယ်လောက်ကောင်းတဲ့ အဘိဓမ္မာလဲနော် အစ်ကို'

အေးမက ချဉ်စိတ်ပေါက်၍ ပြောနေသည်လော၊ လှောင်ပြောင်နေသည်လော။ ကိုမြင့် စဉ်းစားသည်။ သည်လေသံကိုထောက်၍ နှစ်ခုစလုံးဖြစ်နိုင်သည်ဟု ကိုမြင့်ထင်သည်။

'နေပါဦး၊ ခုအေးမပြောတာက သိပ်ပိုက်ဆံချမ်းသာပြီး၊ မှောင်ခိုလုပ်ချင်လို့ လုပ်နေသူတွေ အကြောင်းပဲ ရှိသေးတယ်၊ ပြီးတော့ကော'

'ဩော်...ဆောရီးအစ်ကို၊ အေးမ စကားနည်းနည်းလောသွားတယ်၊ နောက်တစ်မျိုးကတော့ ကိုယ့်ဖာသာကိုယ် မှောင်ခိုဖြစ်မှန်းမသိဘဲနဲ့ မှောင်ခိုလုပ်ရက်သား ဖြစ်နေတဲ့ လူတွေ၊ မရှိတရှိလူတွေ၊ အဲဒီလူတွေကတော့ အများစုကြီးပဲ။

'ဘယ်လူတွေလဲ'

'အစ်ကို ပြည်သူ့ဆိုင်တို့၊ သမဝါယမဆိုင်တို့ မရောက်ဖူးဘူး ထင်တယ်'

လမ်းက ကျောက်ခဲတွေ၊ ကျောက်တုံးတွေ များလာသဖြင့် နှစ်ယောက်သား သတိထား သွားနေကြရသည်။ ခပ်လှမ်းလှမ်းမှ လက်နှိပ်ဓာတ်မီးရောင်က တချီတချီတွင်ဝင်းကနဲ့ လက်လာသည်။

'သမဝါယမက ပစ္စည်းထုတ်တဲ့နေ့တို့၊ ပြည်သူ့ဆိုင်က ပစ္စည်းရောင်းတဲ့နေ့တို့မှာ အိမ်ရှင်မတွေဟာ ရသမျှပစ္စည်းထုတ်၊ မလိုတဲ့ပစ္စည်းတွေကို ရသမျှ အမြတ်ကလေးတွေနဲ့ ပြန်ရောင်း၊ ရောင်းလို့ရတာလေးတွေနဲ့ သမဝါယမက ရတဲ့ ပစ္စည်းကို မှောင်ခိုမှာ ဝယ်သုံးနေကြရတယ်။ သူတို့ မလိုလို့ ရောင်းတဲ့ပစ္စည်းလေးတွေကို ဆိုင်က ဈေးသည်လေးတွေက ဆီးကောက်၊ ဈေးသည်ကြီးတွေဆီ ပြန်ရောင်း၊ ဈေးသည်ကြီးတွေက လိုတဲ့လူကို ပြန်ဖြန့်။ တကယ်တော့ ဈေးသည်တွေ ဆိုင်ပေါ်မှာ ရောင်းနေတဲ့ ပစ္စည်းတွေဟာ မသမာသူဝန်ထမ်းတွေ ခိုးထုတ်နေတဲ့ ပစ္စည်းတွေရယ်၊ အိမ်စရိတ်ကာမိအောင် မလိုတာကို လဲဖယ်ရောင်းရတဲ့ အိမ်ရှင်မတွေဆီက ပစ္စည်းတွေရယ်ပဲ မဟုတ်ဘူးလား အစ်ကို၊ လိုတဲ့သူကျတော့လည်း အဲဒီပစ္စည်းတွေကို ဈေးသည်ကြီးတွေဆီက ပြန်ဝယ်ရပြန်ရော။ ဒီလိုနဲ့

www.burmeseclassic.com


မရှိတရှိ လူတွေဟာ မသိဘဲနဲ့ မှောင်ခိုလုပ်နေကြတယ်။ မှောင်ခိုကို အားပေးမိရက်သား ဖြစ်နေရတယ်'

'နောက်တစ်မျိုးက'

'နောက်တစ်မျိုးကတော့ အစ်ကို ခုမြင်သားပဲ။ အေးမတို့လို သိပ်မွဲတဲ့ လူတွေ၊ ဟိုပစ္စည်း ဒီသယ်၊ ဒီကပစ္စည်းလေး ဟိုသယ်နဲ့ ထမင်းလေးတစ်လုတ် နပ်မှန်မှန်စားရဖို့ လုပ်နေကြရသူတွေပဲပေါ့။ မနေ့ညက အေးမ အစ်ကို့ကို ပြောခဲ့သားပဲ။ ကိုယ့်အကြောင်းနဲ့ကိုယ် လုပ်ရတာ။ ဒါပေမယ့် အေးမတို့ တစ်ပတ်လုံး လုပ်တဲ့ အရင်းအနီးက ခုနကလို သိန်းချီပြီး လုပ်တဲ့လူတွေ တစ်နေ့ အရက်ဖိုး မရှိပါဘူး'

အေးမအသံက သည်တစ်ခါကျတော့ လှောင်သံမပါ။ တည်ငြိမ်လာသည်။ သို့ရာတွင် တည်ငြိမ်ပြီး ပျော့ပျောင်းသွားပုံမျိုးမဟုတ်၊ အနည်းငယ်မာသည်။

'မုံရွာမှာ သူဌေးတစ်ယောက်ရှိတယ်။ ဦးမြမင်းတဲ့။ ချမ်းသာလိုက်ပုံများတော့ အစ်ကိုရယ် တစ်ခါတစ်ရံ ငွေစက္ကူဆိုတာ ဂုန်နီအိတ်နဲ့ ထည့်ရတယ်။ မော်တော်ကားဆိုလည်း တစ်စီးပြီးတစ်စီး။ ဆောက်လိုက်တဲ့တိုက်တွေ၊ အိမ်တွေက လည်း မုံရွာမှာ လက်ညှိုးထိုးမလွဲဘူး။ တိုက်တစ်လုံးဆောက်ရင် သစ်တို့၊ ဘိလပ်မြေတို့၊ သံတံခါးတို့၊ မှန်တို့၊ သံဇကာတို့ ဘာတို့၊ အိမ်ဆောက်ပစ္စည်းတွေ ပေါ့လေ။ အဲဒါကို အစိုးရဆီက ရအောင်လျှောက်တယ်။ ဘယ်လိုရသလဲ မမေးနဲ့။ အေးမလည်း မသိဘူး။ သူ့နည်းနဲ့သူ ရှိတယ်။ အဲဒါတွေကို ပြန်ရောင်း ရင် အစိုးရဈေးထက် နှစ်ဆသုံးဆ ရမယ်။ အဲဒီက အမြတ်ငွေနဲ့ နောက်တစ်ခါ အစိုးရဆီလျှောက်ပြီး တိုက်တစ်လုံး ထပ်ဆောက်တယ်။ တိုက်တစ်လုံးစာ ပစ္စည်း ရရင် နောက်ထပ်တိုက်တစ်လုံးလောက် အလကား ရလိုက်တာပဲ။ ဒါတွင်လား ဆိုတော့ မကသေးဘူး။ စက်မှုလုပ်ငန်းရှင်ဆိုပြီး စက်ပစ္စည်းလျှောက်တယ်၊ ကုန်ကြမ်းလျှောက်တယ်။ အဲဒီကုန်ကြမ်းနဲ့ စက်ပစ္စည်းကို ပြန်ရောင်းတယ်။ တကယ်လိုတာကို အမြတ်နဲ့ အစိုးရဆီမှာ နောက်ထပ်လျှောက်ယူတယ်။ ဘယ်လိုရသလဲလို့ မမေးနဲ့။ ဒါလည်း အေးမ မသိဘူး။ သူ့နည်းနဲ့ သူ့ဟန်နဲ့ ရတာပဲ။ ဒါက ကြောင်းဆီနဲ့ ကြောင်းပြန်ကြော်တဲ့နည်း။ ဒီပြင် ကျောက်စိမ်းကုန်ကူးတာ၊ နိုင်ငံခြားပစ္စည်း တိတ်တခိုးသွင်းတာ။ ဒါတွေ မပါသေးဘူး၊ ဟင်း'

သည်တစ်ခါတော့ အေးမ သက်ပြင်းချသည်။

'သိပ်ချမ်းသာတဲ့ လူတွေက အမြတ်ကြီးကြီး စားနေကြတော့ သိပ်မွဲနေ

www.burmeseclassic.com


တဲ့ အေးမတို့က အမြတ်နည်းနည်းလေးတော့ စားရတာပေါ့ အစ်ကိုရယ်။ အေးမလည်း အစတုန်းကတော့ တင်းခံနိုင်သမျှ တင်းခံတာပဲ။ ဒါပေမယ့် မတတ်နိုင်ဘူး အစ်ကိုရေ။ လောကကြီးက ဒီလိုပဲလုပ်ရမှာပဲ။ မစန်းရင် ပြောသလိုပေါ့'

အေးမက မစန်းရင် အကြောင်းကိုပြောပြသည်။

'မစန်းရင်က လောကကြီးမှာ ကိုယ်က သူများမျက်ခုံးမွေးပေါ် စကြိုလျှောက်ရင်လျှောက်၊ မလျှောက်ရင် သူများက ကိုယ်မျက်ခုံးမွေးပေါ်မှာ လျှောက်သွားမှာပဲတဲ့။ မစန်းရင်ပြောတုန်းက သိပ်သဘောမပေါက်ဘူး။ နောက်မှ သူပြောတာ သိပ်ဟုတ်ပါလားလို့ အေးမ သဘောပေါက်လာတယ်။ အရင်တုန်းကတော့ လူတွေကို ယုံတယ်။ အခုတော့ လူတွေကို မယုံတော့ဘူး။ ကိုယ်က သူများမျက်ခုံးမွေးပေါ် စကြိုမလျှောက်ရင် သူများက ကိုယ့်မျက်ခုံးမွေးပေါ်မှာ စကြိုလျှောက်မှာပဲ'

ကိုမြင့်က ခေါင်းကို ဖြည်းညင်းစွာ ရမ်းသည်။

'အေးမရဲ့ အမြင်ဟာ ခါးသီးလွန်းတယ်။ လူတွေအပေါ်မှာ အဆိုးမြင်ရာ ရောက်တယ်လို့ အစ်ကိုထင်တယ်'

'ဟုတ်တယ် အရင်တုန်းကတော့ လူတွေကို အကောင်းမြင်တယ်။ ခုတော့ အစ်ကိုပြောသလို အဆိုးမြင်သွားပြီ။ ဘဝမှာ ခံခဲ့ရတာတွေ များလှပြီလေ။ ခု ဒီကားပေါ်က လူတွေကိုပဲကြည့်။ အားလုံးမှာ ကိုယ့်ဖို့လောက်ပဲ ကြည့်ကြတယ်။ ဒီမှာ အစ်ကိုတစ်ယောက်ထဲ ထူးခြားနေတယ်။ ဒါကြောင့် အေးမ အစ်ကို့ကို ခင်တာပေါ့'

'အစ်ကိုကတော့ အေးမနဲ့ ပြောင်းပြန်ပဲ။ အစ်ကိုဟာ အရင်တုန်းက ခု အေးမဖြစ်နေသလို လူတွေကို အဆိုးမြင်ခဲ့တယ်။ ခါးခါးသီးသီး ကြည့်ခဲ့တယ်၊ ဘဝမှာ နာစရာတွေ တွေ့ခဲ့တာကိုး။ နာကြည်းစရာတွေ များတော့ လူတွေကို မကျေမနပ် ဖြစ်လာတယ်။ လောကကြီးကိုလည်း မကျေမနပ်ဖြစ်လာတယ်။ ကိုယ့်ကိုကိုယ်လည်း မကျေမနပ် ဖြစ်လာခဲ့တယ်။ ဒါပေမယ့် အထိန်းသိမ်းခံရာက လွတ်တော့'

'ဩော်...အထိန်းသိမ်းခံခဲ့ရတယ် ဟုတ်လား'

'ဟုတ်တယ်။ ဒါက အရေးမကြီးပါဘူးလေ၊ အစ်ကို ပြောချင်တာက အစ်ကို အမြင်ပြောင်းသွားပုံလေးကိုပါ။ ဟိုထဲရောက်တော့ လူမျိုးစုံ၊ ဘဝမျိုးစုံ တွေ့ခဲ့ရတယ်။ အကျဉ်းအကျပ်ထဲရောက်တော့ ကောင်းတယ်လို့ ထင်ရပေမယ့် မကောင်းတဲ့လူ ဖြစ်နေတတ်တယ်။ မကောင်းဘူးလို့ ထင်ခဲ့ပေမယ့် ကောင်းတဲ့

www.burmeseclassic.com


လူတွေလည်း တွေ့ခဲ့ရတယ်။ အဲဒီအခါကျတော့မှ အဆိုးနဲ့အကောင်းကို အစ်ကို ခွဲခွဲခြားခြား သိလာတယ်။ မကောင်းတဲ့လူတွေရှိသလို ကောင်းတဲ့လူတွေလည်း ရှိပါသေးလားဆိုတာ သိခဲ့ရတယ်'

ကိုမြင့်က ဆေးပြင်လိပ်ကို မီးညှိသည်။ ပြန်ဟပ်သော မီးရောင်တွင် သူ့မျက်လုံးများက တဖိတ်ဖိတ်လက်နေကြသည်။

'ကြည့်စမ်း'

ကိုမြင့်က ကြေးမီးခြစ်ကို အိတ်ထဲသို့ ပြန်ထည့်ပြီး ဘေးပတ်ဝန်းကျင်ကို ပြလိုက်သည်။ အေးမ အလန့်တကြားဖြစ်သွားသည်။

'ညဟာ မမှောင်ဘူးလား၊ တောကလည်း မှောင်မှောင်၊ ညကလည်း မှောင်မှောင်'

'ဟုတ်တယ်နော်၊ သိပ်မှောင်တာပဲ'

အေးမက ဘုမသိဘမသိဖြင့် ပတ်ဝန်းကျင်ကို ကြည့်သည်။

'ဒါပေမယ့် ကောင်းကင်မှာ ကြယ်တွေ လင်းနေတယ် အေးမ၊ ဘယ်လောက်ပဲ မှောင်မှောင် အလင်းရောင်ဆိုတာကတော့ ရှိနေသေးတာပဲ မဟုတ်ဘူးလား။ ဒီအလင်းရောင်ဟာ အားနည်းကောင်း အားနည်းနေလိမ့်မယ်၊ ဒါပေမယ့် ဘဝမှာ အမှောင်ချည့်ဆိုတာ မရှိနိုင်ပါဘူး။ မှောင်တယ်ဆိုတာဟာ လင်းတယ်ဆိုတာကြောင့် ဖြစ်လာရတာပါ။ အမှောင်နဲ့အလင်းဆိုတာဟာ တစ်ခုစီရှိနေတဲ့ အရာတွေ မဟုတ်ပါဘူး။ အလင်းနဲ့အမှောင်ဆိုတာ သံသရာ လဆန်းကတည်းက ဒွန်တွဲပြီးရှိခဲ့ကြတာပါ။ အမှောင်ချည့်ပဲ အမြဲတမ်းမရှိနိုင်ပါဘူး။ ညတိုင်းဟာလည်း မှောင်မနေပါဘူး၊ အမှောင်ဆိုတာ ရှိရင် အလင်းဆိုတာလည်း ရှိရမှာပဲ။ အစ်ကိုတို့ရဲ့ဘဝဟာ မှောင်လှချည့် မိုက်လှချည့်ဆိုပြီး ဘဝကို အမှောင်ဘက်ကပဲ ကြည့်နေရင် ငိုချင်းရှည်ကြီးတစ်ပုဒ်ပဲ ဖြစ်နေတော့မှာပေါ့။ တကယ်တော့ လူ့ဘဝဟာ တိုတိုလေးပါ၊ ဘဝတိုတိုလေးမှာ ဘာဖြစ်လို့ ငိုချင်းရှည်ကြီး ချနေရမှာလဲ၊ ဘဝတိုတိုမှာ ခဏပဲငိုကြရမှာပါ၊ ငိုစရာတွေ ဆုံးရင် ပြုံးစရာကို ရောက်မှာပါ။ အစ်ကိုတို့ ဆရာတစ်ယောက် ပြောဖူးသလို'

ကိုမြင့်က ဆေးပြင်းလိပ်တိုကို လွှင့်ပစ်လိုက်သည်။

'အင်မတန်မည်းမှောင်တဲ့ တိမ်တိုက်တွေမှာတောင် ငွေရောင်အနားလေးတော့ ရှိစမြဲပါတဲ့။ ဘဝမှာလည်း ဒီလိုပဲပေါ့၊ ဘယ်လောက်မည်းမှောင်တဲ့ ဘဝမှာဖြစ်စေ၊ မျှော်လင့်ချက်ဆိုတဲ့ အလင်းရောင်ကလေးတော့ ရှိစမြဲပါ။ အေးမပဲ ခုနက ပြောတယ်မဟုတ်လား'

www.burmeseclassic.com


'ဘာလဲအစ်ကို၊ အေးမပြောတဲ့ စကားတွေက အများကြီး'

'ကားပေါ်က လူတွေအားလုံးဟာ ဘယ်လိုလိမ်ရ၊ ညာရမယ်ဆိုတာ လောက်ကိုပဲ ကြည့်ကြတယ်၊ အစ်ကိုတစ်ယောက်ပဲ ထူးခြားတယ်လို့ ပြောတာလေ'

'သြော်...အင်း'

'အစ်ကိုဟာ သူတို့နဲ့မတူ ထူးခြားတယ်ဆိုရင် အစ်ကိုဟာ လုံးဝ မလိမ်လို့၊ မညာလို့ ထူးခြားတာ မဟုတ်ပါဘူး။ အစ်ကိုကိုယ် အစ်ကို ဒီလောက်လည်း ထင်မထားပါဘူး။ ဒါပေမယ့် မလိမ်ဖို့ မညာဖို့၊ ရိုးသားဖို့၊ သူများကို အတတ်နိုင်ဆုံးကူညီဖို့ကိုတော့ အစ်ကိုကြိုးစားတယ်။ အစ်ကိုပြောချင်တာ ဒါပါပဲ။ ဘဝဟာ ပျားရည်လို အမြဲချိုမနေပေမယ့် တမာလိုလည်း အစဉ်ခါးနေတာ မဟုတ်ပါဘူး။ ဘဝကို အမှောင်ဘက်ချည့် မကြည့်ပါနဲ့။ အေးမက အစ်ကိုဟာ ကားပေါ်က လူတွေနဲ့ မတူဘူးလို့ ပြောတဲ့အတွက် အစ်ကိုဝမ်းသာတယ်၊ ကျေးဇူးလည်းတင်တယ်။ လူတွေကိုမကျေနပ်လို့ ရင်ဖွင့်ချင်တဲ့အခါမှာ ဖြစ်စေ၊ တခြားအကြောင်းကိစ္စ ကြီးငယ်ရှိလို့ အကူအညီလိုတဲ့အခါဖြစ်စေ၊ လက်လှမ်းမီတဲ့ နေရာမှာ အစ်ကိုရှိနေရင် အစ်ကို့ကိုပြောပါ။ အစ်ကို တတ်နိုင်သမျှ ကူညီပါ့မယ်။ ဟော–စခန်းတောင် ရောက်လာပြီ'

သည်လိုအားပေးနှစ်သိမ့်စကားကို ကြားရသည်မှာ အေးမဘဝတွင် ပထမအကြိမ် ဖြစ်လိမ့်မည်ထင်သည်။ သူ့စကားကို ကြားရသည့်အခါတွင် အေးမ ကျေးဇူးလည်း တင်သည်။ အားလည်းရှိသည်။

'ကျေးဇူးတင်ပါတယ် အစ်ကို'

အေးမ စိတ်ထဲကဆိုသည်။ ပါးစပ်ကတော့မထွက်။

စခန်းတွင် ရေနံဆီမီးခွက်ကလေး မှိန်မှိန်လင်းနေသည်။ မီးရောင်က အမှောင်ထုကြီးကို ဖောက်ထွင်းဖြာကျနေသည်။

စခန်းက ယုဇလယ်ဟုခေါ်သည်။ ပေါင်လုံးသာသာ ဖြောင့်စင်းသော ကျွန်းတိုင်များကို တိုင်ထူကာ သက်ကယ် စိပ်စိပ်မိုးထားသည်။ စားပွဲကလည်း ကျွန်းစားပွဲဝိုင်းကြီးတွေ ဖြစ်သည်။ လူဆယ်ယောက်လောက် ကောင်းကောင်း ဝိုင်းနိုင်သည်။ ကျွန်းတောထဲတွင် ဖြစ်၍ ကျွန်းတိုင်၊ ကျွန်းစားပွဲတွေကို ဖောဖော သီသီ သုံးထားသည်လော မပြောနိုင်။ သည်စားပွဲကြီးတွေက သည်စခန်းနှင့် နည်းနည်းမှုမလိုက်။

www.burmeseclassic.com


စခန်းဆိုသော်လည်း အိမ်ခြေများများမရှိ။ သုံးလေးအိမ်လောက်သာရှိသည်။ သစ်ထုတ် အလုပ်သမားများ၏ စခန်းဟု သိရသည်။ မဟာမြိုင်တောထဲသို့ ဝင်၍ ပျားဖွပ်ကြသော ပျားဖွပ်သမားများမှန်သမျှ၊ သစ်ခုတ်အလုပ်သမားမှန်သမျှ ယုဇလယ်စခန်းသို့ ထွက်ရသည်။ ပစ္စည်းသယ်လိုလျှင် သည်စခန်းသို့ထွက်၍ ကားကြုံစောင့်ရသည်။

မဟာမြိုင် တောဟောမဝါတွင်းက တစ်ခုတည်းသော လမ်းဆုံကလေးပါတည်း။

စခန်းက တဲထဲတွင် လူတော်တော်များသည်။ စားပွဲ လေးငါးလုံးလောက်တွင် နေရာလပ်မရှိသလောက် ပြည့်နေပြီ။ ဇော်ဂျီရောင် ခရစ်အင်္ကျီနှင့် လူငယ် ခေါင်းဆောင်သည့် လူသိုက် စားပွဲတစ်လုံးကို သိမ်းထားကာ အရက်ဝိုင်းဖွဲ့ကြသည်။ အေးမတို့နှစ်ယောက် ဝင်လာတော့ သူတို့မျက်လုံးများသည် အေးမတို့ထံသို့ ရောက်လာကြသည်။

သူတို့နှစ်ယောက်က တဲစခန်းအစွန်က ဝါးပိုးတန်းလျားကလေးတစ်လုံးတွင် ဝင်ထိုင်ကြသည်။ သူတို့နေရာက အလင်းရောင်ကွယ်နေသဖြင့် မှောင်ရီရီဖြစ်နေသည်။

'လက်ဖက်ရည် သောက်မလား'

ကိုမြင့်က မေးသည်။

'သောက်လေ၊ အေးမလည်း လမ်းလျှောက်ရတာနဲ့ ဆာလာပြီ'

စခန်းတွင် ဆတ်သားခြောက်ကြော်၊ ဂျီသားဟင်း၊ တောဝက်သားဟင်းနှင့် ထမင်းလည်း ရသည်။

'ထမင်းစားဦးမလား'

'ဟင့်အင်း။ အချိန်မတော်ကြီးစားလို့ မကောင်းတော့ပါဘူး။ ခုဆို နာရီပြန်နှစ်ချက်လောက် ရှိရော့မယ်'

သူတို့နှစ်ယောက်က ကောက်ညှင်းထုပ်၊ ဆတ်သားကြော်များနှင့် လက်ဖက်ရည်နှစ်ခွက် မှာလိုက်သည်။ မချစ်မေဖို့လည်း ဆတ်သားကြော်နှင့် ကောက်ညှင်းထုပ်တစ်ထုပ် မှာသည်။

နောက်ထပ် ခရီးသည်များ လက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် ရောက်လာကြသောကြောင့် ယုဇလယ်စခန်းက ဆိုင်ကလေးမှာ ခရီးသည်များဖြင့် ပြည့်သွားသည်။

www.burmeseclassic.com



စောစောက တိတ်ဆိတ်နေသော ယုဇလယ်စခန်းသည် ဆူညံစပြုလာသည်။ ကညင်ပင်ကြီးပေါ်က ညဥ့်ငှက်သံပင်လျှင် ပျောက်သွားသည်။ အဆူညံဆုံးမှာ ဇော်ဂျီရောင်ခရစ်အင်္ကျီနှင့် လူငယ်ခေါင်းဆောင်သည့် ဝိုင်းဖြစ်သည်။ စားပွဲပေါ်တွင် အရက်ပုလင်းသုံးလုံး တင်ထားသည်။ သူတို့လူသိုက်က အားလုံးလေးယောက်ရှိသည်။ ဆတ်သားကြော်များကို တစ်ပွဲပြီးတစ်ပွဲမှာကာ အရက်နှင့်မြည်းနေကြသည်။

အေးမက မှောင်ရိပ်ထဲမှနေ၍ သူတို့ဝိုင်းကို လှမ်း၍ကြည့်လိုက်သည်။ သူ့ကိုစိုက်ကြည့်နေသော နီညိုရောင်ခရစ်အင်္ကျီနှင့်လူငယ်၏ မျက်လုံးများနှင့် သွားဆုံကြသည်။

'အေးမဖြင့် ဟိုအညိုအရောင်ခရစ်အင်္ကျီနှင့်ကောင်ကို သိပ်မုန်းတာပဲ။ လူကို ဘယ်လိုအစားမျိုးထဲက ထင်နေသလဲ မသိဘူး'

အေးမက ဆတ်သားခြောက်တစ်ဖဲ့ကိုစားရင် ခပ်တိုးတိုးပြောသည်။

'ကားပေါ်မှာတုန်းက အစ်ကိုရှေ့က ထိုင်တဲ့ကောင် မဟုတ်လား'

'ဒါပေါ့၊ အရက်တွေမူးလို့၊ သူ့ကိုယ်ကြီးက သူများရင်ခွင်ထဲကို လှဲချတော့မယ့်အတိုင်းပဲ၊ တကယ်ပဲမုန်းတယ်'

'အစ်ကို သိသားပဲ၊ ဒါကြောင့် အေးမနဲ့ နေရာချင်းလဲထိုင်တာ'

'ပြီးတော့ မတော်တဆလိုလို ဘာလိုလိုနဲ့ ဒူးပေါ်လက်လာတင်သေးတယ်၊ အေးမကတော့ ပုတ်ချလိုက်တာပဲ။ မမချစ်မေ သွားတင်တော့ တွယ်အပ်နဲ့ ထိုးမယ်ဆိုပြီး အော်ကျယ်ဟစ်ကျယ် ထလုပ်တော့တာပဲ'

'အင်းဒီလိုပဲလေ မှောင်ခိုလုပ်ရကတည်းက ကိုယ်က တစ်ပန်းရှုံးနေပြီ။ လူတွေကလည်း ကိုယ်ချင်းမစာချင်ကြဘူး။ မှောင်ခိုဈေးသည် မိန်းကလေးရွယ်ရွယ်ဆိုရင် အထင်သေးချင်ကြတယ်။ ဖြစ်နေပုံက အထင်သေးမယ်ဆိုရင်လည်း သေးစရာဖြစ်နေတာကိုး'

ကိုမြင့်က အေးမပြောသည့် မစန်းရင်၏ပုံကို မြင်ယောင်နေသည်။

'တချို့ကုန်သည်တွေကလည်း မိန်းကလေးငယ်ငယ်ကလေးတွေကို တည်ကြက်အဖြစ် အသုံးပြုတာကိုး အစ်ကိုရဲ့'

ထိုစဉ် အရက်ဝိုင်းမှ ဆူညံဆူညံကြားရသဖြင့် စကားပြတ်သွားကြသည်။ သူတို့ထဲမှ တစ်ယောက်က သီချင်းဆိုနေသည်။

'ကြက်ပါကွာ၊ မသိရင် ခက်မယ်'

www.burmeseclassic.com



သူတို့နှစ်ယောက်စလုံး မျက်နှာပျက်သွားကြသည်။ အေးမ မျက်နှာက ပထမတော့ ရဲတက်သွားသည်။ နောက်တော့ ပမာမထားဟန်၊ မျက်နှာကိုမော့၍ တင်းထားလိုက်သည်။ နောက် သူတို့ဘက်သို့ မျက်နှာထားတင်းတင်းဖြင့် လှမ်းကြည့်ပြီး၊ ကိုမြင့်ဘက်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ ကိုမြင့်ကလည်း သူတို့ဘက်ကို တစ်ချက်မျှ ကြည့်သည်။ ကိုမြင့် ခေါင်းမဖော်ရဲ၊ မဖော်ချင်။

ဖြစ်ရမည်၊ သည်ခရီးမျိုးတွင် သည်လိုလူတွေ ပါရမည်။ သည်အတိုင်း ပင် ဖြစ်ရမည်။ မနေ့ညတုန်းကလည်း သူတို့တစ်သိုက်သည် စုံတွဲများကို လိုက်ချောင်းသည်။ ဒရိုင်ဘာနောက်ခုံတန်းတွင် ထိုင်သည့် စုံတွဲနားတွင် တရစ်ဝဲဝဲ လုပ်ကြသည်။ မကြားနိုးနား ပြောခဲ့ကြသည်။ သူတို့ကိုလည်း အနှောင့်အယှက်ပေး ကြသည်။ ယနေ့ည ယုဇလယ်စခန်းတွင်မူ ဒရိုင်ဘာနောက်ခုံတန်းက စုံတွဲမပါ တော့၊ သူတို့စုံတွဲသာ ပါတော့သည်။ အင်း သူတို့စုံတွဲသာ ပါတော့သည်ဟု ပြောရမည်ထင်သည်။

တခြားစုံတွဲတွေမရှိတော့၊ သူတို့တစ်သိုက်သည် အေးမတို့ စုံတွဲကို ပို၍ အာရုံစိုက်လာကြသည်။

'အေးမလေ အဲဒီ အညိုရောင် အင်္ကျီနဲ့ကောင်ကို သိပ်မုန်းတာပဲ။ အေးမကို မျက်စပစ်ပြ၊ လျှာထုတ်ပြနဲ့၊ ဟင်း... လူကိုက'

'ဒါတွေကို ဂရုစိုက်မနေပါနဲ့ကွယ်၊ ခပ်တည်တည်နေလိုက်ပေါ့'

'အံမာလေး၊ အေးမကလည်း သူတို့လောက်တော့ မကြောက်ပါဘူး။ ဒါကြောင့် လိုက်လာတာပေါ့။ ရုပ်ကမှောင်ခိုဂိုဏ်း ခေါင်းဆောင်လိုလို၊ လမ်းသရဲ ဂိုဏ်းခေါင်းဆောင်လိုလို'

သူတို့စကားသံထဲတွင် နေလင်းအောင်၏ အမည်လည်း ပါတတ်သည်။ နေလင်းအောင် နာမည်ကိုကြားတော့ အေးမ စူးစိုက်နားထောင်သည်။ နေလင်း အောင်တို့ လူသိုက်ထဲကဖြစ်မည်လော မပြောတတ်။

သူတို့ပြောနေကြသည့် အကြောင်းက၊ နေလင်းအောင်နှင့် မာလာတို့ ထွက်ပြေးကြသည့် အကြောင်းဖြစ်သည်။

သူတို့တစ်သိုက် ဆူညံသည်ထက်၊ ဆူညံလာသည်။ ဘေးက ခရီးသည် များကို နည်းနည်းမျှ ဂရုစိုက်ပုံမပေါ်။

'ကဲ...အေးမ၊ မြန်မြန်သောက်၊ ကားဆီကို ပြန်ကြရအောင်'

နှစ်ယောက်သား ပိုက်ဆံရှင်းပြီးနောက် နေရာမှ ထကြသည်။

'ဟိုဘဲနှာက ဘာလဲကွ၊ ဂိုက်က ဇာတ်လိုက်လိုလို၊ ဘာလိုလိုနဲ့'

www.burmeseclassic.com


တစ်ယောက်က လှမ်းအော်သည်။

'ဘဲ၊ ဘဲနာ၊ ဆတ်တြာဘဲ'

တစ်ယောက်က သူ့ကို ဘွဲ့ထူး၊ ဂုဏ်ထူးတွေ တပ်လိုက်သည်။

ကိုမြင့် ဒေါသထွက်နေပြီ။ စိတ်ကိုမနည်းချုပ်ထားရသည်။ တစ်ချက်တော့ လှည့်ကြည့်လိုက်သည်။

'ဘာကြည့်တာလဲ၊ ချဲချင်လို့လား'

သည်တစ်ခါတော့ ဖော်ဂျီရောင်အင်္ကျီနှင့် လူငယ်ထလာကာ၊ ခြေထောက်ကို ချဲရပ်သည်။ ဘောင်းဘီခါးပတ်ကို ဆွဲတင်လိုက်ပြီး၊ ခါးထောက်၍ သူ့ကို ကြည့်နေသည်။

ကိုမြင့်က ဘာမျှမပြော။ လှည့်ထွက်သည်။ ခရီးသွားတုန်း သတ်လားပုတ်လား မဖြစ်ချင်။ သူ့တစ်ယောက်တည်းဆိုလျှင် အရေးမကြီး။ ယခုတော့ သူ့အနီးတွင် အေးမပါသည်။ သည်ကောင်တွေနှင့် ရန်ဖြစ်လျှင် သူလည်း အရှက်ကွဲမည်။ အေးမလည်း အရှက်ကွဲတော့မည်။

'ဟော့ ဘဲနာ၊ နေဦး'

ခရစ်အင်္ကျီနှင့် လူက လှမ်းခေါ်သည်။ သည်ကောင်တွေ တော်တော်ခက်နေပြီ။ လူတစ်ယောက်ကို အကြောင်းမဲ့ လိုက်၍ စော်ကားကြသည်။ အရင်စိတ်မျိုးဆိုလျှင် သည်အချိန်လောက်တွင် ရန်ပွဲ တစ်ပွဲလောက်တော့ ဖြစ်ပြီးပြီ။ ယခုတော့ သူ ရန်မဖြစ်ချင်။

'ဟော့ ဆတ်တြာဘဲ၊ ပြောတာမကြားဘူးလား'

သူ့နောက်က အသံထွက်လာပြန်သည်။ ကိုမြင့် အေးမကို နောက်သို့ပို့ကာ၊ သူတို့ဘက်သို့ လှည့်ရပ်လိုက်သည်။ ခရီးသည်များက ပွဲကြီးပွဲကောင်းတစ်ခုကို ကြည့်လို၍လော။ ကြက်သေသေနေခြင်းကြောင့်လော။ ဖာသိဖာသာ နေလို၍လော၊ ဘာကြောင့်မှန်းတော့မသိ။ သူတို့ကို ကြည့်နေကြသည်။

ကိုမြင့်က သူ့ကိုစိုက်ကြည့်သည်။ ကိုယ်လုံးကိုယ်ပေါက်သေးသေး။ အရက်မူးနေသည်။ သူတကယ် ထိုးလိုက်လျှင် တစ်ချက်ထိုးရုံနှင့် လဲနိုင်သည်။ သူ့နောက်က လူငယ်သုံးယောက် လာရပ်နေကြသည်။

'ဘယ်ကလဲ။ ဘယ်သွားမလို့လဲ'

သူက ခပ်တင်းတင်းမေးသည်။ ကိုမြင့်က စိတ်ချဉ်ပေါက်လာသော်လည်း အတတ်နိုင်ဆုံး မျက်နှာကိုချိုထားပြီး တမင်ပြုံးထားလိုက်သည်။ မျက်လုံးများက သူ့ကို စိုက်ကြည့်နေသည်။

www.burmeseclassic.com


'နေပါဦး၊ မင်းကကော ဘာလဲ'

ကိုမြင့်ကလည်း ခပ်တင်းတင်းမေးသည်။

'ငါ...ရွှေဝင်း၊ မုံရွာက ရွှေဝင်း၊ မကြားဖူးဘူးထင်တယ်။ ဘာလဲ ဒီလမ်းကို ခုမှ သွားဖူးတယ်ထင်တယ်။ ဟုတ်လား။ ခရီးသွားချင်းပဲ ကိုယ့်လူရာ၊ ဒီလိုမောင်ပိုင်စီးလို့ ဘယ်ကောင်းမလဲ ဟဲ... ဟဲ'

ကိုမြင့် ရှက်လည်း ရှက်သည်။ ဒေါလည်း ပွသည်။ သူ့ကို စော်ကားသည်ထက်၊ မိန်းကလေးတစ်ယောက်ကို သက်သက်မဲ့ စော်ကားနေသည်က ပို၍ ခံပြင်းစရာကောင်းသည်။ သို့ရာတွင် သူတို့လူသိုက်နှင့် အချင်းမများချင်။ သွားရင်းလာရင်း ခိုက်ရန်မဖြစ်ချင်။ ဖက်ပေါ်ဆူးကျလျှင်လည်း ဖက်ပေါက်မည့် ကိန်း ဖြစ်သည်။

သည်တုန်း ကိုမြင့် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ဖြစ်လာသည်။ နောက်တွင် ရပ်နေသည့် အေးမသည် မည်သို့မည်ပုံ ရှေ့ရောက်လာသည် မသိ။ ရွှေဝင်းရှေ့ ရောက်သွားကာ ရွှေဝင်း၏ ပါးကို တစ်ချက်ရိုက်လိုက်သည်။ ပါးစပ်ကလည်း ရန်ထောင်သည်။

ပထမသော်၊ ရွှေဝင်းတို့ လူသိုက်ရော၊ ကိုမြင့်ရော ကြက်သေ သေနေကြသည်။ သူတို့အားလုံးက အေးမကို သည်လို လုပ်ရဲလိမ့်မည်ဟု တစ်ယောက်မှ မထင်ခဲ့။ တဲစခန်းထဲတွင် လက်ဖက်ရည်သောက်နေကြသူများလည်း အံ့အားသင့်သွားကြသည်။ တချို့က ထလာ၍ ဖျန်ဖြေကြသည်။

ကြက်သေ–သေနေစဉ် စတင်လှုပ်ရှားလာသူက အေးမဖြစ်သည်။

'နင် ဘာစကားပြောတာလဲ၊ ဘယ်လို အစားထဲက အောက်မေ့လို့လဲ ဟင်'

ရွှေဝင်းနောက်က လူငယ်သုံးယောက်က ရှေ့တက်လာသည်။

'ဟေ့... ဟေ့ မလုပ်ပါနဲ့ကွာ၊ အမျိုးသမီးတစ်ယောက်နဲ့ ရန်ဖက်ဖြစ်ရတာ သိက္ခာကျလှတယ်၊ ဟိုဘဲနဲ့ဆိုရင်သာ'

ရွှေဝင်းက မဲ့ပြုံးပြုံး၍ပြောသည်။ ရွှေဝင်း၏ မျက်နှာက မဲ့ပြုံးပြုံးတော့ ပို၍ စက်ဆုပ်စရာ ကောင်းသည်။

'လာအစ်ကို ပြန်မယ်'

အေးမက ထွီကနဲ တံတွေးတစ်ချက်ထွေးကာ လှည့်ထွက်သည်။ ကိုမြင့်က သူ့နောက်သို့ လိုက်လာခဲ့သည်။ နာမည်ကသာ အေးသော်လည်း မီးတောက်တတ်သူ ဖြစ်ကြောင်း ကိုမြင့် သိသွားပြီ။

www.burmeseclassic.com



ကိုမြင့် သည်အဖြစ်မျိုးတွေကို မကြားချင်၊ မမြင်ချင်။ မြင်လျှင် စိတ်ပျက်သည်။ စိတ်ပျက်ပြီး ထင်ရာတွေ ရောက်ရမ်းမိမည်ကို စိုးရိမ်သည်။ ကျောင်းသားတုန်းကတော့ သူကလည်း လက်မြန်သည်။ ထစ်ကနဲဆိုလျှင် လက်က ရောက်တတ်သည်။ ပထွေးကိုပင်လျှင် ပုလင်းနှင့် ရိုက်ခဲ့ဖူးပြီ မဟုတ်လော။ သို့ရာတွင် ထိန်းသိမ်းရာက လွတ်တော့ သူ အရင်တုန်းကလို ရန်မဖြစ်ချင်တော့။ လက်မမြန်တော့။ မည်သည့်အတွက်ကြောင့်ဟု သူ မသိသော်လည်း သူ့စိတ်သည် ညွတ်နူးပျော့ပျောင်းသွားခဲ့သည်။ ကိစ္စတစ်ခုပေါ်လာလျှင် အသဲနှလုံးနောက်ကို လိုက်ပါ ဆုံးဖြတ်ခြင်းထက်၊ ဦးနှောက်ကို အသားပေး၍ ဆုံးဖြတ်တတ်လာသည်။

အေးမက လမ်းတွင် ဒေါသအရှိန်မပြေသေး၊ ပါးစပ်က တတွတ်တွတ် ပြောလာသည်။

ကိုမြင့်က သူ့စကားများကို နားထောင်နေရသော်လည်း မကြား။ သူသည် ပျော့ညံ့သူလော။ ကြောက်တတ်သူလော။ ရွှေဝင်းတို့ စော်ကားသည်ကို တုံ့ပြန်မှု မပြုခဲ့ခြင်းသည် သတ္တိနည်းရာ ရောက်သလော။ အေးမလောက်မှ သတ္တိမကောင်းတော့ပြီလော။ လူများအမြင် အထူးသဖြင့် အေးမအမြင်တွင် အထင်သေးစရာ သတ္တဝါတစ်ဦး ဖြစ်ခဲ့ရပြီလော။ မိမိကို လာရောက်စော်ကား သူအား သူ့နည်းတူပြန်၍ တုံ့ပြန်မှု မပြုခြင်းသည် အားနည်းချက်လော၊ အားကောင်းချက်လော၊ သူ့ကိုယ်သူ ရင့်ကျက်တည်ငြိမ်လာပြီဟု ထင်ခြင်းမှာ တကယ်လော။ သည်လူဆိုး လူသွမ်းတို့၏ ပတ်ဝန်းကျင်တွင် မိမိတစ်ယောက်တည်း ကောင်းနေခြင်းသည်ကော မှန်မှမှန်ပါ၏လော။

ကိုမြင့်ရင်ထဲတွင် မေးခွန်းပေါင်းများစွာ လုံးထွေးရစ်ပတ်နေကြသည်။ မှန်သည်။ မည်သူတွေ တရားပျက်ပျက်၊ ကိုယ်မပျက်အောင် နေနိုင်ခြင်းသည် မှန်သည်။ စော်ကားသူကို တုံ့ပြန်မှုမပြုခြင်းသည်လည်း မှန်သည်။ သူတည်ငြိမ် ရင့်ကျက်လာပြီဆိုသည်မှာလည်း မှန်သည်။ မှန်သည်ဟု ထင်သည်။ နောင် မည်သည့်အချိန်ထိ မှန်နေဦးမည် မှန်နိုင်ဦးမည်ကိုမူ သူမသိ။

သူ့ဆရာ ဦးစံကောင်းသာ တွေ့လျှင် သူ ယခုလို စိတ်ဓာတ်ပြောင်းလာသည်ကို ကြည့်၍ ဝမ်းသာလိမ့်မည်။

'လူတွေက သည်းခံခြင်းကို အားကောင်းချက်တစ်ရပ်လို့ မမြင်ကြဘူးကွ၊ အားနည်းချက်တစ်ရပ်လို့ မြင်နေကြတယ်။ အစော်ကားခံရတာဟာ ရှက်စရာလို့ ထင်နေကြတယ်။ တကယ်တော့ အစော်ကားခံရသူက ရှက်စရာ မဟုတ်ပါဘူး စော်ကားသူကသာ ရှက်စရာကောင်းတာပါ'

www.burmeseclassic.com


ကျောက်ထုကျောင်းမှာ နေတုန်းက ဆရာဦးစံကောင်းက ပြောဖူးသည်။ သည်တုန်းက ဆရာဦးစံကောင်း၏ စကားကြောင့် သူ အံ့အားသင့်နေသည်။

'ရက်စရာကောင်းတယ်ဆိုတာ ဘာလဲ၊ လူတွေဟာ မလုပ်အပ်ဘူး။ ရှောင်ကြဉ်အပ်တယ်လို့ သတ်မှတ်ထားတဲ့ အချက်ကို ချိုးဖောက်တာဟာ ရက်စရာအလုပ်ပဲ။ ဟိရိသြတ္တပ္ပဆိုတဲ့ စကားတစ်ခွန်းရှိတယ် အဓိပ္ပာယ်က မကောင်းမှုပြုရမှာ ရက်ကြောက်တတ်ခြင်းတဲ့၊ မကောင်းမှုဆိုတာကကော ဘာလဲလို့ မင်းက မေးကောင်းမေးဦးမယ်၊ အဟင်း။ ဒါကတော့ တည်ရှိနေတဲ့ အဖွဲ့အစည်း က မကောင်းဘူးလို့ သတ်မှတ်ထားတဲ့ အရာတွေလို့ လွယ်လွယ်ပဲ ဆိုပါစို့ကွာ၊ ဟုတ်လား။ လူ့အဖွဲ့အစည်းက လူတွေ လိုက်နာကျင့်သုံးအပ်တဲ့ (လိုက်နာကျင့်သုံးအပ်တယ်လို့ ငါပြောတာနော်။ လိုက်နာကျင့်သုံးနေတယ်လို့ ငါမပြောဘူး) ကျင့်ဝတ်တွေကို ချမှတ်ထားတယ်။ အင်္ဂလိပ်လို အက်သစ်စ်လို့ ပြောပါစို့။ ဒီတော့ ဟိရိသြတ္တပ္ပတရားကို မစောင့်ထိန်းတာ။ အက်သစ်စ်။ အဲလေ၊ လူ့ကျင့်ဝတ်ကို မစောင့်ထိန်းတာ ဖောက်ဖျက်တာဟာ ရက်စရာကောင်းတယ်၊ မစောင့်ထိန်းသူ ဖောက်ဖျက်သူဟာလည်း လူပုံအလယ်မှာ ရက်စဖွယ်ဖြစ်ရတယ်။ မဟုတ်ဘူးလား။ စော်ကားတယ်ဆိုတာဟာ လူ့အဖွဲ့အစည်းက မကောင်းဘူးလို့ သတ်မှတ်ထားတဲ့ ပညတ်ချက်တစ်ရပ်။ ဒီတော့ အဲဒီပညတ်ချက်ကို ချိုးဖောက်ပြီး လူတစ်ယောက်က အခြားလူတစ်ယောက်ကို သွားစော်ကားတယ်ဆိုရင် ရက်စရာကောင်းသူဟာ အစော်ကားခံရသူ မဟုတ်ဘူး။ စော်ကားသူသာ ဖြစ်တယ်လို့ ဆရာထင်တယ်။ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သူ။ စာရိတ္တတရား ခေါင်းပါးသူဟာ အစော်ကားခံရသူ မဟုတ်ပေဘူး မောင်ကိုမြင့်။ ဒီတော့ အစော်ကားခံရတာဟာ စော်ကားရတာလောက် ရက်စရာကောင်းတဲ့ အလုပ် မဟုတ်ပါဘူး'

သူ့ဆရာဦးစံကောင်းသည် လူထူးလူဆန်းတစ်ယောက် ဖြစ်သည်ဟု ကိုမြင့်ထင်ခဲ့သည်။သည်စကားအဆန်းတွေကို ကြားတော့ သူ့အထင် မှန်နေပြီ။ ဆရာဦးစံကောင်းက သူ့အဘိဓမ္မာနှင့်သူတော့ ဟုတ်နေသည်။

လောက၌ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သူသည် ရက်စရာကောင်းသူဖြစ်၏။ စော်ကားသူသည် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သူဖြစ်၏။ ထို့ကြောင့် ထိုသူသည် ရက်စရာကောင်းသူဖြစ်၏။ စော်ကားခံရသူသည် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သူ မဟုတ်။ ထို့ကြောင့် အစော်ကားခံရသူသည် ရက်စရာ ကောင်းသူမဟုတ်။

www.burmeseclassic.com


ဆရာဦးစံကောင်းသည် သူ့တရားကိုသူ လက်တွေ့ကျင့်သုံးရန် ကြိုးစားနေသူဖြစ်သည်။ ကိုမြင့်က သူတရားကို မကျင့်နိုင်သေး၊ မကျင့်နိုင်၍ပင်။ ပထွေးကို ပုလင်းနှင့် ရိုက်ခဲ့ပြီ မဟုတ်လော။

ယခုည၌ ရွှေဝင်းတို့တစ်သိုက် စော်ကားသည်ကို ခံလိုက်ရပြီ။ ခါတိုင်း စိတ်မျိုးနှင့်ဆိုလျှင် ချက်ခြင်းတုံ့ပြန်မိလိမ့်မည်။ ယခုတော့ သူ လက်တုံ့မပြန်မိ။ မပြန်ချင်။ မပြန်လိုက်ရ။ သို့တိုင်အောင် အစော်ကားခံရခြင်းသည် ရှက်စရာ မဟုတ်ဟူသော ဆရာဦးစံကောင်း၏ ဩဝါဒကိုတော့ သူသိမ်းပိုက်မျိုချနိုင်ခြင်း မရှိသေး။ အစော်ကားခံရခြင်းကို ရှက်သည်။ တစ်စုံတစ်ခုသော အတိုင်းအတာ အထိတော့ တတ်နိုင်သမျှ သည်းခံမည်။ အရာကိစ္စတိုင်း၌ အတိုင်းအတာတော့ ရှိစမြဲ။ သည်းခံနိုင်သည့် အတိုင်းအတာထက် လွန်လာလျှင်တော့ စော်ကားသူ၏ တာဝန်သာ ဖြစ်လိမ့်မည်။ ရှေ့လျှောက် မည်သည့်အတိုင်းအတာအထိ သည်းခံနိုင်မည်ကိုတော့ သူ့ဖာသာသူလည်း မသိ။

လမ်းတွင် ဆရာဦးစံကောင်း ပြောဖူးသည့် ဒေးဗစ်ကော်ပါဖီးလ် ဝတ္ထုကြီးထဲက ကော်ပါဖီးလ်ကိုလည်း သူသတိရသည်။ သည်ဝတ္ထုကြီးကို ဆရာဦးစံကောင်း ပြောပြတုန်းက ကိုမြင့် မျက်ရည်လည်ရသည်။ စိတ်မကောင်းဖြစ်ရသည်။ စိတ်မကောင်း ဖြစ်ရသည် ဆိုခြင်းထက်၊ ဝမ်းနည်းရသည် ဆိုခြင်းက ပို၍ မှန်လိမ့်မည် ထင်သည်။

သူ့ဘဝသည် ကော်ပါဖီးလ်ဘဝနှင့် တူလေခြင်းဟု အောက်မေ့မိသည်။ ကော်ပါဖီးလ်က ပထွေးနှင့်နေသည်။ ပထွေးက အလုပ်လုပ်ခိုင်းသဖြင့် စက်ရုံတစ်ရုံတွင် ပုလင်းဆေးသည့် အလုပ်ကို လုပ်ခဲ့ရသည်။ သည့်တုန်းက ကော်ပါဖီးလ်အသက် ဘာရှိသေးနည်း။ ဆယ်နှစ်လောက်သာ ရှိမည်။ ပထွေးက နှင်ချ၍ ဒိုဗာတွင်နေသည့် ဒေါ်လေးဆီသွားတော့ သဘော်ပေါ်တွင် ကော်ပါဖီးလ်ကို လူတွေက လိမ်သွားကြ၊ ညာသွားကြသည်။

ယခု သူ့အဖြစ်ကကော။

တစ်ခုပဲကွာသည်။ ကော်ပါဖီးလ်က မလိမ်စိုး မလိမ္မာ ဆယ်နှစ်ရွယ် သူငယ်ကလေး။ သူက လူလားမြောက်ပြီးသည့် နှစ်ဆယ်ကျော်အရွယ်။ နှစ်ဆယ်ရွယ် ကလေးဆိုတော့ မစော်ကားလောက်။ လိမ်ဖို့ညာဖို့လောက်သာ ကောင်းသည့် အရွယ်ဖြစ်သည်။ သူ့အရွယ်ကတော့ လိမ်ဖို့ညာဖို့မကောင်း။ စော်ကားလောက်ပြီဟု ထင်ကြပုံရသည်။ ထို့ကြောင့် ရွှေဝင်းတို့က အသားလွတ် စော်ကားသွားခဲ့ကြပြီ မဟုတ်လား။

www.burmeseclassic.com



အေးမ ကိုမြင့်ကို အားမရ။

'အစ်ကိုနဲ့ အေးမနဲ့ နေရာချင်းလဲလိုက်ချင်တယ် အေးမက မိန်းကလေးမို့လို့၊ ယောကျာ်းလေးဆိုရင်– ဟင်း'

'ဒီနေရာမျိုးမှာတော့ ယောကျာ်းလေး မဖြစ်တာ ကောင်းပါတယ် အေးမရယ်'

ကိုမြင့်က ပြောသည်။

'အစ်ကိုက ဘာကိုဆိုလိုတာလဲ'

အေးမက ဆတ်ခနဲ လှည့်ကြည့်၍ မေးသည်။

'မိန်းကလေးဖြစ်တော့ ပါးရိုက်ရုံလောက်နဲ့ ကိစ္စပြီးတာပေါ့၊ ယောကျာ်းလေးဆိုရင် ပါးရိုက်ရုံလောက်နဲ့ မပြီးတော့ဘူး'

ကိုမြင့်က တစ်လုံးချင်းပြောသည်။ သူ့မျက်နှာသည် တင်းမာနေလိမ့်မည်ဟု အေးမ ထင်လိုက်သည်။

'ခက်တာက လူတွေဟာ စော်ကားတာကိုခံရင် စော်ကားချင်ကြတယ်။ သည်းခံတာကို ကြောက်တယ်လို့ ထင်ကြတယ်။ ရိုးသားတာကို အ,တယ်လို့ ထင်တတ်ကြတယ်။ ကြက်ခေါင်းဆိတ် မခံလို့ ပြောချင်ပြော၊ အေးမကတော့ နည်းနည်းမှ မခံဘူး။ အေးမက အဖေ့သွေးပါတယ်'

ကားနားရောက်တော့ အေးမက ထမီကို ပြင်ဝတ်သည်။ သူ့ခါးကြားမှ တစ်စုံတစ်ခု အောက်သို့ကျလာသည်။ ကိုမြင့်က ပိုက်ဆံအိတ်ကျသည်ထင်၍ ငုံ့ကောက်လိုက်သည်။ သို့ရာတွင် ပိုက်ဆံအိတ်မဟုတ်။ ဓားမြှောင်တစ်ချောင်း။ ဆင်စွယ်ရိုးတပ်ထားသည်။ ဓားအိမ်ကို ဆင်မြီးကွပ်ထားသည်။ အသွားက ခြောက်လက်မလောက်ရှိမည်။

'ဒါ ဘာလုပ်ဖို့လဲ အေးမ'

'အစ်ကို မြင်တဲ့အတိုင်းပေါ့၊ စော်ကားရင် ဘယ့်နှယ့်လုပ်မလဲ။ ခုပဲ အစော်ကားခံရပြီ မဟုတ်လား'

အေးမက ဒေါသရှိန်ပြေပုံ မရသေး။ ဓားမြှောင်ကို ပြန်တောင်းသည်။ ကျားသစ်မတစ်ကောင်နှင့် တူသည်။

ကိုမြင့်က ဓားမြှောင်ကို မပေးဘဲ လက်ကိုရုပ်သည်။

'ဒီဓားမြှောင် အစ်ကို ယူထားမယ်'

'အစ်ကိုက ဘာလုပ်ဖို့ ယူမှာလဲ'

အေးမအသံက လှောင်သံပါသည်ဟု ကိုမြင့်ထင်သည်။

www.burmeseclassic.com


'ဒါက အစ်ကို့ကိစ္စပါ၊ အေးမကိစ္စမဟုတ်ပါဘူး။ အေးမနောက်တစ်ခါ အစော်ကားမခံရရင် ပြီးရော မဟုတ်လား၊ အေးမမှာ ဒီဓားမြှောင် မလိုပါဘူး'

ကိုမြင့်က ဓားမြှောင်ကို အင်္ကျီအောက် ခါးကြားထဲသို့ ထိုးလိုက်သည်။

၊၊

www.burmeseclassic.com

၁၂

မော်တော်ကားက နံနက်ဆယ်နာရီလောက်တွင် ကိုင်းသို့ရောက်သည်။

ကိုင်းက ကလေးတစ်ဘက်ကမ်းက မော်တော်ကားဆိပ်၊ ကူးတို့ဆိပ် ဖြစ်သည်။

သဲသောင်တို့ ဝါ၍၊ မြစ်ရေက ပြာကာ ကောင်းကင်တို့က မှိုင်းနေကြသည်။ သည်နေရာတွင် ချင်းတွင်းမြစ်က ကျဉ်းသည်။ နွေရာသီဖြစ်၍ သောင်ပြင်က ကျယ်ပြောပုံ့ပျူးသည်။ သောင်ပြင်အလယ်တွင် ချင်းတွင်းမြစ်သည် ပိစိကွေး ရေစီးကြောင်းကလေး တစ်ကြောင်းမျှသာတည်း။

ကိုင်းကူးတို့ဆိပ်တွင် မုံရွာကားများ အားလုံး စခန်းဆုံးကြသည်။ မုံရွာသို့ ပြန်ထွက်မည့် မော်တော်ကားများ၊ မုံရွာမှလာသည့် ကားများဖြင့် ကူးတို့ဆိပ် တစ်ဝိုက်တွင် စည်ကားနေသည်။ ကူးတို့ဆိပ်တွင် ထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ စီတန်းနေကြသည်။ ဘုရားပွဲတော် ဈေးတန်းနှင့် တူသည်။

အေးမတို့ မော်တော်ကားက နံနက် ၅–နာရီလောက်တွင် စက်ကောင်းသွားသည်။ ခရီးတစ်လျှောက်တွင် အေးမနှင့် ရွှေဝင်းတို့လူသိုက် ဘာမှ မဖြစ်ကြတော့။ ကိုမြင့်ကမူ သူတို့အနားတွင် မစီးဘဲ ခေါင်မိုးပေါ်တက်စီးသည်။ ခေါင်မိုးပေါ်က ဂီတာတီးသည့် လူငယ်တစ်သိုက်ကလည်း ရွှေဝင်းတို့ကို မြင်ပြင်းကပ်နေကြသည်။ ကားတစ်စီးလုံးတွင် ရွှေဝင်းနှင့် သူ့အဖော်သည် မျက်စိစပါးမွေးစူးစရာ ဖြစ်နေသည်။ ထို့ကြောင့် သူတို့ နောက် မစော်ကားရဲကြတော့။

ကလေးဝ တစ်ဘက်ကမ်းက ကူးတို့စခန်းကို ရောက်တော့ ရွှေဝင်းတို့က အရင်ကူးသွားကြသည်။ ရွှေဝင်းကတော့ ဣန္ဒြေမပျက်။ သို့ရာတွင် သူ့နောက်က လူငယ်က မကျေမချမ်းဟန်ဖြင့် သူတို့ကို ကြည့်သွားသည်။

ရွှေဝင်းကို အေးမ ပါးရိုက်သည့် သတင်းကိုကြားတော့ မချစ်မေက ရင်တမမ ဖြစ်နေသည်။ ရှေ့ဆက်ခရီးသွား၍ ဖြစ်ပါ့ဖြစ်ပါမည်လောဟု စိုးရိမ်သည်။

www.burmeseclassic.com


'ရှေ့ဝင်းဆိုတဲ့အကောင်က ကျောက်စိမ်း မှောင်ခိုလုပ်နေတဲ့ အကောင် အေ့၊ သိပ်ပွနေတာ၊ အပေါင်းအသင်းကလည်း ကောင်းတယ်၊ တော်တော်ကြာ တို့ကို ရန်လုပ်နေမှဖြင့်'

အေးမက ရယ်သည်။

'မမချစ်မေကလဲ တိုင်းပြည်ကြီးက မင်းမဲ့တိုင်းပြည်ကြီး မဟုတ်သေး ပါဘူး။ ဒီလောက် မပူစမ်းပါနဲ့'

သူတို့သုံးယောက် ထမင်းစားသောက်ပြီး တစ်ဘက်ကမ်း ကလေးဝသို့ ကူးခဲ့ကြသည်။

သူတို့သုံးယောက် မကြာခင် လမ်းခွဲကြရတော့မည်၊ သူတို့သုံးယောက် ဆိုသည်ထက် အေးမနှင့် ကိုမြင့်တို့ လမ်းခွဲကြရတော့မည်။ အေးမနှင့် မချစ်မေက ကလေးမြို့သို့ သွားမည်။ ကလေးမြို့က တာဟန်းဈေးတွင် ဈေးစနည်းနာကြမည်။ ထိုမှ တမူးသို့ ခရီးထွက်ကြမည်။ ကိုမြင့်က ကလေးမြို့သို့မရောက် သစ်ချောက် ကျောက်မီးသွေးတွင်းသို့ သွား၍ အလုပ်ရှာမည်။ သစ်ချောက်မိုင်းတွင် ကိုဖေခင် ရှိသည်။

ခက်ခဲသော ခရီးကို အတူသွားခဲ့ကြရသူများ ခမွဲတာခွဲကြရမည်ဆိုတော့ စိတ်မကောင်း၊ ရင်ထဲတွင် ဟာသွားသလိုလို ခံစားရသည်။ သူတို့နှစ်ယောက် သည် ခရီးတစ်ခုကို အတူသွားခဲ့ကြသည့် ခရီးသည်များသာ ဖြစ်ကြသည်။ နောင်တွင် ပြန်ဆုံကောင်းမှ ဆုံကြတော့မည်။

မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်တို့ ပေါင်းဆုံရာ ကုန်းမို့မို့သည် ကြက်လျှာ စွန်း ထွက်နေသည်။ ကုန်းမို့မို့ ကြက်လျှာစွန်းပေါ်ရှိ ထုံးဖွေးဖွေး စေတီတစ်ဆူ သည် စိမ်းဝေသော တောတောင်နောက်ခံတွင် သပ္ပာယ်စွာ စံနေတော်မူသည်။

ကူးတို့လှေက ဈေးဆိပ်တွင် ဆိုက်သည်။ ကျောက်တုံးတွေ စီထားသည့် လှေကားထစ်များအတိုင်း ကမ်းပါးမြင့်မြင့်ကြီးများကို တက်ခဲ့ကြသည်။ ဈေးကွဲ ချိန်ဖြစ်၍ ဈေးကုန်းတွင် ဈေးရောင်း ဈေးဝယ် ကျိုးတိုးကျဲတဲမျှသာ ကျန်တော့ သည်။ ကလေးမြို့သို့သွားမည့် ဘတ်စ်ကားက ဂိတ်မထိုးသေး။

မချစ်မေက ကိုမြင့်ကို မကြာခဏ လှမ်းကြည့်နေသည်။ သူ့မျက်နှာက ငယ်နေသည်။

'မောင်လေးက ကလေးမြို့တင်လား'

မချစ်မေ မအောင့်နိုင်တော့၊ သေချာအောင် ကိုမြင့်ကို ထပ်မေးသည်။

www.burmeseclassic.com



'ဟုတ်ကဲ့ ကလေးမြို့တင်ဆိုပါတော့၊ ခုလာတာကတော့ ကလေးမြို့ တောင် မရောက်ပါဘူး၊ သစ်ချောက် ကျောက်မီးသွေးတွင်း တွင်ပါ၊ ကလေးမြို့ကို တော့ နောက်မှ သွားမှာပါ'

မချစ်မေသည် ဝေခွဲမရဟန်ဖြင့် အေးမကို လှမ်းကြည့်သည်။ ထိုနောက် ကိုမြင့်ကို လှမ်းကြည့်သည်။ သူ့အမူအရာက အားကိုးအားထားရှာသည့် အမူအရာ မျိုး ဖြစ်သည်။

'နောက်မှသွားမှာ အတူတူ အစ်မကြီးနဲ့ တမူးအထိ တစ်ခါတည်း လိုက်ခဲ့ပါလား၊ တော်တော်ကြာ ဟိုကောင်နှစ်ကောင်က'

မချစ်မေက စကားကို ဆုံးအောင်မပြော။

ကိုမြင့်က မချစ်မေကို ကြည့်ရာမှ အေးမကို လှမ်းကြည့်ရင်း စဉ်းစားနေ သည်။

'လိုက်မယ်ဆိုရင်တော့ ရပါတယ်၊ အပြန်ကျမှ ဝင်လည်း ဖြစ်တာပါပဲ'

'ဒီလိုဆို လိုက်ခဲ့ပါကွယ် အစ်မကြီးတို့လည်း အဖော်ရတာပေါ့။ အစ်မကြီးတို့လည်း မကြာပါဘူး၊ အသွားအပြန် ကြာလှရင် လေးငါးရက်ပေါ့'

'အစ်ကို့မှာလည်း သူကိစ္စနဲ့သူ ရှိဦးမှာပေါ့။ အေးမတို့ နောက်ကို ဘယ်လိုက်နိုင်ပါ့မလဲ'

အေးမက မနေနိုင်တော့၍ ဝင်ပြောသည်။

'အစ်ကို့ကိစ္စက ဖြစ်ပါတယ်'

ဘတ်စ်ကားဂိတ်ထိုးသဖြင့် သုံးယောက်သား ကားပေါ်သို့တက်ကြ သည်။ သည်ခရီးမှာလည်း လူကျပ်သည်။ တာဟန်းဈေးသို့ သွားမည့်ခရီးသည် များ၊ တမူးသို့သွားမည့် ခရီးသည်များ ပြည့်နေသည်။ ရွှေဝင်းတို့ကို မတွေ့ရတော့။ ရှေ့ကားတွင် ပါသွားသည်လော၊ ကလေးဝတွင် ကျန်ရစ်ခဲ့သည်လော မပြောနိုင်။

မော်တော်ကားသည် အမည်မသိနိုင်သော တောင်တန်းတောင်စွယ်များ နှင့် မြစ်သာမြစ်အကြား ကျောက်လမ်းမျှောင်မျှောင်ကလေးပေါ်တွင် ပြေးနေသည်။ သစ်ချောက်ကျောက်မီးသွေးတွင်း လွန်လျှင် ကတ္တရာစေးလမ်းဆုံးပြီး ကျောက် လမ်း ဖြစ်သွားသည်။

မြစ်သာမြစ်က ကျောက်ကမ်းပါးယံကြီးတွေအောက်တွင် ငြိမ်သက်စွာ စီးဆင်းနေသည်။ နွေရက်ဖြစ်၍ တချို့နေရာများတွင် သောင်ဖြူဖြူတို့ ထွန်းနေ သည်။ တချို့နေရာများတွင် ကျောက်တုံးကြီးတွေ ပေါ်နေသည်။

www.burmeseclassic.com



တမူးလမ်းခွဲ ရောက်တော့ ကျီကုန်းရွာရှိသည်။ တစ်လမ်းက တမူးသို့ ခွဲထွက်သွားပြီး တစ်လမ်းက ကလေးမြို့သို့ ဦးတည်သွားသည်။ သည်နေရာတွင် တမူးသို့ အသွားအပြန်ကားများ ကလေးမြို့မှကားများ ဆုံကြသည်။ တမူးသို့ သွားမည့် ကုန်ကားတစ်စီးပေါ်သို့ တက်သွားသည့် ရွှေဝင်းတို့နှစ်ယောက်ကို မြင်လိုက်ရသည်။ နှစ်ယောက်စလုံး အရက်တော်တော်မူးနေကြပုံရသည်။

'ဒီနေရာပေါ့အေ့ ကျီကုန်းဂိတ်ဆိုတာ၊ အရင်က ရှာဖွေရေးဂိတ်မူးက သိပ်သဘောကောင်းတာ၊ ခုတော့ အဲဒီဂိတ်မှူး မရှိတော့ဘူးထင်တယ်'

တမူးသို့ ခွဲသည့်လမ်းတွင် သစ်သားမောင်းတံကြီးတစ်ခု ချိတ်ထားသည်။ စစ်ဆေးပြီးတော့မှ တစ်စီးပြီးတစ်စီး လွှတ်သည်။

အေးမတို့ ဘတ်စ်ကားသည် ကျီးကုန်းတွင် ကြာကြာမရပ်၊ ကလေးမြို့ လမ်းခွဲအတိုင်း ဆက်မောင်းလာခဲ့သည်။ ကလေးမြို့လမ်းရောက်တော့ မြေပြင်သည် လွင်ပြင်ကြီး ဖြစ်သွားသည်။ ကားလမ်းသည် တောင်တန်းများနှင့် ဝေးသွားကာ လွင်ပြင်ကြီးအလယ်သို့ ရောက်နေသည်။ ဘေးပတ်ပတ်လည်တွင် တောင်တန်းကြီးများက ညို့မှိုင်းဝေနေကြသည်။

သံတံတားခုံးခုံးကြီးတစ်ခုသည် တောရိပ်အကွေ့မှ ပေါ်လာနေသည်။ အမိုးကလည်း သံယက်မတွေ မိုးထားသည်။

'အံမယ် ပေါင်းကူးတံတားတောင် ရောက်ပါပေါ့လား၊ ဟိုဟာပေါ့အေ့ ဂိတ်ကွင်းလမ်းဆိုတာ'

မချစ်မေက ပေါင်းကူးတံတားနား မရောက်မီ တောထဲသို့ ဝင်သွားသည့် မြေနီလမ်းဆွယ်တစ်ခုကို ပြသည်။

'တမူးကို သွားချင်ရင် ဒီလမ်းကလဲ သွားလို့ရတယ်၊ ကျီကုန်းဂိတ်ကို မဖြတ်ရတော့ဘူးပေါ့။ လမ်းကတော့ လူသွားလမ်းပေါ့၊ စက်ဘီးလဲ သွားလို့ရတယ်၊ တမူးဘက်က ပစ္စည်းတွေ ကလေးမြို့ကို သယ်ချင်ရင် ဒီဂိတ်ကွင်းလမ်း အတိုင်း လာရတယ်'

ကိုမြင့်က ဂိတ်ကွင်းလမ်းဆိုသည့် လမ်းကို လှမ်းကြည့်သည်။ လူသွားလမ်းဆိုသော်လည်း သိပ်မကျဉ်းလှ၊ နွေဆိုလျှင် လှည်းသွား၍ ရလိမ့်မည်။ ဂိတ်ကွင်းလမ်းဘက်ဆီမှ ပေတစ်ရာပေါ်သို့ တက်လာသော ဘိုင်စကယ် သုံးလေးစီးကို မြင်ရသည်။ ဘိုင်စကယ်များသည် ဖုံလုံးကြီးများထဲတွင် ပျောက်ကွယ်သွားသည်။ တောရိပ်များနောက်တွင် ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိသည်။

www.burmeseclassic.com



'တမူးဘက်က စီးလာကြတာလေ။ တချို့လဲ ကိုယ်တိုင်စီးလာတာ၊ တချို့လဲ ငှားစီးလာကြတာ။ တမူးကနေ ကလေးမြို့အရောက် စီးပေးရင် တစ်ရာ ငါးဆယ်ရတယ်'

မချစ်မေက ပြောပြသည်။

မော်တော်ကား တံတားခုံးအောက်သို့ စဝင်သည်။ ဘေးတွင် ကာထားသည့် သံယက်မကြီးများနှင့် အပေါ်က ဝန်းယုက်မိုးထားသည့် သံယက်မကြီးများက ထုထည်ခိုင်ခံ့သည်။ သည်တံတားမရှိခင်တုန်းက ကူးတို့ဖြင့် ကူးရသဖြင့် ပေါင်းကူးတံတားဟု ခေါ်ကြောင်း ကိုမြင့်သိရသည်။

တံတားအောက်တွင် မည်သည့်နေရာက မြစ်ဖျားခံလာခဲ့မှန်း မသိသည့် နေရဥ္စရာမြစ်သည် တငြိမ့်ငြိမ့် စီးနေသည်။ တံတားအကြေဘက်ရောက်တော့ နေရဥ္စရာမြစ်သည် မြစ်သာမြစ်ထဲသို့ ပေါင်းဆုံသည်။ မြစ်ဆုံကို တံတားပေါ်က လှမ်းမြင်နေရသည်။

မြစ်သာကမ်းစပ်က ကိုင်းတောများပေါ်တွင် တောဝမ်းဘဲတို့ ဝဲနေကြသည်။

မှိုင်းညို့နေသော တောင်တန်းများဆီအထိ ကျယ်ပြန့်သော ကိုင်းတောကြီးများကို ဖြတ်ပြီးနောက် ကလေးမြို့သို့ ဝင်ခဲ့သည်။

ကလေးမြို့သို့ ရောက်ဖူးသူဆို၍ မချစ်မေ တစ်ယောက်သာ ပါသည်။ ကိုမြင့်နှင့် အေးမတို့ တစ်ခေါက်မျှ မရောက်ဘူး။

ကလေးမြို့က မြို့တန်းရှည်ကြီးဖြစ်သည်။ မြို့လယ်ကောင် လမ်းမကြီးလေးခွဆိုင်တွင် ဆိုင်ကြီး ကန္တားကြီးတွေ ရှိသည်။ ဈေးလည်း သည်နားတစ်ဝိုက်မှာပင် ရှိသည်။

ကားပေါ်က ဆင်းပြီး ဈေးနားက ထမင်းကြော်ဆိုင်တွင် ထမင်းကြော်စားကြသည်။

'မောင်လေး အစ်မကြီးတို့လို အရောင်းအဝယ်ကလေး ဘာလေး လုပ်ပါလား'

မချစ်မေက အမဲကြော်ကို စားရင်း ပြောသည်။

'ကျွန်တော်က အရောင်းအဝယ် မလုပ်တတ်ဘူး အစ်မကြီးရဲ့၊ ပြီးတော့ အရင်းအနှီးတို့ ဘာတို့ လိုသေးတယ် မဟုတ်လား'

မချစ်မေက အေးမကို လှမ်းကြည့်သည်။

www.burmeseclassic.com



'အလုပ်ဆိုတာ ဒီလိုပဲ လုပ်ရင်းတတ်သွားတာပေါ့ကွယ်၊ ဘယ်သူကော အစတုန်းက အရောင်းအဝယ် လုပ်တတ်လို့လဲ၊ အစ်မကြီးလဲ အစတုန်းက ဘယ်လုပ်တတ်မလဲ၊ နောက်တော့ တဖြည်းဖြည်း လုပ်တတ်လာတာပေါ့။ ဟိုတုန်းကတော့ အစ်မကြီးတို့လဲ စက်ပဲ ချုပ်တတ်တာ'

မချစ်မေက ပြုံး၍ ပြောသည်။ သူ့အပြုံးက မချိုမချဉ် အပြုံး ဖြစ်သည်။ ယခင်က အတတ်ပညာတစ်မျိုးသာ တတ်သည်။ ယခု အတတ်ပညာမျိုးစုံ တတ်နေပြီဟု ဆိုလိုဟန်ရှိသည်။

'အစ်မကြီးမှာ အပ်ချုပ်စက် ငါးလုံးလောက် ရှိတယ်၊ ကိုယ်တိုင်လဲ ချုပ်တတ်တယ်၊ လူလဲ ငှားထားတယ်။ ခုတော့ ကုန်ကြမ်းလဲ မရတော့ဘူး။ အပ်ချည်လုံးတို့ ပိတ်စတို့လဲ အပြင်က ဝယ်ရတော့ ဘော်လီတစ်ထည်ဆိုရင် ဘာမှ မကျန်တော့ဘူး။ ဒါနဲ့ အပ်ချုပ်စက်တွေ ရောင်းပစ်လိုက်ပြီး အရောင်းအဝယ်လေး လုပ်ရတာပဲ၊ နောက်တော့ တဖြည်းဖြည်း တတ်လာတာပေါ့။ အေးမ ကြည့်ပါလား၊ သူလဲ အစတုန်းက ဘယ်လုပ်တတ်မလဲ။ မုံရွာတို့၊ ယင်းမာပင်တို့ ဆားလင်းကြီးတို့လိုက်ပြီး ရောင်းရင်း ဝယ်ရင်းနဲ့ တတ်လာတာ။ ခုဆို တမူးတောင် လိုက်လာပြီ၊ အဆင့်မြင့်လာတာပေါ့အေ့၊ မဟုတ်ဘူးလား အေးမ'

အေးမက ရယ်နေသည်။

ကိုမြင့်သည် သူတို့နှစ်ယောက်ကို ကြည့်ရင်း မှောင်ခိုကုန်သည်များ အကြောင်းကို တွေးနေသည်။ အရင်းအနှီးကြီးသည့် မှောင်ခိုကုန်သည်ကြီးတွေ ရှိသည်။ အရင်းအနှီးမကြီးသည့် မှောင်ခိုကုန်သည် အလတ်စားတွေလည်း ရှိသည်။ အရင်းအနှီးမကြီးသော်လည်း သူများ အရင်းအနှီးကို နို့သက်ခံ၍ လုပ်နေသည့် မှောင်ခိုများလည်း ရှိသည်။ မချစ်မေက သည်လို မှောင်ခိုမျိုးဖြစ်ပုံရသည်။ သူက တစ်ဆင့် အေးမတို့လို မိန်းမရွယ်ကလေးတွေကို အရင်းအနှီး ထုတ်ပေးသည်။ တစ်ခါတရံ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသည်။ မစန်းရင်တို့လို မိန်းမမျိုးကျတော့ သယ်ယူပို့ဆောင်သူ အဆင့်လောက်သာ ရှိဟန်တူသည်။

အေးမသည် တစ်နေ့တွင် မစန်းရင်တို့လို အဆင့် မရောက်ဟု မည်သူမျှ မပြောနိုင်။ သူ့ရှေ့ရေးသည် တောင်ခိုးတွေ ပိတ်နေသလို မှုန်မှိုင်းနေသည်။

'မင်း အရင်းအနှီး မရှိရင် ပြောပေါ့၊ အစ်မကြီး ထုတ်ပေးမှာပေါ့'

www.burmeseclassic.com



သူထင်သည့်အတိုင်း မချစ်မေက သူ့ကို အရင်းအနှီးထုတ်ပေးရန် ကမ်းလှမ်းနေပြီ။

‘ကျွန်တော် မလုပ်ချင်သေးလို့ပါ အစ်မကြီး၊ ခု လောလောဆယ်တော့ သစ်ချောက်မိုင်းက သူငယ်ချင်းတွေကလဲ မှာထားလို့ အဲဒီကိုပဲ သွားဦးမယ်’

‘ဟေ တို့နဲ့ တမူးကို မလိုက်တော့ဘူးလား’

မချစ်မေက လန့်သွားဟန်၊ မျက်လုံးပြူးပြသည်။ ပါးစပ်ထဲသို့ ရောက်လုဆဲ ဇွန်းကိုလည်း ပြန်ချသည်။

‘ခုလောလောဆယ်ဆိုတာ တမူးက အပြန်ကို ပြောတာပါ၊ တမူးက တော့ လိုက်ဦးမှာပါ။

‘အပြန်လဲ တို့နဲ့ အတူတူနော်၊ မင်းပါတော့ စိတ်ချရတာပေါ့ကွယ်။ ငါက အေးမ ပါးချထားတဲ့ကောင်ကို စိုးရိမ်လို့ပါ။ ဟိုဘက်လမ်းက တောလမ်း မဟုတ်လား၊ ဒီတော့’

မချစ်မေက ဆက်မပြောဘဲ ထမင်းကြော်ကို လက်စသတ်သည်။

အေးမက ထမင်းကြော်ဖိုး ရှင်းမည်လုပ်တော့ မချစ်မေက အရှင်းမခံ။ လက်ဆွဲအိတ်ထဲက ပိုက်ဆံအိတ်ကို ထုတ်ပြီး ပေးသည်။

ကိုမြင့်က မသိသလိုဖြင့် တစ်ဖက်သို့ ငေးကြည့်နေသည်။ သူ့တွင် ဝယ်ကျွေးနိုင်လောက်သည့် အင်အားမရှိ။ ပခုက္ကူက ထွက်တော့ ငွေလေးတစ်ရာမျှသာ ပါသည်။ ပခုက္ကူ မုံရွာ ခရီးကို ငါးကျပ်လောက်ပေးခဲ့ရသည်။ မုံရွာတွင် သိပ်စရိတ်မကုန်။ ညောင်ပင်ဈေးနားက ပေါ်တော်မူကျောင်းတွင် ဖြစ်သလို စားခဲ့သည်။ လက်ဖက်ရည်ဖိုးလေးနှင့် ဆေးပြင်းလိပ်ဖိုးကလေး နည်းနည်းပါးပါး သာ ကုန်ခဲ့သည်။ သို့ရာတွင် မုံရွာ၊ ကလေးဝ မော်တော်ကားခက ၃၂ ကျပ်ဆို တော့ ပါသည့် ငွေလေးတစ်ရာ တစ်ဝက်လောက် ချောသွားသည်။ ကိုမြင့် ဆေးပြင်းလိပ်ဖိုးကိုပင် ချွေတာနေရသည်။

ထမင်းကြော်စားပြီးနောက် တာဟန်းဈေးသို့ ဘတ်စ်ကားစီး၍ လာခဲ့ကြသည်။ မချစ်မေက သည်နေရာတစ်ဝိုက်တွင် နံ့စပ်နေပြီ။

‘တာဟန်းဆိုတာ အရင်တုန်းကတော့ ချင်းရွာတဲ့၊ ခုတော့ ကလေးမြို့ နဲ့ ဆက်နေပါပြီ၊ ကလေးမြို့ပေါ်က ရပ်ကွက်တစ်ခုပေါ့ဟယ်၊ တာဟန်းဈေးက သိပ်ဈေးဝယ်လို့ ကောင်းတယ်အေ့၊ ပစ္စည်းအဝင်များရင် တမူးထိလိုက်ဖို့ မလို တော့ဘူး၊ တာဟန်းဈေးက ဝယ်ပြီး ပြန်ရုံပဲ။ ဈေးကြီးလှရင် လေးငါးကျပ် ပေါ့၊ ဟိုလိုက်သွားရင် ဂိတ်တွေဖြတ်ရ၊ ဘာလုပ်ရနဲ့ ကားခလဲ အစိတ်တဲ့’

www.burmeseclassic.com


မချစ်မေက အရောင်းအဝယ် ကိစ္စများကို ပြောလာသည်။ တမူးသို့ သွားသည့် အရောင်းအဝယ် သမားများသည် တာဟန်းဈေးကိုတော့ ဝင်ကြည့်ကြသည်။ တာဟန်းဈေးတွင် တစ်ဖက်နိုင်ငံမှ ပစ္စည်းမျိုးစုံရှိသည်။ ထိုပစ္စည်းများသည် တောင်ပေါ်လမ်းများမှတစ်ဆင့် တာဟန်းဈေးသို့ ရောက်လာကြသည်။ ပစ္စည်းအဝင်များလျှင် တာဟန်းဈေးတွင် အရောင်းအဝယ် ဖြစ်ကြသည်။ ဈေးကလည်း တမူးနှင့် သိပ်မထူးလှ။ ရာသီဥတုမကောင်းလျှင် လမ်းတွင် အဖမ်းအဆီးများလျှင်တော့ တာဟန်းဈေးတွင် ပစ္စည်းတွေ ဈေးကြီးသည်။

ကိုမြင့်က သူတို့စကားများကို စိတ်မဝင်စား၊ ကားပြတင်းမှ နေ၍ ကလေးမြို့ကို ငေးကြည့်လိုက်လာသည်။ မြို့လယ်ကောင်တွင် ကျယ်ပြန့်သည့် ကွင်းပြင်ကြီး တစ်ခုရှိသည်။ ပထမ ဘာမှန်းမသိ။ ရှေ့ဂိတ်ဝ ရောက်တော့မှ ဆိုင်းဘုတ်ကို ကြည့်မိသည်။ ကလေးမြို့က လေယာဉ်ကွင်းပါတည်း။

မြို့လယ်ကောင်တွင် လေယာဉ်ကွင်းလုပ်ထားသည့် မြို့ဆို၍ သည်တစ်မြို့သာ ကိုမြင့် တွေ့ဖူးသည်။

ဈေးမှ လေယာဉ်ကွင်းကိုလွန်တော့ အိမ်ခြေကျဲသည်။ အိမ်ကြီးအိမ်ကောင်းတွေ များလာသည်။ တချို့အိမ်ရှေ့တွင် ပန်းသီးပင်များ၊ ဆန်းကစ်ပင်များ စိုက်ထားကြသည်။

'ကဲ တာဟန်းရောက်ပြီ'

မချစ်မေက ပြောသဖြင့် ကားပေါ်မှ ဆင်းပြီး သူ့နောက်သို့ လိုက်လာခဲ့သည်။

သူ့အဖြစ်ကို သူတွေ၍ ကိုမြင့် ပြုံးမိသေးသည်။

မှောင်ခို အရောင်းအဝယ်ကို မလုပ်ချင်၍ အတန်တန်ရှောင်ထွက်ခဲ့သည်။ မန္တလေးတွင်တုန်းကလည်း သူ မှောင်ခိုလုပ်ငန်းကို မလုပ်ခဲ့။ သည်လာတော့လည်း မှောင်ခိုလုပ်ငန်းကို လုပ်မည်ဟု စိတ်ကူးမရှိ။ နောက်ဆုံး မချစ်မေက အရင်းအနှီးထုတ်ပေးမည်ဟု ပြောသည့်တိုင် သည်အရောင်းအဝယ်လုပ်ငန်းကို သူ စိတ်မပါ။

သို့ရာတွင် ယခု မချစ်မေတို့နောက်က လိုက်နေရသည့် အဖြစ်ကကော။ မှောင်ခိုလုပ်ငန်းထဲတွင် ပါဝင်နေသည်နှင့်အတူတူ မဟုတ်လော။ မှောင်ခိုလုပ်ငန်းကို လုပ်မှန်းမသိဘဲ လုပ်နေသည်ဆိုသော အေးမပြောသည့် အမျိုးအစားထဲသို့ သူရောက်နေပြီလော။

www.burmeseclassic.com



သူ့စိတ်က မည်မျှ မှောင်ခိုလုပ်ငန်းကို မလုပ်ဟု ဆိုစေကာမူ လက်တွေ့တွင် သူတို့နှင့် လိုက်မိရက်သား ဖြစ်နေပြီ။

တာဟန်းဈေးနားက မချစ်မေ အသိအိမ်တွင် ပစ္စည်းများကို ထားပစ်ခဲ့သည်။

တာဟန်းဈေးက နာမည်ကျော်သလောက် ကြီးသည်။ အပြင်ကနေ ကြည့်တော့ သာမန်ဈေးကလေး တစ်ဈေးလောက်ထင်ရသည်။ သို့ရာတွင် အထဲဝင်ကြည့်တော့ ဈေးဆိုင်ကြီးတွေက ဟိန်းနေသည်။ တစ်ဖက်နိုင်ငံက လာသည့် နိုင်ငံခြားပစ္စည်းတွေ စုံနေသည်။

ဈေးက ပြန်ထွက်ပြီး တည်းခိုအိမ်သို့ သုံးယောက်သား လမ်းလျှောက်ပြန်ခဲ့ကြသည်။ တံတားလေးနားရောက်တော့ သူတို့နောက်က ဂျစ်ကားတစ်စီးက ဟွန်းတီးကာ ဘေးတွင် ထိုးရပ်လိုက်သည်။

'ဟေ့ အေးမ ဘယ်တုန်းက ရောက်နေတာလဲ'

ဂျစ်ကားပေါ်က လူငယ်က လှမ်းနှုတ်ဆက်သည်။ ဆံပင်ရှည်ရှည်၊ စပို့ရှပ်အနီရောင် တက်ထရွန် ဘောင်းဘီအနက်ကို ဝတ်ထားပြီး မျက်မှန်အနက်တပ်ထားသည်။ စီးကရက်တစ်လိပ်ကို ညာဘက်နှုတ်ခမ်းထောင့်တွင် လှလှပပခဲထားသည်။

အေးမက ရုတ်တရက် မည်သူမည်ဝါ မသဲကွဲ။ အံ့အားသင့်နေသည်။ အသေအချာ ကြည့်လိုက်တော့ တခြားသူမဟုတ်၊ နေလင်းအောင်။

'ဒီတင်လား၊ တမူးသွားဦးမှာလား'

နေလင်းအောင်က ဆက်မေးသည်။

'မပြောတတ်သေးဘူး၊ ရောက်တာတော့ ဒီနေ့ပဲ ရောက်တယ်'

အေးမက ခပ်ဆိုင်းဆိုင်းဖြေသည်။ နေလင်းအောင်နှင့် မတွေ့သည်မှာ သုံးလေးနှစ်လောက်ရှိပြီ။ မုံရွာမှ ဦးမြမင်းတို့တိုက်မှ ထွက်လာပြီး ရွာသို့ပြန်သည်။ နောက်တွင် နေလင်းအောင်နှင့် တစ်ကြိမ်မျှ မတွေ့တော့။ သည်အတောအတွင်း အေးမ မုံရွာသို့ မကြာမကြာ ရောက်သော်လည်း သူတို့လမ်းဘက်သို့ မရောက်။ ရောက်စရာလည်း အကြောင်းမရှိ။ သူတို့ တွင်ခုံက ဦးမြမင်းတို့တိုက်နှင့် နီးသဖြင့် သည်နားတစ်ဝိုက်ကို အေးမက အဝေးက ရှောင်သည်။

သုံးနှစ်အတွင်း နေလင်းအောင် အမူအရာတွေ တော်တော်ပြောင်းသွားသည်။ ယခင်ကလို လမ်းသရဲသာသာ ကျောင်းသားလေးတော့ မဟုတ်တော့။

www.burmeseclassic.com


စီးပွားရေးလောကတွင် ကျင်လည်နေသည့် စီးပွားရေးသမားကြီးတစ်ယောက်၏ ဟန်ပန်မျိုး ပေါက်နေသည်။

'ဘာလဲ၊ နင် ခု အရောင်းအဝယ် လုပ်နေတယ်ပေါ့ ဟဲ ဟဲ'

နေလင်းအောင်က မချစ်မေနှင့် ကိုမြင့်တို့ဆီသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း လှမ်းမေးသည်။ သူ့ရယ်သံက လှောင်သံပါနေသည်။

'အင်း ဆိုပါတော့၊ သူ့ခေတ်နဲ့သူပေါ့'

'ခု ကျောင်းကော နေသေးလား'

အေးမက ခေါင်းရမ်းပြသည်။

'အေး ကြည့်လဲလုပ်ပေါ့၊ သိပ်လဲ ဖျံကျမနေနဲ့ဦး'

'အို ဒါတော့ ကျတန်ကျရမှာပေါ့၊ မှောင်ခိုတောင်လုပ်နေသေးတာ'

အေးမက တမင်အရွဲ့တိုက်ပြောသည်။ နေလင်းအောင်က သူ့ကို ကြည့်၍ ပြုံးနေသည်။

'ငါက စေတနာနဲ့ပြောတာပါ၊ မှောင်ခိုလုပ်တယ်ဆိုတာ နေ့းလွန်းရင် လဲ ခံရတတ်တယ်၊ ဖျံကျလွန်းရင်လဲ ခံရတတ်တယ်'

'တို့လဲ ဒီလောက်ဖျံကျစရာလဲ မလိုပါဘူး၊ တို့မှောင်ခိုလုပ်တာက တစ်ခေါက်သွားမှ ခြောက်ပြားတစ်ပဲပါ၊ ထမင်းစားဖို့ လုပ်ရတာပါ၊ သူများလို တိုက်တစ်လုံးပြီး တစ်လုံး ဆောက်ဖို့၊ ကားတစ်စီးပြီး နောက်တစ်စီး ဝယ်ဖို့ လုပ်တာ မဟုတ်ပါဘူး၊ သတိပေးဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်'

အေးမက နှုတ်ဆက်၍ ခပ်လှမ်းလှမ်းမှ စောင့်နေသည့် မချစ်မေတို့ဆီ လျှောက်လာသည်။ နေလင်းအောင်က လက်ပြကာ ဂျစ်ကားကို မောင်းထွက် သွားသည်။

'နေပါဦးအေ့၊ ဒီကောင်လေးက တို့မုံရွာက ဦးမြမင်းသမီးအငယ်နဲ့ ခိုးထွက်ပြေးတဲ့ တွင်ခုံပိုင်ရှင်သား မဟုတ်လား။ သူ့နာမည်က ဘာတဲ့'

'နေလင်းအောင်'

'အေး အေး ဟုတ်တယ်၊ ခုခေတ် မုံရွာမှာ ပွတဲ့အထဲမှာ ဒီကောင်လေး တွေလဲ ပါတာပေါ့အေ၊ ပွလိုက်တာမှ အကြီးအကျယ်ပဲ၊ ကောင်လေးက ကျောင်း တောင် မနေတော့ဘူး၊ ကျောင်းနေတာ အချိန်ကုန်တယ်တဲ့၊ ဘီအေတို့ ဘာတို့ အောင်တောင် အလုပ်က မသေချာဘူးတဲ့၊ အလုပ်ရပြန်တော့လဲ လခကလေးက မဖြစ်စလောက်ကလေးရယ်တဲ့၊ ဒီခေတ်မှာ ပညာရေးလိုက်နေလို့ အပိုပဲတဲ့၊ စီးပွားရေးပဲ လုပ်တော့မယ်တဲ့၊ အဖေရဲ့တွင်ခုံကို ခုတော့ သူပဲ ဦးစီးလုပ်နေတာပဲ'

www.burmeseclassic.com



မချစ်မေလဲ မုံရွာဈေးထဲက သူကြားရသည့် သတင်းများကို ဖောက်သည်ချသည်။

'ပွဲဆိုလဲ ပွဲမှာပေါ့အေ၊ ဖအေကလဲ အပေါင်းအသင်းကောင်းတယ်၊ ကောင်လေးကလဲ အလုပ်အကိုင်တော်တယ်ဆိုပဲ၊ လုပ်လိုက်တဲ့အလုပ်ကလဲ အစုံပဲ၊ တွင်ခုံပစ္စည်းတွေဆိုရင်လဲ တမူးဘက်က ချလာပြီး မန္တလေးကို ထုတ်တယ်၊ ကျောက်စိမ်းတို့ ဘာတို့လဲ လုပ်သတဲ့၊ ဘိန်းဖြူတောင် ကူးတယ်ဆိုပဲ'

မချစ်မေက မြိန်ရေယှက်ရေ ပြောနေသည်။

'တမူးဘက်ကို ဂျစ်ကားတွေ သွားသွားပြီး သယ်တာ လေးငါးဆယ်စီး လောက်ရှိပြီတဲ့၊ ခု အဲဒီကောင် ဂျစ်ကားအသစ်တစ်စီး ချလာတာနဲ့ တူတယ်၊ ကြည့်ရတာ ဂျစ်ကားလေးက လတ်လတ်ကလေးရယ်၊ အသွားတုန်းက မန္တလေး ကနေ လေယာဉ်ပျံနဲ့သွားတယ်လို့ ကြားနေတာ'

မချစ်မေက ဈေးထဲက ဈေးသည်ပီပီ သတင်းစုံသည်။

'အစ်မကြီးကလဲ ဂျစ်ကားကြီးတစ်စီးလုံး ဘယ့်နှယ်လုပ်ပြီး မှောင်ခို ချလို့ ရမလဲ'

ကိုမြင့်က မေးသည်။ မချစ်မေက စကားဖွာလွန်းသည်။ ထို့ကြောင့် တချို့စကားက ယုံစရာမကောင်း။

မချစ်မေက ကိုမြင့်ကို သနားစရာ သတ္တဝါလေးတစ်ကောင်ကို ကြည့် သလို ကြည့်၍ ပြုံးသည်။

'အမလေးဟဲ့ မောင်ကိုမြင့်လေး၊ မင်း ဒါကြောင့် ဒီလိုဖြစ်နေတာပေါ့၊ ဂျစ်ကားကြီး တစ်စီးလုံးရတဲ့ ဟိုဘက်ဆယ်ဘူတာတောင် လွန်သေး၊ ဒီကသွား တော့ ဂျစ်ကား အစုတ်ယူသွားပြီး အသစ်ကို အင်ဂျင်နံပါတ် ပြောင်းတပ်လာ တာပေါ့ကွယ့်၊ ဒီလို မလုပ်ချင်သေးဘူးဆိုရင် ကားနံပါတ်ကို ဝယ်သွားပြီး ဟိုက ဂျစ်ကားကို ဒီကနံပါတ်ပြားတပ်ပြီး မောင်းလာတာပေါ့၊ အံမာလေး နည်းမျိုးစုံလို့'

မချစ်မေက သူကြားဖူးနားဝ ဗဟုသုတတွေကို ဖောက်သယ်ချသည်။

()

www.burmeseclassic.com

## ၁၃

အသွားခရီးဖြစ်၍ သူတို့တစ်သိုက် ဂိတ်ကွင်းလမ်းက သွားစရာမလို။ ဘတ်စ်ကား ပေါ် ထိုင်လိုက်သွားရုံသာ ရှိသည်။ လမ်းတွင် ခရီးသွားခွင့် လက်မှတ်ရသူလည်း ပါသည်။ သွားခွင့်လက်မှတ်မရဘဲ ကိုယ့်နည်းကိုယ့်ဟန်နှင့် လိုက်လာကြသူတွေ လည်း ရှိသည်။ ရှိသည်ဟု ထင်သည်။

ကားသည် မနေ့ကရပ်ခဲ့သော ကျိုကုန်းဂိတ်တွင် ရပ်သည်။ ကျိုကုန်း တွင် တမူးလမ်းခွဲရှိသဖြင့် သည်ဂိတ်ကို ပထမဆုံးဝင် ဦးတိုက်ရသည်။

ရှေ့တွင် ကားလမ်းကိုတားသည့် မောင်းတံကြီး ပိတ်ချထားသဖြင့် ကားများအားလုံး ရပ်ကြရသည်။

ဂိတ်မှူးက အရပ်ရှည်ရှည်၊ အသားညိုညို၊ အသက် ငါးဆယ်လောက်ရှိ ပြီ။ ဘေးနားထင် တစ်ဖက်တစ်ချက်တွင် ဆံပင်တွေက ငွေရောင်သန်းနေကြ သည်။ သူက ကွမ်းစားရင်း သူ့ရုံးခန်းထဲက ထွက်လာသည်။ ရုံးခန်းဆိုသော် လည်း ကြီးကြီးကျယ်ကျယ် မဟုတ်။ လက်မောင်းလောက်ရှိသည့် ဝါးပိုးဝါး တောင့်တောင့်များကို တိုင်ထူကာ ဝါးကြောထူ ထရံကာထားပြီး သက်ကယ်မိုး ထားသည်။ ရုတ်တရက်ကြည့်လျှင် ကျိုကုန်းဂိတ်က လက်ဖက်ရည်ဆိုင်၊ ထမင်း ဆိုင်တစ်ဆိုင်နှင့် ဘာမျှမခြား။

တစ်ယောက်က မှတ်ပုံတင်ကတ်များကို စစ်ဆေးနေစဉ် သူက ကား ပေါ်က ပစ္စည်းများကို လိုက်ကြည့်နေသည်။ ကားပေါ်က လူများနှင့် နောက်ပြောင် ရယ်မောရင်း စကားပြောနေသည်။ သူ့သွားတွေ မည်းနက်နေပုံကို ထောက်သော် ရွာက ထွန်စက်မောင်းသည့် ကိုတင်ထွန်းကြီးလို ကွမ်းအမြဲစားဟန်တူသည်။ သဘောလည်း ကောင်းပုံရသည်။

'ဘာလဲ၊ ဒီအဒေါ်ကြီး ဒီတစ်ပတ် ပါလာပြန်ပလား။ တော်ရုံတင် ကောင်းတယ်နော်၊ ခဏခဏ ရွှေလမ်းငွေလမ်း ဖောက်မနေကြနဲ့နော်'

အပြောခံရသည့် အဒေါ်ကြီးက ဘာမျှမပြော ရယ်နေသည်။

www.burmeseclassic.com


'ဘာလဲ ညည်းတို့ ဒီတစ်ခေါက် ပြန်လာကြပြီလား၊ အေး အေး ကောင်းတယ်၊ ငါရင်လဲ သေမှ၊ ညည်းတို့ရင်လဲ ယောကျ်ားမြန်မြန်ရမှ၊ မရှိလို့ လုပ်စားပါတယ်၊ သူတို့ကတစ်မျောင့်၊ လွှတ်ပေးလိုက်ရင်လဲ အခက်၊ မလွှတ်ရင်လဲ အခက်၊ ညည်းတို့ကြောင့် ငါသေချင်တယ် သိလား၊ ညည်းတို့ကြောင့် ငါ ဒီလောက် ငယ်ငယ်နဲ့ ခေါင်းဖြူနေတာ'

လူကြီးက ပျော်ပျော်နေတတ်ပုံရသည်။ ခရီးသည်တွေကို တစ်ယောက်ပြီးတစ်ယောက် နောက်နေသည်။ ယောကျ်ားမိန်းမ မျက်နှာရွေးခြင်းမရှိ။ အားလုံးကို တရင်းတနှီးဆက်ဆံသည်။

ကားသည် ကျိုးကုန်းတွင် နာရီဝက်လောက်နားပြီး ထွက်လာသည်။

သည်နေရာက ငှက်ဖျားထူလှသဖြင့် သေမင်းတမန်ချိုင့်ဝှမ်းဟု ခေါ်သော ကဘော်ချိုင့်ဝှမ်းပါတည်း။

တောင်ဘက်တွင်လည်း တောင်တန်းညိုပြာပြာ၊ မြောက်ဘက်တွင်လည်း တောင်တန်းညိုပြာပြာတို့ ဝိုင်းနေသည်။ ကားကလည်း တောင်တန်းညိုပြာပြာကြီးများဆီသို့ ဦးတည်မောင်းနေသည်။ တောင်ပတ်လည် ဝိုင်းထားသော်လည်း တောင်တန်းညိုပြာပြာကြီးတွေက အနီးကပ် တည်ရှိနေသည်မဟုတ်။ ဟိုအဝေးနှင်းမြူနှင့် တောင်ခိုးတို့အကြား မှိုင်းမှိုင်းပြပြ မြင်ရုံသာ မြင်ရသည်။ တောင်ပတ်လည်ဝိုင်းထားသည့် လွင်ပြင်ချိုင့်ဝှမ်းကြီးဖြစ်သည်။

ဆရာဦးစံကောင်း ဖတ်ပြသည့် 'အောင်မြင်မှုသို့ ဆုတ်ခွာရခြင်း' ဆိုသည့် ဖီးမာရှယ်ဝီလျံဆလင်း၏ စာအုပ်တွင် ပြည်နယ်တစ်ဝိုက်အကြောင်း ရေးထားသည်ကို ကိုမြင့်မှတ်မိသည်။ သည်လမ်းမကြီးပေါ်တွင် စုတ်ပြတ် နွမ်းနယ်လျက်ရှိသော စစ်တပ်ကြီးတစ်တပ် ဆုတ်ခွာသွားခဲ့ဖူးပြီး အားကောင်း၍ တိုက်စွမ်းရည် အပြည့်ရှိသည့် စစ်တပ်ကြီးတစ်တပ် ဝင်လာခဲ့သည်ဖူးကို ကိုမြင့်သတိရသည်။

သြော် စစ်ကြီးတစ်ခု ထွက်သွားပြီး စစ်ကြီးတစ်ခု ဝင်ရောက်လာခဲ့သော လမ်းမပါတကား။

ကားလမ်းတစ်ဖက်တစ်ချက်တွင် ကျွန်းတောများ၊ ပျဉ်းကတိုးတောကြီးများကို တွေ့ရသည်။ တချို့နေရာများတွင် ယာသမားများ တောင်ယာခုတ်ထားဟန်၊ မီးရှို့ပြီးခါစ အကွက်များ၊ တောင်ယာတဲကလေးများကို တွေ့ရသည်။

မုံရွာ–ကလေးဝ မော်တော်ကားကဲ့သို့ပင် ကလေးမြို့–တမူး မော်တော်ကားသည်လည်း လူရောကုန်ပါ ပြည့်လျှံနေအောင် တင်ထားသည်။ ကားထဲတွင်

အမေ့ဥယျာဉ်စာအုပ်တိုက်

www.burmeseclassic.com


လည်း အပြည့်၊ ကားနောက်မြီးတွင်လည်း ရပ်စရာ မရှိတော့။ ကားခေါင်မိုးပေါ်တွင်လည်း ထိုင်စရာမရှိတော့။ စက်ခေါင်းဖုံးနှင့် ရှံ့ကာဖုံးပေါ်ထိ လူတွေပြည့်နေသည်။ အဝေးကနေကြည့်လျှင် တလှုပ်လှုပ်နှင့် မော်တော်ကားတစ်စီး လာနေသည်နှင့် မတူ။ လူတွေ သီးနေသည့် အပင်ကြီးတစ်ပင် ရွေ့လာနေသည်နှင့် တူသည်။

မော်တော်ကားသည် အင်တိုင်းကြီး အင်တိုင်းလေး၊ နန်းဟန်နွဲ့ စသည့် ရွာများကို ကျော်လာသည်။ အင်တိုင်းကြီး တစ်ဝိုက်က မီးသွေးဖိုများ၊ ထုံးဖိုများကို ကိုမြင့် ငေးကြည့်လာသည်။ သစ်ချောက်ကျောက်မီးသွေးတွင်းတွင် အလုပ်မရခဲ့ပါက အင်တိုင်းကြီးဘက်လာ၍ မီးသွေးဖုတ်နေရလျှင်လည်း ထမင်းတစ်လုတ်တော့ စားရကောင်းသည်ဟု သူထင်သည်။

စခန်းကြီးရွာရောက်တော့ ရဲစခန်းရှေ့တွင် ကားရပ်ရပြန်သည်။ ရဲစခန်းက စစ်ဆေးစရာရှိသည်ကို စစ်ဆေးသည်။ သိပ်မကြာသဖြင့် တော်သေးသည်။

သည်လမ်းသည် အင်္ဂလိပ်တို့ ဆုတ်ခွာတုန်းက သူ့အဖေလိုက်၍ ကားမောင်းပေးခဲ့ရသည့်လမ်း ဖြစ်မည်ထင်သည်။ သည်တုန်းက အဖေ့အသက်သည် အလွန်ဆုံးရှိလှမှ ယခု သူ့အသက်လောက်သာ ရှိလိမ့်ဦးမည်။ အမေနှင့်ပင် အိမ်ထောင်ကျဦးမည်မဟုတ်။ အဖေသည် တစ်မူးက ပြန်လာတော့ အကြီးအကျယ် ငှက်ဖျားမိလာခဲ့သည်။ စစ်ကြီးပြီးတော့ အဖေ တမူးကို နောက်တစ်ခေါက် သွားပြန်သည်။ သည်တစ်ခေါက်တော့ အင်္ဂလိပ်စစ်တပ်က ချောဆွဲ၍ ပါသွားခြင်းမဟုတ်။ ပေါက်မှ လမ်း ကန်ထရိုက်တာ တစ်ယောက်က စစ်သုံးမော်တော်ကားများကို လေလံသွားဆွဲသဖြင့် ဒရိုင်ဘာလုပ်ရခြင်းဖြစ်သည်။ လမ်းကန်ထရိုက်တာသည် ငွေထုပ်ပိုက်၍ ဒရိုင်ဘာ လေးငါးယောက်ကို စရိတ်ခံခေါ်သွားသည်။ ပြန်လာတော့ ဂျစ်ကားနှင့် ထရပ်ကားကြီးများကို လေလံဆွဲလာခဲ့သည်။ သည်တုန်းက ကဘော်ချိုင့်ဝှမ်းတစ်ဝိုက်တွင် ကုန်သည်တွေ ခြေချင်းလိမ်မည်လော မပြောတတ်။ ဂျစ်ကားတစ်စီးမှ ငါးရာလောက် ပေးရသည်ဟု အမေက ပြောဖူးသည်။

ယခုလည်း ကဘော်ချိုင့်ဝှမ်းထဲက ကလေးမြို့ တမူးကားလမ်းမကြီးတစ်လျှောက်တွင် ကုန်သည်တွေ ခြေချင်းလိမ်နေကြသည်။ အရင်းအနှီးကြီးကြီးဖြင့် မော်တော်ကားပစ္စည်း၊ စက်ခေါင်း စသည်တို့ကို ခိုးသွင်းနေသူမှအစ ဝက်အူကလေးတွေ၊ မူလီကလေးတွေ၊ စက်ဘီးစပုတ်တံတွေကို ခိုးသွင်းသူအထိ ကုန်သည်အကြီးအသေး စုံနေသည်။

www.burmeseclassic.com



သူ့ဘေးမှ အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးခန့် လူကြီးနှစ်ယောက် ပြောစကားအရ ကိုမြင့် သိရခြင်းဖြစ်သည်။

မော်တော်ကားက ကံဦး၊ ကံသာ စသည့်ရွာများကို ဖြတ်ကာ ခုန်သာရွာတွင် ဆိုက်ရပြန်သည်။ ခုန်သာတွင် ရဲစခန်းရှိသဖြင့် ရဲစခန်းက လူတွေစစ်ဦးမည်၊ ပစ္စည်းတွေစစ်ဦးမည်၊ သိပ်မကြာ။

ခုန်သာရွာစခန်းကအထွက် တောစပ်တွင် တမူးဘက်မှ ပြန်လာသည့် ဘတ်စ်ကားကြီးတစ်စင်း ရပ်၍ လူတွေချနေသည်။ တချို့က အထုပ်အပိုးတွေထမ်းပြီး တောထဲဝင်သွားကြသည်။

'စခန်းတွေမှာ စစ်မှာစိုးလို့ တောထဲ ဝင်သွားကြတာ၊ တောထဲမှာ ကိုယ့်အထုပ်ကိုယ်ထမ်းပြီး ဂိတ်ကို ကွင်းသွားတယ်၊ ဂိတ်လွန်တော့ မော်တော်ကားက စောင့်နေရတယ်၊ ဒီတော့မှ တောထဲက ထွက်လာပြီး ကားပေါ်ပြန်တက်ကြရတယ်' မချစ်မေက အေးမကို ပြောနေသည်။

'နောက်တစ်ဂိတ်ကျတော့ကော'

'နောက်တစ်ဂိတ်လဲ ဒီအတိုင်းပေါ့၊ စခန်းရှိတဲ့ ဂိတ်ရောက်ခါနီးရင် ကားက ရပ်ပေးတယ်၊ ပစ္စည်းရှင်က ဆင်းပြီး တောဝင် ဂိတ်လွန်တော့ ပြန်ထွက်ကားတက်စီး'

'မလွယ်ပါလား မမချစ်မေရဲ့'

အေးမက ညည်းသည်။ မုံရွာ–ယင်းမာပင်လမ်းတွင် မောင်ခိုလုပ်ရသည်က ဘာမျှ အပန်းမကြီး၊ ကတ္တရာစေး လမ်းမကြီးပေါ် လျှောက်ရခြင်းဖြစ်သည်။ သည်လမ်းက တောဝင်ချောင်းဖြတ်၊ တောင်ကျော်၊ အင်း...တကယ်မလွယ်ပါတကား။

မော်တော်ကားသည် မြတ်လု ကြိုးဝိုင်းထဲသို့ ဝင်လာသည်။ တောက တဖြည်းဖြည်းနက်လာသည်။ ကျွန်းပင်များ၊ အင်ကြင်းပင်များက လမ်းပေါ်ကို မိုးယုက်နေကြသည်။ ရွာကလေးတွေ နာမည်က ဆန်းသည်။ စော်ဘွားရေရှင်၊ ဖက်ယားရေရှင်၊ ကျွန်းတောရေရှင်။

ဖက်ယားရေရှင်ရောက်တော့ နံနက်စာစားရန် ကြာကြာရပ်ပေးသည်။ မချစ်မေတို့ အေးမတို့က သူ့ကို ထမင်းကျွေးသော်လည်း ကိုမြင့် မစား။ သူ့တွင် စားစရိတ် လုံလုံလောက်လောက်မရှိ။ ရှေ့ကို စခန်းသွားရန် လက်ကျန်ငွေကလေး ငါးဆယ်တော့ ချန်ထားရဦးမည်။ သူများက စရိတ်ခံသည်ဆိုတော့လည်း အစစအရာရာ အားနာရသည်။

www.burmeseclassic.com


'ကိစ္စမရှိဘူး၊ ကျွန်တော် မဆာဘူး၊ လက်ဖက်ရည်ပဲသောက်မယ်'

ကိုမြင့်က တစ်ထွာနီးပါးလောက်ရှိသည့် သီးမွှေးငှက်ပျော စိမ်းစိမ်းကြီး နှစ်လုံးစားပြီး လက်ဖက်ရည်တစ်ခွက် သောက်သည်။ အရသာရှိလိုက်သည့် လက်ဖက်ရည်ကို သူ့တစ်သက်တွင် တစ်ခါမျှ မသောက်ဘူး။ လက်ဖက်ရည်ဖျော်သည့် ခုံပေါ် လှမ်းကြည့်လိုက်တော့ လက်ဖက်ခြောက်က လစ်ပတန် လက်ဖက်ခြောက်ဘူး၊ ပြီးတော့ နို့စိမ်းဘူး။

လစ်ပတန် လက်ဖက်ခြောက်တို့၊ ဘရွတ်ဘွန်း လက်ဖက်ခြောက်တို့ကို သူကြားဖူးရုံသာ ကြားဖူးသည်။ မြင်လည်း မမြင်ဘူး မသောက်လည်း မသောက်ဘူး။

ပေါက်နားက ဆင်သေရွာတွင် လေယာဉ်ကွင်းလုပ်တုန်းကတော့ သည်လို ပစ္စည်းတွေ အလွန်ပေါသည်ဟု အမေက ပြောဖူးသည်။ သည်တုန်းက ချိစ်ဘူး ဆိုလျှင် မလိုချင်အဆုံး ချိစ်ကို ငရုတ်သီးစပ်စပ်၊ ခရမ်းချဉ်သီးဟင်း ချက်စားရသည်မှာ အလွန်ကောင်းသည်ဟု အမေက ပြောဖူးသည်။ ချိစ်ဘူးတွေ စားမကုန် တော့ တချို့က အမဲဆီအဖြစ် သဘောထားကာ လှည်းဝင်ရိုးဆီ ထည့်ကြသည် ဟုပင် အမေက ပြောပြဖူးသည်။

'ညည်း အပြန်ကျရင် အဲဒီလက်ဖက်ခြောက် ဘူးဝါနဲ့ ဘူးစိမ်းတွေ ဝယ်ဟော့၊ မုံရွာမှာ သိပ်ဈေးကောင်းတယ်၊ ငါလဲ ဝယ်ရမယ်'

ထမင်းစားပြီးတော့ မချစ်မေက ထမင်းဖိုးရှင်းသည်။ အေးမက နောက်ကျမှ သူ့စရိတ်ကို ပြန်၍ပေးရမည့်ပုံ ပေါ်သည်။

ရှေ့ခရီးကား ခန်းပတ်ကြီးထိ၊ လွင်ပြင်ကြီး ဖြစ်သည်။ အတက်အဆင်းပင် သိပ်မရှိတော့။ ရှိသည့်တိုင်အောင် ကုန်းတက် ကုန်းဆင်းကလေးများက ပြောလျော့ကြသည်။ ကမူကလေးများသာ ဖြစ်ကြသည်။ လမ်းမကြီးက ဖြူးနေသည်။ ရှေ့တစ်မိုင်လောက်အထိကို လှမ်းမြင်နေရသည်။

'အဲဒီလို စက်ဘီးတွေကို ကလေးမြို့အရောက် အငှားနင်းပေးရင် ငွေတစ်ရာ့ငါးဆယ်၊ နှစ်ရာတော့ ရတာပဲကွယ့်။ တချို့ အလုပ်မရှိရင် ဒီလိုပဲ စက်ဘီးတွေကို အငှားနင်းပေးတာပဲ၊ ဂိတ်နားရောက်တော့ ဆင်းပြီး တောထဲ တွန်းသွား ဂိတ်လွန်တော့ ပေတစ်ရာပေါ်ကို ပြန်တက်ပြီး နင်းသွားရုံပဲ'

မချစ်မေက တမူးဘက်မှ စီးလာသော ဘိုင်စကယ်အသစ် သုံးလေးစီးကို ကြည့်ရင်း ပြောသည်။ ဘိုင်စကယ်တွေက အသစ်ကျပ်ချွတ်တွေ ဖြစ်သည်။

www.burmeseclassic.com


ဘိုင်စကယ်တစ်စီး နင်းလာသူထဲတွင် မိန်းမကြီးတစ်ယောက်ပင် ပါသည်။ အသက် လေးဆယ်ကျော်လောက် ရှိရော့မည်။

'အဲဒီအဒေါ်ကြီးကလဲ အငှားနင်းလာတာပေါ့၊ ဘယ်သူကိုယ်တိုင် ဝယ်စီးနိုင်ပါ့မလဲ၊ တမူးနဲ့ ကလေးမြို့က မိုင်ကိုးဆယ်ကျော်ဝေးတယ်၊ တစ်နေ့လောက်နင်းရတယ်၊ တစ်နေ့ထဲနင်းရင် တစ်ရာ့ငါးဆယ် နှစ်ရာရတယ်၊ နည်းသလား၊ တစ်လကို လေးစီးလောက် နင်းပေးရင် ဟန်ကျတာပေါ့'

'ဟိုရောက်တော့ကော'

အေးမက မေးသည်။

အမယ်လေး၊ သူ့အဆက်နဲ့သူပေါ့။ ဟိုရောက်တော့ ဝယ်ပေးလိုက်တဲ့လူက ပေးလိုက်တဲ့ လိပ်စာအတိုင်း အပ်လိုက်ရုံပဲ။ နင်းခတွေ ထုတ်ပေးလိမ့်မယ်'

'အင်း အမျိုးမျိုး လုပ်ကိုင်စားနေကြတာပဲနော်'

'ခုခေတ်ကြီးက အမျိုးမျိုး လုပ်ကိုင်စားမှ တော်ရုံကျတယ်၊ မောင်ကိုမြင့်ရေ။ တစ်မျိုးတည်း လုပ်စားလို့ မရဘူး။ ဟော ပြောရင်းဆိုရင်း ခန်းပတ်ကိုတောင် ရောက်လာပြီ၊ ခုဟာက ခန်းပတ်ကြီးတဲ့၊ နောက် ခန်းပတ်ကလေး၊ ဘုတ်ကန် ဘုတ်ကန်ပြီးရင် တမူးရောက်တော့မယ်'

မော်တော်ကားသည် ရွာတန်းရှည်ကြီးထဲသို့ ဝင်လာသည်။ ရွာတန်းရှည်မှ တကယ့်ရွာတန်းရှည်။ ဘေးတစ်ဖက်တစ်ချက်တွင် အိမ်တန်းက တစ်အိမ်လောက်သာ ရှိသည်။ သစ်ဝါးပေါသည့် အရပ်ဖြစ်၍ အိမ်ကြီးအိမ်ကောင်းတွေပေါသည်။ ဝင်းနှင့်ခြံနှင့် အားလုံး သပ်သပ်ရပ်ရပ် ရှိသည်။ ခြံများထဲတွင် ပန်းသီးပင်များ၊ ကမ္ဘလာသီးပင်များ၊ ဆန်းကစ်ပင်များ စိုက်ထားကြသည်။ ရွာတန်းက ရှည်သည်မှ သုံးလေးမိုင်လောက်တော့ ရှည်လိမ့်မည်ထင်သည်။ သည်လောက်ရှည်သည့် ရွာတန်းရှည်ကြီးမျိုးကို ကိုမြင့် သည်တစ်ခါသာ တွေ့ဖူးသည်။

ရွာတန်းရှည်ကြီးတစ်လျှောက်တွင် ဘုရားရှိခိုးကျောင်းတွေ အစီအရီရှိနေသည်။ ဘုရားရှိခိုးကျောင်းများက သစ်လွင်ခန့်ညားသည်။ ဘုရားရှိခိုးကျောင်းနောက်ဘက် တောစပ် ကမူတစ်ခုပေါ်တွင် ဘုန်းကြီးကျောင်းကလေး တစ်ကျောင်း ခပ်စုတ်စုတ်။

ခန်းပတ်ကြီးဂိတ်ရောက်တော့ ကားပေါ်ကလူတွေ တစ်ခါဆင်းရပြန်သည်။ ဂိတ်တွေရောက်တိုင်း ရောက်တိုင်း ဆင်းရသည်၊ လက်မှတ်ထိုးရသည်။

www.burmeseclassic.com


'ဒီစခန်းပြီးတော့ မရှိတော့ပါဘူးကွယ်၊ တမူးကို ရောက်ပါပြီ'

စခန်းတိုင်းဆင်း၍ အစစ်ဆေးခံရသဖြင့် ကိုမြင့် စိတ်ပျက်နေသည်။ သူတို့ကတော့ ဘာမျှ အပန်းကြီးပုံမရ၊ အေးအေးလူလူ၊ ပျော်ပွဲစားထွက်လာသလောဟုပင် ထင်ရသည်။ ကားပြန်ထွက်တော့ သီချင်းတကျော်ကျော်ဆိုလာကြသည်။

ခန်းပတ်ကြီးက ထွက်လာတော့ ပေတစ်ရာလမ်း မြေနီတွေအောက်မှ သံပြားပေါက်ကြီးတွေ ကတ္တရာစေးပြားကြီးတွေ တစ်စွန်းတစ်စ ပေါ်နေသည်။ သံပြားပေါက်ကြီးတွေက မြို့က အိမ်များတွင် ဝင်းထရံကာသည့် သံပြားပေါက်ကြီးတွေ ဖြစ်သည်။ တချို့ တူးဖော်ယူထားကြသဖြင့် လမ်းတွေ ပျက်နေသည်။

'အဲဒါ စစ်အတွင်းက လမ်းခင်းထားခဲ့တာပေါ့။ ခုတော့ အနီးအနားက လူတွေက ဒါတွေကို ပြန်ဖော်ယူနေကြတယ်'

အနားက လူကြီးတစ်ယောက်က ပြောပြနေသည်။

လူတွေ ငါးပိသပ် ငါးချဉ်သိပ် တင်လာသည့် ဘတ်စ်ကားသည် ပေတစ်ရာလမ်းမကြီးမှ ညာဘက်သို့ ချိုးကွေ့ဝင်လိုက်သည်။

'ရှေ့နားမှာ နယ်ခြားကူးတဲ့ တံတားရှိတယ်'

မချစ်မေက လက်ညှိုးထိုးပြသည်။ တံတားထိပ်ကို လှမ်းမြင်နေရသည်။ တံတားတစ်ဝက်ကို ဆေးဖြူ သုတ်ထားသည်။ ဆေးဖြူသုတ်သည့် နေရာမှာ နယ်ခြားဖြစ်သည်။

ကိုမြင့်က နာမည်ကြီးလှသော တမူးမြို့ကလေးကို မော်တော်ကားပေါ်မှ လှမ်းကြည့်သည်။ ပေတစ်ရာလမ်းမကြီးအောက် ခပ်ပြေပြေလျှောသော ချိုင့်ဝှမ်းထဲရောက်နေသဖြင့် မြို့ကလေးကို စီး၍ မြင်ရသည်။ မြေသားနီနီ၊ ခင်တန်းစိမ်းစိမ်း၊ တောင်တန်းညိုညို၊ ဖြူပြာပြာနောက်ခံတွင် တမူးမြို့ကလေးသည် ပန်းချီကားတစ်ချပ်လို လှနေသည်။

ဘတ်စ်ကားက ဈေးနားတွင် ရပ်သည်။

ဈေးက နံနက်ဈေးဖြစ်၍ သိပ်မစည်တော့။ သို့ရာတွင် ဈေးဆိုင်ကျိုးကျဲကတော့ ဖွင့်ထားဆဲ ဖြစ်သည်။

'အဲ့ဒါ ဟိုဘက်ကလာတဲ့ ကသဲတွေပေါ့အေ့'

မချစ်မေက ကွင်းပြင်ထဲတွင် ခပ်သုတ်သုတ် ဖြတ်နေကြသူများကို ပြသည်။ ကိုမြင့်ရော အေးမပါ မချစ်မေပြရာဆီသို့ မျက်စိရောက်သွားကြသည်။

www.burmeseclassic.com



ဈေးအနောက်ဘက် ကွင်းပြင်ကြီးထဲတွင် တောင်းကိုယ်စီ ရွက်ထားကြသည့် မိန်းမများ၊ တောင်းများကို ထမ်းထားသည့် ယောကျာ်းများသည် ကွင်းပြင်အနောက်ဘက်က တောတန်းညိုညိုဆီသို့ ခပ်သုတ်သုတ် သွားနေကြသည်။ အမျိုးသမီးများက ကသဲစောင်ဟု ခေါ်သည့် နီရဲရဲစောင်များကို ကျောတွင် ပတ်ထားကြသည်။ တချို့က လည်တွင် ရစ်ထားကြသည်။

ယူနီဖောင်းဝတ်ထားသည့် အကောက် အရာရှိကလေးတစ်ယောက်က ကြက်မောင်းသည့်ဟန် လက်နှစ်ဘက်ကို မ, မြှောက်ရင်း တဟေးဟေး အော်နေသည်။ အခြားအရာရှိတစ်ယောက်က ခေါင်းရမ်းရင်း အကောက်ရုံးစခန်းချရာ သစ်သားတဲ တန်းလျားကလေးကို ပြန်လျှောက်လာနေသည်။

'ဟို ကသဲတွေ ဈေးရောင်း ဈေးဝယ်လာကြတာပေါ့အေ့၊ မနက်လင်းရင် တောင်းကလေးတွေနဲ့ ဟိုဘက်က ပစ္စည်းလာရောင်း၊ ညနေကျတော့ ဒီဘက်က ပဲတို့၊ ဆန်တို့၊ ဆားတို့၊ ဟင်းသီးဟင်းရွက်တို့ ဘာတို့ဝယ်ပြန်ကြ'

ကိုမြင့်အဖို့တော့ အထူးအဆန်းတွေချည်း ဖြစ်နေသည်။

'အကောက်ဌာနတို့ ဘာတို့က မဖမ်းဘူးလား'

မချစ်မေက မျက်နှာမဲ့လိုက်သည်။

'ဖမ်းလို့ရမတဲ့လားကွယ်၊ ဒီဘက် ဟိုဘက်ကူးဖို့က တောလမ်းတွေ အများကြီးရှိတာ၊ ဟို အနောက်ဘက်နားမှာ ချောင်းကလေးတစ်ချောင်းရှိတယ်၊ မဟူရာချောင်းတဲ့၊ အဲဒီချောင်းလေး ကျော်လိုက်ရင် ဟိုဘက်ရောက်သွားတာပဲ။ အစိုးရက ပိတ်နိုင်ရင် တစ်လမ်းနှစ်လမ်းပဲ ပိတ်နိုင်မှာပေါ့။ ခုဟာက လမ်းပေါင်း တစ်ရာလောက်ရှိတယ်။ မြေကြီးရှိရင် လမ်းရှိတာပေါ့။ တံတိုင်းကြီး ကာထားတာမှ မဟုတ်ဘဲ။ တစ်ခါတလေများ အကောက်ဌာနက လူတွေက မှောင်ခိုတွေရဲ့ အထုပ်ကိုတောင် သိရက်နဲ့ ထမ်းပေးလိုက်ရသေးတယ်'

'တကယ်'

မချစ်မေက သူ့စကားကို သဘောကျ၍ ရယ်သည်။ ရယ်ရင်းလည်း ပြောနေသည်။

၊၊

www.burmeseclassic.com



နွေနှောင်းသည့်တိုင် နှင်းမှုန်တို့က မပြယ်တတ်သေး။

နှင်းမှုန်မပြယ်သော ကဘော်ချိုင့်ဝှမ်း၏ နွေညများက ပြာလဲ့နေသည်။ တောင်ခိုး၊ နှင်းမှုန်နှင့် လရောင်တို့ကို ရက်ဖောက်လိုက်သည်၌ ကဘော်ချိုင့်ဝှမ်းက ညချမ်းသည် ငွေရောင်ရည်ရောနေသည့် မှိုင်းပြာပြာ ညချမ်းဖြစ်နေသည်။

သူတို့တစ်တွေထွက်လာတော့ တော်တော်မှောင်နေပြီ။

သည်နေ့ညက နောက်ဆုံးအခေါက်တွင် ဖြစ်သည်။ တမူးရောက်ပြီး သူတို့ မဟုရာချောင်းဘက်သို့ နေ့တိုင်း ကူးကြရသည်။ အထွက်က ကိစ္စမရှိ။ နေ့လယ်နေ့ခင်းမှာပင် တောထဲက ထွက်သွား၍ ရသည်။ သို့ရာတွင် သည်ဘက်ကမ်းပြန်ကူးတော့ ပစ္စည်းတွေပါလာသဖြင့် နေ့ခင်းကြောင်တောင်ကြီး ပြန်ကူး၍မရ။ မှောင်ရီရီတွင် ပြန်ကူးမှ အဆင်ပြေသည်။ သို့မဟုတ်လျှင် လူရော ပစ္စည်းတွေရော အကုန်လုံး မိနိုင်သည်။ ထို့ကြောင့် နံနက်ပိုင်းတွင် တစ်ဘက်ကမ်းသို့ ကူးကာ တစ်နေ့လုံး ပစ္စည်းဝယ်ပြီး ညကျမှ ပြန်ကူးကြရသည်။

အေးမတို့ တစ်ဘက်ကမ်းသို့ ကူးသည်မှာ လေးခေါက်ရှိသွားပြီ။ လေးခေါက်ဆိုတော့ လေးရက်ရှိပြီ။ လိုချင်သည့် ပစ္စည်းတွေလည်း ရပြီ။ ဆာရီ၊ ရှန်သားဝိုင်စ၊ အိန္ဒိယပါတိတ်၊ ခြင်ထောင်စ၊ အိပ်ရာခင်း၊ ဓာတ်ဆိုးဆေး၊ စက်ပစ္စည်း၊ ဖဲထုပ်၊ စက်ဘီး၊ စပုတ်တံ စသည့် ပစ္စည်းများဖြစ်သည်။ အပ်ချည်လုံးတို့၊ စက်ခေါင်းတို့လည်း ပါသည်။

သည်နေ့တော့ နောက်ဆုံးအခေါက်ဖြစ်သည်။ တစ်ဘက်ကမ်းက ကူးတော့ ခုနစ်နာရီထိုးနေပြီ။ လမ်းက အစောင့်အကြပ်တွေ တိုးချထားသဖြင့် ခါတိုင်းလမ်းက သွား၍ မရ။ သည်နေ့ည ပြန်ရမည့်လမ်းက နည်းနည်းလှမ်းသည်။ တောလမ်းအတိုင်း ချောင်းအောက်ကို စုန်ရမည်။ (တချို့ကလည်း တောလမ်းအတိုင်း ချောင်းညာသို့ စုန်ကြသည်) လူပြတ်သည့်နေရာတွင် ချောင်းကို ဖြတ်ရမည်။ ချောင်းကို ဖြတ်၍ တောလမ်းအတိုင်း ပြန်ဆန်ကာ တမူးသို့

www.burmeseclassic.com



သွားရမည်။ ထို့ကြောင့် သည်နေ့ခရီးသည် ဝေးသည်။ ပစ္စည်းတို့ကလည်း စက်ပစ္စည်းတို့၊ စက်ခေါင်းတို့ ပါလာသည့်အတွက် ခါတိုင်းနှင့်မတူ လေးသည်။

မဟူရာချောင်းစပ်ရောက်တော့ ညကိုးနာရီထိုးတော့မည်။ မှောင်ကလည်း မှောင်လှပြီ။ စောစောက ကောင်းကင်တွင် တွဲလွဲချိတ်နေသည့် တံစဉ်ကွေး လပင်လျှင် တောင်စွယ်နောက်ကွယ်မှာ ပျောက်သွားပြီ။

အနောက်ဘက် တောင်ကြောပေါ်တွင် တောင်ယာခုတ်၍ မီးရှို့ထားသဖြင့် တောမီးတို့ ကွက်ကျားလောင်နေသည်။

ကိုမြင့်က ထမ်းပိုးတွင်လျှို၍ အထုပ်နှစ်ထုပ်ကို ထမ်းသည်။ သူ့အထုပ်ထဲတွင် ဘာတွေပါမှန်းတော့ မသိ။ မချစ်မေတို့က ခေါ်၍ တစ်ဘက်ကမ်းအထိ လိုက်ခဲ့သည်။ တစ်ဘက်ကမ်းရောက်၍ ပစ္စည်းတွေ ဝယ်ပြီးသည့်အခါတွင် သူ မထမ်း မဖြစ်။ အေးမနှင့် မချစ်မေကိုယ်တိုင် နောက်ဆုံးအခေါက်ဖြစ်၍ တနင့်တပိုးရွက်လာခဲ့သည်။ ကျန်သည့်ပစ္စည်းများကို သူမှမထမ်းလျှင် မည်သူမျှ ထမ်းနိုင်တော့မည် မဟုတ်။ လိုက်လာမိတော့လည်း ကိုမြင့် မနေတတ်။ နှစ်ယောက်စလုံးက မိန်းမသားချည်းဆိုတော့ သူမနေနိုင်၊ မနေရက်။ အားနာသည်၊ ကိုယ်ချင်းစာသည်။

ထိန်းသိမ်းခံရဘဝက လွတ်စတုန်းက အလုပ်လိုက်ရှာစဉ် ဆန်စက်တစ်ခုတွင် သူဝင်၍ ဆန်အိတ်ထမ်းခဲ့ဖူးသည်။ သည်တုန်းက သူ ဆန်တစ်အိတ်ကို ကောင်းကောင်း မထမ်းနိုင်။ ပခုံးက ထမ်းနိုင်သော်လည်း ဒူးတွေက ဝန်ကို မပိုးနိုင်၊ ညွှတ်၍ ကျသွားသည်။ အထူးသဖြင့် ဂိုဒေါင်အုတ်လှေကားထစ်ကို တက်တော့ သူ့ဒူးက ညွှတ်ကျသွားကာ အုတ်ခုံပေါ်တွင် လဲကျသွားသည်။ သည်တုန်းက အလုပ်သမားတွေက သူကို ဝိုင်း၍ လှောင်ကြသည်။ နောက်ရောက်လာသည့် လူသစ်ကို ပညာပြချင်ပုံရသည်။

ကိုမြင့် ရှက်လည်း ရှက်သည်။ ဒေါသလည်း ထွက်သည်။ ကိုယ်ချင်းမစာ လှောင်ရက်ကြသည်ဟုလည်း ဝမ်းနည်းသည်။

'မောင်ကြီးစားဘဝမျိုးနဲ့ ဆန်အိတ်ထမ်းစားလို့ မရဘူးကွ'

တစ်ယောက်က အော်သည်။

မောင်ကြီးစားဆိုသည်မှာ သူတို့စကားလုံးဖြစ်သည်။ အလုပ်သမားချင်း အဆက်အသွယ်မဟုတ်ဘဲ အထက်က အမိန့်ဖြင့် အလုပ်ရလာသူကို ခေါ်ခြင်းဖြစ်သည်။ ကိုမြင့်က ဂိုဒေါင်တွင် သူ့အသိ အလုပ်သမားခေါင်းတစ်ယောက်

www.burmeseclassic.com



ရှိသဖြင့် သူ့ကျေးဇူးကြောင့် နေ့စား ဆန်အိတ် ထမ်းရသည်။ ဤသည်ကို ရည်ရွယ်၍ 'မောင်ကြီးစား' ဟု သုံးလိုက်ခြင်း ဖြစ်သည်။

'ကျွန်တော် လုပ်နိုင်လို့ ဆန်အိတ်ထမ်းတာ မဟုတ်ပါဘူးဗျာ၊ ငတ်လို့ ဘယ်အလုပ်မှ မရနိုင်လွန်းလို့ ဆန်အိတ်ထမ်းစားတာပါ'

ကိုမြင့်အသံက လှိုက်နေသည်။ သူ့ဘဝကို ပြန်ပြောသည့် အခါတွင် ကိုမြင့်အသံက လှိုက်လှဲနေသည်။ သည်တွင် အလုပ်သမားများ မျက်နှာထား ပြောင်းသွားကာ သူ့အနားသို့ ဝိုင်းရံလာကြသည်။ သူတို့လှောင်ပြောင်မိသည့် အတွက် စိတ်မကောင်းဖြစ်မိသည့်ဟန်သည် သူတို့မျက်နှာထားများပေါ်တွင် အထင်းသားပေါ်နေသည်။

'ဒီလိုဆို ငါ့ညီ မထမ်းပါနဲ့ကွာ၊ အစ်ကိုတို့ ထမ်းပေးပါ့မယ်၊ ငါ့ညီ နေ့တွက်ရရင် ပြီးရောမဟုတ်လား၊ အစ်ကိုတို့ လက်ဖက်ရည်လေး ဘာလေး သောက်ချင်တဲ့အခါသာ ချိုင့်ကလေးနဲ့ အပြင်ထွက်ဝယ်ပေးပါ၊ ဟုတ်လား'

သူတို့က သူကိုလုပ်ခွင့်မပေးတော့။ သူတို့လက်ဖက်ရည်သောက်ချိန်တွင် သူတို့ပိုက်ဆံဖြင့် အပြင်ထွက် လက်ဖက်ရည်ဝယ်ပေးရသည်။ ကွမ်းယာ ဝယ်ပေးရသည်။ သူ့အလုပ်ကို တစ်ယောက်တစ်လှည့်စီ လုပ်သွားပြီး သူ့ကို နေ့တွက်ပေးကြသည်။

သို့ရာတွင် ကိုမြင့် စိတ်မသန့်။ သူ့အလုပ်ကို သူတို့က ဝိုင်းလုပ်ပေးရပြီး သူက နေ့တွက်ရနေသည့်အဖြစ်ကို သူလက်မခံနိုင်။ သူတို့အတွက် လုပ်ပေးရသည်ကလည်း လက်ဖက်ရည်ဝယ်သည့်အလုပ်လောက်မျှသာ ရှိသဖြင့် မျှတသည်ဟု သူမထင်။ ထို့ကြောင့် ကိုမြင့် ဆန်စက်ဂိုဒေါင်သို့ နောက်ထပ် မသွားတော့၊ သွားလည်း မသွားနိုင်တော့။ သုံးလေးရက်လောက် ဆန်အိတ်ဝင် ထမ်းသည့် ဒဏ်ဖြင့် ပန်းဖျားဖျားခဲ့ရသည်။

ယခု အေးမတို့နှင့် လိုက်လာမိတော့ တကြော့ပြန်ထမ်းနေရပြန်ပြီ။

အလုပ်သမားတွေက သူ့ကို ကိုယ်ချင်းစာနာခဲ့ဖူးသလို အေးမတို့ကို လည်း ပြန်စာနာသည်။ သို့ရာတွင် ဘုမသိ၊ ဘမသိဖြင့် မောင်ခိုသမား ဖြစ်နေပြီ လောဟု သူ့ကိုယ်သူ သံသယရှိချင်သည်။

ကိုမြင့်က ရှေ့ကနေ၍ ချောင်းစပ်သို့ ဆင်းသည်။

မဟူရာညတွင် မဟူရာချောင်းက နက်မှောင်နေသည်။ ကြယ်ပွင့်တို့က လည်း ရေချိုးမဆင်း၊ လမင်းကလည်း လှိုင်းမစီး၊ ပကတိ နက်မှောင်နေသည်။

www.burmeseclassic.com


ချောင်းရေက တိမ်သည်။ တောင်ကျရေဖြစ်၍ အေးမြနေသည်။ ကျောက်တုံးကြီးများကို ပွတ်တိုက်စီးဆင်းလာသဖြင့် ရေစီးသံက လွင်လွင်သာသည်။

မိုးတွင်းတွင် အရိုန်ပြင်းပြင်းစီး၍ ကမ်းပြည့်လျှံတက်သည့်တိုင် နွေတွင် ချောင်းက ဒူးဆစ်သာသာလောက်သာ ရှိသဖြင့် နေရာမရွေး ဖြတ်ကူး၍ရသည်။

သူတို့ကူးသည့်နေရာက အကောက်ဆိပ်တံတားအောက်ဘက် လေးငါးမိုင်လောက် ကွာမည်ဟု ကိုမြင့် ခန့်မှန်းသည်။ သူက ချောင်းထဲက ကျောက်တုံးကြီးများကို ကွေ့၍ ချောင်းကိုဖြတ်စဉ် ရှေ့ဘက်ဆီက လူသံကြားသဖြင့် တန့်သွားသည်။ အသံက ကမ်းစပ်တောထဲမှ ပေါ်လာခြင်းဖြစ်သည်။ ကင်းတွေနှင့်တွေ့သည်လောမဆိုနိုင်၊ ကင်းနှင့်တွေ့က ပစ္စည်းပါရုံမျှမက လူပါ အဖမ်းခံရမည်၊ ထို့ကြောင့် ကိုမြင့်က ရှေ့သို့ ဆက်မသွားဘဲ တန့်နေသည်။

သူက ရှေ့ကရပ်တော့ နောက်ကအထုပ်တွေ ကိုယ်စီရွက်၍ လိုက်လာကြသည့် အေးမနှင့် မချစ်မေတို့ကလည်း ရပ်လိုက်ကြသည်။

'ဘာလဲ'

'ဘာဖြစ်လို့လဲ အစ်ကို'

သူတို့နှစ်ယောက်စလုံးက တစ်ပြိုင်နက်တည်း မေးကြသည်။

'လူသံကြားတယ် ထင်တယ်'

ကိုမြင့်က အသံကြားရာဆီသို့ ညွှန်ပြသည်။ သုံးယောက်သား နားစွင့်ကြည့်တော့ တစ်ဘက်ကမ်းတောအုပ်ဆီမှ လူသံတွေ သဲ့သဲ့ကြားရသည်။ တစ်ခါတစ်ခါတွင် သစ်ပင်တွေ ချုံတွေကြားမှ မီးရောင်တလက်လက်ကို မြင်ရသည်။ လက်နှိပ်ဓာတ်မီးရောင်များသည် ဝင်းကနဲ လက်၍ ပျောက်သွားကြသည်။ တစ်နေရာမှ ဝင်းကနဲ ပေါ်လာပြန်သည်။

'ကင်းတွေများလား မသိဘူး'

ကိုမြင့် မချစ်မေကို လှမ်းမေးသည်။

'ဪ ဒီနေရာမှာ အထမ်းတွေနားတဲ့ စခန်းတစ်ခုရှိတယ်၊ အဲဒီစခန်းဖြစ်လိမ့်မယ်၊ ကိစ္စမရှိပါဘူး၊ ဆက်သွားပါ'

ကိုမြင့်က ချောင်းထဲက ကျောက်တုံးကြီးတွေကို ကွေ့ပတ်ပြီး ကမ်းပေါ်သို့ တက်သည်။ အေးမနှင့် မချစ်မေကလည်း နောက်မှ လိုက်လာကြသည်။

ကမ်းပေါ်ရောက်တော့ လူသွားလမ်းကလေးကို တွေ့ရသည်။

'ကျွန်တော်တို့စခန်းက ဒီလမ်းအတိုင်း လိုက်ရမယ်နော် ဟုတ်ရဲ့လား'

www.burmeseclassic.com


မဟူရာချောင်းစပ်ကတက်တော့ ကမ်းစပ်တွင် တောလမ်းကလေးတွေ မွမွကြဲနေသည်။ တချို့က ဝဲဘက်ကို ဖြာထွက်သည်။ တချို့က ညာဘက်ကို ဦးတည်သည်။ အချို့က ရှေ့တည့်တည့် တောထဲသို့ ဝင်သည်။

'ညာဘက်က လမ်းအတိုင်းသွားဟေ့၊ တို့တဲစခန်းက ချောင်းစပ်နားမှာ မဟုတ်လား'

မချစ်မေပြောသလို ညာဘက်လမ်းအတိုင်း လိုက်လာခဲ့သည်။ ကိုမြင့်က ရှေ့က အေးမက အလယ်၊ မချစ်မေက နောက်ဆုံး။

သူတို့သုံးယောက်သည် တစ်ဘက်ကမ်းက ပြန်ကူးကြသူများတွင် နောက်ဆုံးဖြစ်မည်ထင်သည်။ ခါတိုင်းလမ်းမဟုတ်ဘဲ လမ်းသစ်က သွားရသဖြင့် တောထဲတွင် လမ်းမှားခဲ့ကြသေးသည်။

ကျွန်းပင်ပျိုတွေကြားထဲတွင် မှောင်ခို အထမ်းသမားများ၏ စခန်းကလေးတစ်ခု တွေ့ရသည်။ သည်လို စခန်းကလေးများမှာ တောထဲတွင် ပြည့်နေသည်။ ကိုယ့်အစုနှင့်ကိုယ် ဝိုင်းဖွဲ့နားကြသည်။ တချို့ကလည်း တောင်ယာတဲလေးများတွင် နေရာရသည်။ တချို့က နေရာမရ။ သစ်ပင်အောက်မြေကြီးပေါ်တွင်ပင် စခန်းချကြရသည်။

အေးမတို့က တောင်ယာတဲကလေးတစ်လုံးတွင် နေရာရသည်။ ထိုက်သင့်သလောက် အခကိုတော့ တဲရှင်ကို ပေးရသည်။ လေးခေါက်သွား၍ ဝယ်ထားသည့် ပစ္စည်းများကိုလည်း သည်ယာတဲမှာပင် သိမ်းထားခဲ့ကြသည်။ ပစ္စည်းနည်းနည်းပါးပါး ဆိုလျှင်တော့ မြို့ထဲအထိဝင်ပြီး မြို့ထဲဂိတ်ကတင်၍ ရသည်။ သို့ရာတွင် အေးမတို့ပစ္စည်းက နည်းနည်းများတော့ မြို့ထဲဂိတ်က တင်၍မရ။ မနက်စောစောထကာ တမူးမြို့ကို ကွေ့ပတ်ပြီး ကားလမ်းမက ထွက်စောင့်ရမည်။

လမ်းက စခန်းများတွင် မအိပ်ကြသေး။ တချို့က မီးဖိုပြီး ချက်ပြုတ်နေကြသည်။ တချို့က အိပ်ရာကို ဖြန့်ကာ တုံးလုံးပက်လက် အမောဖြေနေကြသည်။ တချို့က ဝိုင်းဖွဲ့၍ ဖဲရိုက်ကြသည်။ ဂျင်လှည့်ကြသည်၊ ဂျင်ဝိုင်း၊ ဖဲဝိုင်း၊ အရက်ဝိုင်း စုံနေသည်။ တချို့အတွဲများက မှောင်ရိပ်ခိုကြသည်။

သူတို့တစ်သိုက် စခန်းတွေနားက ဖြတ်လာခဲ့ကြသည်။

နှစ်နာရီကျော်ကျော်လောက် သွားမိတော့ သူတို့စခန်းချရာ တောင်ယာတဲကို ရောက်သည်။

www.burmeseclassic.com


သူတို့တဲတွင် သူတို့တစ်သိုက်ချည်း တည်းရသည်မဟုတ်။ တခြားအဖွဲ့တွေကလည်း ရှိသည်။ တချို့က တဲရှေ့ဘူးစင်အောက်မှာ နေရာယူထားကြသည်။ တချို့က တဲခေါင်းရင်း၊ တချို့က တဲနောက်ဖေး၊ တချို့က တဲခြေရင်း။

အေးမတို့က ဦးဆုံးရောက်သူဖြစ်၍ တဲပေါ်က ထရံကာထားသည့် အခန်းကလေးတစ်ခန်းရသည်။ သည်အခန်းကလေးထဲမှာ သုံးယောက်ကျပ်ကျပ်တည်းတည်း အိပ်ရသည်။ အိပ်ရာလိပ် တစ်လိပ်စာ တစ်နေ့ငါးကျပ်ပေးရသည်။ စခန်းအပြင်တွင်လည်း လူတွေပြည့်နေသည်။ တချို့က တစ်ယောက်တည်းသမား၊ တချို့က နှစ်ယောက်၊ တချို့က စုံတွဲတွေ။

ကိုမြင့်စိတ်ထဲတွင် သည်လို ရှုခင်းမျိုးကို တွေ့ရလိမ့်မည်ဟု နည်းနည်းမျှ မမျှော်လင့်ခဲ့။ မြဝတီဘက်၊ မြိတ်ဘက် မှောင်ခိုတောလမ်းများ၊ တောစခန်းများ အကြောင်းကို သူသဲ့သဲ့ကြားဖူးသည်။ သည်တုန်းက စခန်းဆိုသည်မှာ ကြီးကြီးကျယ်ကျယ် ဈေးဆိုင်ကန္နားတွေနှင့် ရှိမည်ဟု သူထင်ခဲ့သည်။

သည်ဘက်မှာတော့ သည်လိုမခမ်းနား၊ မှောင်ခိုစခန်းများသည် တောထဲမှာသာ ရှိကြသည်၊ အရိပ်ကောင်းရာ၊ ရေနီးရာ၊ မြေခင်းသာရာနေရာတွင် စတည်းချကြသည်။ ခမ်းနားပေ့ဆိုသည့် စခန်းတွင်ပင် တောင်ယာတဲကလေး တစ်လုံး နှစ်လုံးသာရှိသည်။ သည်စခန်းသို့ လာကြသူများမှာ အရင်းအနှီး သိပ်မကြီးဘဲ ကိုယ့်ပစ္စည်းကိုယ် ထမ်းသူများ၊ အထမ်းအငှားလိုက်သူများသာ များသည်။ အရင်းအနှီးကြီးသူ အလုပ်ကြီး အကိုင်ကြီးလုပ်သူတို့ကမူ သည်စခန်းသို့ မလာကြ။ သူတို့ပစ္စည်းက လက်ဆွဲအိတ်တစ်လုံးလောက်နှင့် ကိစ္စပြီးသည့် ပစ္စည်းမျိုးတွေ ဖြစ်သည်။မြို့ပြင်တွင် ညမအိပ်၊ တမူးမြို့ထဲသို့ ပြန်အိပ်ကြသည်။ တမူးမြို့ထဲတွင် အိပ်မဖြစ်သည့် အခါမျိုးကြုံမှ တောစခန်းတွင် အိပ်ကြသည်။

သူတို့ရောက်တော့ တဲရှေ့ဘူးစင်အောက်တွင် ဖဲဝိုင်းတစ်ဝိုင်း ဖြစ်နေသည်။

'နောက်ကျလှချည်လားဗျ'

သူတို့ထဲက တစ်ယောက်က ဆီးမေးသည်။

'နောက်ကျဆို တောထဲမျက်စိလည်နေလို့ ရှင်ရေ့၊ လမ်းကို မနည်းရှာယူရတယ်'

မချစ်မေက တဲပေါ်သို့ တောက်လျှောက်တက်ပြီး ပစ္စည်းတွေကို သိမ်းသည်။ ထိုနေ့ည ချက်ပြုတ်မစားနိုင်တော့၊ တစ်ဘက်ကမ်းက ဝယ်လာသည့် ဒန်ပေါက်ထမင်းကို တစ်ယောက်တစ်ထုပ် စားပစ်လိုက်ကြသည်။

www.burmeseclassic.com



'ငါ့မောင်လဲ အစ်မကြီးတို့အတွက် ပင်ပန်းလှပြီနော်၊ သစ်ချောက်မှာ အလုပ်မရရင်လဲ ဒီဘက်လာပြီး အထမ်းလေး ဘာလေး လာလုပ်ပါလားကွဲ့၊ အထမ်းက မင်းအလုပ်သမားလုပ်ခထက် စီတာပေါ့၊ ကိုယ်ထမ်းရင် ထမ်းနိုင်သလောက်ရတယ်'

'မမချစ်မေက အစ်ကို့အကြောင်း မသိသေးဘဲကိုး၊ အစ်ကိုက မှောင်ခိုအလုပ်ကို မလုပ်ချင်ဘူးတဲ့၊ မမချစ်မေရဲ့'

'အံမာလေး၊ အစ်မကြီးတို့ မှောင်ခိုလုပ်တာက ဘိန်းဖြူလဲ မဟုတ်ဘူး၊ ရွှေချောင်းလဲ မဟုတ်ဘူးကွယ်၊ အဝတ်အထည်ကလေး ဘာလေး နည်းနည်းပါးပါး ဒါလောက်ကတော့'

'မှောင်ခိုတာကတော့ မှောင်ခိုတာပဲပေါ့၊ မမချစ်မေရဲ့'

အေးမက ဝင်ပြောသည်။

'အံမယ်၊ ဒါမျိုး မှောင်ခိုတာကတော့ မပြောပလောက်ပါဘူးအေ၊ ကဲ ညည်းကို ငါမေးမယ်၊ ညည်းဝတ်ထားတဲ့ အဝတ်တွေဟာ မှောင်ခိုဈေးက အဝတ်တွေ မဟုတ်ဘူးလား'

အေးမက ရယ်နေသည်။

'မောင်ကိုမြင့် ဝတ်ထားတဲ့ အဝတ်တွေကကော၊ မှောင်ခိုကရတဲ့ အဝတ်တွေ မဟုတ်လို့ ဘာလဲ၊ ဒီမှာ ရှင်အေးမ၊ ညည်းကပါ ကိုမြင့်စကားကို သံယောင်လိုက်မနေနဲ့၊ ဒီနေ့ လူတိုင်းကိုယ်ပေါ်မှာ လိုက်ကြည့်၊ မှောင်ခိုနဲ့ ကင်းတယ်ဆိုတော့ ငါ့ပါးလာရိုက်လှည့်၊ ဘယ်သူများ မှောင်ခိုနဲ့ ကင်းလို့တုန်း၊ ဆင်းရဲသားလဲ မကင်းဘူး၊ သူဌေးလဲ မကင်းဘူး၊ အရာရှိကြီးတွေလဲ မကင်းဘူး၊ သူတို့က သာတောင်ဆိုးသေး၊ မဟုတ်ဘူးလား မောင်ကိုမြင့်၊ မင်း ဝတ်ထားတဲ့ တက်ထရွန်အင်္ကျီနဲ့၊ ပခုက္ကူ ယောလုံချည်ကကော မှောင်ခိုဈေးက မဟုတ်လို့ ဘယ်ကလာတာလဲ၊ ဟွန်း'

မချစ်မေက ကိုမြင့်ဘက်သို့ပါ လှည့်လာသည်။

'လူတွေက မှောင်ခိုမကောင်းဘူး၊ မှောင်ခိုတာ ဘာဖြစ်သလေး၊ ညာဖြစ်သလေးနဲ့သာ ပြောနေကြတာ၊ သူတို့ကိုယ်တိုင် မှောင်ခိုလုပ်ပြီး မှောင်ခိုက ပစ္စည်းနဲ့ စားနေကြတာ၊ ဝတ်နေကြတာတော့ ဘာမှ မပြောဘူး၊ ဒီအထဲ နင်လဲပါတာပဲ'

ပွင့်ပွင့်လင်းလင်း ပြောတတ်သည့် မချစ်မေအကြောင်းကို ကောင်းကောင်းသိနေသဖြင့် ကိုမြင့်က ဆေးပြင်းလိပ်ကို ခဲ၍ ပြုံးနေသည်။ သူပြောသည့်

www.burmeseclassic.com



စကားကလည်း ငြင်း၍မရ။ သူ့ကိုယ်ပေါ်က အင်္ကျီနှင့် လုံချည်သည် မှောင်ခိုဈေးမှ ဝယ်ခဲ့ရသည် မဟုတ်လော။

'ဒါကတော့ အစ်မကြီးရယ်၊ မကောင်းလို့ မကောင်းဘူးလို့ ပြောတာကတခြား၊ ဆိုင်ရာက မရလို့ မှောင်ခိုဈေးက ဝယ်စားရတာ၊ ဝယ်ဝတ်ရတာ တခြားပေါ့၊ မှောင်ခိုကို အားပေးချင်လို့ အားပေးကြရတာမှ မဟုတ်ဘဲ'

မချစ်မေက မျက်ခုံးနှစ်ဘက်ကို ပင့်ကာ ကိုမြင့်ကို အလန့်တကြား ကြည့်သည်။ ဖယောင်းတိုင် မီးရောင်၌ သူ့မျက်နှာ တစ်ဝက်လင်းကာ တစ်ဝက်မှောင်နေသည်။

'ဩော် မှောင်ခိုတွေကကော မှောင်ခိုကို လုပ်ချင်လို့ လုပ်ကြသပေါ့'

'ဒါပေါ့ အစ်မကြီးရဲ့၊ ချမ်းသာချင်တော့ ဖြတ်လမ်းရှာကြတာပေါ့၊ ဖြတ်လမ်းဆိုတာ တိုတယ်၊ လိုရာခရီးကို မြန်မြန်ရောက်တယ်'

'ဒီမှာ မောင်ကိုမြင့်၊ ချမ်းသာချင်လို့ မှောင်ခိုလုပ်တဲ့ လူတွေ မရှိဘူးလို့ အစ်မကြီး မငြင်းချင်ပါဘူး၊ ရှိပါတယ်၊ ဒါပေမယ့် အစ်မကြီးတို့ကတော့ ချမ်းသာချင်လွန်းလို့ လုပ်နေတာ မဟုတ်ဘူး၊ ရှိတဲ့ အခြေအနေကလေး ပျက်မသွားအောင် လုပ်နေရတာ၊ အစစအရာရာ ကုန်ဈေးနှုန်းတွေ ကြီးတော့ အရင်တုန်းကလို ဈေးထဲမှာ ထိုင်ပြီး သမရိုးကျနည်းနဲ့ ရောင်းနေရင် ရှိတဲ့ အထုပ်ကလေး ဖြေ စားနေရတာနဲ့ ကုန်မှာ၊ မချမ်းသာချင်နေ၊ ရှိတာကလေး အပွန်းမခံနိုင်ဘူး။ မုံရွာဈေးထဲမှာ အစ်မကြီး ဈေးရောင်းလာတာ အနှစ် (၂၀) ကျော်ပြီ၊ အမြတ်ကလေးရသမျှ မုးစုပဲစု၊ အပ်ချုပ်စက်ကလေးတွေထောင်၊ ဘော်လီလေးတွေချုပ်ပြီး တောလိုက်ရောင်းတော့ နည်းနည်းဟန်ကျလာတယ်။ ဟန်ကျကာရှိသေး။ ပိတ်တို့၊ အပ်ချည်တို့ မရတော့ အပ်ချုပ်စက်ကလေးတွေ ရောင်းပစ်လိုက်ပြီး ဈေးပြန်ရောင်းရရော။ ဒီတော့ ရှိနေတဲ့ ကုန်ဈေးနှုန်းနဲ့ ကာမိအောင် ခုလို မှောင်ခိုလေး ဘာလေး လုပ်တာဟော့၊ လုပ်ချင်လွန်းလို့ လုပ်ရတာ မဟုတ်ဘူး'

မချစ်မေက ဆေးပေါ့လိပ်ကို ကောက်ဖွာသည်။

'အမယ်လေး မမချစ်မေရယ်၊ အေးမတို့ ညည်းဖို့များ ချန်ပါဦး၊ မမချစ်မေ မှောင်ခိုလုပ်တာ ခါတိုင်းလို ဈေးရောင်းမကောင်းလို့ ကုန်ဈေးနှုန်းတွေကြောင့် စားစရိတ်ကာမိအောင်လို့ ရှိတဲ့ပစ္စည်းကလေး လျော့မသွားအောင်လို့တဲ့ ဟုတ်လား'

'ဒါပေါ့အေ့'

www.burmeseclassic.com



'ဒါတော့ လွန်တာပေါ့၊ အေးမတို့လို မရှိလို့ လုပ်စားရတဲ့ လူကျတော့ ဘယ့်နှယ်လုပ်မလဲ'

'အဲဒါပြောတာပေါ့အေ့၊ ညည်းလူ မောင်ကိုမြင့်ကို ပြန်ပြောလိုက်စမ်းပါ၊ ထမင်းလေး တစ်လုတ်စားဖို့ လုပ်တာလို့ လုပ်ချင်လို့ လုပ်ရတာ မဟုတ်ဘူးလို့'

ကိုမြင့် ဘာမျှ မပြောတော့။ မချစ်မေဘက်က ကြည့်တော့လည်း သူ့နည်းနှင့်သူ မှန်သည်။ အေးမတို့လိုကျတော့လည်း သည်အလုပ်မှ မလုပ်လျှင် တခြားဘာမျှ လုပ်စရာ ရှိဟန်မတူ။ သူကိုယ်တိုင်ပင်လျှင် ဘာလုပ်စရာ ရှိသနည်း။ သုံးနှစ်အတောအတွင်း မည်သည့်အလုပ်ကိုမျှ မယ်မယ်ရရ မလုပ်နိုင်ခဲ့။ လုပ်ခွင့်မကြုံခဲ့။

မဟူရာချောင်းဘက်မှ ရေစီးသံကို တသွင်သွင် ကြားနေရသည်။ ဖဲဝိုင်းမှ စကားသံများ၊ အရက်ဝိုင်းမှ စကားသံများကြောင့် သူတို့စခန်းသည် တောလယ်တွင် ရောက်နေသည် မထင်ရ။

ခဏကြာတော့ မချစ်မေထံမှ ဟောက်သံ ပေါ်လာသည်။ ခန္ဓာကိုယ်ကြီးဝသလောက် အိပ်ပျော်လွယ်သော မချစ်မေကို ကြည့်၍ ကိုမြင့် အံ့သြရသည်။

'အစ်ကို'

အေးမက ခေါ်သည်။ ကိုမြင့်က ပြန်မထူးဘဲ အေးမဘက်သို့ လှည့်ကြည့်သည်။ အေးမက အိပ်ရာကိုဖြန့်ခင်းကာ တစောင်းလှဲနေသည်။

'မအိပ်သေးဘူးလား၊ ညောင်းရင် လှဲပါလား'

'အိပ်မပျော်ပါဘူးကွာ၊ ခေါင်းရင်းကရော၊ ခြေရင်းကရော ဒီလောက်ဆူနေတာ ဘယ်အိပ်နိုင်ပါ့မလဲ၊ အပြင်ထွက်ထိုင်မလားလို့၊ အိမ်ထဲက အိုက်စပ်စပ်နဲ့၊ ညည်းစီးစီးကြီး'

'ကောင်းသားပဲ၊ အေးမလဲ လိုက်မယ်လေ'

ကိုမြင့်က တွေသွားသည်။ အေးမနှင့်အတူ ဆင်းလျှောက်၍ ကောင်းမှ ကောင်းပါမည်လောဟု သတိရလိုက်သည်။ သို့ရာတွင် ဘာမျှ မပြောမီ အေးမက ရှေ့ကဆင်းနှင့်နေပြီ။

သူတို့နှစ်ယောက်ဆင်းလာတော့ ဘူးစင်အောက်မှ ဖဲဝိုင်းက လူများက လှမ်းကြည့်ကြသည်။ ကိုမြင့်က မျက်နှာပူသလိုလိုရှိသော်လည်း အေးမကတော့ ရိုးနေပုံရသည်။

www.burmeseclassic.com


နှစ်ယောက်သား မဟူရာချောင်းကမ်းပါးသို့ လျှောက်ခဲ့ကြသည်။ တိုင်ပင်ထားခြင်း မဟုတ်၊ သူတို့ခြေထောက်များက အလိုလို ချောင်းဘက်သို့ ဦးလှည့်မိပြီးသား ဖြစ်နေကြသည်။

'သြော် အစ်ကို့ကို ပြောရဦးမယ်'

ကိုမြင့်က မဟူရာချောင်းစပ်က ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်သဖြင့် အေးမလည်း အနီးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် ဝင်ထိုင်လိုက်သည်။

'မမချစ်မေက သူနဲ့အတူ အလုပ်လုပ်ဖို့ ပြောပေးပါလို့ အေးမကို ပြောနေတယ်'

'ဘာ'

ကိုမြင့်က အေးမကို အလန့်တကြား လှမ်းကြည့်သည်။ အေးမက သူ့အမူအရာကို ကြည့်၍ တစ်ချက်ရယ်လိုက်သည်။

'သူက အရင်းအနှီးထုတ်ပေးပြီး အစ်ကိုက မှုံရွာနဲ့ တမူးကို ပစ္စည်း အသယ်အပို့ လုပ်ပေးစေချင်တယ်တဲ့'

ကိုမြင့်က ပြုံးသည်။ ရိုးလှပါသည်ဟု သူထင်ခဲ့သော အေးမသည်ပင် လျှင် ဆင်ရိုင်းတစ်ကောင်ကို ကျုံးသွင်းတတ်နေပါပကော။

'အစ်ကို စဉ်းစားပါဦးမယ်'

'စဉ်းစားပါဦးမယ် လုပ်မနေနဲ့လေ၊ ရှေ့လျှောက် မိုးကျတော့မယ်။ မိုးကျရင် မှုံရွာ–ကလေးဝလမ်းက သွားလို့ရတော့မှာ မဟုတ်ဘူး၊ မိုးတွင်းဆိုရင် အရောင်းအဝယ်က ရပ်ထားရမှာ၊ မိုးမကျခင် အချိန်ကလေးမှာ လုပြီး အလုပ် လုပ်ကြရတာ မဟုတ်လား၊ လုပ်မယ်ဆိုရင်လဲ တစ်ခါတည်း မှုံရွာကို လိုက်ခဲ့ ပါတဲ့'

ကိုမြင့်က ခေါင်းကို ဖြည်းညှင်းစွာ ရမ်းသည်။

'မဖြစ်ပါဘူး အေးမရယ်'

'ဘာဖြစ်လို့'

အေးမက ကျောက်စရစ်ခဲလေး တစ်လုံးကို ရေထဲသို့ ပစ်ချလိုက် သည်။ ကျောက်စရစ်ခဲကျသံနှင့် ရေစီးသံသည် ရောထွေးသွားသည်။

'အစ်ကိုပြောပြီးပြီ ထင်တယ် အေးမ၊ အစ်ကိုဟာ မှောင်ခိုအလုပ်ကို လုပ်ချင်ရင် ဒီလောက် ဝေးဝေးလံလံခရီးကို မလာဘူး၊ မန္တလေးတစ်ဝိုက်၊ တောင်ကြီးတစ်ဝိုက်မှာ အရောင်းအဝယ်လုပ်ငန်းတွေ အများကြီးရှိတယ်။ ရွှေချောင်းချမလား၊ ကျောက်စိမ်းခိုးထုတ်မလား၊ ဒါတွေကို အစ်ကိုက တစ်ခုမှ

www.burmeseclassic.com



မလုပ်ချင်ဘူး။ တစ်ခါတုန်းက စိတ်ထွေထွေနဲ့ ကျောက်စိမ်းလိုက်တူးမိခဲ့ဖူးတယ်၊ ကိုယ့်ကိုကိုယ် သတိရတာနဲ့ တစ်ပြိုင်နက် အစ်ကို ဆက်မတူးတော့ဘူး၊ ပြန်လာခဲ့တယ်'

'ဒါဖြင့် အစ်ကို ဘာလုပ်မှာလဲ'

'ဒါကိုလဲ အစ်ကိုပြောပြီးပြီထင်တယ်အေးမ၊ သစ်ချောက်မိုင်းမှာ အစ်ကို့သူငယ်ချင်းရှိတယ်၊ သူနဲ့အတူ သွားလုပ်မယ်၊ ထမင်းတစ်လုပ်တော့ စားရလိမ့်မယ်လို့ အစ်ကိုထင်တယ်၊ ခုတောင် အစ်ကိုမလိုက်ချင်ဘူး။ ဒါပေမယ့် မချစ်မေကို အားနာတာရယ်၊ ရွှေဝင်းတို့က အေးမကို ထပ်ပြီး စော်ကားမှာစိုးတာရယ်၊ ပြီးတော့ အေးမကို'

အေးမက ကိုမြင့်ကို မော့ကြည့်သည်။

'သနားတာရယ်'

ကိုမြင့်၏ အသံက ခပ်တိုးတိုးထွက်လာပြီး သူ့လက်တစ်ဘက်က အေးမပခုံးကို ပွေ့လိုက်သည်။ အေးမကလည်း ကိုယ်ကို လျှောချကာ ခေါင်းကို သူ့ပခုံးပေါ်တွင် မှီထားလိုက်သည်။

'သနားတာရယ်၊ ဟုတ်လား'

အေးမ အသံက အလိုလို နွဲ့နေသည်။ ညှင်းပျောင်းနေသည်။

သူတို့နှစ်ဦးပါးများက ကပ်လျက်သား ဖြစ်သွားကြသည်။

'အစ်ကို'

အေးမက တိုးတိတ်ညင်သာစွာ ခေါ်သည်။ ကိုမြင့်က မဟူရာညထဲတွင် ဝင်းပနေသော အေးမျက်နှာကို ငုံ့ကြည့်သည်။ ဟုတ်သည်။ အေးမ၏ မျက်နှာသည် အမှောင်ထဲတွင် ဝင်းပနေသည်။ မဟူရာကောင်းကင်က ငွေကြယ်ပွင့်များက သူ့မဟူရာ မျက်လုံးထဲတွင် ရွှန်းလဲ့နေကြသည်။

()

www.burmeseclassic.com

၁၅

ကျိုကုန်းဂိတ်နားရောက်တော့ မှောင်နေပြီ

သည်နေရာတွင် မှတ်ပုံတင်မပါသူများ၊ ပစ္စည်းနည်းနည်းပါလာသူများ ကားပေါ်မှ ဆင်းကြရပြန်သည်။ မှတ်ပုံတင်မပါသူ၊ ကန့်သတ်နယ်မြေတွင် ပါမစ်မပါဘဲ လာသူများအတွက် ကားခဈေးကြီးသည်။ ရိုးရိုးကားခက အစိတ် ဖြစ်သော်လည်း လက်မှတ်မပါလျှင် ကားခ လေးဆယ်ပေးရသည်။

သူတို့အားလုံးတွင် တစ်ယောက်မျှ လက်မှတ်မပါကြ။ မှောင်ခိုကုန် ကူးသွားသည့် သူကလည်း ပါမစ်တွေ၊ လက်မှတ်တွေ တောင်းမနေနိုင်။ တောင်း ချိန်မရ၊ တောင်းသည့်တိုင်အောင်လည်း ရမည်မဟုတ်။

တမူး–ကလေးမြို့ လမ်းတွင် ဂိတ်ကိုးခုရှိရာ ဂိတ်တစ်ဂိတ်ရောက်တိုင်း အထုပ်အပိုးတွေကို သယ်ပြီး ဂိတ်ကွင်းလမ်းက လျှောက်ကြရသည်။ ဂိတ်ကျော် လျှင် ကားက ရပ်စောင့်သည်။ သူတို့က တောထဲက ထွက်လာကာ ကားပေါ် ပြန်တက်ကြရသည်။ သည်လိုဖြင့် တစ်ဂိတ်ပြီးတစ်ဂိတ် ရှောင်ခဲ့ရသည်။ ကွင်း ခဲ့ရသည်။

သည် ကျိုကုန်းဂိတ်ကား နောက်ဆုံးဂိတ် ဖြစ်သတည်း။

သည်ဂိတ်ပြီးလျှင် ဂိတ်ကွင်းစရာ မလိုတော့။ အေးမတို့က ကလေးမြို့ သို့ မပြန်တော့ဘဲ လမ်းမှဖြတ်၍ ကလေးဝကားကို စီးမည်။

သည်တစ်ညတော့ ဂိတ်ကွင်းလမ်းတောထဲက ဘုန်းကြီးကျောင်းတွင် အိပ်ရမည်။ ကျိုကုန်းဂိတ်ကွင်းလမ်းက ဂိတ်မရောက်ခင် မိုင်ဝက်လောက်တွင် တောထဲသို့ ဝင်သည်။ ကျိုကုန်းအနောက်ဘက် နှစ်မိုင်လောက်က ဖြတ်သွားပြီး ဖောင်ကူးတံတားထိပ်နားတွင် ပြန်ထွက်သည်။

ကျိုကုန်းဂိတ်မရောက်ခင် ကားသည် ထိုးရပ်လိုက်သည်။

နေလုံးက အနောက်ဘက် တောင်စွယ်တွင် လျှောကျသွားပြီ။ နေလုံးနီ နီကြီးက မြုပ်ကွယ်သွားသည့်တိုင် နေရောင်ခြည် အကြွင်းအကျန်တို့က အနောက်

www.burmeseclassic.com


ဘက်ကောင်းကင်တွင် ပြန့်ကျဲနေသည်။ တောင်တန်းတစ်ခိုက ကောင်းကင်ပြင်တွင် ပန်းသွေးရင့်ရင့် လွှမ်းနေသော်လည်း အထက်သို့ ရောက်သွားတော့ ပန်းသွေးရောင်သည် ဖျော့တော့သွားကာ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ ပန်းနုသွေးရောင် ကောင်းကင်ကြီးဆုံးတော့ နီလာရည်လဲ့လဲ့ လွှမ်းနေသော အရှေ့ဘက် ကောင်းကင်ကို မြင်ရသည်။ ဝိရိယကောင်းဟန်၊ လဝန်းက အရှေ့ဘက် တောင်တန်းပေါ်မှာ ရွှန်းတင့်စွာ သာနေသည်။

သူတို့ကားရပ်၍ ပစ္စည်းတွေချနေစဉ် ကျိုကုန်းဘက်မှ ဘတ်စ်ကား တစ်စင်း မောင်းလာကာ ထိုးရပ်သည်။

'ဗျို့ မြန်မြန်ချကြ၊ မြန်မြန်။ ကျိုကုန်းဂိတ်မှာ ဒီနေ့အခြေအနေ မကောင်းဘူး၊ ပစ္စည်းတွေကို အကုန်ဆီးသိမ်းနေတယ်'

ကျိုကုန်းကလာသည့် ကားပေါ်က လူတစ်ယောက် အော်သည်။

'ရှေ့ကားမှာ မုံရွာက လူတစ်ယောက် ရွှေချောင်းတွေ မိလို့တဲ့။ ရွှေဝင်းဆိုလား၊ ဘယ်သူဆိုလား၊ ခု ဒါကြောင့် ဒီနေ့တော့ ပါသမျှပစ္စည်းကို အကုန် ဖမ်းသိမ်းနေတယ်၊ ရှေ့ကားပေါ်က ပစ္စည်းတွေကတော့ ပြောင်ပြီ'

ရွှေဝင်း၊ ရွှေဝင်း။

သူတို့ကို စော်ကားခဲ့သည့် ရွှေဝင်း။

'အသွားတုန်းက ကျောက်စိမ်းတွေ ပါသွားပြီး အပြန်ကျတော့ ရွှေချောင်းတွေ သွင်းလာတာတဲ့'

ကားပေါ်က လူက သတင်းအပြည့်အစုံ ပေးသွားသည်။

'ကဲ၊ ကဲ ကြားကြတယ် မဟုတ်လား။ ကိုယ့်ပစ္စည်းကိုယ်ယူနော်၊ မကျန်ပေစေနဲ့၊ သိမ်းသွားရင် တာဝန်မယူဘူး'

ကားဆရာနှင့် စပယ်ယာက သူတို့ခရီးသည်တွေကို သတိပေးသည်။

ကားပေါ်ကလူတွေ ကိုယ့်အထုပ်ကလေးတွေကို အဆောတလျင် အောက်သို့ ချကြသည်။ အေးမတို့သုံးယောက်လည်း သူတို့အထုပ်တွေကို အောက်သို့ချကာ တောလမ်းအတိုင်း ဝင်ခဲ့ကြသည်။

သူတို့ရှေ့ကရော သူတို့နောက်ကရော သူတို့လို ခရီးသည်တွေချည်း ဖြစ်သည်။ အထုပ်တွေ ကိုယ်စီနှင့်၊ တချို့က ခေါင်းပေါ်မှာ တချို့က ပခုံးမှာ။

လရောင်ဖွေးဖွေးတွင် လူတန်းကြီး ဖွေးနေသည်။ ညည်းသူက ညည်းကြသည်၊ သီချင်းဆိုသူက ဆိုကြသည်။

www.burmeseclassic.com


မြောင်ဖီလာ **X**ကန္တာရစုံခြေလမ်း **X**အို...ဘယ်ဝယ်ဆည်သွယ် ရည်ရွယ်မှန်း **X**စံနန်းကွာနယ် **X**ပူတယ်လေ ဆယ်နေကဲ **X** ဖြေမပြေဘဲ **X**သဲဝယ်ဖို့**X**

တစ်ယောက်က တောတောင်စွယ် ယိုးဒယားထဲက တစ်ပိုဒ်ကို ကောက်ဆိုသည်။

ဩော် မြောင်ဖီလာသန်းသည့် ကန္တာရစုံ ခြေလမ်းပါတဲ့၊ ဟုတ်ပါ၏။ ကန္တာရစုံခြေလမ်း၊ ဘယ်ဆီဘယ်ဝယ်မှန်း၍ မရသည့် ကန္တာရစုံ ခြေလမ်းမှာ သူတို့လျှောက်နေကြရသည်။ ဘေးပတ်ပတ်လည်တွင် တောကြီးတွေ ဝိုင်း၍ တောင်ကြီးတွေ ဆိုင်းနေသည်။

သည်သီချင်းကြားတော့ အလာတုန်းက မော်တော်ကားပေါ်တွင် မက်ခဲ့သည့် အိပ်မက်တိုတိုကလေးကို ကိုမြင့်သတိရသည်။ သူနှင့်အေးမတို့ ကန္တာရခရီးကြီးကို သွားနေကြသည်။ ကောင်းကင်က ပိန်းပိတ်အောင် မှောင်နေသည်။ ခလုတ်ကန်သင်းတွေ ဆူးချုံတွေ ပိတ်ဆီးနေသည်။ သည်ကန္တာရကြီးထဲတွင် သူတို့နှစ်ယောက် သွားကြရသည်။ မည်မျှလောက် မည်းမှောင်စေ အမှောင်ဆုံးလျှင် အလင်းသို့ ရောက်လိမ့်မည်၊ ရောက်ရမည်။ ယခုလောလောဆယ်တွင်တော့ သူတို့နှစ်ယောက် ဘဝက ဘာမျှ မရေရာ၊ ဘယ်ဝယ်ဘယ်ဆည်သွယ် ရည်ရွယ်မှန်း၊ ရည်ရွယ်မှန်း။

ကိုမြင့်က မဟူရာချောင်းကို ကူးတုန်းကလိုပင် ရှေ့တစ်ထုပ်၊ နောက်တစ်ထုပ် ထမ်းပိုးလျှို၍ ပခုံးတွင် ထမ်းသည်။ အေးမက အထုပ်တစ်ထုပ်ကို ခေါင်းပေါ်တွင် ရွက်ထားပြီး လက်က အိပ်ရာလိပ်ကို ဆွဲထားသည်။ မချစ်မေက အိပ်ရာလိပ်ကို ခေါင်းပေါ်တွင် ရွက်ပြီး လက်နှစ်ဘက်စလုံးတွင် အထုပ်တစ်ထုပ်စီ ဆွဲထားသည်။

သူတို့လို အခြားသူတွေလည်း သယ်နိုင်သလောက် အထုပ်ကိုတော့ သယ်လာကြသည်။

စိတ်ညစ်စရာလည်း ကောင်းသည်၊ ပျော်စရာလည်း ကောင်းသည်၊ ထိတ်စရာလည်း ကောင်းသည်။

'အေးမ ပစ္စည်း ဘယ်လောက်ဖိုးလောက် ပါလာသလဲ'

ကိုမြင့်က သူ့နောက်နားက လိုက်လာသည့် အေးမကို မေးသည်။

'ဘာပါမှာလဲ အစ်ကိုရယ်၊ စုစုပေါင်း တစ်ထောင်ဖိုးလောက်ပဲ ရှိမှာပေါ့၊ ဒါတောင် မမချစ်မေဆီက သုံးရာဆွဲလာသေးတယ်'

'တစ်ထောင်ဖိုးရင်းပြီး စရိတ်စကနုတ်တော့ အမြတ်က'

www.burmeseclassic.com



'ငါးရာဖိုးလောက်တော့ ကျန်မှာပေါ့ အစ်ကိုရဲ့၊ တစ်ခေါက်ကို ငါးရာလောက် ကျန်ရင်တော့ ဟန်ကျတာပဲနော် အစ်ကို၊ မိုးမကျခင် တစ်လ တစ်ခေါက်လောက် သွားနိုင်ရင် အတော်ပဲ၊ မိုးကျရင် ရတဲ့အမြတ်ကလေးနဲ့ ပုလဲ ဈေးတို့၊ ညောင်ပင်ကြီးဈေးတို့ ဈေးလိုက်ရောင်း၊ အမေ့မျက်စိကို မုံရွာတက်ခွဲ၊ သီတင်းကျွတ်တော့ နောက်တစ်ခါ ပြန်တက်၊ ဪ အစ်ကို သီတင်းကျွတ်လို့ အေးမပြန်လာရင် အစ်ကို သစ်ချောက်မိုင်းမှာ ရှိမယ်နော်'

'ရှိမှာပေါ့၊ အစ်ကို အလုပ်မရလို့ ဆင်းလာရင်လဲ ကလေးကနေ သင်္ဘောနဲ့ မုံရွာဆင်းလာမှာပေါ့၊ မုံရွာကျရင် အေးမနဲ့ တွေ့မှာပဲ'

'ဈေးကြီးထဲက မမချစ်မေတို့ဆိုင် ဝင်မေးရင် သိတာပေါ့ အစ်ကိုရဲ့၊ သူတို့ဆိုင်က ကုန်ခြောက်တန်းမှာ၊ ကုန်ခြောက်တန်း ဝင်မေးလိုက်ရင် သိပါတယ်၊ မုံရွာရောက်တိုင်း အေးမ သူတို့ဆီမှာ ရှိတာပဲ၊ သီတင်းကျွတ်လို့ အေးမ မလာရင် အစ်ကိုဆင်းလာခဲ့နော်၊ အဲဒီကနေပြီး အေးမတို့ရွာကို ခေါ်ရမယ်၊ သူများတို့ရွာကို အလည်လိုက်ရမယ်နော် ဒါပဲ'

လူတန်းကြီးသည် တရွေ့ရွေ့ သွားနေသည်။ အမှောင်ထုကြီးထဲတွင် စကားပြောသံများ ထွက်ပေါ်နေသည်။

'အစ်ကိုတို့ရွာက ယောထဲမှာနော်'

'ယောနယ်စပ်မှာ၊ ယောထဲ မရောက်သေးဘူး'

'အစ်ကို့မိဘတွေကော အဲဒီမှာပဲပေါ့'

'အင်း ဆိုပါတော့'

'ဘာလဲ၊ ဆိုပါတော့ ဆိုတာကြီးက'

'ဪ မိဘလို့ပြောလို့ပါ၊ အစ်ကို့မှာ အဖေမရှိတော့ဘူး၊ အမေပဲ ရှိတော့တယ်'

အေးမ စိတ်မကောင်းဖြစ်သွားသည်။ ကိုမြင့်လည်း သူ့လို အမေမုဆိုးမနှင့် နေရသူဟု နားလည်ကာ သနားသွားသည်။

'အို ဟုတ်လား၊ ဒါဖြင့် အေးမလိုပဲပေါ့၊ အေးမလဲ'

အေးမစကားက ရပ်သွားသည်။ မည်သို့ဆက်ပြောရမည် မသိ။ သူ့တွင် အဖေမရှိဟူ၍တော့ ပြောနိုင်သည်။ သို့ရာတွင် လူ့လောကကြီးတွင် အဖေ အသက်ရှိသေးသလော၊ သေပြီလောဆိုသည်ကိုမူ သူလည်း မပြောနိုင်။ အမေကတော့ သူ့အဖေသေပြီဟု ပြောဖူးသည်။ သို့ရာတွင် အမေ့စကားထဲတွင် အမြဲတမ်း စိတ်နာသည့် အသံမျိုး ပါနေသည်ကို အေးမ သတိထားမိသည်။

www.burmeseclassic.com



ဘယ်မှာ သေသနည်း။ ဘာကြောင့် သေသနည်း။

သည်မေးခွန်းတွေ ဆက်မေးတိုင်း အမေက အော်ငေါက်ပစ်တတ်သည်။ အဖေ့ကို စိတ်နာစကားတွေ ပြောသည်။ အမေ့စကားများကြောင့် အေးမလည်း အဖေ့ကို စိတ်နာသည်။ အဖေ ထောင်ကျပြီး ထောင်ကထွက်တော့ ရွာကိုပြန်မလာတော့။ အေးမတို့ဆီ ပြန်မလာတော့။ ဇနီးနှင့် သမီးငယ်နှစ်ယောက်ကို လှည့်မကြည့်တော့။

ဤသည်ကို အမေက သေပြီဟု သဘောထားပုံရသည်။ အေးမတို့က လည်း မမေးချင်တော့။ အမေ့ကို မမေးတော့။ သေပြီဟု သဘောထားလိုက်ချင်သည်။ သဘောထားလိုက်သည်။

'အစ်ကို့အဖေဆုံးတာ ကြာပြီပေါ့'

အေးမက စပ်စုသည်။ ကိုမြင့်က ဘာမှုမဖြေ။ အတန်ကြာ စဉ်းစားသည်။

'အစ်ကို ခြောက်နှစ်သားလောက်တုန်းက ဆုံးသွားတာပဲ၊ ခုဆိုရင် ဆယ့်ကိုးနှစ် အနှစ်နှစ်ဆယ်ရှိရောပေါ့'

'သြော်'

အေးမ တစ်ခွန်းမျှသာ ပြောသည်။ သူက အသက်သုံးနှစ်လောက်မှာ အဖေနှင့် သေကွဲ (သို့မဟုတ်) ရှင်ကွဲ ကွဲခဲ့ရသည်။ ကိုမြင့်က ခြောက်နှစ်သား အရွယ်တွင် သေကွဲ ကွဲခဲ့ရသည်။ သူတို့နှစ်ယောက် ကံတူးအကျိုးပေး တူကြသည်ဟု အောက်မေ့ကြသည်။

'ဒါပေမယ့် အစ်ကို့ရဲ့အဖေက ကံဆိုးပါတယ်ကွာ၊ သေတာချင်းအတူတူတောင် အေးမတို့အဖေလို အသေကောင်းနဲ့ သေရတာမျိုး မဟုတ်ဘူး၊ အသေဆိုးနဲ့ သေရတာ'

'ဘာဖြစ်လို့'

'လူသတ်ခံရလို့'

'ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်'

အေးမက စုတ်သပ်သည်။ ကိုမြင့်အဖြစ်ကြီးက စိတ်မကောင်းစရာ။ ကိုမြင့်အဖြစ်နှင့် စာလျှင် သူ့အဖြစ်က တော်သေးသည်ဟု ဆိုရမည်။

'တစ်ခါတစ်ခါတော့ အစ်ကို လောကကြီးကို စိတ်နာတယ်၊ အစ်ကို့အဖေဟာ ဥပဒေတွင်းမှာ ကောင်းမွန်စွာ နေခဲ့ပါလျက်နဲ့ အသတ်ခံရလေခြင်းလို့ တွေးတိုင်း ဒေါသဖြစ်တယ်၊ နာကြည်းတယ်'

www.burmeseclassic.com



ကိုမြင့် ခံစားရမှန်းသိတော့ အေးမ ဆက်မမေးချင်။ မမေးရက်၊ သို့ရာတွင် မမေးဘဲ အေးမ မနေနိုင်။ ကိုမြင့်သည် သူ့ချစ်သူ၊ သူ့ချစ်သူအကြောင်းကို သူသိချင်သည်၊ အေးအတူ ပူအမျှ ခွဲဝေခံစားလိုသည်။

'ဘာဖြစ်လို့ အသတ်ခံရတာလဲ အစ်ကို'

ကိုမြင့်က တမင်လုပ်၍ ရယ်သည်။

'အစ်ကို့အဖေက ဆေးမှူး၊ ဆေးမှူးဆိုတာထက် ထမင်းတစ်လုတ်စားရဖို့ လိုင်စင်မဲ့ ဆေးထိုးအပ်ကလေးကိုင်ပြီး တောရွာမှာ ဆေးလိုက်ကုနေတဲ့လူဆိုပါတော့၊ တောခိုတုန်းက အေးမတို့ မုံရွာ ဗဂျီနယ်ဘက်မှာ ဆေးကုခဲ့ဖူးတော့ လူချစ်လူခင်များတယ်၊ တောကပြန်လာတော့လဲ အဲဒီနယ်ဘက်မှာပဲ သွားသွားဆေးကုတယ်၊ ပါလီမန်ရွေးကောက်ပွဲကျတော့ အဖေက တောရွာတစ်ရွာမှာ အတိုက်အခံ အမတ်လောင်းရဲ့ မဲရုံကိုယ်စားလှယ် သွားလုပ်တယ်၊ သူက နည်းနည်းပါးပါး ဩဇာလဲရှိ၊ လူချင်လူခင်လဲများတယ် မဟုတ်လား'

'အဲဒီတုန်းက အသတ်ခံရတာပေါ့'

'ဟုတ်တယ်၊ အစကတော့ ဘယ်သူမှ မသိကြဘူး၊ နောက်ကျမှ နွားကျောင်းသားတွေက အဖေ့အလောင်းကို ယာခင်းထဲမှာ သွားတွေ့တယ်'

'ရက်စက်လိုက်ကြတာနော်၊ တစ်ယောက်နဲ့တစ်ယောက် ရန်ငြိုးမရှိဘဲနဲ့ သတ်ရက်လိုက်ကြတာ'

အိပ်မက်ဆိုးကြီး တစ်ခုအကြောင်းကို နားထောင်ရသလို အေးမ စိတ်မချမ်းသာ။

'အာဏာကို လိုချင်ကြတာကိုး၊ အာဏာလိုချင်တော့ တရားတယ်၊ မတရားတယ် မကြည့်ကြတော့ဘူး၊ အစ်ကို့အဖေဟာ အေးအေးချမ်းချမ်းနေတဲ့လူ၊ သတ်တဲ့လူနဲ့ ဘာရန်ငြိုးမှ ရှိခဲ့ကြတာ မဟုတ်ဘူး'

'အစ်ကို ခုနေ ဒီလူများ တွေ့ရင် ဘယ်လိုနေမလဲ မသိဘူးနော်၊ အစိမ်းလိုက် ဝါးစားချင်မှာပဲ'

ကိုမြင့်ထံမှ ဘာသံမျှထွက်မလာ၊ ကိုမြင့်က အထုပ်နှစ်ထုပ်လျှိုထားသော ထမ်းပိုးကို ပခုံးတစ်ဘက်သို့ ပြောင်းတင်သည်။

'ဟုတ်တယ်၊ အစိမ်းလိုက် ဝါးစားချင်တယ်၊ ဝါးစားချင်ခဲ့တယ်'

ကိုမြင့်က သူ့စကားကို ပြင်ပြောသည်။

'ခုတော့ကော'

'ခုတော့'

www.burmeseclassic.com



ကိုမြင့်က စကားကိုမဆက်ဘဲ စဉ်းစားနေသည်။

'ခရစ်ယာန်တွေရဲ့ သမ္မာကျမ်းစာထဲမှာပါတဲ့ စာပိုဒ်တွေကို အစ်ကို့ဆရာ ဦးစံကောင်းက ပြောပြဖူးတယ်'

အေးမက နားထောင်နေသည်။

'သင်ရဲ့ ညာဘက်ပါးကို ရိုက်ရင် ဘယ်ဘက်ပါးကိုပါ ထိုးပေးပါတဲ့၊ သင့်ရဲ့ ရုပ်အင်္ကျီကို တောင်းရင် သင့်ရဲ့ဝတ်ရုံအင်္ကျီကိုပါ ချွတ်ပေးလိုက်ပါတဲ့၊ သင့်ကို တစ်မိုင်အလျှောက်ခိုင်းရင် နှစ်မိုင်လျှောက်ပါတဲ့'

'အစ်ကိုက အစ်ကို့ဆရာပြောတဲ့ ခရစ်ယာန်တရားအတိုင်း ကျင့်တယ်ပေါ့'

'ဟင့်အင်း အစ်ကို မကျင့်နိုင်ပါဘူး၊ ကိုယ့်ညာဘက်ပါးကို လာချတဲ့အခါ ဘယ်ဘယ်ပါးကို ထိုးမပေးနိုင်ဘူး၊ သူ့ပါးကိုလဲ ပြန်မရိုက်ချင်ပါဘူး၊ ဒါပေမယ့် ကိုယ့်ပါးကို သူဘာဖြစ်လို့ ရိုက်သလဲ ဆိုတာတော့ သိချင်လာတယ်၊ ငယ်ငယ်တုန်းကတော့ အဖေ့ကို သတ်တဲ့လူကို ပြန်သတ်ချင်တယ်၊ အဖေသေသလို သူလဲ သေစေချင်တယ်၊ ဒါပေမယ့် ခုတော့ သူ့ကို မသတ်ချင်တော့ပါဘူး၊ အစ်ကို့အဖေကို ဘာကြောင့် သတ်ခဲ့တယ်ဆိုတာကို သိချင်တာ တစ်ခုပါပဲ၊ တကယ်လို့များ အဲဒီလူနဲ့ ခုနေပြန်တွေ့ရင် အစ်ကိုမေးချင်တယ်၊ အဖေ့ကို ဘာကြောင့်များ သတ်ခဲ့သလဲလို့'

'အဲဒီလူကော ခု ရှိသေးသတဲ့လား'

အေးမက မေးသည်။

'ဟင့်အင်း မသိဘူး၊ အစ်ကိုလဲ မစုံစမ်းတော့ပါဘူး၊ တွေ့ခဲ့ရင် မေးချင်တဲ့အကြောင်းကိုသာ ပြောပြတာပါ၊ အဲဒီလူက အေးမတို့ ဇရီဘက်မှာ အဲဒီတုန်းက သိပ်နာမည်ကြီးတဲ့ ကာကွယ်ရေးတပ်ခေါင်းဆောင်တဲ့၊ နာမည်က ဗိုလ်ချစ်ဖုန်းတဲ့'

ဗိုလ်ချစ်ဖုန်း၊ ဗိုလ်ချစ်ဖုန်း။

ဘုရား ဘုရား၊ အေးမ သူ့နားများကို သူမယုံနိုင်။ သူများ နားကြားလွဲလေသလော၊ မလွဲ။ စိတ်က ထင်လိုက်ခြင်းလော၊ မဟုတ်။ ဗိုလ်ချစ်ဖုန်းဆိုသည့် နာမည်မှ ဗိုလ်ချစ်ဖုန်း။

'အဲဒီဗိုလ်ချစ်ဖုန်းဆိုတဲ့ လူက နောက်ကျတော့ ထောင်ကျသွားသလိုလိုလဲ ကြားတယ်'

'ဪ ဟုတ်လား'

www.burmeseclassic.com


အေးမတစ်ကိုယ်လုံး အေးစက်သွားသည်ဟု ထင်ရသည်။ သူနားကြား မလွဲ၊ စိတ်ထင်မဟုတ်။ ကိုမြင့်က သူ့အဖေ၏ နာမည်ကို နောက်ထပ်ပြော သွားသေးသည် မဟုတ်လော။

အေးမသည် သူ့အဖေကို သတ်ခဲ့သည့် ဗိုလ်ချစ်ဖုန်း၏ သမီးဖြစ် ကြောင်းများ သိခဲ့လျှင် ကိုမြင့် မည်သို့ တုံ့ပြန်မည်နည်း။ အဖေ့အတွက် သူ့ ကိုပင် လက်စားချေမည်လော။ သို့မဟုတ် သူပြောသည့်အတိုင်း သူ့အဖေကို ဘာကြောင့်များ သတ်ခဲ့သနည်းဟု သူ့အား မေးလေမည်လော။ မေးလာလျှင် သူလည်း ဘာမျှ မဖြေတတ်။ သူကိုယ်တိုင်ပင် သူ့အဖေအကြောင်းကို ယခင်က လည်း မသိခဲ့၊ ယခုလည်း မသိ။

သူ့အဖေသည် ယခုအချိန်တွင် ဘယ်ဆီဘယ်စခန်းသို့ ရောက်နေပြီ နည်း။

သူ့အဖေသည် ယမားချောင်းလို လှို့ဝှက်သည်၊ ဆန်းကြယ်သည်။ အသိရခက်သည်၊ မာန်ဟုန်ပြင်းသည်။

သူ့အဖေနှင့်သာ ယခုနေ ပြန်တွေ့ကြလျှင် သူလည်း ကိုမြင့် မေးခွန်း မျိုးကို သူ့အဖေထံ ပြန်မေးလိုက်ချင်စမ်းသည်။

'အေးမ မောသွားပြီလား၊ ဘုန်းကြီးကျောင်းကို ရောက်တော့မယ်၊ ဟိုရှေ့က မီးရောင်ဟာပဲ ထင်တယ်'

ကိုမြင့်က လှမ်းပြောသည်။

'ဟုတ်...ဟုတ်ကဲ့ အစ်ကို၊ မမောပါဘူး'

စကားလုံးများက အေးမ ပါးစပ်မှ ရှောရှောရှူရှူ ထွက်မလာ။ အထစ် ထစ် အငေါ့ငေါ့ ဖြစ်နေသည်။

ရှေ့က လူတန်းကြီးက ဘုန်းကြီးကျောင်းထဲသို့ ဝင်နေကြသည်။ ကျောင်းခြံစည်းရိုး ထီးရိုးဝါးပင်များ ကြားတွင် လက်နှိပ်ဓာတ်မီးများက ပိုးစုန်း ကြူးများလို လက်နေသည်။ စေတီမှ ဆွဲလွဲသံများက ရင်ကို အေးမြ ကြည်နူး သွားစေသည်။

သည်တစ်နေ့တော့ ဂိတ်ကွင်းလမ်းက သည်တောရကျောင်းမှာပင် အိပ်ရတော့မည်။ ဂိတ်ကွင်းလမ်းကို သွားရတိုင်း မှောင်ခိုကုန်သည်တွေ ဝင်နား နေကျဖြစ်သည်။ သည်အချိန်တွင် နားခိုသူ ဧည့်သည်တွေ ရောက်လာလျှင် မထူးဆန်းတော့။ မှောင်ခိုကုန်သည်တွေဖြစ်ကြောင်း ဘုန်းကြီးရော ကပ္ပိယကြီး ပါ သိနေကြသည်။

www.burmeseclassic.com


အေးမတို့တစ်သိုက် ကျောင်းဝင်းထဲသို့ ဝင်ခဲ့ကြသည်။

ကျောင်းဝင်းက ကျယ်သည်။ ကျောင်းဝင်းထဲတွင် အင်ကြင်းပင်၊ သရက်ပင်၊ ဘန့်ဘွေးပင်၊ ချင်ပြစ်ပင် စသည့် ပင်စောက်ကြီးတွေ ပေါက်နေကြသည်။

ဘုန်းကြီးကျောင်းက သိပ်မကြီး၊ တောရကျောင်းကလေး ဖြစ်သည်။ သစ်သားပေါသည့် အရပ်ဖြစ်၍ ပျဉ်ခင်း၊ ပျဉ်ကာထားသည်။ အမိုးကတော့ သက်ကယ်မိုး။ ရှေ့တွင် စင်္ကြံလျှောက်ရန် ဝရံတာကလေးတစ်ခု ထုတ်ထားသည်။

ခရီးသည်တချို့က စေတီနားက တန်ဆောင်းထဲတွင် နေရာယူကြသည်။ တချို့က ဘုန်းကြီးကျောင်းပေါ်တွင် နေရာရသည်။ စောစောက တိတ်ဆိတ်နေသည့် တောရကျောင်း ပရဝုဏ်သည် ဆူညံလာသည်။ စောစောက အရည့ဝါသီ တောမှီပုဂ္ဂိုလ်တို့၏ ကျောင်းသင်္ခမ်း။ ယခုတော့ မှောင်ခိုခရီးသည်တို့၏ ကွန်းထောက်စခန်း။ ချက်ကြပြုတ်ကြ၊ ရယ်ကြ မောကြ၊ သွားကြလာကြနှင့် လှုပ်ရှားနေသည်။

အေးမတို့တစ်သိုက်က ကျောင်းပေါ်တွင် နေရာရသည်။ ကျောင်းပေါ်တွင် အသက်ခြောက်ဆယ်ကျော်ခန့်ရှိ ကပ္ပိယ အဘိုးကြီးတစ်ဦးသာ ရှိသည်။ ဆရာတော်ဘုန်းကြီးက ကျောင်းဝင်းအစွန် နေရဥ္စရာ မြစ်ကမ်းပါးက ကမ္မဋ္ဌာန်းကျောင်းလေးတွင် သီတင်းသုံးသည်။ ဆရာတော် ဦးခေမာ၏ ကျောင်းဟု မချစ်မေက ပြောသည်။

ကိုမြင့် ပစ္စည်းတွေကိုချကာ ကျောင်းဝင်းနောက်ဖေးတွင် ရစ်ခွေစီးဆင်းနေသည့် နေရဥ္စရာ မြစ်ကမ်းပါးသို့ လျှောက်ခဲ့သည်။

မောလည်း မောလှပြီ၊ အိုက်လည်း အိုက်လှပြီ၊ ထမင်းစားပြီးတော့ ကိုမြင့် အပြင်သို့ ထွက်လာခဲ့သည်။

ကျောင်းဝင်းထဲက တလင်းပြင်က သန့်ရှင်းသည်။ တလင်းသန့်သန့်တွင် လျှောက်၍ ကောင်းနေသည်။

နေရဥ္စရာမြစ်ဘက်မှ တိုက်ခတ်လာသည့် လေပြေက မွှေးနေသည်။ မည်သည့် အနံ့ဟူ၍တော့ ကိုမြင့် မခွဲခြားနိုင်။ လတ်ဆတ်သင်းပျံ့နေသည်ကိုတော့ သတိထားမိသည်။

နေရဥ္စရာမြစ်ကမ်းပါးကို ရောက်တော့ ကိုမြင့် တလင်းသန့်သန့်မှာ ထိုင်သည်။ မြစ်ရေက တငြိမ့်ငြိမ့် စီးနေသည်။ သည်နေ့ညတွင်လည်း ကြယ်ပွင့်ကလေးများ မြစ်ထဲသို့ ရေကူးဆင်းကြသည်။ လှိုင်းတွန့်ကလေးတွေပေါ်မှ

www.burmeseclassic.com



လှိုင်းစီးကြသည်။ မြစ်တစ်ဘက်ကမ်းမှ တောအုပ်သည် ကြယ်ရိပ်တွင် ပြာညိုရောင် မှိုင်းနေသည်။

ဪ် နေရဥ္စရာပါတကား။

သို့ရာတွင် သည်နေရဥ္စရာက သုဇာတာသတို့သမီး ဗုဒ္ဓမြတ်စွာဘုရား ထံ ဂဏာနို့ဆွမ်းလှူ၍ ရွှေခွက်မျှောသည့် နေရဥ္စရာမြစ်ကမ်း အဏ္ဏဝါတော့ မဟုတ်။ မြစ်သာမြစ်ထဲသို့ စီးဝင်သည့် မြစ်ငယ်ကလေးတစ်ခုသာ ဖြစ်ပါ၏။

ကိုမြင့်အဖို့တော့ သည်နေရဥ္စရာမြစ်သည် ထူးခြားနေသည်။ နေရဥ္စရာ မြစ်တစ်ကြောတွင် ရွှေခွက်ချင်း တိုက်မိသံကြောင့် ကာလနဂါးမင်း အိပ်ရာက နိုးလာသလို သည်နေရဥ္စရာမြစ်ကမ်းတွင် သူ့အချစ်သည် ပြန်လည်နိုးကြားလာခဲ့ သည် မဟုတ်လော။

နေရဥ္စရာမြစ်ကမ်းပါးတွင် မည်မျှကြာအောင် ထိုင်၍ တွေးနေငေးနေ သည်မသိ။ ခြေသံတရှပ်ရှပ်ကြားသဖြင့် လှည့်ကြည့်လိုက်မိသည်။

သူ့နောက် မလှမ်းမကမ်းတွင် မလှုပ်မယှက် ရပ်နေသည့် မည်းမည်း သဏ္ဌာန် တစ်ခု။

ရုတ်တရက်သော် ကိုမြင့် လန့်သွားကာ ကြက်သီးတွေ ထလာသည်။

ထိုသဏ္ဌာန်သည် လှုပ်ရှားမှုမရှိ၊ မတ်မတ်ရပ်နေသည်။ တစ်ကိုယ်လုံး အနက်ရောင် လွှမ်းခြုံထားသည်။ အထက်ပိုင်းမှသည် အောက်ပိုင်းအထိ အဝတ် အနက်ကြီးကို လွှမ်းထားသည်။ သူ့ခေါင်းက ကြယ်ရောင်တွင် ပြောင်လက်နေ သည်။

ကိုမြင့်က နောက်လှည့်ကြည့်ပြီး ချောင်းဟန့်အသံပေးသည်။ ထို သဏ္ဌာန် တုတ်တုတ်မျှ မလှုပ်၊ ကျောက်ရုပ်ကြီးတစ်ရုပ်လို ငြိမ်သက်နေသည်။

တောရဘုန်းကြီးကျောင်းဘက်ဆီမှ စကားပြောသံ၊ ရယ်မောသံများကို ကြားနေရသည်။ သူ့အနီးတွင်မူ နေရဥ္စရာ မြစ်ရေ တသွင်သွင်စီးသံ၊ လေပြေထဲ တွင် သစ်ရွက်တို့က တရှဲရှဲ ပွတ်တိုက်သံ၊ ပိုးမွှားတို့၏ အော်သံမှအပ အခြား အသံမျှ မကြားရ၊ တိတ်ဆိတ်နေသည်။

ကိုမြင့်က ချောင်းတစ်ချက် ဟန့်ပြန်သည်။ ထိုသဏ္ဌာန်က လှုပ်ရှားခြင်း မရှိ၊ ကိုမြင့် သူ့ခါးကြားထဲက ဓားမြှောင်ကို စမ်းသည်။ လူဆိုးလော၊ တစ္ဆေလော၊ သူရဲလော။

မဟုတ်၊ ဘာမျှမဟုတ်။

www.burmeseclassic.com



နေရဥ္စရာမြစ်ကမ်းပါး တောရကမ္မဋ္ဌာန်းကျောင်းမှ တောရဆောက်တည်နေသော အရညဝါသီ တောမှီ ရဟန်းတစ်ပါးသာ ဖြစ်ပါ၏။

မချစ်မေပြောသည့် တောရကျောင်းဆရာတော် ဦးခေမာပင် ဖြစ်လိမ့်မည်ထင်သည်။

ကိုမြင့်က ဓားမြှောင်ကို ခါးကြားသို့ ပြန်ထိုးကာ ဘုန်းတော်ကြီးကို ကန်တော့ပြီး သူ့ရှေ့မှောက် မြေပြင်တွင် ပုဆစ်တုပ် ထိုင်သည်။

ဆရာတော်၏ ဥပဓိရုပ်က ခန့်ငြားသည်။ သက်တော် ခြောက်ဆယ်တစ်ဝိုက်လောက်ရှိပြီဟု ခန့်မှန်းရသည်။ သို့ရာတွင် စိုပြေပြည့်တင်းသည်။ မျက်နှာက ကျန်းမာသန့်ရှင်းသည့် အသွင်ကို ဆောင်သည်။ မေးရိုးက တောင့်တင်း ခိုင်မာသည်။ ဖွဲ့ကောင်းခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်း၊ တည်ကြည်ခြင်း စသည့် သဘောများကို ဆောင်သည်။ မျက်လွှာချထားသည်ကြောင့် တစ်ကြောင်း၊ အမှောင်ရိပ် သန်းနေသည်ကြောင့် တစ်ကြောင်း ဆရာတော်၏ မျက်လုံးများကို မမြင်ရ။

ဆရာတော်က ဘာမျှမပြော။ ဦးပြည်းကို ငုံ့ကာ လက်ထဲက ပုတီးကို စိပ်နေသည်။ အဓိဋ္ဌာန်ဖြင့် ပုတီးပတ်ပြည့်အောင် စိပ်နေပုံရသည်။

ဆရာတော် ပုတီးစိပ်နေသည်မှာ မည်မျှ ကြာသည်မသိ။ ကိုမြင့်အဖို့တော့ တစ်ကမ္ဘာလောက် ကြာသည်ဟု ထင်သည်။ ကိုမြင့် ပြုဖွယ် ဝေယျာဝစ္စ ပြုပြီးနောက် ထပြန်တော့မည် စိတ်ကူးကာ ဦးချသည်။

'ဒကာလေး၊ တစ်မူးခန်းပတ်က ပြန်လာတာလား'

ဆရာတော်၏ အသံက ကြည်လင်သည်။ တည်ငြိမ်လေးနက်သည်။

'တင်ပါ့ ဘုရား'

'အင်း…ပင်ပန်းလာပုံရတယ်၊ ဒီနေရာကလေးက တိတ်ဆိတ်တယ်၊ ညည ဦးပဥ္စင်း ဂုဏ်တော်တစ်ထောင်စိပ်ရင် ဒီနားမှာပဲ လာစိပ်တာပဲ၊ တိတ်ဆိတ်တော့ အာရုံလဲ မပျံ့ဘူး၊ မြစ်ကိုကြည့်ပြီး မမြဲတဲ့ သဘောကိုလဲ ဆင်ခြင်ရှုမှတ်နိုင်တယ်'

ဆရာတော်က သူ့ကိုယ်သူ ဦးပဥ္စင်းဟု ရည်ညွှန်းသွား၏။ ငယ်ဖြူ ဟုတ်ဟန် မတူ။ တောထွက်ရဟန်းတစ်ပါး ဖြစ်ပုံရသည်ဟု ကိုမြင့်တွေးလိုက်သည်။

ဆရာတော် ဦးခေမာက လက်ကပုတီးကို လက်ကောက်ဝတ်တွင် ရစ်လိုက်ပြီး ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်သည်။

www.burmeseclassic.com


'အရောင်းအဝယ်ကော သင့်တင့်မျှတကြရဲ့လား'

'တင်ပါ့ ဘုရား'

ဆရာတော် ဦးခေမာသည် သည်လမ်း သည်ခရီးအကြောင်းကို သိပြီးဖြစ်၏။ ခရီးသွား ခရီးလာတို့အကြောင်းကိုလည်း သိ၏။ အကျယ်တဝင့် ဘာမျှ မမေး။ ခေါင်းတဆတ်ဆတ် ညိတ်ရင်း၊ အမှောင်ထဲတွင် တငြိမ့်ငြိမ့် စီးနေသည့် နေရဥ္စရာမြစ်ကို လှမ်းကြည့်နေသည်။

'ဦးပဥ္စင်းကော ဆွမ်းကွမ်းမျှတပါရဲ့လား ဘုရား'

'အေး သင့်တင့်ရုံပေါ့ကွယ်'

ဆရာတော် ဦးခေမာက ခပ်တိုတိုဖြေသည်။

'ဒီလိုပဲ ခရီးသည်တွေ လာတည်းနေကြတာပဲလား ဘုရား'

ဆရာတော် ရုတ်တရက်မဖြေ၊ အတန်ကြာ စဉ်းစားနေသည်။

'ခုတော့ ဒီလိုလာနေကြတာပေါ့ကွယ်၊ ဟိုတုန်းကတော့ မရှိပါဘူး။ အကူးအသန်းဆိုလို့ တောင်ယာခုတ်တဲ့ လူလောက် ထင်းခုတ်တဲ့ လူလောက်ရှိတာပေါ့။ ခုတော့ ကားလမ်းက အဖမ်းအဆီးလေး ဘာလေးတွေ ရှိလို့ထင်ပါရဲ့၊ ဦးပဥ္စင်းတို့ကတော့ လာသမျှ အာဂန္တု လက်ခံရတာပေါ့။ စားဝတ်နေရေး ကျပ်တည်းကြလေတော့ သမ္မာအာဇီဝဖြစ်၏ မဖြစ်၏ မရွေးကြတော့ဘူး ထင်ပါရဲ့ကွယ်'

ဆရာတော်၏ အသံက ညည်းညူသံပါနေသည်။

'ဘာသာရေးနဲ့ကြည့်ရင် ခန္ဓာဝန်ကြီးကို ဖြစ်တဲ့နည်းနဲ့ ထမ်းကြရတယ်ဆိုရမှာပေါ့ ဘုရား'

'အေး ခန္ဓာဝန်ကတော့ သံသရာက မလွတ်သေးသ၍ ထမ်းကြရဦးမှာပဲ၊ ပုထုဇဉ်တွေကိုး၊ ပုထုဇဉ်ဆိုတော့ ဝိနိပါတဘေးကြီး အမြဲရှိနေတယ်။ သံသရာက မလွတ်မြောက်သေးသမျှ ဝိနိပါတဘေးကြီး အမြဲဆိုက်မယ်၊ ဝိနိပါတဘေးကြီးကို ကြောက်တတ်ကြဖို့ လိုတယ်'

ဆရာတော် ဦးခေမာက ပခုံးပေါ်မှ လျောကျနေသော သင်္ကန်းကို ပင့်တင်သည်။

'ဝိနိပါတဘေးဆိုလို့ ပြောလိုက်ရဦးမယ်၊ ဝိနိပါတ ဘေးဆိုတာကော ကြားဖူးရဲ့လား'

'မကြားဖူးသေးပါဘူးဘုရား၊ တပည့်တော်က ဗုဒ္ဓဘာသာ စာပေနဲ့'

ကိုမြင့်က စကားကို ဆက်ရခက်သဖြင့် ရပ်ထားလိုက်သည်။

www.burmeseclassic.com


'ဒကာလေးနာမည်က ဘယ်သူ'

'မောင်ကိုမြင့်ပါ ဘုရား'

'အသက်ကလဲ ငယ်ငယ်ပဲရှိဦးမယ် ထင်တယ်'

'မှန်ပါ၊ အစိတ်ထဲရောက်ပါပြီ ဘုရား'

'ဒကာလေး၊ အဲ့ မောင်ကိုမြင့် မှတ်ထား၊ ဝိနိပါတဘေးဆိုတာ ပရမ်းပတာ ကျရောက်တတ်တဲ့ ဘေးကြီးကို ဆိုလိုတာ။ သေသည်၏ အခြားမဲ့မှာ ကောင်းရာ သုဂတိကို မရောက်ဘဲ အပါယ်လေးဘုံ အစရှိတဲ့ ဘုံတွေမှာ ကျချင်ရာ ကျတတ်တဲ့ ဘေးကြီးကို ပြောတာ။ မြတ်စွာဘုရားက အဲဒီ ဝိနိပါတဘေးကြီး ကျပုံကို နခသိခသုတ်နဲ့၊ ကာဏကစ္ဆပသုတ်မှာ အကျယ်ပြတော်မူခဲ့တယ်၊ မောင်ကိုမြင့် စိတ်ဝင်စားရဲ့လား'

'တင်ပါ့၊ ဝင်စားပါတယ် ဘုရား'

'နခသိခသုတ်မှာ မြတ်စွာဘုရားက လက်သည်းဖျားမှာ မြေမှုန့်တင်ထားပြီး ရဟန်းတွေကို ပြပြီးတော့ ငါ့လက်သည်းဖျားမှာရှိတဲ့ မြေမှုန့်နဲ့ မဟာပထဝီ တစ်ပြင်လုံးမှာရှိတဲ့ မြေမှုန့်တွေ ဘယ်ဟာကများသလဲလို့ မေးတော်မူသတဲ့၊ ဒီတော့ ရဟန်းတွေက အရှင်ဘုရား လက်သည်းတော်ဖျားမှာရှိတဲ့ မြေမှုန့်ဟာ မဟာပထဝီမြေက မြေမှုန့်ထက် မနှိုင်းယှဉ်သာအောင် နည်းပါတယ် ဘုရားလို့ လျှောက်ကြတယ်။ ဒီတော့ မြတ်စွာဘုရားက အဲဒါနဲ့ အလားတူပဲ လူ့ပြည်က သေလွန်ပြီးတဲ့နောက် လူ့ပြည်၊ နတ်ပြည်ကို ရောက်တဲ့ အရေအတွက်ဟာ နည်းပြီး အပါယ်လေးဘုံကိုသွားတဲ့ အရေအတွက်က မဟာပထဝီ မြေမှုန့်လို များပြားတယ်တဲ့။ ကုသိုလ်ကောင်းမှုကို မပြုကြရင် ဝိနိပါတဘေးကြီး ဆိုက်သတဲ့'

'ဝိနိပါတ ဘေးကြီးကို ကြောက်တတ်ကြလို့ ဆိုလိုတော်မူတာပေါ့ ဘုရား'

'အေး ဟုတ်တယ်၊ ဝိနိပါတဘေးကြီး ဘယ်လောက် ကြီးကျယ်တယ် ဆိုတာကို မြတ်စွာဘုရားက ကာဏကစ္ဆပသုတ်မှာလဲ ဟောတော်မူခဲ့သေးတယ်'

'တင်ပါ့'

'မဟာသမုဒ္ဒရာကြီးထဲမှာ လိပ်ကန်းငယ်တစ်ကောင် သွားမိသွားရာ သွားနေသတဲ့၊ အနှစ်တစ်ရာရှိမှ တစ်ကြိမ်တစ်ခါပဲ ရေထဲက ခေါင်းပေါ်သတဲ့၊ ဒီတုန်း သမုဒ္ဒရာတစ်နေရာမှာ အပေါက်တစ်ပေါက်သာရှိတဲ့ ထမ်းပိုးတစ်ချောင်း မျောမိမျောရာ မျောနေသတဲ့၊ တစ်ခါကျတော့ အဲဒီကျယ်လှတဲ့ သမုဒ္ဒရာကြီးထဲမှာ အနှစ်တစ်ရာမှာ တစ်ခါသာ ခေါင်းပေါ်တတ်တဲ့ လိပ်ကန်းရဲ့ ဦးခေါင်းဟာ

www.burmeseclassic.com


ထမ်းပိုးပေါက် တစ်ပေါက်ထဲရှိပြီး မျှောချင်ရာမျှောနေတဲ့ ထမ်းပိုးမှာ စွပ်သွားမိသတဲ့၊ ဒီလိုဖြစ်ဖို့ဟာ အလွန်ကို အခွင့်ကြုံမှ ဖြစ်သတဲ့၊ သမုဒ္ဒရာကြီးကလဲ ကျယ်သေးတယ်၊ လိပ်က ကန်းသေးတယ်၊ အနှစ်တစ်ရာမှ တစ်ကြိမ်သာပေါ်တယ်၊ မျောချင်ရာ မျောတယ်၊ တစ်ခါ ထမ်းပိုးကျတော့လဲ ထမ်းပိုးပေါက် တစ်ပေါက်တည်းရှိတဲ့ ထမ်းပိုး၊ သမုဒ္ဒရာထဲမှာ မျောနေတယ်၊ ဒီနှစ်ခု စွပ်မိအောင် ကြုံဖို့ဆိုတာ အင်မတန်ခက်သတဲ့၊ အပါယ်လေးဘုံက လွတ်ပြီး လူ့ဘဝ၊ နတ်ဘဝရဖို့ အခွင့်အရေးကတော့ လိပ်ကန်းနဲ့ ထမ်းပိုးတို့ရဲ့ အခွင့်အရေးထက် အဆများစွာ ခက်တယ်လို့ မြတ်စွာဘုရားကိုယ်တော်ရှင် ကာဏကစ္ဆပသုတ်မှာ ဟောတော်မူတယ်'

'တင်ပါ့ဘုရား၊ လူဘဝဆိုတာ အင်မတန် ရခဲပါတယ် ဘုရား'

'ဟုတ်တယ်၊ ဦးပဥ္စင်းအသက် ငါးဆယ်ကျော် ခြောက်ဆယ်နား ကပ်နေပြီ၊ လောကီကို ညည်းငွေ့တယ်၊ အဝိဇ္ဇာ၊ တဏှာတွေ ပိတ်ဖုံးနေတဲ့ လူ့ဘောင်ကို မြင်တော့ ဦးပဥ္စင်း ထိတ်လန့်လာတယ်၊ လယ်တီဆရာတော်ဘုရားကြီး ရေးသလိုပေါ့၊ ဘာတဲ့၊ 'မိုက်မလင်းနိုင်ဘူ၊ မြိုက်ခင်းညာဆီက၊ ခါတော်မီ၊ ကြည်မွေ့နိုင်ဘု၊ သည်ကွေ့တွင် နေ့ကုန်မျောပါရ၊ အတော် ဘယ်မသတ်နိုင်တဲ့၊ ရဟတ်ဗွေ'ဆိုတဲ့ သံဝေဂလေးချိုးလိုပဲ သည်ကွေ့မှာ နေ့ကုန်အောင် မျောနေကြတဲ့ သတ္တဝါတွေ၊ သံသရာရဟတ်မှာ အတော်မသတ်နိုင်အောင် ဝဲလှည့်နေကြတဲ့ သတ္တဝါတွေ၊ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေပိတ်လို့ ဘာကိုမှ မမြင်နိုင်ကြတော့ဘူး။ လိမ်ကြ၊ ကောက်ကြ၊ သတ်ကြ၊ ဖြတ်ကြနဲ့ မိုက်နေလိုက်ကြတာ၊ ဒိဋ္ဌိနဲ့ တဏှာ အမြိုက်ခံနေကြရတဲ့ အမိုက်တွေ၊ အင်း အမိုက်တွေ'

ဆရာတော် ဦးခေမာ၏ အသံသည် လိုက်လှဲလာ၏။ သို့ရာတွင် ဆရာတော်က သတိကောင်းသည်။ ချက်ချင်းအသံကို တည်ငြိမ်စေသည်။

'ဒီအမိုက်တိုက်က လွတ်အောင်ဆိုပြီး ဦးပဥ္စင်းဝတ်ကြောင်ကို စွန့်ခဲ့တယ်၊ လူ့ဘောင်ကစွာပြီး တောရကို လာတရားအားထုတ်တယ်၊ လောကီဘောင်က အရှုပ်အထွေးတွေကို ဦးပဥ္စင်း မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ ဒါပေမယ့် ဦးပဥ္စင်း မမြင်ချင် မကြားချင်လို့ မနေရပြန်ဘူး၊ ဒီဘက်လမ်းမှာ အပေါက်အရောက်တွေ များလာပြီး ဦးပဥ္စင်းကျောင်း လာတည်းပြန်ကြတယ်၊ တည်းကြခိုကြတော့ ဦးပဥ္စင်း မတတ်နိုင်ဘူး၊ သူတို့ထိုက်နဲ့ သူတို့ကံဆိုပြီး ပေလာယျကံပြုကြရတော့တာပဲ၊ လူရယ်လို့ဖြစ်လာကြပြန်တော့ ခန္ဓာငါးပါးရဲ့ဝန်ကို ထမ်းကြရတာပေါ့လေ'

www.burmeseclassic.com


ဆရာတော် ဦးခေမာက မြစ်ဘက်သို့ ငေးကြည့်နေသည်။

'ကြည့်စမ်း မောင်ကိုမြင့်'

ဆရာတော်က နေရဥ္စရာမြစ်ဘက်သို့ လက်ညှိုးထိုးပြသည်။

'အနမတဂ္ဂ သံသရာကြီးဟာ မြစ်ကြီးလိုပဲ၊ လောဘ၊ ဒေါသ၊ မောဟ စတဲ့ တရားတွေ ဖုံးပြီး ကိုယ့်စိတ်ကို မနိုင်တဲ့ လူတွေကတော့ လှေသူကြီးနဲ့ တူတယ်၊ ဘုရားသာသနာမရှိတဲ့ သုညကမ္ဘာထဲမှာ မျောနေတဲ့ လှေသူကြီးနဲ့ တူတယ်၊ ဘုရားသာသနာနဲ့ ကြုံပေမယ့် အဝိဇ္ဇာဖုံးနေကြတဲ့ သတ္တဝါတွေကျတော့လဲ မြို့ရွာဆိပ်ကမ်းကို ရောက်ရက်သားနဲ့ ဆိပ်ကမ်းမှန်း မသိဘဲ စုန်ဆင်းနေတဲ့ လှေသူကြီးနဲ့တူတယ်၊ ဒီတော့ မောင်ကိုမြင့် ဦးပဥ္စင်း ပြောမယ်၊ မောင်ကိုမြင့်တို့ တစ်တွေ ဆိပ်ကမ်းကိုရှာကြ၊ အမှောင်ကြီးထဲမှာ မျောမနေကြနဲ့၊ ဆိပ်ကမ်းကို ရှာကြ၊ ကဲ မောင်ကိုမြင့်လဲ အိပ်ချင်လှရော့မယ်၊ ဦးပဥ္စင်းလဲ တရားအလုပ် လုပ်ချိန်တန်ပြီ'

ကိုမြင့်က ဆရာတော်ကို ဝတ်ဖြည့်သည်။

ဆိပ်ကမ်းကို ရှာကြ၊ ဆိပ်ကမ်းကို ရှာကြဟု ဆရာတော်က မိန့်သည်။ ဆရာတော်က သည်စကားများကို မည်သည့် အဓိပ္ပာယ်နှင့် ပြောခဲ့လေသည် မသိ။

ကိုမြင့်ကတော့ သူ့အဓိပ္ပာယ်နှင့် သူယူသည်။

ဆရာတော်က မြစ်ကို သံသရာနှင့် နှိုင်းသည်။ သူကတော့ မြစ်ကြီးကို ခေတ်ကြီးနှင့် နှိုင်းချင်သည်။ ဆရာတော်က သံသရာတွင် ဝဲလှည့်နေသူများကို ဆိပ်ကမ်းရှာမတွေ့သည့် လှေသူကြီးနှင့် ပုံခိုင်းသည်။ သူကတော့ ခေတ်ကြီးတွင် နားနေရာကလေးတစ်နေရာ ရှာမတွေ့သည့် လူမျိုးကို သူနှင့်သာ ဥပမာနှိုင်းချင်သည်။ သူ့လိုလူတွေနှင့် ဥပမာနှိုင်းချင်သည်။

ဟုတ်သည်။ သူ့ဘဝက လွင့်ချင်ရာ လွင့်၍ မျောချင်ရာ မျောနေသည့် ဘဝ၊ ဆိပ်ကမ်းက ဘယ်ဝယ်ဘယ်ဆီဟု လှမ်းမမြင်နိုင်။

သြော် သည်ကွေ့တွင် နေ့ကုန်မျောပါရ၊ အတောဘယ်မသတ်နိုင်တဲ့ ရဟတ်ဗွေ၊ အတော်ဘယ်မသတ်နိုင်တဲ့ ရဟတ်ဗွေ။

()

www.burmeseclassic.com

# ၁၆

မြစ်သာမြစ်က တငြိမ့်ငြိမ့်စီးနေသည်။

မြစ်သာမြစ်က မြန်မာနိုင်ငံတွင် တောင်မှ မြောက် စီးနေသည့် တစ်ခုတည်းသော မြစ်ဟု ဆိုစမှတ်ပြုကြသည်။ တောင်ဘက် ဂန့်ဂေါနယ် ချင်းတောင်တန်းများမှ မြစ်ဖျားခံကာ မြောက်ဘက်သို့ စီးလာပြီး ကလေးဝအနီးတွင် ချင်းတွင်းမြစ်ထဲသို့ စီးဝင်သည်။

မိုးတွင်းတွင် တောင်ကျရေတို့ကြောင့် မြစ်သာမြစ်က ရေစီးကြမ်းသည်။ ရေစီးကြမ်းရတဲ့အထဲတွင် သစ်လုံးမျှောသဖြင့် မိုးတွင်းတွင် မြစ်သာမြစ်ကို ဖြတ်ကူးရသည်မှာ အန္တရာယ်ကြီးသည်။ တောင်ကျရေဖြင့် တစ်ဟုန်ထိုးကျလာသော သစ်လုံးကြီးများကို မနည်းရှောင်ရသည်။ မိုးတွင်းတွင် မြစ်သာမြစ်သည် ကျားသစ်တစ်ကောင်လို မာန်ဖီတတ်သည်။

ယခုတော့လည်း မြစ်သာမြစ်သည် ကြောင်ကလေးတစ်ကောင်လို အန္တရာယ် ကင်းနေသည်။ ရေစီးက ညင်ညင်သာသာကလေး၊ ရေကလည်း ကြည်ကြည်လင်လင်၊ မြစ်အောက်ကြမ်းပြင်က ကျောက်စရစ်ခဲများ၊ သဲပြင်နုနုများကို အတိုင်းသား မြင်နေရသည်။

ကမ်းပါးဖြူဖြူမြင့်မြင့်ကြီးတွေ ကြည်ကြည်လင်လင် မှန်ကြည့်၍ရလောက်အောင် ရေအယဉ်က ငြိမ်သက်ညင်သာသည်။

နွားစွယ်တောင်ပေါ်က တောအုပ်များကလည်း တည်ငြိမ်သော ဣန္ဒြေဖြင့် ရေကသိုဏ်းရှုကြသည်။ နေခြည်များသည် မြစ်သာမြစ် တောင်ဘက်ကမ်းမှ ကျောက်မီးသွေးတွင်းများ တောအုပ်များပေါ်သို့ ဖြာကျနေသည်။

သည်နေရာ တစ်ဝိုက်တွင် တိတ်ဆိတ်နေသည်။ နွားစွယ်တောင်ရိုးပေါ်မှ ဖိုးခေါင်ငှက်၏ မြည်သံနွဲ့နွဲ့သာ ကြားရသည်။

ကိုမြင့်က ကမ်းနဖူးတွင် ထိုင်ကာ ကျောက်စရစ်ခဲကလေးများကို ကမ်းပါးအောက်သို့ ပစ်ချနေသည်။ ကျောက်ခဲလုံးကလေးများက မြစ်ထဲသို့

www.burmeseclassic.com


ကျသွားမည် ထင်ရသော်လည်း ကမ်းပါးက မြင့်သဖြင့် မြစ်ထဲအထိ မရောက်၊ မြစ်ရေစပ်နှင့် မလှမ်းမကမ်းတွင် ကျသွားတတ်သည်။

သစ်ချောက်မိုင်းက ကိုဖေခင်တို့ဆီသို့ ကိုမြင့် ရောက်နေသည်မှာ တစ်လပြည့်တော့မည်။ သူ့အလုပ်က ယခုအထိ ဟန်မကျသေး။ ကလေးဝသို့ သွားကာ လေဘာမှတ်ပုံတင်တွေ ဘာတွေလည်း လုပ်ပြီးပြီ။ မှတ်ပုံတင်ကတ်လည်း ရပြီ။ သို့ရာတွင် သစ်ချောက်မိုင်းတွင် အလုပ်မရှိသေးသဖြင့် ထိုင်စောင့်နေရသည်။ ကိုဖေခင်တို့ကလည်း တစ်လကိုးသီတင်း စောင့်ကြည့်ပါဟု ဆိုသည်။ မိုးကျလျှင် အလုပ်ရနိုင်သည်ဟု အားပေးကြသည်။

မကြာခင် မိုးကျတော့မည်။

မြစ်သာမြစ်တောင်ဘက် ကျောက်မီးသွေးမိုင်းက ကျောက်မီးသွေးများကို မြောက်ဘက်သို့ ပို့ရသည်။ နွေဆိုလျှင် မြစ်ရေနည်းသဖြင့် အလုပ်သမားများများစားစား မလို။ သို့ရာတွင် မိုးကျတော့ ရေစီးက သန်သည်။ ကျောက်အုံချောင်းနှင့် ဝါးရဲချောင်းတို့ကလည်း သည်နားတစ်ဝိုက်တွင် မြစ်သာထဲသို့ စီးဝင်သဖြင့် ရေစီးကြမ်းသည်။ ရေစီးကြမ်းကြမ်းကြီးထဲတွင် တစ်ဘက်ကမ်းက ကျောက်မီးသွေးဖောင်များကို မော်တော်ဖြင့် ဆွဲရသည်မှာ ခက်ခဲသည်။ ပင်ပန်းသည်။ ဖောင်တွေကို ထိန်းဖို့၊ မျောလာတတ်သည့် သစ်တုံးများနှင့် မတိုက်မိအောင် ရှောင်ဖို့ အလုပ်သမားများ လိုသည်။ ထို့ကြောင့် မိုးတွင်းရောက်လျှင် အလုပ်ရတန်ကောင်းသည်ဟု ကိုဖေခင်တို့က ပြောသည်။ အနည်းဆုံး အမြဲတမ်း မဟုတ်စေကာမူ ယာယီလောက်တော့ ရနိုင်သည်။ အကယ်၍ သည်အလုပ်မရလျှင်လည်း မြစ်သာမြစ် မြောက်ဘက်ကမ်းက မိုင်းများတွင် အလုပ်ရနိုင်သည်ဟု ကိုဖေခင်တို့က အားပေးသည်။

မိုးကျတော့မည်ဆိုတော့ မုံရွာ–ကလေးဝ ကားလမ်း ပိတ်တော့မည်။ ကားလမ်းပိတ်တော့ အေးမ တစ်ယောက်လည်း သည်ဘက်လမ်းသို့ လာနိုင်မည် မဟုတ်တော့။

'မောင်ခိုလုပ်တယ်ဆိုတာ ဥပုသ်စောင့်တာ မဟုတ်ဘူး၊ ယူစရာရှိရဲရဲယူပြီး ပေးစရာရှိရင်လဲ ရဲရဲပေးရမယ်'ဟူသော သူပြောသည့် မစန်းရင်၏ အဘိဓမ္မာကို အေးမ ကျင့်သုံးသွားပြီထင်သည်။

သို့ရာတွင် ကိုမြင့် နားမလည်သည့် တစ်ခုတော့ရှိသည်။

နေရဥ္စရာမြစ်ကမ်းက တောရကျောင်းအထိ လမ်းတစ်လျှောက်လုံး သူနှင့် အေးမ အဆင်ပြေခဲ့သည်။ တစ်လမ်းလုံး အေးမက သူနှင့် လက်ပွန်း

www.burmeseclassic.com


တတီး ဆက်ဆံသည်။ လိုက်လဲ့စွာ ဆက်ဆံသည်။ သို့ရာတွင် နေရဋ္ဌရာမြစ်ကမ်း တောကျောင်းတွင် ညအိပ်ကြတော့ အေးမ သူ့ကို ဆက်ဆံပုံ ချက်ချင်းပြောင်း သွားသည်။ သူ့ကို ခပ်တန်းတန်း ဖြစ်သွားသည်။ ထိုမျှမက ရှောင်ဖယ်ဖယ် လုပ်သည်ဟုပင် ကိုမြင့်ထင်သည်။ နံနက်လင်းတော့ သူ့ကို စွန့်ပစ်ထွက်သွား ခဲ့သည်။ သည်အချက်ကို ကိုမြင့် နားမလည်နိုင်။

အေးမ၏ ရည်ရွယ်ချက်သည် သူ့ကို လမ်းတွင် အသုံးချရုံမျှသာ လော။ သည်ရည်ရွယ်ချက်မျိုးဖြင့် သူ့ကိုယ်သူ ကိုမြင့်ကို ပုံအပ်ခဲ့သည်ဆိုလျှင် အေးမသည် အလွန် အပေါစားဆန်လွန်းသည်။ အချစ်ကို ရောင်းစားသည့် မှောင်ခိုမလေးနှင့် ဘာထူးသေးသနည်း။ သူ့အချစ်ပေး၍ သူ့ကို အသုံးချသွား သည်ဆိုလျှင် အေးမသည် အလွန်လုည့်စားတတ်သည့် မိန်းကလေးတစ်ယောက် သာ ဖြစ်လိမ့်မည်။

နေရဋ္ဌရာမြစ်ကမ်းရောက်မှ ရုတ်တရက် ပြောင်းသွားသော အေးမ၏ အမူအရာကို ကိုမြင့် နားမလည်။ သည်တော့ အေးမကို ကိုမြင့် စိတ်နာချင်သလို လို ရှိသည်။

တောင်ဘက်ကမ်း လှျပ်စစ်ဓာတ်အားပေးရုံမှ အင်ဂျင်စက်သံ ပေါ်လာ ၏။ အင်ဂျင်စက်သံသည် တောတောင်ကမ်းပါးယံဆီမှ ပဲ့တင်ထပ်၍ ပြန်လာ၏။ ရွှေဖိုးခေါင်ငှက်မြည်သံ ပျောက်သွားသည်။ အင်ဂျင်စက်သံကို လန့်သွားလေသည် လော မဆိုနိုင်။

'တို့ဆီမှာတော့ မင်းကြိုက်သလောက် နေနိုင်ပါတယ်၊ မရှိအတူ ရှိအတူ ပေါ့ကွာ၊ တို့စားသလိုတော့ စားရမှာပေါ့'

ကိုဖေခင်က ပြောသည်။

မြစ်သာမြစ် ကမ်းပါးတွင် ဖောင်ပေါ်ရှိ ကျောက်မီးသွေး ချရန်ထိုးထား သည့် ငြမ်းစင်ကြီးတွေ ရှိသည်။ ဝါးပိုးတိုင်များထူကာ အပေါ်က ဝါးပိုးလုံးကြီး များ ခင်းထားသည်။ မိုးရာသီရောက်လျှင် ကမ်းလုံးပြည့် ရေတက်သဖြင့် သည် ငြမ်းစင်ကြီးတွေပေါ်မှ ကျောက်မီးသွေးချရသည်။ နွေရာသီတွင်မူ ငြမ်းစင်များကို သုံးစရာမလို၊ မြစ်ရေနည်းချိန်ဖြစ်၍ ကမ်းပါးအောက်ထိအောင် ဆင်းချရသည်။

သူတို့နှစ်ယောက်သည် ငြမ်းစင်ကြီးပေါ်တွင် ထိုင်၍ စကားပြောနေကြ ခြင်း ဖြစ်၏။

'တခြားအလုပ်လေး ဘာလေးကော'

www.burmeseclassic.com


'အဲဒီမှာ ဘာရှိမလဲကွာ၊ ကျောက်မီးသွေးမိုင်းဆိုတော့ လူဦးရေကလဲ နည်းနည်းလေး၊ အလုပ်သမားရယ်၊ မိုင်းအုပ်ချုပ်တဲ့ တာဝန်ခံတွေရယ်၊ အိပ်ဆောင်တွေရယ် ဒါပဲရှိတာပေါ့။ မိုင်းမှာအလုပ်ရရင်ရ မရရင် တခြား ဘာမှ လုပ်စရာ မရှိဘူး။ အဲ ကလေးမြို့နဲ့ ကလေးဝလမ်း ဒါမှမဟုတ် တမူး– ကလေးမြို့လမ်းမှာတော့ ကားဒရိုင်ဘာ ရနိုင်ရဲ့။ ဒါပေမယ့် ဒါကလဲ မိုးတွင်းကြီး ဆိုတော့ ကားအသွားအလာ သိပ်မရှိဘူး'

ကိုဖေခင်က သူ့ထက် ဆယ်နှစ်လောက် ကြီးမည်။ အရပ်ရှည်ရှည်၊ ပိန်ပိန် ဆံပင်ပါးပါး သူ့နှာခေါင်းက ငှက်နှုတ်သီးလို ခပ်ကောက်ကောက်၊ အပေါင်းအသင်းကို ခင်တတ်သည်။ သဘောကောင်းသည်။ ကိုးတန်းအောင်ပြီး အင်းစိန် ဂျီတီအိုင် တက်ခဲ့ဖူးသည်။ သို့ရာတွင် ဘာမျှ မအောင်၊ ကျောင်းထွက်ပြီးတော့ အလုပ်မျိုးစုံ လုပ်ခဲ့ဖူးသည်။ စာအုပ်ရောင်းခဲ့ဖူးသည်။ လက်ဖက်ရည်ရောင်းခဲ့ဖူးသည်။ ရန်ကုန်လဟာပြင်ဈေးတွင် ဓာတ်ဘော်လီ ရောင်းခဲ့ဖူးသည်။ စက္ကူအိတ်လုပ်ရောင်းခဲ့ဖူးသည်။ ခန္တီးတွင် ထမင်းကြော် ရောင်းခဲ့ဖူးသည်။ ဘာအလုပ်မှ ဟန်မကျသဖြင့် သူ့ဆရာ အင်ဂျင်နီယာတစ်ယောက်အဆက်ဖြင့် သစ်ချောက်မိုင်းသို့ ရောက်လာကာ အလုပ်လုပ်နေခြင်း ဖြစ်သည်။

ယခုလောလောဆယ်တော့ အရေးမကြီး၊ ကိုဖေခင်တို့ဆီတွင် နေ၍ရသည်။ ကိုဖေခင်နှင့် ကိုလှချိုတို့က သစ်ချောက်မိုင်း အလုပ်သမား တန်းလျားတွင် အခန်းတစ်ခန်းရသည်။ သူတို့နှစ်ယောက်စလုံး လူလွတ်တွေချည်းဖြစ်၍ သူတို့နှစ်ယောက် အလုပ်သွားချိန်တွင် သူက ထမင်းချက်သည်။ အိမ်ဗာဟီရ ကိစ္စတွေကို လုပ်ထားသည်။ လောလောဆယ်တော့ ဘာမျှ အားနာစရာမရှိ။ သို့ရာတွင် သူတို့က ဘယ်မျှသဘောကောင်းသည့်တိုင် ရေရှည် သည်အတိုင်း နေ၍မသင့်။ သူကလည်း မနေချင်။

'တမူးဘက်မှာကော အလုပ်ကလေး ဘာလေး မရှိဘူးလား'

ကိုဖေခင်က မေးသည်။ ကိုမြင့်က ခေါင်းကို ဖြည်းလေးစွာ ရမ်းသည်။

'မလွယ်ပါဘူးဗျာ၊ မောင်ခိုအထမ်းလိုက်ရင်တော့ ဖြစ်ပါရဲ့ ဟိုဘက်မှာ တစ်ဘက်က ဂျစ်ကားတွေကို ခိုးသွင်းနေတယ်၊ ကားအင်ဂျင်တို့၊ ဘီးတို့၊ ဘော်ဒီပစ္စည်းတို့ကို တစ်စစီ ဖြုတ်ပြီး သယ်လာတာလဲရှိတယ်၊ ကားတစ်စီးလုံးကို မ, လာတာလဲရှိတယ်၊ ဘိုင်စကယ်အငှားနင်းပြီး ပို့ပေးရတာလဲရှိတယ်၊ ဒါပေမယ့် ခက်သားပဲ ကိုဖေခင် ကျွန်တော် ဒီလို မလွတ်မကင်းတွေ မလုပ်ချင်ဘူး၊ ကျွန်တော့်အကြောင်းလဲ ခင်ဗျားလဲ သိသားပဲ'

www.burmeseclassic.com



'ဒါတော့ကွာ သူ့ခေတ်နဲ့သူကိုး၊ တခြား လုပ်ကိုင်စားစရာ မရှိတော့ ဘယ့်နှယ်လုပ်မလဲ၊ အုမတောင့်မှ သီလစောင့်သတဲ့'

ကိုဖေခင်က လေသံပျော့ပျော့ကလေးဖြင့် ပြောသည်။

ခက်ပါတကား။ လူတွေနှင့် တွေ့လိုက်လျှင် သည်စကားမျိုးတွေချည်း ပြောနေကြပါတကား။ အလွယ်လမ်းကို လိုက်လွန်းကြပါတကား။ အလုပ်ရှားသည်၊ စားဝတ်နေရေး ကျပ်တည်းသည်ဟု ပြောပြီး လွယ်လွယ်အလုပ်ဖြစ်သည့် မှောင်ခိုအရောင်းအဝယ်ကိုချည်း လုပ်နေကြလျှင် ခက်ကုန်ကြတော့မည်။

ကိုမြင့်က မသက်မသာ ပြုံးသည်။

ငယ်ငယ်က အိုးပုတ်တမ်း ကစားကြသည်ကို သတိရနေသည်။ ကလေးငါးယောက် အိုးပုတ်တမ်း ကစားကြလျှင် အားလုံး ဈေးသည်လုပ်ကြသည်။ တစ်ယောက်က ထမင်းရောင်း၍ တစ်ယောက်က မုန့်ဟင်းခါးရောင်း၊ တစ်ယောက်က အင်္ကျီရောင်း၊ တစ်ယောက်က ခေါက်ဆွဲရောင်း အားလုံး ဈေးသည်တွေချည်း ဖြစ်နေကြသည်ကို ကိုမြင့် အမှတ်ရသည်။

ထို့ကြောင့် ကိုမြင့် ပြုံးမိခြင်းဖြစ်သည်။

'ဒီအလုပ်မျိုး လုပ်ချင်ရင်တော့ လွယ်ပါတယ် ကိုဖေခင်၊ ဒီဘက်ထိတောင် လာစရာ မလိုပါဘူး၊ ဘယ်မှာဖြစ်ဖြစ် လုပ်လို့ရသားပဲ၊ ဒါပေမယ့်'

'ဘာလဲ အကျင့်စာရိတ္တထိခိုက်တယ်လို့ မင်းပြောမလို့လား'

ကိုမြင့်က ဘာမျှမဖြေဘဲ ဆေးပြင်းလိပ်ကို ဖွာသည်။

'ဒီမှာ ကိုမြင့် ခေတ်ကြီးပြောင်းသလို တန်ဖိုးတွေလဲ ပြောင်းနေတယ်ကွ၊ လူတွေရဲ့အမြင်လဲ ပြောင်းနေတယ်ဆိုကြပါစို့။ ဒီခေတ်မှာ အရောင်းအဝယ်လုပ်တဲ့လူဟာ မှောင်ခိုချည်းပဲ၊ အရောင်းအဝယ်လုပ်ပြီး မှောင်ခိုမလုပ်တဲ့ လူတစ်ယောက်ကို ငါ့ပြစမ်းပါ၊ ငါကြည့်ချင်လွန်းလို့၊ အရောင်းအဝယ် မလုပ်တဲ့လူကော မှောင်မခိုဘူးလား မှောင်ခိုတာပဲကွ၊ အိမ်မှာ ပစ္စည်းမလိုပေမယ်လဲ ခွဲတမ်းကျရင် သွားထုတ်ပြီး ကိုယ်သုံးသလားဆိုတော့ မသုံးဘူး၊ အပြင်မှာ ပြန်ရောင်းစား၊ ဒါဟာလဲ မှောင်ခိုတာ တစ်မျိုးပဲ မဟုတ်ဘူးလား၊ မှောင်ခိုတယ်ဆိုတာ အကျင့်စာရိတ္တ ထိခိုက်တယ်လို့ ဘယ်သူက ပြောသလဲ၊ ခေတ်မီသူတိုင်း မှောင်ခိုလုပ်နေကြတယ်ကွ'

လာပြန်ပြီ သည်စကား။

'လူတွေ အမြင်ပြောင်းပေမယ့် အကောင်းပြောင်းတာလား၊ အဆိုးပြောင်းတာလား ဆိုတာကိုတော့ ခွဲကြည့်ရမှာပေါ့၊ မှောင်ခိုတာ၊ ဘိန်းဖြူရှူတာ

www.burmeseclassic.com


ကို အကောင်းပြောတယ် ထင်ရင်တော့ ခင်ဗျားပါ မှားနေပြီ။ အကောင်းကို ပြောင်းရင်တော့ ကျွန်တော် လက်ခံပါတယ်၊ လိုက်ဖို့လဲ လွယ်ပါတယ်၊ အဆိုး ပြောင်းတာကိုတော့ ကျွန်တော် လက်မခံနိုင်ဘူး၊ အများ မိုးခါးရေသောက်တိုင်း ကျွန်တော် မသောက်နိုင်ဘူး'

ကိုမြင့်က ပြတ်ပြတ်သားသား ပြောသည်။

'မင်း တော်တော် စိတ်ကူးယဉ်တဲ့ကောင်'

'ယဉ်တယ်လို့ပဲ ပြောပြော၊ ရိုင်းတယ်လို့ပဲဆိုဆို၊ ခင်ဗျား ကြိုက်ရာ နာမည်ပေးနိုင်တယ် ကိုဖေခင်၊ အများမိုးခါးရေသောက်တိုင်း သောက်ရမှာလား၊ အများ မိုးခါးရေ သောက်လို့ ကိုယ်လဲသောက်ရတယ်ဆိုတဲ့လူဟာ သတ္တိကြောင် သူရင်လဲ ဖြစ်ရမယ်၊ ဒါမှမဟုတ် သူများကို ပုံချပြီး ကိုယ့်အပြစ်ကို ဖော့တွက် ချင်တဲ့ လူရင်လဲ ဖြစ်ရမယ်၊ ကျွန်တော်တို့ တိုင်းပြည်မှာ ဒီလောက် အလုပ်မရှား ပါဘူး၊ ကြိုးကြိုးကုတ်ကုတ် လုပ်ရင် ထမင်းတစ်နပ်တော့ စားရပါတယ်။ 'ထင်းခုတ်တောင်မှ ထမင်းတစ်လုတ်တော့ စားရမှာ မလွဲ' ဆိုတဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ စာလို ထင်းခုတ်စားတောင် ထမင်းတစ်လုတ်တော့ စားရပါတယ်၊ လျှာမြက်ပေါက်တယ်ရယ်လို့ မရှိပါဘူး။ ဒါပေမယ့် ခက်တာက လူတွေဟာ အပင်ပန်း မခံချင်ဘူး၊ အဆင်းရဲမခံချင်ဘူး၊ အရှည်ကို မကြည့်ဘူး၊ အလွယ်လမ်းလိုက်ပြီး တစ်နပ်စားပဲ ကြံချင်ကြတယ်၊ ကျွန်တော် ဒီလို မလုပ် နိုင်ဘူး၊ မလုပ်ချင်ဘူး'

'ကဲ ဒါဖြင့် မင်း မိုင်းမှာ အလုပ်မရရင် ဘာလုပ်မလဲ'

ကိုဖေခင်က ကောက်ကာငင်ကာ မေးသည်။

'ကျွန်တော် ဆန်အိတ်ထမ်းခဲ့ဖူးပြီ ကိုဖေခင်၊ အင်မတန် လေးတဲ့ ကျောက်စိမ်းတုံးကြီးတွေကိုလဲ ထမ်းခဲ့ဖူးပြီ၊ လယ်လဲ လုပ်ခဲ့ဖူးပြီ၊ စပယ်ယာ၊ ဒရိုင်ဘာလဲ လုပ်ခဲ့ဖူးပြီ၊ ကောင်းရောင်း ကောင်းဝယ် အလုပ်ဆိုရင် ဘယ်အလုပ် မျိုးဖြစ်ဖြစ် ကျွန်တော် လုပ်မယ်၊ ပင်ပန်းတာ၊ ဆင်းရဲတာ အကြောင်း မဟုတ်ပါ ဘူး၊ ကျွန်တော့်မှာ ထောက်ပံ့စရာ မလိုဘူး၊ ချမ်းသာဖို့လဲ မလိုဘူး၊ မော်တော် ကားစီးဖို့လဲ မလိုဘူး၊ ထမင်းတစ်လုတ် မှန်မှန်စားနေရရင် တော်ပြီ၊ ထမင်း တစ်လုတ် မှန်မှန်စားရရင် စင်ကြယ်သန့်ရှင်းတဲ့ ဘယ်အလုပ်မျိုးမဆို ကျွန်တော် လုပ်မယ်'

'စင်ကြယ်သန့်ရှင်းတဲ့ အလုပ်၊ စင်ကြယ်သန့်ရှင်းတဲ့အလုပ်'

ကိုဖေခင်က ဆီမန်းမန်းသလို တတွတ်တွတ် ရွတ်သည်။

www.burmeseclassic.com



ကျောက်အုံ ချောင်းကမ်းပါးထိပ်ဆီမှ ဥသြတွန်သံ တနွဲ့နွဲ့ ပေါ်နေသည်။ ကျောက်အုံချောင်းက ကျောက်ကမ်းပါးဖြူဖြူများသည် နေခြည်တွင် ရွှေရည်လဲ့လဲ့ပြေးနေကြသည်။

'စင်ကြယ်သန့်ရှင်းတဲ့ အလုပ်ဆိုတာ ဘာလဲကွ၊ မကောင်းနစ်အလုပ်လား'

ကိုဖေခင်က သူ့ကိုလှောင်သည်။ ကိုဖေခင်က စင်ကြယ်သန့်ရှင်းတဲ့ အလုပ်ဆိုသည့် စကားကို လက်ခံချင်ပုံမရ။ ကိုယ်တိုင် မငတ်ဖူးသူတို့ တီထွင်ထားသည့် စကားလုံးတစ်လုံးဟု ထင်သည်။ သို့ရာတွင် ကိုမြင့်ကမူ ထိုစကားလုံးကို လေးနက်သည်။ ထိုစကားလုံးကို လေးလေးနက်နက် သုံးခြင်းဖြစ်သည်။

'ဟုတ်တယ်၊ ဒီအလုပ်မျိုးက ဒိပြင် အလုပ်တွေနဲ့ စာရင် သန့်ရှင်းတယ်၊ အပြင်ပန်းကတော့ ဆီချေးတွေ၊ စက်ဆီတွေ ပေကျံပြီး ညစ်ပတ်ပေမယ့် သူ့အလုပ်က သန့်ရှင်းတယ်၊ သူ့ခွန်အားနဲ့လုပ်တယ်၊ သူ့ကျွမ်းကျင်မှုနဲ့လုပ်တယ်၊ ဘယ်သူ့ကိုမှ ခေါင်းပုံမဖြတ်ဘူး၊ ပြည်သူ့ပစ္စည်းကို မခိုးဘူး၊ မဝှက်ဘူး၊ မလိမ်ဘူး၊ သူ့ကျွမ်းကျင်မှုနဲ့လုပ်ပြီး သူ့လုပ်ခကို သူယူတယ်၊ ခင်ဗျားတို့ မိုင်းက ကျောက်မီးသွေးတူးတဲ့ အလုပ်သမားတွေလိုပေါ့၊ လူတွေကြည့်တော့ စုတ်ပြတ်နံစော်လို့၊ တစ်ကိုယ်လုံး ကျောက်မီးသွေးမှုန့်တွေ မည်းလို့ တစ်ကိုယ်လုံး ညစ်ပတ်နေတာပဲ။ ဒါပေမယ့် သူတို့အလုပ်က သန့်ရှင်းတယ်လို့ ကျွန်တော် ထင်တယ်၊ ထင်တယ် မဟုတ်ပါဘူးလေ၊ ယုံတယ်။ ဒါကြောင့် ခင်ဗျားတို့ဆီ ကျွန်တော်လာတာပေါ့။ အလွယ်လမ်းလိုက်ရင် ဒီကို ကျွန်တော် မလာပါဘူး၊ လောကကြီးမှာ ဖြတ်လမ်းတွေ ပေါပါတယ်။ သွားဖို့လဲ လွယ်ပါတယ်၊ လမ်းရိုး လမ်းမှန်ကသာ သွားဖို့ ခက်တာပါ၊ လမ်းကွေ့ လမ်းကောက်တွေကလဲ ပေါပါတယ်၊ လမ်းဖြောင့်သာ ရှားတာပါ'

ကိုမြင့်က ဆေးပြင်းလိပ်တိုကို မီးညှိဖွာသည်။

'ခန္တီးဘက်ကို သွားပြီး ကျောက်စိမ်းတူးရင်ကော'

'တစ်ခေါက်တည်းနဲ့ ကျွန်တော် စိတ်ကုန်သွားပြီ ကိုဖေခင်၊ ဥပဒေကို ချိုးဖောက်ရတဲ့ အလုပ်မျိုးကို ကျွန်တော် မလုပ်တော့ဘူးလို့ ပိုင်းဖြတ်ထားတယ်၊ ဒီအလုပ်ဟာ တရားဥပဒေအရပဲကြည့်ကြည့်၊ လူမှုရေးအရပဲကြည့်ကြည့်၊ မသန့်ရှင်းဘူးလို့ ကျွန်တော် ထင်တယ်၊ ဥပဒေအရ တားမြစ်ထားတဲ့ အချက်တွေကို ချိုးဖောက်ပြီး ကျွန်တော်တို့ တူးခဲ့ကြတယ်။ ဒါဟာ ဥပဒေကို ဖောက်ဖျက်တာပဲ။ တရားဥပဒေတွင် မကတော့ဘူး၊ လူမှုရေး ကျင့်ဝတ်ကိုပါ ချိုးဖောက်ရတယ်။

www.burmeseclassic.com


ကျွန်တော်က ချမ်းသာချင်တဲ့လူ မဟုတ်ဘူး၊ ဒီတော့ ဒီလောက်များများစားစား လဲ မလိုပါဘူး။ ထမင်းတစ်လုတ်စားသောက်ရင် တော်ပါပြီ'

'မင်းတို့ ကျောက်စိမ်းတုံးတွေကော ရလာတယ် မဟုတ်လား'

ကိုမြင့်က ရယ်သည်။

'ရပါတယ်၊ ကျောက်စိမ်းပိဿာ တစ်ရာလောက် ရှိမှာပေါ့'

'ရောင်းပြီးပြီလား'

ကိုမြင့်က ခေါင်းရမ်းသည်။

'ရောင်းပြီးပြီလား ဘာလားတော့ မသိဘူး၊ မန္တလေးကို ရောက်သွားပြီ၊ ကျွန်တော်တို့ရတဲ့ ကျောက်စိမ်းတုံးက အညံ့စားတွေတဲ့၊ စီးကရက်စွပ်တံတို့၊ ဆေးလိပ်ပြာခံခွက်တို့ လုပ်တဲ့ ကျောက်စိမ်းမျိုးတဲ့၊ ဒါကြောင့် ဈေးမရှိဘူးတဲ့၊ မန္တလေးမှာတောင် တစ်ပိဿာ တစ်ရာကျော်ကျော်ပဲ ရမယ်တဲ့၊ ရတဲ့ဈေးနဲ့ရောင်းရင် ပိဿာတစ်ရာအတွက် ငွေတစ်သောင်းတောင် ရမှာပေါ့၊ ငွေတစ်သောင်းကို လူဆယ်ယောက် ခွဲယူရမှာ၊ ကျွန်တော်ကတော့ ရတဲ့ဈေးနဲ့ ရောင်းချင်တယ်၊ ဒါပေမယ့် ကျန်တဲ့လူတွေက ဈေးကောင်းကောင်း စောင့်ချင်သတဲ့၊ မရောင်းသေးဘူး၊ ကျွန်တော်ကတော့ မစောင့်နိုင်တော့ဘူး။ ငွေနှစ်ရာပဲ ပေးတော့ဆိုပြီး ငွေနှစ်ရာနဲ့ အပြတ်ရောင်းပစ်ခဲ့တယ်။ အဲဒီကျောက်စိမ်းတုံးတွေကို ကျွန်တော် စိတ်လဲ မဝင်စားတော့ပါဘူး၊ သံယောဇဉ်လဲ ပြတ်ပါပြီ။ လုပ်မိတဲ့အတွက် နောင်တရလဲ ရတယ်။ လောလောဆယ် ခင်ဗျားတို့ဆီက အလုပ်ရရင်တော့ အတိုင်းထက် အလွန်ပဲ'

'ကြိုးစားတော့ ကြည့်ရဦးမှာပေါ့ကွာ၊ တစ်နေ့ အခွင့်ရရင် မင်းကိုလဲ မိုင်းထဲလိုက်ပြဦးမယ်

သူတို့နှစ်ယောက် ကျောက်မီးသွေးချသည့် ဝါးပိုးစင်ကြီးပေါ်မှ ဆင်းခဲ့ကြသည်။

နေလုံးက နွားစွယ်တောင်တန်းထိပ် နောက်သို့ လျှောကျသွားပြီ။ နေရောင်မရှိတော့။ နွေနှောင်း၏ မြူပြာပြာများသာ မြစ်သာမြစ်ပေါ်တွင် ကြီးစိုးနေသည်။ ညအမှောင်ထုသည် မြူပြာပြာထဲသို့ တဖြည်းဖြည်း တိုးဝင်လာနေသည်။

သူတို့နှစ်ယောက်သည် သစ်ချောက် ကျောက်မီးသွေးမိုင်းနယ်မြေထဲသို့ ဝင်လာခဲ့ကြသည်။ ကတ္တရာစေးလမ်းမပေါ်တွင် ရွက်ဝါတို့ဝေ့ဝိုက်ပြေးသွားနေကြသည်။

www.burmeseclassic.com


လမ်းမတစ်လျှောက် ဓာတ်မီးတိုင်များတွင် မီးတွေ လင်းနေပြီ။ ညာဘက် နွားစွယ်တောင် အောက်ခြေတွင် အုပ်ချုပ်ရေးရုံး၊ အပန်းဖြေရိပ်သာ စသည့် အဆောက်အဦးများ ရှိပြီး ဘယ်ဘက်က မြစ်သာမြစ် ကမ်းနဖူးတွင် အလုပ်သမားများနှင့် အမှုထမ်း နေအိမ်များ ရှိသည်။ အိမ်များတွင်လည်း မီးလင်းနေပြီ။

သူတို့နှစ်ယောက်သည် အုပ်ချုပ်ရေးရုံးကို ကျော်လာကာ သွပ်ဆူးကြိုး ကာထားသည့် ဝင်းထဲသို့ ချိုးဝင်လိုက်ကြ၏။

အလုပ်သမား တန်းလျားများမှာ သွပ်မိုးပျဉ်ကာ အိမ်ကလေးများ ဖြစ်သည်။ တစ်အိမ်ထောင်လျှင် တစ်ခန်းရ၏။ တန်းလျားရှေ့ ကွက်လပ်တွင် ကလေးတွေ ကစားနေကြသည်။

'ဗျို့ ကိုဖေခင်တို့ ထမင်းစားလှည့်ဦး'

အလုပ်သမား တန်းလျားအခန်း တစ်ခန်းမှ ထမင်းဝိုင်းက လှမ်းခေါ်သည်။

'သုံးဆောင် သုံးဆောင်၊ ဖိုးလုချို သော့မထားခဲ့ဘူးလား'

အလုပ်သမားကြီးက ထမင်းစားနေရာမှ ထကာ သော့ကို ယူပေးသည်။

()

www.burmeseclassic.com

၁၇

'သည်လိုကျတော့ အေးမက ဘယ်ဆိုးလို့တုန်း'

သူနှင့် အေးမတို့၏ အချစ်သည် ကာလအားဖြင့် ဘာမျှ မကြာလိုက်၊ တစ်ရက်နှစ်ရက်လောက်သာ ကြာလိုက်သည်။ ပြီးတော့ ခွဲခဲ့ကြရသည်။ အကွာအဝေးအားဖြင့်လည်း ဘာမျှ မရှိ။ မဟူရာချောင်းစပ်တွင် အစပျိုးခဲ့သော သူတို့အချစ်သည် နေရဥ္စရာမြစ်ကမ်းရောက်တော့ အဆုံးသတ်ခဲ့ရသည်။

အချိန်နှင့် တိုင်းထွာလျှင် မြန်လွန်းသည်။ အကွာအဝေးဖြင့် တိုင်းလျှင် တိုလွန်းသည်။

သို့ရာတွင် နေရဥ္စရာမြစ်ကမ်း ဘုန်းကြီးကျောင်းတုန်းက အေးမလုပ်ပုံကို သူနားမလည်။ ထိုညက ဆရာတော် ဦးခေမာနှင့် စကားပြောပြီး သူပြန်လာတော့ အေးမနှင့် မချစ်မေ အိပ်နေကြပြီ၊ ထုံးစံအတိုင်း သူတို့နှစ်ယောက် မချစ်မေ အိပ်ရာပေါ်တွင် နှစ်ယောက်သား အိပ်ပြီး သူက အေးမအိပ်ရာပေါ်တွင် အိပ်သည်။ အိပ်ရေးကလည်း ပျက်လှပြီ၊ ပင်ပန်းလည်း ပင်ပန်းလှပြီ။ ထို့ကြောင့် ကိုမြင့် စိတ်ချလက်ချ အိပ်ပစ်လိုက်သည်။

ဘယ်လောက်ကြာကြာ အိပ်သည်မသိ။ မနက်မိုးလင်း၍ ဖွင့်ကြည့်လိုက်တော့ သူ့အနားတွင် အေးမတို့ မရှိကြတော့။ သူတို့အိပ်ရာလိပ်လည်း မရှိ၊ ပစ္စည်းတွေလည်း မရှိတော့။ ခေါင်းအုံးအစွန်အောက်တွင် စာအိတ်တစ်အိတ်ကို တွေ့ရသည်။ စာအိတ်ထဲတွင် ငွေတစ်ရာ ထည့်ထားသည်။

ကိုမြင့်က ကျန်ရစ်ခဲ့သည့် ခရီးသည် တချို့ကို မေးကြည့်သည်။

'ကလေး၀–မုံရွာ ပထမဆုံးကားကို မီအောင်လို့တဲ့၊ မနက်အစောကြီး ထသွားကြတယ်၊ ပစ္စည်းတွေကိုလဲ အထမ်းငှားသွားကြတယ်၊ မောင်ရင်က သူတို့နဲ့အတူတူ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်'

ကိုမြင့်က ရောယောင်၍ ဖြေသည်။

www.burmeseclassic.com



'မုံရွာကျမှ ဆုံမယ်လို့ မိန်းမ ခပ်ကြီးကြီးက မှာသွားတာပဲ'

'ခုချိန်လောက်ဆိုရင် ကလေးဝလောက် ရောက်ရောပေါ့'

'ဘယ်ကမလဲ မောင်ရာ။ ဟိုဘက်ကမ်းရောက်ရောပေါ့၊ ကလေးမြို့က ကားက အစောကြီးထွက်၊ ကလေးဝကျတော့ ဟိုဘက်ကူး၊ ဟိုဘက်ကျတော့ မုံရွာကားတွေ အစောကြီးထွက်တာ၊ တချို့ကားဆိုရင် နေမဝင်ခင် မုံရွာအရောက် မောင်းတာ'

ကိုမြင့် သူတို့ကို နှုတ်ဆက်ပြီး ကားလမ်းမသို့ ထွက်ခဲ့သည်။

အေးမလုပ်ပုံက ယဉ်သည်၊ တမူးတုန်းက မချစ်မေက သူ့ကို အထမ်းငှားခ ပေးခဲ့သည်။ သူ မယူခဲ့၊ စေတနာအလျောက် ကူညီခြင်းဖြစ်သည်ဟု သူက ငြင်းခဲ့သည်။

သို့ရာတွင် ယခုငြင်းမရတော့။ ငွေတစ်ရာနှင့် အိပ်ရာလိပ်ကိုထားပြီး ထွက်သွားကြပြီ။ အေးမလုပ်ပုံကို ကိုမြင့် နားမလည်။ သူက အခကြေးငွေ မယူမည်စိုးသဖြင့် တိတ်တဆိတ် ထွက်သွားခြင်းလော။ သို့မဟုတ် သူ့ကို မြှူဆွယ်အသုံးချပြီးနောက် အသုံးမလိုတော့သည်နှင့် စွန့်ပစ်ထွက်သွားသည်လော။

ဤသည်ကို ကိုမြင့် မဝေခွဲနိုင်။

သစ်ချောက်မိုင်းက ကိုဖေခင်တို့ဆီ ရောက်သည့်တိုင် အေးမလုပ်ပုံများကို သူ နားမလည်။ အေးမသည် သူ့ကို မြှူဆွယ်အသုံးချပြီးနောက် စွန့်ပစ် ထွက်ပြေးသွားသည်ဟုသာ သူ ယူဆထားလိုက်သည်။ မဖြစ်စလောက် အမြတ်ကလေးရဖို့ အချစ်နှင့်ရက်ရက်ရောရောကြီး အလဲအလှယ်လုပ်နိုင်သည့် အေးမကို သူ အံ့သြသည်၊ စိတ်နာသည်၊ စက်ဆုပ်သည်။ မောင်ခိုမလေး ပီသပါပေ့၊ ဖျံကျပါပေ့။

သည်နေ့ ကိုဖေခင် ညအလှည့်ကျပြီး ဖိုးလှချို နေ့လှည့်ကျသည့် နေ့ရက်ဖြစ်သည်။

ညစာကို နံနက်က ကျန်သည့် ဟင်းတစ်ခွက်ဖြင့် စားပြီးနောက် နှစ်ယောက်သား ဆေးလိပ်ကိုယ်စီနှင့် မှိန်းကြသည်။ သစ်ချောက်မိုင်းတွင် ညကျလျှင် လည်စရာ ပတ်စရာ မရှိ။ အခန်းနားနီးထံ သွားလျှင်သွား၊ မသွားလျှင် လေးကွက်ကျားရွှေ့၊ တယောထိုး၊ စာဖတ်၊ သည်အလုပ်လောက်သာ ရှိသည်။

ဖိုးလှချိုက မျက်လုံးမျက်ဖန် ကောင်းကောင်း၊ အသားညိုညို၊ အရပ်ပုပု။ ပုရသည့်အထဲတွင် သူ့ခန္ဓာကိုယ်က ဖိုင့်နေသဖြင့် ပို၍ အိုင့်နေသည်။ အသားညိုသလောက် သွားတွေက ဖွေးနေသည်။ အသားညိုသူ၏ သွားများသည်

www.burmeseclassic.com



ပို၍ လှတတ်သည်လော၊ သို့မဟုတ် ညိုသော အသားရောင်ကြောင့် သွားများက ပို၍ ဖွေးလက်နေသည်ဟု ထင်ရခြင်းလော။ မည်သည်ကြောင့်မှန်းတော့ မသိ။ ဖိုးလှချို၏ သွားများ ထူးထူးခြားခြား ဖြူဖွေးသည်မှာတော့ အမှန်ဖြစ်သည်။

လူပုစိတ်တိုဆိုသည့် စကားသည် ဖိုးလှချိုနှင့်ကျတော့ မှားနေသည်။ လူက ပုသလောက် စိတ်ကရှည်သည်။ သူစိတ်ဆိုးသည်ကို တစ်ခါမှ မမြင်စဖူး။ စိတ်ညစ်စရာကို တွေ့သည့်အခါမှာပင်လျှင် သူ့မျက်နှာက ညှိုးငယ်ခြင်းမရှိ။ ပျော်ပျော်နေတတ်၍ ဖြစ်သမျှကို အကောင်းမြင်တတ်သူ ဖြစ်သည်။

သူက အရင်တုန်းက ရန်ကုန်က ဂိုဒေါင်တစ်ခုတွင် ညစောင့်လုပ်ခဲ့ဖူးသည်။ ကိုယ်မခိုးရဘဲ ပစ္စည်းတွေ အပျောက်ရှများတော့ ဆိုင်ရာက စစ်လားဆေးလား လုပ်သည်။ ဆိုင်ရာလူကြီးတွေက သူ့ရိုးသားမှုကိုသိသဖြင့်သာ ထောင်ထဲ မဝင်ခဲ့ရခြင်း ဖြစ်သည်။ သည်တော့ တာဝန်ကြီးသည့် အလုပ်ကို ဖိုးလှချို မလုပ်ချင်။ ထို့ကြောင့် ညစောင့်က ထွက်ပြီး ကိုဖေခင်နှင့်အတူ သစ်ချောက်မိုင်းသို့ လိုက်လာခဲ့ခြင်း ဖြစ်သည်။ ကံအားလျော်စွာ သစ်ချောက်မိုင်းသို့ ရောက်၍ မကြာမီ အလုပ်ရသည်။ ယခုတော့ သစ်ချောက်မိုင်းတွင် ပျော်နေပြီ။

ဖိုးလှချိုက နံရံတွင် ချိတ်ထားသည့် သူ့တယောပြားအိုလေးကို ဖြုတ်၍ ကြိုးညှိသည်။

ကိုမြင့်က သစ်သားကြမ်းပြင်တွင် ခင်းထားသည့် ဖျာပေါ်တွင် အိပ်ရာလိပ်ကို ကျောမှီ၍ ထိုင်ရင်း ဝတ္ထုတစ်ပုဒ်ကို ဖတ်နေသည်။

အခန်းထဲတွင် မီးရောင်က မှိန်မှိန်လင်းနေသည်။ သူတို့အခန်းထဲတွင် ပစ္စည်းများများစားစား မရှိ။ အိပ်ရာလိပ် သုံးလိပ်၊ သံသေတ္တာဟောင်းတစ်လုံး၊ လက်ဆွဲအိတ် နှစ်လုံး သုံးလုံးလောက်သာ ရှိသည်။ ခြေရင်းက ထင်းရှူးသေတ္တာ တစ်လုံးပေါ်တွင် ထမင်းပန်းကန်များကို မှောက်တင်ထားသည်။ အနီးတွင် ရေအိုးတစ်လုံး။

ခေါင်းရင်းဘက်တွင် ပြတင်းပေါက် တစ်ပေါက်ရှိပြီး သည်ပြတင်းပေါက်ကို သုံးယောက် ခေါင်းဆိုက်အိပ်ကြသည်။ ခြင်ထောင်များက ခေါင်းရင်းတွင် လိပ်တင်ထားသည်။ ခြေရင်းဘက်တွင် ချိတ်ထားသည့် ပြက္ခဒိန်က လေတိုက်တိုင်း တဖျတ်ဖျတ်လန်နေသည်။

အပြင်ဘက်တွင် လရောင်ကြောင့် ညသည် ဝင်းလက်နေသည်။

'ဦးလေး ကိုမြင့်ဖို့တဲ့ဗျ၊ နေ့လယ်က စာပို့သမားက ပေးသွားတယ်'

www.burmeseclassic.com


အခန်းနီးချင်း ကလေးတစ်ယောက်က စာတစ်စောင်လာပေးသွားသည်။ လက်ရေးက မိန်းမလက်ရေး၊ စာတိုက်တံဆိပ်က မုံရွာ။ ကေန္တ အေးမထံက စာ ဖြစ်ရမည်။

သည်လိုကျတော့လည်း အေးမက ဘယ်ဆိုးလို့တုန်း၊ စာတွေ ဘာတွေ ထည့်ဖော်ရပေသေးသားပဲ။

ကိုမြင့် စာကို ဖောက်ဖတ်သည်။

'ဘယ်ကစာလဲ၊ အိမ်ကလား'

ဖိုးလှချိုက တယောကို စမ်းရင်းမေးသည်။

'မဟုတ်ပါဘူး၊ မုံရွာကပါ'

'လက်ရေးကတော့ မိန်းမလက်ရေးပဲ'

ဖိုးလှချိုက တယောစမ်းရင်း စာအိတ်ပေါ်က လက်ရေးကိုလှမ်းကြည့်သည်။

**XXX** မိုးကလေးညိုညို လွမ်းစိတ်ပိုချင် **X** ညနေဆီနေရီရင်လဲ တမ်းတကာပဲရှင် **X** သော်တာလမင်း ပပဝင်းသာဆဲတာပဲ စိတ်စွဲလို့ပင် **X** ချစ်သူမျက်နှာကလေးကို တမြင်မြင် **X** စားစား သွားသွား နေနေ မောင့်အမှုပွေသူပါရှင် **X** မြင်တော်မူဦး မောင့်ရဲ့ မေ့တတ်လွန်းချင် **X** အလွမ်းစာ ရေးလိုက်ရပါတယ်ရှင် **X** မိန်းကလေး လက်ရေးမြင်ရင် ခွင့်လွှတ်စေချင် **XXX**

ဖိုးလှချိုက မေရှင်၏ 'ပျို့မှာတမ်း'ထဲက အပိုဒ်ကို တယောထိုးသည်။ ပါးစပ်ကလည်း တိုးတိုးညည်းသည်။ ထပ်ခါတလဲလဲ ညည်းသည်။

**X** မိန်းကလေး လက်ရေးမြင်ရင် ခွင့်လွှတ်စေချင် **XX** မိန်းကလေး လက်ရေးမြင်ရင် ခွင့်လွှတ်စေချင် **XX**

ကိုမြင့်က သူ့သီချင်းကို စိတ်မဝင်စားနိုင်၊ စာကို ဖောက်ဖတ်သည်။

**အစ်ကို**

နေရဉ္ဇရာမြစ်ဘုန်းကြီးကျောင်းတုန်းက နှုတ်မဆက်ဘဲ ရုတ်တရက် ထွက်သွားတဲ့အတွက် အစ်ကို့ကို ဒီစာနဲ့ အေးမ တောင်းပန်လိုက်ပါတယ်။ အစ်ကို စိတ်မကောင်းဖြစ်မယ်ဆိုတာ အေးမ သိပါတယ် အစ်ကို၊ ဒါပေမယ့် အကြောင်းကြောင်းကြောင့် ဒီလို ထွက်သွားတာဟာ အကောင်းဆုံးပဲလို့ အေးမ ယူဆတဲ့အတွက် ခုလို ရုတ်တရက် ထွက်သွားရခြင်းပါ။

www.burmeseclassic.com


အေးမတို့ ခရီးလည်း တစ်လမ်းလုံး အဆင်ပြေပါတယ်။ အိပ်ရာလိပ်နဲ့ ငွေတစ်ရာထားပစ်ခဲ့တာကတော့ အခကြေးငွေသဘော မဟုတ်ဘူးဆိုတာ အစ်ကို နားလည်သဘောပေါက်စေချင်ပါတယ်၊ အစ်ကိုဟာ အေးမလို အလုပ်မျိုးကို မလုပ်ဘဲ အေးမတို့ကို ကူညီတဲ့ သဘောနဲ့ လိုက်လာတယ်ဆိုတာ အေးမလဲ နားလည်ပါတယ်၊ အစ်ကို့ကို အေးမ အလွန်ကျေးဇူးတင်ပါတယ်။

အိပ်ရာလိပ်ထားခဲ့တာက အစ်ကိုမှာ အိပ်စရာမရှိတဲ့ အတွက် အေးမ ထားပစ်ခဲ့တာပါ၊ ငွေတစ်ရာကတော့ မမချစ်မေက ထားခဲ့ထားတာပါ၊ အခကြေးငွေသဘော မဟုတ်ပါ။ လောလောဆယ် အစ်ကို့မှာ လိုကောင်းလိုမယ်ထင်လို့ ထားခဲ့တာပါ၊ ပြောင်ပေးရင် လက်ခံမှာမဟုတ်လို့ ထားခဲ့တာပါ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့။

ဘဝမှာ အလင်းရောင်ရှိတယ်လို့ အစ်ကိုပြောခဲ့ပေမယ့် အေးမမှာတော့ အလင်းရောင် မရှိတော့ပါဘူး အစ်ကို။

လွန်ခဲ့တဲ့ လထဲက တမူးကို တစ်ခေါက်ရောက်ပါသေးတယ်။ တခြား အဖော်တွေနဲ့ လာတာပါ။ သစ်ချောက်မိုင်း လမ်းခွဲ ရောက်တော့ အစ်ကို့ကို အမှတ်ရပါတယ်။ ဒါပေမယ့် မတွေ့တာဟာ အကောင်းဆုံးပဲလို့ ယူဆတဲ့အတွက် ဆင်းမတွေ့တော့ပါဘူး။ အစ်ကိုနဲ့ အေးမတို့ရဲ့ အချစ်ဟာ ကံမကောင်းဘူးလို့ အေးမထင်ပါတယ်။ အေးမနဲ့ အစ်ကိုရှေ့ရေးကို စဉ်းစားတော့ အမှောင်တွေ ဖုံးနေတယ်။ ဒါကြောင့် အေးမ အစ်ကို့ကို အသိမပေးဘဲ ထွက်ပြေးခဲ့တာပါ၊ ဟုတ်ပါတယ်၊ အေးမ အစ်ကို့ဆီက ထွက်ပြေးခဲ့တာပါ။

ဘာကြောင့်ထွက်ပြေးသလဲဆိုတာကိုတော့ အေးမ မပြောပါရစေနဲ့။ ဒီစာဟာ အေးမရဲ့ နောက်ဆုံးစာ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ အေးမကိုလဲ အစ်ကို နောက်ထပ် တွေ့ချင်မှ တွေ့ရမှာပါ၊ ဒီတစ်ခါဟာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ် တွေ့ခြင်းပဲလို့ သဘောထားလိုက်ပါတော့။ အစ်ကို့ဘက်ကလဲ တွေ့ဖို့ မကြိုးစားပါနဲ့တော့။

အစ်ကို့ဘဝ ဖြောင့်ဖြူးပါစေ၊ အလင်းရောင် ရပါစေလို့ အေးမ ဆုတောင်းပါတယ်။

'အမှောင်ထဲမှာ လျှောက်နေတဲ့ လျှောက်နေဦးမယ့်'

**အေးမ။**

www.burmeseclassic.com


အေးမ အစ်ကို့ဆီက ထွက်ပြေးခဲ့တာပါ။ ထွက်ပြေးခဲ့တာပါ။ အမှောင်ထဲမှာ လျှောက်နေတဲ့၊ လျှောက်နေဦးမယ့် အေးမ။ လျှောက်နေဦးမယ့် အေးမ။

အေးမက မာယာများသည်။ လည်သည်။ လိမ်သည်။ ညာသည်။ ရက်စက်သည်။ နှလုံးသားကင်းခဲ့သည်။ ကောက်ကျစ်သည်။ စဉ်းလဲသည်။ အပေါစားဆန်သည်။

စိတ်ချည်ပေါက်ပေါက်ဖြင့် မကောင်းသည့် နာမည်ဟူသမျှကို အေးမအပေါ် စုပုံချသည်။ စာပေးဖော်ရသဖြင့် ချီးမွမ်းမည်ကြံကာရှိသေး။ သူ့စာဖတ်လိုက်တော့ ချီးမွမ်းချင်စိတ်ကလေးတွေ ပျောက်သွားသည်။

သူနှင့် တွေ့ဖို့ မကြိုးစားနှင့်ဟု အေးမစာတွင် ပါသည်။ ကိုမြင့်ကတော့ တွေ့ချင်သေးသည်။ တွေ့ရအောင် ကြိုးစားချင်သေးသည်။ အလွမ်းသယ်လို၍ မဟုတ်၊ သူတို့အချစ်ကို ပြန်သစ်လို၍ မဟုတ်။

အေးမကို ပက်ပက်စက်စက် ပြောလိုသောကြောင့် ဖြစ်သည်။ ကောင်မ။ ဟုတ်သည်။ ကောင်မမျက်နှာကို စေ့စေ့ကြည့်၍ ရင့်ရင့်သီးသီး ပြောချင်သည်။ သည်ကောင်မ သူ့အပေါ် လှည့်စားသွားပုံကို တွေးမိတိုင်း ကိုမြင့် နာကြည်းသည်။

ယခု သူ့စေတနာတွေ အဟောသိကံ ဖြစ်ရပြီ။ သူက လူစွမ်းကောင်းကြီး လုပ်ကာ အေးမကို ရွှေဝင်းတို့ရန်မှ ကာကွယ်ပေးခဲ့သည်။ အေးမကို တမူးရောက်အောင် လိုက်ပို့ပေးခဲ့သည်။ ထိုမျှမက သူတို့အထုပ်တွေကို ထမ်း၍ များတောင် ပေးခဲ့သေးသည်။ ဘယ်လောက်များ နွားကျလိုက်ပါသနည်း။

သည်အချိန်လောက်ဆိုလျှင် အေးမနှင့် မချစ်မေတို့ သူ့နွားကျပုံတွေကို ပြော၍ ရယ်နေကြတော့မည် ထင်သည်။

'ဟေး ဖိုးကိုမြင့်၊ စာဖတ်ပြီး ဘာငိုင်နေတာလဲ၊ ဆိုလေကွာ တစ်ပုဒ်လောက်'

ဖိုးလှချို့က တယောကို စမ်းနေသည်။ ခါတိုင်း ဖိုးလှချို့ တယောတီးလျှင် သူကဆိုမြဲ။ သူ တယောတီးလျှင်လည်း ဖိုးလှချို့က ဆိုမြဲ။ သည်နေ့ညတော့ ကိုမြင့် သီချင်းလည်း မဆိုချင်၊ စည်းနှင့် ဝါးကိုလည်း မကိုင်ချင်။

ဖိုးလှချို့က ပုလဲကြိုးများပေါ်တွင် လိမ့်၍ စမ်းနေရာမှ 'စက်လဲမရှင်' ကို တီးသည်။ ဖိုးလှချို့က လူဆန်းဖြစ်သည်။ လူက ပျော်ပျော်နေတတ်သော်လည်း သူ တီးလိုက်မှဖြင့် အလွမ်းအဆွေး သီချင်းတွေချည်း တီးတတ်သည်။ သူ့ တယောလက်ပေါက်က နှသည်၊ ညက်သည်၊ စိပ်သည်၊ နွဲ့သည်၊ သည်လို

www.burmeseclassic.com



ပြောင်စပ်စပ် မျက်နှာနှင့် သည်လို လက်ချောင်း ပုတိုတိုကလေးတွေရှိသည့် လူမျိုးက သည်လောက်ကောင်းသည့် လက်သံထွက်လာသည်မှာ အံ့သြဖို့တော့ ကောင်းသည်။

ကိုမြင့် မဆိုတော့၊ ဖိုးလှချို သူ့ဖာသာသူ တိုးတိုးဆိုသည်။

**XX** စက်လဲမရှင်၊ ကျမျက်ရေ တွေတွေဆင်း၊ ငွေနှင်းလေသည်သို့သွင် **X** တုံ့ကာဝင့်တင်၊ မယ်မြင်လှဲ့လေး၊ ဆိုငိုမှိုင်မိသေး**XX**

ဖိုးလှချို အဆိုက တယောသံနောက်မှ မေးလိုက်သွားသည်။

မြဝတီမင်းကြီး ဦးစ၏ မယ်ဘွဲ့ပတ်ပျိုးကလေး ဖြစ်ပါ၏။ မယ်ဘွဲ့ဆို တော့ မောင်က မယ့်အကြောင်းကို ဖွဲ့သည့်ဘွဲ့၊ မယ့်ကို လွမ်းကြောင်း ဖွဲ့သည့် ဘွဲ့၊ မယ့်ကိုတမ်းတကြောင်း ဖွဲ့သည့်ဘွဲ့ဟု ဆရာ ဦးစံကောင်းက ပြောဖူးသည်။

မယ့်ကို လွမ်းသည့် အလွမ်းကြောင့် အိပ်၍မပျော်၊ လွမ်းမျက်ရည်တွေ က ငွေနှင်းတွေဝေသည့် အသွင်ရှိသည်ဟု စာက ဆိုသည်။ အတုံ့အလှည့် ပြန်၍ မြင်စမ်းစေချင်ပါသည်ဟု စာက ဆိုသည်။

မြဝတီမင်းကြီးကလည်း လွမ်းနိုင်ပါဘိ၊ ဖိုးလှချိုကလည်း ကြောင်နိုင်ပါ ဘိ။

သို့ရာတွင် သည်ကကောင်ကတော့ မလွမ်း၊ သည်ကောင်မကို နည်း နည်းကလေးမျှ မလွမ်း၊ ရှက်တော့ ရှက်သည်။ သည်ကောင်မမျိုး၏ အလှည့်စား ခံရသည်ဆိုတော့ ပို၍ ရှက်သည်။

ကိုမြင့် ဆေးလိပ်ရှာသယောင်၊ မီးခြစ်ရှာသယောင်ဖြင့် ထိုင်ရာမှ ထသည်။ ထို့နောက် အခန်းပြင်သို့ထွက်သည်။ ဖိုးလှချိုကမူ မျက်ရည်တွေတွေ ဆင်းဆဲ၊ ငွေနှင်းလေ လည်သို့သွင်ဆဲ။

**XX** ရိပ်မေးရယ် ခါခါမျှော်လို့ တော်ရုံပင် မာန်ပျိုးပ၊ ဖိုးရွှေလမင်း**X** ပြာလဲ့မှာ ဇာချဲ့တယ် မုန်းမာန်ဖွဲ့တင်**XX**

သည်တစ်ပိုဒ်တွင်တော့ မြဝတီမင်းကြီးက ဖိုးရွှေလမင်းကြီးကို အပြစ် တင်သည်။ သစ်ရိပ်ပျပျ မှျေးမှျေးတွင် စာဆိုမျှော်ငေးနေစဉ် လမင်းကြီးက ရွှန်း ရွှန်းလဲ့လဲ့ သာနိုင်အားသည်။ သူသာပုံက ညှိုးမာန်တကြီး စိတ်ရှိလက်ရှိ သာနိုင် လွန်းသည်ဟု ဆိုကြောင်း ဆရာ ဦးစံကောင်းက ရှင်းပြဖူးသည်။

ကိုမြင့်က ကောင်းကင်ကို မော့ကြည့်သည်။

အင်း...သည်တစ်ခါတော့ ဟုတ်သည်။ မြစ်သာမြစ်ဝှမ်းပေါ်တွင် လပြည့်ဝန်းက ရွှန်းရွှန်းစားစားကြီး သာနေသည်။ ခါတိုင်း နွေနှောင်းညများတွင်

www.burmeseclassic.com



နွားစွယ်တောင် နောက်ဘက်မှ ဂွမ်းစ၊ ဂွမ်းမျှင်များပမာ လွင့်မျောလာတတ်သည့် တိမ်စ၊ တိမ်မျှင်ကလေးများပင် သည်နေ့ညကျတော့ တစ်မျှင်မျှ မရှိ။ တစ်စမျှ မရှိ၊ ဟုတ်သည်။ လမင်းကြီးက ပြာလဲ့မှာ ဇာချဲ့နေသည်။ ငွေလရောင်ခြည်မျှင်များကို ချစ်သူတို့၏ အမုန်းနှင့်သာ နှိုင်း၍ရလျှင် မုန်းမာန်တွေ တင်းလွှမ်းနေသည်ဟု ဆိုရမည်ထင်သည်။

**XX** သင်းထုံတဲ့ ဘုံငယ်မှာလေ **X** ခင်းကြွဲရနဲ **X** မယ့်ကံသာ **X** သည်မှာမောင့်ကို **X** အလိုလို ဆွေးရပြန်တယ်ကို **X** ပြုံတော့မည့်နှယ် **X** ရွှေရင်အုံ တစ်အုံလုံးကို **X** အုံးဘောင်ခြိမ့်သဲ **XX**

မြဝတီမင်းကြီးက လွမ်းနိုင်သလောက် ဖိုးလှချိုကလည်း ကြောင်နိုင်သည်။ မချိုမချဉ် သူ့မျက်နှာကြီးနှင့် မလိုက်အောင် အသံက ဆွေးလျှံနေသည်။ တယောသံက နွဲ့နေသည်။

သင်းထုံတဲ့ ဘုံတဲ့။ မြဝတီမင်းကြီးက သည်လောကကြီးကို သင်းထုံတဲ့ဘုံဟု ခေါ်သွားသည်။ ပန်းရနံ့တွေ သင်းပျံ့နေသည်ကို ပြောခြင်းလော၊ မေတ္တာရနံ့တွေ သင်းထုံနေသည်ကို ပြောခြင်းလော၊ မေတ္တာရနံ့တွေ သင်းထုံသည့်ဘုံကို ပြောခြင်း ဖြစ်လိမ့်မည်ထင်သည်။ မေတ္တာရနံ့တွေ သင်းထုံသည့် ဘုံလယ်တွင် သူတစ်ယောက်တည်းအတွက် မေတ္တာနံ့ပြယ်နေသည်ဟု မင်းကြီး ဆိုချင်ပုံရသည်။ ဘုံလယ်တစ်ခွင်လုံး မေတ္တာနံ့ သင်းသည့်တိုင် သူ့အနီးတွင် မသင်းသဖြင့် မြဝတီမင်းကြီးက ညည်းရှာသည်။ အဆွေးတွေ၊ အလွမ်းတွေက ပွင့်အန်ထွက်တော့မတတ်၊ ပြိုကျတော့မတတ် ရင်တစ်ခုလုံး ပြည့်နေသည်။

ကိုမြင့်က နားထောင်၍ ပြုံးသည်။

မဆွေး၊ နည်းနည်းကလေးမျှ မဆွေး။ လူ့ဘုံကြီးတစ်ခုလုံးကလည်း မေတ္တာတွေ၊ သစ္စာတွေနှင့် အမြဲတမ်း သင်းထုံနေသည် မဟုတ်။ မေတ္တာ၊ သစ္စာရနံ့ကို မရသူဟူ၍ လောကကြီးတွင် သူတစ်ယောက်တည်းရှိသည် မဟုတ်။ သူ့လိုလူတွေ အများကြီး။ ထို့ကြောင့် သူ့အပေါ်တွင် အေးမက သူ့မေတ္တာကြိုင်ကြိုင်သင်းကို ဖြန့်ကျင်းမပေးသည့်အတွက် သူမဆွေး။ အဲ သည်ကောင်မကိုတော့ နည်းနည်းစိတ်နာသသည်။ သူက စေတနာ ရေစီးကမ်းပြိုလိုက်၍ သဘောရိုးနှင့် ကူညီခဲ့သည်ကို 'နှစ်ဆယ်ရာစု၏ ငကြောင်'ဟု သဘောထားကာ ဖျံကျသွားသည်ကိုတော့ ခံပြင်းသည်။ စိတ်နာသည်။ သူ့ပါးနနုညက်ညက်ကို တစ်ချက်လောက်တော့ ခပ်စပ်စပ်ကလေး ရိုက်ချင်သည်။

www.burmeseclassic.com


**xx** ဘယ်နတ်ကယ်တဲ့ ဆော်စီမံ**x** ဆွေးပူရပြန်**x** မကြံနိုင် ယိမ်းယိုင် ခွေကာနွမ်း**x** နွမ်းလို့လေး**x** ပန်းကြဲတဲ့ ဖဲစက်ရာမှာ**x** သာခွေကာ ယိုင်လို့သာ မှိုင်မိသေး**xx**

ခက်လိုက်ပါဘိ ဖိုးလုချို။ မြဝတီမင်းကြီးက မူးကြီး မတ်ကြီးဖြစ်၍ ပန်းကြဲသည့် စက်ရာပေါ်မှာ ထိုင်နိုင်သည်။ မှိုင်နိုင်သည်။ ငိုင်နိုင်သည်။ ယိုင်နိုင်သည်။ ခွေနိုင်သည်။ သူ့စက်ရာက ပန်းလည်းကြဲမထား၊ အိစက်ခြင်းလည်း မရှိ။ အောက်က သစ်သားခင်းပေါ်တွင် အစတွေ ထိုးထိုးထောင်ထောင် ထွက်နေသည့် ဖျာစုတ်တစ်ချပ် ခင်းထားသည့် စက်ရာ၊ ဘာဆိုင်သနည်း။

**xx** နတ်နှုန်းသူ့ရုပ်သွင်**x** ရှေ့တော်ပြင်နှင့်သာ မြင်မိရေး**x** အေးနိုင်ဖို့ ပါလိုကထဲ၊ လေးရန်ဆင့်ကဲ**x** ကြိတ်ခဲကြံလို့ ကြိုးပါသော်၊ မြနန်းဆောင်ဘုံပေါ်က **x** မိန့်ရွှေတော်ခွန်းကိုလေး**x** ညွှန်းပါသင့်တယ်**xx**

မြဝတီမင်းကြီးက သူ့ချစ်သူ (သို့မဟုတ် သူ စာဖွဲ့ပေးရသည့် မင်းသား၏ ချစ်သူ)ကို နတ်နှုန်းနှင့် သူ့ရုပ်သွင်ဟု ဖွဲ့သွားသည်။ နတ်နှုန်းသူ့ရုပ်သွင်ကို ရှေ့တွင် တရေးရေး မြင်နေသည်။ ချစ်သူကြောင့် မအေးနိုင်ဘဲ ဆင့်ကဲ ပူပန်နေရသည်။ သည်မောင်က ကုတ်ကုတ်ခဲခဲ ကြိုးစားသည့်တိုင် မြနန်းဆောင်ဘုံပေါ်မှာ မင်းသမီးက ခွန်းတုံ့မမြွက်။ ထို့ကြောင့် ခွန်းတုံ့ပြန်ပါဟု မြဝတီမင်းကြီးက တောင်းပန်သည်။

အေးမရုပ်သွင်ကတော့ နတ်နှုန်းသူ့ရုပ်သွင်ဟု မဆိုနိုင်။ အင်း လှတော့ လှသည်။ နဖူးက စကားဝါပွင့်လို ဝင်းဖန့်သည်။ မျက်ဝန်းများက စိန်ပန်းပြာပွင့်များလို ပြာလဲ့မှောင်သည်။ မျက်ခုံးများက ဗိုဂိန်းဗီလာပွင့်လို ညွှတ်ကွေးသည်။ မျက်တောင်များက ပန်းဝတ်မှုံမျှင်များလို ကော့ပျံ့နူးညံ့သည်။ နှုတ်ခမ်းများက ချယ်ရီဖူးပွင့်သည်။ လည်တိုင်က ကြွေပန်းလို သွယ်ရှင်းသည်။

အေးမမျက်နှာပေါ်တွင် ပန်းဥယျာဉ်တစ်ခု ပွင့်ဝေနေသည်နှင့်တူသည်။ နတ်နှုန်းသူ့ရုပ်သွင်တော့ မဟုတ်။ သို့ရာတွင် သည်ကောင်မက ဖျံ့ကျလွှန်းသည်၊ လည်လွန်းသည်။ သူ့ကို အတွေ့နှင့် မှူးခေါ်ကာ သုတို့ပစ္စည်းတွေကို အထမ်းခိုင်းသွားသည်။ ဖိုးလုချိုဆိုသည့် မြဝတီမင်းကြီး ပတ်ပျိုးထဲကလို နတ်နှုန်းသူ့ရုပ်သွင်ကို တရေးရေး မမြင်၊ ခံရလေခြင်းဟု ကိုမြင့် တနုံ့နုံ့ ဖြစ်သည်။

ဖိုးလုချိုက သဖြန်ကို ဆက်ဆိုသည်။

**xx** ပုပ္ပေသာထပ်ခါနှင့်၊ ဗျာပါကြွေသဲ၊ ရွှေရင်ထဲက ခဲမကျေနိုင်၊ လဲသေလုယိုင်**x**

www.burmeseclassic.com



ဗျာပါလည်း မပွေ၊ အသဲလည်း မကြွေပါ၊ လဲသေလုလည်း မဖြစ်ပါ၊ သို့ရာတွင် ရင်ထဲကတော့ အခဲမကျေ။ ဟုတ်သည်။ သည်ကောင်မကို ရင်ထဲက ခဲမကျေ။

**xx** မပိုင်လိုတော့ဘဲ**x** ဘယ်ဝင့်ကယ် လေတုံ့တင်လို့**x** လှကြေးမှျင် စိန်မှုန်နှစ်ကယ်မှာ**x** ဘုန်းချစ်ရန်**xx**

ဖိုးလှချို့က သဖြန်ကို အဆုံးသတ်ကာ တယောသံနွဲ့နွဲ့ကို ဝဲ၍ လိမ့်လာပြီး မှျင်းမှျင်းကလေး အသံချလိုက်သည်။

ရှေးဝင့်ကြွေးကြောင့် သူ့ချစ်သူကို မပိုင်နိုင်ရတော့ပြီ။ အချစ်ကံနည်းသူ ဖြစ်ရပြီဟု မင်းကြီးက ညည်းသည်။ သူ့ချစ်သူကို လှကြေးမှျင်တဲ့။ စိန်သားမှုန်မှုန် ကလေးတွေကို စစ်ယူထားသည့် စိန်မှုန်နှစ်တဲ့။

စိတ်ကူးယဉ်လိုက်ပါသည့် မင်းကြီး။ ကြောင်လိုက်ပါသည့် ဖိုးလှချို့။ သူ့အသားမည်းမည်း၊ သူ့ဆံပင်ကောက်ကောက် သူ့ခန္ဓာကိုယ် ပုအိုင့်အိုင့်၊ သူ့မျက်နှာ ပြောင်ဖြီးဖြီးနှင့် နည်းနည်းမှျမလိုက်သော သီချင်းကို သူမို့ ရွေး၍ ဆိုတတ်သည်။

မိန်းကလေး လက်ရေးကိုမြင်၍ သူ့ကိုလှောင်ချင်သောကြောင့် သည် သီချင်းကို တီးသည်မှန်လျှင်တော့ ဖိုးလှချို့မှားပြီ။ သည်က ကောင်က သည် လောက်လည်း စိတ်ကူးမယဉ်တတ်၊ မယဉ်အား မယဉ်နိုင်။ အေးမဆိုသည့် ကောင်မကလည်း သည်မျှ စာမဖွဲ့လောက်။ သည်ကောင်မကိုလည်း သူမပိုင်နိုင် ချင်။ ရုပ်ကလေးရှိသော်လည်း သည်လောက် အပေါစားဆန်ပြီး သည်လောက် မာယာများသည့် ကောင်မမျိုးကို သဲကြွေလောက်အောင် တန်းတန်းစွဲမဖြစ်။

အဲ ...သည်ကောင်မပါးနုနုကို တစ်ချက်လောက်တော့ ခပ်စပ်စပ် ကလေး ရိုက်ချင်သည်။ ရိုက်ချင်သည်။

လပြည့်ဝန်းက နွားစွယ်တောင်ထိပ်ပေါ်ကို ကျော်လာပြီး ပြာလဲ့မှာ ဇာချဲ့နေသည်။

မြစ်သာမြစ်က လရောင်အောက်မှာ တငြိမ့်ငြိမ့်စီးနေသည်။ မြစ်ကြီးကို မြင်တော့ နေရဉ္စရာမြစ်ကမ်းတွင် ဆရာတော် ဦးခေမာပြောသည့် စကားတစ်ခွန်း ကို ခပ်ဝါးဝါး သတိရသည်။ ဆရာတော်က ဘာပြောခဲ့ပါလိမ့်။ သြော် အင်း သတိရပြီ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို သတ်ရမည်ဟု ဆိုသည်။ ယခု အေးမကို သူနာကြည်းသည်။ တနုံ့နုံ့ ဒေါသထွက်သည်။ သည့်ပြင်

www.burmeseclassic.com



အကုသိုလ်စိတ်တွေကို သတ်ရသည်က လွယ်မလွယ်တော့ မသိ။ ဒေါသကို သတ်ရသည်က မလွယ်။ ပြောသလောက်မလွယ်။

တနုံ့နုံ့ ဖြစ်နေသည်ကို ပြေပျောက်လို့ ပြေပျောက်ငြား မြစ်ကြီးကို ကိုမြင့်ကြည့်သည်။ မြစ်ကြီးကို ကြည့်ပြန်တော့လည်း ဆရာတော် ဦးခေမာ၏ စာသားများကို ကိုမြင့် ပြန်သတိရပြန်သည်။ ဆရာတော်က အနမတဂ္ဂ သံသရာကြီးကို မြစ်ကြီးနှင့် နှိုင်းသည်။ စိတ်မနိုင်သူတို့ကို ဆိပ်မှန်း ကမ်းမှန်း မသိမျောနေသော လှေသူကြီးနှင့် နှိုင်းသည်။ သည် ဆရာတော်သည် သူ့ကို ဘာကြောင့် သည်လောက် လွှမ်းမိုးနေရသနည်း။

ဆရာတော်၏ ဥပဓိရုပ်က ကြည်ညိုလေးမြတ်ဖွယ်ဖြစ်သည်။ အသံက လေးနက်သည်၊ တည်ငြိမ်သည်၊ ဆရာတော်သည် အနည်းဆုံး စိတ်ဝင်စားစရာကောင်းသည့် ပုဂ္ဂိုလ်တစ်ဦးဟု ကိုမြင့် ထင်သည်။

**xx** ပြိုးနွဲ့ အချစ်ဆုံး မျက်နှာမြင်လာ**x** ညသန်းခေါင်ယံလေးထဲမှာ **x** ဝင်းလဲ့ လမင်းအလင်းရောင်ထိန်ကာ၊ မောင့်ကိုသာ တွေးလို့ပါ**x** အဆွေးနဲ့ အိပ်ရေးပျက်တာ အတော်ကြာ**x**

ဖိုးလှချိုက ပုလဲ၏ စတီရီယို တေးတစ်ပုဒ်ကို ဆတ်တောက်တောက် အသံဖြင့် ဆိုသည်။

'လှချို ညိုချော သီချင်းဆိုနေတယ်၊ နားဆင်ပါ'

ဆတ်တောက် ဆတ်တောက်ဆိုရုံသာမက၊ ဘူတာရုံအသံချဲ့စက် အော်သံမျိုးဖြင့် အော်ကာ သူ့အနီးတွင် လာထိုင်သည်။

'ဆိုစမ်း ငါ့ရှင်၊ ဘယ်ကစာလဲ၊ ဘာတွေပါသလဲ'

ဖိုးလှချိုက ကျောင်းဆရာ လေသံမျိုးဖြင့် အသံက တမင်မြှင့်၍ မေးသည်။

'မိန်းကလေး တစ်ယောက်ဆီကပါ'

'ဗိုး ဒါတော့ ကိုရင်ပြောမှ သိမှာလား၊ လက်ရေး မြင်ကတည်းက လှချို ညိုချောက သိပြီးသား'

'သိရင်လဲ ပြီးရောပေါ့'

ဖိုးလှချိုနှင့် စကားကောင်းပြော၍ မရ။ ထို့ကြောင့် ကိုမြင့်ကလည်း ခပ်ပြတ်ပြတ်ပြောသည်။

'မဟုတ်ဘူးလေ၊ သိတယ်ဆိုတာက ဟိုဟာကိုသာ သိတာ၊ ဒီဟာကို မသိဘူး'

www.burmeseclassic.com


'ဘာလဲဗျ၊ ခင်ဗျားဟာက ရှုပ်ကုန်ပြီ'

'ဟိုဟာဆိုတာ မိန်းကလေး လက်ရေးမှန်းသိတာကို ပြောတာ၊ဒီဟာကို မသိဘူးဆိုတာက ဒါကို'

ဖိုးလုချိုက စပ်ဖြီးဖြီး မျက်နှာထားဖြင့် ကိုမြင့်ရင်ဘတ်ကို လက်ဖြင့် ဖိပြသည်။

"ဘာကိုလဲဗျ'

ကိုမြင့်က ရင်ဘတ်ပေါ်တွင် ဖိထားသည့် သူ့လက်ကို ဖယ်သည်။

'အသည်းနှလုံး ခုန်တာကို အသည်းနှလုံးခုန်တာကို။ ကျန်းမာတဲ့ လူကြီးတစ်ယောက်ရဲ့ နှလုံးဟာ တစ်မိနစ်ကို ၇၈ ကြိမ် ခုန်တယ်လို့ ပြောသံကြားဖူးတယ်။ ကိုရင့် အသည်းနှလုံး အကြိမ် ဘယ်လောက်ခုန်သလဲ၊ ပြောစမ်း မှန်မှန်'

'ဘယ်နှစ်ကြိမ် ခုန်သလဲတော့ မသိဘူးဗျာ၊ စာကတော့ ဖုံမကလေး တစ်ယောက်ဆီကပဲ'

'ဘာ ဖုံမလေး၊ ဟုတ်လား'

ဖိုးလုချိုက မျက်လုံးပြူး၍ မေးသည်။

'ဟုတ်တယ် ဖုံမလေး တစ်ယောက်ဆီက'

'မလွယ်ဘူး၊ မလွယ်ဘူး၊ ကိုက်သွားသေးသလား'

ဖိုးလုချိုက ခေါင်းရမ်းသည်။ ကိုမြင့်က သူ့စကားကို သဘောကျ၍ ရယ်သည်။

'အဟင်း၊ ကိုက်သွားတယ် ဆိုပါစို့၊ ကိုက်သွားတယ်ဆိုတာထက် အကိုက်ခံလိုက်တယ် ဆိုပါစို့'

'အံမာလေးဟဲ့၊ ကိုက်သွားရင်လဲ ကိုက်တာပဲ၊ အကိုက်ခံရင်လဲ ကိုက်တာပဲ မဟုတ်ဘူးလား၊ အတူတူပေါ့'

'မတူဘူးဗျ၊ သူက ကိုက်တာ မဟုတ်ဘူး၊ ကျွန်တော်က အကိုက်ခံ လိုက်တာ'

ကိုမြင့်က အေးမနှင့် သူ တွေ့ခဲ့ပုံကို အကျဉ်းချုပ်၍ ပြောပြသည်။ နေရဉ္စရာမြစ်ကမ်းက တောရကျောင်းတွင် သူ့ကို အိပ်ရာတစ်လိပ်၊ ငွေတစ်ရာနှင့် ထားခဲ့ပြီး အေးမ ထွက်ပြေးသွားပုံအထိ ပါသည်။

'ဟေ ဒါဖြင့် ကိုရင် အိပ်နေတာ ဖုံမလေး အိပ်ရာပေါ့ ဟုတ်လား'

ကိုမြင့်က ခေါင်းညိတ်ပြသည်။

www.burmeseclassic.com


'နိပ်ပြီကွ၊ ညကျရင် အိပ်ရာလိပ်ချင်း လဲအိပ်မယ်၊ ကိုယ့်အိပ်ရာပေါ်မောင်ရင် ပြောင်းအိပ်တော့ စောင်တစ်ထည် အလိုက်ပေးလိုက်ဦးမယ်၊ ဟုတ်လား'

ကိုမြင့်က ဖိုးလှချို၏ ဗိုက်ကို လက်သီးဖြင့် ထောက်လိုက်သည်။

'တော်စမ်းပါဗျာ၊ စိတ်အိုက်ရတဲ့အထဲ'

'ဘာ စိတ်အိုက်ရတာလဲကွ၊ သူက ဖျံမလေးဆိုတော့ ကိုယ်က ဖျံထီးကြီး လုပ်လိုက်ပေါ့'

ကိုမြင့်က ပြုံးရုံသာ ပြုံးနိုင်တော့သည်။ ဖိုးလှချိုနှင့် တွေ့လျှင် တော်တော်တန်တန် စကားလည်း အပြောင်အရွှတ် ဖြစ်ကုန်သည်။ တော်တော်တန်တန် စိတ်ညစ်နေသမျှလည်း ပျောက်သွားသည်။

'ဟုတ်တယ်၊ ခင်ဗျားပြောသလို ဖျံထီးကြီး လုပ်လိုက်ရင် ကောင်းမှာ၊ လူတွေဟာ စေတနာနဲ့ ကူညီတာကို စေတနာမှန်း မသိကြဘူး ကိုလှချို၊ စေတနာနဲ့ လုပ်တာကို ကြောင်လို့ ထင်ကြတယ်'

'ဒါကတော့ ကိုရင်က စိတ်ကူးယဉ်တာကိုး'

ဖိုးလှချိုက မီးသေနေသည့် ဆေးလိပ်ကို ဖွာရင်း ပြောသည်။ ဟုတ်သည်၊ သည်တစ်ချက်တော့ ဖိုးလှချိုမှန်သည်။ ခုမှ တွေ့သည့် မိန်းကလေးတစ်ယောက်ကို သူက စေတနာတွေ ရေစီးကမ်းပြိုလိုက်ကာ အခမဲ့ ကူလီထမ်းပေးသည်။ သူတို့ကူးသည့် ကုန်တွေက ဘာမှန်းမသိ ညာမှန်းမသိသဖြင့် သူက အခမဲ့ ထမ်းပေးသည်။

'ဟုတ်တယ် ကိုလှချို၊ ဒီတစ်ချက်တော့ ခင်ဗျားမှန်တယ်၊

'ဘာ ဒီတစ်ချက်တော့ မှန်ရမှာလဲကွ၊ လှချိုညိုချော ပြောရင် အကုန်မှန်တယ်၊ အားလုံးမှန်တယ်၊ မှတ်ထား၊ မင်းက မင်းကိုယ်မင်း ဝတ္ထုထဲက ဇာတ်လိုက်ဟန်မျိုး လုပ်ချင်နေတာကိုး၊ ခုမှတွေ့တဲ့ ကောင်မလေးတစ်ယောက်ကွာ၊ အမျိုးအမည် မသိဘူးကွာ၊ ဘာတွေပါမှန်း၊ အဲလေ ယောင်လို့ ဘာကုန်တွေပါမှန်း မသိဘူးကွာ၊ အဲဒါကို မင်းက လိုက်စောင့်ရှောက်တယ်ကွာ၊ ဒါတင်မကဘူး၊ တစ်ဖက်နိုင်ငံရောက်အောင် လိုက်ပြီး ကူလီထမ်းပေးတယ်ကွာ၊ အပြန်ကျတော့လဲ တနင့်တပိုးကြီးကို ထမ်းလာသေးတယ်ကွာ၊ အံမာ ထမ်းရုံတွင်မကဘူး၊ ပိုက်ဆံတောင် မယူဘူးကွာ၊ ကဲ အဲဒါ မင်းလုပ်ခဲ့တာတွေပဲ၊ အကြောင်းမသိတဲ့ လူဆိုရင် ဒီကောင် နွားပြာကြီး အောက်သွားမရှိသလို ဟဲဟမောဖူးဂျ၊ မောဖူးဂျဆိုတဲ့ အကောင်မျိုးလို့ ထင်တယ်။ အကြောင်းသိတဲ့ ကောင်မလေးကတော့ ငကြောင်တစ်ကောင် တွေ့ပြီဆိုပြီး စိတ်ထဲက ပြုံးမယ်။ ဟော့ကောင်

www.burmeseclassic.com



ဒီမှာ လှချို့သိုချော ပြောမယ်၊ မသေမချင်း မှတ်ထား၊ စိတ်ကူးမယဉ်နဲ့၊ ဝတ္ထုထဲက ဇာတ်လိုက်တွေလို မလုပ်နဲ့၊ ဝတ္ထုထဲက ဇာတ်လိုက်ဆိုတာ ငကြောင်တွေ၊ မောင်မောင်ကြောင်တွေဟု တွံကိုမြင့်ခေါ် ငကြောင်လေးသည် ဂဏှာဟိ မှတ်လေလော့'

ဖိုးလှချို့က ကိုမြင့်ကျောကို ပုတ်၍ နိဂုံးချုပ်သည်။ ကိုမြင့်က ခေါင်းညိတ်သည်။ ဖိုးလှချို့၏ စကားလုံးများက အပြက်အရွှန်းဖက် တိမ်းသော်လည်း အဓိပ္ပာယ်က လေးနက်သည်။

'ဟုတ်တယ် ကိုလှချို့၊ ခင်ဗျားပြောတာ မှန်တယ်၊ ကျွန်တော် စိတ်ကူးယဉ်တယ်၊ ယဉ်ခဲ့တယ် ထင်တယ်၊ ကိုယ်က ကောင်းရင် လူတွေကလဲ ကိုယ့်အပေါ်မှာ ပြန်ကောင်းကြလိမ့်မယ်လို့ ထင်ခဲ့တယ်၊ ကိုယ်က စေတနာထားရင် လူတွေကလဲ ကိုယ့်အပေါ်မှာ ပြန်ပြီး စေတနာထားကြလိမ့်မယ်လို့ ထင်ခဲ့တယ်၊ ထိန်းသိမ်းခံရာက လွတ်လာတော့ ကျွန်တော့်စိတ်တွေဟာ ခဝါချလိုက်သလို သစ်လွင် နေတယ်၊ ဗလာစက္ကူတစ်ချပ်လို ဖြူစင်နေတယ်။ ခုတော့ လူတွေက ကျွန်တော် ထင်သလို၊ စိတ်ကူးခဲ့သလို မဟုတ်ဘူး၊ သဘောကောင်းတာကို နွားကျတယ်လို့ ထင်ကြတယ်။ စေတနာကောင်းတာကို ငကြောင်လို့ ထင်ကြတယ်၊ တစ်ခါတလေတော့ ကျွန်တော် စဉ်းစားတယ်၊ လောကကြီးဟာ တစ်ယောက်တည်း ကောင်းနေလို့ အပိုပဲလို့၊ လောကကြီး ကောင်းဖို့ဆိုတာ လူတွေအားလုံးက အများစုကြီးက ကောင်းကြမှ ဖြစ်တာ။ လူတွေ အားလုံးက စိတ်ထားဖြူစင်ကြမှ ဖြစ်တာ၊ ပတ်ဝန်းကျင်က စိတ်ထားမကောင်းဘဲ၊ စိတ်ထားမဖြူစင်ဘဲ ကိုယ်တစ်ယောက်တည်း ဖြူစင်နေရင် ကိုယ့်မှာသာ နစ်နာရတယ်၊ ကိုယ့်မှာသာ ဆုံးရှုံးရတယ် မဟုတ်ဘူးလား ကိုလှချို့'

ဖိုးလှချို့က ခေါင်းကို ရမ်းသည်။

'အဲဒါတော့ လှချို့သိုချောလဲ မပြောတတ်ဘူးကွ၊ လှချို့ သိုချောက သိတော့ သိတယ်။ ဒါပေမယ့် ကိုရင်တို့လို အဘိဓမ္မာတွေ အဘိဓပျော့တွေ မထုတ်တတ်ဘူး။ ကဲ အဆွေးနဲ့ အိပ်ရေးပျက်တာ အတော်ကြာ ဖြစ်နေလိမ့်မယ် အိပ်ကြစို့'

နှစ်ယောက်သား ထိုင်ရာမှ ထကြသည်။

မြစ်သာမြစ်က တသွင်သွင် စီးဆဲ၊ လမင်းက ပြာလဲ့တွင် ဇာချဲ့ဆဲ။

()

www.burmeseclassic.com



မိုးတွင်းဆိုလျှင် ကဘော်ချိုင့်ဝှမ်းတွင် မိုးသည်းထန်သည်။ ဘေးပတ်လည်တွင် တောင်တွေ ဝိုင်းနေသဖြင့် မိုးတိမ်နှင့် တောင်ခိုးများက ရောထွေးကာ ကောင်းကင်က မှိုင်းအုံ့သည်။ မည်သည်က မိုးတိမ်။ မည်သည်က တောင်ခိုးဟု မခွဲခြားနိုင်။ ညိုမည်းသော မိုးတိမ်များ အနောက်ရိုးမတောင်စွယ်ပေါ်မှ တက်လာပုံကို ကြည့်ရသည်မှာ ပင်လယ်လှိုင်းကြီးတွေ ကျောက်ဆောင်ပေါ်သို့ တက်လာသည်နှင့် တူသည်။

ကိုမြင့် သစ်ချောက်မိုင်းသို့ ရောက်သည်မှာ တစ်နွေကုန် တစ်မိုးရောက်ပြီ။ လေဘာမှတ်ပုံတင်ကတ် ရသည့်တိုင် အလုပ်က မရသေး။ ကျောက်မီးသွေးမိုင်းတွင် အရှုံးပေါ်နေသဖြင့် အလုပ်သမားသစ်များလည်း မခန့်သေး၊ ခန့်သည့်တိုင်အောင် သူ ရချင်မှရမည်။ သူ့ရှေ့တွင် လေဘာကတ်ကိုင်ကာ တန်းစီနေသူတွေ တသီကြီးရှိသည်။ ကြာတော့ ကိုမြင့် စိတ်ဓာတ်ကျသည်။ တခြားသို့သွားကာ အလုပ်ရှာရန် စိတ်ကူးသည်။ သို့ရာတွင် ကိုဖေခင်နှင့် ကိုလှချိုက တခြားသို့ မသွားစေချင်။ သူတို့နှစ်ယောက်က ကိုမြင့်ကို ညီရင်းသဖွယ် ချစ်ကြသည်။ လူလွတ်တွေချည့်ဖြစ်၍ အားနာစရာမလိုဟု ဆိုကာ အတင်းတားထားကြသည်။ ထို့ကြောင့် ကိုမြင့်သစ်ချောက်မိုင်းတွင် သောင်တင်နေသည်။

ကိုမြင့် အလုပ်မရသော်လည်း သူတို့ဆီတွင် အလကားထိုင်မစား။ အိမ်သုံးဖို့ ထင်းခုတ်သည်။ ရေခပ်သည်။ ထမင်းချက်သည်။ ကိုဖေခင်တို့၊ ကိုလှချိုတို့နှစ်ယောက် မိုင်းထဲဆင်းလျှင် သူတို့ခမျာ ပင်ပန်းကြသည်။ ပြန်လာလျှင် တစ်ကိုယ်လုံး ကျောက်မီးသွေးမှုန့်တွေ အလိမ်းလိမ်း ကပ်နေသဖြင့် ချက်ချင်း ထမင်းမချက်နိုင်။ ပထမဆုံး ရေမိုးချိုး၍ ကိုယ်လက်သန့်စင်ရသည်။ ထို့ကြောင့် သူတို့နှစ်ယောက်တည်းရှိစဉ်က ဆိုလျှင် ထမင်းဝိုင်းသည် အမြဲနောက်ကျတတ်သည်။

www.burmeseclassic.com



ယခု ကိုမြင့်ရောက်တော့ သူတို့အတွက် အဆင်ပြေသည်။ အိမ်ရောက်သည်နှင့် ထမင်းပွဲ အဆင်သင့်။ ရေနွေးကြမ်းအဆင်သင့်။ သူတို့နှစ်ယောက်က မလုပ်ရန် တားသော်လည်း ကိုမြင့် မနေတတ်။ မနေချင်။ နေလည်း မနေသင့်။ ထို့ကြောင့် အိမ်မှုကိစ္စဟူသမျှကို သိမ်းကျုံးလုပ်ထားနှင့်သည်။ သည်ခေတ်ကြီးတွင် လူတစ်ယောက်ကို တင်ကျွေးထားရသည့် တာဝန်သည် နည်းသည့်တာဝန်မဟုတ်။ ကိုမြင့် သူတို့အပေါ် ဝန်မတက်စေချင်။

သစ်ချောက်မိုင်းတွင် မြေပြင်လုပ်ငန်းနှင့် မြေအောက်လုပ်ငန်းဟူ၍ နှစ်မျိုးရှိသည်။ မြေပြင်လုပ်ငန်းဆိုသည်က လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သစ်ခွဲစက်ရုံလုပ်ငန်းများနှင့် ကျောက်မီးသွေးပုံခြင်း၊ တောင်ဘက်ကမ်းမှ ကျောက်မီးသွေးများကို မြောက်ဘက်ကမ်းသို့ သယ်ခြင်း စသည့်လုပ်ငန်းများဖြစ်သည်။ မြေအောက်လုပ်ငန်းဆိုသည်က ကျောက်မီးသွေးမိုင်းထဲ ဆင်းရသည့် လုပ်ငန်းမျိုး ဖြစ်သည်။

ဖိုးလုချိုတို့၊ ကိုဖေခင်တို့ မြေပြင်လုပ်ငန်းကျသည့် အပတ်မျိုးတွင် နေထိုင်မကောင်းဖြစ်လျှင် သူ ဝင်လုပ်၍ရသည်။ အထူးသဖြင့် ကျောက်မီးသွေးသယ်သည့်လုပ်ငန်း၊ စုပုံသည့် လုပ်ငန်းမျိုးဆိုလျှင် သူ လုပ်နိုင်သည်။ သည်အခါမျိုးတွင် သူတို့အစား သူ ဝင်လုပ်ပေးသည်။ မြေအောက်လုပ်ငန်းဆိုတော့ သူ ဝင်၍ မရ။ ကျွမ်းကျင်အလုပ်သမားမှသာ မြေအောက်သို့ ဆင်းရသောကြောင့် ဖြစ်သည်။

သည်တစ်မိုးတွင် ကိုဖေခင်ကလည်း ကောင်းကောင်းနေမကောင်း။ နဂိုက ပိန်ရသည့်အထဲတွင် အလုပ်ကြမ်းဒဏ် ပိသဖြင့် ကိုဖေခင် အိပ်ရာထဲလဲသည်။ ဆရာဝန်က တစ်လတန်သည်၊ နှစ်လတန်သည် အနားယူရမည်ဟု ဆိုသည်။ ထို့ကြောင့် သည်နှစ်မိုးတွင်းတွင် ကိုမြင့်တစ်ယောက် ကိုဖေခင်နေရာတွင် ယာယီဝင်လုပ်ရသည်။ ကိုဖေခင်လို မြေအောက်လုပ်ငန်းတော့ မဟုတ်။ ကျွမ်းကျင်အလုပ်သမားတစ်ယောက်ကို ကိုဖေခင့်နေရာပို့ပြီး သူက ထိုအလုပ်သမားအလှည့်ကျသည့် မြေပြင်လုပ်ငန်းတွင် အစားဝင်ရခြင်းဖြစ်သည်။

မြေပြင်လုပ်ငန်းက လွယ်သည်၊ ကျွမ်းကျင်မှု ဘာမျှမလို။ ကာယဗလကောင်းလျှင်၊ သက်လုံကောင်းလျှင် ဝင်လုပ်နိုင်သည်။ စင်စစ် မြေပြင်လုပ်ငန်းဆိုသည်မှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းက အဓိကဖြစ်သည်။

မြစ်သာမြစ်တောင်ဘက်တွင် ကျောက်မီးသွေးတွင်းများ ရှိသည်။ မိုင်းထဲက ထုတ်လိုက်သည့် ကျောက်မီးသွေးများကို အတွင်းက မိုင်းကားခေါ် ရထား

www.burmeseclassic.com



တွဲပက်လက်များဖြင့် ကျင်းဝသို့ ပို့လိုက်သည်။ သည်အထိတော့ မြေအောက်အလုပ်သမားများက လုပ်ကြသည်။ မိုင်းဝက ကျောက်မီးသွေးများကို ကွက်လပ်တစ်ခုသို့ သွားပုံရသည်။ ရေကြီးချိန်ဆိုလျှင် ကွက်လပ်က ကျောက်မီးသွေးများကို ကမ်းနားသို့ ချရသည်။ ဖောင်ပေါ်သို့ တင်ရသည်။ သည်လုပ်ငန်းများကို မြေပြင်အလုပ်သမားများက လုပ်ကြသည်။

သည်နှစ်မိုးတွင်းတွင် ကဘော်ချိုင့်ဝှမ်း၌ မိုးအလွန်ကောင်းသည်။ နေ့ရော ညရော မိုးအဆက်မပြတ် ရွာနေသည်မှာ ဆယ်ရက်ခန့်ရှိပြီ။ မိုးဒဏ်ကြောင့် တချို့ တောင်တွေ ပြိုကျကြသည်။ တချို့လမ်းတွေ ပိတ်ထားရသည်။

မိုးသည်းသဖြင့် တောင်ဘက်ဂန့်ဂေါနယ် ချင်းတောင်တန်းများမှ စီးလာသည့် မြစ်သာမြစ်တွင် ရေပြည့်နေသည်။ တောင်ကျချောင်းများ ပေါင်းဆုံစီးဝင်သဖြင့် မြစ်ရေစီးက အဟုန်ပြင်းသည်။ သည်နှစ်မိုးတွင်းတွင် မြစ်သာမြစ်ရေစီးက အတိုးကြမ်းသော်လည်း ကျောက်မီးသွေးများကို ခွဲတမ်းအတိုင်း အရောက်ပို့ရမည်။ မိုင်းမှ မုံရွာသို့ ရေလမ်းဖြင့် ကျောက်မီးသွေးပို့လျှင် သက်သာသည်။ သို့ရာတွင် ရေလမ်းက တစ်နှစ်လုံးမှ သုံးလလောက်သာ သွားနိုင်သည်။ ကျန်အချိန်များတွင် မြစ်ရေတိမ်သဖြင့် ရေလမ်းက မပို့နိုင်။ ကုန်းလမ်းက ပို့ရသည်။ ကုန်းလမ်းက ပို့တော့ စရိတ်အကုန်အကျများသည်။ ထို့ကြောင့် ဆိုင်ရာက မိုးတွင်းသုံးလ ရေများတုန်း ကျောက်မီးသွေးများကို အပြီးပို့ချင်သည်။ သည်သုံးလအတွင်း အပြီးမပို့နိုင်လျှင် စရိတ်တက်သည်။ ထို့ပြင် ကျောက်မီးသွေးများကို မိုးရွာထဲတွင် ပုံထားရသဖြင့် ပျက်စီးမည်။

ကျောက်မီးသွေးတွင်းက မြစ်သာမြစ်၏ တောင်ဘက်ကမ်း၊ အုပ်ချုပ်ရေး၊ ပင်မစက်ပြင်ရုံ၊ ပင်မစက်ပစ္စည်း သိုလှောင်ရုံ၊ ဆေးရုံ၊ အလုပ်သမားရပ်ကွက်တို့က မြစ်သာမြစ်၏ မြောက်ဘက်ကမ်းမှာ ရှိသည်။ တောင်ဘက်ကမ်းက ဘယ်ကိုမျှ လမ်းမရှိ။ တောကြီးတောင်ကြီးတွေချည်း ဖြစ်သည်။ မြောက်ဘက်ကမ်းကျမှ ကလေးဝ၊ ကလေးမြို့စသည်တို့သို့ သွားသည့် မော်တော်ကားလမ်းရှိသည်။ မြစ်မြောက်ဘက်မှ အလုပ်သမားတွေက တောင်ဘက်ကမ်းသို့ အလုပ်ဆင်းရသည်။ မြောက်ဘက်ကမ်းမှ စက်ပစ္စည်းတွေကို အပို့အယူလုပ်ရသည်။ ထို့ကြောင့် ခရီးမတွင်။

အဆက်မပြတ် ရွာနေသည်မှာ ဆယ်ရက်ခန့်ရှိပြီ။

ရေများ၍ မြေပြိုသဖြင့် မိုင်းကို ပိတ်ထားရသည်မှာ လေးရက်လောက်ရှိပြီ။ ခက်သည်က ကျောက်မီးသွေးမိုင်းကို ကြာကြာပိတ်ထား၍ မရ။ ကြာကြာ

www.burmeseclassic.com


ပိတ်ထားလျှင် ပစ္စည်းအထွက်လျော့သည်။ အထွက်လျော့သည်က ကိစ္စမရှိသေး။ ခံနိုင်သေးသည်။ ကြာကြာပိတ်ထားလျှင် အန္တရာယ်များသည်။ ဤသည်ကိုတော့ မခံနိုင်။ ကျောက်မီးသွေးတွင်းတို့မည်သည် အမြဲ အလုပ်လုပ်နေရသည်။ လေးငါးရက်မပြောနှင့် စနေ၊ တနင်္ဂနွေနေ့ အားလပ်ရက် နှစ်ရက်ပိတ်သည်ကပင် အန္တရာယ်ကြီးသည်။ မိုင်းထဲရှိ ကျောက်မီးသွေး မျက်နှာပြင်သည် ရှေ့သို့ မှန်မှန်ရွေ့နေသည်။ အလုပ်ရပ်ဆိုင်းထားလိုက်သည့်အခါတွင် ကျောက်မီးသွေး မျက်နှာပြင်က ရှေ့သို့ တိုးမသွားတော့။ သည်အခါတွင် အမိုး၏ ဖိနှိပ်မှုအားသည် များလာသည်။ အမိုး၏ ဖိနှိပ်မှုများလျှင် မိုင်းပြိုကျနိုင်သည်။ ထို့ကြောင့် ကျောက်မီးသွေးမိုင်းကို အမြဲဖွင့်ရရိုး ထုံးစံရှိသည်။ မိုင်းပိတ်လျှင် ကျောက်မီးသွေး မျက်နှာပြင် မရွေ့၊ ကျောက်မီးသွေး မျက်နှာပြင် မရွေ့လျှင် အမိုး၏ ဖိနှိပ်အား များမည်။ ဖိနှိပ်အား များလျှင် ပြိုကျမည်။

မိုးများ၍ မိုင်းကို ပိတ်ထားရသည်မှာ လေးရက်ရှိပြီ။

သည်နေ့တော့ မိုင်းကို ပြန်ဖွင့်သည်။

ဖိုးလှချိုတို့ အသုတ်က မိုင်းထဲဆင်းရမည်။ ကိုမြင့်က ကိုဖေခင် အစား ဝင်ရသည်။ သို့ရာတွင် သူက ကျွမ်းကျင်အလုပ်သမား မဟုတ်သည့် အတွက် မိုင်းထဲကိုတော့ မဆင်းရ။ နောက်ထပ်ရောက်လာသည့် နျူမက်တစ်ပစ်ခေါ် စက်တူရှင်းများ၊ ရမ်ပလောင်းခေါ် စက်ခုတ်သွားများကို မြောက်ဘက်ကမ်းမှ တောင်ဘက်ကမ်းသို့ ပို့ရမည်။ တောင်ဘက်ကမ်း ပင်မ စက်ပြင်ရုံသို့ ပို့ရမည်။

မနက်စောစော မိုးကဖွဲလိုက် သဲလိုက်နှင့် ရွာနေသည်။ ငါးနာရီခွဲတွင် ရုံးသွားလက်မှတ်ထိုးပြီး သူတို့မြေပြင် အလုပ်သမားတစ်သိုက် ကမ်းနားသို့ ဆင်းကြသည်။

ကမ်းနားတွင် မိုင်းက မော်တော်ကလေး ဆိုက်ထားသည်။ မော်တော်က လူဆယ်ယောက်လောက် စီးနိုင်သည်။ တောင်ဘက်ကမ်းသို့ အလုပ်ဆင်းရသည့် အလုပ်သမားများက တစ်ဆိုင်းလျှင် ငါးဆယ်လောက်ရှိသည်။ မော်တော်နှင့် မဆန့်။ မော်တော်ဘေးက တွဲသမ္ဗာန်တစ်စင်း ချိတ်ပေးကာ တွဲသမ္ဗာန်ပေါ်တွင် လိုက်ရသည်။

တကယ်က မိုင်းကို မနေ့တည်းက ဖွင့်ဖို့ဖြစ်သည်။ သို့ရာတွင် မနေ့က မြစ်သာမြစ်ရေ အတိုးကြမ်းသည်။ ရေစီးကြမ်းကြမ်းတွင် မြစ်ညာက မျှောချလိုက်သည့် သစ်လုံးကြီးတွေ တစ်နေကုန် လိမ့်ဆင်းလာကြသဖြင့် မော်တော်ဖြတ်

www.burmeseclassic.com



၍ မရ။ အလုပ်သမားတွေလည်း တစ်ဘက်ကမ်းသို့ မကူးနိုင်။ စက်ပစ္စည်းတွေလဲ မသယ်နိုင်။ မိုင်းကို ပိတ်ထားလိုက်ရသည်။

သည်နေ့တော့ သစ်လုံးတွေ ဆင်းမလာတော့။ မနေ့ည သန်းခေါင်ကတည်းက သစ်လုံးတွေ အဆင်းရပ်သွားသည်။ တစ်လုံးစ နှစ်လုံးစ ဆင်းသေးသော်လည်း သည်လောက်ကိစ္စမရှိ။ မော်တော်ဖြတ်၍ရသည်။

ကမ်းနားတွင် လူစုံတော့ မော်တော်ထွက်သည်။ တစ်ဘက်ကမ်း ဓားလွယ်ခုတ်တွင်ရှိသည့် မိုင်းသို့ ကြာကြာမခုတ်ရ။ ရေစီးတွင် မျှောလိုက်သွားရုံသာ ရှိသည်။ အလှည့်က အလုပ်သမားများက မိုင်းသို့ ဆင်းကြသည်။ မြေပြင်တွင် ကျန်သည့် အလုပ်သမားများက တစ်ဘက်ကမ်းက စက်ပစ္စည်းတွေကို အခေါက်ခေါက်သယ်ကြသည်။ တစ်မနက်လုံး ဘာမှုမဖြစ်။ အားလုံးချောမောသည်။

သည်အခေါက်က နောက်ဆုံးအခေါက်ဖြစ်သည်။ နာရီပြန်နှစ်ချက်တီးပြီးပြီ။ မိုင်းထဲဆင်းသည့် ဖိုးလှချို့တို့လည်း ထွက်လာကြပြီ။ မြေပြင်က အလုပ်သမားကလည်း ပစ္စည်းတော်တော်များများ ပို့ပြီးပြီ။ ကျန်သည့်ပစ္စည်းများကို နောက်အဆိုင်းက ပို့ရန် ဖြစ်သည်။

မြေအောက်အလုပ်သမားများနှင့် မြေပြင်အလုပ်သမား နှစ်ဆိုင်းပေါင်း လူခြောက်ဆယ်လောက်ရှိမည်။ အားလုံးကမ်းနားတွင် လူစုံပြီ။ သို့ရာတွင် မိုးက သဲသဲမဲမဲ ရွာချနေသဖြင့် မော်တော်ထွက်၍ မရ။ တစ်ဘက်ကမ်းကိုလည်း မမြင်ရ။ ထို့ကြောင့် နှစ်နာရီခွဲသည့်တိုင် မော်တော်မထွက်နိုင်။

အလုပ်သမားတွေ ပန်းလည်း ပန်းနေပြီ။ ဆာလည်း ဆာနေကြပြီ။ သူတို့အားလုံး အိမ်ပြန်ချင်နေကြသည်။

'လခွီးတဲ့မှပဲကွာ၊ လုပ်ကွက်နဲ့ အလုပ်သမားတန်းလျားက ရန်ကုန်နဲ့မန္တလေးလောက်ဝေးနေတာ ဘယ်မှာ အလုပ်တွင်တော့မလဲ၊ သွားရလာရတာနဲ့ပဲ အချိန်ကုန်နေတာ'

အလုပ်သမားတစ်ယောက်က ညည်းသည်။

'တောင်ဘက်ကမ်းမှာ အဆောက်အဦး ဆောက်စရာကွက်လပ်မှ မရှိဘဲကွ၊ မင်း မမြင်ဘူးလား၊ တောင်တွေချည်းပဲ။ ခုတောင် ဓာတ်အားပေးရုံနဲ့ လေစက်ရုံကို တောင်စောင်းပေါ်မှာ ဆောက်ထားရတယ် မဟုတ်လား'

ကိုမြင့် လှမ်းကြည့်သည်။ ဟုတ်သည်။ လျှပ်စစ်ဓာတ်အားပေးရုံနှင့် လေစက်ရုံကို တောင်ခါးပန်းတွင် ကုတ်ကပ်ဆောက်ထားရခြင်းဖြစ်သည်။ မိုင်းထဲ

www.burmeseclassic.com



သို့ လျှပ်စစ်ခါတ်အား ပို့ရမည်။ အပြင်လေသွင်းရမည်။ ထို့ကြောင့် တခြား အဆောက်အဦးတွေ မရှိသင့်တိုင် သည်အဆောက်အဦး နှစ်ခုကတော့ မိုင်းပေါက် ဝတွင် ကပ်ဆောက်မှ ဖြစ်မည်။ သည်နှစ်ခုမှ မရှိလျှင် ဘာမျှ လုပ်မရ။

စင်စစ် အလုပ်သမားကြီး ပြောသလို အလုပ်သမား ရပ်ကွက်၊ ဆေးရုံ စသည်တို့သည် မိုင်းနှင့် ကပ်နေသင့်သည်။ ယခုလို မြစ်သာမြစ် ခြားနေတော့ ပစ္စည်းအပို့အယူ နှောင့်နှေးသည်။ စရိတ်ကုန်သည်။ မိုးတွင်းတွင် မြစ်သာမြစ် ရိုးတစ်လျှောက် မျှောဆင်းလာသော သစ်လုံးကြီးများကြောင့် အလုပ်သမား အပို့အယူတွင် အန္တရာယ်များသည်။ မြေအောက်တွင် ဒဏ်ရာရသည့်အခါ ဆေးရုံ က မြောက်ဘက်ကမ်းတွင် ရှိနေသဖြင့် လမ်းခရီးတွင် ကြန့်ကြာ၍ အလုပ်သမား များ၏ အသက်များ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရသည်။ ကျောက်မီးသွေးများက မုံရွာသို့ တစ်နှစ်မှ ရက်ပေါင်းကိုးဆယ်သာ ပို့၍ရသည်။ ကျောက်မီးသွေးများ ကို တစ်နှစ်လုံး ပုံထားရတော့ အပျက်အစီးများသည်။ နွံတွေ သဲတွေ ရောကုန် သဖြင့် အမျိုးအစား ညံ့ရသည်။

တကယ်တော့ တောင်ဘက်ကမ်းက ကျောက်မီးသွေးမိုင်းသည် အလွန် ချောင်ကျသည့် နေရာဖြစ်သည်။

'တကယ်တော့ တောင်ဘက်ကမ်းက မိုင်းက ကျောက်မီးသွေးအမျိုး အစားလဲ မကောင်းဘူးဗျာ'

ဖိုးလှချိုက တစ်ဘက်ကမ်းကို ငေး၍ ကြည့်ရင်း ပြောသည်။

'ဘယ်ကောင်းမလဲကွ၊ ဒီဘက်ကမ်းမှာ ၂ ပေကြော လေးကြော ရှိ တယ်။ အမှတ်တစ် ကြောကလွဲရင် ကျန်သုံးကြောက ရှေးလ်ကျောက်တွေ ပါနေတာကိုး။ ရှေးလ်ကျောက်ဆယ်ရာနှုန်းကနေ လေးဆယ်ရာနှုန်း ရှိသတဲ့'

အသက်ခပ်ကြီးကြီး အလုပ်သမား တစ်ယောက်က ဝင်ပြောသည်။ သစ်ချောက်မိုင်း ဖွင့်ကတည်းက လုပ်လာခဲ့သူ ဖြစ်သဖြင့် ဝါရင့်နေပြီ။

'ဗျို့ အဘဦးစံတင်၊ ဘာလဲဗျ၊ ရှေးလ်ကျောက် ဘယ်လောက် ပါသလေး ဘာလေးနဲ့၊ ခင်ဗျားက ဘူမိဗေဒပါရဂူမို့လို့လားဗျ'

အလုပ်သမားတစ်ယောက်က လှမ်းနောက်သည်။

'ဟေ့ ခွေးမသားလေး တလောက ဘူမိဗေဒပါရဂူတွေ လာတုန်းက ပြောသွားတာကွ။ ငါလဲ သူတို့လို ဘီအက်စ်စီတွေ ဘာတွေ မအောင်ပေမယ့် ကျောက်မီးသွေး ကောင်းမကောင်းတော့ သိပါတယ်ကွ၊ ချီးမှပဲ၊ ဒီလောက် အထင်မသေးပါနဲ့'

www.burmeseclassic.com



'အမှတ်သုံးနဲ့ အမှတ်ငါး ကျောက်မီးသွေးကြောနဲ့ အောက်လွှာကြားထဲမှာက ရေးလ်ကျောက်တွေ ရှိသတဲ့'

'ဒါဖြင့် ရေးလ်ကျောက်တွေကို မထုတ်ဘဲ ချန်ပစ်ခဲ့ပြီး ကျောက်မီးသွေးချည်း ထုတ်ပေါ့ဗျာ'

'ဒါက မင်းတို့ထင်တာ ပြောနေတာကိုး၊ ရေးလ်ကျောက်တွေကို မထုတ်ဘဲ ချန်ပစ်ခဲ့ရင် မင်းအဘတွေက ဒီအတိုင်း နေတာ မဟုတ်ဘူးဗျ။ အဲ့ဒီကျောက်လွှာတွေက အောက်ကို လျှောဆင်းလာတယ်။ အောက်လျှောဆင်းလာရင် မြေကြီးကို ထောက်ထားတဲ့ ဒေါက်တိုင်တွေပေါ် ပိကျလာပြီး ဒေါက်တိုင်တွေ ပြုတ်မှာ။ ဒေါက်တိုင်ပြုတ်တော့ တွင်းပြိုကျပြီး အားလုံး မာလကရှာန်ကြွကုန်မှာ'

အလုပ်သမားလူငယ်က လျှာတစ်လစ်ထုတ်၍ မျက်လုံးပြူးပြသည်။ ကိုမြင့်ပင် သူ့စကားကို နားထောင်ရင်း ကျောစိမ့်သွားသည်။ တခြား တိုင်းပြည်များတွင် ကျောက်မီးသွေးတွင်း ပြိုကျသည်ကို သတင်းစာထဲတွင် ဖတ်ရဖူးသည်။ အရှင်လတ်လတ် မြေမြှုပ်ခံရသည်နှင့် ဘာမျှ ခြားမည်မဟုတ်ဟု တွေးမိကာ စိမ့်သွားခြင်း ဖြစ်သည်။

'ဒါကြောင့် ဒေါက်တိုင်တွေ မပြုတ်အောင် အဲဒီရေးလ်ကျောက်တွေကိုပါ ထုတ်ယူနေရတာပေါ့ကွ။ ရေးလ်ကျောက်က ဘာမှ သုံးမရမှန်း သိသားပဲ။ သုံးမရတဲ့အပြင် ကျောက်မီးသွေးထဲတောင် ရောနေလို့ အမျိုးအစား ညံ့ရသေးတယ်။ ပြီးတော့ တို့ဆီမှာ ကျောက်မီးသွေးသန့်တဲ့ စက်ရုံလဲ ရှိတာ မဟုတ်ဘူး။ ဘယ်ဘက်က ကြည့်ကြည့်၊ ဟောဒီတောင်ဘက်ကမ်းက ကျောက်မီးသွေးမိုင်းကတော့ ထုတ်ဖို့ မကောင်းတော့ပါဘူးကွာ။ ပို့ဆောင် ဆက်သွယ်ရေးက မလွယ်ဘူး။ ကျောက်မီးသွေးကလဲ အမျိုးအစားညံ့တယ်။ အစိုးရကလဲ လုပ်လက်စနဲ့မို့ လုပ်နေတာ ထင်ပါရဲ့၊ ပြီးတော့ အံလွဲတွေကလဲ ပါလိုက်သေး'

ကိုမြင့် အဘဦးစံတင်ဆိုသူ အလုပ်သမားကြီး စကားများကို စိတ်ဝင်စားလာသည်။ ကျောက်မီးသွေးမိုင်း အလုပ်သမားများ၏ ဘဝက အန္တရာယ်များသည်။ ဆန်းကြယ်သည်။

'အံလွဲဆိုတာ ဘာလဲအဘ'

ကိုမြင့်က လှမ်းမေးသည်။ အဘ ဦးစံတင်က ကွမ်းတံတွေးတစ်ချက် လှမ်းထွေးပြီး ရယ်သည်။

www.burmeseclassic.com



'အံလွဲဆိုတာ အံလွဲပေါ့ကွ၊ တခြား မြေကြောတွေနဲ့မဆက်ဘဲ ပြတ်နေတဲ့ မြေကြောကြီးတွေကို ပြောတာ၊ သိတော့ သိတယ်။ ဒါပေမယ့် မင်းတို့ နားလည်အောင်တော့ ငါမပြောတတ်ဘူး။

'ဒီကောင်က အင်္ဂလိပ်လိုပြောမှ နားလည်တာ။ ဟေ့ ဖိုးကိုမြင့် မှတ်ထား။ အံလွဲဆိုတာ ဖော့လ်(တ်)ကိုခေါ်တာ မှတ်ထား။ ဖော့လ်(တ်)၊ အမယ်လေး တံတွေးစင်လိုက်တာ၊ ဖော့လ်(တ်)ဆိုတာ အံလွဲ။ တချို့ပညာရှိတွေကတော့ ပြတ်ရွေ့လို့ခေါ်တယ်။ တချို့ပညာရှိတွေက ဖော့လ်(တ်)ကို မြန်မာလိုပြန်တော့ ဖော့လ်(တ်)တဲ့'

ဖိုးလှချိုက ဝင်ပြောသည်။

ဖော့လ်(တ်)ခေါ် အံလွဲခေါ် ပြတ်ရွေ့များက အခြားမြေကြောများနှင့် ပြတ်နေသော ပထဝီ အစိုင်အခဲကြီးများ ဖြစ်သည်။ သူတို့က အခြား မြေကြောကြီးများနှင့် အဆက်ပြတ်ကာ တစ်ခါတရံ ရွေ့သွားတတ်သည်။ သည်လောက်ကိုတော့ ဆရာဦးစံကောင်းထံမှ ကိုမြင့် ကြားဖူးသည်။ ဆရာဦးစံကောင်းထံမှ ကြားတုန်းကတော့ သည်အံလွဲကြီးများ အကြောင်းကို ကိုမြင့် စိတ်မဝင်စား။ ယခုတော့ စိတ်မဝင်စား၍ မဖြစ်တော့။ မိုင်းထဲတွင် အလုပ်လုပ်နေသည့် အလုပ်သမားများအဖို့ အံလွဲကြီးများသည် အချိန်မရွေး အန္တရာယ်ပေးနိုင်သော သေမင်းတမန်ကြီးများ ဖြစ်နေပြီ။

'ခုမိုင်းမှာ အံလွဲကြီးတွေ ရှိသတဲ့လား အဘ'

ကိုမြင့်က မေးသည်။

'သိပ်ရှိတာပေါ့။ ဒီနေရာတစ်ဝိုက်မှာ အံလွဲတွေ အများကြီး ဘူမိဗေဒပါရဂူတွေက ပြောသွားတယ်။ ဟောဒီ တို့ထွက်လာတဲ့ မိုင်းထဲမှာကို အံလွဲကြီးနှစ်ခုရှိတယ်။ အဲဒီနားကျတော့ ကျောက်မီးသွေးကြောက ကျောက်အုံချောင်းဘက်ကို ကွေ့ဆင်းသွားတယ်။ အဲဒီနားရောက်တော့ ကျောက်မီးသွေးကြောက မြေပြင်က ငုပ်သွားတယ်။ အဲဒီနားမှာ တူးရင် မြေအောက်ကို ဆင်းရမယ်တဲ့'

ဖိုးလှချိုတို့ ယခုဆင်းနေသည့် မိုင်းမှာ မြေပေါ်မိုင်းဖြစ်သည်။ မြေပေါ်မိုင်းက တောင်စောင်းထဲတွင် ဥမင်ဖောက်၍ ဝင်သွားရခြင်းဖြစ်သည်။ အဘဦးစံတင်ပြောသည့် မိုင်းမျိုးမှာ မြေအောက်ထဲသို့ တူး၍ ဆင်းသွားသည့် မိုင်းမျိုးဖြစ်သည်ဟု ကိုမြင့် နားလည်လိုက်သည်။

'မြေအောက် ဆင်းရင်တော့ ကျောက်မီးသွေး ဒီထက်များများထုတ်နိုင်မှာပေါ့ အဘ'

www.burmeseclassic.com


ဖိုးလုချိုက မေးသည်။

'ထုတ်တော့ ထုတ်နိုင်တာပေါ့။ ဒါပေမယ့် ခက်တာက အဲဒီ ကျောက်မီးသွေးကြောရဲ့ တောင်ဘက်မှာ အံလွဲကြီးတစ်ခု ခံနေတယ်။ မြောက်ဘက်မှာ မြစ်သာမြစ်ရှိနေတယ်။ ဒီတော့ ကျောက်မီးသွေးတူးရင် တောင်ဘက်အံလွဲကိုလဲ လွတ်အောင် တူးရမယ်၊ ပြီးတော့'

အဘ ဦးစံတင်က မြစ်သာမြစ်ကို လက်ညှိုးထိုးပြသည်။

'ပြီးတော့ မြောက်ဘက်ကျတော့ ဒီမြစ် ခံနေတယ်။ ဒီမြစ်ရှိတဲ့အတွက် မြေအောက်နံရံကို ထုထုချန်တူးမှ ဖြစ်မှာ၊ မြေအောက်ကျင်း နံရံပါးရင် နံရံကျိုးသွားပြီး မြစ်ရေဝင်လာမှာ'

ကိုမြင့် သက်ပြင်းကြီးချသည်။ အဘ ဦးစံတင်ပြောသည့် အတိုင်းဆိုလျှင် ကျောက်မီးသွေးကျင်းသည် အံလွဲနှင့် မြစ်ကြားတွင် ရှိနေသည်။ အံလွဲဘက်ကပ်သွား၍ အံလွဲရွေ့သွားလျှင် ကျင်းပြိုနိုင်သည်။ မြစ်ဘက်ကပ်ထူး၍ နံရံထုပါးလျှင် နံရံကျိုးကာ မြစ်ရေဝင်လာနိုင်သည်။ အံလွဲနှင့် မြစ်ရေစီးကြားတွင် ညှပ်ပူးညှပ်ပိတ် မိနေရသည့်ဘဝ။ မလွယ်ပါတကား။

'တလောက မြောက်ဘက်ကမ်းမှာ ကျောက်မီးသွေးတူးဖို့ ပါရဂူတွေ လာကြည့်သွားတယ်ဆို'

ဖိုးလုချိုက မေးသည်။

'ကြည့်တော့ ကြည့်သွားတာပဲကွ၊ မြောက်ဘက်က တုံနန်းရွာနားမှာ။ အဲဒီမှာ ထုတ်နိုင်ရင်တော့ ကျောက်မီးသွေးလဲ ဒီထက်ပိုကောင်းသတဲ့၊ ပြီးတော့ ချင်းတွင်းမြစ်ကမ်းကို တစ်ခါတည်းတန်းပြီး ပို့နိုင်တာပေါ့။ အလုပ်သမား တန်းလျားတို့၊ ဆေးခန်းတို့ ဘာတို့ ဆောက်ဖို့ မြေနေရာ ကျယ်ကျယ်ရှိတော့ ကောင်းတာပေါ့။ ဒါပေမယ့် ခက်တာက ဥမင်ဖောက်ရမယ်တဲ့၊ ဥမင်က ပေတစ်သောင်းကျော်ကျော်လောက် ဖောက်ရမယ်တဲ့'

မိုးက တော်တော်စဲသွားပြီ။ ကောင်းကင်မှိုင်းအုံနေသည့်တိုင် မိုးကသည်းထန်ခြင်း မရှိတော့၊ မိုးဖွဲကလေးများသာ တဖွဲဖွဲရွာနေသည်။ စောစောကလို မိုးပေါက်ကန့်လန့်ကာကြီး ပိတ်ဆီးနေခြင်း မရှိတော့။ မြောက်ဘက်ကမ်းကို သဲကွဲစွာ မြင်နေရပြီ။

အလုပ်သမားပို့ မော်တော်ကလေးက စက်နှိုးသည်။ အလုပ်သမားများကို တစ်ဘက်ကမ်းသို့ ပြန်ပို့ရန် ဖြစ်သည်။

www.burmeseclassic.com


အလုပ်သမားတချို့က မော်တော်ပေါ်သို့ တက်သည်။ တချို့က ဘေးတွဲသမ္ဗာန်ကြီးပေါ်သို့ တက်ကြသည်။ ဘေးတွဲသမ္ဗာန်ကြီးက အမိုးအကာ မရှိ။ တွဲသမ္ဗာန်ကြီးပေါ်တွင် အလုပ်သမား လေးငါးဆယ်လောက် စုပြုံတက်ကြသည်။

မော်တော်က ကြိုးဖြုတ်ကာ အထက်သို့ ပြန်ဆန်သည်။ အထက်သို့ ပြန်ဆန်ပြီးမှ တစ်ဘက်ကမ်းက ဆိပ်ကို စုန်ကပ်မည်။

မြစ်သာမြစ်ရေစီးက အလွန်သန်သည်။ ရေစီးသန်သန်တွင် ဆန်တက်တော့ နှေးသည်။ မော်တော်ကလည်း သေးသေးကလေး၊ စက်အား သိပ်မကောင်း။ သည်အထဲတွင် လူငါးဆယ်လောက် တင်ထားသည့် တွဲသမ္ဗာန်ကြီးကို ဆွဲလာရတော့ ပို၍ နှေးနေသည်။

တွဲသမ္ဗာန်ကြီးပေါ်တွင် အလုပ်သမားတွေ လိုက်လာကြသည်။ သီချင်းဆိုသူကဆို၊ စကားပြောသူက ပြော။

သည်တုန်း မော်တော်ဦးမှာ အော်သံတွေ ပေါ်လာသည်။

ကိုမြင့် လှမ်းကြည့်လိုက်တော့ မြစ်ညာက သစ်လုံးကြီးတွေ ရေစီးသန်သန်တွင် မျောပါလာသည်ကို မြင်လိုက်ရသည်။ သစ်လုံးအလုံးနှစ်ဆယ်လောက် ရှိမည်။ သူတို့နှင့် ကိုက်တစ်ရာကျော်ကျော် ဝေးသည်။ သစ်လုံးတွေ လိမ့်ဆင်းလာနေပုံက တစ်စုတည်းမဟုတ်။ မြစ်တစ်ပြင်လုံး ပြန့်နေသည်။ တစ်လုံးလုံးနှင့် တိုက်မိမည်မှာ သေချာသည်။ မော်တော်ကန့်လန့်ဖြတ်နေလျှင် ဝင်ဆောင့်မည့် အန္တရာယ်က ပိုကြီးသည်။ မော်တော်ကို အလျားလိုက် မျှောထားမှသာ အဆောင့်သက်သာမည်။ ထို့ကြောင့် မော်တော်ဆလင်က မြစ်ကို ကန့်လန့်ဖြတ်နေသည့် မော်တော်ကို အောက်သို့ ဦးလှည့်ပေးလိုက်ပြီး အရှည်လိုက် မျှောထားလိုက်သည်။

သစ်လုံးကြီးတွေက တဖြည်းဖြည်း နီးလာပြီ။ မော်တော်ပေါ်က ခုန်ဆင်း၍လည်း မဖြစ်၊ ခုန်ဆင်းလျှင် ရေစီးရှိသည်။ ရေထဲတွင် နစ်သွားနိုင်သည်။ သစ်လုံးကြီးတွေ ဝင်ဆောင့်ပြီး သစ်လုံးကြားတွင် ညပ်သွားနိုင်သည်။

သည်တုန်း ဝုန်းကနဲ အသံကြီးနှင့်အတူ မော်တော်တစ်ဘက်သို့ စောင်းသွားသည်။ သစ်လုံးကြီးတစ်လုံး ဝင်ဆောင့်ခြင်းကြောင့် ဖြစ်သည်။

'ဟော့ မြဲမြဲကိုင်ထားကြ၊ လွင့်ကျသွားမယ်'

တစ်ယောက်တစ်ပေါက် အော်ကြသည်။ နောက်ထပ် သစ်လုံးကြီးတွေက ထပ်မျှောလာနေသည်။ မတတ်နိုင်။ မြစ်လယ်ကောင်တွင် ဘယ်မှာမှ ပြေး၍

www.burmeseclassic.com


မရ၊ ရှောင်၍မရ။ တချို့က တွဲသမ္ဗာန်ပေါ်တွင် ပြေးလွှားနေသည်။ မပြေးနှင့်ဟု ပြော၍မရ၊ တား၍လည်း မရ။

'ကိုမြင့် သတိထားဟေ့၊ နောက်ထပ် သစ်လုံးတွေ လာနေပြန်ပြီ'

ဖိုးလုချိုက ကိုမြင့်ကို လှမ်းသတိပေးသည်။

'ကိစ္စမရှိပါဘူး ကိုလုချို၊ ခင်ဗျားလဲ သတိထား၊ လွင့်ကျသွားမယ်၊ အဘ ဦးစံတင် ဟိုဘက်နား သိပ်မတိုးနဲ့'

ကိုမြင့်က ပြောသည်။ သည်တုန်း နောက်ထပ် သစ်လုံးကြီး သုံးလေးလုံးက ဝင်ဆောင့်သည်။ သည်တစ်ခါတွင်မူ စောစောကထက် အရှိန်ပြင်းသည်။ မော်တော်သာမက တွဲသမ္ဗာန်ကြီးပါ စောင်းသွားသည်။ တွဲသမ္ဗာန်ကြီး အစောင်းတွင် အဖျားမှ လူတစ်ယောက် ကျသွားကာ အော်သံတွေ ပေါ်လာသည်။

ဖိုးလုချိုတို့ အနားက ဖြစ်သည်။ ဖိုးလုချို ကျသွားပြီဟု ကိုမြင့်ထင်လိုက်သည်။

'ဦးစံတင် ကျသွားပြီ၊ အဘ ဦးစံတင်၊ အဘ ဦးစံတင်'

ဖိုးလုချို အနီးတွင် ရပ်နေသော ဦးစံတင် ကျသွားခြင်း ဖြစ်သည်။ မော်တော်က ရပ်ထား၍မဖြစ်၊ ရပ်ထားလျှင် အထက်က မျှောလာသည့် သစ်လုံးတွေကို တမင်ခံပေးထားသလို ဖြစ်နေမည်။ ထို့ကြောင့် ဆက်မောင်းရသည်။ ရေစီးတွင် ငုပ်ချည် ပေါ်ချည် မျှောပါသွားသည့် လူတစ်ယောက်ကို လှမ်းမြင်ရသည်။ မည်သူမျှ လိုက်မဆယ်ရဲကြ၊ သည်လောက်မြန်သည့် ရေစီးတွင် ကူးဖို့မလွယ်၊ သစ်လုံးတွေကို ရှောင်ဖို့ မလွယ်။

ကိုမြင့် ကြာကြာမဆိုင်းနိုင်။ မော်တော်အနီးသို့ မျှောလာသည့် သစ်လုံးကြီးတစ်လုံးပေါ်သို့ ခုန်ဆင်းသည်။ သစ်လုံးပေါ်တွင် အလိုက်သင့် စီးလိုက်သွားသည်။ သစ်လုံးတွေ တစ်လုံးပြီး တစ်လုံး ခုန်ကူးသွားကာ မြုပ်လုမြုပ်ခင် ဖြစ်နေသော အဘ ဦးစံတင် အနားသို့အရောက် အားယူခုန်ချလိုက်သည်။ ဦးစံတင်က အကြောက်ကြောက် အလန့်လန့်ဖြင့် သူ့ကို အတင်းတွယ်ဖက်သည်။ သူက မရုန်းဘဲ အလိုက်သင့် လိုက်လာရန် ပြောသော်လည်း မရ။ သူ့အသံကလည်း ရေထဲတွင် ပြောရသဖြင့် ဝါးနေသည်။ ရေစီးသံကလည်း တဝေါဝေါ မြည်နေသည်။ ဦးစံတင်ကလည်း ဘာကိုမျှ မကြားနိုင်လောက်အောင် ချောက်ချားနေသည်။

www.burmeseclassic.com


သည်အတိုင်းသာ ဦးစံတင် တွယ်ဖက်နေလျှင် သူပါ နစ်မည်။ ဦးစံတင် ဖက်ထားပုံသည် သူ့ကိုဘာမျှ မလုပ်နိုင်အောင် ချုပ်ထားသလို ဖြစ်နေသည်။ ကိုမြင့် ဘာမှ မပြောတော့။ အံကိုကြိတ်၍ ဦးစံတင် လက်ထဲမှ ဆောင့်ရုန်း ထွက်သည်။ နောက် ညာလက်သီး ပြင်းပြင်းနှစ်လုံးကို ဦးစံတင်၏ ပါးချိတ်ဆီ သို့ ပစ်သွင်းလိုက်သည်။ အင့်ကနဲ အသံနှင့်အတူ ဦးစံတင်သည် ရေထဲသို့ စုန်းစုန်းမြုပ်ကာ မျောပါသွားသည်။ သည်တော့မှ ကိုမြင့်က သတိမေ့မျောနေ သည့် သူ့ခန္ဓာကိုယ်ကြီးကို လက်တစ်ဖက်ဖြင့်ဆွဲကာ အခြား လက်တစ်ဖက်ဖြင့် ဖော့၍ ယက်ပြီး ကူးလာခဲ့သည်။ ကမ်းနှင့် သိပ်မဝေးတော့။

'ဟေး…ကိုမြင့်၊ သစ်လုံးကြီး သစ်လုံးကြီး၊ ဟာ တိုက်ပြီ'

မော်တော်ပေါ်က လှမ်းအော်ကြသည်။ ကိုမြင့် ကြည့်လိုက်တော့ သစ်လုံးကြီး တစ်လုံး သူတို့အနားသို့ တည့်တည့်ကြီး ဆင်းလာသည်ကို မြင်လိုက် ရသည်။ သစ်လုံးက ခေါင်းကို ဝင်တိုက်လျှင် သက်သာမည် မဟုတ်။ ကိုမြင့် သတိမေ့နေသည့် ဦးစံတင်ကို ဆွဲနစ်ကာ ရေထဲသို့ ငုပ်ချလိုက်သည်။ သစ်လုံး ကြီး လွန်သွားမှ ခေါင်းကို ပြန်ဖော်နိုင်သည်။

ကမ်းရောက်တော့ ကိုမြင့် အားကုန်နေပြီ၊ မောနေပြီ။ ဦးစံတင် ကိုယ် ကြီးကို ကမ်းပေါ်သို့ ဆွဲတင်ရင်း ကမ်းပေါ် ရောက်တော့ လဲကျသွားသည်။ မော်တော်ဆိုက်သဖြင့် မော်တော်ပေါ်က အလုပ်သမားများ ပြေးဆင်းလာကြသည်။ တချို့က ဦးစံတင်ဆီ ပြေးကြသည်။ တချို့က သူ့ဆီ ပြေးလာကြသည်။ သစ်လုံးရိုက်မိသည့် ဒဏ်ရာဒဏ်ချက်တွေကို ကြည့်ရင်း ဝိုင်းမေးကြသည်။

'ကျွန်တော်က အရေးမကြီးပါဘူး၊ အဘ ဦးစံတင် သတိမေ့နေတယ်၊ သူ့ဆီကိုသာ သွားကြပါ'

ကိုမြင့်က လဲရာမှ ထသည်။ သူ့ခေါင်းတွင် မူးဝေနောက်ကျိနေသည်။ လဲကျတော့မည်အပြု ဖိုးလှချို က သူ့ကို တွဲခေါ်သည်။

()

www.burmeseclassic.com

၁၉

ရွက်ဝါကြွေ နွေမှုးမှူး။

ဟုတ်သည်။ ရွက်ဝါတို့ကြွေ၍ နွေဦးက ဆန်းလုလု။

မိန်ရာသီခါမီ၊ လသာခေါင်၊ မြလွှာမှောင် တောင်ခိုးမြူးဟု ဆိုသည်။

သည်အချက်လည်း ဟုတ်သည်။ တပေါင်းလက အလှဆုံးလ။ မြူပြာပြာယှက်မိုး၍ တောင်ခိုးတို့ မြူးသည်နှင့် တောတောင်၊ မြစ်ချောင်း၊ ထုံးအိုင်စသည် ဩကာသ သရုပ်ဒြပ်အပေါင်းသည် လဲ့လဲ့မှောင်နေသော မြူလွှာကို ခြုံထားသည့်နှယ် ရှိသည်။

ကိုမြင့် သစ်ချောက်မိုင်းသို့ ရောက်သည်မှာ နှစ်နွေနှင့် တစ်မိုးရှိသွားပြီ။ နွေသံသရာ စက်ရဟတ်လည်ပုံက မြန်လွန်းသည်။ တစ်နှစ်က နွေဦးရွက်ဝါများနှင့်အတူ ကိုမြင့်ရောက်လာသည်။ ယခု နွေတစ်ပတ်လည်ပြန်ပြီ။

ညောင်ရွက်တို့က ရော်ဝါသည်။ မြူက ပြာသည်။ မြစ်သာမြစ်ကမ်းက အင်ကြင်းပွင့်တွေ နီသည်။ ရဲပတောင်းထအောင် ပွင့်ကြသည်။

ရွက်ဝါကြွေ နွေမှုးမှူး၊ ရာသီခါမီ လသာခေါင်၊ မြလွှာမှောင် တောင်ခိုမြူးဟု စာကဆိုသည်။

ဟုတ်သည်။ အားလုံး စာဆိုနှင့် ညီသည်။

ရွှေဖီဖူး ပေါ်တော့မယ်လေ့လေ့၊ မေ့ရက်ကယ် နေနိုင်တယ်၊ ညိုးငယ်ခွေယိမ်းနွမ်း၊ ပူပုံပန်း ရွှေပင်လယ်။

ဟင့်အင်း သည်တစ်ချက်တော့ စာဆိုနှင့် မညီ။

ဖိုးလှချိုက အလွန်ကြောင်သည်။ နွေရောက်လျှင် သူ့မျက်နှာ စပ်ဖြီးဖြီးကြီးနှင့် မလိုက်အောင် ဆွေးလျှသံဖြင့် ဆိုတတ်သည်။ အဆိုကလည်းပိုင်၊ အတီးကလည်း နိုင်သဖြင့် နားထောင်၍တော့ ကောင်းသည်။ သို့ရာတွင် သည်သီချင်းမျိုးက ဖိုးလှချိုနှင့် နည်းနည်းမျှ မလိုက်။

www.burmeseclassic.com



ဖိုးလှချိုနှင့် နည်းနည်းမျှမလိုက်။

ဖိုးလှချိုနှင့် မလိုက်၍ သူနှင့်ကော လိုက်သလော၊ သူနှင့်လည်း မလိုက်။

မေ့ရက်ကယ် နေနိုင်သည်ဆိုသည့် အပိုဒ်က အားငယ်သံပါနေသည်။ အားနွဲ့သံလေးနှင့် အပြစ်ဆိုသယောင် ပေါ်သည်။ ယောကျ်ားရင့်မကြီးဖြစ်လျက် အားနွဲ့သံလေးဖြင့် ဆိုနေရသည်က မဟန်။ မေ့ရက်နိုင်သည်ဟု မည်သူ့ကို အပြစ်တင်စရာ ရှိသနည်း။ အေးမကိုလော၊ ဟင်း...အဝေးကြီး။ ဘာကြောင့် လွမ်းရမည်နည်း၊ သူမေ့တော့ကော ဘာအရေးနည်း။ သူတွေ့လျှင် ကိုယ်တွေ့မည်။ သူမေ့လျှင် ကိုယ်ကလည်း မေ့လိုက်မည်။

ညှိုးငယ်ခွေယိမ်းနွမ်း၊ ပူပုံပန်း ရွှေပင်လယ်။

အပူတွေက ပင်လယ်လောက် ကြီးသည်ဟု စာဆိုကဆိုသည်။ မပူပါ။ ပင်လယ်လောက်လည်း မပူ၊ မြစ်သာမြစ်လောက်လည်း မပူ၊ ကျောက်အုံချောင်းလောက်လည်း မပူ။ စကားကုန်ပြောလိုက်မည်၊ ကျောက်အုံချောင်းထဲက ရေလေးတစ်စက်ထဲက အနုမြူမှုန့်လောက်ကလေးမျှ မပူ။

အဲ...တစ်ခုတော့ ရှိသည်။ နွေရောက်လျှင်တော့ ရင်ထဲက ဟာချင်သည်။ သည်ရင်ဟာပုံမျိုးကို အေးမနှင့် မတွေ့ခင်ကတည်းက ခံစားခဲ့ရဖူးသည်။ တပျင်းမှာကလည်းက ကျောက်ထုမှာကတည်းက ခံစားခဲ့ရခြင်းဖြစ်သည်။ အသစ်အဆန်းမဟုတ်။

ရင်ထဲက ဟာနေတုန်း မြင်လိုက်ရသည့် ရှုခင်းကြောင့် ကိုမြင့် အံ့အားသင့်နေရသည်။

ကိုမြင့် သူ့မျက်လုံးများကို သူမယုံချင်။ မဟုတ်ခါမှလွဲရော၊ အေးမမှ အေးမအစစ်။ မျက်ခုံးထူထူ၊ မျက်ဝန်းရွှန်းလဲ့လဲ့၊ နှာတံစင်းစင်း၊ နှုတ်ခမ်းထူထူ၊ အေးမနှင့် တထေရာတည်း။ ကိုယ်လုံးကိုယ်ပေါက်လည်း အေးမလို သွယ်သွယ်မြင့်မြင့်။

ဟုတ်သည်။ အေးမမှ အေးမအစစ်။

မျက်လုံးတွေကို သေသေချာချာ ပွတ်ကြည့်သည်။ မဟုတ်ခါမှလွဲရော အေးမမှ အေးမ။ မျက်ဝန်းရွှန်းလဲ့လဲ့၊ နှာတံစင်းစင်း၊ နှုတ်ခမ်းထူထူ။

သို့ရာတွင် ဘဝကတော့ ခြားနေသည်။ တစ်နှစ်တုန်းက သူတွေ့ခဲ့ရသည့် အေးမက မုံရွာ–တမူး လမ်းမပေါ်က မှောင်ခိုမလေး၊ ယခု သူတွေ့ရသည့် အေးမကတော့ မှောင်ခိုမလေး မဟုတ်။

www.burmeseclassic.com



BURMESE CLASSIC .com

ကိုမြင့် သူ့မျက်လုံးများကို ပွတ်ကြည့်သည်။ မနှစ်မိုးတွင်း ဦးစံတင်ကို ရေထဲလိုက်ဆယ်ပြီးနောက် တစ်လလောက်ဖျားပြီးကတည်းက သူ ကောင်းကောင်း နေမကောင်း။ ဦးစံတင်ကို ဆယ်တုန်းက ပင်လည်း ပင်ပန်းလွန်းသည်။ အအေးလည်း မိသည်။ ပင်ကိုဉတုခာတ်ခံကလည်း အားနည်းနေသည်။ ငှက်ဖျား ရောဂါအခံလည်း ရှိသည်။ သည်ဒဏ်တွေအားလုံး စုပေါင်းကာ ကိုမြင့်ဖျားလိုက်သည်။ ဆယ်ရက်လောက်အပြင်းဖျားသည်။ အပူချိန် တစ်ရာ့ငါး တစ်ရာ့ခြောက်လောက် ရှိသည်ဟု ကိုဖေခင်နှင့် ဖိုးလှချိုတို့က ပြန်ပြောကြသည်။

'အဲဒီတုန်းကများကွာ ပြင်းလိုက်တဲ့အဖျား၊ ငါတော့ မျက်လုံးကို ပြူးနေတာပဲ'

ကိုဖေခင်က မျက်လုံးပြူး မျက်ဆံပြူးဖြင့် ပြောသည်။

'ပြင်းမှာပေါ့ဗျ၊ ရင်ထဲမှာ အပူတွေရှိတာကိုး၊ ဖျားတော့ ကန်ထွက်တာပေါ့'

ဖိုးလှချိုက ထုံးစံအတိုင်း စပ်ဖြီးဖြီးဖြင့် ဝင်ထောက်သည်။ သည်တစ်ချီတော့ ကိုမြင့်ကို နည်းနည်းထိသည်။

'ဒါတော့ ဒါပေါ့ကွ၊ သီတတေဇောက ငုပ်သွားပြီ။ ဥဏှတေဇောက သိပ်အားကြီးတော့ ကန်ထွက်တာပေါ့'

ကိုဖေခင်က တိုင်းရင်းဆေးကလေး ဘာလေးလည်း ဝါသနာပါသည်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဥဏှတေဇောက သိပ်အားကြီးတာ၊ ဥဏှတေဇောအားကြီးတော့ ကန်ထွက်ကုန်တာပေါ့။ ဥဏှတေဇောတွေ ကန်တာမှ အတုံးလိုက်၊ အတစ်လိုက်တွေ'

ဖိုးလှချိုက တဟားဟားရယ်သည်။ တေဇော တေဇောဟုလည်း ပါးစပ်က တဖွဖွရွတ်သည်။

'ဘာအတုံးလိုက် အတစ်လိုက်လဲဗျ'

'ဘာအတုံးလိုက် အတစ်လိုက်ရမှာလဲ။ တစ်ရာ့ငါး တစ်ရာ့ခြောက်တက်တုန်းက ကယောင်ကတမ်းလျှောက်ကန်တဲ့ တေဇောတွေလေ။ ပြောလိုက်တာမှ စုံလို့ပဲ။ ဖျံတဲ့၊ ငါ့ကို နှစ်ဆယ်ရာစုငကြောင် မှတ်နေသလားတဲ့။ ငါကစေတနာနဲ့ လုပ်ပေးခဲ့တာတဲ့၊ ခုတော့ ငါ့ကို အရူးလုပ်သွားသတဲ့၊ ငကြောင်ဖြစ်အောင် လုပ်သွားသတဲ့၊ အို စုံနေတာပဲ။ ပြီးတော့ အဘိဓမ္မာဆန်ဆန်၊ ကဗျာဆန်ဆန် စကားတွေလဲ ပါသေးတယ် မဟုတ်လားဗျ။ ဘာတဲ့ ဘဝဆိုတာ အမှောင်ချည်းပဲ မဟုတ်ဘူးတဲ့။ အလင်းလဲရှိသတဲ့။ ဒါတော့ သူပြောမှလား။ အေးမ၊ အေးမနဲ့

www.burmeseclassic.com



ရွတ်လိုက်တာကလဲ ပုတီးစိပ်တာ ကျနေတာပဲ။ ကျုပ်တော့ ဒီကောင် ပေါက်သွားပြီ ထင်နေတာ’

ဖိုးလုရှိုက ကိုမြင့်ဖျားတုန်းက ကယောင်ကတမ်း စကားပြောခဲ့သည့် စကားတွေကို ပြန်ရွတ်ပြသည်။ ကိုဖေခင်က ရယ်သည်။ ကိုမြင့်က ပြုံးရုံသာ ပြုံးနိုင်သည်။

‘အမယ်၊ ပြီးတော့ ကဗျာတွေ ဘာတွေလဲ ရွတ်သေးသဗျ။ သည်ကွေ့တွင် နေ့ကုန်မျှောပါရ၊ အတောမသတ်နိုင်တဲ့ ရဟတ်ဗွေတွေရော၊ နင့်ကို နင်ပေးခဲ့တဲ့ ဓားနဲ့ပြန်ထိုးမယ်ဆိုတာတွေရော စုံလို့ပဲ။ တဖောတွေလေ၊ တဖောတွေ ကန်နေတာ၊ အတုံးလိုက် အတစ်လိုက်ပဲ’

ဟုတ်လောက်သည်။ ဖိုးလုရှိုစကားသည် မှန်လောက်သည်။

သည်စကားများသည် ဖိုးလုရှို ပါးစပ်မှ လုပ်ကြံတီထွင်ထားသည့် စကားများမဟုတ်နိုင်။ သူ့ပါးစပ်က ထွက်ခဲ့သော စကားများ ဖြစ်ရမည်။

‘အဲဒါတွေကြောင့် အပူသိပ်ကြီးတာ ဖြစ်မှာပေါ့ကွ၊ အပူအစိုင်အခဲက တဖြည်းဖြည်း ကြီးလာတော့ ပွင့်ကန်ကုန်တာပေါ့’

‘ကျုပ်တော့ သိလိုက်ပါပြီ၊ ဒီကောင့်အပူက သိပ်တော့ မလွယ်တော့ဘူးလို့။ လေစက်က အင်ဂျင်ကြီးများ ပျက်ရင် သိပ်မပူရတော့ဘူး၊ လေစက်ကြီးကို မင်းအပူနဲ့ မောင်းလို့ ရချင်ရမှာ’

ဖိုးလုရှိုက နောက်သည်။

‘တော်စမ်းပါဗျာ၊ ဖျားနေတော့ ကယောင်ကတမ်းလျှောက်ပြောတာ ဖြစ်မှာပေါ့’

‘မင်း ဂယောင်ကလဲကွာ၊ ဂယောင်ပဲ ဂယောင်လွန်းတယ်’

ကိုမြင့် ဘာမျှ မပြောတော့။ ဖိုးလုရှိုကို ရှင်းလင်းချက် ထုတ်နေလျှင် သည့်ထက်သည် ဆိုးတော့မည်။ သူ့ပါးစပ်က သည်စကားတွေ ထွက်ခဲ့သည်ဆိုတော့ သူ့ရင်ထဲတွင် သည်စကားတွေ ရှိနေလိမ့်မည်။ ရှိနေခဲ့လိမ့်မည်။ သူ့စိတ်ထဲတွင် အေးမကို ဖွံ့မလေးတစ်ယောက်ဟု ပေါ့ပေါ့တန်တန် သဘောထားခဲ့သည့်တိုင် သူဖျားနေတုန်းက သည်စကားတွေ ထွက်ခဲ့သည်ဆိုတော့ အေးမသည် သူ့စိတ်ထဲတွင် မသိမသာ ကြီးစိုးနေပြီ။

ယခုလည်း ကိုမြင့်ရှေ့က မြင်ကွင်းကို ကြည့်၍ အံ့အားသင့်နေသည်။

သူ့ရှေ့တွင် သဏ္ဍာန်များစွာ ရှိသည့်အနက် သဏ္ဍာန်တစ်ခုဆီသို့ မျက်လုံးရောက်သွားတော့ သူ့မျက်လုံးများက ပြူးကျယ်သွားကြသည်။

www.burmeseclassic.com



သဏ္ဌာန်က မိန်းမပျိုကလေးတစ်ယောက်။ အသက်နှစ်ဆယ်တစ်ဝိုက် လောက်တွင် ရှိဦးမည်။

ယောကျ်ားဝတ် စစ်ရောင် တက်ထရွန်အင်္ကျီလက်ရှည်ကို လက်ခေါက်၍ ဝတ်ထားပြီး အစိမ်းရောင် တက်ထရွန်ထမီကို ဝတ်ထားသည်။ ခေါင်းတွင် အစိမ်းရောင် အဝတ်ဦးထုပ်ကို ခပ်မော့မော့ဆောင်းထားသည်။ ခြေတွင် ခြေအိတ် အဖြူကို စွပ်ထားပြီး ကင်းဗတ် ဘွတ်ဖိနပ်အဖြူကို စီးထားသည်။ ထမီတိုတို ဝတ်ထားသဖြင့် အဖြူရောင် ခြေအိတ်နှင့် အစိမ်းရောင် ထမီကြားတွင် ခြေသလုံး များက ဝင်းလက်နေသည်။ ရေပုလင်းတစ်လုံးကို စလွယ်သိုင်းထားပြီး လက်တွင် တုတ်တစ်ချောင်းကို ကိုင်ထားသည်။

မိန်းမပျိုသဏ္ဌာန်သည် သူ့မြင်ကွင်းတွင် ဆန်းနေသည်။

မနှစ်က တစ်နှစ်လုံး ကိုမြင့် မကျန်းမာ၊ မကြာမကြာ ငှက်ဖျားထ တတ်သည်။ ကလိုရိုကွင်း စားရလွန်းသဖြင့် သူ့အသားက ဝါဖျော့ဖျော့၊ လူက လည်း ခပ်ချည့်ချည့်။ ပင်ပင်ပန်းပန်း သိပ်မလုပ်နိုင်။

ယာယီအလုပ်ဝင်လုပ်သည့်အခါမျိုးမှာပင်လျှင် ပင်ပင်ပန်းပန်း အလုပ် မျိုးတွေကို ကိုမြင့် မလုပ်နိုင်။ ကျန်းမာတုန်းကတော့ ကျောက်မီးသွေးများကို ကမ်းနားသို့ ပုံချရသည်။ မြစ်သာမြစ် တစ်ဘက်ကမ်းကို ပစ္စည်းတွေ ပို့ရသည်။ ယခု သည်အလုပ်တွေကို လုပ်နိုင်လောက်အောင် အင်အားမရှိ။

သည်တော့ အလုပ်သမားလို၍သာ ဝင်လုပ်ရသည့် ယာယီအလုပ်မှာ ပင် ပေါ့ပါးလွယ်ကူသော အလုပ်မျိုးကိုမှ လုပ်ရသည်။ ရုံးက စာပို့စာယူ အလုပ်မျိုး၊ ရုံးကားဒရိုင်ဘာ မအားသည့်အခါတွင် ရုံးကားကို ဝင်မောင်းရသည့် အလုပ်မျိုး၊ ဝန်ပေါ့ပစ္စည်းကို သယ်သည့် အလုပ်မျိုး။

သူငယ်မက သူ့ကို မြင်ဟန်မတူ။ ကော်လာတပ်သည့် ယောကျ်ား ဝတ် အစိမ်းရောင် တက်ထရွန်လက်ရှည်၊ အစိမ်းရောင်တက်ထရွန်ထမီ၊ အစိမ်း ရောင်ဦးထုပ်၊ အဖြူရောင်ခြေအိတ်နှင့် အဖြူရောင် ကင်းဗတ်ဖိနပ်။

အစိမ်းနှင့် အဖြူရောင်ထဲက အသားဝါဝါ သူငယ်မလေး။

ဆံပင်နနတို့က အစိမ်းရောင် အဝတ်ဦးထုပ်အောက်မှ တိုးထွက်လာ ကာ ပခုံးနှစ်ဖက်ပေါ်တွင် ဝဲပုံ့ဆင်းနေသည်။ ရှေ့က ဆံနွယ်များက နဖူးပေါ်သို့ ကျလာပြီး နားရွက်တွေကို ဖုံးကာ ပါးပြင်နုထွေးထွေးပေါ်သို့ ဝဲဆင်းသွားသည်။ ဆံပင်နက်နက်တွေက မျက်နှာဝါဝါကလေးကို ဘောင်ခတ်ထားတော့ သူ့မျက်နှာ ဝါဝါနှင့် လည်တိုင်သွယ်သွယ် ပို၍ ဝင်းနေသည်။ ပို၍ ရှင်းနေသည်။

www.burmeseclassic.com


သူ့ဘေးနားတစ်ဝိုက်မှ ကျောက်တုံးကို တူဖြင့် ထုသံ၊ စကားပြောသံ၊ ရယ်သံတို့ကို ကြားရသည်။

မန္တလေးတက္ကသိုလ် ဘူမိဗေဒအဓိက ပထမနှစ်ကျောင်းသူကျောင်းသားများ သစ်ချောက်မိုင်းကိုလာ၍ လေ့လာခြင်း ဖြစ်သည်။ ကျောင်းသူက နှစ်ဆယ်လောက်၊ ကျောင်းသား သုံးဆယ်လောက် ရှိမည်။

သူတို့က သစ်ချောက်မိုင်းတစ်ဝိုက်က ဘူမိဗေဒကို လေ့လာမည်။ သစ်ချောက် ကျောက်မီးသွေးမိုင်းကို လေ့လာမည်။

ကိုမြင့်နှင့် အလုပ်သမားတစ်ယောက် ရုံးခန်းက တာဝန်ပေးသဖြင့် ဒေါက် သုံးချောင်းတပ် တိုင်ထွာရေး ကိရိယာများ၊ ဝန်စည်စလည်များကို ထမ်း၍ လိုက်ပို့ရသည်။

ပထမ မြစ်သာမြစ် တောင်ဘက်ကမ်းက မြေကြီးများ၊ ကျောက်လွှာများကို လေ့လာမည်။ သည့်နောက်မှာ တောင်ဘက်ကမ်းနှင့် မြောက်ဘက်ကမ်းရှိ ကျောက်မီးသွေးမိုင်းများကို လေ့လာမည်ဟု ဆိုသည်။

ကိုမြင့် ဇဝေဇဝါ။

အေးမနှင့်တော့ ခွဲမရအောင်တူသည်။ သို့ရာတွင် အေးမက တက္ကသိုလ်ကျောင်းသို့ တက်သည်ဟု သူ မကြားစဘူး။ အေးမနှင့် သူ ခွဲခဲ့သည်မှာ တစ်နှစ်ကျော်ကလေးသာ ရှိသေးသည်။ ထိုနှစ်အတွင်း တက္ကသိုလ်ဝင် စာမေးပွဲအောင်၍ ကျောင်းတက်သည်လော၊ သို့မဟုတ် လူချင်းတူ၍လော။

မိန်းကလေး တစ်ယောက်ကို ကြည့်လျှင် ဈေးသည်နှင့် ကျောင်းသူကို အလွယ်တကူ ခွဲခြား၍ သိနိုင်သည်။ မည်သည့်နေရာတွေမှာ ကွဲပြားသည်ဟုတော့ မပြောနိုင်။ ကွဲပြားသည်ကတော့ အမှန်ဖြစ်သည်။ သူမြင်နေရသည့် ကလေးမက အေးမနှင့်တော့ တူသည်။ သို့ရာတွင် ဈေးသည်ဟန်မပေါက်၊ ကျောင်းသူဟန် ပေါက်သည်။ စကားပြောပုံ၊ လှုပ်ရှားပုံ၊ လမ်းလျှောက်ပုံ၊ ရယ်ပုံ၊ မျက်နှာထားပုံ၊ ဝတ်စားဆင်ယင်ပုံကအစ ကျောင်းသူဟန် အပြည့်ရှိသည်။ သည်တော့ အေးမနှင့် တူသော်လည်း အေးမတော့ မဟုတ်တန်ရာ။

သူတို့ကို ဆရာတစ်ယောက်၊ ဆရာမတစ်ယောက် ကြီးကြပ်ပါလာသည်။ နှစ်ယောက်စလုံး သိပ်မကြီးကြသေး။ သုံးဆယ်ပတ်ဝန်းကျင်လောက်မှာ ရှိကြသေးသည်။ ဆရာရော ဆရာပါ ကျွဲကောကိုင်း မျက်မှန်များကို တပ်ထားသည်။

www.burmeseclassic.com



ဆရာနှင့် ဆရာမက သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ၊ တူတစ်လက်ဖြင့် ကျောက်တုံးများကို ထုဖဲ့ကြည့်နေကြသည့် ကျောင်းသူကျောင်းသား အုပ်စုတွေဆီ လျှောက်သွားရင်း ရှင်းပြကြသည်။ သူတို့ စကားများကို ကိုမြင့်ကောင်းကောင်း မကြားရ။ မီးသင့်ကျောက်၊ အနည်ကျကျောက်၊ အသွင်ပြောင်းကျောက်ဆိုသည့် စကားများကို မကြာခဏ ကြားရသည်။

ကိုမြင့် မျက်လုံးများကတော့ အေးမနှင့်တူသည့် သူငယ်မဆီသို့ ရောက်နေသည်။ သူတို့အဖွဲ့ဝင် ငါးယောက်အနက် အားလုံး မိန်းကလေးတွေချည့် ဖြစ်သည်။ တစ်ယောက်က တရုတ်ကပြား ဖြစ်ဟန်တူသည်။ မျက်လုံးမှေး၍ နှာခေါင်းပြားသည်။ တစ်ယောက်ကတော့ ရှည်ရှည်တောင့်တောင့်၊ အသားညိုညို၊ ကျွဲကောကိုင်း မျက်မှန်ကြီးတပ်ထားသည်။ ယောကျ်ားကြီး တစ်ယောက်လို မာတောင့်တောင့်ကြီး ဖြစ်သည်။ ကျန်နှစ်ယောက်က အရပ်ခပ်ပြတ်ပြတ်။ အသားလတ်လတ်။

သူတို့တစ်သိုက်က ကမ်းနားက ကျောက်တုံးမည်းမည်းကြီးတွေကို ထုခွဲနေကြသည်။ သည်နားက ကျောက်တုံးကြီးတွေက မြေပေါ်ထိုးထွက်နေသည့် ကျောက်မီးသွေး အပေါ်လွှာကြောကြီးများ ဖြစ်သည်ဟု အဘဦးစံတင်က ပြောဖူးသည်။ ကျောက်မီးသွေးအပေါ်လွှာကြောကို ထုရသဖြင့် သူတို့ လက်ဖြူဖြူနုနုကလေးများတွင် မီးသွေးမှုန့် ကပ်နေသည်။

နံနက် ၇– နာရီက ကွင်းဆင်းပြီး ၉– နာရီခွဲကျတော့ ကွင်းဆင်းသည့် လုပ်ငန်းကို ခဏနားသည်။ လုံးဝနားခြင်းမဟုတ်၊ သစ်ပင်တစ်ပင်အောက်တွင် ဝိုင်းထိုင်၍ ဆွေးနွေးကြခြင်း ဖြစ်သည်။ စောစောက ထုခွဲလာသည့် ကျောက်တုံးများကို အလယ်တွင် ပုံထားသည်။ ကျောက်တုံးများက အရွယ်စုံသည်။ အရောင်စုံသည်။ တချို့ မည်းမည်း၊ တချို့က ဖြူဖြူ၊ တချို့က နီနီကျင့်ကျင့်၊ တချို့က ဝါလွှဲလွှဲ။

အမျိုးအစားကလည်း စုံသည်။ စကျင်ကျောက်၊ နှမ်းပတ်ကျောက်၊ အင်ကြင်းကျောက်၊ သလင်းကျောက်၊ ရေးလ်ကျောက်၊ လိပ်သဲကျောက်၊ ထုံးကျောက်။

ဆရာက ကျောက်ခဲ အမျိုးအမည်များကို ခွဲပြသည်။ ဂျီယိုခရိုနိုလိုဂျီခေါ်သည့် ကျောက်သက်ဗေဒကို ရှင်းပြသည်။

ဆရာတို့ ငယ်ငယ်တုန်းက ရောဘတ်ဘန်းစ်ဆိုတဲ့ စကော့ကဗျာဆရာတစ်ယောက်ရဲ့ ကဗျာလေးတစ်ပုဒ် သင်ဖူးတယ်’

www.burmeseclassic.com



ဆရာက ရောဘတ်ဘန်းစ်၏ ကဗျာတိုကို အင်္ဂလိပ်လို ရွတ်ပြသည်။

'သမုဒ္ဒရာတွေ ခန်းသည်အထိ မင်းကို ချစ်ပါ့မယ်'တဲ့

'နေမင်းကြီးနဲ့အတူ ကျောက်ဆောင်တွေ အရည်ပျော်သည်အထိ မင်းကို ချစ်ပါ့မယ်'တဲ့။ ဆရာတို့ မြန်မာမှာလဲ သီတာရေမြေဆုံးစေတော့တို့ဆိုတာတွေ ရှိတယ်။ ဒါကို ရွတ်ပြတော့ တပည့်တို့က ဘူမိဗေဒနဲ့ ဘာဆိုင်လို့လဲလို့ မေးကောင်းမေးမယ်'

ဆရာက မျက်မှန်ကို ချွတ်ပြီး လှမ်းကြည့်သည်။

'ဟုတ်တယ်။ ရုတ်တရက်ကြည့်ရင်တော့ မဆိုင်ဘူး။ ဒါပေမယ့် ဘူမိဗေဒသမားတစ်ယောက်က ဘူမိဗေဒအမြင်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ အဲဒီကဗျာလေးထဲမှာ ဘူမိဗေဒ သဘောတရားရဲ့ အခြေခံတွေ ပါနေတယ်။ ကောင်းပြီ။ ဒါဖြင့်ရင် ဘူမိဗေဒဆိုတာ ဘာလဲ၊ ဘူမိဗေဒဆိုတာ မြေကြီး။ ဟောဒီ ဆရာတို့ မှီတင်းနေထိုင်ရာ ကမ္ဘာမြေကြီးရဲ့ ဖြစ်စဉ်သမိုင်းပဲ။ ကမ္ဘာမြေကြီးဟာ အသက်အားဖြင့် နုနယ်သလား၊ အိုမင်းပြီလား၊ အတိတ်နဲ့ ပစ္စုပ္ပန်ရဲ့ ဘူမိဖြစ်စဉ်၊ ဘူမိသမိုင်းတွေဟာ အတူတူပဲလား၊ ခြားနားကြသလား။ ခု ဆရာတို့ တွေ့မြင်နေရတဲ့ မြေပြင်၊ ကျောက်ခဲစတဲ့ ပစ္စည်းတွေဟာ ကမ္ဘာတည်စ ကတည်းက ဒီအတိုင်း ရှိနေခဲ့ကြတာလား၊ အချိန်နဲ့အမျှ ပြောင်းလဲခဲ့ကြသလား၊ ဒါတွေဟာ ဘူမိဗေဒက လေ့လာတဲ့ ပြဿနာတွေပဲ။ ဘူမိဗေဒဟာ ၁၈ ရာစု ကုန်ခါနီးမှာ သိပ္ပံပညာတစ်ရပ်အနေနဲ့ ပေါ်ထွန်းလာတယ်။ ရှေ့ဆောင်သူတွေကတော့ ပြင်သစ် ဘူမိဒေဗပညာရှင် ဂျော့ကူဗီယေး။ အင်္ဂလိပ်ပညာရှင် ဝီလျံစမစ်၊ အင်္ဂလိပ်ပညာရှင် ဂျိမ်းစ်ဟတ်တန်၊ ချားလ်စ်လိုင်ယဲ စသူတို့ဖြစ်ပါတယ်။ အဲဒီသိပ္ပံပညာရှင်တွေနဲ့ နှောင်းခေတ် သိပ္ပံပညာရှင်တွေရဲ့ ခန့်မှန်းချက်အရ ဆရာတို့ ကမ္ဘာမြေကြီးရဲ့ အသက်ဟာ နှစ်ပေါင်း သန်း ၄၅၀၀ လောက်ရှိပြီလို့ ခန့်မှန်းကြတယ်။ အဲ ဂျိမ်းဂျင်းစ်ဆိုတဲ့ အင်္ဂလိပ်နက္ခတ္တဗေဒပညာရှင်တစ်ဦးကတော့ ကမ္ဘာမြေကြီးရဲ့ အသက်ကို ခန့်မှန်းလို့ လွယ်အောင် ပြောခဲ့တာရှိတယ်။ သူက ဧဝရက်လို မြင့်တဲ့ တောင်ကြီးတစ်ခုလုံးကို စာကလေး တစ်ကောင်က တစ်နေ့ကို နှုတ်သီးလေးနဲ့ နည်းနည်း နည်းနည်း ဖဲ့နေပုံကို မှန်းကြည့်စမ်းတဲ့။ ဒီနည်းနဲ့ ဖဲ့သွားရင် ဧဝရက်တောင်ကြီးဟာ ဘယ်အချိန်လောက်ကျမှ မြေပြင်နဲ့ ညီသွားမယ်ထင်သလဲတဲ့။ အဲ...ကမ္ဘာမြေကြီးရဲ့ သက်တမ်းဟာ အဲဒီလောက် ကြာခဲ့ပြီတဲ့။ ဒီအတောအတွင်းမှာ ဆရာတို့ ကမ္ဘာမြေကြီးဟာ ဘူမိခေတ်ကြီးတွေကို ဖြတ်သန်းခဲ့ကြတယ်။ လွန်ခဲ့တဲ့ အနှစ် သန်း ၆၀ ကို

www.burmeseclassic.com


အီယိုဆင်းခေတ်၊ အနှစ် သန်း ၄၀ ကို ဩလီဂိုဆင်းခေတ်၊ လွန်ခဲ့တဲ့ အနှစ် ၂၅ သန်းကို မိုင်ယိုဆင်းခေတ်၊ အနှစ် ၁၂ သန်းကို ပလိုင်ယိုဆင်းခေတ်၊ အနှစ် ၁ သန်းကို ပလိုင်စတိုဆင်းခေတ် စသဖြင့် ခေါ်ခဲ့ကြတယ်။ အဲဒီ ဘူမိခေတ်ကြီးတွေတုန်းက ဆရာတို့ ခုတွေ့နေရတဲ့ ကျောက်ဆောင်တွေ၊ ကျောက်ခဲတွေဟာ ရေခဲတွေ ဖြစ်ကောင်းဖြစ်နေမယ်။ ဒါမှမဟုတ် ဒီကျောက်ခဲမျိုး တစ်မျိုးမဟုတ်ဘဲ တခြား ကျောက်မျိုးတွေ ဖြစ်ချင်ဖြစ်နေမယ်။ အဲဒီခေတ်က တချို့ ကျောက်တွေဟာ အရည်ပျော်ကောင်း ပျော်ခဲ့ကြမယ်။ ခုနက ရောဘတ်ဘန်းစ်ရဲ့ ကဗျာလိုပေါ့၊ 'မင်းကို ကျောက်ဆောင်တွေ အရည်ပျော်နေတဲ့အထိ ချစ်နေမယ်၊ သီတာရေမြေ ဆုံးတဲ့အထိ ချစ်နေမယ်'ဆိုတာ ဘူမိဗေဒသဘောနဲ့ပြောရင် မင်းကို ဘူမိခေတ်ကြီး တစ်ခေတ်ကုန်ဆုံးတဲ့အထိ ချစ်နေမယ်ဆိုတဲ့ သဘောပေါ့'

'မိုက်၊ မိုက်'

ကျောင်းသားတချို့က နောက်ပိုင်းမှ ခပ်အုပ်အုပ် အော်သည်။ ကျောင်းသူများပါ ပါးစပ်အုပ်၍ ပြုံးကြသည်။

'တကယ်လို့သာ ရောဘတ်ဘန်းစ်ဟာ လွန်ခဲ့တဲ့ အနှစ်တစ်သန်းလောက်က မွေးခဲ့ပြီး ယဉ်ကျေးမှုလဲ ထွန်းကားခဲ့မယ်ဆိုရင် 'မင်းကို ပလိုင်စတိုဆင်းဘူမိခေတ်ကြီး ကုန်ဆုံးတဲ့အထိ ချစ်မယ်'လို့ ရေးချင်ရေးခဲ့မလား မသိဘူး'

'မိုက်၊ မိုက်'

'အဲဒါဟာ ဘူမိဗေဒရဲ့ အကိုင်းအခက် တစ်ခုဖြစ်တဲ့ ဂျီယိုခရိုနိုလိုဂျီခေါ်တဲ့ ကျောက်သက်ဗေဒအရ သိပ္ပံပညာရှင်တွေက ခန့်မှန်းခဲ့ကြတာ။ ကျောက်သက်ကိုကြည့်ပြီး ကမ္ဘာမြေကြီးရဲ့ အသက်ကို ခန့်မှန်းတယ်ဆိုပါတော့'

ဆရာက မတ်တပ်ထသည်။ သူ့လက်နှစ်ဖက်က ဘောင်းဘီအိတ် ထဲသို့ ထိုးထည့်ထားသည်။

'လက်ရှိ ကျောက်တွေကို ယူရေနီယံဒိတ်တင်းလို့ခေါ်တဲ့ နည်းနဲ့တွက်တာ၊ ကျောက်တုံးထဲမှာပါတဲ့ ယူရေနီယံဓာတ်တွေ ကူးပြောင်းပုံအရ သက်တမ်းကို တွက်ချက်တယ် ဆိုပါတော့'

ဆရာက ယူရေနီယံခေါ် ရေဒီယိုသတ္တိဖြင့် ကျောက်၏ သက်တမ်း၊ ကမ္ဘာမြေကြီး၏ သက်တမ်းတို့ တိုင်းထွာတွက်ချက်ပုံကို ရှင်းပြသည်။

'ကျောက်သက် ဗေဒကတော့ ဒီလောက်ပဲ ဆရာပြောထားဦးမယ်၊ နောက်တစ်ခု ပြောချင်တာက ကျောက်သံသရာ၊ ဆိုင်ကယ်အော့ဖ်ရော့ခ်လို့ ခေါ်တဲ့ ကျောက်သံသရာ'

www.burmeseclassic.com



'ကျောက်မှာ သံသရာရယ်လို့ ရှိသေးလို့လား ဆရာ'

'သိပ်ရှိတာပေါ့။ မင်းတို့ ဆရာတို့လိုပေါ့။ ဆရာတို့ လူတွေမှာ မုန်းကြ၊ ချစ်ကြ၊ ပျော်ကြ၊ လွမ်းကြ၊ ငိုကြ၊ ရယ်ကြ၊ ဆင်းရဲကြ၊ ချမ်းသာကြ ဆိုပြီး သံသရာလည်နေသလိုပေါ့။ အကြောင်းတစ်ခုခုကြောင့် ပတ်ဝန်းကျင်တစ်ခုခုကြောင့် ချစ်ရာက မုန်းသွားကြတယ်။ မုန်းရာက ချစ်သွားကြတယ်၊ ကောင်းရာက ဆိုးပြီး ဆိုးရာက ကောင်းသွားကြတယ်။ လွမ်းရာက ပျော်ပြီး ပျော်ရာက လွမ်းသွားကြတယ်'

'ဒါဖြင့် ကျောက်တုံးတွေမှာကော မုန်းရာမှ ချစ်ပြီး ချစ်ရာက မုန်းသွားကြသလားဆရာ'

'အဟင်း၊ ဒါကတော့ ကျောက်တုံးကြီးကိုယ်စား မေးတာလား၊ မင်းကိုယ်စား မေးတာလား'

'ဟဲ...ဟဲ ကျောက်တုံးကြီး ကိုယ်စားပါ ဆရာ'

'ဒါဖြင့် သံသရာဆိုတာကိုတော့ မင်း သိတယ်နော်'

'သိပါတယ်ဆရာ'

'ကဲ ဒါဖြင့် သံသရာဆိုတာ ဘာလဲ၊ မင်းပြောစမ်း'

ဆရာက ကျောင်းသားကိုမေးသည်။

'တဝဲလည်လည် ထပ်ဖြစ်တာ ဆရာ'

'သက်စ်ရိုက်၊ တဝဲလည်လည် ထပ်ဖြစ်တာ။ တိတိကျကျ ပြောရရင် စက်ဝိုင်းသဖွယ် လည်ပတ်ခြင်းလို့ အဓိပ္ပာယ်ထွက်တယ်။ အင်္ဂလိပ်လိုဆိုတော့ ဆိုင်ကယ်လ်ပေါ့။ မင်းတို့မှာ အချစ်သံသရာတွေ၊ အမုန်းသံသရာတွေ၊ အလွမ်းသံသရာတွေ ရှိသလို ကျောက်တုံးတွေမှာလဲ သံသရာရှိတယ်။ ကျောက်ထုကျောက်လွှာတွေမှာ ဖြစ်လိုက်ပျက်လိုက်၊ အသစ်တစ်ဖန်ဖြစ်လိုက်၊ တစ်မျိုးက တစ်မျိုးကို အသွင်ပြောင်းလိုက် ဒါကို ဘူမိဗေဒစကားနဲ့ ပြောရင် ဆိုင်ကယ်အော့ဖ် ရော့လို့ ခေါ်တယ်၊ ကျောက်သံသရာပေါ့'

ကျောက်သံသရာ စကားလုံးက ဆန်းသည်။ သည်တော့ ကိုမြင့် စိတ်ဝင်စားသည်။

'ကမ္ဘာပေါ်မှာ ကျောက်အမျိုးအမည်တွေ ဘယ်လောက်များများ ချုပ်ကြည့်လိုက်ရင် ကျောက်အမျိုးကြီး သုံးမျိုးပဲရှိတယ်။ အဲဒါတွေကတော့ ကျောက်ကြီးရောဂါရယ်၊ ရေကျောက်ရယ်၊ နွားကျောက်ရယ်'

ဆရာက ခပ်တည်တည် အရွှမ်းဖောက်သည်။

www.burmeseclassic.com



ဟဲ ...ဟဲ၊ ဆရာက မင်းတို့ ပျင်းမှာ စိုးလို့ပါ။ ဟုတ်တယ်၊ ကျောက် အမျိုးအစားကြီး သုံးမျိုးပဲရှိတယ်။ ပရိုင်မာရီရော့ခေါ်တဲ့ အရင်းခံကျောက်၊ မီးသင့်ကျောက်လို့လဲခေါ်တယ်။ ဆက်ဒီမင်ထရီရော့ခ်လို့ ခေါ်တဲ့ အနည်ကျ ကျောက်၊ မက်တာမိုးဖစ်ခ်လို့ခေါ်တဲ့ အသွင်ပြောင်းကျောက် ဆိုပြီး သုံးမျိုးရှိတယ်။ အခု ဟောဒီ ကျောက်တွေအားလုံးဟာ အဲဒီသုံးမျိုးထဲမှာ အကျုံးဝင်ကြတယ်'

ဆရာက ကျောက်တုံးများကို ပြသည်။

'ဟောဒီ မြေကြီးရဲ့ အတွင်းပိုင်းမှာ ကျောက်ရေပူတွေ ရှိတယ်၊ အဲဒီ ကျောက်ရေပူတွေဟာ တဖြည်းဖြည်း ခဲလိုက်လာရာက မီးသင့်ကျောက်တွေ ဖြစ်သွားတယ်။ အဲဒီမီးသင့်ကျောက်တွေဟာ ရေ၊ လေ၊ ရေခဲစတဲ့ သဘာဝ အင်အားစုတို့က တိုက်စားဖန်များတော့ ကျောက်စကျောက်နတွေဖြစ်၊ နောက် အမှုန်တွေဖြစ်ပြီး အနည်လွှာတွေ ဖြစ်လာတယ်၊ ကြာတော့ အပူချိန် ဖိအားနဲ့ ပတ်ဝန်းကျင် ဓာတ်သဘာဝတွေကြောင့် အနည်လွှာတွေဟာ အနည်ကျကျောက် တွေ ဖြစ်လာတယ်၊ မြေတွင်းလှုပ်ရှားမှုကြောင့် တွန့်ခေါက်လာတယ်၊ တွန့်ခေါက် လာရာက အပူချိန်နဲ့ ဖိအားကြောင့် အဲဒီကျောက်တွေဟာ အသွင်ပြောင်းပြီး အသွင်ပြောင်းကျောက်တွေ ဖြစ်သွားကြတယ်။ တစ်ခါ ဒီထက်ကြီးတဲ့ အပူချိန် နဲ့ ဖိအားကြောင့် အဲဒီအသွင်ပြောင်းကျောက်တွေဟာ အရည်ပျော်၊ အရည်က အေးသွားတော့ ခဲပြီး မီးသင့်ကျောက်တွေ ဖြစ်သွားကြပြန်တယ်။ ဒီနည်းအားဖြင့် ကျောက်တွေဟာ သံသရာ လည်နေကြတယ်။ ဥပမာအားဖြင့် ဟောဒီသင်ပုန်း ကျောက်ဟာ အသွင်ပြောင်းကျောက်မှာပါတယ်'

ဆရာက ခပ်မည်းမည်း ကျောက်တုံးတစ်တုံးကို ပြသည်။

'သူက မူလတုန်းက ရှေးလ်ကျောက်လို့ခေါ်တဲ့ ရွံ့ကျောက်ကနေ အပူနဲ့ ဖိအားပြင်းတဲ့အခါကျတော့ သင်ပုန်းကျောက်ဖြစ်သွားတယ်။ ဟောဒီ ထုံးကျောက်ဟာ အပူနဲ့ ဖိအားကြောင့် စကျင်ကျောက် ဖြစ်သွားတယ်။ ဟောဒီ သဲကျောက်ဟာ အပူနဲ့ ဖိအားကြောင့် သလင်းကျောက်ဖြစ်သွားတယ်။ ဒီတော့ ဆိုင်ကယ်လ်အော့ဖ်ရော့ခ်ဆိုတဲ့ ကျောက်သံသရာအကြောင်းကို မှတ်ထားဖို့က ကျောက်တွေဟာ အပူချိန်နဲ့ ဖိအားပြင်းရင် အသွင်ပြောင်းသွားတယ်ဆိုတာပဲ။ လူတွေ သံသရာလည်ကြသလို ကျောက်တွေလဲ သံသရာလည်ကြတယ်၊ စောစော က စကား ပြန်ဆက်ရင် မင်းတို့တစ်တွေ ချစ်ရာက မုန်းပြီး၊ မုန်းရာက ချစ်ကြ၊ ပျော်ရာက ဆွေးပြီး၊ ဆွေးရာက ပျော်ကြ၊ ကောင်းရာက ဆိုးပြီး၊ ဆိုးရာက ကောင်းကြသလိုပေါ့။ ကျောက်မှာက အပူနဲ့ ဖိအားကြောင့် အသွင်

www.burmeseclassic.com



ပြောင်းရတယ်၊ ဘဝပြောင်းရတယ်၊ လူမှာက ပတ်ဝန်းကျင် အကြောင်းတရား တစ်ခုခုကြောင့် အသွင်ပြောင်းရတယ်၊ ဘဝပြောင်းရတယ်။ အဲ...ကျောက်နဲ့လူ ကွာတာ တစ်ခုတော့ ရှိတယ်၊ ကျောက်က အသွင်ပြောင်းသွားပေမယ့် တစ်နေ့ ကျရင် နဂိုရှိရင်းစွဲ အခြေကို ပြန်ရောက်နိုင်တယ်၊ လူကတော့ အကြောင်းတစ် ခုခု သို့မဟုတ် ပတ်ဝန်းကျင် အခြေအနေ တစ်ခုခုကြောင့် ကောင်းရာဆိုး၊ ချစ်ရာက မုန်း၊ ပြုံးရာက လွမ်းရရင် နဂိုရှိရင်းစွဲကို ပြန်မရောက်နိုင်တော့ဘူး လို့ ဆရာထင်တယ်၊ အေးလေ ဆရာထင်ချင်တယ်၊ ဆရာ မှားများ မှားမလား မသိဘူး၊ မုန်းရာက ပြန်ချစ်ရသည့်တိုင် နဂိုအချစ် မဟုတ်တော့ဘူး။ နောက် အပြုံးတစ်ခုနဲ့ နောက်အချစ်တစ်ခုသာ ဖြစ်လိမ့်မယ်။ ကဲ ဒီနေ့တော့ ကျောက် သက်ဗေဒနှင့် ကျောက်သံသရာလောက်ပဲ အကြမ်းဖျင်း မှတ်ထားကြပေါ့'

ဆရာက နာရီကိုကြည့်သည်၊ ဆယ်နာရီကျော်နေပြီ။

တစ်ဖက်ကမ်းက မော်တော်က ပြန်မလာသေး။ ထို့ကြောင့် ဒီဘက် ကမ်းတွင် နားနားနေနေ မော်တော်စောင့်ကြသည်။

ကိုမြင့်က ဆရာပြောသည့် ကျောက်သံသရာအကြောင်းကို တွေးသည်။ သူထိုင်နေသည့် ကျောက်တုံးကြီးက ရေးလ်ကျောက်တုံးကြီးဖြစ်သည်။ ကျောက်မီး သွေးကြောများထဲတွင် မကြာခဏ တွေ့ဖူးသည့် ကျောက်မျိုးဖြစ်သည်။ နောင် တစ်နေ့တွင် သင်ပုန်းကျောက်အဖြစ် အသွင်ပြောင်းကောင်းပြောင်းလိမ့်မည်၊ ရှေးလ်ကျောက်အဖြစ်သို့ ပြန်ရောက်ကောင်း ရောက်လိမ့်မည်။ ဆရာပြောသွား သည့် ဥပမာအတိုင်း ကောက်ရလျှင် သူ့အချစ်ကတော့ အချစ်မှ အမုန်း၊ အမုန်းမှ အချစ်သို့ ပြန်ရောက်ဦးမည်လော။ ရောက်လျှင်ကော ဆရာပြောသလို နောက် အချစ်တစ်ခုလော၊ နောက် အပြုံးတစ်ခုလော။

'ဒီမှာ...ဒီမှာ ဦးလေး'

ကိုမြင့် နောက်သို့ လှည့်ကြည့်သည်။ သူ့ကိုခေါ်နေခြင်း ဖြစ်ပါ၏။ ကလေးမနှစ်ယောက်က သူ့ကိုခေါ်နေခြင်း ဖြစ်ပါ၏။ တစ်ယောက်က အေးမနှင့် တူသည့် ကျောင်းသူ၊ တစ်ယောက်က တရုတ်ကပြားမကလေး။

'ဟောတော့'

ကိုမြင့်လှည့်ကြည့်တော့ တရုတ်ကပြားမလေးက လျှာတစ်လစ်ထုတ်၍ တစ်ချက်ရယ်သည်။

'စုကလဲကွယ်၊ အားနာစရာကြီး၊ ဘယ်က ဦးလေးရမှာလဲ'

www.burmeseclassic.com


'အဲ…အဲ ယောင်လို့၊ ဒီကအလုပ်သမားကြီး၊ ကျွန်တော်တို့ကို သရဖီပန်း ခူးပေးပါလား'

စုဆိုသည့် တရုတ်ကပြားမလေးက ခပ်လှမ်းလှမ်းမှ သရဖီပင်ကြီးကို ပြသည်။

အော်…ဟုတ်ပါ၏။ ဖိုးလုချိုဆိုတတ်သည့် မြမြမောင်းမောင်းပတ်ပျိုးထဲကလို မြလွှာမှောင် တောင်ခိုးမြူးသည့် ရွှေဖီတို့ ဖူးကြသည့် မိန်ရာသီ ခါတော်ဦး ဖြစ်ပါ၏။

'ဘယ့်နှယ်လဲ အလုပ်သမားကြီး၊ ခူးပေးမယ် မဟုတ်လား'

ကလေးမက ထပ်မေးသည်။ အေးမနှင့်တူသည့် ကလေးမက ဘာမျှ မပြော၊ သူ့ကို အကဲခတ်ဟန် ကြည့်နေသည်။

'ဟုတ်…ဟုတ်ကဲ့ ရပါတယ်'

ကိုမြင့် မငြင်းသာ၊ ခါးတောင်းကျိုက်၍ သရဖီပင်ပေါ်သို့ တက်ခဲ့သည်။ သူ့ကို ရုတ်တရက်ကြည့်၍ ကလေးမက ဦးလေးဟု ခေါ်ခဲ့သည်။ ခေါ်ပါစေ။ သူတို့ခေါ်မည်ဆိုကလည်း ခေါ်ချင်စရာ ဖြစ်သည်၊ ခေါ်လောက်သည်။ မနှစ်က တစ်နှစ်လုံး ဖျားခဲ့သည့် ငှက်ဖျားဒဏ်ကြောင့် အသားက ဝါနေသည်။ မျက်နှာက ချောင်ကျနေသည်။ သည်အထဲတွင် အဝတ်ဦးထုပ် ခပ်နွမ်းနွမ်း ဆောင်းထားလိုက်သေးသည်။ ရုပ်သွင်ကလည်း ခပ်နွမ်းနွမ်း၊ အဝတ်အစားကလဲ ခပ်နွမ်းနွမ်း။

'အဲ…ဟိုဘက်နားက အကိုင်းမှာ အများကြီးပဲ'

ကိုမြင့်က သူတို့ပြောသည့်အတိုင်း အဖျားသို့တက်၍ ကိုင်းဖျားကို ချိုးချပေးသည်၊ မိနစ်နှစ်ဆယ်ကျော်လောက်ကျမှ ဆင်းခဲ့သည်။

အောက်ရောက်တော့ သူတို့နှစ်ယောက်က အရွက်များ ခြွေချနေကြသည်။ ခေါင်တွင် ဝေနေအောင် ပန်ထားကြသည်။ လက်ထဲက အဝတ်ဦးထုပ် အစိမ်းများထဲတွင် ပန်းပွင့်တွေ ပြည့်မောက်နေသည်။

ကိုမြင့်က သူ့ခါးထဲတွင် အမြဲတမ်းပါသည့် ဓားမြှောင်ကလေးဖြင့် အကိုင်းအခက်များကို ကူရှင်းပေးသည်။ အေးမဆီက သူယူတားလိုက်သည့် ဓားမြှောင်ကလေး၊ အရိုးကဆင်စွယ်၊ ဓားအိမ်တွင် ဆင်မြီးကွပ်လျက်။

'ဦးလေးက အဲ…ဒီက အစ်ကိုက သစ်ချောက်မိုင်းမှာ လုပ်တယ်နော်'

တရုတ်ကပြားမလေးက မေးသည်။

'အင်း ဆိုပါတော့'

www.burmeseclassic.com



သူ့အဖြေကြောင့် သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကြသည်။

အေးမနှင့် တူတော့တူသည်။ သို့ရာတွင် ဆရာပြောသည့် ကျောက်သံသရာထဲက ကျောက်ခဲလို ပတ်ဝန်းကျင် အခြေအနေတစ်ခုခု၊ အကြောင်းတစ်ခုခုကြောင့် ဘဝပြောင်းသွားသည်လော။ မဖြစ်နိုင်၊ ဒီလောက် မမြန်နိုင်။

အေးမဆိုလျှင် သူ့ကို သိမည်၊ မှတ်မိမည်၊ ဟန်ဆောင်ပန်ဆောင်သော်လည်း နှုတ်ဆက်မည်။ မမြင်ဟန်ပြုပြီး ရှောင်၍ သွားလျှင်လည်း သွားမည်။

သူငယ်မနှစ်ယောက်က သူတို့နှစ်ယောက်ချင်း ပြောကာ ကြည့်၍ ရယ်နေကြသည်။

မိန်းမဆိုသည့် သတ္တဝါက ဆန်းသည်။ သူတို့က အနည်းစုဖြစ်နေလျှင် ကျားရှေ့တွင် ရောက်နေသည့် သိုးငယ်လေးတွေလို ငြိမ်နေသည်။ သူတို့က အများစုဆိုလျှင် ကြောင်ကလေးတွေ မြူးတူးသလို မြူးတူးကြသည်။ အနားတွင်ရှိသည့် ယောကျ်ားလေး တစ်ယောက်ကို ကြွက်ကလေး တစ်ကောင်လောက်ပင် သဘောတားပုံမရ။

'ဒီက အစ်ကို အလုပ်သမားကြီး နာမည်က ဘယ်လိုခေါ်ပါသလဲ'

'ဖိုးခွေးပါ'

ကိုမြင့် ရယ်ချင်သည်။ မရည်ရွယ်ဘဲ အလိုအလျောက် ထွက်သွားသည်။ ပါးစပ်ထဲတွေ့သည့် သူငယ်ချင်းတစ်ယောက်၏ နာမည်ကို ရွတ်မိလျက်သား ဖြစ်သည်။

'ဟင် ကိုဖိုးခွေးဆိုတော့ နာမည်ကြီးတွေက လှလဲမလှဘူး၊ လူနဲ့လဲ မလိုက်ဘူး'

သူငယ်မက ဆိုသည်။

အေးမနှင့်တူသည့် သူငယ်မက သူ့အဖော်ကို မသိမသာ လှမ်းဆိတ်သည်။

'ကဲ အလုပ်သမားကြီး ကိုဖိုးခွေးကို ကျေးဇူးတင်ပါတယ်နော်၊ ကျွန်တော့်နာမည်က စုစုလဲ့၊ မန္တလေးကပါ။ သူက တိုးတဲ့၊ မုံရွာက မှတ်ထားနော်။ ရော့ အလုပ်သမားကြီး ကိုဖိုးခွေးဖို့ လက်ဖက်ရည်ဖိုး၊ လက်ခံပါနော်၊ စိတ်မရှိပါနဲ့'

ကိုမြင့်က ငြင်းသည်။

www.burmeseclassic.com



'လက်ခံပါဗျ၊ ပန်းခူးပေးလို့ ပေးတယ် မအောက်မေ့ပါနဲ့၊ လူတစ်ယောက်ဟာ သူ့လုပ်အားအတွက် ထိုက်သင့်တဲ့ ခံစားခွင့် ရှိတဲ့ သဘောပါ'

ကိုမြင့်က ခါးခါးသီးသီး ငြင်းသည်။ လာပြန်ပြီ၊ စေတနာနှင့်လုပ်ပေးသည်ကို အခကြေးငွေ ယူရသည့်အဖြစ်မျိုး။

'ကဲ အလုပ်သမားကြီး ကိုဖိုးခွေး၊ မယူရင်လဲ ထားခဲ့ရတော့မှာပဲ၊ စိတ်မရှိပါနဲ့၊ ဟော မော်တော်လဲလာပြီ၊ သွားမယ်နော်'

စုစုက ငါးကျပ်တန်အသစ်ကလေးတစ်ရွက်ကို ကျောက်တုံးပေါ်တင်ထားပြီး တိုးလက်ကိုဆွဲလျက် ကမ်းစပ်သို့ ဆင်းပြေးသည်။

သူတို့ဆံပင်နုနုကလေးများက လေတွင် လွင့်ဝဲနေကြသည်။ တိုးက ပြုံးဟဟနှင့် သူ့ကို သမင်လည်ပြန်လှည့်ကြည့်သည်။

ကိုမြင့်က တိုးခေါင်းမှ ကြွေကျခဲ့သည့် ပန်းခိုင်ကလေးကို ကောက်မွေးမိသည်။ သရဖီပန်းခိုင်ကလေးကို လက်ထဲတွင် ထောင်ပြရင်း ကျန်ရစ်ခဲ့သည်။

တိုး၏ ပါးစပ်မှ စကားတစ်လုံးမှ ပြောမသွား။ မျက်လုံးကမူ စကားလုံး အထောင်အသောင်း ပြောသွားသည်ဟု ထင်၏။

သူက မလှုပ်မရှားရပ်နေသည့်တိုင် မောရသည်။ ပန်းရသည်။ နွမ်းရသည်။

အေးမနှင့်တူသည့် မိန်းမငယ်လေး တစ်ယောက်။ တက္ကသိုလ်ကျောင်းတော်က ဘူမိဗေဒကျောင်းသူလေးတစ်ယောက်။ တိုးဆိုသည့် သူငယ်မလေးတစ်ယောက်။

ထိုတစ်ယောက်ကြောင့် ရင်နာခဲ့ရဖူးသည်။

ယခု သည်တစ်ယောက်ကြောင့် ရင်မောရဦးမည်လော။

◌

www.burmeseclassic.com



'ဟောဒါက ချင်းတွင်းမြစ်၊ ဒါတွေက ကျောက်မီးသွေးကြောတွေ၊ တောင်နဲ့မြောက် တန်းနေတယ်၊ ကျောက်မီးသွေးကြောတွေဟာ အရှေ့မြောက်ဘက် ဆယ်ဒီဂရီလောက် စောင်းနေရာက ကလေးဝနားကျတော့ အနောက်ဘက်ကနေ အရှေ့ဘက်ကို လေးဆယ့်ငါးဒီဂရီလောက် စိုက်ဆင်းသွားတယ်။

သစ်ချောက်မိုင်း အလုပ်သမားရိပ်သာ ခန်းမကြီးထဲတွင် လူငါးဆယ်ခန့် ထိုင်နေကြသည်။ အလုပ်သမားရိပ်သာက ပျဉ်ကာ သွပ်မိုး၊ သမံတလင်းခင်း ဖြစ်သည်။ ရှေ့ဘက်တွင် ဝရံတာထုတ်ထားပြီး ပြတင်းပေါက်ကျယ် တံခါးမကြီးများနှင့် အလင်းရောင်ရသည်။ လေကောင်းလေသန့် ရသည်။ ရှေ့တွင် မော်တော်ကားလမ်း။ မော်တော်ကားလမ်း တစ်ဖက်က လူနေတန်းလျားများရှိသည်။ ရိပ်သာက နွားစွယ် တောင်စောင်းတွင် ဆောက်ထားသဖြင့် နောက်ဘက်ထွက်လိုက်လျှင် နွားစွယ်တောင်ခြေရင်းသို့ ရောက်သည်။ သွေးကြောများလို ယှက်ဖြာနေသော လူသွားလမ်းကလေးများက တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားကြသည်။ နွားစွယ် တောင်ထိပ်သို့ တက်သည့် ခြေလမ်းကလေးများ ဖြစ်သည်။

"ဒီကျောက်မီးသွေးကြောတွေဟာ ချင်းတွင်းမြစ်အနောက်ဘက် လေးမိုင်လောက်ဝေးတဲ့ **(Yaw Series)** လို့ ခေါ်တဲ့ ယောကျောက်လွှာအထဲမှာ ရှိတယ်၊ ကျောက်မီးသွေးကြောက ပေလေးထောင်လောက် ကျယ်တယ်'

ရိပ်သာခန်းမထိပ်တွင် အနံ ၄ ပေခွဲ၊ အလျား ၇ ပေခွဲခန့် ရှိမည့် သစ်ချောက် ကျောက်မီးသွေးမိုင်း မြေပုံကြီးချိတ်ထားသည်။ သစ်ချောက်မိုင်း အငယ်တန်း အရာရှိတစ်ဦးက လက်တွင် ကြိမ်လုံးရှည်ကြီးတစ်ချောင်းကို ကိုင်ကာ ရှင်းပြနေသည်။

'အဲဒီယောကျောက်လွှာရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ **(Sand Stone)** လို့ခေါ်တဲ့ သဲကျောက်တွေ ရှိတယ်။ ခု ကျွန်တော်တို့မြင်နေရတဲ့ မြစ်သာမြစ်ဟာ အဲဒီကျောက်မီးသွေးကြောတွေထဲကို ဖြတ်ပြီး စီးလာတာပဲ၊ အထက်နား

www.burmeseclassic.com



မှာ မြစ်သာမြစ်ထဲကို စီးဝင်လာတဲ့ ကျောက်အံချောင်းနဲ့ ဝါးရဲချောင်းရှိတယ်၊ ဟောဒီ မျဉ်းကြောင်း နှစ်ကြောင်းပေါ့၊ အဲဒီ ချောင်းနှစ်ချောင်းရဲ့ ကမ်းပါးတွေကို ကြည့်ရင် မည်းနက်နေတာ တွေ့ရလိမ့်မယ်၊ အဲဒါတွေက မြေပြင်မှာ ပေါ်နေတဲ့ **(Coal Outcrop)** တွေပဲ၊ မြန်မာလို နားလည်လွယ်အောင် ပြောရရင်တော့ ကျောက်မီးသွေး မြေပေါ်ပိုင်းလို့ ခေါ်ရမှာပေါ့'

သစ်ချောက်မိုင်းသို့ လေ့လာရေး ကျောင်းသားများ မကြာခဏ လာတတ်ကြသည်။ သည်နှစ်တွင် မန္တလေး တက္ကသိုလ် ဘူမိဗေဒဌာနမှ ကျောင်းသူကျောင်းသားများ ရောက်နေကြသည်။ မိုင်းမှ တာဝန်ခံများက သစ်ချောက်မိုင်းအကြောင်းကို ရှင်းပြနေခြင်း ဖြစ်သည်။

ကိုမြင့်က တံခါးဝမှရပ်ကာ မိုင်းတာဝန်ခံအရာရှိ ရှင်းပြနေသည်ကို နားထောင်သည်။ တကယ်တော့ သူနှင့် ဘာမျှမဆိုင်။ ယခုတိုင် သူ အလုပ်မရသေး။ သို့ရာတွင် သစ်ချောက်မိုင်းကို သူစိတ်ဝင်စားနေသည်။ သစ်ချောက်မိုင်းက အလုပ်သမားများ၏ ဘဝကိုလည်း သူ စိတ်ဝင်စားနေသည်။ ထို့ကြောင့်လာ၍ နားထောင်ခြင်း ဖြစ်သည်။ ဧည့်သည်ကျောင်းသားများကို ရှင်းပြခြင်းဖြစ်သဖြင့် မည်သူမျှ ဝင်ခွင့်မရှိ၊ သည်တော့ ကိုမြင့် နောက်ဘက် အပေါက်ဝနားက ရပ်ပြီး နားထောင်သည်။

တစ်နေ့က တွေ့ခဲ့သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ၊ ငယ်ငယ်ရွယ်ရွယ်၊ အသက် နှစ်ဆယ်တစ်ဝိုက်လောက်မှာသာ ရှိကြဦးမည်။ ကုလားထိုင်များပေါ်တွင် ထိုင်ကာ မှတ်စုစာအုပ်ကိုယ်စီဖြင့် ရေးမှတ်နေကြသည်၊ သူကတော့ ဝင်ခွင့်လည်း မရှိ၊ ထိုင်ခွင့်လည်းမရှိ၊ ရေးစရာ မှတ်စု စာအုပ်လည်း မရှိ။

မိုင်းတာဝန်ခံ အရာရှိငယ်က ဆက်ရှင်းပြသည်။

'အဲဒီ ပေလေးထောင်လောက်ကျယ်တဲ့ ယောကျောက်လွှာထဲမှာ ကျောက်မီးသွေး ကြောပေါင်း လေးဆယ်လောက် ရှိတယ်၊ ကျောက်မီးသွေးကြောတွေရဲ့ ထုကတော့ တချို့ အကြောတွေက ခြောက်လက်မလောက်ရှိပြီး တချို့က ဆယ်ပေလောက်ရှိတယ်၊ ခြောက်လက်မလောက်သာရှိတဲ့ ကျောက်မီးသွေးကြောတွေကတော့ ကျောက်မီးသွေး မထုတ်လောက်ပါဘူး၊ ကျောက်မီးသွေး ထုတ်လောက်တဲ့ အကြောဟာ အနည်းဆုံး ထုနှစ်ပေရှိရမယ်။ ခု ကျွန်တော်ပြောတဲ့ ကျောက်မီးသွေးကြောပေါင်း လေးဆယ်အနက် နှစ်ပေအထက်ထုရှိတဲ့ ကျောက်မီးသွေးကြောက ဆယ်ကြောလောက်ပဲ ရှိပါတယ်၊ အဲဒီထုတ်လုပ်နိုင်တဲ့ ကျောက်

www.burmeseclassic.com


မီးသွေးကြော ဆယ်ကြော တည်နေပုံက အထက်အကျဆုံးနေရာ ဟောဒီနေရာမှာ (တာဝန်ခံက ကြိမ်လုံးဖြင့် ထောက်ပြသည်) အကြောသုံးကြော ရှိတယ်၊ အောက်အကျဆုံးနေရာ၊ ဟောဒီနေရာမှာ ကျောက်မီးသွေးကြော ငါးကြောရှိတယ်၊ အလယ်မှာ နှစ်ကြောရှိတယ်၊ အထက်အကျဆုံး နေရာက အကြောတွေကို အထက်ကြော၊ အလယ်ကအကြောကို အလယ်ကြော၊ အောက်ဆုံးက အကြောတွေကို အောက်ကြော'

နောက်တန်းမှ ကျောင်းသားများက တခွိခွိ ရယ်ကြသည်၊ ရှေ့တန်းက ကျောင်းသူတွေက မျက်နှာနီရဲကာ ခေါင်းငုံ့ထားကြသည်။ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကြသည်။

'အဲဒီအကြော'

စောစောက ကျိတ်ရယ်သံများသည် ပွင့်ထွက်လာသည်။ သည်တော့မှ သူ့စကားကို သူ သတိရသွားသည်။

'အဲ–အဲ–အဲ ဒီအကြောတွေကို ကျွန်တော်တို့က အထက်လွှာကြော၊ အလယ်လွှာကြော၊ အောက်လွှာကြောလို့ ယာယီခေါ်ထားပါတယ်၊ ဒါတွေကတော့ ကျွန်တော်တို့ သစ်ချောက်မိုင်းရဲ့ ပထဝီအနေအထား ဆိုပါတော့။ ပထဝီအနေအထားကို ရှင်းပြပြီးရင် ဘူမိဗေဒ အနေအထားကို'

'ကျောင်းသား၊ ကျောင်းသူများက လိုက်မှတ်ရန် ပြင်ကြသည်။

'လေ့လာချက်များအရ မြစ်သာမြစ် စီးဆင်းရာ တစ်လျှောက်ဟာ ကျောက်လွှာလှုပ်ရှားမှု အများဆုံး ဖြစ်ပါတယ်၊ ဒါကြောင့် မြစ်သာမြစ်နားက ကျောက်လွှာတွေမှာ **(Fault)** လို့ခေါ်တဲ့ အံလွဲတွေအများကြီး တွေ့ရတယ်။ (ကျွန်တော်တို့ကတော့ **(Fault)** ကို အံလွဲလို့ ပြန်ထားတယ်။ ခင်ဗျားတို့ တက္ကသိုလ်တွေကတော့ **(Fault)** ကို ပြတ်ရွေ့လို့ ဘာသာပြန်တယ်)။ အဲ... ခု ကျွန်တော်တို့ ကျောက်မီးသွေးမိုင်းရဲ့ တောင်ဘက်နားမှာ အံလွဲကြီးနှစ်ခု တွေ့ရပါတယ်၊ ဒါကြောင့် ကျွန်တော်တို့မိုင်းကို အံလွဲတောင်ဘက်အထိ ဆက်မတူးတော့ဘဲ အဲဒီအံလွဲကိုပဲ မိုင်းရဲ့ တောင်ဘက်နယ်နမိတ်အဖြစ် ထားလိုက်ပါတယ်'

တာဝန်ခံ အရာရှိငယ်က ပြတ်ရွေ့ခေါ် အံလွဲများ အကြောင်းကို ဆက်၍ ပြောသည်။

'ဟောဒီ ပလပ်စ်တူးလယ်ဗယ် အပေါ်ဘက်မှာလဲ အံလွဲတစ်ခု တွေ့ရသေးတယ်။ အံလွဲအငယ်စားတွေကတော့ အများကြီးပဲ။ ဒီနေရာမှာ အံလွဲတွေ

www.burmeseclassic.com


ဒီလောက်များရတာကတော့ မြစ်သာမြစ်တစ်ဝိုက်ဟာ **(Fault Zone)** အံလွဲဒေသ ဖြစ်နေလို့ပဲ၊ ခု ကျွန်တော်တို့ ထုတ်မယ့်ကျောက်မီးသွေးကြော ၄ ကြောအနက် ၂ ကြောက ရေးလ်ကျောက်တွေ တော်တော်များများပါနေတယ်။ ဆယ်ရာနှုန်း ကနေ သုံးဆယ်ရာနှုန်း အထိလောက် ရှိတယ်၊ ရှေးလ်ကျောက် ကတော့ **(Carbonaceaus Shale)** လို့ခေါ်တဲ့ ကာဘွန်ဓာတ်ပါတဲ့ ရှေးလ်တွေပါပဲ။ ကလေးဝ ကျောက်မီးသွေးတွင်း အမျိုးစားကတော့ **(Sub-bituminous)** အမျိုးအစား ကျောက်မီးသွေးပါပဲ။ အဲ့ဒီကျောက်မီးသွေးမှာ စိုထိုင်းဆ၊ ရေငွေ့ဓာတ်၊ ကာဘွန်ဓာတ်၊ ပြာမှုန့်တို့ ပါဝင်နေကြရာမှာ ကာဘွန်နဲ့ ရေငွေ့ဓာတ်က ရာနှုန်း ဆတူနီးပါးလောက် ရှိပါတယ်။ ကယ်လိုရစ်ဖစ်ဗ်လျူးလို့ခေါ်တဲ့ လောင်ကျွမ်းနိုင်တဲ့ ကယ်လိုရီဓာတ်တန်ဖိုးကတော့'

မိုင်းတာဝန်ခံက ကယ်လိုရီများကို တွက်ပြသည်။

'ခု ကျွန်တော် ပြောခဲ့တာက ကျွန်တော်တို့မိုင်းရဲ့ ပထဝီ အနေအထား၊ ဘူမိဗေဒအနေအထားနဲ့ ကျောက်မီးသွေး အမျိုးအစားများအကြောင်း အတိုချုပ်ပါပဲ။ ခု ကျောက်မီးသွေးတွင်းရဲ့ ရာဇဝင်အကျဉ်းချုပ်ကို နည်းနည်း ပြောချင်ပါတယ်'

၁၉၅၁ ခုမှ ၁၉၅၄ ခုနှစ်အတွင်း ကလေးဝ ကျောက်မီးသွေးနယ်မြေကို ဆိုင်ရာက လုပ်ကွက်အဖြစ် သတ်မှတ်ခဲ့သည်။ မြစ်သာမြစ် မြောက်ဘက်ရှိ အထက်လွှာ ကျောက်မီးသွေးကြောများကို စ၍ တူးခဲ့သည်။

'ကျွန်တော်တို့ဆီမှာ ကျောက်မီးသွေး တွင်းနှစ်မျိုးရှိတယ်။ တစ်မျိုးက **(Inclined Shaft)** လို့ခေါ်တဲ့ စောင်းကျင်း။ တစ်မျိုးက **(Drift)** လို့ခေါ်တဲ့ တည့်ကျင်း။ ၁၉၅၅ ခုနဲ့ ၁၉၅၈ ခုကြားမှာ အင်္ဂလိပ်ကုမ္ပဏီတစ်ခုကို ငှားပြီး တူးခဲ့တယ်။ တစ်နေ့ကို တန်တစ်ထောင်လောက် ထုတ်မယ်လို့ မှန်းပြီး၊ မြောက်ဘက်ကမ်းမှာ စောင်းကျင်းတစ်ခု၊ တောင်ဘက်ကမ်းမှာ တည့်ကျင်းတစ်ခုတူးခဲ့ပါတယ်။ ဒါပေမယ့် မျှော်မှန်းတဲ့အတိုင်း မထုတ်နိုင်ခဲ့ဘူး။ ထုတ်လို့ရတဲ့ ကျောက်မီးသွေးကို မီးရထားဌာနတို့ ဘာတို့တော့ သုံးဖြစ်ပေမယ့် ကျောက်မီးသွေးက အမှုန့်သိပ်များပြီး ပြာနည်းနေတယ်။ သူ့ချည်းပဲ သုံးလို့မရဘူး။ နိုင်ငံခြား ကျောက်မီးသွေးနဲ့ရောမှ သုံးလို့ရတယ်'

'ဒါနဲ့ ကျွန်တော်တို့ ကလေးဝ မြောက်ဘက် ခြောက်မိုင်ကွာလောက်မှာ ရှိတဲ့ ဝါးထိန်ချောင်းနားမှာ ပေါ်နေတဲ့ **(Coal Outcrop)** ကို ထုတ်ကြည့်ပြီး၊ မီးရထားဌာနနဲ့ သုတေသနဌာနကို ပို့ကြည့်တော့ သုံးလို့ရတယ်ဆိုတာ သိရ

www.burmeseclassic.com


တယ်။ ၁၉၆၈ ခုလောက်မှာ ဂျာမန်ပါရဂူတွေ ငှားပြီး ကျောက်မီးသွေး ထုတ်နိုင်တဲ့နေရာတွေကို ထပ်ရှာကြတယ်။ ထပ်ရှာတော့ ခု တူးနေတဲ့ မြစ်သာမြစ်တောင်ဘက်ကမ်းမှာ သွားတွေ့ပြီး အဲဒီမှာ စမ်းတူးကြည့်ခဲ့ကြတယ်။ ဒါပေမယ့် မြစ်သာမြစ် ခြားနေတဲ့အတွက် သယ်ယူပို့ဆောင်ရေးတို့ ဘာတို့ခက်တယ်။ ထင်သလောက် မထုတ်နိုင်ခဲ့ဘူး။ ခု ကျွန်တော်တို့မြစ်သာမြစ် မြောက်ဘက် ၂ မိုင်ခွဲလောက်မှာ ရှိတဲ့ အောက်ကြော၊ အဲ အောက်လွှာကြောနဲ့ အထက်လွှာကြောတွေကိုရော၊ မြစ်သာမြစ် တောင်ဘက် ၁ မိုင်ခွဲအကွာမှာရှိတဲ့ အထက်လွှာကြောတွေကို စိန်လွန်ဖောက်ပြီး စမ်းသပ်ကြည့်ခဲ့ကြတယ်'

တာဝန်ခံက ခန့်မှန်းသည့် ကျောက်မီးသွေး အထွက်နှုန်းကို စာရင်းဇယားများဖြင့် ပြနေသည်။ နောက်ခပ်လှမ်းလှမ်း နံရံတွင် ချိတ်ထားသည့် မြေပုံကြီးတစ်ချပ်ဆီသို့ လျှောက်သွားသည်။ မြေပုံကြီးက သစ်ချောက်ကျောက်မီးသွေးမိုင်း၊ ကျောက်မီးသွေးတွင်းများ၏ ပုံကို အသေးစိတ် ပြထားသည့် မြေပုံကြီး ဖြစ်သည်။

ကျောင်းသူကျောင်းသားများ၏ ခေါင်းများသည် ယိမ်းကသည့်နှယ် ထိုမြေပုံကြီးဆီသို့ လှည့်သွားကြ၏။

'ခု သစ်ချောက်ကျောက်မီးသွေးတွင်းရဲ့ ပထဝီအနေအတား၊ ဘူမိဗေဒအနေအထား၊ ကျောက်မီးသွေး အမျိုးအစားနဲ့ ထုတ်လုပ်မဲ့ ကျောက်မီးသွေး အထွက်နှုန်းကို အတိုချုပ်ပြောခဲ့ပြီးပြီ၊ ခုတော့ လက်ရှိထုတ်နေတဲ့ ကျောက်မီးသွေးတွင်းအကြောင်း နည်းနည်း ပြောပြပါ့မယ်'

ကိုမြင့်က လက်ရှိ ကျောက်မီးသွေးမိုင်း ပုံစံကို သေသေချာချာ လှမ်းကြည့်သည်။ ကျောက်မီးသွေးမိုင်းထဲသို့ သူ ဆင်းကြည့်ချင်သည်။ သို့ရာတွင် အပြင်လူဖြစ်နေ၍ ဆင်းခွင့် မရ။

'ကျောက်မီးသွေး မျက်နှာပြင်မှာ ကျောက်မီးသွေး ခွဲနည်း သုံးမျိုးရှိပါတယ်၊ ပထမတစ်မျိုးကတော့ ယမ်းဘီလူးကို အသုံးပြုပြီး ခွဲတဲ့နည်းဖြစ်တယ်၊ ဒီမှာ ယမ်းဘီလူးက မီးတောက်မထွက်တဲ့ ယမ်းဘီလူးကို သုံးရတယ်၊ **(Permissible Explosive)** ပေါ့၊ ပြီးတော့ ယမ်းဘီလူးနဲ့ ခွဲရင် **(Hanging Wall)** လို့ခေါ်တဲ့ မိုင်းရဲ့ အမိုးတွေက ခိုင်ခန့်ရမယ်၊ အမိုးမခိုင်ရင် ယမ်းဘီလူးပေါက်ကွဲမှု အရှိန်ကြောင့် မိုင်းပြိုကျသွားနိုင်တယ်၊ ခု ကျွန်တော်တို့မိုင်းက အမိုးတွေက သိပ်မခိုင်ဘူး၊ ဒါကြောင့် ကျောက်မီးသွေး ခွဲတာကို ယမ်းဘီလူး မသုံးဘူး၊ နောက်တစ်နည်းကတော့ စက်ခုတ်သွားတွေနဲ့ ခွဲတဲ့နည်း၊ ဒါပေမယ့် ဒီစက်ခုတ်သွားနဲ့ ခွဲတဲ့နည်းကလဲ ကျွန်တော်တို့ဆီမှာ သိပ်မကိုက်ဘူး၊ ကျွန်တော်

www.burmeseclassic.com



တို့ ကျောက်မီးသွေးကြောတွေက မာလွန်းတယ်၊ **(Hanging Wall)** လို့ခေါ်တဲ့ အမိုးနဲ့ **(Foot Wall)** လို့ခေါ်တဲ့ အောက်ခြေနံရံက ကျောက်မီးသွေးလောက် မမာတဲ့ အခါကျတော့ သူတို့ကို သွားထိနိုင်တယ်၊ ပြီးတော့ **(Back Filling)** လို့ခေါ်တဲ့ မြေစာဖြည့်တဲ့ နည်းကို မသုံးနိုင်ဘဲ **(Cribbing)** တွေ၊ ကုလားဘောင်တွေ သုံးရတော့ မြေပြိုကျနိုင်တယ်၊ ဒါကြောင့် ဒီနည်းကိုလဲ သုံးဖို့ မလွယ်ဘူး၊ ဒီတော့ နောက်ဆုံးနည်းဖြစ်တဲ့ စက်တူရွင်း **(Pneumatic Pick)** နဲ့တူးတဲ့ နည်းကို သုံးတယ်၊ ကျောက်မီးသွေးမျက်နှာပြင်ကို လေ့ကားထစ်လို ထစ်ပြီး လေ့ကားထစ် တစ်ထစ်ကို အလုပ်သမားတစ်ယောက်ကျစီ ထားပြီး စက်တူရွင်းနဲ့ တူးရတယ်၊ ဒီနည်းက ကျွမ်းကျင်မှုလဲ သိပ်မလိုလှဘူး၊ စက်တူရွင်းကို ကိုင်တတ်ဖို့၊ ကိုယ်တူးသွားမဲ့ ဥမင်တစ်လျှောက်မှာ ဒေါက်တွေကို မှန်မှန်ကန်ကန် ထောက်တတ်ဖို့လောက်ပဲ လိုတယ်၊ ဒါကြောင့် ခုလောလောဆယ် ကျွန်တော်တို့ မိုင်းမှာ ဒီနည်းကိုပဲ သုံးပါတယ်၊ ဒါတော့ ခင်ဗျားတို့ သိအောင် အမြွက်လောက်ပြောတဲ့ သဘောပါ'

အပြင်ဘက်တွင် နေက ကျဲကျဲတောက်အောင် ပူနေသည်။ ရိပ်သာခန်းမ နောက်ဘက်က နွားစွယ်တောင်တန်းပေါ်တွင် နေရောင် ကွက်တိကွက်ကြား ဖြာကျနေသည်။ တချို့နေရာက မှောင်၍ တချို့နေရာက လင်းလျက်။

'ခု မြစ်သာမြစ်ရဲ့ မြောက်ဘက်မှာ ကျွန်တော်တို့ လုပ်နေတဲ့ ကျောက်မီးသွေးမိုင်းကတော့ အဲဒါပဲ၊ (တာဝန်ခံက နွားစွယ်တောင်ကို လက်ညှိုးထိုးပြသည်။) ခင်ဗျားတို့ကို မိုင်းထဲအထိ လိုက်ပြချင်ပေမယ့် လူများတော့ မိုင်းထဲဝင်ဖို့ **(Head Lamp)** ခေါင်းအုပ် မီးပွင့်တို့၊ ဖိနပ်တို့၊ ဘက်ထရီအိုးတို့ အပြည့်အစုံ မရှိဘူး၊ နောက်တစ်ချက်က ကျောက်မီးသွေးတွင်းဆိုတာ ညစ်ပတ်တယ်၊ အောက်ထဲမှာ ရေတွေ၊ ရွှံ့တွေ ရှိတယ်၊ အန္တရာယ်လဲများတယ်၊ ဒါကြောင့်မို့ မိုင်းထဲအထိတော့ ဆင်းမပြနိုင်တော့ဘူး၊ ဟောဒီက မိုင်းပုံစံကိုပဲ ကြည့်ကြပေတော့'

တာဝန်ခံက ကြိမ်တုတ်ဖြင့် မြေပုံကို ထောက်ပြသည်။

'ဟောဒါက ကျောက်မီးသွေးကြောတွေရဲ့ အထက်ဘက်က **(Hanging Wall)** လို့ခေါ်တဲ့ အမိုး၊ ကျောက်မီးသွေးကြောရဲ့ အမိုးမှာ ကျောက်လိုဏ်ဂူ တစ်ခု ဖောက်လိုက်တယ်၊ ဒါကို **(Tunnel A)** လို့ခေါ်တယ်၊ က,ကြီး ဥမင်ပေါ့၊ အဲဒီ က,ကြီးဥမင်အတိုင်း အထဲကို ပေ ၃၅၀ ဝင်သွားရင် **(Xcut)** လို့ခေါ်တဲ့ ဖြတ်ကျင်းတစ်ခု ဖောက်လိုက်တယ်၊ အဲဒီ ဖြတ်ကျင်းက ကျောက်မီးသွေးကြောတွေကို ဖြတ်သွားတယ်၊ တစ်ခါ ပေ ၉၅၀ မှာ နောက်ထပ် ဖြတ်ကျင်းတစ်ခု၊

www.burmeseclassic.com



ပေ ၁၆၀၀ မှာ နောက်ထပ် ဖြတ်ကျင်းတစ်ခုဖောက်ထားတယ်၊ ဒါကြောင့် က,ကြီး ဥမင်မှာ ဖြတ်ကျင်းသုံးခုရှိတယ်၊ အဲဒီ ဖြတ်ကျင်းတွေထဲဝင်ပြီး ကျောက်မီးသွေးတူးရတယ်'

မြေပုံတွင် ဥမင်ကြီးတစ်ခုကို ပြထားသည်။ ဥမင်ထဲတွင် လေးဆယ့်ငါး ဒီဂရီလောက် စောင်းဆင်းနေသော ဥမင်ကြီး သုံးခုကို တွေ့ရသည်။

'ဟောဒါက နံပါတ် ၂ ဖြတ်ကျင်း၊ ဒီဖြတ်ကျင်းဟာ အောက်ဆုံး ကျောက်မီးသွေးကြောကို ဖြတ်ပြီး ကျောက်ကြောထဲကို ဆင်းသွားတယ်၊ ဟောဒီ ကျောက်ကြောကနေ အပေါ်ထောင်တက်သွားတဲ့ ဥမင်တစ်ခု ရှိသေးတယ်၊ အဲဒါက **(Shaft)** စိုက်ကျင်းလို့ ခေါ်တယ်၊ ဟောဒီ စိုက်ကျင်းက အထက်ကို ထောင်တက်သွားပြီး **(+2 Level)** မှာ သွားဆုံးတယ်၊သြော်... ပြောလိုက်ရဦးမယ်၊ ခု ကျွန်တော်တို့ ဥမင်က မြေညီအတိုင်း နွားစွယ်တောင်ထဲကို ဖောက်ဝင်သွားတာ၊ အဲဒါကို ဇီးရိုးလယ်ဗယ် **(O-level)** လို့ခေါ်တယ်၊ အဲဒီကနေ ဥမင်အတိုင်း အထက်တက်သွားတဲ့ ကျင်းကို ပလပ်စ်ဝမ်းလယ်ဗယ် **(+1 Level)** လို့ခေါ်တယ်၊ ပလပ်စ်ဝမ်း လယ်ဗယ်မှာရှိတဲ့ ကျင်းက မီးသွေးထုတ်တဲ့ကျင်း မဟုတ်ဘူး၊ မသန့်ရှင်းတဲ့ လေတွေကို အပြင်ထုတ်တဲ့လမ်း၊ အဲဒါပြီးတော့မှ ပလပ်စ်တူး လယ်ဗယ် **(+2 Level)** ကို ရောက်တယ်၊ ဇီးရိုးလယ်ဗယ်က မြေအောက်ကို ဆင်းရင်တော့ မိုင်းနားစ်ဝမ်း လယ်ဗယ် **(-1 Level)** တို့၊ မိုင်းနားစ်တူး လယ်ဗယ် **(-2 Level)** တို့ စသဖြင့် ခေါ်သွားတယ်'

ကိုမြင့်က ပြတင်းဝမှ လှမ်း၍ မြေပုံကို သေသေချာချာ ကြည့်သည်။ က,ကြီး ဥမင်ဆိုသည့် ကျောက်လိုဏ်ဂူကြီးက ဖိုးလုချိုတို့ ဝင်သွားသည့် နွားစွယ်တောင်ခြေရင်းက ဥမင်ကြီး ဖြစ်သည်။ သည်အထိတော့ သူမြင်ဖူးသည်။ သို့ရာတွင် ဇီးရိုးလယ်ဗယ်ဟု ခေါ်သော မြေညီထပ်မှ အောက်သို့ဆင်းသော မိုင်းနားစ်ဝမ်း လယ်ဗယ်၊ မိုင်းနားစ်တူး လယ်ဗယ်နှင့် အထက်သို့ တက်သော ပလပ်စ်ဝမ်းလယ်ဗယ်၊ ပလပ်စ်တူး လယ်ဗယ် စသည်တို့ကိုတော့ သူ မမြင်ဘူးလေ၊ ယခုမှ မြင်ဖူးခြင်း ဖြစ်သည်။

ကိုမြင့်သည် မြေအောက်ထဲတွင် ဝက်ဘာလို ရှုပ်ထွေးကွေ့ကောက်နေသည့် ဥမင်လမ်းများကို တအံ့တသြကြည့်နေသည်။ တချို့လမ်းတွေက အောက်သို့ ဆင်းသွားကြသည်။ တချို့လမ်းတွေက တောင်စောင်းထဲသို့ပြန်တက်သွားကြသည်။

'အဲ့ဒါကတော့ ကျောက်မီးသွေးမိုင်းရဲ့ ပုံကြမ်းပေါ့လေ၊ ခု ကျောက်မီးသွေးကို ဘယ်လိုထုတ်သလဲဆိုတာ သိရအောင် အကြမ်းဖျင်းပြောပြမယ်၊ ခု

www.burmeseclassic.com


ကျွန်တော်တို့ထုတ်နေတဲ့ ကျောက်မီးသွေးကြောကြီးလေးကြောရှိတယ်၊ အပေါ်ဆုံးအကြောက ထု ၂ ပေရှိတယ်၊ အောက်ဆုံးအကြောက ကျောက်မီးသွေးထု ၄ ပေရှိကြတယ်။ ကျန်တဲ့ အလယ်နှစ်ကြောကတော့ ထု ၃ ပေနဲ့ ၃ ပေရှိကြတယ်။ ခု နောက်ထပ် ၉ ပေကြောကြီးကို ကျွန်တော်တို့ စထုတ်နေပြီ။ ထုတ်တဲ့နည်းကတော့ **(Long Wall Advancing Method)** နံရံရှည်ရှေ့တိုးထုတ်နည်းနဲ့ **(Retreating Method)** နောက်ပြန် ထုတ်နည်းတို့ဖြစ်တယ်၊ နံရံရှည် ရှေ့တိုးထုတ်နည်းဆိုတာက နဲနဲခက်တယ်၊ ကျွမ်းကျင်မှုလိုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက **(Coal Face)** လို့ခေါ်တဲ့ ကျောက်မီးသွေး မျက်နှာပြင်ကိုရော **(Drift)** လို့ခေါ်တဲ့ တူးမဲ့ကျင်းကိုရော တစ်ပြိုင်နက်တည်း ဖောက်သွားရတဲ့အတွက် အချိန်ကုန် သက်သာပေမယ့် အလုပ်သမားက ကျွမ်းကျင်ဖို့လိုတယ်၊ လွယ်လွယ်ပြောရရင် မြေကြီးထဲမှာ လမ်းလဲဖောက် ကျောက်မီးသွေးကိုလဲ တူးဆိုတော့ အလုပ်နှစ်ခု တစ်ပြိုင်တည်း လုပ်တဲ့သဘောပဲ၊ ထုတ်ပြီးတဲ့ကျောက်မီးသွေးတွေကို ထုတ်ပြီးတဲ့နေရာ **(Goaf Area)** ကို ဖြတ်ပြီး ဥမင်အလယ်ကောင်က လမ်းမကြီးကို ပြန်သယ်ရတယ်၊ ဒါကြောင့် ကျောက်မီးသွေးတူးပြီးတာနဲ့ တစ်ပြိုင်နက်၊ တိုင်တွေ ဒေါက်တွေကို သေသေသပ်သပ် စိုက်ပစ်ခဲ့ရတယ်၊ ပြီးတော့ **(Back Filling)** မြေစာ ပြန်ထည့်ရမယ်၊ တိုင်စိုက်တာမသေသပ်ရင် ကျင်းပြိုသွားနိုင်တယ်၊ မြေစာပြန်ထည့်တာ မသေသပ်ရင် ပြင်ပလေမရတော့ဘဲ အောက်မှာ ဒုက္ခတွေ့နိုင်တယ်'

ကိုမြင့်သည် ကျောက်မီးသွေးမိုင်း အလုပ်သမားများ၏ ဘဝကို တွေးကာ အားကျနေသည်။ စင်စစ် ကျောက်မီးသွေးတွင်း တူးသမားများ၏ ဘဝသည် မြေကြီးပေါ်က ဥမင်ဝတွင် အသက်ကို ပေါင်ထားခဲ့ရသည့် ဘဝဖြစ်သည်၊ သက်လုံ ကောင်းရသည်။ သတ္တိကောင်းရသည်။ စွန့်စားရသည်။ သည်အလုပ်မျိုးကို သူလုပ်ချင်သည်။

**(Retreating Method)**လို့ခေါ်တဲ့ နောက်ပြန်ထုတ်နည်းကတော့ **(Drift)** လို့ခေါ်တဲ့ ကျင်းကို အဆုံးအထိ ဖောက်ပြီးမှ ထုတ်ရမယ်လို့ သတ်မှတ်ထားတဲ့နေရာကို ပြန်လာပြီး ထုတ်ရတယ်၊ ဒီနည်းနှစ်နည်းကို နားလည်အောင် လွယ်လွယ်ပြောရရင် ရှေ့တိုးထုတ်တဲ့နည်းက တစ်ပြိုင်နက် ကျင်းဖောက်၊ တစ်ပြိုင်နက် ကျောက်မီးသွေးထုတ်၊ နောက်ပြန်ဆုတ်တဲ့နည်းက ကျင်းကို အရင်ဖောက်၊ ကျောက်မီးသွေးကို နောက်ကျမှထုတ်ဆိုတဲ့သဘောပဲ၊ ပထမနည်းက ခက်တယ်၊ ကျွမ်းကျင်မှုလိုတယ်၊ ဒါပေမယ့် အချိန်တိုတယ်၊ ဒုတိယနည်း

www.burmeseclassic.com



က လွယ်တယ်၊ ကျွမ်းကျင်မှုမလိုဘူး၊ ဒါပေမယ့် အချိန်ကြာတယ်၊ ခုတော့ ကျွန်တော်တို့ဆီမှာ ကျွမ်းကျင်အလုပ်သမား နဲနေသေးတဲ့အတွက် ဒုတိယနည်းကိုပဲ သုံးတယ်'

တာဝန်ခံက ကျောက်မီးသွေးမိုင်းများတွင် ဖြစ်ပေါ်တတ်သော မတော်တဆမှုများ၊ အန္တရာယ်များကို ရှင်းပြနေသည်။

'ကျောက်မီးသွေးထုတ်တဲ့အခါမှာ ကျင်းတူးပြီး ဆင်းသွားရတော့ အပေါ်က အမိုးရဲ့ ဖိနှိပ်အားကို သိပ်ပြီး သတိထားရပါတယ်၊ အမိုးရဲ့ ဖိနှိပ်အားကို **(Timber Ribbings)** လို့ခေါ်တဲ့ သစ်သားကုလားဘောင်တွေနဲ့ ထောက်ကန် ကန်ထားရတယ်၊ တချို့ ကျင်းတွေကျတော့လဲ မြေစာ ပြန်ထည့်ပေးရတယ်၊ အမိုးရဲ့ ဖိနှိပ်အားကို မတွက်မိရင် တုတ်တွေ၊ ဒေါက်တွေ တိုင်တွေ ကျိုးကျပြီး မြေပြိုတတ်တယ်၊ ဒါကြောင့် ကုလားဘောင်တွေ ခိုင်ခံ့ဖို့၊ သူတို့ အမြဲစစ်ဆေးနေဖို့၊ ကုလားဘောင်နဲ့ မလုံလောက်ရင် ကြားစင် **(Pentagon Set)** ဆိုတဲ့စင်တွေကို ဆောက်သင့်ရင် ဆောက်ပေးရတယ်၊ ပြီးတော့ ခက်တာက ကျွန်တော်တို့ ကျောက်မီးသွေးမိုင်းဆိုတာ ကြာကြာပိတ်ထားလို့ ရတဲ့ နေရာမျိုး မဟုတ်ဘူး၊ ကျောက်မီးသွေးမျက်နှာပြင်ရဲ့ ဖိအား၊ အမိုးရဲ့ဖိအားကို ကျောက်မီးသွေး မှန်မှန်ထုတ်နေတုန်းမှာ ထိန်းထားလို့ရတယ်၊ ဒါပေမယ့် အလုပ်ပိတ်ရက်များသွားရင် ဖိနှိပ်အားဟာ များလာတယ်၊ စနေ၊ တနင်္ဂနွေ နှစ်ရက်ပိတ်ပြီး တနင်္လာနေ့ အလုပ်ပြန်ဆင်းရင် ဖိနှိပ်အား များလာတဲ့အတွက် သစ်သားဒေါက်တွေကို ပြန်ပြင်ရတယ်၊ ဒါကြောင့် တနင်္လာနေ့ဆိုရင် ကျွန်တော်တို့ အလုပ်ချိန်အပြည့် ပစ္စည်းမထုတ်နိုင်ဘူး၊ ဖိနှိပ်အားကို ထိန်းဖို့ သစ်သားဒေါက်တွေကို ပြန်ထောက်နေရတာနဲ့ နေ့တစ်ဝက်ကုန်သွားတယ်။

'တူးလို့ရတဲ့ ကျောက်မီးသွေးတွေကို သံသယောက်ထဲ လောင်းထည့်၊ အဲဒီ သံသယောက်ကနေပြီး အောက်ဆုံးထပ် ကျင်းထဲ ကျသွားတယ်၊ အောက်ဆုံးထပ်မှာ ဒီဇယ်စက် ခေါင်းနဲ့ဆွဲတဲ့ **(Mine Car)** လို့ခေါ်တဲ့ ရထားတွဲပက်လက်ကလေးတွေ ရှိတယ်၊ အဲဒီရထားနဲ့ မြေပြင်ကိုပို့တယ်၊ မြေအောက်မှာလုပ်ရတော့ အောက်မှာ လေကောင်းလေသန့်မရဘူး၊ ဒါကြောင့် လေကောင်းလေသန့်ကို စက်နဲ့မှုတ်သွင်းပေးပြီး ညစ်ညမ်းတဲ့ လေပုပ်လေဆွေးတွေကို ပြန်ထုတ်ပစ်ရတယ်'

'လေကောင်းလေသန့်ကိုသွင်းပေးပြီး ညစ်ညမ်းတဲ့ လေပုပ်လေဆွေးတွေကို ပြန်ထုတ်ပစ်ရတယ်'

www.burmeseclassic.com



ကိုမြင့်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း စကားလုံးကို စိတ်ထဲက ရွတ်သည်။

'ကျွန်တော်တို့မိုင်းမှာတော့ ပြင်ပလေကို ကကြီးဥမင်ဘေးကပ်ရက် ဖောက်ထားတဲ့ **(Ventilation Drift)** လေကျင်းကနေပြီး သွင်းတယ်၊ ပြန်ထုတ်တော့ ပလပ်စ်ဝမ်းလယ်ဗယ်အထက်ကနေပြီး အပြင်ကိုထွက်သွားတယ်၊ ကျွန်တော် ရှင်းပြတာ တော်တော်ရှည်သွားပါပြီ၊ ပြန်ချုပ်လိုက်ရင် ဒီမှာ ခင်ဗျားတို့ကို ကျွန်တော်အပိုင်းလေးပိုင်းခွဲပြီး ပြောသွားတယ်၊ သစ်ချောက်မိုင်းရဲ့ ပထဝီအနေအထား၊ ဘူမိဗေဒအနေအထား၊ ကျောက်မီးသွေးမိုင်းရဲ့ ရာဇဝင်အကျဉ်းချုပ်နဲ့ ကျောက်မီးသွေးထုတ်လုပ်ပုံဆိုတဲ့ အပိုင်းလေးပိုင်းပါပဲ၊ မရှင်းတာရှိရင် မေးနိုင်ပါတယ်'

တာဝန်ခံက ကြိမ်တုတ်ကို စားပွဲပေါ်သို့ ချပြီး ကုလားထိုင်တွင် ထိုင်သည်။ ကျောင်းသားတစ်ယောက်က သစ်ချောက်ကျောက်မီးသွေးမိုင်း၏ အလားအလာကို မေးသဖြင့် ဖြေရပြန်သည်။

၁၉၅၅ ခုနှစ်လောက်က သည်ကျောက်မီးသွေးတွင်းကို အင်္ဂလိပ်ကုမ္ပဏီတစ်ခုငှားပြီး တူးခဲ့သည်။ ရည်မှန်းချက်က တစ်နေ့ တန်တစ်ထောင် ထုတ်ရန်ဖြစ်သည်။ သို့ရာတွင် အကောင်အထည် မပေါ်ခဲ့။ ၁၉၆၈–ခုနှစ်တွင် ဂျာမန်ကုမ္ပဏီတစ်ခုကို ငှားပြီး အလုပ်သမားများ၊ အင်ဂျင်နီယာများကို သင်တန်းပေးခဲ့သည်။ ယခု ထိုသင်တန်းဆင်းများနှင့် လုပ်နေသည်။ တစ်နေ့ကို တန်တစ်ရာထွက်သည်။ လမ်းပန်းအဆက်အသွယ် ခက်ခဲခြင်း၊ ကျောက်မီးသွေးပုံစရာနေရာ မရှိခြင်း စသည့်အကြောင်းများကြောင့် ကျောက်မီးသွေးမိုင်း ရှုံးနေသည်။ ကလေးဝ မြောက်ဘက် နှစ်မိုင်ခွဲရှိ တုန်နန်းရွာ အနီးတွင် ဥမင်ဖောက်၍ ကူးရန် စီမံကိန်းဆွဲ ထားသည်။

'ဒါတွေကတော့ ကျွန်တော် သိသလောက်၊ ကျွန်တော် ပြောခွင့်ရှိသလောက် ပြောတာပါ'

ကျောက်မီးသွေးမိုင်းက ကျောင်းသား ကျောင်းသူများကို လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံသည်။ လေ့လာရေးကျောင်းသားများသည် သစ်ချောက်တွင် ၅ ရက်နေသွားကြသည်။ ငါးရက်စလုံး ကွင်းဆင်းလေ့လာကြသည်။ တိုးဆိုသည့် သူငယ်မလေးကို ကိုမြင့်တွေ့ချင်သည်။ မြင်ချင်သည်။ တိုးသည် အေးမ၏ ညီမများ ဖြစ်နေသလော။ ကိုမြင့် သိချင်နေသည်။ သရဖီပန်း ခူးပေးပြီးသည့်နောက် တိုးကို မတွေ့ရတော့။ အနီးအနားတစ်ဝိုက်သို့ လေ့လာရေးခရီးထွက်ပြီး ညနေပိုင်းကျမှ သစ်ချောက်မိုင်းသို့ ပြန်လာခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com



အလုပ်သမားရိပ်သာက သွပ်မိုးပျဉ်ကာ အဆောက်ဦးတစ်ခုတွင် နှုတ်ဆက် လက်ဖက်ရည်ပွဲ ကျင်းပသည်။ ကျောင်းသား ကျောင်းသူများ လက်ဖက်ရည်ပွဲ ကျင်းပရာ အဆောက်အဦးဆီသို့ ကူးသွားကြသည်။

ကိုမြင့်ပြတင်းမှ ခွာကာ တန်းလျားသို့ပြန်လာသည်။ ရိပ်သာရှေ့က စက်ဝိုင်းခြမ်းပုံတွေ ကွေ့ဝိုက်နေသည့် လမ်းကလေးအတိုင်း ဆင်းခဲ့သည်။ ရိပ်သာဝင်းရှေ့က မော်တော်ကားလမ်းကို ကျော်လိုက်လျှင် တန်းလျားဝင်းသို့ ရောက်သည်။

ရိပ်သာရှေ့က စက်ဝိုင်းခြမ်းသဏ္ဌာန် လမ်းဘေး ခြံစည်းရိုးတွင် ဗုဒ္ဓသရဏံပန်းတွေ ပွင့်နေကြသည်။ နှင်းဆီရုံများတွင် နှင်းဆီနီနီတွေရှိသည်။ နှင်းဆီရုံကွယ်မှ ရယ်သံ၊ စကားပြောသံများကို ကြားရသည်။

သစ်ချောက်မိုင်းသို့ လေ့လာရေးဆင်းလာသည့် ကျောင်းသား ကျောင်းသူများ ပြန်ကြတော့မည်။ ပြန်တော့မည်ဆိုတော့ ကိုမြင့် ရင်မှာ ဟာသည်။ သစ်ချောက်မိုင်းက သူတို့ကမ္ဘာလေးသည် ပျင်းစရာကောင်းသည်။ တစ်နေ့တစ်နေ့ သည်မျက်နှာတွေ၊ သည်လူတွေချည်း တွေ့နေရသဖြင့် ငြီးငွေ့ဖွယ်ကောင်းသည်။ ကျောင်းသား ကျောင်းသူတွေ ရောက်လာသည့်အခါတွင် သူတို့ကမ္ဘာလေး စိုပြည်လာသည်။ လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ အပြင်ကလာသည့် မျက်နှာစိမ်းများကို တွေ့ရသဖြင့် စိတ်ဝင်စားစရာ အသစ်တစ်ခု တိုးလာသည်။ ယခု သူတို့ပြန်ကြတော့မည်။ ငြီးငွေ့စရာ ကောင်းတော့မည်။

ညက ဇာတ်ပွဲကောင်းကောင်း တစ်ခုကို ကြည့်ထားပြီး မနက်ကျတော့ ရင်ထဲတွင် ဟာကျန်ရစ်ခဲ့ပုံမျိုး ဖြစ်သည်။

'ဒီမှာဗျ၊ အလုပ်သမားကြီး၊ အဲလေယောင်လို့ ကိုဖိုးခွေး၊ အဲ... ကိုဟိုဒင်း'

ကိုမြင့်လှည့်ကြည့်တော့ နှင်းဆီရုံအကွယ်တွင် ရပ်နေသည့် ကျောင်းသူ ကျောင်းသားနှစ်ယောက်ကို တွေ့ရသည်။ တခြားသူမဟုတ်၊ သူ့ကို သရဖီပန်း အခူးခိုင်းခဲ့သည့် ကျောင်းသူနှစ်ယောက်ဖြစ်နေသည်။ အရင်တစ်နေ့ကလို အဆင်အပြင်မျိုး မဟုတ်တော့။ ပန်းဖော်သည့်ခရစ်အင်္ကျီအဖြူကိုယ်စီ၊ ထမီပြာကိုယ်စီဖြင့် ဆင်တူဝတ်ထားသည်။ ပခုံးတွင် သားရေလွတ်အိတ်ကိုယ်စီ လွယ်လျက်။

'ကျွန်တော်တို့ ပန်းခူးမခိုင်းတော့ပါဘူးဗျ၊ ကျွန်တော်တို့ ဖာသာ ခူးပြီးပါပြီ'

စုစုဆိုသည့် မိန်းကလေးက လက်တွင်ကိုင်ထားသည့် နှင်းဆီပွင့်ကို ပြသည်။ သူတို့ခေါင်းတွင်လည်း နှင်းဆီပွင့် တစ်ပွင့်ဆီ ပန်ထားသည်။

www.burmeseclassic.com


'ခင်ဗျားနာမည် ကိုဖိုးခွေးနော်'

'ဟုတ် ဟုတ်ပါတယ်'

ကိုမြင့် စကားထစ်နေသည်။ အေးမနှင့်တူသည့် သူငယ်မက သူ့ကို စူးစမ်းသည့် အကြည့်ဖြင့် ကြည့်နေသည်။ ဘာမျှ မပြော။

'ခင်ဗျားညာတယ်၊ ခင်ဗျားနာမည် ကိုဖိုးခွေး မဟုတ်ပါဘူး၊ ကျွန်တော်တို့ သိပါတယ်'

ခက်ပြီ။ သည်မိန်းကလေးနှစ်ယောက်က နည်းနည်းတော့ စပ်စုလွန်းသည် ထင်သည်။ ကိုမြင့်က ပြုံးနေသည်။ သူပြောလိုက်တုန်းက မည်သည့် ရည်ရွယ်ချက်မျှမရှိ။ လွယ်လွယ် ပြောမိပြောရာ ပြောလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် သူတို့က အရေးတကြီး ထားနေကြသည်။

'ဟိုတစ်နေ့က ခင်ဗျားကို အလုပ်သမားတစ်ယောက်က လှမ်းခေါ်လိုက်တာ ကျွန်တော် ကြားပါတယ်၊ ဒီနာမည် မဟုတ်ပါဘူး၊ မညာပါနဲ့၊ တိုး ပြောလိုက်လေကွာ၊ ဘယ်သူတဲ့လဲ'

စုစုက သွက်သည်။ စုစုက သွက်သလောက်၊ တိုးဆိုသည့် ကလေးမက တိတ်ဆိတ်သည်။ စုစုက ရဲတင်းဟန်ပေါက်သလောက် တိုးက ရှက်ရွံ့နိုးဟန်ပေါ်သည်။

တိုးက ရှက်ပြုံးပြုံးကာ ကိုမြင့်ကို မျက်လွှာတစ်ချက် ဝင့်ကြည့်ပြီး စုစုကို လှမ်းဆိတ်သည်။

'ပြောလိုက်လေကွာ၊ မင်းကြားလိုက်တာ မဟုတ်လား'

'ကိုမြင့်တဲ့'

တိုးက ခပ်တိုးတိုးပြောသည်။

'ဟုတ်တယ်၊ ခင်ဗျားနာမည် ဦးကိုမြင့်၊ အဲ ယောင်လို့၊ ကိုကိုမြင့်၊ အင် မဟုတ်သေးပါဘူး၊ ကိုမောင်မြင့် မဟုတ်ဘူးလား'

'တိုးက စုစုကို ကြည့်ရင်း လက်ကိုင်ပဝါအုပ်၍ ရယ်နေသည်။

'မဟုတ်ပါဘူး၊ ကိုမြင့်ပါ'

'ကိုမြင့်၊ ကိုမြင့်၊ ဟာ ခင်ဗျားနာမည်ကြီးက သိပ်အခေါ်ရခက်တယ်ဗျ၊ ကိုမောင်မြင့်လဲ မဟုတ်ဘူး၊ ကိုကိုမြင့်ဆိုရင်လဲ မဟုတ်သေးဘူး၊ ကိုမောင်ကိုမြင့်ဆိုလဲ မဟုတ်သေးဘူး။ ဦးကိုမြင့်လို့ပဲ ခေါ်မယ်ဗျာ၊ ဘယ့်နှယ်လဲ'

www.burmeseclassic.com


ကိုမြင့်က စုကို ပြုံးကြည့်သည်။

'ကြိုက်သလို ခေါ်နိုင်ပါတယ်၊ ကိုဖိုးခွေးလို့ပဲခေါ်ခေါ်၊ မောင်ကိုမြင့်လို့ပဲ ခေါ်ခေါ်၊ ဦးမြင့်လို့ပဲ ခေါ်ခေါ်၊ ဒီလူဟာ ဒီလူပါပဲ၊ နာမည်က အရေးမကြီးပါဘူး'

'ကိုဖိုးခွေးဆိုတဲ့ နာမည်ကတော့ မကောင်းဘူးဗျ၊ ကျွန်တော်တို့ကတော့ ဦးကိုမြင့်လို့ပဲ ခေါ်မှာပဲ၊ မဟုတ်ဘူးလား'

စုစုက တိုးကို လှည့်ပြောသည်။ သည်တုန်း ကျောင်းသူတစ်ယောက်က စုကိုလှမ်းခေါ်သည်။ စုက ဆင်ခြေလျှောလမ်းကလေးပေါ်သို့ ပြေးတက်သွားသည်။ နှင်းဆီပန်းရုံတွင် ကိုမြင့်တို့နှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြသည်။ ဘာ့ကြောင့်မသိ။ ကိုမြင့် ရင်ဖိုနေသည်။ တိုးဆိုသည့် ကလေးမကို သူသိချင်နေသည်။ စိတ်ဝင်စားနေသည်။

'အစ်ကို'

ကိုမြင့်က မော့ကြည့်လိုက်သည်။ တိုး၏ မျက်လုံးများက သူ့ကိုစိုက်ကြည့်နေကြသည်။

'အစ်ကိုက ပခုက္ကူဘက်ကလားဟင်'

'ဟုတ်ပါတယ်'

'မအေးက အစ်ကို့အကြောင်းကို ခဏခဏ ပြောဖူးတယ်၊ သစ်ချောက်မိုင်းမှာ အစ်ကိုရှိတယ်လို့ သိထားတော့ ဟိုတစ်နေ့ကတည်းက အစ်ကို့ကို အကဲခတ်နေတာ၊ မအေး ပြောလိုက်တဲ့ ရုပ်မျိုး'

'အေးမရဲ့ ညီမလား'

'ဟုတ်ပါတယ် အစ်ကို၊ တိုးပါ၊ တိုးမလို့လဲခေါ်ပါတယ်'

သြော်...တိုးမတောင် တက္ကသိုလ်ကျောင်းသူကြီးတစ်ဦး ဖြစ်နေပါပကော။ ကိုမြင့် ဘာမျှမပြောနိုင်။ ငေးငိုင်နေသည်။ အေးမနှင့် သူ မပတ်သက်ချင်။ သူ့အသည်းနှလုံးတွင် အေးမအတွက် နေရာမရှိတော့။ အေးမကို မောင်းထုတ်ပစ်ခဲ့ပြီးပြီ။ ယခုတော့ တစ်နည်းမဟုတ်၊ တစ်နည်းဖြင့် လာ၍ ပတ်သက်နေရပြန်ပြီ။

'တမူးဘက်လာတုန်းက အစ်ကို ဘယ်လို ကူညီစောင့်ရှောက်တဲ့ အကြောင်းကို မအေးက တဖွဖွ ပြောပြပါတယ်။ ဒါကြောင့် အစ်ကို့ကို တိုးက မြင်ဖူး တွေ့ဖူးချင်နေပါတယ်'

စကားပြောပုံက အရွယ်နှင့်မလိုက်အောင် ဣန္ဒြေရသည်၊ တည်ငြိမ်သည်၊ အေးမနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။

www.burmeseclassic.com


'အေးမကော၊ ခု အရောင်းအဝယ် လုပ်တုန်းပဲပေါ့'

ကိုမြင့်နုတ်က အလိုအလျောက် ထွက်သွားသည်။ တိုး၏ မျက်လုံးများက ရွှန်းလဲ့နေရာမှ မှုန်မှိုင်းသွားသယောင် ထင်ရသည်။

'လုပ်ရတုန်းပေါ့ အစ်ကိုရယ်၊ ဒီအလုပ် မလုပ်လို့ ဘာသွားလုပ်မလဲ။ ခုတော့ အရင်ကထက်တောင် ပိုလုပ်ရသေးတယ်။ တိုးက ကောလိပ်ရောက်လာတော့ တိုးစရိတ်ကလဲ ကြီးလာတယ်။ မုံရွာရောက်တော့ အိမ်စရိတ်လဲ ပိုကြီးလာတယ်။ ဒီတော့ မအေးအလုပ်ကို ပိုလုပ်ရတာပေါ့ အစ်ကိုရယ်၊ ခုလဲ အဖော်ကောင်းတာနဲ့ မော်လမြိုင် လိုက်သွားတယ်၊ အစ်ကိုကော ဒီမှာ အလုပ်ရပြီပေါ့'

ကိုမြင့်က ခေါင်းရမ်းသည်။

'အမြဲတမ်းတော့ မရသေးပါဘူး၊ ယာယီပဲ ရပါသေးတယ်၊ အလုပ်သမားလိုတဲ့အခါ၊ အစားဝင်ပေးရတာပါ'

'အလုပ်ကြမ်းဆိုတော့ ပင်ပန်းမှာပေါ့ အစ်ကို'

'ပင်ပန်းတာပေါ့'

တိုးက ကိုမြင့်ကိုကြည့်၍ မသိမသာ သက်ပြင်းရှိုက်သည်။

'တခြားအလုပ်ကလေး ဘာလေးရှာပါလား အစ်ကိုရယ်၊ အစ်ကို အရောင်းအဝယ် မလုပ်ချင်ဘူးဆိုတာကိုတော့ မအေးပြောပြလို့ သိပြီးသားပါ'

'တခြားအလုပ်က ဘာသွားလုပ်မှာလဲကွယ်၊ ဘီအေတွေ ဘီအက်စ်စီတွေတောင် အလုပ်ဒီလောက်ရှားနေတာ၊ ဆယ်တန်းတောင် မအောင်တဲ့ အစ်ကိုတို့လိုကောင် ဘယ်မှာအလုပ်ရနိုင်မလဲ၊ အလုပ်ကြမ်းလိုဟာမျိုးပဲ ရမှာပေါ့၊ ညစောင့်ရလဲ လုပ်ပါတယ်၊ အလုပ်ကြမ်းလဲ လုပ်ပါတယ်၊ အရေးမကြီးပါဘူး၊ ဒါပေမယ့် မရတာက ခက်တယ်၊ တလောက တမူးလိုင်းမှာ ဒရိုင်ဘာရမလားလို့ စုံစမ်းကြည့်တော့လဲ မရဘူး၊ စပယ်ယာရရင်လဲ စပယ်ယာ လုပ်မှာပဲ ဘာမှ မရတာက ခက်တယ်'

'အလုပ်က ဒီလောက်ပဲ ရှားသလား အစ်ကိုရယ်။ ဘာဖြစ်လို့များ ဒီလောက်ရှားရတာတဲ့လဲ'

တိုးက အံ့သြဟန်ဖြင့် မေးသည်။

'ဒါတွေကို အစ်ကိုလဲ မပြောတတ်ဘူး။ လူဦးရေတွေကပဲ သိပ်များနေလို့လား၊ လုပ်ကွက်တွေကပဲ ကျဉ်းသွားလို့လား အလုပ်ရှားတာကတော့ အမှန်ပဲ'

ကိုမြင့်က သူ့စကားသူ သဘောကျ၍ ပြုံးသည်။ သူ အလုပ်လုပ်ချင်သည်။ အလုပ်ကိုမရွေး၊ ဓိဇာမကြောင်။ ထမင်းတစ်လုပ်ကို ဣန္ဒြေသိက္ခာနှင့်

www.burmeseclassic.com


စားရလျှင် တော်လောက်ပြီ၊ အလုပ်လုပ်ချင်ပါလျက် အလုပ်မရသောအခါ သူစိတ်ပျက်သည်။

'တစ်ခါတလေတော့လဲ အစ်ကို စဉ်းစားမိတယ်သိလား၊ လောကကြီးမှာ ဘာဖြစ်ဖြစ် လုပ်မှထင်ပါရဲ့လို့၊ တကယ်ကျတော့ လူတွေဟာ လူတစ်ယောက်ကို တန်ဖိုးဖြတ်တဲ့ အခါမှာ ဒီလူအရင်တုန်းက ဘာလုပ်ခဲ့သလဲ၊ ဘာဖြစ်ခဲ့သလဲ ဆိုတာကို သိပ်ကြည့်ကြတော့တာ မဟုတ်ပါဘူး၊ လက်ရှိ ဖြစ်နေတာကိုသာ ကြည့်ပြီး တန်ဖိုးဖြတ်ကြတော့တယ်၊ လူတစ်ယောက်ကိုကြည့်ရင် ဒီလူတစ်ယောက်ရဲ့ အတိတ်ဟာ ဘာရှိသလဲဆိုတာကို မကြည့်တော့ဘူး၊ ပစ္စုပ္ပန်ကိုသာ ကြည့်ကြတော့တယ်'

ကိုမြင့်စကားများက တိုးအဖို့ လေးနက်လွန်းနေသည်။ တိုးကောင်းကောင်း နားမလည်။

'ခု အစ်ကို ကောင်းကောင်းမွန်မွန် အလုပ်တစ်ခုကို လိုက်ရှာနေတယ်။ ဒါပေမယ့် အသိအမှတ်ပြုဖော် မရကြဘူး။ ငကြောင်လို့တောင် ထင်ကြသေးတယ်။ ဒီတော့ တရားတာတွေ၊ မတရားတာတွေကို စဉ်းစားမနေတာပဲ ကောင်းတယ်လို့ ထင်လာတယ်'

ကိုမြင့်မျက်နှာက လေးနက်နေသည်။ တိုး၏ရွှန်းလဲ့သော မျက်လုံးများက ကိုမြင့်ကို စိုက်ကြည့်နေသည်။ သူ့အစ်မ အေးမလို၊ ကိုမြင့်သည် အရွဲ့တိုက်နေသူလောဟု စူးစမ်းဟန် ရှိသည်။

'ဟော့ တိုး၊ လာတော့လေ၊ လက်ဖက်ရည်ပွဲ စတော့မယ်'

ဆင်ခြေလျှောကုန်းထိပ်မှ စုက သူ့ကို လှမ်းအော်ခေါ်သည်။

'သွားတော့မယ်အစ်ကို၊ မုံရွာရောက်ရင်လဲ ဝင်ပါနော်။ တိုးတို့က ခင်တတ်ပါတယ်။ မအေးကလဲ သိပ်ဝမ်းသာမှာပဲ'

တိုးက ကိုမြင့်ကို နှုတ်ဆက်၍ လမ်းကလေးအတိုင်း ကုန်းမြင့်ပေါ်သို့ တက်သွားသည်။

ခေါင်းကို ငိုက်စိုက်ချ၍ ကိုမြင့် တန်းလျားဆီသို့ ပြန်ခဲ့သည်။

၊၊

www.burmeseclassic.com



ကားက သုံးတန် ထရပ်ကားကြီးဖြစ်သည်။ ခရီးရှည် ကားမမောင်းရသည်မှာ ကြာပြီ၊ သည်တော့ နည်းနည်းယောင်ချင်သည်။ လမ်းကလည်း ကြမ်းသည်။ တစ်ဖက်က တောင်စောင်း၊ တစ်ဖက်က မြစ်။

မော်တော်ကားသည် တောင်စောင်းနှင့် မြစ်ကြား လမ်းမျှောင်မျှောင် ကလေးပေါ်တွင် ကစားစရာ အရုပ်ကလေး တစ်ခုလို ပြေးနေသည်။

ကိုမြင့်က မော်တော်ကား လက်ကိုင်ဘီးကိုင်၍ လိုက်လာသည်။ သစ်ချောက်မိုင်းက ဒရိုင်ဘာတစ်ယောက်အစား သူ ဝင်မောင်းရခြင်း ဖြစ်သည်။ ကိုမြင့်က မော်တော်ကား မမောင်းချင်၊ သူက ကားမောင်းကြမ်းသည်။ သို့ရာတွင် အထက်လူကြီးက ခိုင်းတော့ မနေသာ။

ကလေးဝမှ သစ်ချောက်မိုင်းအထိ လမ်းကမဆိုး၊ ပြေချောသည့် ကတ္တရာ လမ်းဖြစ်သည်။ သစ်ချောက်မှ ကလေးမြို့ကြားက လမ်းကြမ်းသည်။ ကတ္တရာ လမ်း မဟုတ်တော့၊ ကျောက်ခဲတွေ၊ ကျောက်တုံးတွေ ဖြုတ်ထနေသည့် လမ်း ကြမ်းကြီးဖြစ်သည်။ အကွေ့အကောက်တွေများသည်။ ကွေ့လိုက်လျှင် ပြေပြေ ပြစ်ပြစ် အကွေ့မျိုး မဟုတ်၊ ပစောက်ကွေ့တွေချည်း ဖြစ်သည်။

ကားက ဝက်ရဲတံတားကိုကျော်ပြီး၊ ကျီကုန်းဂိတ်ကို ဖြတ်သည်။

သူ့မျက်လုံးများက ဈေးဆိုင်များဆီသို့ အလိုလို ရောက်သွားကြသည်။ ဂိတ်တွင် ခါတိုင်းလို သစ်သားမောင်းတံကြီးကန့်လန့်ချ၍ ပိတ်ထားသည်။ မော်တော်ကားကြီးငယ်တွေ စီရပ်ထားကြသည်။ ခရီးသည်တွေ၊ စားသောက်သူ တွေ ပြည့်နေသည်။ ခါတိုင်းတွေ့ရသလို ယောကျ်ားမိန်းမ၊ ပျိုပျိုရွယ်ရွယ်၊ ကြီးကြီးငယ်ငယ်တွေ စုံသည်။

သည်နေရာ ရောက်တော့ အေးမကို အမှတ်ရသည်။ တစ်ဆက်တည်း တိုးကို အမှတ်ရသည်။ သူတို့နှစ်ယောက် ရုပ်ချင်းဆင်တူသော်လည်း လှပုံချင်း မတူ၊ ပြင်ဆင်မွမ်းမံပုံချင်း မတူ၊ အေးမလှပုံက ရဲတင်းသည့် အလှမျိုး၊ ယောကျ်ား

www.burmeseclassic.com


တကာတို့၏ မျက်လုံးများ ရွှေဘော်ထိုးခြင်း ခံရသဖြင့် ပြောင်ချောနေသည့် အလှမျိုး၊ တိုး၏ အလှက ရက်စွဲ့စွဲ့အလှမျိုး၊ မပွင့်တပွင့် အလှမျိုး၊ စရိုက်ချင်း ကျတော့လည်း ကွာသည်။ အေးမက ဈေးသည်ဆန်သည်။ သွက်သည်။ လည် သည်။ တိုးက အပြစ်ကင်းသည်။ ဣန္ဒြေရသည်။ ရိုးသည်။

အေးမနှင့် မပတ်သက်ချင်တော့သည့် အခါကျမှ လာ၍ ပတ်သက်နေရ သည့် သူ့အဖြစ်ကို အံ့သြသည်။ အေးမကို သူ့အသည်းနှလုံးက မောင်းထုတ် ခဲ့ပြီဆိုသည့်တိုင်၊ အေးမသည် သူ့ရင်တွင် ငြိတွယ်နေသေးသည်ကို အံ့သြစွာ တွေ့ရသည်။ အေးမသည် သူ့အကြောင်းကို သူ့ညီမ တိုးအား စုံစုံစေ့စေ့ ပြောထားပုံရသည်။ သူ့ကို ကြည့်နေသော တိုး၏ မျက်လုံးထဲတွင် ကရုဏာရိပ် သန်းနေသည်ကိုလည်း သူသတိပြုခဲ့မိသည်။ အားလုံး သနားစင်နေချင်သူတစ်ဦး၊ စိတ်ကူးယဉ်နေသူ တစ်ဦး၊ သနားစရာ သတ္တဝါ တစ်ဦးအဖြစ် ကြည့်ခြင်းလော။ သူ့အစ်မက စွန့်ပစ်ထားခြင်း ခံခဲ့ရသူ တစ်ဦးဟု သနား၍ ကြည့်ခြင်းလော။ ဤသည်ကို ကိုမြင့်မသိ။

တိုးနှင့်ပြန်တွေ့လိုက်တော့ အေးမသည် ပြန်လည်ကြီးစိုးစ ပြုလာသည်။ သို့ရာတွင် သူနှင့် အေးမတို့ တွေ့စရာအကြောင်း မရှိတော့။ လမ်းစပြတ်ကြပြီ။ အေးမသည် သူရှိရာသို့ လာမည်မဟုတ်၊ စွန့်ပစ်ထွက်ပြေးသွားသည့် မိန်းကလေး တစ်ယောက်သည် သူ့ကို ဘာအကြောင်းဖြင့် လာတွေ့ဦးမည်နည်း။ သူကကော တွေ့စရာ ဘာအကြောင်းရှိသေးသနည်း။

ပစောက်ကွေ့ တစ်ကွေ့နား ရောက်လာသဖြင့် ကိုမြင့် အတွေးမျှင် ပြတ်သွားသည်။ သစ်ပင်အုပ်တွေကို ကွေ့လိုက်တော့ ဖောင်ကူးတံတားသည် မြင်ကွင်းထဲသို့ ပြေးဝင်လာနေသည်။ နေရဋ္ဌရာမြစ်ရေက စိမ်းနေသည်။

ရှေ့နားလေးတွင် ဂိတ်ကွင်းလမ်းရှိသည်။ သည်ဂိတ်ကွင်းလမ်းအတိုင်း ဝင်လျှင် သူနှင့် အေးမတို့ တည်းခိုခဲ့ကြသည့် တောရကျောင်းသို့ ရောက်သည်။ တောရကျောင်းသို့ နောက်ထပ် တစ်ခေါက်မျှ မရောက်တော့၊ လမ်းလည်းမကြုံ၊ ရောက်စရာအကြောင်းလည်းမရှိ၊ အနမတဂ္ဂသံသရာသည် မြစ်ကြီးနှင့် တူသည်ဟု ဆရာတော ဦးခေမာပြောဖူးသည့် စကားကို ရုတ်တရက် အမှတ်ရသည်။ အဝိဇ္ဇာ တဏှာကို မသတ်နိုင်သူတို့သည် ဆိပ်ကမ်းမတွေ့ဘဲ မျောချင်ရာမျောနေသည့် လှေသူကြီးနှင့်တူသည်ဟုလည်း ဆရာတော်က ပြောခဲ့သည်။ ဆရာတော်သည် မည်သည့်အဓိပ္ပာယ်နှင့် ပြောခဲ့လေသည်မသိ၊ သူကတော့ သူ့ဖာသာသူ အဓိပ္ပာယ် ပြန်ခဲ့သည်။ မြစ်ကြီးက သည်ခေတ်ကြီး၊ မျောချင်ရာ မျောနေသူက သူ။

www.burmeseclassic.com



ဟုတ်သည်၊ သူက မျှောချင်ရာ မျှောနေသူ။

ယခုတိုင် ဘယ်သောင် ဘယ်ကမ်းသို့ ဆိုက်မည် မသိသေး။

တောရကျောင်းသို့ဝင်သည့် မြေနီလမ်းကိုကျော်ပြီး ခဏကြာလျှင် ဖောင်ကူးတံတားသို့ ဝင်သည်။

တစ်ဘက်ကမ်းမှ ဂျစ်ကားတစ်စီး တံတားဆီသို့ လာနေသည်။ ကိုမြင့်က တံတားနှင့် နီးနေပြီ၊ တံတားက တစ်လမ်းတည်းဖြစ်သည်။ နှစ်စီးမရှောင်သာ၊ တစ်ဘက်က ကားဝင်လာလျှင် ကားဖြတ်ပြီးအောင် သည်ဘက်ကားက စောင့်ရသည်။ ကိုမြင့် လှမ်းကြည့်လိုက်တော့ တစ်ဘက်က ကားက အဝေးကြီးလိုသေးသည်။ သူက တံတားနှင့် သိပ်မဝေးတော့ပါ။ ဝါးတစ်ရိုက်သာသာလောက်သာရှိမည်။ သူ့လမ်း ဖြစ်သည်ဟု ကိုမြင့် ယူဆသည်။ ထို့ကြောင့် ကားလီဗာကို ခပ်ပြင်းပြင်းနင်းကာ တံတားသို့ ဝင်ခဲ့သည်။ တံတားပေါ်သို့ သူရောက်၍ သုံးပုံတစ်ပုံလောက်ကျတော့ တစ်ဘက်ကမ်က ဂျစ်ကားတံတားထိပ်ဝသို့ ရောက်လာသည်။ ထုံးစံအတိုင်း ဆိုလျှင် သူက တံတားကို အရင်ဝင်ထားသူ ဖြစ်သည်။ တံတားထိပ်ဝက ကားက သူဖြတ်ပြီးအောင် စောင့်ရမည်။ စောင့်လိမ့်မည်ဟုလည်း ကိုမြင့်ထင်သည်။ သို့ရာတွင် တစ်ဘက်တံတားထိပ်က ဂျစ်ကားက သူဖြတ်ပြီးအောင် မစောင့်၊ တံတားပေါ်သို့ အတင်းမောင်းဝင်လာသည်။

ရှောင်စရာမရှိ။

ကိုမြင့် ကားသမားစိတ် ဝင်လာသည်။ ကိုယ့်လမ်းကိုယ် ဖယ်မပေးချင်၊ စင်စစ် သည်လမ်းသည် လုမောင်းစရာလမ်း မဟုတ်၊ တစ်ဘက်က တံတားကို အရင်ဝင်လျှင် မဝင်ရသေးသည့် ကားက စောင့်ရမည်။ အပြိုင်လု၍ ဝင်ရခြင်းမျိုးလည်း မဟုတ်၊ သူက တံတားကို ဝင်၍ သုံးပုံတစ်ပုံလောက် ရောက်နေပြီးမှ တစ်ဘက်က ဇွတ်ဝင်လာခြင်း ဖြစ်သည်။ သည်တော့ ကားချင်းတိုက်လျှင် သူ့အပြစ်မဟုတ်၊ တစ်ဘက်လူ၏ အပြစ်သာ ဖြစ်သည်။ သိလျက်သားနှင့် တမင်ဝင်လာသူ၏ တာဝန်သာဖြစ်သည်။

ကိုမြင့်က လီဗာကိုမလျှော့၊ အဝင်တုန်းက အရှိန်အတိုင်း နင်းလာသည်။ သူ့ကားက သုံးတန်ထရပ်၊ ခေါင်းတို၊ တစ်ဘက်က ဂျစ်ကား၊ ဝီလီဂျစ်ကလေး၊ ခေါင်းချင်းဆိုင်၍ တိုက်လိုက်ရလျှင် ကိုယ့်ကား ကိစ္စမရှိ၊ သူ့ကားစက်ခေါင်း စိစိညက်ညက် ကြေမည်မှာ သေချာသည်။ ရှေ့ကားက ရပ်မပေး။ သူ့ဆီသို့ တည့်တည့်ကြီး မောင်းလာသည်။ အရက်မူးရင်း မောင်းလာသည်လော၊ တမင်သက်သက် အနိုင်ကျင့်ချင်၍ မောင်းလာသည်လော။

www.burmeseclassic.com



ဂျစ်ကားပေါ်က လူကို ကိုမြင့် သဲသဲကွဲကွဲ မြင်နေရပြီ။ မောင်းသူက သိပ်မကြီးသေး၊ ဆံပင်ဂုတ်ထောက်၊ အသားဖြူဖြူ၊ ပိန်ပိန်ပါးပါး လူငယ်တစ်ယောက် ဖြစ်သည်။ သူ့ဆံပင်များ ပခုံးပေါ်ရော၊ နဖူးပေါ်ပါ ဝဲကျနေသည်။ မျက်မှန်အနက်ဝိုင်းကြီးကိုလည်း တပ်ထားသည်။ ပါးစပ်က တစ်စုံတစ်ရာ အော်လာသည်၊ သူ့ဘေးက လူတစ်ယောက် ထိုင်လိုက်လာသည်။

ဖြစ်ချင်ဖြစ်၊ သည်လောက် ရမ်းကားသည့်လူ၊ သည်လောက် အနိုင်ကျင့်ချင်သည့်လူ၊ ခေါင်းချင်းဆိုင်တိုက်ပစ်လိုက်မည်။

ကားနှစ်စီးက တဖြည်းဖြည်း နီးလာပြီ၊ ဝါးတစ်ရိုက်လောက်သာ ကျန်တော့သည်၊ ကိုမြင့် မျက်လုံးကိုမှိတ်ကာ လီဗာကို နင်းလိုက်သည်။ ကျွဲကနဲ အသံနှင့်အတူ ကားဘရိတ်အုပ်သံကို ကြားလိုက်ရသည်၊ ကိုမြင့်၏ ခြေထောက်များကလည်း ဘရိတ်ကို အလိုလိုနင်းမိလျက်သား ဖြစ်ကာ ကိုယ်သည် ရှေ့သို့ ငိုက်ကျသွားသည်။

မျက်လုံးဖွင့်ကြည့်လိုက်တော့ ကားနှစ်စီး ခေါင်းချင်းဆိုင်မိဖို့ သိပ်မလိုတော့။ သုံးလေးပေလောက်သာ ကျန်တော့သည်။

ဂျစ်ကားပေါ်က မျက်မှန်နက်နှင့် လူငယ်က ခုန်ဆင်းလာသည်။ သေသေချာချာ ကြည့်တော့ အရင်တစ်ခေါက် အေးမနှင့် လာတုန်းက တာဟန်ဈေးနားတွင် ဂျစ်ကားရပ်၍ အေးမကို နှုတ်ဆက်ခဲ့သည့် နေလင်းအောင်။

ကိုမြင့်က နေလင်းအောင်ကို ကောင်းကောင်း မှတ်မိသည်။ သည်တုန်းက သည်ကောင် တစ်ဘက်နိုင်ငံက ဂျစ်ကားသွင်းလာခြင်း ဖြစ်သည်ဟု မချစ်မေက ပြောဖူးသည်။ ယခုလည်း သည်ကောင် ဂျစ်ကားတစ်စီး သွင်းလာဟန်တူသည်။ အရင်တစ်ခေါက်တုန်းက ဂျစ်ကားမဟုတ်၊ အရင်တစ်ခေါက် ဂျစ်ကားက ကြက်ဥနှစ်ရောင်၊ ယခု ဂျစ်ကားက အနီရဲရဲ။

နေလင်းအောင် သူ့ကို ကောင်းကောင်း မှတ်မိဟန် မတူ။

'ဟေ့ကောင်၊ ကားလာတာ မမြင်ဘူးလား'

နေလင်းအောင်က ကားပေါ်မှ ဆင်းလာကာ သူ့ကားဘေး လာရပ်သည်၊ လမ်းလျှောက်ပုံက ယိုင်နေသည်၊ ပါးစပ်ကလည်း အရက်နံ့ထွက်နေသည်။ သူ့ဘေးက ထိုင်လိုက်လာသူလည်း ဆင်းလိုက်လာသည်၊ ရပ်ကြမ်းကြမ်း။

'မင်းကကော မမြင်ဘူးလား'

ကိုမြင့်က ခပ်ဆတ်ဆတ် ပြန်မေးသည်။ တကယ်က ကိုမြင့်မရိုင်းပျချင်။ သို့ရာတွင် နေလင်းအောင်က သူ့ထက် သုံးလေးနှစ်လောက် ငယ်လိမ့်မည်၊

www.burmeseclassic.com



သူက ရိုင်းရိုင်းပျပျ လုပ်လာလျှင် ကိုယ်က ယဉ်ကျေးနေ၍ မဖြစ်၊ သူက ယဉ်ကျေးလျှင် ကိုယ်က ယဉ်ကျေးမည်၊ သူက ရိုင်းပျလျှင် ကိုယ်ကလည်း ရိုင်းပျပေးရမည်၊ သူ ယဉ်ကျေးခဲ့ဖူးသဖြင့် ယုဇလယ်စခန်းတွင် ရွှေဝင်းတို့ လူသိုက် စော်ကားသည်ကို ခံလိုက်ရပြီ။ သည်းခံခြင်းဟူသည် သည်းခံခြင်းကို နားလည်သည့်နေရာတွင်သာ ကျင့်သုံးဖို့ ကောင်းသည်၊ သည်းခံခြင်းကို ကြောက်ခြင်းဟု နားလည်ထားသည့်နေရာတွင် သွား၍ ကျင့်သုံးနေလျှင် ကိုယ်သာ အနိုင်ကျင့်ခံရမည်၊ သည်သဘောကို ကိုမြင့် ကျင့်သုံးမိလျက်သား ဖြစ်နေသည်၊ စဉ်းစားသဘောပေါက်ပြီး ကျင့်သုံးခြင်းမဟုတ်။ ခံရဖန်များသဖြင့် အလိုလို တုံ့ပြန်ခြင်းသာ ဖြစ်သည်။

ကိုမြင့် ကားပေါ်က မဆင်းသေး၊ ကားနှစ်စီးက တံတားပေါ်တွင် ရင်ဆိုင်ရပ်ထားသည်၊ ရှောင်မောင်း၍ မရ၊ တစ်စီးစီးက နောက်ဆုတ်ပေးမှ ဖြစ်မည်။

ကိုမြင့် ကားတံခါးကိုဖွင့်၍ ဆင်းပြီး နေလင်းအောင်တို့ ရှေ့တွင် မျက်နှာချင်းဆိုင်ရပ်သည်။ နေလင်းအောင်က သူ့ကို မော့ကြည့်သည်၊ သူနှင့်စာလျှင် နေလင်းအောင်သည် ကလေးလေးလို ဖြစ်နေသည်။ အရပ်က သူ့လောက်မမြင့်၊ ကိုယ်လုံးကညှက်ညှက်၊ ရှုနာရှုံ့ကုန်းကလေး၊ လက်သီးတစ်လုံးမိရုံဖြင့် ခွေလဲသွားနိုင်သည်။

'ခု ဖယ်ပေးပါ'

'တံတားကို မင်းက အရင်ဝင်တာလား၊ ငါက အရင် ဝင်တာလား'

ကိုမြင့်က တမင်ပြုံးပြုံးရင်း မေးသည်။

'ဘယ်သူကပဲ အရင်ဝင်ဝင်၊ ဆုတ်မလား မဆုတ်ဘူးလား'

'နေလင်းအောင် သူ့နောက်က လူကို လှမ်းကြည့်သည်။ နောက်ကလူလည်း နေလင်းအောင် အရိပ်အကဲကို ကြည့်နေသည်။

ခက်သည်။ သည်ကောင်လေးလောက်ကို မလုပ်လောက်၍ ကိုမြင့် အေးအေးဆေးဆေး ပြောနေခြင်းဖြစ်သည်။ အေးအေးဆေးဆေး ပြောတော့ သည်ကောင်က လူးပါးဝချင်သည်။

'ဖယ်မလား၊ မဖယ်ဘူးလား'

နေလင်းအောင်က ဘောင်းဘီအိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်ချိန်သည်။

www.burmeseclassic.com



'မဖယ်တော့ မင်းဘာလုပ်ချင်သလဲ'

'အကြောင်းသိသွားမှာပေါ့'

နေလင်းအောင်က သေနတ်ကို ထိုးအချိန်လိုက်၊ ကိုမြင့်က သူ့လက်ကို ဖမ်းလိမ်ပစ်လိုက်သည်။ သေနတ် ကျည်ဆန်တစ်ချက် မြည်ဟိန်းကာ အပေါ်က တံတားသံဂုံးကို သွား၍ မှန်သည်၊ ပြေးဝင်လာသော နေလင်းအောင်အဖော်၏ ဆီးခုံကို ကိုမြင့်က ညာခြေပတ်၍ ဆီးကန်လိုက်သည်။ လက်က နေလင်းအောင်၏ လက်ကို ဆွဲညှစ်လိမ်လိုက်သည်၊ ငယ်သံပါအောင် အော်သံနှင့်အတူ သေနတ်က တံတားကြမ်းပြင်ပေါ်သို့ ကျသွားသည်။ ကိုမြင့်က လက်ကို လိမ်ထားရာမှ ဆောင့်တွန်း လွှတ်လိုက်ပြီး သေနတ်ကို ကောက်သည်။

'တစ်ယောက်မှ မလှုပ်နဲ့၊ သွား ကားပေါ်ပြန်တက်'

နေလင်းအောင်က လှည့်ကြည့် လှည့်ကြည့်ဖြင့် ကားပေါ်ပြန်တက်သည်၊ သူ့ဆရာတက်တော့ တပည့်လည်း ကားပေါ်တက်ထိုင်သည်၊ ကိုမြင့် သူတို့ကား နား လိုက်သွားသည်။ သေနတ်က ချိန်ထားလျက်။

'ဆုတ်...နောက်ပြန်ဆုတ်၊ ပြီးတော့ တံတားထိပ်မှာ သွားရပ်'

နေလင်းအောင်က ဂျစ်ကားကို နောက်ပြန်ဆုတ်ပြီး တံတားထိပ်တွင် သွားရပ်သည်။ ကိုမြင့်က သူ့ထရပ်ကားပေါ်သို့ တက်ပြီး တံတားထိပ်သို့ မောင်းလာသည်။ နေလင်းအောင် မျက်စိမျက်နှာပျက်ပျက်ဖြင့် ကိုမြင့်ကို လှမ်း ကြည့်နေသည်။ တံတားထိပ်ရောက်တော့ ကိုမြင့် ကားပေါ်မှ ဆင်းလာသည်။

'မင်းနာမည် နေလင်းအောင် မဟုတ်လား'

'ဟုတ်တယ်'

နေလင်းအောင်က အံ့အားသင့်ဟန်ဖြင့် သူ့ကိုကြည့်သည်။ သူ့အသံက ပြေပြေပြစ်ပြစ် မဟုတ်၊ ခပ်အင့်အင့်၊

'မှတ်ထား၊ ငါ့နာမည် ကိုမြင့်၊ မိုက်ချင်ရင် မင်းတို့ထက် ဆယ်ဆမိုက် လို့ရတယ်၊ ကြမ်းချင်ရင် မင်းတို့ထက် ဆယ်ဆကြမ်းလို့ရတယ်၊ လိမ်မာဖို့ ကြိုးစားနေတဲ့ လူတစ်ယောက်ကို မိုက်အောင် ဝိုင်းမလုပ်နဲ့'

နေလင်းအောင် မျက်စိမျက်နှာ ပျက်နေသည်။ သေနတ်က သူ့လက်ထဲ ရောက်နေတော့ ဘာမျှ မလှုပ်ရဲ၊ ပစ်များချလိုက်မည်လောဟု တွေး၍ လန့်နေ သည်။

'ဘာလဲ၊ မင်းအလှည့်ကျတော့ မင်းကြောက်နေပြီလား၊ ဒါ မင်းသေနတ် လား'

www.burmeseclassic.com


ကိုမြင့်က သေနတ်ကို ပြသည်။ သေနတ်က ကိုးမီလီမီတာ ဘရောင်နီ ပစ္စတို အသစ်ကလေး၊ လိုင်စင်ရှိဟန်မတူ၊ ကေန္တ တိတ်တိတ်ပုန်းကိုင်သည့် သေနတ်ဖြစ်ရမည်။

'မင်းသေနတ်လား'

'ဟုတ်တယ်'

ကိုမြင့်က သေနတ်ထဲက ကျည်ကပ်ကိုထုတ်ပြီး ရေထဲသို့ ပစ်ချလိုက်သည်။

'ရော့...မင်းသေနတ်၊ နောက်မှတ်ထား၊ လူတစ်ယောက်ကို လက်နက်အားကိုးနဲ့ အနိုင်မကျင့်နဲ့၊ လက်နက်နဲ့ အနိုင်ကျင့်ရဲတာဟာ သတ္တိကောင်းတာမဟုတ်ဘူး၊ သတ္တိကြောင်တာ၊ ကဲ...သွားတော့'

နေလင်းအောင်က သေနတ်ကို ဇက်ကနဲယူပြီး ကားကို ဆောင့်ထွက်သည်။ ကိုမြင့်က ဂျစ်ကား တံတားထဲသို့ ဝင်၍ တစ်ဘက်ထိပ်သို့ရောက်မှ သူ့ကားပေါ်သို့ တက်သည်။

နောက်ပြန်လှည့်ကြည့်လိုက်တော့ ဂျစ်ကားကလေးက တောရိပ်ကွေ့တွင် ပျောက်သွားပြီ၊ သည်တော့မှ ကိုမြင့် ကားလက်ကိုင်ဘီးတွင် ဝင်ထိုင်သည်။

သည်အဖြစ်မျိုးကို သူစက်ဆုတ်သည်၊ ရှက်သည်၊ သို့ရာတွင် မရှောင်မလွှဲသာတော့ ရင်ဆိုင်ရသည်။ ဘာမျှ မတတ်နိုင်။

နေလင်းအောင်ကို သူ တာဟန်းတွင် တစ်ခါသာမြင်ခဲ့ဖူးသည်။ မချစ်မေတို့ အေးမတို့ စကားများအရ မုံရွာစီးပွားရေးကို ကြိုးကိုင်ချယ်လှယ်သူတွေထဲတွင် တစ်ယောက်ဟု သိရသည်။ အရောင်းအဝယ်မှန်သမျှ အကုန်လုပ်သည်ဟုဆုသည်။ အကုန်လုပ်သည်ဆိုတော့ ရှင်းနေပြီ၊ ကျောက်စိမ်း၊ ဘိန်းဖြူ၊ ရွှေချောင်း၊ ရှေးဟောင်းရုပ်တု စသည့် အရာတွေအားလုံး ပါမည်မုချ၊ ရန်ကုန်–မော်လမြိုင်ဘက်တော့ မသိ၊ မိုးကုတ်ကြတ်ပြင်ဘက်တွင် သူ့ခြေရှိသည်။ တောင်ကြီး–တာချီလိတ်တွင်လည်း ခြေရှိသည်။ တမူးဘက်တွင်လည်း သူ့ခြေလှမ်းကြဲသည်။ သူကိုယ်တိုင် သည်ကောင့်ကို နှစ်ကြိမ်တိုင် တွေ့ခဲ့ဖူးပြီ မဟုတ်လော။ သူစီးသည့် ဂျစ်ကားက တစ်ကြိမ်နှင့်တစ်ကြိမ် မတူ၊ ပထမတစ်ခေါက် မချစ်မေ ပြောတုန်းက သိပ်မယုံ၊ မချစ်မေ စကားက ဈေးစကား၊ ဈေးစကားဆိုသည်က နည်းနည်းလေးကို အကြီးကြီးဖြစ်အောင် ပြောတတ်သည်။ အပိုတွေများသည်။ ထို့ကြောင့် သည်တုန်းက သူမချစ်မေ စကားကို အလေးအနက် မထားခဲ့။

www.burmeseclassic.com


ယခုသည်ဘက်တွင် နေခဲ့သည်မှာ သုံးနှစ်နီးပါးရှိပြီ၊ သူ ကြားသည့် စကား၊ မြင်ရသည့် မြင်ကွင်းတွေကို ထောက်သော် မချစ်မစကားသည် ရာနှုန်းပြည့် မှန်လောက်သည်။ တစ်ဘက်နိုင်ငံ စစ်တပ်က ဂျစ်ကားဟောင်းများကို ကန်ထရိုက်များက လေလံဆွဲပြီး သည်ဘက်သို့ ရောင်းကြသည်။ ဂျစ်ကားက တစ်ဘက်နိုင်ငံတွင် ဆင်သည့် ဝီလီဂျစ်ကား အမျိုးအစား၊ ဈေးပေါသည်။ သည်ဘက်က ကုန်သည်တွေက လိုင်စင်အတု အင်ဂျင်နံပါတ် အတုရိုက်၍ သွင်းလာကြသည်။ တလောကပင် တမူး အကောက်ခွန်ဌာနဝင်းထဲတွင် ဖမ်းမိထားသည့် ဂျစ်ကားသုံးလေးစီးကို သူ မြင်ခဲ့ရသေးသည်။ ဖမ်းမမိဘဲ လွတ်ထွက်သွားသည့် ဂျစ်ကားတွေ မည်မျှရှိပြီ မသိ။

ကိုမြင့် ကလေးမြို့တွင် ကိစ္စပြီးတော့ သစ်ချောက်မိုင်းသို့ ချက်ချင်းပြန်လာခဲ့သည်။ သစ်ချောက်မိုင်းသို့ သူပြန်ရောက်တော့ နေ့လည် နာရီပြန် တစ်ချက်ကျော်ကျော်လောက် ရှိပြီ၊ ကားရုံတွင် ကားရပ်ပြီး တန်းလျားဘက်သို့ ထွက်လာတော့ အနီရောင် ဂျစ်ကားတစ်စီး ရုံးဝင်းထဲမှ ထွက်ကာ ကလေးဝ ဘက်သို့ မောင်းသွားသည်ကို လှမ်းမြင်လိုက်ရသည်။ နေလင်းအောင်၏ ဂျစ်ကား ဖြစ်ရမည်ဟု သူတွက်သည်။

အခန်း ပြန်ရောက်တော့ ဖိုးလှချို မျက်နှာမကောင်း၊ ခါတိုင်းလို မရွှင်။

'မင်းတော့ မလွယ်ဘူး'

ဖိုးလှချိုက အရင်းမရှိ အဖျားမရှိ လှမ်းပြောသည်။

'ဘာဖြစ်လို့ မလွယ်ရမှာလဲဗျ'

'ဖောင်ကူးတံတားမှာ မုံရွာက ကောင်လေးကို ထိုးလို့ဆို၊ ဒုမန်နေဂျာကို ဝင်တိုင်သွားတယ်၊ မင်း ဒီကောင်လေးကို မသိဘူးလား'

'ကလေးမြို့မှာ တစ်ခါတွေ့ဖူးသားပဲ မုံရွာက ကုန်သည်ပေါက်စကလေး တစ်ယောက်၊ နာမည်က နေလင်းအောင်၊ ဟိုတစ်နှစ်က မုံရွာက ကုန်သည်ကြီးရဲ့ သမီးနဲ့ ထွက်ပြေးတယ်၊ ကျွန်တော် သိတာကတော့ ဒီလောက်ပဲ'

ဖိုးလှချိုက ခေါင်းကို ရမ်းသည်။

'အဲဒါတွေတော့ ငါမသိဘူး၊ ငါသိသလောက်တော့ ဒီကောင်က မိုင်းက အရာရှိတစ်ယောက်ရဲ့တူ၊ ခု မန်နေဂျာကို ဝင်တိုင်သွားသတဲ့၊ ဘယ်လိုဖြစ်ကြတာလဲ'

ကိုမြင့်က အဖြစ်အပျက်ကို ပြောပြရသည်။ အဖြစ်အပျက်ကို ကြားတော့ ဖိုးလှချို သူလုပ်ခဲ့သည်မှာ နည်းပင် နည်းသေးသည်ဟု မှတ်ချက်ချသည်။

www.burmeseclassic.com


'ဒီကောင်လေးကို ခင်ဗျား သိလို့လား'

'သိတာပေါ့ကွ၊ မင်းမရောက်ခင် တစ်နှစ်လောက်တုန်းက ဒီကောင် သစ်ချောက်မိုင်းမှာ ရေထွက်မတတ် ဝင်ထွက်နေတာပဲ၊ မင်းမလာခင်ကလေးတွင် ပြဿနာတစ်ခုပေါ်လို့ နည်းနည်းအလာကျဲသွားတာ'

'ပြဿနာက'

'ပြဿနာက ခပ်ရှုပ်ရှုပ်ပဲ၊ ဒီကောင်လေးရဲ့ ဦးလေးတစ်ယောက်က မိုင်းမှာ အရာရှိ၊ ကောင်လေးက တမူးတို့ ဘယ်တို့ သွားရင် ဒီကိုဝင်တတ်တယ်၊ တစ်ခါတလေ တစ်ရက်တန်သည် နှစ်ရက်တန်သည် တည်းသွားတတ်တယ်၊ တစ်ခေါက်ကျတော့ မိုင်းက စာရေးတစ်ယောက်ရဲ့ သမီးလေး၊ ရှစ်တန်းကျောင်း သူလေးပါကွာ၊ ရှိလှရင် ဆယ့်လေးငါးနှစ်လောက်ပဲ ရှိဦးမယ်၊ အဲဒီကောင်မလေး နဲ့ဖြစ်ရော၊ ကောင်လေးက အရောင်းအဝယ်လုပ်တော့ ဝက်ကလေး ဘာလေးလဲ ထောသပေါ့ကွာ၊ ကောင်မလေးကို အင်္ကျီစလေးပေး၊ ထမီလေးပေးနဲ့ဆိုတော့ မြန်မြန်ကျုံးသွင်းလို့ လွယ်တာပေါ့၊ နောက်တော့ ကောင်မလေးနဲ့ လွန်လွန်ကျူး ကျူး ဖြစ်ရာက ဖုံးမရ ဖိမရ ဖြစ်လာတယ်၊ ဒီတွင် ကောင်မလေးမိဘတွေက ဆိုင်ရာကို တိုင်တယ်၊ အမှုက ရာဇဝတ်မှုဖြစ်နေတယ်၊ ကောင်မလေးက အရွယ်မှ မရောက်သေးဘဲကိုး၊ ဒီတွင် အရာရှိက ကောင်မလေးမိဘတွေကိုခေါ်ပြီး ချော့တန် ချော့၊ ခြောက်တန်ခြောက်လုပ်ပြီး အမှုကို အရပ်ခိုင်းတယ်'

'နောက်တော့ ဘယ်လိုပြီးသွားသလဲ'

'သေသေချာချာတော့ မသိဘူး၊ ကောင်လေးဘက်က ငွေတစ်သောင်း ပေးလိုက်ရတယ် ပြောတယ်၊ ကောင်လေး ဦးလေး အရာရှိကိုတော့ တခြားပြောင်း ပစ်လိုက်တယ်၊ ကောင်မလေးရဲ့အဖေလဲ တခြား ပြောင်းသွားရတယ်'

'ကောင်မလေးကတော့ ကလေးတစ်ကောင်နဲ့ပေါ့'

'ဒါပေါ့၊ ကောင်မကလေးမှ ငယ်ငယ်ကလေး ရှိသေးတယ်'

ကိုမြင့်က တက်တစ်ချက်ခေါက်သည်။ မျက်နှာက စိတ်ပါဝင်စားဟန် စူးစိုက်ရာမှ တင်းမာသွားသည်။

'သူတို့များတော့ လွယ်လိုက်တာနော်၊ ငွေတစ်သောင်းဆိုတာ နဲတာ မဟုတ်ဘူး၊ ကျုပ်တို့ ခင်ဗျားတို့မှာသာ ရှားနေတာ၊ စောစောကသိရင် ဒီကောင့် ကို နာနာဆုံးမလိုက်တယ်ဗျာ၊ ခုတော့'

'လက်သီးတစ်လုံးနှစ်လုံးလောက်ပဲလား'

www.burmeseclassic.com


'လက်သီးနဲ့တစ်ချက်မှ မထိုးလိုက်ရဘူး၊ ကျွန်တော့်ကို သေနတ်နဲ့ချိန်လို့ လက်ပဲ လိမ်ညှစ်ပစ်လိုက်ရုံကလေးရယ်၊ ကျွန်တော့်ဆီ ပြေးလာတဲ့ သူ့ရဲ့လူကိုတော့ ခြေထောက်နဲ့ တစ်ချက်ကန်လိုက်တယ်'

'ဒါဖြင့် လက်သီးနဲ့ထိုးတယ်ဆိုတာ ဒီကောင် ညာပြောတာပေါ့'

'ဒီအတိုင်းပြောရင်တော့ ညာပြောတာပဲ ဖြစ်မှာပေါ့၊ ခင်ဗျား စဉ်းစားကြည့်လေ၊ ကျွန်တော်က ကားကြီး၊ သူကကားလေး၊ တံတားကို ကျွန်တော်ဝင်လို့ ဝါးတစ်ရိုက်ကျော်ကျော်လောက်ရှိနေပြီ၊ မြင်ရက်သားနဲ့ အတင်းဝင်တိုးတာ၊ အမှန်က စိစိညက်ညက် ကြေအောင်တောင် တိုက်ပစ်လိုက်ဖို့ ကောင်းတာ'

'မင်းမို့လို့ပေါ့၊ ငါလိုကောင်မျိုးဆိုရင် စိစိညက်ညက် ကြေသွားအောင် မတိုက်တောင်မှ ကျောင်းမှန်းကန်မှန်း သိအောင်တော့ ပြလိုက်မှာပဲ၊ ကဲ...သွားဦးမယ်၊ ရုံးခန်းကို သွားဦး၊ ဘာပြောမလဲ မသိဘူး'

ကိုမြင့် ရုံးခန်းသို့ ထွက်လာခဲ့သည်၊ ရုံးခန်းတွင် သူသွားခဲ့ရသည့်ကိစ္စကို သတင်းပို့သည်၊ အုပ်ချုပ်ရေးမှူးက သူ့သတင်းပို့ချက်ကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။ မည်သို့မျှ မပြော။

တိတ်ဆိတ်နေသည်။ ကိုမြင့်က အုပ်ချုပ်ရေးမှူးကို နှုတ်ဆက်ပြီး ပြန်ရန်ပြင်သည်။

'မောင်ကိုမြင့် ထိုင်ပါဦးကွ'

ကိုမြင့် သူညွှန်ပြသည့် ကုလားထိုင်တွင် ဝင်ထိုင်သည်။

'မင်းကို ခရီးသည်တစ်ယောက် ဝင်တိုင်သွားတယ်၊ ဖောင်ကူး တံတားအဝင်မှာ စကားများပြီး ခရီးသည်တစ်ယောက်ကို လက်သီးနဲ့ထိုးခဲ့တယ်ဆိုတာ ဟုတ်သလား'

'မဟုတ်ပါဘူး'

ကိုမြင့်က အဖြစ်အပျက်အားလုံးကို ရှင်းပြသည်၊ အုပ်ချုပ်ရေးမှူးက သဘောကောင်းပုံရသည်။ သူ့ကို အပြစ်တစ်စုံတစ်ရာ မပြော။

'ခုမောင်းသွားတဲ့ကားက ဌာနက ကားဆိုတော့ တို့ဆီကို လာတိုင်တာပဲ၊ တို့လည်း ဒီကောင်လေးအကြောင်းကို သိတယ်ကွာ၊ သိပ်မပြောချင်ဘူး၊ အသိုင်းအဝိုင်း ကောင်းတော့ မှားမှားမှန်မှန် ကိုယ်ပဲခံရမှာပဲ၊ ကြည့်ပြီးနေကြ'

ကိုမြင့်က အုပ်ချုပ်ရေးမှူးကို လှမ်းကြည့်သည်၊ သူမှားသည်ဟု ပြောလိုသလော၊ သူ့ကိုစေတနာကောင်းဖြင့် ဆုံးမခြင်းလော၊ သတိပေးခြင်းလော။

www.burmeseclassic.com



'တို့ဘက်ကတော့ ဘာမှအရေးမယူလိုဘူး၊ တစ်ခုတော့ ရှိတယ်၊ ရဲကိုများ တိုင်ချင်တိုင်မလားမသိဘူး၊ ရဲတိုင်ရင်တော့ တို့လဲ ဘာမှမတတ်နိုင်ဘူး၊ ကဲ... သွားနိုင်ပြီ'

အုပ်ချုပ်ရေးမှူးရုံးခန်းမှ ထွက်ခဲ့သည်၊ ပိဿလေးကြီး ဆွဲထားသည့်နှယ် ခြေလှမ်းများက လေးလံနေသည်၊ စိတ်ဆာသည်၊ ကိုယ်က မည်သို့မျှ မလုပ် လိုက်ရဘဲ တရားခံဖြစ်ရသည်ကို နာကြည်းသည်၊ စောစောကသာသိလျှင် သည်ထက် စပ်စပ်ကလေး လုပ်ခဲ့လျှင် အကောင်းသားဟု တွေးမိသည်။

အုပ်ချုပ်ရေးမှူး စကားရိပ်သန်းလိုက်သည့်အတိုင်းပင်။

ညနေထမင်းစားပြီး ဖိုးလှချို့နှင့် သူထိုင်နေစဉ် ရဲက သူ့ကို လာဖမ်း သည်၊ မျှော်လင့်ပြီးသားဖြစ်၍ ဘာမျှ မအံ့သြ၊ အသာတကြည်ပင် ထလိုက်ခဲ့ သည်၊ ရဲက ထုံးစံအတိုင်း သူ့ကိုယ်ရေးရာဇဝင်ကို ယူသည်၊ အမည်၊ မိဘအမည်၊ အသက်၊ နေရပ် စသည်။

'အလုပ်အကိုင်'

ရဲအရာရှိက တမင်လုပ်ထားသည့် သံပြတ်ဖြင့် မေးသည်။

'မရှိဘူး'

ကိုမြင့်ကလည်း ခပ်ပြတ်ပြတ်၊ အတောခံရဖန်များသဖြင့် သူ့နှလုံးသား သည် နုနယ်ညွတ်ပျောင်းခဲ့ရာမှ ကျဉ်းပေါင်းတက်စ ပြုနေပြီ၊ အနူးအညွတ် စကားကို မဆိုချင်။

သူ့အသံကြောင့် ရဲအရာရှိ ငုံ့၍ ရေးမှတ်နေရာမှ တစ်ချက်လှမ်းကြည့် သည်။

'သစ်ချောက်ကို ရောက်တာ ဘယ်လောက်ကြာပြီလဲ'

'နှစ်နှစ်ကျော်ကျော်လောက် ရှိပြီ'

'နှစ်နှစ်လုံးလုံး အလုပ်မလုပ်ဘဲ ဘယ်လိုလုပ် စားသောက်နေသလဲ'

အလုပ်အကိုင်မေးသည်မှာ ဝတ္တရားအရ မေးခြင်းဖြစ်၍ သူကလည်း ဖြေရမည်၊ သို့ရာတွင် သည်မေးခွန်းကတော့ ဝတ္တရားထက်ပိုသည်ဟု ကိုမြင့်ထင် သည်။ သူ မည်သို့မည်ပုံ စားသောက်နေသည့်ကိစ္စသည် သူက မေးစရာမဟုတ်၊ မမေးသင့်၊ လူတစ်ယောက်၏ အကျင့်စာရိတ္တနှင့် သိက္ခာကို နင်းချေပစ်ရာ ရောက်သည်။ သူ့ကိုခိုးသည်၊ ဝှက်သည်၊ တရားဥပဒေကို ဖောက်ဖျက်သည်ဟု ထင်လျှင် ဥပဒေက ပေးထားသော အခွင့်အာဏာများအရ ဖမ်းချုပ်လိုက ချုပ်နိုင်သည်၊ သည်လို မေးဖို့မကောင်း၊ မေးစရာမရှိ။

www.burmeseclassic.com


'ဒါက ခင်ဗျားအလုပ် မဟုတ်ပါဘူး'

ရဲအရာရှိ နဖူးကြောသည် ထောင်တက်လာသည်၊ မျက်နှာကလည်း နီရဲသွားသည်။ ရေးနေသည့်ဖိုင်တွဲကို ရှေ့သို့ လက်ဖြင့် တွန်းဖယ်ပြီး အော်သည်။

'ကျုပ်အလုပ်ပေါ့ဗျ၊ ခင်ဗျားအလုပ်အကိုင်ကို ကျုပ် မေးရမယ်၊ မေးခွင့်ရှိတယ်'

'ခင်ဗျား မေးခွင့်ရှိတာကို မေးတယ်၊ ကျုပ်လဲ ဖြေခွင့်ရှိတာကို ဖြေတယ်၊ ကျုပ်အလုပ်မရှိဘူးလို့ ဖြေပြီးပြီ၊ ဘာနဲ့ စားသောက်နေသလဲဆိုတာကိုတော့ ခင်ဗျားမှာ မေးခွင့်မရှိဘူး ထင်တယ်၊ ဒီတော့ ကျုပ်ကလဲ မဖြေဘဲ ငြင်းခွင့်ရှိတယ်'

'ကောင်းပြီ၊ ဒါဖြင့် အထဲဝင်'

အစောင့်က အချုပ်တံခါးကို ဖွင့်သည်။ ကိုမြင့်က မျက်နှာထား တင်းတင်းဖြင့် အချုပ်ခန်းသို့ဝင်သည်။ မည်သို့မှ မဆို။

ရင်ထဲတွင်မူ တင်းကျပ်နေသည်။ ကျောက်မီးသွေးမိုင်းထဲ ဆင်းရသည့်နှယ် အသက်ရှူ၍ မဝချင်။

()

www.burmeseclassic.com



အလင်းရောင်ထဲမှ အမှောင်ထဲသို့ ရုတ်တရက် ရောက်သွားသည်။ ဘာကိုမျှ သဲကွဲစွာ မမြင်ရ၊ ခဏကြာတော့ မျက်လုံးများက အမှောင်ထဲတွင် ကျင့်သား ရသွားသည်၊ အပေါက်ဝက အလင်းရောင်လေးက ခပ်ပျပျ ထိုးကျနေသည်။ သံလမ်းဇလီဖာတုံးကြားနှင့် သံလမ်းဘေးတွင် ဖွက်တွေထနေသည်။ ကိုက်နှစ်ဆယ်လောက် ဝင်လာမိတော့ စောစောက အလင်းရောင်ကလေးပင် မရှိတော့၊ အားလုံး မှောင်မည်းသွားသည်။

သူတို့အားလုံး နှစ်ဆယ်လောက်ရှိသည်။ ဒူးဆစ်အထိ သားရေဖိနပ်ရှည်ကြီးများကို စီးထားကြသည်။ နောက်ကျောတွင် ဘက်ထရီအိုး လွယ်ထားပြီး သားရေကြိုးလုံးနှင့် ဆိုင်းထားသော ထိပ်အုပ်မီးပွင့်ကို နဖူးပေါ်တွင် တပ်ထားသည်။

ကိုမြင့် ဖိနပ်ရှည် မစီးခဲ့သည်မှာ ကြာပြီ၊ တပ်ကထွက်ကတည်းက သည်ဖိနပ်ရှည်ကြီးမျိုးကို မစီးဖြစ်တော့၊ ယခုပြန်စီးရတော့ တစ်မျိုးဖြစ်နေသည် သည်အထဲ ရွှံ့ဗွက်တွေထဲ ရုန်းနေရသဖြင့် ခြေလှမ်းတုံ့သည်။

‘ဟေ့ သံလမ်းဘောင်ပေါ်က လျှောက်ကွ၊ သံလမ်းဘောင်ပေါ်က လျှောက်ကွ’

ဦးစံတင်က ကိုမြင့်ကို လှမ်းပြောသည်။ သူက သံလမ်းဘောင် တစ်ဘက်တစ်ချက်၌ ခြေထောက်ကို ကန့်လန့်တင်ကာ ကားယား ကားယားဖြင့် လျှောက်သည်။ ကျန်အလုပ်သမားများလည်း သူ့လိုပင် လျှောက်ကြသည်။ တချို့က သံလမ်းအလယ်က ဇလီဖာတုံးပေါ်က လျှောက်ကြသည်။

အချုပ်ခန်းထဲ၌ တစ်ပတ်လောက်နေရပြီးနောက် ကိုမြင့်ကို ပြန်လွှတ်လိုက်သည်။ နောင်တွင် ကောင်းကောင်းမွန်မွန်နေပါဟု သူ့ကိုစစ်သော ရဲအရာရှိက ဆုံးမလွှတ်လိုက်သည်။ ကိုမြင့် မည်သို့မျှ မပြောတော့။

www.burmeseclassic.com



သည်နေ့ ကိုမြင့် စ၍ မိုင်းထဲဆင်းရခြင်းဖြစ်သည်။ ကျောက်မီးသွေးတွင်းတူးအလုပ်သမားအဖြစ် ဝင်ခြင်းတော့ မဟုတ်၊ ကိုမြင့်က စက်တူရွင်းကို မကိုင်တတ်သေး၊ ကုလားဘောင်များကို မထောက်တတ်သေး၊ စင်စစ် မြေပြင် ယာယီအလုပ်သမားသာ ဖြစ်သည်။ မိုင်းသို့ရောက်လာသည့် ကျောက်မီးသွေးများကို မိုင်းကားပေါ်မှ သယ်ချကာ ကွက်လပ်တွင် သွားပုံရသည့် အလုပ်သမားမျှသာ ဖြစ်သည်။ သို့ရာတွင် သည်နေ့တော့ ဆိုင်ရာက ကိုမြင့်ကို မိုင်းထဲသို့ ဆင်းခွင့်ပြုလိုက်သည်။ သစ်ချောက်မိုင်းတွင် မြေအောက်နှင့် မြေပြင်တယ်လီဖုန်းအဆက်အသွယ် မရှိသေး၊ ထို့ကြောင့် မြေအောက်နှင့် မြေပြင် အဆက်အသွယ်လုပ်ရန် လူတစ်ယောက် လိုသည်။

မြေအောက် ဥမင်ကြီးထဲရောက်တော့ မြေကြီးနံ့ အစိုနံ့တို့က နံသည်။ အသက်ရှူရကျပ်သည်။ ရှေ့ဆုံးမှ ဦးစံတင်က ညာဘက်သို့ ကွေ့လိုက်သည်။

'အဲဒါ ပလပ်စ်တူလယ်ဗယ်ကို တက်တဲ့ ဥမင်ပဲကွ'

ဦးစံတင်က ပြောပြသည်။ ကိုမြင့် ထိပ်အုပ်ဓာတ်မီးကို အပေါ်သို့ထိုးကာ ဥမင်နံရံကို ကြည့်သည်၊ ကျောက်မီးသွေး မျက်နှာပြင်တွင် အချင်းခြောက်လက်မလောက်ရှိမည့် သစ်လုံးကို အလယ်က ထက်ဝက်ခြမ်းကာ ထုတ်အဖြစ် သုံးထားသည်၊ ထုတ်ကို အချင်းငါးလက်မခန့်ရှိ သစ်လုံးများဖြင့် ထောက်ထားသည်၊ ဒေါက်တိုင် တစ်တိုင်နှင့်တစ်တိုင် လေးပေလောက် ကွာမည်ထင်ရသည်၊ ထုတ်ခြမ်းကလည်း သိပ်မရှည်၊ ခြောက်ပေလောက်သာ ရှိမည်ထင်သည်၊ ထုတ်ခြမ်းတစ်ခြမ်းကို ဒေါက်တိုင်နှစ်ခု ထောက်သည်၊ အမိုးမကောင်းသည့် နေရာများတွင် ထုတ်ခြမ်းနှင့်အမိုးကြား ပျဉ်ပြားများကို ခုထားရသည်၊ ကျောက်မီးသွေး မျက်နှာပြင်၏ဖိအားကို သည်ထုတ်ခြမ်း၊ ဒေါက်တိုင်များဖြင့် ထိန်းထားရသည်။ ဒေါက်တိုင်ထောက်ပုံ မသေသပ်လျှင် အမိုးပြိုကျနိုင်သည်၊ ကျောက်မီးသွေး မျက်နှာပြင်ရွေ့သွားလျှင်လည်း ပြိုကျနိုင်သည်။ ထို့ကြောင့် ကျောက်မီးသွေးမိုင်းထဲက ဒေါက်တိုင်များ၊ ထုတ်ခြမ်းများ၊ ကျောက်မီးသွေးနံရံများကို နေ့တိုင်းစစ်ဆေးရသည်။

အလုပ်သမားနှစ်ယောက် ဝဲဘက်ဥမင်သို့ ချိုးဝင်သွားကြသည်၊ သူတို့က ကကြီးဥမင်ထဲသို့ ဝင်ရမည်၊ ကကြီးဥမင်ထဲတွင် တူး၍ မပြီးသေးသော ခြောက်ပေကျောက်မီးသွေးကြော တစ်ကြောရှိသည်။ သူတို့နှစ်ယောက်က သည်ခြောက်ပေကြောကို ဆက်ထုတ်ရမည်၊ အလုပ်သမားနှစ်ယောက်သည် မှောင်ကြီးထဲတွင် လျှောက်သွားကြသည်။ သူတို့ခေါင်းမှ မီးရောင်ကလေးသာလျှင် အမှောင်ထဲတွင် လှုပ်ရှားနေသည်။

www.burmeseclassic.com



သူနှင့် ဦးစံတင်ကမူ ကိုးပေကြောထိအောင် သွားရမည်။ ကိုးပေကြောက အစွန်ဆုံးမှာရှိသည်။ နောက်ဆုံးဖောက်သည့် ဥမင်ဖြစ်သည်။ ကိုမြင့် အသွားအလာ လွယ်ကူသွားစေရန် ဦးစံတင်က လိုက်ပြခြင်းဖြစ်သည်။

ရေနစ်တုန်းက သူ့ကို ကိုမြင့် ကယ်ခဲ့သဖြင့် ဦးစံတင်က ကိုမြင့်ကို ကျေးဇူးတင်နေသည်။ သူ့ကို တူအရင်းသားအရင်းသဖွယ် သံယောဇဉ်ကြီးနေသည်။ ကိုမြင့် မိုင်းထဲဆင်းရတော့ ဦးစံတင်က ဝမ်းသာအားရလိုက်ပြသည်။

'ခု ကျွန်တော်တို့ ဘယ်အထပ်မှာ ရောက်နေကြပလဲ အဘ'

ဦးစံတင်က တဟားဟားရယ်သည်။

'ခု တို့ မြေညီထပ် ဇီးရိုးလယ်ဗယ်မှာပေါ့ကွ၊ ကကြီး ဥမင်ထဲမှာပဲ ရှိတယ်၊ ဟိုကောင် နှစ်ကောင် ဝင်သွားတာက နံပါတ် ၂ ဖြတ်ကျင်း၊ အဲဒီဖြတ်ကျင်းကနေပြီး အပေါ်ကို တက်တဲ့လမ်း ရှိတယ်၊ အဲဒါက စိုက်ကျင်း၊ သူတို့ အဲဒီ စိုက်ကျင်းအတိုင်း ပလပ်စ်တူး လယ်ဗယ်ကို တက်မယ်'

ရေကိုကြောက်သော ဦးစံတင်သည် မြေကိုတော့နိုင်သည်။ သစ်ချောက်မိုင်းထဲက မြေအောက် လမ်းများကို အလွတ်ရသည်။ သူ့လက်ဖဝါးပေါ်က လက္ခဏာများကို မမှတ်မိလျှင်သာရှိသည်။ သစ်ချောက်မိုင်းထဲက မြေအောက်လမ်းသေး လမ်းမွှားကိုတော့ အကုန်မှတ်မိသည်။

'အဲဒီစိုက်ကျင်းတွေက အပေါ်ထောင်တက်သွားတော့ ဘယ်ရောက်သလဲ'

'ပလပ်စ်တူး လယ်ဗယ်ကို လွန်တော့ ဟို နွားစွယ်တောင်ထိပ်ကို သွားပေါက်တယ်'

ပေတစ်ထောင်လောက် ဝင်မိတော့ ဖြတ်ကျင်းတစ်ခုကို ကျော်လာခဲ့ပြန်သည်။ နံပါတ်လေး ဖြတ်ကျင်းဟု ဦးစံတင်က ပြောသည်။ တူထုနေသံများကို ကြားရသည်။

'ဟေး...ညွှန့်မောင်တို့လားဟေ့'

ဦးစံတင်က ညာဘက်ချိုးသွားသည့် ဥမင်ဘက်သို့ လှည့်၍ လှမ်းအော်သည်။ သူ့အသံသည် တိတ်ဆိတ်နေသော ဥမင်ထဲတွင် ပဲ့တင်ထပ်နေသည်။

'ဟုတ်တယ် အဘရေ၊ ဒေါက်တိုင်တွေ မခိုင်လို့ ပြန်ပြင်နေရတယ်'

နံပါတ်လေး ဖြတ်ကျင်းဆီသို့ သွားသည့် ဥမင်ဘက်မှ အသံပြန်လာသည်။ လူလုံးကို မမြင်ရ။ မီးပွင့် သုံးလေးပွင့် လှုပ်ရှားနေသည်ကို ထောက်လျှင် အလုပ်သမား သုံးလေးယောက် ရှိနေသည်ဟု ခန့်မှန်းရသည်။

www.burmeseclassic.com



ကိုမြင့် တဖြည်းဖြည်း အသက်ရှူကျပ်လာသည်။ မြေအောက်မိုင်းထဲတွင် အသက်ရှူ၍မဝ။ လေကလည်း သိပ်မရ။ ရသည့်လေကလည်း လေကောင်း လေသန့်မဟုတ်။ မြေကြီးနံ့ ရွှံ့နံ့၊ ကန့်နံ့၊ အခြားသူ အမည်မဖော်ပြတတ်သည့် အနံ့တို့ဖြင့် နံစော်နေသည်။

'အဘ အသက်ရှူလို့ အားရရဲ့လား'

'ဘာလဲ မင်းမွန်းလို့လား'

'ဟုတ်တယ်၊ အသက်ရှူလို့ မဝသလိုကြီးဘဲ'

'အစတော့ ဒီလိုပဲကွ။ နောက်ကျတော့ နေသားကျသွားမှာပါ။ တို့များလဲ မိုင်းထဲဆင်းစတုန်းကတော့ ကြောက်တာရော၊ အသက်ရှူမဝတာရော၊ ဘယ်လို နေရမှန်း မသိဘူး။ တချို့ ကောင်တွေဆို မိုင်းထဲဆင်းစမှာ မူးလဲကျသွားတောင် ရှိတယ်။ မင်းကော မူးတာတို့ဘာတို့ ရှိသလား'

'ဟင့်အင်း...မူးတော့ မမူးပါဘူး၊ အသက်ရှူကျပ်တာ တစ်ခုပါပဲ'

'နောက်တော့ နေသားကျသွားမှာပေါ့ကွ၊ ဟော...မိုင်းနှာ့စ်ဝမ်း လယ်ဗယ်သို့ ဆင်းဖို့ စမ်းဖောက်ကြည့်ထားတာကွ၊ ဇီးရိုးလယ်ဗယ်မှာ ကျောက်မီးသွေး ကုန်ပြီ၊ သိပ်မကျန်တော့ဘူး၊ ဇီးရိုးလယ်ဗယ်ကနေ မိုင်းနှာ့စ်ဝမ်း လယ်ဗယ်ကို ပေနှစ်ရာ ဆင်းသွားရမယ်၊ မြင်ရဲ့လား လေးပေကြောကြီး'

ဦးစံတင်က နံရံကို သူ့ခေါင်းပေါ်က မီးဖြင့် ထိုးပြသည်။ မြေကြီးထဲတွင် လေးပေလောက် ထုရှိသည့် ကျောက်မီးသွေးကြောကြီး တစ်ခုအောက်သို့ လေးဆယ့်ငါးဒီဂရီ စောင်းဆင်းနေသည်ကို မြင်ရသည်။

'အဲဒီ လေးပေကြောကြီးနဲ့ကပ်ရက် လမ်းဖောက်ပြီး အောက်ကိုဆင်းရမှာ'

'ကျောက်မီးသွေး သယ်လာဖို့ကတော့ သံလမ်းခင်းရမှာပေါ့'

'သံလမ်းခင်း သယ်မလား၊ တင်ပုန်းကြီးတွေနဲ့ပဲ ဆွဲတင်မလားတော့ မပြောတတ်သေးဘူး၊ သံလမ်းခင်းရင် လမ်းက လေးဆယ့်ငါးဒီဂရီအောက်ဘက်ကို စောင်းနေတော့ ဘီးချော်ကျမှာတို့ ဘာတို့ စိုးရိမ်ရတယ်၊ တင်ပုန်းတွေနဲ့ ဆွဲတင်မလား မသိဘူး'

သူတို့နှစ်ယောက် စကားတပြောပြောဖြင့် လျှောက်လာကြသည်။ ရွှံ့ဗွက်က ထူသည်ထက် ထူလာသည်။ ရေကလည်း များသည်ထက် များလာသည်။ သည်ဘက်တွင် သံလမ်းဆုံးသွားသဖြင့် သံလမ်းပေါ်က လျှောက်၍ မရတော့။ မြေပြင်က ဆင်းလျှောက်ရသည်။ တစ်ချက်လှမ်းလိုက်တိုင်း ဒူးဆစ်နီးပါးလောက် မြုပ်ဝင်သွားသဖြင့် ခြေထောက်ကို မနည်းဆွဲနှုတ်ရသည်။ ခရီးသိပ်မတွင်။

www.burmeseclassic.com



'ထွက်ပေါက်က ဒီတစ်ပေါက်တည်းပဲနော် အဘ'

'အင်း...ဒါပေါ့'

'ဘယ်အထပ်ကိုပဲသွားသွား၊ ဘယ်ကျင်းကိုပဲ ဆင်းဆင်း ဒီအပေါက်ကပဲ ဝင်ရတာပေါ့'

'ဥမင်ပေါက်ကြီးကတော့ ဒီတစ်ပေါက်ပဲရှိတာပဲ၊ ဝင်ရင်လဲ ခု တို့ဝင်လာတဲ့ ဥမင်ပေါက်ပဲ၊ ထွက်ရင်လဲဒီအပေါက်ပဲ အထဲကျမှသာ လမ်းတွေက ဖြာထွက်သွားကြတာ'

'အပေါက်ဝများ ပြိုကျပြီး ပိတ်သွားတော့ ဒုက္ခပဲ'

ဦးစံတင်က အရယ်သန်သူပီပီ ရယ်သည်။

'မိုင်းထဲဆင်းရင် ဒါတွေ တွေးကြောက်နေလို့ မဖြစ်တော့ဘူးလေ၊ မိုင်းထဲဆင်းတဲ့လူဟာ သက်လုံကောင်းရတယ်၊ မျက်စိရှင်ရတယ်၊ ဖြတ်ထိုးဉာဏ်ကောင်းရတယ်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိရတယ်၊ စေ့စပ်ရတယ်။ သတ္တိကောင်းရတယ်။ ဒီအရည်အချင်းတွေ မရှိရင် မိုင်းထဲဆင်းလို့ မဖြစ်ဘူး'

ကိုမြင့်က ခြေထောက်တစ်ဘက် ရွှံ့ထဲတွင် နစ်နေသဖြင့် စကားမပြောအား

'သက်လုံးကောင်းရမယ် ဆိုတာက ဗလကောင်းရမယ်၊ အမောခံနိုင်ရမယ်၊ အကြမ်းခံနိုင်ရမယ်၊ အထူးသဖြင့် မြေအောက်မှာ အကြာကြီးနေနိုင်အောင် ကိုယ်ခံကျန်းမာရေးကောင်းရမယ်၊ နောက်ပြီး ဘယ်နေရာက ကုလားဘောင်တွေ၊ ဒေါက်တိုင်တွေ ယိုင်နေသလဲ၊ ဘယ်နံရံက အိကျနေသလဲ ဆိုတာ မျက်စိရှင်ရှင်နဲ့ ကြည့်တတ်ဖို့လိုတယ်၊ မိုင်းထဲက လမ်းတွေပိတ်နေရင် ဘယ်လမ်းက ပြန်ထွက်မလဲ၊ ဥမင်ဝကို ဘယ်လမ်းက အနီးဆုံးလဲ ဆိုတာ ဖြတ်ကနဲ စဉ်းစားနိုင်ရမယ်၊ ကြာကြာ စဉ်းစားချိန် မရဘူး၊ ကြာကြာစဉ်းစားနေရင် လေပိတ်ပြီး မွန်းသေသွားမယ်၊ ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလဲ ရှိဦးမှ၊ ကယောင်ကတမ်း လမ်းတွေ့တိုင်း လျှောက်သွားနေရင် တစ်ဘက်ပိတ်လမ်းနဲ့ တိုးပြီး ပိတ်မိနေတတ်တယ်၊ ပြီးတော့ ကိုယ်က ကျင်းဖောက်ပြီး ဝင်သွားရရင်လဲ ကုလားဘောင်တွေ၊ ဒေါက်တိုင်တွေကို စေ့စေ့စပ်စပ် ထောက်ပစ်ခဲ့နိုင်ရမယ်၊ မစေ့စပ်ရင် ကိုယ်က ရှေ့က ကျင်းဖောက်ပြီး ဝင်သွားတုန်း နောက်က ကိုယ်ထောက်ခဲ့တဲ့ ဒေါက်တိုင်တွေ အကုန်ပြိုကျပြီး ကိုယ်ဖောက်တဲ့ ကျင်းထဲမှာ ကိုယ့်ဖာကိုယ် ပိတ်မိနိုင်တယ်'

အမေ့ဥယျာဉ်စာအုပ်တိုက်

www.burmeseclassic.com



အင်း...ဦးစံတင် ပြောသည့်အတိုင်းဆိုလျှင် မိုင်းထဲဆင်းရသည်မှာ အသက်ကို ဖက်နှင့်ထုပ်၍ ဝင်ရသည့်သဘော ဖြစ်သည်။ ကိုမြင့် ဦးစံတင်ကို ကြည့်၍ အားကျသည်။ သူက ဦးစံတင်၏ သားလောက်မျှသာ ရှိဦးမည်။

'အဘ အသက်ဘယ်လောက်ရှိမလဲ'

'လေးဆယ့်ခြောက်ကွ၊ ကိုးဆယ်တစ်ခုဘွား'

ဟုတ်သည်၊ သူ့အဖေထက်ငယ်လျှင် သုံးလေးနှစ်လောက်သာ ငယ်လိမ့်မည်။ သည်အသက်အရွယ်တွင် သည်လောက်အပင်ပန်းခံနိုင်သော ဦးစံတင်ကို ကြည့်၍ အံ့သြသည်။ အားကျသည်။

'မိုင်းထဲမှာလုပ်တာ တော်တော်ကြာပြီပေါ့'

'ကြာဆို မိုင်းစဖွင့်ကတည်းက ဝင်တာပဲကွ၊ အနှစ်နှစ်ဆယ်လောက် ရှိရောပေါ့၊ ဟော့...ရှေ့က ဖြတ်ကျင်းက နံပါတ်ငါး ဖြတ်ကျင်းကွ၊ လာ...လာ မင်းကို ကိုးပေကြောကြီးပြမယ်'

ဦးစံတင်က နံရံကို မီးထိုးပြသည်။ အနံ ကိုးပေရှိသည့် ကျောက်မီးသွေးကြော မည်းမည်းကြီးက နံရံတွင် အောက်သို့ စိုက်ဆင်းနေသည်။ သည်ကျောက်မီးသွေးကြော ဆင်းပုံကလည်း အောက်သို့ လေးဆယ့်ငါးဒီဂရီလောက် ငိုက်နေသည်။

'ခု ကျွန်တော်တို့ အပေါက်ဝနဲ့ တော်တော်ဝေးပြီလား'

'ပေတစ်ထောင်ခြောက်ရာရှိတယ်၊ ဒါက အဖြောင့်တိုင်းရင် ရှိတဲ့ အကွာအဝေး၊ ဘေးက ကျင်းတွေထဲ ဖြတ်ဝင်တဲ့ လမ်းတွေပါတွက်ရင် ဒီလောက်မှာ တစ်မိုင်နီးပါးလောက် ရှိမယ်ထင်တယ်'

ဦးစံတင်က ပလပ်စ်ဝမ်း လယ်ဗယ်သို့ တက်သည့်လေပေါက်၊ ပလပ်စ်တူး လယ်ဗယ်သို့ တက်သည့် ဖြတ်ကျင်းတောင်ထိပ်သို့ တက်သည့် စိုက်ကျင်းတို့ကိုပြသည်။ ပလပ်စ်တူး လယ်ဗယ်တွင်လည်း ကျောက်မီးသွေး ကျင်းများ ရှိသည်။ သည်ကနေ လမ်းအတိုင်း တက်သွားပြီး ပလပ်စ်တူး လယ်ဗယ်တွင် တူးရသည်။ အထက်ထပ်သို့ ဖြတ်ကျင်းတစ်လျှောက် ပေ တစ်ရာ့ငါးဆယ်နှစ်ရာလောက် တက်ရသေးသည်။

'ကဲ...မင်း ပြန်တက်ပါ့မလား၊ အဘက ဆက်ပြီး ကျင်းဖောက်ရဦးမယ်'

ကိုးပေကြောနားတွင် ကျောက်မီးသွေး တူးလက်စတွေ ပုံထားသည်။ စက်တူရွင်းကြီး တစ်လက်လည်း ရှိသည်။

'အဘ တစ်ယောက်တည်းလား'

www.burmeseclassic.com



'ဟိုဘက်ကျင်း ဖောက်ပြီးရင် ညွှန့်မောင်တို့ လာလိမ့်မယ်'

ဦးစံတင်က စက်တူရွင်းကို ကောက်ကိုင်သည်။ တူရွင်းက ဘက်ထရီဖြင့် တူးသည်။ ကျောက်မီးသွေးတုံးကြီးများသည် တဝုန်းဝုန်းမြည်၍ ပဲ့ပြိုကျလာကြသည်။

မိုင်းတွင် မြေအောက်နှင့် မြေပေါ် တယ်လီဖုန်းမရှိ၊ မြေအောက်က လူချင်း အဆက်အသွယ်၊ မြေအောက်နှင့် မြေပေါ်အဆက်အသွယ်၊ ပစ္စည်းအပို့ အယူအတွက် လူတစ်ယောက် သပ်သပ်ထားရသည်၊ ကိုမြင့်အလုပ်က မြေအောက် လူချင်း တစ်ယောက်နှင့်တစ်ယောက် ဆက်ပေးရန်၊ မြေအောက်နှင့် မြေပေါ် ဆက်ပေးရန် ဖြစ်သည်။ မြေအောက်လူတွေ လိုသည့် ပစ္စည်းကို ယူပေးဖို့၊ မြေပြင်ရုံးက စကားပြောစရာရှိလျှင် သွားပြောဖို့လောက်သာ ဖြစ်သည်။ အလုပ် သိပ်မများတော့ မိုင်းကလည်း သည်နေရာကို အမြဲတမ်းမခန့်၊ ကြုံသလို ခန့်သွားသည်။ ကျွမ်းကျင်အလုပ်သမား မဟုတ်သည့်အတွက် လုပ်ခလည်း သုံးကျပ်နှင့် ရှစ်ဆယ့်ငါးပြား၊ အလုပ်ကလည်း ယာယီအလုပ်။

ဦးစံတင်ကို နှုတ်ဆက်၍ ကိုမြင့် ထွက်လာခဲ့သည်။ ဇီးရိုးလယ်ဗယ်က ဥမင်အတိုင်းလာပြီး ဖြတ်ကျင်းတွေထဲသို့ ချိုးဝင်သည်။ ပလပ်စ်တူးလယ်ဗယ် က အလုပ်သမားတွေဆီ လိုက်ဝင်သည်။ ဥမင်တစ်ခု ဖြတ်ကျင်းတစ်ခုမှ တစ်ယောက်စ နှစ်ယောက်စ လုပ်နေကြသဖြင့် လူစေ့တက်စေ့ ရောက်အောင် ဥမင်တကာ၊ အထပ်တကာ လျှောက်သွားရသည်။

စင်စစ် သည့်အလုပ်ကို ဘာမျှမဟုတ်သည့်တိုင် မောတော့ အမောသား၊ မြေအောက်ကအထပ်တွေကို တက်လိုက် ဆင်းလိုက်လုပ်ရသည်။ ရွှံ့တွေ ရေတွေ ထဲတွင် ရန်းရသည်၊ ဇီးရိုးလယ်ဗယ်၊ ပလပ်စ်တူးလယ်ဗယ် စသည်တို့ကိုအနှံ့ သွားရသည်။ ဖြတ်ကျင်း၊ စောင်းကျင်း၊ စိုက်ကျင်းစသည့် မြေအောက်က ကျောက် မီးသွေး ကျင်းပေါင်းစုံကို အရောက်သွားရသည်။ သို့ရာတွင် ကိုမြင့် ပျော်သည်၊ သူလည်း တစ်နေ့တွင် ဦးစံတင်တို့၊ ဖိုးလှချိုတို့လို မိုင်းအလုပ်သမားကြီး ဖြစ် တော့မည်ဟု တွေးမိတိုင်းကြည်နူးသည်။ ကျောက်မီးသွေးမိုင်း တူးသည့် အလုပ် သည် အပေါ်ယံအားဖြင့်ကြည့်တော့ ညစ်ပတ်သည်။ သူတို့တစ်ကိုယ်လုံး ကျောက် မီးသွေးမှုန့်တွေ မဲနေသည်။ ဆံပင်တွေထဲမှာရော၊ မျက်ခုံးမွေးတွေမှာရော တစ် ကိုယ်လုံး ကျောက်မီးသွေးမှုန်တွေ မဲနေသည်။ သို့ရာတွင် အတွင်းက သန့်ရှင်း နေသည်။ မှောင်ခိုအလုပ်ထက် အများကြီးသာသည်။ အဆင့်အတန်းမြင့်သည်။ သည်အလုပ်ထက် ကောင်းသည့်အလုပ် ဘယ်မှာ ရှိသေးသနည်း။

www.burmeseclassic.com


မိုင်းထဲဝင်လုပ်တော့ မိုင်းအလုပ်သမား၏ ဘဝသည် ပိုစိတ်ဝင်စားစရာကောင်းနေသည်။ ပို၍ အားကျစရာ ဖြစ်နေသည်။ ကျောက်မီးသွေးကျင်းကြီးသည် လူ့ဘဝကြီးနှင့်ပင် တူသယောင် ထင်သည်၊ ဥမင်ကြားက မှောင်မိုက်နေသည့် လမ်းကွေ့လမ်းကောက်တွေများသည် လမ်းမှားလျှင် စိတ်ပျက်ဖို့ကောင်းသည်၊ တစ်ဖက်ပိတ်လမ်းရောက်သွားကာ ရှေ့တွင် နံရံကြီး ခံနေသည်၊ ဆက်သွား၍ မရတော့၊ သည်အခါတွင် လာလမ်းကို ပြန်လှည့်ရသည်၊ လမ်းကိုတွေ့တော့လည်း ပျော်စရာကောင်းသည်၊ ဥမင်ဝက အလင်းရောင်ကလေးကို မြင်တော့ အားတက်ရသည်၊ ပျော်ရသည်၊ ကြက်ဥဖောက်စက်ထဲက ကြက်ကလေးတစ်ကောင် ဥခွံကျွတ်ပြီး အလင်းရောင်ရှိရာ ဖောက်စက်မှန်ဘက်သို့ ပြေးလာပုံများနှင့်ပင် တူလေမည်လောမသိ။

မြေပြင်နှင့် မြေအောက်ဆက်သွယ်ရေး ယာယီအလုပ်သမားအဖြစ် တစ်လလောက်လုပ်ရသည်။ လခကတော့ စားလောက်သည် မဟုတ်၊ တစ်နေ့သုံးကျပ်ရှစ်ဆယ့်ငါးပြားနှင့်ဆိုတော့ လက်ဖက်ရည်ဖိုး ဆေးလိပ်ဖိုးလောက်သာ ရှိသည်၊ သို့ရာတွင် သူပျော်သည်၊ ရှေ့အတွက် အမြဲတမ်း မြေအောက်အလုပ်သမား ဖြစ်နိုင်သည် အလားအလာရှိသည်။ သည်လိုဆိုလျှင် သူ့ဘဝသည် အထိုက်အလျောက် တည်ငြိမ်လာလိမ့်မည်ဟု ထင်သည်။ သည်အတောအတွင်းတော့ စားဖို့သောက်ဖို့ကတော့ သိပ်မပူရ။ ဖိုးလုချို့တို့၊ ကိုဖေခင်တို့ ရှိနေသမျှတော့ မရှိအတူ၊ ရှိအတူ ဖြစ်သလိုစားနေ၍ ရသေးသည်။

အလုပ်ဆိုင်းက ခြောက်နာရီမှ နှစ်နာရီတစ်ဆိုင်း၊ နှစ်နာရီမှ ဆယ်နာရီတစ်ဆိုင်း၊ ဆယ်နာရီက နံနက်ခြောက်နာရီ တစ်ဆိုင်းဟူ၍ သုံးဆိုင်းရှိသည်။ ညဆိုင်းတွင် အလုပ်ကျလျှင် ကိုမြင့်က နေ့လယ် နေ့ခင်း အိပ်သည်၊ ထမင်းချက်သည်။ မြေပြင်၊ မြေအောက် ဆက်သွယ်ရေး အလုပ်က ညပိုင်းတွင် ပိုအရေးကြီးသည်။ နေ့ပိုင်းဆိုလျှင် မြေပြင်နှင့် အဆက်အသွယ်များ၍ သည်လောက်အရေးမကြီး၊ ညပိုင်းကျတော့ မြေပြင်က အနားယူသည့်အချိန်၊ ရုံးတွေ၊ ဆေးရုံတွေ ပိတ်သည့်အချိန်ဖြစ်သည်၊ သူတို့အလုပ်မျိုးက ညပိုင်းတွင် ပို၍ အရေးကြီးသည်။

ကိုမြင့် အလုပ်ရသည်မှာ တစ်မိုးလောက်ရှိပြီ၊ မိုးဦးကျကတည်းက တစ်မိုးတွင်းလုံး ညဆိုလျှင် မြေအောက်နှင့် မြေပေါ် ကူးနေရသည်၊ သုံးလေးလလောက် လုပ်မိသည်တွင် မြေအောက်မိုင်းက လမ်းတွေ၊ ဖြတ်ကျင်းတွေ၊ စိုက်ကျင်းတွေ၊ တည့်ကျင်းတွေ အားလုံးလောက်ကို မျက်စိထဲတွင် အလွတ်ရနေ

www.burmeseclassic.com



ပြီ၊ ဓီးရိုးလယ်ဗယ်၊ ပလပ်စ်ဝမ်းလယ်ဗယ်၊ ပလပ်တူးလယ်ဗယ် စသည့် အထပ်တွေ စုံအောင် ရောက်ဖူးနေပြီ။ အထပ်အသီးသီး ကျင်းအသီးသီးရှိ ကျောက်မီးသွေးကြောများကို သိနေပြီ။ လေးပေကြော၊ ခြောက်ပေကြော၊ ကိုးပေကြောများကို ခွဲခြားတတ်နေပြီ။ ညပိုင်းမြေအောက်မိုင်းထဲသို့ဆင်း၍ လက်ဖက်ရည်ကြမ်းဖူးတို့၊ ရေဗူးတို့ပို့ရင်း တခြား အလုပ်သမားတွေ လက်ဖက်ရည်ကြမ်းသောက်နေလျှင် ကိုမြင့်က အလကားမနေ၊ စက်တူရွင်းကို ဝင်ကိုင်တတ်သည်။ သည်လိုဖြင့် စက်တူရွင်း ကိုင်တတ်လာသည်။ တစ်မိုးလောက် မြေအောက် ဆင်းလိုက်ပြီးသည့်နောက် ဦးစံတင်တို့လောက် မကျွမ်းကျင်သည့်တိုင် ဖိုးလှချိုတို့၊ ကိုဖေခင်တို့လောက်တော့ ကျွမ်းကျင်လာသည်။ မြေအောက်ကျင်းများကို ဖိုးလှချိုတို့ ကိုဖေခင်တို့က ယခုထိ အစုံမရောက်ဘူးသေး။ အထပ်ထပ်သော ကျောက်မီးသွေး ကျင်းများကိုလည်း အစုံအလင် မရောက်ဘူးကြသေး၊ သူက သစ်ချောက်မိုင်း တစ်ခုလုံးကို နံ့နေပြီ၊ သည်တစ်ခါ အလုပ်လစ်လပ်လျှင်၊ သို့မဟုတ် မိုင်သစ်များတူးခဲ့လျှင် အမြဲတမ်း အလုပ်ရဖို့ သေချာပြီ၊

မနေ့ညက ဆယ်နာရီ၊ ခြောက်နာရီ အဆိုင်းကျသဖြင့် ကိုမြင့်အလုပ်က ပြန်လာကာ ထမင်းအိုးတည်ပြီး တစ်မနက်လုံး အိပ်သည်။ နေ့လယ် နာရီပြန် တစ်ချက်လောက်မှ အိပ်ရာကနိုးသဖြင့် မြစ်သာမြစ်ထဲသို့ ရေဆင်းချိုးပြီး ထမင်းစားသည်။ ကိုဖေခင်ချက်ပစ်ခဲ့သည့် မန်ကျည်းရွက်ချည်ရည်ဟင်းနှင့် ငရုတ်သီးထောင်းက စား၍ကောင်းသည်။ ထမင်းစားပြီး မှိန်းနေတုန်း နံနက်ပိုင်း အဆိုင်းကျသည့် ဖိုးလှချိုတို့ ပြန်လာသည်။ သူ့တစ်ကိုယ်လုံး ကျောက်မီးသွေးမှုန်တွေ ပေရေမဲညစ်နေသည်။ ချွေးနှင့်ကျောက်မီးသွေးမှုန် ရောနေသည့်အနံ့ထွက်နေသည်။

'သတင်းကတော့ သတင်းကောင်းပဲ ဖိုးကိုမြင့်ရေ့

ဖိုးလှချိုက ဖွေးနေသည့် သွားတွေပေါ်အောင် ပြုံးသည်။ ပြုံးမည့်သာ ပြုံးရသည်။ မျက်နှာကလေးက ငယ်နေသည်ဟု ကိုမြင့်ထင်သည်။

'ဒီနေ့ရုံးက နို့တစ်ထွက်တယ်'

'ဘာတဲ့လဲ'

'အလုပ်သမား သုံးဆယ်လျှော့ပစ်လိုက်တယ်၊ နို့တစ်စာထဲမှာ နာမည်တွေထွက်တယ်၊ ကံသာရယ်၊ သောင်းလှရယ်၊ ဖိုးဖြူရယ်၊ လှအုံးရယ်၊ ဘဘဦးစံတင်ရယ်၊ ကျန်တဲ့လူတွေတော့ မမှတ်မိဘူး၊ ကိုဖေခင်လဲ ပါတယ်၊ မင်းတို့လို မြေပြင်အလုပ်သမား ယာယီထဲကလဲ လေးငါးယောက်လောက် ပါတယ်၊ မင်းရယ်၊ ရွှေသီးရယ်၊ တိုးညွန့်ရယ်'

www.burmeseclassic.com



'ခင်ဗျားကော ပါသလား'

'ဟင့်အင်း...လှချို ညိုချောတို့ ကံကောင်းနေသေးတယ်'

ကိုမြင့် ငိုင်ကျသွားသည်။ သူက စိတ်ကူးယဉ်၍ ကောင်းတုန်း၊ နေရင်း ထိုင်ရင်း အလုပ်လက်မဲ့ ဖြစ်သွားပြီ။ ယာယီအလုပ်သမားဘဝမှ အမြဲတမ်း အလုပ်သမားဘဝကို ရောက်တော့မည်ဟု အိပ်မက်, မက်ကောင်းတုန်း လန့်နိုး သွားပြီ၊ အဘ ဦးစံတင်အတွက်လည်း သူစိတ်မကောင်း။

'ဘာဖြစ်လို့ လျှော့တာတဲ့လဲ၊ ဘယ်မှုတွေနဲ့ လျှော့တာလဲ'

'မိုင်းမှာ အရှုံးပေါ်နေတယ်တဲ့၊ အချို့ ကျင်းတွေကို ပိတ်ပစ်မယ်တဲ့၊ နောက် မိုင်းသစ်တူးတဲ့အခါကျမှ လိုအပ်ရင် ဒီလူတွေကို ဦးစားပေးပြီး ခေါ်မယ်တဲ့'

'နောက်မိုင်းသစ်က ဘယ်တော့ တူးမှာတဲ့လဲ'

'ဒါတော့ မလျှောက်တတ်ဘူး ဘုရာ့'

ဖိုးလှချိုက လက်ဆေး၊ မျက်နှာသစ်ပြီး ထမင်းဝင်စားသည်။ သူအလုပ် က ပြန်လာလျှင် ချက်ချင်း ရေမချိုးတတ်၊ အလွန်ပျင်းသည်။ စားသောက်ပြီး ဆေးလိပ်ကလေးမှိန်း၊ တစ်ရေးလောက်အိပ်ပြီးမှ ရေချိုးဆင်းတတ်သည်။

'လျှော့တာ ဘယ်လိုမှုနဲ့တဲ့လဲ'

ကိုမြင့်က အဖြေမရသေးသည့်အတွက် ထပ်မေးသည်။

'အသက်ကြီးတဲ့ လူတွေရယ်၊ ကျန်းမာရေး ချို့တဲ့သူတွေရယ်၊ မကျွမ်း ကျင်တဲ့ ယာယီအလုပ်သမားတွေရယ်၊ အဲဒီ သုံးမျိုးကိုလျှော့တယ်တဲ့'

'ကိုဖေခင်တော့ သိဦးမှာ မဟုတ်သေးဘူး ထင်တယ်'

'သိသွားပြီဗျ၊ မိုင်းထဲမဝင်ခင်ကတည်းက သိသွားတာ'

'ဘယ်လိုများ စိတ်ကူးဦးမလဲ မသိဘူး'

'အမယ်...သူကတော့ အေးအေးပဲဗျ၊ အရောင်းအဝယ် လုပ်မလို့တဲ့၊ သူ့အစ်မ အပျိုကြီးတွေက မြင်းမူမှာ၊ ပိုက်ဆံလေး နည်းနည်းရှိတယ်၊ သူတို့ဆီက ငွေလေး ဘာလေးဆွဲပြီး တမူးဘက်နဲ့ အရောင်းအဝယ်လုပ်မယ် ပြောတာပဲ၊ ဒါကြီးက ဒါမျိုးတော့ စွန်ပါတယ်၊ ဓာဘော်လီတောင် ရောင်းလာတဲ့ လူပဲ'

'နေတော့ကော'

ဖိုးလှချို မျက်လုံးပြူး၍ ကြည့်သည်။

'ဟ...နေတော့ ဒီမှာပဲ နေမှာပေါ့၊ လှချိုညိုချောက တစ်ခန်းရနေဦးမှာပဲ၊ ခုလိုပဲ နေပေါ့၊ မင်းရော ဒီမှာပဲပေါ့၊ နောင်အလုပ်ရရင်လဲ နီးနီးနားနားဆိုတော့ ချက်ချင်း သိရတာပေါ့၊ ဘာလဲ မင်းက ဘယ်သွားဦးမလို့လဲ'

www.burmeseclassic.com



ကိုမြင့်က အတန်ကြာ စဉ်းစားနေသည်၊ ဖိုးလုချိုနှင့် ကိုဖေခင် နှစ်ယောက်စလုံး အလုပ်ရှိနေလျှင် ကိစ္စမရှိ၊ နှစ်ယောက်စာကို သုံးယောက်ဖြစ်သလို ဝိုင်းစား၍ ရသည်။ သို့ရာတွင် ဖိုးလုချိုတစ်ယောက်တည်း လုပ်စာကို သုံးယောက်ဝိုင်းစားလျှင်မူ လုံးလုံးမဖြစ်၊ ဘာမျှ စားလောက်မည် မဟုတ်၊ ဆန်ပြုတ်ပြုတ်စားလျှင်ပင် မလွယ်၊ ထို့ကြောင့် ကိုမြင့် စဉ်းစားရခြင်း ဖြစ်သည်။

'တခြားများ ထွက်အလုပ်ရှာရမလားလို့ပါ'

'ဘယ်မှာ ရှာဦးမှာလဲ။ သစ်ချောက်မိုင်းလို နေရာမျိုးတောင် အလုပ်အကိုင် ဒီလောက်ခက်နေရင် တခြားနေရာမှာက ဘာလုပ်စရာ ရှိမှာလဲ၊ ငါတစ်ခုစဉ်းစားမိတာကတော့ ကိုဖေခင်နဲ့ အရောင်းအဝယ်လုပ်၊ ဒါပဲ'

'မဖြစ်ဘူး ထင်ပါရဲ့ဗျာ'

ကိုမြင့်က ညည်းသည်။

'ဘာလဲ၊ မောင်ခိုဆိုလို့ မလုပ်ချင်ပြန်ဘူးလား၊ စိတ်ကူးမယဉ်စမ်းပါနဲ့ကွာ၊ လက်တွေ့ကျစမ်းပါ၊ မရှိလို့လုပ်စားရတာ ဖံရွေးမနေစမ်းပါနဲ့၊ ဒီခေတ်မှာ အလုပ်ရွေးနေလို့ မရဘူး၊ ရရာလုပ်ရမှာပဲ'

ဖိုးလုချိုက စိတ်အားထက်သန်စွာ ပြောနေသည်။

'အေးလေ၊ ငါကပြောတော့ ကျွေးမထားချင်လို့ ပြောတယ် ထင်ချင်ထင်မယ်၊ မင်းစားချင်ရင် တစ်သက်လုံးစား။ လုချိုစားနေရသေးသရွေ့ စားရမယ်၊ ပြီးတော့မှ ကျွန်တော်မျိုလို မကျဘူးလေး၊ ဘာလေးနဲ့ မညည်းနဲ့၊ ရှိတာစား၊ ဒီလိုမစားချင် တွေ့ရာအလုပ် တစ်ခုလုပ်၊ ဒါပဲ။ ဝတ္ထုထဲက ဇာတ်လိုက်တွေလို သိပ်တော့ စိတ်ကူးယဉ်မနေနဲ့၊ လေလွင့်နေတဲ့ သတို့သားမျိုးတော့ လုပ်မနေနဲ့။

ဖိုးလုချိုက ပွင့်လင်းသည်၊ စေတနာကောင်းသည်။ ရိုးသည်၊ သူပြောသည့် စကားက ယုတ္တိရှိသည်၊ သူပြောသည့်အတိုင်း အေးအေးဆေးဆေး ထိုင်စားချင်လျှင်စား၊ ရှိသမျှကိုတော့ ကျွေးမည်ဟု သူယုံသည်။ ထိုင်မစားချင်လျှင် အလုပ်တစ်ခုခုတော့ လုပ်ရမည်။ သူကလည်း လုပ်ချင်သည်။ သူတို့ နှစ်ယောက်နှင့် နေခဲ့ရသည်မှာ တစ်နှစ်ကျော်ကျော် ကြာခဲ့ပြီ၊ နေသားတကျလည်း ဖြစ်နေပြီ၊ သစ်ချောက်မိုင်းကလည်း သူမခွာချင်၊ နေထိုင်ကောင်းသည်၊ သို့ရာတွင် သူ ဘာလုပ်ရမည်နည်း။

သည်အမေးကိုတော့ သူမဖြေတတ်။

'ကျွန်တော်လဲ လက်စသပ်တော့ လယ်ကြွက်မ သားအမိ သတို့သားလိုက်ရှာတာနဲ့ တူနေပြီ ထင်ပါရဲ့ဗျာ'

www.burmeseclassic.com


ကိုမြင့်က မသက်မသာ ညည်းသည်။ ဖိုးလုချိုက ဆေးပေါ့လိပ်ကို ခဲကာ အိပ်ရာတွင် ပက်လက်လှန်သည်။

'လယ်ကြွက်မက သူ့သမီးကို လယ်ကြွက်ချင်း မပေးစားချင်လို့၊ သတို့သားလိုက်ရှာသတဲ့၊ သူ့သမီးကို တန်ခိုးကြီးတဲ့ သူနဲ့မှ ပေးစားမယ်ဆိုပြီး နေနတ်သားဆီသွားသတဲ့၊ ဒီတော့ နေနတ်သားက ကျုပ်က ဒီလောက် တန်ခိုး မကြီးသေးဘူး။ လေနတ်သားက တန်ခိုးကြီးတယ်ဆိုပြီး လေနတ်သားဆီ လွှတ်လိုက်တယ်၊ လေနတ်သားကလဲ ကျုပ်ထက် မိုးနတ်သားက တန်ခိုးကြီးတယ်၊ သူ့ကြောင့်သာ လယ်ယာတွေ ဖြစ်ထွန်းနေတာဆိုပြီး မိုးနတ်သားဆီ လွှတ်လိုက်တယ်၊ မိုးနတ်သားဆီရောက်တော့ မိုးနတ်သားကလဲ လယ်ယာတွေ ထွန်ယက်တာမှာ နွားမရှိရင် မဖြစ်ဘူး၊ ဒါကြောင့် နွားဆီ လွှတ်လိုက်သတဲ့၊ နွားဆီရောက်တော့ ကျုပ်က လယ်ယာထွန်ယက်ပေးတာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်ထက် တန်ခိုးကြီးတဲ့ နဖားကြိုးရှိတယ်၊ သူက ကျုပ်ကို စေခိုင်းနေတာလို့ ပြောတော့၊ နဖားကြိုးဆီ လိုက်ပြန်တယ်၊ ဒီတော့ နဖားကြိုးက ကျုပ်က နွားထီးကို စေခိုင်းနိုင်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်ကို ကိုက်ဖြတ်နိုင်တဲ့ လယ်ကြွက်တွေ ရှိတယ်၊ သူ့ဆီသွားပါလို့ ဆိုလိုက်လို့ နောက်ဆုံးကျတော့ လယ်ကြွက်ဆီပဲ ပြန်ရောက်လာသတဲ့'

'လယ်ကြွက်နဲ့ ထိုက်တော့လဲ လယ်ကြွက်နဲ့ပဲ ပေါင်းရမှာပေါ့ကွာ'

ဖိုးလုချိုက ထိုင်ရာမှထ၍ တယောကို ကြိုးညှိသည်။

'ကျွန်တော်လဲ လယ်ကြွက်မ သားအမိထဲက လယ်ကြွက်မလို ဖြစ်နေပြီ။ ဒီအလုပ်ကို မလုပ်ချင်လွန်းလို့ အလုပ်လိုက်ရှာတာ၊ နောက်ဆုံးတော့ ဒီအလုပ်ပဲ လုပ်ရတော့မလို ဖြစ်နေပြီ'

'မင်းက အကုန်လုံး အဘက်ဘက်က သန့်စင်ချင်တဲ့ကောင်၊ စာရိတ္တအရ၊ သိက္ခာအရ၊ ဘက်ပေါင်းစုံက သန့်စင်ချင်တဲ့ ကောင်'

ဖိုးလုချိုက ခေါင်းရမ်းသည်၊ ကိုမြင့် သက်ပြင်းချသည်။

()

www.burmeseclassic.com



သည်လမ်းက မုံရွာကို ပြန်ရတော့ အေးမကို သတိရသည်။

သတိရသည်က လွမ်းဆွတ်၍ သတိရပုံမျိုးမဟုတ်၊ သူ့ကို ညာ၍ ပစ္စည်းအထမ်းခိုင်းသည့် မိန်းမလယ်ကလေးကို နာကြည်းစိတ်ဖြင့် သတိရခြင်းမျိုး ဖြစ်သည်။ သူ့အချစ်ကို ဗန်းပြပြီး သူ့ကို ဖျံကျသွားသည့် ကောင်မကို ဒေါသစိတ်ဖြင့် သတိရခြင်းမျိုး ဖြစ်သည်။ ကားက ခါတိုင်းလို မဟာမြိုင်ကို ဖြတ်နေသည်၊ နေ့လယ်ခင်း ဖြတ်ခြင်းဖြစ်၍ ယုဇလယ်စခန်းကို မြင်ရသည်၊ ယုဇလယ်စခန်းတွင် အေးမနှင့် စားခဲ့သောက်ခဲ့ပုံကို မြင်ယောင်ကာ စိတ်ထဲတွင် တနုံ့နုံ့ ဖြစ်နေသည်။ ကိုဖေခင်က လက်ဖက်ရည်သောက်ဖို့ ခေါ်သည့်တိုင် ကိုမြင့်ဆင်း၍ မသောက်၊ သူနှင့် အေးမ အတူထိုင်ခဲ့သည့် ခုံတန်းလျားကြီးကိုပင် မမြင်ချင်။

နေရဥ္စရာ မြစ်ကမ်းပါးက ဘုန်းကြီးကျောင်းတွင် အေးမက သူ့ကို စွန့်ပစ်ထွက်ပြေးတော့ ကိုမြင့်ရင်တွင် နဂိုစိတ်ရိုင်းကလေးတွေ ပြန်ပေါ်လာသည်။ လောကကြီးတွင် ကိုယ်က စေတနာထားသော်လည်း စေတနာကို နားမလည်သူနှင့် တွေ့လျှင် ကိုယ့်စေတနာသည် အဟောသိကံ ဖြစ်ရသည်။ လူအထင်သေးခံရသည်။ ငကြောင်ဟု အထင်ခံရသည်။ သည်တွင် ကိုမြင့်ရင်တွင် စိတ်ချဉ်ပေါက်လာသည်။ လူတိုင်းကို အရမ်းကာရော စေတနာ ရေစီးကမ်းပြိုလိုက်၍ မဖြစ်၊ သဘောကောင်း၍ မဖြစ်၊ တကယ်ကျတော့ လူဆိုသည်မှာ အတ္တကို ကြည့်သည့် သတ္တဝါမျိုးဖြစ်သည်။ အတ္တအကျိုးအတွက်ဆိုလျှင် ဘာကိုမှ မကြည့်ကြတော့၊ သည်တော့ အတ္တတွေ ဖုံးနေသည့် လောကတွင် သူက သူများအကျိုးဆောင်နေ၍ကော ဘာထူးမည်နည်းဟု သူထင်လာသည်။

သစ်ချောက်မိုင်းတွင် လူလျှော့သည့်အထဲ ပါပြန်တော့ ကိုမြင့် လောကကြီးကို နောက်တစ်ခါ အတေးတစ်ခု တေးထားမိပြန်သည်။ ကောင်းကောင်းမွန်မွန် အလုပ်လိုချင်၍ လိုက်ရှာတော့ အလုပ်ကောင်းကောင်းမွန်မွန် မရ၊ ရသည့်

www.burmeseclassic.com



အလုပ်ကလေးကို ကြိုးကြိုးစားစား လုပ်ပြန်တော့ လူလျှော့သည့်အထဲ ပါရပြန်သည်။ သည်တော့ ဘာအလုပ်ရွေးစရာ လိုသေးသနည်း။ မတတ်နိုင်၊ လောကကြီးသည် နိုင်ရာစားလောကကြီးဖြစ်သည်။ တော်သူနေ၍၊ မတော်သူသေရသောလောကကြီးဖြစ်သည်။ သည်လိုဆိုပြန်တော့ အေးမ၏ အဘိဓမ္မာက မှန်သလိုလိုရှိသည်။ သူက စိတ်ကူးယဉ်သည်။ စိတ်ကူးယဉ်ခဲ့သည်။ အေးမက လက်တွေ့ကျသည်။ လက်တွေ့ကျခဲ့သည်။ သူများမျက်ခုံးမွေးပေါ် ကိုယ်က စကြိုလျှောက်လျှင် လျှောက်၊ မလျှောက်လျှင် သူများက ကိုယ့်မျက်ခုံးမွေးပေါ်တွင် စကြိုလျှောက်သွားလိမ့်မည်ဟု အေးမက ပြောခဲ့ဖူးသည်။ သည်တုန်းက သူ လက်မခံခဲ့၊ ယခုတော့ အေးမက သူပြောသည့်အတိုင်း တကယ်လုပ်သွားပြီ၊ သူ့မျက်ခုံးမွေးပေါ်မှာ အသာကလေး လျှောက်ပြသွားပြီ၊ သူက မလျှောက်တော့ အေးမက လျှောက်သွားပြီ၊ စင်စစ် အေးမသည် သူ့ကို အကောင်းဆုံး သင်ခန်းစာ ပေးသွားခြင်း ဖြစ်သည်ဟု သူ တွေးမိသည်။

တမူးသို့ရောက်မှ မုံရွာဘက်သို့ သည်တစ်ခေါက်သာ ဆင်းသေးသည်။ သူ့အမြင်က အသွားနှင့်အပြန် မတူတော့၊ အသွားတုန်းက အကောင်းဘက်ကို မျှော်လင့်ခဲ့သည်။ လောကကြီးတွင် အမှောင်တွေချည်းသာ ရှိသည်မဟုတ်၊ အလင်းလည်း ရှိသည်ဟု သူ့ရင်ထဲ နှလုံးထဲက ယုံကြည်ခဲ့သည်။ ယခု သူ့အမြင်သည် ပြောင်းပြန်ဘက် ရောက်နေပြီ၊ လောကကို အကောင်းဘက်က မကြည့်ချင်တော့၊ အပျက်ဘက်က ကြည့်ချင်လာပြီ။

မျှော်လင့်ချက် ထားတတ်သူတို့ မျှော်လင့်ချက် ပြိုကွဲပြီ ဆိုသောအခါ သည်အတိုင်း ဖြစ်တတ်ကြသည် မဟုတ်လော။

ပြီးခဲ့သည့် လဆန်းက သူနှင့် ကိုဖေခင်တို့ လူလျှော့သည့် အထဲ ပါသွားခဲ့သည်။ သည်တော့ ကိုဖေခင်က မြင်းမူသို့ ဆင်းပြီး ငွေရှာသည်။ သူ့အစ်မဝမ်းကွဲ အပျိုကြီးများထံမှ ငွေသုံးထောင်ရှာလာသည်။ ကိုဖေခင်က ရှင်းသည်။ သူလည်း မှောင်ခိုလုပ်မည်။ ကိုမြင့်ကိုလည်း သူနှင့်အတူ လိုက်လုပ်ဖို့ ခေါ်သည်။ ငွေရင်းမလို၊ လူစိုက်ဖို့သာ လိုသည်။ တစ်ယောက်တစ်ဝက် ခွဲယူရမည်ဟု ဆိုသည်။ ကိုမြင့် ချက်ချင်း လက်မခံ၊ စဉ်းစားသည်။ သို့ရာတွင် သူ့အဖို့ ထွက်ပေါက်မတွေ့၊ သစ်ချောက်မိုင်းမှ မြေပြန့်ပြန်ဆင်းလျှင်ကော၊ သူ့အတွက် တခြားအလုပ် မရှိ။

ပခုက္ကူက သူငယ်ချင်းက စီးကရက် မှောင်ခိုလုပ်နေသည်။ စီးကရက် စက်ရုံမှ ဖူးလွတ်ထွက်လာသော စီးရက်များကို လိုက်ကောက်ပြီး မန္တလေးနှင့်

www.burmeseclassic.com



မုံရွာသို့ လာသွင်းသည်။ စီးကရက် မလုပ်ချင်သေးလျှင် ခာတ်ဆီလုပ်ဦးမည်လော ရသည်။ ချောက်နှင့် ရေနံချောင်းဘက်မှ လာသော ခာတ်ဆီများကို မှောင်ခို ထုတ်သည်။ ပီပါတစ်ပုံးလျှင် တစ်ဆယ်မြတ်သည်။ တစ်နေ့ ပီပါဆယ်လုံး ထုတ်၍ရလျှင် တစ်နေ့ကို ငွေတစ်ရာ အသာကလေး ရနိုင်သည်။ ငွေရှင်ကို တစ်ဝက်ပေးလျှင် ကိုယ်တွက် ငါးဆယ်ကျန်သည်။ ခာတ်ဆီပီပါများသည် ရေနံမြေက မည်သို့မည်ပုံ ထွက်လာသည်ကို ကိုမြင့်မသိ။ သို့ရာတွင် လုပ်ချင် လျှင်တော့ သူ့အဆက်နှင့်သူ ရှိသည်။ ပခုက္ကူတွင်လည်း အလုပ်ဖြစ်နိုင်သည်။ မြစ်ခြေတွင်လည်း အလုပ်ဖြစ်နိုင်သည်။ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မြင်းခြံ ဘက်တွင်လည်း အလုပ်ဖြစ်နိုင်သည်။ သည့်ထက် လုပ်ချင်လျှင် ဂန့်ဂေါသို့တက်။ ဂန့်ဂေါမှ ကလေးဝသို့ နွေရာသီ မော်တော်ကား ပေါက်သည်။ ခာတ်ဆီဈေး ကောင်းရသည်။ တမူးဘက်သို့လည်း သည်လမ်းအတိုင်း လာရသည်။ သူတို့ အလာတုန်းကပင် ပခုက္ကူ ညောင်ဦး နံပတ်ပြား တပ်ထားသည့် လော်ရီကြီး တစ်စင်း နှစ်စင်း တွေ့ခဲ့သေးသည် မဟုတ်လော။ သည်ကားများမှာ ခာတ်ဆီ လာချသည့် ကားများ ဖြစ်သည်ဟု ကိုဖေခင်က ပြောသည်။

သည်လိုမလုပ်ချင်သေးလျှင် ခန္တီးဘက်သို့ သွားနိုင်သေးသည်။ ခန္တီး ဘက်တွင် ဗိုလ်ကတော်ကြောက ကျောက်စိမ်းက နာမည်ကြီးသည်။ ကျောက် စိမ်း အရည်အသွေး ကောင်းသည်။ ကျောက်စိမ်းတူးပြီး မန္တလေးဘက်သို့ ချမည်လော။ မုံရွာသို့ ချမည်လော။ သို့မဟုတ်လျှင် မိုးကုတ် ကြပ်ပြင်ဘက်က ကျောက်နှင့် ဘိန်းဖြူ ချနိုင်သေးသည်။ တာချီလိတ်ဖက်က ပစ္စည်းတွေ ချနိုင် သည်။ ရရာအလုပ်ကို လုပ်မည်ဆိုလျှင် တစ်ပုံကြီး ရှိသည်။ လမ်းအသွယ်သွယ်။

သို့ရာတွင် မှောင်ခိုလုပ်မည့် အတူတူတော့ တခြားသို့ သူမသွားချင်။ သူမကျွမ်းကျင်သည့် ဒေသတွင် သိပ်အလုပ်မလုပ်ချင်။ တမူး ကလေးဝဒေသက သူကျွမ်းကျင်ပြီးသား။ တောလမ်းတွေကို သိသင့်သလောက် သိနေပြီ။ ကိုဖေခင် တို့၊ ဖိုးလုချိုတို့နှင့်လည်း မခွဲချင်။ သူတို့နှင့်အတူ နေချင်သေးသည်။ ထို့ကြောင့် သည်တစ်ခေါက် သူနှင့် ကိုဖေခင် တမူးသို့ သွားပြီး မဟူရာချောင်းကို ဖြတ် သည်။ အပ်ချုပ်စက်ခေါင်း၊ အပ်ချည်ကပ်၊ ဘိုင်စကယ်ပစ္စည်း၊ မော်တော်ကား ပစ္စည်း၊ ဖဲထုပ် စသည်တို့ကို သယ်ချလာသည်။ ယောကျ်ားကြီးနှစ်ယောက်ဆို တော့ ပစ္စည်းတော်တော်ပါသည်။

သူတို့စိတ်ကူးက တမူးဘက်က သယ်လာသည့်ပစ္စည်းကို မုံရွာတွင် ရောင်း မည်။ အခန့်သင့်လျှင် မန္တလေးအထိ သယ်မည်။ မန္တလေးကပစ္စည်းကို တမူး

www.burmeseclassic.com


ဘက်သို့သယ်မည်။ တစ်လကို နှစ်ခေါက်လောက် ကူသည်ခေါက်သည် လုပ်နိုင်လျှင် အများကြီး အလုပ်ဖြစ်သည်။ ဖိုးလှချိုကိုတောင် အလုပ်က ထွက်ခိုင်းနိုင်သေးသည်။

မော်တော်ကားက မုံရွာသို့ မောင်းမဝင်သည်။ ဆူးလေကုန်းက ကိုဖေခင် အသိအိမ် တစ်အိမ်တွင် တစ်ညအိပ်ကြပြီး မနက်တွင် နှစ်ယောက်သား ဈေးကြီးဘက်သို့ ထွက်ခဲ့ကြသည်။ ဈေးကြီးဘက်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် အချိန်းအချက်လုပ်သူနှင့် ဆုံကြသည်။ ကိုဖေခင်က မြင်းမူသားဖြစ်သဖြင့် မုံရွာတွင် အဆက်အသွယ်တွေ အများကြီးရှိနေသည်။ နဂိုကတည်းက အရောင်းအဝယ် လုပ်ဖူးသူဖြစ်၍ လာဘ်မြင်သည်။ ပထမတစ်ခေါက် မြင်းမူသို့ဆင်း၍ ငွေယူသွားကတည်းက အဆက်အသွယ်များ၊ ကုန်ဈေးနှုန်းများကို စနည်းနာခဲ့ပြီးဖြစ်သည်။ သည်တစ်ခေါက် ပြန်လာတော့ အဆက်အသွယ် အထူးရှာစရာမလိုတော့။ သူ့အဆက်အသွယ်ကို အချိန်းအချက်ပြုလိုက်ရုံမျှသာ ကျန်တော့သည်။ လက်ဖက်ရည်ဆိုင်တွင် ဈေးပြောကြသည်။ ပစ္စည်းများကိုတော့ တည်းခိုအိမ်တွင် ထားခဲ့သည်။ အရောင်းအဝယ်တည့်မှ ပစ္စည်းများကို ပြန်ယူမည်။

မုံရွာဈေးကြီးနားရှိ မြင်းမူလမ်းပေါ်က ချိန်းထားသည့် လက်ဖက်ရည်ဆိုင်သို့ သူတို့နှစ်ယောက် ရောက်တော့ လက်ဖက်ရည်ဆိုင် လူတွေပြည့်နေသည်။ နံနက်လင်းလင်းချင်း လက်ဖက်ရည်သောက်ရင်း လက်ဖက်ရည်ဆိုင်မှာ အရောင်းအဝယ် လုပ်ကြသည်။ သည်နေရာက လူစုံသည်။ ရပ်ဝေးကုန်သည်တွေ စတည်းချကြသည်။ မြို့ပေါ်မှ ကုန်သည် ပွဲစားများလည်း သည်ဆိုင်မှာပင် စတည်းချကြသည်။ ဈေးနှုန်းကို စနည်းနာကြသည်။ အရောင်းအဝယ် လုပ်ကြသည်။

လက်ဖက်ရည်ဆိုင်တွင် သူတို့ချိန်းထားသူနှင့် အဆင်သင့် တွေ့ရသည်။ လက်ဖက်ရည်မှာသောက်ပြီး ဈေးထဲသို့ ဝင်ခဲ့ကြသည်။ ဈေးထဲတွင် သူ့အစ်မရှိသည်။ သူ့အစ်မနှင့် စကားပြောမှ ဖြစ်မည်ဟု ဆိုသဖြင့် သူ့နောက်က လိုက်ခဲ့ကြရသည်။

ကုန်ခြောက်တန်းရောက်တော့ ရှေ့ကလူနှင့် ဆိုင်တစ်ဆိုင် ရှေ့တွင် ရပ်လိုက်သည်။ ဆိုင်ပေါ်က မိန်းမတစ်ယောက်က သူတို့ကို လှမ်းနှုတ်ဆက်သည်။ ကိုမြင့် လှမ်းကြည့်လိုက်တော့ တခြားသူမဟုတ်၊ မချစ်မေ။

'အံ့မယ်လေး...ငါ ဘယ်သူတွေများလဲလို့၊ လက်စသတ်တော့ မောင်ကိုမြင့်တို့ကိုး၊ လာကြ...လာကြ၊ ထိုင်ကြ'

www.burmeseclassic.com



မချစ်မေက ကုန်ခြောက်ဆိုင်ကျဉ်းကျဉ်းကလေး ဘေးက ခွေးခြေများပေါ်တွင် တက်အထိုင်ခိုင်းသည်။

‘အစ်မကြီးပါလား’

‘ဒါပေါ့ကွယ်၊ တို့ကတော့ မမေ့ပါဘူး၊ မင်းအကြောင်း တပြောတည်းပြောနေကြတာပဲ၊ မင်းကသာ’

မချစ်မေက လက်ဖက်ရည်ထပ်မှာသည်။

‘နေပေ့စေ အစ်မကြီး၊ ကျွန်တော်တို့ သောက်ခဲ့ပြီးပြီ’

ကိုဖေခင်နှင့် မချစ်မေမောင်က သူတို့နှစ်ယောက်ကို ကြည့်၍ အံ့အားသင့်နေသည်။ လက်ဖက်ရည်သောက်ပြီးပြီဆိုသည့်တိုင် မရ။ သူ့မောင်လေးကို အတင်းဝယ်ခိုင်းနေသည်။

‘ငချစ်၊ တို့ခဏခဏပြောနေတဲ့ မောင်ကိုမြင့်ဆိုတာ သူပေါ့၊ ဟိုတစ်နှစ်က သူလိုက်ပို့တာပေါ့၊ နေစမ်းပါဦး၊ ခု မောင်ကိုမြင့်တို့ ပစ္စည်းတွေလား’

ကိုမြင့် မျက်နှာ ပူထူသွားသည်။

‘ဟုတ်...ဟုတ်ကဲ့၊ ဆိုပါတော့’

‘ဘယ့်နှယ်လဲကွယ့် ကျွန်တော် မှောင်ခိုမလုပ်ဘူးဆို၊ ဟဲဟဲ’

မချစ်မေက ကိုမြင့်ကို မချိုမချဉ် ပြုံးသည်။ သူ့အပြုံးက အောင်နိုင်သူ၏ အပြုံး။ အသံက အောင်နိုင်သူ၏ အသံ။

‘ဒီလိုပေါ့ အစ်မကြီးရယ်၊ အကြောင်း မညီညွှတ်တော့ လုပ်ရတာပေါ့’

ကိုမြင့်၏လေသံက ပျော့နေသည်။

‘ဒါပေါ့ကွယ်၊ အကြောင်းညီညွှတ်ရင် ဘယ်သူလုပ်ချင်ပါ့မလဲ၊ အကြောင်းညီညွှတ်ရဲ့သားနဲ့ လုပ်တယ်ဆိုတာ မင်းတို့ ငါတို့လိုဟာမျိုး မဟုတ်ဘူး။ ဦးမြမင်းတို့လို၊ သူ့သားမက် နေလင်းအောင်တို့လို လူစားမျိုးတွေပါ၊ အံမယ် ပြောလိုက်ရဦးမယ်၊ အေးမတို့တောင် တော်တော်အကြောင်းညီညွှတ်နေပြီကွယ့်၊ အရင်ကထက် ပြေလည်နေတယ်၊ သွက်လဲသွက်တယ်၊ ရဲလဲရဲတယ်၊ အဲ...ပြီးတော့ လည်လဲလည်တယ်၊ လောဘကြီးလိုက်တာကလဲအလွန်ပဲ၊ မင်းတို့နဲ့ မတွေ့ခဲ့ဘူးလား၊ တစ်နေ့ကတင် တမူးဘက် တက်သွားတယ်၊ နောက်တစ်ခေါက်ကျရင် တောင်ကြီးဘက် သွားမလို့တဲ့’

မချစ်မေက အလုပ်ကိစ္စအကြောင်းကိုမပြောသေး၊ သတင်းစုံကို ဖောက်သည်ချနေသည်။ ကိုမြင့်က စကားတိတ်နေသလောက် မချစ်မေက စကားများနေ

www.burmeseclassic.com



သည့် ကိုဖေခင်က ပါးစပ်အဟောင်းသားဖြင့် သူတို့နှစ်ယောက်ကို ကြည့်နေသည်။ ငှက်နှုတ်သီးလိုကောက်နေသည့် နှာခေါင်းက ပွစိပွစိ ဖြစ်နေသည်။

'မင်းအေးမဖျံ့ကျလိုက်ပုံကတော့ မပြောနဲ့ဟော့၊ အရောင်းအဝယ်လုပ်တာ ဘာကြာသေးလို့လဲ၊ မနေ့တစ်နေ့ကမှ လုပ်တာ၊ ဒါပေမယ့် တို့လိုက်မမီဘူး၊ နောက်မှာ ဖုတ်တထောင်းထောင်းနဲ့ ကျန်ရစ်ခဲ့တယ်၊ ခုတစ်ခေါက်လည်း တမူး တက်သွားပြန်ပြီ။ တို့များတော့ သူ့ခြေကို မီအောင်မလိုက်နိုင်ဘူး။ ဒီတစ်ခေါက်တော့ သူတို့ဗဂျီဘက်က မစန်းရင်ဆိုတဲ့ မိန်းမနဲ့ အတူတူလိုက်သွားလေရဲ့'

'အင်း၊ သည်ကောင်မအကြောင်း မကြားချင်ခါမှ သည်ကောင်မ အကြောင်းကို ကြားနေရသည်။ သည်တစ်ခေါက်တော့ မစန်းရင်နှင့် သွားသည် ဆိုပါတကား။ မစန်းရင်အကြောင်းကို အေးမပြောပြ၍ မကြာမကြာ ကြားဖူးနေသည်။

မှောင်ခိုလုပ်တယ်ဆိုတာ ဥပုသ်စောင့်တာ မဟုတ်ဘူး၊ ယူစရာရှိရင် ရဲရဲယူပြီး ပေးစရာရှိရင် ရဲရဲပေးရမယ်'

သူ့နားထဲတွင် အေးမထံမှ တစ်ဆင့် ကြားရသည့် မစန်းရင် စကားများကို ပြန်၍ ကြားယောင်သည်။ ထိုစဉ်တုန်းက အေးမသည် မစန်းရင်၏ အဘိဓမ္မာကို ပါးစပ်က ရွတ်ခဲ့သည်။ ယခုမူ လက်တွေ့ကျင့်သုံးနေပြီလော မဆိုနိုင်။

'ဒါပေမယ့် ဒီကောင်မလေးကို ငါချီးမွမ်းတာတစ်ခုတော့ ရှိတယ် သိလား မောင်ကိုမြင့်'

ငိုင်နေသည့် ကိုမြင့်ကို မချစ်မေက အားမလိုအားမရဟန်ဖြင့် လှမ်းခေါ်သည်။ သည်တော့မှ ကိုမြင့် သတိရလာသည်။

'ကောင်မလေးက အနစ်နာခံတယ်။ သူ့ညီမလေးက ဆယ်တန်းအောင်တော့ ဂုဏ်ထူးသုံးခုနဲ့အောင်တယ်။ စတိုင်ပင်တို့ ဘာတို့လျှောက်ပေမယ့် မရဘူး။ဒီတော့ သူ့ညီမကို မဖြစ်ဖြစ်အောင် သူ တက္ကသိုလ်ကို ထားမယ်ဆိုပြီး ထားတယ်၊ မခံချင်စိတ် ရှိတာရယ်၊ ဇွဲရှိတာရယ်ကတော့ ချီးကျူးစရာပဲ။ သူ့ညီမနဲ့ အမေကိုလဲ တော်တော် သံယောဇဉ်ကြီးပုံရတယ်၊ တစ်အိမ်လုံး သူပဲ ရှာကျွေးနေတာပဲ။ ခု သူတို့ တောမှာ မဟုတ်တော့ဘူး။ မုံရွာကို ပြောင်းလာကြပြီ။ ညီမလေးကတော့ မန္တလေးတက္ကသိုလ်ရောက်နေပြီ။ တောင်ကြီးက တစ်ခေါက်ပြန်ရင် သူ့အမေကြီးကိုလဲ မန္တလေးဆေးရုံတက်ပြီး မျက်စိခွဲပေးမလို့တဲ့။ အာဂ ကောင်မလေး။ စကားပြောရတာ အားမရဘူးဟယ်။ မပြန်ခင် အိမ်မှာ ထမင်းတစ်နပ်လောက် စားသွားပါလား'

www.burmeseclassic.com



'နေပါစေ အစ်မကြီး။ ကျွန်တော်တို့ သိပ်ကြာကြာ မနေနိုင်ဘူး။ ပြန်တက်ရမှာ'

လက်ဖက်ရည်ပွဲတွေ ရောက်လာသဖြင့် လက်ဖက်ရည်သောက်ရပြန် သည်။ သည်အချိန်အထိ အလုပ်ကိစ္စကို စကားမပြောရသေး။ ကိုဖေခင်က နှာခေါင်းပွစိပွစိ လုပ်လှပြီ။

'မင်းနဲ့တွေ့ချင်နေတာ။ နေရဥ္စရာ မြစ်ကမ်းက ဘုန်းကြီးကျောင်းတုန်းက မနက်အစောကြီး ထသွားတဲ့ကိစ္စကို ပြောချင်လို့ပါ။ အဲ့ဒီတုန်းက'

ဆပ်ပြာတောင့်တွေ လာသွင်းသူ တစ်ဦးရောက်လာသဖြင့် စကားပြတ်သွားသည်၊ သူ့ဆိုင်က ပစ္စည်းစုံသည်၊ ဖယောင်းတိုင်၊ ဆပ်ပြာတောင့်၊ ကော်ဖီဘူး၊ ဟောလစ်၊ လက်ဖက်ခြောက်၊ ပြည်တွင်းဖြစ်၊ နိုင်ငံခြားဖြစ် ပစ္စည်းတော်တော်များများရှိသည်။ ဈေးဆိုင်က ဈေးရောင်းရုံမျှသာမက ဖောက်သည် လာသွင်းသည့် ပစ္စည်းများကိုလည်း ဝယ်သည်။

'ဟဲ့ မောင်လေး၊ ဆပ်ပြာတောင့် ယူလိုက်စမ်း၊ ဟိုတစ်နေ့က ဈေးပဲနော်၊ ကြိုက်ရင်ထားခဲ့'

သူ့မောင်က ဆပ်ပြာတောင့်များကို သိမ်းနေသည်။

'စကားတောင် ဘယ်ရောက်သွားသလဲ မသိဘူး၊ ဒီလိုပဲ မောင်ကိုမြင့်ရေ့၊ ဈေးသည်ဆိုတာ အချိန်လုပြီး လုပ်ရတာ။ သြော်...ဟုတ်ပြီ၊ အဲဒီတုန်းက မနက်အစောကြီး ကျွန်မတို့ချည်းပဲ ပြန်ရအောင်တဲ့၊ ဒီတော့ အစ်မကြီးက ပြောတယ် မောင်ကိုမြင့်လဲ ပါသားပဲဟာ၊ တစ်လမ်းလုံးခေါ်ပြီး ဒီနားကျမှ ထားပစ်ခဲ့လို့ ဘယ်ကောင်းမလဲလို့ ပြောတယ်၊ မောင်ကိုမြင့်က ကျွန်မတို့ ပိုက်ဆံပေးရင်လဲ ယူမှာမဟုတ်ဘူးတဲ့၊ အလကား ထမ်းခိုင်းရတယ်ဆိုတော့ အားနာစရာကြီးတဲ့၊ ဒီတော့ ငွေတစ်ရာလောက် ထားပစ်ခဲ့ပြီး တိတ်တိတ်ပြန်ကြရအောင်တဲ့၊ သူ့အိပ်ရာလိပ်လဲ ထားခဲ့တော့မယ်တဲ့၊ ဒီဘက်ရောက်မှတော့ သိပ်လဲ စိုးရိမ်စရာ မရှိတော့ပါဘူးတဲ့၊ အစကတော့ အစ်မကြီးက ငြင်းပါသေးတယ်၊ နောက်ကျတော့ သူအဆွယ်ကောင်းတာနဲ့ အစ်မကြီးလဲ သဘောတူလိုက်တာပဲ တကယ်ပါကွယ်၊ မင်းက အခမဲ့ လုပ်ပေးတော့ အစ်မကြီးတို့လဲ အားနာတယ်၊ ပိုက်ဆံမယူဘူးဆိုတော့ ဒီနည်းဟာ အကောင်းဆုံးဖြစ်မယ်ဆိုပြီး အစ်မကြီးတို့ လုပ်ခဲ့တာပါ။ ငါ့မောင်ကို တောင်းပန်ပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်'

ကိုဖေခင်က နားမလည်သလို သူတို့နှစ်ယောက်ကို တစ်ယောက်တစ် လှည့်စီ ကြည့်သည်။

www.burmeseclassic.com



'စိတ်မကောင်းတာတော့ အမှန်ပဲ အစ်မကြီး၊ ကျွန်တော် စေတနာနဲ့ ကူညီခဲ့သမျှ အလကား ဖြစ်တာပဲ'

မချစ်မေ တွေသွားသည်။

'အင်း...မင်းရဲ့ အေးမပေါ့ကွယ်၊ လုပ်ချင်ရာ တဇွတ်ထိုးပဲ၊ ပြောလို့ကို မရဘူး၊ အစ်မကြီးပြောတော့ ပြောတာပဲ၊ အစ်မကြီးမလိုက်ရင်လဲ သူတစ်ယောက် တည်းပဲ ပြန်နင့်မယ်ဆိုတော့ အစ်မကြီးလဲ လိုက်ရတော့တာပေါ့၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့ကွယ်၊ အစ်မကြီးတို့ ပေးခဲ့တဲ့ငွေကိုလဲ ကူညီတယ်လို့ သဘော ထားပါ၊ ခုတော့ မောင်ကိုမြင့်လဲ ဒီလောကထဲ ရောက်လာတော့ အစ်မကြီးတို့ ကို ကိုယ်ချင်းစာနိုင်မှာပါ၊ မဟုတ်ဘူးလား'

ဖြစ်နိုင်လျှင်တော့ ကိုမြင့် သည်နေရာမှ အမြန်ဆုံးထွက်သွားချင်သည်၊ သူရှက်သည်၊ သူဘယ်တော့မှ မှောင်ခိုမလုပ်ဟု အလွန်အကျွံ ပြောခဲ့သည်၊ မှောင်ခိုဆန့်ကျင်ရေးကို တွင်တွင်ပြောခဲ့သည်၊ မချစ်မေတို့ကိုလည်း ပြောခဲ့ဖူး သည်။ ကိုဖေခင်ကိုလည်း ပြောခဲ့ဖူးသည်။ ယခု သူပြောခဲ့သူနှစ်ယောက်ရှေ့ တွင် သူ့ဘဝကို သူပြန်ရှက်သည်။ သူ့အဖြစ်ကို သူပြန်ရှက်သည်။

ကိုဖေခင်က အလုပ်ကိစ္စကို စ၍ စကားပြောသည်။ သူတို့ကံကောင်း သည်ဟု ဆိုရမည်။ ထိုစဉ်က တမူးဘက်တွင်လည်းကောင်း၊ မုံရွာကလေးဝလမ်း တွင် လည်းကောင်း ဆိုင်ရာက ကြပ်မတ်ရှာဖွေနေသဖြင့် ပစ္စည်းများများ မဝင်နိုင်၊ ထို့ကြောင့် သူတို့ပစ္စည်းလေးတွေ ဈေးကောင်းရလိုက်သည်။ ပစ္စည်းယူ ၍ ငွေပေးချေရန် ချိန်းကြသည်။

'မပြန်ခင် ထမင်းလေးတစ်နပ် စားသွားပါဦးလား မောင်ကိုမြင့်'

မချစ်မေက ထပ်၍ ထမင်းစားဖိတ်သည်။

'နေပါစေ အစ်မကြီး၊ ကျွန်တော်တို့ ဒီနေ့ကိစ္စပြီးရင် မနက်ဖြန် ပြန်မယ်'

'အမယ်လေး၊ အစ်မကြီးတို့ထမင်း စားကောင်းပါတယ်ကွယ့်၊ အစ်မ ကြီးတို့က မစိမ်းကားပါဘူး၊ မစိမ်းတဲ့အပြင် အရင်ကထက်တောင် ခင်မင်ရင်း နီးလာသေးတယ်၊ ဘဝတူ အချင်းချင်းတွေပဲ'

မချစ်မေကို နှုတ်ဆက်ပြီး ထွက်လာတော့၊ မချစ်မေ၏ ရယ်သံသည် နောက်တွင် ကျန်ရစ်ခဲ့သည်။ ရယ်သံက ပျောက်မသွား၊ သူ့နားတွင် ပွဲတင်ရိုက် ခတ်နေသည်။

မချစ်မေက သူ့ကို သူတို့လို ဘဝတူဟု ပြောသည်၊ ဟုတ်သည်၊ သူနှင့် မချစ်မေသည် ဘာများ ခြားသေးသနည်း၊ အေးမနှင့်ကော ဘာများ

www.burmeseclassic.com



ခြားနားသေးသနည်း အေးမကတော့ လည်လွန်းသည်၊ ဖျံကျလွန်းသည်၊ ယခုတစ်ခေါက် မစန်းရင်နှင့် လိုက်သွားပြီဆိုတော့ အေးမသည်လည်း မစန်းရင်လမ်းစဉ်ကို လိုက်ပြီလော မဆိုနိုင်။

'ဘယ်လိုလဲကွ၊ ကြည့်တော့ မခုတ်တတ်တဲ့ ကြောင်လေးလိုလိုနဲ့၊ ခုတော့ သွက်လှချည့်လား'

'လမ်းတွင် ကိုဖေခင်က မေးသည်။

'ခင်ဗျားတို့ဆီ မလာခင် တမူးသွားတုန်းက အတူတူသွားခဲ့ကြတာပါဗျာ'

ကိုမြင့်လေသံက ပျော့နေသည်၊ အင်နှင့်အားနှင့်၊ ဒေါနှင့် မာန်နှင့် ခုခံကာကွယ်သည့် အသံမျိုး မဟုတ်။

'ဒါဖြင့် ဟိုအေးမဆိုတဲ့ အမျိုးသမီးကကောကွာ၊ အမယ်မင်းရဲ့ အေးမတဲ့၊ ပြောသွားတာ ကြားရဲ့လား'

'ကိုလှချို့ကို ပြောပြပြီးသားပါဗျာ'

ကိုမြင့်က ဖိုးလှချို့ကို ပြောသည့်အတိုင်း ကိုဖေခင်ကို ပြန်ပြောပြသည်၊ ကိုဖေခင်က တဟားဟားရယ်သည်။

'မင်းကောင်မလေးက ဖျံမလေးပဲကွ'

ကိုဖေခင်က ထင်မြင်ချက်ပေးသည်။ သည်အချက်ကို ကိုမြင့်မငြင်းတော့၊ အေးမဘက်က ကာကွယ်စရာမလိုတော့၊ အေးမသည် သူတို့အမြင်တွင် ဖျံကလေး ဖြစ်နေပြီ၊ သို့တိုင်အောင် အေးမအကြောင်းကို အကုန်အစင် သိသေးသည် မဟုတ်၊ သူတို့ကိုလည်း ကိုမြင့်က အကုန်အစင် ပြောသေးသည် မဟုတ်၊ သူသိသလောက်သာ အကုန်ဖွင့်ပြောရလျှင် ကိုဖေခင်တို့က ဖျံမကလေး အဆင့် လောက်တွင်ပင် ထားကြတော့မည်မဟုတ်၊ ကိုဖေခင်တို့တစ်တွေသည် မစန်းရင် ဆိုသည့် မိန်းမတစ်ယောက် အကြောင်းကို မသိကြသေး၊ မစန်းရင်၏ အဘိဓမ္မာကို မသိကြသေး၊ မစန်းရင်အကြောင်းကိုများ သိကြလျှင် မစန်းရင်၏ အဘိဓမ္မာများကို သိကြလျှင်...။

()

www.burmeseclassic.com

## ၂၆

ကဘော်ချိုင့်ဝှမ်းက နွေညများသည် ခါတိုင်းလို မြူပြာပြာလွှမ်းဆဲ၊ လရောင်နှင့် မြူပြာပြာတို့ကို ယှက်ဖောက်လိုက်သည့်အခါ၌ နွေညအလှသည် ပိုးဇာပါးပါးကို လွှမ်းထားသည့် သတို့သမီးငယ်၏ မျက်နှာပေါ်က အလှလို ရှက်ရွံ့ရွံ့။

မဟူရာချောင်းရေကလည်း ခါတိုင်းလို တသွင်သွင်စီးမြဲ။

သြော်…လွန်ခဲ့သည့် နှစ်နှစ်လောက်က သည်မဟူရာချောင်းကို အေးမနှင့် သူ ဖြတ်ခဲ့ဖူးပါပကော။

သည်တုန်းက သူက မှောင်ခိုအရောင်းအဝယ် မလုပ်သေး။ အေးမတို့ကို အခမဲ့ ထမ်းပေးခဲ့သူတစ်ယောက်၊ အေးမတို့ မချစ်မေတို့ အမြင်ဖြင့် ကြည့်လျှင် ဘာမဆိုင် ညာမဆိုင် လိုက်၍ ကူလီထမ်းပေးခဲ့သည့် 'ငကြောင်' တစ်ယောက်၊ ယခုတော့ သူကိုယ်တိုင် မှောင်ခိုအရောင်းအဝယ်သမား ဖြစ်နေပြီ။

လူကြောင့်လော၊ ပတ်ဝန်းကျင်ကြောင့်လော၊ ဘာကြောင့်မှန်းတော့ မသိ၊ သူ့ဘဝပြောင်းခဲ့ရသည်ကတော့ အမှန်ဖြစ်သည်။ 'ငိုတစ်ခါ ရယ်တစ်လှည့်သာပ၊ ဆိုဖွဲ့ကာ သူဖြင့် ရှုးရှာသတဲ့၊ အရှုးသည်လိုဟာဖြင့် သည်လောက ဘုံအနှမ်းပေမို့ ယုံတမ်းပင် ဆိုနိုင်သင့်သော်လဲ'ဆိုသည့် ဇော်ဂျီ ကဗျာတိုလေး တစ်ပုဒ်ကို သတိရသည်။ ကဗျာဆရာက မည်သည့်အဓိပ္ပာယ်နှင့် စပ်မှန်းတော့ မသိ၊ သို့ရာတွင် ထိုကာရန်ကလေးများသည် သူ့ဘဝကို ဖွဲ့လေသလောဟုပင် ကိုမြင့်ထင်သည်။ ထင်ချင်သည်။

မြဝတီမင်းကြီးကတော့ သည်လောကကြီးကို သင်းထုံတဲ့ ဘုံဟု မှွမ်းသွားသည်။ လောကဘုံကြီးက မသင်းပါ။ မထုံပါ။ ဇော်ဂျီပြောသလို လောကဘုံကြီးက အရှုးဘုံကြီးဟုသာ သူပြောလိုက်ချင်သည်။ အနှမ်းဘုံကြီးဟုသာ ဆိုလိုက်ချင်သည်။ မှောင်ခိုကုန်ကူးသည်ကို ဆန့်ကျင်ခဲ့ရင်း ဆန့်ကျင်ရင်းနှင့် သူလည်း မှောင်ခိုသမားတစ်ယောက် ဖြစ်နေသည် မဟုတ်လော။ စာရိတ္တမဏ္ဍိုင်ကို

www.burmeseclassic.com



ထိန်းသိမ်းစောင့်ရှောက်သူ သူရဲကောင်းကြီးဘဝမှ လိုက်စားနေသည့် ခြကောင်ကလေးတစ်ကောင် အဖြစ်သို့ လျှောကျခဲ့ရပြီ မဟုတ်လော။

သည်အဖြစ်ကို တွေးတိုင်း သူခံပြင်းသည်။ ရှက်သည်။ ကိုဖေခင်တို့၊ မချစ်မေတို့ ရှေ့တွင် ပို၍ ရှက်ရသည်။ သူပင်လျှင် အားနည်းပျော့ညံ့၍ ဖြစ်ရသလော၊ သို့မဟုတ် ပတ်ဝန်းကျင်ကပင် အားကြီးလွန်း၍ ဖြစ်ရသလော။ ဤသည်ကို သူမဝေခွဲတတ်။

ကိုဖေခင်တို့၊ မချစ်မေတို့ နောက်ပြီး အေးမတို့ကတော့ မှောင်ခိုအရောင်းအဝယ် လုပ်သည်ကို ထမင်းစားရေသောက် သဘောထားနိုင်ကြသည်။ လုပ်ရိုးလုပ်စဉ် ကိစ္စလောက် သဘောထားနိုင်ကြသည်။ သူတို့သာမဟုတ်၊ လူတော်တော်များများကလည်း သည်လိုသဘောထားကြသည်။ သူက သည်လိုသဘောမထားနိုင်။ ကိုယ့်ကိုယ်ကို အားတင်းပြီးမှ သည်အလုပ်ကို လုပ်ရသည်။ လူတွေက မှားနေသည်လော၊ သူကပင် ကြောင်နေသည်လော။ ဤသည်ကိုလည်း ကိုမြင့် မစဉ်းစားတတ်။

ယခုတော့ သည်အလုပ်ကို သူလုပ်ရပြီ၊ သူစိတ်မကောင်း၊ စိတ်မကောင်းသော်လည်း သူ ဘာမျှ မတတ်နိုင်။

ကိုဖေခင်နှင့် နှစ်ယောက်သား မဟူရာချောင်းကို ဖြတ်ခဲ့ကြသည်။ မဟူရာချောင်းက ခါတိုင်းလို တသွင်သွင်စီးနေသည်။ မဟူရာချောင်းကသာ စကားပြောတတ်လျှင် ‘စာရိတ္တသန့်စင်ရေး သူရဲကောင်းကြီး’အဖြစ်မှ လျှောကျခဲ့ရသော သူ့အဖြစ်ကို လှောင်လိမ့်မည်ဟု သူထင်သည်။

သူတို့ရှေ့ကလည်း လူတွေ ဖြတ်ကူးနေကြသည်။ နောက်တွင်လည်း လူတွေ ဖြတ်နေကြသည်။

ယခုတလောတွင် နယ်စပ်က အပိတ်အဆို့တွေများသဖြင့် လမ်းသစ်က လာကြသည်။ လမ်းသစ်ဖြစ်၍ လမ်းကြမ်းသည်။ အင်တိုင်းတောကလေးများထဲတွင် ကွေ့ကောက်သွားရသဖြင့် ပင်ပန်းသည်။ လမ်းတွင် ကိုယ့်အစုနှင့်ကိုယ် ဝိုင်းဖွဲ့စခန်းချကြသည်။ မီးပုံလေးတွေ ဖိုထားကြသည်။ တချို့ဝိုင်းတွေက အရက်ပုလင်းထောင်ကြသည်။ တချို့ဝိုင်းတွေက ဖဲဝိုင်း၊ ဂျင်ဝိုင်းဖွဲ့ကြသည်။ သူတို့နှစ်ယောက်သည် စခန်းတွင် မအိပ်ချင်၊ သည်စခန်းတစ်ဝိုက်က ရှုပ်သည်။ မိန်းမ၊ အရက်၊ ဖဲစုံသည်။ ကိုဖေခင်က သည်စခန်းမှာ နားပြီး အပျင်းပြေဂျင်ထိုးချင်သည်။ သို့မဟုတ်လျှင်လည်း နှစ်ဆယ့်တစ်ပေါက် ဆွဲချင်သည်။ သို့ရာတွင်

www.burmeseclassic.com


ကိုမြင့်က မနေချင်၊ မတတ်သာ၍ မှောင်ခိုလုပ်စားနေရသော်လည်း ရှုပ်ရှုပ်ပွေပွေ ထဲတွင် မပါချင်၊ အေးအေးဆေးဆေး ရှိသည့် ရှေ့စခန်းတစ်ခုတွင် နားချင်သည်။

ကိုမြင့် သဘောမတူတော့ ကိုဖေခင် မနေရဲတော့၊ နောက်က လိုက်လာသည်။ သည်တစ်ခေါက် ပစ္စည်းတွေက ဝန်ပေါ့တွေ ဖြစ်သည်။ အဝတ်အထည်၊ အပ်ချည်ကပ်၊ စက်ချုပ်အပ်၊ ကော်ဖီဘူး၊ ထောပတ်ဘူး၊ လက်ဖက်ခြောက်ဘူး စသည်တို့ဖြစ်သည်။

သူတို့နှစ်ယောက် မဟူရာချောင်းပါးက တောလမ်းကလေးအတိုင်း ဆန်လာကြသည်။ ခြေလမ်းကလေးက မဟူရာချောင်းကမ်းနှင့် ဝေးသွားလိုက်၊ နီးသွားလိုက်ဖြင့် ကွေ့ကောက်နေသည်။

'ဟေ့...ဖိုးကိုမြင့်၊ ငါဆာတယ်ကွာ၊ ခဏတော့ နားကြရအောင်'

မဟူရာချောင်းကမ်းက ကွက်လပ်ကလေးတစ်ခု အရောက်တွင် ကိုဖေခင်က ပြောသည်။

'ရောက်တော့မှာပါဗျ၊ သိပ်မလိုတော့ပါဘူး'

'မင်းက သန်တုန်း မြန်တုန်းကွ၊ ငါက အဘိုးကြီးဖြစ်ပြီ၊ မင်းကို လိုက်မမီဘူး၊ မိုးလဲချုပ်လှပြီ'

'ရှစ်နာရီလောက်၊ ရှိဦးမှာပေါ့ဗျ၊ လာပါ၊ ရောက်တော့မှာပါ'

ကိုဖေခင်က တကယ်မောနေပြီ၊ လမ်းကကြမ်း၊ အတက်အဆင်းတွေက များသဖြင့် ခါတိုင်းထက် မောသည်။ တစ်ဘက်ကမ်းကလည်း ဘာမျှ မစားခဲ့ကြရသေး။

'ဟေ့...ဖိုးကိုမြင့်၊ မဖြစ်ဘူးကွာ၊ ခဏဖြစ်ဖြစ် နားမယ်'

ကိုဖေခင်က အထုပ်အပိုးတွေကို ချ၍ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်သည်။ ကိုမြင့် ရှေ့ဆက်၍ မဖြစ်တော့၊ ကိုဖေခင်ကို ကြည့်၍ ပြုံးကာ သူ့အထုပ်တွေကိုလည်း ချရသည်။ နားရမည့်အတူတူ ဆေးပြင်းလိပ်ကလေး တစ်ဖွာလောက်တော့ ဖွာဦးမှ။

'ဒီတစ်ခေါက် မုံရွာဆင်းပြီးတော့ နားဦးမယ်ကွာ၊ ပင်ပန်းတယ်'

ဖိုးလုချို့ကြီးသာ ပါရင်တော့ သီချင်းလေး တအေးအေးသွားလေး အဖြီးသားနဲ့ နေမှာပဲ'

ကိုမြင့်က ဆေးပြင်းလိပ်ကို မီးညှိသည်။

သည်တုန်း အင်တိုင်းတောထဲမှ ရွက်ခြောက်တွေ၊သစ်ကိုင်းခြောက်တွေကို တဂျွမ်းဂျွမ်း နင်းပြေးလာသံကို ကြားရသည်။ သစ်ပင်ချုံနွယ်တွေကို တိုးဝှေ့လာသံများကိုလည်း ကြားရသည်။

www.burmeseclassic.com



'ဘာသံလဲ'

ကိုမြင့်က ဆေးလိပ်ကို ပါးစပ်က ချွတ်လိုက်ပြီး ရုတ်တရက် ထကာ ခါးကြားတွင် ညှပ်ထားသော ဓားမြှောင်ကို ဆွဲထုတ်သည်။ ဓားမြှောင်က အရင်တစ်ခေါက်တုန်းက အေးမဆီက သူယူထားလိုက်သည့် ဓားမြှောင်။ ဆင်စွယ်ရိုးတပ်၍ ဓားအိမ်ကို ဆင်မြီးကွပ်ထားသည်။ အသွားက ခြောက်လက်မလောက်ရှိသည်။

ကိုဖေခင်ကလည်း ကျောက်ဖျာပေါ်တွင် ကျောက်တုံးကြီး တစ်တုံးကို မှီ၍ ထိုင်နေရာမှ ထသည်။

'တောကောင်များလား မသိဘူး'

အင်တိုင်းတောထဲမှ အသံသည် တဖြည်းဖြည်း နီးလာသည်။ ကိုဖေခင်က ကျောက်တုံးကြီးတစ်တုံးကို ကောက်ကိုင်ထားသည်။ ကိုမြင့်က လက်တစ်ဖက်က ကျောက်တုံး၊ လက်တစ်ဖက်က ဓားမြှောင်ကို ကိုင်ရင်း အသံကြားရာဆီသို့ စိုက်ကြည့်နေသည်။

လရောင်က သစ်ပင်တွေကြားထဲတွင် ပြောက်တိပြောက်ကြား ဖြာကျနေသည်။ တချို့နေရာတွင် မှောင်၍ တချို့နေရာတွင် လင်းလျက်။ နှစ်ယောက်သား အသံကြားရာဘက်သို့ စိုက်ကြည့်နေကြသည်။ မျက်တောင်ပင် မခတ်မိ။ အသက်ကို ပြင်းပြင်းမရှူရဲ။ ခြေသံက ချောင်းတစ်ဖက်သို့ ဆင်းလာသည်ကို ထောက်လျှင် ချောင်းကို ရေသောက်ဆင်းသည့် တောကောင် တစ်ကောင် ဖြစ်နိုင်သည်။

ခြေသံက တန့်သွားသည်။ ခပ်ဝေးဝေးမှ နောက်ထပ် ခြေသံတစ်ခု ကြားရသည်။ သစ်ကိုင်းများကို တိုးသံ၊ သစ်ရွက်ခြောက်များပေါ်သို့ တိုးပြေးလာသံ။

ရှေ့က ခြေသံက တန့်သွားပြီး ဆက်ပြေးသံပေါ်လာသည်။ သတ္တဝါနှစ်ကောင် ရှေ့တစ်ကောင် နောက်တစ်ကောင် ပြေးလာဟန်တူသည်။ ခဏကြာတော့ ရှေ့ကသတ္တဝါသည် အင်တိုင်းတောတဲမှ ဖြုန်းကနဲ ထွက်လာကာ သူတို့နှင့် မလှမ်းမကမ်း ချောင်းစပ်သို့ ရောက်လာသည်။

နှစ်ယောက်စလုံး ပါးစပ်ကြီးတွေဟကာ ကြက်သေ သေနေကြသည်။

သတ္တဝါတစ်ကောင်လည်း မဟုတ်။ သားရဲတိရစ္ဆာန်လည်း မဟုတ်။

မိန်းမပျိုကလေးတစ်ယောက်သာ ဖြစ်ပါ၏။ ချောမောလှပသည့် မိန်းမပျိုကလေးတစ်ယောက်သာ ဖြစ်ပါ၏။ ဆံပင်ကဂုတ်ပေါ်တွင် ဝဲနေသည်။ အင်္ကျီလုံချည်တို့က စုတ်ပြတ်နေသည်။

အမေ့ဥယျာဉ်စာအုပ်တိုက်

www.burmeseclassic.com


အင်တိုင်း တောထဲက ထွက်ပြေးလာသည့် လူသတ္တဝါမကလေးသည် သူတို့ကို မြင်တော့ အံ့အားသင့်နေ၏။ နောက်က ခြေသံကလည်း နီးလာပြီ။

'ကျွန်မကို ကယ်ပါ၊ ကျွန်မကို'

အင်တိုင်းတောထဲမှ သတ္တဝါတစ်ကောင် ထွက်လာသည်။ ကျား သတ္တဝါ တစ်ကောင်။ ယောကျ်ားတစ်ယောက်။

မိန်းမပျိုက သူတို့ဆီ ပြေးလာသည်။ ယောကျ်ားက သူ့နောက်လိုက် သည်။

'ကျွန်မကို ကယ်ပါရှင်၊ ကျွန်မကို ကယ်ပါ'

မိန်းမပျို၏ စကားသံက ပြတ်တောင်း ပြတ်တောင်း ဖြစ်နေသည်၊ မောလိုက်နေသည်၊ အသက်ရှူသံက ပြင်းနေသည်။

တောင်စွယ်ပေါ်မှ တိမ်တိုက်တစ်တိုက်က လမင်းကို ဖုံးအုပ်လိုက်သဖြင့် မျက်နှာတွေကို သဲသဲကွဲကွဲ မမြင်ရ၊ မှောင်ခိုမလေးများကို မဟားဒယားလုပ်သဖြင့် ထွက်ပြေးလာခြင်း ဖြစ်ပုံရသည်။

'ဘာဖြစ်တာလဲ၊ ဘာလဲ'

ကိုဖေခင်က အလောတကြီး မေးသည်။ ကျောက်တုံးကြီးကို လက်ကမချ၊ နောက်က လိုက်လာသည့် ယောကျ်ားက သူတို့နှစ်ယောက် မြင်တော့ အပြေး ရပ်ကာ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာသည်။

'လင်မယား စကားများကြတာပါဗျာ'

'မဟုတ်ဘူးရှင့်၊ အစ်ကိုကြီး မဟုတ်ဘူး၊ ကလေးဝက ငှားလာတဲ့ အထမ်းသမား၊ တောထဲရောက်တော့ ပစ္စည်းတွေယူပြီး လူကို'

'မင်း မဟုတ်တာတွေ လျှောက်မပြောပါနဲ့၊ လင်မယားကိစ္စ အိမ်ကျမှ ရှင်းပါ၊ လာ လိုက်ခဲ့ပါ'

'မဟုတ်ဘူးရှင့်၊ မဟုတ်ဘူး၊ ကလေးဝက အထမ်းသမား ကျွန်မက မုံရွာက၊ ဟင် အစ်ကို'

ကိုမြင့် ပါးစပ်အဟောင်းသား ဖြစ်နေသည်။ မိန်းမပျိုက အခြားသူမဟုတ် မဟုတ်။ အေးမ၊ သူ့ကိုလှည့်စားသွားသည့် အေးမ သူ့ကို ဖျံကျသွားသည့် အေးမ မိန်းမလယ်ကလေး အေးမ

အေးမက သူ့အနားသို့ ပြေးကပ်သည်၊ နောက်က လူက လိုက်ဆွဲသည်။

ကိုမြင့် အေးမကို နောက်သို့ပို့ကာ လိုက်လာသည့် ယောကျ်ားနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ အေးမ သူ့ကို တစ်ခါလှည့်စားပြန်ပြီလော၊ သူပြောသည့် စကားသည် အမှန်လော၊ ကိုမြင့် သံသယ ဖြစ်သည်။

www.burmeseclassic.com



နောက်က လိုက်လာသူက လူရမ်းကား ဖြစ်သည်။ အရပ်ဒေါင် ကောင်းသော်လည်း၊ ပိန်၍ လက်ပြင်ကုန်းသည်၊ သည်လို လူရမ်းကားမျိုးကို ကလေးဝ တစ်ဝိုက်၊ ကလေးဝ မုံရွာလမ်းတစ်ဝိုက်တွင် ကိုမြင့် မကြာ မကြာ တွေ့ဖူးသည်။ အေးမ ပြောသလို အထမ်းလိုက်လာသူ ဖြစ်နိုင်သည်။ လူရမ်းကားက ကိုမြင့်ဘေးမှ ရှောင်ထွက်ကာ အေးမလက်ကို ဆောင့်ဆွဲလိုက်သည်၊ အေးမက ဆောင့်ရုန်းတော့ လွတ်ထွက်သွားသည်။

'မင်း အိမ်ကို မလိုက်တော့ဘူးလား'

'ဘာအိမ်လဲ၊ မဟုတ်ဘူးအစ်ကို၊ ဒီကောင် ညာနေတာ'

အေးမက ပြောသည်။

'ဒီမှာ မိတ်ဆွေ၊ မဟုတ်ဘူးလို့ ပြောနေတယ်ဗျာ၊ မိန်းကလေးတစ်ယောက်ကို ဒီလို မလုပ်ပါနဲ့၊ သူ့ကို ကျုပ်သိတယ်'

လူရမ်းကားသာမက ကိုဖေခင်ပါ အံ့သြနေသည်။

'ဒီတော့ ခင်ဗျားလမ်း ခင်ဗျား သွားပါ'

'ကိုယ့်မိန်းမမို့လို့ ကိုယ်ခေါ်တာပဲ'

'ခင်ဗျားမိန်းမ မဟုတ်ဘူးလို့ ပြောနေပြီ မဟုတ်လား'

ကိုမြင့်က အေးမကို လှည့်ကြည့်သည်၊ အေးမက ဒေါသတကြီးဖြင့် အော်သည်။

'မဟုတ်ဘူး အစ်ကို၊ မဟုတ်ဘူး၊ ဒီကောင် ညာနေတာ၊ ကလေးဝက ခေါ်လာတဲ့ အထမ်းသမား၊ အထမ်းသမား နှစ်ယောက်ခေါ်လာတာ၊ အေးမတို့နှစ်ယောက်ကို ဟိုဘက်ကမ်းမှာ မိုးချုပ်အောင်လုပ်ပြီး ဒီဘက်ကမ်းရောက်တော့ တောထဲလျှောက်ခေါ်သွားတာ'

'တစ်ယောက်က ဘယ်သူလဲ'

'မစန်းရင်'

'ခု သူကော'

'သူ့ကို ဟိုတစ်ယောက်က ခေါ်သွားပြီး၊ အေးမကို ဒီကောင်က ခေါ်သွားတယ်၊ ပစ္စည်းတွေလုပြီး၊ လူကို'

'ကဲ...ကြားတယ်မဟုတ်လား ကိုယ့်လူ'

ကိုဖေခင်က ကြားဖြတ်၍ မေးသည်၊ ကိုမြင့်ကတော့ သံသယ မပျောက်သေး၊ အေးမသည် သူ့ကို ညာနေသည်လော၊ သို့တည်းမဟုတ် တကယ်ပြောနေသည်လော။

www.burmeseclassic.com



'ကောင်မက ဘာလုပ်ပါးဝတာလဲ၊ မဆိုင်သူ ဝင်မရှုပ်နဲ့၊ ကိုယ့်မိန်းမ ကိုယ်ခေါ်တာ'

လူရမ်းကားက အေးမကို အတင်းဝင်ဆွဲသည်။ အေးမက ဆောင့်ရုန်းလိုက်၍ အေးမ လဲကျသွားသည်၊ ကိုမြင့်၏ ညာဝိုက်လက်သီးပြင်းပြင်းတစ်လုံးသည် လေထဲဝဲသွားကာ လူရမ်းကား၏ ပါးချိတ်ကို သွားထိသည်၊ လူရမ်းကားခါးကြားထဲမှ ဓားမြှောင်ကို ဆွဲထုတ်ကာ ကိုမြင့်ကို တအား စိုက်ချလိုက်သည်၊ ဓားရောင်သည် လရောင်တွင် ဝင်းကနဲ လက်သွားသည်။

အေးမ အလန့်တကြား အော်သည်၊ ဓားချက်က ကိုမြင့်ကို မထိ၊ သည်တုန်းအင်တိုင်းထဲက နောက်ထပ် လူရမ်းကားတစ်ယောက်ပြေးထွက်လာ ပြီး ကိုမြင့်ကို ခုန်အုပ်သည်။ ကိုမြင့်က သူ့ဆီးစပ်ကို ဒူးနှင့်ပစ်ဆောင့်သည်၊ လူရမ်းကားမအော်နိုင်တော့၊ မြေကြီးပေါ်တွင် ပက်လက်လန်နေပြီ။ ပထမ လူရမ်းကားက ဓားမြှောင်ကို ဝဲ၍ ဝင်လာသည်။ ကိုမြင့်က ခြေနှစ်ချောင်းကို ချဲ၍ရပ်ကာ လက်ထဲက ဓားမြှောင်ကို ဆုပ်ထားသည်။ လူရမ်းကားက ကြောင်ကြွက်ချောင်းသလို သူ့ကို လှည့်ပတ်ချောင်းနေသည်။ ကိုမြင့်ကလည်း အလစ်မပေး၊ သူလှည့်သည့်ဘက်သို့ လိုက်လှည့်သည်၊ ကျောက်တုံး တစ်တုံးပေါ်တက်နင်းကာ ကိုမြင့်အယိုင်တွင် လူရမ်ကားက ခုန်အုပ်၍ ရင်ဝဆီသို့ ဓားမြှောင်ဖြင့် တွက်လိုက်သည်၊ ကိုမြင့်က ကိုယ်ကိုလှဉ့်ပေးလိုက်သည်တွင် လက်မောင်း၌တစ်ချက်ပုကနဲ ဖြစ်သွားသည်။ လက်က ဓားမြှောင်လည်း လွတ်ကျသွားသည်။ ကိုမြင့် ဂရုမစိုက်နိုင်၊ သူ့လက်ထဲ ဓားမြှောင် မရှိတော့ လူရမ်းကားက ခပ်သွက်သွက် ဝင်လာနေသည်။ သူ့ဓားချက်ကို မနည်းရှောင်နေရသည်။ တစ်ချီဝင် အလာတွင် ကိုမြင့်က ဓားကိုင်ထားသည့် သူ့ညာလက်ကို ပုတ်ထုတ်ကာဘယ်ညာ လက်သီးများကို တစ်လုံးပြီးတစ်လုံး သွင်းသည်။ လူရမ်းကား တအင့်အင့်ဖြစ်၍ လဲကျသွားသည်၊ ကိုမြင့်က ဓားမြှောင်ကို ကောက်ပြီး လူရမ်းကား၏ ရင်ဝကို စိုက်ချလိုက်သည်။

အော်သံနှင့်အတူ ကိုဖေခင်က သူ့လက်ကို ဆွဲထားသည်။ ကိုဖေခင်ကစောစောက လဲကျသွားသော အေးမကို ပွေ့နေစဉ် သူတို့နှစ်ယောက်တည်းကျန်ခဲ့ခြင်းဖြစ်သည်။ ကိုမြင့်လက်ထဲတွင် ဓားမြှောင်မရှိတော့၊ ကိုဖေခင် ကျောက်ခဲတုံးကြီးကိုင်ပြီး ပြေးလာသည်။ သို့ရာတွင် ကိုဖေခင် ရောက်မလာမီ လူရမ်းကားမြေကြီးပေါ် လဲနေပြီ။ ကိုမြင့်က ဓားနှင့် စိုက်မည်လုပ်တော့ ကိုဖေခင် မနေနိုင်တော့သဖြင့် ဝင်ဆွဲရခြင်း ဖြစ်သည်။

www.burmeseclassic.com



'ဟော့ကောင်၊ လက်လွန်ကုန်မယ်၊ တော်တော်ကြာ လူသတ်မှုဖြစ်နေလိမ့်မယ်'

သည်တော့မှ ကိုမြင့် ခါးမြှောင်ကို ကောက်ယူကာ လူရမ်းကား နံဘေးကိုတစ်ချက် ခပ်ပြင်းပြင်း ကန်ပစ်လိုက်သည်။ လူရမ်းကား နှစ်ယောက်လုံး မလှုပ်နိုင်တော့။

'အစ်ကို'

အေးမက သူ့လက်မောင်းကို လာကိုင်သည်။

'ဘယ်မလဲ တစ်ယောက်'

'အင်တိုင်းတောစပ်က ဟိုဘက်ကွင်းပြင်လေးထဲမှာ'

သူတို့နှစ်ယောက် အထုပ်တွေ သယ်ပြီး အေးမနောက်သို့ လိုက်ခဲ့ကြသည်။ အင်တိုင်းတောထဲကို ဖြတ်ပြီးနောက် ကွက်လပ်တစ်ခုသို့ ရောက်ကြသည်။ တောင်ယာစပါးစိုက်သည့် လယ်ကွက်တစ်ခု ဖြစ်ဟန်တူသည်။ အဝေးက လှမ်းကြည့်တော့ ကန်သင်းရိုးတွင် ဖြူဖြူသဏ္ဌာန်တစ်ခု လဲနေသည်။

'မမစန်းရင်'

အေးမက အော်ခေါ်သည်။ ဖြူဖြူသဏ္ဌာန်မှ အသံထွက်မလာ၊ သူတို့ရောက်သွားတော့ မစန်းရင်ကို လက်ပြန်ကြိုးတုပ်ကာ ပါးစပ်ကို အဝတ်တွေဆို့ပြီး စည်းထားသည်။ ဒဏ်ရာကို ရှာကြည့်တော့ ဘာမျှမတွေ့၊ ကြိုးကိုဖြေပေးတော့မှ မစန်းရင်က ပစ္စည်းများကို ပြသည်။ သူတို့ ပစ္စည်းများကို တောစပ်ကန်သင်းရိုးတွင် တွေ့ရသည်။

ကိုမြင့် သူ့ဘဝကို သူ စက်ဆုတ်သည်။ သည်လိုဖြစ်ရသည်ကိုလည်း စက်ဆုတ်သည်။ တောကြီးမျက်မည်း၊ ညကြီးမှောင်မှောင်တွင် တွေ့ရသည့် မိန်းမနှစ်ယောက်၏ အဖြစ်ကိုလည်း စက်ဆုတ်သည်။ မကောင်း၊ သူလုပ်နေသည့် အလုပ်၊ သူများတွေ လုပ်နေရသည့် အလုပ်သည် နည်းနည်းမျှ မကောင်း၊ သိက္ခာနှင့် လဲရသည်။ အရှက်နှင့် လဲရသည်။ အသက်နှင့် လဲရသည်။ လောကကြီးသည် နည်းနည်းမျှ မကောင်း။

သူ့လက်မောင်းက ဒဏ်ရာကို အေးမက ပတ်တီးစည်းပေးသည်။ ကိုမြင့်က ဘာမျှမပြော။

လေးယောက်သား ရေ့စခန်းသို့ လာခဲ့ကြသည်။ ရေ့စခန်းက လူသိပ်မရှုပ်၊ အေးအေးဆေးဆေး ရှိသည်။ ပစ္စည်းတွေချ၊ စားသောက်ပြီးတော့ ကိုမြင့် ခပ်လှမ်းလှမ်းက ကျွန်းပင်ကြီးတစ်ပင် အောက်မြစ်ဆုံတွင် ထိုင်၍ ဆေးလိပ်ကို ဖွာသည်။

www.burmeseclassic.com



သည်အလုပ် မကောင်းမှန်းကို သူသိသည်။ သိလျက်နှင့် သည်လောကထဲတွင် သူမျောနေပြီ၊ ဘာလုပ်ရမည်နည်း။ သူ မစဉ်းစားတတ်။

'အစ်ကို'

တစ်ချက် လှည့်ကြည့်လိုက်တော့ အေးမ၊ မာယာသည် အေးမ၊ ဖျံမလေး အေးမ၊ ကုန်ပစ္စည်းကို မှောင်ခိုသလို အချစ်ကိုလည်း မှောင်ခိုသည့် အေးမ၊ အသည်းနှလုံးကိုလည်း မှောင်ခိုသည့် အေးမ။

ကိုမြင့်က ဘာမျှမပြော၊ ပြောလည်း မပြောချင်၊ စိတ်ညစ်ခြင်းလော၊ စိတ်နာခြင်းလော၊ သူမခွဲခြားနိုင်။

လက်ချောင်း နုနုသွယ်သွယ်ပျောင်းက သူ့ပခုံးပေါ်သို့ ကျလာသည်။ ကိုမြင့်က ရှန်းလည်း မရှန်းမိ။ ပြန်လှည့်၍လည်း မကြည့်မိ၊ မီးမရှိတော့သော ဆေးပြင်းလိပ်တိုကို ဖွာကာ ကောင်းကင်ကို မော့ကြည့်သည်။

လမင်းက ကောင်းကင်ပြာထဲတွင် ဇာချဲ့နေသည်။ လရောင်က ကျွန်းရွက်များကြားက လျှောကျလာကာ မြေပြင်တွင် ဇာရိပ်ပန်းပြောက်တွေ ဖော်ပေးနေသည်။

'အစ်ကို့ လက်မောင်းက ဒဏ်ရာ ဘယ့်နှယ်နေသေးသလဲ အစ်ကို'

အေးမ အသံက နူးညံ့ချိုသာနေသည်။ အသံက တိုးတိတ်ညံ့သက်သည်။

'အပေါ်ယံ ရှပ်ထိသွားတာပါ၊ ကိစ္စမရှိပါဘူး'

ကိုမြင့်က လေသံပြတ်ပြတ်ဖြင့် ဖြေသည်။

'အေးမအပေါ်မှာ အစ်ကို့ကျေးဇူးဟာ ကြီးပါတယ် အစ်ကို'

ကိုမြင့်က ဘာမျှမပြော၊ အေးမမျက်နှာကို တစ်ချက်လှည့်ကြည့်သည်။ သူ အေးမကို သိပ်မယုံချင်၊ အေးမကို ကြောက်နေပြီ၊ သစ်ရွက်တွေကြားက လရောင်သည် အေးမမျက်နှာပေါ်သို့ ထိုးကျနေသည်။ သူ့မျက်နှာတွင် အမှောင်တစ်ဝက်၊ အလင်းတစ်ဝက် ရောနေသည်။ မျက်လုံးတွင် မျက်ရည်တွေ ဥနေသည်။ သူ့ပါးပြင်က လရောင်တွင် ဝင်းနေသည်။ အေးမ ပါးနုနု ဝင်းဝင်းလေးကို ခပ်စပ်စပ်ကလေး ရိုက်ချင်သည့်တိုင် သူ မရိုက်ရက်၊ မရိုက်သင့်၊ မရိုက်နိုင်။

'အစ်ကို့ကျေးဇူးဟာ ဆပ်လို့ မကုန်နိုင်ပါဘူးအစ်ကို'

သူ ကျေးဇူးဆပ်ပုံတွေကို ကိုမြင့် ကြောက်ပြီ၊ ပါးစပ်က ဖွင့်ပြောလိုက်ချင်သည်။ သို့ရာတွင် မပြောရက်၊ မပြောသင့်၊ မပြောနိုင်။

'အေးမဟာ အစ်ကိုနဲ့ မတွေ့အောင် ရှောင်ခဲ့တယ် အစ်ကို၊ ဘယ်တော့မှလဲ တွေ့လိမ့်မယ်လို့ မထင်တော့ဘူး။ ဒါပေမယ့် ခုတော့'

www.burmeseclassic.com



ကိုမြင့်က တမင်လုပ်၍ ပြုံးသည်။

'ကမ္ဘာကြီးက ကျဉ်းကျဉ်လေးပါ အေးမ၊ ခု မင်း မတွေ့ချင်ဆုံး လူနဲ့ လာတွေ့နေရပြီ မဟုတ်လား'

'မတွေ့ချင်ဆုံး လူတဲ့'

အေးမက ခပ်တိုးတိုး ရွတ်သည်။

'ဟုတ်တယ်လေ၊ ကိုယ်ဟာ မင်းမတွေ့ချင်ဆုံး လူပဲ မဟုတ်လား'

'ထားပါတော့ အစ်ကို၊ အစ်ကို ထင်ချင်သလိုထင်နိုင်ပါတယ်'

'ထင်ချင်သလို ထင်တာ မဟုတ်ပါဘူး၊ ထင်သင့်တာကို ထင်တာပါ၊ တောရကျောင်းမှာ ကိုယ့်တစ်ယောက်တည်း ထားပစ်ခဲ့ပြီး ထွက်သွားတာမျိုးဟာ သာမန် လူတစ်ယောက်အပေါ်မှာတောင် မလုပ်အပ်၊ မလုပ်ထိုက်တဲ့ ကိစ္စ၊ ဒါကို မင်း လုပ်ခဲ့တယ် မဟုတ်လား၊ ပြီးတော့ ငွေလေးတစ်ရာပေးပြီး ငါ့စေတနာကို စော်ကားသွားတယ်၊ လမ်းပေါ်မှာ လျှောက်နေတဲ့ ကောင်ပေမယ့် ဒီလောက် အထင်မသေးပါနဲ့'

'အထင်သေးတာ မဟုတ်ပါဘူး အစ်ကို'

'ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ မင်းပါးစပ်က ဘာပြောပြော၊ မင်းလုပ်သွားပုံက လူကို ဂျပိုးသူခိုးလို လုပ်သွားတာပဲ၊ နှုတ်ဆက်သွားဖော်တောင် မရဘူး၊ မင်းတို့လိုဘလဲပြည့်ရော လူတစ်ယောက်ကို ငှက်ပျောခွံ တစ်ခွံလောက်တောင် တန်ဖိုးမထားတော့ဘူး၊ ငွေလေးတစ်ရာပေးပြီး ထွက်သွားတယ်၊ ကူလီထမ်းခပေးသွားတာပေါ့ ဟုတ်လား၊ ကျေးဇူးတင်ပါတယ်၊ ရော့...မင်းငွေတစ်ရာ'

ကိုမြင့်အိတ်ထဲတွင် အစိတ်တန်လေးရွက် အထပ်လိုက်ရှိနေသည်။ အစိတ်တန်အထပ်ကို အေးမရင်ခွင်ထဲသို့ ပစ်ပေးလိုက်သည်။ အေးမက ဘာမျှမပြော။ ယူလည်းမယူ။

'အစ်ကို'

အေးမက ခပ်တိုးတိုးခေါ်သည်။ ကိုမြင့်က ငုံ့ကြည့်သည်။

သူတို့ပတ်ဝန်းကျင်တွင် သစ်ရွက်လှုပ်သံ၊ ပိုးမွှားတို့ မြည်သံမှအပ လုံးဝတိတ်ဆိတ်နေသည်။ စခန်းဆီမှ သီချင်းသံ ဂီတာသံ၊ စကားပြောသံ၊ရယ်သံများ တစ်ချက်တစ်ချက် ကြားရသည်။

'အစ်ကို့အပေါ်မှာ ပြစ်မှားခဲ့တာရှိရင် ခွင့်လွှတ်ပါ အစ်ကို'

အေးမအသံက တုန်ရီလှိုက်လှဲ နေသည်။ သူ့မျက်လုံးတွင် မျက်ရည်တွေ ဝဲနေသည်။ မာယာသံတွေ၊ မာယာမျက်ရည်တွေဟု ကိုမြင့်ထင်သည်။ ထင်ချင်သည်။

www.burmeseclassic.com


အေးမက သေးသွယ်သော လက်ချောင်းများဖြင့် ကိုမြင့်လက်မောင်းပေါ်က ပတ်တီးကို ဖွဖွကလေးကိုင်၍ ပြင်စည်းပေးနေသည်။

အယုအယတွေ။ သမုဒယတွေ။

သူတို့အယုအယ။ သူတို့ သမုဒယတွေကို ကြည့်ပြီး ကိုမြင့် ပြုံးမိသည်။

'အေးမက အစ်ကို့ကို ချစ်ပါတယ် အစ်ကိုရယ်'

အေးမအသံက နွဲ့သံ၊ တမ်းတသံ၊ ရှိုက်မောသံပါသည်။

'မင်းတို့မှာ အချစ်ဆိုတာများ ရှိသေးလို့လား'

ကိုမြင့်က မေးသည်။ သူတို့ပါးစပ်က အချစ်ဆိုသည့် စကားကို ကြားရတော့ ဟစ်၍ ရယ်ချင်သည်။

'သြော်...အစ်ကိုရယ်။ ဘယ့်နှယ်မေးပါလိမ့်။ အသဲနှလုံးနဲ့ လူဆိုရင် အချစ်တော့ ရှိကြစမြဲပေါ့'

'ဘာအသဲနှလုံးနည်း။ ဘီလူးမအသဲနှလုံးမျိုးလော။ ကဝေမ အသဲနှလုံးမျိုးလော။

ကိုမြင့်က တမင်လုပ်၍ ရယ်သည်။

'မင်းတို့ဟာ အချစ်ကို ကုန်ပစ္စည်းတစ်ခုလောက်သာ သဘောထားကြတာပါ အေးမရာ။ အမြတ်ရရင် ပစ္စည်းကို ရောင်းမယ်။ ဒီထက်အမြတ်ရရင် အဲဒီ အမြတ်ပေးတဲ့လူကို ရောင်းတာပဲ မဟုတ်ဘူးလား။ မှောင်ခိုလုပ်တဲ့နေရာမှာတော့ အောချလောက်ပါတယ်။ ပစ္စည်းတင်မကဘူး အချစ်ကိုတောင် မှောင်ခိုလုပ်ကြတယ်'

အေးမက ဆတ်ခနဲ မော့ကြည့်လိုက်သည်။ သည်စကားလုံးကတော့ ချက်ကောင်းကို ထိသွားပုံရသည်။

'အစ်ကို၊ အေးမကို ဒီလောက်တောင် အထင်သေးသလား'

'အထင်သေးတာ မဟုတ်ပါဘူး၊ အရှိကို အရှိအတိုင်း မြင်တာပါ။ မင်း လုပ်သွားပုံက ဒီအတိုင်းပဲ ဖြစ်နေတာပဲ။ ခုစိတ်မျိုးမို့လို့ပေါ့။ အရင်တုန်းက စိတ်မျိုးနဲ့ဆိုရင် ကိုယ်က ကိုယ့်ပါးကို တစ်ချက်ချရင် သူများပါးကို နှစ်ချက် ချရမှ ကျေနပ်တဲ့ ကောင်မျိုး'

အေးမက မျက်နှာကို ရှေ့သို့ တိုးပေးကာ ပါးကို ထိုးပေးသည်။

'ရိုက်လေ၊ ရိုက်လိုက်ပါ။ အေးမက ခံရဲပါတယ်။ ဒီလောက် သတ္တိမနဲပါဘူး။ အေးမမှာ အပြစ်ရှိရင် အေးမခံရဲပါတယ်။ ပါးရိုက်ရုံတွင် မကဘူး၊ အစ်ကို သတ်မယ်ဆိုရင်လဲ အေးမ ခံရဲပါတယ်၊ သတ်ပါ'

www.burmeseclassic.com



အေးမက သူ့ခါးကြားတွင် ညှပ်ထားသည့် ယိုဒယား မောင်းပြန်မောင်းချခားကို ထုတ်ပေးသည်။

'အေးမ အစ်ကို့ကို မပြောဘူးလို့ နေခဲ့တယ်၊ နောင်ကိုလဲ မတွေ့အောင်ရှောင်တော့မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမယ့် ဒီလောက,က ကျဉ်းကျဉ်းကလေးဆိုတော့ ရှောင်လို့ မလွတ်ဘူး၊ ဒါပေမယ့် ခုတော့ ဘာ့ကြောင့် မတွေ့ချင်သလဲဆိုတာကို အေးမ ဖွင့်ပြောမယ်၊ အစ်ကို ကြိုက်သလို လုပ်ပါ။ အစ်ကို့အဖေကိုသတ်ခဲ့တဲ့ ဗိုလ်ချစ်ဖုန်းဆိုတာ အေးမရဲ့ အဖေ၊ သိပြီလား၊ ဗိုလ်ချစ်ဖုန်းဆိုတာ အေးမရဲ့ အဖေ'

ကိုမြင့် ထိုင်ရာမှ ရုတ်ကနဲထသည်။ ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ သူ့ကိုယ်သူ ဘာဖြစ်နေမှန်းမသိ၊ ဘာလုပ်ရမှန်းမသိ၊ သံပတ်ပေးထားသည့် စက်ရုပ်တစ်ရုပ်လို ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။

ဗိုလ်ချစ်ဖုန်း၊ ဗိုလ်ချစ်ဖုန်း၊ ယခု သူ့အဖေကို သတ်ခဲ့သော ဗိုလ်ချစ်ဖုန်း ဘယ်ဆီရောက်နေသနည်း။

အေးမက ထိုင်ရင်း ရှိုက်၍ ရှိုက်၍ ငိုနေသည်။ သူရှိုက်ငိုနေခြင်းကြောင့် သူ့ပခုံးများသည် တသိမ့်သိမ့် လှုပ်နေကြသည်။

'အမေ့ကို ပြန်ပြောတော့ အမေကလဲ စိတ်မကောင်းဘူး၊ ညီမကလေးကလဲ စိတ်မကောင်းဘူး၊ အမေက ဘယ်သူ့ကိုမှ မပြောနဲ့ဆိုလို့ ဘယ်သူ့ကိုမှ မပြောဘူး၊ မချစ်မေကိုတောင် မပြောခဲ့ဘူး'

'ခု မင်းအဖေ ဘယ်မှာလဲ'

အေးမက မော့ကြည့်သည်။ ကိုမြင့်အသံက အနည်းငယ် မာနေသည်။

'အေးမ ပြောပြီးပြီထင်တယ် အစ်ကို၊ အဖေဟာ ထောင်ကလွတ်ကတည်းက ပြန်မလာတော့ဘူး၊ သေသလား၊ ရှင်သလားလဲ မသိရဘူး၊ သတင်းလဲ မကြားရတော့ဘူး၊ အေးမ အထင်ကတော့ အဖေဟာ မသေသေးဘူး ထင်တယ်၊ တစ်နေရာရာမှာ ရှိနေဦးမှာပဲ၊ ဒါပေမယ့် အမေကလဲ စိတ်နာတယ်၊ အေးမလဲ စိတ်နာတယ်၊ အဖေ့ဒဏ်ရာဒဏ်ချက်တွေကြောင့် အေးမတို့ ခုလို ဒုက္ခရောက်နေရတာ၊ အဖေမိုက်ခဲ့လို့၊ ဆိုးခဲ့လို့ အေးမတို့ ဒီဘဝရောက်နေရတာ၊ အေးမ စာသင်ချင်တယ်၊ ဒါပေမယ့် မသင်နိုင်ဘူး၊ သင်ချိန်မရခဲ့ဘူး၊ အေးမ မှောင်ခိုလုပ်ခဲ့ရတယ်၊ ထမင်းလေးတစ်လုတ် စားရဖို့ ညီမလေးကို ပညာထွန်းထွန်းပေါက်ပေါက် ဖြစ်စေချင်လွန်းလို့ အေးမ လုပ်ခဲ့ရတယ်၊ အဖေသာ မမိုက်ရင် အေးမတို့ ဒီအခြေရောက်ချင်မှ ရောက်မှာ၊ ဒါကြောင့် အဖေ့ကို အေးမ စိတ်နာ

www.burmeseclassic.com



တယ်၊ အေးမ ကျောင်းမနေရတာ မိန်းကလေးတန်မဲ့ ဒီလိုလျှောက်လုပ်နေရတာ၊ အောက်ကျနောက်ကျဖြစ်ရတာ ဒါတွေ အားလုံးဟာ အဖေ့ကြောင့်ပဲ၊ သားသမီးတွေ မိုက်တာက သူတို့တစ်ဘဝပဲ နစ်မွန်းတယ်၊ အဖေတွေ အမေတွေ မိုက်တော့ သားတွေ သမီးတွေ အားလုံး နစ်မွန်းရတယ်၊ လူတွေကလဲ သားသမီးမိုက်တာကိုသာ ပြောကြတယ်၊ မိဘတွေ မိုက်တာကျတော့ ဘာမှ မပြောကြဘူး'

အေးမ စကားက ဟုတ်သလိုလိုတော့ ရှိသည်။ သားသမီးတွေ မိုက်တော့ မိဘတွေ၏ ဘဝက ဘာမျှမဖြစ်၊ မိဘတွေမိုက်တော့ သားတွေ သမီးတွေ ပျက်စီးရသည်။ အေးမက အဖေမိုက်၍ သည်ဘဝရောက်ခဲ့ရသည်။ သူကကော၊ သူကတော့ အမေ မလိမ်မာ၍ အိမ်မှထွက်ခဲ့ရသည်။

'ခုတော့ အေးမဖာသာ အေးမ ရှန်းကန်ပါတယ်၊ အမေ မျက်စိခွဲပြီးလို့ ညီမလေး ဘွဲ့ရသွားရင် အေးမ ဒီလောက် မပူတော့ပါဘူး'

အေးမ ရှိုက်၍ ရှိုက်၍ ငိုသည်။

'ကဲ...တိတ်၊ တိတ်၊ စိတ်မကောင်းစရာတွေ မတွေးနဲ့၊ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ကြတာမှ မဟုတ်ဘဲ'

ကိုမြင့်က အေးမပခုံးကို ဖက်၍ နှစ်သိမ့်သည်။

()

www.burmeseclassic.com

၂၅

နောက်တစ်နေ့ညနေ မှောင်ရီရီတွင် ကျိုကုန်းသို့ ရောက်ကြသည်။

ကျိုကုန်းသို့ ရောက်လျှင် ထုံးစံအတိုင်း ဘတ်စ်ကားပေါ်မှ ကိုယ့်အထုပ် ကိုယ်ဆွဲ၍ ဆင်းကြရသည်။ ဂိတ်ကွင်းလမ်းက သွားကြရသည်၊ နေရဋ္ဌရာ မြစ်ကမ်းက ခါတိုင်းတည်းနေကျ ဘုန်းတော်ကြီးကျောင်းတွင် တည်းကြသည်။

အမောအပန်းဖြေ၍ ထမင်းစားပြီးသည့်နောက် ကိုဖေခင်ကတော့ စောစောအိပ်နှင့်သည်။ ကိုမြင့်ကတော့ ဆရာတော် ဦးခေမာကို လှူဖို့ဝယ်လာ သည့် ပိုလ်ဆင် ထောပတ်ဘူးနှင့် ဂိုလ်ဒင်းပတ် မုန့်သေတ္တာဘူးကိုထုတ်ပြီး ကမ္မဋ္ဌာန်းကျောင်းဘက်သို့ ထွက်မည်ပြုသည်။

'ဘယ်လဲအစ်ကို'

သူ့အရိပ်အခြေကို စောင့်ကြည့်နေသည့် အေးမ လှမ်းမေးသည်။

'ဆရာတော်ကို သွားကန်တော့မလို့၊ အေးမ မအိပ်သေးဘူးလား'

အေးမက လက်ဝါးကို ပိတ်၍ ချစ်စဖွယ်သမ်းဝေကာ ခေါင်းရမ်းပြ သည်။

'အိပ်လို့ မရသေးဘူး၊ မမစန်းရင်တော့ အိပ်ပြီ၊ အေးမ မလိုက်ရဘူး လား၊ အေးမလဲ ဆရာတော်ကို ဟောလစ်ကလေးတစ်ဘူး ကန်တော့ရဦးမယ်၊ အခေါက်တိုင်း သူ့ကျောင်းမှာ တည်းနေတယ်၊ ဘာမှ မလှူဖြစ်သေးဘူး'

အေးမက သူ့အထုပ်ကို ဖြည်၍ ဟောလစ်တစ်ဘူးကို ထုတ်ပြီး ကိုမြင့် စက္ကူအိတ်ထဲသို့ ထည့်သည်။

သည်ညတော့ လမင်းကြီးက ပြာလဲ့တွင် ဇာမချဲ့နိုင် တိမ်ဖြူတို့က အဆုပ်လိုက် အဆုပ်လိုက် ကောင်းကင်တွင် လွင့်မျောနေကြသည်။ လမင်းက တိမ်ဖြူတွေကြောင့် မလင်းတစ်လှည့် လင်းတစ်လှည့်။

'နှစ်ယောက်အတူ လာကန်တော့လို့ ဆရာတော်ကများ တစ်မျိုးထင်နေ မလား မသိဘူး'

www.burmeseclassic.com



ကိုမြင့်က ဘေးမှလိုက်လာသည့် အေးမကို ငုံ့ကြည့်သည်။ နှစ်ယောက်သား လမ်းလျှောက်ကြသည်ကို ကိုမြင့် အမှတ်ရသည်၊ သည်တုန်းကလိုပင် အေးမကိုယ်က မွှေးမြဆဲ၊ ဆံပင်များက သင်းပျံ့ဆဲ။

'အမယ်လေး၊ ဘယ်လိုထင်ထင်ပေ့၊ သူကများ ပူနေလိုက်ရသေး၊ ဟွန်း'

အေးမက သူ့ကို ကိုယ်လုံးဖြင့် တိုက်သည်။

ကမ္မဋ္ဌာန်းကျောင်းက တိတ်ဆိတ်နေသည်။ နေရဥ္စရာမြစ်က ရေစီးသံကို တသွင်သွင်ကြားနေသည်။ သည်အချိန်ဆိုလျှင် ဆရာတော် တရားထိုင်ပြီးလောက်ပြီ။

ဝါးဖြင့် ဆောက်ထားသည့် ကမ္မဋ္ဌာန်းကျောင်းလေးရောက်တော့ ကမ္မဋ္ဌာန်းကျောင်းတံခါးက စေ့ထားသည်။ အထဲက ဘာသံမျှ မကြားရ၊ ကိုမြင့်တံခါးကို တွန်းကာဝင်လိုက်သည်။ အေးမက သူ့လက်မောင်းကို ဆွဲကာ အနားတိုးလာသည်။

ကမ္မဋ္ဌာန်းကျောင်းလေးထဲတွင် မှောင်နေသည်။ ကိုမြင့်က လက်နှိပ်ဓာတ်မီးကို အောက်စိုက်ထိုးပြီး ပြန်ဟပ်သည့် အလင်းရောင်ဖြင့် ကျောင်းခန်းကို ကြည့်သည်။

ကျောင်းခန်းထဲတွင် မည်သူမျှမရှိ၊ ပစ္စည်းလည်း များများစားစားမရှိ။ ခပ်နိမ့်နိမ့် ဆောက်ထားသည့် ပြတင်းပေါက်ကို ခေါင်းဆိုက်လျက် အိပ်ရာတစ်ခု ရှိသည်။ အိပ်ရာဟုထင်ရသော နေရာတစ်ခု ရှိသည်။

ကြမ်းပြင်တွင် ဖျာကြမ်းတစ်ချပ်ခင်းထားပြီး သစ်သားခေါင်းအုံးတစ်လုံး ရှိသည်။ ခေါင်းအုံးဘေးတွင် စာအုပ်သုံးလေးအုပ်ကို တွေ့ရသည်။ တရားစာအုပ်များ ဖြစ်ဟန်တူသည်။ ခြေရင်းတွင် ဖျင်ဖြူခေါက်ချိုး စောင်တစ်ထည်ကို သပ်သပ်ရပ်ရပ် ခေါက်ထားသည်။ ခြေရင်းနံရံဘက်သို့ မီးထိုးကြည့်လိုက်တော့ ကြိုးတန်းတစ်ခုပေါ်တွင် သစ်ခေါက်ဆိုး ဧကသီတစ်ထည် လွှားဖြန့်ထားပြီး အပေါ်ရုံ သင်္ကန်းတစ်ထည်က ခေါက်လျက်သား ရှိနေသည်။ လေးဒေါင့်သစ်သားခုံ နိမ့်နိမ့်ကလေးပေါ်တွင် ဒန်ဖလားတစ်လုံး မှောက်လျက်၊ အနီးတွင် သင်ဓုန်းဓား တစ်ချောင်း၊ ဆားဘူးနှင့် တံပူသုံးလေးချောင်းကို တွေ့ရသည်။ အပေါက်ဝတွင် ကျောက်ကာခွက်တစ်လုံး တင်ထားသည့် သောက်ရေအိုးတစ်လုံးနှင့်မှောက်ပြီး ဆေးထားသော သပိတ်တစ်လုံးကို တွေ့ရသည်။ ထိုပစ္စည်းများမှလွဲလျှင် ကမ္မဋ္ဌာန်းကျောင်းထဲတွင် တခြားမည်သည့် ပစ္စည်းမျှမရှိ။

ဩော်...ဆရာတော်သည် အပ္ပကိစ္စောစ ဟူသော အဆုံးအမနှင့် ညီညွတ်လေစွ။

www.burmeseclassic.com



'ဘယ်သူမှလဲ မရှိပါလား'

အေးမက ခပ်တိုးတိုးမေးသည်။ အသံသည် တိတ်ဆိတ်နေသည့် ကမ္မဋ္ဌာန်း ကျောင်းလေးထဲတွင် မြည်ဟိန်းသွားသည်ဟု ထင်ရသည်။

'ဆရာတော် စကြံလျှောက်နေသလား မသိဘူး၊ တရားအားထုတ်ပြီးရင် ကမ်းစပ်မှာ စင်္ကြံလျှောက်တတ်တယ်'

ကမ္မဋ္ဌာန်းကျောင်း နိမ့်နိမ့်ကလေးပေါ်မှ ဆင်းခဲ့ကြသည်။ အပြင်ဘက်တွင် လရောင်က သိပ်မလင်း၊ တိမ်တိုက်ဖြူဖြူများကြားတစ္စင် မှုန်မှုန်လဲ့လဲ့မျှသာ လင်းနေသည်။ မြစ်ကမ်းဘေး ဒီလုံးခင်းသည့် စင်္ကြံလမ်းပေါ်တွင် စင်္ကြံလျှောက်ရင်း စာရွတ်နေသော ဆရာတော်ကို ဖူးရသည်။

'အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကြလျက်၊ ဘဝမြို့သိုက်၊ ရှိန်ရှိန်အိုက်သား၊ အမိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊ ဓမ္မညစ်ဆိုး၊ အဖြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသား၊ ပါယ်လမ်းဗီဇ၊ အပုညနှင့်၊ ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြိမ်း စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အဆင်းငြိလျက်'

ဆရာတော် ဦးခေမာယ လယ်တီဆရာတော်ဘုရား၏ ပဋိစ္စသမုပ္ပါဒ် လင်္ကာကို ရွတ်ရင်း စင်္ကြံလျှောက်နေသည်။

သူတို့နှစ်ယောက်ကို မြင်တော့ ဆရာတော် စင်္ကြံလျှောက်ရာမှ ရပ်သည်။ သူတို့နှစ်ယောက်က မြေပြင်တွင် ပုဆစ်တုပ်ထိုင်၍ ဆရာတော်ကို ကန်တော့သည်။

'ဒကာလေး၊ အဲ မောင်ကိုမြင့်တို့လား'

'တင်ပါ့ဘုရား'

ဆရာတော်က ချက်ချင်း မှတ်မိသည်။ လွန်ခဲ့သည့် နှစ်နှစ်လောက်က ခဏသာ မြင်လိုက်ရသူတစ်ဦး၏ အမည်ကို မှတ်မိသော ဆရာတော်၏ မှတ်ဉာဏ်သည် အံ့သြဖွယ်ကောင်းနေသည်။

'အေး၊ ထိုင်ကြ ထိုင်ကြ'

ဆရာတော်က မြက်တောပေါ်တွင် အထိုင်ခိုင်း၍ သူကိုယ်တိုင်ကလည်း သူထိုင်နေကျ ကျောက်တုံးပေါ်တွင် ထိုင်သည်။ ကိုမြင့်က လှူဖွယ်ပစ္စည်းများကို ကပ်တော့ ဆရာတော်က ဆုပေးသည်။ ဇနီးမောင်နှံ အတူ နိဗ္ဗာန်ဝင်နိုင်ကြပါစေဟု ဆုပေးသည့်အခါတွင် သူတို့နှစ်ယောက် စိတ်ထဲက ပြုံးမိကြသည်။

'ဦးပဉ္ဇင်း ပုတီးစိပ်တာ အနှောင့်အယှက်များ'

www.burmeseclassic.com



'အင်း၊ ပုတီးက စိပ်ပြီးပါပြီကွယ်၊ ဦးပဥ္စင်းငယ်ငယ် လယ်တီကျောင်းတိုက်မှာ ကိုရင်ဝတ်နဲ့တုန်းက ရခဲ့ဖူးတဲ့ လယ်တီဆရာတော်ဘုရားရဲ့ ပဋိစ္စသမုပ္ပါဒ်လင်္ကာကို ရွတ်နေတာပါ၊ ငယ်ငယ်တုန်းကတော့ စာဒေါင်းဒေါင်းပြေးနေအောင် အလွတ်ကျက်တာလား၊ စာချဆရာတော်ရဲ့ ကြိမ်ကို ကြောက်တာကိုး၊ ဘယ်နားလည်မလဲ၊ ကြီးလို့ စာပေပရိယတ်ကို နည်းနည်းပါးပါး လိုက်စားတော့မှ သဘောပေါက်လာတာ၊ ဒါတောင် ရေးရေး သဘောပေါက်ရုံ ရှိသေးတယ်။ တကယ်သိတာ မဟုတ်ဘူး'

'ဦးပဥ္စင်း ဘယ်မှာ စာဝါလိုက်ခဲ့ပါသလဲ ဘုရား၊ မန္တလေးလား၊ ပခုက္ကူလား'

ကိုမြင့်က မေးသည်။

'စာဝါရယ်လို့ ဟုတ္တိပတ္တိ မလိုက်ပါဘူးကွယ်၊ ဦးပဥ္စင်းက ကြီးမှ ရဟန်းဘောင်ဝင်တာ၊ ဒါထက် မောင်ကိုမြင့် စောစောက ဦးပဥ္စင်းရွတ်နေတဲ့ ပဋိစ္စသမုပ္ပါဒ် လင်္ကာကို ကြားဖူးရဲ့လား'

'မကြားဖူးပါဘူး ဘုရား'

'ဒီက ဒကာမလေးကော'

'မကြားဖူးပါဘူး ဘုရား'

'အေး၊ ဘုန်းကြီးကတော့ ဘုန်းကြီးစကားပဲ ပြောမှာပဲ၊ ခု မောင်ကိုမြင့်တို့၊ ဒကာမလေးတို့ ဦးပဥ္စင်းကို လှူဖွယ်ဝတ္ထုနဲ့ လှူကြတယ်၊ ဘာဖြစ်လို့ လှူကြသလဲ၊ စေတနာထက်သန်လို့၊ သဒ္ဓါတရားထက်သန်လို့ လှူကြတယ်၊ ဟုတ်လား'

'တင်ပါ့'

'စေတနာကံတဲ့၊ ဘုရားဟောတယ်၊ စေတနာသည်ပင်လျှင် ကံဖြစ်တယ်။ နောင်ဘဝမှာ ကောင်းရာသုဂတိ လားအောင်လို့ မျိုးစေ့ချရတယ်၊ ပြုသူအသစ်၊ ဖြစ်သူအဟောင်းတဲ့၊ ခု မောင်ကိုမြင့်တို့က ကောင်းမှုကုသိုလ်တစ်ခုကို ပြုလိုက်တာဟာ နောင်အတွက် မျိုးစေ့ကိုချလိုက်တာပဲ။ ခုဘဝမှာ တွေ့နေရတဲ့ ဆင်းရဲဒုက္ခတွေဟာ ရှေးကံဟောင်းကြောင့် ဖြစ်ခဲ့ကြရတာ၊ ရှေးက ကံမျိုးစေ့ ညံ့လို့ ဖြစ်ခဲ့ကြရတာ၊ ဟုတ်လား'

'တင်ပါ့'

'ပုထုဇဉ် သတ္တဝါတွေရဲ့စိတ်မှာ အဝိဇ္ဇာ မှောင်ဓာတ်ကြီး လွှမ်းမိုးနေတဲ့အတွက် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဓာတ်မီးဆယ့်တစ်မျိုး လောင်မြိုက်နေတာ

www.burmeseclassic.com


ကို မသိနိုင်ဘူးတဲ့။ အဲဒီလို မသိနိုင်တဲ့အတွက် တရှိန်ရှိန်ပူလောင်နေတဲ့ ဘဝ သိုက်မြုံကို နိဗ္ဗာန်ဘုံထင်နေကြသတဲ့။ အမှိုက်မီးဇာနဲ့တူတဲ့ ခန္ဓာကိုယ်ကို တွယ်တာတဲ့ တဏှာတရား ဥပါဒါန်တရားတွေ နေ့စဉ် ပွားနေကြရတယ်၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တိုက်တွန်းတဲ့အတွက် အပုညာဘိသင်္ခါရတရားတွေ ပွားရတယ်။ အပုညာဘိသင်္ခါရ တရားဆိုတာ ဒုစရိုက်မှုတွေကို ပြောတာ၊ ဟုတ်လား’

‘တင်ပါ့ဘုရား’

ဆရာတော် ဦးခေမာက သူတို့နှစ်ဦးကို တရားချသည်။ ဆရာတော်သည် မည်သည့်အဓိပ္ပာယ်ဖြင့် သူတို့နှစ်ဦးကို တရားတွေ ပြနေသနည်း။ ဘုန်းတော်ကြီးဖြစ်၍ တရားစကားပြောသည်လော။ သူတို့အလုပ်သည် ဒုစရိုက်အလုပ်ဟု သွယ်ဝိုက်ပြောလိုသည်လော၊ ကိုမြင့် မစဉ်းစားတတ်။

ဆရာတော်က တိတ်ဆိတ်နေသည်။ သူတို့ နှစ်ဦးကလည်း တိတ်ဆိတ်နေသည်။ မြက်တောထဲမှ ပိုးမွှားများ၏ အော်သံကို ကြားရသည်။

‘မောင်ကိုမြင့်’

‘ဘုရား’

‘ဝိပ္ပလ္လာသ ဆိုတဲ့ စကားကို ကြားဖူးရဲ့လား’

ကိုမြင့် ခေတ္တစဉ်းစားသည်။ သူဘယ်မှာ ကြားဖူးသနည်း။ သည်စကားလုံးကို တစ်နေရာရာတွင် ကြားဖူးသည်ဟုကား ထင်သည်။ ဝိပ္ပလ္လာသ။ ဝိပ္ပလ္လာသ။

သြော်…ဟုတ်ပြီ။ ပုံမခြား၊ ဂဠုန်နဂါး၊ စုံသားမြတ်စွာ၊ သေချာ ဖွေရှာကြည့်မိ၊ လွမ်းသည့်စိတ်က ဝိပ္ပလ္လာသ။

စိန်ခြယ် ဖြာရောင်လင်း ကြိုးထဲက အပိုဒ်တစ်ပိုဒ် ဖြစ်သည်။ သည်သီချင်းကို ဆရာ ဦးစံကောင်း တယောတီးလေ့ရှိသည်။ ဖိုးလှချိုလည်း မကြာမကြာ ညည်းလေ့ရှိသည်။ သို့ရာတွင် အဓိပ္ပာယ်ကို သူကောင်းကောင်း နားမလည်။ သီချင်းက ကောင်းကင်က တိမ်တွေ၊ ဂဠုန်ရုပ်၊ နဂါးရုပ်သဏ္ဌာန် ပြောင်းလဲကြကြောင်း။ သည်တိမ်တွေ ပြောင်းနေသလို အလွမ်းတွေလည်း ထွေပြားနေကြောင်း အဓိပ္ပာယ်ထွက်သည်ထင်သည်။ အော် လွမ်းသည့်စိတ်က ဝိပ္ပလ္လာ။

ဆရာတော် ဘာအဓိပ္ပာယ်နှင့် မေးသနည်း။

‘ကြားတော့ ကြားဖူးသလိုပဲ ဘုရား၊ ဒါပေမယ့် သေသေချာချာ မသိပါဘူး ဘုရား’

www.burmeseclassic.com



'ဝိပ္ပလ္လာသဆိုတာ ဖောက်ပြန် မှားယွင်းခြင်းကို ခေါ်တာ။ အဟုတ်ကို မဟုတ်လို့ထင်တာ၊ မဟုတ်ကို အဟုတ်လို့ ထင်တာ'

'တင်ပါ့ဘုရား'

'သညာ ဝိပ္ပလ္လာသ၊ စိတ္တ ဝိပ္ပလ္လာသ၊ ဒိဋ္ဌိ ဝိပ္ပလ္လာသတဲ့၊ ဝိပ္ပလ္လာသ တရားသုံးပါးရှိတယ်၊ အမှတ်မှားခြင်း၊ အသိမှားခြင်း၊ အယူမှားခြင်းဆိုတဲ့ မှားခြင်းကြီး သုံးပါးပေါ့ကွယ်။ အနိစ္စကို နိစ္စလို့ထင်၊ အသုဘကို သုဘလို့ထင်၊ ဒုက္ခကို သုခလို့ထင်၊ အနတ္တကို အတ္တလို့ထင်တာတွေဟာ ဝိပ္ပလ္လာသ တရားသုံးပါးထဲမှာ အကျုံးဝင်တာပေါ့၊ သညာဝိပ္ပလ္လာသကတော့ တောသမင်ရဲ့ အဖြစ်နဲ့ ဥပမာတူသတဲ့၊ တောသမင်ဟာ လယ်ကွင်းထဲက ကောက်ရိုးရုပ်ကိုမြင်တော့ လူလို့ထင်ပြီး လန့်ပြေးသတဲ့၊ ပုထုဇဉ်ဆိုတာ သညာ ဝိပ္ပလ္လာသ သိပ်ကြီးသတဲ့၊ ကိုယ်ခန္ဓာမှာ သုဘ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို အထင်အရှားမြင်ရပါလျက်နဲ့ သုဘ၊ နိစ္စ၊ သုခ၊ အတ္တလို့ ထင်ကြသတဲ့'

ဆရာတော် ဦးခေမာက ခေါင်းကို မော့၍ စဉ်းစားနေသည်။

'စိတ္တ ဝိပ္ပလ္လာသကတော့ မျက်လှည့်နဲ့တူသတဲ့၊ မျက်လှည့်ဆရာက မျက်လှည့်ပြတော့ ကြည့်တဲ့လူဟာ မြေစိုင်ခဲကို ရွှေခဲ၊ ငွေခဲလို့ ထင်တတ်သတဲ့၊ သစ်ငုတ်ကို တောဆင်လို့ ထင်တတ်သတဲ့၊ တောဆင်ကိုလဲ သစ်ငုတ်လို့ ထင်တတ်သတဲ့၊ စိတ္တ ဝိပ္ပလ္လာသဟာ မဟုတ်ကို အဟုတ်လုပ်ကြံ လှည့်စားတတ်တဲ့ အတွက် သညာ ဝိပ္ပလ္လာသထက် နက်နဲသတဲ့'

ဆရာတော်က ရှင်းသည်။

'ဒိဋ္ဌိ ဝိပ္ပလ္လာသ ကတော့ တောလမ်းမှားကြီးနဲ့ တူသတဲ့၊ တောကြီးထဲ မျက်စိလည်ပြီး နတ်ဆိုးတွေ၊ ကြတ်တွေနေတဲ့ ရွာရောက်တော့ ကြတ်တွေ၊ နတ်ဆိုးတွေက လူယောင် ဖန်ဆင်းနေကြသတဲ့၊ ခရီးသည် စိတ်ချလက်ချ အိပ်တော့မှ အုအသည်းကို နတ်စားကြသတဲ့၊ ဒီတော့ ကာမဘုံ၊ ရူပဘုံ အရူပဘုံ စတဲ့ ဘုံသုံးပါးဟာ တောကြီးနဲ့တူတယ်၊ ဦးပဥ္စင်းတို့ မောင်ကိုမြင့်တို့ ပုထုဇဉ် တွေဟာ ဒီလောကကြီးထဲမှာ မျက်စိလည်နေတဲ့ ခရီးသည်တွေနဲ့တူတယ်၊ အနတ္တကို အတ္တလို့ထင်၊ ဒုက္ခကို သုခလို့ထင်နေကြတယ်၊ ဒိဋ္ဌိဝိပ္ပလ္လာသဟာ သညာ ဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသတို့ထက် နက်ရှိုင်းတယ်၊ ပြေပျောက်ခဲတယ်'

အေးမက ဆရာတော်၏မျက်နှာကို မော်၍ ဖူးသည်။ လရောင်တွင် ဆရာတော်၏ ဦးပြည်းသည် ပြောင်လက်နေသည်။ မျက်နှာက တည်ငြိမ်သည်၊

www.burmeseclassic.com



မည်သည့်အတွက်ကြောင့် မသိ၊ အေးမသည် ဆရာတော်ကို ရှိန့်ကြောက် စိုးထိတ်သလို ခံစားနေရသည်။

'ဒိဋ္ဌိဝိပ္ပလ္လာသကို ဖြုတ်ပြီး သမ္မာဒိဋ္ဌိကို တည်နိုင်မှ နတ်ဆိုးတို့ရွာက လွတ်မယ်၊ သံသရာက ထွက်နိုင်မယ်၊ ကြားရဲ့လား မောင်ကိုမြင့်'

'တင်ပါ့ဘုရား'

'သမ္မာဒိဋ္ဌိဆိုတာ မောင်ကိုမြင့်တို့ နားလည်အောင် လွယ်လွယ်ပြောရရင် မှန်သောအယူအဆ ဆိုပါစို့ကွယ်၊ လောကီ သမ္မာဒိဋ္ဌိတဲ့၊ ဗောဓိပက္ခိယသမ္မာဒိဋ္ဌိတဲ့၊ သံသရာမှာ ငါ့ဥစ္စာ၊ ငါ့ပစ္စည်းရယ်လို့ ဘာမှမရှိဘူး၊ မိမိပြုသော ကုသိုလ်ကံ၊ အကုသိုလ်ကံသာလျှင် သံသရာအစဉ်ပါတဲ့ ကိုယ်ပိုင်ပစ္စည်းဖြစ်တယ်လို့ ယုံကြည်တဲ့ ကောင်းသော အယူလို့ဆိုလိုတယ်'

'တင်ပါ့'

'ဦးပဥ္ဇင်း ပြောချင်တာက မောင်ကိုမြင့်တို့ ခု ဦးပဥ္ဇင်းကို လှူတာ တန်းတာနဲ့ ပတ်သက်ပြီး ပြောချင်လို့ပါ၊ လှူတယ်တန်းတယ်ဆိုတာ ကုသိုလ်ကောင်းမှုပြုတာ ဖြစ်တယ်၊ ရှေ့အတွက် ကုသိုလ်ကံ မျိုးစေ့ချခဲ့တာ ဖြစ်တယ်၊ အေး မောင်ကိုမြင့်တို့ ကုန်ကူးလို့ ရှေ့လျှောက် ချမ်းသာချင် ချမ်းသာမယ်၊ ဒါပေမယ့် အဲဒါတွေက ကိုယ်ပိုင်ဥစ္စာ မဟုတ်ပေဘူး၊ မိမိပြုသော ကုသိုလ်၊ အကုသိုလ်သာလျှင် သံသရာတစ်လျှောက်လုံး ပါလာမဲ့ ကိုယ်ပိုင်ဥစ္စာဖြစ်တယ်၊ ဟုတ်လား၊ ဒါကြောင့် အဲဒီသံသရာ အဆက်ဆက်ပါမယ့် ဥစ္စာပစ္စည်းဟာ ပစ္စည်းကောင်းဖြစ်ဖို့လိုတယ်၊ ပစ္စည်းဆိုးကို သယ်မိရင်တော့ အပါယ်ဗီဇ ပါရတော့တာပဲ၊ အင်း...အကုသိုလ်ရေးကံဟောင်းဟာ တယ်လဲ ကြောက်စရာကောင်းပေတာပဲ'

ဆရာတော် သက်ပြင်းကိုချသည်။ ဆရာတော်၏ မျက်နှာသည် ကြည်လင်နေရာမှ ညိုသယောင်ထင်ရ၏။

'ခု မောင်ကိုမြင့်တို့ ဒကာမလေးတို့ ဘယ်ကို ပြန်ကြရမှာလဲ၊ မုံရွာကိုလား'

'တင်ပါ့ဘုရား'

'ဇာတိကကော'

ကိုမြင့်က အေးမကို လှည့်ကြည့်သည်။

'တပည့်တော်ကတော့ ပခုက္ကူဘက်ကပါ ဘုရား၊ ပေါက်နယ်ထဲကပါ'

'ပေါက်နယ်ထဲက ဟုတ်လား'

www.burmeseclassic.com



ဆရာတော်၏ အသံလှိုင်းသည် တုန်ခါသွားသည်ဟု ထင်ရ၏။

'ဒကာမလေးကကော'

'တပည့်တော်က ဗဂျီကပါဘုရား'

'အင်း–ဒီလိုပေါ့လေ၊ တစ်မြို့တစ်ရွာကပေမယ့် ကံအကြောင်းဆိုက်လာတော့ နဖူးစာဆုံကြရတာပေါ့'

အေးမက ကိုမြင့်ကို လှမ်းကြည့်သည်။ ဣန္ဒြေရနေသည့် ကိုမြင့်မျက်နှာကို ကြည့်၍ ရယ်ချင်သဖြင့် ခေါင်းကို အောက်သို့ ငုံ့ထားသည်။

'ပေါက်နယ်ဆိုတော့ ယောဘက်နဲ့ နီးမှာပေါ့'

'ပေါက်နဲ့ ဂန့်ဂေါနယ်စပ်ကပါဘုရား၊ တပြင်းကပါ'

'တပြင်း'

'တင်ပါ့'

ဆရာတော်၏ မျက်နှာသည် ညိုရာမှ ပို၍ မှိုင်းသွားသယောင်ထင်ရသည်။ ဆရာတော်က ဘာမျှမပြော၊ သက်ပြင်းတစ်ချက်ကိုချကာ နေရဋ္ဌမြစ်ပြင်ကို ငေးကြည့်နေသည်။ ညဥ့်ငှက်တစ်ကောင်က မြစ်ပြင်ကို ဖြတ်ကာ တစ်ဘက်တောအုပ်ညိုညိုဆီသို့ ပျံသွား၏။

''တပြင်းဘက်ကို ရောက်ဖူးသလား ဘုရား'

'ရောက်တော့ မရောက်ဖူးပါဘူး'

ဆရာတော်၏ စကားက ကျန်နေသည်။ ခြွင်းချက်ရှိနေသည်။ ရောက်တော့ မရောက်ဘူး။ သို့ရာတွင်–

'ဒကာ၊ ဒကာမ အသိမိတ်ဆွေများ ရှိပါသလား ဘုရား'

ဆရာတော်က အတန်ကြာ စဥ်းစားနေသည်။

'ဒကာ၊ ဒကာမတော့ မရှိပါဘူး၊ အသိ၊ အဲ...အသိအကျွမ်းတော့ ရှိတယ်၊ ရှိခဲ့ဖူးတယ်၊ တပြင်းလို့ပြောတော့ အကုသိုလ်ကံဟောင်းနဲ့ ပတ်သက်တာလေးတစ်ခုကို သတိရလို့ပါ၊ အကုသိုလ် ရှေးကံဟောင်းဟာ ကြောက်စရာကောင်းတယ်လို့ စောစောက ဦးပဥ္ဇင်းပြောခဲ့တယ်။ မောင်ကိုမြင့် မှတ်မိသေးရဲ့လား'

'မှတ်မိပါတယ် ဘုရား'

'အကုသိုလ် ရှေးကံဟောင်းကြောက်စရာ ကောင်းပုံလေးကို ဦးပဥ္ဇင်းပြောပြမယ်၊ ပြုမိခဲ့ဖူးတဲ့ ကုသိုလ်၊ အကုသိုလ်ကံသာလျှင် သံသရာတစ်လျှောက်မှာ ကိုယ်ပိုင်ဥစ္စာ အဖြစ် ပါလာတတ်ပုံကလေးကို ဦးပဥ္ဇင်းက လေးနက်အောင် ပြောပြတာပါ'

www.burmeseclassic.com


ဆရာတော် ဦးခေမာက ကျောက်တုံးပေါ်တွင် နေရာပြင်၍ ထိုင်သည်။ လည်ချောင်းရှင်းသည်။ ဆရာတော်၏ ချွဲရှင်းသံက အသံသြဇာရှိသည်။ တည်ကြည် လေးနက်သော စိတ်ထားကို ဖော်ပြနေသယောင်။

'တစ်ခါတုန်းက၊ တစ်ခါတုန်းက ဆိုတာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် လောက်က လူတစ်ယောက်ရှိခဲ့ဖူးတယ်၊ ဒီလူက လူကြမ်း လူဆိုးကြီးတစ်ယောက်၊ အရက်ကလဲ သောက်လိုက်တာ မိုးမလင်းဘူး၊ တစ်ခါတော့ ဒီလူဟာ ကံအားလျော်စွာ သူ့လက်ထဲမှာ လက်နက်နဲ့ အာဏာရသွားတယ်၊ လက်နက်လဲရ၊ အာဏာလဲရတော့ နဂိုက စရိုက်ကြမ်းတမ်းရိုင်းစိုင်းတဲ့ လူဟာ သောင်းကျန်း ချင်တိုင်း သောင်းကျန်းတော့တာပဲ၊ ဒကာမလေးလဲရှိရဲ့၊ ပြောလိုက်ရဦးမယ်၊ သူများ သားမယားပြစ်မှားတယ်၊ ဓားပြတိုက်တယ်၊ လူသတ်တယ်၊ တစ်နယ်လုံးက သူ့နာမည်ကြားရင် ကြောက်ကြရတယ်၊ တစ်ခါကျတော့ အဲဒီလူရဲ့နယ်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ခု လုပ်တယ်၊ ရွေးကောက်ပွဲဆိုတော့ ပါလီမန် ရွေးကောက်ပွဲပေါ့လေ၊ အဲဒီ ရွေးကောက်ပွဲမှာ သူ့ဆရာက အာဏာရ ပါတီဝင် အမတ်လောင်း၊ အတိုက်အခံ အမတ်နဲ့ ပြိုင်ရွေးကြတော့ တောကမဲရုံ တော်တော် များများမှာ သူ့ဆရာအမတ်လောင်းက ရှုံးတယ်၊ ဒါကြောင့် တချို့ မဲရုံတွေကို မီးရှို့တန်ရှို့ပစ်ရတယ်၊ ဒါနဲ့ မဲဆန္ဒနယ် တစ်နယ်က မဲရုံတစ်ခုကိုမီးရှို့ဖျက်ဆီးဖို့ သွားတော့ အတိုက်အခံ အမတ်လောင်းရဲ့ ကိုယ်စားလှယ်က တားတယ်၊ ဆိုင်ရာကို တိုင်လား တောလားတွေ လုပ်တယ်'

ကိုမြင့်၏ မျက်လုံးများသည် ပြူးကျယ်လာကြ၏။ အေးမ၏ မျက်နှာသည်လည်း တဖြည်းဖြည်း မော့လာသည်။ သူတို့နှစ်ယောက်သည် သူတို့ မမီလိုက်သော ခေတ်တစ်ခေတ်၏ ပုံပြင်ကို စိတ်ဝင်စားလာကြသည်။

'ဒီတော့ အတိုက်အခံ အမတ်လောင်းရဲ့ ကိုယ်စားလှယ်ဟာ အဲဒီလူရဲ့ လမ်းမှာ အတားအဆီး အနှောင့်အယှက် ဖြစ်လာတယ်၊ စောစောက လူဆိုးဗိုလ်ဟာ သူ့ဆရာက သူ့ကို အာဏာတွေပေး၊ လက်နက်တွေ ပေးထားတော့ သူ့ဆရာ စေခိုင်းတိုင်းလုပ်တယ်၊ ဆင်ခြင်ဉာဏ်ဆိုလို့ ဘာမှမရှိတော့ ဒီလိုနဲ့ အဲဒီလူဟာ အတိုက်အခံ အမတ်လောင်းရဲ့ မဲရုံကိုယ်စားလှယ်ကိုသတ်ပစ်လိုက်တယ်၊ ကိုယ်သွားမဲ့လမ်းမှာ တွေ့တဲ့ အမှိုက်ကလေး တစ်ပင်ကို ကောက်ယူလွှင့် ပစ်လိုက်တဲ့ အတိုင်းပဲ၊ အဲဒီကိစ္စဖြစ်ပြီး သူတို့ပါတီ အာဏာလက်မဲ့ ဖြစ်သွားတော့ ဆိုင်ရာက သူ့ကို လူသတ်မှုနဲ့ ရုံးတင်တရားစွဲပြီး ထောင်ဒဏ်တစ်သက်ချလိုက်တယ်၊ ထောင်ထဲမှာ နေရတော့မှ ဒီလူဟာ သူ့ပြစ်မှုကို သူနောင်တရသတဲ့၊

www.burmeseclassic.com


ဒါပေမယ့် သူပြုဖူးတဲ့ အကုသိုလ်ဟာ သူ့ကို အမြဲတစေ ချောက်နေတယ်၊ စော စောက ဦးပဍ္ဍင်းပြောခဲ့တယ် မဟုတ်လား၊ သူ လူဆိုးလူမိုက် ဖြစ်ခဲ့ရတာဟာ အကုသိုလ်ကံဟောင်းကြောင့် ဖြစ်ခဲ့ရတာ၊ ပါဏာတိ ပါတကံကို ကျူးလွန်တယ် ဆိုတာ သူ ဒီဘဝမှာ နောက်ထပ် ကျူးလွန်တဲ့ အကုသိုလ်မျိုးစေ့၊ ဒီမျိုးစေ့ဟာ သံသရာတစ်လျှောက် ဘယ်နှစ်ဘဝထိအောင်များ ပါသွားပြီး ဘယ်နှစ်ဘဝထိ အောင်များ ဒီကြွေးကို ပြန်ဆပ်နေရမယ် မသိဘူး၊ ဒါကြောင့်မို့ ဦးပဍ္ဍင်း ပြောချင်တာက အကုသိုလ်မျိုးစေ့ကို မကြဲမိအောင် ရှောင်ကြ၊ ဦးပဍ္ဍင်း ခုနပြော ခဲ့တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိကို မြဲမြဲနှလုံးသွင်းကြ'

ဆရာတော်၏ အသံသည် တိမ်ဝင်သွားသည်ဟု ထင်ရ၏။ တိမ်တိုက် ဖြူဖြူတစ်ခု လမင်းကို ဖုံးအုပ်ဝါးမျိုးသွားသည်။ ကိုမြင့်နှင့် အေးမတစ်ယောက်ကို တစ်ယောက် လှမ်းကြည့်မိကြသည်။ စိတ်ထဲက ကြည့်လိုစိတ် ပေါ်လာခြင်း ကြောင့် မဟုတ်၊ မျက်လုံးများက အလိုအလျောက် ရောက်သွားကြခြင်းကြောင့် ဖြစ်သည်။

'နောက် အဲဒီထောင်ကျတဲ့ လူသတ်သမားဟာ ဘယ်ရောက်သွားပါသလဲ ဘုရား'

ကိုမြင်က လျှောက်သည်။ ဆရာတော်က သက်ပြင်းကို ချသည်။

'နောက်တော့ အဲဒီလူဟာ အဲ...အဲဒီ လူသတ်သမားဟာ သိပ်နောင်တ ရသွားတယ်၊ အကုသိုလ်တွေ များလှတဲ့ သူ့ဘဝကို သူထိတ်လန့်သွားတယ်၊ လောကကြီးကို တကယ်ညည်းငွေ့သွားပြီး နေရဉ္ဇရာဆိုတဲ့ မြစ်တစ်မြစ်ရဲ့ အနီးက တောရကျောင်းတစ်ကျောင်းမှာ အရည်ဝါကင် ရှုတင်ဆောက်တည်တဲ့ ရဟန်း တစ်ပါး ဖြစ်သွားတယ်'

အေးမထံမှ ကျိတ်၍ ရှိုက်သံတစ်ချက် ထွက်လာသည်။

ဆရာတော်က အံ့အားသင့်ဟန် ပါးစပ်အဟောင်းသားဖြင့် အေးမကို ကြည့်သည်။ သို့ရာတွင် ချက်ချင်း သတိကို ထိန်းလျက် မျက်လွှာချသည်။

ကိုမြင့် သူတို့နှစ်ဦးကို မမြင်ချင်၊ မကြည့်ရက်၊ ခေါင်းကို ငုံ့နေသည်။ ရှိုက်သံကြားသဖြင့် လှမ်းကြည့်လိုက်တော့ အေးမက ဆရာတော် ဦးခေမာ၏ ခြေစုံကို နဖူးပြင်ဖြင့် တိုက်နေသည်။ အေးမ ရင်ထဲတွင် နာကြည်းရမည်လော၊ ဝမ်းသာရမည်လော၊ ကြည်ညိုမြတ်နိုးရမည်လောဟု မဝေခွဲနိုင်၊ မဝေခွဲတတ်။

'ဒကာမကြီး မငွေစိန် သမီးလား၊ သတိထား၊ သတိထား၊ ကိုယ့်အကျိုး ပေးနဲ့ကိုယ် ဖြစ်ကြရတာတွေ၊ အကုသိုလ်ရှေးကံဟောင်းကြောင့် ခုလို ဖြစ်ခဲ့ ကြတာတွေ'

www.burmeseclassic.com



ခဏကြာတော့ အေးမ၏ ရှိုက်သံသည် တိတ်သွား၏။ တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးသွားသည့်ဟန်၊ အေးမ၏ ရင်သည် ငြိမ်သွား၏။ အေးမက ဆရာတော်၏ မျက်နှာကို သေသေချာချာ မော်ဖူးသည်။ ဆရာတော်က မကြည့်၊ စက္ကူလက္ခဏ္ဍ ချထားသည်။

'ကိုမြင့်က တပြင်းက ဆေးဆရာ ဦးအုန်းဖေရဲ့ သားပါဘုရား'

အေးမက လျှောက်သည်။ ဆရာတော် ဦးခေမာသည် အနည်းငယ် တုန်လှုပ်သွားပုံရ၏။ သို့ရာတွင် ချက်ချင်း သတိကို ထိန်းသည်။

'အင်း…ပြုသူအသစ်၊ ဖြစ်သူအဟောင်းလို့ ဦးပဥ္ဇင်း စောစောက ပြောခဲ့တယ်၊ ဥပဓေ္ဆဒက ကံနဲ့ သေသွားရတဲ့ ဒကာကြီး ကိုအုန်းဖေက အကုသိုလ် ကံဟောင်းကြောင့် ခု ဘဝမှာ ဒီလိုဖြစ်ရတာ။ ဦးပဥ္ဇင်းကတော့ အကုသိုလ်မျိုးစေ့ သစ်ကို ကြဲခဲ့မိပြီ၊ နောင်တမလွန်မှာ အကုသိုလ်မျိုးစေ့ကို ဆက်ခံကြွေးဆပ်ရ ဦးမယ်'

ကိုမြင့် တိတ်ဆိတ်နေသည်။

'တပည့်တော် တစ်ခုတော့ လျှောက်ချင်ပါတယ်ဘုရား'

'ပြောပါ'

'ဦးပဥ္ဇင်းရဲ့ လူဘဝက ဆရာဖြစ်တဲ့ အာဏာရ အမတ်ကဘော ဘုရား၊ ဦးပဥ္ဇင်းဟာ အာဏာရ အမတ်လောင်းရဲ့ စေခိုင်းရာကို ခံခဲ့ရတယ်၊ သူက လက်နက်ပေးထားတယ်။ အာဏာတွေ ပေးထားတယ်။ သူရဲ့စေခိုင်းချက်အရ ဒီပြစ်မှုတွေကို ကျူးလွန်ခဲ့ရတယ်၊ ကျူးလွန်ခဲ့မိတယ်၊ ဒီတော့ ဒီကိစ္စမှာ အဓိက တာဝန်ရှိသူဟာ သူဖြစ်ပြီး၊ ဒုတိယတာဝန်ရှိသူဟာ ဦးပဥ္ဇင်း၊ အဲ…ဗိုလ်ချစ်ဖုန်း လို့ တပည့်တော် နားလည်ပါတယ်၊ ခု သူကော ဘုရား၊ သူ့နာမည်က ဘယ်သူပါလဲဘုရား'

ဆရာတော်က ကိုမြင့်ကို ကြည့်ပြီး ဆိတ်ဆိတ်နေသည်။

'သိဖို့လိုသေးသလားကွယ်'

'လိုမယ်ထင်ပါတယ်ဘုရား'

'သိလို့လဲ အကျိုးမများပါဘူးကွယ်၊ ရန်ကိုရန်ချင်း မတုံ့နှင်းအပ်ဘူး'

ဆရာတော်ကို ကြည့်ရသည်မှာ စိတ်ထိခိုက်နေပုံရသည်။

'ရန်ကို ရန်ချင်း တုံ့ပြန်ဖို့ မဟုတ်ပါဘူး ဘုရား၊ မေးကြည့်တာပါ၊ ဦးပဥ္ဇင်း မပြောနိုင်ရင် ကိစ္စမရှိပါဘူး'

ဆရာတော်က ခေါင်းရမ်းသည်။

www.burmeseclassic.com


'ဦးပဥ္ဇင်း မပြောနိုင်ဘူး မောင်ကိုမြင့်။ ဦးပဥ္ဇင်း အကုသိုလ်ကံလို့ပဲ ယူဆထားလိုက်တယ်။ ဘယ်သူမပြု မိမိမှုလို့ပဲ ဦးပဥ္ဇင်း အောက်မေ့ပါတယ်။ ကံမျိုးစေ့က ပါလာတော့ ကံအကျိုးပေးအတိုင်း ဖြစ်ကြရတာပေါ့။ ဒါဟာ ဦးပဥ္ဇင်းရဲ့ ဆရာအပြစ်လဲ မဟုတ်ဘူး။ ကွယ်လွန်သူ ဒကာကြီး ဦးအုန်းဖေရဲ့ အပြစ်လဲ မဟုတ်ဘူး။ ဦးပဥ္ဇင်းကတော့ ဦးပဥ္ဇင်းရဲ့ အပြစ်ပဲလို့ ယူဆတယ်၊ ဦးပဥ္ဇင်း စောစောက ပြောသလို နတ်ဆိုးတွေရဲ့ ရွာကို ဦးပဥ္ဇင်းက နတ်ပြည် နိဗ္ဗာန်လို့ ထင်ပေသကို၊ ငါပြုခဲ့တဲ့အမှု၊ ငါပြုခဲ့တဲ့ အမှုဆိုပြီး ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကို နောင်တသံဝေဂဖြစ်တယ်။ ထိတ်လန့်တယ်၊ လောကီကို ကြောက်တယ်၊ ဦးပဥ္ဇင်း ကိုးကွယ်ဆည်းကပ်ရာကို ရှာတယ်၊ ဒီတော့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ သတိပဋ္ဌာသုတ်ထဲက ဒေသနာကို သွားတွေ့တယ်။ ရဟန်းတို့၊ သတိပဋ္ဌာန်တရားလေးပါးဟာ သတ္တဝါတို့ စိတ်စင်ကြယ်ရန် စိုးရိမ် ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွတ်မြောက်ရန်၊ ကိုယ်စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန် တစ်ကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏လို့ မဟာသတိ ပဋ္ဌာနသုတ်မှာ ဟောတော်မူတယ်။ မြတ်စွာဘုရားလက်ထက်က အင်္ဂုလိမာလ ဆိုတဲ့ အမိုက်ဟာ ကိုယ့်အမေကို သတ်ဖို့ကြံတဲ့အပြင် ဘုရားကိုတောင် သတ်ဖို့လာတယ်။ ဒီလိုလူမျိုး တောင် နောင်တသံဝေဂ ဖြစ်ရသေးတယ်၊ ခု ဦးပဥ္ဇင်းတို့ ခေတ်မှာလဲ သဲအင်းဂူ ဆရာတော်ဆိုတာ ဟိုတုန်းက လေးဆယ့်ခြောက်နှစ်လုံး လုံး လူဆိုးဓားပြဗိုလ်ကြီး ဖြစ်ခဲ့ရာက သံဝေဂရပြီး ရဟန်းဘောင်ဝင်သွားခဲ့တယ်၊ ဦးပဥ္ဇင်းလဲ ဟိုတုန်းက လူဆိုးဗိုလ်ကြီး ဆိုပါတော့။ ခုတော့ နောင်တတရား ရလို့ ဦးပဥ္ဇင်း ရဟန်းကိစ္စကို ပြီးအောင် ဆောင်ရွက်တော့မယ်လို့ ပိုင်းဖြတ်ပြီး ပြီ။ ကဲ... သန်းခေါင်ကြက် တောင် တွန်ပြီ၊ မောင်ကိုမြင့်တို့ ဒကာမလေးတို့လဲ ပင်ပန်းလှပြီ၊ ဦးပဥ္ဇင်းလဲ တရားအလုပ် လုပ်ရဦးမယ်။ သွားကြပေတော့'

ဆရာတော်က ထိုင်ရာမှထသည်။ ဒကာမကြီး မငွေစိန်နှင့် သမီးငယ်တို့အကြောင်းကို မေးချင်သည်။ သို့ရာတွင် သတိထား၍ စိတ်ကိုချုပ်သည်၊ ဆရာတော်မမေး။ လက်တွင် ပတ်ထားသည့် ပုတီးကိုဖြည်၍ ဦးပြည်းကို အောက်သို့ ငုံ့သည်၊ ဝတ်ချကန်တော့နေသော ကိုမြင့်နှင့် အေးမတို့ကို တစ်ချက်မျှ လှမ်းကြည့်ပြီး မျက်လွှာကိုချကာ တောရကျောင်းဆီသို့ ကြွသည်။

သန်းခေါင်ကြက် တွန်နေပြီ။

နေရဥ္စရာမြစ်ကမ်းတွင် ကိုမြင့်နှင့် အေးမတို့ နှစ်ဦးသာ ကျန်ရစ်ခဲ့ကြသည်။ နှစ်ယောက်သား စကားမပြောမိကြ။ ကိုယ့်အတွေးအခေါ်နှင့်ကိုယ် ငြိမ်သက်နေကြသည်။

www.burmeseclassic.com



ဆရာတော်ကတော့ ပြုသူအသစ်၊ ဖြစ်သူအဟောင်းဟု ဆိုသည်။ အကုသိုလ် ရှေးကံဟောင်းကြောင့်ဟု ဆိုသည်။ မည်သူမပြု မိမိမှုဟု ဆိုသည်။

အေးမက သိပ်လက်မခံချင်သေး။ အဖေကို ယခင်ကလောက် စိတ်မနာ တော့သည့်တိုင် သူ မကျေလည်။ အဖေသည် တူးခါးနေအောင် အစွမ်းကုန်မိုက် သွားပြီ အရှိန်ကုန်တော့မှ သူတို့သားအမိတစ်တွေကို လောကကြီးအလယ်တွင် မျက်နှာငယ်ဖြင့် ပစ်သွားသည်ဟု ထင်သည်။ သူ့စိတ်ငြိမ်းချမ်းမှုကို သူတစ် ယောက်တည်း ရှာသွားသည်ဟု ထင်သည်။

ကိုမြင့်ကမူ အကုသိုလ် ရှေးကံဟောင်းကိုလည်း ပုံမချချင်၊ ဆရာတော် ဦးခေမာဘဝသို့ မရောက်သေးသည့် ဗိုလ်ချစ်ဖုန်း၏ အပြစ်လည်း မဟုတ်။

ဗိုလ်ချစ်ဖုန်းတို့လို လူတွေကို မွေးထုတ်ပေးခဲ့သော ဗိုလ်ချစ်ဖုန်းတို့ ခေတ်ကြီး စနစ်ကြီးနှင့် ထိုခေတ်ကြီးကို စိုးစိုးချယ်လှယ်ခဲ့ကြသည့် အာဏာရ ပုဂ္ဂိုလ်များသာလျှင် အဓိက တာဝန်ရှိသူများသာ ဖြစ်လိမ့်မည်။

နယ်ရုပ် အရွှေ့မှားလျှင် မှားသူသည် နယ်ရုပ်မဟုတ်။ နယ်ရုပ်ကို ရွှေ့သော လက်သာလျှင် ဖြစ်လိမ့်မည်။

**()**

www.burmeseclassic.com



ရေစုန်မျောရသည့် အလုပ်သည် သက်သာသည်ဟု ပြောကြ၏။

ဟုတ်သလောက်မူ ဟုတ်လိမ့်မည်။ သို့ရာတွင် လက်လွတ်ခြေလွတ်လည်း မဟုတ်၊ အထင်ကရလည်း မဟုတ်၊ ကြည်နူးဖွယ်လည်း မဟုတ်ဘဲ ဝန်ထုပ်ဝန်ပိုးများသယ်လျက်၊ ခိုးကြောင်ခိုးဝှက် သွားရလျက်၊ အထိတ်တလန့်ဖြစ်လျက် ရေစုန်မျှောရခြင်းမျိုးဆိုပါက ရေစုန်မျောရသည့် အလုပ်သည်လည်း သူ ကြားဖူးသလောက် မသက်သာ။

ညက လ,မသာသည့်တိုင် ကြယ်ရိပ်ရေးရေးထင်လျက် ရှိသည်။ ကြယ်ရိပ်ရေးရေးတွင် ကမ်းရိပ်ကို ရေးရေးမျှ မြင်ရသည်။ ကမ္ဘာကြီးတစ်ခုလုံး၊ စကြဝဠာကြီး တစ်ခုလုံး၊ မှောင်ပိန်းနေသည်။ ပိန်းနေသည့် အမှောင်ထုကြီးထဲတွင် ရွာကလေးတစ်ရွာက မီးရောင်သည် သနားစဖွယ် ချည့်ချည့်နဲ့နဲ့ လင်းနေသည်။ ကမ်းကွေ့သွားသည်တွင် ချည့်နဲ့သည့် မီးရောင်ကလေးပင် ပျောက်သွားပြီ။

သည်နေရာတစ်ဝိုက်တွင် ဝဲရှိသည်ဟု ပြောကြသဖြင့် လှေကို သတိဖြင့် လှော်နေရသည်။ ရေထဲတွင် လှေတက်ကျသွားသံ၊ လှေတက်ခတ်သံသည် တိတ်ဆိတ်သော ညတွင် ပို၍ ကျယ်လောင်မြည်ဟိန်းနေသည်ဟု ထင်ရသည်။

သူတို့အားလုံး စုန်လာကြသည်မှာ ဆယ်ညရှိပြီ၊ ယုဝချောင်းထဲတုန်းက သည်ထက်ပို၍ ဆင်းရဲသည်။ ယုဝချောင်းက ရေစီးသန်သည်။ ကျဉ်းသည်၊ ကျောက်တုံးကျောက်ဆောင်တွေ ပေါသည်။ ယုဝချောင်းထဲ စုန်ခဲ့ရသည့် ခရီးသည် အလွန်ပင်ပန်းသည်။ သူတို့အထဲတွင် ယုဝချောင်း၏ အကြောင်းကို သိသူက တစ်ယောက်တည်း၊ ကျန်လူများက ယုဝချောင်းကို လုံးဝ မသွားစဘူး၊ ထို့ကြောင့် ခရီးမတွင်။

ယုဝချောင်းတွင် တစ်ဖက်နိုင်ငံ နယ်စပ်တွင် အဖျားခံကာ ချင်းတွင်းသို့ စီးဝင်သည်။

www.burmeseclassic.com



ချင်းတွင်းထဲရောက်လျှင် အသက်ရှူချောင်သွားပြီ၊ မြစ်ပြင်က ကျယ်သည်။ ရေစီးကလည်း သည်မျှမကြမ်း၊ တစ်ခါတစ်ရံ ဝဲကတော့ ပြောက်ကျားတွေ့ရသည်မှအပ လှိုင်းလေကလည်း ငြိမ်သည်။ ထို့ကြောင့် ယုဝချောင်းက ထွက်ပြီး ချင်းတွင်း စုန်ဆင်းလာရခြင်းသည် သူတို့အဖို့ ငွေသင်ဖြူးပေါ် လျှောက်သည်သို့ ရှိသည်။ သို့ရာတွင် ရက်ကြာလာသည့် အခါ၌ ချင်းတွင်းတစ်လျှောက် စုန်ရသည်ကလည်း ငွေသင်ဖြူးပေါ် လျှောက်ရသည်နှင့် မတူပေ။

ယုဝချောင်းဖျားကစ၍ စုန်ဆင်းသည်မှာ ဆယ့်ညမြောက် ရောက်ပြီ၊ နောက်ထပ် ငါးညလောက်တော့ စုန်ရဦးမည်။ ခရီးက သည်လောက်ဝေး၍ မဟုတ်၊ သူတို့ လှေသိုက်က ညညကျမှ ခရီးထွက်ကြရသဖြင့် သည်မျှ ကြာရခြင်း ဖြစ်သည်။

ရုတ်တရက်ကြည့်လျှင် တံငါလှေနှင့် မည်သို့မျှမခြား။

လှေဝမ်းထဲတွင် ရွက်တစ်ဖုံ၊ မျှောပိုက်နှစ်ဖုံသုံးဖုံ၊ ထမင်းအိုး၊ တောင်း၊ စားနပ်ရိက္ခာအလို့ငှာ ယူသည့် ဆန်၊ ဆီ၊ ဆား၊ ငပိ၊ ငရုတ်သီး၊ ကြက်သွန်စသည်တို့ကိုသာ မြင်ရမည်။ လှေဝမ်းအလယ်ခေါင်က ပေါင်းမိုးအောက်တွင် လွယ်အိတ်ကလေး တစ်လုံး နှစ်လုံး၊ အိပ်ရာလိပ်ကလေး တစ်လိပ်နှစ်လိပ်လောက်ကိုသာ မြင်ရမည်။

လှေဝမ်းကို လှန်ကြည့်တော့ ပစ္စည်းအစုံ။ အပ်ချုပ်စက်ခေါင်း၊ မော်တော်ကား အင်ဂျင်။

ယခုတလောတွင် တမူးလမ်းဘက်က အပိတ်အဆို့ များသည်။ အဖမ်းအဆီးထူသည်။ သည်တွင် လမ်းသစ်ရှာရသည်။ လမ်းသစ်က ယုဝချောင်း။

အဆင်ပြေသည်။ ယုဝချောင်းဖျားတွင် တောကြီးတွေ ရှိသည်။ တောစပ်က ချောင်းရိုးတွင် ပစ္စည်းတင်ပြီးစုန်။ ထိုနောက် ချင်းတွင်းသို့ဝင်။ မုံရွာသို့ဆိုက်၊

သည်လမ်းကို ပထမစိတ်ကူးရသူက ဦးကျင်စိန်။

တမူးလမ်းတွင် မော်တော်ကားပစ္စည်း၊ ကားအင်ဂျင်၊ အပ်ချုပ်စက်ခေါင်းစသည်တို့ မော်တော်ကားတွေနှင့် အစင်းလိုက် မိသည်။ သည်နောက် အသွားအလာ အဝင်အထွက်ကိုလည်း တင်းတင်းကျပ်ကျပ် ကိုင်လာသည်။

သည်တွင် မုံရွာက သက်ဆိုင်သူ ကုန်သည်အသိုင်းအဝိုင်း ငြိမ်ကျသွားသည်။ သက်ဆိုင်ရာ အာဏာပိုင်တို့၏ ခြေလှမ်းကို စောင့်ကြည့်သည်။ ကုန်သည်အချင်း ခြေလှမ်းကို အကဲခတ်ကြသည်။ တုတ်တုတ်မျှ မလှုပ်ကြ။ ကြောင်နံ့ရသည့် ကြွက်များလို အားလုံးတိတ်နေသည်။ ခဏကြာတော့ ခပ်ရဲရဲ ကြွက်

www.burmeseclassic.com


တစ်ကောင်က ပထမဆုံး စီကနဲ အသံပြုသည်။ ကြောင်သံမကြားရ။ ကြောင်နံ့ မရ။ သည်တွင် အရဲဆုံးကြွက် ချောင်ထဲက ထွက်လာသည်။ ရှေ့နည်းနည်း တိုးကြည့်သည်။ လမ်းသစ်ရှာသည်။

ယခု လမ်းသစ်တွေ့ပြီ။

လမ်းသစ်က ယုဝချောင်း။ လမ်းဖောက်သူက ဦးကျင်စိန်။

ဦးကျင်စိန်က ကုန်ကူးခြင်းကို လောင်းတမ်းကစားခြင်းဟု သဘောထား သည်။ ကုန်ကူးရာ၌ အမြတ်ချည်း မရှိနိုင်။ ရှုံးသည့်အခါလည်း ရှုံးမည်။ ကံကောင်းလျှင် မြတ်သည့်အခါလည်း မြတ်မည်။ သို့တိုင်အောင် ကံချည်း အားကိုးနေ၍ မဖြစ်။ သည်ခေတ်တွင် ကုန်ကူးရာ၌ ဉာဏ်ကူရမည်။ မုံရွာတွင် တမူးဘက်မှ ပစ္စည်း အကြီးအကျယ် ချသူမှာ သူနှင့် ဦးမြမင်း နှစ်ယောက်သာ ရှိသည်။ မည်သည့်အခါပြိုင်ပြိုင်၊ ဦးမြမင်းကို အနိုင်ရခဲ့သည်ချည်း။ ရှေ့က တစ်လှမ်းအမြဲသာနေသည်ချည်း။

ဦးမြမင်းက စိတ်ကူးကောင်းပါ၏။ ဉာဏ်သွားပါ၏။ သို့ရာတွင် စိတ်ကူး ကောင်းသလောက်၊ ဉာဏ်သွားသလောက် လူမလိုက်နိုင်၊ သူက ဣန္ဒြေကြီး သည်။ သည်လိုအလုပ်မျိုးကို မှင်မပျက်၊ ဟန်မပျက် လုပ်ချင်သည်။ သည်တော့ ခြေသွက်လက်သွက် ဦးကျင်စိန်က သူ့ထက်အမြဲရှေ့ရောက်နေသည်။ သို့ရာတွင် မာလာနှင့် နေလင်းအောင် ရတော့ ဦးမြမင်း ခြေလှမ်းသွက်လာသည်။ သူက စိတ်ကူးကောင်းသလောက် နေလင်းအောင်က သူ့စိတ်ကူးကို အကောင်အထည် ဖော်နိုင်သည်။ သည်တွင် တစ်ယောက်နှင့်နှစ်ယောက် ယှဉ်ရတော့ ဦးကျင်စိန် နောက်ကျန်ရစ်ခဲ့သည်။ ဤသည်ကို ဦးကျင်စိန် နည်းနည်းမျှ မကျေနပ်နိုင်။ တလောက နေလင်းအောင် တမူးသို့ တက်သွားသည်။ သူနှင့်အတူ ပစ္စည်း အတော်တော်များများပါသည်။ ပစ္စည်းက တစ်ဖက်နိုင်ငံက ကြိုက်သည့် စိန်နှင့် ပတ္တမြား ဖြစ်သည်။ ကြေးချိန်လည်း တော်တော်များများ ပါသွားသည်။ အပြန် တွင် အင်ဂျင်တွေ၊ မော်တော်ကားစပယ်ယာပစ္စည်းတွေ တော်တော်များများ ပါသည်။ သည်တစ်ခေါက်တွင် နေလင်းအောင်တို့ ခပ်မြက်မြက်ရလိုက်သည်။ သူ့အထင် သုံးလေးသိန်းဖိုးလောက် ရှိမည်။

သည်တွင် ဦးကျင်စိန် လူရင်းတစ်ယောက် မွေးရသည်။ နေလင်းအောင် ခြေလှမ်းကိုမှ သူမလိုက်နိုင်လျှင် ကုန်သည်အမည်ခံရကျိုးမနပ်၊ မနေ့တစ်နေ့ကမှ စီးပွားရေးလောကထဲသို့ ဝင်လာသည့် နေလင်းအောင်ကို အမီမလိုက်နိုင်လျှင် ရာဇဝင်ရိုင်းရာကျမည်။

www.burmeseclassic.com



ဦးကျင်စိန်မွေးသည့် လူရင်းနှင့် ပထမ အဆက်အသွယ် ရသူမှာ ကိုဖေခင်ဖြစ်သည်။

သည်တစ်မိုးလုံး ကိုမြင့်နှင့် ကိုဖေခင် သစ်ချောက်မိုင်းတွင် တစ်မိုးခိုရသည်။ အေးမနှင့် နောက်ဆုံးတစ်ခေါက် တမူးက ပြန်လာပြီးနောက်တွင် မိုးကျသဖြင့် လမ်းပန်းအဆက်အသွယ် မကောင်း၊ မုံရွာ–ကလေးဝ ကားလမ်းပိတ်ထားသည်။ ကလေးဝ–တမူး ကားလမ်းကလည်း မှန်မှန်သွား၍ မရ၊ တောင်ကျရေ အဆင်းများသည့်အခါတွင် မြစ်တွေ၊ ချောင်းတွေ ရေလျှံသည်။ ကလေးဝ–တမူး ကားလမ်းဆိုသည်မှာ အလွန် တံတားပေါသည့် လမ်းဖြစ်သည်။ သူ့အထင် တစ်မိုင်လျှင် တံတားတစ်ခုလောက်ရှိမည်။ ကိုဖေခင် အဆိုကမူ ကလေးမြို့နှင့် တမူးကြားတွင် တံတားပေါင်း ကိုးဆယ်ကျော်ရှိသည်ဟု ဆိုသည်။ ရိုးကြီး–ရိုးကလေး၊ ချောက်ကြီးချောက်ကလေး၊ တစ်လမ်းလုံး ရှောင်၍မလွတ်၊ ခရီးအသွားရ၊ အလာရခက်ခဲသည်။ ထို့ကြောင့် တစ်မိုးတွင်းလုံး ကိုမြင့်နှင့် ကိုဖေခင်တို့ အလုပ်မဖြစ်ကြ၊ နွေတုန်းကရသည့် အမြတ်ကလေးဖြင့် ထိုင်စားကြသည်။ သို့ရာတွင် ကြာကြာထိုင်စားနေ၍ မဖြစ်၊ ရှိသမျှကလေးတွေ ကုန်သည်တွင် တစ်နည်းတစ်ဖုံ ကြံရသည်။

ကိုဖေခင်က မြင်းမူသားဖြစ်၍ မုံရွာတွင် အသိအကျွမ်းရှိသည်။ အဆက်အသွယ်ရှိသည်။ ကိုဖေခင် တစ်ခေါက်အဆင်းတွင် ဦးကျင်စိန်၏ လူရင်းနှင့် ဆက်သွယ်မိကြသည်။ အငှားမဟုတ်၊ ခိုင်ကြေးဖြင့် ဈေးတည့်ကြသည်။ အမြတ်ပေါ်က ဆယ်ရာခိုင်နှုန်းပေးမည်။ ငါးရာခိုင်နှုန်းကို သူတို့နှင့် ပါလာသည့် ဦးကျင်စိန်၏ လူရင်းက ယူမည်။ ကျန်ငါးရာခိုင်နှုန်းကို သူတို့နှစ်ယောက် ခွဲယူကြရမည်။ သူတို့သယ်လာသည့် ပစ္စည်းများက လေးသိန်းနီးပါး မြတ်မည်။ လေးသိန်းမြတ်လျှင် နှစ်ယောက်ပေါင်း နှစ်သောင်း၊ တစ်ယောက် တစ်သောင်းစီ။

ကိုဖေခင် သစ်ချောက်သို့ ပြန်ပြေးလာကာ ဖိုးလုချို့နှင့် တိုင်ပင်သည်။ ကိုမြင့်နှင့် ဆွေးနွေးသည်။ ဖိုးလုချို့က သည်လောက် မလုပ်စေချင်၊ ထမင်းတစ်လုတ် စားလောက်လျှင် တော်ပြီဟု သဘောရသည်။ ကိုမြင့်ကမူ များများကြီးလည်း မလုပ်ချင်၊ နည်းနည်းကလေးလည်း မလုပ်ချင်၊ သည်အလုပ်မျိုးကို သူလည်း မလုပ်ချင်၊ သူများတွေလည်း မလုပ်စေချင်၊ ကိုဖေခင်တို့လို ကျွမ်းကျင် အလုပ်သမားတစ်ယောက် သည်အလုပ် လုပ်နေရသည်ကို မြင်တိုင်း သူ စိတ်မချမ်းသာ၊ အေးမတို့အရွယ် မိန်းကလေး ငယ်ငယ်လေးတွေ၊ လူရွယ်လူငယ်ကလေးတွေ မှောင်ခိုအရောင်းအဝယ် ပင်လယ်ပြင်ကြီးထဲတွင် ကူးခတ်နေရသည်

www.burmeseclassic.com



ကို မြင်တိုင်း သူစိတ်မကောင်း၊ သို့ရာတွင် စိတ်မကောင်းရုံမှအပ သူလည်း မတတ်နိုင်။

'အားလုံး မသန့်စင်သေးတဲ့ အချိန်မှာ အားလုံးသန့်စင်ရမယ်လို့ မင်း ပြောတာဟာ စိတ်ကူးယဉ်နေတာရင်လဲ ဖြစ်ရမယ်၊ ကြောင်နေတာရင်လဲ ဖြစ်ရမယ်'

ကိုဖေခင်က ပြောခဲ့သည်။ စင်စစ် ကိုဖေခင့်စကားက အရှုန်းအပျက် စကား၊ သို့ရာတွင် သည်စကား အဓိပ္ပာယ်က လေးနက်သည်။ သူ စိတ်ကူး ယဉ်ခြင်းလော၊ ကြောင်ခြင်းလောဟု ကိုမြင့် စဉ်းစားသည်။ ကြောင်ခြင်း မဟုတ်တန်ရာ၊ စိတ်ကူးယဉ်ခြင်း ဖြစ်တန်ရာ၏။

သန့်စင်သူတစ်ယောက်ဖြစ်အောင် ကြိုးစားရင်း မသန့်စင်ခဲ့ရသည့်အဖြစ်၊ သည်အဖြစ်က သူစိတ်ကူးယဉ်ကြောင်းကို သက်သေပြနေပြီ။

သူ ဘာလုပ်ခဲ့ရသနည်း။ ကျောက်မီးသွေးမိုင်းတွင် လူလျှော့ပြီးနောက် သူနှင့် ကိုဖေခင်တို့နှစ်ယောက် မုံရွာနှင့် တမူးကို အခေါက်ခေါက် ကူးခဲ့ရပြီ မဟုတ်လော၊ ကျဆုံးခဲ့ပြီ မဟုတ်လော။

သို့တိုင်အောင် သူတို့လုပ်သည့် အရောင်းအဝယ်ဆိုသည်က ကလေး ကစားစရာသာသာ၊ ငွေရင်းကလေး နှစ်ထောင်လောက်သာ ရှိသည်။ ထို့ကြောင့် တော်သေးသည်ဟု ကိုမြင့် သူ့ကိုယ်သူ ဖြေသည်။ ကိုဖေခင်က ယုဝချောင်း ဖျားအတိုင်း စုန်ဖို့ခေါ်သည်တွင် ကိုမြင့် အတန်တန် စဉ်းစားသည်။ သည်တစ် ခေါက်ပြီးလျှင် ကိုဖေခင်က သူလည်း မလုပ်တော့၊ ရသည့် ငွေကလေးဖြင့် နှစ်ယောက်ပေါင်း၍ ရေဒီယိုဆိုင်ကလေး တစ်ဆိုင်ဖွင့်ကာ အခြေတကျ နေတော့ မည်ဟု ဆိုသည်။

သည်တွင် ကိုမြင့်စိတ်ပါလာသည်။

အေးမနှင့်အတူ နေချင်လှပြီ၊ အေးမကိုလည်း သည်ဘဝက သူ ကျွတ် စေချင်ပြီ၊ မုံရွာရောက်တိုင်း မချစ်မေဆိုင်တွင် အေးမနှင့် တွေ့ကြသည်။ တွေ့ တိုင်း သူက အတူနေကြဖို့ ပြောသည်။ အေးမကလည်း အတူနေချင်သည် သို့ရာတွင် သူတို့နှစ်ယောက် ရေ့ရေးက မသေချာ၊ အတူနေပြီး ရေ့ရေး မည်သို့မည်ပုံ စီစဉ်မည်ဟု အေးမက မေးခွန်းထုတ်သည်တွင် သူလည်း မဖြေ တတ်။

အေးမဘက်ကကြည့်လျှင် သူ့တွင်လည်း အမျှင်မပြတ်နိုင်သည့် ကိစ္စတွေ ကျန်သေးသည်။ အမေ့မျက်လုံးခွဲဖို့ ကိစ္စ၊ တိုးမ ပညာရေးဆုံးခန်းတိုင်ရောက်ဖို့

www.burmeseclassic.com


ကိစ္စ၊ သည်ကိစ္စ နှစ်ခုကို ပြီးအောင်လုပ်ရမည်။ သည်ကိစ္စနှစ်ခု မပြီးမချင်း အေးမ သူ့ကိုယ်ရေးကိုယ်တာကို မစဉ်းစားနိုင်။

'အစ်ကို သိထားဖို့က အေးမ မှောင်ခိုကုန်ကူးနေတာ သူဌေးဖြစ်ဖို့ မဟုတ်ဘူး၊ အမေ့မျက်လုံးကို ခွဲချင်တယ်၊ တိုးမ ဘွဲ့ရအောင် ထားချင်တယ်၊ ဒီရည်ရွယ်ချက်နှစ်ခုမြောက်ရင် အေးမတော်ပြီ၊ အေးမတို့မှာ သားအမိသုံးယောက်ပဲ ရှိတယ်၊ အမေဆိုတာ ဒုက္ခိတ၊ မျက်စိက ကောင်းကောင်းမြင်ရတော့တာ မဟုတ်ဘူး၊ အေးမအတွက် မပူပါဘူး၊ အေးမ တစ်ဝမ်းတစ်ခါးတော့ ရှာစားနိုင်ပါတယ်၊ ဒါပေမယ့် ညီမလေးအတွက် ပူတယ်၊ အေးမ ညီမလေးကို အေးမ စာသင်ပေးချင်တယ်၊ စာတော်တော့ ထွန်းထွန်းပေါက်ပေါက်လဲ ဖြစ်စေချင်တယ်၊ အေးမကတော့ ဖျင်းလဲဖျင်းတယ်၊ ကျောင်းနေဖို့လဲ မတတ်နိုင်ဘူး၊ ဒါကြောင့် အေးမ ဘဝကိုတော့ အဆုံးထားလိုက်ပြီ၊ ညီမလေးကိုပဲ မျှော်လင့်ချက်ထားတော့တယ်၊ ဘွဲ့ရတဲ့အထိတော့ ဒီအလုပ်တွေကို အေးမ လုပ်ရဦးမှာပဲ အစ်ကို့ရေ၊ မတတ်နိုင်ဘူး၊ မတတ်နိုင်ဘူး၊ လုပ်ရဦးမှာပဲ'

အေးမက သက်ပြင်းကို ချသည်။

ဟုတ်သည်။ သူ့မှာက ထောက်ပံ့ရမည့်သူ၊ တာဝန်ယူရမည့်သူ တစ်ယောက်မျှမရှိ၊ အမေ့တာဝန်လည်း မရှိ။ သန်းဆင့် အတွက်လည်း ပူစရာမရှိ။ တစ်ကိုယ်ရေ တကာယ၊ သို့တိုင်အောင် သည်တစ်ကိုယ်ရေ တကာယသည်ပင်လျှင် ထမင်းတစ်လုပ်အတွက် ရတတ်သမျှကို လုပ်နေရပြီ။ သူသည်ပင် ကျဆုံးခဲ့ပြီလောဟု သူ့ကိုယ်သူ သံသယရှိချင်သည်။ အေးမတို့၊ မချစ်မေတို့၊ ကိုဖေခင်တို့နှင့် ပြောတုန်းက အလုပ်ဟူသည် သန့်ရှင်း စင်ကြယ်ရမည်။ သိက္ခာရှိရမည်ဟု ပြောခဲ့သည်။ ယခု သူမည်မျှ သန့်ရှင်းနိုင်သနည်း။ မည်မျှ သိက္ခာရှိနိုင်သနည်း။

ကိုဖေခင်တို့ကသာ အမှတ်ထားတတ်လျှင် သူပြောခဲ့သည့် စကားတွေကို ပြန်ကိုးကားကာ သူ့ကိုလှောင်လိမ့်မည်။ ပြောခဲ့တုန်းကတော့ ကြီးကြီးကျယ်ကျယ်၊ နောက်ဆုံး သူဝင်လုပ်ရသည်က သူလိုကိုယ်လို မှောင်ခို။

တွေးတိုင်း သူ့လိပ်ပြာ မလုံ။

ကိုဖေခင်နှင့် နယ်စပ်က ပထမဆုံး ပြန်လာသည့်အခေါက်က တစ်ဘက်နိုင်ငံမှထုတ်သည့် 'ဘလက်နိုက်' ဝီစကီတစ်လုံး ပါလာသည်။ မြန်မာငွေဖြင့် လေးဆယ်ပေးရသည်။

သစ်ချောက်မိုင်း ပြန်ရောက်သည့်ညက သုံးယောက်သား အရက်သောက်ကြသည်၊ စင်စစ်၊ သူတို့သုံးယောက်စလုံး အရက်မသောက်ကြ။ သည်တစ်ခါ

www.burmeseclassic.com



တွင်မူ အထိမ်းအမှတ်အဖြစ် သောက်ကြသည်။ မည်သည့်ကြောင့်မှန်းမသိ။ ကိုမြင့် အရက်သောက်ချင်နေသည်။ ထို့ကြောင့် ထိုညက ကိုမြင့် မူးအောင် သောက်သည်။

အရက်မူးသည်တွင် ကိုမြင့် ရင်ပွင့်လာသည်။

'ကျွန်တော်ရှက်တယ် ကိုဖေခင်၊ ကျွန်တော် ရှက်တယ်'

'ဘာ ရှက်တာလဲကွ'

'ခင်ဗျားတို့ကို မှောင်ခိုမလုပ်ဖို့ ကျွန်တော်ပြောခဲ့တယ်၊ အများ မိုးခါးရေ သောက်တိုင်း ကျွန်တော် မသောက်နိုင်ဘူး၊ မသောက်ဘူးလို့ ကျွန်တော် ပြောခဲ့တယ်'

'အဲဒါ ဘာဖြစ်သလဲကွ၊ ဒါရှက်စရာလား'

ဖိုးလှချိုက ဝင်မေးသည်၊ ကိုမြင်က လက်ကာပြသည်။

'နေဦး၊ ကျွန်တော် ပြောဦးမယ်၊ အများ မိုးခါးရေ သောက်လို့ သောက်ရပါတယ်လို့ ပြောတဲ့လူဟာ သတ္တိကြောင်တဲ့လူ၊ ကိုယ့်အပြစ်ကိုယ် ဖော့တွက်ချင်တဲ့လူလို့ ကျွန်တော် ပြောခဲ့တယ်။ ကျွန်တော်ပြောခဲ့တယ်။ ဟုတ်တယ် မဟုတ်လား ကိုဖေခင်'

ကိုဖေခင်က ဖိုးလှချိုကို တစ်ချက်လှမ်းကြည့်ပြီး မျက်စိမှိတ်ပြသည်။ ကိုမြင့် မူးနေပြီ၊ အချိန်တိုတိုအတွင်း 'ဘလက်နိုက်' ဝီစကီ တစ်ပုလင်းကို သူတို့သုံးယောက်တည်း သောက်ခဲ့ကြသည်။ ပုလင်းကုန်လုပြီ၊ သူတို့နှစ်ယောက်က ချိုပြီး ကိုမြင့်ကို ဖိတိုက်ကြသည်။

'အေးပေါ့၊ ပြောတော့ ဘာဖြစ်သလဲ'

အမှန်က ကိုဖေခင်လည်း မူးနေပြီ၊ သူ့ကျန်းမာရေးက မကောင်းသည့်အတွက် ကိုမြင့်လောက် မခံနိုင်။

'ပြောတော့ ရှက်စရာတွေ ဖြစ်ကုန်တာပေါ့ဗျ၊ ဘာဖြစ်ရမလဲ။ ခု ကျွန်တော် ကျဆုံးသွားပြီ၊ ကျဆုံးသွားပြီ။ သန့်စင်ရေး သူရဲကောင်းကြီး ကျဆုံးသွားပြီ။ ခုပွဲဟာ သန့်စင်ရေး သူရဲကောင်းကြီးကို မီးသင်္ဂြိုဟ်တဲ့ပွဲ၊ မဟုတ်ဘူးလား ကိုလှချို'

ဖိုးလှချိုက ကြောင်ကြည့်နေသည်။

'လောကမှာ ကြေကွဲစရာ အကောင်းဆုံးဟာ ဘာလဲ၊ သိရဲ့လား၊ ခင်ဗျားတို့ သိမှာ မဟုတ်ပါဘူး၊ ကျွန်တော့်ဖာသာပဲ ကျွန်တော်ဖြေမယ်၊ လုပ်ချင်တာ တစ်ခုကို မလုပ်ရတာဟာ ကြေကွဲစရာအကောင်းဆုံးပဲဗျ၊ သိလား။ အဲဒါလောက်

www.burmeseclassic.com



ကြေကွဲစရာကောင်းတာ တစ်ခုမှ မရှိဘူး။ ရည်းစားနဲ့ကွဲလို့ ဆွေးရတယ်ဆိုတာလဲ ဒါနဲ့စာရင် အလကားပဲ'

ကိုမြင့်က သူ့အဓိပ္ပာယ်၊ သူ့ခံစားချက်ဖြင့် ပြောနေခြင်း ဖြစ်သည်။

'ကျွန်တော့်ကိုကြည့်၊ ကျွန်တော် အလုပ်ကလေးတစ်ခုလိုချင်တယ်။ အလုပ်ကို လိုက်ရှာတာ တစ်ပြည်လုံး နှံ့နေပြီ၊ ရန်ကုန်လဲ ရောက်ပြီ၊ မန္တလေးလဲ ရောက်ပြီ၊ ခန္တီးလဲ ရောက်ပြီ။ အလုပ်လဲ မရဘူး။ ဘာမှ မရဘူး၊ ခွေးမောင်းသလိုပဲ အမောင်းခံရတယ်'

ဖိုးလှချို က ရယ်သည်။

'မရယ်နဲ့ ဖိုးလှချို၊ တကယ်ပြောတာ၊ မြို့တစ်မြို့မှာ ကျွန်တော် လေဘာရုံးသွားပြီး၊ လေဘာ မှတ်ပုံတင်ကဒ် သွားတင်တယ်။ လေဘာရုံးဆိုတာ အလုပ်ရှာပေးရတဲ့ ရုံးဗျ၊ အဲဒီရုံးက ဘာပြောလိုက်တယ် ထင်သလဲ။ ဒါဟာ အလုပ်သမားမှတ်ပုံတင်ရုံးတဲ့။ ဂျပိုး သူခိုးကို မှတ်ပုံတင်တဲ့ရုံး မဟုတ်ဘူးတဲ့၊ ဘယ်လောက်စော်ကားတဲ့ စကားလဲ။ အဲဒီအရာရှိကို ကျွန်တော် ရိုက်မသတ်ခဲ့မိအောင် မနည်းချုပ်တည်းခဲ့ရတယ်၊ ရန်ကုန်ရောက်တော့ အောက်တန်းစာရေးလေးရပါမယ့်အကြောင်း ငွေသုံးထောင် ပေးရမတဲ့။ အဲဒါပေါက်ဈေးတဲ့။ ခုတော့ အေးမပြောတာ ကျွန်တော် ယုံချင်လာပြီ၊ ကိုယ်က သူများ မျက်ခုံးမွှေးပေါ် လျှောက်ရင်လျှောက်၊ ကိုယ်က မလျှောက်ရင် သူများက ကိုယ့်မျက်ခုံးမွှေးပေါ်မှာ လျှောက်သွားမှာပဲ။ စာရိတ္တ ကောင်းရမယ်၊ အကျင့်ကောင်းရမယ်ဆိုတာ အလကားစကား။ ဒီစကားဟာ မငတ်ဘူးတဲ့ လူတွေထွင်ခဲ့တဲ့ စကား။ မဟုတ်ဘူးလား ကိုလှချို'

'ဟုတ် သိပ်ဟုတ်'

ဖိုးလှချိုက ကိုဖေခင်ကို မျက်စိမှိတ်ပြသည်။

'ခုတော့ ကျွန်တော် ကျဆုံးသွားပြီ၊ သန့်စင်ရေး သူရဲကောင်းကြီးကျဆုံးသွားပြီ။ သန်စင်ရေးသမားကြီး မသန့်နိုင်တော့ဘူး။ ခင်ဗျားတို့ကတော့ထင်မှာပေါ့။ ဒီကောင် လွတ်မြောက်သွားပြီလို့ ထင်မှာပေါ့။ သန့်စင်ရမယ်ဆိုတဲ့အချုပ်အနှောင်ထဲမှာ ပိတ်မိနေတဲ့ ကောင်တစ်ကောင် ကျွတ်သွားပြီ၊ လွတ်သွားပြီလို့ ထင်မှာပေါ့။ မဟုတ်ဘူးလား။ ဟုတ်တယ်။ ကျွန်တော့်ဘက်က ပြန်ကြည့်ရင် ကျွန်တော် လွတ်မြောက်သွားပြီ။ ဘာမှ ငဲ့စရာမလိုတော့ဘူး။ ခုတမူးကတစ်ခေါက် ပြန်လာပြီ။ နောက်တစ်ခေါက် သွားဦးမယ်။ နောက်တစ်ခေါက်သွားဖို့လိုအပ်ရင်။ နောက်တစ်ခေါက် သွားဦးမယ်။ မဟုတ်ဘူးလား ကိုလှချို။ သွားတော့ ဘာဖြစ်သလဲ။ လာ... နောက်တစ်ခွက်'

www.burmeseclassic.com


ကိုမြင့် တော်တော် မူးနေပြီ။ ထို့ကြောင့် ဖိုးလုချိုတို့က သည်တစ်လှည့်တွင် ကိုမြင့်ခွက်ထဲသို့ နည်းနည်းထည့်ပြီး သူတို့ခွက်နှစ်ခွက်ထဲသို့ များများထည့်သည်။

ထိုညက ကိုမြင့် အမူးလွန်၍ လဲသည်။ မည်သို့မည်ပုံ အိပ်ရာထဲရောက်သွားသည်ကိုပင် မသိလိုက်။

သည်နောက်တွင်မူ ကိုမြင့်သည် မှောင်ခိုလုပ်ငန်းအကြောင်း တစ်ခွန်းမျှ မပြောတော့။ အကောင်းလည်းမပြော၊ အဆိုးလည်းမပြော၊ ရေငုံနှုတ်ပိတ်နေသည်။ သူ့သဘောထားကို သော့ခတ်ပိတ်ပင်ထားသည့်နှယ် ရှိသည်။

သည်တစ်ခေါက် ကိုဖေခင် မုံရွာက တက်လာသည့်အခါတွင် ဦးကျင်စိန်၏လူနှင့် အဆက်အသွယ်ရလာခြင်း ဖြစ်နေသည်။ နေလင်းအောင်တို့ သည်ဘက်တွင် လမ်းပွင့်နေခြင်းကို ဦးကျင်စိန် သိသည်။ နေလင်းအောင်လို မနေ့တစ်နေ့က မှ စီးပွားရေးလောကထဲဝင်လာသည့် ‘ချာတိတ်’ ကလေးက သူ့လို ကုန်သည်ရင့်မကြီးကို ဖြတ်တက်သွားခြင်းကို တွေးတိုင်း ရှက်သည်။ ထို့ကြောင့် နေလင်းအောင်တို့ ကိုယ်ရှိန်သတ်နေချိန်တွင် သူက တစ်စခန်းထခြင်း ဖြစ်သည်။

ဦးကျင်စိန်က သမရိုးကျလမ်းအတိုင်း မဆင်းချင်၊ ယုဝချောင်းကို တွေ့ထားသည်။ ယုဝချောင်းက မှောင်ခိုအသွားအလာရှင်းသည်။ ဆိုင်ရာက အာရုံစိုက်နေသည်မှာ တမူးနှင့် ကလေးဝလမ်း၊ တီးတိန်နှင့် နယ်စပ် တောလမ်းများဖြစ်သည်။ သည်လမ်းကို အာရုံမစိုက်၊ ယုဝချောင်းသည် ဟင်းလင်းကြီး ပွင့်နေသည်။ ဦးကျင်စိန်အဖို့ အကွက်ကောင်းပေါ်ပြီ။ သည်လမ်းကို သူစမ်းကြည့်ချင်သည်၊ လမ်းသစ်ဖြစ်၍ စွန့်တော့ စွန့်ရမည်၊ လေးကောင်ဂျင်ဝိုင်းထဲက ဇယားကွက်ကလေးပေါ်တွင်ပင် ကံစမ်းရဲသေးလျှင် ယုဝချောင်းက အကျယ်ကြီး။ လွတ်လမ်းတွေ တစ်ပုံကြီးရှိသည်၊ သည်စိတ်ကူးဖြင့် သူ့လူတစ်ယောက်ကို ယုဝချောင်းဖျားကို အထောက်လွှတ်သည်။ အန္တရာယ်မရှိ၊ အားလုံးကောင်းသည်။

သည်တွင် လူရှာရင်း ကိုဖေခင်နှင့် အဆက်ရခြင်းဖြစ်သည်။

ကိုဖေခင်ပြောတော့ ကိုမြင့် ဘာမျှမပြော၊ မပြောလည်း မပြောချင်။

‘ဘယ်လိုလဲ ဖိုးကိုမြင့်၊ လုပ်မလား၊ ကိုယ်တို့က ငါးရာခိုင်နှုန်းရမယ်၊ ဒုက္ခတော့ တော်တော်ကြီးတယ်၊ ငါးရာခိုင်နှုန်းကို တစ်ယောက် တစ်ဝက်စီခွဲဦး၊ တစ်ယောက်တစ်သောင်းလောက်တော့ ရမှာပဲ၊ ရရင် ကိုယ်လဲတော်ပြီကွာ၊ နှစ်ယောက်ပေါင်းပြီး ရေဒီယိုပြင်ဆိုင်လေးဖွင့်မယ်၊ ဘယ့်နှယ်လဲ’

www.burmeseclassic.com


ကိုဖေခင်က ကိုမြင့်ဘာမျှမပြောသည်ကို အားမရ၊ စင်စစ် ဦးကျင်စိန်ကမ်းလှမ်းချက်ကို လက်ခံခဲ့ခြင်းမှာ ကိုမြင့်အားကိုးဖြင့် လက်ခံခဲ့ခြင်း ဖြစ်သည်။ ကိုမြင့်က ငယ်ရွယ်သည်၊ သတ္တိကောင်းသည်၊ သစ္စာရှိသည်၊ လုပ်ရဲကိုင်ရဲသည်။ ကိုမြင့်လို လူမျိုးနှင့်ဆိုလျှင် သူလည်း လုပ်ရဲသည်။

'လုပ်မယ်လေ၊ ရပါတယ်၊ ကျွန်တော့်အဖို့ ဘာထူးတော့တာမှတ်လို့၊ ဟန်ကျရင်လဲ အေးအေးဆေးဆေး နေရုံပေါ့၊ ကံမကောင်းလို့ အဖမ်းခံရရင်လဲ ထောင်ထဲဝင်ရုံပေါ့၊ ထောင်ထဲမှာလဲ ထမင်းတစ်လုတ်တော့ စားရမှာပဲ'

သည်လိုဖြင့် ကိုမြင့်တို့တစ်သိုက် ယုဝချောင်းအတိုင်း စုန်ခဲ့ကြသည်။ လူခြောက်ယောက်၊ လှေသုံးစင်း၊ ပစ္စည်းတော်တော်ပါသည်။

မည်မျှဟန်ကျမည်၊ မကျမည်ကို မပြောတတ်၊ သည်တစ်ခေါက်က တစ်ခေါက်ဆိုသလောက် အလွန်ဆင်းရဲသည်၊ ကိုဖေခင့်စကားနှင့် ပြောရလျှင် 'လက်ကုန်' ဟု ဆိုရမလောက်၊ ချင်းတွင်းထဲ ရောက်သည်တွင် ရေကိုစုန်၍မရ၊ နေ့ဆိုလျှင် ရွာဖွေရေးနှင့် ပက်ပင်းတိုးနိုင်သည်။ ညညကျမှ စုန်ရသည်၊ နံနက်လင်း ကာနီးသည်နှင့်တစ်ပြိုင်နက် တွေ့ရာသောင်စပ်၊ ကမ်းစပ်၊ တောစပ်တွင် ထိုးဆိုက်ရသည်။ စိတ်မချရလျှင် ပစ္စည်းများကို ကိုင်းတောထဲတွင် ဝှက်ထားရသည်။ လူက ကမ်းစပ်တွင် မယောင်မလည် ပိုက်သမားယောင်ယောင်၊ တံငါယောင်ယောင်၊ မိုးချုပ်မှ ပစ္စည်းကို ပြန်တင်၍ ဆက်စုန်ရသည်။

လူသာဆင်းရဲရုံမဟုတ်၊ စိတ်ကလည်း ဆင်းရဲသည်။ ကိုင်းစပ်တွင် နားနေရင်း မော်တော်ဘုတ်သံကြားလျှင် ရင်တထိတ်ထိတ် ဖြစ်ရသည်။ သည်တစ်ခေါက်တော့ လုပ်ရဦးမည်။ ငွေတစ်သောင်းလောက်ရလျှင် အေးမကိုလည်း မလုပ်ခိုင်းတော့။ လက်ထပ်မည်။ သူက ရေဒီယိုစက်ပြင်သင်တန်းတစ်ခု တက်မည်။ မုံရွာတွင်ဖြစ်စေ၊ ကလေးမြို့တွင်ဖြစ်စေ၊ ရေဒီယို ပြင်ဆိုင်ကလေး တစ်ဆိုင်ဖွင့်မည်။ ကိုဖေခင်နှင့် နှစ်ယောက်ပေါင်းလျှင် အရင်းအနှီးကလေးလည်း ရှိသင့်သလောက် ရှိပြီ။ အကယ်၍ သည်လုပ်ငန်း အဆင်မပြေလျှင် ဈေးဘွားရေရှင်တွင် ဖြစ်စေ၊ ခန်းပတ်တွင် ဖြစ်စေ၊ ခြံလေး တစ်ခြံ ဝယ်ပြီး ဆန်ကစ်၊ လိမ္မော် စသည်စိုက်မည်။

ယုဝ ချောင်းအတိုင်း စုန်၍ ချင်းတွင်းသို့ ဝင်ခဲ့သည်။ တစ်လျှောက်လုံး ဘာမှမဖြစ်။ အားလုံးချောမောသည်။

သူတို့ ယုဝချောင်းဖျားက စုန်လာသည်မှာ သည်ညပါဆိုလျှင် ဆယ်ည ရှိပြီ။

www.burmeseclassic.com



မြစ်ပြင်က မှောင်ရာမှ တဖြည်းဖြည်း လင်းစပြုလာသည်။ အရှေ့ဘက်ကို လှမ်းကြည့်တော့ ကောင်းကင်တွင် အဖြူရောင်လဲ့လဲ့ ပြေးစပြုပြီ၊ လင်းကြက်တွန်သံများကို ကြားရသည်။

'ဟော့ . . . ဖိုးကိုမြင့် လင်းတော့မယ်ကွ။ ဘယ်နှယ်လဲ။ ကပ်မလား'

ကိုဖေခင်က ပဲ့မှ လှမ်းမေးသည်။

'ဘယ်နားရောက်ပလဲ။ ရှေ့နားကတော့ ရွာထင်တယ်'

ကိုမြင့်က အလင်းရောင်ပျပျတွင် ရေးရေးမျှ မြင်ရသည့် သစ်ပင်အုပ်တစ်အုပ်ကို မျှော်ကြည့်သည်။

'ကန်ရွာထင်တယ်။ ကန်ရွာပြီးရင် မင်းကင်းရောက်မှာပဲ'

ဆက်စုန်လျှင် မိုးမလင်းမီ မင်းကင်းကို ဖြတ်ပြီး မင်းကင်းအောက်နားက ကွေ့တွင် သွား၍ စခန်းချနိုင်သည်။ ကောင်းကောင်း အချိန်မီသည်။ သို့ရာတွင် ကိုဖေခင်တို့က ဝေလီဝေလင်းတွင် မင်းကင်းကို ဖြတ်၍ မစုန်ချင်။ မင်းကင်းက မြို့ဖြစ်၍ အသွားအလာရှုပ်သည်။ ယခုတလောတွင် မှောင်ခိုဖမ်း သည့် 'စစ်ဆင်ရေး' တွေလည်း ဒလကြမ်း လုပ်နေသည်ဟု သတင်းသန့်သန့်ကြားရသည်။ ထို့ကြောင့် မင်းကင်းထိအောင် မစုန်တော့။ မင်းကင်းနှင့် ကန်ရွာကြား ကမ်းစပ်က ချောင်းရိုးလေးအတွင်းသို့ ဝင်ကြသည်။

ချောင်းရိုးကလေးက မြစ်ဝတွင် ကျယ်သော်လည်း ချောင်းဖျားတွင် တဖြည်းဖြည်း ကျဉ်းသွားသည်။ ချောင်းတစ်ဖက်တစ်ချက်တွင် ကိုင်းတောကြီးတွေ ရှိသည်။ လူတစ်ရပ်လောက်မြင့်သည်။ ပစ္စည်းတွေကို လုံလုံခြုံခြုံ ထိန်းနိုင်သည်။

သူတို့တစ်သိုက် ပစ္စည်းတွေကို ကမ်းစပ်ပေါ်က ကိုင်းတောထဲသို့ တက်သိမ်းကြသည်။ မသိမ်း၍ မဖြစ်။ မြို့နားနီးသဖြင့် အသွားအလာများနိုင်သည်။ ပစ္စည်းတွေကို သိမ်းပြီး တချို့က ကမ်းစပ်တောထဲတွင် အိပ်ကြသည်။ ကိုဖေခင်က ပိုက်နှစ်ဖုံကို မျှောထားရင်း ထမင်းချက်သည်။ သူတို့ကို မည်သူကမျှ သင်္ကာမကင်း ဖြစ်မည်မဟုတ်။ ပိုက်မျှောနေသည့် ပိုက်သမားတစ်စုဟု ထင်ကြမည်။ သူတို့၏ အသွင်ပြောင်းဘဝက ယုတ္တိတန်သည်။ စိတ်ချရပြီ။

ကိုမြင့်က မင်းကင်းသို့သွား၍ ရိက္ခာဝယ်ရသည်။ အခြေအနေ အကဲခတ်ရသည်။

နံနက်စာစားပြီးတော့ ကိုမြင့် မင်းကင်းသို့ စုန်ခဲ့သည်။ အခြေအနေ သိပ်မကောင်း။ မြို့ပေါ်တွင် မှောင်ခိုပစ္စည်းတွေကို သိမ်းနေသည်။ မင်းကင်း

www.burmeseclassic.com


ဆိပ်ကမ်းတွင် မော်လိုက်သင်္ဘောမှ ပါလာသည့် ကုန်တွေ မုံရွာအဆန်မှ ပါလာသည့် မောင်ခိုကုန်တွေကို ဆီးသိမ်းနေသည်။ လိုသည့် ပစ္စည်း မြန်မြန် ဝယ်ပြီး ကိုမြင့် ကူးတို့ဆိပ်သို့ ဆင်းခဲ့သည်။ မင်းကင်းမှ ကန်ရွာသို့ ကူးတို့နှင့်လိုက်မည်။ ကန်ရွာ သူတို့လှေဆိုက်ထားရာ ကမ်းစပ်သို့ ခြေလျင်ပြန်မည်။

ဆိပ်ကမ်းသို့ ရောက်သည်။ နေ့လည် နာရီပြန်နှစ်ချက်ရှိပြီ။ အညာနေက မြေငွေ့လျှပ်လျှပ်ထအောင်ပူသည်။ အကြော်တဲတွင်ထိုင်ကာ ကူးတို့ကိုစောင့်သည်။

သည်တုန်း အညာမှ မော်တော်တစ်စင်း စုန်လာသည်။ ရဲမော်တော်ဟု သိရသည်။ စုန်ဆင်းလာသည့် မောင်ခိုပစ္စည်းကို လိုက်ဖမ်းနေခြင်း ဖြစ်သည်။ နေ့ခင်းကြောင်တောင် မြစ်လယ်တွင် စုန်ဆင်းလာလျှင် ရဲမော်တော်နှင့် ပက်ပင်းဝင်တိုးမည် မုချ။

သို့ရာတွင် နေ့ခင်းကြောင်တောင်တွင် မည်သူက အမိုက်ခံ၍ စုန်ဆင်းမည်နည်း။ ရွှေဉာဏ်တော် စူးရောက်သည့် ရဲတို့ကို ကြည့်၍ ကိုမြင့်ပြုံးသည်။

ကိုမြင့်နှုတ်ခမ်းသည် ပြုံးနေရာက တဖြည်းဖြည်း စေ့သွားသည်။ စေ့ရာမှ တဖြည်းဖြည်း မဲ့လာသည်။ မသေချာ၍ သေသေချာချာ ကြည့်သည်။ ဟုတ်ပြီ။ သူ့အကြည့်မမှား။

ရဲမော်တော်နောက်တွင် လှေသုံးစင်းဆွဲလာသည်။ လှေကသူတို့လှေတွေ၊ လှေပေါ်တွင် မော်တော်ကား အင်ဂျင်တွေ တင်ထားသည်။ အပေါ်တာရပတ်ပင်မအုပ်။ သေချာသည်။ သူတို့လှေတွေ ဖြစ်သည်။

ကိုဖေခင်တို့ကို လှမ်းကြည့်သည်။ လှေပေါ်တွင် မတွေ့ရ။ ရှေ့က ရဲမော်တော်ပေါ်တွင် ပါဟန်တူသည်။ ရဲမော်တော်ကမ်းသို့ ကပ်သည်။ မော်တော်က လူတွေ ဆင်းလာကြသည်။ ကိုဖေခင်တို့တစ်သိုက်။ လက်ထိပ်ကိုယ်စီဖြင့် ရဲများခြံရံ ဆင်းလာကြသည်။

ကိုမြင့် ဘာလုပ်ရမည်နည်း။ လှည့်ပြေးရမည်လော။ ပြေးလျှင် မင်းကင်း မုံရွာကိုလိုက်ရမည်။ မုံရွာမှတစ်ဆင့် ပခုက္ကူဘက်သို့ပြန်မည်လော။ ဖိုးလှချို့ရှိရာ သစ်ချောက်မိုင်းသို့ သွားမည်လော ကိုမြင့် စဉ်းစားသည်။

စိတ်က ပြေးချင်သည်။ ထောင်ထဲ တစ်ခေါက်ရောက်ခဲ့ဖူးပြီ။ အချုပ်ထဲတွင် တစ်ပတ်လောက် နေရဲဖူးပြီ။ ထမင်းနပ်မှန် စားရသော်လည်း လွတ်လပ်မှု ဆုံးရှုံးရသည်။ စင်စစ် ထောင်ဆိုသည်မှာ လူ့လွတ်လပ်မှုကို ထမင်းနှင့် လဲစားကြရသည့် နေရာဖြစ်သည်။ သည်လွတ်လပ်မှုကို ထမင်းနှင့် လဲမစားနိုင်။ ထမင်းငတ် ခံချင်ခံမည်။ လွတ်လပ်မှုကို အဆုံးအရှုံးမခံနိုင်။

www.burmeseclassic.com


ကိုမြင့် ပြေးဖို့ စိတ်ကူးပေါ်သည်။ သို့ရာတွင် ကိုဖေခင့် မျက်နှာကို ကွက်ကနဲ မြင်သည်။ သူ့အပေါ်တွင် ကိုဖေခင်တို့ ကျေးဇူးတွေ ရှိသည်။ ကိုဖေခင်တို့နှင့် သူသည် အေးအတူ ပူအမျှ ခွဲဝေခံစားကြသူများ ဖြစ်ကြသည်။ သေအတူ ရှင်မကွာ သည်ခရီးကို လာခဲ့ကြသူများ ဖြစ်သည်။ ကိုဖေခင်ကို တစ်ယောက်တည်း ထားမပစ်ခဲ့ချင်၊ အနည်းဆုံး ကိုဖေခင်အားရှိအောင် လူရိပ် လူယောင် ပြချင်သေးသည်။ ထို့ကြောင့် ကိုမြင့် ဘယ်ကိုမျှမသွား။ ကမ်းပေါ်သို့ တက်လာသော ကိုဖေခင်တို့ တစ်သိုက်ကို အကြော်တဲထဲမှ ထိုင်ကြည့်သည်။

ကိုဖေခင်က သူ့ကိုမြင်သည်။ မျက်စိတစ်ဖက်ကို မှိတ်ပြသည်။ မည်သည့် အဓိပ္ပာယ်နည်း။ ရှောင်ပြေးဖို့ အချက်ပေးသည်လော၊ မဝေခွဲတတ်၊ ရှောင်တော့ မရှောင်ချင်၊ အခြေအနေကို စောင့်ကြည့်ချင်သည်။ ကိုဖေခင်တို့ကို မင်းကင်း တွင် ထားလျှင် ထောက်ထောက်ပံ့ပံ့ မည်သူမျှမရှိ၊ တစ်ရပ်တစ်ကျေးဖြစ်၍ ဆေးလိပ်ကလေး၊ စားစရာလေးက အစ ပို့မည်သူမရှိ၊ ရှေ့နေရှေ့ရပ်ကိစ္စ ဆောင်ရွက်မည့်သူမရှိ။

သူတို့ထဲမှ ဦးကျင်စိန် လူတစ်ယောက် သူ့ကိုလှမ်းကြည့်ပြီး ရဲစခန်းမှူး ကို တိုးတိုးလှမ်းပြောသည်။ မကြာ၊ ရဲစခန်းမှူး သူ့ရှေ့လာရပ်သည်။

'ကိုမြင့်ဆိုတာ မင်းလား'

ကိုမြင့် မတတ်သာ၍ အဆင်သင့်ဖြစ်ပြီ။

'ဟုတ်တယ်

'ဒါဖြင့် ခဏလိုက်ခဲ့'

ကိုမြင့် မငြင်း၊ ငြင်းနေ၍လည်း အကြောင်းထူးမည် မဟုတ်။ ရပ်နေ သော ကိုဖေခင်တို့ဆီသို့ ခပ်သုတ်သုတ် လျှောက်ခဲ့သည်။

()

www.burmeseclassic.com



ကွေ့ကြီးရပ်ရှိ အသိအိမ်တစ်အိမ်မှ ပြန်ခဲ့သည်။

ကတ္တရာစေးလမ်းပေါ်တွင် မြင်းခွာသံသည် စည်းချက်ညီညီကျနေသည်။ ဈေးကြီးနားအရောက်တွင် ရထားပေါ်မှ ဆင်းသည်။ ရထားခက တစ်ကျပ်၊ အိတ်ထဲတွင် ကျပ်တန်နွမ်းကလေး သုံးလေးရွက်သာ ကျန်တော့သည်။ ထမင်း တစ်နပ်စာပင် မရှိ၊ သစ်ချောက်မိုင်းသို့ ပြန်ဖို့ကမူ မစဉ်းစားနိုင်၊ စားစရိတ် မရှိ၊ လမ်းစရိတ် မရှိ။

ပခုက္ကူသို့ ပြန်ရမည်လောဟု ကိုမြင့် စဉ်းစားကြည့်၏။ ပခုက္ကူတွင် သူ့သူငယ်ချင်း ကိုထွန်းအောင် ရှိမှရှိပါဦးမည်လော မပြောနိုင်၊ သူငယ်ချင်း ကလည်း အလုပ်လက်မဲ့၊ သည်အချိန်ဆိုလျှင် ပခုက္ကူတွင် အလုပ်များရနေပြီလော၊ တစ်ရပ်တကျေးသို့ အလုပ်ရှာထွက်သွားလောက်ပြီလော။

ရွာကိုမူ မပြန်ချင်၊ ပထွေးနှင့်လည်း မတွေ့ချင်၊ အမေနှင့်လည်းကောင်း၊ ညီမနှင့်လည်း လည်းကောင်း မတွေ့ချင်၊ သူတို့နှင့် လမ်းဖြတ်ခဲ့သည်မှာ ကြာပြီ။

မင်းကင်း အချုပ်တွင် ကိုမြင့် တစ်လကြာခဲ့သည်။ ရုံးတင်သည့်အခါတွင် သူ့ကို ပြစ်မှုမထင်ရှားဟု ဆိုကာ တရားရုံးက နောင်တွင် ကောင်းမွန်စွာ နေထိုင်ရန် ဆုံးမလွှတ်လိုက်သည်။ ကိုဖေခင်တို့ကမူ ထောင်ဒဏ်လေးနှစ်စီ ကျသွားကြသည်။

ယခု အချုပ်က လွှတ်သဖြင့် မုံရွာသို့ လာခဲ့ခြင်းဖြစ်သည်။ မုံရွာတွင် ကွေ့ကြီးရပ်က ကိုဖေခင့် အသိအိမ်တစ်အိမ်တွင် တစ်ညအိပ်သည်။ မနက်တွင် ဈေးသို့ ထွက်လာခဲ့သည်။

ကိုမြင့် ဈေးထဲက မချစ်မေတို့ဆိုင်သို့ ဝင်သည်။ အဆင်သင့်ပင် မချစ်မေကို တွေ့ရသည်။ မချစ်မေက သူ့ကို ပြုံး၍ နှုတ်ဆက်သည်။ သူ့အပြုံးက လှောင်ပြုံး၊ ကိုမြင့် ကောင်းကောင်းသိသည်။

www.burmeseclassic.com


'ကိုရွှေမြင့်တို့များတော်၊ ခုမှပဲ ကျုပ်တို့ဆိုင်ဘက် လှည့်တော့တာပဲ၊ အလုပ်ကြီး အကိုင်ကြီး လုပ်နေတဲ့ လူဆိုတော့ တို့ဆိုင်ဘက်ကို ဘယ်ခြေဦး လှည့်ပါ့မလဲ'

မချစ်မေက ခနဲ့သည်။ သူ့အပြုံးက လှောင်ပြုံး၊ ကိုမြင့်သိသည်။ ကိုမြင့်က ဈေးဆိုင်ဘေးကိုကွေ့ကာ ခွေးခြေတွင် ဝင်ထိုင်သည်။

'ဆိုစမ်းပါဦး၊ ယုဝချောင်းဖျား တက်သွားတယ်ဆို၊ ဘာကုန်တွေ ပါသလဲ၊ ဟန်ကျတယ် မဟုတ်လား'

ကိုမြင့်က လျှော့တိလျှော့ရဲ ပြုံးကာ ခေါင်းရမ်းပြသည်။

'သိပ် ဖွက်မနေပါနဲ့၊ ချစ်မေတို့က ချက်ဆို နားခွက်က မီးတောက်ပြီး သားပါ၊ ဦးကျင်စိန် အဖွဲ့နဲ့ သွားတယ်ဆို၊ ဘယ်လိုလဲ၊ ခိုင်းကြေးနဲ့လား၊ ပတ်ပြတ်လား'

'မင်းကင်းအထက်နားမှာ မိသွားတယ်၊ ပစ္စည်းတွေလဲ အသိမ်းခံရတယ်၊ လူတွေလဲ ဖမ်းမိလို့ ထောင်လေးနှစ်ကျသွားတယ်၊ ကျွန်တော်ကတော့ မင်းကင်း အချုပ်မှာ တစ်လလောက်နေရပြီး ရုံးရောက်တော့ လွတ်လာတယ်၊ ခု မင်းကင်း က လာတာ'

'ဟောတော့၊ တို့တောင် ဘာမှမကြားလိုက်ပါလား၊ ဘယ်လိုဖြစ်တာတုန်း'

ကိုမြင့်က အဖြစ်အပျက် ပြန်ပြောပြသည်။

'ပစ္စည်းကတော့ လေးငါးသိန်းဖိုးလောက် ရှိမှာပဲ၊ အဲဒီ ဦးကျင်စိန်ဆို တဲ့ လူတော့ ငိုလိမ့်မယ် ထင်တယ်'

မချစ်မေ နှုတ်ခမ်းကိုမဲ့သည်။

'အမယ်လေး၊ လေးငါးသိန်းဖိုးလောက် မိလို့ကတော့ ဦးကျင်စိန်က ဘာမှမလဲ၊ သူ ဂျင်တစ်ဝိုင်းစာလောက်ပဲ ရှိတယ်၊ အရင်လထဲတုန်းက မိုးကုတ် က ကျောက်စိမ်းသူဌေးတွေနဲ့ ဂျင်ထိုးတာ ခြောက်သိန်းရှုံးသတဲ့၊ ဒီလထဲကျတော့ ကိုးသိန်းပြန်နိုင်သတဲ့၊ လေးငါးသိန်းဖိုးလောက်များတော့ ဦးကျင်စိန်က ဂျင်လှည့် တောင် ပျက်မှာ မဟုတ်ဘူး၊ တစ်နေ့ကတောင် ဈေးနားမှာ တွေ့လိုက်သေးတယ်၊ မျက်နှာတစ်ချက်မညှိုးဘူး၊ မင်းတို့မှာသာ အဖမ်းခံရ၊ အချုပ်ခံရနဲ့၊ သူတို့များကျ တော့လဲ တယ်ဟန်ကျ၊ လူတွေကတော့ ဟုတ်ပေ့ကွာ၊ တစ်ယောက်က ဦးကျင်စိန် ရဲ့ဘော်ဒါ၊ တစ်ယောက်က ဦးမြမင်းနဲ့ နေလင်းအောင်ရဲ့ ဘော်ဒါ'

ကိုမြင့်က နားမလည်၊ ကြောင်နေသည်။

'ဘယ်သူလဲ'

www.burmeseclassic.com



'ဘယ်သူရမလဲ မင်းပေါ့၊ မုံရွာမြို့မှာ အပြေးပြိုင်နေတဲ့ သူဌေးနှစ်ယောက်ရှိတယ်၊ တစ်ယောက်က ဦးကျင်စိန်၊ တစ်ယောက်က ဦးမြမင်း၊ ဦးမြမင်းဆိုပေမယ့် တကယ်လုပ်နေတာက သမက်ကလေးပါ၊ တို့တာဟန်းမှာ တွေ့ခဲ့တဲ့ကောင်လေးပေါ့၊ နေလင်းအောင်ဆိုတာလဲ၊ မှတ်မိတယ် မဟုတ်လား'

'မှတ်မိပါတယ်၊ အဲဒါ ဘာဖြစ်သလဲ'

ကိုမြင့်က ပြုံးသည်။ ဖောင်ကူးတံတားပေါ်က သူနှင့် နေလင်းအောင်ကိစ္စကို သူပြောမပြ။

'ဘာဖြစ်ရမလဲ၊ မင်းက ဦးကျင်စိန်ရဲ့ဘော်ဒါ၊ အေးမက နေလင်းအောင်ရဲ့ ဘော်ဒါ၊ ဟန်ကျတာပေါ့'

ကိုမြင့် မျက်နှာပျက်သွားသည်။ သို့ရာတွင် ချက်ချင်း ဣန္ဒြေဆည်သည်။ သူက ဦးကျင်စိန်၏ အဆက်အသွယ်၊ ဦးကျင်စိန်၏ ကြေးစား၊ ခိုင်းကြေးဖြင့် ဦးကျင်စိန်၏ ပစ္စည်းများကို သယ်လာခဲ့သူ။ အေးမက နေလင်းအောင်၏ ကြေးစား၊ နေလင်းအောင်၏ပစ္စည်းကို အခကြေးငွေဖြင့် သယ်ပေးသူ။

ကိုမြင့် မချစ်မေ၏စကားကို သံသယဖြစ်သည်။ မချစ်မေက ဈေးသည်ပီပီ စကားဖွာသည်။ ချဲ့ကားတတ်သည်။ ထို့ကြောင့် သူ့စကားကို မယုံချင်။

'ဟုတ်ကော ဟုတ်ရဲ့လား အစ်မကြီးရဲ့'

မချစ်မေက ကိုမြင့်ကို ကြည့်သည်။ သနားစရာ့ သတ္တဝါတစ်ယောက်ကို ကြည့်သည့် အကြည့်မျိုး။

'သိပ်ဟုတ်တာပေါ့ကွယ်၊ ဟုတ်တဲ့ ဟိုဘက် ဆယ်ဘူတာတောင် လွန်သေး။ အခု မင်းအေးမက အရင် အေးမ မဟုတ်တော့ဘူးကွယ့်။ ခြေလှမ်းက ကျဲသထက် ကျဲလာပြီ၊ ဝင်သွားပါဦးလား။ အိမ်မှာရှိမှာပါ။ ဟိုတလောကတောင် မန္တလေးသွားတယ် ကြားတယ်၊ ပြန်ရောက်လောက်ရော့ပေါ့'

ကိုမြင့် မချစ်မေကို နှုတ်ဆက်သည်။ မချစ်မေက အေးမတို့အိမ်ကို လမ်းညွှန်လိုက်သည်။ မော်တော်ကား၊ မြင်းလှည်း၊ ဆိုက်ကားတို့ ရှုပ်ပွေသော ကျောက်ကာ လမ်းကို ကိုမြင့်လျှောက်လာခဲ့သည်။ မချစ်မေ ပြောလိုက်သည့် အိမ်နံပါတ်ရှေ့တွင် ရပ်သည်။

သူ့စိတ်က ဝေခွဲမရ။

အေးမတို့အိမ် ဟုတ်မှ ဟုတ်ပါ၏လော။

အိမ်က သပ်သပ်ရပ်ရပ်ရှိသည်။ သဘော်ာဆေးစိမ်းသုတ်ထားသည် သံဇကာပေါက်ကြီးများကို ဝင်းထရံခတ်ထားသည်။ အိမ်ကလေးက သွပ်မိုး၊

www.burmeseclassic.com



ပျဉ်ထောင်၊ တစ်ထပ်ဆင်ဝင်အိမ်ကလေး။ ပြတင်းပေါက်များတွင် မုံရှာချည်ပွ၊ အဖြူ၊ အစိမ်း ကွက်တုံးခန်းဆီးများက လွင့်နေသည်။ တံစက်မြိတ်တွင် ရွက်လှ ပန်းအိုးများ ချထားသည်။

အေးမတို့ အိမ်သည် သည်မျှ သပ်ရပ်လိမ့်မည်ဟု နဂိုက မထင်ခဲ့။

အိမ်ရှေ့တွင် ရပ်ရင်း ခပ်လှမ်းလှမ်းက ကလေးတစ်ယောက်ကိုမေးရန် ကိုမြင့် လှမ်းလိုက်သည်။

'ဟော အစ်ကိုပါလား၊ လာ... လာ။ ဘယ်သူများလဲလို့'

အိမ်ထဲမှ အသံကြောင့် ကိုမြင့် မျက်လုံးများက အိမ်ဖက်သို့ပြန်ရောက်သွားကြ၏။ အိမ်ထဲက သံဇကာကွက်တံခါးကို ဖွင့်၍ ရပ်နေသော တိုးကို တွေ့ရသည်။ ဘလောက်စ်အင်္ကျီအဖြူ၊ နက်ပြာရောင် ထမီထဲတွင် ဖြူဝင်းသော အသားက ရွှန်းတင့်သည်။ ဆံပင်များက နဖူးနှင့် ပခုံးတွင် ဝဲကျနေသည်။

အုတ်လှေကားထစ်ကလေးများကို နင်းကာ အိမ်ပေါ်သို့ တက်ခဲ့သည်။ သူ့စိတ်ထဲတွင် မဝံ့မရဲ။ အိမ်က သူထင်ခဲ့သည်ထက် သားနားသဖြင့် ရွံ့နေသည်။

'လာ၊ ထိုင်ဦးအစ်ကို။ မအေးတော့ မရှိဘူး။ မန္တလေးက ပြန်မလာသေးဘူး'

တိုးက သူ့ကိုထိုင်ခိုင်းပြီး အိမ်ခန်းထဲသို့ ဝင်သွားသည်။ အိမ်ရှေ့ခန်းတွင် သပြေရင့်ရောင် ကုလားထိုင်ပုများ ချထားသည်။ လက်တင်များကို ဖော်မီကာ အုပ်လျက် မှန်ကပ်ကျွန်းသား စားပွဲရှည်ပေါ်တွင် ပန်းစိုက်အိုးတစ်လုံး တင်ထားသည်။ အရွက်စိမ်းစိမ်းများကို ချွေချပြီး ပန်းပွင့်နှင့် ကြည့်ကောင်းရုံ လေးငါး ရွက်ချန်ထား၏။ ဆေးပေါ့လိပ်ထည့်သည့် ယွန်းသေတ္တာ၊ ယွန်းစီးကရက်ဘူး၊ ကြွေဆေးလိပ်ပြာခံခွက်တို့က သူ့နေရာသူနှင့် စနစ်တကျ။

ဧည့်ခန်းထောင့်က အလှပြမှန်ဘီရိုထဲတွင် အရုပ်ကလေးများ၊ ရွှေပန်း ခက်ရေး ကြွေစိမ်းသုတ် တရုတ်ပန်းကန်ပြားများ၊ ရင်ထိုးတံဆိပ်လှလှကလေး များ အစီအရီ၊ ဘီဒိုပေါ်တွင် အစိမ်းရင့်ရင့် ခရစ်လှိုင်းကြီးစကို ချုပ်စွပ်ထားသည့် ရေဒီယိုတစ်လုံး။ ခပ်လှမ်းလှမ်း စာကြည့်စားပွဲတွင် ကျောင်းစာအုပ်များ ထပ်ထားသည်။

တိုး၏ စာကြည့်စားပွဲ ဖြစ်ဟန်တူ၏။

တိုးက ကော်ဖီဗန်းကို ကိုင်ထွက်လာသည်။ လက်ဖက်ရည်ပန်းကန်က အငွေ့တထောင်းထောင်းနှင့်။

www.burmeseclassic.com



'အစ်ကို၊ ခဏနေဦးနော်။ အမေကလဲ အစ်ကို့ကို တွေ့ချင်နေတာ။ အမေ ရေချိုးနေတုန်းမို့'

တိုးက ခန်းဆီးကြားတွင် ပျောက်ကွယ်သွားသည်။

အိပ်ခန်းအဖြစ် ကာထားသည့် နံရံက ကျွန်းသုံးထပ်ပြား၊ ဇလီသပ်၍ အဝါရောင်ပါလစ် သုတ်ထားသည်။ အဝင်ပေါက်ထိပ်တွင် အသက်ငါးဆယ်ကျော် အမျိုးသမီးကြီးတစ်ဦး၏ ကိုယ်တစ်ပိုင်းဓာတ်ပုံကြီး ချိတ်ထားသည်။ ဘီးဆံပတ်အောက်မှ ကျယ်ပြန့်သော နဖူးပြင်၊ ကွဲကော်ကိုင်းတပ် မျက်မှန်၊ မျက်ခုံးမျက်လုံး ကောင်းကောင်း၊ နှာတံပေါ်ပေါ်ဖြင့် ဥပဓိရုပ်ကောင်းသည်။

တံခါးပေါက် ခေါင်းရင်းဘက်တွင် နိုင်ငံခြား ပြက္ခဒိန်တစ်ချပ်၊ လှပသော ရှုခင်းများက အိပ်ခန်းကို ပို၍ ကျယ်ပြန့်သည်ဟု ထင်စေသည်။ မြန်မာပြက္ခဒိန်ထဲတွင် သမ္ဗုဒ္ဓေစေတီတော်ပုံက ရွှေရောင်ဝင်းလျက်။ သည်နှစ်ခုကြားတွင် ဂုဏ်ထူးဆောင် လက်မှတ်သုံးစောင်ကို မှန်ဘောင်သွင်း၍ ချိတ်ထားသည်။ မည်သည့် လက်မှတ်မျိုးဟု ကိုမြင့် သေသေချာချာ မသိ။ သေသေချာချာကြည့်မှ ရှစ်တန်း၊ ဆယ်တန်းနှင့် တက္ကသိုလ် စာမေးပွဲများတွင် တိုးရခဲ့သည့် ဂုဏ်ထူးဆောင် လက်မှတ်များဖြစ်ကြောင်း တွေ့ရသည်။ တံခါးပေါက် ခြေရင်းဘက် နံရံပေါ်တွင် သားအမိသုံးယောက် စီရိုက်ထားသည့် ကိုယ်တစ်ပိုင်း ဓာတ်ပုံနှစ်ပုံ ရှိသည်။

ကိုမြင့်၏ မျက်လုံးများက အေးမ၏ ဓာတ်ပုံပေါ်တွင် တန့်နေသည်။ သူတွေ့ခဲ့သည့် အေးမနှင့်မတူ။ ဆံပင်ထုံးဖွဲ့ပုံက ရုပ်ရှင်မင်းသမီးတွေ ထုံးဖွဲ့ပုံမျိုး။ မျက်စိက ဆေးဆိုးထားသည်ထင့် အရိပ်လဲ့လဲ့ ပြေးနေသည်။ မျက်တောင်များက ခါတိုင်းထက် ကော့ပျံနေသည် ထင်ရ၏။

တိုး ဓာတ်ပုံဆီသို့ သူ့မျက်လုံးများ ကူးသွားကြသည်။ မျက်နှာက ကြည်စင်သည်။ မျက်လုံးများက ရွှန်းရွှန်းလဲ့လဲ့၊ နှုတ်ခမ်းများက မပြုံးသော်လည်း ပြုံးတော့မယောင်ယောင်။

တိုးနှင့် အေးမတို့ မျက်နှာသွယ်ပုံ၊ မျက်လုံးများ ရွှန်းလဲ့ကြပုံ၊ နှာတံစင်းပုံ၊ နှုတ်ခမ်းတွန့်ကွေးပုံတို့ အားလုံးတူသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် မည်သည့်နေရာကဟု မပြောနိုင်သော ကွဲပြားချက်သည် ရှိ၏။ ကိုမြင့် မခွဲခြားတတ်။ မျက်လုံးများက အကြည့်တွင် ကွဲပြားသည်ဟု ထင်သည်။

ခန်းဆီးကြားမှဖြတ်သွားသော အရိပ်တစ်ခုနှင့်အတူ အေးမတို့အမေ ပေါ်လာသည်။ ညိုညို၊ အရပ်ပြတ်ပြတ်၊ ဆံစတွင် ငွေရောင်လုစပြုပြီ။ ကော်ကိုင်း

www.burmeseclassic.com



မျက်မှန်ထူထူကို တပ်ထားသည်။ အေးမက အဖေ့ဘက် နွယ်သယောင်ရှိပြီး၊ တိုးကတော့ အမေ့ဘက် နွယ်ပုံရသည်။

'မောင်ကိုမြင့်ဆိုတာ လူလေးလား။ အေးကွယ်... အေးမ ပြောကတည်းက အမေ တွေ့ချင်တာ'

သူ့နောက်ကြောင်းရာဇဝင်ကို အေးမက ပြန်ပြောပြီးပြီဟု ကိုမြင့် နားလည်လိုက်သည်။ အေးမတို့အမေက မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်သည်။ တိုးက ကော်ဖီဇွန်းကို ချပြီး အမေ့ဘေးတွင် နေရာယူ၏။ ခြေနှစ်ချောင်းကို ပူး၍ အောက်သို့ စောင်းချထားပြီး လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် ထပ်တင်ထားရာက ကိုမြင့်ကို တစ်ချက်လှမ်းကြည့်သည်။ ကိုမြင့် မည်သို့ပြောရမည် မသိ။

'ဆရာတော်ဆီ နောက်ထပ် ရောက်သေးသလား'

အမေ့အသံက စူးစူးရှရှ မရှိလှ။ တိမ်နေသည်။ ထိုမေးခွန်းကို ကိုမြင့် မျှော်လင့်မထား။ ထို့ကြောင့် ခပ်ဆိုင်းဆိုင်းဖြေသည်။

'တစ်ခေါက်တော့ ရောက်ပါတယ်။ ဒါပေမယ့်'

ကိုမြင့်က စကားမဆက်၊ တိုးကို တစ်ချက်လှမ်းကြည့်သည်။ တဖျတ်ဖျတ် လက်နေသော တိုးမျက်လုံးများကို သတိပြုမိသည်။

'ဒါပေမယ့် ဆရာတော်ကိုကြည့်ရတာ ကျွန်တော်တို့ကို သိပ်တွေ့ချင်ပုံမရဘူး။ ဦးပဥ္စင်းမှာ ဆပ်စရာ သံသရာကြွေးတွေ များလှပြီတဲ့။ ဒီဘဝက ပြုခဲ့တဲ့ ကံဟောင်းဟာ ရှေ့ ဘယ်နှစ်ဘဝအထိ ဆက်ဖြစ်နေဦးမယ် မသိဘူးတဲ့'

တိုးက ကိုမြင့်ကို ကြည့်နေရာမှ ခေါင်းငုံ့သွားသည်။

'အမေကတော့ သံယောဇဉ် ပြတ်ပါပြီကွယ်။ သူ့ကုသိုလ်၊ ကိုယ့်ကုသိုလ်ပေ့ါ။ အင်း... ငါ့သမီးလေး မောင်မင်းကြီးသားလို လူသူတော်ကောင်းနဲ့ တွေ့ပေလို့ပေါ့ကွယ်။ ကဲ... ကဲ... မင်းတို့ နှစ်ယောက် စကားပြောကြဦး။ အမေ ပုတီးတစ်ပတ် စိပ်လိုက်ဦးမယ်'

အမေက ထိုင်ရာမှထပြီး ဘုရားခန်းသို့ ဝင်၍ ဘုရားဝတ်ပြုသည်။ ဘုရားက ယိုးဒယားဘုရား။ မှန်ကျောင်းဆောင်တွင် သပ္ပာယ်စွာ စံတော်မူလျက်။

တိုးက ဘုရားဝတ်ပြုနေသော အမေ့ကို လှမ်းကြည့်ပြီး လေသံဖြင့် ပြောသည်။

'ဆရာတော့်အကြောင်းကို အမေ တစ်ခါမှ မမေးဖူးဘူး။ ဒီတစ်ခါ ပထမဆုံးမေးတာပဲ။ အစ်ကို့ကိုမြင်တော့ စိတ်မကောင်းဖြစ်သွားပုံရတယ်'

ကိုမြင့်က သက်ပြင်းချသည်။

www.burmeseclassic.com


'ပြီးတာ ပြီးခဲ့ပြီပဲကွယ်။ စိတ်မကောင်းလို့ ဘာတတ်နိုင်တော့တာမှတ်လို့'

တိုးက ကိုမြင့်ကို စူးစိုက်ကြည့်သည်။ မျက်လုံးများက မေးခွန်းပေါင်းများစွာကို မေးနေကြသည်။ ကိုမြင့်ကော။ မည်သို့ ခံစားရသနည်း။ ဝမ်းနည်းသလော။ အခဲမကျေဖြစ်သလော။ သူတို့ကို ရန်သူသဖွယ် သဘောထားသလော။

တိုးသိချင်သည်။ ကြားချင်သည်။ သို့ရာတွင် မမေးရဲ မမေးရက်။

'မအေးကတော့ အစ်ကို့ကို သိပ်ကြောက်သွားတာပဲတဲ့။ အစ်ကိုနဲ့ ပတ်သက်နေမှန်းသိရော၊ သူ မျက်နှာလဲ မပြချင်တော့ဘူး။ ပြလဲ မပြရဲတော့ဘူးတဲ့။ အစ်ကို့ကို သနားလဲ သနား၊ ပြီးတော့'

တိုး၏ အသံက တိမ်ဝင်သွားသည်။ ပြောသင့် မပြောသင့် ချိန်ဆနေဟန်တူသည်။

'ပြီးတော့ အစ်ကိုတို့ယောဘက်က ဆွေမျိုးစု လက်စားချေတဲ့ စနစ်ရှိလို့ ကြောက်လဲ ကြောက်တယ်တဲ့'

တိုးမျက်လုံးများက သူ့ကို စိုက်ကြည့်နေကြသည်။ ကိုမြင့်က တစ်ချက်ပြုံးလိုက်၏။

'အစ်ကိုတို့ယောမှာ ဆွေမျိုးစု လက်စားချေ စနစ်ဆိုတာ မရှိပါဘူး။ ဟိုတုန်းကလဲ မရှိခဲ့ဘူး။ ခုလဲ မရှိဘူး၊ ချင်းလူမျိုးတွေမှာသာ ရှိတာပါ။ ဒါတောင် ခေတ်နောက်ကျတဲ့ ချင်းတွေထဲမှာလောက်ပဲ ရှိပါတော့တယ်။ ပြီးတော့ အဖေက မိုက်မှားတဲ့အတွက် သားသမီးဆွေမျိုးကို လက်စားချေတယ်ဆိုတာလဲ ဘယ်မှာ အဓိပ္ပာယ်ရှိပါ့မလဲ။ တကယ်တော့ ဦးပဋ္ဌင်း၊ အဲ... တိုးတို့အဖေရဲ့ အပြစ်လဲ မဟုတ်ပါဘူးကွယ်။ သူက ကြိုးဆွဲရာကရတဲ့ အရုပ်ပါ။ ကြိုးဆွဲဆရာ မရှိရင်၊ ရုပ်သေးရုပ်ဟာ ဘယ်မှာ လှုပ်နိုင်ပါ့မလဲ'

'မအေးက ပြောပြပါတယ်။ မအေး ပြန်ပြောတော့၊ တိုးလေ အရမ်းငိုပစ်လိုက်တာပဲ၊ မျက်ရည်တွေ ဘယ်က ကျလာမှန်းမသိဘူး။ အဲဒီကတည်းက အစ်ကို့ကို တွေ့ဖူးချင်နေတာ'

ကိုမြင့်က အိတ်ထဲက ဆေးပြင်းလိပ်ကို ထုတ်၍ မီးညှိသည်။

'အစ်ကို့ သဘောထားကို အေးမကို ပြောပြခဲ့ပြီးပြီ။ ဟိုတုန်းက တချို့ ပါလီမန်အမတ်တွေ၊ အာဏာရ ခေါင်းဆောင်တွေမှာ ခါးပိုက်ဆောင်တပ်တွေ ရှိခဲ့ဖူးတယ်။ တချို့အာဏာရ ပုဂ္ဂိုလ်တွေဟာ တနယ်တမင်း လုပ်ခဲ့ကြတယ်။ နယ်ရှင် ပယ်ရှင် ပဒေသရာဇ်တွေလို ကြီးစိုးခဲ့ကြတယ်။ သူတို့ပါးစပ်က ထွက်လာ

www.burmeseclassic.com


တဲ့ စကားတစ်လုံးဟာ ဥပဒေဖြစ်ပြီး သူတို့သေနတ်က ထွက်လာတဲ့ ကျည်ဆံတစ်ထောင့်ဟာ စီရင်ထုံးတစ်ခု ဖြစ်ခဲ့ရတယ်။ သူတို့ အာဏာတည်မြဲရေးနဲ့ သူတို့ ကိုယ်ကျိုးစီးပွားအတွက် လူငယ်တွေကို သွေးထိုးပြီး အသုံးချခဲ့ကြတယ်။ တချို့ လူငယ်တွေကလဲ လက်နက်ကလေး၊ အာဏာကလေး ရလာတော့ သွေးကြွလာပြီး ရမ်းကားလာကြတယ်။ တိုးတို့ အဖေလဲ အဲဒီလို လူငယ်တစ်ယောက် ဖြစ်မှာပဲလို့ အစ်ကို ထင်တယ်'

ကိုမြင့်က ဆေးပြင်းလိပ်ကို ဖွာသည်။ တိုးက သူ့ကိုကြည့်သည်၊ တိုး၏ မျက်လုံးအိမ်တွင် မျက်ရည်တွေဝေ့လျက်ရှိ၏။ အထင်ကြီးသော၊ လေးစားသော မျက်လုံးများဖြင့် ကိုမြင့်ကို ကြည့်သည်။

'အဖေ့ကို သတ်ခဲ့တဲ့ တရားခံဟာ တိုးတို့အဖေ မဟုတ်ပါဘူး၊ အဲဒီခေတ်ကြီးနဲ့ အဲဒီစနစ်ကြီးလို့ အစ်ကိုထင်တယ်၊ စနစ်ကြီးတစ်ခုထဲမှာ လူတစ်ယောက်ရဲ့ လုပ်ဆောင်ချက်ဟာ သေးသေးလေးပါ၊ ဘာမှ မပြောပလောက်ပါဘူး'

'မအေးကတော့ အမှတ်သညာကြီးတယ် အစ်ကို၊ အဖေတစ်ယောက်အနေနဲ့ သူဆိုးခဲ့ မိုက်ခဲ့လို့ သားသမီးတွေက ဒီဒဏ်ကို ခံရတာတဲ့၊ ဘုန်းကြီးတစ်ပါး အနေနဲ့ ကြည်ညိုလေးစားပေမယ့် အဖေတစ်ယောက်အနေနဲ့ စိတ်နာတယ်တဲ့၊ အဖေက ရာဇဝင်မှာ သူရဲကောင်းကြီးတွေဖြစ်ချင်လို့လုပ်တိုင်း သားသမီးတွေက ခါးစည်းပြီး အနစ်နာခံရမှာလားတဲ့။ တကယ်တော့ အဖေဟာလဲ ရာဇဝင်မှာ သူရဲကောင်းကြီး မဖြစ်ခဲ့ပါဘူးနော် အစ်ကို၊ ရာဇဝင်ဆိုတော့ ကြီးကျယ်ပါတယ်လေ၊ သူ့နယ်မှာတောင် သူရဲကောင်း မဖြစ်ခဲ့ပါဘူး။ တိုးပြောတာ မှန်ရဲ့လား အစ်ကို'

တိုးက သူ့ထင်မြင်ချက် တောင်းသည်။ ကိုမြင့်က ပြုံးသည်။

'ဒါတော့ အစ်ကိုက တိုးလို အတန်းတွေ အများကြီးအောင်ခဲ့တာမှ မဟုတ်ဘဲ၊ အစ်ကို ဘယ်ပြောတတ်မလဲ'

'အံမာလေး အစ်ကိုရယ်၊ အတန်းတွေအောင်မှ သိတာ မဟုတ်ပါဘူး၊ ဘယ်အဘိဓမ္မာ ပညာရှင်လဲ မသိဘူး ပြောဖူးတယ်၊ ပညာသင်ကြားခြင်းဟာ လူ့ဘဝဖြစ်ပြီး၊ စာသင်ခန်းဟာ လူ့အဖွဲ့အစည်း ဖြစ်တယ်ဆိုတဲ့ စကားဟာ မမှန်ဘူးတဲ့၊ အမှန်က လူ့ဘဝဟာ ပညာသင်ကြားခြင်းဖြစ်ပြီး လူ့အဖွဲ့အစည်းကြီးသာလျှင် စာသင်ခန်းကြီး ဖြစ်ရမယ်တဲ့။ တိုးဖြင့်လေ ဒီစကားကို သဘောကျလွန်းလို့ စာအုပ်ထဲမှာတောင် ရေးထားသေးတယ်'

www.burmeseclassic.com


ကိုမြင့် တိုးကိုကြည့်၍ အံ့သြသည်။ စာအုပ်စင်ပေါ်က စာအုပ်များကို လှမ်းကြည့်သည်။

'တကယ်တော့ တိုးတို့မှာ အတန်းတွေ အများကြီး အောင်ပေမယ့် တိုးတို့ရဲ့ဘဝက စာသင်ခန်းမှာ အချိန်ကုန်နေတယ်။ တိုးတို့အဖို့ စာသင်ခန်းသာလျှင် လူ့အဖွဲ့အစည်းဖြစ်ပြီး၊ လူ့ဖွဲ့အစည်းကြီးဟာ စာသင်ခန်း မဖြစ်သေးဘူး၊ အစ်ကိုတို့ကတော့ ကျောင်းစာသင်ခန်းထဲမှာ အတန်းတွေ မအောင်ခဲ့ပေမယ့် လူ့အဖွဲ့အစည်း စာသင်ခန်းထဲမှာ အတန်းတွေ အများကြီး အောင်ခဲ့ပြီးပါပြီ'

သည်တွင် အိမ်ရှေ့၌ လယ်ထွန်စက်တစ်စီး ထိုးရပ်သည်။ နောက်တွဲတစ်ခု ချိတ်ထားသည်။ နောက်တွဲတွင် မြေနီမှုန့်အလိမ်းလိမ်း။

လယ်ထွန်စက်ပေါ်မှ လူတစ်ယောက် ဆင်းလာသည်။ အသက် လေးဆယ်ကျော်ခန့်၊ ခပ်ပြည့်ပြည့်၊ ခပ်ဝိုင်းဝိုင်း၊ စတစ်ကော်လာတပ် ပင်နီရှပ်လက်ရှည်ကို ဝတ်ထားသည်။ လက်ကို လက်မောင်းတွင် ဘိုသီဘတ်သီ လိပ်တင်လျက်။ ပင်နီရောင်က ဖျော့တော့နေပြီ။

'ဝေး… အေးမ၊ အရီးလေးတို့၊ တိုးမတို့'

အိမ်ရှေ့က လှမ်းအော်ရင်း ထွန်စက်ပေါ်က ဆင်းလာသည်။ သူ့မျက်နှာကြီးက ဖိုးလှချိုလို စပ်ဖြီးဖြီး၊ သွားများကမူ ဖိုးလှချိုသွားများလို မလှ၊ မည်းနက်နေပါသည်။ ပါးစပ်ကလည်း ကွမ်းဝါးလာသည်။ တောင်းတစ်လုံးကို ပခုံးတွင် ထမ်းလာသည်။

'ခဏနော် အစ်ကို'

တိုးက အိမ်ရှေ့က သံဇကာတံခါးကို ထဖွင့်သည်။

'ဦးလေး ကိုတင်ထွန်းကြီး ဘယ်တုန်းက ရောက်သလဲ။ ရွာက မနက်ကထွက်လာတာလား'

'ဒါပေါ့ဟ၊ အရီးလေးတို့၊ အေးမတို့ကော ရှိရဲ့လား'

ကိုတင်ထွန်းက အကြောင်းမရှိဘဲ ရယ်သည်။ သူ့သွားများက မည်းနက်နေသည်။ ပခုံးတွင် ထမ်းလာသည့်ထမ်းခေါက်တောင်း ခပ်ကြီးကြီးကို အပေါက်ဝတွင် ချသည်။

'ရွာက လလသသမှာ ဘာတွေထုတ်သလဲ'

'စုံလို့ပဲ၊ ဖော့ရှန်ရယ်၊ မြန်မာတက်ထရွှန်ရယ်၊ နို့မှုန့်ရယ်၊ ဓာတ်ဘူးရယ်၊ ဒိပြင်တော့ တိုလီမိုလီလေးတွေပါ'

www.burmeseclassic.com


ကိုတင်ထွန်းက အဝတ်လွယ်အိတ် ခပ်ညစ်ညစ်ကလေးကို စားပွဲပေါ်သို့ ချပြီး ကွမ်းအစ်ကို ထုတ်သည်။ သူကွမ်းအစ်တွင် ကွမ်းရွက်တစ်ထပ်၊ အပေါ်ယံတွင် ကွမ်းသီးစိတ်များနှင့် ထုံးဘူးတစ်ဘူး၊ အောက်အံတွင် ရှားစေးနှင့် ဆေးရွက်ကြီးများသာပါသည်။ အခြား ဘာမျှမရှိ။

ကိုတင်ထွန်းက ကွမ်းရွက်ကြီးကြီး တစ်ရွက်ကို ထုံးတို့ပြီး ကွမ်းသီးစိတ် လေးငါးစိတ်၊ ရှားစေးခဲနှင့် ဆေးရွက်ကြီးတို့ကို ပါးစပ်ထဲသို့ တစ်ခုစီ၊ တစ်ခုစီ ပစ်သွင်းရင်း ကိုမြင့်ကို မသိမသာ အခဲခတ်ကြည့်သည်။ မလုံမလဲဖြစ်သည့် အကြည့်မျိုးဖြစ်သည်ဟု ကိုမြင့်ထင်သည်။ သူတို့နှစ်ယောက်ရှေ့တွင် အနေရ အထိုင်ရကျပ်နေဟန်ရှိ၏။ တိုးတို့အမေ ထွက်လာသည်တွင်မှ ကိုတင်ထွန်း အနေအထိုင် သက်သာသွားပုံရသည်။

'ဟောဒီမှာ အမေရေ့၊ ဦးလေး ကိုတင်ထွန်းကြီး ပစ္စည်းလာပို့တယ်'

တိုးက သူ့အမေကို လှမ်းပြောသည်။ အမေက ကိုတင်ထွန်းကိုခေါ်၍ အိမ်ထဲသို့ဝင်သည်။ ကိုတင်ထွန်းက ထန်းခေါက်တောင်းကို ထမ်း၍ အထဲသို့ လိုက်သွားသည်။

'တိုးတို့ ရွာကလေ၊ ရွာ လလသသက ပစ္စည်းကောက်ပြီး လာသွင်းတာ'

တိုး၏ စကားသည် ကိုမြင့် ရင်ထဲက မေးခွန်းကို ဖြေလျက်သား၊ မချစ်မပြောသည့် စကားသည် ဈေးသည်စကားပင် ဖြစ်သည့်တိုင်၊ မြင်ရသမျှက မချစ်မေစကားကို ထောက်ခံနေသည်။ အိမ်က မြို့နေအလတ်တန်းစားအိမ်၊ အသုံးအဆောင်ကလည်း မြို့နေ အလတ်တန်းစား အသုံးအဆောင်၊ ရေဒီယို၊ အလှပြဗီရို၊ ခေတ်၏ အဆင့်အတန်းပြ သင်္ကေတတွေ အစုံအလင်ရှိသည်။ ကိုမြင့်က စဉ်းစားနေဆဲ တိုးက ဆက်ပြောသည်။

'မအေးက သိပ်လောဘကြီးတယ်အစ်ကို၊ သူကိုယ်တိုင်လဲ ထွက်ပြီး အရောင်းအဝယ်လုပ်တယ်၊ အမေ့ကိုလဲ အိမ်မှာတွင် ဆိုင်အလုပ်ခိုင်းတယ်၊ ခု အမေက ရွာက ပစ္စည်းတို့ ဘာတို့လာသွင်းရင် လက်ခံနေရတယ်၊ အရပ်ထဲက ကုန်ဝယ်စာအုပ် လာပေါင်ရင်လဲ လက်ခံတာပဲ၊ တိုးက သိပ်မလုပ်ဖို့ ပြောတော့ စိတ်ဆိုးတယ်၊ ဒီအခြေရောက်လာတာ ငါဒီလို လုပ်ခဲ့လို့ ရောက်လာတာတဲ့၊ အမေ့မျက်စိ ပြန်မြင်လာတာ၊ နင်ကျောင်းနေနိုင်တာ ငါဒီလို လုပ်ခဲ့လို့တဲ့၊ ငါ ဘာလုပ်နေတယ်ဆိုတာ ငါ့ဖာသာငါ သိတယ်တဲ့၊ သူ့မှာ သူက အနစ်နာခံရတယ် ဆိုတဲ့ မာန ရှိနေတယ် အစ်ကို၊ တိုးတို့ ပြောလို့ မရဘူး၊ အစ်ကို

www.burmeseclassic.com



ကြုံတဲ့အခါ မအေးကို ပြောပြပါဦး၊ တိုးအလုပ်ထွက်လုပ်မယ် ပြောတော့လဲ မလုပ်ရဘူးတဲ့၊ နင့်လို စိတ်ဓာတ်မျိုးနဲ့ ဒီခေတ်မှာ အရောင်းအဝယ်လုပ်ရင် ချာချာလည်သွားမှာပေါ့တဲ့'

ကိုမြင့်က တိုးကို ကြည့်သည်။ တိုးမျက်နှာက စိတ်မကောင်းဟန်၊ မျက်လုံးတွင် မျက်ရည်တို့ရစ်ဝဲလျက်။

'ခုလဲ မန္တလေးကနေပြီး မိုးကုတ်ကို တက်သွားပြန်ပြီတဲ့၊ ပြောတုန်းက တော့ မန္တလေးတွင်လို့ ပြောတာ'

အေးမ ခြေလှမ်းတော်တော် ကြဲနေပြီ၊ မိုးကုတ်ဘက်တက်လျှင် မည်သည့် အရောင်းအဝယ် ရှိမည်နည်း။ သည်လောက်တော့ ကိုမြင့်သိသည်။ ကျောက် မျက်ရတနာ သော်လည်းကောင်း၊ ဘိန်းဖြူသော်လည်းကောင်း ဖြစ်ရမည်။ သို့တိုင်အောင် အေးမသည် ဘိန်းဖြူကူးသည့် အဆင့်သို့ မရောက်တန်သေးဟု သူ သဘောရသည်။

မချစ်မေစကား မှန်သည်။ သူ စတွေ့တုန်းက အေးမ၏ အခြေအနေနှင့် ယခု အေးမ၏ အခြေအနေ မတူတော့၊ ပြောင်းလဲသွားပြီ၊ သူ တွေ့စဉ်က အေးမသည် ယမားချောင်းဘေးက သူတို့ရွာနှင့် မုံရွာမြို့ကို ကူးချည်သန်းချည် လုပ်နေသည့် အသေးစား မှောင်ခိုမလေးတစ်ယောက်၊ လယ်ထွန်စက်ဖြင့် လလ သသထုတ် ပစ္စည်းကို ကောက်၍ လာသွင်းသည့် ကိုတင်ထွန်းလောက်ပင် အဆင့်အတန်း မရှိသေး၊ ထိုနောက် အေးမ နယ်ချဲ့လာသည်။ တမူးနှင့် မုံရွာကို ခေါက်တုံ့ခေါက်ပြန် ကူးသည်။ ယခုတမူးသို့ပင် မသွားတော့၊ တမူးဘက် က လမ်းပန်းအဆက်အသွယ် ခက်သည်။ တမူးဘက်က ပစ္စည်းထုထည် သေးသည်။ ယခု ထုထည်ကြီးသည့် ပစ္စည်းတွေကို ကိုင်နေပြီ။

'တစ်ခါတလေတော့ အေးမကို သိပ်သနားတယ်၊ မိန်းကလေးတန်မဲ့ သွားလိုက်၊ လာလိုက်ရတာ'

တိုးက မသိမသာ သက်ပြင်းချသည်။ နှစ်ယောက်သား ကိုယ့်အတွေး နှင့် ကိုယ် ငြိမ်နေကြသည်။

'အစ်ကိုကော မုံရွာကို ဘယ်တုန်းက ရောက်နေတာလဲ၊ ခုမိုင်းမှာပဲလား'

'အစ်ကို မိုင်းမှာ မဟုတ်တော့ဘူး၊ လူလျှော့တဲ့အထဲ ပါသွားပြီ'

'ဒါဖြင့်'

တိုးက မေးခွန်းကို ဆက်မမေးဘဲ ရပ်ထားသည်။ အလုပ်အကိုင်ကို မေးသည်ဟု ကိုမြင့်နားလည်လိုက်သည်။

www.burmeseclassic.com


'ခုတော့ ဒီလိုပဲ ကြုံရာလုပ်စားနေရတာပေါ့၊ တလောက တမူးဘက်က ပြန်လာတယ်လေ၊ မင်းကင်းအထက်နားမှာ မိလို့ မင်းကင်းအချုပ်ထဲမှာ တစ်လ နေခဲ့ရတယ်'

ကိုမြင့် သူ့အကြောင်းကို ထပ်ပြောရပြန်သည်။ တိုးက အံ့အားသင့်နေ သည်။

အစ်ကိုနဲ့ အတူပါလာတဲ့လူတွေကတော့ ထောင်လေးနှစ်စီ ကျသွားတယ်၊ အစ်ကို့ကိုတော့ တရားရုံးက လွှတ်လိုက်တယ်၊ ပစ္စည်းက မုံရွာက သူဌေး ဦးကျင်စိန်ရဲ့ပစ္စည်း။

'ဦးကျင်စိန်တော့ အဖမ်းမခံရဘူးနော်'

ကိုမြင့်က ပြုံး၍ ခေါင်းရမ်းပြသည်။

'သူတို့ကျတော့ကော ဘာဖြစ်လို့ အဖမ်းမခံရသလဲဟင်'

'အဖမ်းမခံရအောင် လုပ်ထားလို့ ဆိုပါစို့ကွယ်'

'ဒီလိုပဲလားဟင်'

သူ့မေးခွန်းက စကားကလေး လေးငါးလုံးလောက်သာ ရှိသည်။ သည်မေးခွန်းကို ဖြေရသည်က မလွယ်၊ ကိစ္စ ငြိမ်းအောင် ခေါင်းညိတ်ပြသည်။ သည်အဖြေက အလွယ်ဆုံး ဖြစ်လိမ့်မည်။

()

www.burmeseclassic.com



ပေါ့ပါး လန်းဆန်းခြင်းမရှိ၊ သူ့ရင်သည် လေးနေသည်။

တိုးတို့အိမ်မှထွက်ပြီး ကျောက်ကာလမ်းအတိုင်း သူပြန်လျှောက်ခဲ့သည်။ ညနေလေးနာရီ သာသာလောက်ရှိတော့မည်။ ကျနေဖြစ်သည့်တိုင် အပူရှိန်က တငွေ့ငွေ့လှျပ်ဆဲ။ မြင်သမျှ ရုပ်ဒြပ်အပေါင်းသည် ခြောက်သယောင်းနေသည်ဟု သူ့ရင်တွင် ခံစားရသည်။ တမာရွက်တို့က မြေပြင်တွင် ကော်ဇော်ခင်းထားကြသည်။ တမာပင်များက ရိုးတံကျဲကျဲ မြူခြေဆိုင်းသည့် ကောင်းကင်ကို ကုတ်ခြစ်တော့မည်ဟန်။ နွေရှုခင်းကို မြင်လျှင် သူ့ရင်သည် ဟာမြဲ။ သို့ရာတွင် သည်တစ်ခါတွင်မူ ခါတိုင်း ရင်ဟာခြင်းမျိုးမဟုတ်။ လေးနေသည်။

လမ်းပေါ်တွင် ဆိုက်ကားး၊ မြင်းလှည်း၊ မော်တော်ကား စသည်တို့ ဥဒဟို သွားနေကြသည်။

မည်သို့သွားရမည်မှန်း သူမစဉ်းစားတတ်၊ အသိအိမ်သို့ ပြန်ရမည်လော။ အသိအိမ်တွင် သူမတည်းချင်။ ယခုခေတ်တွင် သူတစ်ပါး၏ အိမ်၌ တည်းခို၍ မကောင်း။ တစ်ယောက်ဆို တစ်ယောက်မှန်းသိသိ တာဝန်တက်သည်။ စင်စစ် အသိအိမ်မှာ ကိုဖေခင်နှင့် ပတ်သက်သဖြင့် တည်းခိုခဲ့ဖူးရုံသာဖြစ်သည်။ လူချင်း သိပ်ရင်းနှီးလှသည်မဟုတ်၊ ရင်းနှီးသည့်တိုင်ရှိအောင် သူ့အိမ်တွင် နေစရာ ထိုင်စရာမရှိ ကျဉ်းကျဉ်းကျပ်ကျပ်။

အိမ်က အညာအခေါ် ဝါးထောင်ဟု ခေါ်ကြသည် ဝါးဆိုင်ဖြစ်သည်။ အိမ်ရှေ့တမာပင်တွင် ဝါးတွေ ထောင်ထားသည်။ အိမ်ထဲတွင်လည်း ဝါးများကြောင့် နေစရာ ထိုင်စရာ သိပ်မရှိ။ နံနက်လင်းသည်နှင့် ဝါးကတ်ထုသူ၊ ထရံယက်သူတို့ဖြင့် ပြည့်နေသည်။ ညကျလျှင် ဝါးထောင် လင်မယားက သူတို့ အိပ်ရာကလေး ဖယ်ပေးပြီး ဝါးပုံကြီးပေါ်တွင် သွားအိပ်ရသည်ကိုလည်း အားနာသည်။ စူးရှစိမ်းရွှေသော ဝါးပုပ်နံ့ကြီးကလည်း ထောင်းထောင်းထနေသည်။

www.burmeseclassic.com


သူတည်းခဲ့သည့် ညောင်တပင်က ဘုန်းကြီးကျောင်းသို့ သွားတည်းသည်က အကောင်းဆုံး ဖြစ်မည်။ ဘုန်းကြီးကျောင်းတွင် သူတို့ရွာက ဦးပဥ္စင်းတစ်ပါးလည်း ရှိသည်။

ကျောက်ကာလမ်းမှ မုံရွာ မြင်းမူ လမ်းမကြီးသို့ ချိုးလိုက်သည်။ မုံရွာ မြင်းမူလမ်းပေါ်တွင် အသွားအလာရှုပ်သည်။ အဝေးပြေးကားဂိတ်တစ်ခုကို ကျော်ခဲ့သည်။ ကားဂိတ်ဘေးတွင် ဆွမ်းကြီးလောင်းရုံ ကလေးနှင့်။ သူနှင့်အေးမတို့ တမူးသို့ ပထမဆုံး အခေါက် သွားခဲ့စဉ်က သည်ကားဂိတ်တွင် လာဆုံခဲ့ကြသည်ကို အမှတ်ရသည်။

သည်တုန်းက အေးမနှင့် ယခုအေးမ မတူတော့၊ မချစ်မေ ပြောသလို ယခင်တုန်းက အေးမ မဟုတ်တော့။ ယခင်အေးမက ယမားချောင်းဘေး ထနောင်းကုန်း– ထနောင်းတိုင်ရွာမှ ကူသည် ခေါက်သည်လုပ်နေရသည့် အသေးစား မှောင်ခိုမလေး။

ယခုအေးမက ကျောက်ကာလမ်းတွင် အိုးနှင့် အိမ်နှင့်။ ယခင် အေးမက ရွာ လလသသက ပစ္စည်းကလေးတွေကို ကောက်၍ မုံရွာသို့လာသွင်းရသူ။ ယခုအေးမက ကိုတင်ထွန်းတို့လို လူတွေ လာသွင်းသည်ကို မုံရွာမှ လက်ခံသိမ်းသူ၊ ယခင်အေးမက တမူးလမ်းတွင် အိပ်ရာလိပ်ကလေးတစ်လိပ်၊ လက်ဆွဲအိတ်ကလေး တစ်လုံးဖြင့် ကူးသန်းနေသူ။ ယခုအေးမက မန္တလေး–မိုးကုတ် စသည်တို့ဘက်သို့ ကူးသန်းနေသူ။

သည်လိုအခြေအနေမျိုးသို့ အေးမ ရောက်သည့်အတွက် ဝမ်းသာရမည်လား။ ဝမ်းနည်းရမည်လော။ သူ မဝေခွဲတတ်။ အမေမျက်လုံးခွဲပြီးပြီ။ တိုးလည်း တက္ကသိုလ်ကျောင်းသူကြီး ဖြစ်ပြီ။ သည်အတွက်တော့ ဝမ်းသာရသည်။ သို့ရာတွင် သည်အခြေအနေမျိုးကို ရောက်အောင်၊ အေးမသည် အရင်းအနှီး မည်မျှ စိုက်ထုတ်ခဲ့ရပြီနည်း။ သူ့အသည်းကိုကော ဘယ်နှစ်ကြိမ် အရောင်းဝယ် လုပ်ခဲ့ပြီနည်း။ နဂိုက မာသော အေးမ၏ အသည်းသည် ယခုအချိန်တွင် ကျီးပေါင်းတက်ကာ ကျွတ်ဆတ်နေခဲ့ပြီလော။

သည်အချက်ကို သူသိချင်သည်။ အေးမသည် သိပ်လောဘကြီးလွန်းသည်ဟု တိုးကပြောခဲ့သည်။ ပွင့်ပွင့်လင်းလင်းထုတ်ဖော် မပြောသည့်တိုင်၊ တိုးသည် အေးမ လုပ်ပုံ ကိုင်ပုံများအားလုံးကို သဘောကျဟန်မရှိ။ ကျေနပ်တင်းတိမ်ဟန်မရှိ၊ အေးမနှင့် မတွေ့သည်မှာ ကြာပြီ။ အေးမသည် သူ့ကို မည်သို့ သဘောထားသနည်း။ တွေ့တုန်း ခိုင်းကောင်းသည့် သတ္တဝါတစ်ကောင်

www.burmeseclassic.com



အဖြစ်သာ သဘောထားသလော။ သည်သဘောထားမျိုးကို ထားနေသည်ဆိုလျှင် တော့ အေးမကို သူ့ဓားနှင့် သူပြန်၍ ထိုးသတ်ဖို့သာ ကောင်းတော့သည်။

ကိုမြင့် ဝမ်းဗိုက်က ဆာလာသည်။ အိတ်ကို စမ်းကြည့်သည်။ အိတ်ထဲ တွင် ကျပ်တန် အနွမ်းကလေးသုံးရွက်၊ ထမင်းတစ်နပ်ဖိုးမျှ အနိုင်နိုင်။

မုံရွာတွင်နေစဉ် ပေါ်တော်မူကျောင်းက ဦးပဥ္စင်းထံ သွားနေလျှင် စား စရိတ်တော့ မပူရ။ သို့ရာတွင် မုံရွာ သူ ဘာလုပ်ရမည်နည်း။ ပခုက္ကူသို့ပင် ပြန်ရ မည်လော၊ သစ်ချောက်မိုင်းက ဖိုးလှချိုဆီသို့ပင် ပြန်ရမည်လော။ သူ ဘာလုပ် စရာ ရှိသနည်း။ သန့်စင်ရေး သူရဲကောင်းကြီးအဖြစ်မှ သူကျဆုံးခဲ့ရပြီ။ မှောင်ခို လမ်းတွေကို သူလျှောက်ခဲ့ဖူးပြီ။ တမူး–ကလေးဝလမ်းကို လည်းကောင်း၊ သနုန်– ဘုံမဲ့လမ်းမှ ချင်းတွင်းမြစ်သို့ လည်းကောင်း၊ တမူး–ရေယူးချောင်းမှ ယုဝချောင်းသို့ လည်းကောင်း၊ ယုဝချောင်းမှ ချင်းတွင်းမြစ်သို့ လည်းကောင်း၊ မှောင်ခိုလမ်းပေါင်း များစွာကို သူသွားခဲ့ဖူးပြီ၊ ဦးကျင်စိန်၏ ဘော်ဒါအဖြစ်၊ ဆန်၊ ပဲ၊ ကျောက်သံ ပတ္တမြား၊ သစ်မွှေး စသည်တို့ကိုလည်း ခိုးထုတ်ခဲ့ဖူးပြီ၊ တစ်ဖက်နိုင်ငံမှ မော်တော် ကား အင်ဂျင်၊ ကားအပိုပစ္စည်း၊ အထည်အလိပ်၊ စက်ဘီးပစ္စည်း၊ ဘယဆေး ပစ္စည်း၊ ချည်ထည် စသည်တို့ကိုလည်း ခိုးသွင်းခဲ့ ဖူးပြီ၊ သူ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ သူ့စာရိတ္တမဏ္ဍိုင်သည် ပြိုလဲသွားခဲ့ပြီ။ အားလုံးသန့်စင်ရ မည်ဆိုသည့် သူ့စိတ်ကူးတို့သည် ရေထဲမျော သွားခဲ့ပြီ။ အေးမတို့ ကိုဖေခင်တို့က သူ့ကိုစိတ်ကူးယဉ်သည်ဟု ပြောခဲ့ကြသည်။ ယခု သူတို့စကားကပင် မှန် သယောင်ယောင်၊ သူက လက်တွေ့မကျ၊ သူတို့က လက်တွေ့ကျသည်။

အေးမတို့၊ ကိုဖေခင်တို့စကား မှန်သင့်သလောက် မှန်သည်။ သူမှောင်ခို လုပ်လျှင် လူတွေက အထင်သေးကြလိမ့်မည်။ စာရိတ္တမဏ္ဍိုင်ချစားသည်ဟု ပြောစရာဖြစ်လိမ့်မည်ဟု သူထင်ခဲ့သည်။ သို့ရာတွင် တကယ်၌ မှောင်ခိုလုပ်ခြင်း ကြောင့် သူ့ကို အထင်သေးသူ တစ်ယောက်မျှမရှိ။ စာရိတ္တမဏ္ဍိုင် ချစားသည်ဟု လည်း မည်သူကမျှ မယိုးစွပ်။ သူ့ကို အထင်သေးသည်ဟု ဆိုလျှင် မှောင်ခို အရောင်းအဝယ်လုပ်ခြင်းကြောင့် မဟုတ်။ ညှိုးနွမ်းသော သူ့အဝတ်အစားကြောင့် သာ ဖြစ်သည်ကို အံ့သြစွာ တွေ့ရသည်။

'ခုခေတ်မှာ လူတစ်ယောက်ကို တန်ဖိုးဖြတ်ရာမှာ အဲဒီလူရဲ့ အကျင့် စာရိတ္တ၊ အဲဒီလူ ဘာလုပ်ခဲ့သလဲ ဆိုတာကို ကြည့်ပြီး တန်ဖိုးမဖြတ်ကြတော့ဘူး၊ အဲဒီလူဟာ အရင်တုန်းက သူခိုးဓားပြဖြစ်ချင်ဖြစ်ခဲ့ပေမယ့်ဒီနေ့ ဘုရားဒကာ ဖြစ်နေကြတာလောက်ကိုပဲ ကြည့်ကြတော့တယ်'

www.burmeseclassic.com


ဆရာဦးစံကောင်းပြောဖူးသည့် စကားတစ်ခွန်းကို ကိုမြင့်အမှတ်ရသည်။ မနေ့က သူဘာလုပ်ခဲ့သည်ဆိုသည်ကို မည်သူကမျှ ဂရုစိုက်ကြည့်ဖော် မရကြ။ သည်တော့ မည်သည်ကို စောင့်စည်းစရာ လိုသေးသနည်း။ မည်သည့်အရာသည် အကျင့်စာရိတ္တကို ထိခိုက်၏ မထိခိုက်၏ကို မည်သူက ကြည့်ဖော်ရသေးသနည်း။ ကြည့်သူကိုယ်တိုင်ကကော၊ မည်မျှ အကျင့်စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်သနည်း။ မည်သူက မည်သူ့ထက်သာသနည်း။

ဦးကျင်စိန်ကိုကြည့်၍ သိနိုင်သည်။ ဦးကျင်စိန် လောင်းကစားဝိုင်းထောင်သည်ကို လူတိုင်းအသိ။ မှောင်ခိုကုန်ကူးသည်ကို လူတိုင်းအသိ။ ကျောက်စိမ်းချ၊ ဘိန်းဖြူသွင်းသည်ကို လူတိုင်းအသိ။

သို့ရာတွင် ဦးကျင်စိန်ကို အကျင့်စာရိတ္တမရှိသူဟု မည်သူကများ ပြောဖော်ရသနည်း။ လူကြီးလူကောင်းကြီး၊ မြို့မျက်နှာဖုံးကြီး၊ ဘုရားဒကာ၊ ကျောင်းဒကာဟု အသိအမှတ်ပြုနေကြသည် မဟုတ်လော။

မင်းကင်းနားတွင် မိသည့် ပစ္စည်းများသည် ဦးကျင်စိန်၏ ပစ္စည်းများဖြစ်ကြောင်း လူတိုင်းအသိ။ သို့ရာတွင် ဦးကျင်စိန်ကို တရားဥပဒေအရ ဘာမျှမလုပ်နိုင်၊ ဘာမျှ မဟုတ်သည့် ကိုဖေခင်တို့ တစ်သိုက်ကသာ ခံလိုက်ရသည်၊ သူ့တွင် ဘာမျှမဖြစ်။ ဦးကျင်စိန်က အန္တရာယ်ကင်းအောင်၊ သူ့ကိုယ်သူ ငွေတံတိုင်းဖြင့် ဝန်းရံထားသည်။ တရားဥပဒေ၏ ရှည်လျားသော လက်တံသည် ဦးကျင်စိန်ထံသို့ မည်သည့်အခါမျှ မရောက်။ သူ့ကိုဝိုင်းရံထားသည့် ငွေတံတိုင်းကြီးအထိသာ ရောက်သည်။

သို့ဆိုလျှင် အကျင့်သိက္ခာကို စောင့်ထိန်းနေရခြင်းသည် ဘာအကျိုးရှိသေးသနည်း။ အများက မိုးခါးရေသောက်နေကြပြီ။ ယခုသူလည်း မိုးခါးရေကိုသောက်ရပြီ။ အများ မိုးခါးရေသောက်၍ ကိုယ်သောက်ရခြင်းမျိုးသည် သတ္တိကြောင်ရာရောက်သည် သူပြောခဲ့ဖူးသည်။ ထိုစကားသည် မှန်၏လော။ အေးမကမူ အများမိုးခါးရေသောက်၍ သောက်ရခြင်းမျိုးသည် ခေတ်မီသည့်အလုပ်ဟု ပြောခဲ့သည်။ ထိုစကားကို ပြောခဲ့စဉ်က အေးမသည် အရွဲ့တိုက်၍ပြောခဲ့ခြင်း ဖြစ်သည်။ ယခုစိတ်ချဉ်ပေါက်ပေါက်ဖြင့် အေးမကဲ့သို့ လောကကို အရွဲ့တိုက်ရမည်လော။

အေးမနှင့်တွေ့စဉ်က သူက မှောင်ခိုဆန့်ကျင်ရေးတရားဟောသူ။ အဘက်ဘက်က သန့်စင်အောင် ကြိုးစားရမည်ဟု ဆိုခဲ့သူ။

ယခု သူမည်သို့ဖြစ်နေပြီနည်း။

www.burmeseclassic.com



သူ့ကိုယ်သူ အံ့ဩသည်။ အေးမတို့၊ ကိုဖေခင်တို့ကမူ သူသည်လို ဖြစ်လာရသည်ကို ဘာမျှ အံ့ဩဟန်မပြ။ မည်သို့ပြောပြော တစ်နေ့တွင် သည်လမ်းကို လိုက်ရမည်ဟု သိထားကြပုံရသည်။

လမ်းလျှောက်ရသဖြင့် ဗိုက်က ဆာသည်ထက် ဆာလာသည်။ မြင်းမူလမ်းမပေါ်မှ ပျော်ပွဲစားရုံများမှ အကြော်အလှော်နံ့များက မွှေးနေသည်။ ဝမ်းဗိုက်က ပိုဆာလာသည်။ သည်အချိန်တွင် စား၍ မဖြစ်သေး။ အစောကြီးရှိသေးသည်။ ယခု စားထားလျှင် ညတွင် ဆာမည်။

မည်သည့်နေရာမှ သွားစရာမရှိ၊ မြင်းမူလမ်းမကြီးဘက်မှ ကမ်းနားလမ်းဘက်သို့ချိုးသည်။ ကမ်းနားတွင် လူရှင်းမည်။ သမ္ဘာန်ပေါ်တွင် တက်ထိုင်ရင်း အေးအေးလူလူ နေချင်သည်။ သူ့စိတ်သည် လေးလံနေသည်။ သူ့ခြေလှမ်းများကလည်း နှေးကွေးနေတည်။

ကမ်းနားတွင် မော်တော်တွေ ဆိုက်ထားသည်။ ချင်းတွင်း အစုန်အဆန် သွားသည့် မော်တော်များဖြစ်သည်။ မော်တော်များပေါ်မှ အိတ်များကို အလုပ်သမားတွေ ထမ်းချနေကြပြီ။ ကမ်းနားသို့ နောက်မြီးထိုးဆိုက်ထားသည့် ကုန်ကားကြီးများပေါ်သို့ တင်နေသည်။ တချို့ ဆန်အိတ်များက ပေါက်နေသဖြင့် လမ်းတစ်လျှောက်တွင်ဆန်တွေ အဖွေးသားဖိတ်နေသည်။ မိန်းမများနှင့် ကလေးတစ်သိုက်၊ သဲအထွေးထွေးဖြစ်နေသည့် ဆန်များကို အလုအယက်ကျုံးနေကြသည်။ ရန်ဖြစ်သံ၊ ဆဲသံများကို ကြားရသည်။

ဆိပ်ခံသမ္ဘာန်ပေါ်သို့ တက်လာကာ၊ လူရှင်းသည့် တစ်နေရာတွင်ထိုင်သည်။

နေဝင်တော့မည်။

နေလုံးက အနောက်ဘက် ပုံတောင်ပုံညာတောင်တန်းများပေါ်သို့ လျှောဆင်းနေသည်။ ဖိုးဝင်းတောင်၊ ရွှေဘတောင် စသည့် တောင်တန်းများက မှိုင်းနေသည်။ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းနှင့် ပုံတောင်ပုံညာတို့ကို မြင်သည့်အခါ၌ သူ့ဇာတိကို လွမ်းသလိုလိုရှိသည်။ အနောက်ဘက်ကူး ပုလဲဂန့်ဂေါလမ်းအတိုင်း သွား ဂန့်ဂေါမှ ပေါက်ဘက် ပြန်ဆင်းလျှင် သူ့ရွာသို့ ရောက်မည်။ သွားချင်လျှင် ဝေးသည်မဟုတ်။ အနီးကလေးမျှသာ ဖြစ်သည်။ သို့ရာတွင် သူ မသွားချင်၊ ဇာတိရပ်ရွာဖြစ်၍ စိတ်ထဲက အလိုလိုလွမ်းရသည့် တိုင် ဇာတိရပ်ရွာကို ပြန်စရာအကြောင်းမရှိ။ သည်အချိန်လောက်ဆိုလျှင် အမေ၊ ညီမနှင့် ပထွေးတို့ကလည်း သူ့ကို ဆွေမျိုးသားချင်း စာရင်းမှဖယ်ပစ်လောက်ပြီ။

www.burmeseclassic.com



မြစ်ပြင်တွင် သိပ်အသွားအလာ မရှိ။ လှေတစ်စင်းစ၊ နှစ်စင်းစ၊ မော်တော် တစ်စင်းစ၊ နှစ်စင်းစသော ကူးသန်းနေကြ၏။

နာရီဝက် တစ်ကြိမ်ထွက်သည့် မုံရွာ–ညောင်ပင်ကြီး ကူးတို့ဖောင်သည် အနောက်ဘက်ကမ်းမှ မုံရွာသို့ ဦးတည်လာနေသည်။ ကူးတို့ဖောင်ပေါ်တွင် မော်တော်ကားကြီးများ၊ ကားငယ်များတင်လာသည်။ တချို့မော်တော်ကားပေါ် တွင် ထိုင်လျက်၊ တချို့က ဖောင်ပေါ်တွင် မတ်တပ်ရပ်လျက်၊ ဖောင်ပေါ်တွင် ဂျစ်ကားတစ်စီး နီရဲရဲ၊ နေလင်းအောင် ဂျစ်ကားရောင်မျိုး တစ်စီးလည်း ပါသည်။

ခဏကြာလျှင် ကူးတို့ဖောင်က သည်ဘက်ကမ်းတွင် ထိုးဆိုက်သည်။ မော်တော်ကားများ၊ ခရီးသည်များ၊ ဖောင်ပေါ်မှ ဆင်းလာကြသည်။ ခရီးသည်ထဲ တွင် လူတစ်ယောက်ကို လှမ်းမြင်လိုက်သည်။ ပခုံးတွင် လေယာဉ်အိတ်တစ်လုံး ကို လွယ်ထားသည်။ အရပ် ထောင်ထောင်မောင်းမောင်း။ ကိုယ်လုံးကိုယ်ပေါက် ထွားထွား၊ အသားမည်းမည်း။

'ဟေး ကိုထွန်းအောင်'

ကိုမြင့်က လှမ်းခေါ်လိုက်သည်။ ရုတ်ရုတ်သဲသဲ အသံကြားတွင် သူ့ခေါ် သံကို ကြားဟန်မတူ။ ထို့ကြောင့် ကိုမြင့်က နှစ်ခွန်းသုံးခွန်း ဆင့်အော်သည်။ သည်တွင် အသားမည်းမည်း၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူရွယ်က ထိုမှ သည်သို့ လှမ်းကြည့်သည်။

'ဟေး ကိုထွန်းအောင်'

'ဟေး ကိုမြင့်'

သူ့ထံသို့ ခပ်သုတ်သုတ် လျှောက်လာပြီး တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်ကြသည်။ ကိုထွန်းအောင်နှင့် မတွေ့သည်မှာ ကြာပြီ။ ပခုက္ကူက ထွက် လာကတည်းက နောက်ထပ် တစ်ခါမျှ မတွေ့တော့။

သူတို့နှစ်ယောက် လူချင်းခွာပြီး တစ်ယောက်ကို တစ်ယောက် အကဲခတ် ကြသည်။ ကိုထွန်းအောင် အဝတ်အစားက သပ်သပ်ရပ်ရပ်။ ကြွရွကြွတ်ဆတ်နေ သည်။ အစိမ်းရင့်ရောင် ခရစ်အင်္ကျီ၊ ကချင်လုံချည်အနက်နှင့် သပ်ယပ်နေသည်။ သူ့အဝတ်အစားက ကိုထွန်းအောင် အဝတ်အစားနှင့်စာလျှင် တော်တော်နွမ်းနေ ပြီ။ ဖိနပ်ကအစ သူ့ဖိနပ် တော်တော်ဟောင်းနေပြီ။ ကိုထွန်းအောင်က ဖြူဖွေး သန့်ရှင်းသည့် ဆင်ကြယ်တံဆိပ် ယိုးဒယားဖိနပ်ကို စီးထားသည်။ သူ့ဂျပန် ဖိနပ်က မည်းညစ်လျက် နောက်မြီး တိုနေပြီ၊ ခြေချောင်းရာများ ခွက်ကာ အောက်ခံအနီရောင်ပင် ပေါ်နေပြီ။

www.burmeseclassic.com


'ဘယ်လိုလဲ'

ကိုထွန်းအောင်က ညှိုးနွမ်းသော သဏ္ဌာန်နှင့် သူ့အဝတ်အစားကိုကြည့်ရင်း မေးသည်။ ကိုမြင့်ကလည်း ရိပ်မိလိုက်သည်။

'ခုတော့ မြင်တဲ့အတိုင်းပဲ။ ခင်ဗျားကော ခု ဘယ့်နှယ်လဲ'

ကိုထွန်းအောင်က လေးထောင့်စပ်စပ်ရှိသည့် သူ့ပခုံးကျယ်ကြီးကို တွန့်ပြသည်။

'အစုံပဲ။ ရောင်းတယ်၊ ဝယ်တယ်၊ ဖောင်တိန် ရောင်းတယ်၊ ဖောင်တိန် ဝယ်တယ်၊ ဖောင်တိန်ပြင်တယ်၊ ပလပ်စတစ် အရုပ်ဟောင်းတွေ ဝယ်တယ်၊ ယိုးဒယားဖိနပ်အပြတ်တွေ ဝယ်တယ်'

ကိုထွန်းအောင်အသံက မြူးနေသည်။ မျက်နှာက ရွှင်သည်။ လမ်းမတွင် လျှောက်၍ ပစ္စည်းအဟောင်းအမြင်း အစုတ်အပြတ် လိုက်ဝယ်သူ၏ အသံမျိုးဖြင့် အသံကို မြှင့်၍ ပြောသည်။

ကိုမြင့် သူ့ကို ပြုံးကြည့်သည်။

'ဒီလိုပဲ လုပ်စားရတာပဲ သူငယ်ချင်းရေ့။ ရန်ကုန်လမ်းမတွေပေါ်မှာ အဟောင်းအမြင်း လိုက်ဝယ်တဲ့လူလို ကြုံရာအလုပ် လုပ်ရတာပဲ၊ ခင်ဗျားတွေ့ဖူးတယ် မဟုတ်လား၊ နို့ဆီခွက်ကောက်လို့ ဟန်ရင် နို့ဆီခွက်ကောက်တယ်၊ ယိုးဒယားဖိနပ်အဟောင်းဝယ်လို့ဟန်ကျရင် အိမ်ပေါက်စေ့ ဖိနပ်စုတ်ကို လိုက်ဝယ်တယ်၊ ခု ကျွန်တော်လဲ အဲဒီလူတွေလိုပေါ့။ မနှစ်က နှစ်ဦးပိုင်းက ဓာတ်ဆီ ရေနံဆီ အရောင်းအဝယ်လုပ်တယ်။ ဒီနှစ် နှစ်ဦးပိုင်းမှာ သံပိုက်ကလေး ဘာလေး အရောင်းအဝယ်လုပ်တယ်။ ခုတော့ စီးကရက်။ အဲ စီးကရက်အရောင်းအဝယ် ဆိုပါတော့၊ ခင်ဗျားကော'

ကိုမြင့်က သစ်ချောက်မိုင်းမှ လူလျှော့ခံရပြီးနောက်၊ မင်းကင်းတွင် အချုပ်ခံရသည့်အထိ သူ့အလုပ်အကိုင်ကို အတိုချုံး၍ ပြောပြသည်။

'ဒါဖြင့် သန့်စင်ရေး သူရဲကောင်းအဖြစ်က ကျဆုံးသွားပြီ ဆိုပါတော့'

ကိုမြင့် ခေါင်းညိတ်၍ ပြသည်။ ထိုနောက် မြစ်ပြင်ကို ငေးကြည့်ရင်း ပြောသည်။ သူ့အသံက ယူကြုံးမရသံ ပါသည်။ စကားလုံးများက သူ့ပါးစပ်မှ နှေးကွေးလေးကန်စွာ ထွက်လာကြသည်။

''ဒီအလုပ်မျိုးကို မလုပ်ဘူးလို့ အတတ်နိုင်ဆုံး ရှောင်ခဲ့တာပဲ ကိုထွန်းအောင်။ ခင်ဗျားရွတ်ပြလေ့ရှိတဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ကဗျာ

www.burmeseclassic.com


ကလေးတစ်ပုဒ်ကို မှတ်မိသေးလား။ 'ထင်းခုတ်တော့တောင်၊ ထမင်း တစ်လုတ်တော့ စားရမှာ မလွဲ'ဆိုတဲ့ စာပိုဒ်ကလေးလေ'

ကိုမြင့်က ပြောရင်း တမင်လုပ်၍ ရယ်သည်။ သူ့အရယ်အပြုံးသည် ရွှင်လန်းသည့် သဘောကို မဆောင်။ နာကြည်းသည့် သဘောကို ဆောင်ကြောင်းကိုထွန်းအောင် နားလည်သည်။

'ခုတော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းလဲ မှားသွားပြီဗျ။ ထင်းခုတ်ရုံနဲ့ ထမင်းတစ်လုတ် စားရတယ်ဆိုတာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့ခေတ်တုန်းက မှန်ကောင်းမှန်လိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့၊ ခင်ဗျားတို့ ခေတ်မှာတော့ မမှန်တော့ဘူး။ ခုတော့ ခင်ဗျားတို့ ပြောသလို သန့်စင်ရေး သူရဲကောင်းကြီးအဖြစ်က ကျဆုံးသွားပြီလေ၊ ကျွန်တော် မလုပ်ချင်ဆုံး အလုပ်ကို ကျွန်တော်လုပ်ခဲ့ရပြီ။ နောင်လဲ လုပ်ရဦးမလို ဖြစ်နေပြီ။

'ဒါဖြင့် ခု လောလောဆယ်ကော'

ကိုမြင့်က ခေါင်းရမ်းပြသည်။

'မှောင်ခိုကုန် ကူးတယ်ဆိုတာ ဥပုသ်စောင့်တာ မဟုတ်ဘူး။ ပေးစရာရှိရင် ရဲရဲပေးရမယ်။ ယူစရာရှိရင် ရဲရဲယူရမယ်လို့ ကျွန်တော့်ကို မှောင်ခိုသမားတစ်ယောက်က ပြောဖူးတယ်။ ကျွန်တော်က ရဲရဲမယူတတ်ဘူး၊ ကျွန်တော်တို့ ပါလာတဲ့ ပစ္စည်းဟာ မနည်းဘူး။ ခိုင်းကြေးနဲ့ ချလာတာတွေဆိုပါတော့။ တစ်သောင်းဖိုး နှစ်သောင်းဖိုးလောက်ကတော့ အသာကလေး ဖျောက်ပစ်လိုက်လို့ရတယ်။ ဒါပေမယ့် ကျွန်တော်တို့က ဥပုသ်စောင့်သလို သွားလုပ်မိတာကိုး။ ရဲကဖမ်းတော့ ပစ္စည်းလဲ မကျန်ရစ်ဘူး။ ခိုင်းကြေးကလဲ အမြတ်ပေါ်ကရတဲ့ ခိုင်းကြေးမျိုးဆိုတော့ တစ်ပြားမှ မရလိုက်ဘူး။ လူတောင် ကံကောင်းလို့ ထောင်မကျတာ၊ တစ်လလောက် အချုပ်ခံလိုက်ရတာကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေပြီ'

'ဒါဖြင့် ခင်ဗျား နေရေးထိုင်ရေးကော'

'ခုထိတော့ ဘာလုပ်ရမှန်း မသိသေးဘူး၊ အစတုန်းကတော့ ကျွန်တော်တို့ကိစ္စ ဟန်ကျရင် ရတဲ့ငွေလေးနဲ့ ရေဒီယိုပြင်ဆိုင်လေး ဖွင့်မယ်လို့ စိတ်ကူးထားတာ။ ခုတော့ ဒီစိတ်ကူးလဲ ချင်းတွင်းမြစ်ထဲ မျောသွားပြီလေ။ သစ်ချောက်မိုင်းကိုပဲ ပြန်ရရင် ကောင်းမလားလို့ စိတ်ကူးတယ်၊ စောစောကတော့ ခင်ဗျားဆီ ပြန်လာဖို့ စိတ်ကူးအရသား။ ဒါပေမယ့် ခင်ဗျားလဲ ပခုက္ကူမှာ ရှိချင်မှ ရှိမှာလေဆိုပြီး'

www.burmeseclassic.com



'ဟုတ်တယ်၊ ကျွန်တော်လဲ ပခုက္ကူမှာ မရှိတာများတယ်၊ လမ်းပေါ်မှာ သွားလာကူးသန်းနေတာနဲ့ အချိန်ကုန်နေတယ်ဆိုပါတော့၊ မနှစ်က ရေနံချောင်းဘက်၊ ချောက်ဘက်ကို သွားလိုက် ပြန်လိုက်နဲ့ အချိန်ကုန်တာပဲ'

'အဲဒီအလုပ်ကကော ဟန်မကျဘူးလား'

ကိုထွန်းအောင်က မြစ်ပြင်ကို ငေးကြည့်သည်။ အမှောင်ထုသည် မြစ်ပြင်ပေါ်သို့ တဖြည်းဖြည်း လျှောကျလာနေသည်။

'ဟန်တော့ကျပါတယ်'

စကားက ကျန်နေသည်။ ကိုထွန်းအောင်က သမ္ဘာန်ကြိုးချည်သည့် သံတိုင်ငုတ်ပေါ်တွင် ထိုင်သည်။ လေယာဉ်အိတ်ကို သမ္ဘာန်ကြမ်းပြင်တွင်ချပြီး ဒူးယားဘူးကို ထုတ်သည်။ ဒူးယားစီးကရက်ဘူးက အညိုရောင်၊ အိတ်စ်ပို့ကွယ်လတီဟု ခေါ်သည့် အမျိုးအစား။

ကိုမြင့်ဖို့ တစ်လိပ်လှမ်းပေးပြီး သူက တစ်လိပ်ညှိ၍ စီးကရက်မီးခိုးများကို မှုတ်ထုတ်နေသည်။

'ဒါပေမယ့် အန္တရာယ်များလွန်းတယ်ဗျ၊ ခာတ်ဆီ၊ ရေနံဆီတွေကို ခပ်ရတာက ရေနံမြေထဲက တိုင်ကီကြီးတွေပေါ်ကို တက်ခပ်ရတာ၊ မီးမောင်းကြီးတွေ ဟိုဘက်လှည့်ထိုး၊ ဒီဘက်လှည့်ထိုးနဲ့ဆိုတော့ မလွယ်ဘူး၊ မီးမောင်းကြီးတွေကို ရှောင်နိုင်မှ မရှောင်နိုင်ရင် ကွိုကနဲ မိနေမှာ'

ကိုထွန်းအောင်က ရေနံမြေထဲသို့ ခာတ်ဆီဝင်ခပ်သည့် အခါတွင် မီးမောင်းကြီးတွေ ရှောင်နည်းကို ပြောပြသည်။

'ဒါကြောင့် ရေနံဆီ၊ ခာတ်ဆီ အလုပ်ကို ရပ်ပြီး သံပိုက်လုံးတွေ လုပ်တယ်၊ ရေနံမြေက သံပိုက်လုံးတွေ၊ ဒီအလုပ်ကလဲ ဟန်ကျတာပဲ ဒါပေမယ့် ပိုက်လုံးတွေကို သယ်ရပြုရတာက တာဝန်ကြီးတယ်၊ သိမ်းရဆည်းရတာကလဲ ခက်တယ်၊ ဒါကြောင့် ခု စီးကရက်လုပ်ငန်းကိုပဲ လုပ်နေတယ်'

'စီးကရက်ကကော'

'ဟန်ကျပါတယ်၊ ဒီခေတ်မှာ လုပ်ရဲရင် ဟန်ကျတာချည်းပဲအရေးကြီးတာက လုပ်ရဲဖို့ပဲ၊ စီးကရက်စက်ရုံက နည်းအမျိုးမျိုးနဲ့ ထွက်လာတဲ့ စီးကရက်တွေကို သိမ်းကျုံးဝယ်ပြီး မုံရွာ–မန္တလေးဘက်ကို ပို့ရတယ်'

'နည်းအမျိုးမျိုးဆိုတာက'

ကိုထွန်းအောင်က ပြုံးသည်။

www.burmeseclassic.com


'ဌာနတိုင်းက ပစ္စည်းတွေဟာ အပြင်ကို နည်းအမျိုးမျိုးနဲ့ ရောက်နေကြတယ်၊ နည်းတွေကတော့ တစ်ထောင့်တစ်နည်းလောက်ရှိတယ်၊ တချို့နည်းတွေကိုတော့ ကျွန်တော်တို့တောင် မသိဘူး၊ အားလုံး သူ့နည်းသူ့နဲ့ချည်းပဲ'

ကိုမြင့် သက်ပြင်းချသည်။

'ခင်ဗျားကော လောလောဆယ် အလုပ်မရှိရင် ကျွန်တော်နဲ့အတူ လုပ်ပါ့လား၊ ကျွန်တော် ကိစ္စကလေးတစ်ခုရှိလို့ လာတာ၊ အဆင်ပြေမလား မသိဘူး၊ အဆင်ပြေရင် ကျွန်တော်နဲ့အတူ လုပ်မလား၊ ဘယ့်နှယ်လဲ'

ကိုထွန်းအောင်က ပါးစပ်ဖြင့်သာမက မျက်လုံးများဖြင့်လည်း မေးနေသည်။ ကိုမြင့်က ဘာမျှမဖြေ၊ ငေးနေသည်။

ကိုမြင့်က ခေါင်းရမ်းသည်။

'လာ ဒါဖြင့် ဈေးဘက်သွားပြီး ထမင်းစားရအောင်၊ အေးအေးဆေးဆေး စကားပြောကြသေးတာပေါ့'

ကမ်းနားမှ တက်လာသည့်အခါ၌ လုံးဝမှောင်နေပြီ၊ လမ်းမီးများ လင်းနေကြပြီ၊ ဆုတောင်းပြည့်ဘုရားမှ မီးပူဖော်ထားသည့် ခတ်မီးရောင်များသည် ညမှောင်ထုကြီးကို ချိန့်နွှာ တွန်းလှန်နေကြ၏။ မြစ်ဆိပ်မော်တော်ကားတစ်စင်းပေါ်မှ မင်ဒိုလင်သံသဲ့သဲ့ ထွက်ပေါ်လာနေသည်။

ကမ်းနားမှတက်၍ နှစ်ယောက်သား မြင်းမူလမ်းမကြီးဘက်ဆီသို့ လာခဲ့ကြသည်။ မုံရွာ၏ ညချမ်းသည် မီးရောင်၊ မော်တော်ကားသံ၊ မြင်းခွာသံ၊ လူသံတို့ဖြင့် ရက်ယှက်လျက် ရှိ၏။ ထိုအသံများသည် တိတ်ဆိတ်ငြိမ်သက်သော မြစ်ကမ်းနားမှ တက်လာသည့် သူတို့နှစ်ယောက်အဖို့ ပို၍ ဆူညံကျယ်လောင်နေသည်။

ဈေးကြီးဘက်သို့ ချိုးဝင်လိုက်သည်။ မျက်နှာချင်းဆိုင်က ဂျစ်ကားတစ်စီးလာနေသဖြင့် ကတ္တရာစေးလမ်းမကြီးပေါ်မှ ဘေးသို့ ဆင်းလိုက်သည်။ ကားက သူတို့ဆင်းရာသို့ ခေါင်းထိုး၍ လိုက်လာသည်။ မီးကို တည့်တည့်ထိုးထားသည်။ ကားမီးရောင်ထဲတွင် သူတို့နှစ်ယောက် ပြေးပေါက်မှားနေသည်။ ကိုမြင့်က ကိုထွန်းအောင်လက်ကို လှမ်းဆွဲကာ လမ်းဘေးမြောင်းတစ်ဘက်သို့ ခုန်လိုက်သည်။ သည်တော့မှ ဂျစ်ကားသည် လီဗာကို ဆောင့်နင်း မောင်းထွက်သွားသည်။ ကားပေါ်မှ ဆဲသံသည် ကားနောက်တွင် ဝေ့ကျန်ရစ်ခဲ့သည်။

ဂျစ်ကားက အနီရောင်၊ အသစ်စက်စက်ကလေး၊ မောင်းသူကို လှမ်းကြည့်လိုက်တော့ တခြားသူမဟုတ်၊ နေလင်းအောင်။

www.burmeseclassic.com



သည်တစ်ချီတော့ ခံလိုက်ရပြီ၊ ဖောင်ကူးတံတားပေါ်တုန်းက သူက လမ်းမှန်၊ နေလင်းအောင်က ဖွတ်ဝင်လာခြင်း ဖြစ်သည်။ သည်တစ်ခါတွင်မူ သူတို့က လက်ဝဲဘက်က မျက်နှာချင်းဆိုင်သို့ လျှောက်ခဲ့စဉ် နေလင်းအောင်က လက်ယာဘက်သို့ ယူ၍ မောင်းလာခြင်းဖြစ်သည်။ လမ်းဘေးမြောင်းကို ခုန်ကူး မိသဖြင့် အတိုက်မခံရခြင်း ဖြစ်သည်။ သို့မဟုတ်က အနည်းဆုံး ဆေးရုံတော့ တက်ရမည်။

၇

www.burmeseclassic.com



စင်စစ် သူတို့လုပ်နေသည့်အလုပ်သည် သည်နေရာနှင့် နည်းနည်းမျှ မအပ်စပ်။

နေရာက ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဘုရားပုရဝုဏ်။ ဘုရားပုရဝုဏ်မှ ဆင်းလျှင် တောင်ခါးပန်းက ဘုန်းကြီးကျောင်းများ ဇရပ်များသို့ ရောက်သည်။ တောင်ကမ်းပါးယံတွင် သူတော်စင်တို့ တရားမွေ့လျော်ရာ ကမ္မဋ္ဌာန်းကျောင်းငယ်များ ရှိသည်။ ကျောက်တုံး လှေခါးထစ်တွေစီထားသည့် စကြံလမ်းသွယ်သွယ်သည် ဝေ့ဝိုက်ကွေ့ကောက်၍ တောင်ဘက်သို့ ဆင်းသွားသည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် သန်းပင်၊ ဒဟတ်ပင်၊ သနပ်ခါးပင်တို့ ပေါက်နေကြသည်။ နေရာက ရိပ်ငြိမ်တိတ်ဆိတ်သည်။ တံတိုင်းကျောက်နီလာ၊ ကသိဏ်းပ ဆောက်တည်ရာဟု ဆိုကြသည့် နေရာမျိုး။

သို့ရာတွင် သူတို့က ဆောက်တည်နေကြသည်က ‘လေးမျက်နှာ’ ကသိဏ်း။

ယခုတလော မြို့ပေါ်တွင် လေးကောင်ဂျင်ဝိုင်းတွေ ဖမ်းနေသည်။ ခါတိုင်း ဦးကျင်စိန်၏ တိုက်နောက်ဖေးက မီးခံတိုက်ကလေးထဲတွင် လေးကောင်ဂျင်ဝိုင်း ဖွင့်နေကျ။ ထိုနေရာသည် သူတို့အတွက် ဘေးကင်းနယ်မြေ ဖြစ်ခဲ့သည်။ ဆိုင်ရာက ဦးကျင်စိန်ကိုခေါ်၍ တိုးတိုးတိတ်တိတ် သတိပေးထားသည်။ ထို့ကြောင့် အခိုက်အတန့်တွင်မူ သူ့တိုက်တွင် အလုပ်မဖြစ်။ သည်တော့ သူတို့တစ်တွေ နေရာသစ်ရှာကြသည်။

သည်အချိန်တွင် ဖိုးဝင်းတောင်တွင် လူပါးချိန်ဖြစ်သည်။ ပွဲတော်လည်း မရှိ။ ဘုရားဖူးရှိလျှင်လည်း ကြိုးတိုးကျဲတဲ။ ဖိုးဝင်းတောင်တွင် ဦးကျင်စိန် ယောက္ခမ၏ ဇရပ်တစ်ဆောင်ရှိသည်။ ဇရပ်က အုတ်ဇရပ်။ အိပ်ခန်း၊ ရေချိုးခန်း၊ ထမင်းစားခန်း၊ ရေဆွဲအိမ်သာနှင့် လုံလုံခြုံခြုံ။ ဇရပ်သာဆိုသော်လည်း မြို့ပေါ်က တိုက်အိမ်တစ်လုံးနှင့် ဘာမျှမခြား။

ဦးကျင်စိန် မခံချိ မခံသာ ဖြစ်နေသည်။

www.burmeseclassic.com


မုံရွာတွင် ရှိသည့် ကုန်သည်ကြီးတွေကို သူဖြတ်တက်နိုင်ခဲ့သည်။ ဦးမြတ်မင်းတို့လို လူတွေက ကုန်သည် ဆိုသည့်တိုင်၊ ကုန်သည်မဆန်၊ ဟိတ်ကြီးလွန်းသည်။ သေချာသည့် အလုပ်မျိုးလောက်မှ လုပ်ချင်သူဖြစ်သည်။ ဦးနှောက်ကောင်းခြင်း၊ အဆက်အသွယ်ကောင်းခြင်းတို့ကြောင့် ဦးမြမင်းသည် ခေတ်ကုန်သည်လောကတွင် ရပ်တည်နေနိုင်ခြင်း ဖြစ်သည်။ သို့မဟုတ်က သူ့ဟိတ်ဟန်များပုံမျိုးနှင့်ဆိုလျှင် ဦးမြမင်း ကုန်သည်လောကမှ လွင့်စင်သွားလောက်ပြီ။ သို့မဟုတ်လျှင်လည်း ထောင်ထဲသို့ ရောက်နေလောက်ပြီ။

သည်ခေတ် ကုန်သည်က ဦးနှောက်ကောင်းရမည်။ ဦးနှောက်ကောင်းရမည်ဆိုသည့် အဓိပ္ပာယ်မှာ အစိုးရက အခါအားလျော်စွာ ပြဋ္ဌာန်းသော ဥပဒေများ၊ အမိန့်များကို ကျွမ်းကျင်လိမ္မာစွာ ချိုးဖောက်တတ်ရမည်။ ရှောင်ကွင်းနိုင်ရမည်။ အဆက်အသွယ်ကောင်းရမည်ဆိုသည့် အဓိပ္ပာယ်မှာ ဘေးအန္တရာယ်တစ်စုံတစ်ခု ရောက်လာလျှင် ဆိုင်ရာပိုင်ရာသို့ ပေါက်ပေါက်ရောက်ရောက်သွားနိုင်ရမည်။ အကာအကွယ် ယူတတ်ရမည်။ မည်သည့်ကုန်စည်သည် မည်သည့်အချိန်တွင် ကန့်သတ်ကုန် ဖြစ်နိုင်၏။ မဖြစ်နိုင်၏ကို ကြိုတင်သိထားရမည်။ အနည်းဆုံး ရက်ပိုင်း၊ နာရီပိုင်းလောက် ကြိုသိထားရမည်။ ကြိုမသိသည့်တိုင် ထိုကုန်စည်မျိုးကို အောတိုက် လှောင်ထားတန် လှောင်ထားရမည်။ ဖမ်းမိခါမှမိရော၊ တားမြစ်ကုန်ကိုလည်း လုပ်ရဲရမည်။

တစ်ခါက ဦးကျင်စိန်ကိုယ်တိုင် ရန်ကုန်–မန္တလေး လမ်းအတိုင်း အီဆူဇူးနှစ်စီးဖြင့် ဆန်အိတ်အပြည့် တင်လာခဲ့သည်။ ပဲခူးဘက်မှ ဝယ်လာခြင်းဖြစ်သည်။ ထိုအချိန်က ဂိတ်များမှ တားကာ ဆန်ကို ဒလကြမ်းဖမ်းနေချိန် ဖြစ်သည်။ အခြား ဂိတ်များအားလုံးကို ချောချောမောမော ဖြတ်နိုင်ခဲ့သည်။ သို့ရာတွင် တောင်ငူနှင့် ပျဉ်းမနားကြားက မြို့ငယ်လေးတစ်မြို့မှ ဂိတ်တစ်ခုကိုမူ ဦးကျင်စိန် လွယ်လွယ်နှင့် ဖြတ်မရ။

အချိန်ကလည်း စကောစက။ ည ဆယ့်တစ်နာရီကျော်ကျော်၊ သည်ဂိတ်က အဖမ်းအဆီး ကြမ်းသည်ဟု သူသိပြီးသား။ သည်ဂိတ်ကို အစာခွံ့၍လည်း စားမည်မဟုတ်။ အစာခွံ့သည့် လက်ကိုကိုက်မည့်ဂိတ်ဖြစ်သည်။ ထို့ကြောင့် သည်ဂိတ်ကို ဖြစ်သည့်နည်းဖြင့် ဖြတ်မည်ဟု သူ ပိုင်းဖြတ်သည်။

ဂိတ်တွင် မောင်းတံကြီး အောက်ချထားသည်။ မောင်းတံကြီးအလွန်တွင် သံစည်ပိုင်းများကို ကွေ့ကောက် ချထားသည်။ သည့်တုန်းက ရှေ့က အီဆူဇူးကားကြီးကို ဦးကျင်စိန်ကိုယ်တိုင် မောင်းလာသည်။ မြို့အဝင်ဂိတ် ရောက်ခါနီးတွင်

www.burmeseclassic.com



ဦးကျင်စိန် လီဗာကိုမလျှော့၊ မီးကိုလည်းမမိတ်၊ ထိန်လင်းနေသော ရှေ့ကား မီးရောင်ထဲတွင် ဂိတ်တာဝန်ကျသူ နှစ်ဦး သုံးဦးထွက်၍ လက်တားပြသည်။ အီဆူဇူးကားက စက်သံပြင်းပြင်း အရှိန်ပြင်းပြင်းဖြင့် တည့်တည့်ကြီး လာနေသည်တွင် လက်တားသူ နှစ်ယောက် ဘေးသို့ ရှောင်ထွက်လိုက်ကြသည်။ အီဆူဇူးကားကြီးသည် ဂိတ်တွင် ကန့်လန့်ပိတ် ချထားသည့် မောင်းတံကြီးကို ဝင်တိုက်ပစ်သည်။ မောင်းတံသည် ဖြောင်းကနဲ ကျိုးထွက်ကျန်ရစ်ခဲ့သည်။ ရှေ့တွင် စည်ပိုင်းတွေကို ကွေ့ကောက် ထောင်ထားကာ လမ်းဖွင့်ပေးထားသည်။ သည်လမ်းအတိုင်း မောင်းနေ၍မဖြစ်။ သည်တော့ ဦးကျင်စိန် မျက်စိရှင်ရှင်ထားကာ သံစည်ပိုင်းတွေကိုပါ ဒလကြမ်း တိုက်၍ မောင်းထွက်သည်။ နောက်က ကားကလည်း သူ့နောက်က ကပ်လျက်လိုက်လာသည်။ အော်သံများ ဂျိုးဂျိုးဂွမ်းဂွမ်း မြည်သံများသည် နောက်တွင် ကျန်ရစ်ခဲ့ကြသည်။ မည်သို့မည်ပုံဖြစ်ကျန်ရစ်ခဲ့ကြသည်ကိုမူ သူမသိ။

ပျဉ်းမနားအထက်တွင် တစ်လမ်းလုံး သည်နှုန်းဖြင့် မောင်းခဲ့သည်။

နှစ်ရက်သုံးရက်အကြာ သတင်းစာများ၌ ဂိတ်များတွင် တားထားသည့် အတားအဆီးများကို တိုက်ပစ်သွားသည့် မော်တော်ကားအဝါကြီးတစ်စင်း အကြောင်းကိုဖတ်ရသည်။ ‘ဆန်းကျယ်လျှို့ဝှက်သည့် ကားဝါကြီး’ဟု သတင်းစာက ခေါင်းစဉ်တပ်သည်။ ဦးကျင်စိန်က သတင်းကိုဖတ်၍ ပြုံးသည်။ သူ့တွင် ဘာမျှမဖြစ်။

ဦးကျင်စိန်က လက်ရဲဇက်ရဲ၊ လုပ်ရဲကိုင်ရဲရှိရုံသာ မဟုတ်။ အပေါင်းအသင်းလည်း ကောင်းသည်။ သူတို့မြို့တွင် ပြောင်းလာသည့် အရာရှိကြီးငယ် မှန်သမျှနှင့် ခင်မင်ရင်းနှီးသည်။ သူသည် အားကစားဝါသနာပါသူမဟုတ်။ သို့ရာတွင် အကောင်းစား ဂေါက်ရိုက်တံနှစ်စုံဝယ်ထားသည်။ ဂေါက်ရိုက်ကျင့်သည်။ အရာရှိများနှင့် ဂေါက်သီးကစားသည်။ ဂေါက်သီးကွင်းမှ ထွက်လာသော အကျိုးအမြတ်နှင့်စာလျှင် သူ့ဂေါက်ရိုက်တံ နှစ်စုံသည် ဘာမျှ အဖိုးမတန်။

ဥပမာ၊ သူတို့မြို့တွင် ရောက်လာခဲ့ဖူးသည့် လျှပ်စစ်အရာရှိ တစ်ဦးလည်း ဂေါက်ရူးဖြစ်သည်။ ဂေါက်သီးသည် ‘ပြည်သူ့အားကစားဖြစ်သည်ဟု တဖွဖွ ပြောတတ်သည်။ ရုံးတက်ချိန်ဟူ၍မရှိ။ နေကုန်နေခမ်း ဂေါက်ကွင်းတွင် အချိန်ကုန်သည်။ တခြားသူများက သူ့လို အချိန်မပေးနိုင်။ ဦးကျင်စိန်က အကွက်မြင်သည်။ မရိုက်တတ်၊ ရိုက်တတ်ဖြင့် ဂေါက်ကွင်းတွင် တစ်နေကုန် ဂေါက်သီးလိုက်ရိုက်သည်။ ဘုန်းကြီးနှင့်ဘီးက နီးချင်နီးဦးမည်။ ဦးကျင်စိန်နှင့် ဂေါက်သီး

www.burmeseclassic.com


က နည်းနည်းမျှ မနီး။ သို့ရာတွင် ဦးကျင်စိန် ဝီရိယကောင်းသည်။ လျှပ်စစ်အရာရှိနှင့် ဂေါက်သီးမှန်မှန်ရိုက်သည်။ ဂေါက်သီးရိုက်ကျွမ်းကျင်တတ်မြောက်လာခြင်း ရှိမရှိကိုမူ မည်သူမျှ မပြောနိုင်။ ဦးကျင်စိန်တွင် အကျိုးအမြတ်ကားရလိုက်သည်။ တခြားမဟုတ်။ ပါဝါမီတာများရခြင်းဖြစ်သည်။

ထိုစဉ်က သူတို့မြို့တွင် ပဲခွဲစက်ကလေးတွေ၊ အမှုန့်ကြိတ်စက်ကလေးတွေ၊ ဆီစက်ကလေးတွေ၊ ဝါကြိတ်စက်ကလေးတွေ၊ တွင်ခုံကလေးတွေ မှိုလိုပေါက်နေသည်။ ပါဝါမီတာဈေးသည် အပြင်တွင် နှစ်သောင်းကျော် သုံးသောင်းဖြစ်နေသည်။ တော်ရုံတန်ရုံဖြင့် ပါဝါမီတာ လျှောက်၍မရ။ ဦးကျင်စိန်တွင်မူ မီတာတွေ တစ်ခုပြီးတစ်ခုရသည်။ လျှောက်၍ ရသမျှကို အပြင်တွင် ရောင်းစားသည်။ အရာရှိလည်း အကျိုးရှိသည်။ သူလည်း အကျိုးရှိသည်။ တစ်ယောက်တစ်ဝက် ခွဲယူကြသည်။

ဦးကျင်စိန်က ခေတ်သစ် ကုန်သည်တို့တွင် ရှိအပ်သည့် အရည်အချင်းတွေ အပြည့်ရှိသည်။ ခေတ်သစ်ကုန်သည်တို့ကျင့်အပ်သည့် နီတိများအားလုံးကို လိုက်နာသည်။ သည်နည်းဖြင့် သူတို့မြို့က ကုန်သည်များကို ဖြတ်ကျော် တက်လာခဲ့ခြင်း ဖြစ်သည်။ သူတို့မြို့က ကုန်သည်များတွင် သူအကြောက်ဆုံးက ဦးမြမင်း။ သို့တိုင်အောင် ဦးမြမင်းသည် သူ့ခြေကို မမီ။ နိုင်ငံရေးသမားတစ်ဖြစ်လဲ ကုန်သည်ဖြစ်၍ ဟိတ်ဟန်များသည်။ ရေရှည်တွင် ဦးမြမင်းကို သူကျော်တက်နိုင်ခဲ့သည်။ ဦးမြမင်းကို မှုစရာမရှိ။

သို့ရာတွင် နောက်ပေါက် ကုန်သည် လူငယ်လေးတွေက ဦးကျင်စိန်ထက် ခြေသွက်သည်။ ခေတ်သစ်ကုန်သည်တို့၏ နီတိကို အကုန်အစင် လိုက်နာကြရုံမျှမက သူတို့က ယနေ့ခေတ်နှင့် ကိုက်အောင် ကုန်သည်တို့ လိုက်နာအပ်သည့် နီတိသစ်များကို ထွင်သည်။ သူတို့ကိုယ်တိုင် နီတိဆရာများ ဖြစ်နေကြသည်။ သည်တွင် ဦကျင်စိန် သူတို့တစ်တွေကို မျက်လုံးဖြဲကြည့်လာရသည်။ သူတို့အထဲတွင် အသွက်ဆုံး၊ ခြေလှမ်းအကျဲဆုံးက နေလင်းအောင်။

သည်ကောင်လေးက ခေတ်လူငယ်ပီပီ၊ သူ့ထက် လုပ်ရဲကိုင်ရဲသည်။ အပေါင်းအသင်းဆန့်သည်။ အထက်ရော အောက်ရော လူမျိုးတစ်ရာ့တစ်ပါးနှင့် ပေါင်းနိုင်သည်။ ဦးမြမင်း၏ သမက်ဖြစ်လာသည်တွင် ဦးမြမင်း၏ဦးနှောက်နှင့် သူ့လုပ်ရည်ကိုင်ရည် ပေါင်းလိုက်သည့်အခါ၌ ဦးကျင်စိန်လိုက်၍ မမီချင်တော့။

ယခုတလော ဖြစ်သည့်ကိစ္စတွင် ဦးကျင်စိန်ခံလိုက်ရသည်။ နေလင်းအောင်က တမူးဘက် ကိုယ်တိုင်တက်ကာ ဂျစ်ကားတစ်စင်းလုံး သွင်းသည်မှာ

www.burmeseclassic.com


(သူသိသလောက်) ဆယ်စီးလောက်ရှိနေပြီ၊ ဦးကျင်စိန်က ကိုယ်တိုင် မလိုက်နိုင်၊ ကျန်းမာရေးကလည်း သိပ်မကောင်း၊ အသက်ကလည်း နည်းနည်းကြီးလာသဖြင့် အစစအရာရာ ဆင်ခြင်ရသည်။ ထို့ကြောင့် တမူးဘက်တွင် နေလင်းအောင် ခြေလှမ်းသွက်နေမှန်း သိလျက်နှင့် ငုတ်တုတ်ထိုင်ကြည့်နေရသည်။ ဤသည်ကို ဦးကျင်စိန် ခံပြင်းသည်။ သည်တစ်ချီ အဖမ်းအဆီးကြောင့် သူတို့မြို့က ကုန်သည်တွေအားလုံး တစ်ယောက်ကို တစ်ယောက် အကဲခတ်နေကြစဉ် ဦးကျင်စိန်က အရဲစွန့်၍ ခြေတစ်လှမ်း လှမ်းကြည့်လိုက်သည်။ ယုဝချောင်းတစ်လျှောက်လုံး ချောချောမောမော ဖြစ်ခဲ့ပြီးမှ မင်းကင်းနားအရောက်တွင် လုလုကြီး ခံလိုက်ရသည်။ သူ့လူတွေ ထောင်ကျသွားသည်။ တစ်ယောက်သာ လွတ်သည်ဟု သတင်းကြားရသည်။ သူကိုယ်တိုင်ပင် ထောင်နှုတ်ခမ်းသို့ ရောက်လုနီး ဖြစ်နေပြီးမှ မနည်းရုန်းထွက်ခဲ့ရသည်။

ဦးကျင်စိန် အခြေအနေကို မြင်သည်တွင် သူ့ပြိုင်ဘက်တွေက ဝမ်းသာကြသည်။ တချို့က နှာခေါင်းရှုံ့ကြသည်။ လူပါးပုလင်းထိပြီဟု သြဘာပေးကြသည်။ နေလင်းအောင်ကမူ ပြောင်ပြောင်ပင် သူ့ကို 'ချဲ'သည်။

'နေလင်းအောင်တို့လို လုပ်ချင်ရင် နေလင်းအောင်တို့လို လျင်ရတယ် ဦးလေးရ'

အအေးဆိုင် တစ်ဆိုင်တွင် ဆုံမိသည်တွင် နေလင်းအောင်က နောက်သလိုလိုဖြင့် သူ့ကို 'ချဲ'သွားသည်။ လူတွေရှေ့တွင် အချဲခံရသဖြင့် ဦးကျင်စိန် ရှက်သည်။ သို့ရာတွင် လူကြီးရှက်တော့ရယ် ဆိုသည့်အတိုင်း ဦးကျင်စိန် ဘာမျှ ပြန်မပြောနိုင်၊ ကိုယ်တိုင်ကလည်း သူပြောသည့်အတိုင်း ဟုတ်နေသဖြင့် ရယ်ရယ်ပြုံးပြုံးနှင့် အသာငြိမ်ခံနေလိုက်သည်။ သည်ကောင်မျိုးလေးကို စိတ်ဆိုးရမည်က အခက်၊ ပြန်ချေပနေရမည်ကလည်း အခက်။

စိတ်ထဲကမူ ခံပြင်းသည်။ နေလင်းအောင်ကို တစ်ချက်လောက် ခပ်စပ်စပ် တွယ်မည်ဟု အကွက်စောင့်သည်။ ကြာကြာမစောင့်ရ၊ အကွက်ဝင်လာသည်။

တလောက ဂျင်နိုင်ထားသဖြင့် နေလင်းအောင် သွေးကြွနေသည်။

နောက်တစ်နေ့တွင် တနင်္ဂနွေနေ့ဖြစ်သဖြင့် ဖိုးဝင်းတောင်သို့ ကူးခဲ့ကြသည်။ မြို့ထဲတွင် ကစားရသည်က သိပ်စိတ်မချရ။ သူတို့ ဂျင်ဝိုင်းက အနံ့ထွက်နေသည်။ ဖိုးဝင်းတောင်တွင် ဦးကျင်စိန် ယောက္ခမ၏ ဇရပ်တစ်ဆောင်ရှိသည်။ သည်ဇရပ်သွားကစားလျှင် စိတ်ချရသည်။ ကားသုံးစီးဖြင့် ပစ္စည်းအစုံအလင် တင်လာသည်။ စားစရာလည်း ပါသည်။ သောက်စရာလည်း ပါသည်။

www.burmeseclassic.com



ဖိုးဝင်းတောင်တွင် ပွဲတော်ရက် မဟုတ်လျှင် လူရှင်းသည်။ တောင်အောက်က လက်ဖက်ရည်ဆိုင်တန်း ကြိုးတိုးကျဲတဲ၊ တောင်ပေါ်ဇရပ်များတွင် ဥပုသ်ရက်ရှည်စောင့်သူ အနည်းအကျဉ်းရှိသည့်တိုင် ကိစ္စမရှိ၊ ဥပုသ်သည်တို့က ကိုယ့်ဇရပ်တွင် ကိုယ်အေးအေးဆေးဆေးနေကြသည်။ ဥပုသ်သည်က သူတို့ကို အနှောင့်အယှက် ပြုစရာမရှိ၊ တခြား အနှောင့်အယှက်ပေးမည့်သူလည်း မရှိ။

ဇရပ်ရှေ့တွင် တချို့က ကက်ဆက်ဖွင့်ကြသည်။ တချို့က ဖဲရိုက်ကြသည်။ ဦးကျင်စိန်တို့၊ နေလင်းအောင်တို့ အသိုက်က ဂျင်လှည့်ကြသည်။ ဖဲဝိုင်းတွင် လူများသော်လည်း ဂျင်ဝိုင်းက ခွဲသိပ်မရှိ၊ ဂျင်သမား ငါးယောက်၊ ခြောက်ယောက်သာရှိသည်။ ဂျင်ဝိုင်းက ထိုးလက် သည်မျှလောက်သာ ကောင်းသည်။ သည့်ထက် ထိုးလက်များလျှင် ကစား၍ မကောင်းချင်တော့၊ ဝိုင်းက ချိန်းဝိုင်း။

စင်စစ် သည်နေရာသည် သူတို့အလုပ်နှင့် နည်းနည်းမျှ မစပ်အပ်၊ သူတော်ကောင်း သူတော်မြတ်တို့ ကမ္မဋ္ဌာန်းတရား ဆောက်တည်ရာ၊ သူတို့ အလုပ်က လေးကောင်ဂျင်ဝိုင်း၊ မည်သို့မျှ မဆိုင်။

ဂျင်ဝိုင်းတွင် လူစိမ်းမပါ၊ မျက်နှာသိတွေချည်း ဖြစ်သည်။ ဦးကျင်စိန်က သူ့လက်ဆွဲအိတ်ထဲက ဇယားကွက်ကို ထုတ်၍ စားပွဲတွင် ဖြန့်ခင်းသည်။ ဇယားကွက်တွင် အရုပ်ရေးမထား၊ ဖား၊ ဝက်၊ ကြက်၊ ငါးရှဉ့်တို့ကို သင်္ကေတများဖြင့် ပြထားသည်။

ဦးကျင်စိန်က တိုက်ပုံအင်္ကျီအပေါ်အိတ်အတွင်းက ဂျင်ကို ထုတ်သည်။ သူ့ဂျင်က ဆင်စွယ်ဖြင့် ထုထားသည့် ဇယားဂျင် ဖြစ်သည်။ မန္တလေးတွင် တက်ကစားစဉ်က သည်ဂျင်ဖြင့် ဆယ်သိန်းလောက် နိုင်ခဲ့ဖူးသည်။ 'အလွန်လာဘ်ကောင်းသည့်'ဂျင်ဟု ဆိုကာ သူ့ဂျင်ကို ဦးကျင်စိန် အမြတ်တနိုး ထားသည်။ သည်နေ့ ချိန်းဝိုင်းဆိုသည့်အတွက် မနေ့ညကပင်လျှင် သူ့ဂျင်ကို ငွေဖလားထဲထည့်၍ ရေစိမ်ပ,သခဲ့သေးသည်။ သည်တစ်ပွဲတွင်တော့ နေလင်းအောင်ကို အပြတ်ဖြတ်မှ ဖြစ်မည်။ ယခုတလောတွင် သည်ကောင်ကလေး အလွန်ခြေဖျားထောက်သည်။ ခြေဖျားထောက်မည်ဆိုလျှင်လည်း ထောက်လောက်သည်။ သူက ယခုတလောတွင် ကံနိမ့်နေသည်။ ယုဝချောင်းဘက်က မျှောလာသည့် ပစ္စည်းတွေလည်း မင်းကင်အထက်နားတွင် အသိမ်းခံလိုက်ရသည်။ ဂျင်လည်း ဆက်တိုက်ရှုံးနေသည်။ သူ့ကို မ,စနေကျ ဂျင်သည် ယခုတလောတွင် ဖောက်နေသည်။ သည်ဂျင်ဖြင့် လှည့်လိုက်တိုင်း သူကွဲနေသည်။ နေလင်း

www.burmeseclassic.com


အောင်ထံတွင် ရှုံးခဲ့သည့် ကိစ္စကိုမူ စာရင်းထဲထည့်မတွက်၊ တမင် အရှုံးခံ၍ မျှားကစားခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် တခြားသူများနှင့် ကစားခဲ့ရာ၌ ရှုံးခဲ့ရခြင်းကိုမူ သူ မကျေနပ်။

သည်နေ့ဝိုင်းက ချိန်းဝိုင်းဖြစ်၍ ဦးကျင်စိန် သူ့ဂျင်ကို မနေ့ညကတည်းက သ,ထားခဲ့သည်။ အမွှေးတိုင်၊ အရက်၊ စားကောင်းသောက်ဖွယ်တို့ဖြင့် ကြေးစန္ဒီနတ်ကိုလည်း ပ,သခဲ့ပြီးပြီ၊ အိမ်တွင်းနတ်ကိုလည်း ပ,သခဲ့ပြီးပြီ၊ တရုတ်နည်းရော၊ မြန်မာနည်းရော စုံပြီ။

အုတ်ဇရပ်က ဦးကျင်စိန်၏ ယောက္ခမဆောက်ထားသည့် ဇရပ်ဖြစ်၍ ကိုယ့်အိမ်လို စိတ်တိုင်းကျ ကစားနိုင်သည်။ အုတ်ဇရပ်နောက်ဖေး ဥပုသ်သည်တို့ ပုတီးစိပ်ဖို့ သီးသန့်ထားပြီး အပေါ်တွင် တမူးကလာသည့် အိန္ဒိယကော်ဇော်ကြီးနှစ်ချပ်ကို စပ်ခင်းသည်။ ဂျင်သမားက စားပွဲ၊ ကုလားထိုင်ဖြင့် ကစားရသည်ကို အားမရ၊ ကြမ်းခင်းတွင် ကစားရမှ ဂျင်ဝိုင်းအင်္ဂါ မြောက်သည်ဟု ယူဆသည်။

တစ်ဝိုင်းလုံး လူဆယ်ယောက်ရှိသည်။ ဦးကျင်စိန်က ဂျင်ဒိုင်ဘက်က သူပါမှ သုံးယောက်၊ ကျန်နှစ်ယောက်က 'ပိုးတီ'ဟု ဂျင်သမားများခေါ်ကြသည့် အလုပ်သမား၊ တစ်ယောက်က အလျော်အစားလုပ်မည်။ ကျန်တစ်ယောက်က ငွေရေမည်၊ ငွေစီမည်၊ နောက်မှ ပေးငွေယူငွေလုပ်မည်၊ ဦးကျင်စိန်က သူကိုယ်တိုင် ဂျင်လှည့်မည်။

နေလင်းအောင်နှင့်အတူ အဖော်တစ်ယောက်ပါသည်။ သူ့အဖော်က 'ကယ်လင်ဒါ'ဟူ၍ ဂျင်သမားများခေါ်သည့် ဂျင်သွားဇယားလမ်းကို ရေးပေးရန်ဖြစ်သည်။

ဂျင်ကစားရာတွင် နေလင်းအောင် ဝါရင့်ပြီ။ ရှုံးလည်း ရှုံးခဲ့ဖူးပြီ၊ နိုင်လည်း နိုင်ခဲ့ဖူးပြီ၊ နစဉ်က နေလင်းအောင်က အသံသမားဖြစ်သည်။ ဂျင်လည်သံကိုမှတ်၍ အကောင်ခွဲသည်။ အသံအတိုအရှည်ကိုတည်၍ အကောင်လေးကိုခွဲသည်။ မှန်သည့်အခါလည်း ရှိ၍ မှားသည့်အခါလည်း ရှိသည်။

ယခု နေလင်းအောင် အသံကိုမယုံတော့။ အသံကြောင့် ရေရေလည်လည် ကွဲခဲ့ဖူးပြီ။ အသံကို သူစိတ်မချ။ အသံမတူဘဲ အကောင်တူ ထပ်ကျသည်ကိုလည်း တွေ့ခဲ့ဖူးပြီ။ အသံတူပြီး အကောင်မတူဘဲ ကျသည်ကိုလည်း ကြုံခဲ့ဖူးပြီ။ သည်တွင် နေလင်းအောင် အသံကို မယုံတော့။ အသံသမားဘဝမှ လမ်းသမား ဖြစ်လာသည်။

www.burmeseclassic.com


ဂျင်သက်နုစဉ်တုန်းက သည့်ဝလုံးကလေးတွေ၊ ကန့်လန့်တုတ်ချောင်းကလေးတွေ၊ ကြက်ခြေခတ် ကလေးတွေ၊ ဖဦးထုပ်တွေကို သူနားမလည်။ နားလည်ရကောင်းမှန်းလည်း မသိ။ သူများထိုးလက်တွေ ရေးချင်၍ ရေးမှတ်ထားခြင်း ဖြစ်သည်ဟု ထင်ခဲ့သည်။ သို့ရာတွင် ဝါရင့်လာသည့်အခါ၌ ဂျင်သမား တစ်ယောက်အဖို့ ကယ်လင်ဒါခေါ် ဂျင်သွားလမ်းကြောင်းပြ ဇယားသည် မည်မျှ အရေးကြီးကြောင်း သူသဘောပေါက်လာသည်။ အထူးသဖြင့် အသံကို မယုံသည့် လမ်းသမားတစ်ယောက်အဖို့ ကယ်လင်ဒါသည် မရှိမဖြစ်သည့် ပစ္စည်း။ ကယ်လင်ဒါမရေးဘဲ ဂျင်ကစားသူသည် အိမ်မြှောင်မပါဘဲ သမုဒ္ဒရာတွင် ခရီးသွားသူနှင့် တူသည်ဟု နေလင်းအောင်ထင်သည်။

ထို့ကြောင့် နေလင်းအောင်ကစားလျှင် ကယ်လင်ဒါခေါ် ဂျင်သွားလမ်းကြောင်းပြ ဇယားကို အရင်ရေးချသည်။ ဝိုင်းသို့ နောက်ကျပြီးရောက်လျှင် ကယ်လင်ဒါကို တောင်းကြည့်သည်။ ကယ်လင်ဒါတွင် သူကြိုက်သည့် ကြွေကျများနေလျှင် နေလင်းအောင် လက်မနှေး။ ချက်ချင်းဝိုင်းသို့ ဝင်သည်။ တိုက်သည်က များသည်။ အသံသမားဘဝတုန်းက အရှုံးပေါ်ခဲ့သလောက် လမ်းသမားဘဝအရောက်တွင် နိုင်သည်ကများသည်။ လမ်းသမားဘဝရောက်မှ အရှုံးများသည်ဆိုလျှင် ဇယားလမ်းအတိုင်းမကျဘဲ ဖောက်သွားသောကြောင့် လည်းကောင်း၊ နေလင်းအောင်ကိုယ်တိုင်က အနိုင်နှင့်မပိုင်းဘဲ လောဘတကြီး လိုက်တတ်သောကြောင့် လည်းကောင်း သည်အကြောင်းနှစ်ချက်ကြောင့် ဖြစ်သည်။ ကြွေဖောက်လျှင် သူ့အပြစ်မဟုတ်။ ကြွေကိုက ကြွေရူးဖြစ်သဖြင့် သူဘာမျှ မတတ်နိုင်။ ကြွေက ကြွေမှန်ဖြစ်လျက် လောဘတကြီးဖြင့် ထပ်လိုက်သည်ကြောင့် ရှုံးသည်ဆိုလျှင်မူ ကြွေအပြစ်မဟုတ်။ သူ့အပြစ်။

ကျန်သုံးယောက်မှာ ဦးကျင်စိန်၏ မိတ်ဆွေ လျှပ်စစ်အရာရှိ၊ တက္ကသိုလ်ကျောင်းသား တစ်ယောက်နှင့် ပွဲစားတစ်ယောက်တို့ ဖြစ်ကြသည်။

'ကျွန်တော် သုံးသိန်းကိုင်မယ် ဦးလေး'

နေလင်းအောင်က သူ့အဖော်ကိုင်လာသည့် လက်ဆွဲအိတ်ကို လှမ်းယူသည်။

'ရပါတယ်၊ ဒိုင်က ဆယ်သိန်းကိုင်မယ်၊ ဟော့ ပစ္စည်းတွေ ယူခဲ့ကွာ'

ဦးကျင်စိန်က လှမ်းအော်လိုက်သည်။ ပန်းကန်နှစ်ချပ်နှင့် ယွန်းအုပ်ရောက်လာသည်။

www.burmeseclassic.com



ဦးကျင်စိန်က ဆန်စေ့များခင်းထားသည့် ပန်းကန်ပြားကြီးပေါ်တွင် ပန်းကန်ပြားပက်ပက်တစ်ချပ် တင်သည်။ ဂျင်လှည့်မည့် ပန်းကန်ပြင်ညီအောင် အောက်ဆန်စေ့ခင်းခြင်းဖြစ်သည်။ နောက် ဂျင်ကို လှည့်ကြည့်သည်။ မျက်နှာပြင်က မညီသေး။ တစ်ဘက်သို့ စောင်းနေသည်။ ဦးကျင်စိန်က အောက်ပန်းကန်ပြားကြီးထဲက ဆန်စေ့များကို ညီအောင် ညှိပြီး တစ်ကြိမ်လှည့်ကြည့်သည်။ ဟုတ်ပြီ၊ မျက်နှာပြင်ညီပြီ။ ဂျင် အသွားအလာ မှန်ပြီ။

'ကဲ ကြွေခင်းမယ်ခင်ဗျ'

ဦးကျင်စိန်က ဂျင်ကို ခပ်လျှော့လျှော့လှည့်ပြီး၊ ယွန်းအုပ်နှင့် အုပ်သည်။ ကြွေသည် ခပ်ပျော့ပျော့လည်၍ လဲကျသွားသည်။ အသံမပြင်း၊ ကွမ်းအုပ်ကို ဖွင့်လိုက်တော့ ငရှဥ့်နီနီရဲရဲကလေး။

နေလင်းအောင်၏ အဖော်က ရှေ့က စာရွက်ပေါ်တွင် ခဲနီဖြင့် တုတ်ချောင်းကလေးတစ်ချောင်း မှတ်သည်။ နိပ်ပြီ၊ ငရှဥ့်နီနီက သူ့ဖေးဘရိတ်။ ယခု စမ်းလျှင်စမ်းချင်း သူ့ဖေးဘရိတ် ငရှဥ့်နီနီကလေးပေါ်ပြီ။သည်တော့ သူ့အဖို့ လာဘ်ကောင်းသည်ဟု နေလင်းအောင် တွက်သည်။

ဦးကျင်စိန် နောက်တစ်ချီ ကြွေစမ်းလှည့်ပြန်သည်။ အသံက ခပ်စောစော က အသံအတိုင်း၊ အသံပျော့ပျော့၊ ကွမ်းအုပ်ကို ဖွင့်တော့ ငရှဥ့်ပေါ်ပြန်သည်။ အသံတူ၊ အရုပ်တူ။ သို့ရာတွင် အသံကို နေလင်းအောင် သိပ်အားမကိုးချင်၊ သူက အသံသမားမဟုတ်။ လမ်းသမား၊ သည်တော့ လမ်းသမားက ကြွေလမ်းကိုသာ ယုံရမည်။ လမ်းသမားက အသံကို မယုံလေနှင့် ယုံလျှင် ပါသမျှ အကုန်ပြောင်မည်။

နောက်တစ်ကြိမ် ဦးကျင်စိန်လှည့်သည်။ ဝက်ကျ၏။ နောက်တစ်ကြိမ် လှည့်သည်၊ ငရှဥ့်ကျသည်။ နောက်တစ်ကြိမ် လှည့်ပြန်သည်၊ ငရှဥ့်ပင်ပေါ်လာသည်။ နောက်တစ်ကြိမ်လှည့်သည်၊ ဝက်ပေါ်သည်။ သည်လို လေးငါးလက်လောက် ကြွေစမ်းပြီးသည်တွင် ဦးကျင်စိန်၏ ဂျင်အကြောကို နေလင်းအောင် သိပြီ။ ဦးကျင်စိန် ကြွေက ကပ်ကြွေ။ ငရှဥ့်နှစ်ချက်။ ဝက်၊ ငရှဥ့်နှစ်ချက်၊ ဝက်၊ ကပ်နေသည်။

နေလင်းအောင် လူက ကြွေလမ်းကို သင်္ကေတများဖြင့် ကောက်မှတ်သည်။ ငရှဥ့်နှစ်ချက် ဝက် ကြိုက်ပြီ။

လေးကောင်လုံး မပေါ်မချင်း ကြွေစမ်းရဦးမည်။ လေးကောင်ပေါ်သည် အထိ ကြွေစမ်းပြပြီးမှ ကစားဝိုင်းဖွင့်မည်။ ယခုအချိန်ထိ ကြွေက လေးကောင်

အမေ့ဥယျာဉ်စာအုပ်တိုက်

www.burmeseclassic.com



မပေါ်သေး၊ ငရုဋ်နှစ်ကြိမ်၊ ဝက်တစ်ကြိမ်၊ ငရုဋ်နှစ်ကြိမ်၊ ဝက်တစ်ကြိမ် ထပ်ကျနေသည်။

ထို့ကြောင့် ဦးကျင်စိန်က ကြွေကို နောက်တစ်ကြိမ် လှည့်သည်။ သည်တစ်ကြိမ်တွင် ငရုဋ်နီနီရဲရဲ ခေါင်းပြူထွက်ပြန်သည်။

'ဘယ်လိုလဲ ဦးလေးရ။ ဦးလေးဂျင်က ငရုဋ်နဲ့ဝက် နှစ်ကောင်ပဲပါတယ် ထင်တယ်။ ဘာလဲ။ ကြက်နဲ့ ဖားကို ချက်စားပစ်လိုက်ပြီလား။ ဟဲ ဟဲ'

နေလင်းအောင်က ဦးကျင်စိန်ကို လှောင်သည်။

ဦးကျင်စိန်က ဘာမျှမပြော။ ဆက်လှည့်သည်။ သည်တစ်ချီတွင် ဖားကျသည်။ လေးကောင်မစုံသေး။ ကြက်ရုပ်မပေါ်သေး။ နောက်တစ်ချီ ကြက်ပေါ်လျှင် အကောင်စုံပြီ။ ဝိုင်းစနိုင်ပြီ။

သို့ရာတွင် ကိုရွှေကြက်က တော်တော်နှင့် မပေါ်လာ၊ ဖားပြီးလျှင် ငရုဋ်၊ ငရုဋ်ပြီးလျှင် ဖား၊ ဝက်၊ ဝက်ပြီးလျှင် ငရုဋ်၊ ထို့နောက် ဖား။ ထို့နောက် ဝက်၊ ငရုဋ်၊ ဝက်၊ ဖား လှည့်ကျပြီးမှ နောက်ဆုံးတွင် ကြက်ပေါ်လာသည်။ ကြက်ပေါ်အောင် လှည့်လိုက်ရသည့်ကြွေ၊ ကြက်က နောက်ဆုံးမှပေါ်လာသည်။ ကြက်ပေါ်ပြီ၊ အကောင်စုံပြီ၊ ဝိုင်းစနိုင်ပြီ။

ဝိုင်းချိန်ကို တစ်နာရီကန့်သတ်သည်။ ဂျင်ဒိုင် 'ဂျင်မီ'က ထိုးသား 'ဖိုက်တာ'ငွေမကုန်မချင်း၊ အနိုင်ဖြင့် မပိုင်းရ။ ထုံးစံအတိုင်း ဝိုင်းထဲမှာပင် အရော်အစား ရှိရမည်။ အပြင်အရော်အစား မရှိရ။

'ကဲ တစ်နာရီနှစ်ဆယ်။ နှစ်နာရီနှစ်ဆယ်မှာ သိမ်းမယ်'

'ဦးကျင်စိန်က လက်က ရိုးလက်စ်အခွိုင်းစတားကို ကြည့်ပြီး ဂျင်ကို လှည့်သည်။

နေလင်းအောင်က ဖွင့်ကြွေကို ထိုးလေ့ထိုးထမရှိ။ သူက အပင်ကို စောင့်သည်။ သူ့အကြိုက်အပင်ကိုမိမှ လက်ပြင်းပြင်းထိုးသည်။ ကြာကြာမထိုး၊ နှစ်ချက်သုံးချက်ဖြင့် အပြီးထိုးတတ်သည်။ နှစ်ချက်သုံးချက် ဆက်တိုက်မိလျှင် အနိုင်ဖြင့် ထပြန်တတ်သည်။ ရန်ကုန်က ဂျင်ဒိုင် 'ဂျင်မီ'တွေကမူ နေလင်းအောင် ထိုးကွက်မျိုးကို သဘောကျကြသည်။ နေလင်းအောင်လို ထိုးကွက်များက ရှုံးရှုံးနိုင်နိုင်၊ သိသိသာသာ သူဌေးဖြစ်ခွေးဖြစ်။

ဂျင်ဒိုင် ကြောက်သည်က ဘိုင် လက်ပြင်းများကို ကြောက်သည်။ ဘိုင်လက်ပြင်း ထိုးကွက်မိလျှင် ကိုယ်က အရှုံးချည်း သူတို့ဆီက ပြန်နိုင်တော့ ဘာမျှ မဖြစ်လောက်။

www.burmeseclassic.com



ကွမ်းအုပ်ကိုဖွင့်တော့ ဖွင့်ကြွေက ကြက်ပေါ်သည်။ တစ်ဝိုင်းလုံးကို ဒိုင်စားသည်။ ကြိုးထိုးထားသည့် လျှပ်စစ်အရာရှိ၏ အိမ် တစ်အိမ်တည်းသာ ဒိုင်လျော်ရသည်။

နောက်တစ်လက်တွင် ဖားကျသည်။ နေလင်းအောင် မထိုးသေး။ ဂျင်ကျသည့်အပင် (ကယ်လင်ဒါ)ကို ကြည့်ချင်သေးသည်။ နောက်တစ်လက် ကြက်၊ သုံးလက်ကို အပင်ချကြည့်လိုက်တော့၊ ကြက်၊ ဖား၊ ကြက်။

ဟုတ်ပြီ၊ သည်အတိုင်းဆိုလျှင် ဂျင်က ကြက်၊ ဖား ကပ်နိုင်သည်။ နေလင်းအောင် ကြွေကပ်ကို ဝင်ကြည့်ချင်သည်။ အချိန်မီဝင်နိုင်လျှင် သူပွဲပေါက်၊ သည်ဝိုင်းကို နှစ်လက် သုံးလက်ဖြင့် ဖြတ်နိုင်သည့် အလားအလာရှိသည်။

ဂျင်ဆိုသည့် ကစားနည်းသည် ကြာကြာ ကစား၍ မကောင်း၊ ကြာကြာကစားလျှင် အကောက်စားသည်။ ဂျင်မီဆိုသည့် ဂျင်ဒိုင်တွေက အကောက်ကိုမက်ကြသည်၊ ထို့ကြောင့် ကြာကြာကစားလျှင် ကိုယ့်ဘက်က အရှုံးပေါ်သည်ချည်း။

သူ့လူရေးထားသည့် ကယ်လင်ဒါပေါ်တွင် ကြက်၊ ဖား၊ ကြက် အပင်ဝင်နေသည်၊ သည်တစ်လက်တော့ စထိုးတော့မည်ဟု နေလင်းအောင် ဆုံးဖြတ်သည်။

ငွေသုံးသိန်းအနက် တစ်သိန်းကိုယူသည်၊ အပေါ်ဆုံးငွေစက္ကူရဲ့ထိပ်ဖျားကို ကန့်လန့်ချိုးကာ ကြက်ကို ခေါင်းတင်ပြီ ဖားကို ဖင်ပေးသည်။

'တစ်သိန်း၊ လုပ်စီထိုးပြီနော်'

အခိပ္ပာယ်က ကြက်ပေါ်လျှင် အကောက်နုတ်ပြီး တစ်သိန်းခွဲလျော်ရမည်။ ဖားပေါ်လျှင် အသားတင် သုံးသောင်းခုနစ်ထောင့်ငါးရာ လျော်ရမည်။

နေလင်းအောင် မကျေနပ်သေး၊ လျှပ်စစ်အရာရှိထိုးသည့် အပင်ကို လှမ်းကြည့်သည်။ သူက ရှဉ့်ခေါင်း၊ ဝက်ဖင်ထိုးထားသည်၊ နေလင်းအောင်က အကောက်ရန် ငွေ နှစ်သောင်းကို ကြက်ခေါင်း၊ ဖားဖင်သို့ ပြောင်းကိုင်သည်။

'ဖွင့်မယ်၊ လက်ရှောင်'

ဦးကျင်စိန်က ကွမ်းအုပ်ကို တဖြည်းဖြည်း လုပ်သည်။

နေလင်းအောင်လူက ကုန်း၍ ချောင်းသည်။ ကွမ်းအုပ်ပေါ်သို့ မရောက်သေး။

'ဝက် ပက်လက်'

နေလင်းအောင်လူက အော်သည်။

နေလင်းအောင် မျက်နှာသည် ဝင်းထိန်သွားသည်။ ဝက်ပက်လက် ဘေးတိုက် ပေါ်လာသဖြင့် ကြက်ကျသည်။ အလျော်ရပြီ။ တစ်သိန်းခွဲအပြင်

www.burmeseclassic.com



ထိုးထားသော ငွေနှစ်သောင်း၊ အလျော်လေးသောင်းရလိုက်သည်။ စုစုပေါင်း အမြတ်နှစ်သိန်းတစ်သောင်း။

ဇယားပေါ်တွင် အလျော်အစားရှင်းပြီးနောက် ဦးကျင်စိန် ဂျင်လှည့် သည်။ ရွရွဖြေးဖြေးကလေး။

သည်တစ်ချီတိုက်လျှင် ဦးကျင်စိန်အပြတ်။ ဦးကျင်စိန်၏ ကြွေသည် သူ တွက်ထားသည့်အတိုင်း တကယ် ကပ်လျှင် ဦးကျင်စိန် ကြွေခေါက်ပေတော့။

နေလင်းအောင်က လျော်ငွေ နှစ်သိန်းအပြင် အရင်းနှစ်သိန်း၊စုစုပေါင်း လေးသိန်းကို ဖားခေါင်း၊ ကြက်ဖင်ရုံလိုက်သည်။ ကြွေကပ်ဆိုသည့်တိုင် ကြက် သုံးခါ ထပ်ချင်မှ ထပ်မည်။ ထို့ကြောင့် သည်တစ်ခါတွင် နေလင်းအောင် ကြိုးမထိုး။ ကြိုးမတင်။ အားလုံးကို ရုံထိုးသည်။

'လက်ရှောင်၊ ဖွင့်မယ်'

နေလင်းအောင်လူက ကုန်း၍ ချောင်းသည်။ ဦးကျင်စိန်က ကွမ်းအုပ် ကို အသာကလေး လှပ်သည်။

'ဝက်ပြေး ခင်ဗျာ'

ဦးကျင်စိန် ကွမ်းအုပ်ကို ဖြတ်ကနဲ လှပ်သည်။ ဝက်ပြေးဆိုလျှင် ငရှဉ့် ကျပြီ။ သွားပြီ။ ငရှဉ့်က နေလင်းအောင် ငွေလေးသိန်းကို မျိုလိုက်ပြီ။

ဦးကျင်စိန်က နေလင်းအောင်ကို လှမ်းကြည့်ပြီး ပြုံးသည်။ သူ့အပြုံး က လှောင်ပြုံး။

နေလင်းအောင် ဦးကျင်စိန်ကြည့်ပုံကို ခံပြင်းသည်။ သူ့ကြွေလုပ်ပုံကို လည်း ခံပြင်းသည်၊ ကြွေက ကပ်မလိုလိုနှင့် ခွာသွားပြီ။

သို့ရာတွင် ကိစ္စမရှိ။ တစ်နာရီဝိုင်းဖြစ်၍ အချိန်အများကြီး လိုသေးသည်။ ဦးကျင်စိန် လှည့်ပေါက်ကို သူမမှု၊ သူက မန္တလေးဝိုင်း၊ ရန်ကုန်ဝိုင်း စုံပြီ။ ဦးကျင်စိန်က ရန်ကုန်တွင် မကစားဘူးသေး။

ဦးကျင်စိန် ဂျင်သီးကို ရွရွကလေးကိုင်၍ လှည့်သည်။ နေလင်းအောင် သည် တစ်လက်မထိုး၊ ကြည့်ချင်သေးသည်။ သည်တစ်လက် ဖားကျသည်။

အလက်နှစ်ဆယ်လောက်ရှိပြီ၊ အချိန်ကလည်း တစ်ဝက်ကျိုးပြီ၊ စာရွက် ပေါ်က ကယ်လင်ဒါခေါ် အပင်လမ်းကြောင်းကို ကြည့်တော့ ကြွေလမ်းကမမှန်၊ ကြွေရှူး၊ ကြွေက ကပ်မလိုလိုနှင့် ခွာသည်၊ ထပ်မလိုလိုနှင့်ထွက်သည်၊ ပြေးတော့ မလိုလိုဖြင့် ရပ်သည်၊ ထပ်သည်။

www.burmeseclassic.com


ကပ်မည်ထင်သဖြင့် နေလင်းအောင်ထိုးသည်။ ကြွေက တစ်ချက်သာ ကပ်ပြီး ပြန်ထွက်သွားသည်။ တစ်ချက်လျော်၊ တစ်ချက်စား။ နှစ်ချက်လျော်၊ တစ်ချက်စား များနေသည်။ ကြွေလမ်းကို မှန်း၍မရ။ စမ်း၍မရ။

သူ့လက်တွင် ငွေသုံးသောင်းသာ ကျန်တော့သည်။ သည်သုံးသောင်း နှင့် ငွေဆယ်သိန်းကို ယူဖို့မလွယ်။

နေလင်းအောင် ရင်က ဟာသည်။ ထို့ကြောင့် အရက်တစ်ခွက်မော့ သည်။ သို့ရာတွင် ရင်က ဟာမြဲ။ ထို့ကြောင့် အိတ်ထဲက ငါးသုံးလုံးစီးကရက် ကို ထုတ်သောက်သည်။ သူသောက်နေကျ စပယ်ရှယ် စီးကရက်။ ဘိန်းဖြူရော ထားသည့် စီးကရက်။

တစ်လက်မျှ မထိုးသေး။ စီးကရက်တစ်လိပ် ကုန်အောင် သောက်ကြည့် သည်။ ကြည့်ပြီး ဖား၊ ထိုနောက် ဝက်။ ထိုနောက် ကြက်။

နေလင်းအောင် ဝင်ချင်လှပြီ။ သို့ရာတွင် မဝင်သေး။ ကြွေက ခပ်နောက် နောက်၊ ခပ်ရှုးရှုး၊ စိတ်မချရသေး။ ကြွေလမ်းရှင်းရှင်းပေါ်အောင် စောင့်ရမည်။ ထို့ကြောင့် သည်တစ်လက်တည်းမထိုး၊ ဖွင့်လိုက်တော့ ဝက်။

ဟုတ်ပြီ၊ ထိုးဖို့ကောင်းပြီ။

ကြွေမှန်လျှင် သူ့ထိုးချက်မှန်ရမည်။ နေလင်းအောင် ဖားနှင့် ကြက်ကို ငွေသုံးသောင်း ကြိုးတင်းထိုးသည်။ အလျော်နည်းသည့်တိုင် ကြိုးက သေချာ သည်။ ငရှဉ့်မပေါ်လာတော့ ငုပ်ကောင်၊ မြုပ်ကောင်ဟု နေလင်းအောင် မှတ်လိုက် ပြီ။ အကယ်၍ အထပ်မရှိလျှင် သည်သုံးကောင် တစ်လှည့်စီ ပြေးနေမည် ဦးကျင်စိန် ကြွေသွားပုံကို သူ့စိတ်ထဲတွင် သူမှတ်သည်။

တစ်ကောင်ငုပ်၊ သုံးကောင်ပြေး၊ အထပ်မရှိ။

ငုပ်ကောင်က ငရှဉ့်။ ကြက်၊ ဝက်၊ ဖား တစ်လှည့်စီ ပြေးနေသည်။ အထပ်မရှိ။

သည်တစ်လက်ဖွင့်တော့ သူထင်သည့်အတိုင်း ဖားပေါ်သည်။ ငွေသုံး သောင်းကို အကောက် တစ်ထောင် ရှစ်ရာ ခုနစ်ဆယ့်ငါးကျပ်နုတ်ပြီး လျော် သည်။

နေလင်းအောင် ကြွေလမ်းကို ယုံရတော့မည်။ ကစားလျှင် ယုံယုံကြည် ကြည် ကစားမှ ကောင်းသည်။ စိတ်ထဲပေါ်ရာ လျှောက်ထိုးနေ၍မဖြစ်။ မယုံကြည် လျှင် မကစားဘဲ နေသည်က အကောင်းဆုံး။

www.burmeseclassic.com


နေလင်းအောင် အရင်းနှင့် လျော်ငွေ စုစုပေါင်း ငါးသောင်း ရှစ်ထောင်ကို ကြက်ခေါင်း၊ ဝက်ဖင်ရုံထိုးသည်၊ သူ့လူက ချောင်းကြည့်ရန် ပြင်သည်။

ဦးကျင်စိန်က ယွန်းအုပ်ကို တဖြည်းဖြည်းလှုပ်သည်။

ချောင်းကြည့်နေသည့် နေလင်းအောင်လူ ဘာသံမျှ မထွက်။ သည်တော့ နေလင်းအောင် အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။

သူ့လူ အသံထွက်ပုံကို ထောက်သော် အစားခံရပြီ။ သွားပြီ၊ မျောပြီ၊ အိမ်ပြန်ဖို့ ရှိတော့သည်။

ဦးကျင်စိန် ပြုံးပြုံးဖြင့် ဆတ်ခနဲ လှန်လိုက်သည်။

ကြက်ပေါ်သည်။

'ခွေးသား၊ နင့်ဆီက ဘာသံမှ မကြားလို့ သွားပြီထင်နေတာ'

'ဆောရီးပဲ အစ်ကိုရေ၊ ဂျင်ဒုတ်တံက ကျွန်တော်ချောင်းတဲ့ဘက် တည့်တည့်ကျနေတော့ ဘာမှ မမြင်ရဘူး'

သည်တစ်လက်တွင် ရံငွေ ငါးသောင်းနှစ်ထောင်အတွက် အကောက်နုတ်ပြီး လျော်ငွေ တစ်သိန်းနှစ်ထောင် ခုနစ်ရာ့ငါးဆယ်ရသည်။

'ကဲ လှည့်မယ်'

ဦးကျင်စိန်က နောက်တစ်ချီလှည့်ပြီး အုပ်သည်၊ ကြွေကျသံကို ကြားရသည်။

သိပ်စဉ်းစားစရာမလို၊ သူက အသံသမား မဟုတ်၊ လမ်းသမား၊ ဘာသံကြားကြား အရေးမကြီး၊ လမ်းသမားက ကြွေလမ်းပြသည့်အတိုင်း လိုက်ရံသာရှိသည်၊ ကြွေက လမ်းပြထားပြီး ငရုဥ်ငုပ်၊ ကြက်၊ ဝက်၊ ဖား တစ်လှည့်စီပြေး၊ အထပ်မရှိ။

ကယ်လင်ဒါတွင် ရေးထားသည့် ကြွေလမ်းကို မြင်နေရပြီ၊ သည်လမ်းအတိုင်း လိုက်ရမည်၊ အသံသမားက အသံကိုလိုက်သည်၊ လမ်းသမားက လမ်းကိုလိုက်ရမည်၊ တခြားနည်းမရှိ။

နေလင်းအောင်က လျော်ငွေနှင့် အရင်းငွေထဲမှ တစ်သိန်းခြောက်သောင်းကို ဝက်ခေါင်း၊ ဖားဖင်ရုံလိုက်သည်။ ကြွေက သူတွက်ထားသည့်အတိုင်း 'တစ်ကောင်မြုပ်၊ သုံးကောင်ပြေး၊ အထပ်မရှိ' လမ်းထဲဝင်နေပြီ၊ သည်လမ်းအတိုင်း ကြွေဝင်လျှင် ဝက်အပြင် တခြားအကောင် မပေါ်နိုင်။

ကြက်မထပ်၊ ငရုဥ် ငုပ်နေပြီ၊ သည်တော့ ဝက်နှင့် ဖားသာ ပေါ်စရာရှိသည်၊ ဝက် မပေါ်သည့်တိုင် ဖားပေါ်၍ ဖင်ပြန်လျှင် အရင်းပြန်ရမည်။

www.burmeseclassic.com



'ဦးလေး ဖြည်းဖြည်းဖွင့်ဗျာ'

နေလင်းအောင်က ကြွေကို သူကိုယ်တိုင် ချောင်းရန် ပြင်သည်၊ သူ့လူကို အချောင်းခိုင်းရသည်က ဟန်မကျ၊ ရင်တထိတ်ထိတ်ဖြစ်ရသည်။

ဦးကျင်စိန်က အုပ်ကို ဖြည်းဖြည်းဖွင့်သည်။

နေလင်းအောင်က ကုန်း၍ ချောင်းသည်။ ကြွေတဖြည်းဖြည်း ပေါ်လာသည်။ မျက်နှာချင်းဆိုင် ပြတင်းက အလင်းရောင်ဝင်နေသဖြင့် သဲသဲကွဲကွဲ မမြင်ရ။ နေလင်းအောင် မျက်လုံးကို လက်ကာ၍ ကြည့်သည်၊ ငရှည့်ပက်လက်ကလေး၊ ငရှည့်ပက်လက်ကလေးကို ဘေးက မြင်သည့်အတွက်အပေါ် ကျနေသည်က ဝက်။

'ဝက်ကွ၊ ဝက်'

နေလင်းအောင် ထအော်သည်၊ ဦးကျင်စိန် ချွေးပြန်နေပြီ၊ အကောက်ကြေ သုံးသိန်း လျော်လိုက်ရသည်။

နေလင်းအောင်လက်တွင် လေးသိန်းကျော် ရှိနေပြီ၊ ဦးကျင်စိန်ကို အပြုတ်ဖြုတ်ရေးသည် သူ့ရည်မှန်းချက်၊ သူ့ပန်းတိုင်၊ ယခုရွာ မြင်ရပြီ၊ ရွာနားရောက်တော့မည်၊ ကြွေမဖောက်ဘဲ သည်လမ်းအတိုင်း သွားလျှင် ရွာရောက်မည်မှာ သေချာသည်။

သည်တစ်ပင်ကို ဗေဒင်မေးစရာမလို။ ဖားထိုးရမည်၊ ကြွေမလှည့်ခင်ကတည်းက နေလင်းအောင် ဆုံးဖြတ်ထားသည်။ တစ်ကောင်ငုပ်၊ သုံးကောင်ပြေး၊ အထပ်မရှိ၊ လမ်းတွင် ငရှဥ့်ငုပ်နေပြီ၊ ကြက်ကျ ပြေးပြီးပြီ၊ သည်ကောင်တွေ ထပ်မကျနိုင်၊ ဖားတစ်ကောင်သာ ကျန်တော့သည်၊ ထို့ကြောင့် ဖားကိုထိုးရန် ဆုံးဖြတ်ခြင်း ဖြစ်သည်။

ကြွေအကျတွင် ငွေလေးသိန်းကို ဖားတွင် ကြက်ဖင်ပေးပြီး ရုံလိုက်သည်။ ကျန်ခြောက်သောင်းထဲက ငါးသောင်းကို ဖားတစ်ခုထဲတွင် အော၍ ထိုးလိုက်သည်။ လိုက်စရာရှိလျှင် လိုက်ရသည်။ လုပ်စရာရှိလျှင် ပြတ်ရမည်။ သည်ခေတ်တွင် သည်လိုလုပ်မှ ကြီးပွားသည်။

သည်တစ်လက်က အရေးကြီးသည်။ သည်တစ်လက်ရှုံးလျှင် နေလင်းအောင် အိမ်တန်းပြန်ရုံသာ ရှိသည်။ နိုင်လျှင်လည်း ဝိုင်းသိမ်းရုံသာ။ ဖားပေါ်လျှင် နေလင်းအောင်က သည်ဝိုင်းတွင်ဘုရင်၊ ဝက်နှင့် ငရှဥ့်ဆိုလျှင် ဦးကျင်စိန်က ဘုရင်၊ ဝိုင်းသိမ်းရုံသာ ရှိသည်။ ကြက်ပေါ်လျှင်မှ တစ်ဝိုင်းသွားရဦးမည်။

www.burmeseclassic.com


အားလုံး ထိုးပြီးနောက် နေလင်းအောင် ကြမ်းပြင်တွင် ဝပ်၍ ချောင်း ရန် အဆင်သင့်ပြင်သည်။

'ကဲဖွင့်မယ်၊ လက်ရှောင်'

ဦးကျင်စိန်က အုပ်ကို ရှုရှုကလေးကိုင်ကာ တဖြေးဖြေး လှပ်သည်။ နေလင်းအောင်၏ရင်သည် တဒိတ်ဒိတ် ခုန်နေသည်။

လန်စပြုနေသည့် အုပ်အောက်က ကြွေကို မြင်နေရပြီးပြီ။ နေလင်းအောင် မျက်လုံးတွေ ပြာသွားသည်၊ ဟုတ် မဟုတ် သေသေချာချာ ကြည့်သည်။ သူထိုးထားသည့် အကောင်မဟုတ်၊ ဖားမဟုတ်၊ ကြက်လည်းမဟုတ်၊ ဘေးစောင်း ကျနေသော ဝက်ကုန်းကလေး၊ ပြေးနေသော ဝက်ကုန်းရုပ်ကလေး၊ ဝက်ဘေး တိုက်ကျတော့ ကြွေထိပ်တွင်ပေါ်သည့် အရုပ်သည် ဖားလည်း မဟုတ်၊ ကြက် လည်း မဟုတ်နိုင်တော့၊ ငရုဉ်ပုံ့ပုံ့ကလေး၊ သူ့ငွေများကို ဝါးမျိုပစ်လိုက်သည့် နဂါးကလေး။

'ခွေးနဂါး'

'ငရုဉ်ခင်ဗျာ၊ ရွှေနဂါးကလေးခင်ဗျာ'

ဦးကျင်စိန်က ဝမ်းသာအားရ အော်သည်။ ထုတ်သည်၊ လှပ်လိုက်တော့ ငရုဉ်နီနီရဲရဲကလေး ထင်းကနဲ ပေါ်လာသည်။

ဦးကျင်စိန် မျက်လုံးများက နေလင်းအောင် မျက်နှာပေါ်သို့ ရောက်သည်၊ လက်နှစ်ဖက်က ဇယားကွက်ရှိ ဖားရုပ်ပေါ်က ငွေလေးသိန်းခွဲပေါ်သို့ ရောက်လာ သည်။

နေလင်းအောင် မျက်လုံးများနှင့် ဦးကျင်စိန်မျက်လုံးများသည် တိုက်မိ သွားကြသည်။ နေလင်းအောင် ဖျတ်ကနဲ အသိတစ်ခုဝင်လာသည်။ တစ်ပြိုင်နက် သူ့လက်သည် ငွေလေးသိန်းခွဲပေါ်သို့ လာရောက်လာသော ဦးကျင်စိန်လက်များ ကို ဖမ်းဆုပ်ထားလိုက်သည်။

'ဖမ်းတယ်'

ဦးကျင်စိန် မျက်လုံးများသည် ပြူးကျယ်သွားသည်။

'ဘာ'

'အလျော်အစားပြပါ'

'အလျော်အစား ပြရမယ် ဟုတ်လား'

'ဟုတ်တယ်၊ ကျွန်တော့်ထိုးငွေကို ဦးလေး မလျော်လောက်ဖူးထင်လို့ အလျော်အစားဖမ်းတာပဲ၊ အလျော်အစားပြပါ'

www.burmeseclassic.com


နေလင်းအောင်အသံက မာနေသည်။ သူ့ထိုးငွေက လေးသိန်းခွဲ၊ တခြားထိုးလက်တွေ ထိုးထားသည်က တစ်သိန်းလောက်ရှိမည်။ ထိုးထားသည့်ငွေစုစုပေါင်းသည် အနည်းဆုံး ငါးသိန်းခွဲရှိရမည်။ သူသာနိုင်လျှင် သူ့ကိုချည်းအကောက်နုတ်ပြီး ကိုးသိန်းနီးပါး လျော်ရမည်။ သို့ရာတွင် ဦးကျင်စိန်လက်ထဲတွင် ကိုးသိန်း အပြည့်မရှိနိုင်တော့။

ဂျင်ဒိုင်တို့ထုံးစံမှာ ဂျင်ဒိုင်တွင် တစ်ဝိုင်းလုံး၏ ထိုးထားသည့် ငွေအတွက်အလျော်အစားရှိမှ စားနိုင်သည်။ မရှိလျှင် ကိုယ်က မည်မျှနိုင်နိုင် စားခွင့်မရှိ။

'ဒီလိုကြေးလားကွ'

ဦးကျင်စိန်အသံကလည်း မာသည်။ ဂျင်ဝိုင်းစည်းကမ်းအရ ထိုးသားကအလျော်အစားငွေရှိ မရှိပြမှ အစားခံမည်ဆိုသဖြင့် မငြင်းနိုင်၊ နေလင်းအောင်တောင်းဆိုချက်က ဂျင်ဝိုင်း၏ စည်းဘောင်ထဲမှာ ရှိသည်။

'ဒီလိုကြေးလားကွ'

'ဟုတ်တယ် ဒီလိုကြေးပဲ၊ ကစားဝိုင်းဟာ ကစားဝိုင်းပဲ၊ စည်းကမ်းအရလုပ်ရမှာပဲ ဝိုင်းထဲမှာ အလျော်အစား ပြနိုင်ရမယ်လို့ စောစောက ပြောပြီးသားပဲအလျော်အစားပြနိုင်ပြ၊ မပြနိုင်ရင် မကစားနဲ့၊ ကျွန်တော့်ငွေတွေ မကိုင်နဲ့ ဒါပဲ'

နေလင်းအောင်ကို ဦးကျင်စိန် ကြည့်သည်။ သူ့မျက်လုံးများက ဝင်းဝင်းတောက်နေသည်။ နေလင်းအောင် ညစ်မှန်း ဦးကျင်စိန်သိသည်။ တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီးဟန်ဖြင့် ဦးကျင်စိန် ခေါင်းကို ဆတ်ကနဲ လှည့်လိုက်သည်။

ဦးကျင်စိန်က သူ့ပိုးတီ (အလုပ်သမား) ကို ငွေရေခိုင်းသည်။ တစ်ဝိုင်းလုံး စကားမပြောကြ၊ မျက်လုံးများသည် ငွေစက္ကူများကို ရေတွက်နေသည့်ပိုးတီ၏ လက်ချောင်းများပေါ်သို့ ရောက်နေကြသည်။ ငွေရေပြီးတော့ ငွေကမပြည့်၊ နေလင်းအောင်သို့ လျော်ရမည့်ငွေထက် တစ်သောင်းလောက် လျော့နေသည်။ စည်းကမ်းအရ ဒိုင်တွင် လျော်ငွေမပြည့်သဖြင့် နေလင်းအောင် ငွေကိုစား၍မရ ပါးစပ်ထဲရောက်မှ လည်ချောင်းဝတွင် တစ်နေချေပြီ၊ ပြန်အန်ထုတ်ရတော့မည့်ကိန်းဆိုက်နေပြီ။

'အလျော်အစားမပြည့်ရင် ကျွန်တော် အစားမခံနိုင်ဘူး'

နေလင်းအောင် ညစ်သည်။ သိန်းချီကစားသည့် ဝိုင်းတွင် ဒိုင်လျော်ငွေတစ်သောင်းလောက် လျော့သည်ကို ရေးကြီးခွင်ကျယ် လုပ်ပြီး အစားမခံနိုင်ဟုပြောနေသည်။ သည်လို ညစ်ပုံမျိုးဖြင့် သူ့လာစမ်း၍ မရ၊ သူညစ်လျှင် ကိုယ်ကလည်း ညစ်မည်။

www.burmeseclassic.com



'ကဲ စားတယ်ကွာ၊ စားတော့ ဘာဖြစ်သလဲ၊ နိုင်ရင်စားမယ်၊ ရှုံးရင် လျော်မယ်'

ဦးကျင်စိန်က နေလင်းအောင်ရှေ့က ငွေထုပ်ကို လှမ်းဆွဲသည်။ နေလင်းအောင်က ဦးကျင်စိန်လက်ကို လှမ်းပုတ်သည်။ သူ့လက်ထဲ တစ်ထုပ်ပါလာသည်။ ငါးသောင်းထုပ်လော၊ တစ်သိန်းထုပ်လော မသိ။

'ဗျို့လူ၊ ခင်ဗျား မတရား မလုပ်ပါနဲ့။။ ခင်ဗျားလက်ထဲက ငွေထုပ် ပြန်ချ'

'မချဘူးကွာ၊ မင်းဘာလုပ်ချင်သလဲ၊ နိုင်လို့စားတယ်'

'ခင်ဗျား ဘာစကား ပြောတာလဲ၊ ကျုပ်ငွေထုပ်ကို ခုချလိုက်'

နေလင်းအောင်က ဘောင်းဘီအိတ်ထဲက ကိုးမီလီမီတာ ဘရောင်နီ ပစ္စတိုကို ထုတ်ချိန်သည်။

'မချဘူး၊ မင်း ဘာလုပါးဝတာလဲ'

ဦးကျင်စိန်က ဝိုင်းထဲမှ ပန်းကန်ပြားဖြင့် နေလင်းအောင်ကို လှမ်းပေါက်သည်။ မရှေးမနှောင်း အော်သံ၊ ပန်းကန်ကွဲကျသံ၊ ရုတ်ရုတ်သောသော ဖြစ်သံတို့ကြားမှ သေနတ်သံ တစ်ချက် ထွက်လာသည်။

ဘာမှ မသဲကွဲ၊ လူတွေ ထွေးနေသည်။ အော်သံတွေ ဆူနေသည်။ တချို့က နေလင်းအောင်ကို ဝိုင်းဆွဲကြသည်။ တချို့က ဦးကျင်စိန်ကို ဝိုင်းဆွဲ ကြသည်။ ကံကောင်းထောက်မ၍ သေနတ်ကျည်ဆံက မည်သူ့ကိုမှ မထိ။

နေလင်းအောင်နှင့် ဦးကျင်စိန်ကို တစ်နေရာစီ ဆွဲခေါ်သွားကြသည်။

မူလအစီအစဉ်က ဇရပ်တွင် သောက်ကြမည်။ တစ်ညလုံး ကစားကြမည်။ ဂျင်သမားက ဂျင်သမားသပ်သပ်၊ တစ်ချပ်မှောက်သမားက တစ်ချပ်မှောက်သမား သပ်သပ်။

သို့ရာတွင် အစီအစဉ်တွေအားလုံး ပျက်ကုန်သည်။ နေလင်းအောင်သည်တွင် ဆက်မနေချင်တော့၊ ဦးကျင်စိန်ကို တနုံ့နုံ့ ဒေါသထွက်နေသည်။ သည်ကိစ္စမျိုးကို ရဲတိုင်၍လည်း မဖြစ်၊ ညောင်မြစ်တူးလျှင် ပုတ်သင်ဥတွေ အကုန်ပေါ်တော့မည်။

နေလင်းအောင် သူ့ဂျစ်ကားဖြင့် မုံရွာကို ပြန်ခဲ့သည်။ ဦးကျင်စိန်တို့က နေရစ်ခဲ့သည်။ ဆက်၍မူ မကစားရဲတော့၊ နေလင်းအောင်က ကစားဝိုင်းရှိသည်ဟု ရဲကို သတင်းပေးလျှင် ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်မည်။ သည်ကောင်က ခြေရှိသဖြင့် သူတိုင်လျှင် ရဲကလည်း မနေရဲ။

www.burmeseclassic.com


မှောင်ရီပျိုးချိန်တွင် နေလင်းအောင် မုံရွာဘက်ကမ်းသို့ ပြန်ရောက်သည်။ သူ့စိတ်သည် ဆာနေသည်။ ကားကို မောင်းခဲ့သော်လည်း ဒေါသမပြေ၊ ရင်ထဲတွင် လှိုင်းထဆဲ။

စိတ်ဆာဆာဖြင့် ဖောင်ပေါ်မှ ကမ်းပေါ်တက်ပြီး အိမ်အပြန် မြင်းမူလမ်းတွင် ကိုမြင့်ကို လှမ်းမြင်လိုက်ရသည်။ ကိုမြင့်ကို သူ ကောင်းကောင်းမှတ်မိသည်။ အရက်မူးမူး၊ စိတ်ထွေထွေဖြင့် ကိုမြင့်နှင့် ကိုထွန်းအောင်တို့ကို မော်တော်ကားဖြင့် တမင်ဝင်တိုက်ခြင်း ဖြစ်သည်။

ကံကောင်း၍ နှစ်ယောက်စလုံး ဘာမျှမဖြစ်။

()

www.burmeseclassic.com



ယခုတလော အစီးအနင်း မလွတ်၊ သည်နေ့မနက် အိပ်ရာထကတည်းက တစ်နေ့လုံး အဆင်မပြေ။

သည်နေ့အဖို့ ဖိုးဝင်းတောင်တွင် ချိန်းဝိုင်းရှိသည်။ ထို့ကြောင့် အိပ်ရေး ဝဝ အိပ်သည်။ နံနက် (၉) နာရီထိုးတွင် ကမ်းနားသို့ အရောက် ချိန်းထားကြသည်။

မနက် အိမ်ကထွက်ခါနီးတွင် မာလာနှင့် စကားများရသည်။ သူဝယ်သည့် နံသာရောင် ခရစ်လိုင်းကြီးအင်္ကျီကော်လာအောက်နား ရင်ဘတ်တွင် နှုတ်ခမ်းနီ တစ်စွန်းတစ်စ ပေးနေသည်။ မာလာက နှုတ်ခမ်းနီဆေးစွန်းကို သေသေချာချာ ကြည့်သည်။ အရောင်က သူသုံးသည့် နှုတ်ခမ်းဆိုးဆေးမဟုတ်၊ သူသုံးသည့် အရောင်က ပန်းရောင်ဖျော့ဖျော့၊ ယခုအရောင်က အနီရင့်ရင့်၊ မကျေနပ်၍ အနံ့ကို နမ်းကြည့်သည်။ အနံ့ကလည်း သူသုံးသည့် မက်စ်ဖက်တာနံ့မဟုတ်၊ ရက်ဗလွန်ဆိုးဆေးနံ့။

မနေ့ညက သူ မည်သည့်အချိန်က ပြန်လာမှန်းမသိ၊ နာရီပြန် တစ်ချက် ထိအောင် မာလာစောင့်သည်။ မစောင့်နိုင်သဖြင့် တစ်ချက်ကျော်မှ အိပ်ရာဝင် သည်။ မနက်လင်းသည်၌ သူနှင့် ကပ်လျက် ကုတင်တွင် အိပ်ပျော်နေသည့် နေလင်းအောင်ကို တွေ့ရသည်။ ညက ဝတ်ထားသည့် ဘောင်းဘီကိုပင် မချွတ်၊ ရှပ်အင်္ကျီကမူ ခြေရင်းတွင် အဝတ်လှမ်းသည့် ခုံပေါ်တွင် လုံးထွေးတင်လျက် ယိုးဒယားဖြစ် ပိုးဇာစွပ်ကျယ်လက်ပြတ်ဝတ်လျက်ဖြင့် ဝမ်းလျားမှောက် အိပ်နေ သည်။

မာလာက သူ့ရှပ်အင်္ကျီကို သွားကြည့်သည်၊ ရှပ်အင်္ကျီက အနံ့တစ်မျိုး ရသည်။ ခါတိုင်း နေလင်းအောင် သုံးနေကျ ရေမွှေးက ရှေနယ်နံပါတ် ငါး ရေမွှေးဖြစ်သည်၊ ရှေနယ်နံပါတ်ငါးကို သူကိုယ်တိုင် ဝယ်ပေးခဲ့ခြင်းဖြစ်သည်၊ အသန့်ကြိုက်သူ၊ အကောင်းကြိုက်သူ၊ အမွှေးကြိုက်သူဖြစ်၍ သူစိတ်တိုင်းကျ

www.burmeseclassic.com


မာလာနေခွင့်ပြုခဲ့သည်။ တစ်ခွန်းမျှမပြော၊ မဋ္ဌူရေမွှေးကို မသုံးချင်ဆိုသဖြင့် ရေနယ်နံပါတ်ငါးကို တကူးတကန့် မှာပေးသည်။ ရေမွှေးဖျန်းသည့် စပရေးလည်း ဝယ်ပေးသည်။ ရေမွှေးဆွတ်နည်းကိုပါ မာလာက သင်တန်းပေးသည်။

နေလင်းအောင်က ရေမွှေးဆွတ်လျှင် ပုလင်းကို လက်ညှိုးဖြင့် ပိတ်၍ နားရွက်နောက်ကို ဆွတ်သည်၊ အင်္ကျီကို ဖျန်းသည်၊ လက်ကိုင်ပဝါကို တို့သည်။

'ရေမွှေးကို လက်နဲ့တို့ပြီး မဖျန်းရဘူး ကိုလင်းရဲ့၊ လက်နဲ့ ဆွတ်ရင် လက်အဆီက ရေမွှေးထဲ ဝင်သွားတယ်၊ ဆပ်ပြာနံ့တို့၊ ဆေးလိပ်နံ့တို့ ရေမွှေးထဲ ရောက်သွားတတ်တယ်။

မာလာက နေလင်းအောင်ကို ပြောဖူးသည်။

'ပြီးတော့ မမန္တဲ့က ပြောတယ်၊ ရေမွှေးကို အင်္ကျီတို့၊ နားရွက်နောက်တို့ကို မဆွတ်ရဘူးတဲ့၊ လက်ကောက်ဝတ်တို့၊ တစ်တောင်ဆစ်တို့၊ လည်ပင်းအောက်နားတို့ ဒူးကောက်ကွေးတို့မှာ ဆွတ်ရမယ်တဲ့၊ အဲဒီနေရာတွေက သွေးတိုးတဲ့ နေရာတွေတဲ့၊ ဒါမှ ကိုယ်ခန္ဓာက အပူငွေ့ကြောင့် ရေမွှေးဟာ တစ်ကိုယ်လုံးကို ပျံ့နှံ့သွားနိုင်တယ်'

နေလင်းအောင်က ပြုံးသည်။ ညားစကမူ သည်စကားများသည် သူ့နားတွင် ချိုမြိန်သည်၊ မာလာက သူ့ကို အပြုအစု၊ အယုအယတွေ ပေးသည်ဟု ထင်သည်။ သို့ရာတွင် ကြာလာသည့်အခါ၌ ထိုစကားများကို အယုအယဟု မထင်တော့၊ ဆရာလုပ်သည်၊ သြဇာပေးသည်ဟု ထင်လာတတ်ပြီ။

ယခု သူ့ရုပ်အင်္ကျီက အနံ့က သူဝယ်ပေးသည့် ရေနယ်နံပါတ်ငါးအနံ့ မဟုတ်၊ ရက်ဗလွန်အနံ့ ဖြစ်သည်။ နှုတ်ခမ်းဆိုးဆေးအနံ့ကလည်း ရက်ဗလွန် နှုတ်ခမ်းဆိုးဆေးအနံ့။

မာလာက ရုပ်အင်္ကျီကို လုံးထွေးလွှင့်ပစ်သည်။ အခန်းထဲက စားပွဲကုလားထိုင်တွေကို တဝုန်းဝုန်း တဒုန်းဒုန်း မြည်အောင် ရွှေ့သည်။ တဝုန်းဝုန်း တဒုန်းဒုန်း အသံတွေ ကြားသည်နှင့် နေလင်းအောင် ခေါင်းထောင်ကြည့်သည်။ ဘာမျှမပြော၊ တစ်ဖက်သို့ စောင်း၍အိပ်သည်၊ သည်တွင် မာလာ ပို၍ ဒေါသထွက်လာသည်၊ သူ့ကုတင်နားသို့ ခြေသံပြင်းပြင်းဖြင့် လျှောက်လာကာ စောင်တွေ၊ ခေါင်းအုံးတွေကို ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်သည်။

နေလင်းအောင် တုတ်တုတ်မျှမလှုပ်၊ မာလာစိတ်ဆိုးလျှင် သည်လိုလုပ်စမြဲ၊ သူလှုပ်လျှင် မာလာ ပြောစရာ အကွက်တွေ့မည်၊ သူမလှုပ်လျှင် မာလာ သူ့ကို ရန်အစရခက်သည်၊ ထို့ကြောင့် အိပ်မြဲအိပ်နေသည်၊ မျက်လုံးကိုပင်မဖွင့်။

www.burmeseclassic.com



မာလာက မှန်တင်ခုံပေါ်က သူ့အလှပြင်သည့် ပစ္စည်းတွေကို ရိုက်ခွဲပစ်သည်၊ လက်သဲဆိုးဆေးပုလင်း၊ ရေမွှေးပုလင်း၊ နှုတ်ခမ်းဆိုးဆေးဘူး၊ မျက်တောင်ကော့ဆေးဘူး တွေ့သမျှ အကုန်လွှင့်ပစ်သည်၊ ပုလင်းများက ကြမ်းပြင်နှင့် ရိုက်ကာ တချွင်ချွင် ကွဲကုန်သည်၊ ကြမ်းပြင်တွင် ပုလင်းများ မွမွကြေနေသည်၊ နေလင်းအောင်က မလှုပ်သေး၊ သည်တွင် မာလာ မနေနိုင်တော့။

'ဒီမှာ ဒီမှာ'

မာလာက လှမ်းခေါ်သည်၊ နေလင်းအောင်က မထူး။ ခွတ်ပေအိပ်သည်။

'ဒီမှာ ခေါ်နေတာ မကြားဘူးလား'

မာလာက ထပ်အော်သည်။ အသံကစူးသည်၊ နေလင်းအောင်က အိပ်မြဲအိပ်နေသည်၊ မာလာ မချုပ်တည်းနိုင်တော့၊ ခြေသံပြင်းပြင်းဖြင့် ကုတင်နားလျှောက်လာကာ နေလင်းအောင်ကို ပုခုံးမှဆွဲထူသည်၊ ခန္ဓာကိုယ်ကြီးက အလိုက်သင့် ပါလာသည်။ မျက်လုံးကမဖွင့်၊ တမင်လုပ်နေမှန်းသိသဖြင့် မာလာက သူ့ခန္ဓာကိုယ်ကို လွှတ်ချလိုက်ပြီး ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် ထုသည်။ ယခင်က မာလာကသည်လို စိတ်ဆိုးမာန်ဆိုးဖြင့် ထုလျှင် ပန်းပွင့်ကလေးများဖြင့် ကြဲပေါက်သည့်နှယ် ထင်ခဲ့ဖူးသည်။

'ဘာဖြစ်နေတာလဲကွ'

နေလင်းအောင်က မာလာကို တွန်းဖယ်၍ ထလိုက်သည်။ မာလာ့မျက်နှာသည် ဒေါသကြောင့် ရှုံ့မဲ့ကာ အကြည့်ရဆိုးနေသည်။

'ဘာဖြစ်ရမလဲ၊ မနေ့ညက ဘယ်ကဖာမနဲ့ အိပ်လာသလဲ'

မာလာက ရုပ်ချောသလောက် နှုတ်ကြမ်းသည်၊ လင်မယား စကားများလျှင် မာလာ အပြောအဆို ရိုင်းစိုင်းလာစမြဲ။

နေလင်းအောင်က အရှိုက်မိသွားသည်၊ မနေ့ညက ဂျင်ဝိုင်းတွင် လေးသောင်းလောက်နိုင်ခဲ့သည်။ ဂျင်ဝိုင်းအပြီး လူလွတ် သူငယ်ချင်း အရာရှိတစ်ယောက် အိမ်တွင် အရက်ထပ်သောက်သည်၊ ဘိန်းဖြူရည် သွင်းသည်၊ ထို့နောက် မန္တလေးက ခေါ်လာသည့် အေစီတစ်ယောက်နှင့် အိပ်ခဲ့သည်။

'မင်းကို ဘယ်သူက ပြောသလဲ'

'ဘယ်သူက ပြောရမှာလဲ၊ ရှင့်အင်္ကျီက ပြောတာပေါ့၊ ရှင့်အင်္ကျီ ရှင်ပြန်ကြည့်ဦး၊ နှုတ်ခမ်းဆိုးဆေးတွေ ပေလို့၊ ဒီနှုတ်ခမ်းဆိုးဆေးက ဘယ်ဖာသယ်မ နှုတ်ခမ်းဆိုးဆေး မဟုတ်ရင် ဘယ်က နှုတ်ခမ်းဆိုးဆေးလဲ'

www.burmeseclassic.com


မာလာ့အသံသည် စူးနေသည်။ မျက်လုံးများက ဒေါသကြောင့် အရောင်တောက်နေသည်။

'ခုမှ အဆန်းလုပ်လို့'

နေလင်းအောင်က စီးကရက်တစ်လိပ်ကို ကောက်ဖွာသည်။ အိပ်၍မရတော့၊ မာလာ ပုဏ္ဏကတိုက်နေပြီ။

'အဆန်းတော့ မဟုတ်ဘူး၊ ရှင်လုပ်ပုံက တရားလွန်လွန်းလို့ပြောရတာ ရခဲ့ကတည်းက ရှင့်အလိုလိုက်ခဲ့တယ်။ အရက်သောက်တာလဲ မပြောခဲ့ဘူး၊ ဘိန်းဖြူရှူတာလဲ မပြောခဲ့ဘူး၊ ဘိန်းဖြူကတစ်ဆင့်တက်ပြီး လိုင်နင်ထိုးတော့လဲ ဘာမှမပြောခဲ့ဘူး'

ဟုတ်သည်။ နေလင်းအောင်ဆေးစွဲသည်မှာ ရင့်နေပြီ။ အစက စီးကရက်တွင် ဘိန်းဖြူ ထည့်သောက်သည်။ သည်လောက်ဖြင့် အားမရတော့။ ဘိန်းဖြူမှုန့်ကို ရေနှင့်ရောကာ အကြောထဲ ထည့်သွင်းရသည့် အဖြစ်သို့ ရောက်နေပြီး ဤသည်ကို 'လိုင်နင်'ထိုးသည်ဟု သူတို့လောကတွင် ခေါ်ကြသည်။

နေလင်းအောင်က သူ့စကားကို မကြားဟန်ပြုသည်။ စီးကရက်ခိုးတွေကို မှုတ်ထုတ်ရင်း လက်ထပ်ပြီးခါစက စုံတွဲရိုက်ထားသည့် ဓာတ်ပုံကြီးကို ကြည့်နေသည်။

ညားစတုန်းကတော့ ပျော်သည်။ သူတို့နှစ်ယောက် ဆူးလေကုန်းထဲရှိ တိုက်သစ်တစ်လုံးတွင် သီးခြားနေသည်။ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ အင်းလေး စသည်တို့ကို ပျားရည်ဆမ်း ခရီးထွက်ကြသည်။ သားသားလေးတွေ၊ မီးမီးလေးတွေ မွေးမည်ဟု စိတ်ကူးယဉ်ခဲ့ကြသည်။ ခရာခဲ့ကြသည်။ တာခဲ့ကြသည်။

သို့ရာတွင် ယခုအိမ်ထောင်သက် သုံးနှစ်ကျော်ပြီ၊ သားသားတွေ၊ မီးမီးလေးတွေ တစ်ယောက်မျှမရ၊ တီတီတာတာ စကားတွေလည်း မပြောဖြစ်။ မပြောချင်ကြတော့ မနက်ဆယ်နာရီ အိပ်ရာကနိုးလျှင် နေလင်းအောင် ရေမိုးချိုး၊ နံနက်စာစားပြီး အလုပ်ကိစ္စဖြင့် အပြင်ထွက်သည်။ ညနေစာကို အိမ်တွင်စားလေ့မရှိ။ အရက်ဝိုင်း၊ သို့မဟုတ် ဂျင်ဝိုင်းတွင် စားလေ့ရှိသည်။ ညဆယ့်နှစ်နာရီထက်စော၍ အိမ်သို့ပြန်မရောက်၊ နံနက် လင်းအားကြီးလောက်မှ ပြန်လာတတ်သည့် အခါမျိုးကလည်း မရေတွက်နိုင်။

အရက်သောက်သည်ကို မာလာသည်းခံနိုင်သည်။ သူကိုယ်တိုင်လည်း တစ်ခါတစ်ရံသောက်သည်။ အရက်သည် ဟောင်းနွမ်းသော အချစ်ကို ခဏခဏ

www.burmeseclassic.com


ပေးသည်ဟု မာလာတွေးသည်။ ဘိန်းဖြူကိုလည်း မာလာသည်းခံနိုင်သည်။ ဘိန်းဖြူသည် နွမ်းကျေသော အချစ်ရမက်ကို မီးပူတိုက်ပေးသည်ဟု မာလာထင်သည်။ သို့ရာတွင် နေလင်းအောင် မိန်းမလိုက်သည်ကိုမူ မာလာ နည်းနည်းကလေးမျှ သည်းမခံနိုင်။ မညားခင်တုန်းက သူ့အကြောင်းကိုမသိခဲ့၊ ညားပြီးသည့်အခါတွင်မှ သူမိန်းမပွေပုံကို မာလာသိရသည်၊ သွားလေရာတွင် မိန်းမမှုပွေခဲ့သည်၊ သူမိန်းမပွေသည့် သတင်းက မုံရွာတွင်လည်း ဥက္ကောဒေ့ယျ၊ မန္တလေးတွင်လည်း လင်ရှိမိန်းမတစ်ယောက်နှင့် ပြဿနာဖြစ်ခဲ့ဖူးသည်။ တောင်ကြီးတွင်လည်း စစ်ဗိုလ်သမီးတစ်ယောက်နှင့် ပြဿနာပေါ်ခဲ့သည်။ သစ်ချောက်မိုင်းက စာရေးတစ်ယောက်၏ အပျိုပေါက်စ သမီးလေးကိုပင် ချမ်းသာမပေးခဲ့။

သည်တော့ မာလာ ငိုလား၊ ရယ်လားဖြင့် သူ့မေမေကို တိုင်သည်၊ သူ့မေမေ ဒေါ်သန်းကြည်က အထက်ဂိုဏ်းများသို့ ပွဲပေးကာ ခာတ်ဆင် ခာတ်ရိုက်အလုပ်တွေကို လုပ်သည်။ တိုက်ဆိုင်မှုလော မဆိုနိုင်၊ နေလင်းအောင် တစ်လလောက် ငြိမ်သွားသည်၊ ဒေါ်သန်းကြည်နှင့် မာလာတို့ကမူ အင်းတန်ခိုး၊ ဆေးတန်ခိုးကြောင့်ဟု ယုံကြည်သည်။

သို့ရာတွင် တစ်လကျော်၌ နေလင်းအောင် ဖောက်လာပြန်သည်။ မန္တလေးက စိန်ပွဲစားဆိုသူ အမျိုးသမီးကို အိမ်ပေါ် ခေါ်တင်လာသည်။ စိန်ပွဲစားအမျိုးသမီးက အသက်သုံးဆယ်တစ်ဝိုက်လောက်၊ ရုပ်ချောချော၊ အသားဖြူဖြူကိုယ်လုံးကိုယ်ပေါက်လှလှ။

လာစဉ်က ဧည့်သည်အဖြစ် လာခြင်းဖြစ်သည်။ အလုပ်ကိစ္စကလည်း ရှိသဖြင့် မာလာမပြောသာ၊ စိန်ပွဲစား အမျိုးသမီးကို နေလင်းအောင်က မမဟုခေါ်သည်။ သူတို့တိုက်တွင် တစ်လကိုးသီတင်း ကြာသွားသည်။ သည် အတောအတွင်း နေလင်းအောင်နှင့် စိန်ပွဲစားမတို့ ဆက်ဆံပုံက ရင်းနှီးလွန်းသည်။ သူ့မေမေ ဒေါ်သန်းကြည် ခေါ်သဖြင့် မာလာ ဗောဓိတစ်ထောင်သို့ လိုက်သွားသည်။ ပြန်အလာ နေလင်းအောင်နှင့် စိန်ပွဲစားမတို့ကို ဧည့်ခန်းထဲတွင် ပွေ့ဖက်နေသည်နှင့် ပက်ပင်းတိုးသည်။ လင်မယားနှစ်ယောက် သတ်ကြသည်။ မာလာက မိဘတွေဆီ ဆင်းသွားသည်။

မေမေ ဒေါ်သန်းကြည်က သူ့ထုံးစံအတိုင်း ခာတ်ဆင် ခာတ်ရိုက်တွေလုပ်သည်။ သိပ်မကြာ။ စိန်ပွဲစားမမ လိမ်လည်မှုဖြင့် မန္တလေးတွင် အချုပ်ခံရသည်။ နေလင်းအောင်လည်း ငြိမ်သွားသည်။ မေမေဒေါ်သန်းကြည်က နေလင်းအောင်ကို အထက်ဆရာများက မဟာဒဏ်ခတ်သည်ဟု ပြောသည်။ နဂိုက

www.burmeseclassic.com



မယုံ့တယုံဖြစ်နေသည့် မာလာ ယုံသွားပြီ၊ နေလင်းအောင် မိန်းမမှုပွေသည့် ကိစ္စတွင် နှစ်ကြိမ်တိုင် ဆေးတွေ၊ အင်းတွေနှင့် စီရင်ခဲ့သည်။ ခါတ်ဆင် ခါတ်ရိုက်တွေ လုပ်ခဲ့သည်။ နေလင်းအောင် ခြေငြိမ်သွားသည်။ စိန်ပွဲစားမမ ဆိုလျှင် အဖမ်းပင် ခံလိုက်ရသေးသည်။ နှစ်ကြိမ်စလုံး အကျိုးထူးသည်။

သည်ကတည်းက နေလင်းအောင်တို့ လင်မယားနေသည့် တိုက်တွင် ကန်တော့ပွဲတွေ မြိုင်နေအောင် ထိုးထားသည်။ ကန်တော့ပွဲများကို ဒေါ်သန်းကြည် ကိုယ်တိုင်က ပြင်ပေးသည်၊ နတ်သားပွဲ၊ မဟိဒ္ဓိပွဲ၊ ဘိုးတော်ပွဲ၊ ထီးချက်စောင့် မယ်တော်ပွဲ၊ အမျိုးအမည်မသိသည့် ကန်တော့ပွဲတွေ ပြည့်နေသည်။

ဘုရားစင်အောက်တွင် ခေါင်းပေါင်းအုပ်ပေါင်း၊ မျက်ခုံးထူထူ၊ မျက်လုံး ကောင်းကောင်းနှင့် အမျိုးသားကြီးတစ်ဦး၏ ပုံကို ချိတ်ဆွဲထားသည်။ အမျိုးသား ကြီး၏ ဥပဓိရုပ်က ကြမ်းတမ်း ခက်ထယော်ယန်ရှိသည်။ မျက်လုံးများက စူးရှသည်။ စိတ်တန်ခိုးကြီးမားဟန်ရှိသည့် မျက်လုံးမျိုး။

ဒေါ်သန်းကြည်တို့ ကိုးကွယ်သော မဟိဒ္ဓိဂိုဏ်းက ဆရာကြီးတစ်ကြီး၏ ရုပ်ပုံဟုဆိုသည်၊ ထိုဆရာကြီး၏ပုံကို ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်ပုံတော်နှင့်အတူ ကိုးကွယ်ဆည်းကပ်သည်။

နေလင်းအောင်က သည်အရာမျိုးကို နည်းနည်းမျှ အယုံအကြည်မရှိ။ ဒေါ်သန်းကြည်တို့က လမ်းမပေါ်တွင် ဆေးလိပ်တို ကောက်နေသည့် အရူးကို စခန်းထွက်နေသည့် ဝိဇ္ဇာဟုဆိုကာ ကိုးကွယ်လား ကိုးကွယ်တတ်သည်။ ခါတ်ကူး အောင်ဆိုကာ အရူးကို ရွှေတွေ၊ ငွေစက္ကူတွေ အကိုင်ခိုင်းလား ခိုင်းတတ်သည်။ သိဒ္ဓိဆယ်ပါးမြောက်သည်ဟုဆိုကာ အရူးလွှင့်ပစ်ခဲ့သည့် ပစ္စည်းအတိုအစကို ကောက်၍ သိမ်းလား သိမ်းတတ်သည်။ နေလင်းအောင်၏ အရောင်းအဝယ် အလုပ်၌ အမြတ်များများရလျှင် ဝိဇ္ဇာမသည်ဟု ပြောလား၊ ပြောတတ်သည်။

နေလင်းအောင်က သည်အရာမျိုးကိုမယုံ၊ မည်သို့ ယုံနိုင်မည်နည်း။ သည်လိုအမြတ်ထွက်အောင် အကြံအဖန်တွေ အမျိုးမျိုးလုပ်ခဲ့ရသည်မဟုတ်လော၊ အကြံအဖန်လုပ်ခဲ့ရသည်တို့ကို ဒေါ်သန်းကြည်တို့၊ မာလာတို့ မသိရှိကြ။ သူ့ဖာသာသူ ကောင်းကောင်းသိသည်။ သည်မျှ အရောင်းအဝယ်တွေ ဟန်ကျနေခြင်းမှာ ဘယ်ဝိဇ္ဇာ၊ ဘယ်မဟိဒ္ဓိ ဆရာတို့ကမှ လာမ,၍ မဟုတ်၊ ငွေကြိုက်သူကို ငွေ၊ ဘိန်းဖြူကြိုက်သူကို ဘိန်းဖြူ၊ အရက်ကြိုက်သူကို အရက်၊ လူသားကြိုက် သူကို လူသား စသည်တို့ ပသပူဇော်ခဲ့ခြင်းကြောင့် ထိုပုဂ္ဂိုလ်များ၏ စောင်မမှု ဖြင့် ဟန်ကျနေခြင်း ဖြစ်သည်။

www.burmeseclassic.com



နောက်တစ်ချက်က သူလက်ရဲ ဇက်ရဲနိုင်ခြင်းကြောင့် ဖြစ်သည်။ တမူးဘက် ဝီလီဂျစ်တွေ ခိုးသွင်းလာခဲ့သည်မှာ သုံးနှစ်အတွင်း ဆယ်စင်းလောက်ရှိသွားပြီ။ သူစသွင်းသည့် အချိန်က တစ်ဘက်ငွေဈေးကလည်း သည်လောက်မကြီးသေး မြန်မာငွေဈေးကလည်း သည်လောက်မကျသေး၊ ထိုစဉ်က ရူပီငွေတစ်ရာကို မြန်မာငွေ တစ်ရာ့ခြောက်ဆယ်၊ တရာ့ရှစ်ဆယ်ဈေးလောက်သာရှိသေးသည်။ အရပ်ရပ်စရိတ် စုစုပေါင်း နှစ်သောင်းလောက်ကျသည်။ မုံရွာရောက်လျှင် သည်ဂျစ်ကားက ခြောက်သောင်းနှင့် ခုနစ်သောင်းကြားမှာ ရှိသည်။ ပဋ္ဌမမြောက် တစ်စီးတွင် ငွေဈေးက ရူပီးတစ်ရာလျှင် မြန်မာငွေ နှစ်ရာ့ရှစ်ဆယ်ဖြစ်လာသည်။ တစ်ဘက်က ဂျစ်ကားဈေးကလည်း ရှစ်ထောင်နှင့် မရတော့၊ တစ်သောင်းနှစ်ထောင် ပတ်ဝန်းကျင်သို့ တက်သွားပြီ၊ သို့ရာတွင် ကိစ္စမရှိ၊ တစ်ဘက်က ဈေးတက်သည်၌ တစ်ဘက်တွင်လည်း ဂျစ်ကားဈေးက အချိုးကျတတ်သည်။ တစ်စီးကို ကိုယ့်အတွက် မကျန်ဟု ဆိုလျှင် အနည်းဆုံးလေးသောင်းနှင့် ငါးသောင်းလောက်တော့ ကျန်သည်ချည်း။

တစ်ခေါက်လျှင် အရင်းထက် ခေါက်ချိုးမကျ မြတ်နေသည့် အလုပ်မျိုးကို လူတိုင်း လုပ်ချင်သည်။ သည်အကွက်လောက်ကိုမူ မုံရွာက ကုန်သည်တွေကလည်း မြင်သည်။ သို့ရာတွင် ခက်သည်မှာ သည်အလုပ်က အန္တရာယ်များသည်။ မမိသေးလျှင် ကိစ္စမရှိ၊ မိလျှင် ပစ္စည်းအသိမ်းခံရရုံမက လူပါ ထောင်ထဲရောက်မည်။ တစ်ဘက်နိုင်ငံက သွင်းလာသည့် ဂျစ်ကားကို တမူး–ကလေးမြို့ပေတရာ လမ်းမကြီးပေါ်တွင် မောင်းလာရသည့် အလုပ်သည် ထောင်အုတ်ရိုးပေါ်တက်၍ မော်တော်ကား မောင်းရခြင်းပင်ဖြစ်သည်။ အလွန်ရဲပါမှ၊ အလွန်ကျွမ်းကျင်ပါမှ၊ အလွန်အသိုင်းအဝိုင်းကောင်းပါမှ တော်ကာကျမည်။

ထို့ကြောင့် မည်သူမျှ မလုပ်ရဲကြ။

မုံရွာတွင် လက်ရဲဇက်ရဲရှိသည်ဟု နာမည်ကြီးသည့် ဦးကျင်စိန်ပင်လျှင် သည်အကွက်ကို မြင်လျက်နှင့် ကြည့်နေရသည်။ နေလင်းအောင်က ခြေသွက်လက်သွက်ဖြင့် တမူးသို့ တက်ပြီး ဝီလီဂျစ်ကားတစ်စီးကို ကိုယ်တိုင်မောင်းချလာသည်။ သည်တွင် မုံရွာက ကုန်သည်တွေက နေလင်းအောင်လမ်းကို လိုက်လာကြခြင်း ဖြစ်သည်။ နေလင်းအောင် တစ်စီးပြီး တစ်စီး သွင်းသည်။ ယခုမှ သုံးနှစ်အတွင်း ဆယ်စီးလောက် သွင်းပြီးပြီ။

လူတကာတွေ သည်လမ်းလိုက်တော့ နေလင်းအောင်က ဂျစ်အရောင်းအဝယ်ကို စွန့်လိုက်သည်။ ကျောက်၊ ဘိန်းဖြူ၊ ရွှေချောင်းဘက်သို့ လှည့်သည်။

www.burmeseclassic.com



သည်အလုပ်များအားလုံးသည် ထောင်အုတ်ရိုးပေါ်တွင် လျှောက်ရသည့် အလုပ်၊ သို့ရာတွင် နေလင်းအောင်အဖို့ လုပ်သလောက် အောင်မြင်နေသည်။

သည်တွင် နေလင်းအောင် မာန်တက်လာသည်။ သူလုပ်သမျှ အလုပ်တိုင်းသည် အောင်မြင်ရမည်။ သည်တိုင်းပြည်တွင် သူမလုပ်နိုင်၊ မလုပ်ရဲသော အရောင်းအဝယ် အလုပ်ဟူသည်မရှိ၊ လုံးဝမရှိ။

ဒေါ်သန်းကြည်တို့၊ မာလာတို့ ထင်သလို မည်သည့် ဘိုးတော်ကမျှ မ၍ မဟုတ်၊ မည်သည့် မဟိဒ္ဓဆရာကမျှ မ,၍ မဟုတ်၊ မည်သည့်စခန်းထွက်နေသော ဝိဇ္ဇာကမျှ မ,၍ မဟုတ်၊ မည်သည့်အကြားအမြင် ဆရာကမျှ နိမိတ်ဖတ်၍ မဟုတ်၊ မည်သည့်မဟာဂန္ဓာရီ၊ စူဠာဂန္ဓာရီ ပုဂ္ဂိုလ်တို့ကမျှ မ၍ မဟုတ်။

စင်စစ် သူတို့စကားသည် သူ့ကိုစော်ကားသည့်နှယ်ရှိသည်။ ထို့ကြောင့် နေလင်းအောင် ခံပြင်းသည်။

သည်တွင် နေလင်းအောင်နှင့် ယောက္ခမကြီးတွေ ပြဿနာ ဖြစ်ကြသည်။ နေလင်းအောင်ကလည်း သူ့မာနနှင့်သူ၊ မာလာတို့ကလည်း သူတို့မာနနှင့် သူတို့။

သည်တော့ နေလင်းအောင် မိန်းမမှု ပွေသည်။ မိန်းမပွေသည်က အဆန်း မဟုတ်၊ နဂိုကတည်းက ပွေခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အိမ်နှင့် ပြဿနာ ဖြစ်လာတော့ အကြောင်းပြချက်ရကာ ထင်တိုင်းကြဲသည်။ အိမ်ကို ကပ်သည်မရှိ။

မာလာက ဘာမျှမပြော၊ ကြည့်နေသည်။ အမေ ဒေါ်သန်းကြည်နှင့် တိုင်ပင်၍ ခာတ်ဆင်ခာတ်ရိုက်တွေ လုပ်သည်။ သို့ရာတွင် ဘာမျှမထူး၊ ခါတိုင်း ခာတ်ဆင်ခာတ်ရိုက်လုပ်လျှင် နေလင်းအောင် ငြိမ်မြဲ၊ သည်တစ်ချီတွင်မူ ပို၍ သောင်းကျန်လာသည်။

မနေ့ညက မည်သည့်အချိန်မှ ပြန်လာမှန်း မသိ။

သည်တော့ မာလာ သည်းမခံနိုင်တော့၊ နေလင်းအောင်ကို ထုသည်ရော၊ ရိုက်သည်ရော လုပ်သည်။

သူ့အင်္ကျီတွင် နှုတ်ခမ်းနီဆိုးဆေးနံ့အသစ်၊ ရေမွှေးနံ့အသစ်။

'ဒါက ဘယ်က နှုတ်ခမ်းဆိုးဆေးလဲ ပြော'

'ဘယ်သိမလဲ'

'ဘာဖြစ်လို့ မသိရမှာလဲဟင်၊ ဘာဖြစ်လို့ မသိရမှာလဲ'

မာလာ ဒေါသထွက်ကာ စားပွဲပေါ်တွင် ကျန်သည့် ရေမွှေးပုလင်းတွေ၊ အလှပြင် ပုလင်းတွေဖြင့် ကောက်ပေါက်သည်။ ပုလင်းများက တစ်လုံးပြီး တစ်လုံး

www.burmeseclassic.com



သူ့ဆီသို့ ပျံဝဲလာနေကြသည်။ နေလင်းအောင်က ခေါင်းကို တိမ်း ၍ ရှောင်သည်။ ပုလင်းများသည် အုတ်နံရံကို မှန်၍ ကွဲကျသွားကြသည်။

နေလင်းအောင် ဘာမျှ မပြောတော့၊ ရေမိုးချိုး၍ ဂျစ်ကားကို ထုတ် ပြီး မောင်းထွက်လာခဲ့သည်။ သွားစရာ နေရာ စဉ်းစား၍မရ၊ ဂျင်ဝိုင်းလည်းမရှိ၊ တစ်နေ့ကပင် ဦးကျင်စိန်နှင့်စကားများခဲ့သည်။ ထို့ကြောင့် သွားစရာ နေရာကို စဉ်းစားသည်။

ခဏကြာတော့ စိတ်ကူးတစ်ခု ပေါ်လာသည်။ နေလင်းအောင်၏ ဂျစ်ကားသည် မြင်းမူလမ်းမကြီးပေါ်မှ သာစည်လမ်းသို့ ချိုးကွေ့လိုက်သည်။

သာစည်လမ်းတွင် အေးမတို့အိမ်ရှိသည်။ သူတို့အိမ်ဘက်သို့ နေလင်း အောင် မရောက်သည်မှာ ကြာပြီ။

၁

www.burmeseclassic.com

## ၃၁

ထိုနေ့ညနေက ကိုထွန်းအောင်နှင့် တွေ့ပြီးနောက် ကိုထွန်းအောင်နှင့်အတူ ကိုမြင့် ဈေးဘက်သို့ လာခဲ့ကြသည်။ ကမ်းနားတွင် နေလင်းအောင်က ဂျစ်ကားနှင့် တမင်ဝင်တိုက်သည်၌ ကိုမြင့် ခံပြင်းသည်။ သည်ကောင် သူ့ကိုလိုက်တိုက်မှန်း ကိုမြင့်သိသည်။ မြောင်းကို ခုန်ကူးလိုက်၍သာ အတိုက်မခံရခြင်းဖြစ်သည်။ သို့မဟုတ်က သည်အချိန်တွင် အနည်းဆုံး ဆေးရုံတော့ ရောက်လောက်ပြီ။

သည်ကောင်ကို နာနာဆုံးမလိုက်ချင်သည်။ သို့ရာတွင် ဆုံးမချိန်မရ၊ သူက မော်တော်ကားပေါ်ကလူ၊ ကိုယ်က လမ်းပေါ်ကလူ။

ကိုထွန်းအောင်ကမူ ဒေါသကြီးသည်။ နေလင်းအောင်၏ ဂျစ်ကားမောင်းထွက်သွားတော့ အော်ဟစ်ဆဲ၍ ကျန်ရစ်ခဲ့သည်။ လူတွေက ဝိုင်းကြည့်ကြသည်။ လမ်းသွားလမ်းလာတွေ ဝိုင်းကြည့်တော့ ကိုမြင့် ရှက်သည်။ ထို့ကြောင့် ကိုထွန်းအောင်ကို မနည်းဆွဲခေါ်လာရသည်။

သည်နေ့ညစာအတွက် ကိုမြင့် မပူရတော့။

ကိုထွန်းအောင်က စကားပြောချင်သည်ဆို၍ ပျော်ပွဲစားရုံ တစ်ရုံသို့ ထွက်ခဲ့ကြသည်။

ပျော်ပွဲစားရုံတွင် လူတွေ ပြည့်ကျပ်နေသည်။ ကိုထွန်းအောင်က အခန်းလွတ်တစ်ခုထဲသို့ ခေါ်သွားသည်။ အခန်းလွတ်ရောက်တော့ စားစရာ မှာလိုက်သည်။ ကိုထွန်းအောင်ကို ကြည့်ရသည်မှာ သည်လို ပျော်ပွဲစားရုံမျိုး၊ သည်လို စားကောင်းသောက်ဖွယ်မျိုးတို့နှင့် ရင်းနှီးကျွမ်းဝင်နေပုံရသည်။

'ဘာသောက်မလဲ၊ ရမ်လား၊ အိုးဘရန်ဒီလား'

ကိုမြင့်က နှာခေါင်းရှုံ့၍ ခေါင်းရမ်းပြသည်။ အရက်သောက်ဖို့ စိတ်မကူးနိုင်၊ ထမင်းတစ်နပ် ကောင်းကောင်းစားရလျှင်ပင် သူ့အဖို့ ကျေနပ်စရာ ကောင်းနေပြီ။

'လုပ်ပါဗျ၊ တစ်ခါတလေပေါ့'

www.burmeseclassic.com



ကိုထွန်းအောင်က အိုးဘာရန်ဒီတစ်ပိုင်း မှာသည်။ ဖန်ခွက်နှစ်လုံး၊ ဆော်ဒါနှစ်ပုလင်း၊ ရေခဲပန်းကန်နှင့် စားစရာများ ရောက်လာသည်။

တစ်ဘက်နိုင်ငံက ဝင်လာသည့် 'ဘလက်နိုက်' ဝီစကီကို ကိုဖေခင်တို့နှင့် သောက်ပြီးသည့်နောက် ကိုမြင့် တစ်ခါမျှ အရက်မသောက်ဖြစ်ခဲ့၊ သည်လို အစားအစာမျိုး မစားရသည်ကမူ နှစ်ဖြင့်ချီ၍ ကြာလောက်ပြီ။

ကိုထွန်းအောင်က အိုးဘာရန်ဒီကို ငှဲ့သည်။ ရေခဲတုံးကို ထည့်၍ ဆော်ဒါကို သင့်ရုံစပ်ပေးသည်။ အခေါက်ကင်၊ အသားကင်၊ ဘဲကင်အနံ့များက သင်းနေသည်။

'ကျွန်တော် ဒါမျိုး မစားရတာ တော်တော်ကြာပြီ'

ကိုထွန်းအောင်က ပြုံး၍ ကိုမြင့်ကို ကြည့်သည်။

'စားချင်ရင် စားရမှာပေါ့ဗျ၊ အခု ကျွန်တော် အလုပ်တစ်ခု လုပ်မလို့ ဒီကိုလာတာ၊ ခင်ဗျားနဲ့ တွေ့တော့ အတော်ပဲ'

'ဘာအလုပ်လဲ'

'အလုပ်ကတော့ နည်းနည်းစွန့်စားရမယ်'

ကိုထွန်းအောင်က တစ်ဖက်ခန်းဆီသို့ မော့ကြည့်သည်။ ထိုနောက် သူ့အစီအစဉ် ပြောပြသည်။

မန္တလေးမြို့သည် မှောင်ခိုမြို့တော်ကြီး ဖြစ်နေသည်။ အရပ်လေးမျက်နှာမှ မှောင်ခိုပစ္စည်းမျိုးစုံ စီးဝင်နေသည်။ ထိုမှ တစ်ဆင့် အရပ်လေးမျက်နှာသို့ ဖြာထွက်ကြပြန်သည်။ အရင်းအနှီးရှိသူတို့က စိန်၊ ပတ္တမြား၊ ကျောက်စိမ်းတို့ကို အရောင်းအဝယ် လုပ်ကြသည်။ မန္တလေးကို ဗဟိုပြု၍ လှုပ်ရှားနေကြသည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် အနောက်ဘက်တွင် ခြေကုတ်ရရန် ကြိုးပမ်းနေကြသည်။ ဧရာဝတီအနောက်ဘက်ကမ်းနှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတွင် ယခု စတင် ထိုးဖောက်နေကြပြီ၊ သို့ ထိုးဖောက်ရာ၌ မုံရွာသည် အရေးကြီးသည့် စခန်းတစ်ခု ဖြစ်နေသည်။ ပခုက္ကူ စီးကရက်စက်ရုံနှင့် နီးသဖြင့် ပို၍ အဆင်ပြေသည်။

ယခုမုံရွာတွင် အလားတူ စခန်းမျိုး တစ်ခု ဖွင့်ရမည်။ မုံရွာမြို့ပေါ်မှ ကုန်သည်ကြီးတစ်ဦးက အရင်းအနှီးထုတ်ပေးမည်။ ကိုထွန်းအောင်က ပခုက္ကူဘက်အတွက် တာဝန်ယူရမည်။ ကလေးဝ၊ ကလေးမြို့၊ ခန္တီး၊ ဟုမ္မလင်း၊ မော်လိုက် စသည့် ချင်းတွင်းမြစ်အနောက်ဘက်က မြို့များတစ်လျှောက်တွင်လည်း သူ့အဆက်နှင့်သူ ရှိပြီးသား။

www.burmeseclassic.com



ကိုမြင့်က မျက်လုံးအပြူးသားဖြင့် နားထောင်နေသည်။ ကိုထွန်းအောင် ကြည့်ရသည်က မှောင်ခိုလုပ်ငန်းကို သာမန် မှောင်ခိုလုပ်ငန်းတစ်ရပ်လို သဘောထားဟန်၊ ခပ်ပေါ့ပေါ့။

'ဒီလုပ်ငန်းက စွန့်စားရမယ်၊ ပြိုင်လဲ ပြိုင်ရမယ်ဗျ'

ကိုထွန်းအောင်က အိုးဘရန်ဒီ တစ်ခွက်ကို အပြီးသတ် မော့ရင်း ပြောသည်။ ကိုထွန်းအောင်က လေသံကို နှိမ့်၍ပြောသည်။

'အရင်တုန်းကတော့တစ်ယောက်တည်း အပြေးပြိုင်ရတာပဲ၊ ခုတော့ ပြိုင်ဘက်တစ်ယောက် ဝင်လာတယ်၊ ပိုပြီး ပျော်စရာကောင်းလာတာပေါ့၊ ဘယ့်နယ်လဲ စွန့်စားခန်းလေး ဘာလေး မတွေ့ချင်ဘူးလား'

ကိုထွန်းအောင်က အိုးဘရန်ဒီ နောက်ထပ် တစ်ခွက်ငှဲ့ကာ ဆော်ဒါနှင့် စပ်သည်။ ကိုမြင့်က ဘရန်ဒီတစ်ကျိုက် မော့ပြီး နောက် ခေါင်းရမ်းပြသည်။

'ဒီလို စွန့်စားခန်းမျိုးတော့ မတွေ့ချင်ပါဘူးဗျာ'

'ဘာဖြစ်လို့'

'ဘာဖြစ်လို့ရမှာလဲ၊ ထမင်းကလေး တစ်လုတ်အတွက် ဒီလောက် လုပ်နေရရင် ဘယ်မှာ မျိုလို့ကျတော့မှာလဲ'

ကိုထွန်းအောင်က သူ့ကို တအံ့တသြ ကြည့်နေသည်။

'ဟ၊ ခင်ဗျားဘယ်လို ပြောလိုက်တာလဲ၊ လူတွေ အချင်းချင်း လိမ်နေကြတယ်၊ တစ်ယောက်ကိုတစ်ယောက် ချောက်တွန်းနေကြတယ်၊ တစ်ယောက်ကိုတစ်ယောက် သတ်ဖြတ်နေကြတယ်၊ ဒါတွေဟာ ခင်ဗျားပြောတဲ့ ထမင်းကလေးတစ်လုတ်အတွက်ပဲ မဟုတ်ဘူးလား'

'လူတွေ လိမ်ကြ ကောက်ကြတာ၊ တတောင်နဲ့ တွက်ကြ၊ ချောက်တွန်းကြတာ၊ သတ်ဖြတ်ကြတာတွေဟာ ထမင်းလေးတစ်လုတ်အတွက်ဆိုတာ ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဘိန်းဖြူအရောင်းအဝယ်က လူတစ်ယောက်ကိုသာ သတ်တာမဟုတ်ဘူး၊ လူတွေအများကို သတ်ပစ်နေတာနဲ့ တူတယ်၊ လူငယ်မျိုးဆက်တစ်ရပ်လုံးကို အဆိပ်ခပ်နေတာနဲ့ အတူတူပဲ၊ ကျွန်တော်ဟာ ထမင်းတစ်လုတ်အတွက် လူတစ်ယောက်ကို သတ်ချင်သတ်မယ်၊ ဒါပေမယ့် လူငယ်မျိုးဆက် တစ်ဆက်လုံးကိုတော့ ကျွန်တော်မသတ်ချင်ဘူး၊ မသတ်ရဲဘူး'

ကိုထွန်းအောင်သည် သူ့ကိုအံ့သြသည်ထက် အံ့သြနေသည်။

www.burmeseclassic.com


'ခင်ဗျား မှောင်ခိုအရောင်းအဝယ် လုပ်ခဲ့တယ် မဟုတ်လား၊ ခုကော လုပ်နေဆဲ၊ နောက်ကော လုပ်နေဦးမှာပဲ မဟုတ်လား'

ကိုမြင့်က ပြုံးသည်။

'ဟုတ်တယ်၊ အစတုန်းကတော့ ကျွန်တော် မှောင်ခိုအရောင်းအဝယ် မလုပ်ခဲ့ဘူး။ ရောင်ခဲ့တယ်၊ အငတ်ခံခဲ့တယ်၊ ဒါပေမယ့် ကြာကြာငတ်လာတော့ ထမင်းတစ်လုတ်အတွက် ကျွန်တော်လုပ်ခဲ့ရတယ်၊ ခုလဲ လုပ်နေဆဲပဲ၊ နောင်လဲ ထမင်းငတ်လို့ အလုပ်ရှာမရရင် လုပ်ရဦးမှာပဲ၊ အစတုန်းကတော့ မှောင်ခိုလုပ်တာဟာ အကျင့်စာရိတ္တကို ထိခိုက်တယ်လို့ ထင်ခဲ့တယ်၊ မှောင်ခိုလုပ်တဲ့လူမှန် သမျှကို အထင်သေးခဲ့တယ်၊ ကျွန်တော်က စိတ်ကူးယဉ်ခဲ့တာကိုး၊ ခုတော့ ဘယ်သူများ မှောင်ခိုမလုပ်တဲ့လူ ရှိသလဲ၊ လူတိုင်း လုပ်နေကြတယ်၊ အကောင်ကြီးကြီးတွေလဲ လုပ်တယ်၊ အကောင်မကြီးတကြီးတွေလဲ လုပ်တယ်၊ အကောင်ငယ်ငယ်တွေလဲ လုပ်တယ်၊ အကောင် မငယ့်တငယ်တွေလဲ လုပ်တယ်၊ သူတို့ ကြည့်လိုက်တော့ မော်တော်ကား ထည်လဲ၊ မယားငယ် ထည်လဲနဲ့။ ဒီတော့ ကျွန်တော့်လိုကောင်ကကော ဘာသားနဲ့ ထုထားတာမို့ ခံနိုင်မှာလဲ၊ ဒါကြောင့် ကျွန်တော် လုပ်ရတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လုပ်တယ်ဆိုတာ ခြောက်ပြားတစ်ပဲသမားတွေပါ၊ စားစရာမရှိလို့၊ အလုပ်မရှိကြလို့ လုပ်နေကြရသူတွေပါ၊ တကယ် မငတ်တုန်းကတော့ မှောင်ခိုဆိုတာ ဘာဖြစ်သလေး၊ ညာဖြစ်သလေးနဲ့ ကျွန်တော်လဲ ပြောခဲ့တာပဲ၊ ဒါပေမယ့် တကယ်ငတ်လာတဲ့အခါကျတော့ ကျွန်တော် မပြောနိုင်တော့ဘူး၊ တကယ်လုပ်ကြည့်တော့လဲ ကျွန်တော်လို ခြောက်ပြားတစ်ပဲနဲ့ လုပ်ကြတဲ့လူမျိုးတွေက တစ်နေ့လုပ် တစ်နေ့စားရတာပါ၊ ဒီအထဲ အဖမ်းခံရရင် ပစ္စည်းရှိစုမဲ့စုကလေး အကုန်ပြုတ်ပြီး နောက်တစ်ခါ လုပ်နိုင်အောင် မနည်းကြံဖန်ကြိုးစားရတယ်၊ ယောက်ျားလေးဆိုတော့ တော်သေးတာပေါ့လေ၊ မိန်းကလေးဆိုရင်တော့ သူ့မှာ လော်ရင်းနဲ့ တဖြည်းဖြည်း နစ်ရတော့တာပဲ၊ ငွေလုံးငွေရင်းနဲ့ ဖိလုပ်နိုင်သူတွေကတော့ တစ်မျိုးပေါ့လေ'

ကိုမြင့်က အသားကင်တစ်ဖတ်ကို ကောက်ဝါးသည်။

'ဒါဖြင့် ခင်ဗျားမှောင်ခိုအလုပ်ကို ပါဏာပေတံ တစ်သက်လုံး ရှောင်ကြဉ်တော့မယ်ပေါ့'

'ကျွန်တော် ပြောပြီးပါပကော၊ ကောင်းရောင်းကောင်းဝယ် အလုပ်တစ်ခုကို ရအောင် ကျွန်တော် ကြိုးစားခဲ့တယ်၊ ကံမကောင်းတော့ လူလျှော့တဲ့အထဲ ပါခဲ့တယ်၊ ဒီတော့ ထမင်းလေးတစ်လုတ် စားရဖို့ ကျွန်တော် လုပ်ခဲ့ရတယ်၊

www.burmeseclassic.com


တစ်သက်လုံး ရောင်ကြဉ်တော့မယ်လို့ ကျွန်တော် မပြောခဲ့ပါဘူး၊ ထမင်းဝရင် ကျွန်တော် ဒီအလုပ်ကို မလုပ်ဘူး၊ ထမင်းမဝရင်တော့ အင်း၊ ထမင်းမဝရင်တော့ လုပ်ရမှာပဲ၊ ဒီပြင် လုပ်စရာမှ မရှိတော့ဘဲ၊ ဒီအလုပ် မလုပ်လို့ ဘာများ လုပ်ရမှာလဲ၊ တစ်ခုတော့ ရှိတယ်၊ မရောင်မလွဲသာလို့ ဒီအလုပ်ကို ကျွန်တော် လုပ်ရသည့်တိုင် ဘိန်းဖြူတော့ မကူးချင်ဘူး။ ထမင်းလေးတစ်လုတ် စားရရင် တော်ပါပြီ'

'မှောင်ခိုလုပ်ပြီဆိုမှတော့ ဟိုအလုပ်၊ ဒီအလုပ် ရွေးနေရသေးသလား'

'ရွေးရမယ် ကိုထွန်းအောင်၊ ကျွန်တော် ထင်ပါတယ်၊ မှောင်ခိုလုပ်ကြ သူတွေထဲမှာ အနည်းစု ကလေးကလွဲလို့ ကျန်တဲ့ အများစုကြီးဟာ မတတ်သာလို့ လုပ်ကြရတာပါ။ ဘယ်သူမှ လုပ်ချင်လွန်းလို့၊ ပျော်လွန်းလို့ လုပ်ကြတာမဟုတ်ဘူး၊ တတ်နိုင်ရင် ဒီအလုပ်မျိုးကို ဘယ်သူမှ မလုပ်ချင်ဘူး။ ခင်ဗျား ကိုပဲ ကျွန်တော်မေးမယ်၊ ခင်ဗျား ဒီအလုပ်ကို လုပ်ချင်လို့ လုပ်တာလား'

ကိုထွန်းအောင်က လေးထောင့်စပ်စပ် ပခုံးကြီးကို တွန့်ပြသည်။

'ခင်ဗျားသိတဲ့အတိုင်းပဲ။ ကျွန်တော် ဆယ်တန်းအောင်တယ်၊ ကောလိပ် ကို ဆက်တက်တယ်၊ ဒုတိယနှစ်မှာ ကျွန်တော် ကျောင်းထွက်လိုက်ရတယ်၊ အဖေက လေဖြတ်နေတယ်၊ အမေကလဲ ဘာမှ မလုပ်တတ်ဘူး၊ ကျွန်တော့်မှာ မွေးချင်း ရှစ်ယောက်ရှိတယ်၊ ဒီအထဲမှာ ကျွန်တော်ကအကြီးဆုံးဆိုတော့ ကျွန် တော် အလုပ်လုပ်ရမယ်၊ ရန်ကုန်ဆင်းပြီး အလုပ်ရှာတယ်၊ စာအုပ်အဟောင်း ရောင်းခဲ့ဖူးတယ်၊ ရှာလပတ်ရည်လဲ ရောင်းခဲ့ဖူးတယ်၊ လမ်းဘေးမှာဇန်းချပြီး မော်တော်ကား ပစ္စည်း အတိုအစလဲ ရောင်းခဲ့ဖူးတယ်၊ တစ်နေ့ငါးကျပ်လောက် တော့ ကိုယ့်အတွက် ကျန်ပါရဲ့။ ဒါပေမယ့် ကျွန်တော်တစ်ယောက်ထဲမဟုတ် ဘူး၊ မိဘတွေရှိတယ်၊ ညီအစ်ကိုမောင်နှမတွေရှိတယ် ရတဲ့ဝင်ငွေက သူတို့ကို ထောက်ပံ့ဖို့ မပြောနဲ့။ ရန်ကုန်မှာ ကျွန်တော်တစ်ယောက်ထဲတောင်မှမစား လောက်ဘူး၊ ဒီတော့ ကျွန်တော် ပခုက္ကူပြန်ပြေးလာရတယ်၊ ပခုက္ကူရောက် တော့ ကျွန်တော် ခုတွင်ကပြောခဲ့သလို အစုံလုပ်တယ် ဓာတ်ဆီလွယ်ရင် ဓာတ်ဆီ လုပ်တယ်၊ စီးကရက်လွယ်ရင် စီးကရက်လုပ်တယ်၊ မချမ်းသာပေမယ့် စား လောက်တယ်' ခုတော့ ကျွန်တော် ဘိန်းဖြူလုပ်တယ်၊ ဘိန်းဖြူစွဲသွားတဲ့ အထဲ မှာ ကျွန်တော့်ညီ တစ်ယောက်လဲ ပါတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ ကမ္ဘာ မီးလောင်ရင် သားကောင် ချနင်းရမှာပဲ။ ခု ကျွန်တော်တို့ မိသားစုကလေး အတွင်းမှာ ကမ္ဘာမီးလောင်နေတယ်၊ ကျွန်တော့်ညီဟာ သားကောင်ပဲ။ ကျွန်တော်

www.burmeseclassic.com


တို့မိသားစု ကမ္ဘာမီးကြီး လောင်ရာမှာ ကျွန်တော့်ညီကို ကျွန်တော် မြေကြီးပေါ် ချနင်းရမှာပဲ၊ ကျွန်တော် မတတ်နိုင်ဘူး'

ကိုထွန်းအောင်က အိုးဘရန်ဒီ နောက်ထပ်မှာသည်။ အိုးဘရန်ဒီ တစ်ပိုင်းတွင် ကိုမြင့်သောက်သည်က နည်းနည်း။ ကိုထွန်းအောင်က လေးခွက်လောက် သောက်ပြီးပြီ။ အရက်နည်းနည်းဝင်သည်တွင် ကိုထွန်းအောင် ရင်ဖွင့်သည်။

'ရှင်းရှင်းပြောမယ်။ ခု ကျွန်တော် မုံရွာကို လာတာ၊ ဘိန်းဖြူကို ယူလာတာပဲ၊ မုံရွာမှာ ဘိန်းဖြူအကြီးအကျယ် လုပ်နေတဲ့ လူတစ်ယောက်ရှိတယ်၊ တစ်ယောက်က တရုတ်ကပြား ဦးကျင်စိန်'

'ဦးကျင်စိန် ဟုတ်လား'

'ဟုတ်တယ်၊ သိလို့လား'

'မသိပါဘူး။ ဒါပေမယ့် မင်းကင်းအောက်နားမှာ ကျွန်တော်တို့ အသိမ်းခံလိုက်ရတဲ့ မော်တော်ကား အင်ဂျင်တွေဟာ သူ့ပစ္စည်းတွေပဲ၊ သူကတော့ ဘာမှ မဖြစ်ဘူး။ ကျွန်တော်တို့တစ်သိုက်ဟာ အဖမ်းခံလိုက်ကြရတယ်၊ နေစမ်းပါဦး၊ ခင်ဗျားကော သူ့ကို သိသလား'

ကိုထွန်းအောင်က ပြုံးလိုက်သည်။

'လူတောင် မမြင်ဖူးဘူး၊ မြင်ဖူးဖို့လဲ မလိုပါဘူး။ ကျွန်တော်တို့ အလုပ်က အဆက်အသွယ်နဲ့ လုပ်ရတဲ့ အလုပ်ပဲ။ သူနဲ့ တိုက်ရိုက်ဆက်သွယ်ဖို့လဲ မလိုဘူး၊ သူကလဲ အဆက်အသွယ်မခံပါဘူး'

'ဘာဖြစ်လို့'

'သူတို့လူက ကျွန်တော်တို့လို အောက်ခြေကလူနဲ့ ဘယ်မှာ တိုက်ရိုက်ဆက်သွယ်ပါ့မလဲ။ မုံရွာမှာ သူ့လူတွေ လေးငါးဆယ်ဦးလောက် ရှိတယ်၊ အဲဒီလူတွေနဲ့တောင် ကျွန်တော်တို့က တိုက်ရိုက်ဆက်ရတာ မဟုတ်ဘူး။ ကြားထဲမှာ တစ်ဆင့် နှစ်ဆင့်လောက် ဖြတ်ရသေးတယ်။ သူ့လူရင်းတွေကနေပြီး တစ်ဆင့်ခံကိုဖြန့်၊ အဲဒီတစ်ဆင့်ခံကနေပြီးမှ နောက်တစ်ဆင့်ကို ဖြန့်။ ကျွန်တော်တို့ဆီရောက်တော့ နှစ်ဆင့်သုံးဆင့်ရှိနေပြီ။ အရေးကိစ္စ ကြုံလာလို့ ဆိုင်ရာက လိုက်လာရင် သူတို့ဆီဘယ်ရောက်တော့မလဲ။ ကြားထဲက လူတွေလောက်နဲ့ပဲ ကိစ္စပြီးသွားတာပေါ့'

'ဒီလိုဆို ဦးကျင်စိန်ဟာ ဘိန်းဖြူလဲ လုပ်တယ်ပေါ့

ကိုထွန်းအောင်က တဟားဟားရယ်သည်။

www.burmeseclassic.com



'ကျွန်တော်တို့လိုပေါ့။ ရန်ကုန်လမ်းတကာမှာ 'နို့ဆီခွက်ကောက်တယ်၊ ယိုးဒယားဖိနပ်အပြတ်တွေ ဝယ်တယ်၊ ကျောင်းသုံးဗလာစာအုပ်ဟောင်းတွေဝယ်၊ ဘီပီအိုင်ဆေးဘူး အဖုံးတွေ ဝယ်တယ်'လို့ အော်ပြီး လျှောက်ဝယ်နေတဲ့ လူလိုပေါ့။ ကျွန်တော်တို့လဲ ကျွန်တော်တို့ အဆင့်မှာ အကုန် လုပ်ပါတယ်။ ဦးကျင်စိန်တို့လို လူတွေကလဲ သူတို့အဆင့်နဲ့ သူတို့ အကုန်လုပ်တယ်၊ အရင်ကတော့ မုံရွာမှာ အစုံလုပ်တဲ့လူဆိုလို့ သူတစ်ယောက်ပဲရှိတယ်၊ ခုတော့ တစ်ယောက်တိုးလာတယ်'

'ဘယ်သူလဲ'

'ဒီဘဲကတော့ ခပ်ငယ်ငယ်ပဲ၊ နေလင်းအောင်တဲ့'

'နေလင်းအောင်၊ ဟုတ်လား'

ကိုမြင့် နောက်တစ်ကြိမ် အံ့အားသင့်ရပြန်သည်။ မုံရွာကုန်သည် လောကအကြောင်းကို သူ့ထက် ကိုထွန်းအောင်က ပို၍ သိနေသည်။ စင်စစ်၊ သူသည် မုံရွာမြို့အကြောင်းကိုလည်း မသိ။ မုံရွာမြို့မှ ကုန်သည်လောကအကြောင်းကိုလည်း ဘာမျှ ကောင်းကောင်းမသိ။

'ဒါဖြင့် အဲဒီ နေလင်းအောင်ဆိုတဲ့ ငနဲကိုကော ခင်ဗျား တွေ့ဖူးသလား'

'ဟင့်အင်း၊ မတွေ့ဖူးဘူး'

'စောစောက ကျွန်တော်တို့ကို ကားနဲ့ ဝင်တိုက်တဲ့ ငနဲလေ'

'ဟုတ်လား'

ကိုမြင့်က သူနှင့် နေလင်းအောင် စတွေ့ပုံ၊ ဖောင်ကူးတံတားပေါ်တွင် သူ့ကို သေနတ်ဖြင့် ခြိမ်းခြောက်ပုံတို့ကို ပြောပြသည်။

'ဒါကြောင့် ခင်ဗျားကို ကားနဲ့ လိုက်တိုက်တာ ထင်တယ်'

'ဒါပေါ့။ ခင်ဗျားကို ဦးကျင်စိန်လူမှန်း မသိလို့ပေါ့။ သိရင် နှစ်ယောက်စလုံးကိုများ အသေတိုက်မလား မသိဘူး'

'ဟုတ်တယ်။ တိုက်သတ်ပစ်မှာပဲ၊ လူချင်းသာ မမြင်ဘူးပေမယ့် သူ့အကြောင်းကိုတော့ ကြားဖူးပါတယ်၊ လူငယ်ဆိုတော့ လုပ်ရဲ ကိုင်ရဲ သတ်ရဲဖြတ်ရဲတယ်။ သူက လက်တွေ့လုပ်တဲ့လူ ယောက္ခမ အခါပေးဦးပုည'

'ယောက္ခမက ဘယ်သူလဲ'

'ဦးမြမင်းဆိုတာလေ၊ မုံရွာမှာ အဓိကရ ကုန်သည်ကြီးတစ်ဦးပေါ့၊ ဂျပန်ခေတ်တုန်းက ဂျပန်စကားပြန် လုပ်ခဲ့ဖူးတယ်၊ အင်္ဂလိပ်ဝင်တော့ အမှတ် ၁၃၆ အင်္ဂလိပ်စစ်တပ်မှာ ထောက်လှမ်းရေးတာဝန်ယူခဲ့တယ်၊ နောက်ကျတော့

www.burmeseclassic.com


သူ့ခရိုင်က အာဏာရ ပါတီရဲ့ ခေါင်းဆောင်ဖြစ်လာတယ်၊ အဲဒီခေတ်တုန်းက သူ့နယ်မှာ ပဒေသရာဇ်တစ်ဆူလို မင်းမူခဲ့တယ်၊ အဲဒီခေတ်တုန်းက ရွေးကောက်ပွဲတွေတုန်းက ဆိုရင် အတိုက်အခံအမတ်လောင်းရဲ့ မဲရုံကိုယ်စားလှယ်တွေကို အပြောက်ရှင်းခိုင်းပစ်တာပဲ'

ကိုမြင့် သူ့စကားကို စိတ်ဝင်စားလာသည်။

'ဟိုတုန်းက ဇဂျီတစ်ဝိုက်မှာ သိပ်နာမည်ကြီးခဲ့တဲ့ ကာကွယ်ရေး ခေါင်းဆောင် ဗိုလ်ချစ်ဖုန်းဆိုတာ သူ့တပည့်ပေါ့'

ကိုထွန်းအောင်က နောက်တစ်ခွက် ထပ်မှာသည်။ ကိုမြင့်အတွက်လည်း တစ်ခွက်မှာသည်။ သူအရက်ထပ်၍ မှာသည်ကို ကိုမြင့် ဂရုမစိုက်နိုင်၊ ကိုထွန်းအောင်၏ စကားတွင် စိတ်ဝင်စားနေသည်။

'သူ့တပည့်လို့သာ ပြောပေမယ့် အမှန်ကတော့ ညီအစ်ကိုတဲ့၊ ဦးမြမင်းနဲ့ အဲဒီ ဗိုလ်ချစ်ဖုန်းဆိုတဲ့ လူက ဖအေတူ မအေကွဲ ဦးမြမင်း အဖေက ဇဂျီဘက်မှာ မြေရှင် အကြီးစား၊ အင်္ဂလိပ်ခေတ်တုန်းက အထူးအာဏာရ၊ ငွေခားလွယ်ရသူကြီးမင်းတဲ့၊ ဇဂျီတစ်ဝိုက်မှာ သူ့မြေချည်းပဲတဲ့၊ မယားတွေ ယူလိုက်တာလဲ တစ်ရွာတစ်ယောက်လောက်ရှိသတဲ့၊ အဲ ဗိုလ်ချစ်ဖုန်းဆိုတာ ဦးမြမင်းရဲ့ အဖေ မြေရှင်သူကြီးမင်းရဲ့ မထင်မရှား မယားတစ်ယောက်က မွေးခဲ့တာ'

အေးမပင်လျှင် သူ့အဖေ ဗိုလ်ချစ်ဖုန်းအကြောင်းကို သည်လောက် သိမည်မထင်။

'ယမားမြောက်ဘက် ဇဂျီထဲမှာ တစ်နယ်လှော်ကားဆိုတာ ကြားဖူးမှာ ပေါ့'

ကိုမြင့်က ခေါင်းညိတ်သည်။ တစ်နယ်က တစ်ရွာ၊ လှော်ကားက တစ်ရွာ ရွာနှစ်ရွာ ဖြစ်သည်။ သူတို့အရပ်ကမူ၊ တစ်နယ်လှော်ကားဟု ပေါင်း၍ ခေါ်ကြသည်။ အမည်တူရှိလျှင် ကွဲပြားအောင် နီးရာ ရွာတစ်ရွာ အမည်နှင့် တွဲ၍ ခေါ်ကြခြင်း ဖြစ်သည်။

'ဗိုလ်ချစ်ဖုန်းအမေက တစ်နယ်လှော်ကားဘက်က ဦးမြမင်းအဖေက မြေရှင်လဲဖြစ်၊ အထူးအာဏာရ သူကြီးမင်းလဲဖြစ်တော့ သူ့နယ်ထဲမှာ သူကြိုက်တဲ့ မိန်းမတွေ့ရင် ကောက်ယူတာပဲ၊ ခြေတော်တင်ပစ်ခဲ့တာပေါ့ဗျာ၊ ဒီလို ခြေတော်တင်ရာက ဗိုလ်ချစ်ဖုန်းကို မွေးတာ၊ နောက်တော့ လျော်ကြေးလေး ဘာလေးပေးပြီး ပစ်ထားလိုက်တာပေါ့၊ ဒီလိုနဲ့ ဗိုလ်ချစ်ဖုန်းဟာ အဖေမပေါ်ဘဲ မွေးလာတဲ့သား ဖြစ်လာတယ်၊ ဦးမြမင်းနဲ့ ဖအေတူ မအေကွဲဆိုတာ သူတို့

www.burmeseclassic.com



ဆွေမျိုးထဲကလောက်ပဲ သိကြတယ်၊ ခုတော့ သိတဲလူတွေကလဲ မရှိကြတော့ဘူး၊ ဗိုလ်ချစ်ဖုန်းဆိုတာလဲ ထောင်ကျပြီး ဘယ်ပျောက်သွားမှန်း မသိတော့ဘူး၊ ဒီအချိန်လောက်ဆို သေရောပေါ့၊ အဲ ဦးမြမင်းတစ်ယောက်ပဲ ကျန်တော့တယ်၊ ဒီလို လူမျိုးဟာ တော်တော်သေခဲတယ်နော်'

ကိုထွန်းအောင်က အိတ်စပို့ကွယ်လတီ ဒူးယားတစ်လိပ်ကို ထုတ်ပေးသည်။ ကိုမြင့်က ခေါင်းရမ်းသည်။

'သောက်ပါဗျ၊ ဘိန်းဖြူ မပါပါဘူး'

ကိုမြင့်က ပြုံး၍ ဆေးပြင်းလိပ်ကို ထောင်ပြသည်။ ကိုထွန်းအောင်က အရှိန်ရနေပြီ၊ အာသွက်နေပြီ။

'လောကကြီးက မကောင်းဘူးဗျ၊ လူလိမ်မှာတွေ မြန်မြန်သေပြီး လူမိုက်တွေက နေးနေးသေတယ်၊ ဦးမြမင်းတို့လို ကျွန်တော်တို့လို လူမိုက်တွေလေ။ ဟဲ ဟဲ'

'ခင်ဗျားက ဦးမြမင်းလောက် မမိုက်သေးပါဘူးဗျ'

'ဟုတ်တယ်၊ ဟုတ်တယ်။ ဦးမြမင်းလောက်တော့ မမိုက်သေးဘူး၊ မမိုက်သေးတာနော်။ နောင်ကျရင် မိုက်ချင်မိုက်ဦးမှာ။ ကျွန်တော်က ခုတော့ အကုန်မလုပ်သေးဘူး၊ ဦးမြမင်းကတော့ ဘာမဆို အကုန်လုပ်တယ်'

'ဘယ်လို လုပ်တာလဲ'

'ပါလီမန်ခေတ်က သူ့အတိုက်အခံတွေကို အပြတ်ရှင်းပြီး နိုင်ငံရေးလုပ်စားတယ်လေ၊ သူ့ဖအေတူ၊ မအေကွဲညီ ဗိုလ်ချစ်ဖုန်းက ခပ်မိုက်မိုက်ဆိုတော့ သူ့ကို လက်သပ်မွေးတယ်၊ အာဏာကလေး၊ လက်နက်ကလေးပေးပြီး နောက်က သွေးထိုးပေးတယ်။ ဗိုလ်ချစ်ဖုန်းက အဲဒီတုန်းက လူငယ်လဲ လူငယ်၊ ကျောထောက်နောက်ခံလဲ ရှိတော့ ရမ်းတယ်။ နောက် ဗိုလ်ချစ်ဖုန်းက သူ့ကို ခွာရာတိုင်းလာတော့ အဲဒီ ဗိုလ်ချစ်ဖုန်းဆိုတဲ့ သူ့ဖအေတူ မအေကွဲ ညီအရင်းခေါက်ခေါက်ကို လူသတ်မှုနဲ့ ထောင်ထဲပို့လိုက်တယ်၊ သတ်တုန်းကတော့ သူပဲ အသတ်ခိုင်းတယ်၊ ဒါပေမယ့် အရေးကိစ္စကြုံလာတော့ သူက ခေါင်းရှောင်ပြီး ဗိုလ်ချစ်ဖုန်းအပေါ် ပုံချတယ်။ သူ့လည်ပင်းပေါ်ရောက်လာမယ့် ကြိုးကွင်းကို ရှောင်ပြီးသား ဖြစ်ရော။ ကိုယ့်ကိုယ် ခွာရာတိုင်းမယ့် တပည့်တစ်ယောက်ကို ရှင်းပြီးသားလဲဖြစ်ရော၊ လုပ်ပုံကလေးက မယဉ်ဘူးလား'

ဟုတ်သည်။ ဦးမြမင်းလုပ်ပုံက ယဉ်သည်။ ယဉ်သည်ဟု ကိုမြင့် ပြောလိုက်ချင်သည်။ သို့ရာတွင် ပါးစပ်က မထွက်။ ဦးခေမာဘဝသို့ ရောက်နေသည့်

www.burmeseclassic.com


ဗိုလ်ချစ်ဖုန်းက အကုသိုလ်ကံဟောင်းကြောင့် ဖြစ်ရသည်ဟု ပြောခဲ့ဖူးသည်။ သည်တုန်းက ကိုမြင့် လက်မခံချင်။ ဗိုလ်ချစ်ဖုန်းသည် နတ်ရုပ်တစ်ရုပ်မျှသာ ဖြစ်သည်။ သို့ရာတွင် နတ်ရုပ်ကို ရွှေ့သော လက်သည် ကံတရားဟု သူ ယုံကြည်သည်။ မည်သူမည်ဝါ၏လက်ဟု ထုတ်ဖော်ပြောဆိုခြင်း မပြုခဲ့။ ယခု သည်လက်ကို ကိုမြင့် တွေ့ရပြီ။

'ခုလဲ ဦးမြမင်းက လူတစ်ယောက် မွေးစားပြန်ပြီပေါ့'

ကိုမြင့်က ပြောသည်။

'ဒါပေါ့၊ သမီးပေးပြီး သားမက် မွေးတယ်လေ။ ဒီကောင်လေးကို ခင်ဗျားပြောမှ မြင်ဖူးတာပါ။ ဒါပေမယ့် သူ့သတင်းကိုတော့ ကြားပြီးပါပြီ။ ကျွန်တော်က ဦးကျင်စိန်ရဲ့ အဆက်အသွယ်နဲ့ ရောက်လာတော့ ကိုယ်နဲ့ပြိုင်ဘက် ကိုယ့်ရန်သူအကြောင်းကို သိထားရမယ် မဟုတ်လား။ မှားတာ မှန်တာ အပထား'

'ပြောပါဦး သူ့အကြောင်းကို'

'တွင်ခုံပိုင်ရှင်တစ်ယောက်ရဲ့သား။ ဆယ်တန်းမအောင်ဘူး။ ဦးမြမင်းရဲ့ သမီးနဲ့ညားတယ်။ ဦးမြမင်းက စီမံကိန်းချပေးပြီး ကောင်လေးက လက်တွေ့ လုပ်တယ်၊ တမူးလမ်းကနေပြီး ဂျစ်ကားသွင်းလာတာ ရှစ်စင်းရှိပြီ။ ဒီဘက်ကနေ ပြီး ပတ္တမြားရယ်၊ နီလာရယ်၊ စိန်ရယ်၊ အိန္ဒိယပိုက်ဆံရယ် ခိုးထုတ်တယ်၊ နောက်ပိုင်းမှာ ဘိန်းဖြူလုပ်တယ်'

ကိုထွန်းအောင်က တစ်ဖက်ခန်းကို လှမ်းကြည့်သည်။ တစ်ဖက်ခန်းက စကားပြောသံ၊ ဖွန်းသံ၊ ခက်ရင်းသံများကို ကြားနေရသည်။ ပျော်ပွဲစားရုံသည် အသံဗလံများဖြင့် ဆူညံလျက်ရှိသည်။ ကိုထွန်းအောင်က အသံကို နှိမ့်လိုက် သည်။ အသံကို နှိမ့်ပြောသည့်တိုင် သူ့အသံက ကျယ်နေသေးသည်။ အရှိန်က လည်း အတော်ရနေပြီ။ အိုးဘရန်ဒီ ငါးခွက်လောက်ဝင်ပြီးနေပြီ။

'မုံရွာမှာ ဘိန်းဖြူလုပ်တဲ့လူ နှစ်ဦးပဲ ရှိတယ်၊ တစ်ဦးက ကျွန်တော်တို့။ ကျွန်တော်တို့ ဆိုတာက ဦးကျင်စိန်ရဲ့ အဆက်အသွယ်တွေ။ ဦးကျင်စိန်တို့ ဘိန်းဖြူလုပ်တဲ့လမ်းက လားရှိုး၊ မန္တလေး၊ မုံရွာ။ နေလင်းအောင် ဘိန်းဖြူ ချတဲ့လမ်းက တာချီလိတ်၊ တောင်ကြီး၊ မန္တလေး၊ မုံရွာ။ ကိုယ့်လမ်းနဲ့ ကိုယ်။ သူ့လမ်းနဲ့သူ၊ သူတို့လမ်းကို ကျွန်တော်တို့ မသွားဘူး။ ကျွန်တော်တို့ လမ်းကိုလဲ သူမလာဘူး၊ ကျွန်တော်တို့ လမ်းကို သူလာရင် ခံသွားရမှာပေါ့။ ဘိန်းဖြူချရင် ဒီကောင်က သူကိုယ်တိုင် လုပ်တဲ့အခါလဲ ရှိတယ်။ ကောင်မလေးတွေ မွေးပြီး လုပ်တဲ့အခါလည်း ရှိတယ်။ ဒီကောင်က ဘိန်းဖြူကူးရုံတွင် မကဘူး။

www.burmeseclassic.com



သူကိုယ်တိုင်လည်း ဘိန်းဖြူချတယ်။ ဘိန်းဖြူချတာမှ ရင့်နေပြီ၊ လိုင်နင်သွင်းတဲ့ အဆင့်တောင် ရောက်နေပြီ'

'လိုင်နင်ဆိုတာ ဘာလဲဗျ'

ကိုထွန်းအောင်က ပြုံး၍ ကိုမြင့်ကို ကြည့်သည်။

'လိုင်နင်'ဆိုတာ နံပါတ်ဖိုးအမှုန့်ကို အရေဖျော်ပြီး အကြောထဲကို ဆေးထိုးအပ်နဲ့ သွင်းတာ။ ခု ဒီကောင် ဒီအဆင့်ရောက်နေပြီ။ ဂျင်ထိုးတယ်၊ မန္တလေးရောက်ရင် ရဟိုင်းဈေးနားက ဗိုလ်ကတော်ကျ စိန်ပွဲစားအမျိုးသမီး တစ်ယောက်နဲ့ အတူနေတယ်။ တောင်ကြီးမှာ တရုတ်ကပြားမတစ်ယောက် ယူထားတယ်။ တာချီလိတ်မှာ ရှမ်းအမျိုးသမီး တစ်ယောက် ယူထားတယ်။ ဒီကောင်က သေနတ်အမြဲကိုင်တယ်။ သူကိုင်တဲ့ သေနတ်က ကိုးမီလီမီတာ ဘရောင်နီ ပစ္စတို၊ ကဲ ခင်ဗျား ဘာသိချင်သေးသလဲ'

ကိုထွန်းအောင်က နေလင်းအောင် အကြောင်းကို ခရေစေ့တွင်းကျ ပြောပြသည်။ သိသည့်အတွက် ဂုဏ်ယူနေဟန်လည်း ရှိသည်။

'သိလှချေလားဗျ'

'သိအောင် လုပ်ထားရတာပေါ့။ နေလင်းအောင်က ကိုယ့်ရန်သူဆိုတော့ သူ့အကြောင်းကိုသိအောင် လေ့လာရတာပေါ့။ သူ့အကြောင်းကို ဦးကျင်စိန် အဆက်အသွယ်တွေဆီက ရတာ။ ဘယ်လောက်အထိ မှန်မမှန်တော့ ကျွန်တော် မသိဘူး။ ခု ဘိန်းဖြူက မုံရွာရောက်လာပြီ။ မုံရွာကနေ ချင်းတွင်းအနောက်ဘက်ကမ်းနဲ့ ရောဝတီ အနောက်ဘက်ကမ်းကို ဖြန့်ဖို့ စီစဉ်နေကြတယ်။ ဒီမှာ ကျွန်တော်တို့နဲ့ နေလင်းအောင်တို့ နယ်လုနေကြတာပဲ။ ကျွန်တော်တို့က အဆက်အသွယ်တွေ ရှာနေတယ်။ သူကလဲ သူ့အဆက်အသွယ်တွေနဲ့ သူလုပ်ဖို့ ကြိုးစားနေတယ်။ ရှင်းရှင်းပြောရရင် ဒီနယ်ကို သူ့ဈေးကွက်ထဲ အရောက်မခံနိုင်ဘူး။ ပြိုင်လုရမှာပဲ။ ခုတောင် သူ့အဆက်သွယ်တွေ ကျွန်တော်တို့ဘက် ရောက်လာကြပြီ။ ကျွန်တော်တို့ဘက် လာလို့တော့ သူ့လူတွေကို အပြတ်ချဲလွှတ်မှာပဲ'

ကိုထွန်းအောင်မျက်နှာက တကယ်လုပ်မည့်ဟန် ပေါ်နေသည်။

'ခင်ဗျားတို့ဟာက နိုင်သူစားတမ်း ဖြစ်နေပြီ'

ကိုမြင့်က မသက်မသာဖြင့် ပြောသည်။ သူ့အသံက ညည်းသံပါနေသည်။

'ဒါပေါ့၊ ကိုယ်ကနိုင်ရင် ကိုယ်ကအပြတ်စားမှာပဲ၊ သူက နိုင်ရင်လဲ ကိုယ် အပြတ်ခံရမှာပဲ၊ ဒီလိုမှ မပြတ်ရင် ခံသွားရမှာပေါ့၊ ဒီကောင့်လက်ချက်

www.burmeseclassic.com



ကြောင့် မန္တလေးက ကျွန်တော်တို့အဆက်သွယ်တွေ တော်တော်များများ ပါသွားပြီလေ။ သူ့အလှည့်လည်း တစ်နေ့တော့ ကြုံရဦးမှာပဲ။ သူကိုယ်တိုင် မိရင်မိ သူကိုယ်တိုင် အမိမခံနိုင်ရင် သူ့အဆက်အသွယ်တွေထဲက တစ်ကောင်ကိုတော့ ကျားစာကျွေးရမှာပေါ့’

ကိုမြင့် သက်ပြင်းကိုချသည်။ သူက ဆရာဦးစံကောင်း၏ ဆုံးမသွန်သင်မှုကို ခံခဲ့ရသည်။ စာကလေး ပေကလေး မတောက်တစ်ခေါက် ဖတ်ဖူးသည်။ ထောင်ထဲသို့လည်း ရောက်ခဲ့သည်။ သည်တော့ ဘဝအတွေ့အကြုံကလေးတွေ ရှိသည်။ အသိပညာကလေးရှိလာသည်။ အသိကလေး ရှိလာသည်တွင် စဉ်းစားနှိုင်းချိန်တတ်လာသည်။

ယခုပင် စဉ်းစားချင့်ချိန်နေရပြီ။

ကိုထွန်းအောင်တို့က မှောင်ခိုကူးရာ၌ ဘာမျှ မစဉ်းစား၊ လုပ်စရာရှိသည်ကို ရဲရဲလုပ်သည်၊ မည်သည့် အရောင်းအဝယ်မျိုးကို လုပ်မည်နည်း၊ လုပ်ရန် အဆင်သင့်၊ ဘိန်းဖြူ အရောင်းအဝယ် လုပ်ဦးမည်လော။ လုပ်လိုက်မည်၊ ပြိုင်ဘက်တစ်ယောက်ကို အပြတ်ရှင်းဦးမည်လော၊ ရှင်းလိုက်ဦးမည်။ ဘာမျှ ဝန်မလေး။

သည်လိုစိတ်မျိုး ထားနိုင်တော့ သူ့အတွက် အဆင်ပြေသည်။ နောင်ခါလာနောက်ခါ ဈေး။

ကိုမြင့်က သည်လိုမလုပ်နိုင်၊ တွေဝေသည်၊ ဆုတ်ဆိုင်းသည်၊ ပညာဗဟုသုတကလေး အသင့်အတင့်ရှိသဖြင့် အစဉ်းစားကြီးသည်၊ သည်အဓိပ္ပာယ်ဖြင့် ကြည့်လျှင် အသိပညာတွေ ရှိနေခြင်းသည် စိတ်ဆင်းရဲရသည်ဟုပင် ကိုမြင့် ထင်ချင်လာသည်။

နိုင်ရာစား လောကကြီးတွင် အသိပညာတွေ ရှိနေခြင်းသည် ဘာမျှ အသုံးမဝင်။ သည်လောကကြီးက မျက်ကန်းသဖွယ်၊ အစဉ်းစားအဆင်ခြင်မရှိ၊ မိုက်မိုက်ကန်းကန်း ပြတ်ပြတ်သားသား လုပ်နိုင်မှ တော်ကာကျသည်ဟုပင် ထင်ချင်လာသည်။

ညီငယ်က နံပါတ်ဖိုးသမားဖြစ်ပြီး အစ်ကိုက နံပါတ်ဖိုး အရောင်းအဝယ် လုပ်သူ ဖြစ်နေရသည့် ကိုထွန်းအောင်တို့အဖြစ်ကို ကြည့်၍ စိတ်မကောင်း။

‘ကျွန်တော်ထင်တယ်၊ တချို့ ဘိန်းဖြူ အရောင်းအဝယ်လုပ်တဲ့ ရည်ရွယ်ချက်ဟာ စီးပွားရေးသဘောသက်သက် မကတော့ဘူး၊ ဒီပြင် ရည်ရွယ်ချက်တွေ ရှိလိမ့်ဦးမယ်၊ လူငယ်တွေကို ဘိန်းဖြူနဲ့ မှိုင်းတိုက်၊ လူငယ်တွေရဲ့ တက်ကြွတဲ့

www.burmeseclassic.com



စိတ်ဓာတ်တွေ၊ တော်လှန်တဲ့ စိတ်ဓာတ်တွေ၊ မဟုတ်မခံတဲ့ စိတ်ဓာတ်တွေ အညွန့်တုံးသွားအောင်များ တမင်လုပ်နေကြသလား မသိဘူး၊ ဒီအထဲမှာ ထမင်းလေးတစ်လုတ်စားဖို့အတွက် ဘိန်းဖြူ အရောင်းအဝယ် လုပ်နေကြရတဲ့ ခင်ဗျားတို့တစ်တွေဟာ ဘုမသိ ဘမသိနဲ့ တရားခံတွေ ဖြစ်နေကြရတယ်၊ အဲဒီအထဲမှာ ကျွန်တော် မပါနိုင်ဘူး ကိုထွန်းအောင်၊ ကျွန်တော် တရားခံ အဖြစ်မခံနိုင်ဘူး၊ ကျွန်တော် တရားခံအဖြစ်မခံနိုင်ဘူး’

ကိုမြင့် စားပွဲကို လက်သီးနှင့်ထုရင်း ပြောသည်။ သူ့အသံက ကျယ်သွားသည်။ သူ့မျက်လုံးတွင် မျက်ရည်ဝဲနေသည်။

လုံလောက်သည့် အကြောင်းမရှိဘဲ ပေါက်ကွဲနေသော ကိုမြင့်ကို ကြည့်၍ ကိုထွန်းအောင် အံ့အားသင့်နေသည်။

()

အမေ့ဉယျာဉ်စာအုပ်တိုက်

www.burmeseclassic.com



ကိုမြင့်ရောက်သွားသည့်အခါတွင် အေးမ၏ မျက်နှာသည် ပြုံးကြည်နေသည်။

ဆံပင်များက ပုခုံးပေါ်သို့ ဝဲကျနေကြသည်။ အင်္ကျီနို့သာရောင်၊ လုံချည် အနုဝါရောင်ထဲတွင် အေးမ၏ အလှသည် ဝင်းနေသည်။

'အစ်ကို တစ်နေ့က အိမ်လာသေးတယ်ဆို'

အေးမက ဆီးကြိုနှုတ်ဆက်သည်။

'လာတာပေါ့၊ အေးမကော ဘယ်တုန်းက ပြန်ရောက်သလဲ'

'နှစ်ရက် သုံးရက်ပဲ ရှိသေးတယ်၊ အစ်ကိုတို့ သတင်းကိုလဲ တိုးပြော လို့ အားလုံး ကြားပြီးပါပြီ၊ မမချစ်မေကလဲ ပြောပြတယ်'

အေးမက ကိုမြင့်ကိုကြည့်၍ ရယ်သည်။ အေးမက မင်းကင်းနားက ကန်ရွာတွင် ကိုမြင့်တို့လှေများ အဖမ်းခံရသည့် ကိစ္စကို ပြောခြင်းဖြစ်သည်။

'ကံမကောင်းချင်တော့ ဒီလိုပဲပေါ့လေ၊ အေးမကော ခု မန္တလေးမှာပဲလား'

'သွားတုန်းကတော့ မန္တလေးပဲ၊ ဟိုကျမှ ပစ္စည်းလေးတစ်ခု ရမယ်ဆိုတာ နဲ့ တာချီလိတ်ကို သွားတာ အပြန်မှာ တောင်ကြီးကို ခဏဝင်ခဲ့သေးတယ်'

'မော်တော်ကားနဲ့လား'

'ဟင့်အင်း၊ လေယာဉ်ပျံနဲ့'

သည်လောက်ဆိုလျှင် ကိုမြင့်သိပြီ၊ အေးမ၏ အဆင့်က မော်တော်ကား ဖြင့် အရောင်းအဝယ်လုပ်သည့် အဆင့်မဟုတ်တော့။ လေယာဉ်ပျံဖြင့် အရောင်း အဝယ်လုပ်သည့် အဆင့် ရောက်နေပြီ။ လေယာဉ်ပျံနှင့် အရောင်းအဝယ်လုပ်သည့် ပစ္စည်းမျိုးဆိုလျှင် အရင်းအနှီးက ကြီးမည်၊ အေးမသည် နေလင်းအောင်၏ 'ဘော်ဒါ' ဖြစ်နေသည်ဆိုသည့် မချစ်မေ၏ စျေးစကားသည် မှန်နိုင်လောက် သည်။ နေလင်းအောင်က တောင်ကြီး၊ တာချီလိတ်ဖက်မှ ဘိန်းဖြူ ချနေသည်ဟု ကိုထွန်းအောင်က ပြောဖူးသည်။ သည်စကားတွေကို ဆက်စပ်ကြည့်လိုက်လျှင်

www.burmeseclassic.com



အေးမသည် နေလင်းအောင်၏ ဘိန်းဖြူကို သယ်ယူနေသည့် မိန်းမငယ်ကလေး တစ်ယောက် မဟုတ်ဟု မည်သူမျှ မပြောနိုင်။

သည်ခေတ်တွင် မည်သူ့ကိုမျှ စိတ်မချရ။ အားလုံးဖြစ်နိုင်သည်။ မဖြစ်နိုင်သည်ဟု ထင်သည့် အရာတို့လည်း ဖြစ်လာတတ်သည်။ အေးမသည် နေလင်းအောင်၏ ဘိန်းဖြူ အဆက်အသွယ်များထဲတွင် မပါဟု မည်သူပြောနိုင်သနည်း။ သူစတွေ့စဉ်က အေးမသည် မုံရွာ–တမူး လမ်းမပေါ်မှ ဘတ်စ်ကားဖြင့် ကူးသည် ခေါက်သည် သွားနေသည့် အသေးတကာ့အသေးစား မှောင်ခိုမလေး တစ်ယောက်သာ ဖြစ်၏။ မချစ်မေတို့ထံမှ လက်ဝေခံရသည့် မှောင်ခိုမလေးတစ်ဦးသာ ဖြစ်၏။ သူ့အရင်းအနှီးသည် အလွန်ဆုံးရှိပါမှ တစ်ထောင်ထက် မများနိုင်။

ယခု အေးမ နယ်ချဲ့လာပြီ၊ မန္တလေး–မုံရွာကို ကူးနေပြီ၊ ထို့မျှမက တာချီလိတ်–တောင်ကြီးတို့ဘက်သို့ပင် အိမ်ဦးနှင့် ကြမ်းပြင်ပမာ ကူးနေပြီ၊ ကျိုင်းတုံဘက်သို့ လေယာဉ်ပျံ လက်မှတ်ရဖို့ဆိုသည့် ကိစ္စသည် လွယ်ကူသည့် ကိစ္စမဟုတ်၊ ထို့ထက် ကျိုင်းတုံမှ သည်ဘက်သို့ ပစ္စည်းသယ်ရသည်ဆိုသည့် ကိစ္စသည် သာ၍မလွယ်၊ အဆက်အသွယ် အလွန်ကောင်းရမည်။ လူဝင်မှုဌာန၊ အကောက်ခွန်ဌာန၊ လေယာဉ်ဌာန စသည် စသည်တို့နှင့် အဆက်အသွယ်ကောင်းရသည်။

'ထိုင်လေအစ်ကို၊ ဘာငိုင်နေတာလဲ'

သည်တော့မှ ကိုမြင့် သတိရပြီး ကုလားထိုင်တွင် ဝင်ထိုင်သည်။

'အရီးလေးတို့၊ တိုးတို့ကော'

'အမေက မိုးညှင်းမှာ ဥပုသ်ရက်ရှည် သွားစောင့်နေတယ်၊ တိုးကတော့ သာစည်လမ်းဘက်က သူငယ်ချင်းတစ်ယောက်ဆီတဲ့၊ ထွက်သွားလေရဲ့၊ အစ်ကိုကော ဘယ်လိုစိတ်ကူးရလဲ အရောင်းအဝယ် ဆက်လုပ်မလား'

အေးမ၏ မေးခွန်းက အရေးကြီးသည်။ ဟုတ်သည်။ သည်မေးခွန်းသည် သူတို့နှစ်ယောက်၏ ဘဝတွင် အရေးကြီးသည့် မေးခွန်းဖြစ်သည်။ သူတို့နှစ်ယောက်သည် အသက်နှစ်ဆယ်ကျော်ကြပြီ၊ တစ်ယောက်သဘောကို တစ်ယောက်က သိသင့်သလောက် သိခဲ့ကြပြီ၊ တစ်ယောက်၏ ရင်ကို တစ်ယောက် ဖွင့်ပြခဲ့ကြပြီးပြီ။

သူတို့နှစ်ယောက်သည် ချစ်ရေး လွမ်းရေးအကြောင်း ပြောချင်ခဲ့ကြသည်။ ပြောလည်းပြောခဲ့ကြသည်။ သို့ရာတွင် ချစ်ရေးလွမ်းရေးအကြောင်းကို ပြောလျှင် သည်တစ်ခုတည်းဖြင့် ကိစ္စမပြီး၊ ဝမ်းရေးအကြောင်းသည် ယှဉ်လျက်ပါလာသည်။

www.burmeseclassic.com


လွမ်းကြ ချစ်ကြသည်က ဟုတ်ပါပြီ၊ သို့ရာတွင် လွမ်းကြောင်း ချစ်ကြောင်း ပြောပြီးတော့ကော၊ ဘာပြောရမည်နည်း။ အချစ်သည် နှလုံးသား၏ ကိစ္စဖြစ်သည်မှာ မှန်သည်။ သို့ရာတွင် နှလုံးသားကိစ္စ ခိုင်မြဲစေရန်မှာ နှလုံးသားတစ်ခုတည်းနှင့် မပြီးတော့၊ ဦးနှောက်ပါလာရသည်။

သည်အချက်ကို သူတို့နှစ်ယောက်စလုံး နားလည်ကြသည်။ စဉ်းစားဉာဏ်ဖြင့် သိရှိနားလည်ကြခြင်းမဟုတ်၊ ဘဝဖြင့် ခံစားသိရှိလာခဲ့ခြင်းသာ ဖြစ်သည်။

သို့ရာတွင် သူတို့နှစ်ယောက်စလုံး ရှေ့ရေးကို မပြောကြ၊ သည်အချိန်တွင် ရှေ့ရေးကို တိုင်ပင်နေခြင်းသည် ရေတွင် အရုပ်ရေးသလိုသာ ဖြစ်လိမ့်မည်။ ဤသည်ကို သူတို့နှစ်ယောက်စလုံး နားလည်ကြသည်။ ကိုမြင့်က သည်အချက်ကို အလေးအနက်ထားသည်။ သူ့တွင် အလုပ်အကိုင်မရှိ၊ အရင်းအနှီးမရှိ၊ ကျောထောက်နောက်ခံလည်း မရှိ၊ သည်အခြေအနေမျိုးတွင် ရှေ့နေရေးထိုင်ရေးကို မပြောချင်၊ အေးမက မုံရွာလို မြို့ကြီးတစ်မြို့တွင် အခြေတကျနေနိုင်ပြီ။ သူက ဘုန်းကြီးကျောင်းတွင် ကပ်နေရသည့် ဘဝ၊ သည်လို ဘဝမျိုးမှာ နေ၍ အတူနေရန်များ ပြောလျှင် အထင်သေးမည် မုချ။ အေးမက အထင်မသေးသည့်တိုင် သူ့အမေက အထင်သေးမည်မှာ သေချာသည်။ ထို့ကြောင့် ကိုမြင့်ဘက်က သည်စကားကို မပြောချင်သေး၊ ယခု အေးမက အလုပ်အကိုင်အကြောင်းကို စပြောနေပြီ။

ကိုမြင့် မည်သို့ ဖြေရမည် မသိ၊ ငိုင်နေသည်။

'တကယ်တော့ ဦးကျင်စိန်အတွက် အစ်ကိုတို့ ဒုက္ခရောက်ခဲ့ရတာ၊ သူက ထောက်ပံ့ဖို့ ကောင်းတာပေါ့၊ သူ့အစား အစ်ကိုတို့က ထောင်ကျခံခဲ့ ရတာပဲ၊ အစ်ကိုက ငွေလေးဘာလေး မတောင်းဘူးလား'

'မတောင်းပါဘူး၊ အစ်ကိုက ဦးကျင်စိန်ကို မြင်လဲ မမြင်ဖူးဘူး၊ တိုက်ရိုက်လဲ ဆက်သွယ်ရတာ မဟုတ်ဘူး၊ သူငယ်ချင်းတစ်ယောက်က တစ်ဆင့်ဆက်ရတာ အဲဒီသူငယ်ချင်းကလဲ သူနဲ့တိုက်ရိုက် အဆက်အသွယ် မဟုတ်ဘူး၊ သူ့ လူတစ်ယောက်နဲ့ အဆက်ရတာ'

အေးမက ဦးကျင်စိန် လောဘကြီးကြောင်း၊ ဦးကျင်စိန် ကောက်ကျစ်စဉ်းလဲကြောင်းတို့ကို ဇာတ်စုံခင်းပြသည်။ ကိုမြင့်သည်စကားမျိုးတွေကို နားမထောင်ချင်၊ မချစ်မေ ပြောသလို အေးမသည် နေလင်းအောင် ကိုယ်စားလှယ်လော၊ သူ့စကားများကို ထောက်လျှင် မှန်နိုင်သည်ဟု ကိုမြင့် ယူဆသည်။

သည်အကြောင်းတွေကို သူမပြောချင်၊ မကြားချင်။

www.burmeseclassic.com


'သူတို့အကြောင်းထက် အစ်ကိုတို့အကြောင်းကို ပြောတာကပိုပြီး အဓိပ္ပာယ်ရှိပါတယ်'

အေးမက သူ့ကို နားမလည်နိုင်သလို ဖျတ်ကနဲ လှမ်းကြည့်သည်။

'အစ်ကိုတို့အကြောင်းဆိုတာ ဘာကို ပြောတာလဲ အစ်ကို'

'အစ်ကိုတို့ရဲ့ နေရေးထိုင်ရေးပေါ့၊ အစ်ကိုဒီလို ကြာကြာ မနေချင်ဘူး၊ ဒီလို ကြာကြာနေရင် အစ်ကို တစ်ခုခု လုပ်မိမယ်၊ အေးမလဲ ဒီလို ကြာကြာ မနေစေချင်ဘူး၊ တစ်ခုခု ဖြစ်လိမ့်မယ်'

'ဘာတစ်ခုခု ဖြစ်ရမှာလဲ၊ အေးမကို အစ်ကိုမယုံဘူးလား'

အေးမက မျက်မှောင်ကုတ်၍ မေးသည်။

'ယုံတာ မယုံတာနဲ့ မဆိုင်ဘူး၊ ရှောင်နိုင်တာ မရှောင်နိုင်တာနဲ့ဆိုင်တယ်'

ကိုမြင့်က တစ်လုံးချင်း အလေးအနက် ပြောသည်။ အေးမက ကိုမြင့်ကို လှမ်းကြည့်သည်။ ကိုမြင့် မျက်လုံးများက သူ့ကို စိုက်ကြည့်နေသည်။ သူ့ကို စိတ်မချသည့်အကြည့်။

'ဘာကို မရှောင်နိုင်ရမှာလဲ၊ အေးမ ဒီအလုပ်လုပ်တာ ကြာပါပြီ။ မကြောက်ပါဘူး၊ လုပ်ရဲရင် ခံရဲရမယ်၊ ဘာလဲ အစ်ကိုက အေးမဟာ မော်ဒယ်မလေး တစ်ယောက်ဖြစ်လို့ ပျက်စီးသွားမှာ စိုးရိမ်သလား၊ အေးမ ဒီလောက်တော့လဲ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းတတ်ပါတယ်၊ အေးမကို ဒီလောက် အထင် မသေးပါနဲ့'

အေးမ လေသံက တင်းမာနေသည်။ အေးမသည် သူ့ကိုယ်သူ ယုံကြည်စိတ်ချသည်။ ခက်သည်က မော်ဒယ်အရောင်းအဝယ်လုပ်သည့် မိန်းကလေးရွှယ်ရွှယ်ဆိုလျှင် လူတွေက အထင်သေးချင်သည်။ သက်ာမကင်းသော မျက်လုံးများဖြင့် ကြည့်တတ်ကြသည်။ သည်အထဲတွင် ကိုမြင့်လည်း ပါသည်ဟု အေးမ ထင်သည်။

မော်ဒယ်လုပ်သည့် မိန်းကလေးရွှယ်ရွှယ်တိုင်း ပျက်စီးရမည်လော၊ ဤသည်ကို အေးမ မခံနိုင်။

မော်ဒယ်လုပ်သည့် မိန်းကလေးရွှယ်ရွှယ်တွေ မပျက်စီးဟု အေးမ မဆို၊ ပျက်စီးသွားကြသူတွေကို သူ မြင်ခဲ့ဖူးပြီ၊ သူ့ရှေ့တွင် မစန်းရင်တစ်ယောက် သင်ခန်းစာကောင်းကောင်း ပြသွားပြီ၊ မစန်းရင်သာ မဟုတ်၊ အချို့ အချို့သော မိန်းကလေးရွှယ်ရွှယ်တို့ ပျက်စီးသွားသည်ကိုလည်း အေးမ မြင်ခဲ့ဖူးပြီ၊ မုံရွာ–

www.burmeseclassic.com


ကလေး၀ လမ်းတွင် လည်းကောင်း၊ ကလေး၀– တမူးလမ်းတွင် လည်းကောင်း ပေါင်းစုံတွင် တွေ့ခဲ့ဖူးပြီ၊ သို့ရာတွင် သူတို့ ပျက်စီးတိုင်း သူပျက်စီးရမည်လော။

မှောင်ခိုအရောင်းအ၀ယ်လုပ်ခဲ့သည့် သက်တမ်းတစ်လျှောက်တွင် သူ့ကို ထိကပါး ရိကပါး လုပ်ခဲ့သူတွေကို အေးမတွေ့ခဲ့လုပြီ။ သည်အထဲတွင် ရွှေ၀င်း တို့လို မှောင်ခိုကုန်သည် အချင်းချင်းတွေထဲကလည်း ပါသည်။ ကားသမားတွေ လည်း ပါသည်။ အစိုးရအမှုထမ်းတွေလည်း ပါသည်။ တော်ရုံတန်ရုံ ထိကပါး ရိကပါး လုပ်ခြင်းကိုတော့ အေးမ သည်းခံသည်။ သည်ခေတ်က သည်အလုပ်မျိုး ကို လုပ်လျှင် သည်လောက်တော့ တွေ့ရမည်။ သို့ရာတွင် ထိုထက်လွန်ကဲလာ လျှင်မူ အေးမ နည်းနည်းမျှ သည်းမခံ။ ယုဇလယ်စခန်းတွင် ပါးစပ်သရမ်းခဲ့သည့် ရွှေ၀င်းကို အေးမ ပါးရိုက်ခဲ့ဖူးပြီ။

'အေးမကို အစ်ကိုက အထင်သေးလို့ ပြောတာ မဟုတ်ပါဘူး။ အေးမ ဟာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်တဲ့ မိန်းကလေးတစ်ယောက်ဆိုတာ အစ်ကို ယုံပါတယ်။ ဒါပေမယ့် မှောင်ခိုလောကဆိုတာ နိုင်ရာစားလောက။ အားကြီး သူက အားနည်းသူကိုစား၊ အရင်းအနှီးကြီးသူက အရင်းအနှီးနည်းသူကို ၀ါးမျိုး နေတဲ့ လောကကြီး မဟုတ်လား။ ဒီတော့ အစ်ကိုစိတ်မချဘူး။ တော်တော်ကြာ မသမာသူနဲ့ တွေ့မှဖြင့်

အေးမ ကိုမြင့်ကိုကြည့်၍ ရယ်သည်။ ကိုမြင့်က အစိုးရိမ်ကြီးသည်ဟု အေးမထင်သည်။

'အေးမအတွက် ဒီလောက် မစိုးရိမ်ပါနဲ့၊ အေးမမှာ ဓားမြှောင်တစ်ချောင်း အမြဲတမ်းပါတယ်။ အေးမကို လာပြီး ထိကပါး ရိကပါး လုပ်ရဲတဲ့လူ လုပ်ကြည့် စမ်း။ ဓားနဲ့ထိုးပစ်လိုက်မှာပဲ။ ဒီလိုလုပ်လို့တော့ ဘာရမလဲ'

အေးမက ဓားမြှောင်ဖြင့် တွက်ဟန်လုပ်ပြသည်။ မာန်ဖီနေသည့် ကျား သစ်မလေးတစ်ကောင်နှင့် တူနေသည်။

'အစ်ကိုကတော့ စိတ်ပူတယ်။ အစ်ကိုဒီအတိုင်း ကြာကြာနေလို့ မဖြစ် ဘူး။ ဒီအတိုင်း ကြာကြာနေရင် အစ်ကိုထင်ရာတွေ လျှောက်လုပ်လိမ့်မယ်။ အစ်ကို့ရှေ့မှာ လူငယ်တွေဟာ ပျက်စီးသွားကြတယ်။ ပညာစကောစကနဲ့ ပျက်စီး သွားတဲ့ လူငယ်တွေ၊ ပညာတတ်ပြီး လေလွင့်ပျက်စီးသွားတဲ့ လူငယ်တွေအများ ကြီး အစ်ကိုတွေ့ဖူးတယ်။ စား၀တ်နေရေးက ကျပ်တည်း၊ အလုပ်ကလဲ အလွယ် တကူ ရှာမရတဲ့ အခါကျတော့ ဒီလူငယ်တွေဟာ လေလွင့်ပျက်စီးသွားကြရတယ်။ စား၀တ်နေရေး ကျပ်တည်းလာတဲ့ အခါကျတော့ ဘာကိုမှ မစဉ်းစားနိုင်တော့

**အမေ့ဥယျာဉ်စာအုပ်တိုက်**

www.burmeseclassic.com


ဘူး။ လုပ်မိလုပ်ရာ လုပ်လာကြတယ်။ မိန်းကလေးတွေကျတော့ ပိုဆိုးတယ်။ သူတို့ကျတော့ ပျက်စီးပြီး လမ်းမပေါ် ရောက်သွားကြရတယ်။ စားဝတ်နေရေး ချောင်လည်အောင်ဆိုပြီး လုပ်ရင်းကိုင်ရင်းနဲ့ စုံးစုံးမြုပ်သွားကြရတယ်'

အေးမက ကိုမြင့်ကို ကြည့်သည်။ ကိုမြင့်က စိတ်ပါလက်ပါ ပြောနေသည်။ သူ့မျက်နှာသည် ခံစားချက်ကြောင့် ရှုံ့မဲ့နေသည်။

'အစ်ကိုဟာ အစတုန်းက မော်ဒယ်မလုပ်ခဲ့ဘူး။ မော်ဒယ်သမားဆိုရင် အထင်သေးချင်တယ်။ ယောကျ်ားလေးဆိုရင်လဲ ကောင်းရောင်းကောင်းဝယ် ပင်ပင်ပန်းပန်း လုပ်ကိုင်မစားချင်လို့ အလွယ်လမ်းလိုက်တယ်လို့ ထင်ခဲ့တယ်။ မိန်းကလေးဆိုရင်လဲ ဝတ်ချင်စားချင်လို့ လုပ်ကြတာလို့ ထင်ခဲ့တယ်။ အပေါ်ယံ ကြည့်ရင်တော့ ဟုတ်တယ်။ ဒါပေမယ့် ကိုယ်တိုင် မော်ဒယ်သမားတွေနဲ့ အတူနေပြီး ကိုယ်တိုင်ဝင်လုပ်ကြည့်တဲ့ အခါကျတော့ အစ်ကိုသိလာတယ်။ မော်ဒယ်လုပ်တာဟာ ပန်းခင်းတဲ့လမ်းကိုလျှောက်ရသလို သက်သက်သာသာ လုပ်ရတာမျိုး မဟုတ်ဘူး။ ပင်ပန်းတယ်။ အဖမ်းအဆီးခံရမဲ့ အန္တရာယ် အမြဲတမ်းရှိနေတယ်။ ပစ္စည်းအသိမ်းခံရမလားလို့ ရင်တထိတ်ထိတ် ဖြစ်နေရတယ်။ တစ်ခါတလေမှာ ဘဝ တစ်ခုလုံးနဲ့ အသက်တစ်ချောင်း စွန့်လွှတ်ရတဲ့အခါမျိုးတွေလဲ ရှိတတ်တယ် ဆိုတာ အစ်ကိုတွေ့လာရတယ်။ ဒီတော့ အစ်ကိုမော်ဒယ်သမားကို အထင်မသေးချင်တော့ဘူး။ အထင်မသေးရက်တော့ဘူး။ အမြတ်ရရင်၊ ငွေရရင် စက်တိုင်တက်ရစေတော့ဆိုတဲ့ ငွေလုံးငွေရင်းနဲ့ လုပ်နေတဲ့ ကုန်သည်ကြီးတွေက လွဲရင် မော်ဒယ်သမားအများထုဟာ ဝိသမလောဘစိတ်ဝင်နေတဲ့ ဘီလူးသဘက်တွေ မဟုတ်ဘူး။ ဒုက္ခသည်တွေဆိုတာ အစ်ကိုတွေ့လာရတယ်'

'ဒါဖြင့် အစ်ကိုက မော်ဒယ်လုပ်ငန်းကို ထောက်ခံနေတာပေါ့'

ကိုမြင့်က ခေါင်းကို ရမ်းသည်။

'ဟင့်အင်း။ မထောက်ခံပါဘူး။ အစ်ကိုဟာ မော်ဒယ်လုပ်ငန်းကို ကောင်းတယ်မှန်တယ်လို့ အခုလဲ မယုံကြည်ဘူး၊ ဘယ်တုန်းကမှလဲ မယုံကြည်ခဲ့ဘူး။ ဒါပေမယ့် ထမင်းတစ်လုတ် မှန်မှန်စားဖို့ မရှိမဲ့ ရှိမဲ့လုပ်နေရတဲ့ မော်ဒယ်သမားလေးတွေကိုတော့ အစ်ကို ကိုယ်ချင်းစာတယ်။ အစတုန်းက မော်ဒယ်သမား အများစုဟာ လူကောင်းတွေပါ။ ဒါပေမယ့် ဒီလောကထဲ ရောက်သွားတော့ တဖြည်းဖြည်း အကြင်နာတရားတွေ ခေါင်းပါးလာကြတယ်။ ကရုဏာ တရားတွေ ကင်းလာကြတယ်။ မလစ်နဲ့ လစ်ရင် လည်လှီးမယ်ဆိုတဲ့ စိတ်ထားမျိုး ဝင်လာကြတယ်။ အတ္တကြီးလာကြတယ်။ နဂိုက နုနယ်တဲ့ နှလုံးသားတွေဟာ

www.burmeseclassic.com



တဖြည်းဖြည်းနဲ့ ကျီးပေါင်းတက်ပြီး မာကျောလာကြတယ်။ ဒီလိုနဲ့ လူတွေဟာ တရားပျက်လာကြတယ်။ ဒါပေမယ့် လူတွေရဲ့ အကျင့်စာရိတ္တကို ပြန်ထူတောင်ဖို့ကတော့ မျိုးဆက်တစ်ဆက်လောက် ကြာလိမ့်မယ်။ အစ်ကိုလဲ ဒီလို ကြာကြာမနေချင်တော့ဘူး။ အလုပ်ရှာတော့လဲ အလုပ်က အဆင်မပြေ။ မှောင်ခိုလုပ်တော့လဲ လူအဖမ်းခံရ ပစ္စည်း အသိမ်းခံရဆိုတော့ အစ်ကို့မှာ ဘာလုပ်စရာ ကျန်တော့လို့လဲ။ အစ်ကို့နှလုံးသားထဲ ကျီးပေါင်းတက်ချင်လာပြီ၊ ထွက်ပေါက်မရှိတော့ မွန်းကျပ်နေပြီ'

ကိုမြင့်က သက်ပြင်းချပြီး ဆေးပြင်းလိပ်ကို ဖွာသည်။ ဆေးပြင်းလိပ်က မီးမရှိတော့။ အေးမက ခပ်ငေးငေးဖြင့် သူ့ကို ကြည့်နေသည်။

'အစ်ကိုပြောတာတွေလဲ ဟုတ်သလောက် ဟုတ်ပါတယ်လေ။ ဒါပေမယ့် အေးမတော့ ဒါတွေကို သိပ်မစဉ်းစားဘူး။ စဉ်းစားရတာ ခေါင်းခြောက်တယ်။ အချိန်ကုန်တယ်၊ ခက်တာက ခုခေတ်ကြီးမှာ လုပ်စရာရှိရင် မြန်မြန်လုပ်မှ ဖြစ်တာ။ စဉ်းစားချိန်မရဘူး။ စဉ်းစားရင် ကိုယ်က နောက်ကျ ကျန်ရစ်ခဲ့တယ်။ အစ်ကိုကော ဒီမှာ ဘယ်လောက် ကြာကြာနေဦးမလဲ။ သစ်ချောက်မိုင်းကို ပြန်ဦးမှာလား၊ အရောင်းအဝယ် လုပ်ဦးမှာလား'

'သစ်ချောက်မိုင်းကို ပြန်လို့မရသေးပါဘူး။ သစ်ချောက်မိုင်းမှာ အလုပ်မှ မရှိဘဲ ပြန်လို့ ဘယ်ဖြစ်မလဲ'

'ဒါဖြင့် အေးမနဲ့အတူတူ အလုပ်လုပ်ပေါ့။ ရေ့လထဲမှာ အေးမ ကျိုင်းတုံဘက်ကို သွားဖြစ်လိမ့်မယ်။ လိုက်ခဲ့ပါလား'

'အေးမ တစ်ယောက်တည်းလား'

'မမချစ်မေကတော့ လိုက်ချင်တယ်ပြောတာပဲ၊ သိပ်တော့ မသေချာသေးဘူး၊ သူ မလိုက်လဲ ကိစ္စမရှိပါဘူး၊ မန္တလေးရောက်ရင် အဖော်တွေ တွေ့မှာပေါ့'

'အလုပ်က ကိုယ်ပိုင်လား၊ သူများဟာလား'

အေးမက သူ့ကို ခပ်တွေတွေ ကြည့်နေသည်။

'တောင်ကြီးလို၊ ကျိုင်းတုံလို လမ်းမျိုးမှာ အေးမရဲ့ ကိုယ်ပိုင် အရင်းအနှီးနဲ့ ဘယ်လုပ်နိုင်ပါ့မလဲ အစ်ကိုရယ်၊ သောင်းချီလုပ်ရတဲ့ အလုပ်မျိုးကို အေးမ ဘယ်တတ်နိုင်ပါ့မလဲ၊ သူများရဲ့ အလုပ်ပေါ့'

အေးမ အသံက ညည်းသံပေါက်နေသည်။ မျက်နှာကလည်း စိတ်ရှုပ်သည့် အမူအရာ၊ သူများအရင်းအနှီးပင် ဖြစ်ရမည်ဟု ကိုမြင့် တွေးသည်။

www.burmeseclassic.com


'တော်ပြီ အစ်ကိုရယ်၊ ဒီတစ်ခေါက်ပြီးရင် သူများအရင်းအနှီးနဲ့ မလုပ်တော့ဘူး၊ ဒီတစ်ခေါက် နောက်ဆုံးပဲ၊ နောက်ဆိုရင် ကိုယ့်အရင်းအနှီးနဲ့ကိုယ် လုပ်တော့မယ်၊ သူများ အရင်းအနှီးနဲ့ လုပ်ရတာ အေးမ စိတ်မသန့်ဘူး၊ ပြီးတော့ သိပ်ပြီး မျက်နှာ နာရတယ်၊ အေးမ သူများကို မမှီခိုချင်ဘူး၊ ကိုယ့်ခြေထောက်ပေါ်မှာပဲ ကိုယ်ရပ်ချင်တယ်'

သူများ အရင်းအနှီး ဆိုသည်မှာ မည်သူ့ အရင်းအနှီးကို ဆိုသနည်း။ သူထင်ခဲ့သလို မချစ်မပြောသလို နေလင်းအောင်၏ အရင်းအနှီးလော၊ ဦးမြတ်မင်းတို့၏ အရင်းအနှီးလော၊ အေးမသည် သူ့အဖေ ဗိုလ်ချစ်ဖုန်းနှင့် ဦးမြမင်းတို့၏ နောက်ခံရာဇဝင်ကို သိမှ သိပါလေမည်လော မဆိုနိုင်။

'သူများ အရင်းအနှီးနဲ့ လုပ်တော့ ခိုင်ကြေးနဲ့လား'

'ဒါပေါ့၊ အမြတ်တစ်ရာကို ငါးကျပ်၊ ရှုံးရင် မရဘူး၊ မိရင်လဲ အဖမ်းခံရမယ်၊ အဖမ်းခံရရင်တော့ ကျန်ရစ်သူကို နည်းနည်းပါးပါး ထောက်ပံ့ကြေးပေးတယ်၊ အစ်ကိုတို့ကော ထောက်ပံ့ကြေးတို့ ဘာတို့ မရဘူးလား'

ကိုမြင့်က ခေါင်းရမ်းပြသည်။

'လူတွေက မကောင်းပါဘူး အစ်ကိုရယ်၊ ပစ္စည်းမိလို့ ခံစရာရှိပြီဆိုရင် အေးမတို့က ခံရတယ်၊ စံစရာရှိတော့ သူတို့က ရှေ့က စံကြတယ်၊ အမြတ်ကြီးကြီးကို သူတို့၊ အေးမတို့က အရိုးအရင်းလောက် စားရတာပါ၊ အောက်ကလူကသာ ကြိတ်မှိတ်ခံသွားရတာ၊ ကျန်ရစ်ခဲ့တဲ့ လူကျတော့ တစ်ပြားတစ်ချပ်တောင် မပေးဘူး၊ ဘယ်ကောင်းမလဲနော် အစ်ကို'

''ဒါပေါ့၊ ဘယ်ကောင်းမလဲ'

'အေးမလဲ သူများ အရင်းအနှီးကို လက်ဝေခံပြီး မလုပ်ချင်တော့ဘူး အစ်ကို၊ ခု ဒီအိမ် ကြွေးလေးကျေရင် တော်ပါပြီ၊ ဒီအိမ်ကို သူဌေးက ငွေစိုက်ဝယ်ပေးတယ်၊ အေးမက အရစ်ကျ ပြန်ဆပ်ရတယ်၊ ဒီတစ်ခေါက်သွားရင်တော့ အိမ်ဖိုးကျေမယ် ထင်တာပဲ၊ အိမ်ဖိုးလေးကျေရင်တော့ အေးမ သူများ အရင်းအနှီးနဲ့ မလုပ်တော့ဘူး၊ အမေလဲ မျက်လုံးခွဲပြီးပြီ၊ တိုးမလဲ နောက်တစ်နှစ်ဆိုရင် ဘွဲ့ရတော့မယ်၊ အေးမ သူတို့အတွက် လုပ်ပေးခဲ့ပြီးပြီ၊ ဒီတစ်ခါ အေးမ လုပ်ချင်ရာ လုပ်ရဦးမယ်၊ ကိုယ့်အတွက် လုပ်ရဦးမယ်နော် အစ်ကို'

ကိုမြင့်က အေးမကို ဖျတ်ကနဲ လှမ်းကြည့်သည်။ အေးမမျက်နှာက ပြုံးရယ်ခြင်း မရှိ၊ လေးနက်နေသည်။

'အေးမအတွက်ဆိုတာ ဘာကို ပြောတာလဲ'

www.burmeseclassic.com



'သြော် အစ်ကိုရယ်၊ အေးမအတွက်ဆိုတော့ အစ်ကို့အတွက်ပဲပေါ့၊ အစ်ကိုနဲ့ အေးမတို့ ချစ်လာကြတာ သုံးနှစ်သုံးမိုးရှိပြီ၊ ဒီအတွင်းမှာ အစ်ကိုနဲ့ အေးမတို့ ချစ်သူလိုများ နေခဲ့ရလို့လား၊ အေးမကလဲ အေးမ အလုပ်နဲ့၊ အစ်ကိုက လဲ အစ်ကို့အလုပ်နဲ့အစ်ကို'

ကိုမြင့် မျက်နှာတွင် အထူးတလည် ဝမ်းသာသည့် အရိပ်အရောင်မရှိ၊ အလေးအနက် စဉ်းစားဟန်၊ မျက်မှောင်နှစ်ခုက တွန့်သွားသည်။

'အစ်ကိုက ယောင်ခြောက်ဆယ်သမား၊ ကိုယ့်ထမင်း တစ်လုတ်တောင်မှ အနိုင်နိုင် ရှာစားနေရတဲ့ ဘဝ'

ကိုမြင့်က တစ်ယောက်တည်း ညည်းသလို၊ အသံထွက်ညည်းသည်။

'အစ်ကို အလုပ်မရလဲ အရေးမကြီးပါဘူး၊ ကုန်ခြောက်တန်းမှာ ဆိုင်လေး တစ်ဆိုင် ဝယ်မယ်၊ မချစ်မေတို့ ဆိုင်နားမှာ ဆိုင်လေးတစ်ဆိုင် မြင်ထားတယ်၊ အလွန်ဆုံး ပေးရရင် လေးငါးထောင်ပေါ့၊အေးမ ဈေးရောင်းကျွေးမှာပေါ့။ အစ်ကို က အေးမကို ကူပေါ့'

'ဒါဖြင့် မှောင်ခို မလုပ်တော့ဘူးပေါ့'

'ကြံကြီးစည်ရာ အစ်ကိုရယ်၊ မှောင်ခိုအလုပ်ကို မလုပ်ဘဲ နေလို့တော့ ဘယ်ရမလဲ၊ ကိုယ့်အရင်းအနှီးနဲ့ကျတော့လဲ မှောင်ခိုလုပ်မှာပဲ၊ မှောင်ခိုမလုပ်ရင် ဘာနဲ့ သွားစားမလဲ။ ခုလိုလုပ်လို့ ခုအခြေအနေ ရောက်လာတာပေါ့၊ သူများ အရင်းအနှီးနဲ့ လုပ်တာနဲ့စာရင် တော်တယ်လို့ အောက်မေ့ရမှာပဲ'

သည်တုန်း အိမ်ရှေ့တွင် ကားရပ်သံကြားသဖြင့် နှစ်ယောက်သား လှည့် ကြည့်မိကြသည်။ မော်တော်ကားက ဂျစ်ကား၊ အနီရဲရဲ၊ နေလင်းအောင်၏ ဂျစ်ကားနှင့် တူသည်။

'ဧည့်သည်လာတယ် ထင်တယ်'

အေးမ မျက်နှာတစ်ချက် ပျက်သွားသည်။ သို့ရာတွင် ချက်ချင်း ဣန္ဒြေ ဆယ်သည်။

'အေးမတို့ သူဌေးလေ၊ သူ့ယောက္ခမကလဲ သူဌေး၊ သူကလဲ သူဌေး၊ ကိုနေလင်းအောင်တဲ့၊ အစ်ကို ခဏထိုင်ဦးနော်'

'ဟင့်အင်း၊ အစ်ကိုပြန်မယ်'

ကိုမြင့် ထိုင်ရာမှထသည်။ ပြန်မှ ကောင်းမည်။ နေလင်းအောင်နှင့် မျက်နှာချင်း မဆိုင်သည်က ကောင်းလိမ့်မည်။

www.burmeseclassic.com



နေလင်းအောင်က မော်တော်ကား သော့ကွင်းကို လက်ညှိုးတွင်တပ်၍ လှည့်ရင်း အိမ်ထဲသို့ ဝင်လာသည်။ နိုင်လွန်စပို့ရှပ် ခပ်ကြပ်ကြပ်၊ အရောင်က နီနီရဲရဲ၊ ဘောင်းဘီက ခေါင်းလောင်းဘောင်းဘီပွ၊ တက်ထရက် အညိုရောင်၊ ဖိနပ်က ဦးချွန်၊ မျက်မှန်အနက် အဝိုင်းကြီးကြီး၊ ခေတ်ဝတ်စားဆင်ယင်ပုံ အပြည့်ဖြင့်။

ကိုမြင့်နှင့် လှေကားတက်တွင် ဆုံမိကြသည်။ တစ်ခါက တံတားကျဉ်းကျဉ်းပေါ်တွင် ဆုံခဲ့ကြသည်။ ယခု လှေကားကျဉ်းကျဉ်းပေါ်တွင် ဆုံမိကြပြန်ပြီ။

သည်တစ်ခါတော့ နေလင်းအောင်က ရှောင်ပေးသည်။ သူ့ကိုမြင်သည်၌ နေလင်းအောင် အံ့အားသင့်သွားပုံရသည်။ စောစောက သူ့မျက်နှာသည် ရွှင်လန်းနေသည်။ မည်းမှောင်ကျဉ်းမြောင်းသော အခန်းကလေး တစ်ခန်းထဲမှ အပြင်သို့ လေညှင်းခံ ထွက်လာသူတစ်ဦး၏ မျက်နှာမျိုး၊ သို့ရာတွင် ကိုမြင့်ကို မြင်တော့ ရွှင်လန်းနေသော သူ့မျက်နှာသည် ရှုံ့မဲ့သွားသည်။ လေညှင်းခံ ထွက်ရာတွင် အမှိုက်ပုံကြီး တစ်ပုံကို တွေ့လိုက်ရသည့် မျက်နှာမျိုး။

ကိုမြင့်က နေလင်းအောင်ကို စိုက်ကြည့်သည်။ နေလင်းအောင် မျက်လုံး ချင်းဆိုင်ရဲဟန်မတူ၊ တခြားသို့ လွှဲသည်။

ခပ်ဝေးဝေးသို့ ရောက်သည်တွင် နေလင်းအောင်၏ ရယ်သံသဲ့သဲ့ ကြားရသည်။ တမင်လုပ်၍ ရယ်သံ၊ နှိမ့်ချလှောင်ပြောင်သည့် ရယ်သံ၊ ပမာမခန့်ပြုသည့် ရယ်သံ။

နေလင်းအောင်က သူ့ကို လှမ်းကြည့်ရင်း အေးမကို တတွတ်တွတ် ပြောကျန်ရစ်သည်။ ဘာတွေပြောနေမှန်း မသိနိုင်။

သူသည် အမှိုက်ပုံတစ်ပုံ၊ နေလင်းအောင်တို့လို လူတွေ လေညှင်းခံထွက်သည့်လမ်းတွင် အမှိုက်ပုံတစ်ပုံ။

()

www.burmeseclassic.com



မနေ့ညက တစ်ညလုံး အိပ်မပျော်။

လှေကားထစ်ပေါ်မှ နေလင်းအောင်၏ ရယ်သံသည် နားထဲက မပျောက်။ နေလင်းအောင်၏ အကြည့်သည် သူ့မျက်လုံးထဲက မပျောက်။ နေလင်းအောင်၏ နှုတ်ခမ်းတွန့်ပုံ၊ နေလင်းအောင်၏ မျက်လုံးရွှေ့ရှားပုံတို့တွင် သူ့ကို အထင်သေးဟန်ကို အထင်းသား တွေ့ရသည်။

သည်တော့ ကိုမြင့် ခံပြင်းသည်။

ဟုတ်သည်။ နေလင်းအောင်လို လူစားမျိုးဘက်က ကြည့်လျှင် သူ့ဘဝသည် အထင်သေးစရာ။ အလုပ်လက်မဲ့၊ လမ်းမပေါ်ကလူ၊ ဘုန်းကြီးကျောင်းတွင် ကပ်ရပ်နေသူ တစ်ဦး။

မုံရွာသို့ သူရောက်နေသည်မှာ တစ်လလောက်ရှိပြီ။ အလုပ်လည်းရှာမရ၊ ဘာမျှလည်း အလုပ်မဖြစ်၊ ပေါ်တော်မူကျောင်းတိုက်တွင် ရွာက ဦးပဥ္စင်းကုတင် ခြေရင်းတွင် ကျောခင်းစရာ တစ်နေရာ ရသည်။ သူ့အိတ်ထဲတွင် ပိုက်ဆံတစ်ပြားမျှ မရှိ။ ဆေးပြင်းလိပ်ပင်လျှင် ဦးပဥ္စင်းစွန့်ကြဲ၍ သောက်ရခြင်း ဖြစ်သည်။ သည်အတောအတွင်း ကိုထွန်းအောင် မကြာခဏ ပေါက်လာတတ်သည်။ ပခုက္ကူနှင့် မုံရွာကို ရက္ကန်းရက်သည့်နှယ် ခေါက်တုံ့ခေါက်ပြန် ကူးကာ ဘိန်းဖြူသယ်သည်။ သူနှင့် အတူတူလုပ်ရန် အမြဲတမ်း ဆွယ်တရားဟောသည်။ ကိုထွန်းအောင်ကို ကြည့်ရသည်မှာ တစ်ခေါက်ထက် တစ်ခေါက် သားနားလာသည်။ ပြောင်လက်လာသည်။ စီကိုဖိုက်နာရီ နောက်ဆုံးပေါ်ပုံစံ၊ ခရစ်အင်္ကျီ ထည်လဲ၊ တက်ထရက်ဘောင်းဘီ ထည်လဲ၊ လက်ဆွဲအိတ်က အကောင်းစား။

ကိုထွန်းအောင် ရောက်လာလျှင် တရုတ်ဆိုင် ခေါ်သွားကာ စားကောင်းသောက်ဖွယ်တွေ ကျွေးသည်။ အိတ်ထဲသို့ ငါးဆယ်မျိုး တစ်ရာမျိုး ပေးသွားတတ်သေးသည်။ ကိုမြင့် လက်မခံတော့ ဖွတ်အတင်းပေးသွားတတ်သည်။

www.burmeseclassic.com



အေးမကလည်း သူ့ထိတ်ထဲသို့ နှစ်ဆယ်မျိုး၊ အစိတ်မျိုးထည့်တတ်သည်။ သည် ငွေကိုလည်း သူလက်မခံ။ သူတစ်ပါးအကူအညီ ယူရခြင်းကို ရှက်သည်။

သူတစ်ပါးအကူအညီကို မယူသည်က ဟုတ်ပါပြီ။ ရှက်တတ်သည်က လည်း ဟုတ်ပါပြီ။ သို့ရာတွင် သူသည်လိုနေပုံက သဘာဝမကျ။ အလုပ်ရှာ၍ မရလျှင် အရောင်းအဝယ် တစ်ခုခုတော့ လုပ်ရမည်။ သူတစ်ပါး အကူအညီပေး သည်ကို ရှက်တတ်လျှင် ကိုယ့်ထမင်း ကိုယ်ရှာစားတတ်ရမည်။

ယခုမူ ကိုယ့်ထမင်းကိုမျှ ရှာမစားတတ်သည့် အဖြစ်မျိုး။ ရှာမစားချင် သည့် အဖြစ်မျိုး။ ဆန်မရှိဘဲ အစားကြီးသည့် အဖြစ်မျိုး။ ဝ မရှိဘဲ ဝိလုပ်ချင် သည့် အဖြစ်မျိုး။

သည်အဖြစ်မျိုးကို သူရောက်နေပြီလော။

အထိန်းသိမ်းခံရာမှ လွတ်လာပြီးနောက်၌ သူ့စိတ်သည် ညှတ်နူးနေခဲ့ သည်။ စာရိတ္တအရ သန့်စင်သူတစ်ဦးဖြစ်အောင် ကြိုးစားမည်ဟု အားခဲခဲ့သည်။ လူအများ၏ အကျိုးကို ဆောင်ရွက်နိုင်သူတစ်ဦးဖြစ်အောင် အားထုတ်မည်ဟု မျှော်မှန်းခဲ့သည်။ ကိုယ်ကျိုးကို စွန့်လွှတ်နိုင်သူတစ်ဦး ဖြစ်ရမည်ဟု ရည်ရွယ်ခဲ့ သည်။ သို့ရာတွင် သူမျှော်မှန်းသည့် အရာတို့သည် တစ်ခုမှ မဖြစ်ခဲ့။

သူဘာဖြစ်ခဲ့သနည်း။

လက်ဆွဲအိတ် တစ်လုံးဖြင့် လမ်းမတွင် လျှောက်နေရသူ၊ ခိုးခြောက် မှုဖြင့် အချုပ်ထဲတွင် ရက်တစ်ပတ် ဝင်ခဲ့ရသူ၊ တမူးလမ်းမပေါ်က မှောင်ခို အသေးစား။ အငှားလိုက်၍ မှောင်ခိုခဲ့သူ။ မှောင်ခိုမှုဖြင့် တရားရုံးတွင် စွဲချက် တင်ခံရ၍ အချုပ်ထဲတွင် တစ်လလောက် နေခဲ့ရသူ။ ဘုန်းကြီးကျောင်းတွင် ကပ်ရပ်စားနေရသူ၊ လူတကာ အထင်သေးခံခဲ့ရသူ၊ စော်ကားခံခဲ့ရသူ၊ ထမင်း ငတ်နေသူ။

သည် ဘွဲ့ထူး ဂုဏ်ထူးတွေကို နေလင်းအောင်တို့ သိကြဟန် မတူသေး။ သူတို့ သိထားသော ဘွဲ့ထူးဂုဏ်ထူး တစ်ခုလောက်မျှနှင့်ပင် ကိုမြင့်ကို သည်မျှ အထင်သေးနေကြပြီ၊ ကျွန်မ၏သား ဝိဋူဍဘ မင်းသား၏ နေရာကို သာကီဝင်တို့ နို့ဖြင့် ခုနစ်ကြိမ် ခုနစ်လီ ဆေးသည်ဟု ကြားဖူးသည်။ သည်ဘွဲ့ထူး ဂုဏ်ထူး တွေ အားလုံးကိုသာ နေလင်းအောင်တို့ သိလျှင် သူနှင့် အိမ်မိုး တစ်မိုးတည်း အောက်သို့ပင် ဝင်ကောင်းမှ ဝင်လိမ့်မည်။

အထိန်းသိမ်းခံရာမှ လွတ်လာစဉ်ကမူ မှောင်ခိုသူကို အထင်သေးခဲ့သည်။ ငတ်လျှင် ငတ်ပေစေ။ မှောင်ခို အလုပ်မျိုးကို မလုပ်။ မှောင်ခိုသမားထံမှ

www.burmeseclassic.com


အဝတ်အစားကို မည်သည့်အခါမျှ ဝယ်မဝတ်ဟု မာန်တက်ခဲ့သည်။ မောင်ခိုထံမှ ဝယ်စားရမည်ဆိုလျှင် မည်သည့် အစားအသောက်မျှ မစားဟု မာန်တင်းခဲ့သည်။ သို့ရာတွင် အပြင်ရောက်လာသည်တွင် မဝတ်ဘဲနေ၍ မရတော့။ မစားဘဲနေ၍ မရတော့။ မောင်ခိုထံမှ ဝယ်၍ ဝတ်လာရသည်။ မောင်ခိုထံမှ ဝယ်၍ စားလာရသည်။ သို့တိုင်အောင် ဤသည်မှာ မောင်ခိုကို အားပေးခြင်း မဟုတ်ဟု သူ့ကိုယ်သူ ဖြေသိမ့်သည်။ ဤသို့ဖြစ်နေရခြင်းမှာ သူတစ်ယောက်တည်းမဟုတ်။ တိုင်းပြည်နှင့် အဝှမ်းဟု သူ့ကိုယ်သူ ဖြေသည်။

နေရာအနှံ့သွားကာ အလုပ်လိုက်ရှာခဲ့သည်။ ရသည့်အလုပ်ကို လုပ်ခဲ့သည်၊ အလုပ်စုံပြီ။ သို့ရာတွင် မည်သည့်အလုပ်တွင်မျှ အမြဲတမ်းမဟုတ်၊ သည်တော့ ကိုမြင့် စိတ်ဓာတ်ကျစပြုလာသည်။ သစ်ချောက်မိုင်းက ကိုဖေခင်တို့ဆီ ရောက်တော့လည်း အလုပ်က ယာယီအလုပ်၊ လူလျှော့သည့် အထဲတွင် ပါသွားခဲ့သည်။ ကိုဖေခင်နှင့် တမူးလမ်းတွင် အရောင်းအဝယ်လုပ်ခဲ့သည်။ ပွပေါက်တိုးပြီအထင်နှင့် သူများ၏ မော်တော်ကား အင်ဂျင်များကို ချခဲ့သည်။ ပွပေါက်မတိုး၊ ထောင်ပေါက်တိုးလျက်သား ဖြစ်နေမိသည်။ ကံကောင်း၍ တစ်လလောက်ဖြင့် ကိစ္စပြီးခဲ့ခြင်း ဖြစ်သည်။

ကိုဖေခင်လည်း မရှိတော့၊ ဖိုးလုချိုဆီ ပြန်လျှင်လည်း အလုပ်မရှိဘဲ ပြန်၍မဖြစ်၊ မဝရေစာ ထမင်းတစ်လုတ်ကို နှစ်ယောက် ခွဲစားရခြင်းမျိုးသာ ဖြစ်လိမ့်မည်၊ အလုပ်မရှိဘဲ သည်ထမင်းလုတ်ကလေး တစ်လုတ်ကို နှစ်ယောက် ခွဲစား၍လည်း ရေရှည်တွင်ကျတော့ မကောင်း။

သူ့ကိုယ်သူ ပြန်ကြည့်လိုက်သည်တွင် သူသည် သန့်စင်ရေးသမား အဖြစ်မှ တစ်ထစ်ပြီး တစ်ထစ် ကျဆုံးနေသည်ကို တွေ့ရသည်၊ ပထမ မောင်ခို အသေးစား၊ နောက် လူငှားလိုက်၊ မော်တော်ကားအင်ဂျင် ချလာသည့် မောင်ခို ဂိုဏ်းဝင်။

ယခု သူ ဘာလုပ်ရဦးမည်နည်း။

ကိုထွန်းအောင်က သူနှင့်အတူ အလုပ်လုပ်ဖို့ ဆွယ်နေပြီ၊ ပြောတုန်းကတော့ မိုးလား ကဲလား၊ မောင်ခို အားမပေးဘူးလေး ဘာလေး ပြောခဲ့သည်။ မချစ်မေတို့၊ အေးမတို့၊ ကိုဖေခင်တို့ရှေ့တွင် အများမိုးခါးရေသောက်တိုင်း မသောက်နိုင်ဘူးလေး ဘာလေး ပြောခဲ့သည်၊ ထိုစဉ်က အများသည် မိုးခါးရေကို သောက်ချင်၍ သောက်နေခြင်း မဟုတ်ကြောင်းကိုသူမသိ၊ ရေချိုမရှိ၍ မိုးခါးရေသောက်နေခြင်း ဖြစ်ကြောင်းကို သူနားမလည်၊ သူကော ယခု ရေချိုကို

www.burmeseclassic.com



ရှာတွေ့ပါ၏လော၊ မိုးခါးရေကို သောက်ခဲ့ရပြီ မဟုတ်လော၊ 'အများမိုးခါးရေ သောက်လို့ သောက်ရတယ်ဆိုတဲ့ လူဟာ သတ္တိကြောင်သူရင်လဲ ဖြစ်ရမယ်၊ ကိုယ့်အပြစ်ကို ဖော့တွက်ချင်သူရင်လဲ ဖြစ်ရမယ်၊ ကျွန်တော်တော့ မသောက်နိုင်ဘူး'ဟု ကိုဖေခင်ကို တင်းမာပြတ်သားစွာ သူပြောခဲ့ဖူးသည်။

ကိုဖေခင်တို့ကသာ ဖွေယူတတ်လျှင် ယခု သူ့အဖြစ်ကို ကြည့်၍ ဝိုင်းလှောင်ကြလိမ့်မည်။ လေးလုံးထွားသူ၊ မိုးလား ကဲလား ပြောသူဟု အထင်သေး ကြလိမ့်မည်၊ သို့ရာတွင် ကိုဖေခင်တို့က ဖွေမယူ၊ သူ့လိုလူမျိုးများစွာကို တွေ့ဖူး၍ ရိုးနေဟန်တူသည်။ ကိုဖေခင်တို့မျှသာမက ကိုထွန်းအောင်ကိုလည်း သူ ဝေဖန်ခဲ့သည်၊ ပြစ်တင်ခဲ့သည်။

ယခု သူကကော။

သူ့တွင် ထွက်လမ်းမရှိ၊ ဝဋ်ဘဘာထဲရောက်နေပြီ၊ လမ်းဟူသမျှသည် သည်စခန်းသို့ ဆိုက်နေကြသည်။

မုံရွာတွင် သူတစ်လလောက်ကြာနေပြီ၊ သစ်ချောက်မိုင်းကို ပြန်စရာလည်း မမြင်၊ ရွာသို့ ပြန်စရာလည်း အကြောင်းမရှိ၊ သည်အတိုင်း ကြာကြာနေ၍ မဖြစ်၊ သည်တော့ တစ်ခုခုတော့ လုပ်ရတော့မည်၊ တစ်ခုခုဆိုသည်က အရောင်းအဝယ်၊ မှောင်ခို အရောင်းအဝယ်။

အေးမက အလုပ်လုပ်ချင်လျှင် သူအဆက်အသွယ် ရှာပေးမည်ဟု ပြောသည်။ ကိုထွန်းအောင်ကလည်း အလုပ်လုပ်လျှင် သူနှင့်အတူ လုပ်ရန်ပြောသည်။ ပြောစဉ်ကမူ နှစ်ဦးစလုံးက အမှတ်တမဲ့ ပြောခဲ့ကြခြင်း ဖြစ်သည်။ နှစ်ယောက်စလုံး၏ စေတနာကိုလည်း သူယုံသည်။ သို့ရာတွင် သူတို့နှစ်ယောက်တွင် ကျောထောက်နောက်ခံတွေ ရှိကြသည်။

ကိုထွန်းအောင်၏ နောက်တွင် ဦးကျင်စိန်။ အေးမ၏ နောက်တွင် ဦးမြမင်းနှင့် နေလင်းအောင်။

မှောင်ခိုဂိုဏ်း နှစ်ဂိုဏ်းကြားတွင် ရောက်နေသည်ကို သူ့ကိုယ်သူ အံ့သြစွာ တွေ့ရသည်။ ဝမ်းရေးအတွက် သူ တစ်ခုခု လုပ်ရတော့မည်။ သို့လုပ်ရတော့မည်ဆိုလျှင် သူ့တွင် အဆက်အသွယ်ဆို၍ ကိုထွန်းအောင်နှင့် အေးမသာ ရှိသည်။ ကိုထွန်းအောင် ဘိန်းဖြူလုပ်နေသည်မှာ သံသယရှိဖွယ်မဟုတ် သူကိုယ်တိုင်က ဖွင့်၍ ပြောပြပြီး ဖြစ်သည်။

အေးမကကော။

www.burmeseclassic.com


အေးမလည်း ဘိန်းဖြူလုပ်လိမ့်မည်ဟု သူထင်သည်။ ကြားရသည့် သတင်းများအရ အေးမသည် နေလင်းအောင် အဆက်အသွယ်ဖြစ်ဟန်ရှိသည်။ ကျိုင်းတုံ၊ တာချီလိတ်ဘက်သို့ အေးမသွားသည်ကိုထောက်လျှင် အေးမ တစ်ယောက်သည်လည်း ဘိန်းဖြူအရောင်းအဝယ် လုပ်ငန်းထဲတွင် ရောက်နေပြီလောဟု သူ သံသယကြီးစွာ ဖြစ်သည်။

လွန်ခဲ့သည့် သုံးနှစ်ကျော် လေးနှစ်နီးပါး၊ ယမားချောင်းကမ်းပါးထိပ်တွင် သူတွေ့ခဲ့စဉ်က အေးမသည် မြို့ဆန်ချင်သည့် တောသူမတစ်ယောက်၊ ကားကြဲဖြင့် ကုန်ကူးနေသည့် အသေးစား မှောင်ခိုမလေးတစ်ယောက်၊ ယခု အေးမက မုံရွာမြို့ပေါ်တွင် အိုးအိမ်အတည်တကျ နေနိုင်သည့် အေးမ။ ကျိုင်းတုံနှင့် မန္တလေးကို လေယာဉ်ပျံဖြင့် ခေါက်တုံ့ခေါက်ပြန် ကူးနေသည့် အေးမ။

ဘဝတွေ ခြားသွားကြပြီ။ သူက ကမ်းပါးထိပ်တွင် ရပ်၍ သည်ခေတ် ရေစီးကြောင်းကို ဖြတ်ကူးမည်လော၊ မဖြတ်ကူးဘဲ နေမည်လောဟု တွေဝေဆုတ်ဆိုင်းနေချိန်တွင် အေးမက ရေစီးကြောင်းကို ဖြတ်ကူးသွားပြီ။ ရေစီးကြောင်းထဲတွင် အေးမတစ်ယောက် မျောပါမည်လော၊ တစ်ဘက်ကမ်းသို့ ရောက်မည်လော။ ဤသည်ကိုမူ သူမသိ။

သည်ခေတ် ရေစီးကြောင်းကို ဖြတ်ရခြင်းသည် ယမားချောင်းကို ဖြတ်ရသည်နှယ် ရှိသည်။ ဖြတ်လျှင် မြန်မြန်ဖြတ်၊ ရဲရဲဖြတ်၊ မဖြတ်လျှင်၊ ကြံ့ကြံ့ခံ။ သို့ရာတွင် သူ မည်မျှ ကြံ့ကြံ့ခံနိုင်မည်နည်း။ ဤသည်ကိုလည်း သူမသိ။

သူလည်း သည်ခေတ် ရေစီးကြောင်းကို ကူးရတော့မည်၊ သည်ရေစီးကြောင်းကို မဖြတ်ဟု သူ တင်းခံခဲ့သည်။ ယခု သူခံနိုင်စွမ်းအား ကုန်ပြီ။ တစ်ခုခုကို လုပ်ရတော့မည်။ လူတွေသည် လူတစ်ယောက်၏ တန်ဖိုးကို အကဲဖြတ်ရာတွင် ထိုလူ၏ အတိတ်ကို မကြည့်ကြ။ ပစ္စုပ္ပန်ကိုသာ ကြည့်ကြတော့သည်ဟု သူ ထင်ခဲ့ဖူးသည်။ ယခု သည်အထင် မှန်နေပြီ။

ဦးမြမင်း၏ အတိတ်သည် နိုင်ငံရေးပြစ်မှုကြီးများ၊ ရာဇဝတ်ပြစ်မှုကြီးများဖြင့် စွန်းထင်းခဲ့သော အတိတ်ဖြစ်ခဲ့သည်။ သို့ရာတွင် ထိုအတိတ်ကို လူတွေက မေ့လိုက်ကြပြီ။ သူ့ပယောဂဖြင့် ရာဇဝတ်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့ရသူ တစ်ဦးသည် လူ့ဘောင်မှ ထွက်ပြေးခဲ့ရပြီ။ ယခု ဦးမြမင်းသည် ဂုဏ်သရေရှိသော လူကြီး လူကောင်းတစ်ယောက်၊ မြို့မျက်နှာဖုံးလူကြီးတစ်ယောက်။ ဘုရားတကာ၊ ကျောင်းတကာကြီး တစ်ယောက် ဖြစ်မြဲ ဖြစ်နေသည်။

ဘာထူးသေးသနည်း။

www.burmeseclassic.com



လူတစ်ယောက်ကို တန်ဖိုးဖြတ်ရာတွင် လူ့ကျင့်ဝတ်ကို စောင့်ထိန်းသူနှင့် မစောင့်ထိန်းသူဟု ခွဲခြားခြင်းမပြုသည့် လောက၌ လူ့ကျင့်ဝတ်ကို စောင့်ထိန်းနေခြင်းသည် ဘာအကျိုးထူးသေးသနည်း။ မထူး ဘာမျှ အကျိုးမထူး။

ကိုထွန်းအောင်နှင့် ပထမဆုံးတွေ့စဉ် သူနှင့် အတူတူလုပ်ဖို့ ကိုမြင့်ကို ဆွယ်ခဲ့ဖူးသည်။ သည်တုန်းက ကိုမြင့် ပြတ်သားစွာ ငြင်းခဲ့သည်။ နောက်အကြိမ်များ၌ ကိုမြင့် ဘာမျှ မပြောတော့။ သည်တွင် ကိုထွန်းအောင် အားတက်လာကာ ကိုမြင့်ကို ထပ်၍ တိုက်တွန်းခဲ့သည်။ ကိုမြင့်က စဉ်းစားဦးမည်ဟု ပြောခဲ့သည်။ အစဉ်းစားကြီးသော ကိုမြင့် ချက်ချင်း အဖြေမပေးနိုင်။

သူ့ရှေ့တွင် လူတော်တော်များများ သည်လမ်းကို လျှောက်သွားကြပြီ။ တချို့လည်း လျှောက်နေကြပြီ။ သူ့အဖို့ သည်တစ်လမ်းသာ ကျန်သည်။ တခြားလမ်း မရှိ။ ရေချိုရှာမရသည့် အရပ်တွင် မိုးခါးရေကိုပင် သောက်ရတော့မည်။ မတတ်နိုင်။ မှောင်ခိုအရောင်းအဝယ် လုပ်သည့်အတူ ကြုံရာကိုပင် လုပ်ရတော့မည်။ ရွေးနေ၍ မဖြစ်။

သူ့စိတ်ထဲတွင် ပဋိပက္ခ ဖြစ်နေသည်။ သူ့ရင်ထဲတွင် အကောင်းနှင့် အဆိုးသည် အားပြိုင်နေကြသည်။ နောက်ဆုံးတွင် ကိုမြင့် ဆုံးဖြတ်ချက်တစ်ခု ချသည်။ မနက်လင်းလျှင် ကိုထွန်းအောင်နှင့် တွေ့ရမည်။ အခြေအနေကို စုံစမ်းရမည်။

မိုးလင်းကာနီးမှ ကိုမြင့် အိပ်ပျော်သွားသည်။

အိပ်ရာမှနိုးတော့ တော်တော် နေမြင့်နေပြီ၊ ဦးပဉ္စင်း ချန်ထားသည့် ဆွမ်းကျန်ကို စားပြီးနောက် ဈေးကြီးဘက်သို့ ထွက်ခဲ့သည်။

ဈေးနားရောက်တော့ ကိုထွန်းအောင် ထိုင်နေကျ လက်ဖက်ရည်ဆိုင်ကို ကြည့်သည်။ ကိုထွန်းအောင်ကို မတွေ့၊ ထို့ကြောင့် အေးမတို့အိမ်ဘက်သို့သွားရန် ကျောက်ကာလမ်းဘက်သို့ ကွေ့လိုက်သည်။

တွေ့ပြန်ပြီ။

သူက ကျောက်ကာလမ်းဘက်သို့ ချိုးဝင်မည် အပြုတွင် ကျောက်ကာလမ်းမှ ကွေ့၍ မြင်းမူလမ်းဘက်သို့ ကွေ့ထွက်လာသာ နေလင်းအောင်၏ ဂျစ်ကား နီနီရဲရဲကလေးကို လှမ်းမြင်လိုက်ရသည်၊ နေလင်းအောင်က လက်ကိုင်ဘီးတွင် ထိုင်လျက်။ ရုတ်တရက်တော့ သူ့မျက်လုံးများသည် နေလင်းအောင်ဆီသို့ အလိုလို ရောက်သွားကြသည်။ နောက်မှ နေလင်းအောင်ဘေးက ထိုင်လိုက်လာသော မိန်းမပျိုတစ်ယောက်ကို လှမ်းမြင်ရသည်။

www.burmeseclassic.com



မိန်းမပျိုက အခြားသူမဟုတ်၊ အေးမ ဖြစ်သည်။

တက်ထရွန်အင်္ကျီနှင့် လုံချည်ဆင်တူ၊ ဆံပင်ဂုတ်ဝဲ၊ လှည်းဘီးမျက်မှန် အဝိုင်းကို တပ်ထားသည်။ နှစ်ယောက်စလုံးက သူ့ကို မမြင်ကြ၊ စကားလက်ဆုံကျသွားကြသည်။ ပြုံးလျက်၊ ရယ်လျက်၊ ပြီလျက်၊ ကြည်လျက်။

ကျောက်ကာလမ်းမကြီးပေါ်တွင် ကိုမြင့် ဆက်လျှောက်လာခဲ့သည်။ အိမ်တွင် အေးမတော့ ရှိမည်မဟုတ်၊ တိုးတော့ ရှိတန်ကောင်းသည်။ တိုးရှိလျှင်လည်း စကားပြောဖြစ်သည်။ သူ့တွင် တခြား ဘယ်ကိုမျှ သွားစရာမရှိ။

သူ့ရင်တွင်းက ပူလောင်လှပြီ၊ အေးမသည် နေလင်းအောင်တို့ ဘိန်းဖြူဂိုဏ်းတွင် အရေးပါသည့် အဆက်အသွယ်လော၊ အေးမသည် သည်အခြေအနေသို့ ရောက်ပြီလော၊ အေးမကို သည်အခြေအနေမျိုးထိ မရောက်စေချင်၊ သို့ရာတွင် ဤသည်မှာ သူ့ဆန္ဒသာဖြစ်သည်။ အရာကိစ္စတို့သည် သူ့စိတ်ဆန္ဒအတိုင်း ဖြစ်နေကြသည် မဟုတ်၊ သူပင်လျှင် သည်လုပ်ငန်းထဲ ရောက်လုဆဲဆဲ ဖြစ်နေသေးလျှင် အေးမလို မိန်းကလေးမျိုးသည် ဘာသားဖြင့် ထုထား၍ ခံနိုင်မည်နည်း။ သည်အထဲရောက်သည်မှာ သေချာသည်။ ဗေဒင်မေးစရာမလို။

ထို့ထက် အေးမသည် နေလင်းအောင်နှင့် ကင်းကင်းရှင်းရှင်းမှ ဟုတ်ပါ၏လော၊ သည်အချက်ကို သံသယဖြစ်ချင်လာသည်။ အေးမက သူ့အိမ်ကို ကြွေးကျေအောင် လုပ်ရဦးမည်ဟု ပြောဖူးသည်။ နေလင်းအောင်ထံမှ ယူထားခြင်းလော၊ ကြည့်ရသည်မှာ နေလင်းအောင်သည် အေးမတို့အိမ်သို့ လာနေကျဖြစ်ဟန်တူသည်။ သော့ကွင်းကို လက်ညှိုးတွင် လှည့်၍ ဝင်လာပုံကို ကြည့်ရသည်က စိတ်အေးသက်သာလာနေကျ ဖြစ်ပုံရသည်။

သူ့ခြေလှမ်းများသည် အေးမတို့ အိမ်ရှေ့တွင် အလိုလိုတန့်သွားကြသည်။ အိမ်ရှေ့သစ်ခွအုံများကို ရေလောင်းပေးနေသော တိုးက လှမ်းပြုံးခေါ်သည်။ အဝါ၊ အနီပွင့်တန်းကလေးတွေ ဖောက်ထားသည့် ကချင်လုံချည်အနက် အင်္ကျီ ဖြူဖြူကို ဝတ်ထားသည်။ အသားဝါဝါ၊ မျက်နှာကြည်ကြည်၊ မျက်လုံးရီရီ။

'ဘယ်က လာတာလဲအစ်ကို၊ မတက်တော့ဘူးလား'

တိုးက ရေဖလားကို ငုတ်တိုင်တစ်တိုင်တွင် ချိတ်ပြီး သူ့ဆီသို့ လျှောက်လာသည်။ ခြေထောက်တွင် ဘီစပတ်ခုံဖိနပ်ကြီးတစ်ရံကို စီးထားသည်။

'တိုးတို့ ဒီနှစ်နွေ ဘယ်မှ မသွားရဘူးလား'

'ဟင့်အင်း၊ မသွားရဘူး၊ အစ်ကို အိမ်ပေါ်တက်ဦးလေ'

တိုးက ရှေ့က တက်သည်။

www.burmeseclassic.com



'အေးမကော'

ကိုမြင့်က သိလျက်နှင့်မေးသည်။

'မန္တလေးသွားတယ်၊ ခပ်စောစောကပဲ သုံးလေးရက်လောက် ကြာမယ်တဲ့၊ ကိစ္စရှိလို့လား အစ်ကို'

'မရှိပါဘူး'

တိုးက သူ့အိမ်ပေါ်သို့ ခေါ်သွားသည်။

'ထိုင်လေ အစ်ကို၊ အမေတော့ ပုတီးစိပ်နေတယ်၊ ဪ အစ်ကို့ကို ပြောရဦးမယ်၊ တလောက ဆရာတော် ကြွလာတယ်'

'ဟုတ်လား'

ကိုမြင့် အံ့အားသင့်သွားသည်။ သည်ဘက်သို့ ဆရာတော်ဦးခေမာ လာမည်မထင်သဖြင့် အံ့အားသင့်ခြင်း ဖြစ်သည်။ တိုးကလည်း သတိပြုမိပုံရသည်။

'တိုးတို့အိမ်ကို ကြွလာတာ မဟုတ်ပါဘူး၊ လယ်တီကျောင်းတိုက်ကို ကြွလာတာပါ၊ ခု လယ်တီကျောင်းတိုက်ဆရာတော်ကြီးက ဆရာတော် ဦးခေမာရဲ့ ဆရာရင်းတဲ့၊ ဆရာတော်ကြီး မကျန်းမာလို့ လာဖူးတာတဲ့'

ကိုမြင့်က နံရံတွင် ချိတ်ထားသည့် တိုးတို့အမေ၏ ဓာတ်ပုံကို လှမ်းကြည့်သည်။ အေးမ၏ အမေသည် အေးမတို့ အဖေကို စိတ်နာနေသည်ဟု အေးမပြောခဲ့ဖူးသည်။

'အိမ်ကို ကြွလာသေးသလား'

'ဟင့်အင်း၊ အိမ်ကို မကြွလာဘူး၊ တိုးတို့က ဆွမ်းကျွေးပင့်တယ်၊ ဦးပဥ္စင်းက ဘယ်အိမ်ကိုမှ ဆွမ်းစားမကြွဘူးတဲ့၊ ကျောင်းက ဆွမ်းကိုပဲ စားတယ်တဲ့၊ သူ့အတွက် ဒုက္ခမရှာကြနဲ့တဲ့'

'အရီးကော လိုက်သေးသလား'

'အစက မလိုက်ဘူးလို့ ငြင်းနေတယ်၊ တိုးက ပူဆာတာနဲ့ လိုက်လာတယ်၊ ဆရာတော်ကို မြင်တော့ မျက်ရည်တွေကျနေတယ်၊ တိုးကြီးမှ ဒီတစ်ခါပဲ ဆရာတော်ကို မြင်ဖူးသေးတယ်၊ ဆရာတော်က သိပ်သံယောဇဉ် ပြတ်တယ်နော်'

'ဘာဖြစ်လို့'

'အမေ့ကိုမြင့်တော့ သိပ်ထူးခြားပုံ မရဘူး၊ ဒါပေမယ့် တိုးကိုမြင်တော့ အံ့အားသင့်သွားဟန် တူတယ်၊ အကြာကြီး ငေးကြည့်နေတယ်'

ကိုမြင့်က တိုး၏ အမူအရာကို စိုက်ကြည့်နေသည်။ လေယူလေသိမ်းကို နားစိုက်ထောင်သည်။ သူ့မျက်နှာပေါ်မှ အသားဆိုင်များ၊ ကြွက်သားများ လှုပ်ရှား

www.burmeseclassic.com



ပုံကို သတိထားမိသည်။ အနှစ် နှစ်ဆယ်ကြာမှ အဖေနှင့် ပြန်တွေ့ရသူတစ်ဦး၏ ခံစားချက်ကို ရှာကြည့်နေသည်။

ဤသည်ကို တိုးကလည်း သိလိုက်သည်။

'ကြုံလို့ပြောတာပါလေ၊ ဒါထက် အစ်ကိုကော ဘယ်တော့ပြန်မလဲ'

တိုးသည် မလုံမလဲ ဖြစ်နေပုံရသည်။ သူ့မိသားစုအကြောင်း၊ အထူး သဖြင့် သူ့အဖေအကြောင်းကို ကိုမြင့်ရှေ့တွင် ပြောမိရက်သား ဖြစ်နေသည်။ ဘဝခြားနေသည့်တိုင် မိမိက အဖေနှင့် တွေ့ရသေးသည်။ ကိုမြင့်ကမူ အဖေနှင့် မတွေ့နိုင်တော့၊ မိမိအဖေကြောင့် သူတို့သားအဖ သေကွဲကွဲခဲ့ကြရသည်။ သေကွဲ ကွဲ ကျန်ရစ်သူ သားရှေ့တွင် သည်အကြောင်းကို သွားပြောနေမိခြင်းကို အားတုံ့ အားနာ ဖြစ်သွားပုံရသည်။

ကိုမြင့်ကလည်း သည်အချက်ကို ရိပ်စားမိသည်။

'အစ်ကို ဘယ်တော့ပြန်ရမှာလဲ'

ကိုမြင့် မျက်နှာက ပြုံးနေသည်။ ရိုးသားသော တိုးကို ကြည့်၍ ပြုံးမိ ခြင်း ဖြစ်သည်။

'သစ်ချောက်မိုင်းကိုလေ၊ အဲဒီကို ပြန်ရမယ် မဟုတ်လား'

'သစ်ချောက်မိုင်းကို အစ်ကို ပြန်စရာအကြောင်းမရှိတော့ဘူးလေ၊ ဟိုမှာ အလုပ်မရှိတော့ဘူး'

'ဒါဖြင့် အစ်ကို ရွာကို ပြန်မှာလား'

'ဟင့်အင်း၊ ရွာကိုလဲ မပြန်တော့ဘူး၊ လျှောက်သွားမှာပဲ၊ ထမင်းတစ် လုတ် မစားရမချင်း လျှောက်သွားနေဦးမှာပဲ၊ ဘယ်ဆီ ဘယ်စခန်းရောက်မယ် လို့တော့ မပြောနိုင်သေးဘူး'

တိုးက သူ့ကို ကြည့်နေသည်။ ကရုဏာရိပ်သည် မျက်လုံးများထဲတွင် တဖိတ်ဖိတ် လက်နေသည်။ ကိုမြင့် လုပ်ပုံ ကိုင်ပုံကို တိုးနားမလည်၊ သူတကာ တွေ ရရာအလုပ်ကို ကောက်လုပ်နေချိန်တွင် ထမင်းအငတ်ခံ၍ အလုပ်ရွေးနေ သည့် ကိုမြင့်သည် စိတ်ဝင်စားစရာ ဖြစ်နေသည်။ သူ့လိုရွယ်တူ ယောကျ်ားလေး တွေက သစ်သစ်လွင်လွင်၊ တောက်တောက်ပပတွေ ဝတ်နေချိန်တွင် အဝတ် အစား ညှိုးနွမ်းနေသော ကိုမြင့်သည် ထူးခြားနေသယောင်ရှိသည်။ သူ့ကိုယ်တွင် တက်ထရွန် အစိမ်းရင့်ရောင် ရှပ်လက်ရှည် ခပ်နွမ်းနွမ်း၊ ယောလုံချည် ခပ်နွမ်းနွမ်း၊ နှုတ်ခမ်းမွေးများက ထိုးထိုးထောင်ထောင်၊ ဆေးပြင်းလိပ်လက်ကြား ညှပ်လျက် သူ့အသွင်က နည်းနည်းမျှ ကဗျာမဆန်၊ နည်းနည်းမျှ ပုံမလာ။

www.burmeseclassic.com



အစ်ကို့အကြောင်းက အရေးမကြီးပါဘူး၊ ဆရာတော်အကြောင်း ပြောပါဦး၊ စကားပြတ်သွားပြီ'

တိုးက နံရံကို ခပ်ငေးငေး လှမ်းကြည့်သည်။

'နောင်ကျမှ နောင်တရစေမယ့် အလုပ်မျိုးကို ဘယ်တော့မှ မလုပ်ကြနဲ့တဲ့။ အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုရင် သေသေချာချာ စဉ်းစားပြီးမှ လုပ်ကြတဲ့။ အလုပ်တစ်ခုကို လုပ်တာဟာ ကံမျိုးစေ့အသစ်ကို ကြဲတာတဲ့၊ အကုသိုလ်ကံဟောင်းဟာ အလွန် ကြောက်စရာကောင်းသတဲ့'

'ဆရာတော် ပြန်ကြွသွားပြီလား'

'နောက်တစ်နေ့ ပြန်ကြွသွားတာပဲ'

'အရီးကကော ဘာပြောသေးလဲ'

'ဘာမှမပြောဘူး။ ဆရာတော်က တရားပြတော့၊ ငုံ့ပြီး မျက်ရည်တွေသုတ်နေတယ်။ ဆရာတော်ဟာ သူ့အကုသိုလ်တွေအတွက် တော်တော် နောင်တရနေပုံပဲ အစ်ကို'

'နောင်တမရတဲ့ လူတွေလဲ ရှိပါသေးတယ်'

'ဘယ်သူတွေလဲ အစ်ကို'

'ဦးမြမင်းတို့လို လူတွေပေါ့။ ဒီလူတွေဟာ ဘယ်ဘုရားချွတ်ချွတ် ကျွတ်မှာလဲ မဟုတ်ပါဘူး။ အပေါ်ယံကြည့်ရင်တော့ ဘုရားဒကာကြီးတွေ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ၊ ညစ်ပတ်တဲ့ နှလုံးသားကို ဂုဏ်ထူးဘွဲ့ထူးတွေ၊ ငွေစက္ကူနဲ့ ဖုံးထားကြတယ်။ ခေတ်အဆက်ဆက်မှာ ကောင်းစားခဲ့ကြတယ်။ တစ်ခါတလေကျတော့ အစ်ကို စဉ်းစားမိတယ်။ သူတို့လို ပြစ်မှုတွေ ကျူးလွန်ပြီးတော့၊ သူတို့လို ဟန်မပျက်နေတာ အကောင်းဆုံးပဲလို့၊ စိတ်ချမ်းသာတာပေါ့။ မဟုတ်ဘူးလား။ နောင်တဆိုတာကလဲ အတွင်းစိတ်သဘော ရိုးဖြောင့်တဲ့ လူတွေမှာသာ ရှိတာပါ။ အတွင်းစိတ်သဘော မဖြောင့်တဲ့လူတွေမှာ နောင်တ မရှိနိုင်ဘူး။ နောင်တရစရာလဲ မလိုဘူး။ ဒါကြောင့် ဘယ်လို အလုပ်မျိုးကိုပဲဖြစ်ဖြစ် မကြောက်မလန့် လုပ်ခဲ့ကြရတာ ဖြစ်မှာပေါ့'

တိုးက ကိုမြင့်ကို အလန့်တကြား လှမ်းကြည့်လိုက်သည်။ ခါးသီးနာကြည်းသော စကားများကို ကြားလိုက်ရသဖြင့် အံ့အားသင့်သွားပုံရသည်။

'ဒီလို ဘယ်ဟုတ်မလဲ အစ်ကိုရယ်၊ လောကကြီးဟာ လူဆိုးတွေချည်း ရှိတာမှ မဟုတ်ဘဲ၊ လူကောင်းတွေလဲ အများကြီး ရှိတာပဲ။ လူဆိုးက နည်းနည်းလေးပါ။ မဟုတ်ဘူးလား အစ်ကို'

www.burmeseclassic.com



ကိုမြင့်က ပြုံးသည်။ တစ်ခါတုန်းက အေးမက လောကကိုနာကြည်းသည့် စကားများကို ဆိုခဲ့စဉ်က သူက အကောင်းအမြင်ဘက်က ပြောခဲ့ဖူးသည်။ သည်တုန်းက အေးမအမြင်က ခါးသီးသည့်အမြင်၊ မကောင်းဘက်ကိုသာ မြင်သည့်အမြင်။ ယခု သူက အေးမလို သူသည် ဘဝကို အဆိုးဘက်က မြင်တတ်သူတစ်ယောက် ဖြစ်သွားပြီလော။

ဟုတ်သည်။ သူသည် လောကကိုနာကြည်း ခါးသီးနေသူ တစ်ဦးဖြစ်မှန်း မသိ ဖြစ်နေပြီ၊ သူ့အမြင်သည် အစက သည်လောက် ခါးသီးနေမှန်းမသိ။ တိုးနှင့် နှိုင်းယှဉ်ကြည့်လိုက်တော့မှ သူ့ခါးသီးမှုသည် ပို၍ ပီပြင်ထင်ရှားလာသည်။ အစက အေးမတစ်ယောက် အဘယ်ကြောင့် ဘဝကို သည်မျှ ခါးသီးနာကြည်းခဲ့ရသနည်းဟု သူနားမလည်ခဲ့၊ နားလည်း မလည်နိုင်ခဲ့၊ ယခုမူ သူနားလည်ပြီ။ နားလည်စပြုပြီ။

အထုအထောင်း အဖိအနှိပ်ကို ခံရသူတစ်ဦးသည် ဘဝကို နာကြည်းတတ်မြဲ ဖြစ်သည်။ ခါးသီး လာတတ်မြဲ ဖြစ်သည်။ ဤသည်မှာ သဘာဝကျသည်။ သည့်အတိုင်း ဖြစ်ရမည်။

သူသည် တစ်ခါက ပထွေး၏ စော်ကားမှု၊ ဖိနှိပ်မှုကို ခံခဲ့ရသည်။ အသိုင်းအဝိုင်း၏ ဝိုင်းပယ်မှုကို ခံခဲ့ရသည်။ သည်တုန်းက သူ့စိတ်များသည် ဆတ်နေသည်။ မြင်မြင်သမျှသည် သူ့ကိုစော်ကားမည့်သူ၊ ဖိနှိပ်မည့်သူ၊ အနိုင်အထက် ပြုမည့်သူဟု သူထင်ခဲ့ဖူးသည်။ ထိလိုက်သည်နှင့် လှမ်းပေါက်ရန် မာန်သွင်းထားသည့် မြွေပွေးတစ်ကောင်၏ တုန့်ပြန်မှုမျိုး ဖြစ်သည်။

အထိန်းသိမ်းခံရာမှလွတ်တော့ မည်သည့်အတွက်ကြောင့်ဟု မဆိုနိုင်၊ သူ့စိတ်များသည် ပျော့ပျောင်းနေသည်။ လူ့ဘဝတွင် မျှော်လင့်ချက် အသစ်တွေ ထားခဲ့သည်။ သို့ရာတွင် သူစိတ်ကူးခဲ့သည့် မျှော်လင့်ချက် အသစ်တို့ကို ရှာမတွေ့၊ ငတ်ပြတ်ခြင်း၊ အစော်ကားခံရခြင်း၊ အထင်သေးခံရခြင်း၊ အဖိနှိပ်ခံရခြင်း၊ အငြင်းပယ်ခံရခြင်း၊ အလုပ်လက်မဲ့ ဖြစ်ရခြင်း စသည်တို့ကိုသာ တွေ့ခဲ့ရသည်။ သည်တွင် အတန်ကြာ ငုပ်လျှိုးနေခဲ့သော မြွေပွေးစိတ်သည် ပြန်၍ ခေါင်းပြူလာသည်။

ယခု သူ့ကို တိုးက ပြန်၍ တရားပြနေရပြီ။

ကိုမြင့်က သူ့အဖြစ်ကို သူပြန်တွေးရင်း ငိုင်နေသည်။ တိုးမျက်နှာကို ငေးကြည့်နေသည်။ မျက်လုံးများက အရည်ပျော်ကျတော့မည့်ပုံ၊ ညိုညိုရွှန်းရွှန်း၊ ပကတိ အပြစ်ကင်းနေကြသည်။ ခါးသီးနာကြည်းဖွယ်တို့ကို တွေ့ဖူး မြင်ဖူးဟန်

www.burmeseclassic.com


မတူသေး။ သူ့မျက်လုံးတွင် ဣဿာမစ္ဆရိယ၏ အရိပ်အရောင်တို့ မလွှမ်းသေး၊ မျှော်လင့်ချက်ဖြင့် တောက်ပဆဲ၊ သိလိုစိတ်ဖြင့် ဝင်းပဆဲ၊ အားမာန်ဖြင့် ရွှန်းလဲ့ဆဲ၊ အနာဂတ်ကို ယုံကြည်ခြင်းဖြင့် ပြောင်လက်ဆဲ။

ကိုမြင့်က တိုး၏ မျက်နှာနုနု၊ မျက်လုံးညိုညိုတို့ကို ငေးကြည့်နေသည်။ အေးမ၏ မျက်နှာထက် ပို၍ ပျိုနုသည်။ အေးမ၏ မျက်လုံးတွေထက် ပို၍ ညိုလဲ့သည်။ သြော် မျက်နှာနုနု၊ မျက်လုံးညိုညို၊ ဆံပင်ရွှန်းရွှန်းတို့ဖြင့် ညီမလေး တစ်ယောက်လို ချစ်ရပါသော တိုး၊ ပကတိ ရိုးသား၍ ပကတိ အပြစ်ကင်းသည့် အရွယ်။

'တိုးပြောတာ မှန်ရဲ့လားအစ်ကို၊ လောကကြီးမှာ လူကောင်းတွေက အများကြီး လူဆိုးတွေက နည်းနည်းလေးပါ မဟုတ်ဘူးလား'

'လူကောင်းအများကြီးလို့ ပြောတာထက် လူကောင်းဖြစ်ချင်တဲ့လူတွေ အများကြီးလို့ ပြောတာက ပိုပြီး မှန်လိမ့်မယ် ထင်တယ်။ ဟုတ်ပါတယ်၊ အလွန်နည်းတဲ့ လူနည်းစုကလေးတွေကလွဲလို့ ကျန်တဲ့ လူအများစုကြီးဟာ လူကောင်းတွေပါပဲ။ အဲ လူကောင်းဖြစ်ချင်တဲ့ လူတွေပါပဲ၊ ဒါပေမယ့် အဲဒီ အလွန့်အလွန် အနည်းစုဖြစ်တဲ့ လူဆိုးတွေက ချယ်လှယ်ကြိုးစိုးနိုင်တဲ့ အခွင့်အရေးတွေ ရနေသမျှ ကာလပတ်လုံး၊ လူကောင်းဖြစ်ချင်တဲ့ လူတွေဟာ လူကောင်း မဖြစ်ကြရဘဲ၊ လူဆိုးတွေ ဖြစ်သွားကြရတယ်။ ဥပမာ ဆရာတော် ဦးခေမာ အဲလေ တိုးတို့ရဲ့ အဖေဆိုပါတော့'

တိုး၏မျက်ဝန်းများက ပြူးကျယ်လာကြသည်။

'တိုးတို့အဖေဟာ လူကောင်းဖြစ်ချင်တဲ့၊ လူကောင်းဖြစ်ချင်ခဲ့တဲ့ လူတစ်ယောက်ပါပဲ'

ကိုမြင့်က စကားကို ပြင်ပြောလိုက်သည်။

'အစ်ကိုထင်ပါတယ်၊ တိုးတို့အဖေဟာ အစ်ကိုတို့အရွယ်လောက်တုန်းက ရိုးသားတက်ကြွတဲ့ လူငယ်ကလေး တစ်ယောက် ဖြစ်ခဲ့မှာပဲ၊ လူငယ်ဆိုတာ ရိုးသားတယ်၊ တက်ကြွတယ်၊ ရဲရင့်တယ်၊ ဖျတ်လတ်တယ်၊ စွန့်စားချင်တယ်၊ တိုးတို့ အဖေဟာ ကျေးလက်က မုဆိုးမသားလေးတစ်ယောက် ဖြစ်ချင် ဖြစ်ခဲ့မယ်။ အစ်ကို့လို အဖေမရှိတဲ့ ဘဝမှာ နေခဲ့ကောင်း နေခဲ့ရမယ်'

ကိုမြင့်က စကားကို မယုတ်မလွန် ပြောပြီး တိုးမျက်နှာကို အကဲခတ်ကြည့်သည်။ တိုးသည် သူ့အဖေ၏ နောက်ကြောင်းရာဇဝင်ကို သူ့လောက်ပင် သိချင်မှ သိမည်။ သူတို့အဖေသည် ဦးမြမင်း၏ အဖေ အထူးအာဏာရနှင့်

www.burmeseclassic.com


ငွေခားလွယ်ရ သူကြီးမင်း၏ ခြေတော်တင်၊ မထင်မရှား မယားငယ်တစ်ဦးက မွေးဖွားခဲ့သူ တစ်ဦးဟု သိကောင်းမှ သိလိမ့်မည်။

'ဟုတ်တယ်အစ်ကို၊ အဖေ့အမေက မုဆိုးမတဲ့၊ မုဆိုးမသားဆိုတော့ လူတွေက အထင်သေးခံရမှာပေါ့နော်'

'အစဉ်အလာက ဒီအတိုင်းဖြစ်ခဲ့တာကိုး၊ အထင်သေးခံရမှာပေါ့၊ အစ်ကို ကိုယ်ချင်းစာပါတယ်၊ လောကမှာ အလွန်နည်းတဲ့ လူနည်းစုကလေးက လွဲလို့ ဘယ်သူမှ လူဆိုးမဖြစ်ချင်ကြပါဘူး၊ တိုးတို့ အဖေဟာ ငယ်ငယ်ရွယ်ရွယ်မှာ ဒီဘဝမျိုးနဲ့ ကြုံခဲ့ရလိမ့်မယ်လို့ အစ်ကိုထင်တယ်'

ကိုမြင့်က စကားကို သတိထားပြောနေရသည်။ သူတို့အဖေအကြောင်း ကို သူတို့အလိုအလျောက် သိချင်လျှင် သိပါစေ။ သူ့ပယောဂကြောင့်မှု မသိ စေချင်။

'လူငယ်ဆိုတာ ခံစားချက်ပြင်းထန်တယ်၊ လွမ်းစရာရှိရင် မီးကုန်ယမ်း ကုန် လွမ်းတယ်၊ မုန်းစရာ၊ နာကြည်းစရာ၊ ဆိုးစရာ ရှိရင်လဲ မီးကုန်ယမ်းကုန်ပဲ၊ ဘဝကို ဦးနှောက်နဲ့ စိတ်ဖြာမကြည့်ဘဲ နှလုံးသားနဲ့ ခံစားကြည့်တဲ့ အရွယ်ပေကိုး၊ ဒီအရွယ်မှာ တိုးတို့အဖေဟာ အဖိနှိပ်ခံ၊ အနှိမ်ခံ၊ အစော်ကားခံရပြီး လောကကြီး ကို နာကြည်းသွားပုံရတယ်၊ ဒီလိုနာကြည်းနေတဲ့ အချိန်မှာ လူတစ်ယောက်ဟာ ဖြစ်ချင်ရာ ဖြစ်သွားနိုင်တယ်၊ ကိုယ်ခံကျန်းမာရေး အားနည်းနေချိန်မှာ ရောဂါစုံ ဝင်နိုင်သလိုပေါ့၊ ဒီတော့ တိုးတို့အဖေဟာ အစတုန်းက လူကောင်းဖြစ်ချင်တဲ့ လူငယ်ကလေးတစ်ယောက်၊ သူ့လို ကိုယ့်လို လူငယ်လေးတစ်ယောက်ပဲ ဖြစ်ခဲ့ မှာပဲလို့ အစ်ကိုထင်တယ်၊ ဘယ်သူမှ မွေးကတည်းက လူဆိုးဖြစ်လာကြတာ မဟုတ်ပါဘူး၊ ဒါပေမယ့် သူ့ဘဝမှာ သူ နာကြည်းစရာတွေ၊ ခံပြင်းစရာတွေ တွေ့ခဲ့လိမ့်မယ်၊ ဒီမှာ လူဆိုးတစ်စု၊ ဒါမှမဟုတ် လူဆိုးတစ်ယောက်ယောက်က သူ့ကို အသုံးချသွားရာကစပြီး လူဆိုးတစ်ယောက် ဖြစ်သွားရတာပဲလို့ အစ်ကို ထင်တယ်'

'အစ်ကိုက ဘယ်ဆိုးလို့တုန်း၊ လူ့သဘာဝကို တော်တော် နားလည်တာ ပဲ'

'လူ့သဘာဝအကြောင်းကို အစ်ကို ဒီလောက် နားမလည်ပါဘူး၊ အစ်ကို့ မှာ ဆရာတစ်ယောက် ရှိခဲ့ဖူးတယ်၊ ဆရာ ဦးစံကောင်းတဲ့၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဆိုပါတော့လေ၊ အစ်ကိုဟာ အဖေ့အဆုံးအမကိုလဲ မရခဲ့ဘူး၊ အမေ့ အဆုံးအမကိုလဲ ကောင်းကောင်းမရခဲ့ဘူး၊ အဲဒီ ဆရာ ဦးစံကောင်းရဲ့ အဆုံးအမ

www.burmeseclassic.com



နဲ့ ကြီးပြင်းလာခဲ့ရတယ်၊ သူပြောပြလို့ အစ်ကိုသိရတာပါ၊ သူပြောပြတာတွေ ပြန်စဉ်းစားတော့ ဟုတ်သလိုလိုပဲ၊ အစ်ကိုမြင်ဖူး ကြားဖူးတာတွေနဲ့ တိုက်နေတယ်၊ တွေ့ဖူးတာတွေနဲ့လဲ တိုက်ဆိုင်နေတယ် ဆိုပါစို့လေ'

'ဩော် အစ်ကိုကလဲ တွေ့ဖူးတယ်လား'

တိုးက လွတ်ကနဲ မေးသည်။ ကိုမြင့်အကြောင်းကို သိပြီးသားဖြစ်၍ ချက်ချင်း အားတုံ့အားနာ ဖြစ်မိသည်။ ကိုမြင့်ကလည်း သည်သဘောကို ချက်ချင်း ရိပ်မိသည်။

'အစ်ကို့အကြောင်းက အရေးမကြီးဘူးကွယ်၊ အစ်ကိုက ပတ်ဝန်းကျင် အထင်သေးခံရတဲ့ လူငယ်တစ်ယောက် ဘဝကို နာကြည်းသွားတဲ့အခါ ထင်ရာကို ဖြစ်သွားတတ်တဲ့ သဘောကို ပြောနေတာပါ၊ ကဲ စကားကောင်းနေကြတာ ကြာပြီ၊ အစ်ကိုသွားမယ်၊ အစ်ကို တစ်နေရာရာကို ခရီးထွက်မလို့ လာနှုတ်ဆက်တာ၊ အေးမကော ဘယ်တော့လောက် ပြန်လာမယ် ပြောသလဲ'

'နှစ်ရက် သုံးရက်လောက်ပဲ ကြာမယ် ပြောသွားတယ် အစ်ကို၊ အစ်ကို ဘယ်တော့ ခရီးထွက်မလဲ'

တိုးက အလောတကြီး မေးသည်။ သူ့မျက်နှာက အစ်ကိုသဖွယ် ခင်မင် ရင်းနှီးသူတစ်ဦး၊ ပွင့်ပွင့်လင်းလင်းပြော၍ရသူ တစ်ဦးနှင့် ခွဲခွာရသည့်အတွက် စိတ်မကောင်းဟန် ပေါ်နေသည်။

'ဘယ်ကိုလဲတော့ မပြောတတ်သေးဘူး၊ တစ်နေရာရာကိုတော့ သွားမယ် လို့ စိတ်ကူးထားတယ်၊ လောလောဆယ်တော့ မဟုတ်သေးပါဘူး၊ နှစ်ရက် သုံးရက်လောက် ကြာမှပါ၊ ဒီအတွင်း အစ်ကို တစ်ခေါက်လာခဲ့ဦးမယ်လေ'

တိုးတို့ သားအမိနှစ်ယောက်ကို နှုတ်ဆက်ပြီးနောက် အိမ်ပေါ်မှ ကိုမြင့် ဆင်းသည်။ ဈေးနားရောက်တော့ ကိုထွန်းအောင် ထိုင်နေကျ လက်ဖက်ရည်ဆိုင် ကို ဝင်ရှာသည်။ ကိုထွန်းအောင်ကို မတွေ့၊ သည်တစ်ခေါက် ကိုထွန်းအောင် မုံရွာရောက်ပြီးမှ တစ်ကြိမ်သာ တွေ့ရသေးသည်။ အေးအေးဆေးဆေး စကား မပြောရသေး၊ ကိုထွန်းအောင်က သူနှင့်အတူတူ အလုပ်လုပ်ရန် ကိုမြင့်ကို ခေါ်ပြန်သည်။

ယခု ကိုမြင့် ဆုံးဖြတ်ပြီးပြီ။

မည်သို့ရှိရှိ ကိုထွန်းအောင်နှင့်ပင် အလုပ် လုပ်တော့မည်။ အရေးကြီး သည်က ကိုထွန်းအောင်ကို ရှာဖွေဖို့ အရေးကြီးသည်။ သို့ရာတွင် ကိုထွန်းအောင် ကို ရှာမတွေ့သေး၊ သည်တစ်ခေါက် ကိုထွန်းအောင်တစ်ယောက် ပျောက်ချက်

www.burmeseclassic.com


သား ကောင်းနေသည်။ ခါတိုင်းဆိုလျှင် အချိန်မှန်တတ်သည်။ ချိန်းသည့်နေရာတွင် ရောက်နေတတ်သည်။ သည်နေ့တစ်မနက်လုံး ကိုထွန်းအောင်ကို မတွေ့ရ။

လက်ဖက်ရည်ဆိုင်တွင် နာရီဝက်လောက် ထိုင်စောင့်သေးသည်။ ကိုထွန်းအောင် မပေါ်လာတော့မှ ကိုမြင့် ထပြန်ခဲ့သည်။

()

www.burmeseclassic.com

၃၄

နောင်နှစ်ရက်အကြာတွင် အေးမတို့ အိမ်သို့ ကိုမြင့် ရောက်ပြန်သည်။ အေးမကို အဆင်သင့် တွေ့ရသည်။ အေးမ၏ မျက်နှာသည် တစ်စုံတစ်ခုကို စိုးရိမ်ပူပန်နေပုံ ရသည်။ မျက်နှာမကောင်း။

'အစ်ကို တစ်နေ့က လာသေးတယ်ဆို'

'လာတယ်၊ အေးမ ဘယ်နေ့က ပြန်ရောက်သလဲ'

'ဒီနေ့ နေ့လယ်ပဲ ပြန်ရောက်တယ်၊ မန္တလေးက မနက်ရုစ်နာရီထွက် လာတာ'

အေးမ တစ်စုံတစ်ရာကို ပြောသင့် မပြောသင့် ချိန်ဆဟန် တွေးနေသည်။

'အသွားတုန်းက တစ်ယောက်တည်းလား'

ကိုမြင့်အမေးကြောင့် အေးမ ဖျတ်ကနဲ လှမ်းကြည့်သည်။

'တစ်ယောက်တည်းပေါ့၊ ရထားနဲ့သွားတာ'

အေးမ သူ့ကိုညာသည်။ နေလင်းအောင်၏ ဂျစ်ကားပေါ်တွင် ပါသွားသည်ကို သူကိုယ်တိုင် မြင်လိုက်ရသည်။ အဖော်နှင့်အတူ မန္တလေးသွားသည်ဟု တိုးထံမှလည်း သိပြီးသား၊ အေးမ မန္တလေးသို့ သွားသည်မှာ တစ်ယောက်တည်း ဟုတ်ဟန်မတူ၊ နေလင်းအောင်၏ ဂျစ်ကားနှင့် သွားနိုင်သည်။ သို့ရာတွင် အေးမက သူတစ်ယောက်တည်း ရထားနှင့် သွားသည်ဟု ပြောနေသည်။ နေလင်းအောင်က ဘူတာရုံ လိုက်ပို့သည်ဆိုရအောင်လည်း သည်အချိန်သည် ရထားထွက်ချိန်မဟုတ်၊ နေလင်းအောင်နှင့် သွားခြင်းသာ ဖြစ်ရမည်ဟု ကိုမြင့်ယူဆသည်။ သို့ရာတွင် မည်သို့မျှ မပြော၊ အကြောင်းတစ်ခုခုကြောင့် အေးမသည် သူ့ကို ညာနေပြီလောဟု ကိုမြင့် သံသယဖြစ်ချင်သည်။ အေးမနှင့် သူ့အကြား တွင် တစ်စုံတစ်ရာ လျှို့ဝှက်ဖုံးကွယ်ချက် ရှိနေပြီဟု ကိုမြင့်ထင်ချင်သည်။

'အပြန်ကျတော့ကော၊ တစ်ယောက်တည်းပေါ့'

www.burmeseclassic.com


'ဟုတ်တယ်၊ အပြန်ကျတော့လဲ တစ်ယောက်တည်းပဲ၊ ကားနဲ့ပြန်လာတာ၊ အစ်ကို့ကို အေးမ တစ်ခုပြောရဦးမယ်'

အေးမက စဉ်းစားနေသည်။ သူပြောမည့် စကားလုံးကို ရွေးချယ်နေပုံရသည်။

'အေးမ မန္တလေးက အပြန်မှာ ထူးထူးဆန်းဆန်း တစ်ခု တွေ့ခဲ့ရတယ်၊ သိလား အစ်ကို'

'ဘယ်လို ထူးထူးဆန်းဆန်းလဲ'

'အေးမ မန္တလေးက ပြန်လာတော့ အေးမနောက်ကို လူတစ်ယောက် လိုက်လာတယ် သိလား'

ကိုမြင့်က အေးမဘက်သို့ လှည့်ကြည့်သည်။ အေးမ မျက်နှာက စိုးရိမ်ထိတ်လန့်သယောင် လွှမ်းနေသည်။

'ဘယ်လိုလိုက်လာတာလဲ'

ကိုမြင့် စိတ်ဝင်စားလာသည်။ စောစောက အေးမပေါ်တွင် သံသယကြောင့် စိတ်ခုသလိုလိုရှိနေသည့်တိုင်၊ သူ့စကားကြောင့် အာရုံပြောင်းသွားသည်။

'မုံရွာကို လိုက်လာတာပေါ့၊ မန္တလေးကတည်းက လိုက်လာတာ'

သူ့ဖာသာသူ ခရီးသွားတာ ဖြစ်မှာပေါ့၊ အေးမ စိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်'

'မဟုတ်ဘူး အစ်ကို၊ မန္တလေးမှာကတည်းက အေးမနောက်ကို နောက်ယောင်ခံလိုက်နေတာ၊ အေးမတည်းတဲ့ တည်းခိုခန်းမှာ လာတည်းတယ်'

'ဘာ အေးမ တည်းခိုခန်းမှာ တည်းတယ်လား'

ကိုမြင့်က အလန့်တကြား မေးသည်။ အေးမက တမင်လုပ်၍ ရယ်သည်။

'တည်းခိုခန်းမှာ မတည်းလို့ ဘယ်မှာ တည်းရမှာလဲ အစ်ကိုရဲ့၊ ကိုယ့်ကိစ္စနဲ့ ကိုယ်သွားတာ သူများအိမ်မှာ သွားတည်းတော့ အားနာစရာ သိပ်ကောင်းတယ်၊ တစ်ခေါက်လဲ မဟုတ်၊ နှစ်ခေါက်လဲ မဟုတ်'

အေးမတစ်ယောက် တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ် စသည်တို့ကို မကြာမကြာ ကူးနေခဲ့သည်။ မန္တလေးနှင့် မုံရွာကမူ သူ့အဖို့ အိမ်ဦးနှင့် ကြမ်းပြင်ဖြစ်နေပြီ၊ ထိုမျှမက အေးမသည် တည်းခိုခန်းမှာပင် တည်းနေပြီ။

မန္တလေးက တည်းခိုခန်းတွေအကြောင်းကို သူကောင်းကောင်းသိသည်၊ ဣန္ဒြေရသည့် တည်းခိုခန်းတွေရှိသလို နာမည်ပျက်နေသည့် တည်းခိုခန်းတွေလည်းရှိသည်။ အရှေ့ဘက်၊ အနောက်ဘက်မှလာသော ပစ္စည်းများသည် မန္တလေး

အမေ့ဥယျာဉ်စာအုပ်တိုက်

www.burmeseclassic.com


တွင် ဆုံကြသည်။ ထို့ကြောင့် မန္တလေးတွင် အရပ်လေးမျက်နှာက ကုန်သည်တွေ၊ အရောင်းအဝယ်သမားတွေ ခြေချင်းလိမ်နေကြသည်။ တည်းခိုခန်းတွေ မှိုလိုပေါက်နေသည်။ တချို့တည်းခိုခန်းတွေက နာမည်ပျက်ရှိသည်။ နာမည် မပျက်သည့် တည်းခိုခန်းတွေလည်း ရှိသည်။ သို့ရာတွင် မိန်းကလေး တစ်ယောက်အနေဖြင့် တည်းခိုခန်းတွင် တည်းရသည်မှာ မကောင်း၊ အန္တရာယ်များသည်။

ကိုမြင့် ခေါင်းငိုက်စိုက်ကျနေသည်။ တည်းခိုခန်းတွင် တည်းသည်ဆိုတော့ အေးမသည် မည်သည့်အရောင်းဝယ်မျိုးကို လုပ်နေသနည်း၊ ထနောင်းပင်နှင့် ကတုံးဇရပ်ကလေးရှေ့တွင် သူတွေ့ခဲ့ရသည့် အေးမ၏ ဘဝနှင့် ၈၄ လမ်းရှိ တည်းခိုခန်း တစ်ခန်းပေါ်မှ ဆင်းလာသည့် အေးမ၏ဘဝသည် မည်မျှ ကွာခြားသွားပြီနည်း။ ကွာခြားနေပြီနည်း။

'အေးမက ၈၄ လမ်းက မန္တလေးရိပ်သာမှာ တည်းတယ်။ အေးမနဲ့ မရှေးမနှောင်းမှာပဲ သူရောက်လာပြီး သူလဲ အဲဒီမှာ တည်းတယ်၊ ကြည့်ရတာက တော့ မုံရွာကတည်းက လိုက်လာတယ် ထင်တာပဲ'

'တိုက်ဆိုင်လို့ဖြစ်ပါလိမ့်မယ်ကွယ်၊ အဲဒီလူကို မုံရွာမှာ မြင်ဖူးသလား'

'ဟင့်အင်း၊ မုံရွာမှာ ဒီလူကို တစ်ခါမှ မမြင်ဖူးဘူး၊ လူက အသားမည်းမည်း၊ အရပ် ထောင်ထောင်မောင်းမောင်း၊ ရင်အုပ်ကျယ်ကျယ်၊ မျက်နှာက လေးထောင့်၊ ဆံပင်ကောက်ကောက်ရယ်၊ မန္တလေးမှာ အေးမသွားရာနောက်က တကောက်ကောက်လိုက်နေတယ်၊ မုံရွာကို ပြန်တော့လဲ အေးမ စီးတဲ့ကားကို လိုက်စီးတယ်'

'ဆင်းတော့ မုံရွာမှာပဲ ဆင်းတာပေါ့'

'ဟုတ်တယ်၊ ကားဂိတ်ဆုံးကျမှ ဆင်းတယ်၊ အေးမက ဈေးကြီးထဲဝင်တော့ သူလဲ ဝင်လိုက်လာတယ်၊ မမချစ်မေတို့ ကုန်ခြောက်တန်းဘက်ကို သွားတော့မှ သူ ပြန်လှည့်သွားတယ်။ ထောက်လှမ်းရေးတို့ ဘာတို့ကများလား မသိဘူး'

'ဘာဆိုင်သလဲကွယ်၊ ကိုယ်က ဘာမှလုပ်တာမှ မဟုတ်ဘဲ သူ့ဖာသာသူ လိုက်ကြည့်ချင် ကြည့်ပေစေပေါ့၊ အေးမကကော သူတို့ မသင်္ကာစရာ ဘာလုပ်လာလို့လဲ'

အေးမက ပါးစပ်ပြင်လိုက်ပြီးမှ ခဏတွေနေသည။

'ပစ္စည်းလေးတစ်ခု သွားယူတာ'

www.burmeseclassic.com


ကိုမြင့်က ဆေးပြင်းလိပ်ကို ဖွာသည်၊ အေးမကို ကြည့်ရသည်မှာ မလုံမလဲ ဖြစ်နေပုံရသည်။ အရောင်းအဝယ်ပစ္စည်းတစ်ခု ယူလာသည်တွင် သူ့နောက်ကို ထောက်လှမ်းရေး လိုက်လာသည်ဟု သင်္ကာမကင်း ဖြစ်နေဟန်၊ ဤသည်ကို ထောက်လျှင် အေးမယူလာသည့် ပစ္စည်းသည် ကျောက်မျက်ရတနာလည်း ဖြစ်နိုင်သည်၊ ဘိန်းဖြူလည်း ဖြစ်နိုင်သည်။

'မျက်လုံးပြူးပြူးလား'

ကိုမြင့်က မေးသည်။

'မျက်လုံးကိုတော့ သေသေချာချာ မမြင်ရဘူး၊ မျက်မှန်အနက်တပ်ထားတယ်၊ မျက်ခုံးကတော့ ခပ်ထူထူပဲ၊ ဘာဖြစ်လို့လဲ'

'ဟင့်အင်း ဘာမှ မဖြစ်ပါဘူး'

ကိုမြင့် ခပ်သွက်သွက် ပြန်ဖြေသည်။

သူ့စိတ်ထဲတွင် သင်္ကာမကင်းဖြစ်နေသည်။ အေးမ ပြောသည့်ပုံသဏ္ဌာန်က ကိုထွန်းအောင်နှင့်တူသည်။ ကိုထွန်းအောင် ပျောက်နေသည်မှာ နှစ်ရက်သုံးရက်ရှိနေပြီ။ ခါတိုင်း ကိုထွန်းအောင်သည် ပြန်ခါနီးတိုင်း နှုတ်ဆက်တတ်သည်။ မန္တလေးသို့ သွားမည် ဆိုလျှင်လည်း သူ့ကိုတော့ အသိပေးသွားတတ်သည်။ ပခုက္ကူပြန်မည်ဆိုလျှင်လည်း သူ့ကို အသိပေးစမြဲ။

ယခုတစ်ခေါက်တွင်မူ ကိုထွန်းအောင်နှင့်သူ တစ်ကြိမ်နှစ်ကြိမ်သာ တွေ့ရသေးသည်။ သူတို့တွေ့နေကျ ဈေးကြီးနားက လက်ဖက်ရည်ဆိုင်တွင် ထိုင်လေ့ရှိကြသည်။ မုံရွာသို့ လာတိုင်း ကိုထွန်းအောင်က သူနှင့်အတူ အလုပ်လုပ်ရန် တဖွဖွ ပြောသည်။ ကိုမြင့် အဖြေမပေးခဲ့။

ကိုမြင့် ဆုံးဖြတ်ပြီးပြီ။

သူ တင်းမခံနိုင်တော့၊ ဝမ်းဗိုက်က စကားပြောလာပြီ။ သူက သည်အလုပ်တွေကို ရှောင်ကြဉ်သော်လည်း၊ သူသည် သူများထက် စာရိတ္တသန့်စင်သူဟု မည်သူကမျှလည်း အသိအမှတ်ပြုဖော်မရကြ၊ အလုပ်လက်မဲ့၊ လမ်းပေါ်က လူတစ်ယောက်အဖြစ် သာ၍ပင် အထင်သေးကြသေးသည်။ သူ့ပတ်ဝန်းကျင် သည် လူတစ်ယောက်၏ တန်ဖိုးကို စာရိတ္တဖြင့် အကဲမဖြတ်ဘဲ အဝတ်အစားနှင့် အကဲဖြတ်သည့် ပတ်ဝန်းကျင် ဖြစ်သည်။ သည်လို ပတ်ဝန်းကျင်မျိုးတွင် စာရိတ္တသန့်စင်နေ၍ ဘာအကျိုးထူးသေးသနည်း။ ထို့ကြောင့် သည်တစ်ချီတွင်တော့ ကိုထွန်းအောင်နှင့်အတူ လိုက်၍ အရောင်းအဝယ်လုပ်ရန် အပြတ်ဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်ချက်ကိုပြောရန် ကိုထွန်းအောင်ကို လိုက်ရှာခဲ့သည်။ ကိုထွန်း

www.burmeseclassic.com



အောင်သည် သူနှင့်လက်ဖက်ရည်ဆိုင်တွင် တစ်ကြိမ်သာ တွေ့ရသေးသည်။နောက်ရက်များတွင် မတွေ့တော့၊ ပျောက်သွားသည်။ သူတည်းခိုနေကျအိမ်သို့ သွားမေးသော်လည်း မတွေ့။ သည်တစ်ခေါက် သူတို့အိမ်တွင် မတည်းဟု ပြောလိုက်သည်။ သည်တွင် ကိုထွန်းအောင် ခြေရာပျောက်နေသည်။

မန္တလေး မုံရွာလမ်းတစ်လျှောက်တွင် အေးမနောက်သို့ လိုက်နေသူသည် ကိုထွန်းအောင်များ ဖြစ်နေမည်လော မဆိုနိုင်၊ အေးမပြောပြသည့် ပုံသဏ္ဌာန်အရမူ ကိုထွန်းအောင် ဖြစ်နိုင်သည်။ သို့ရာတွင် ကိုထွန်းအောင်သည် ဘာကြောင့် အေးမကို နောက်ယောင်ခံလိုက်နေသနည်း၊ အေးမနောက်သို့ ခြေရာခံ၍ လိုက်စရာ အကြောင်းမရှိ၊ နေလင်းအောင်တို့ အဆက်အသွယ်ထဲက အကောင်ကျားစာကျွေးရမည်ဟု ကိုထွန်းအောင်က ပြောခဲ့ဖူးသည်။ သည်အတိုင်းမှန်လျှင် ကိုထွန်းအောင်သည် အေးမကို ကျားစာကျွေးရန် ပြင်နေသည်လော။

သို့ရာတွင် ကိုထွန်းအောင်ဟု တပ်အပ်မသိရသေး၊ ကိုထွန်းအောင်ဟုတ်ချင်မှ ဟုတ်မည်၊ ဆိုင်ရာက လိုက်လံထောက်လှမ်းသူလည်း ဖြစ်နိုင်သည်။ မည်သို့ဆိုစေ အေးမနောက်တွင် အန္တရာယ်တစ်ခု ကပ်လိုက်လာနေသည်မှာတော့ သေချာသည်။

'မန္တလေးမှာတုန်းက သူလိုက်နေတာကို အေးမသိတယ်ဆိုတာ သူလည်း ရိပ်မိပုံရတယ်၊ ပထမတစ်ရက်နှစ်ရက်မှာ သူအတင်းကပ်လိုက်နေတယ်၊ တတိယနေ့ကျတော့ သိပ်မလိုက်တော့ဘူး၊ ခပ်ခွာခွာလိုက်တယ်'

'ဒါဖြင့် မန္တလေးမှာ အေးမသွားတဲ့ အဆက်အသွယ်တွေ အားလုံးကို သူသိသွားတာပေါ့'

အေးမက ပြုံးသည်။

'ဒီလောက်တော့ အေးမ ပါးတာပေါ့ အစ်ကိုရ။ အေးမက သွားချင်တဲ့ဆီ တိုက်ရိုက်ဘယ်သွားမလဲ။ ဆိုက်ကားတစ်လှည့်စီး။ မြင်းလှည်းတစ်လှည့်စီး။ ဟိုဝင်ဒီထွက် ဝင်လုပ်ပြီးမှ ကိုယ်သွားချင်တဲ့နေရာ သွားတာပေါ့။ အေးမက ရီးတီးယားတာလုပ်ရင်တော့ မခံဘူး။ ခားမြှောင်နဲ့ထိုးမှာ။

ကိုမြင့်က အေးမကို စိုက်ကြည့်နေသည်။ အေးမသည် သူ့ကို လိမ်ညာနေသည်လော။ အေးမ၏ စကားများအားလုံးသည် အမှန်တွေချည်းလော။

အေးမကို နေလင်းအောင်၏ ဂျစ်ကားပေါ်တွင် သူကိုယ်တိုင် မြင်လိုက်သည်။ သို့ရာတွင် အေးမက တစ်ယောက်တည်း မီးရထားဖြင့် သွားသည်ဟု ပြောခဲ့သည်။ အေးမကို နေလင်းအောင်နှင့် တွေ့လိုက်သည့်အချိန်သည် မန္တလေး

www.burmeseclassic.com



ရထား ထွက်ချိန်မဟုတ်။ အေးမသည် နေလင်းအောင်နှင့် သွားခြင်းသာ ဖြစ်ရမည် ဟု သူတွက်သည်။

'မန္တလေးကို အေးမတစ်ယောက်တည်း သွားတာကတော့ သေချာတယ် နော်'

အေးမ ကိုမြင့်ကို အကဲခတ်သည်။

'သြော် အစ်ကိုရယ်။ အေးမ ပြောပြီးပါပကော'

အေးမ သူ့ကို ညာပြန်ပြီ။ လိမ်ပြန်ပြီ။ သည်လောကထဲရောက်တော့ အေးမ လိမ်တတ်။ ညာတတ်နေပြီ။ ထို့ကြောင့် ကိုမြင့် ဘာမျှမအံ့သြ။ စိတ် ကမူ မကောင်း။

'အစ်ကို့ကို တစ်ခုတော့ မေးရဦးမယ်'

'ဘာလဲ'

'အစ်ကိုက ဟိုအစ်ကိုလင်းနဲ့ တွေ့ဖူးတယ်ဆို'

'တွေ့ဖူးတယ်။ သူက ဘာပြောလို့လဲ'

အေးမက ပြောသင့် မပြောသင့် ချိန်ဆနေဟန်ရှိသည်။

'အစ်ကိုက သူ့ကို ခြိမ်းခြောက်ဖူးတယ်ဆို။ သူက သေနတ်နဲ့ ထုတ်ချိန် တော့မှ အစ်ကို ရှောင်ထွက်သွားတယ်တဲ့'

ကိုမြင့် ရတ်တရက် ဒေါသထွက်သွားသည်။ အနားတွင်သာ ရှိလျှင် သည်ကောင်ကိုထ၍ လက်သီးဖြင့် ထိုးမိမည်လော မပြောတတ်။ မဟုတ်မဟတ် လုပ်ဇာတ်ခင်း၍ ပြောရဲသည်ကိုလည်း သူ အံ့သြသည်။ နေလင်းအောင်သည် မဟုတ်မဟတ် လုပ်ဇာတ်များကို မည်မျှပြောထားသည် မသိနိုင်။

ကိုမြင့်က ဖောင်ကူးတံတားပေါ်တွင် သူနှင့် နေလင်းအောင်တို့ဖြစ်ခဲ့သည့် ကိစ္စကို အကျဉ်းချုပ်၍ ပြောပြသည်။ အေးမက အံ့သြနေသည်။ နေလင်းအောင် နှင့် ကိုမြင့်စကားက တောင်နှင့်မြောက်လို ခြားနားနေသည်။ ပြောင်းပြန်ဖြစ်နေ သည်။ နေလင်းအောင်၏ အပြောတွင်မူ ကိုမြင့်သည် သူ့သေနတ်ကို လု၍ သူ့ကို ခြိမ်းခြောက်သူ လူဆိုး လူကြမ်းတစ်ဦးဖြစ်နေသည်။

ကိုမြင့်က သက်ပြင်းချသည်။

'ခက်တယ် အေးမ၊ လူတွေဟာ မြေနိမ့်ရာ လှံစိုက်ချင်ကြတယ်၊ ပိသူကို ဖိနင်းချင်ကြတယ်၊ စိတ်ကောင်းထားသူကို ဖိထောင်းချင်ကြတယ်၊ လူကောင်းဖြစ် ချင်တဲ့ လူတစ်ယောက်ကို လူဆိုးဖြစ်အောင် ချောင်ပိတ်ချင်ကြတယ်၊ ချောင်ပိတ် ခံရဖန်များတော့ ခွေးတောင် ပြန်ကိုက်သေးတာပဲ၊ အစ်ကိုဟာ ချောင်ပိတ်ခံနေရ

www.burmeseclassic.com



တဲ့ လူတစ်ယောက်။ အဖက်ဖက်က ထွက်ပေါက်ပိတ်နေတဲ့ လူတစ်ယောက်။ ထွက်ပေါက်ရှာလို့ မရတဲ့ လူတစ်ယောက်။ တွေ့ရာထွက်ပေါက်ကို တိုးထွက်ရမလို ဖြစ်နေပြီ။ တစ်ခါတလေတော့လဲ အစ်ကို စိတ်ကူးမိတယ်။ လူဆိုးတစ်ယောက်လို နေတာပဲ ခပ်ကောင်းကောင်း ဖြစ်လိမ့်မယ်ထင်တယ်။ အများကောင်းကျိုး၊ လောကကောင်းကျိုးဆိုတာတွေ အားလုံးကို ဘေးချိတ်။ လောကကြီးမှာ ကိုယ့်အတွက် အကျိုးမရှိတာဆို တစ်ခုမှ မလုပ်နဲ့။ ကိုယ့်အတွက် အကျိုးရှိမယ်ဆိုရင် သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ် ကျရမယ့် အလုပ်မျိုးဆိုရင်လဲ မရှောင်နဲ့။ အကုန်လုပ်'

အေးမ တအံ့တသြဖြင့် ငေးကြည့်နေသည်။

မုံရွာ–ကလေးဝ လမ်းမကြီးပေါ်တွင် ပထမဆုံး တွေ့ခဲ့ရသည့် ကိုမြင့်နှင့် ယခု ကိုမြင့်သည် ခြားနားသွားကြပြီလော။ ကိုမြင့်သည် ပြောင်းလဲသွားပြီလော။

ပထမဆုံးအကြိမ် သူနှင့် ကိုမြင့် တွေ့ခဲ့ကြစဉ်က ဘဝဟူသည်မှာ အမှောင်ချည်းမရှိနိုင်။ အလင်းလည်း ရှိရမည်ဟု ကိုမြင့် ပြောခဲ့ဖူးသည်။ ယခုမူ သူ့ဘဝ၌ အလင်းရောင်ဟူသည် မရှိတော့ဟု ကိုမြင့် ယူဆလာပုံရသည်။ ထို့ကြောင့်ပင် နာကြည်းသော စကားများကို ဆိုနေခြင်း ဖြစ်လိမ့်မည်။ တစ်ခါက မှောင်ခိုအလုပ်ကို စာရိတ္တထိခိုက်သည်ဟု ယူဆခဲ့သော ကိုမြင့်သည် ယခု မည်သည့်အလုပ်မျှ မရှောင်လေနှင့်ဟု တစ်မျိုးပြောနေပြန်ပြီ။

ကိုမြင့် တကယ်ပြောနေခြင်းလော၊ အရွဲ့တိုက်၍ ပြောနေခြင်းလောဟု အေးမ မဝေခွဲနိုင်။

'အစ်ကို တကယ်ပြောနေတာလား'

'တကယ်ပြောတာပေါ့'

'အေးမကို မလှောင်ပါနဲ့ အစ်ကိုရယ်။ အေးမ ဒီလောက်တောင် မဟုတ်သေးပါဘူး။ ဒီအလုပ်ထဲရောက်လို့ လုပ်ကိုင်နေရပေမယ့် အေးမမှာ ဒီလောက် ကိုယ်ချင်းစာနာစိတ် မကင်းမဲ့သေးပါဘူး။ နှလုံးသားရှိပါသေးတယ်'

အေးမမျက်ရည်တွေ လည်လာသည်။ ကိုမြင့်သည် သူ့ကို အရွဲ့တိုက်၍ ပြောနေခြင်း ဖြစ်သည်ဟု ထင်သည်။

'အေးမကို လှောင်တာလည်း မဟုတ်ဘူး။ ဘယ်သူ့ကိုမှလည်း စောင်းမြောင်းပြောနေတာမဟုတ်ဘူး။ အစ်ကို တကယ်ပြောနေတာ။ အစတုန်းကတော့ လောကကြီးဟာ ကောင်းသေးတယ်။ မျှော်လင့်ချက်ရှိသေးတယ်လို့ အစ်ကို ထင်ခဲ့ဖူးသေးတယ်။ အဲဒီတုန်းက ယုဇလယ်စခန်းမှာ အစ်ကိုပြောခဲ့ဖူးတာကို

www.burmeseclassic.com


အေးမမှတ်မိသေးတယ် မဟုတ်လား၊ ဘဝဆိုတာ အမှောင်ချည်းပဲ မရှိနိုင်ဘူး၊ အလင်းလည်းရှိရမယ်လို့ အစ်ကို ပြောခဲ့ဖူးတယ်လေ၊ အေးမဟာ ဘဝကို အဆိုးအမြင်နဲ့ ကြည့်လွန်းတယ်။ ဘဝကို အကောင်းမမြင်တတ်ဖူးလို့ အစ်ကို ပြောခဲ့တယ်။ ဟုတ်တယ်၊ အဲဒီတုန်းကတော့ အစ်ကို့အဖို့ အလင်းရောင်ဆိုတာ ရှိသလို ထင်ခဲ့တယ်။ မျှော်လင့်ချက် ဆိုတာမျိုးဟာ ရှိခဲ့တယ်လို့ ထင်ခဲ့တယ်။ ခုတော့ အစ်ကို့အဖို့ မျှော်လင့်ချက်မရှိတော့ဘူး။ အလင်းရောင်ဆိုတာလဲ မရှိတော့ဘူး။ ဒီတော့ အစ်ကိုလဲ အမှောင်ထုထဲမှာပဲ လျှောက်တော့မယ်၊ အလင်းရောင် မရှိနိုင်တဲ့ နေရာမှာ အလင်းရောင်ကို လိုက်ရှာနေတဲ့လူလောက် မိုက်မဲတဲ့လူ ရှိနိုင်ပါဦးမလား။ ဒီတော့ အစ်ကို မမိုက်တော့ဘူး။ ရှေ့လျှောက်ပြီး လိမ္မာတော့မယ်။ မကောင်းဘူးလား'

ကိုမြင့်က အပြောင်အပြက် ပြောနေခြင်း ဖြစ်ဟန်မတူ။ သည်အချက် သူ့မျက်နှာက သက်သေပြနေသည်။ မျက်မှောင်များက တွန့်နေကြသည်။ မျက်ခုံး နှစ်ခုကြား နဖူးပြင်က တွန့်နေသည်။ ယခင်ကထက် နက်ရှိုင်းလာသည်ဟု ထင်ရသည်။

'အစ်ကိုရယ်'

အေးမက စိတ်ညစ်သလိုဟန်ဖြင့် ညည်းသည်။ ဘာမျှ မပြောနိုင်။

'အေးမပြောတဲ့ စကားတွေကို မှတ်မိသေးရဲ့လား'

'ဟင့်အင်း'

'ပထမဆုံး တွေ့ကြတုန်းက ကားပျက်လို့ လမ်းမှာ အိပ်ကြရတယ်လေ၊ အဲဒီတုန်းက အေးမပြောတဲ့ စကားတွေကို ဘယ်တော့မှ မမေ့ဘူး၊ အမြဲသတိရ နေတယ်'

'ဘာစကားတွေလဲ၊ အေးမမေ့နေပြီ'

ကိုမြင့်က ရယ်သည်။

'မေ့နေရင်မှတ်ထား၊ အစ်ကိုပြောပြမယ်၊ အဲဒီတုန်းက အေးမပြောခဲ့တယ် လေ၊ ခေတ်မီတယ်ဆိုတာ ခေတ်အကြောင်းကို သိတာတဲ့၊ လိမ္မာတာတဲ့၊ ရေလိုက် ငါးလိုက်နေတာတဲ့၊ လူနပ်ချမ်းသာလုပ်တတ်တာတဲ့၊ ဟိုကွေ့ကို ဟိုတက်နဲ့ လှော်ပြီး ဒီကွေ့ကို ဒီတက်နဲ့ လှော်တတ်တာတဲ့၊ ဂုဏဝုဍ္ဎိဆိုတာ ကိုယ့်ကို စောင်မမဲ့လူကို ဖော်လံဖားတတ်တာတဲ့၊ ဉာတကာနဋ္ဌဆိုတာ ကိုယ့်ဆွေမျိုးသား ချင်း ခယ်မ၊ ယောက်ဖတို့ကို သင်္ဂြိုဟ်ထောက်ပံ့တာတဲ့၊ ခေတ်မီတယ်ဆိုတာ ကိုယ့်အယူအဆကို အမှန်လို့ တရားသေမယူဆဘဲ ခေတ်နဲ့အညီ လိုက်လျော

www.burmeseclassic.com



ညီထွေ ကျင့်တတ်တာတဲ့၊ အဲဒါတွေဟာ ခေတ်မီလူတစ်ယောက်ရဲ့ မရှိမဖြစ်တဲ့ အရည်အချင်းတွေတဲ့၊ မှတ်မိတယ် မဟုတ်လား’

‘ကြည့်စမ်း အေးမပြောတာတွေကို အစ်ကို အကုန်မှတ်ထားတယ် ဟုတ်လား’

‘မှတ်ထားတာပေါ့၊ အေးမပြောတဲ့ စကားတွေကို အစ်ကို ဘယ်တော့မှ မမေ့ဘူး၊ ဟုတ်တယ်၊ အဲဒီတုန်းက အစ်ကိုအေးမရဲ့ စကားတွေကို နားမလည်ခဲ့ဘူး၊ သုံးနှစ်လောက်ရှိမှ နားလည်လာခဲ့တယ်။ တစ်နည်းပြောရရင် အဲဒီတုန်းက အစ်ကိုခေတ်မမီဘူး။ ခုတော့ ခေတ်မီလာပြီလေ။ ခေတ်မမီလို့ မရတော့ဘူး။ ဒီခေတ်မှာ ဒါလုပ်မှ ထမင်းစားရမယ်ဆိုရင် ဒါပဲလုပ်မယ်။ မှောင်ခိုလုပ်တာ အကျင့်စာရိတ္တ ထိခိုက်တယ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်လို့ထင်ပြီး ထိန်းသိမ်းနေရင်လဲ ဘာအကျိုးထူးဦးမှာလဲ။ ငတ်ရုံပဲရှိမှာပေါ့။ ဒါကြောင့် အရင်တုန်းက အေးမတို့ကို တားမြစ် ခဲ့ပေမယ့် အခုမတားတော့ဘူး တားလဲ မတားချင်တော့ဘူး။ မတားတဲ့အပြင် ကိုယ်တိုင်တောင် လုပ်ရဦးမယ်။ ဟုတ်တယ်၊ လုပ်ရမယ်၊ အစ်ကိုတို့လုပ်တာဟာ ခြောက်ပြားတစ်ပဲဖိုးလောက် လုပ်တာ၊ ထမင်းတော့ နပ်မှန်အောင် စားရမှာပဲ။ ခု အစ်ကို ထမင်းနပ်မှန်အောင် မစားရဘူး။ ဒီတော့ ထမင်းနပ်မှန် စားရအောင် လုပ်ရမယ်။ လုပ်တော့ ဘာဖြစ်သလဲ၊ ထောင်ထဲသွားနေရုံအပြင် မရှိပါဘူး။ ထောင်ထဲသွားနေရရင်လဲ ကောင်းတာပဲ။ ထမင်းတလုတ်အတွက်တော့ ဒီလောက် သောက မရောက်ရတော့ဘူး။ မှောင်ခိုမကောင်းဘူးလေး ဘာလေးနဲ့ ပြောချင်သူတွေက ပြောကြပါစေ အစ်ကို ဂရုမစိုက်တော့ဘူး။ တကယ်ကျတော့ အဲဒီလို အကျယ်လောင်ဆုံး ပြောနေတဲ့လူတွေကကော မှောင်ခိုနဲ့ ဘယ်လောက်များ ကင်းလို့လဲ။ သူတို့ကော မှောင်ခိုမလုပ်ဘူးတဲ့လား။ သတ္တိရှိရင် ကိုယ့်ကိုယ်ကိုယ် ရဲရဲပြန်မေးကြည့်စမ်းပါ။ နောက်ကွယ်မှာ တိတ်တိတ်ပုန်း မှောင်ခိုလုပ်ပြီး အပြင်မှာတော့ မှောင်ခို ဘာဖြစ်သလေး၊ ညာဖြစ်သလေးနဲ့ အကျယ်လောင်ဆုံးအော်နေတဲ့ လူတွေနဲ့စာရင် ပြောင်ပြောင်ပြောပြီး ပြောင်ပြောင်လုပ်တဲ့ အေးမတို့က ပိုပြီး ရိုးသားတယ်၊ သူများကို မညာဘူး၊ ကိုယ့်ကိုယ်ကို မညာဘူး။ ဒါကြောင့် အစ်ကိုလဲ ဒီအလုပ်ကိုပဲ လုပ်တော့မယ်’

အေးမက မယုံနိုင်သေး။ ကိုမြင့် တကယ်အမှန်ပြောနေခြင်းလော၊ သည်အတိုင်းဆိုလျှင် ကိုမြင့်ကို သူပင် လိုက်မမီတော့မည်မဟုတ်။

‘အစ်ကို တကယ်ပြောနေတာနော်’

www.burmeseclassic.com


'သြော် ခက်ပါပြီကော အေးမရယ်၊ ယုဇလယ်စခန်းမှာ ရွှေဝင်းတို့နဲ့ စကားများတုန်းက အေးမရဲ့ ခားမြှောင်ကို အစ်ကိုယူထားလိုက်တာ မှတ်မိသေးလား'

'မှတ်မိတယ်'

'အဲဒီတုန်းက အေးမက ရွှေဝင်းကို ပါးရိုက်လိုက်တယ်လေ။ အစ်ကို ဘာမှမလုပ်ဘူး။ ဘေးက ရပ်ကြည့်နေတယ်။ အပြန်ကျတော့ အေးမရဲ့ ခားမြှောင်ကို အစ်ကို ယူထားလိုက်တယ်၊ ဒီတော့ အေးမက ဒီခားမြှောင်ကို အစ်ကိုဘာလုပ်ဖို့ ယူမှာလဲလို့ အစ်ကို့ကိုမေးတယ်လေ။ မှတ်မိသေးလား'

အေးမက ရယ်သည်။ ကိုမြင့်သည် နားလည်ရ ခက်သူတစ်ယောက်ဟုပင် ထင်ချင်လာသည်။ အပေါ်ယံကြည့်တော့ အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ် ရင်ထဲတွင်မူ မီးတောင်တစ်တောင်၊ ချော်ရည် ချော်မြှုပ်တို့က မီးတောင်အောက်တွင် ပုန်းကွယ်နေသည်။ သည်မီးတောင်သည် အချိန်တစ်ချိန်တွင် ပေါက်ကွဲလာနိုင်သည်။

'မှတ်မိတယ်၊ အဲဒီတုန်းက အစ်ကို့ကြည့်ရတာ အေးမ အားမလို အားမရ သိပ်ဖြစ်တာပဲ။ ကြည့်ရတာက အေးစက်စက်နဲ့'

'အေးစက်စက်ဆိုတာက ယဉ်ယဉ်ကျေးကျေး ပြောတာပါ။ မဟုတ်ဘူးလား၊ ခပ်ရှင်းရှင်း ပြောရင် သတ္တိကြောင်တယ်လို့ ပြောချင်တာ မဟုတ်လား'

'မဟုတ်ပါဘူး'

အေးမက လက်နှစ်ဖက်ကို ပတ္တာဆက်သလို ဆက်၍ ဆန့်ထုတ်ပြီး ရယ်နေသည်။

'ဟုတ်ပါတယ်၊ အေးမ အစ်ကို့ကို မညာပါနဲ့၊ အထင်သေးလို့ပေါ့၊ အေးမနဲ့ အစ်ကို လူချင်း လဲချင်တယ်လို့တောင် ပြောလိုက်သေးတယ်၊ ခားမြှောင်ကိုအစ်ကို ဘာလုပ်ဖို့ ယူမှာလဲ ဆိုတာရယ်၊ အေးမနဲ့အစ်ကို လူချင်းလဲချင်တယ်ဆိုတဲ့ စကားရယ်၊ ဒီစကားနှစ်ခုကို ဆက်စပ်ကြည့်လိုက်တော့ အေးမ အစ်ကို့ကို အထင်သေးတယ် ဆိုတာ ရှင်းနေတာပဲ အဓိပ္ပာယ်က အစ်ကိုနဲ့ ခားမြှောင်နဲ့ မဆိုင်ပါဘူး၊ ထမီဝတ်ထားပါ ဆိုတဲ့ သဘောပဲ မဟုတ်ဘူးလား'

'ဒီလိုဆိုလိုတာတော့ မဟုတ်ပါဘူး၊ အစ်ကို့ကို အားမရလို့ ပြောတာပါ'

'ထားပါတော့လေ၊ အားမရတာပဲခေါ်ခေါ်၊ အထင်သေးတာပဲ ခေါ်ခေါ်၊ အဓိပ္ပာယ်ကတော့ အတူတူပါပဲ၊ ဒါပေမယ့် အဲဒီတုန်းက အစ်ကိုပြန်ပြောလိုက်တဲ့ စကားကိုကော အေးမ မှတ်မိသေးရဲ့လား'

www.burmeseclassic.com



'ဟင့်အင်း'

'အေးမက မိန်းကလေးဆိုတော့ ပါးရိုက်ရုံလောက်နဲ့ ကိစ္စပြီးတယ်၊ ယောကျ်ားလေးဆိုရင်တော့ ပါးရိုက်ရုံနဲ့ ကိစ္စ မပြီးတော့ဘူးလို့ အစ်ကိုပြောခဲ့တယ်လေ'

'အင်း အင်း မှတ်မိပြီ၊ ယောကျ်ားတွေ တကယ်လုပ်ရင် လူသတ်မိတဲ့အထိ ဖြစ်မယ်ပေါ့'

'ဒီပြင် ယောကျ်ားတွေအတွက်တော့ အစ်ကို မပြောတတ်ဘူး၊ အစ်ကို့စိတ်က စိတ်ရိုင်းစိတ်ကြမ်း၊ ဒီစိတ်ရိုင်း စိတ်ကြမ်းကို စိတ်ယဉ်စိတ်နုဖြစ်အောင် ကိုယ့်ဖာသာကိုယ် မနည်းမွေးခဲ့ရတယ်၊ အရင်စိတ်မျိုးနဲ့သာဆိုရင် အဲဒီညက လူသတ်မှု ဖြစ်ခဲ့မှာ အမှန်ပဲ၊ မဟူရာချောင်းဘေးတုန်းကလဲ ဟိုကောင် နှစ်ယောက်ကို ဓားနဲ့ အသေထိုးသတ်မလို့၊ ကိုဖေခင် ဆွဲနိုင်လွန်းလို့ လူသတ်မှု မဖြစ်တာ'

အေးမက ပြန်စဉ်းစားသည်။ မဟူရာချောင်းဘေးတွင် သူနှင့် မစန်းရင်ကို အထမ်းသမားနှစ်ယောက်က ဗလက္ကာယပြုရန် ကြံစည်သည့် မြင်ကွင်းကို ပြန်၍ မြင်ယောင်သည်။ ဟုတ်သည်။ သည်လိုကျတော့လည်း ကိုမြင့်သည် သူထင်သလို သတ္တိကြောင်သူမဟုတ်၊ သည်းခံတတ်သူ မဟုတ်။

'အရင်တုန်းကတော့ သည်းခံနိုင်ရင် ခွင့်လွှတ်နိုင်ရင် ကောင်းတယ်လို့ ထင်ခဲ့တယ်၊ ခုတော့ အစ်ကို သည်းမခံနိုင်ဘူး၊ ခွင့်မလွှတ်နိုင်ဘူး၊ ဟုတ်တယ်၊ ကိုယ့်ကို စော်ကားသူ၊ ဖိနှိပ်သူ၊ နိုင်ထက်စီးနင်း လုပ်သူကို ဘာဖြစ်လို့ သည်းခံရမှာလဲ၊ ဘာဖြစ်လို့ ခွင့်လွှတ်ရမှာလဲ သည်းမခံနိုင်ဘူး၊ ခွင့်မလွှတ်နိုင်ဘူး'

ကိုမြင့်အသံက ကျယ်သွားသဖြင့် အေးမပင်လျှင် လန့်သွားသည်။ ကိုမြင့်မျက်နှာထားက တင်းမာနေသည်။ မျက်လုံးများက ဝင်းဝင်းတောက်နေကြသည်။

ကိုမြင့်က သက်ပြင်းချသည်။

'ဘဝ အမျိုးမျိုးမှာ အစ်ကို ကျင်လည်ခဲ့ဖူးပြီ အေးမရေ့၊ ထောင်ထဲအချုပ်ထဲလဲ သုံးကြိမ် သုံးခါလောက် ရောက်ခဲ့ဖူးပြီ၊ ထမင်းကလေး တစ်လုတ်တော့ ဘာလုပ်လုပ် စားရမှာပဲလို့ အစ်ကို စိတ်ကူးယဉ်ခဲ့တယ်၊ မျှော်လင့်ချက်ကြီးတွေ ထားခဲ့တယ်၊ ခုတော့ လေထဲက တိုက်အိမ်ကြီးဟာ ပြိုကျသွားပြီ၊ မျှော်လင့်ချက်တွေဆိုတာလဲ ရေထဲမျောသွားပြီ၊ ဘာပဲလုပ်လုပ် ထမင်းတစ်လုတ် စားရတယ်လို့ ထင်ခဲ့ပေမယ့် ခုတော့ လုပ်တိုင်း မစားရသေးဘူး၊ ဒါကြောင့်မို့ မှောင်ခိုလုပ်တဲ့သူ မှန်သမျှကို သိမ်းကျုံးပြီး အစ်ကိုအထင်သေးခဲ့တယ်၊ မှောင်ခို

www.burmeseclassic.com


မှန်သမျှဟာ အကျင့်စာရိတ္တပျက်နေသူတွေ၊ ကရုဏာတရား ခေါင်းပါးသူတွေ၊ အမြတ်ကြီးစားတွေလို့ အစ်ကိုထင်ခဲ့မိတယ်၊ အပေါ်ယံကိုသာ ရှပ်ကြည့်ခဲ့တာကိုး၊ ဒါပေမယ့် တကယ် အတွင်းနှိုက်ကြည့်လိုက်တဲ့အခါကျတော့ မှောင်ခိုသမားအများစုဟာ ထမင်းတစ်လုတ်ကို ကြက်ယက်သလို ရှာစားနေရသူတွေ၊ ကြံရာမရလို့ လုပ်ကိုင်စားနေကြရသူတွေဆိုတာ အစ်ကိုမြင်လာတယ်၊ မှောင်ခိုသမားကိုကြည့်တဲ့နေရာမှာ အမြတ်ကြီးစားပြီး လူတွေကို မတရားသဖြင့် ခေါင်းပုံဖြတ်သွေးစုပ်နေတဲ့ မှောင်ခိုကုန်သည်ကြီးတွေနဲ့ ကြက်ယက်သလို အပြေးပြေး အလွှားလွှား၊ အထိတ်ထိတ်အလန့်လန့် ရှာဖွေစားနေကြရတဲ့ အရင်းမဲ့ အလုပ်လက်မဲ့ မှောင်ခိုသမားကလေးတွေကို ခွဲခြား မြင်တတ်လာတယ်၊ လူတွေကို သွေးစုပ်အမြတ်ကြီးစားနေတာဟာ အဲဒီမှောင်ခိုကလေးတွေ မဟုတ်ပါဘူး၊ မာစီဒီးကြီးတွေ၊ ကိုရိုလာကားကြီးတွေပေါ်မှာ ထိုင်ပြီး သိန်းသောင်းချီ လုပ်နေတဲ့ အမြတ်ကြီးစားတွေပါ၊ တိုင်းပြည်ကြီး ဘယ်လိုဖြစ်ဖြစ် သူတို့မှာ ဘေးမသီ ရန်မခ၊ ဖိမ်နဲ့နေနိုင်ကြတယ်၊ မှောင်ခိုသမားလေးတွေမှာသာ ဘဝဆုံးသူဆုံး၊ အသက်ဆုံးသူဆုံးနဲ့ ခံစားခံသွားကြရတယ်၊ အစ်ကို့ သူငယ်ချင်း ကိုဖေခင်ကိုပဲ ကြည့်လေ'

ကိုမြင့် ရင်သည် လှိုက်လာသည်။ ကိုဖေခင်အတွက် သူစိတ်မကောင်း၊ နေ့စဉ် ကိစ္စဝိစ္စတွေကြောင့် ကိုဖေခင့်အကြောင်းကို မေ့မေ့ပျောက်ပျောက် ရှိခဲ့သည့်တိုင်၊ ပြန်တွေးလိုက်တိုင်း ရင်နာသည်။

'သူ့အကြောင်းကို အစ်ကို အသိဆုံးပါ၊ တကယ့်လူရိုးတစ်ယောက်၊ သူ့ဦးလေးက ကိုးတန်းအောင်သည်အထိ ကျောင်းထားပေးခဲ့တယ်၊ ကိုးတန်းအောင်တော့ ဂျီတီအိုင်တက်ခွင့်ရတယ်၊ စာမေးပွဲကျတော့ ထောက်ပံ့ကြေးမရတော့ဘူး၊ ကိုယ့်စရိတ်နဲ့ကိုယ် မနေနိုင်ဘူး၊ ကျောင်းကထွက်ခဲ့ရတယ်၊ ကျောထောက်နောက်ခံလဲ မရှိ၊ အကပ်အရပ်တို့ ဘာတို့လဲ မရှိတော့၊ ဘာအလုပ်မှ မရခဲ့ဘူး၊ ဒီတော့ ရန်ကုန်လမ်းဘေး ပလက်ဖောင်းမှာ စာအုပ်အဟောင်း ရောင်းခဲ့ဖူးတယ်၊ လမ်းဘေးမှာ လက်ဖက်ရည် ရောင်းခဲ့ဖူးတယ်၊ ရှာလပတ်ရည် ရောင်းခဲ့ဖူးတယ်၊ ဓာတ်ဘော်လီ ရောင်းခဲ့ဖူးတယ်၊ စက္ကူအိတ် ရောင်းခဲ့ဖူးတယ်၊ အိုအလုပ်မှ စုံနေတာပဲ၊ နောက်ဆုံး သစ်ချောက်မိုင်းမှာ ရတယ်၊ ကံမကောင်းတော့ လူလျှော့တဲ့အထဲ ပါသွားတယ်၊ ဒီမှာတွင် မှောင်ခိုလုပ်တယ်၊ နောက်ဆုံးပဲဟဲ့ဆိုပြီး ဦးကျင်စိန် ပစ္စည်းတွေကို ကယ်ရီယာလုပ်တယ်၊ ဘာဖြစ်သွားသလဲ၊ ထောင်လေးနှစ်ကျသွားတယ်၊ ဒါပေမယ့် ဦးကျင်စိန် ဘာမှမဖြစ်ဘူး၊ မာစီဒီးကြီး စီးမြဲပဲ၊ ဂျင်ကစားမြဲပဲ၊ အရင်တုန်းကလို မှောင်ခိုလုပ်မြဲပဲ၊ သက်သေခံ အထောက်

www.burmeseclassic.com



အထား မရှိတော့ သူ့မှာ ဘာမှ မဖြစ်ဘူး၊ ကိုဖေခင်တို့သာ သူ့အတွက် ခံစားခံ ဖြစ်သွားကြရတာ၊ သူ့အဖို့တော့ ဘာအရေးလဲ ဒီလူမရှိရင် နောက်လူရှာရုံပဲ၊ တကယ်က ကိုဖေခင်တို့ဟာ မာစီဒီးကားကြီး အနင်းခံလိုက်ရတဲ့ ကျောက်စရစ်ခဲကလေးတွေပါ၊ ကိုဖေခင်တို့တွင် မဟုတ်ပါဘူးလေ၊ အေးမတို့လဲပဲ မာစီဒီးတွေ၊ ကိုရိုလာတွေ အကြိတ်ခံနေရတဲ့ ကျောက်စရစ်ခဲကလေးတွေပါပဲ၊ အကြိတ်ခံဖန်များတော့ အမှုန့်ဖြစ်ပြီး လောကကြီးက ဒီလိုနဲ့ မထင်မရှား ပျောက်ကွယ်သွားကြရမှာပါ'

'အစ်ကိုကကော'

'အစ်ကိုကကော ဘာသားနဲ့ထုထားတာမို့လဲ၊ ဒီလိုပဲ မာစီဒီးတို့၊ ကိုရိုလာတို့ အကြိတ်ခံရပြီး လွင့်စင်သွားရမှာပဲပေါ့၊ အစ်ကို့ကိုပဲ ကြည့်လေ'

ကိုမြင့်က လမ်းမဘက်သို့ လှမ်းကြည့်လိုက်သည်၊ ကျောက်ကာ လမ်းမကြီးပေါ်တွင် ကုန်ကားကြီးများ၊ မြင်းလှည်းများ၊ ဆိုက်ကားများ စက်ဘီးများ ဥဒဟို သွားလာနေကြသည်။

'အစတုန်းကတော့ မှောင်ခိုမလုပ်ဖူးလေး ဘာလေးနဲ့ ပြောခဲ့ဖူးတယ်၊ ခု ဘာဖြစ်နေပလဲ၊ တဖြည်းဖြည်းနဲ့ ဖိုးသူတော်ဖြစ်နေမှန်းမသိ ဖြစ်နေပြီ မဟုတ်လား၊ အစ်ကို့မှာ ခုခံနိုင်အား မရှိတော့ဘူး၊ ဗိုက်က စကားပြောလာပြီ၊ ဒီအလုပ်ကိုပဲ လုပ်ရတော့မှာပဲ၊ ဒီအခြေအနေမှာ အစ်ကို့အဖို့ တခြားလမ်း မရှိတော့ဘူး၊ အစ်ကိုထင်ပါတယ်၊ အလုပ်လက်မဲ့ ဖြစ်နေကြတဲ့ လူ တော်တော်များများဟာ အစ်ကို့လိုပဲ ဒီအလုပ်ကို မလုပ်ချင်ဘဲ လုပ်နေကြရတာပဲလို့ အစ်ကိုထင်ပါတယ်၊ ကုန်ဈေးနှုန်းတွေကကြီး၊ ဝင်ငွေကမရှိ၊ အလုပ်ကမရှိတော့ လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ၊ ဒီအလုပ်ကိုပဲ လုပ်နေကြရတယ်၊ အခု အစ်ကို ဒီအလုပ်ကို မလုပ်ချင်ဘူး၊ မလုပ်ခဲ့ဘူး၊ ဒါကို အေးမသိတယ်၊ ဒါပေမယ့် အစ်ကိုလုပ်ရတော့မယ်၊ ဒီအလုပ်မှအပ တခြား ဘာမှလုပ်စရာမရှိတော့ ဒါကိုပဲ လုပ်ရတော့မယ်၊ ဒီအချိန်မှာ အစ်ကို့ ဝမ်းရေးပြဿနာကို ဖြေရှင်းဖို့ရာ ဒီနည်းလမ်းမှအပ တခြားနည်းမရှိဘူး'

'အစ်ကို ဘာအရောင်းအဝယ်လုပ်မယ်လို့ စိတ်ကူးသလဲ'

'ဘာဖြစ်ဖြစ်လုပ်မယ်၊ ဘယ်လိုအရောင်းအဝယ်မျိုးဖြစ်ဖြစ် လုပ်တော့မယ်၊ အေးမတို့ကို ပြောပြီးပါပကော၊ ဘယ်လိုအလုပ်မျိုးကိုမှ မရှောင်တော့ဘူးလို့၊ ရှောင်နေလို့ အကျိုးမှ မထူးတာ၊ ဘာဖြစ်လို့ ရှောင်နေရဦးမှာလဲ၊ သူတစ်ပါး မျက်ရည်ပေါက် ကြီးငယ်ကျမှ ထမင်းစားရမယ်ဆိုရင် သူတစ်ပါး မျက်ရည်ကြီး

www.burmeseclassic.com


ငယ်ကျအောင် လုပ်မယ်၊ လိမ်မှ ထမင်းစားရမယ်ဆိုရင်လဲ လိမ်မယ်၊ ထမင်းတစ်လုတ်စားရဖို့ ဆိုရင် အကုန်လုပ်မယ်'

ကိုမြင့် အပြောင်အပြက်ပြောနေခြင်း ဟုတ်ဟန်မတူ၊ သူ့မျက်နှာထားက တည်သည်။ မျက်လုံးများက လေးနက်စူးရှသည်။

ကိုမြင့်ကို ကြည့်၍ ဝမ်းသားရမည်လော၊ ဝမ်းနည်းရမည်လော၊ အေးမ မဝေခွဲနိုင်၊ သူနှင့် ပထမတွေ့စဉ်က ကိုမြင့်သည် အလွန် စောင့်စည်းသူ၊ အလွန် အစဉ်းစားကြီးသူ၊ ယခုမူ၊ ဘာကိုမျှ စောင့်စည်းလိုဟန် မတူတော့၊ စဉ်းစားချင့်ချိန်လိုဟန် မတူတော့။

'အစ်ကို လူတစ်ယောက်နဲ့ အလုပ်တစ်ခုလုပ်ဖို့ စိတ်ကူးထားတယ်၊ အလုပ်ဖြစ်ပါလိမ့်မယ်၊ လုပ်ဖြစ်ရင် မုံရွာကို တော်တော်နဲ့ ပြန်ရောက်ဦးမှာ မဟုတ်သေးဘူး၊ တစ်လလောက်တော့ ကြာလိမ့်မယ်ထင်တယ်၊ အဲဒါ အေးမတို့ကို လာနှုတ်ဆက်တာပဲ'

'ဘာလုပ်မလဲ၊ ဘယ်ကိုသွားမှာလဲ'

ကိုမြင့်က ခေါင်းရမ်းပြသည်။

'ဘာလုပ်မယ်လို့လဲ မပြောနိုင်သေးဘူး၊ ဘယ်ကိုသွားမယ်လို့လဲ မပြောနိုင်သေးဘူး'

ထိုစဉ် အိမ်ရှေ့တွင် ထွန်စက်တစ်စီး ထိုးရပ်သည်။ ကိုတင်ထွန်းက သူ့ထုံးစံအတိုင်း အော်ကျယ်ဟစ်ကျယ်ဖြင့် အေးမကို လှမ်းနှုတ်ဆက်နေသည်။ ခါတိုင်းလို ချည်ကြမ်းလုံချည်ဟောင်း၊ စစ်အင်္ကျီအဟောင်း၊ စစ်ဦးထုပ် အဟောင်းကို ဆောင်းလျက် အသားက နေလောင်ထားသဖြင့် ညိုလျက်၊ ကွမ်းစားထားသဖြင့် သူ့သွားများက ခါတိုင်းလို မဲနက်လျက်။

ကွမ်းအစ်ထည့်ထားသည့် လွယ်အိတ်ကို ဖြေ၍ ကွမ်းယာနေသည်။ ထွန်စက်နောက်တွဲမှ ဆင်းလာသော တိုးကိုလည်း လှမ်းမြင်လိုက်ရသည်၊ မိန်းမကြီးနှစ်ယောက် သုံးယောက်နှင့် မိန်းကလေးအချို့ နောက်တွဲပေါ်တွင် ပါလာကြသည်။ ဈေးဝယ်လာသူများ ဖြစ်ဟန်ရှိသည်။ တောင်းတွေ ပလုံးတွေဖြင့်။

'ကိုတင်ထွန်းကြီး အိမ်ပေါ် မတက်တော့ဘူးလား'

'မတက်တော့ဘူးဟေ့၊ လမ်းမှာ ဝင်စရာလေးရှိလို့၊ လပြည့်ကျော်ရင် ဘုရားဆွမ်းချက် လာဦးမလား'

'လာမယ် လာမယ်'

'အရီးကိုပါ ခေါ်ခဲ့ဟေ့'

www.burmeseclassic.com



'အမေက ခုတလော ရင်ပြန်ကျပ်နေလို့၊ နေကောင်းရင် ခေါ်လာခဲ့မယ်၊ ရွာက သမဝါယမမှာ ဘာပစ္စည်းတွေ ထုတ်သေးသလဲ'

'ခုတော့ ဘာမှ မရသေးဘူး၊ သွားမယ်ဟေ့'

ထွန်စက်က ကျယ်လောင်သော စက်သံကိုပြုကာ ထွက်သွားသည်။

တိုးက ရွာက ယူလာသည့် မြေပဲဆန်ကြော်၊ ထန်းလျက်ခဲ၊ လက်ဖက်ရည်ကြမ်းတို့ဖြင့် ဧည့်ခံသည်။

သူတို့ညီအစ်မနှစ်ယောက် ယှဉ်ကြည့်သည်၌၊ ရုပ်ချင်းဆင်သည့်တိုင် ကွာခြားချက်ကလေးတွေ ရှိကြသည်။ အေးမ၏ အလှက ရဲတင်းသည်။ ရွှေဘော်ထိုးပြီး အရောင်တင်ထားသည့် သစ်သားလို ဝင်းလက်သည်။ ယောက်ျားတကာတို့၏ မျက်လုံးများဖြင့် ရွှေဘော်ထိုးခံရသဖြင့် ပြောင်လက်ရဲတင်းသော အလှမျိုးဖြစ်သည်။ တိုး၏အလှက နဂိုပကတိ။ မပြုမပြင်လှသော အလှအရိုင်း။ အလှအရိုးခံ။

စကားအနည်းငယ် ပြောပြီးနောက် နှုတ်ဆက်၍ ကိုမြင့် ပြန်ခဲ့သည်။

သူပြန်တော့ လမ်းဓာတ်မီးတိုင်တွေ လင်းစပြုပြီ။

လမ်းမီးများက ဖျော့ဖျော့မှိန်မှိန်၊ ဆည်းဆာသည် ဝိုးတိုးဝါးတား။

()

www.burmeseclassic.com

၃၅

နေ့လယ်က ဦးမြမင်းတို့တိုက်မှ ပြန်ခဲ့သည်။

သည်တိုက်ကို အေးမ မရောက်သည်မှာ ကြာပြီ။ ကြာဆို လွန်ခဲ့သည့် ငါးနှစ်ကျော်ကျော်၊ သူထွက်လာပြီးကတည်းက တစ်ခေါက်မျှ မရောက်တော့။ သူတို့ကျေးဇူးကို အေးမ မသိတတ်၍ မဟုတ်။ ကျေးဇူးကန်း၍ မဟုတ်။ သူ့ကို ထမင်းကျွေး၍ ကျောင်းထားပေးခဲ့သည့် ကျေးဇူးသည် သူ့အပေါ် အထိုက်အလျောက် ရှိခဲ့သည်။ သည်အချက်ကို အေးမ မငြင်း၊ သူတို့ကျေးဇူးကို သိသိမှတ်မှတ် ပြန်မဆပ်နိုင်သည့်တိုင် သူတို့ ကျေးဇူးကို အေးမ မမေ့။ သို့ရာတွင် ဦးမြမင်းတို့ကို သူစိတ်နာသည်။

ရာဇဝတ်မှုကြီးတစ်ခု သူ့အဖေ ကျူးလွန်ခဲ့ရခြင်း၌ အဓိက လက်သည်သည် အကုသိုလ် ရေးကံဟောင်းဟု ဆရာတော်က ပြောခဲ့သည်။ အေးမက သည်အချက်ကို ကျူးလွန်ခဲ့ခြင်း၌ အဓိက လက်သည်သည် အဖေသာ ဖြစ်လိမ့်မည်။ သူတို့မိသားစု ဖရိုဖရဲဖြစ်ခဲ့ရခြင်း၌ အဓိက တာဝန်ရှိသူသည်လည်း အဖေဖြစ်လိမ့်မည်ဟု အေးမ ထင်နေသည်။ ဘယ်သူမပြု မိမိမှုဟူသော စကားကို အေးမ ကြားခဲ့ဖူးသည်။ ထို့ကြောင့် ဖြစ်သမျှအတွက် ကံကိုလည်း ယိုးမယ်ဖွဲ့စရာမလို။ မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း ပုံချရန်မသင့်။ ကိုယ်သာလျှင် တရားခံဖြစ်သည်ဟု ယခင်ကလည်း အေးမ ထင်ခဲ့သည်။ ယခုလည်း သည်အတိုင်း ထင်နေဆဲ ဖြစ်သည်။

ကိုမြင့်ကမူ အဓိက လက်သည်သည် ကံတရားလည်း မဟုတ်။ ဆရာတော် ဦးခေမာ အလောင်းအလျာ ဗိုလ်ချစ်ဖုန်းလည်း မဟုတ်။ ထိုစနစ်ကြီးကို ဖန်တီး၍ ထိုခေတ်ကြီးကို ကြီးစိုးခဲ့သူ ဦးမြမင်းတို့လို လူစားတွေဖြစ်သည်ဟု ပြောခဲ့ဖူးသည်။ ကိုမြင့်စကားကို ထိုစဉ်ကလည်း အေးမ လက်မခံခဲ့။ ယခုလည်း လက်မခံသေး။

www.burmeseclassic.com


သို့ရာတွင် ကိုမြင့် စကားများသည် စဉ်းစားစရာ ကောင်းသည်။ သူ့အဖေ ဗိုလ်ချစ်ဖုန်း၏ နောက်ကွယ်တွင် ဦးမြမင်းရှိသည်။ သို့ဆိုလျှင် ဗိုလ်ချစ်ဖုန်းသည် ဦးမြမင်း၏ စေခိုင်းချက်အရ သည်ရာဇဝတ်မှုကြီးကို ကျူးလွန်ခဲ့ခြင်းဖြစ်ဖြစ်ကောင်း ဖြစ်နိုင်သည်။ အထူးသဖြင့် နေလင်းအောင် စေခိုင်းသမျှ လုပ်ပေးနေရသည့် သူ့အဖြစ်ကို ပြန်တွေးမိသည့်အခါ သူ့အဖေ ဗိုလ်ချစ်ဖုန်းသည်လည်း ဦးမြမင်း၏ စေခိုင်းသမျှကို လုပ်ခဲ့ရကောင်း လုပ်ခဲ့ရလိမ့်မည်။ သည်အတိုင်းမှန်လျှင် ကိုမြင့်၏ တွက်နည်းသည် မှန်နိုင်သည်။

မည်သို့ရှိစေ၊ ဦးမြမင်းတို့တိုက်ကိုတော့ အေးမ စိတ်နာသည်။ အကြောင်းကြောင်းကြောင့် နေလင်းအောင်နှင့် အလုပ်အတူတူ လုပ်နေရသည့်တိုင် ဦးမြမင်းတို့တိုက်သို့ တစ်ခေါက်မျှ မရောက်။ ရောက်စရာလည်း အကြောင်းမရှိ။ အဖေ့ကိစ္စမပါဘဲဖြင့်ပင် ဦးမြမင်းတို့အပေါ် စိတ်နာစရာတွေ ရှိနေပြီ။

သူတို့တိုက်တွင် အေးမ နှစ်မိုးနေခဲ့သည်။ ကျောင်းထားပေးသည့်တိုင် သူ့ဘဝသည် ထမင်းစား ကျွန်ခံဘဝ၊ မျက်နှာကောင်း နည်းနည်းကလေးမျှ မရခဲ့၊ ကျောင်းတက်ချိန်ကလေးမှအပ၊ အလုပ်နှင့် လက်မပြတ်အောင် လုပ်ခဲ့ရသည်။ အိမ်ရောက်လျှင် စာကျက်ချိန်ဆို၍ တစ်မိနစ်မျှမရ။ စားရတော့လည်း မဝရေစာမျှသာ ယခု ပြန်တွေးတော့ သူ့ကို ကျောင်းထားပေးခဲ့သည်ကပင် သဘောရိုးဖြင့် ဟုတ်မှဟုတ်ပါလေစဟု သံသယဖြစ်ချင်သည်။ သူတို့ကိုယ်စား သူ့အဖေ ကျူးလွန်ပေးခဲ့ရသည့် ရာဇဝတ်မှုကြီးအတွက် အဖိုးအခပေးခြင်း ဖြစ်မည်လော မဆိုနိုင်။

ဦးမြမင်းတို့ တိုက်ပေါ်က သူဆင်းခဲ့ရခြင်း၌ သူ့အပြစ်လုံးဝမရှိ။ သူတို့သမီး သူ့ဖာသာ ရည်းစားထားသည်ကို သူက အောင်သွယ်ပေးသည်ဟူသော အထင်ဖြင့် သူ့ကို နှင်ချခဲ့ခြင်း ဖြစ်သည်။ သည်အချက်ကို အေးမ ဘယ်တော့မှ မမေ့၊ ဆင်းတော့လည်း ကောင်းကောင်းမွန်မွန် ဆင်းခဲ့ရသည်မဟုတ်။ ပါးတစ်ချက် အရိုက်ခံခဲ့ရပြီးမှ ဆင်းခဲ့ရခြင်း ဖြစ်သည်။ လူကြီးတွေကလည်း သည်ကိစ္စကို သိလျက်နှင့် မသိကျိုးကျင် ပြုခဲ့ကြသည်။ သူတို့သမီးက လွန်မှန်းသိလျက် သူကပင် ဆိုးလွန်း၍ ပါးရိုက်ခံရသယောင် သတင်းလွှင့်ခဲ့ကြသည်။ သည်အချက်ကို အေးမ စိတ်အနာဆုံး ဖြစ်သည်။

ထို့ကြောင့် သူတို့တိုက်က ဆင်းလာခဲ့ပြီးနောက်၌ အေးမ သူတို့တိုက်ကို တစ်ခေါက်မျှ မရောက်တော့။ နေလင်းအောင်၏ ဘော်ဒါအဖြစ် အလုပ်လုပ်နေသည့်တိုင် သူတို့တိုက်သို့ တစ်ခေါက်မျှ မသွား။

www.burmeseclassic.com


နေ့လည်ကမူ အိမ်ရှေ့သို့ နေလင်းအောင် စီးနေကျ ဂျစ်ကားအနီကလေး ထိုးဆိုက်သည်။ ဂျစ်ကားပေါ်တွင် နေလင်းအောင်ကို မတွေ့ရ။ ကားမောင်းလာသူက ဦးမြမင်း၏ ဒရိုင်ဘာ ကိုငွေမောင်း ဖြစ်သည်။ ဆရာကြီး ဦးမြမင်းက အခေါ်လွှတ်လိုက်၍ဟု ဆိုသည်။

အေးမ မငြင်းသာ။

အဝတ်အစား ကမန်းကတန်းလဲပြီး လိုက်သွားသည်။ သူ့ကို ဦးမြမင်းက ဘာကြောင့်ခေါ်သနည်း။ သူစဉ်းစား၍ မရ။ ကိုယ်ရေးကိုယ်တာကြောင့်လော။ သူသိသလောက် သူနှင့် ဦးမြမင်းအကြားတွင် သင်္ကာရှင်းစရာ၊ တွေ့ဆုံစကားပြောစရာအကြောင်း ဘာမျှမရှိ။ သို့ဖြစ်လျှင် အလုပ်အကိုင်အတွက်လော၊ သည်အချက်လည်း မဖြစ်နိုင်။ အလုပ်အကိုင်နှင့် ပတ်သက်၍ ဦးမြမင်းနှင့် သူတစ်ခါမျှ စကားမပြောစဖူး။ ဦးမြမင်းတို့လို လူမျိုးကလည်း သူ့လို 'ဘော်ဒါ'ကလေး တစ်ယောက်ကို ရေးကြီးခွင်ကျယ် လုပ်၍ စကားပြောစရာ အကြောင်းမရှိ။ ပြောစရာရှိသည့်တိုင် နေလင်းအောင်မှ တစ်ဆင့် ပြောနိုင်သည်။ ပြောစရာရှိလျှင် ဆူးလေကုန်းက နေလင်းအောင်တိုက်မှာ ပြောနိုင်သည်။

လက်မှ တီတိုနီမိန်းမပတ်နာရီကို အေးမ ငုံ့ကြည့်သည်။ ဆယ့်နှစ်နာရီ ကျော်ကျော်သာ ရှိသေးသည်။ ဦးမြမင်းသည် အလွန်စနစ်ကြီးသူ၊ တိကျသေချာသူ ဖြစ်သည်။ နံနက်စာစားချိန် ဆယ်နာရီ ထိုးပြီးသည်နှင့် တိုက်အပေါ်ထပ်သို့ တက်၍ အိပ်စက်အနားယူတတ်သည်။ သည်အတောအတွင်း အကြောင်းထူးမရှိလျှင် မည်သည့် ဧည့်သည်ကိုမျှ လက်ခံတွေ့ဆုံလေ့မရှိ။ မည်သည့်အလုပ်ကိုမျှ မလုပ်။ အကြောင်းကိစ္စကြီးငယ် မရှိလျှင် သည်ဇယားကို အပျက်မခံ။

ယခု အေးမကို အရေးတကြီး အခေါ်ခိုင်းသည်ဆိုတော့ အရေးတကြီး အကြောင်းကိစ္စတစ်ခုရှိရမည်။ သို့ရာတွင် အကြောင်းကိစ္စသည် ကိုယ်ရေးကိုယ်တာ ကိစ္စလော၊ အလုပ်အကိုင် ကိစ္စလော။

အေးမ မဝေခွဲတတ်။

တိုက်ရှေ့တွင် ဦးမြမင်း၏ ခန့်ညားသော ကားနက်ကြီးရပ်ထားသည်။ အေးမ ယခင်က မြင်ဖူးသော ကား မဟုတ်တော့၊ ယခု ကားကြီးက မာစီဒီး ကားကြီးဖြစ်သည်။

သူ့ကို ကိုငွေမောင်းက တိုက်ရှေ့ဧည့်ခန်း အသေးစားကလေးထဲသို့ ခေါ်သွားသည်။ ဧည့်ခန်းက ကျဉ်းကျဉ်း၊ အေးမ ရှိစဉ်ကတည်းက သည်ဧည့်ခန်း ရှိသည်။ ဧည့်ခန်းကြီးက ဆိုဖာကြီးများ ခင်းထားသည်။ အောက်က မွေးပွကော်

www.burmeseclassic.com



ဇော ခင်းထားသည်။ ဂုဏ်သရေရှိ အထူးဧည့်သည်များကိုသာ ဧည့်ခံသည့် ဧည့်ခန်းကြီးဖြစ်သည်။ အေးမ ထိုင်နေသည့် ဧည့်ခန်းက ဧည့်ခန်းဆောင်ကလေး၊ ကြိမ်ခင်း၊ ကျွန်းသားကုလားထိုင်ပုများသာ ခင်းထားသည့် ဧည့်ခန်း၊ သာမန်ဧည့်သည်များကိုသာ ဧည့်ခံသည့် ဧည့်ခန်း။

သူတစ်ခါက နေခဲ့ဖူးသည့် အိမ်တစ်အိမ်ကို လာရခြင်းနှင့် မတူ၊ တစ်ခါက်မျှ မရောက်ဘူးသေးသော အိမ်ကြီးတစ်အိမ်ကို လာရခြင်းနှင့် တူသည်။ တိုက်ကြီးထဲတွင် နွေးထွေးမှုကို မထိတွေ့ရ၊ အေးစက်စိမ်းဆတ်သော အတွေ့ကိုသာ ခံစားရသည်။ သားရဲတစ်ကောင် အောင်းနေသည့် ကျောက်ဂူကြီး တစ်ခုထဲသို့ ဝင်ရသည့်နှယ် ရှိသည်။

မိနစ်အတန်ကြာ ထိုင်စောင့်နေသည်အထိ မည်သူမျှ မပေါ်လာ၊ မည်သူ၏ အရိပ်အရောင်ကိုမျှလည်း မတွေ့ရ။ အတန်ကြာမှ ခြေသံတဖျတ်ဖျတ် ကြားရပြီး အခန်းဆီးကြားမှ ခေါင်းတစ်လုံး ပြူလာသည်။

အေးမ လှည့်ကြည့်လိုက်တော့ ထိုမျက်နှာပေါ်တွင် အံ့သြသည့် အရိပ်အရောင်ကို ပထမတွေ့ရသည်။ ထို့နောက် အဖက်မတန်သည့် အမူအရာ၊ ထို့နောက် စက်ဆုပ်သည့် အမူအရာတို့သည် ချက်ချင်း ဆက်တိုက်ပေါ်လာကြသည်။ ထိုနောက် ထိုမျက်နှာသည် ခန်းဆီးနောက်ကွယ်သို့ ရုတ်တရက် ပျောက်သွားသည်။ ခြေသံသည် အဝေးသို့ ထွက်သွားသည်။ ထို့နောက် တိုက်အပေါ်ထပ် လှေကားပေါ်သို့ တက်သွားသည်။

သူ မြင်လိုက်ရသည်က မာလာ၏ မျက်နှာ၊ မာန်တက်လျက် ရှိဟန်၊ သူ့ကို အထင်သေးဟန် အထင်းသားပေါ်လျက် ရှိသော မာလာ၏ မျက်နှာ။

မာလာသည် သူ့ကို ယခုတိုင် မခေါ်နိုင်၊ မပြောနိုင် ဖြစ်နေပုံရသည်။

တစ်ခါတုန်းက သူနှင့် မာလာတို့ စကားများခဲ့ကြဖူးသည်။ မာလာက သူ့ကို နေလင်းအောင်ထံ ပြန်စာပေးခိုင်းခဲ့သည်။ အေးမက မပေးနိုင်ဟု ငြင်းသည်တွင် သူများရည်းစားရှိသည်ကို မနာလို၍လောဟု မေးခဲ့သည်။

သည်တုန်းက အေးမ၏ စိတ်သည် ကျွတ်ဆတ်နေခဲ့သည်။ မျက်နှာမွဲမို့ သက်သက်မဲ့ အနိုင်အထက် ကျင့်သည်ဟု သူထင်ခဲ့သည်။

'သူများအိမ်မှာ ထမင်းစားကျွန်ခံ လုပ်နေတာဟာ ပညာတတ်ချင်လို့၊ သူများလို အားအားယားယား ရှိတိုင်း ရည်းစားထားချင်လို့ မဟုတ်ဘူး'ဟု အေးမက ပြောခဲ့သည်။

www.burmeseclassic.com



ဖြန်းကနဲ မြည်သံနှင့်အတူ မာလာ၏ လက်ဝါးက သူ့မျက်နှာပေါ်သို့ ကျလာသည်။ မျက်လုံးတွင် မီးပွင့်သွားသည်။

သူ့ပါးကို မရိုက်စဘူး ယခုတစ်သက်တွင် ဦးဦးဖျားဖျား ပါးရိုက်ခံလိုက်ရပြီ၊ အေးမ နာကြည်းခဲ့သည်။ သို့ရာတွင် အေးမ မည်သို့မျှ မတုံ့ပြန်ခဲ့၊ သူ့ဘဝသူ နားလည်သည်။ အနှိမ်ခံဘဝ၊ အစော်ကားခံဘဝ၊ အဖိနှိပ်ခံဘဝ။

ယယ်ယယ်ကမူ ထိုကိစ္စကို တကယ် အရေးတကြီး ကိစ္စကြီးအဖြစ် ထင်ခဲ့သည်။ ယခု ထိုအဖြစ်အပျက်သည် အတိတ်တွင် မှုန်ဝါးဝါးကျန်ခဲ့ပြီ။ ယခု ပြန်ကြည့်တော့ သူတို့ကိစ္စသည် ဘာမျှ အရေးမကြီး၊ ဘာမျှ ဖြစ်လောက်သော ကိစ္စမဟုတ်၊ အပြင်လောက၊ အရောင်းအဝယ် လောကထဲသို့ အေးမ ရောက်လာသည့်အခါ၌ သည့်ထက် နာကြည်းစရာကောင်းသော အဖြစ်အပျက်၊ သည့်ထက် ခံပြင်းစရာကောင်းသော အကြောင်းကိစ္စ၊ သည့်ထက် ဒေါသထွက်စရာကောင်းသော အရေးအခင်းတို့ကို အေးမ တွေ့ခဲ့ဖူးပြီ။ သည်အဖြစ်အပျက်ကို ကလေးချင်းရန်ဖြစ်သည့် ကိစ္စလောက်မျှသာ အေးမ သဘောထားလိုက်ပြီ။ လောဘ၊ ဒေါသ၊ မောဟတို့ကြောင့် လူကြီးချင်း သတ်ကြသည်ကို အေးမ ကြားခဲ့ ကြုံခဲ့ရပြီ။ သူ့အဖေပင်လျှင် လူကြီးချင်း သတ်ပွဲတွင် တရားခံတစ်ယောက် ဖြစ်ခဲ့ရပြီ မဟုတ်လော။

ထို့ကြောင့် မာလာနှင့် စကားများခဲ့သည့် ကိစ္စကို မမေ့သည့်တိုင် အသေးအဖွဲကလေး တစ်ခုအဖြစ် အေးမ သဘောထားနိုင်ပြီ။ လူကြီးကို စိတ်နာတိုင်း ကလေးကို လိုက်၍ ဗွေယူနေ၍မဖြစ်။

မာလာကို တွေ့လျှင် ပြုံးရန် သူ့ဘက်က အဆင်သင့်။

သို့ရာတွင် ခန်းဆီးကြားက ပြူထွက်လာသည့် မာလာ၏ မျက်နှာက ထန်လွန်းသည်။ မာန်တက်လွန်းသည်။

မာလာ့မျက်နှာက မပြုံး။

သည်တော့ အေးမကလည်း မပြုံး။

မာလာ့မျက်လုံးများက အသွေးအမွေး ပြောင်လက်နေသည့် အေးမ တစ်ကိုယ်လုံးကို ခြေဆုံး ခေါင်းဆုံး ကြည့်သွားသည်။ အေးမကလည်း သူ့မျက်နှာကို တည့်တည့်ကြီး စိုက်ကြည့်နေလိုက်သည်။

မာလာသည် သူ့ပတ်ဝန်းကျင် ဥစ္စာ ကျဉ်းကျဉ်းကလေးထဲကနေ၍ အပြင်လောကကြီးကို အမြင်ကျဉ်းကျဉ်းကလေးဖြင့် မြင်နေသူဟုပင် အေးမထင်လိုက်သည်။ အပြင်လောကကြီးအကြောင်းကို ဘာမျှ နားလည်ဟန်မတူ၊ လူတွေ

www.burmeseclassic.com


မည်သို့မည်ပုံ ရှာဖွေစားသောက်နေကြသည်ကို သိပင်သိဟန် မရှိ၊ အဝတ် အစား အသစ်အဆန်းဝတ်မည်။ မိန်းမနှင့် ပတ်သက်၍ သူ့ယောက်ျားကို သင်္ကာမကင်း ဖြစ်မည်။ ကက်ဆက်နားထောင်မည်။ ရုပ်ရှင်ကြည့်မည်။ သူ့ယောက်ျား မိန်းမပွေလျှင် ဂါထာမန္တရား စီရင်မည်။ စီးပွားရေးကိစ္စ အဆင် မပြေလျှင် အနောက်အယှက်တွေ့လျှင် ဗေဒင်မေးမည်။ ယတြာချေမည်။ တန်ခိုးရှင်၊ သိဒ္ဓိရှင်တို့ကို ဆည်းကပ်မည်။ အရာရှိကတော်တွေနှင့် ပိုကာကစား မည်။

သူတို့တွင် စားဝတ်နေရေးကိစ္စ ဘာမျှ မပူရ၊ အချိန်တွေ ပိုနေသည်။

မာလာသည် သူ့ယောက်ျားကို တခြားလုပ်ချင်ရာလုပ်၊ ဘာမျှမပြော၊ သူကလည်း သူ့နည်းဖြင့်သူ ပျော်ရွှင်မှု ရှာသည်။ နေလင်းအောင်ကိုလည်း သူ့နည်းဖြင့် သူ ပျော်ရွှင်မှု ရှာခွင့်ပေးသည်။ သို့ရာတွင် မိန်းမနှင့် ပတ်သက် လာလျှင်မူ မာလာခွင့်မလွှတ်၊ သည်းမခံ။

နေလင်းအောင် မိန်းမမှုပွေသည်ကို အေးမကြားဖူးသည်။ စိန်ပွဲစားမမ နှင့် မာလာတို့ရန်ဖြစ်သည်ကို သူသိသည်။ တာချီလိတ်တွင် မယားငယ်ထား သည်ကြား၍ မာလာလိုက်သွားသည်ကို သတင်းသန့်သန့် ကြားဖူးသည်။

မာလာသည် သူ့ကို နေလင်းအောင်နှင့်များ သင်္ကာမကင်းဖြစ်သည်လော။ ထို့ကြောင့် သူ့အပေါ်တွင် သည်မျှ မျက်နှာထားတင်းနေခြင်းဖြစ်သလော။

အေးမ ငေးနေဆဲ အနားတွင် လူတစ်ယောက် ဘွားကနဲ ပေါ်လာသဖြင့် လန့်သွားသည်။ အေးမက အလန့်တကြား မော့ကြည့်လိုက်တော့ စူးရှ တောက် ပြောင်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည့် ဦးမြမင်းကို တွေ့ရသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြ သည်။ စကားမပြောမိကြ။ ဦးမြမင်း မျက်လုံးများသည် အေးမ တစ်ကိုယ်လုံး ကို ဖောက်ထွင်းကြည့်နေသယောင် ထင်ရသည်။ မျက်လုံးကို လွှဲဖယ်ခြင်းမပြု၊ စကားလည်း တစ်ခွန်းမျှမပြော။

အေး အနေရကျပ်လာသည်။ ထို့ကြောင့် အားယူ၍ ပြုံးလိုက်သည်။

'ဖေဖေကြီးက ခေါ်တယ်ဆိုလို့ပါ'

အေးမ ရုတ်ကနဲ မတ်တတ်ထရပ်သည်။

'ထိုင် ထိုင်'

ဦးမြမင်းက သူ့စကားကို စိတ်ဝင်စားဟန်မပြ၊ လက်ပြ၍ အထိုင်ခိုင်း သည်။ အေးမ၏အပြုံးကို တုံ့ပြန်ပြုံးဖော်မျှမရ။ မျက်နှာထားက မပြုံးမရီ။ ရှု

www.burmeseclassic.com



တည်တည်။ အခန်းထဲတွင် တိတ်ဆိတ်နေသည်။ မျက်နှာကျက်က ပန်ကာ မြည်သံကိုသာ ကြားရသည်။ တစ်ချက်တစ်ချက်တွင် မြင်းမူလမ်းမကြီးပေါ်က မော်တော်ကားသံများသည် မှန်ပြတင်းကို ဖောက်၍ အခန်းအတွင်းသို့ ဝင်လာကြသည်။

ဦးမြမင်းက လက်နှစ်ဖက်ကို နောက်ပစ်၍ အခန်းတွင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ အစားအစာဝလင်စွာ စားသောက်ပြီးနောက် ဂူထဲတွင် ခြေညောင်းလက်ဆန့် လမ်းသလားနေသော ခြင်္သေ့တစ်ကောင်နှင့် တူသည်။

စတစ်ကော်လာတပ် ပင်နီလက်ရှည်၊ အဖြူကွက်ဘေးကျား ခရုလုံချည်ချောကို ဝတ်ထားပြီး အိမ်တွင်းတွင် စီးသည့် ဂျပန်မြက်ဖိနပ်ကို စီးထားသည်။ ကျန်းမာရေးကို အလွန် ဂရုစိုက်သူတို့၏ ထုံးစံအတိုင်း ဥပဓိရုပ်က နုပျိုဆဲ။ ဝမ်းဗိုက်မသိမသာ စူထွက်နေသည်မှအပ ကိုယ်ခန္ဓာက ပြည့်ဖြိုးတောင့်တင်းဆဲ။

အော်၊ သူ့အဖေဘဝနှင့် ကွာလေခြင်းဟု အေးမ အောင်းမေ့သည်။ သူ့အဖေသည် သူတို့ ကြီးပွားချမ်းသာရေး လမ်းတွင် လက်နက်ကိရိယာကလေး တစ်ခု ဖြစ်ခဲ့ရသည်။ ခွေးသွားစိပ်ကလေးတစ်ခု ဖြစ်ခဲ့ရသည်။ သူတို့စေခိုင်းချက်ကြောင့် လူတစ်ယောက်ကို သတ်ခဲ့ရသည်။ ယခု ထိုခွေးသွားစိပ်ကလေးသည် လွင့်စင်သွားရပြီ။ အသုံးမလိုသည့်အခါတွင် ထိုခွေးသွားစိပ်ကို အမှိုက်ပုံထဲသို့ ပစ်ချလိုက်ကြပြီ။

သူ့အဖေသာလော။

သူ့အဖေမျှမက သူကိုယ်တိုင်လည်း သူတို့၏ ကြီးပွားချမ်းသာရေး လမ်းတွင် ခွေးသွားစိပ်ကလေးတစ်ခု ဖြစ်နေပြီ မဟုတ်လော။ ဆွေစဉ်မျိုးဆက် တစ်ခုထဲတွင် အခြား ဆွေစဉ်မျိုးဆက်တစ်ခုက ကျွန်ခံရခြင်းမျိုးသည် ရှေးသရော အခါတုန်းက ရှိခဲ့ဖူးသည်ဟု သူ ကြားခဲ့ဖူး၏။ ယခုခေတ်တွင် အလားတူ အဖြစ်မျိုး၊ အခြား မည်သည့်နေရာတွင် ရှိမည် မရှိမည်ကို ကံသေကံမ မပြောနိုင်သည့်တိုင် သူကိုယ်တိုင်မှု တွေ့နေရပြီ။ သူ့အဖေ ဦးမြမင်းလက်ထဲတွင် ကျွန်ခံခဲ့ရသည်။ ယခု သူက ဦးမြမင်းနှင့် နေလင်းအောင်တို့ထံတွင် ကျွန်ခံနေရပြန်ပြီ။ ရှေ့တွင် သွေးများ ဘယ်နှစ်စက်အထိ ကျွန်ခံနေရဦးမည်မသိ။

'မန္တလေးတုန်းက နင် ဘယ်သူနဲ့တွေ့ခဲ့သေးသလဲ'

ဦးမြမင်းက လမ်းလျှောက်ရာမှ ရုတ်တရက် ရပ်၍ မေးသည်။

သူ့အသံက သိပ်မကျယ်သည့်တိုင် မြည်ဟိန်းသွားသည်ဟု အေးမ ထင်လိုက်သည်။

www.burmeseclassic.com



'ဘယ်သူနဲ့မှ မတွေ့ခဲ့ပါဘူး ဖေဖေကြီး'

ဦးမြမင်းက လက်နှစ်ဖက်ကို နောက်ပစ်၍ အခန်းထဲတွင် လျှောက်မြဲ လျှောက်သည်။ တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေဟန်။ တစ်စုံတစ်ရာ ပြောသင့် မပြောသင့် စဉ်းစားနေဟန်။

'မုံရွာကို ရောက်တော့ကော နင့်အိမ်ကို လူစိမ်းသူစိမ်း ဘယ်သူလာသေး သလဲ'

ဦးမြမင်း၏ မေးခွန်းများကို အေးမ နားမလည်။ မည်သည့်အတွက် သည်မေးခွန်းများကို မေးနေသနည်း။ သူ စဉ်းစား၍မရ။ မည်သို့ပြောရမည်မသိ။

'ရဲတွေ ဘာတွေ မလာဘူးလား'

'ရှင်'

အေးမ ထိတ်ကနဲ ဖြစ်သွားသည်။ ဦးမြမင်းသည် မည်သည့် မေးခွန်းများ ကို မေးနေသနည်း။

'မန္တလေးမှာ လူတစ်ယောက် နင့်နောက်က လိုက်နေတယ်ဆိုတာ ဟုတ် သလား။ ပြောပြစမ်း'

ဦးမြမင်းက နောက်မေးခွန်းတစ်ခုကို ဆက်မေးသည်။ အသံက အမိန့် ပေးသံပါသည်။

'မန္တလေးမှာ အေးမ တည်းခိုခန်းမှာတည်းတော့၊ လူတစ်ယောက် တစ် ခန်းခြားမှာ လာတည်းပါတယ်။ အဲဒီလူကိုတော့ အေးမ သိပ်မကျွမ်းဘူး'

'အင်း ဟုတ်ပြီ၊ ပြောစမ်း'

'မန္တလေးမှာ အေးမ သွားရာကို နောက်က တကောက်ကောက် လိုက် နေပါတယ်။ မုံရွာပြန်တော့လဲ အေးမစီးတဲ့ ကားပေါ်မှာ ပါလာပါတယ်'

'သူ ဘယ်မှာဆင်းသလဲ'

'ကားဂိတ်မှာ ဆင်းပါတယ်။ ဆင်းပြီးတော့ အေးမနောက် လိုက်လာပါ တယ်။ အေးမက ကုန်ခြောက်တန်းဘက် သွားတော့မှ'

ဦးမြမင်းက လက်ကာပြလိုက်သဖြင့် အေးမ ရပ်သွားသည်။ သည် အကြောင်း နေလင်းအောင်ကို ပြန်ပြောပြီးပြီ။ နေလင်းအောင်မှတစ်ဆင့် ဦးမြမင်း သိပြီး ဖြစ်ဟန်တူသည်။ သိပြီးသား အကြောင်းအချက်များကို အချိန်ကုန်ခံ၍ နားထောင်လိုဟန် မတူတော့။

'အဲဒီကောင့်ရုပ်က'

www.burmeseclassic.com


'အရပ်ထောင်ထောင်မောင်းမောင်း၊ အသားမဲမဲ၊ ပခုံးကျယ်ကျယ်၊ ပြီး တော့'

ဦးမြမင်းက လမ်းလျှောက်ရင်းက လက်ဝါးကာပြလိုက်ပြန်သည်။

သည်အကြောင်းကိုလည်း သူသိပြီးသားဖြစ်ပုံရသည်။ ထို့နောက် အိမ်ထောင်ထဲမှာ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်သည်။

'ကြည့်စမ်း၊ ဒီဓာတ်ပုံထဲက လူလား'

အေးမ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

'ဟုတ်၊ ဟုတ်ပါတယ်'

ဓာတ်ပုံက သူတွေ့ခဲ့ရသူ၊ သူ့နောက်လိုက်ခဲ့သူ၏ဓာတ်ပုံ။ အရပ်မြင့်မြင့်၊ ရင်အုပ်ကျယ်ကျယ်၊ မျက်ခုံး ကောင်းကောင်း။

'ဒီလူ သေချာတယ်နော်'

'ဟုတ်ပါတယ်၊ သေချာပါတယ်'

ဦးမြမင်းက အတန်ကြာ စဉ်းစားနေသည်။ ပြောရမည့် စကားလုံးများကို ရွေးချယ်နေဟန် တူသည်။

'ဒီနေ့မနက် ဆူးလေကုန်းက နေလင်းအောင်တို့အိမ်ကို ရဲက ရှာတယ်၊ အဲဒါ နင်သိသလား'

အေးမက အံ့အားတသင့်ဖြင့် ခေါင်းရမ်းသည်။

'မသိဘူးရှင့်'

'နေလင်းအောင်ကို ခု ရဲက ခေါ်စစ်နေတယ်၊ အဲဒါကော သိသလား'

'မသိဘူးရှင့်'

ဦးမြမင်းက သူ့ရှေ့တွင် လာရပ်က ချောင်းတစ်ချက် ဟန့်သည်။

'တိုက်မှာ ဘာမှ ရှာတွေ့မသွားဘူး၊ နေလင်းအောင်ကိုလဲ မေးမြန်းပြီး ပြန်လွှတ်မှာပဲ။ ဘာမှ စိုးရိမ်စရာမရှိဘူး၊ နင့်ကို စစ်လား ဆေးလား လုပ်ချင် လုပ်မယ်။ ဘာမှ မသိဘူးပြော။ ဘာမှ ကြောက်စရာမလိုဘူး။ ကြားရဲ့လား'

ဦးမြမင်း၏အသံက တည်ငြိမ်လေးနက်နေသည်။ မျက်လုံးများက စူးရှတောက်ပြောင်နေကြသည်။ သူ့မျက်လုံးအကြည့်ကို အေးမ မခံနိုင်။ မျက်လုံးကို တခြားသို့ လွှဲလိုက်သည်။ အိပ်မွေ့ချခံရသူလို ဖြစ်နေသည်။ ပါးစပ်ကလည်း အာစေးထည့်ထားသူလို စကားတစ်လုံးမျှ ပြော၍မထွက်။

www.burmeseclassic.com


အေးမက ခေါင်းကို ညိတ်ပြရုံသာ ညိတ်ပြနိုင်သည်။

'ငါသိချင်တာက နင့်နောက်ကို လိုက်လာတဲ့လူဟာ ဒီခါတ်ပုံထဲလူ ဟုတ်သလား၊ မဟုတ်ဘူးလား၊ ဒါပဲ သိချင်တယ်'

'ဟုတ်တယ်ရှင့်'

ဦးမြမင်းက ကပ်လျက်အခန်းထဲသို့ လျင်မြန်စွာ ဝင်ရောက် ပျောက်ကွယ်သွားကာ ချက်ချင်း ပြန်ထွက်လာသည်။ သူ့လက်ထဲတွင် စက္ကူထူထူဖြင့်ထုပ်၍ သားရေကွင်းပတ်ထားသည့် အထုပ်တစ်ထုပ် ပါလာသည်။

'ရော့၊ နင်သုံးဖို့ယူသွား'

အေးမ မည်သို့မျှ မပြောနိုင်။ စက္ကူထုပ်ကို လှမ်းယူသည်။ ကြောက်ခြင်းလော၊ စိုးရိမ်ခြင်းလော၊ ဝမ်းသာခြင်းလော မည်သည့်ခံစားချက်ဟု ဝေခွဲ၍ မရ။ ရင်ကမူ တဒိတ်ဒိတ်ခုန်နေသည်။

'ကဲ ဒါပဲ။ ပြန်နိုင်ပြီ၊ ငွေမောင်းလိုက်ပို့လိမ့်မယ်။ ဣန္ဒြေမပျက်နေ၊ ကိုယ်လုပ်စရာရှိတာကို လုပ်'

'ဟုတ်ကဲ့ရှင့်၊ သွားတော့မယ်ရှင့်'

အေးမက နှုတ်ဆက်၍ လှမ်းထွက်သည်။ ဦးမြမင်းက မည်သို့မျှမပြော။ ခေါင်းညိတ်ရုံသာ ညိတ်ပြသည်။ သူ့မျက်နှာထားသည် တင်းနေသည်။ မျက်မှောင်ကြီးက တွန့်နေသည်။

'ဩော် ဟေ့သူငယ်မ။ ခဏနေဦး'

နှစ်လှမ်းသုံးလှမ်း အရောက်တွင် ဦးမြမင်းခေါ်သံကြောင့်ခြေလှမ်းတုံ့၍ နောက်သို့ လှည့်ကြည့်လိုက်သည်။

'နင့်အမေ ငွေစိန်ကော နေကောင်းရဲ့လား'

'ဟုတ်ကဲ့ရှင့်'

'အေး၊ ဒါပဲ သွားနိုင်ပြီ'

အေးမ လှည့်ထွက်ခဲ့သည်။ အိမ်ပြန်ရောက်တော့ အိပ်ခန်းထဲသို့ဝင်ပြီး တံခါးကိုပိတ်သည်။ စက္ကူထုပ်ကို ဖြေသည်။ အစိတ်တန် အသစ်စက်စက်တွေ၊ အထပ်လိုက်၊ ကပ်လိုက်၊ အရွက်နှစ်ရာတိတိ ရှိသည်။ ငွေငါးထောင်ကြီးများတောင် ပေးလိုက်သည်။

သည်ငွေ ငါးထောင်သည် သူ့ကိုပေးလိုက်သည့် ခိုင်ကြေးလော၊ နှုတ်ပိတ်ခလော၊ မည်သည့်အတွက် ပေးသည့် ငွေမှန်းအေးမ မသိ။ ဦးမြမင်းရှေ့တွင် သူဘာမျှ မမေးရဲ။ သူ့အဖေ၏ လက်ထက်ကစ၍ သူ့လက်ထက်အထိ ဦးမြမင်း

www.burmeseclassic.com


၏ ဩဇာအရှိန်အဝါသည် သူတို့မိသားစုအပေါ်တွင် မသိမသာ ကြီးစိုးနေဆဲဖြစ်သည်ကို တွေ့ရသည်။ ရင်ထဲ နှလုံးထဲက မနှစ်မျို့ခြင်း ဖြစ်မိသည့်တိုင် မျက်နှာချင်းဆိုင်မိသည့်အခါတွင် ဩဇာအရှိန်အဝါကို မပယ်လှန်ရဲ။ ပယ်လှန်ရဲသည့်သတ္တိ သူ့တွင် မရှိ။

ငွေငါးထောင်ရသည့်အတွက် သူ ဝမ်းသာရမည်လော။ ဝမ်းနည်းရမည်လော။ သူမဝေခွဲတတ်။ သူ့ရင်ထဲတွင်မူ ဝမ်းနည်း ဝမ်းသာ ရောထွေးလျက်ရှိသည်။ ငွေငါးထောင်ဆိုသည်မှာ သည်ခေတ်တွင် ဘာမျှဖြစ်လောက်သည့်ငွေမဟုတ်သော်လည်း တစ်လုံးတစ်ခဲတည်းရအောင် ရိုးရိုးသားသား ရှာဖွေဖို့ မလွယ်။ သည့်အတွက်မူ ဝမ်းသာသည်။ သို့ရာတွင် သည်ငွေသည် ထောင်နှုတ်ခမ်းပေါ်ကို ကြိုးတန်းလျှောက်သလို လျှောက်၍ ရခဲ့သည် ဆုလာဘ်ဖြစ်သည်။ ဘဝတစ်ခုလုံး ပုံအပ်၍ ယူခဲ့ရသည့်ငွေ ဖြစ်သည်။

သူ့အဖေသည် လူဆိုးကြီးတစ်ယောက်၊ လူသတ်ခဲ့ဖူးသူတစ်ယောက်၊ သူတို့ကို စွန့်ပစ်သွားသူတစ်ယောက်။ သူတို့ကို ဒုက္ခပင်လယ်ထဲတွင် ပစ်ထားခဲ့သူတစ်ယောက်ဟု အေးမထင်မှတ်ခဲ့ဖူးသည်။ စိတ်နာခဲ့ဖူးသည်။ ဦးမြမင်းလို လူတွေကြောင့် သူ့အဖေ သည်လိုဖြစ်ရသည်ဟု ကိုမြင့်က ပြောခဲ့သည်ကိုပင် လက်မခံခဲ့။

ယခု ကိုမြင့်စကားကို အေးမ လက်ခံချင်လာပြီ၊ ဟုတ်နိုးယောင် ထင်စပြုလာပြီ။

သူပင်လျှင် ဦးမြမင်းတို့ ပေးသော အရိုးအရင်းကလေးကို ကျေနပ်နှစ်သိမ့်ကာ သူတို့စေခိုင်းသမျှကို လုပ်ခဲ့ရပြီ မဟုတ်လော။

သူ့ဘဝ၌ သည်လောက် တစ်ခါမျှ များများစားစား ငွေမရစဖူး။ ဦးမြမင်းတို့ကလည်း သည်လောက် များများစားစား တစ်ခါမျှ မပေးစဖူး။ ဤသည်ကိုထောက်လျှင် သည်တစ်ခေါက် သူသယ်ခဲ့သည့် ပစ္စည်းသည် တော်တော်အဖိုးတန်လိမ့်မည်ဟု သူထင်သည်။ အဖေ့ကိုလည်း သည်လို ငွေပေး၍ လူတစ်ယောက်အသတ်ခိုင်းခဲ့လိမ့်မည်။ သူသည် လူ့အဖွဲ့အစည်းကို ကျူးလွန်သည့် ရာဇဝတ်မှုကြီးများထဲတွင် ပါမိလျက်သား ဖြစ်နေပြီ။

အဖေသည် သည်လိုဖြင့် လူသတ်မှုကြီးတစ်မှုကို ကျူးလွန်ခဲ့ရခြင်း ဖြစ်ပေလိမ့်မည်။ ဦးမြမင်းတို့၏ အရှိန်အဝါအောက်တွင် ပြားပြားဝပ်ခဲ့ရလိမ့်မည်။ သူပင်လျှင် ဦးမြမင်းတို့ အရှိန်အဝါအောက်တွင် ပြားပြားဝပ်နေရပြီ မဟုတ်လော။ ဦးမြမင်း၏ တင်းမာသော မျက်နှာထား၊ စူးရှသော အကြည့်နှင့်

www.burmeseclassic.com


တိုတောင်းပြတ်သားသော အသံတို့ကြောင့် စကားမှု ရဲရဲမပြောရဲအောင် ဖြစ်ခဲ့ရပြီ မဟုတ်လော။

အချို့ လူများ၌ မြင်ရုံမျှဖြင့် လူအများကို ကြောက်ရွံ့ရိုသေခန့်ညားစေလောက်သော အမည်မဖော်နိုင်သည့် တန်ခိုးအရှိန်အဝါ တစ်မျိုးရှိတတ်ကြရာ ဦးမြမင်းသည် သည်လို တန်ခိုးအရှိန်အဝါမျိုးကို ပိုင်ဆိုင်သူလော။

သူသည် အဘယ်ကြောင့် ဦးမြမင်း ရှေ့တွင် ကြောက်ရွံ့တုန်လှုပ်နေခဲ့ရသနည်း။ အဖေ့အကြောင်းကို အဘယ်ကြောင့် စကားစပ်၍မျှ မပြောမိသနည်း။ အဖေ ယခုတိုင် အသက်ရှင်လျက် ရှိသေးကြောင်းကို အဘယ်ကြောင့် ဦးမြမင်းအား မပြောမိခဲ့သနည်း။

အဖေသည် ဦးမြမင်းတို့ စေခိုင်းချက်ကြောင့် လူတစ်ယောက်ကို သတ်ခဲ့ဖူးပြီ၊ သူ မသိသော အခြား ပြစ်မှုများကိုလည်း ကျူးလွန်ခဲ့လိမ့်မည်။

သူကကော။

သူသည်လည်း ဦးမြမင်းတို့ စေခိုင်းချက်အရ ပြစ်မှုများကို ကျူးလွန်ခဲ့ရပြီ။ သူ့ချစ်သူ ကိုမြင့်ကို ညာခဲ့ရပြီ။ လူပေါင်း များစွာကို လိမ်ခဲ့၊ ညာခဲ့ရပြီ။ လူပေါင်းများစွာကို ဘဝဆုံးစေသည့် ဘိန်းဖြူတို့ကို သယ်ခဲ့ဖူးပြီ။ ဤသည်တို့ကို မည်သူမျှ မသိသည့်တိုင် သူ့သြတ္တပ္ပစိတ်က သိသည်။ သူ့လိပ်ပြာက သိသည်။

သူ့ကိုယ်သူ ပြန်ကြည့်လိုက်သည်၌ သူသည် ယခင်က အေးမ မဟုတ်တော့၊ ယခင်အေးမက မဟုတ်မတရားသည်ကို မလုပ်သော အေးမ၊ မည်သူ့ကိုမျှ မကြောက်သော အေးမ၊ ယမားချောင်းဘေးက ရိုးသား၍ အပြစ်ကင်းစင်သော တောသူ အေးမ၊ မလိမ်မညာတတ်သော အေးမ။

ယခုအေးမက တရားသည်ရော၊ မတရားသည်ရော အကုန်လုပ်သည့် အေးမ၊ ကိုယ့်ကိုနိုင်မည့်သူကို ကြောက်နေရသည့် အေးမ၊ မုံရွာမြို့ပေါ်တွင် အတည်တကျ နေနိုင်သော မြို့ကြီးသူ အေးမ၊ လိမ်တတ် ညာတတ်သော အေးမ။

ဘဝချင်း ခြားသွားကြပြီ။ သည်ခြားနားချက်သည် တိုးတက်ခြင်းလော၊ ဆုတ်ယုတ်ခြင်းလော။

သူ မဝေခွဲတတ်၊ ဆုတ်ယုတ်ခြင်းဖြစ်သည်ဆိုလျှင် သည်ဆုတ်ယုတ်မှုသည် ပတ်ဝန်းကျင်ကြောင့်လော၊ ဦးမြမင်းလို လူစားမျိုးတွေကြောင့်လော၊ သူ့ကြောင့်လော။

ဤသည်ကိုလည်း အေးမ မဝေခွဲနိုင်။

www.burmeseclassic.com


ဆရာတော် ဦးခေမာက နောင်တွင် နောင်တရမည့် အလုပ်မျိုးကို မလုပ်မိကြစေနှင့်ဟု ဆုံးမသွန်သင်ဖူးသည်။ သူသည် နောင်တွင် နောင်တ ဖြစ်နေစေရမည့် အလုပ်မျိုးတွေကို လုပ်ခဲ့မိပြီလော၊ သို့မဟုတ် ယခုလို အမှား အမှန် စဉ်းစားနေခြင်းကိုပင်လျှင် နောင်တဟု ခေါ်ရမည်လော။

ဤသည်ကိုလည်း အေးမ မသိ။

အေးမသည် ရှေ့တွင် ချထားသည့် အစိတ်တန် ငွေစက္ကူထုပ်များကို ကြည့်သည်။ ငွေစက္ကူပေါ်က ရုပ်ပုံများကို မမြင်ရ၊ သူ့မျက်လုံးတွင် မျက်ရည် တို့ ရစ်ဝဲနေကြသည် ထင်သည်။ ငွေစက္ကူဖြူဖြူများပေါ်တွင် မြင်ကွင်းများစွာ သည် ရောထွေးနေကြသည်၊ ယမားချောင်း၊ ထနောင်းပင်အုပ်အုပ်နှင့် ကတုံးဇရပ်၊ နေရဉ္ဇရာမြစ်၊ မုံရွာဈေး၊ မဟူရာမြစ်၊ ယုဇလယ်စခန်း၊ ဆင်မြီးကွပ်ခါးမြောင်၊ ရေအိုးစင်။

မြင်ကွင်းများသာမက ရုပ်ပုံပေါင်း များစွာကိုလည်း ဝိုးတဝါး မြင်ရသည်။ ဆရာတော် ဦးခေမာ၊ ဦးမြမင်း၊ နေလင်းအောင်၊ မာလာ၊ ဒေါ်ငွေစိန်၊ တိုး၊ ကိုမြင့်၊ ရွှေဝင်း၊ မချစ်မေ၊ မစန်းရင်တို့၏ ရုပ်ပုံများ။

သို့ရာတွင် ပီပီသသ မဟုတ်၊ ဝိုးတိုးဝါးတား၊ မှုန်တိမှုန်မွှား။

()

www.burmeseclassic.com



သူ့ရင်ထဲတွင် ပေါ့သွားပြီ၊ ရှင်းသွားပြီ။

တစ်ပတ်လုံးလုံး သူ့ရင်သည် လေးနေခဲ့သည်။ သည်အလုပ်ကို လုပ်ရမည်လော၊ မလုပ်ဘဲ နေရမည်လောဟု သူတွေဝေဆုတ်ဆိုင်းခဲ့သည်။ ကိုထွန်းအောင်ကို လိုက်ရှာသော်လည်း မတွေ့။ တစ်ယောက်တည်း ဆုံးဖြတ်ရခက်သည့် အခါမျိုး၌ တိုင်ပင်ဖော် တိုင်ပင်ဘက် အဖော်တစ်ယောက်လိုသည်။ ဆုံးဖြတ်ပြီးသည့် အခါတွင်လည်း ထိုဆုံးဖြတ်ချက်ကို ခိုင်မာအောင် အားဖြည့်ပေးမည့် အဖော်တစ်ယောက် လိုတတ်သည်။ ထို့ကြောင့် ကိုထွန်းအောင်ကို သူလိုက်ရှာခြင်း ဖြစ်သည်။ ကိုထွန်းအောင်ထံမှ အကြံသစ်၊ ဉာဏ်သစ်တွေ ရနိုင်သည်။ စဉ်းစားစရာ အချက်အလက် အသစ်တွေ ရနိုင်သည်။

သူလုပ်မည့် အလုပ်သည် မကောင်းမှုဖြစ်သည်။ သည်အချက်ကို သူမသိမဟုတ်၊ သို့ရာတွင် သည်လောကသည် မကောင်းမှုနှင့်သာ ထိုက်တန်သည့် လောကဖြစ်သည်။ ကောင်းမှုကို ပြု၍မှု ကောင်းမှုပြုသည့် တကားဟု 'အသိအမှတ်ပြုဖော်မရ၊ သည်လောကသည် ကိုယ်ကျိုးကို လုပ်သည့် လောကဖြစ်သည်။ အများအကျိုးဆောင်ရွက်သည်ကို အသိအမှတ် ပြုဖော်မရ၊ သည်လောကသည် ရက်စက်ကြမ်းကြုတ်မှုနှင့်သာ ထိုက်တန်သည့် လောကဖြစ်သည်။ ကရုဏာတရားထားသည်ကို အသိအမှတ်ပြုဖော်မရ၊ သည်လောကသည် အတုံ့အပြန် လက်စားချေမှုနှင့်သာ ထိုက်တန်သည့် လောကဖြစ်သည်။ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်းကို အသိအမှတ်ပြုဖော်မရ။

သည်တော့ မကောင်းမှုကို ရှောင်နေလျှင်၊ အများအကျိုးကို ဆောင်ရွက်နေလျှင်၊ ကရုဏာတရား ပွားနေလျှင်၊ ခွင့်လွှတ်သည်းခံခြင်းတရား ရှေ့ထားနေလျှင် ဘာအကျိုးထူးသေးသနည်း။

www.burmeseclassic.com


မထူး၊ ဘာမျှ အကျိုးမထူး။

မကောင်းမှုကို လုပ်တော့မည်ဆိုလျှင် နောင်တွင် နောင်တမဖြစ်အောင် ကိုယ့်ရင်ထဲတွင် အရင် ရှင်းထားဖို့ လိုသည်။ ပြတ်သားဖို့ လိုသည်။ လုပ်ရဲကိုင်ရဲဖို့ လိုသည်။ အိပ်မက်ထဲတွင် ထ,ထ ခြောက်တတ်သော ကိုယ့်လိပ်ပြာကို သေသောင် သတ်ထားဖို့ လိုသည်။ ရင်ရှင်းပြီ၊ ပြတ်ပြီ၊ လုပ်ရဲပြီ၊ လိပ်ပြာကို သတ်ပြီးပြီဆိုလျှင် လုပ်ပေတော့။ ခေါင်းအေးအေး စိတ်ချမ်းချမ်းသာသာနှင့် လုပ်နိုင်ပြီ။ သည်လိုလုပ်နိုင်လျှင် သည်လောကတွင် ကြီးပွားချမ်းသာပြီ။ ကောင်းစားပြီ။

ကိုထွန်းအောင်ကို သူ နမူနာယူသည်။ ကိုထွန်းအောင်က လုပ်စရာရှိလျှင် ပြတ်သည်။ တွေဝေဆုတ်ဆိုင်းခြင်းမရှိ၊ မည်သူ့ကိုမျှမမှု။ တချို့လူများ၌ ကိုယ်လုပ်ရသည့် အလုပ်ကို စိတ်က မနှစ်သက်သည့်အခါများ ရှိတတ်သော်လည်း ကိုထွန်းအောင်ကမူ သူလုပ်သမျှ အလုပ်တိုင်းကို နှစ်သက်သည်။ စိတ်ပါလက်ပါ လုပ်သည်။ မည်သည့်အလုပ်ကို လုပ်လုပ် အလုပ်ကို ငြီးငွေ့သည်။ စိတ်ပျက်သည်။ စက်ဆုတ်သည်ဟူ၍ တစ်ခါမျှ မညည်းစဖူး သူ့စိတ်နှင့်သူ့ကိုယ်သည် အမြဲတမ်း တစ်သားတည်းရှိသည်။ သူလုပ်ခဲ့သော အလုပ် တစ်ခုသည် မည်သည့်နေရာတွင် မှားခဲ့လေခြင်းဟု တစ်ခါမျှ နောင်တ မရစဖူး။

ထို့ကြောင့် သည်အလုပ်မျိုးကိုလုပ်လျှင် ကိုထွန်းအောင်လိုပြတ်သားရမည်။ အမြင်ရှင်းရမည်။ သိတ္တပ္ပစိတ်ကို ဘေးချိတ်ထားနိုင်ရမည်။ လုပ်ရဲကိုင်ရဲ ရှိရမည်။

ယခု ကိုမြင့် ဆုံးဖြတ်ပြီးပြီ။

ကိုထွန်းအောင်က သူနှင့်အလုပ်လုပ်ဖို့ ခေါ်တိုင်း ယခင်အခါများက ကိုမြင့်တွေဝေခဲ့သည်။ ဆုတ်ဆိုင်းခဲ့သည်။ ယခု တွေဝေဆုတ်ဆိုင်းခြင်းမရှိတော့။ အမြင်ရှင်းနေပြီ။

သို့ရာတွင် ခက်သည်က ကိုထွန်းအောင်ကို ရှာမတွေ့၊ သည်လူ ဘယ်ရောက်နေသနည်း။ သူ့ကို မတွေ့သည်မှာ လေးငါးရက်ရှိပြီ။

သည်နေ့နံနက်တွင် ကိုမြင့်ဈေးကြီးဘက်သို့ ထွက်ခဲ့သည်။ ဘယ်သွားရမည်မသိ။ စဉ်းစားရင်း လျှောက်လာသည်။ ကုန်ခြောက်တန်းထဲက မချစ်မေတို့ဆိုင် ခဏဝင်သည်။ အေးမတို့အိမ် ခဏဝင်သည်။

မုံရွာဈေးကြီးသည် ခါတိုင်းလို အုတ်အုတ်ကျက်ကျက် စည်ကားနေသည်။ မြင်းလှည်းများ၊ မော်တော်ကားများ၊ အနေးယာဉ်များသည် မြင်းမူလမ်းမကြီးပေါ်တင် ဥဒဟို သွားလာနေကြသည်။

www.burmeseclassic.com



သူက တွေဝေ ဆုတ်ဆိုင်းနေသော်လည်း လူတွေက တွေဝေဆုတ်ဆိုင်း နေခြင်း မရှိ။ သွားစရာရှိသည်ကို သွားနေကြသည်။ လုပ်စရာရှိသည်ကို လုပ်နေကြသည်။ သူက ဟိုဟိုသည်သည် သွားရမည်ကို စဉ်းစားနေချိန်တွင် လူတွေက စဉ်းစားပြီးပြီ။ သူတို့ သွားစရာရှိသည့်နေရာကို ဦးတည်သွားနေကြပြီ။

ဈေးကြီးအလယ်ပေါက်သို့ ကိုမြင့် ချိုးဝင်မည်အပြု နောက်က သူ့လက်ကို ဆွဲသဖြင့် ကိုမြင့် တုံ့ခနဲ ဖြစ်သွားသည်။ အသံတစ်သံ ဆက်တိုက် ထွက်လာသည်။

'ဘယ်လဲဗျ'

လှည့်ကြည့်သည်၌ သွားတွေ အဖွေးသားပေါ်အောင် ပြုံးနေသည့် ကိုထွန်းအောင်ကို တွေ့ရသည်။ နေကာ မျက်မှန်အောက်က သူ့မျက်လုံးများကလည်း ပြုံးနေကြလိမ့်မည်ဟု ထင်သည်။ ပခုံးတွင် လေယာဉ်အိတ်လုလုတစ်လုံး လွယ်ထားလျက်။

'ရှာလိုက်ရတာဗျာ၊ ဘယ်ပျောက်နေသလဲ'

'ကိစ္စလေးတစ်ခုရှိလို့ဗျ၊ ဟဲ ဟဲ၊ ခု ဒါ ဘယ်သွားမလို့လဲ'

'ဘယ်ရယ်လို့ မဟုတ်ပါဘူး၊ ဈေးကြီးထဲ ဟိုလျှောက် ဒီလျှောက်ပေါ့၊ ခင်ဗျား တည်းနေကျအိမ် သွားမေးလဲမတွေ့၊ ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာလဲ မရှိ၊ ဘယ်မှာတည်းမှန်းလဲ မသိတော့ ကျွန်တော် မရှာတော့ဘူး၊ မနက်တိုင်း လက်ဖက်ရည်ဆိုင်မှာ လာလာစောင့်ရလို့ လက်ဖက်ရည်ဖိုးလဲ ကုန်လှပြီ၊ ဒီနေ့တောင် အဲ့ဒီဆိုင်ရှေ့က ဖြတ်လျှောက်လာသေးတယ်၊ ဒီနေ့တော့ အခြေအနေ သိပ်မကောင်းတာနဲ့'

ကိုမြင့်က စကားကို ဆုံးအောင်မပြော၊ သူ့အိတ်ကပ်ကို သူငုံ့ကြည့်သည်။

ကိုထွန်းအောင်က တဟားဟား ရယ်သည်။

'လက်ဖက်ရည်ဆိုင်ထဲက လှမ်းမြင်လိုက်လို့ နောက်က လိုက်လာတာ၊ ကံမကောင်းချင်တော့ ဒီလိုပဲဗျ၊ မရှာတော့တွေ့တယ်၊ ရှာပြီဆိုတော့ တွေ့ချင်မှတွေ့တာ၊ လာ၊ အားတယ်မဟုတ်လား၊ လက်ဖက်ရည်ဆိုင်သွားပြီး စကားပြောရအောင်'

ချောင်တစ်ချောင်ထဲက စားပွဲတစ်လုံးတွင် ဝင်ထိုင်ပြီး လက်ဖက်ရည်မှာသည်။

'ကျွန်တော် ခင်ဗျားကို လိုက်ရှာနေတာ'

ကိုမြင့်က ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ညှိရင်း ပြောသည်။

www.burmeseclassic.com


'အရေးပေါ် ကိစ္စလေးတစ်ခုရှိလို့ ခရီးထွက်သွားနေတာဗျ၊ ဘယ့်နှယ်လဲ ကျွန်တော်ပြောတာ စဉ်းစားပြီးပြီလား'

'ပြီးပြီ'

'ဆုံးဖြတ်လို့ကော ပြီးပြီလား'

'ပြီးပြီ'

ကိုထွန်းအောင်က ကိုမြင့်ကို လက်ဆွဲနှုတ်ဆက်သည်။ မျက်နှာဝင်းထိန်သွားသည်။

'ကြိုက်ပြီဗျ၊ ဒီလိုသတ္တိမျိုးမှ သဘောကျတာ၊ ဒီအတိုင်းဖြစ်ရမှာပေါ့ဗျာ၊ လူတွေဟာ ငြိမ်နေတာ မဟုတ်ဘူး။ အကြံထုတ်နေကြတယ်၊ သွားလာလှုပ်ရှားနေကြတယ်၊ လုပ်စရာရှိတာကို လုပ်နေကြတယ်၊ ရပ်နားနေတာ မဟုတ်ဘူး၊ သူကလဲ သူ့အကြံနဲ့သူ လုပ်နေကြတာပဲ၊ ကိုယ်ကလဲ ကိုယ့်စိတ်ကူးနဲ့ကိုယ် လုပ်နေကြတာပဲ၊ မဟုတ်ဘူးလား'

ကိုမြင့်က ခေါင်းညိတ်သည်။

'ဒီတော့ လုပ်စရာရှိတာ မြန်မြန်လုပ်ရမယ်၊ ပြတ်ပြတ်သားသား လုပ်ရမယ်။ သိပ်အချိန်မရှိဘူး၊ ခုခေတ်ကြီးမှာ အလုပ်လုပ်ရတာက ကျွန်တော်တို့ ယမားချောင်းကို ဖြတ်ရသလိုပေါ့ဗျ'

တစ်ခါက ယမားချောင်းရေစီးကို ဖြတ်ခဲ့ရသည်ကို အမှတ်ရသဖြင့် ကိုမြင့်က ပြုံးသည်။ ကိုထွန်းအောင်သည် ပခုက္ကူသားဖြစ်၍ ယမားအကြောင်းကို သိဟန်တူသည်။

'ယမားချောင်းကို ဖြတ်တော့မယ်ဆိုရင် ပိုင်းဖြတ်မှုရှိရမယ်၊ နစ်ချင်နစ်ပေ့စေ၊ မျောချင်မျောပေ့စေဆိုတဲ့ သတ္တိမျိုး ရှိရမယ်၊ အဲဒီပိုင်းဖြတ်မှုရှိတဲ့ လူအဖို့ လမ်းနှစ်လမ်းပဲရှိတယ်၊ ဟိုဘက်ကမ်းကို ရောက်ချင်ရောက်မယ်။ ရေလယ်မှာ နစ်ချင် နစ်မယ်။ ဒီနှစ်လမ်းပဲ၊ ဒါပေမယ့် မရဲတရဲနဲ့ ချောင်းလယ်ရောက်မှ ရေစီးကို လန့်ပြီး ပြန်ဆုတ်ရတော့မလို၊ ရှေ့ဆက်ကူးရတော့မလိုလို။ မပြတ်မသား မရဲတရဲနဲ့တော့ သွားမလုပ်လေနဲ့ တစ်လမ်းပဲရှိတယ်၊ ဟိုဘက်ကမ်းကို မရောက်ဘူး စိတ်ချ၊ ရေစီးမှာ မျောမှာပဲ၊ မလွယ်ဘူး'

ကိုထွန်းအောင်က သူ့စကားကို အလေးအနက်ပြုသည့်ဟန် လက်ဝှေ့ယမ်းပြသည်။

'မရဲတရဲ ဖြတ်မယ့်အတူတူတော့ မကူးဘဲ တစ်ဘက်ကမ်းမှာထိုင်ပြီး ရေစစ်သည်အထိ၊ ရာသီဥတုကောင်းသည်အထိ ထိုင်စောင့်နေတာက ကောင်း

www.burmeseclassic.com



တယ်၊ ဟုတ်တယ်လေ၊ သတ္တိလဲမရှိဘူး၊ ပိုင်းဖြတ်မှုလဲ မရှိဘူးဆိုရင် ဘာဖြစ်လို့ ကူးဦးမှာလဲ၊ ထိုင်စောင့်ပေါ့၊ မဟုတ်ဘူးလား’

သူ့စကားကို ငြင်းချက်ထုတ်သူ တစ်ဦးတစ်ယောက်မျှ မရှိဘဲနှင့် ကိုထွန်းအောင်က သူ့စကားကို အလေးအနက်ထပ်၍ ပြောနေသည်။

ကိုထွန်းအောင်သည် သည်ခေတ်ကြီးတွင် ကျင့်သုံးလိုက်နာအပ်သည့် လူမှုရေးဒဿနကို ပြောနေသည်လော၊ ကိုမြင့်ကမူ သူ့စကားကို သူ့ကိစ္စတွင် ထင်ဟပ်၍ အဓိပ္ပာယ်ပြန်ကြည့်သည်။ ယခု သူ မှောင်ခိုလုပ်နေသည်။ လုပ်လျှင် မစို့မပို့ မဖြစ်စလောက်သွားမလုပ်နှင့်။ ကောင်းသလော ဆိုးသလော၊ မှန်သလော၊ မှားသလော စသည့် သံသယစိတ်ဖြင့် သွားမလုပ်နှင့်။ သွားလုပ်လျှင် ခံရမည်။ မလုပ်ဘဲနေလျှင်၊ သံသယရှိလျှင်၊ ရှင်းရှင်းနေ။ ဇတ်သည်ပြတ်သည်ကိုလဲ ခါးစည်းခံ။ သို့ရာတွင် လုပ်ပြီဆိုလျှင် သံသယတွေ ဘေးချိတ်၊ စာရိတ္တ ထိခိုက်မှာတွေ ဘေးချိတ်၊ ရဲရဲလုပ်ဟု ကိုမြင့်က သူ့ဖာသာသူ အဓိပ္ပာယ်ပြန်သည်။

ကိုထွန်းအောင်၏ လူမှုရေး ဒဿနကို သူ့ကိစ္စတွင် ဟပ်၍ သူ့ဘာသာ ပြန်ကြည့်တော့ ထိုအတိုင်း အဓိပ္ပာယ်ထွက်နေသည်။

ဟုတ်သည်။ သူလည်း သည်အတိုင်း သဘောရသည်။ သူစဉ်းစားပြီးပြီ။ ဆုံးဖြတ်ပြီးပြီ။

‘ဆုံးဖြတ်ပြီးပြီနော်’

‘နောက်တစ်ခါ မပြောတော့ဘူးဗျာ၊ ဒါထက် နေပါဦး၊ တလောက ခင်ဗျား ဘယ်ပျောက်နေတာလဲ’

ကိုမြင့်က ပြုံး၍ ပြောသည်။

‘တလောက ကျွန်တော် ဘယ်သွားနေလဲ သိရဲ့လား’

ကိုထွန်းအောင် မျက်နှာက ချက်ချင်း တည်သွားသည်။ ဘေးပတ်ဝန်းကျင်ကို တစ်ချက်မျှ ကြည့်ပြီး ကိုမြင့်ကို အတန်ကြာ စူးစိုက်ကြည့်နေသည်။ ကိုထွန်းအောင် သိပ်ပြောချင်ပုံမရ၊ သူ အမေးမှားသွားပြီဟု ကိုမြင့် ချက်ချင်း သိလိုက်သည်။

‘ကျွန်တော်နဲ့မဆိုင်ရင် မပြောပါနဲ့လေ၊ ရပါတယ်’

ကိုထွန်းအောင်က သက်ပြင်းချလိုက်သည်။

‘ခုတော့ မဆိုင်သေးဘူး၊ နောက်တော့ ဆိုင်လာမှာပဲ၊ ခင်ဗျားကတော့ ကျွန်တော့်အရင်းနှီးဆုံးမိတ်ဆွေ၊ နောင်မှာလဲ အလုပ်အတူတူ လုပ်ရမှာဆိုတော့ မပြောနိုင်စရာ မရှိပါဘူး၊ ကိစ္စက ဒီလိုဗျ’

www.burmeseclassic.com



ကိုထွန်းအောင်က အသံကို နှိမ့်လိုက်သည်။ ရှေ့စားပွဲပေါ်သို့ လက်ထောက်လိုက်၍ ကိုယ်ကို ရှေ့သို့ ညွတ်သည်။

'မုံရွာမှာ ဒီအလုပ်ကို အကြီးအကျယ် အပြိုင်လုပ်နေတာ နှစ်ယောက်ရှိတယ်၊ ဘယ်သူတွေလဲဆိုတာတော့ ခင်ဗျားသိမှာပေါ့'

ကိုမြင့်က ခေါင်းညိတ်ပြသည်။ ဦးကျင်စိန်နှင့် နေလင်းအောင်ကို ဆိုခြင်းဖြစ်သည်ဟု ကိုမြင့်နားလည်လိုက်သည်။

'ရှင်းရှင်းပြောရင်၊ ကျွန်တော်က ဦးကျင်စိန်ရဲ့ အဆက်အသွယ်ပဲ၊ ကျွန်တော်တို့ လမ်းကြောင်းက လားရှိုး၊ ကျောက်မဲ၊ သီပေါ။ အတွင်းလမ်းကဆိုရင် စီတူ၊ မိုးလို၊ မဘိန်း၊ မိုးမိတ်၊ မိုးကုတ်။ အဲဒါ ကျွန်တော်တို့နယ်ပဲ၊ အဲဒီ လမ်းနှစ်လမ်းကနေပြီး မန္တလေးနဲ့ အသွားအပြန် လုပ်တယ်၊ နေလင်းအောင်တို့၊ နေလင်းအောင်တို့ ဆိုတာထက် ဦးမြမင်းဆိုပါစို့ဗျာ၊ အဲ သူတို့က ရှမ်းပြည်နယ်တောင်ပိုင်း ကျိုင်းတုံ၊ တာချီလိတ်၊ ဟဲဟိုး၊ တောင်ကြီးဘက်ဆိုပါတော့၊ အဲဒါ သူတို့လမ်းကြောင်း။ သူတို့နယ်၊ သူတို့နယ်ကို ကျွန်တော်တို့ မကူးဘူး၊ ကျွန်တော်တို့နယ်ကို သူတို့မလာဘူး'

ကိုမြင့်က သူပြောသည့် လမ်းကြောင်းကို စိတ်ကူးဖြင့် မှန်းကြည့်သည်။

'သူတို့ကလဲ စည်းစောင့်တယ်၊ ကျွန်တော်တို့က စည်းစောင့်တယ်၊ အဲဒါ အရင်တုန်းက'

ကိုထွန်းအောင်က ရေနွေးကြမ်း လှမ်းတောင်းသည်။

'အဲဒီတုန်းကတော့ ဒီနှစ်ယောက်က စီးပွားရေးမှာ အပြိုင်ပေမယ့် စည်းစောင့်ခဲ့ကြတယ်၊ လူကြီးလူကောင်းတွေလို ဆက်ဆံခဲ့ကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် အခေါ်အပြော မပျက်ဘူး၊ သတင်းဦး သတင်းထူး ရှိရင်လဲ နှစ်ယောက် အလဲအလှယ် လုပ်ကြတယ်၊ ဒီတော့ အရေးကိစ္စဆိုရင် ကြိုတင်ပြီးရှောင်နိုင်တိမ်းနိုင်တာပေါ့၊ ဒါပေမယ့်'

ဆိုင်က သူငယ်ကလေးက ရေနွေးကြမ်းအိုး လာချသဖြင့် စကားပြတ်သွားသည်။ ကိုထွန်းအောင်က ရေနွေးကြမ်းကို ပန်းကန်ထဲသို့ ငှဲ့သည်။

ဒါပေမယ့် တလောကတော့ ဦးကျင်စိန်နဲ့ နေလင်းအောင် ပြဿနာဖြစ်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် သေနတ်နဲ့ ပစ်တဲ့အထိဖြစ်သတဲ့'

'ဟုတ်လား'

ကိုထွန်းအောင်က ဖိုးဝင်းတောင်ဂျင်ဝိုင်းတွင် ဦးကျင်စိန်နှင့် နေလင်းအောင်တို့ဖြစ်ခဲ့သည့် ကိစ္စကို ပြောပြသည်။ သည်သတင်းကိုကြားတော့ ကိုမြင့်

www.burmeseclassic.com



အံ့အားသင့်နေသည်။ သူတို့မှာသာ ထမင်းတစ်လုတ်စားဖို့ ခက်နေသည်။ ဦးကျင်စိန်တို့ နေလင်းအောင်တို့လို လူစားမျိုးတွေကျတော့ ပေါလိုက်သည် ဖြစ်ခြင်း။

ငွေစက္ကူတွေကို ဂုံနီအိတ်ဖြင့် ထည့်ထားရသည် ဆိုသည့် အေးမ၏ စကားသည် ဟုတ်လောက်သည်။

'နေစမ်းပါဦးဗျ၊ ဘယ်သူက စညစ်တာလဲ'

ကိုထွန်းအောင်က ကိုမြင့် ရိုးသားပုံကိုကြည့်၍ ပြုံးသည်။

'ဂျင်ဝိုင်းမှာ စည်းကမ်းတစ်ခုရှိတယ်ဗျ။ ဝိုင်းထဲမှာတွင် အလျော်အစား လုပ်မယ်လို့ ဂျင်ဒိုင်က ကြေညာထားရင် သူ့မှာ ထိုးသားအားလုံးအတွက် လျော်ငွေအပြည့်ပါရတယ်။ သူက နိုင်သည့်တိုင် ထိုးသား တစ်ယောက်ယောက်က အလျော်အစားပြပါ တောင်းဆိုလို့ လျော်လောက်အောင် ငွေမပြနိုင်ဘူးဆိုရင် အဲဒီနိုင်ငွေကို သူမစားနိုင်ဘူး'

ကိုမြင့်က ခေါင်းညိတ်သည်။

'သူတို့ကိစ္စမှာ ဦးကျင်စိန်က ဝိုင်းထဲတွင် အလျော်အစား ရှိတယ်လို့ ကြေညာထားတယ်။ နောက်ဆုံးမှာ နေလင်းအောင်က သုံးလေးသိန်းလောက် ပုံအောတယ်။ နေလင်းအောင်ရှုံးပြီး ဦးကျင်စိန်နိုင်တယ်။ ဒီတော့ နေလင်းအောင်က အစားမခံဘူး။ အလျော်အစား ပြရမယ်လို့ဆိုတယ်၊ စည်းကမ်းအရ ဒိုင်လက်ထဲမှာ သုံးဆရှိရမယ်။ ကိုးသိန်းလောက်ရှိမှာပေါ့၊ ရေကြည့်တော့ နှစ်သောင်း သုံးသောင်းလိုနေတယ်။ ဒီတော့ နေလင်းအောင်က စည်းကမ်းနဲ့ အကြပ်ကိုင်ပြီး အစားမခံဘူး၊ ဦးကျင်စိန်က အတင်းစားတယ်။ ဒီမှာတွင် တစ်ယောက်နဲ့တစ်ယောက် ထသတ်ပြီး သေနတ်တွေ ဘာတွေနဲ့ ပစ်တဲ့အထိ ဖြစ်တာပဲ။ ဂျင်ဝိုင်းလဲ ပျက်သွားတယ်'

'ဒါဖြင့် ဦးကျင်စိန်က စညစ်တာပေါ့'

'ဒါကတော့ နှစ်ဖက်စလုံးက ညစ်တာဗျ၊ နေလင်းအောင်ကလဲ သူ့ငွေ အစားမခံနိုင်တော့ တစ်သောင်း နှစ်သောင်းလောက် လိုမယ်ထင်ပြီး အမိဖမ်းတာပဲ။ ဒီတော့ ဦးကျင်စိန်ကလဲ ညစ်တာပဲ၊ နှစ်ယောက်စလုံး ဖျံတွေချည်းပဲဗျာ၊ ထားပါလေ၊ ဘယ်သူကပဲ ညစ်ညစ်။ အရေးမကြီးပါဘူး'

ကိုထွန်းအောင်က သူ့အဆက်အသွယ် ဦးကျင်စိန် ညစ်သည်ဟု ပြောချင်ပုံမရ။ နှစ်ယောက်စလုံး ညစ်သည်ဟု ကြားကျအောင် ပြောသည်။

'ကျွန်တော် ပြောချင်တာက ဦးကျင်စိန်နဲ့ နေလင်းအောင် ပဋိပက္ခ အကြီးအကျယ် ဖြစ်လာပုံကို ပြောချင်တာပါ။ အဲ့ဒီနောက်ပိုင်းမှာ ဦးကျင်စိန်နဲ့

www.burmeseclassic.com


နေလင်းအောင်ဟာ တစ်ယောက်ကိုတစ်ယောက် အလစ်ချောင်းနေကြတယ်၊ ခြေလှမ်းမမှားလိုက်နဲ့ မှားလိုက်တာနဲ့ တစ်ပြိုင်နက် အပြတ်ကျားစာကျွေးပစ်လိုက်မှာပဲ'

'ခင်ဗျားက မုံရွာအကြောင်း ကျွန်တော့်ထက်တောင် သိနေတာပဲနော်'

ကိုထွန်းအောင်က ကိုမြင့်ကို သနားစရာ သတ္တဝါ တစ်ဦးအကြည့်မျိုးကြည့်၍ ပြုံးသည်။

'ခင်ဗျား မုံရွာရောက်တော့ ဘယ်လောက်ကြာသေးလို့လဲ၊ ကျွန်တော်က မုံရွာနဲ့ ပခုက္ကူကို ရေထွက်မတတ် ကူးနေတာ၊ မုံရွာတစ်လှည့် ပခုက္ကူတစ်လှည့် ကျက်စားနေတာ၊ နောက်ပြီးတော့ ဒီလောကထဲက လူဆိုတော့ ဒီလောက အကြောင်းကို သိတာပေါ့၊ မဆန်းပါဘူး၊ ကျွန်တော်တို့ အဆက်အသွယ်တွေဆီကလဲ သတင်းတွေရတယ်၊ ဒါကြောင့် ဦးမြမင်းအကြောင်းကို ချေးခါးအူမ မကျန်သိတာပေါ့'

'ခုထိတော့ ဘယ်သူမှ ခြေလှမ်းမမှားကြသေးဘူးပေါ့'

ကိုထွန်းအောင်က မျက်လုံးကိုမှိတ်၍ ခေါင်းရမ်းပြသည်။ သူ့နှုတ်ခမ်းများက အောင်နိုင်သူ၏ အပြုံးမျိုးကို ပြုံးထားသည်။

'တစ်ယောက်တော့ မှားသွားပြီဗျ'

'ဘယ်သူလဲ'

'နေလင်းအောင်၊ အင်း ဦးမြမင်းလို့ပြောရင်လဲ ရပါတယ်လေ'

'စိတ်ဝင်စားစရာပဲ'

'သူ့နယ် ကိုယ့်နယ် ရှိတယ်လို့ ကျွန်တော်ပြောခဲ့တယ် မဟုတ်လား၊ ခု နေလင်းအောင် ကျွန်တော်တို့နယ်ထဲ ကျူးဝင်လာတယ်လေ'

'ဘယ်လို ကျူးလာတာလဲ'

'ခုတလော သူတို့လမ်းကြောင်းက အပိတ်အဆို့တွေ သိပ်များနေတယ်၊ ဒီတော့ ဒီကောင် ကျောက်မဲ၊ လားရှိုးဘက် ရောက်လာတယ်၊ မိုးကုတ်၊ မိုးမိတ်၊ မဘိန်းတို့ဘက်လဲ ရောက်လာတယ်၊ ကျွန်တော်တို့နယ်ကို ဝင်မွှေတယ်၊ ကျွန်တော်တို့ ရမဲ့ ပစ္စည်းတွေကို ဈေးပိုပေးပြီး သိမ်းယူသွားတယ်'

'ဟုတ်လား'

ကျွန်တော်လဲ အဲဒီနောက်ကို ခြေရာခံလိုက်လို့ မုံရွာမှာ မရှိတာပေါ့၊ လိုက်လိုက်ရတာ သောက်ကျိုးနဲ့ လူ့ကို ဖတ်ဖတ်ကိုမောလို့'

'ဘယ်အထိ လိုက်ရသလဲ'

www.burmeseclassic.com


'ကျွန်တော် မိုးကုတ်၊ မိုးမိတ်အထိ လိုက်ရတယ်'

'နေလင်းအောင်နောက်ကိုလား'

ကိုထွန်းအောင်က မျက်ခုံးထူထူကြီးကိုချီ၍ မျက်လုံးကို ပြူးပြသည်။

'မဟုတ်ဘူးဗျ၊ ကောင်မလေး၊ ကောင်မလေးမှ ချောချောလှလှ ငယ်ငယ်ကလေး'

ကိုမြင့်လည်း မျက်လုံးပြူးသွားသည်။

'ဒီကောင်တွေ တော်တော်ခြေသွက်တဲ့ ကောင်တွေဗျာ၊ ကျွန်တော်တို့ အဆက်အသွယ်တွေထဲမှာ ကောင်မလေးတစ်ယောက်မှ မရှိသေးဘူး၊ ယောကျ်ားတွေပဲ ထားတယ်၊ သူတို့က ကောင်မလေးတွေ သုံးလာတယ်၊ ပြီးတော့ ငယ်ငယ်ချောချောလေးတွေ၊ ဆံတိုဂုတ်ဝဲကလေး၊ ကျွန်တော်ဖြင့် အံ့ရော'

ကိုမြင့် ပို၍ စိတ်ဝင်စားလာသည်။

'နေလင်းအောင်က သူကိုယ်တိုင် ကျောက်မဲဘက်ကို တက်သွားတယ်၊ ကောင်မလေးကို မန္တလေးမှာ ထားခဲ့တယ်

'နေလင်းအောင်နောက်ကို ခင်ဗျား လိုက်သွားတာပေါ့'

'ဟင့်အင်း၊ ကျွန်တော် မလိုက်ဘူးလေ၊ တစ်ယောက်လိုက်သွားတယ်၊ ကျွန်တော်က ကောင်မလေးနောက် လိုက်တယ်'

'ခြေရာကောက်မိပြီပေါ့'

'ခြေရာတွင် ဘယ်ကမလဲ၊ အကောင်ကိုပါ တွေ့တာပေါ့၊ ကောင်မလေးက ငယ်သာငယ်တယ်၊ တော်တော်ဖျံကျတဲ့ ကောင်မလေး၊ မန္တလေးမှာ တည်းခိုခန်းတစ်ခုဝင်တည်းတယ်၊ အခန်းကို တစ်ပတ်ငှားပြီး မိုးကုတ်၊ မိုးမိတ် တက်တယ်၊ မိုးကုတ်မှာ တရုတ်ကပြားမ တစ်ယောက်ဆီက ပစ္စည်းယူလာတယ်၊ တန်ဖိုး ဘယ်လောက်ရှိမယ် ထင်သလဲ၊ မှန်းစမ်း'

ကိုမြင့်က ခေါင်းရမ်းပြသည်။

'ငါးသိန်းဖိုး၊ ငါးသိန်းဖိုး၊ ဒါ မန္တလေးက ရသွားတာ မပါသေးဘူး'

ကိုထွန်းအောင်က လက်ငါးချောင်း ထောင်ပြသည်။ ကိုမြင့် အံ့အားသင့်နေသည်။

သေချာပြီ၊ ကိုထွန်းအောင်ပြောသည့် ကောင်မလေးသည် အေးမပင် ဖြစ်ရမည်၊ အခြား မည်သူမျှ မဖြစ်နိုင်၊ အလှမ်းကွဲနေသော အေးမကို သူ အံ့သြခြင်းမက အံ့သြနေသည်။

'ကောင်မလေးက ဘယ်လောက်ဖျံကျတယ် ထင်သလဲ၊ သိလား'

www.burmeseclassic.com


ကိုမြင့် ဘာမျှမပြော၊ ကိုထွန်းအောင်မျက်နှာကို စိုက်ကြည့်နေသည်။

'တည်းခိုခန်း မှတ်ပုံတင်မှာ နေလင်းအောင်နဲ့ သူ့ကို လင်မယားလို့ စာရင်းပေးထားတယ်၊ မှတ်ပုံတင် အတု ကိုင်ထားတယ်၊ နေလင်းအောင်နာမည် က သက်ခိုင်တဲ့၊ သူ့နာမည်က မြင့်မြင့်စန်းတဲ့၊ မပိဘူးလား'

ကိုမြင့် ပါးစပ်အဟောင်းသားဖြင့် ခေါင်းညိတ်သည်။ အေးမ ညာသည်၊ ညာရက်သည်၊ အေးမသည် သူ့ချစ်သူ။ သူသည် အေးမချစ်သူ၊ ချစ်သူကပင် ညာသည်ဆိုလျှင် သည်လောကသည် ဘယ်မှာကောင်းတော့မည်နည်း၊ မည်သူ့ကို ယုံရတော့မည်နည်း၊ လောကကြီးတွင် မည်သူ့ကိုမျှ မယုံရတော့၊ မည်သူ့ကိုမျှ လည်း ယုံဖို့မကောင်းတော့။

ကိုထွန်းအောင်က ကိုမြင့်အတွေးကို နားမလည်ဘဲ သူ့ဖာသာသူ ဆက် ပြောသည်။

'အေးလေ၊ ဒီအလုပ်လုပ်မှတော့လဲ ဒီလောက်တော့ ရဲမှ၊ ဖျံကျမှ ဖြစ်မှာ ပေါ့၊ လင်မယားလို့ ပြောဖို့လောက်တော့ ဘာဝန်လေးစရာရှိသလဲ၊ တချို့ တကယ်တောင် ညားပြလိုက်ကြရသေးတာပဲ၊ ဒီလို အလုပ်ကြီးအကိုင်ကြီး လုပ်တဲ့ သူ ဆိုတာ ဖိုမကိစ္စတို့ ဘာတို့ကို ထမင်းစားရေသောက် သဘောထားကြရသေး တာပဲ'

ကိုမြင့် မကြားချင်တော့၊ သို့ရာတွင် မကြားဘဲလည်း မနေနိုင်၊ အေးမ အကြောင်းကို သူ စုံစုံလင်လင် သိချင်သေးသည်၊ ထို့ကြောင့် ပါးစပ်မှ အလိုလို ထွက်သွားသည်။

'တကယ် ညားနေတာလဲ ဖြစ်ချင် ဖြစ်မှာပေါ့'

ကိုထွန်းအောင်က ခေါင်းရမ်းသည်။

'နေလင်းအောင်ဟာ မိန်းမနဲ့ ပတ်သက်လာရင် ဘယ်သူ့မှ မရှောင်ဘူးဆို တာ ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ကျွန်တော် သိသလောက် ခုကိစ္စမှာတော့ နေလင်းအောင် စောင့်စည်းနေတယ်ဗျ၊ ကောင်မလေးက ဦးမြမင်းရဲ့ တူမ အရင်းအခေါက်ခေါက်၊ အရင်းခေါက်ခေါက်ဆိုတာ ခင်ဗျားကို ကျွန်တော် တစ်ခါက ပြောခဲ့ဖူးတဲ့ ဦးမြမင်းအဖေရဲ့

သေချာပြီ။ ကိုထွန်းအောင်ပင် သိနေပြီ။

'နေလင်းအောင် မိန်းမနဲ့ဆိုရင် ညီအစ်မတစ်ဝမ်းကွဲ၊ ဒါကို နေလင်း အောင် မသိပေမယ့် ဦးမြမင်းသိတယ်၊ ဒါကြောင့် နေလင်းအောင် ဒီကောင်မလေး နဲ့ ပတ်သက်လာရင် အရှုပ်အရှင်း မရှိစေရလို့ ကြပ်ကြပ်တည်းတည်း တားထား

အမေ့ဥယျာဉ်စာအုပ်တိုက်

www.burmeseclassic.com



တယ်၊ နေလင်းအောင်ကလဲ ဦးမြမင်းကိုတော့ လန့်တယ်၊ နေလင်းအောင်က မစောင့်စည်းသည့်တိုင် ကောင်မလေးကလဲ ဒါမျိုးတော့ ခံမှာ မဟုတ်ဘူး၊ ဇတ်ဇတ်ကြဲကလေး၊ ပြီးတော့ သူ့မှာ ရည်းစားရှိတယ်တဲ့'

ကိုမြင့် ထိတ်ခနဲ ဖြစ်သွားကာ မလုံမလဲဖြင့် ကိုထွန်းအောင်ကို လှမ်းကြည့်သည်။ ကိုထွန်းအောင်က ဘာမျှ သိပုံမရ၊ သူ့မျက်နှာတွင် ထူးခြားသည့် အရိပ်အရောင်မပေါ်။

'ထားပါလေ၊ ဒါက အရေးမကြီးပါဘူး၊ ကောင်မလေးဘယ်လောက် ဖျံကျဖျံကျ၊ ခုတော့ ကျွန်တော်တို့လက်ထဲက ပြေးမလွတ်တော့ဘူး'

'ဘယ်သူလဲ၊ ကောင်မလေးလား'

ကိုမြင့် အလန့်တကြား မေးသည်။

'ကောင်မလေးက အဖျားအနားပါဗျာ၊ သူ့လုပ်လို့ ဘာထူးမှာလဲ၊ ကျွန်တော်တို့ချချင်တာက ဦးမြမင်းနဲ့ နေလင်းအောင်၊ တစ်ယောက်ယောက်ကို ချချင်တာ၊ ဒါကြောင့်မို့ မန္တလေးက မုံရွာအထိ ပင်ပန်းခံပြီး သူ့နောက် လိုက်တာပေါ့၊ မန္တလေးမှာ နောက်က လိုက်လိုက်ရတာ မောနေတာပဲ၊ ကောင်မလေးကလဲ ကျွန်တော်လိုက်တာကို ရိပ်မိပုံရတယ်၊ တစ်နေရာက တစ်နေရာကိုသွားရင် တိုက်ရိုက်မသွားဘူး၊ ဟိုဝင်သည်ဝင် ဝင်ပြီးမှ သူသွားချင်တဲ့နေရာကို သွားတယ်၊ လမ်းမှာတင် မျက်ခြေပြတ်အောင်လုပ်တာလဲ ဖြစ်နိုင်တယ်၊ မျက်ခြေမပြတ်တောင် သူသွားတဲ့နေရာကို မှန်းလို့မရအောင် နေရာတွေများသွားအောင် လုပ်တာဖြစ်နိုင်တယ်၊ မဆိုးဘူး'

'ကောင်မလေး မုံရွာပြန်ရောက်ပြီပေါ့'

'ရောက်ပြီလေ၊ ကောင်မလေးလက်ထဲက ပစ္စည်းဟာ နေလင်းအောင် လက်ထဲရောက်သွားပြီ၊ ဆိုင်ရာက သိသွားပြီ၊ ဒီကောင် ဒီတစ်ခါ ကျားစာကျွေး ရတော့မှာပေါ့၊ အရင်တုန်းက ကျွန်တော်တို့ လူတစ်ယောက်ကို ဒီကောင် ကျားစာကျွေးခဲ့တယ်၊ ခု ကျွန်တော်တို့အလှည့်၊ ဒီကောင်ကို ကျားစာကျွေးလိုက်ပြီ၊ ဒီလိုပေါ့ဗျာ၊ ရှုံးရင်ခံပေါ့၊ နိုင်ရင်စားပေါ့၊ ဟဲ ဟဲ'

ကိုထွန်းအောင်က ကျေနပ်ပုံရသည်။ သူ့လက်ချက်ဖြင့် အကောင်ကြီး တစ်ကောင် ကျားစာဖြစ်ရတော့မည်။ သူတို့အတွက် တစ်တောရှင်းသွားပြီဟု ယူဆပုံရသည်။

'မိရင်တော့ မသက်သာဘူး'

www.burmeseclassic.com



'ကျားစာမခံရအောင် ဦးမြမင်းတတ်နိုင်သလောက် ကြိုးစားမှာပဲ၊ ငွေစက္ကူနဲ့ တံတိုင်းခတ်ပြီး သူ့လူကိုသူ ကာကွယ်မှာပေါ့၊ ဦးမြမင်းရဲ့ ငွေစက္ကူတံတိုင်းကြီး ဘယ်လောက်ထူသလဲဆိုတာ ကြည့်ရဦးမှာပဲ'

နှစ်ယောက်သား စကားပြတ်သွားကြသည်။ ကိုထွန်းအောင်ကလည်း သူ့အတွေးနှင့်သူ။ ကိုမြင့်ကလည်း ကိုယ့်အတွေးနှင့်ကိုယ်။

'ထားပါလေ၊ အခြေအနေကို ခင်ဗျားသိအောင် ပြောထားတာပါ၊ ကျွန်တော်တို့အလုပ် မဟုတ်ပါဘူး၊ ကျွန်တော်တို့ အလုပ်က'

ကိုထွန်းအောင်သည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ လက်ဖက်ရည်ဆိုင်တွင် လူသိပ်မရှိတော့။ ကြိုးတိုးကြဲတဲမျှသာ ရှိတော့သည်။ သူတို့စားပွဲက ချောင်ကျသဖြင့် စကားပြော၍ ကောင်းသည်။

'ကျွန်တော်တို့အလုပ်က မကြာခင်စမယ်။ ဘယ့်နှယ်လဲ'

'ကျွန်တော် စိတ်မပြောင်းပါဘူး'

'ခု သူတို့လမ်းကြောင်းကို ပိတ်ပြီးပြီ။ ကျွန်တော်တို့ဘက်က ကြည့်ရင်တော့ လမ်းရှင်းပြီးပြီပေါ့။ ခု ကျွန်တော်တို့ချည်းပဲ ကျန်တော့တယ်။ ပစ္စည်းတော်တော်များမယ်။ ပခုက္ကူဘက်ကို ရောက်သင့်သလောက်သွားပြီး ကလေးဝတို့ ကလေးမြို့တို့ဘက်ကို ဖြန့်မယ်။ အဲဒါ ခင်ဗျားနဲ့ ကျွန်တော် လုပ်မယ်။ ဘယ့်နှယ်လဲ'

'ကျွန်တော့်ကို မမေးနဲ့တော့လေ။ ကျွန်တော်ပြောပြီးပြီ'

စဉ်းစားနေချိန် မပေးလိုသည့်နှယ် စကားလုံးများသည် သူ့ပါးစပ်မှ ခပ်သွက်သွက် ထွက်လာကြသည်။

ဟုတ်သည်။ ကိုမြင့် သူ့ကိုယ်သူ ကြာကြာစဉ်းစားခွင့်မပေးနိုင်။ စဉ်းစားလျှင် တွေဝေစရာတွေ၊ ဆုတ်ဆိုင်းစရာတွေ တစ်ခုခုတွေ့လာမည်။ အမှန်နှင့်အမှား ပြဿနာမဟုတ်၊ လုပ်ရဲမလုပ်ရဲ ပြဿနာဖြစ်သည်။ သူ ဆုံးဖြတ်ပြီးပြီ။ စဉ်းစားစရာ မလိုတော့။ သူ့ကိုယ်သူ စဉ်းစားခွင့် မပေးနိုင်တော့။

'ဒါဖြင့် ကျွန်တော် အစီအစဉ် ထပ်ဆွဲမယ်ဗျာ။ ဒီနေ့ နေ့လည်ကနေ မနက်ဖြန် နေ့လည်အထိ ကျွန်တော်မအားဘူး။ မနက်ဖြန်ညကျမှ တွေ့မယ်။ ကျွန်တော်တည်းတဲ့နေရာကို သိသလား။ အင်းလေ ဘယ်သိမလဲ။ ဒါကြောင့် ရှာမတွေ့တာပေါ့'

ကိုထွန်းအောင်က သူတည်းသည့် နေရာကို ပြောပြသည်။

'လောလောဆယ်သုံးဖို့ နည်းနည်းပါးပါး ယူထားလိုက်'

www.burmeseclassic.com


ကိုထွန်းအောင်က သူ့အိတ်ထဲသို့ အစိတ်တန်တစ်ထပ် ထည့်လိုက်သည်။ လေးငါးရာလောက်တော့ ရှိလိမ့်မည်။

ကိုမြင့် မငြင်းတော့။ ရှက်စရာမဟုတ်၊ အားနာစရာမဟုတ် ကိုထွန်းအောင်သည် သူ့ကို ငွေစက္ကူတွေ လက်ဆောင်ပေးနေခြင်းမဟုတ်။ စရံပေးနေခြင်းဖြစ်သည်။ သူကလည်း လက်ဖြန့်၍ အလကားတောင်းနေခြင်းမဟုတ်။ သူ့လုပ်ခကို သူယူခြင်းဖြစ်သည်။ သည်ကိစ္စသည် အပြန်အလှန် လက်ဆောင်ဖလှယ်နေခြင်းမဟုတ်။ အလုပ်ကိစ္စ ဖြစ်သည်။ ဆန်ပေး၍ ဆေးရခြင်းဖြစ်သည်။

'မနက်ဖြန် ညဆယ်နာရီလာခဲ့ဗျာ။ ကျွန်တော့်ဆီ အိပ်တာပေါ့'

လက်ဖက်ရည်ဆိုင်မှထွက်ကာ လမ်းခွဲကြသည်။ ကိုထွန်းအောင်သည် ပေါ့ပါးသော ခြေလှမ်းများဖြင့် ထွက်သွားသည်။

ကိုမြင့် ပေါ်တော်မူကျောင်းဘက်သို့ ပြန်လာခဲ့သည်။

သူ့ရင်သည် ရှင်းနေပြီ။ ပေါ့နေပြီ။

()

www.burmeseclassic.com



သူ့ကို အေးမညာသည်။ ညာခဲ့သည်။

သူမျက်စေ့မမှား။ မြင်းမူလမ်းဘက် အကွေ့တွင် အေးမကို ဂျစ်ကားပေါ်တွင် သူသေသေချာချာ မြင်လိုက်သည်။ အေးမနှင့် တွေ့တော့လဲ သူတစ်ယောက်တည် မန္တလေးသွားသည်ဟု ပြောခဲ့သည်။ ယခုမူ မန္တလေးသို့ သွားရုံမက တည်းခိုခန်းတစ်ခုတွင် သက်ခိုင်နှင့် မြင့်မြင့်စန်းဟု မှတ်ပုံတင်အတုကိုင်၍ တည်းခဲ့သည်။ တည်းခိုခန်း မှတ်ပုံတင်တွင် လင်မယားဟု စာရင်းသွင်းခဲ့ကြသည်။

ကိုသက်ခိုင်နှင့် မမြင့်မြင့်စန်း။

ကိုမြင့်က နာမည်နှစ်ခုကို ပါးစပ်မှ တတွတ်တွတ် ရွတ်သည်။ အေးမသည် မြွေဟောက်လို လျှာနှစ်ခွဖြင့် လာသမျှကို လက်သင့်ခံနေသည့် မိန်းမစားမျိုးနှင့် ဘာထူးသနည်း။ သို့ရာတွင် သူ့ဖာသာသူ လာသမျှကို လက်သင့်ခံနေသည်က အရေးမကြီး။ သူ့ကိုမျက်နှာပြောင်တိုက်၍ လိမ်နေသည်ကိုမူ သူခံပြင်းသည်။

နေရဉ္စရာမြစ်ကမ်းဘေးတွင် ထွက်ပြေးသွားတုန်းကလို သည်တစ်ခါတွင်တော့ သူအထင်လွဲခြင်း မဖြစ်နိုင်။ သည်တစ်ကြိမ်က သူကိုယ်တိုင် မျက်စေ့ဖြင့် ဂျစ်ကားပေါ်တွင် တပ်အပ်မြင်လိုက်ရသည်။ သူ့မျက်လုံးကို ကိုထွန်းအောင်၏ စကားက ထောက်ခံသည်။

ကိုထွန်းအောင်ရှေ့မှာ သူ ဣန္ဒြေဆည်ခဲ့သည်။ တည်းခိုရာ ဘုန်းကြီးကျောင်းရောက်တော့ တနုံ့နုံ့ ဖြစ်ရသည်။

နေလင်းအောင်သည် မည်သည့် မိန်းမမျှ မရှောင်ဟု ကိုထွန်းအောင်က ပြောခဲ့သည်။ ကိုထွန်းအောင် စကားကိုလည်း သူ သဘောတူသည်။ သို့ဖြစ်လျှင် အေးမကိုကော သူရှောင်ပါမည်လော။ ဦးမြမင်းက ထိန်းသိမ်းရန် သတိပေးထားသည့်တိုင် နေလင်းအောင်သည် ဦးမြင်မင်းစကားကို သည်မျှလောက် ဦးထိပ်ပန်

www.burmeseclassic.com



မည့် သူမျိုးမဟုတ်။ လင်ရှိမိန်းမကိုပင် ကျူးလွန်သေးလျှင် အေးမလို အပျို အရွယ် မိန်းကလေးတစ်ယောက်ကို ချမ်းသာပေးဖွယ်မရှိ လူ့ဘောင်ကြီးတစ်ခု လုံးက သတ်မှတ်ထားသည့် ကျင့်ဝတ်များကို ဖောက်ဖျက်ရဲကြသေးလျှင် ဦးမြမင်း ဆိုသည့် လူတစ်ဦးတည်းက သတ်မှတ်ပေးထားသည့် ပညတ်ချက်ကို အဘယ်ကြောင့် မဖောက်ဖျက်ရဲရမည်နည်း။

သူ့ပညတ်ချက်ကို ဖောက်ဖျက်မည်မှာ သေချာသည်။ နေလင်းအောင် သည် သည်ကိစ္စမျိုးကို ဝါသနာပါသူလည်း ဖြစ်သည်။ ဖောက်ဖျက်ရန် အခွင့် အလမ်း၊ အခြေအနေအရပ်ရပ်တို့ကလည်း ရှိနေသည်ဆိုလျှင် အဘက်ဘက်က ပြည့်စုံနေပြီ။ ကျူးလွန်မည်သူလည်း ရှိသည်။ ကျူးလွန်လိုစိတ်လည်း ရှိသည်။ ကျူးလွန်ရန် အခြေအနေကလည်း ရှိသည်ဆိုလျှင် ဘာမျှ အထွေအထူး စဉ်းစား စရာမလိုတော့။

အေးမသည် မှောင်ခိုမလေး ဖြစ်သည်။ မှောင်ခိုမှ အသေးစားမဟုတ်။ အကြီးစားမှောင်ခိုလောကတွင် သရဖူဆောင်းလောက်ပြီ။ မှောင်ခိုမိန်းကလေး ဆိုသည်မှာ အများအားဖြင့် ဖိုမကိစ္စကို ထမင်းစားရေသောက် သဘောလောက် ထားနိုင်ရသည်။ ပစ္စည်းကို မှောင်ခိုသလို ခန္ဓာကိုယ်ကိုလည်း မှောင်ခိုရဲရသည်။ သို့မှသာ အောင်မြင်သည့် မှောင်ခိုတစ်ယောက်ဖြစ်နိုင်သည်။ အေးမသည် အောင် မြင်သော မှောင်ခိုတစ်ယောက်ဖြစ်သည်။ သူ့ခန္ဓာကိုယ်ကို အပေါင်မပေးခဲ့ရဟု မည်သူ အာမခံနိုင်သနည်း။

တစ်နည်း လှည့်တွေးနိုင်သေးသည်။ အေးမသည် ဇတ်ဇတ်ကြဲ မဟုတ်မခံ ဖြစ်၍ သူများလို လွယ်လွယ်ဖြင့် အစော်ကားခံမည့် သူမျိုးမဟုတ်။ သို့ရာတွင် နေလင်းအောင်သည် ငွေရှင် ကြေးရှင်။ အေးမက လက်ဝေခံ။ စီးပွားရေးအရ၊ နေလင်းအောင်၏ အရိပ်အဝါအောက်က မလွတ်နိုင်။ သို့ဆိုလျှင် မည်မျှ ဇတ် ဇတ်ကြဲသည်ဆိုစေ၊ ငွေမျက်နှာကို ကြည့်ရလိမ့်မည်။

ယုတ္တိဗေဒအတိုင်း ငွေမျက်နှာကို ကြည့်ရလိမ့်မည်။ မည်သည့်ဘက်က လှည့်တွေးတွေး သည်နိဂုံးကို ဆိုက်နေသည်။ အားလုံး ဖြစ်နိုင်သည်။

အရာကိစ္စတစ်ခုကို စဉ်းစားရာ၌ ဖြစ်နိုင်သည့် ဘက်နှင့် မဖြစ်နိုင်သည့် ဘက်ဟူ၍ ဘက်နှစ်ဖက် ရှိတတ်သည်။ ဖြစ်နိုင်သည်ဟု သူ့စိတ်တွင် ထင်လာ တိုင်း ဤအထင်ကို ကိုမြင့် လွယ်လွယ်နှင့် လက်မခံနိုင်သည့်ဘက်က အကြောင်း များကို ရှာကြံတွေးတောကာ ဘက်နှစ်ဖက်ကို ချိန်ထိုးကြည့်သည်။ သည်နည်းဖြင့် အမှန်ကို ရှာသည်။

www.burmeseclassic.com


သည်ကိစ္စ၌ အေးမသည် နေလင်းအောင်၏ အပျော်မယား တစ်ယောက် ဖြစ်နိုင်သလောဟု သူ စဉ်းစားသည်။ ဖြစ်နိုင်သည်။ ဖြစ်နိုင်မည်ဟု သူထင်သည်။ သို့ရာတွင် အထင်ကို ကိုမြင့် လွယ်လွယ်ဖြင့် လက်မခံ။ ချေဖျက်ပစ်သည်။ ပြောင်းပြန်တွေးကာ မဖြစ်နိုင်သည့်ဘက်က အကြောင်းကို ရှာသည်။ သို့ရာတွင် မဖြစ်နိုင်သည့်ဘက်က အကြောင်းများကို ရှာတိုင်း ဖြစ်နိုင်သည့်ဘက်က အကြောင်းများသည် တစ်ခုပြီးတစ်ခု ခေါင်းထဲတွင် ပေါ်လာကြသည်။

ဟုတ်ပြီ သူ့အထင်ကို သူဦးနှောက်က ချေဖျက်နိုင်ခြင်း မရှိတော့၊ မည်သည့်ဘက်က လှည့်စဉ်းစား၊ စဉ်းစား၊ အေးမသည် ကျဆုံးသွားသော မိန်းမငယ်တစ်ယောက် ဖြစ်နေပြီ။

သည့်အတွက် သူစိတ်မကောင်း သို့ရာတွင် စိတ်မကောင်းသည်က တခြား၊ သူ့ကို မျက်နှာပြောင်တိုက်၍ ညာနေသဖြင့် ဒေါသဖြစ်သည်က တခြား။

သည်ကောင်မနှင့်တော့ သည်တစ်ခါတွင် တကယ်ပြတ်ကြပြီ။ ကိုယ့်လမ်း ကိုယ်သွား၍ ကိုယ့်သမိုင်း ကိုယ်ရေးကြရုံသာရှိသည်။ ယခင်တစ်ခါက အထင်ဖြင့် ဆုံးဖြတ်ခြင်းဖြစ်သည်။ ယခုအခါတွင် အထင်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်။ အတွေ့ အမြင် အကြားတို့ဖြင့် ဆုံးဖြတ်ခြင်းဖြစ်သည်။ သူ့ဆုံးဖြတ်ချက်သည် မမှားနိုင်။

တစ်ဖက်က ပြန်တွေးတော့ သည်လို စောစောစီးစီး ခံလိုက်ရသည်မှာ ကောင်းသည်။ ဘာမျှ သံယောဇဉ် တွယ်တာစရာ မလိုတော့။ သူထင်ရာကို သူလွတ်လွတ်ကျွတ်ကျွတ် လုပ်နိုင်ပြီ။ မည်သူ့ကိုမျှ ငဲ့ညှာစရာမရှိတော့၊ သူက ဦးကျင်စိန်၏ အဆက်အသွယ်။ အေးမက နေလင်းအောင်၏ အဆက်အသွယ်။ ယခင်က ဦးကျင်စိန့် အဆက်အသွယ်တွင် လုပ်ခဲ့ရစဉ် အေးမမျက်နှာကို သူငဲ့သည်။ ယခု မည်သူ့ကိုမျှ ငဲ့စရာမလိုတော့။

မတွေ့တော့၊ အေးမကိုတွေ့ဖို့ စိတ်မကူးတော့။

ကိုထွန်းအောင်နှင့် အလုပ်လုပ်လျှင် တစ်နေရာသို့ ခရီးထွက်ရမည်။ စောစောက တွေ့မည်ဟု စိတ်ကူးခဲ့သေးသည်။ သို့ရာတွင် ကိုထွန်းအောင်ထံမှ သတင်းကြားပြီးနောက်၌မူ ကိုမြင့် အေးမကို တွေ့ရန် စိတ်မကူးတော့ သံယောဇဉ်ပြတ်ပြီ။

မနေ့က ညဉ့်နက်မှ အိပ်ပျော်သဖြင့် နေမြင့်မှ နိုးသည်။ လက်ထဲတွင် ပိုက်ဆံရှိသဖြင့် ဘုန်းကြီးကျောင်းက ဆွမ်းကျန်ကို မစား၊ ကျောင်းတွင် ဆွမ်းကွမ်းရှားပါးသဖြင့် ဦးပဥ္စင်းကိုလည်း အားနာလှပြီ။

www.burmeseclassic.com



ထို့ကြောင့် နံနက်စာစားရန် ဈေးဘက်ထမင်းဆိုင်သို့ ထွက်လာသည်။ လက်ဖက်ရည်ဆိုင်တွင် ကိုထွန်းအောင်ကို မရှာတော့။ သည်နေ့ တစ်နေ့လုံး ရှိမည်မဟုတ်၊ ညဆယ်နာရီကျမှ တွေ့တော့မည်။

ဈေးထိပ်က မြန်မာထမင်းဆိုင်သို့ ဝင်မည်အပြု၊ နောက်က ခေါ်သံကြောင့် ကိုမြင့် လှည့်ကြည့်သည်။

'အစ်ကို အစ်ကို'

ဝမ်းသာအားရခေါ်နေသည့် တိုးကို မြင်လိုက်ရသည်။

တိုးမျက်နှာက ကြည်စင်နေသည်။ ဝါဝင်းသည့် ပါးပြင်တွင် အကြောစိမ်းကလေးများ ယှက်သန်းနေသည်။ စကားဝါပန်းပွင့်လွှာပေါ်တွင် အကြောမျှင်ကလေးများ ဖြာယှက်နေပုံနှင့် တူသည်။ မျက်ခုံးထူထူစိမ်းစိမ်းများ အောက်မှ မျက်လုံး ညိုညိုများက ရွှန်းလဲ့နေကြသည်။ တက်တရွှန်အင်္ကျီလက်စကဖြူဖြူ၊ တက်ထရွှန်ထမီပြာပြာ၊ ခုံနိမ့်ဖိနပ်ဖြူဖြူ။

ဘယ်ဘက်လက်တွင် စာအုပ်သုံးလေးအုပ်ကို ပွေ့ထားပြီး ညာဘက်တွင် ခေါက်ထီးတစ်လက်ကို ကိုင်ထားသည်။

မည်သည့် အတွက်ကြောင့် မသိ၊ ကိုမြင့် ရင်ထဲတွင် နွေးထွေးသွားသည်။

သြော်၊ တိုးကျတော့လည်း အေးမနှင့် ကွာဘိခြင်း။

'ဟွန်း အစ်ကိုတို့များ ခေါ်လိုက်ရတာ ဘာတွေများ တွေးလာသလဲ မသိဘူး'

တိုးက သူ့ဆီသို့ ခပ်သုတ်သုတ် လာနေသည်။ ဝါဝင်းသော နဖူးပြင်တွင် ချွေးစက်ကလေးတွေ ဥနေကြသည်။

'အတော်ပဲ အစ်ကို၊ ခု ထမင်းမစားရသေးဘူး မဟုတ်လား'

တိုးက အနီးတွင်ရပ်၍ နဖူးပေါ်သို့ ဝဲကျလာသည့် ဆံနွယ်များကို လက်ချောင်းသွယ်သွယ်များဖြင့် သိမ်းသည်။

တိုးမျက်နှာက ကြည်စင်ရွှင်ပျနေသလောက် ကိုမြင့်က မျက်နှာမရွှင်။

'ဟင့်အင်း မစားသေးဘူး'

'ဒီလိုဆို တိုးတို့အိမ် လိုက်စားလှည့်နော် အစ်ကို၊ အမေကလဲ ထမင်းကျွေးချင်လို့ တမျှော်တည်း မျှော်နေတာ'

တိုး၏ အသံလဲ့လဲ့က ရွှင်မြူးသည်။ မျက်နှာဝါဝါက ကြည်လင်သည်။ မျက်လုံးညိုညိုများက ရယ်ပြုံးနေကြသည်။ အပြစ်ကင်းသော အသံ၊ အပြစ်ကင်းသော မျက်နှာနှင့် အပြစ်ကင်းသော မျက်လုံး။

www.burmeseclassic.com


တိုးသည် ဘဝအကြောင်းကို ဘာမျှ သိဟန်မတူသေး၊ လူ့ဘဝ မပြော နှင့် သူ့အစ်မ အေးမအကြောင်းကိုပင် ဘာမျှ သိဟန်မတူသေး။

'လိုက်ခဲ့ပါအစ်ကိုရဲ့၊ ဘာစဉ်းစားနေတာလဲ၊ လိုက်မယ် မဟုတ်လား'

တိုးက မျှော်လင့်ချက်ကြီးစွာဖြင့် သူ့ကို မော့ကြည့်နေသည်။

'အစ်ကို သွားစရာလေး ရှိသေးလို့ နောက်မှ လာခဲ့မယ်၊ ကြိုဦးမှာပါ'

ကိုမြင့်က ခပ်ဆိုင်းဆိုင်း ဖြေသည်။

'ဟင့်အင်း အစ်ကိုရယ်၊ ခုလိုက်ခဲ့ပါ၊ မနက်ဖြန်ဆို တိုးက လုပ်အားပေး သွားရတော့မှာ၊ ဘယ်လောက်ကြာမယ် မပြောနိုင်သေးဘူး၊ တိုးမသွားခင် ဒီ တစ်နပ်တော့ လိုက်စားပါ၊ ဒီနေ့ဆိုရင် တိုးလဲရှိတယ်၊ မအေးလဲ ရှိတယ်၊ လိုက်ခဲ့နော် အစ်ကို၊ ဆရာတော် ဦးခေမာရဲ့ မွေးနေ့ဆိုတော့ အိမ်မှာ ဘုန်းတော် ကြီး ဆယ်ပါးပင့်ပြီး အာရုဏ်ဆွမ်းကပ်တယ်၊ လိုက်မယ် မဟုတ်လား'

ကိုမြင့် မငြင်းသာ။ သူမုန်းသည်က အေးမ၊ သူနာကြည်းသည်က အေးမ၊ သူဒေါသဖြစ်ရသူက အေးမ၊ တိုးနှင့် ဘာမျှ မဆိုင်၊ တိုးကို အားနာ သည်။ သနားသည်၊ သည်တစ်ခေါက်တော့ လိုက် လိုက်ဦးမည်။ နောင်တွင် သူနှင့် တွေ့ချင်မှ တွေ့ရတော့မည်။ သည်တစ်ကြိမ်တွင် နောက်ဆုံးအကြိမ် တွေ့ခြင်း ဖြစ်ကောင်း ဖြစ်မည်။

တိုးက တစ်လမ်းလုံး စကားတွေပြောလာသည်။ သူ့စကား၌ ကိုမြင့် အကြောင်း ကိုမြင့်အဖေအကြောင်း ဆရာတော် ဦးခေမာအကြောင်း၊ သူ့အမေ ဒေါ်ငွေစိန့်အကြောင်း၊ အေးမအကြောင်း၊ သူ့သူငယ်ချင်းစုအကြောင်း၊ မန္တလေး တက္ကသိုလ်အကြောင်း။

စင်စစ် တိုး၏လောကသည် ကျဉ်းကျဉ်းကလေးသာ ဖြစ်သည်။ သူ့ လောကတွင် မည်သူ့ကိုမျှ နားမလည်နိုင်စရာမရှိ၊ အထင်လွဲစရာမရှိ၊ ဒေါသ ထွက်စရာမရှိ၊ မုန်းစရာမရှိ၊ သူ့လောက ကလေးသည် သူ့စကားများကြောင့် ပို၍ လင်းထိန်းနေသည်။ ရွှင်မြူးဖွယ် ဖြစ်နေသည်။ စိတ်ဝင်စားဖွယ် ဖြစ်နေ သည်။

'မိစုတစ်ယောက်ဟာ တော်တော် အကျီစားသန်တယ် အစ်ကိုသိလား၊ သစ်ချောက်မိုင်းမှာ တွေ့ကြတုန်းက အစ်ကို့နာမည်ကို ကိုမြင့်မုန်းလဲသိရော၊ အသာနေ အသာနေတဲ့ ဒီလူကြီးကို ကိုယ်အကြောင်းရိုက်ဦးမယ်တဲ့၊ အစ်ကိုလဲ ထွက်လာရော၊ နှင်းဆီခြုံနားကနေပြီး လှမ်းအော်တယ်လေ သိလား။ မိစုက သိပ်နောက်တာပဲ'

www.burmeseclassic.com



တိုး၏ရယ်သံက လွင်သည်၊ ကိုယ်နံ့ကသင်းသည်။

သြော် တိုး၏ လောက တိုး၏ ပတ်ဝန်းကျင်သည် အနုအလွင်တို့ဖြင့် မွမ်းထုံထားသည့် လောက၊ အပျံ့အသင်းတို့ဖြင့် မွမ်းထုံသည့် ပတ်ဝန်းကျင်၊ မြဝတီမင်းကြီး ပြောသည့် 'သင်းထုံတဲ့ဘုံ' ဆိုသည်မှာ သည်လိုပတ်ဝန်းကျင်မျိုးကို ဆိုလေသလောမသိ။

'မအေးရေ၊ မအေးရေ'

တိုးက တကြော်ကြော်ခေါ်၍ အိမ်ပေါ်သို့ တက်လာသည်။

'မအေးရေ၊ အစ်ကို့ကို ထမင်းစားဖိတ်လာခဲ့တယ်၊ အစ်ကို ခဏထိုင်ဦးနော်'

တိုးက စာအုပ်များကို စားပွဲပေါ်သို့ ပစ်ချကာ အိမ်ခန်းထဲသို့ အပြေးအလွှား ဝင်သွားသည်။ တိုးကြည့်ရသည်မှာ ဝမ်းသာနေပုံရသည်။

အတန်ကြာတော့ အေးမ အိမ်ထဲက ထွက်လာသည်။ အေးမ မျက်နှာက ကြည်လင်မှုမရှိလှ၊ မျက်ကွင်းအနည်းငယ် ညိုနေသည်။ တစ်စုံတစ်ရာကိုစိုးရိမ်ကြောင့်ကြဟန် ပေါ်သည်။

နှစ်ယောက်သား စကားပြတ်တောင်းပြတ်တောင်းသာ ပြောမိကြသည်။ ခါတိုင်းလို စကားလက်ဆုံမကျမိကြ။ အေးမကလည်း သူ့အတွေးနှင့်သူဖြစ်၍ နှုတ်မရွှင်၊ ကိုမြင့်ကလည်း ပြောဖို့စကားတွေ ထွေထွေထူးထူးမရှိ၊ ရှိသည့်တိုင်အောင်လည်း အေးမနှင့် သိပ်စကားမပြောချင်။

ထမင်းဝိုင်းတွင် အတူထိုင်ကြသည်။ အေးမက စကားနည်းသလောက် တိုးက လျှာသွက်နေသည်။

ဒေါ်ငွေစိန်က ဆရာတော် ဦးခေမာအကြောင်းကို ပြောသည်။ ဒေါ်ငွေစိန်၏ စကားထဲတွင် ဦးခေမာ အလောင်းအလျာ ဗိုလ်ချစ်ဖုန်းသည် ဦးမြမင်းနှင့် ဖအေတူ မအေကွဲ ညီအစ်ကိုတော်သည်ကို သိဟန်မတူ၊ ဗိုလ်ချစ်ဖုန်းသည် အကြောင်းမလှသော သူ့ဘဝကို သူ ရှက်သောကြောင့် သည်မျှ လျှို့ဝှက်ထားသည်လော မပြောနိုင်။

ဒေါ်ငွေစိန့်စကားများကို ကိုမြင့် စိတ်မဝင်စားနိုင်၊ အေးမသည် သူထင်သည့်အတိုင်း သူကြားသည့်အတိုင်း မှန်သလော၊ သည်အချက်ကို သူသိချင်နေသည်။

'ဘယ့်နှယ် မမြင့်မြင့်စန်း ကိုသက်ခိုင်ရော'

www.burmeseclassic.com



ကိုမြင့်က မေးသည်။ သို့ရာတွင် ပါးစပ်ကမထွက်၊ မေးရန်လည်း အခွင့်မပေး၊ စိတ်ထဲက မေးနေခြင်းသာ ဖြစ်သည်။

ကိုမြင့် သူတို့အိမ်တွင် ကြာကြာမနေချင် ခပ်သုတ်သုတ်စားပြီး နှုတ်ဆက်ထွက်ခဲ့သည်။ သည်တစ်ကြိမ်သည် နောက်ဆုံးအကြိမ် တွေ့ခြင်းဖြစ်ကောင်း ဖြစ်လိမ့်မည်။

တိုးက နေ့လည်နေ့ခင်းမှ ပြန်ရန်တားသေးသည်။ သို့ရာတွင် သူ မနေချင် ကြာကြာဟန်ဆောင်ချင်မှ ဆောင်နိုင်မည်။

အေးမသည် မန္တလေးက သယ်လာသည့် ပစ္စည်းကြောင့် ပြဿနာပေါ်နေသဖြင့် မျက်နှာမကောင်း ဖြစ်နေသည်လော။ သို့မဟုတ် သူကိုခွာထုတ်လိုသဖြင့် ခပ်တန်းတန်း ဖြစ်နေသည်လော၊ နှစ်ခုစလုံးကြောင့် ဖြစ်နိုင်သည်။ သည်နှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်။

ညကိုးနာရီခွဲတော့ ကိုမြင့် ပေါ်တော်မူကျောင်းမှ ထွက်ခဲ့သည်။

ကိုးနာရီကျော်ပြီဖြစ်သဖြင့် ညောင်တစ်ပင်ဈေး ရပ်ကွက်တွင် လူခြေတိတ်စပြုပြီ။ စေတီမှ ဆည်းလည်းသံများကို တစ်ချက်တစ်ချက် ကြားရသည်။ ရှည်လျားသော ခွေးအူသံကို ကြားရသည်။

ဆန်းစလရောင်မှုန်မှုန်က မန်ကျည်းရွက်များကြားမှ လျှောကျနေသည်။ ညစ်ပေရေသော လမ်းကြားကလေးများကို ကွေ့ကောက်လာရသည်။ လမ်းမီးများက ချည့်နဲ့စွာ လင်းနေကြသည်။ လေထဲတွင် ဖုန်မှုန့်နံ့ပါလာသည်။

မန်ကျည်းပင်အုပ်အုပ်များ အနီးသို့ရောက်တော့ မှောင်နေသည်။ သည်နေရာ တစ်ဝိုက်တွင် လရောင်လည်းမရှိ၊ မီးတိုင်များမှ အလင်းရောင်က လည်းသည်နေတစ်ဝိုက်အထိ ရောက်မလာ။

ကိုမြင့် ခါးကြားတွင် ထိုးထားသည့် ဓားမြှောင်ကို စမ်းသည်။ အေးမဆီက သူယူထားသည့် ဓားမြှောင်ကလေး၊ ဆင်မြီးကွပ်ထားသည့် ဓားမြှောင်ကလေး။

အေးမဆီက ယူပြီးနောက် သည်ဓားမြှောင်ကလေးကို သူ့ကိုယ်မှမခွာ၊ သွားလေရာသို့ အမြဲယူသည်၊ မင်းကင်းရဲက ဖမ်းတုန်းက သိမ်းထားလိုက်သည်။ သည်တစ်ကြိမ်သာလျှင် သူ့ကိုယ်မှ ကွာဖူးသည်။

မဟူရာချောင်းဘေးတွင် လူရမ်းကား အထမ်းသမား နှစ်ယောက်က ရမ်းကားအနိုင်ကျင့်သည်၌ သည်ဓားမြှောင်ကလေးဖြင့် အကာအကွယ် ယူခဲ့ရသည်။ သည်ဓားမြှောင်သည် သူ့အတွက် အသုံးကျသည်။ လိုအပ်သည်၊ သူ့ရှေ့လျှောက်မည့် ခရီးသည် ဓားမြှောင်ကိုင် လျှောက်ရမည့် ခရီးဖြစ်သည်။

www.burmeseclassic.com



လမ်းကြားမှ ထွက်၍ မြင်းမူလမ်းမကြီးဘက်သို့ ချိုးလိုက်သည်။

မြင်းမူလမ်းမကြီးပေါ်တွင် နီယွန်မီးချောင်း ပြာလဲ့လဲ့သန်းနေသည်။ အသွားအလာ ကြဲစပြုပြီ၊ တချို့ဈေးဆိုင်တွေ ပိတ်ကုန်ကြပြီ။ နေ့ခင်းတွင် ဆူညံ အုတ်ကျက်ရှိသော ဈေးကြီးသည် တိတ်ဆိတ်နေသည်။

သူ့အနားမှ ဆိုက်ကားတစ်စီး ဖြတ်သွားသည်။ ဆိုက်ကားရှေ့တွင် ယောက်ျားတစ်ယောက် ထိုင်လျက်၊ နောက်ဘက်တွင် မိတ်ကပ်အဖွေးသားနှင့် မိန်းမရွယ်တစ်ယောက်ပါသွားသည်။ အရက်မူးမူးနှင့် ပြောလိုက်သော ယောက်ျား ၏ စကားသံသည် လေထဲဝေ့ကျန်ရစ်ခဲ့သည်။

ယခုတလောတွင် ကိုထွန်းအောင် အလုပ်များနေသည်။ မုံရွာတွင် ပေါ်လာ လိုက် ပျောက်သွားလိုက် ဖြစ်နေသည်။ မန္တလေးနှင့် မုံရွာကို ကူးချည်သန်းချည် လုပ်နေသည်။ နေလင်းအောင်တို့အစုကို အပြတ်ချပြီး ခြေလှမ်းကျဲကျဲ လှမ်း ချင်ပုံရသည်။

သို့ရာတွင် သည်ကိစ္စများသည် သူနှင့်မဆိုင်၊ သူသိစရာ မလို၊ သူ့ရည် ရွယ်ချက်သည် သူဌေးဖြစ်ရန်မဟုတ်။ ထမင်းတစ်လုတ်စားရလျှင် တော်ပြီ၊ ထမင်းတစ်လုတ်စားရဖို့အတွက် ရသည့်အလုပ်ကို သူလုပ်မည်။ အတော်အသင့် ရလျှင် ရေဒီယိုပြင်ဆရာ သင်တန်းတက်မည်။ ကလေးမြို့တွင်ဖြစ်စေ၊ မုံရွာတွင် ဖြစ်စေ၊ ရေဒီယိုဆိုင်ကလေးဖွင့်မည်။ ကိုဖေခင် လွတ်လာလျှင် အဆင်သင့် နှစ်ယောက်စပ်တူလုပ်နိုင်သည်။

သူ့ကို ကိုထွန်းအောင် တော်တော်မျက်စိကျပုံရသည်။ အရွယ်လည်း ကောင်းသည်။ လုပ်ရဲကိုင်ရဲလည်း ရှိသည်။ ပညာဗဟုသုတ အသင့်အတင့်လည်း ရှိသည်။ တက်ကြွဖျတ်လတ်သည်။ သူနှင့်လည်း ပေါင်းဟောင်း သင်းဟောင်း ဖြစ်သည်။ စိတ်ချရသည်။ သစ္စာရှိသည်။ ကိုထွန်းအောင်ဘက်က ကြည့်လျှင် ကိုမြင့်ထက်ကောင်းသည့် လုပ်ဖော်ကိုင်ဖက်မရှိနိုင်။

ကိုထွန်းအောင်သည် စိတ်ဆတ်သည်၊ သဘောတော့ကောင်းသည်။ လုပ်စရာ ရှိပြီဆိုလျှင် တုံးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်တတ်သူဖြစ်သည်။ ဘာကိုမှ မစဉ်းစားနိုင်။ စဉ်းစားနိုင်စွမ်းလည်းမရှိ လူတစ်ယောက်ကို မျက်နှာမြင် ရုံဖြင့် အမြင်ကပ်သည်ဆိုကာ ရန်စ၍ ရိုက်သဖြင့် အမှုဖြစ်ခဲ့ဖူးသည်။ သူလုပ်ချင် ပြီဆိုလျှင် မည်သူမှ တား၍မရ။ ဆင်ရိုင်း မုန်ယိုသည့်နှယ် သောင်းကျန်းတတ် သည်။ ကိုမြင့်စကားကိုတော့ နားထောင်တတ်သည်။ သူ့ထက် အသိဉာဏ်

www.burmeseclassic.com



ကြီးသူဟု အသိအမှတ်ပြုကာ အကြံဉာဏ်တောင်းတတ်သည်။ ကိုမြင့်ဘက်က ကြည့်လျှင် ကိုထွန်းအောင်သည်လည်း အတူတူလုပ်၍ ရသည်။

ယခု ကိုထွန်းအောင်က သူ့ကိုချိန်းထားပြီ၊ သူကလည်း ဆုံးဖြတ်ပြီးပြီ။ အလုပ်လုပ်ရန် သဘောတူပြီးပြီ။ ယခုတလောတွင်ဆိုင်ရာက ကြပ်ကြပ်မတ်မတ် လုပ်လာသဖြင့် ပစ္စည်းသယ်ရခက်သည်။ မုံရွာ မန္တလေးလမ်းတွင် ဂိတ်တွေ ပိတ်၍ ရှာနေသည်။ သည်ဂိတ်များကို ရှောင်ရမည်။ အသယ်ရခက်သဖြင့် သည်တစ်ချီတွင် ချင်းတွင်းဘက် ရောက်အောင်များများ သယ်ထားမည်။ ဘိန်းဖြူ ရှစ်သိန်းဖိုးလောက်ရှိမည်ဟု ကိုထွန်းအောင်က ပြောသည်။

အသေးစိတ်အစီအစဉ် လမ်းပန်း အဆက်အသွယ်၊ ဂိတ်များ၏ အခြေအနေတို့ကို ကိုထွန်းအောင်က ယနေ့ညပြောမည်ဆိုသည်။

တစ်နေရာမှ သံချောင်းဆယ်ချက်ခေါက်သံ ကြားရသည်။

မြင်းမူလမ်းမကြီးအတိုင်း လျှောက်လာပြီးနောက် ဘေးသို့ ချိုးဝင်သည့် လမ်းထောင့်တစ်ခုကို ရောက်သည်။ လမ်းထောင့်တွင် မုံရွာက နာမည်ကြီး ပျော်ပွဲစားရုံတစ်ခုရှိသည်။ တရားဝင်ရောင်းသည့် နိုင်ငံခြားအရက်များလည်း ရသည်။ အဝေးပြေး မော်တော်ကားဂိတ်များနှင့်လည်း နီးသည်။ အောက်ထပ်တွင် ပျော်ပွဲစားရုံရှိ၍ အပေါ်ထပ်တွင် တည်းခိုခန်းဖွင့်ထားသည်။

အုတ်တိုက်နှစ်ထပ် အဆောက်အဦးရှေ့တွင် ကိုမြင့်ရပ်သည်။

ပျော်ပွဲစားရုံထဲတွင် ဇွန်းသံ၊ ပန်းကန်သံမစဲသေး အရက်ပုလင်းဖွင့်သံ၊ ပန်းကန်ချင်းထိသံတို့ မစဲသေး၊ စားသောက်ဖွယ်အနံ့များသည် အပြင်သို့ ပျံ့လွင့်လာကြသည်။

အပေါ်ထပ်သို့ တက်သည့် လှေကားက ဘေးတွင်ရှိသည်။ ကိုမြင့် ပျော်ပွဲစားရုံဘေးမှ ကွေ့ပတ်ကာ ဘေးလှေကားပေါ် တက်လာသည်။

လှေကားပေါ်မှ လူတစ်ယောက် ခပ်သုတ်သုတ်ဆင်းလာသည်။ သူ့ကို ပွတ်ဆင်းသွားသဖြင့် မနည်းရှောင်လိုက်ရသည်။ ရုပ်ကြမ်းကြမ်း၊ ဂင်တိုတို၊ ဆံပင်ကောက်ကောက်၊ ထိုလူက သူ့ကိုကြည့်သည်။ နှစ်ယောက်စလုံး အကြည့်ချင်းဆုံကြသည်။ သည်လူကို တစ်နေရာတွင် မြင်ဖူးသည်ဟု ကိုမြင့်ထင်သည်။ သစ်သားလှေကားက မတ်စောက်သည်။ အပေါ်ထပ်က သစ်သားအဆောက်အဦး ဖြစ်သည်။ ပြတင်းတံခါးများ ပိတ်ထားသည်။

လှေကားထိပ်ကိုရောက်တော့ တံခါးကစေ့ထားသည်။ မြို့ငယ်လေးများက တည်းခိုခန်းများ ထုံးစံအတိုင်း အစောင့်ထားဟန်မတူ။

www.burmeseclassic.com



ကိုမြင့် တံခါးကို တွန်းဖွင့်လိုက်သည်။

ခန်းမဆောင်ကြီး ဘေးတစ်ဘက်တစ်ချက် အခန်းများဖွဲ့ထားသည်။ အလယ်က အုကြောင်းလမ်းဖြစ်သည်။ အခန်းများများစားစားမရှိ။ တစ်ဖက်ငါးခန်းဆီ စုစုပေါင်း ဆယ်ခန်းမျှသာ ရှိသည်။

ကိုထွန်းအောင်၏ အခန်းနံပါတ်က တစ်ဆယ်။

တည်းခိုသူ များများစားစား ရှိပုံမရ၊ တချို့အခန်းများက သော့ပိတ်ထားပြီး မီးမှိတ်ထားကြသည်။ လူရှိသည့်အခန်း သုံးလေးခန်းသာ ရှိဟန်တူသည်။ လူရှိသည့် အခန်းများကလည်း အတွင်းက မင်းတုပ်ချကာ မီးမှိတ်အိပ်နေကြပြီ။

အလင်းရောင်ဆို၍ အလယ်အုကြောင်းလမ်းတွင် ထွန်းထားသည့် မီးပွင့်နှစ်ပွင့်သာရှိသည်။

တစ်–နှစ်။

သုံး–ခြောက်။

ခုနစ်–ရှစ်။

ကိုး–တစ်ဆယ်။

မျက်နှာချင်းဆိုင်ရှိနေသော အခန်းများကို ကျော်လာခဲ့ပြီး အခန်းနံပါတ်တစ်ဆယ်ရှေ့တွင် ရပ်လိုက်သည်။ အခန်းတံခါးသော့ခတ်မထား။ အထဲက မင်းတုပ်ချထားဟန်တူသည်။ ကိုထွန်းအောင် သူ့ကို စောင့်နေလိမ့်မည်။

ကိုမြင့် တံခါးကို ခေါက်လိုက်သည်။

အထဲက ဘာသံမျှ မကြားရ၊ သူ့စောင့်ရင်း အိပ်ပျော်နေပုံရသည်။ ကိုမြင့်က ပါးစပ်ကခေါ်ရင်း တံခါးကို ခပ်ပြင်းပြင်း ခေါက်သည်၊ အထဲမှ ဘာသံမျှ ပြန်မလာ။ ကေန္တ သည်လူ အိပ်ပျော်နေပြီ။

ကိုမြင့် ရုတ်တရက် စိတ်တိုသွားသည်။ ချိန်းထားလျှင် စောင့်နေဖို့ကောင်းသည်၊ ကိုထွန်းအောင် အအိပ်ကြီးသည်ကို သူသိသည်၊ သည်လူအိပ်မိလျှင် တော်တော်နှင့် နိုး၍ မရချင်။

'ကိုထွန်းအောင်၊ ကိုထွန်းအောင်'

ကိုမြင့်က ခပ်အုပ်အုပ်ခေါ်ကာ တံခါးကို ပို၍ ခပ်ပြင်းပြင်းခေါက်သည်။ တံခါးကို တွန်းကြည့်သည်။ တွန်း၍မရ၊ နောက်မှ သတိရသဖြင့် တံခါးကို အပြင်သို့ ဆွဲဖွင့်လိုက်သည်။ တံခါးက အသာပွင့်လာသည်။ ညံ့ဖျင်းရန်ကောဟု သူ့ကိုယ်သူ အပြစ်တင်သည်။

www.burmeseclassic.com



အခန်းထဲတွင် မီးဖွင့်မထား။ မှောင်နေသည်။ အပြင်ဘက် အူကြောင်းလမ်းက မီးပွင့်ကလည်း ဝေးသဖြင့် အစွန်ဆုံး အခန်းထဲအထိ အလင်းရောင် မရောက်။

အပေါက်အဝင် လက်ဝဲဘက်က မီးခလုတ်ကို ရှာကြည့်သည်။ ပခုံးအမြင့်လောက်တွင် မီးခလုတ်ကို သွားတွေ့သည်။ ကိုမြင့် မီးခလုတ်ကို ဖွင့်သည်။

ဖျောက်ခနဲ မြည်လာသည့်အသံနှင့်အတူ မျက်နှာကျက်မှ မီးလင်းလာသည်။

မြင်လိုက်ရသော မြင်ကွင်းကြောင့် ကိုမြင့် ရုတ်တရက် လန့်သွားသည်။

ကုတင်ပေါ်တွင် ခြေကားယား လက်ကားယားဖြင့် ဝမ်းလျားမှောက်လျက် လဲနေသော ကိုထွန်းအောင်ကို မြင်လိုက်ရသည်။ သူ့နောက်ကျောတွင် ဓားမြှောင်တစ်ချောင်း တန်းလန်းစိုက်နေသည်။ ခါးတစ်ဝိုက် အိမ်ရာပေါ်တွင် သွေးတွေ အိုင်ထွန်းနေသည်။ မျက်နှာက တစ်ဖက်သို့ စောင်းနေသဖြင့် မျက်နှာကို မမြင်ရ။

ကိုမြင့် ကြက်သေသေ၍ ကြည့်နေသည်။ ချက်ချင်း သတိကို ထိန်းကာ အခန်းပတ်ပတ်လည်ကို ကြည့်သည်။ အခန်းထဲတွင် ထွေးလုံးသတ်ပုတ်ဟန်မရှိ၊ အိပ်ရာခင်း၊ ခေါင်းအုံး၊ ကုလားထိုင် စသည်တို့ နေရာမပျက်ရှိကြသည်။ ကုတင်ခေါင်းရင်းတွင် ချထားသော လေယာဉ်အိတ်ကမူ ပွင့်နေသည်။ ခြေရင်းက သားရေလက်ဆွဲအိတ်ကလည်း ပွင့်နေသည်။ အဝတ်အစားတချို့ ကြမ်းပြင်ပေါ်တွင် ကျနေသည်။

အပေါ်ထပ် လှေကားထိပ်မှ တက်လာသော ခြေသံများကို ကြားရသည်။ ကိုမြင့် ချက်ချင်းတံခါးကို ပိတ်သည်။ လူနှစ်ယောက်သုံးယောက် စကားပြောသံကို ကြားရသည်။ ခြေသံများသည် အခန်းတစ်ဝက်လောက်တွင် ရပ်သွားသည်။ ခဏကြာတော့ တံခါးဖွင့်သံကြားရသည်။ တည်းခိုခန်းတွင် တည်းခိုသူများ ဖြစ်ဟန်ရှိသည်။ လျှာသံ လေးနေသည်ကို ထောက်၍ အရက်မူးလာကြပြီဟု ကိုမြင့် တွက်သည်။

ခဏကြာတော့ အခန်းတံခါးပိတ်သံကြားရသည်။ ကိုမြင့်ခေါင်းပြူထွက်ကြည့်တော့ ထင်သည့်အတိုင်း တံခါးပိတ်သွားပြီ။

သူ ဘာလုပ်မည်နည်း။

သူ့ရှေ့တွင် အသတ်ခံရသူ တစ်ယောက်၏ အလောင်း။ ကိုထွန်းအောင်၏ အလောင်း။

www.burmeseclassic.com


သူငယ်ချင်းဆိုလျှင်လည်း ဟုတ်သည်။ ပခုက္ကူရောက်တိုင်း သူ့ကိုကျွေးမွေးခဲ့သူလည်း ဖြစ်သည်။ လုပ်ဖော်ကိုင်ဘက်ဆိုလျှင်လည်း ရသည်။ တစ်လှေတည်းစီးကြမည့်သူဆိုလျှင်လည်း မှန်သည်။ သို့ရာတွင် တစ်လှေတည်း မစီးကြရသေး၊ တစ်လှေတည်းစီးရန် ပြင်ဆင်နေဆဲ အသတ်ခံရပြီ။

သူ့စိတ်ထဲတွင် ချီတုံချတုံ ဖြစ်နေသည်။

ရှောင်ရမည်လော၊ ယခုအချိန်ထိ သူ့ကို မည်သူမျှ မမြင်သေး။ ရှောင်လျှင် လွတ်နိုင်သေးသည်။ ကိုထွန်းအောင်၏ နောက်ပိုင်းပြဿနာများကို သူ အကုန်အစင်မသိ။ သူမသိသည့် ပြဿနာများထဲတွင် မပါနိုင်၊ မပါသင့်၊ သည်နေရာတွင် ကြာကြာနေလျှင် သူ တရားခံဖြစ်လိမ့်မည်။ ရဲနှင့် သက်ဆိုင်းနေရလိမ့်မည်။ သူ့အပေါ် အမှုပတ်လိမ့်မည်။ မသိလိုက်မသိဖာသာနေသည်က ကောင်းလိမ့်မည်။ ကြောက်တတ်လျှင် ဝန်ကင်းသည်။

ထို့ကြောင့် ကိုမြင့် ရှောင်ထွက်ရန် စိတ်ကူးသည်။ နောက်ကျောတွင် ဓားတန်းလန်းစိုက်လျက် မှောက်လျက်ထိုးလဲနေသော ကိုထွန်းအောင်ကို တစ်ချက်လှမ်းကြည့်သည်။

သူ့ရင်ထဲတွင် နင့်ကနဲ ခံစားလိုက်ရသည်။ မနေ့ကတွင် သူနှင့် စကားပြောနေသေးသည့် ကိုထွန်းအောင်။ သူ့အပေါ် စိတ်ကောင်းထားသည့် ကိုထွန်းအောင်၊ သူငယ်ချင်းကောင်းတစ်ယောက်ဖြစ်သည့် ကိုထွန်းအောင်။

သည်အတိုင်း သူ ပစ်မထားခဲ့နိုင်၊ မထားခဲ့ရက်။

မုံရွာမြို့ပေါ်တွင် ကိုထွန်းအောင်၏ ပုဂ္ဂိုလ်ရေး ရန်သူရှိသည်ဟု၍ မကြားစဖူး၊ သည့်နောက်ကွယ်တွင် စီးပွားရေး အကြောင်းတစ်ခုတော့ ရှိလိမ့်မည်ဟု ကိုမြင့် လက်ကနဲ သတိရလိုက်သည်။

မင်းကင်းနားတွင် အဖမ်းခံရသည့် ကိစ္စကို သူ အမှတ်ရသည်။ သည်တုန်းက သူရှောင်လျှင် လွတ်သည်။ သို့ရာတွင် ကိုဖေခင်ကို သူ မထားရက်နိုင်။ ကိုယ်လွတ်ရန်းသူလောက် သတ္တိကြောင်သူမရှိဟု သူထင်သည်။

ယခုလည်း သူ မရှောင်ချင်။ ကိုယ်လွတ်မရုန်းချင်။

သူ့အပေါ်တွင် ကိုထွန်းအောင်ကျေးဇူးတွေ အများကြီးရှိသည်။ ကျေးဇူးရှိသူတစ်ယောက်ကို သည်အတိုင်း ပစ်ထားခဲ့လျှင် သူ့လောက် ကျေးဇူးကန်းသူ ရှိမည်မထင်၊ ကိုယ့်ကို အမှုပတ်မည်စိုး၍ စစ်လားဆေးလား အလုပ်ခံရမည်စိုး၍ သက်မကင်း အဖြစ်ခံရမည်စိုး၍ ရှောင်ထွက်မည်ဆိုလျှင် သူ့လောက သတ္တိကြောင်သူ လောက၌ ရှိမည်မထင်။

www.burmeseclassic.com


တံခါးလက်ကိုင်နှင့် မီးခလုတ်တွင် သူ့လက်ရာတွေ ထင်ပြီးပြီ။

ကိစ္စမရှိ။ လူသတ်မှုဖြင့် စွပ်စွဲလိုက စွပ်စွဲပါစေ။ သည်အတိုင်း မထားခဲ့နိုင်၊ အမှုမှန်ပေါ်အောင် တစ်ဖက်တစ်လမ်းက ကူညီနိုင်သည်။ အနည်းဆုံး ကိုထွန်းအောင်၏ အသုဘတွင် လိုက်ပို့သူတစ်ဦးတော့ ဖြစ်နိုင်သည်။ သည်တစ်ခုသာ သူတတ်နိုင်သည်။ ကိုထွန်းအောင်၏ ကျေးဇူးကို သည်နည်းတစ်နည်းဖြင့်သာ သူ ဆပ်နိုင်သည်။

သွက်လက်သော်လည်း မြဲမြံသော ခြေလှမ်းများဖြင့် အောက်ထပ်ပျော်ပွဲစားရုံထဲသို့ ဆင်းချခဲ့သည်။ တည်ငြိမ်သော်လည်း တင်းမာသော မျက်နှာထားဖြင့် ပျော်ပွဲစားရုံအုပ်ချုပ်သူ၏ စားပွဲသို့ လျှောက်လာသည်။ တိုးတိတ်သော်လည်း ပြတ်သားသော အသံဖြင့် အဖြစ်အပျက်ကို ပြောပြသည်။

ပျော်ပွဲစားရုံ အုပ်ချုပ်သူက မျက်နှာပျက်ပျက် အသံတုန်တုန်ဖြင့် ရဲကို ဖုန်းဆက်သည်။

()

www.burmeseclassic.com

၃၈

ထိုနေ့ညက ကိုမြင့် ပေါ်တော်မူကျောင်းသို့ ပြန်မရောက်တော့။

သူထင်သည့်အတိုင်း သူ့ကို လူသတ်မှုဖြင့် ရဲက ဖမ်းသည်။ ကိုမြင့် ဝမ်းမနည်း၊ သည်အတိုင်း ဖြစ်လာလိမ့်မည်ဟု နဂိုကတည်းက မျှော်လင့်ပြီးသား၊ ကြောက်တတ်လျှင် ဝန်ကင်းဆိုသည့် စကားကို သူလက်မခံ၊ သည်စကားသည် မည်သည့်အချိန်တွင် မည်သည့်အကြောင်းကြောင့် ပေါ်ခဲ့သည်ကို သူမသိ၊ သည် စကားသည် ကိုယ်လွတ်ရုန်းချင်သူ၊ ရေသာခိုချင်သူ၊ တစ်ကိုယ်ကောင်း ကြည့်သူ တို့အတွက် နည်းပေးလမ်းပြ ဖြစ်သည်ကိုမူ သူသိသည်။

ယခု သူ မကြောက်တတ်၍ ဝန်ပိနေပြီ။ ပိပါစေ၊ သူ ဂရုမစိုက်။

လူသတ်သမား၏ လက်ချက်ဖြင့် ကိုထွန်းအောင် အသတ်ခံရပြီ။ သူငယ် ချင်းတစ်ယောက် ဆုံးရှုံးခဲ့ရပြီ။ လုပ်ဖော်ကိုင်ဖက်တစ်ယောက် လျော့သွားပြီ။ သူငယ်ချင်းတစ်ယောက်လုံးလုံး အသတ်ခံထားရသည်ကို တွေ့လျက်နှင့် ကိုယ့် တာဝန် ဖြစ်မည်စိုး၍ ရှောင်ပြေးလျှင် သူဝတ္တရားပျက်ကွက်ရာ ရောက်မည်။ အမှုမှန်ကို ပေါ်အောင် လုပ်ရာတွင် ကူညီရမည့် ဝတ္တရား သူ့တွင် ရှိသည်။ ကိုထွန်းအောင်ကို ကျေးဇူးဆပ်ရန်မှာ သူ့အတွက် သည်နည်းတစ်နည်းသာ ရှိ တော့သည်။ သူ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ခြင်းသာ ဖြစ်သည်။

သူ့ကိုယ်သူ ပြန်ကြည့်တော့ ပြစ်မှု တစ်စုံတစ်ရာ မရှိဘဲ အချုပ်ထောင် သို့ လေးခေါက်တိတိ ရောက်ခဲ့ဖူးပြီ၊ ပထမတစ်ခါတုန်းက သူ့ဆီအဝင်အထွက် လုပ်နေသည့် သူငယ်ချင်း တစ်ယောက်ကြောင့် အခြောက်တိုက် အဖမ်းခံလိုက် ရသည်။ ဒုတိယအကြိမ်တွင် နေလင်းအောင် လီဆယ်တိုင်သဖြင့် တစ်ခါရောက် ခဲ့သည်။ တတိယတစ်ချီတွင် သူများ မှောင်ခိုပစ္စည်းကို သယ်လာခဲ့သဖြင့် တစ်ခေါက်ရောက်ခဲ့သည်။ ယခုတစ်ဖန် လူသတ်မှု မသင်္ကာသဖြင့် တစ်ခေါက် ရောက်ရပြန်ပြီ။

www.burmeseclassic.com


ရဲက သူ့ကို ထုံးစံအတိုင်း စစ်သည်။ ကိုယ်ရေးရာဇဝင်ယူသည်။ အမည်၊ မိဘအမည်၊ ကိုးကွယ်သော ဘာသာ၊ နေရပ်။

'ဘယ်မှာနေသလဲ'

'ဘုန်းကြီးကျောင်းမှာ'

'ဘယ်ဘုန်းကြီးကျောင်းလဲကွ၊ ဘုန်းကြီးကျောင်းတွေက အများကြီး'

ကိုမြင့်က သူနေသည့် ဘုန်းကြီးကျောင်းတိုက် အမည်ကို ပြောသည်။ ရဲအရာရှိ နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကြသည်။ အိုးအိမ်အတည်တကျ မရှိသည့် လူလေလူလွင့်တစ်ယောက်ဟု နှစ်ဦးစလုံး သဘောတူကြပုံရသည်။

'အလုပ်အကိုင်'

'မရှိဘူး'

သည်တွင်လည်း ရဲအရာရှိနှစ်ယောက် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကြပြန်သည်။

'ဘာမှမလုပ်ဘူးလား၊ အရောင်းအဝယ်လေး ဘာလေးကော'

'ရှာနေတုန်းပဲ'

ယခင်က ရာဇဝတ်မှု ကျူးလွန်ခြင်း ရှိမရှိ၊ သည်မေးခွန်းကတော့ အဖြေရခက်သည်။ ရှိသည်ဟုလည်း ပြောနိုင်သည်။ မရှိဘူးဟုလည်း ပြောနိုင်သည်။

'အရင်က ထောင်ကျဖူးသလား'

ကိုမြင့် စဉ်းစားနေသည်ကို မြင်၍ ရဲအရာရှိတစ်ဦးက ဝင်မေးသည်။ ကိုမြင့် မလိမ်ချင်၊ ယခု လိမ်ပြော၍ ရသည့်တိုင် နောက်စုံစမ်းလျှင် ပေါ်မည်။

'ကျဖူးပါတယ်'

ရဲအရာရှိ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြသည်။

'ဘယ်နှစ်ခါလဲ'

'လေးခါ'

'ဘာ'

'လေးခါကျဖူးပါတယ်'

'ဟ ရင့်လှချည့်လား'

'ဘာမှုနဲ့လဲ'

စောစောက မေးခွန်း ပြန်လာပြန်ပြီ၊ သည်မေးခွန်းက အဖြေရခက်သည်။

'ဘာမှုနဲ့မှ မဟုတ်ပါဘူး'

www.burmeseclassic.com



ကိုမြင့် ပါးစပ်ကမှ အလိုလို ထွက်သွားသည်။

'ပြစ်မှုကျူးလွန်လို့ပေါ့ကွ၊ ပြစ်မှုမရှိဘဲနဲ့ ထောင်ကျပါ့မလား'

ခက်ပြီ၊ သည်မေးခွန်းကို သူတို့ နားလည်အောင် မည်သို့ ဖြေရမည်နည်း။

ကိုမြင့်က လိပ်ပတ်လည်အောင် ရှင်းရသည်။ ပထမတစ်ချီမှာ အခြောက်တိုက် အထိန်းသိမ်းခံရခြင်းဖြစ်သည်။ ဒုတိယလီဆယ်၍ တိုင်သဖြင့် တစ်ပတ်အချုပ်ခံရသည်။ တတိယမှောင်ခိုအငှားလိုက်သူအဖြစ် တစ်လလောက် အဖမ်းခံရသည်။ တရားရုံးက ပြစ်မှု မထင်ရှားသဖြင့် လွှတ်လိုက်သည်။

ယခု စတုတ္ထ။

'တော်ပြီ၊ ဒါဖြင့် အမှုအကြောင်းကိုဘာသိသလဲ'

ကိုမြင့်က သူ ကိုထွန်းအောင်ဆီသွားပုံ၊ လှေကားအတက်တွင် လူတစ်ယောက်နှင့်တွေ့ပုံ၊ အခန်းတံခါး ဖွင့်လိုက်သည်တွင် ကိုထွန်းအောင် ဒဏ်ရာဖြင့် လဲနေပုံစသည်တို့ကို အသေးစိတ် ပြောပြသည်။

'လှေကားအတက်မှာ တွေ့လိုက်တဲ့လူကို သိလား'

'မသိပါဘူး'

'လူမြင်ရင်ကော မှတ်မိသလား'

'မှတ်မိပါတယ်'

'ပုံပန်းက'

'အရပ်ပု၊ ငါးပေသုံးလက်မလောက်ရှိမယ်၊ ဂင်တိုတို၊ ကာယဗလကောင်းကောင်း၊ ဆံပင်ကောက်ကောက်။

'လူမြင်ရင် မှတ်မိတယ်နော်'

'မှတ်မိပါတယ်'

ရဲက သိပ်ကျေနပ်ပုံမရ။ စစ်ဆေးပြီး အချုပ်ထဲ ပြန်ထည့်သည်။ သူဝမ်းမနည်း။ သို့ရာတွင် အံ့သြခြင်းတော့ ဖြစ်မိသည်။ ကျူးလွန်သူတချို့ ဘာမှမဖြစ်ဘဲ မကျူးလွန်သူ တချို့ အချုပ်ထဲ ဝင်ရသည်ကို သူ အံ့သြသည်။

သုံးရက်အကြာတွင် ရဲက သူ့ကို ထုတ်စစ်ပြန်သည်။ ဘာမျှမထူး။ ရဲကမူ သံသယရှင်းပုံမရသေး။ မတတ်နိုင်။ ကိုထွန်းအောင်ကို သူမသတ်ခဲ့ကြောင်း အခြားသူများ မသိသည့်တိုင် သူဖာသာသူ သိသည်။ ဘယ်နှစ်ကြိမ်စစ်စစ် သည်အတိုင်း ပြောရုံမှတစ်ပါး အခြား ဘာမျှ ပြောစရာမရှိ။

နောက်လေးရက်အကြာတွင် ရဲက သင်္ကာမကင်း ဖြစ်ဖွယ်ရှိသူများကို တန်းစီပြသည်။ ကိုမြင့်ပြောသည့်အတိုင်း အရပ်ပုပု၊ ဂင်တိုတို၊ တချို့က ဆံပင်ကောက်ကောက်၊ တချို့က ဆံပင်မကောက်တကောက်။

www.burmeseclassic.com


တစ်ယောက်မျှ သူမြင်လိုက်ရသူမဟုတ်။ သတ်သူမျက်နှာကို သူ တစ်နေရာတွင် မြင်ဖူးသည်ဟုထင်သည်။ သို့ရာတွင် စဉ်းစား၍ မရ။

ရဲက ကိုမြင့်ကို ဆယ်ရက်လောက် ချုပ်ထားပြီး စစ်သည်။ နောက်ဆုံး သက်သေရှင်းတော့မှ သူ့ကိုတောင်းပန်၍ ပြန်လွှတ်လိုက်သည်။

အချုပ်က လွတ်တော့ ပေါ်တော်မူ ကျောင်းသို့ ပြန်သည်။ ဦးပဥ္ဇင်းက မေး၍ ကြည့်ကောင်းအောင် ဖြေရသည်။ ဦးပဥ္ဇင်းက သည်နှစ် တောထဲတွင် ဝါဆိုမည်ဟု ပြောသည်။ ရသေးသည်။ ဝါဝင်လျှင် ဦးပဥ္ဇင်းသွားလျှင် သည် ကျောင်းမှာ နေ၍ မဖြစ်တော့။

ဘယ်သွား၍ ဘာလုပ်မည်နည်း။

အေးမနှင့် အဆက်ပြတ်ပြီ။ ကိုထွန်းအောင်လည်း မရှိတော့။ ဦးပဥ္ဇင်း ကလည်း မကြာမီ ကွဲတော့မည်။ သည်တော့ မုံရွာတွင်နေ၍ မရတော့။ နေစရာ အကြောင်းလည်း မရှိတော့။ ချောင်ပိတ်အရိုက်ခံရသည့် ခွေးတစ်ကောင်လို ထွက်ပေါက် ပိတ်နေခဲ့သည်မှာ ကြာပြီ။ မောင်ခိုကုန်ကူးတော့လည်း ဟန်မကျ၊ နောက်ဆုံးထွက်ပေါက်အဖြစ် ဘိန်းဖြူကူးတော့မည်ဟု စိတ်နှလုံးကို ဒုံးဒုံးချသည့် တိုင် ယခု ထိုထွက်ပေါက်လည်း ပိတ်သွားပြီ။

ဘိန်းဖြူ မကူးဖြစ်လိုက်သည့်အတွက် သူ့ကိုယ်သူ ကံကောင်းသည်ဟု ဆိုရမည်လော၊ ကံဆိုးသည်ဟု ဆိုရမည်လော။ သူ မပြောတတ်။

သူ့တွင် သွားစရာမရှိ။

သစ်ချောက်မိုင်းက ဖိုးလုချိုတစ်ယောက်သာ ကျန်တော့သည်။ သို့တိုင် အောင် ဖိုးလုချိုတစ်ယောက်တည်း လုပ်စာကို ထိုင်စား၍ မဖြစ်။ အလုပ်တစ်ခု ခုတော့ လုပ်ရမည်။ သွားစရာရှိသည်တိုင် လုပ်စရာမရှိသေး။ ကျောက်မီးသွေး မိုင်းတွင် အလုပ်ရှိသည်ဆိုလျှင်တော့ တော်သေးသည်။ ဘာအလုပ်မျှ မရှိသည်နှင့် စာလျှင် တော်သေးသည်ဟု ဆိုရမည်။ ထို့ကြောင့် သစ်ချောက်မိုင်းသို့ ပြန်လာ ရန် သင့်မသင့်၊ အခြေအနေ အရပ်ရပ်ကို ဖိုးလုချိုထံ စာရေးလိုက်သည်။

သည်အတောအတွင်း ဦးပဥ္ဇင်း ကျောင်းမှာပင် နေသည်။ သူ့လက်ထဲ တွင် ကိုထွန်းအောင် ပေးထားခဲ့သည့် ငွေငါးရာအနက် သုံးရာလောက် ကျန်သေး သည်။

နယုန်လထဲ ရောက်နေပြီ။ မကြာခင် မိုးကျတော့မည်။ ကလေးဝ ကားလမ်းသည် ပိတ်တော့မည်။ ဖိုးလုချိုဆီက စာကို ကိုမြင့် မျှော်သည်။ ဖိုးလုချိုထံမှ စာပြန်မလာသေး။ ဖိုးလုချိုသည်ပင် သစ်ချောက်မိုင်းတွင် ရှိမှ

www.burmeseclassic.com


ရှိပါသေး၏လော မဆိုနိုင်။ ဖိုးလှချို့ထံမှ စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မိုးမကျမီ ဝါမဝင်မီ စရိတ်ကလေး ကုန်မသွားမီ သစ်ချောက်မိုင်းသို့ လိုက်ရတော့မည်။

နယုန်မိုးသေး မြက်သားမွေးဆိုသည့်အတိုင်း အညာတွင် မိုးသေးလည်း မရွာတတ်သေး။ မြက်ပင်တို့ကလည်း သားမမွေးကြသေး။ အညာနွေသည် ပူ၍ ကောင်းဆဲ။ ညနေတွင် လေနီဆင်၍ ညတွင် လျှပ်နွယ်တို့ လှည့်ပတ်ချန်းတတ်သည့်တိုင် အပူငွေ့လျှပ်ဆဲ။

သည်နေ့ညနေတွင်လည်း အပူငွေ့ပြန်ကာ အိုက်စပ်နေသည်။ ထမင်းဆိုင်က ညနေ ထမင်းစားပြန်လာလျှင် ကိုမြင့်ကမ်းနားဘက်သို့ လျှောက်နေကျဖြစ်သည်။ ကမ်းနားရောက်လျှင် ဆိပ်ခံသမ္ဘန်ပေါ်တွင် ထိုင်ကာ အနောက်ဘက် ပုံတောင်ပုံညာဆီသို့ ငေးကြည့်မြဲ။ သည်နေရာရောက်တိုင်းလည်း ကိုထွန်းအောင်ကို သတိရမြဲ။

ကိုထွန်းအောင် အသတ်ခံရသည်မှာ တစ်လကျော်၍ နှစ်လပြည့်တော့မည်။ ယခုအထိ ဘာသတင်းမျှ မထူးသေး။

နေဝင်သွားပြီ။

အမှောင်ထုသည် လျင်မြန်စွာ လျှောကျလာနေသည်။ ချင်းတွင်းမြစ်ရေပြင်သည် အရောင်မျိုးစုံ တောက်နေရာမှ မှိုင်းပြာစ ပြုလာသည်။ လမ်းမီးတွေ လင်းကုန်ကြပြီ။ ဆုတောင်းပြည့်စေတီ ဖောင်းရစ်မှ မီးပွင့်များလည်း လင်းနေပြီ။

အမှောင်လုံးလုံး ဖုံးသွားတော့မှ ကိုမြင့် ထိုင်ရာမှထသည်။ ကမ်းနားလမ်းအတိုင်း လျှောက်လာခဲ့ပြီးနောက် လမ်းသေးလမ်းမွှားများကို ဖြတ်ကာ ပေါ်တော်မူ ကျောင်းတိုက်ဘက်သို့ လျှောက်လာခဲ့သည်။ ကျောင်းတိုက်ထဲအဝင်တွင် စေတီပုထိုး အပြိုအပျက်များရှိသည်။ တချို့ စေတီများက မှိုင်းညိုညို အုတ်နီရောင်။ တချို့စေတီများက အဖြူရောင် ဖျော့ဖျော့။ တချို့စေတီများက အရောင်ခပ်မဲမဲ။

လမ်းက ဖြတ်လမ်းဖြစ်၍ စေတီပုထိုးတွေ၊ မဟာရံတံတိုင်းတွေကြားထဲက ကွေ့ကောက်သွားရသည်။ မှောင်ရီပျိုးစတွင် လူသွားလမ်း ဖုံဖုံကလေးကို အဖွေးသား မြင်ရသေးသည်။ ကမ်းနားမှ ကျောင်းသို့ပြန်လျှင် သည်လမ်းကလေးအတိုင်း ပြန်မြဲ။

www.burmeseclassic.com



ညိုညိုမဲမဲ မဟာရံတံတိုင်းတစ်ခုကို ချိုးကွေ့မည်ပြုစဉ် ခြေသံနှင့် အသံတစ်သံကြောင့် ကိုမြင့် ဖျတ်ကနဲ လှည့်ကြည့်လိုက်သည်။ လက်က ခါးကြားမှ ဓားမြှောင်ဆီသို့ ရောက်သွားသည်။

မိန်းမပျိုတစ်ယောက် သူ့နောက် ပြေးလိုက်လာနေသည်။

'အစ်ကို'

သူ့ကိုခေါ်သံ။ အစ်ကိုဟု ခေါ်လိုက်သည့်အသံ။ အေးမ၏ အသံ။

'စောင့်လိုက်ရတာ အစ်ကိုရယ်။ လာမှလာပါတော့မလားလို့'

အေးမက အနားသို့ ရောက်လာပြီး အပြစ်တင်သည်။ ကိုမြင့် ဘာမှ မပြောနိုင်။ အံ့အားသင့်နေသည်။

'ဘာငိုင်နေတာလဲ။ တွေ့ချင်လွန်းလို့ လာလာပြီး စောင့်တာ သုံးလေးရက်ရှိပြီ။ ခုတောင် ပြန်တော့မလို့။ လာ၊ ပြောစရာရှိတယ်။ ဟိုနားမှာ ထိုင်ရအောင်'

'ဘာလဲ'

'လာစမ်းပါ။ နောက်မှ မေးစမ်းပါ'

အေးမက ဘေးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး ဆွဲခေါ်သည်။ မဟာရံတံတားအဝင် မုခ်ဝအကွယ်သို့ ဆွဲခေါ်သွားသည်။

'သူတို့ အစ်ကို့ကို လိုက်ရှာနေကြတယ် သိလား'

အေးမက အရင်းမရှိ အဖျားမရှိ ပြောသည်။ လေသံမှုသာ၊ ကိုမြင့် အေးမစကားများကို နားမလည်၊ အေးမ ဘာတွေ ပြောနေသနည်း။

'ဘယ်သူတွေလဲ'

'တလောက တည်းခိုခန်းမှာ အသတ်ခံရတာ အစ်ကို့ သူငယ်ချင်းဆို'

ကိုမြင့်က အေးမ မျက်နှာကို စူးစိုက်ကြည့်နေသည်။ တုန်လှုပ်နေဟန်ရှိသော အေးမမျက်နှာကို ဆည်းဆာမှောင်ရီထဲတွင် ရေးရေးသာ မြင်ရသည်။

ဆွမ်းကျွေးသည့်နေ့ ထမင်းစားပြီးကတည်းက အေးမနှင့် မတွေ့တော့၊ သူတို့အိမ်ဘက်သို့လည်း မရောက်တော့၊ အေးမသည် လျှာနှစ်ခွနှင့် မြွေဟောက်မဟု သူ ထင်ခဲ့သည်။

'အေးမကိုလဲ စောင့်ကြည့်နေကြတယ်၊ ဒါကြောင့် အေးမ ဘယ်ကိုမှ ထွက်လို့ မကောင်းဘူး၊ အစ်ကို့ဆီကို ဆိုက်ကားသမား လွှတ်ပြီး စာပေးခိုင်းမလား

www.burmeseclassic.com


လို့ စဉ်းစားသေးတယ်၊ ဒါပေမယ့် မသေချာလို့ ဘုန်းကြီးကျောင်းနားကို လာလာ စောင့်တာ သုံးရက်ရှိပြီ၊ အစ်ကို မုံရွာက မြန်မြန်ထွက်သွားပါ၊ ဒီမှာ အန္တရာယ် ရှိတယ်'

အေးမ၏ စကားများကို သူ နားမလည်သေး၊ သူ့ကို မည်သူတွေက လိုက်ရှာနေသနည်း။ မည်သည့်အန္တရာယ်နည်း။

'မင်းပြောတာကို ဘာမှ နားမလည်ဘူး'

'ခက်လိုက်တာ အစ်ကိုရယ်၊ အေးမ ဘယ်လိုပြောရမလဲ မသိဘူး၊ သူတို့လေ သူတို့ အစ်ကို့ကို ရန်ရှာကြလိမ့်မယ်၊ အဲဒါ အစ်ကို တခြားကို မြန်မြန်ထွက်သွားပါ'

'သူတို့ဆိုတာက ဘယ်သူတွေလဲ၊ အစ်ကို့ကို ဘာဖြစ်လို့ ရန်ရှာရမှာလဲ'

'သူတို့ဆိုတာက ဟို ဟို နေလင်းအောင်တို့ပေါ့၊ သတ်တဲ့လူဟာ ဦးမြမင်းတို့၊ နေလင်းအောင်တို့ရဲ့ တပည့်တစ်ယောက်လို့ ရဲက မသင်္ကာ ဖြစ်နေတယ်၊ အစ်ကိုပြောတဲ့ ပုံပန်းသဏ္ဍာန်ဟာ သူတို့တပည့်တစ်ယောက်နဲ့ တူနေတယ်၊ ဒါကြောင့် ဦးမြမင်းတို့၊ နေလင်းအောင်တို့ကိုလဲ စောင့်ကြည့်နေတယ်၊ အဲဒီလူကိုလဲ လိုက်ရှာနေကြတယ်'

ဟုတ်ပြီ။ သည်လူကို မြင်ခဲ့ဖူးသည်ဟု ကိုမြင့် ထင်နေသည်။ နေရာကို စဉ်းစား၍ မရ၊ ယခု အမှတ်ရပြီ။ ဖောင်ကူးတံတားပေါ်တွင် နေလင်းအောင်နှင့် ကားချင်း ရင်ဆိုင်တိုက်မည်ပြုစဉ် နေလင်းအောင်နှင့် ပါလာသူ၊ သူ့ကို ဝင်တိုးမည် အပြု သူက ခြေထောက်ဖြင့် ဆီးကန်ခဲ့သူ ဖြစ်သည်။ မှတ်မိပြီ။ ရုပ်ကြမ်းကြမ်း၊ ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်၊ အရုပ်ပုပု။

'အဲဒါ အစ်ကိုနဲ့ ဘာဆိုင်သလဲ'

'အဲဒီလူနဲ့ အစ်ကို လှေကားအဆင်းမှာ တွေ့လိုက်တယ် ဆိုတာ သူတို့ သိတယ်၊ သူ့ကို ဆွဲပြနိုင်တဲ့လူဟာ အစ်ကိုတစ်ယောက်ပဲ ရှိတယ်ဆိုတာလိုလဲ သူတို့ သိတယ်'

'ရဲက ဦးမြမင်းတို့၊ နေလင်းအောင်တို့ကို မဖမ်းဘူးလား'

'ဘယ့်နှယ်လုပ်ဖမ်းမလဲ၊ ဘာအထောက်အထားမှ မရှိတာ၊ လူသတ်မှု မသင်္ကာဖြစ်နေတဲ့ လူကိုတောင် ရှာလို့ မရသေးတာ၊ သူတို့ကို ဘယ့်နှယ်လုပ် ဖမ်းမလဲ၊ ပြီးတော့ သူတို့က မြို့မျက်နှာဖုံးတွေဆိုတော့ အရမ်းဘယ်လုပ်ရဲမလဲ'

'ဒီလူကော'

www.burmeseclassic.com



'ရှောင်နေမှာပေါ့၊ ဒီလူကို မိတော့မှ ဒီလူ့ထွက်ချက်ပေါ် မူတည်ပြီး ဦးမြမင်းတို့ကို အရေးယူရမှာပေါ့၊ ဒီလူက ဘယ်လိုထွက်ဦးမလဲမှ မသိတာ'

ကိုမြင့်က သက်ပြင်းချသည်။ အေးမမျက်နှာကို စိုက်ကြည့်သည်။

'သူတို့လိုက်ရှာနေတယ်ဆိုတာကိုကော အေးမ ဘယ်လိုလုပ်ပြီး သိတာလဲ'

'လွန်ခဲ့တဲ့ ဆယ်ရက်လောက်က နေလင်းအောင် အရက်တွေ မူးပြီး အိမ်ကို ရောက်လာတယ်၊ သူတို့ကို ရဲက စောင့်ကြည့်နေတယ်တဲ့၊ ဘယ်သူ့ကိုမှ မကြောက်လို့ ဒီအလုပ် လုပ်တာတဲ့၊ အခု သူတို့ရှင်းရမဲ့ လူတစ်ယောက် ကျန်သေးတယ်တဲ့၊ အဲဒီလူဟာ ကိုမြင့်ဆိုတဲ့ လူတဲ့၊ ဒီကောင့် ပါးစပ်ပေါက်ကို ပိတ်ပစ်ရမယ်တဲ့'

'ဒီလိုပဲ ပြောသလား'

'အို မူးမူးနဲ့ ပြောလိုက်တာမှ စုံနေတာပဲ၊ ဦးကျင်စိန်ကို ချချင်ရင် သူ့ဘေးက အဆွယ်အပွားတွေကို အရင်ဖြိုရမယ်လို့လဲ ပြောသေးတယ်'

'အစ်ကိုက ဦးကျင်စိန် အဆွယ်အပွားလဲ မဟုတ်ပါဘူး၊ ဦးကျင်စိန်ကို မြင်တောင် မမြင်ဖူးဘူး'

'ဒါကတော့ သူတို့ထင်တာ ပြောတာ ဖြစ်မှာပေါ့၊ အစ်ကို့အတွက် အေးမ စိုးရိမ်တယ်'

ကိုမြင့်က ရယ်လိုက်သည်။

'မရယ်နဲ့ အစ်ကို၊ အေးမ တကယ်ပြောနေတာ၊ အစစအရာရာ သတိဝီရိယနဲ့နေပါ'

အေးမသည် သူ့လူကိုယ့်ဘက်သားလော၊ သူ့ကို တကယ်စေတနာဖြင့် ပြောနေသည်လော၊ ကိုမြင့် သံသယ ဖြစ်ချင်သည်။

'အစ်ကိုက နေလင်းအောင်ဆိုတဲ့ အကောင်ကို ဂရုမစိုက်ပါဘူး၊ သက်ခိုင်ဆိုတဲ့ လူတစ်ယောက်ကိုလဲ ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် သက်ခိုင်ရဲ့အမျိုးသမီး မြင့်မြင့်စန်းဆိုတဲ့'

'အစ်ကို'

အေးမက အလန့်တကြား သူ့ပါးစပ်ကို လှမ်းပိတ်သည်။

ကိုမြင့်က အေးမလက်ကို ဖယ်ချသည်။

'အဲဒီ သက်ခိုင်ရဲ့ မြင့်မြင့်စန်းဆိုတဲ့ အမျိုးသမီးကိုတော့ ဂရုစိုက်တယ်၊ ကြောက်တယ်'

www.burmeseclassic.com


အေးမ ဘာမျှမပြော၊ တရှုံ့ရှုံ့ ငိုနေသည်။

'မင်းကိုယ်မင်း သိပ်ပိရိလှပြီ မထင်နဲ့အေးမ၊ အကုန်သိတယ်၊ မုံရွာကနေပြီး နေလင်းအောင် ဂျစ်ကားနဲ့ မန္တလေးကိုသွားတယ်၊ မန္တလေးရောက်တော့ သက်ခိုင်နဲ့ မြင့်မြင့်စန်းဆိုတဲ့ မှတ်ပုံတင် အတုကိုကိုင်ပြီး တည်းခိုခန်း တစ်ခုမှာ တည်းတယ်၊ နေလင်းအောင်က ကျောက်မဲ၊ လားရှိုးဘက်ကို သွားတယ်၊ မင်းက မိုးကုတ်ဘက်ကို သွားတယ်။ အပြန်ကျတော့ မင်းနဲ့ နေလင်းအောင် မန္တလေးမှာ ဆုံတယ်၊ နေလင်းအောင်က မုံရွာကို အရင်ပြန်နှင့်တယ်၊ ပစ္စည်းတွေကို မင်းပေး ထားခဲ့တယ်၊ မင်းက အဲဒီပစ္စည်းတွေကို မုံရွာ– မန်းကားနဲ့ မုံရွာရောက်အောင် ယူလာတယ်၊ မုံရွာကျတော့မှ အဲဒီပစ္စည်းတွေကို နေလင်းအောင်ဆီ ပြန်အပ်တယ် မဟုတ်ဘူးလား'

အေးမ အံ့အားသင့်နေသည်။

'ဦးကျင်စိန်က နေလင်းအောင်ကို အမိဖမ်းချင်လို့ မင်းကို မဖမ်းတာပေါ့၊ မုံရွာရောက်တော့ ဦးကျင်စိန်ဆီက သတင်းရလို့ နေလင်းအောင်အိမ်ကို ရဲက တက်ရှာတယ်၊ ဘာမှ မတွေ့ဘူး မဟုတ်ဘူးလား'

'အစ်ကို သိတယ်နော်'

'ရိုးရိုးလေးပါ။ ကိုထွန်းအောင်က အကုန်ပြောသွားပြီးပြီ၊ ကိုထွန်းအောင် ဟာ သူတို့အကြောင်းကို ချေးခါးအူမ မကျန်အောင် သိတယ်ဆိုတာ နေလင်း အောင်တို့ သိတယ်။ ဒီလူက လုပ်ရဲကိုင်ရဲတယ်၊ ပြတ်တယ်၊ ဒီတော့ ကိုထွန်း အောင်ဟာ သူတို့လမ်းမှာ အတားအဆီးဖြစ်နေတယ်၊ ဒါကြောင့် သူ့ကို အမှိုက် ကလေးတစ်ပင် ကောက်လွှင့်ပစ်လိုက်သလို ရှင်းပစ်လိုက်တာပေါ့၊ ဦးမြမင်း ဆိုတဲ့ လူဟာ အာဏာနဲ့ ငွေကိုရမယ်ဆိုရင် လူတစ်ယောက်ကို သတ်ရရင်လဲ အရေးမကြီးဘူး လူတစ်ရာသတ်ဆိုလဲ သတ်မှာပဲ၊ အရင်တုန်းက အာဏာအတွက် လူတစ်ယောက်ကို သတ်လိုက်ပြန်ပြီ၊ အစ်ကို စောစောကတည်းက သင်္ကာမကင်း ဖြစ်နေတာပါ၊ ဒါပေမယ့် အထောက်အထား မရှိဘူး၊ ခုတော့ အထောက်အထား ရပြီ'

'ဘယ်လိုအထောက်အထားလဲ အစ်ကို'

'အစ်ကို့ကို ရန်ရှာလိမ့်မယ်ဆိုတဲ့ အေးမ စကားဟာ အထောက်အထား ပေါ့၊ ဟိုလူကို အစ်ကိုတစ်ယောက်တည်း မြင်လိုက်တယ်၊ ဒီတော့ တစ်ဦးတည်း သော မျက်မြင်သက်သေကို ကိစ္စတုံးအောင် လုပ်ပစ်မှာပေါ့၊ ရှင်းပါတယ်၊ အစ်ကို မရှိရင် ဟိုလူကို မိဦး၊ သူက ဖြောင့်ချက်မပေးမချင်း ဘာမှ အရေးယူနိုင်

www.burmeseclassic.com



မှာ မဟုတ်ဘူး။ ဘယ်သူက သက်သေခံမှာလဲ၊ ခုတော့ တစ်ဦးတည်းသော မျက်မြင်သက်သေကို ဖျောက်ဖျက်ပစ်လိုက်မှာပေါ့၊ သဘာဝကျပါတယ်၊ ဒါပေမယ့် အစ်ကို မကြောက်ပါဘူး၊ အစ်ကို ကြောက်တာက မြင့်မြင့်စန်းဆိုတဲ့ မိန်းမ'

'အေးမကို ဒီလောက် အထင်သေးရင်လဲ သတ်ပစ်လိုက်ပါအစ်ကို၊ အစ်ကို့ ခါးကြားထဲက ဓားမြှောင်နဲ့ ထိုးသတ်ပစ်လိုက်ပါ၊ အေးမ သိပါတယ်၊ ဒီဘဝ ရောက်ရင် ဒီလိုပဲ အထင်သေးတတ်ကြတယ်ဆိုတာ အေးမသိပါတယ်၊ အများ တကာ အထင်သေးတာကို အေးမ ခံနိုင်ပါတယ်၊ ခံရပါတယ်၊ ဂရုမစိုက်ပါဘူး။ ဒါပေမယ့် အစ်ကို အထင်သေးတာကိုတော့ အေးမ မခံနိုင်ဘူး။ အေးမကို သတ်ပါ'

အေးမ ရှိုက်နေသည်၊ ပခုံးက တသိမ့်သိမ့် တုန်နေသည်။

'ဩော် အထင်သေးတဲ့လူက အပြစ်ရှိသပေါ့၊ သိပ်ရိုးသား၊ သိပ်အပြစ် ကင်း၊ သိပ်သန့်စင်တဲ့ မိန်းကလေး တစ်ယောက်ကို ငါကပဲ မကောင်းထင်တယ် ပေါ့၊ ဟုတ်လား'

အေးမ ဘာမျှ မဖြေ။

ယောက်ျားတစ်ယောက်၏ နှလုံးသားကို ပျော့ပျောင်းအောင် လုပ်ရာ၌ မိန်းမတို့သည် မျက်ရည်ကို လက်နက်သဖွယ် အသုံးပြုကြသည်။ အေးမ ယခု သည်လက်နက်ကို သုံးနေပြီဟု ကိုမြင့် တွေးသည်။

'မိန်းမတွေဟာ မာယာများတယ်၊ သူတို့ရဲ့စိတ်ဟာ ကွေ့ကောက်တယ်၊ လေ့နဲ့မြင်းလို အသိရခက်တယ်လို့ ပြောကြတာဟာ မိန်းမတွေကို တစ်ဘက်စီး နင်းပြောတဲ့ စကားလို့ ထင်ခဲ့တယ်၊ ခုတော့ သိပ်မှန်တယ်၊ ဟင်း'

အေးမက ဆတ်ကနဲ ခေါင်းကို မော့သည်။

'ထင်နိုင်ပါတယ်၊ ပြောနိုင်ပါတယ်၊ အေးမဟာ ခြောက်ပြစ်ကင်းထဲက မဟုတ်ပါဘူး၊ မှောင်ခိုလုပ်တယ်ဆိုတာ ဥပုသ်စောင့်တာ မဟုတ်တော့ အေးမ လိမ်ခဲ့ရတယ်။ ညာခဲ့ရတယ်၊ သူများတွေကိုလဲ လိမ်ခဲ့ရတယ်၊ အစ်ကို့ကိုလဲ နည်းနည်းပါးပါးတော့ လိမ်ခဲ့ရတယ်၊ ညာခဲ့ရတယ်'

'နည်းနည်းပါးပါး မဟုတ်ပါဘူး။ ငါ့ကို အများဆုံး လိမ်ခဲ့တာပါ။ သက်ခိုင်နဲ့ မြင့်မြင့်စန်းဆိုတဲ့ နာမည်နဲ့ လင်မယားလိုနေခဲ့တာကိုတောင်'

အေးမ သူ့ပါးစပ်ကို လှမ်းပိတ်သည်။

'ဒါကတော့ အေးမ မလိမ်ပါဘူး အစ်ကို၊ မဟုတ်ပါဘူး'

www.burmeseclassic.com


'ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ လင်မယားဆိုပြီး မင်းတို့ တည်းလာခဲ့တာ မဟုတ်လား'

'တည်းခိုခန်းမှာ မှတ်ပုံတင်မှာ လင်မယားလို့ ပြောခဲ့ပေမယ့် မဟုတ်ပါဘူး အစ်ကိုရယ်၊ တည်းခိုခန်းဆိုတော့ လူရိုသေ ရှင်ရိုသေဖြစ်အောင် လင်မယားလို့ နာမည်ပေးတာပါ၊ တကယ် မဟုတ်ပါဘူး၊ ဒါကိုတော့ အေးမ ကျိန်ပြောရဲပါတယ်၊ နေလင်းအောင်ကလဲ မန္တလေးကျတော့ တည်းခိုခန်းမှာ ညမအိပ်ပါဘူး'

ကိုမြင့် တွေသွားသည်။ အေးမ စကားက ယုတ္တိရှိသင့်သလောက်တော့ ရှိသည်။ သို့ရာတွင် လိမ်ညာသူတို့သည် ဘယ်တော့မျှ အကုန်လုံး လိမ်သည် မဟုတ်၊ တစ်ဝက်တစ်ပျက်ကို လိမ်ကြခြင်းသာ ဖြစ်သည်။ အစအဆုံးလိမ်လျှင် မည်သူကမျှလည်း ယုံမည်မဟုတ် ယုတ္တိလည်း ရှိမည်မဟုတ်။

အေးမသည် တစ်ဝက်တစ်ပျက်ကို အမှန်ပြော၍ တစ်ဝက်တစ်ပျက်ကို လိမ်ပြောသည်လော။ အေးမ ခပ်တွေတွေဖြင့်

'ဟုတ်ပါတယ်လေ၊ တကယ်တော့ အေးမ အမှားပါ၊ အစတုန်းကတော့ ဝမ်းရေးကြောင့် မှောင်ခိုလုပ်တယ်၊ နောက်ကျတော့ နည်းနည်းလောဘကြီးလာတယ်၊ အေးမရဲ့ အားနည်းချက်ကို အခွင့်ကောင်းယူပြီး နေလင်းအောင်တို့က အေးမကို အသုံးချသွားတယ်၊ ဒီလိုနဲ့ အေးမ သူတို့ပိုက်ကွန်ထဲ မရုန်းနိုင်အောင် ဖြစ်လာရတယ်၊ ဘာပဲပြောပြော အေးမ အပြစ်ပါ၊ ဒါပေမယ့် နေလင်းအောင်နဲ့ အေးမဟာ ရှင်းရှင်းလင်းလင်း ဆိုတာကိုတော့ အစ်ကို သိစေချင်ပါတယ်၊ လက်ခံတာ လက်မခံတာ အပထား၊ ဒါကို အစ်ကိုသိတယ်ဆိုရင် တော်ပါပြီ၊ အစ်ကို အေးမကို ခွင့်လွှတ်ချင်မှ ခွင့်လွှတ်ပါ၊ မုံရွာက မြန်မြန်ထွက်သွားပါလို့ အေးမ ပြောချင်ပါတယ်'

အေးမက ထိုင်ရာမှထသည်၊ ကိုမြင့်လည်းထိုင်ရာမှထသည်၊ နှစ်ယောက်သား လမ်းခွဲကြသည်။ ကိုမြင့်က ပေါ်တော်မူကျောင်းဘက်သို့ သွားသည်။ အေးမကလည်း လမ်းမဘက်သို့ ထွက်သည်။

လမ်းဓာတ်မီးတိုင်မှ မှုန်မှုန်ရီရီ အလင်းရောင်အောက်တွင် တဖြည်းဖြည်း လျှောက်သွားနေသော အေးမကို ကိုမြင့် လှမ်းကြည့်သည်။

နောက်တစ်ပတ်အကြာတွင် ဖိုးလုချိုထံမှ စာရသည်။ ဖိုးလုချိုထံမှ စာတွင် မိုင်းတွင် အလုပ်လစ်လပ်ကြောင်း၊ အမြန်လာခဲ့စေလိုကြောင်း ပါရှိသည်။

မကြာမီ မိုးကျတော့မည်။ မော်တော်ကားလမ်း ပိတ်တော့မည်။ ထို့ကြောင့် ကြာကြာမဆိုင်းတော့ဘဲ သစ်ချောက်မိုင်းသို့ ကိုမြင့် ထွက်လာခဲ့သည်။

www.burmeseclassic.com


အေးမတို့အိမ်သို့ သွားခဲ့သည်။ သူ့ကို တူလိုသားလိုခင်သော ဒေါ်ငွေစိန်ကို ကန်တော့သည်။ သူ့ကို အစ်ကိုလိုခင်သော တိုးကို နှုတ်ဆက်သည်။ ဒေါ်ငွေစိန်နှင့် တိုးက ဆရာတော် ဦးခေမာကို သွား၍ ဖူးဖို့ တိုက်တွန်းလိုက်ကြသည်။ ဆရာတော်အတွက် လှူဖွယ်ဝတ္ထုများကိုလည်း ပေးလိုက်သည်။

အေးမကိုမူ မတွေ့ခဲ့။

၀

www.burmeseclassic.com



သစ်ချောက်မိုင်းတွင် မိတ်ဆွေဟောင်းများကို တွေ့ရသည်။

ကိုဖေခင်တစ်ယောက် မရှိသည်မှအပ လူဟောင်း တော်တော်များများကို တွေ့ရသည်။ အဘ ဦးစံတင်တို့လည်း မိုင်းတွင် အလုပ်ပြန်ရကြသည်။ ရွှေသီးတို့တစ်တွေလည်း ပြန်ရောက်နေကြသည်။ ဆက်၍ မလုပ်ချင်တော့သူများမှအပ လူဟောင်းများ အားလုံး အလုပ်ပြန်ရကြသည်။

ဖိုးလှချို့က သူပြန်ရောက်၍ ဝမ်းသာနေသည်။ ကိုဖေခင်ကို တဖွဖွ တမ်းတသည်။ သူများပစ္စည်းများဖြင့် ထောင်ကျရသည်ကို တက်တခေါက်ခေါက် ဖြစ်သည်။

ကိုမြင့် ရောက်ပြီးဆရာတော် ဦးခေမာကို သွားဖူးသည်။ တိုးတို့ လှူလိုက်သော ပစ္စည်းများကို သွား၍ ကပ်သည်။ ဆရာတော်က အထူးအထွေ မပြော။ သာကြောင်း မာကြောင်းလောက်သာ မေးသည်။

ကိုမြင့် ကျောက်မီးသွေးမိုင်းတွင် အလုပ်ပြန်၍ ရသည်မှာ တစ်လပြည့်တော့မည်။ သည်အတောအတွင်း တိုးထံမှ စာတစ်စောင်ရသည်။ စာ၌ ဘာမှ အထူးအထွေမပါ။ ကျန်းမာကြောင်း၊ ကိုမြင့် ကျန်းမာစေရန် ဆုတောင်းကြောင်း။ အေးမလည်း မန္တလေးသို့ သွားနေကြောင်း၊ စာပြန်စေလိုကြောင်းမျှသာ ပါသည်။ နေလင်းအောင်ကို လူသတ်မှု မသင်္ကာဖြင့် ရဲက ခေါ်၍ စစ်ဆေးကြောင်း။ အထောက်အထား မရှိသဖြင့် ဘာမျှ အရေးယူခြင်း မရှိကြောင်း။ သူဌေး၏ သမက်၊ မုံရွာမြို့ မျက်နှာဖုံးတစ်ဦး လူသတ်မှု မသင်္ကာဖြင့် အစစ်ဆေးခံရသည်မှာ အံ့သြဖို့ကောင်းကြောင်း စသည်ဖြင့် ပါသည်။

ကျောက်မီးသွေးတွင်းတွင် ကိုမြင့် ကျွမ်းကျင်အလုပ်သမားအဖြစ် ပြန်ရသည်။ စက်တူရွင်းကိုလည်း ကောင်းကောင်းကိုင်တတ်ပြီ။ ကုလားဘောင်တွေကိုလည်း ကောင်းကောင်း ထောက်တတ်ပြီ။ ကျောက်မီးသွေးကျင်းများထဲက ဥမင်တွေကိုလည်း ကိုမြင့် ကောင်းကောင်းသိပြီ။ အဘ ဦးစံတင်က လွဲလျှင်

www.burmeseclassic.com



သူ့လောက် မြေအောက် ဥမင်လမ်းများကို သိသူ ဆို၍ အလုပ်သမားများထဲတွင် တစ်ယောက်မျှမရှိ။

ကိုမြင့်က ငယ်ရွယ်သည်။ တက်ကြွသည်။ သတ္တိကောင်းသည်။ ဖျတ်လတ်သည်။ သည်အချက်များတွင် သူက အဘ ဦးစံတင်ထက် သာသေးသည်။

မိုးအဆက်မပြတ် ရွာနေသဖြင့် မိုင်းသုံးရက် ပိတ်ထားရသည်။ ယနေ့ပြန်ဖွင့်သည်။

ပြန်ဖွင့်သည့်ရက်တွင် ထုံးစံအတိုင်း ဒေါက်တိုင်များကို စစ်ရမည်။ ကုလားဘောင်များကို စစ်ရမည်။ ယိုင်လဲနေလျှင် ပြန်ထောက်ရမည်။ နေ့တစ်ဝက်လောက်က အလုပ်ကောင်းကောင်း မလုပ်ရဘဲ ဒေါက်တွေ ပြန်ထောက်ရ၊ ကုလားဘောင်တွေ ပြန်တပ်ရသည်နှင့် အချိန်ကုန်တတ်သည်။ အလုပ်သမားက မိုင်းပြန်ဖွင့်သည့်နေ့တွင် မဆင်းချင်။

သည်နေ့ညနေ ခြောက်နာရီအဆိုင်းတွင် ကိုမြင့်တို့အဆိုင်း ဝင်ရမည်။ အားလုံးပေါင်း လူနှစ်ဆယ်ရှိသည်။ ဖိုးလှချိုကမူ နေ့လည်က အဆိုင်းဖြစ်၍ တန်းလျားတွင် အိပ်နေရစ်ခဲ့ပြီ။

၆ နာရီ၊ ၅ မိနစ်။

ဆယ်ယောက်တစ်စုက ကိုးပေကြောဘက်သို့ သွားကြသည်။ ကိုးပေကြောအတိုင်း ဇီးရိုးလယ်ဗယ် မြေညီထပ်မှ မိုင်းနားစ်ဝမ်းလယ်ဗယ်သို့ ဆင်းကြမည်။ နွားစွယ် တောင်အောက်အတိုင်း တူးဝင်သွားသည့် ဥမင်ထဲသို့ ဝင်ရမည်။ ကွေ့ကောက်သွားသဖြင့် ဥမင်ဝကဆိုလျှင် တစ်မိုင်ခွဲလောက် ဝေးမည်။ ကိုးပေကြောအတိုင်း ဆင်းသွားသော မိုင်းနားစ် ဝမ်းလယ်ဗယ်က မြေပြင်မှအောက်ပေ သုံးရာလောက်ရောက်နေပြီ။ ယခု အသစ် စတူးသည့် ဥမင်ဖြစ်သည်။ သည်အဆိုင်း ခေါင်းဆောင်က ကံသာဖြစ်သည်။

အခြား ဆယ်ယောက်ကို လူနှစ်စု ခွဲသည်။ တစ်စုက ပလပ်စ်တူးလယ်ဗယ်သို့ တက်မည်။ ပလပ်စ်တူးလယ်ဗယ်ဆိုသည်မှာ မြေညီဥမင်မှ အထက်တောင်ခေါင်းထဲသို့ လေးဆယ့်ငါး ဒီဂရီစောင်းတက်သွားသည့် အထပ်ဖြစ်သည်။ သည်အဆိုင်းကို တင်အောင်က ခေါင်းဆောင်သည်။

နောက်တစ်စုက ဥမင်တစ်လျှောက်ရှိ ဖြတ်ကျင်းများ၊ စိုက်ကျင်းများ၊ တည့်ကျင်းများကို လိုက်ကြည့်သည်။ ကုလားဘောင်များ၊ ဒေါက်တိုင်များကို လိုက်စစ်မည်။ ကုလားဘောင်များ၊ ဒေါက်တိုင်များကို လိုက်စစ်မည့် ငါးယောက်အစုတွင် အဘ ဦးစံတင်၊ ကိုမြင့်၊ စိုးရွှေ၊ တိုးညွန့်၊ သောင်းလှ စသူတို့

www.burmeseclassic.com


ပါသည်။ သူတို့အားလုံး အတွေ့အကြုံ ရှိပြီးသား အလုပ်သမားတွေချည်းဖြစ်သည်။ သစ်ချောက်မိုင်းထဲက ဥမင်များအားလုံးကို ကိုယ့်လက်ဖဝါးပေါ်က လက္ခဏာများကို သိသလို ကောင်းကောင်းသိသူများ ဖြစ်ကြသည်။ သည်အဆိုင်းကို အဘ ဦးစံတင်က ခေါင်းဆောင်သည်။

ပထမဖြတ်ကျင်းအရောက်တွင် လူစုခွဲကြသည်။ မိုင်းနားစ်ဝမ်းလယ်ဗယ်ခေါ် မြေအောက်ဥမင်သို့ဆင်းမည့် ကံသာတို့ လူသိုက်က ရှေ့ဆက်သွားကြသည်။

'အဘရေ သွားမယ်ဗျို့၊ ကျွန်တော်တို့အားလုံး ဆယ်ယောက်'

ကံသာက လှမ်းအော်သည်။ သူ့အသံသည် စကားပြောသံများကိုဖုံးကာ မည်းမှောင်သော ဥမင်ထဲတွင် ဟိန်းသွားသည်။ သူတို့တစ်သိုက်သည် ဥမင်ထဲတွင် တစ်မိုင်နီးပါးကွေ့ကောက်သွားရဦးမည်။ ကိုးပေကြောရောက်လျှင် မြေအောက်သို့ ပေသုံးဆယ်နီးပါး ဆင်းရဦးမည်။ သူတို့ခရီးသည် အဝေးဆုံးဖြစ်သည်။

သူတို့ခေါင်းပေါ်တွင် တပ်ထားသည့် ထိပ်အုပ် မီးပွင့်မှ မီးရောင်ကလေးများသည် အမှောင်ထုကြီးထဲတွင် တဖြည်းဖြည်း မှိန်သွားကြသည်။ ကွေ့တစ်ကွေ့ကို ချိုးလိုက်သည်၌ လုံးဝမမြင်ရတော့။ မီးပွင့်သေးသေးလေးများ ပျောက်ကွယ်သွားကြပြီ။ စကားသံများ၊ ရွှံ့ဗွက်ထဲတွင် တစွက်စွက် သွားနေသံများလည်း တဖြည်းဖြည်း ဝေးသွားကြပြီ။

နောက်ထပ် ပေနှစ်ရာလောက် လျှောက်မိတော့ နံပါတ်တစ် ကန့်လန့်ဖြတ်ကျင်းသို့ ရောက်သည်။ အထဲတွင် လမ်းသေးလမ်းမွှားတွေ၊ ကြက်ခြေခတ်လမ်းတွေ ရှုပ်နေသည်။ သည်ကျင်းက စောင်းကျင်းဖြစ်သည်။ စောင်းကျင်းအတွင်း ပလပ်စ်တူးလယ်ဗယ်သို့ လေးဆယ့်ငါးဒီဂရီ မော့တက်သွားသည်။ နွားစွယ်တောင် ထိပ်ဖျားနားတွင် ဆုံးသည်။

'အဘ၊ ကျွန်တော်တို့ သွားမယ်၊ ငါးယောက်'

အဆိုင်းခေါင်းဆောင် တင်အောင်က လှမ်းအော်သည်။ သူ့အဆိုင်းတွင် ပါသူအမည်များကို အော်ပြောသွားသည်။

အဘ ဦးစံတင်တို့ အဆိုင်းသာလျှင် ဇီးရိုးလယ်ဗယ်တွင် ကျန်ရစ်ခဲ့သည်။

အဘ ဦးစံတင်တို့ ကိုမြင့်အဆိုင်းက ဇီးရိုးလယ်ဗယ်ရှိ ဒေါက်တိုင်များ၊ ကုလားဘောင်များကို လိုက်၍ စစ်ရမည်။ ချွတ်ယွင်းချက်ရှိလျှင် ပြင်ရမည်။ အမြဲရွေ့နေသော ကျောက်မီးသွေးမျက်နှာပြင်အမိုး၏ ဖိအားကြောင့် ကျိုးကျပျက်စီးသွားသော ဒေါက်တိုင်များ၊ ကုလားဘောင်အမိုးများကို ပြန်ထောက်ရမည်။

www.burmeseclassic.com



ဓီးရိုးလယ်ဗယ်တွင် ဖြတ်ကျင်းတွေ အများကြီးရှိသည်။ သည်ဖြတ်ကျင်းများအားလုံးသို့ သူတို့ လျှောက်ကြည့်သည်။ ဖြတ်ကျင်းတစ်ကျင်းမှအပ၊ ကျန်ကျင်းများအားလုံးကောင်းသည်။ ကုလားဘောင်ကျိုးကျသော ဖြတ်ကျင်းတွင် ကုလားဘောင်များကို ပြန်ထောက်ပြီး ထိုဖြတ်ကျင်းမှ ပြန်ထွက်သည်။

အဘ ဦးစံတင်က ပခုံးတွင် သိုင်းလာသည့် အသေးစား စားပွဲတင်နာရီကလေးကို ထိပ်အုပ်မီးပွင့်ဖြင့် ထိုးကြည့်သည်။ ၉ နာရီ ၂၀ မိနစ်။

ဓီးရိုးလယ်ဗယ်က ကျင်းများကို ကြည့်ပြီးရုံသာ ရှိသေးသည်။ ဥမင်ထဲတွင် သုံးနာရီကျော် အချိန်ကုန်သွားပြီ။ ပလပ်စ်ဝမ်းလယ်ဗယ်ခေါ် နံပါတ်တစ်အပေါ်ထပ်နှင့် ပလပ်စ်တူးလယ်ဗယ်ခေါ် နံပါတ်နှစ် အပေါ်ထပ်ကို တက်ကြည့်ရဦးမည်။ နံပါတ်တစ်အပေါ်ထပ်က လေသွင်းသည့် လမ်းကြောင်း ဖြစ်သည်။ သည်အထပ်တွင် ကျောက်မီးသွေးကျင်းမရှိ။

ကိုမြင့်က နံပါတ်တစ်အထပ်က လေသွင်းလမ်းကြောင်းကို တက်ကြည့်သည်။ သည်အထပ်က လမ်းကြောင်းသည် နွားစွယ်တောင်ထိပ်သို့ သွားပေါက်သည်။ ထိုအပေါက်မှ တစ်ဆင့် တောင်အောက်လေစက်က လေကို ဥမင်များထဲသို့ မှုတ်သွင်းပေးခြင်း ဖြစ်သည်။

သည်နေ့နံနက် ကိုမြင့် လန်းဆန်းနေသည်။ နေ့လယ်က အိပ်ထားသဖြင့် အိပ်ရေးကောင်းကောင်း ဝနေပြီ။ နံပါတ်တစ် အပေါ်ထပ် ဥမင်လမ်းကြောင်းက နိမ့်သည်။ ငါးပေလောက်သာ ရှိမည်။ ဥမင်တစ်ခုလုံး မှောင်ပိန်းနေသည်။ သူ့ခေါင်းပေါ်က ထိပ်အုပ်မီးပွင့်မှ မီးရောင်ကလေး ဆယ်ပေလောက်အထိသာ လင်းနိုင်သည်။ ကွေ့ကောက်တက်သွားရသဖြင့် မြေပြင်သို့ ထွက်သည့် ဥမင်ပေါက်ကြီးနှင့် တစ်မိုင်လောက် ဝေးနေပြီ။

မှောင်ပိန်းနေသည့် ဥမင်ကြီးထဲတွင် တစ်ယောက်တည်း သွားနေရသည့်တိုင် အားမငယ်၊ သူ့စိတ်သည် ထက်သန်နေသည်။ ပြင်းပြနေသည်။

နံပါတ်တစ်၊ အပေါ်ထပ်လမ်းကြောင်း ကောင်းသည်။ ဒေါက်တိုင်များ၊ ငြမ်းများ၊ ကုလားဘောင်များ ဘာမျှ ချို့ယွင်းခြင်းမရှိ။

နံပါတ်နှစ် အထက်ထပ်သို့ တက်သည်။ လမ်းတစ်ဝက်အရောက်တွင် အပေါ်က ဆင်းလာသည့် စကားသံများကို ကြားရသည်။ သို့ရာတွင် မီးပွင့်များကို မမြင်ရသေး။ တစ်ဆစ်ချိုးအကွေ့ သုံးလေးကွေ့လောက် ကျန်သေးသည်။ မြေညီထပ်အောက်သို့ ဆင်းလာကြသည့် အဘ ဦးစံတင်တို့ လူသိုက် ဖြစ်သည်။

ကိုမြင့် ဆက်မသွားတော့ဘဲ လမ်းခုလတ်က စောင့်သည်။

www.burmeseclassic.com


ခဏကြာတော့ ထိပ်အုပ်မီးပွင့်က ထိုးသည့် မီးရောင်သည် သူ့ရှေ့က နံရံပေါ်သို့ ဖြာကျလာသည်။ ရွံ့ဗွက်ထဲတွင် ရှန်းလာနေသည့် တစွက်စွက်အသံများ၊ စကားပြောသံများ ဥမင်ထဲတွင် ပဲ့တင်ထပ်နေသည်။

ကိုမြင့်က သူတို့ပေါ်လာမည့် ဥမင်ဘက်သို့ မျက်နှာမူလိုက်သည်။ သူ့ထိပ်အုပ် မီးပွင့်မှ မီးရောင်က သူတို့ဆင်းလာသည့် ဥမင်နံရံတွင် သွားကျသည်။

'ကိုမြင့်လားဟေ့'

အသံနှင့်အတူ သူ့ ဥမင်ဘက်သို့ ချိုးဝင်လာသော အဘ ဦးစံတင်ကို မြင်ရသည်။

'ပလပ်စ်ဝမ်း ကောင်းရဲ့လားဟေ့၊ ပလပ်စ်တူး အခြေအနေ မကောင်းဘူး၊ မိုးများလို့ အပေါ်က အိဆင်းလာတယ်၊ ကုလားဘောင်တွေလဲ ကျိုးကျနေတယ်၊ ကျောက်မီးသွေးကြော မျက်နှာပြင်က အောက်ကို တော်တော်ညွတ်နေတယ်။ ဒီလူသိုက်နဲ့ ပြန်တင်လို့မရဘူး၊ လူအားများများနဲ့မှ ရမယ်၊ ဟိုကောင်တွေဆီ လူထပ်ပို့ဖို့ အပြင်ရောက်မှ ပြောရမယ်၊ ပလပ်စ်ဝမ်း အခြေအနေ ဘယ့်နှယ်လဲ'

'ကောင်းပါတယ်'

၁၁ နာရီ ၃၅ မိနစ်။

သူတို့အဆိုင်းက ညနာရီပြန် နှစ်ချက်မှာ ပြန်ထွက်ရမည်။ အလုပ်ချိန် နှစ်နာရီခွဲလောက်သာ ကျန်တော့သည်။ သို့ရာတွင် ယခုအထိ နံပါတ်တစ်အောက် ထပ်သို့ မရောက်သေး၊ မြေညီထပ်က ကျင်းများ၊ နံပါတ်နှစ်အပေါ်ထပ်က ကျင်းများကိုသာ ကြည့်ပြီးသေးသည်။

သူတို့ ငါးယောက် မြေညီထပ် ဥမင်ကြီးအတိုင်း ကိုးပေကြောသို့ လျှောက်လာခဲ့ကြသည်။ ရွံ့တွေက ဒူးဆစ်အထိ ကျွံဝင်သွားသဖြင့် ခြေနတ်လေးနေသည်။ ခရီးမတွင်။ သံလမ်းပေါ်ကလည်း ကောင်းကောင်းလျှောက်၍မရ။ တချို့နေရာတွင် မိုင်းကားပြေးသည့် သံလမ်းကို ရေဖုံးနေသည်။ သံလမ်းဘောင်ပေါ် လျှောက်တိုင်း ချော်ချော်ကျနေသည်။

ကိုးပေကြောက ဥမင်အဆုံးမှာ ရှိသည်။ ဥမင်ကကွေ့ကောက်နေသဖြင့် အစကဆိုလျှင် တစ်မိုင်ခွဲကျော်ကျော်၊ နှစ်မိုင်နီးပါး လျှောက်ရသည်။ တစ်နာရီနီးပါးလျှောက်တော့ မြေညီထပ် ဥမင်အဆုံးက ကိုးပေကြောကြီးသို့ ရောက်သည်။ ထိပ်အုပ်မီးပွင့်များမှ အလင်းရောင်ထဲတွင် မဲနက်နေသော ကိုးပေထု မီးသွေးကြော

www.burmeseclassic.com


ကြီးကို နံရံပေါ်တွင် လှမ်းမြင်လိုက်ရသည်။ အောက်သို့ လေးဆယ့်ငါးဒီဂရီ စိုက်ဆင်းနေသည်။

သည်တချိုးကွေ့လိုက်လျှင် မိုင်းနားစ်ဝမ်းလယ်ဗယ်ဟုခေါ်သည့် နံပါတ် တစ်အောက်ထပ်သို့ ဆင်းသည့် လမ်းရှိသည်။ သံလမ်းကခင်း၍ ဇလီဖားတုံးများ စီပြီးကာစ။ သံလမ်းဘေးက လှေကားထစ်များအတိုင်း အောက်သို့ ဆင်းခဲ့ကြ သည်။ အောက်သို့ ပေသုံးရာခန့် ဆင်းရဦးမည်။ စောင်းကျင်းထိပ်တွင် ကျောက် မီးသွေး တင်သည့် မိုင်းကားရပ်ထားသည်။ ဝန်အပြည့်ဖြင့်။

ခရီးတစ်ဝက်အရောက်တွင် အောက်ထပ်မှ တက်လာသော မီးရောင်တစ်ခု ကို လှမ်းမြင်လိုက်ရသည်။

'ဘယ်သူလဲဟေ့'

အဘ ဦးစံတင်က လှမ်းအော်သည်။

'ကျွန်တော်ပါ အဘ၊ ရွှေသီးပါ'

ရွှေသီးက မိုင်းကားစက်ခေါင်းမောင်းသူ ဖြစ်သည်။

'ဘာထူးသလဲ'

'ဒီနေ့ စိန်လွန်ဖောက်တဲ့နေရာက ရေတွေ စိမ့်ထွက်နေတယ်'

အဘ စံတင်က ကျိန်ဆဲလိုက်သည်။

'တော်တော်များသလား'

'များတယ်၊ နှစ်ပေါက်ဖောက်တယ်။ နှစ်ပေါက်စလုံးက ရေတွေ ဒလ ဟောထွက်နေတယ်'

သူတို့ငါးယောက် ခပ်သုတ်သုတ် ဆင်းခဲ့ကြသည်။ ရွှေသီးလည်း ပြန် လိုက်လာသည်။ လမ်းတွင် တစ်ဖိုင်းဖိုင်း ချော်လဲခဲ့ကြသည်။ သို့ရာတွင် ဂရု မစိုက်နိုင်။ မြေကြီးအောက် ပေသုံးရာတွင် ရှိနေသည့် ဥမင်အဆုံးသို့ ရောက်ရန် သာ စိတ်စောနေကြသည်။

အဘ ဦးစံတင်က လမ်းတစ်လျှောက်လုံးနံဘေး ဥမင်နံရံမှ ကိုးပေကြော ကြီးကို မီးဖြင့်ထိုး၍ ကြည့်လိုက်လာသည်။ ပေ နှစ်ရာကျော်ကျော်အထိ ဆင်းလာ ပြီ။ သည်အထိတော့ အားလုံးကောင်းသည်။ ကိုးပေကြော တစ်လျှောက်လုံး ခြောက်သွေ့နေသည်။ သည်အထိတော့ အားလုံးကောင်းနေသည်။

နောက်ထပ် ပေငါးဆယ်ခန့် ဆင်းမိသည်။ အဘ ဦးစံတင်အနံ့တစ်မျိုး ကို ရလိုက်သည်။ သူ့နှာခေါင်းက အလိုလို ပွစိပွစိ ဖြစ်လာသည်။ သေချာ အောင် နှာခေါင်းကို ရှုံ့၍ အနံ့ခံသည်။

www.burmeseclassic.com



'အနံ့ကြီးက တစ်မျိုးကြီးပဲ။ ဘာနံ့မှန်း မသိဘူး'

ကိုမြင့်က ပြောသည်။

အဘဦးစံတင်က ဘာမျှမပြော။ ဥမင်နံရံက ကိုးပေကြောကြီးဘက်သို့ မီးထိုးကြည့်သည်။ ကိုးပေကြောက အထက်နားတုန်းကကဲ့သို့ ခြောက်သွေ့ခြင်း မရှိ။ စိုထိုင်း၍ ရေစိမ့်ထွက်နေသည်။ အနံ့က သည်ရေက ထွက်လာသည့် အနံ့။ ကျောက်မီးသွေးသစ်က ထွက်သည့် ရေနံ့မျိုးမဟုတ်။ မြေဆွေးနှင့် ရေပုပ် ရောနေသည့်အနံ့။ သည်နားတစ်ဝိုက်တွင် ရေကြောရှိသည့် အဓိပ္ပာယ်။ သည်အနံ့ ကို သူမကြိုက်။

စိတ်ထဲတွင် တစ်ချက်ထင့်ကနဲ ဖြစ်သွားသည်။ သည်အနံ့သည် ကောင်း သည့် နိမိတ်မဟုတ်ကြောင်းကို ကျောက်မီးသွေးတွင်းတူးသမား၏ အနှစ်နှစ်ဆယ် အတွေ့အကြုံအရ သိသည်။

ခါတိုင်း မြေအောက်တွင် ထူးထူးဆန်းဆန်း တွေ့လျှင် ကိုမြင့်ကို ရှင်းပြတတ်သည်။ သူ့ရဲဘော် အလုပ်သမားများကို အကျိုးအကြောင်း ရှင်းပြ တတ်သည်။ ယခု အဘဦးစံတင် ဘာမျှ မပြော။

ဥမင်အောက်ဆုံးအထိ ဆင်းခဲ့သည်။

စိန်လွန်ဖောက်ထားသည့် ကျင်းကြီးနှစ်ကျင်းမှ ရေတွေ စီးထွက်နေသည်။ ကံသာတို့ လူသိုက်က ရေများကို ပုံးများဖြင့် ခပ်၍ ဘေးမြောင်းထဲသို့ လောင်း ချသည်။ သို့ရာတွင် ရေကို ခပ်၍မနိုင်၊ နံရံရှိ ကိုးပေကြောကြီးတစ်လျှောက် က ရေတွေစိမ့်ထွက်နေသည်။ စိန်လွန်ဖောက်ထားသည့် ကျင်းကြီးနှစ်ကျင်းက လည်း ရေတွေ ဒလဟော ထွက်နေသည်။

မြေပြင်နှင့်မြေအောက် တယ်လီဖုန်းအဆက်အသွယ်မရှိ။ တယ်လီဖုန်း အဆက်အသွယ်ရှိလျှင် သည်အခြေအနေက မြန်မြန်အကြောင်းကြားနိုင်သည်။ ညွှန်ကြားချက် ယူနိုင်သည်။ အကူအညီတောင်းနိုင်သည်။ တယ်လီဖုန်း အဆက် အသွယ်မရှိတော့ လူလွှတ် အကြောင်းကြားရတော့မည်။

'ရွှေသီးရေ၊ မြေပေါ်ရုံးကို မြန်မြန်သွားကွာ၊ မိုင်းနားစ်ဝမ်း ကိုးပေကြော စိန်လွန်ဖောက်တဲ့ ကျင်းနှစ်ကျင်းက ရေတွေ ဒလဟောထွက်နေတယ်လို့ပြော၊ ကိုမြင့်က ပလပ်စ်တူးလယ်ဗယ်တက်၊ ဒီကအခြေအနေကို ပြောပြ'

ကိုမြင့်က ရှေ့ကတက်သွားသည်။ ဒူးဆစ်ထိအောင် မြုပ်သော ရွှံ့ဗွက်တွေ ကို ရှန်းကာ ပေသုံးရာ မော့တက်သွားသော ဥမင်ကို ခဲခဲယဉ်းယဉ်းဖြတ်သည်။ စောစောက ကျောက်မီးသွေတင်လွှတ်လိုက်သည့် မိုင်းကားသည် ကျောက်မီးသွေး

www.burmeseclassic.com


အပြည့်ဖြင့် စောင်းကျင်းထိပ်တွင် ရပ်နေသည်။ စက်ခေါင်းက ဒီဇယ်ခေါင်းဖြစ်ပြီး ကျောက်မီးသွေး တွဲပေါင်းဆယ်တွဲခန့် ချိတ်ထားသည့် မီးရထား အသေးစား ကလေးဖြစ်သည်။ မိုင်းကားကို သည်နေရာတွင် ရပ်ထားခဲ့ပြီး အောက်ဆုံးထပ် ရေထွက်သည့်နေရာကို အဘဦးစံတင်နှင့်အတူ ဆင်းကြည့်ခြင်းဖြစ်သည်။

ကိုမြင့် မိုင်းကားဘေးမှ ဖြတ်လျှောက်ကာ မြေညီထပ်ဥမင်ထဲသို့ ချိုးကွေ့သည်။ မြေညီထပ်ဥမင်ထဲတွင် လေးဖာလုံလောက် သွားမိတော့ အုန်းကနဲ မြည်သံသဲ့သဲ့ကို သူကြားလိုက်ရသည်။ မိုင်းအပြင်ဘက် မြေပြင်တစ်နေရာမှာလော၊ မိုင်းထဲမှာလော၊ သူမဝေခွဲနိုင်၊ အသံက ခပ်ဝေးဝေးမှ လာခြင်းဖြစ်သည်။ သည်အသံကို ကိုမြင့် ဂရုမစိုက်နိုင်၊ နံပါတ်နှစ်အပေါ်ထပ် ဥမင်ရှိ တင်အောင်တို့ အဆိုင်းသို့ ရောက်အောင် သွားရမည်။ သူတို့က နံပါတ်တစ် အောက်ထပ် ဥမင်တွင် ရေထွက်နေသည်ကို မသိ။ ရေများလျှင် နံပတ်တစ်မြေအောက် ဥမင်က ထွက်သောရေများသည် ဥမင်ရှိရာ အပေါက်ရှိရာသို့ အကုန်လိမ့်ဝင်လာနိုင်သည်။ ရေထွက်နေသည်ကို မသိဘဲ ဆက်လုပ်နေလျှင် အားလုံး ရေနစ်နိုင်သည်။ ထို့ကြောင့် တင်အောင်တို့ဆီသို့ ရောက်ဖို့ အရေးကြီးသည်။ သူတို့ကို မြန်နိုင်သမျှ မြန်မြန် အကြောင်းကြားရမည်။

ရွှေသီးက နောက်တွင် ကျန်ရစ်ခဲ့သည်။ စောင်းကျင်းထိပ်မိုင်းကားနားက ဖြတ်၍ မြေညီထပ် ဥမင်ထဲသို့ ကိုမြင့်ရောက်သည့်တိုင် သူက ပေတစ်ရာကျော် လောက်သာ ရောက်သေးသည်။ သည်နေ့မနက်တွင် သည်ထဲ ဥမင်ကိုချည်း သုံးခေါက်ဆင်းရသဖြင့် ရွှေသီးပင်ပန်းနေပြီ။ မနေ့ညက ချောင်းဆိုးရင်ကြပ်ဖြစ်၍ တစ်ညလုံး မအိပ်ရသဖြင့် အိပ်ရေးလည်း ကောင်းကောင်းမဝ၊ မိုင်းထဲဆင်း၍ ရေပုပ်နံ့ရသည့်အခါတွင် သူ့ရင်ထဲက ပိုကြပ်လာသည်။

မြေပေါ်မြေအောက် တယ်လီဖုန်းရှိလျှင် ကောင်းမည်။ အချိန်ကုန်သက်သာမည်။ လုပ်အားသက်သာမည်။ မိုင်းအပြင်ဘက်ရောက်အောင် သည်ဥမင်ထဲတွင် ကွေ့ကောက်၍ တစ်မိုင်ကျော်ကျော်လောက် လျှောက်ရဦးမည်။

မောမောဖြင့် ဖြည်းဖြည်းတက်ရင်း လမ်းတစ်ဝက်လောက်အရောက်တွင် တဂျုန်းဂျုန်းမြည်သံနှင့်အတူ အမှောင်ထဲမှ အရာတစ်ခု လိမ့်ဆင်းလာသည်။ စောင်းကျင်းထိပ်တွင် သူရပ်ထားခဲ့သည့် မိုင်းကား နောက်ပြန် လျှောကျလာခြင်း ဖြစ်သည်။ ရွှေသီးက အလန့်တကြား အော်ကာ ဘေးသို့ရှောင်သည်။ သို့ရာတွင် တစ်စက္ကန့်လောက် နောက်ကျသွားပြီ၊ မိုင်းကားသည် သူ့ကိုဝင်တိုက်ကာ အောက်သို့ လိမ့်သွားသည်။ ရွှေသီးမိုင်းကားနှင့် ကိုက်နှစ်ဆယ်လောက်အောက်သို့

www.burmeseclassic.com


ပါသွားသည်။ ထိုနောက် သူ့ခန္ဓာကိုယ်ကို ဖြတ်နင်းကာ တဝေါဝေါမြည်သံနှင့် အတူ အောက်သို့ဆက်လိမ့်သွားပြီးနောက် သံလမ်းပေါ်မှ ချော်ကျကာ ဥမင်နံရံကို ဝင်ဆောင့်သည်။ တချို့တွဲများက မှောက်လျက် တချို့တွဲများက စောင်းလျက် တချို့က သံလမ်းပေါ်တွင် ကန့်လန့်လဲလျက်။

သံလမ်းပေါ်တွင် ရွှေသီး၏ ခန္ဓာကိုယ်သည် အပိုင်းပိုင်းဖြစ်နေသည်။ သွေးများက အိုင်ထွန်းလျက်။

ကိုမြင့်နှင့် ရွှေသီးထွက်သွားပြီး မကြာမီ အဘဦးစံတင်တို့လူသိုက် အုန်းကနဲ မြည်သံတစ်သံကို သဲ့သဲ့ကြားလိုက်ရသည်။ (ဤသည်အသံမှာ မြေညီထပ် ဥမင်အရောက်တွင် ကိုမြင့် ကြားလိုက်ရသည့် အသံဖြစ်သည်။) မည်သည့်အသံ ဖြစ်သည်ဟု တစ်ယောက်တစ်မျိုး ထင်မြင်ချက်ပေးကြသည်။ ငြင်းခုန်ကြသည်။ သို့ရာတွင် ကြာကြာမငြင်းနိုင်၊ ကိုးပေကြောစိန်လွှန်ဖောက်သည့် နေရာက ရေတွေ ဒလဟော ထွက်လာပြီး ဝုန်းကနဲ မြည်သံနှင့်အတူ ရေကြောပေါက်သွားပြီ။ ရေလုံးကြီးများ ပန်းထွက်လာသဖြင့် နံပါတ်တစ် မြေအောက်ဥမင်ထဲတွင် ရေတွေလျှံလာသည်။

၁၂ နာရီ ၂၀ မိနစ်။

'အပေါ်တက်ဟေ့၊ ပစ္စည်းတွေ ထားပစ်ခဲ့ ရေတွေဝင်လာပြီ'

အဘ ဦးစံတင်က အော်သည်၊ အော်ဟစ်သံများဖြင့် ဆူညံလျက်ရှိသည်၊ မြေအောက်တွင် ပေသုံးရာနက်သည့် စောင်းကျင်း ဥမင်တစ်လျှောက် အတင်းပြေးတက်ခဲ့ကြသည်။ ခရီးမတွင် ရွှံ့ဗွက်တွေက ဒူးဆစ်လောက်ရှိသဖြင့် မနည်းရုန်းရသည်။ ဖိနပ်စွပ်ကြီးတွေကို ချွတ်၍ လွှင့်ပစ်ရသည်။ ကိုးပေကြောမှ ပန်းထွက်သည့် ရေလုံးကကြီးသည်၊ ဥမင်တစ်လျှောက် ရေပြည့်နေပြီ၊ ဥမင်လမ်းကြောင်း အတိုင်း အပေါ်သို့ တက်လိုက်လာပြီ။

ရေက တိရစ္ဆာန်ကြီးတစ်ကောင် အော်၍ လိုက်လာသလို နောက်က လိုက်လာသည်။ မြေညီထပ် ဥမင်ရောက်တော့ ဥမင်လမ်းကျယ်လာသည်။ သည်တွင် အဘဦးစံတင်တို့ အားကုန်ပြေးလာကြသည်။ လမ်းတွင် ပိုးလို့ပက်လက် မှောက်နေသည့် မိုင်းကားကို ဂရုမစိုက်နိုင်၊ ရွှေသီးအလောင်းကို သယ်ရန် စိတ်ကူးသေးသော်လည်း သယ်ရန်အချိန်မရ၊ ရေနှင့် အပြေးပြိုင်နေရသဖြင့် ဘာမျှ မတတ်နိုင်။

မြေညီထပ် ဥမင်အတိုင်း ပြေးလာခဲ့သည်တွင် လမ်းဆုံရောက်တော့ နံပါတ်နှစ်အပေါ်ထပ်မှ ဆင်းလာသည့် ကိုမြင့်တို့ လူသိုက်နှင့် သွားဆုံသည်။

www.burmeseclassic.com



နံပါတ်နှစ်အပေါ်ထပ် စိုက်ကျင်းတွင် ရှိနေသည့်အဆိုင်းသည် ကိုမြင့်ရောက်မလာမီအထိ ဘာမျှ မသိသေး၊ သီချင်းတအေးအေးဖြင့် ကုလားဘောင်များ၊ ဒေါက်တိုင်များကို ပြန်ထောက်နေကြသည်။ သူတို့ဥမင်ထဲက ကျောက်မီးသွေးကြော မျက်နှာပြင်သည် ဖိအားကြောင့် အောက်သို့ အိကျလာသည်။ တချို့နေရာများတွင် ဖိအားကြောင့် အောက်သို့ အိကျလာသည်၊ တချို့နေရာများတွင် အလေးချိန်ကြောင့် ထုတ်တုန်းများ၊ ကုလားဘောင်များ ကျိုးကျနေသည်၊ တချို့ကို ပြန်ထောက်ပြီးပြီ၊ တချို့ပြင်ဆဲ၊ ထောက်ဆဲ။

သို့ရာတွင် လူအားနည်းသဖြင့် တော်တော်နှင့် မပြီး၊ အဘဦးစံတင်တို့ လူသိုက်အလာကို စောင့်ရင်း ရှိသမျှ လူအင်အားဖြင့် လုပ်နေရသည်၊ သည်တုန်းတွင် ဝုန်းကနဲမြည်သံတစ်ခုကို ခပ်သဲ့သဲ့ကြားလိုက်ရသည်။ သို့ရာတွင် အသံက ဝေးသည်၊ မိုင်းထဲမှ အသံမဖြစ်နိုင်ဟု ယူဆသည်၊ ထို့ကြောင့် သီချင်းဆိုမပျက်၊ အလုပ်မပျက်။

နံပါတ်တစ် မြေအောက်ဥမင်က ကိုးပေကြော စိန့်လွန်ဖောက်သည့်နေရာမှာ ရေပန်းထွက်နေကြောင်းကို ကိုမြင့်ရောက်လာမှ သိရခြင်းဖြစ်သည်။

'ရေတော်တော်များသလား'

တင်အောင်က မေးသည်။

'များတယ်၊ ကိုးပေကြောကို နှစ်နေရာမှာ စိန်လွန်ဖောက်တယ်၊ အဲဒီကျင်းကြီး နှစ်ကျင်းကနေပြီး ရေတွေ ဒလဟောပန်းထွက်နေတယ်၊ ကျွန်တော်ထွက်လာတော့ ရေက ဒူးဆစ်ရောက်နေပြီ၊ ရေကြောနဲ့ သွားတွေ့သလား မသိဘူး၊ ဒီအတိုင်း ပန်းထွက်နေရင်တော့ ဒီအချိန်လောက်ဆို ရေပြည့်နေမှာပဲ'

တချို့က မျက်နှာလေးတွေ ငယ်နေကြသည်၊ အိမ်က သားမယားအတွက် စိတ်ပူနေကြသည်။

'မြေပြင်ရုံးကို အကြောင်းမကြားဘူးလား'

'ရွှေသီးသွားပြီ၊ ကျွန်တော်က ခင်ဗျားတို့ကို လာအကြောင်းကြားတာ'

'စောစောက ဝုန်းကနဲ အသံတစ်သံ ကြားလိုက်တယ်။ အဲဒီကများလား မသိဘူး'

တစ်ယောက်က ဝင်ပြောသည်။ ကိုမြင့်က ခေါင်းယမ်းပြရင်း။

'အဲဒီကတော့ မဟုတ်ဘူး၊ ရေကြောပေါက်သွားတုန်းက ကျွန်တော်ရှိတယ်၊ အသံက ဒီလောက် မပြင်းဘူး၊ ဝုန်းကနဲ အသံက ကျွန်တော်တက်လာလို့ လမ်းတစ်ဝက်လောက်ရောက်မှ ကြားရတာ အဲဒီကတော့ မဖြစ်နိုင်ဘူး။ အပြင်ကများ ဖြစ်မလားမသိဘူး၊ မြစ်သာမြစ်ထဲ မိုင်းခွဲပြီး ငါးဖမ်းတာလဲ ဖြစ်နိုင်တယ်'

www.burmeseclassic.com



သူတို့အားလုံး မြေညီထပ် ဥမင်သို့ ဆင်းခဲ့ကြသည်၊ အရေးရှိက အပြင်သို့ ထွက်ရန် အဆင်သင့်ပြင်ထားဖို့လိုသည်။ အောက်က ရေအထွက်များလျှင် သည်ရေများသည် ဘယ်မျှသွားစရာမရှိ၊ မြေထောက်ထဲရှိသည့် အပေါက်မှန်သမျှ ဥမင်မှန်သမျှသို့ စီးဝင်လာနိုင်သည်။ ထို့ကြောင့် ထွက်ပေါက်နှင့် နီးရာ၊ မြေညီထပ် ဥမင်သို့ စုပြုံဆင်းလာခဲ့ကြခြင်း ဖြစ်သည်။

လမ်းဆုံရောက်တော့ ရေလွတ်ရာသို့ပြေးတက်လာကြသော အဘဦးစံတင်တို့နှင့် တွေ့ခြင်းဖြစ်သည်။

'ဝုန်းဆို မြည်တဲ့သံက ဘယ်ကလဲအဘ၊ ကိုးပေကြောကလား'

'မဟုတ်ဘူး၊ မင်းတို့ဆီက မဟုတ်ဘူးလား'

'ဟင့်အင်း၊ ကျွန်တော်တို့ဆီက ဘာမှမဖြစ်ဘူး'

'ရေသိပ်များသလား'

'များတယ်၊ အပြင်က အချိန်မီ စုတ်နိုင်ရင်စုတ် မစုတ်နိုင်ရင် ဥမင်တွေအားလုံးထဲ ရောက်မှာပဲ၊ အပြင်က သိဖို့အရေးကြီးတယ်၊ ရွှေသီးကတော့ အထဲမှာ မိုင်းကားကြိတ်မိလို့ ပွဲချင်းပြီးပဲ၊ တို့လဲ အလောင်းကောက်ချိန်မရလို့ မကောက်ခဲ့ဘူး'

နံပါတ်နှစ်အပေါ်ထပ် ဥမင်မှ ဆင်းလာကြသူအားလုံး စိတ်ပျက်သွားကြသည်။

'သွားမယ်လေ၊ ဘာလုပ်နေတာလဲ၊ ရေတွေရောက်လာလိမ့်မယ်'

တစ်ယောက်က သတိပေးသည်။

သည်တော့မှ သူတို့အားလုံး သတိရလာကာ မြေညီထပ်ဥမင်အတိုင်း ထွက်ပေါက်ဆီသို့ ပြေးလာခဲ့ကြသည်။ ထွက်ပေါက်က မိုင်ဝက်သာသာခန့် သွားရဦးမည်။ ဥမင်ကွေ့ပေါင်း ဆယ်ကွေ့လောက် တွေ့ရဦးမည်။

သံလမ်းဘေးက ရွှံ့ဗွက်ထဲတွင် တစွက်စွက် ပြေးခဲ့ကြသည်။ တချို့က သံလမ်းပေါ်မှ ပြေးကြသည်။ မိုင်းထဲဝင်တုန်းက အလုပ်သမားနှစ်ပေါင်း နှစ်ဆယ်၊ ယခု ဆယ့်ကိုးယောက်သာ ပါတော့သည်။ ရွှေသီးတစ်ယောက် မိုင်းထဲမှာ ကျန်ခဲ့ပြီ။

ဥမင်များကို တစ်ကွေ့ပြီးတစ်ကွေ့ ကျော်လာခဲ့ကြသည်။ ရှေ့တွင် ကွေ့ငါးကွေ့လောက်သာ ကျန်တော့သည်။ သည်လေးငါးကွေ့ပြီးလျှင် ဥမင်ပေါက်ကြီးကို မြင်ရတော့မည်။ အပြင်ဘက်ရောက်တော့မည်။

ဆယ့်ငါးခုမြောက်ကွေ့ကို ကွေ့လိုက်ကြသည်။

www.burmeseclassic.com



'ဟော့ ဘယ်လိုဖြစ်တာလဲ ပိတ်နေပြီ'

ဆယ့်ငါးခုမြောက်ကွေ့ကိုကွေ့ပြီး မကြာမီတွင် ပိတ်ဆီးနေသော မြေနံရံကြီးကို တွေ့ရသည်။

ဆယ့်ငါးခုမြောက် ကွေ့နှင့် ဆယ့်ခြောက်ခုမြောက်ကွေ့ကြားတွင် မြေကြီးပြိုကျသွားသည်။ ကုလားဘောင်များ၊ ထုတ်တန်းများက ထိုးထိုးထောင်ထောင်၊ စောစောက ဝုန်းကနဲ မြည်သံမှာ သည်နေရာတွင် မြေပြိုသဖြင့် ပေါ်လာသည့် အသံဖြစ်သည်။

ထွက်ပေါက်မရှိတော့။

တစ်ခုတည်းသော ထွက်ပေါက်ပိတ်သွားပြီ။ ရှေ့တွင် မြေကြီးက ထုထည်ကြီးနှင့် ဖိထားသည်။ သူတို့လူသိုက်၏ အားဖြင့် သည်မြေကြီးကို မည်သည့်နည်းနှင့်မျှ မဖယ်ရှားနိုင်၊ ဖယ်ရှားစရာ လက်နက်လည်း မရှိ၊ နောက်က ရေကလည်း သည်အချိန်ဆို မြေညီထပ် ဥမင်သို့ရောက်ပြီ။ ရေလှိုင်းတို့၏ တဝေါဝေါမြည်သံသည် ဥမင်ထဲတွင် ဟိန်းနေသည်။

'အဘ ဘယ်နှစ်နာရီ ရှိပြီလဲ'

တစ်ယောက်က မေးသည်။

အဘ ဦးစံတင် ပခုံးတွင် စလွယ်သိုင်းထားသည့် အသေးစား စားပွဲတင်နာရီက ရေစိုသဖြင့် ရပ်နေပြီ။ အချိန်ကို မှန်း၍ မရတော့၊ သူတို့နောက်ဆုံးသိခဲ့သည်က ၁၂ နာရီ မိနစ် ၂၀။

ယခုမည်မျှ ကြာခဲ့ပြီနည်း။ ရှေ့က မိုင်းပြိုထားသည်။ နောက်က ရေလုံးလိုက်လာပြီ။ သည်နေရာတွင် ကြာကြာနေ၍ မဖြစ်၊ သည်အတိုင်း ကြာကြာနေ၍ မဖြစ်၊ အပြင်က သိဖို့အရေးကြီးသည်။ သို့မှသာ ကယ်ဆယ်ရေးအဖွဲ့လာနိုင်မည်။ သို့ရာတွင် အပြင်သို့ ထွက်စရာလမ်းမရှိ၊ မြေပေါ်မြေအောက်ဆက်သည့် တယ်လီဖုန်းလည်းမရှိ။

အဘ ဦးစံတင်က သတ္တိကောင်းသည်။ အတွေ့အကြုံရှိသည်။ ကြံ့ခိုင်သည်။ သို့ရာတွင် စဉ်းစားစရာ၌ နှေးကွေးသည်။ အရေးကိစ္စကြုံလျှင် ချက်ချင်းမဆုံးဖြတ်တတ်၊ သူတို့ ပိတ်မိနေကြပြီ။ မကြာခင် ရေရောက်လာတော့မည်။ လွတ်အောင် မကြံဖန်တတ်၊ မစဉ်းစားတတ်၊ သူတို့ ပိတ်မိနေပြီ။ သည်သတင်းကို အပြင်သို့ရောက်အောင် နည်းလမ်းရှာမရ။

ရေက တဝေါဝေါ အော်၍ လာနေပြီ။

www.burmeseclassic.com


သည်နေရာတွင် ကြာကြာနေ၍မဖြစ်၊ လွတ်ရာလွတ်ကြောင်း အပြင်သို့ သတင်းရောက်ရာ ရောက်ကြောင်းကို တစ်ယောက်တစ်ပေါက် ငြင်းခုန်နေကြသည်။ သို့ရာတွင် မည်သူ့စကားကို မည်သူမကမျှ နားမထောင်ကြ၊ ပြောမိပြောရာ၊ သန်မိသန်ရာ ပြောနေကြခြင်းသာဖြစ်သည်။ စကားပြောသော စက်ရုပ်များနှင့် တူနေသည်။ ကိုယ်ပြောသည့် စကားကိုပင် ကိုယ့်ဖာသာ နားလည်ဟန်မတူကြ။

'ကျွန်တော် တစ်ခုပြောမယ် ခဏငြိမ်ကြပါ'

ကိုမြင့်က အသံအားလုံးကို လွှမ်းမိုးသွားအောင် အော်၍ ပြောသည်။

'ကျွန်တော်တို့ရှေ့မှာ မြေပြိုပြီး လမ်းပိတ်နေပြီ။ နောက်က ရေက တက်လာပြီ။ ဒီနေရာမှာ ကြာကြာနေလို့ မရဘူး၊ ဒီနေရာကို ရေရောက်လာမှာပဲ၊ အလွန်ဆုံး တစ်နာရီပဲကြာမှာပဲ၊ ဒီနေရာမှာ ဒီအတိုင်းထိုင်နေမဲ့အတူတူ ပလပ်စ်တူးလယ်ဗယ်ကို တက်နေရင် ကောင်းမယ်'

'အဲဒီကိုကော ရေမရောက်တော့ဘူးလား'

တစ်ယောက်က မေးသည်။

'ရောက်တော့ ရောက်မှာပဲ၊ ဒါပေမယ့် အမြင့်ဆိုတော့ အောက်ဥမင်တွေမှာ မပြည့်မချင်း ဒီရေဟာ အမြင့်ကို တက်မှာ မဟုတ်ဘူး၊ ဒီနေရာမှာနေရင် မြန်မြန်ရေနစ်သေမယ်၊ ပလပ်စ်တူးလယ်ဗယ်ကို တက်နေရင် အချိန်ကြာကြာနေပြီးမှ သေရမယ်၊ ဒီအတောအတွင်း မြေပြင်ကသိလို့ ကယ်ဆယ်ရေးအဖွဲ့လာရင် အသက်ရှင်နိုင်တယ်၊ ဒီတစ်နည်းပဲရှိတယ်'

အားလုံးက သဘောတူသည်။ ထို့ကြောင့် သူတို့အားလုံးနောက်ကြောင်းပြန်ကြသည်။ နံပါတ်နှစ်အထပ်သို့ တက်သည့် လမ်းဆုံတွင် ရေမရောက်သေး။

နံပါတ်နှစ်အပေါ်ထပ် ဥမင်ထိပ်ဆုံးသို့ ရောက်တော့ အားလုံးထိုင်ကြသည်။ မောလည်း မောလှပြီ။ ဆာလည်း ဆာလှပြီ။ သူတို့ မိုင်းထဲပိတ်မိနေသည်မှာ မည်မျှလောက် ကြာပြီမသိ။ နာရီလည်း ပျက်သွားပြီ။ နေ့နှင့်ညကိုလည်း ခွဲ၍မရတော့၊ ကျောတွင်သိုင်းထားသည့် ဘက်ထရီအိုးများလည်း ရေစိုကုန်သဖြင့် ပျက်စီးသွားပြီ။ ထိပ်အုပ်မီးပွင့်များကိုလည်း ဖွင့်၍မရတော့၊ ဥမင်ထဲတွင် အမှောင်ထုသာ ကြီးစိုးနေသည်။

သူတို့အတွက် မျှော်လင့်ချက်တစ်ခုသာ ရှိသည်။ မိုင်းထဲတွင် သူတို့ပိတ်မိနေသည်ကို အပြင်ဘက်က စောစောစီးစီးသိ၍ ကယ်ဆယ်သည့် တစ်နည်း

www.burmeseclassic.com



သာရှိသည်။ အပြင်ဘက်က ကယ်ဆယ်ရေးမလာလျှင် သူတို့ ဘာမျှမတတ်နိုင်၊ သည်နေရာတွင်ထိုင်၍ သေမင်းရောက်အလာကို စောင့်ဖို့သာရှိသည်။

တချို့က ငိုသည်။ တချို့ သမ္မာန်ရွတ်သည်။ တချို့က မြေအောက်က ဓာတ်ငွေ့ကြောင့် သတိမေ့နေကြပြီ။ ကျန်းမာရေး တောင့်တင်းသူများသာ ခံနိုင်တော့သည်။ သို့တိုင်အောင် အသက်ရှူ၍မဝ။

အဘဦးစံတင်က မျက်စိကိုမှိတ်၍ ဘုရားဂုဏ်တော်ကိုရွတ်နေသည်။

ကိုမြင့်က နံရံကိုမှီထားသည်။ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာနေပြီ။ မောပန်းလှပြီ။ သို့ရာတွင် သူအားမလျှော့။ သူ့ကိုယ်သူ သည်အတိုင်းသေလိမ့်မည်ဟု မယုံကြည်။

ထွက်ပေါက်ပိတ်နေတိုင်း ညည်းနေ၍မဖြစ်၊ ငိုနေ၍မဖြစ်။ စိတ်ဓာတ်ကျနေရုံဖြင့် မပြီး။ ဘုရားတနေရုံဖြင့် မပြီး။

သူ့ဘဝတွင် ထွက်ပေါက်ပိတ်ခဲ့သည့်အကြိမ်တွေ တွေ့ခဲ့ဖူးလှပြီ။ ဆယ်တန်းစာမေးပွဲ ကျစဉ်ကတစ်ကြိမ်၊ အထိန်းသိမ်းခံရာမှ လွတ်စဉ်ကတစ်ကြိမ်။ သည်နောက်ပိုင်းတွင် ကိုဖေခင်နှင့် အတူ လူလျှော့ခံရစဉ်က တစ်ကြိမ်၊ စုစုပေါင်း သုံးကြိမ်ရှိပြီ။ ထွက်ပေါက်ပိတ်တော့ ပတ်ဝန်းကျင်ကို နာကြည်းသည်။ လူတွေကို နာကြည်းသည်။ လောကကို နာကြည်းသည်။ နာကြည်း ခါးသီးသည့် ခံစားချက်ဖြင့် ထွက်ပေါက်ရှာတော့ ထွက်ပေါက်တွေ့တတ်သည်။ ယခု ကိုမြင့် သင်ခန်းစာယူတတ်ပြီ။

သည်တစ်ကြိမ်တွင် ထွက်ပေါက်ပိတ်ခြင်းကမူ စကားပမာမဟုတ် တကယ်ထွက်ပေါက်ပိတ်နေခြင်းဖြစ်သည်။ အောက်တွင် ရေက တဝုန်းဝုန်း အော်မြည်နေသည်။ လမ်းဆုံလောက်သို့ ရောက်လာပြီ။ မကြာခင် နံပါတ်နှစ်အပေါ်ထပ် ဥမင်သို့ ရောက်တော့မည်။ ရှေ့တွင် ဥမင်ပေါက်က မြေပြို၍ ပိတ်နေပြီ။ ဘယ်ကိုမျှ မသွားသာ။ အချိန်မီ ကယ်ဆယ်ရေးအဖွဲ့ ရောက်လျှင် ရောက် မရောက်လျှင် သည်အတိုင်းလည်စင်း၍ အသေခံရုံမျှသာ ရှိသည်။ ကယ်ဆယ်ရေးအဖွဲ့ ရောက်ဖို့ဆိုသည်မှာလည်း မိုင်းထဲက သူတို့ထွက်ချိန်တန်၍ ထွက်မလာတော့ မြေပြိုသည်ကို သိမည်။ သည်အတွင်း မိုင်းပြိုကျနေသည်ကို မည်သူမျှသိမည်မဟုတ်။

သို့ရာတွင် သူဘာလုပ်နေရမည်နည်း။ ထွက်ပေါက်မရှိဘဲ ပိတ်၍ အသေခံရမည်လော။ သေလိုကသေ ဖြစ်သည့်နည်းဖြင့် ထွက်ပေါက်ရှာမည်လော။

www.burmeseclassic.com


ထိုနေ့ည ၁၁ နာရီမထိုးမီ၌ ဖိုးလုချိုသည် သူ့တယောအိုကလေးကို ကိုင်၍ မော်တော်ကားလမ်းမပေါ်က အုတ်တံတားတွင်ထိုင်သည်။ ဝတ္ထုလည်း မဖတ်ချင်၊ ကျားထိုးဖက် ကိုဖေခင်လည်းမရှိ စကားပြောဖက် ကိုမြင့်ကလည်း မိုင်းထဲဆင်းသွားပြီ။

ပျင်းပျင်းဖြင့် တယောကိုဆွဲကာ မော်တော်ကားလမ်းမပေါ်က အုတ်တံတားသို့ ထွက်လာသည်။ အလုပ်သမား တန်းလျားတစ်ခုလုံး အိပ်မောကျနေပြီ။ မီးတွေ ပိတ်ကုန်ကြပြီ။ ၃–၄ အိမ်က မအိပ်သေး၊ မီးရောင်မြင်ရသေးသည်။ စကားပြောသံသဲ့သဲ့ကို ကြားရသည်။ တရေးနိုးတွင် ငိုလိုက်သည့် ကလေးငယ် ငိုသံ တစ်သံကိုလည်း ကြားရသည်။

သူက အလုပ်သမား တန်လျားကို ကျောပေးပြီး နွားစွယ်တောင်ကို မျက်နှာမူ၍ထိုင်သည်။ သည်အုတ်တံတားတွင် သူထိုင်လျှင် နွားစွယ်တောင်ရိုးကို မျက်နှာမူသည့်ဘက်တွင် ထိုင်မြဲ။

ထိုညက လရောင်မရှိ ကောင်းကင်တွင် ကြယ်ပွင့်တို့သာ လက်နေကြသည်။ ပိုးကိုက်ထားသည့် ကတ္တီပါ ခြုံစောင်တစ်ထည် ဖြန့်ထားသည့်နှယ် ရှိသည်။ တောအုပ်များက ကြယ်ရိပ်တွင် ပျပျပေါ်နေသည်။ နွားစွယ်တောင်ရိုးမှ ညဥ့်ငှက်တစ်ကောင် အော်မြည်ကာ မြစ်သာမြစ်ဘက်သို့ ပျံသွားသည်။ ငှက်မြည်သံသည် တဖြည်းဖြည်း မှိန်၍ ပျောက်သွားသော ဂီတသံတစ်ခုကို အဝေးတွင် တဖြည်းဖြည်း ပျောက်သွားသည်။

နွားစွယ်တောင်ခြေရင်း ကျောက်မီးသွေးမိုင်းသို့ ဝင်သည့် ဗဟိုဥမင်ဝတွင် တစ်ရာအား မီးကြီးတစ်ပွင့် ထိန်လင်းနေသည်။ ကျောက်မီးသွေးမိုင်းသို့ဝင်သည့် ဥမင်ဝသည် တိရစ္ဆာန်ကြီးတစ်ကောင် ပါးစပ်ကြီး ဟနေသည်နှင့် တူသည်။

အုတ်တံတားတွင် သူထိုင်ပြီး မကြာမီ ရုံးခန်းဘက်မှာ ၁၁ နာရီထိုးသံ ကြားရသည်။

အုတ်တံတားတွင်ထိုင်ပြီး ဆေးလိပ်ကို မီးညှိသည်။ တယောကို ကြိုးညှိ၍ စမ်းသည်။

သိပ်မကြာလိုက်။

ဝုန်းခနဲ မြည်သံတစ်ခုကို ကြားလိုက်ရသည်။ အသံက ခပ်ဝေးဝေးက အသံဟု ထင်ရသည်။ မြစ်သာမြစ်ထဲဆင်း၍ ငါးခွဲသည့် ဗုံးသံလောဟု ထင်ရသည်။ သို့ရာတွင် ချက်ချင်း သတိရလိုက်သည်။ သည်နေ့ည ငါးခွဲမည့်သူမရှိ။ မနေ့တစ်နေ့ကပင် ငါးခွဲပြီးပြီ။ မြစ်ထဲတွင် မိုင်းဗုံးဖြင့် ငါးခွဲလျှင် သူလိုက်နေကျ၊ ထို့ကြောင့် ငါးခွဲသည့် မိုင်းဗုံးသံ မဖြစ်နိုင်။

www.burmeseclassic.com



ကျောက်မီးသွေးမိုင်းထဲက အသံဖြစ်ရမည်။ ကေနွှကကျောက်မီးသွေး မိုင်းထဲတွင် တစ်ခုခုတော့ ဖြစ်ပြီ။ စဉ်းစား၍ သိခြင်းမဟုတ် သူ့ပကတိစိတ်က အလိုလို သိလိုက်ခြင်းဖြစ်သည်။

ဖိုးလှချို တယောမတီးနိုင်တော့ ရုံးခန်းဆီသို့ လာကာ ရုံးခန်းတာဝန်ကျ ရဲဘော်ကိုခေါ်သည်။ နှစ်ယောက်သား နွားစွယ်တောင်ခြေရင်းက ဥမင်ဝသို့ လာခဲ့သည်။

အောက်တွင် မိုင်းပြိုခြင်းဖြစ်နိုင်သည်။ သည်နေ့ည ကိုမြင့်တို့၊ အဘဦးစံ တင်တို့ အဆိုင်းဖြစ်သည်။ ထို့ကြောင့် ဖိုးလှချိုပို၍ စိတ်ပူသည်။

ဥမင်ထဲသို့ နှစ်ယောက်သားဝင်ခဲ့ကြသည်။ တာဝန်ကျအလုပ်သမားရဲ ဘော်၏ လက်နိုပ်ဓာတ်မီးရောင်ဖြင့် ရွှံ့ဗွက်တွေက ထနေသည့် ဥမင်ထဲသို့ လျှောက်လာခဲ့ကြသည်။ သံလမ်းပေါ်တွင် မိုင်းကားကိုလည်း မတွေ့ရ။

အထဲသို့ တစ်ဖာလုံခန့် လျှောက်မိတော့ အနံ့တစ်မျိုးကိုရသည်။ စိုစွတ် စွတ်မြေနံ့နှင့် ဓာတ်ငွေ့ရောနေသည့် အနံ့ဖြစ်သည်။ ကျောက်မီးသွေးမိုင်း အလုပ် သမားများ ကြောက်သည့် ဘလင်ဒင့်ပ်ခေါ်သည့် ဓာတ်ငွေ့နံ့ဖြစ်သည်။ သုံးမရ သဖြင့် ဘေးတွင် ပုံထားသည့် ကျောက်မီးသွေး အဖြုန်းများနှင့် ရေဆိုးရေပုပ် တို့ ပေါင်းစပ်ရာက ပေါ်ထွက်လာသည့် ကာဘွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့နံ့ဖြစ် သည်။ သည်အနံ့ကို သူမကြိုက် အထဲတွင် တစ်ခုခုတော့ ဖြစ်ပြီထင်သည်။

နှစ်ယောက်သား အောက်ခံဘောင်းဘီကိုချွန်၍ လုံချည်များကို ချွတ်လိုက် သည်။ ထိုနောက် မျက်လုံးပေါက်ကလေးများကိုချန်ကာ ခေါင်းနှင့် မျက်နှာကို စည်းလိုက်သည်။ ကာဗွန်မိုနောက်ဆိုင်ဓာတ်ငွေ့ကို ကာကွယ်နိုင်သည်ဟု ပြောကြ သည်။ လုပ်ရိုးလုပ်စဉ်ဖြစ်၍ လုပ်ရသော်လည်း ဘာမျှ မထူးခြား။

ရှေ့တိုးလာသည်နှင့်အမျှ ဓာတ်ငွေ့က ပြင်းသည်ထက် ပြင်းလာသည်။

'ပြန်ဆုတ်မှထင်တယ် မဖြစ်ဘူး'

အလုပ်သမားအဖော်က ပြောသည်။

'ကျုပ်တော့ ရှေ့ဆက်သွားချင်တယ်ဗျာ။ တစ်ခုခုဖြစ်ရင်လဲ စောစောစီး စီး သိရတာပေါ့'

ဖိုးလှချိုက လက်နိုပ်ဓာတ်မီးကို ယူကာ ရှေ့ကသွားသည်။ နောက်ထပ် ဥမင်တစ်ကွေ့ကိုကျော်၍ နောက်တစ်ကွေ့ကို တွေ့လိုက်သည်။

ကုလားဘောင်ကျိုး အပိုင်းအစများ၊ မြေစိုင်ခဲများကို ပထမတွေ့ရသည်။ အထက်အောက်ကို လက်နိုပ်ဓာတ်မီဖြင့် ထိုးကြည့်တော့ ရှေ့တွင် သွားစရာ လမ်းမရှိတော့၊ မြေနံရံကြီးပိတ်နေပြီ။ မိုင်းပြိုကျတော့ လမ်းပိတ်သွားပြီ။

www.burmeseclassic.com


နှစ်ယောက်သား အပြေးထွက်လာခဲ့ကြကာ ဆိုင်ရာသို့ အကြောင်းကြားသည်။ ဆိုင်ရာက သံချောင်းခေါက်၍ အလုပ်သမားများကို စုသည်။ မီးသတ်ကားနှင့် ရေစုပ်စက်များကို အဆင်သင့်ဖြစ်အောင် လုပ်ရသည်။

ပြိုကျ၍ ပိတ်နေသည့် မြေနံရံကြီးကို စိန်လွန်ဖြင့် ဖောက်ရမည်။ အထဲက ရေများကို ရေစုပ်စက်များဖြင့် အပြင်ထုတ်ရမည်။ အချိန်မီ လုပ်မှ အထဲက အလုပ်သမားများ၏အသက်ကို ကယ်နိုင်မည်။

ဖိုးလုချို စိန်လွန်ကိုင်ကာ ရှေ့ဆုံးမှ ဝင်သွားသည်။

* * *

အပြင်မှအခြေအနေကို ဘာမှမသိရ။

နံပါတ်နှစ်အထက်ထပ်ဥမင်တွင် သူတို့ ရောက်နေသည်မှာ တစ်နာရီလောက် ရှိပြီ။ ငိုသူကငိုသည်။ ကျိန်ဆဲသူ ကျိန်ဆဲသည်။ ဣတိပိသော ရွတ်သူရွတ်သည်။ ဂဏ်တော် တစ်ထောင် စိပ်သူက စိပ်သည်။ တချို့က မေ့မြောလျက်၊ တချို့က အင်အားကုန်ခန်းလျက်၊ ကာဗွန်မိုနောက်ဆိုက်ကြောင့် တချို့က မောဟိုက်စွာ အသက်ပြင်းပြင်းရှူလျက်။

သူ ဘာလုပ်ရမည်နည်း။

ထွက်ပေါက်မရှိဘဲ သည်အတိုင်း လည်စင်းခံမည်လော။ ထွက်ပေါက် တစ်ပေါက်ရှာမည်လော။

'အဘရေ အဘ'

ကိုမြင့် အဘဦးစံတင်ကို လှမ်းခေါ်သည်။ ထူးသံမကြားရ။

'အဘ ဦးစံတင်'

'ကိုမြင့်လားဟေ့'

'ကျွန်တော် ပလပ်စ်ဝမ်းလယ်ဗယ်ကို တက်ချင်တယ်ဗျာ'

'ဘာလုပ်ဖို့လဲ'

'အဲဒီအထက်ဥမင်က နွားစွယ်တောင်ထိပ်ကိုပေါက်တယ် မဟုတ်လား'

'အေး ပေါက်တယ်ပြောတာပဲကွ၊ ငါလည်း အဆုံးအထိ မရောက်ဖူးဘူး၊ လေမှုတ်သွင်းတဲ့ အပေါက်လို့ ပြောတာပဲ၊ လူသွားဖို့ သိပ်မလွယ်ဘူး၊ အထက်ရောက်တော့ ကျဉ်းသွားတယ်၊ လူတစ်ကိုယ်စာ သာသာကလေးလောက်ပဲ ရှိမယ်'

www.burmeseclassic.com



'အဲဒီအပေါက်အတိုင်း ထွက်ပြီးအပြင်ကို သတင်းပို့မယ်ဗျာ၊ ထွက်လို့ ရရင်လဲရပေါ့'

အဘ ဦးစံတင်က ဘာမျှမပြော စဉ်းစားနေသည်။

'မလွယ်ဘူးထင်တယ်၊ ပလပ်စ်ဝမ်းလယ်ဗယ်ကို တက်ရင် ပထမဇီးရိုး လယ်ဗယ်ကို ပြန်ဆင်းရမယ်၊ ဇီးရိုးလယ်ဗယ်ကို ဆင်းပြီးမှ ပလပ်စ်ဝမ်းကို ပြန်တက်ရမယ်။ ဒီအချိန်လောက်ဆိုရင် ဇီးရိုးလယ်ဗယ်တစ်ထပ်လုံး ရေပြည့် လောက်ပြီ။

'ကူးလို့ရရင် ကောင်းမယ်ဗျာ'

ကိုမြင့်က စိတ်အားထက်သန်သည်။

'ကူးလို့ရမယ်ထားဦး၊ ပလပ်စ်ဝမ်းလယ်ဗယ်က ဥမင်ဝမှာတောင် သုံးပေ ပတ်လည်လောက် ကျယ်တာ အထက်တက်သွားရင် လူတစ်ကိုယ်စာသာသာပဲ ဆန့်မယ်။ ပြီးတော့ အောက်က ကာဗွန်မိုနောက်ဆိုက်တွေကလဲ အဲဒီကပြန်ထွက် မှာ မဖြစ်ဘူးထင်တယ်'

'သွားကြည့်မယ်ဗျာ၊ မဖြစ်လဲ ပြန်ရုံပေါ့၊ ဒီအတိုင်း အသေခံတာထက် စာရင် တော်သေးတာပေါ့။ ကျွန်တော်တော့ လက်မလျှော့ချင်ဘူး။ ကဲ ကျွန်တော် သွားမယ် ဘယ်သူလိုက်မလဲ'

ကိုမြင့်က လှမ်းမေးသည်။ မည်သူမျှ မဖြေကြ၊ မျှော်လင့်စရာ သိပ်မရှိ။

'ကဲ ဘယ်သူမှ မလိုက်ရင် ကျွန်တော် တစ်ယောက်တည်း သွားမယ်'

ကိုမြင့် ထိုင်ရာမှထ၍ မှောင်ထဲတွင် လျှောက်သည်။

'ဟုတ်တယ်ကွာ၊ ငါလိုက်မယ်၊ တစ်ခါအပြင် နှစ်ခါမသေနိုင်ပါဘူး'

အဘဦးစံတင်က နောက်ကထလိုက်လာသည်။ မြစ်သာမြစ်ထဲတွင် ရေနစ် စဉ် သူ့ကို ကယ်ဆယ်ခဲ့ပြီးကတည်းက ကိုမြင့်ကို တူရင်းသားရင်းလို ခင်နေ သည်။ ကိုမြင့်တစ်ယောက်တည်း သူစိတ်မချ။

အမှောင်ထဲတွင် မမြင်မစမ်း လျှောက်ခဲ့ကြသည်။ ရွှံ့ဗွက်ကို မနည်းရုန်း ရသည်။ မြေညီထပ် ဥမင်လမ်းဆုံနားသို့ ရောက်နေပြီ။ ရေသံများကို တဝေါဝေါ ကြားနေရသည်။

'ရေတွေပြည့်နေပြီထင်တယ်'

အဘဦးစံတင်က ကြောက်တတ်သည်။ မြစ်သာမြစ်ထဲ ရေနစ်ခဲ့သည်ကို သူ မမေ့။

'ကျွန်တော် ဆင်းကြည့်မယ်ဗျာ'

www.burmeseclassic.com


ကိုမြင့်ရှေ့က ဆင်းကြည့်သည်။ ရေက ရင်ခေါင်းလောက် ရှိသည်။

'သိပ်တော့ မနက်ဘူးဗျ၊ ရင်ခေါင်းလောက်ပဲ ရှိသေးတယ်။ ဘယ့်နှယ်လဲ လိုက်ရဲပါ့မလား'

'သွားကွာ မထူးပါဘူး'

ကိုမြင့်က ရှေ့ကဆင်းသွားသည်။ အဘဦးစံတင်က နောက်ကလိုက်သည်။ နံပါတ်တစ်အထပ် ဥမင်ပေါက်ကို ရှာကြသည်။

တွေ့ပြီ၊ ကိုမြင့်က ဥမင်ပေါက်ကို လှမ်း၍ တွယ်တက်သည်၊ အထက်ကို တက်သည့် ဥမင်ဝသို့ ရေမရောက်သေး။ အဘဦးစံတင်ကို အထက်တပ် ဥမင်သို့ ဆွဲတင်သည်။ သုံးပေးပတ်လည်လောက်သာ ရှိသည့် ဥမင်ထဲတွင် လေးဘက်သွား၍ တက်ခဲ့ကြသည်။

'ဟော့ ကိုမြင့် ခဏနေဦး'

ဦးစံတင်က နောက်က လှမ်းခေါ်သဖြင့် ကိုမြင့် ရပ်နေသည်။

'ဘာလဲ'

'ရှေ့ကျရင် ကွေ့တွေရှိတယ်၊ မင်းသိမှာ မဟုတ်ဘူး၊ နောက်ကလိုက်ခဲ့။ တိုင်တွေကိုဝင်တိုက်ရင် ဒေါက်တွေပြုတ်ပြီး မင်းပိနေလိမ့်မယ်'

အဘဦးစံတင်က ကိုမြင့်ကို ရှေ့ကတက်ခွင့်မပေးဘဲ သူရှေ့ကတက်သည်။ ရွှံ့တွေကချော်သည်၊ ဓာတ်ငွေ့နံ့က မွှန်နေသည်။ ချော်၍ အောက်သို့ပြန်ပြန်ကျသဖြင့် မြေစိုင်ခဲ၊ ကျောက်ခဲ စသည့်တွေ့ရာအဖုအထစ်ကို လှမ်းတွယ်၍ တက်ရသည်။ ဒူးတွေ၊ တံတောင်တွေ၊ ရင်ဘတ်တွေ ပွန်းကုန်ပြီ။

သည်လိုဖြင့် ကိုက်ငါးဆယ်ကျော်လောက် သွားမိတော့ ကိုမြင့်ရှေ့ အမှောင်ထဲက ဝုန်းခနဲ မြည်သံနှင့်အတူ မြေကြီးတွေ ပြိုကျလာသည်။ အဘဦးစံတင်၏ အော်သံကိုလည်း ကြားလိုက်ရသည်။ မြေစိုင်ခဲများသည် မိုးသီးမိုးပေါက်ပမာ သူ့ကိုယ်ပေါ်သို့ ဒလဟောကျလာသည်။

ကိုမြင့် အလန့်တကြားဖြင့် ဘေးကနံရံကို စမ်းကြည့်သည်။ ကျောက်သားနံရံကြီး စိန်လွန်နှင့်သာ ဖောက်၍ ရနိုင်မည့် ကျောက်ကမ္ဘားယံကြီး။

တဝုန်းဝုန်းပြိုကျနေသည့် မြေစိုင်ခဲ၊ ကျောက်ခဲတွေကြားက ကိုမြင့်ရှေ့သို့ တက်လာသည်။ အမှောင်ထုထဲတွင် ဘာမျှမမြင်ရ အဘ ဦးစံတင်ကို အော်ခေါ်သည်။ သူ့ခေါ်သံသည် တဝေါဝေါ ပြိုဆင်းနေသည့် ကျောက်ခဲသံများကြားတွင် ပျောက်သွားသည်။

www.burmeseclassic.com



အဘဦစံတင်ထံမှ ဘာသံမျှ မကြားရတော့။ အဘဦးစံတင်သည် ပြိုကျသွားသည့် မြေစိုင် မြေခဲများအောက်တွင် ရောက်သွားပြီ။

ကိုမြင့် ရှေ့ဆက်၍ တက်မရ၊ ထို့ကြောင့် အောက်သို့ပြန်ဆင်းသည်။

အလာတုန်းက နှစ်ယောက်။ ယခုပြန်ဆင်းတော့ အဘဦးစံတင် ကျန်ခဲ့ပြီ။ သူ့ကို စိတ်မချသည့် ဦးစံတင်၊ သူရှေ့က တက်မည်ဆိုပြီး တက်သွားသည့် အဘဦးစံတင်၊ ယခုမရှိတော့ပြီ။

မြစ်သာမြစ်ထဲတွင် ရေနစ်တုန်းက အဘဦးစံတင်ကို သူ ကယ်ခဲ့သည်။ ယခုမိုင်းထဲ ရောက်တော့ အဘဦးစံတင်က ရှေ့ကဝင်အသေခံသွားခဲ့သည်။ ရေကို ကြောက်သော အဘ ဦးစံတင်သည် မြေကြီးကိုတော့ မကြောက်။ သူ ရှေ့က ရဲရဲသေပြသွားပြီ။

ထိုစဉ် ကိုမြင့် အထက်အမိုးသည် ညွတ်ကျလာကာ ဝုန်းခနဲ ပြိုကျလာသည်။ ကြောက်သား နံရံများသည် သူ့ကိုယ်ပေါ်သို့ ပိကျလာသည် ထင်ရသည်။ လေးလံလှသော ကုလားအောင်ကြီးသည် သူပေါင်ပေါ်သို့ ကျလာသည်။

တကယ်မှောင်သွားပြီ။ ဥမင်ထဲတွင်သာ မှောင်သည်မဟုတ်။ သူ့ရင်ထဲတွင်လည်း မှောင်သွားပြီ။ ထိုနောက် ဘာမျှမသိတော့။

()

www.burmeseclassic.com



မျက်လုံးကိုဖွင့်ကြည့်သည်။

မည်သည့်နေရာမှန်း သူမသိ၊ မည်သူတွေမှန်း သူမသိ၊ ဝိုးတိုးဝါးတား၊ လွှန်ခဲ့သည့် သုံးရက်ခန့်က မိုင်းပြိုကျ၍ ပိခဲ့သည်။ ဥမင်ကျဉ်းကျဉ်းကလေးထဲတွင် မှေ့မြောနေသည်။ သူ့တစ်ကိုယ်လုံး ကျောက်ခဲတွေ၊ ရွှံ့ခဲတွေ အောက်တွင် ပိနေသည်။ ရေကလည်ပင်းထိ မြုပ်နေခဲ့သည်။

ဖိုးလုချိုအပါအဝင် သူ့ရဲဘော်များက နှစ်ဆယ့်လေးနာရီလုံးလုံး သူ့ကို ရှာ၍ မြေကြီးအောက်မှ ဆွဲထုတ်ခဲ့ရသည်။ ကလေးမြို့ဆေးရုံ၊ ထိုမှတစ်ဆင့် မန္တလေးဆေးရုံသို့ ပို့သည်။

မန္တလေးဆေးရုံကြီးအရေးပေါ်ခွဲစိတ်ခန်းသို့ သူရောက်သည့်အချိန်၌ ဘယ်ဘက်ခြေထောက်တစ်ခုလုံး ပုပ်ပွရောင်ကိုင်းနေပြီ၊ မည်သည်က တင်ပါး၊ မည်သည်က ခြေထောက်ဟု ခွဲ၍မရချင်တော့။ အရေခွံတွေ စုတ်ပြဲပြတ်သတ်ကာ အဆီပြင်ကြီးလို ဖြစ်နေသည်။ သုံးရက်လုံးလုံး ဆီးတစ်စက်မျှမသွား၊ တစ်ချက်မျှ သတိပြန်မရ၊ သွေးပေါင်ချိန်က ကြောက်ခမန်းလိလိ တက်နေသည်။ အလွန်စိုးရိမ်နေရသည့် အခြေအနေမျိုး ဖြစ်သည်။

မိုင်းပြို၍ မြေကြီးပိသည့် ကိစ္စမျိုးတွင်အသေအပျောက်နှုန်း အလွန်များသည်။ ပျက်စီးသွားသော ကလာပ်စည်းအမျှင်များသည် တဖြည်းဖြည်း ရိဆွေးလိုက်လာပြီး တစ်ကိုယ်လုံးကို အဆိပ်အတောက်များ ပျံ့နှံ့လာစေသည်။ သို့ဖြင့် ကျောက်ကပ်၏ အလုပ်လုပ်မှုကို ရပ်ဆိုင်းစေသည်။

မန္တလေးဆေးရုံကြီးသို့ ကိုမြင့်ရောက်နေသည့် သတင်းကို ပထမကြားလာသူက စုစုဖြစ်သည်။ စုစု၏ အစ်ကိုတစ်ယောက်က မန္တဆေးရုံကြီးတွင် ခွဲစိတ်မှုဆရာဝန်တစ်ဦး ဖြစ်သည်။

သည်တုန်းက အေးမတို့အမေက ဘယ်ဘက်မျက်လုံးမှ တိမ်ကိုခွဲဖို့ မန္တလေးဆေးရုံတွင် ရောက်နေသည်။ အေးမနှင့် တိုးလည်း မန္တလေးသို့ အမေ့

www.burmeseclassic.com


ကိစ္စအတွက် ရောက်နေကြသည်။ စုစု တိုးတို့အမေ မျက်စိခွဲသည်ကို လာမေးရင်း သည်သတင်းကို ဖောက်သည်ချသဖြင့် အေးမတို့ သိရခြင်း ဖြစ်သည်။

အေးမက လူနာကို ကြည့်ချင်သည်။ တိုးကလည်း ကြည့်ချင်သည်။ သို့ရာတွင် ကြည့်ခွင့်မရ။ စုစုတို့အိမ်သွားရင်း သူ့အစ်ကိုနှင့်တွေ့သည်တွင် ပြန်ပြောသဖြင့် အခြေအရပ်ရပ်ကို သူတို့တစ်တွေ သိရခြင်းဖြစ်သည်။

ခွဲစိတ်ဖက်ဆရာဝန်က ကြုံတောင့်ကြုံခဲကိစ္စဖြစ်၍ စိတ်အားထက်သန်နေသည်။ သူတို့ကို မမောမပန်း ရှင်းပြသည်။

'ဒဏ်ချက်ကပြင်းတော့ ဘယ်ဟာကိုစပြီး အရင်ကုရမှန်း မသိဘူး၊ ဒါနဲ့ ဆရာကြီးတွေထိုင်ပြီး စဉ်းစားကြတယ်၊ ခွဲစိတ်မှုဘက်ကရော ဆီးရောဂါကုပါရဂူတွေရော အစုံပဲ။ သေသေချာချာ စဉ်းစားပြီးတော့ ပထမဆုံးသွေးထဲမှာ ရောက်နေတဲ့အဆိပ်တွေကို ကျောက်ကပ်အတုနဲ့ ထုတ်ယူမယ်။ ခြေထောက်က ပြည်တွေ အဆိပ်ဖြစ်နေတဲ့ သွေးတွေကို ခွဲထုတ်ယူမယ်လို့ ဆုံးဖြတ်ကြတယ်။ ဒါကို ပထမကုနိုင်မှ ကျန်တာတွေကုလို့ရမယ်၊ ဒါကိုအရင်မကုဘဲ တခြားဟာတွေ လျှောက်ကုနေရင် သေမှာပဲ၊ သူ့ကလာပ်စည်းအမျှင်တွေက ပျက်စီးနေတော့ အခြေအနေ သိပ်မလှဘူး။ ဒီကောင်တွေ ပျက်စီးတော့ ကျောက်ကပ်အလုပ်မလုပ်ဘူး၊ ကျောက်ကပ်အလုပ်မလုပ်တော့ ဆီးမသွားဘူး၊ ဆီးမသွားတော့ ခန္ဓာကိုယ်ထဲမှာ အဆိပ်အတောက်တွေ အညစ်အကြေးတွေ ပွံ့နေတယ်၊ ဒါကြောင့် ဒီကောင်တွေကို အရင်ရှင်းပစ်ရမယ်၊ ကျောက်ကပ်တုနဲ့ ထုတ်ပစ်ရမယ်၊ ဒီတော့မှ သွေးထဲမှာ အဆိပ်အတောက်တွေ နည်းသွားမယ်'

သို့ရာတွင် သည်မျှနှင့်မပြီး၊ ဒဏ်ရာတွေက ပြင်းသည်။ ခန္ဓာကိုယ်က ဒဏ်ရာများကို နေ့စဉ်ဆေးထည့်၍ ပတ်တီးစည်းသည်။ ကြွက်သားများက အကောင်းပကတိ နီရဲလတ်ဆတ်သည်။ သို့ရာတွင် နောက်တစ်နေ့ ပတ်တီးဖြည်လိုက်သောအခါ၌ မနေ့က အကောင်းပကတိရှိသော ကြွက်သားများသည် နီရဲခြင်းမရှိတော့ ညိုမည်း၍ ပုပ်လိုက်လာကြသည်။ ခန္ဓာကိုယ်အတွင်း မမြင်နိုင်သော နေရာတွင် ကလာပ်စည်းအမျှင်တွေ ပျက်စီးလာနေသည်။ တစ်ကိုယ်လုံးကို ပွံ့လာလေသည်။ ကျောက်ကပ်ချို့ယွင်းနေပြီ၊ ဆီးသွား၍မရတော့၊ ခန္ဓာကိုယ်ထဲတွင် ပွံ့နှံ့နေသည့် အဆိပ်များကို ကျောက်ကပ်တုကိုချည်း အားကိုး၍ မရတော့။ ပုပ်သိုးပျက်စီးသွားသော ကလာပ်စည်းအမျှင်များကို ခွဲထုတ်ဖယ်ရှားပစ်ရမည်။

'ပျက်စီးသွားတဲ့ တစ်သျှူးတွေကို ထုတ်ပစ်လိုက်တော့ ဆီးအတွက် စိတ်ချသွားရပေမယ့် ခြေထောက်က ဒဏ်ရာကြီးက သိပ်ပြင်းလို့ခြေထောက်ကြီး

www.burmeseclassic.com



တစ်ခုလုံး ဖူးဖူးရောင်နေတယ်။ သွေးတွေသိပ်ထွက်ပြီး တချို့နေရာတွေမှာ အသား မရှိတော့ဘဲ အရိုးတွေပေါ်နေတယ်၊ အဖျားက တစ်ရာ့လေးတစ်ရာ့ငါး ဖြစ်ပြီး ငန်းဖမ်းနေတယ်၊ ခြေထောက်က သွေးဆိပ်က တစ်ကိုယ်လုံးကို ပျံ့သွားမှာ စိုးရတယ်၊ ခုထိတော့ ဘာမှ မလုပ်ရသေးဘူး၊ ဆရာဝန်ကြီးတွေ သမားတော်ကြီးတွေ စဉ်းစားနေကြတုန်းပဲ'

'ဒါဖြင့် ခြေထောက်ကို ဖြတ်ရမယ်ပေါ့'

စုစုက မေးသည်။

'ဖြတ်ရလိမ့်ထင်တယ်'

တိုးက ရှိုက်လိုက်သည်။

'လူနာရှင်ကတော့ ဖြတ်ပါလို့ပြောတာပဲ'

'လူနာရှင်က ဘယ်သူပါလဲဆရာ'

တိုးက မရဲတရဲ မေးသည်။

'သစ်ချောက်မိုင်းက သူ့သူငယ်ချင်းပဲ၊ အဲဒီလူက အဖေလဲ မရှိဘူး၊ ဆွေမျိုးသားချင်းလဲ မရှိဘူးတဲ့၊ ခုတော့ အဲဒီလူနာကို စောင့်နေတာပဲ'

နောက်တစ်နေ့တွင် စုကိုခေါ်ကာ အေးမရော တိုးပါ လူနာရှင်ဆိုသူကို သွား၍ တွေ့သည်။ လူနာရှင်က သူ့ကိုယ်သူ လှချိုဟု မိတ်ဆက်သည်။

ဖိုးလှချိုက အကြောင်းစုံပြောပြသည် လူနာ၏ ခြေထောက်ကို မဖြတ်ဘဲ ကုမည်ဟု ဆရာဝန်ကြီးများက ဆုံးဖြတ်ကြောင်း ယနေ့ပင် ခြေထောက်မှ သွေးဆိပ်တက်၍ ပုပ်သိုးသွားသော ကြွက်သားများကို ခွဲထုတ်မည်ဖြစ်ကြောင်း ပြောပြသည်။

သိချင်လှပြီ၊ နောက်တစ်နေ့တွင် ညီအစ်မနှစ်ယောက် ဖိုးလှချိုကို သွားတွေ့ပြန်သည်။

'ခြေထောက်ကတော့ မဖြတ်ရတော့ဘူးလို့ ပြောတာပဲ။ ဒါပေမယ့် အခြေအနေ သိပ်မကောင်းသေးဘူး။ အဖျားက မကျဘူး၊ ပြင်းတယ်၊ အသက်ရှူမြန်တယ်၊ ဓာတ်မှန်ရိုက်ကြည့်တော့ အဆုတ်ထဲမှာ ရောဂါဝင်နေတယ်၊ နမိုးနီးယား ဝင်နေတယ်လို့ပြောတယ်'

ဖိုးလှချိုက တတ်သလောက် မှတ်သလောက် ပြန်ပြောသည်။ သူ့မျက်နှာက ညှိုးနေသည်။

'ကျောက်ကပ်ရောဂါနဲ့ လူနာမှာ ကျောက်ကပ်ကို ပြန်ကုလို့ရနိုင်ပေမယ့် အားသိပ်နည်းတော့ တခြားရောဂါပိုးတွေ ဝင်လာနိုင်တယ်တဲ့'

www.burmeseclassic.com



အမေ့ကိုမူ ကိုမြင့်အကြောင်း အသိမပေး၊ မျက်စိခွဲပြီး၍ သည်အကြောင်းကို သိရလျှင် အမေစိတ်မကောင်း ဖြစ်မည်၊ အမေမျက်စိခွဲပြီး၍ မုံရွာကို ပြန်ရတော့မည်။ ယခုအထိ လူနာကို တစ်ခါမျှ မမြင်ရသေး၊ လူနာကို ကြည့်ချင်သေးသည်။ သို့ရာတွင် ကြည့်ခွင့်မရ။

ဆရာမတွေ့ အလစ်တွင် ဖိုးလုချိုက လိုက်ကာဖြင့် ကွယ်ထားသည့် ကုတင်တစ်ခုဆီသို့ ခေါ်သွားသည်။

'ကြည့်ရုံပဲနော်'

ဖိုးလုချိုက တိုးတိုးပြောသည်။

လူကိုမမြင်ရ။ မျက်နှာကို မမြင်ရ၊ မျက်နှာတစ်ခုလုံး ခေါင်းတစ်ခုလုံး ပတ်တီးတွေ စည်းထားသည်။ မျက်လုံးကလေး နှစ်လုံးကိုသာ ပေါ်နေသည်။

တိုးက အသံမထွက်အောင် ကြိတ်၍ ရှိုက်ရင်း ကုတင်အောက်ကြမ်းပြင်တွင် ဒူးထောက်၍ ထိုင်သည်။ ကုတင်စွန်းတွင် ခေါင်းတင်၍ ငိုသည်။ အေးမက မျက်ရည်တွေတွေစီးကျရင်း ကိုမြင့်ကိုငေးကြည့်နေသည်။

ကိုမြင့်က မျက်လုံးတစ်ချက် ဖွင့်ကြည့်ပြီး ပြန်မှိတ်သွားသည်။ မည်သူမည်ဝါဟု မှတ်မိဟန်မတူ။

'အေးမကို ခွင့်လွှတ်ပါ အစ်ကိုရယ်၊ အေးမကို ခွင့်လွှတ်ပါ'

အေးမက တဖွဖွရွတ်သည်၊ အသံမထွက်၊ သူ့နှုတ်ခမ်းများသည် တရွရွတုန်နေကြသည်။

()

www.burmeseclassic.com



လင်းကတောရွာကို ကျော်တော့ မှောင်နေပြီ။

လမ်းက သဲထူသည်။ ဂျစ်ကားနီနီရဲရဲကလေး ပင်ပန်းကြီးစွာ ရုန်းရသည်။ လှည်းလမ်းကြောင်းများက နက်သဖြင့် လှည်းလမ်းတွေပေါ် ခွမောင်းရသည်။ ထို့ကြောင့် ခရီးမတွင်။

သည်ခရီးကို သူမသွားချင်၊ အထူးသဖြင့် နေလင်းအောင်၏ ဂျစ်ကားနှင့် ဆိုတော့ ပို၍ မလိုက်ချင်၊ ကိုထွန်းအောင် သတ်မှုပြီးကတည်းက ဦးမြမင်း၊ နေလင်းအောင်တို့ကို ရွံမုန်းနေသည်။ ကိုမြင့်ကို ရန်ရှာမည်တကဲကဲလုပ်တော့ ပို၍ ရွံမုန်းသွားသည်။ သို့ရာတွင် သူတို့အနှောင်အဖွဲ့က မလွတ်သေး၊ သူ့ဖာသာ သူ လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်တော့မည်ဟု ဆုံးဖြတ်သည်။

ဦးမြမင်း၊ နေလင်းအောင်တို့နှင့် အလုပ် လုပ်ရခြင်းသည် ကျားမြီးကို ဆွဲရသည်နှင့် တူသည်။ အတူလိုက်သွား၍လည်း မဖြစ်၊ ချက်ချင်း လက်လွှတ် လိုက်၍လည်းမဖြစ်။

အတူလိုက်သွားလျှင် တစ်နေ့နေ့တွင် မုချသူကျားစာဖြစ်ရတော့မည်။ ယခု သူ့ရှေ့တွင်ပင် နေလင်းအောင်တို့က လူတစ်ယောက် ကျားစာကျွေးပစ် လိုက်ကြပြီ။

ကိုထွန်းအောင် သတ်မှုတွင် ရဲက တရားခံကို ဖမ်းမိသည်။ တရားခံက နေလင်းအောင်၏တပည့် ဆားထုံး၊ ဆားလင်းကြီး နယ်သား ဖြစ်သည်။ နေလင်းအောင်၏ တပည့်ဖြစ်ကြောင်း ရဲကလည်း အသိ၊ တစ်မြို့လုံးအသိ။

တရားခံက သူ့အလိုအလျောက် သတ်သည်ဟု ဖြောင့်ချက်ပေးသည်။ တရားခံ တစ်သက်တစ်ကျွန်းကျသည်။ သို့ရာတွင် နေလင်းအောင်တို့၊ ဦးမြမင်းတို့ ဘာမျှမဖြစ်၊ နေလင်းအောင်ကို ရဲက မသင်္ကာမှုဖြင့် ခေတ္တဖမ်းသည့်တိုင်၊ သက်သေထင်ရှားမရှိသဖြင့် လွှတ်ပစ်လိုက်ရသည်။

www.burmeseclassic.com



နေလင်းအောင် သူ့အလုပ်ကိုသူ ဆက်လုပ်မြဲ၊ ဘိန်းဖြူရှူမြဲ၊ မိန်းမပွေမြဲ၊ သူ့ဘဝသည် ဘာမျှမပြောင်း၊ ယခင်ကထက်ပင် ရဲတင်းကာ ယခင်ကထက်ပင် ချမ်းသာလာသေးသည်။

အေးမ ကံကောင်းနေသေးသည်။ နေလင်းအောင် မိန်းမပွေသော်လည်း ယခုအချိန်အထိ သူ့ကို လက်ဖျားနှင့် မတို့ရဲ။ အဘယ့်ကြောင့် နေလင်းအောင် သည်မျှ စည်းစောင့်နေသည်ကို သူမသိသော်လည်း သည်အတွက်တော့ နေလင်းအောင်ကို ကြံဖန်ကျေးဇူးတင်ရသည်။ သူကလည်း နေလင်းအောင် မစရဲအောင် ဣန္ဒြေမပျက်နေသည်။ စည်းနှင့်ကမ်းနှင့်နေသည်။

သူတို့နှစ်ယောက်စလုံးဘက်မှ ကင်းကင်းရှင်းရှင်း ရှိကြသည့်တိုင် တစ်ခါတွင် ကိုမြင့်က အထင်လွဲခဲ့ဖူးသည်။ ကိုမြင့်ကသာမက မာလာကလည်း အထင်လွဲ ခဲ့ဖူးသည်။

သည်တုန်းက ကိစ္စတစ်ခုဖြင့် နေလင်းအောင် သူတို့အိမ်သို့ ရောက်နေသည်။ အမေလည်းမရှိ၊ တိုးလည်းမရှိ၊ သူတို့နှစ်ယောက်သာ ရှိသည်။ နေလင်းအောင်က ကိုထွန်းအောင် အသတ်ခံရသည့် ကိစ္စတွင် သူနှင့် ဘာမျှမပတ်သက်ကြောင်း အေးမကို ရှင်းပြနေခြင်းဖြစ်သည်။ အော်ကြီးဟစ်ကျယ် ပြောရမည့် စကားမဟုတ်သဖြင့် နှစ်ယောက်သား ခေါင်းချင်းဆိုင်လျက် ဖြစ်နေသည်။ အေးမက မျက်ရည်စက်လက်ဖြင့် နောင် သူတို့လုပ်ငန်းတွင် မပါလိုတော့ကြောင်း ပြောပြသည်။

ထိုစဉ် အိမ်ရှေ့တွင် မာစီဒီကားနက်ကြီး ထိုးဆိုက်သည်။ ကိုငွေမောင်းက တံခါးဖွင့်ပေးသည်နှင့် တစ်ပြိုင်နက် မာလာကားပေါ်မှ ဒေါသတကြီး ဆင်းလာသည်။ တစ်လှမ်းချင်း လာသည်ဟု မထင်ရ၊ ခုန်ပျံ၍ အိမ်ပေါ် ရောက်လာသည့်နှယ် ထင်လိုက်ရသည်။

ခေါင်းချင်းဆိုင်၍ စကားပြောနေကြသည့် နေလင်းအောင်နှင့် အေးမတို့ကို မြင်ရတော့ ယမ်းပုံမီးကျသည့်နှယ် မာလာ့ဒေါသတွေ ပေါက်ကွဲထွက်လာသည်။

'ကဲ လက်ဆုပ်လက်ကိုင်မိတာကို မုံလာဥလုပ်ချင်သေးသလား၊ ဘာပြောဦးမလဲ'

မာလာက အပေါက်ဝမှ ခါးထောက်၍မေးသည်။ သူ့မျက်နှာက ရှုံ့မဲ့နေသည်။ နှစ်ယောက်စလုံး ဘာမျှ မပြောနိုင်။ အံ့အားသင့်နေကြသည်။

'ဒီကလဲ မိန်းမဆိုရင် အသေရရ အရှင်ရရဆိုတဲ့ဟာမျိုး၊ ဟိုဟာမကလဲ မယားကြီး ငုတ်တုတ်နဲ့ လူကိုတောင် ချမ်းသာမပေးဘူး၊ ယောကျ်ားဒီလောက်ရှားလို့ဟင်'

www.burmeseclassic.com


မာလာပါးစပ်က အယုတ္တ၊ အနတ္တတွေ ထွက်လာသည်။ ကိုယ့်ကိစ္စနှင့် ကိုယ် စိတ်ရှုပ်နေရသည့်အထဲ ယိုးစွပ်ခံရသဖြင့် အေးမ စိတ်ဆိုးသည်။ သူ့ရင်ထဲက ဒေါသသည် ရေကာတာကျိုးသလို ဒလဟော ဖွင့်လာသည်။

'နင် စကားပြောရင် ကြည့်ပြောပါ'

'ကြည့်ပြီးမှ ပြောတာဟဲ့၊ မျက်စိနဲ့ မြင်ရလို့ ပြောတာ၊ သူများလင်ကို တောင် ကြောင်တောင်နိုက်တဲ့ ကောင်မ'

အေးမရင်ထဲက မီးတောင်သည် ဝုန်းခနဲ ပေါက်ကွဲသွားသည်။ မည်သို့မည်ပုံ ရောက်သွားသည်မသိ၊ မာလာ့အနားသို့ ရောက်သွားသည်။ မာလာ၏ ပါးပြင်ကို နှစ်ချက်ဆင့်၍ ရိုက်သည်။ ပါးစပ်ကလည်း ကက်ကက်လန်အောင် ရန်တွေ့သည်။

သည်တော့မှ နေလင်းအောင် သတိရကာ သူတို့နှစ်ယောက်ကြားကို ဝင်သည်။

'ပိုက်ဆံမရှိပေမယ့် စော်ကားတာကို ခံမယ် ထင်သလား၊ နင် ငါ့ကို စော်ကားမော်ကားပေါင်း များလှပြီ။ အရင်တုန်းကလဲ ငါ့ပါးကို တစ်ချက်ချခဲ့ဖူးတယ်၊ ခုလဲ မဟုတ်မတရား စွပ်စွဲတယ်၊ ဒါကြောင့် နင့်ပါးကို နှစ်ချက်ပြန်ချတယ်၊ နင်ဘာလုပ်ချင်သလဲ၊ ဒီမှာဟေ့ ယောကျ်ားလိုချင် နင့်ယောကျ်ားမှ ရှိတာမဟုတ်ဘူး၊ ပြည့်လို့ သိရဲ့လား၊ ဒါမျိုး လာမစော်ကားနဲ့'

ဒေါသကြောင့် အေးမ တဆတ်ဆတ် တုန်နေသည်။ မာလာကလည်း ပြန်ပြောသည်။ သို့ရာတွင် ဘာတွေပြောမှန်းမသိ၊ သူမကြား။

နေလင်းအောင်က မာလာကို ပြန်ခေါ်သည်။ မာလာ ငိုယိုလျက် ပါသွားသည်။

သည်ကတည်းက နေလင်းအောင်နှင့် ခပ်တန်းတန်း ဖြစ်သွားသည်။ နေလင်းအောင်ကည်း ယခင်ကလို မကြာခဏ မလာတော့ အလာကျဲသွားသည်။

သည်နေ့တော့ အေးမ ရေစကြိုသို့ နေ့ချင်းပြန်သွားစရာ ကိစ္စတစ်ခုရှိသည်။ ပြင်ဆင်နေစဉ် နေလင်းအောင် ကိစ္စတစ်ခုဖြင့် ရောက်လာသည်။ သူက ပခုက္ကူသို့ သွားမည်။ ကားကြုံသဖြင့် လိုက်ခဲ့ရန် ခေါ်သည်။

အေးမက မလိုက်ချင်၊ ကိုယ့်,ဖာသာကိုယ် ဘတ်စ်ကားနှင့် သွားချင်သည်။ သို့ရာတွင် အမေက ကားကြုံသည့်အတူတူ လိုက်သွားရန် ပြောသဖြင့် လိုက်လာခဲ့ခြင်းဖြစ်သည်။ မာလာနှင့် ရန်ဖြစ်ခဲ့သည့်ကိစ္စကို ဘာမျှ သိပုံမရ။

www.burmeseclassic.com



ထို့ကြောင့် အေးမ မလိုက်ချင် လိုက်ချင်ဖြင့် လိုက်ခဲ့သည်။ နာရီပြန် တစ်ချက်လောက်တွင် ရေစကြိုသို့ရောက်သည်။ အေးမကို ရေစကြိုတွင်ချပြီး နေလင်းအောင် ပခုက္ကူသို့ တက်သွားသည်။ ညနေလေးနာရီလောက်ကျမှ ရေစကြို သို့ ပြန်ရောက်လာကာ အေးမကို ဝင်ခေါ်သည်။

'စောင့်နေရတာ တော်တော်ကြာပြီလား'

နေလင်းအောင်က ဂျစ်ကားကို ရှေ့တွင်ထိုးရပ်ရင်း မေးသည်။

'သိပ်မကြာသေးပါဘူး'

'ကိစ္စလေးမပြတ်သေးတာနဲ့ နဲနဲကြာသွားတယ်။ ပြီးတော့ ကျောက်လှေ ကားက ထန်းရည်ကောင်းတယ်လို့ နာမည်ကြီးလို့ ဟဲဟဲ'

နေလင်းအောင် ပါးစပ်က ထန်းရည်နံ့ ထွက်နေသည်။ ဂျစ်ကားရှေ့ခန်း ထိုင်ခုံတွင် ထောင်ထားသည့် အရက်ပုလင်းကို လှမ်းမြင်လိုက်ရသည်။

တစ်လမ်းလုံး စကားများများ မပြောဖြစ်ကြ။ တစ်ချက်တစ်ချက်မှသာ စကားပြောဖြစ်ကြသည်။

လင်းကတောရွာကို ကျော်တော့ မှောင်စပြုနေပြီ။

ခရီးသုံးပုံတစ်ပုံလောက်သာ ရှိသေးသည်။ ညကိုးနာရီလောက်မှ မုံရွာကို ရောက်မည်။ အမေစိတ်ပူနေမည်ကို အေးမ မြင်ယောင်သည်။

ကိုမြင့် မန္တလေးဆေးရုံသို့ ရောက်သည်မှာ သုံးလလောက်ရှိပြီ။ တစ်လ တစ်ခေါက်တော့ သူ့ထံမှန်မှန်ရောက်သည်။ တိုးလည်း အမြဲတမ်းပါသည်။ ကိုမြင့်က ဒုက္ခခံ၍ မလာရန် ပစ္စည်းတွေ ဘာတွေ မယူခဲ့ရန် တဖွဖွ ပြောသည်။ သို့ရာတွင် အေးမတို့ ညီအစ်မ နှစ်ယောက်က နားမထောင်။ အမေကလည်း လက်မခံ။ လဆန်းတိုင်း မန္တလေးသို့ အသွားခိုင်းသည်။ ကိုမြင့် အခြေအနေက ပြန်ကောင်းနေပြီ။ ခြေထောက်လည်း မဖြတ်ရတော့၊ သို့ရာတွင် ခြေထောက် အကြောများ ပြန်၍ ရှင်သန်လာအောင် အကြောဌာနတစ်ခုတွင် နေရမည်။ လမ်းကောင်းကောင်း မလျှောက်နိုင်သေး။

ကိုမြင့်ဆေးရုံကဆင်းလျှင် မုံရွာသို့ခေါ်ရမည်။ အနားယူခိုင်းရမည်။ မချစ်မေတို့ ကုန်ခြောက်တန်းတွင် ဈေးဆိုင်ကလေးတစ်ဆိုင်ဝယ်မည်။ အမေ လည်း မျက်လုံးနှစ်ဘက်စလုံးခွဲပြီးပြီ။ နောက်တစ်နှစ်ဆိုလျှင် တိုးလည်း ဘွဲ့ရတော့ မည်။

မည်သူမျှ ငဲ့စရာမလိုတော့၊ သူနှင့် ကိုမြင့်တို့ အနာဂတ်ခရီးသည် ဖြောင့်ဖြူးနေပြီ။

www.burmeseclassic.com


သူ့အတွေးများသည် အမေ့ဆီသို့ ရောက်သွားပြန်သည်။ သည်အချိန်ဆို လျှင် အမေမျှော်ရှာမည်။ အမေ့ကို စောစောရောက်အောင် ပြန်ခဲ့မည်ဟု ပြောခဲ့သည်။

လင်းကတောနှင့် ယမားချောင်းခရီးတစ်ဝက်ရှိ ပြောင်းခင်းကြီးနားရောက်တော့ ကားက လမ်းဘေးတွင် ထိုးရပ်သွားသည်။ ပြောင်းပင်ကြီးများက ဆင်တစ်ရပ်လောက်မြင့်သည်။ သည်အနားတစ်ဝိုက်တွင် ပြောင်းခင်းတွေပေါသည်။ သူတို့ ငယ်ငယ်က ပြောင်းဖူးချိုးလိုက်ဖူးသည်။ ပြောင်းရိုးရိတ်လိုက်ဖူးသည်။

'ဘာဖြစ်လို့လဲ

'အေးမက အလန့်တကြား မေးသည်။

'ဟင့်အင်း ဘာမှမဖြစ်ဘူး၊ စက်ခေါင်းပူလို့ ခဏနားတာပါ၊ တစ်နေ့လုံး မောင်းနေတာ'

နေလင်းအောင် ကားပေါ်မှ ဆင်း၍ အညောင်းဆန့်သည်။ ကားရှေ့အံ့ထဲမှ ပလတ်စတစ်ခွက်ကို ထုတ်သည်။ ထိုနောက်ထိုင်ခုံကြားထဲမှ အရက်ပုလင်းကို ယူသည်။

'နည်းနည်းသောက်ကြည့်ပါလား'

'ဟင့်အင်း'

အေးမ နှာခေါင်းရှုံ့၍ ခေါင်းယမ်းသည်။ နေလင်းအောင်က အရက်ကို ငှဲ့၍ တစ်ခွက်ကုန်အောင် မော့သည်။ ဆိုဒါနှင့် စပ်ပြီးသား အဆင်သင့် လုပ်လာခဲ့ခြင်းဖြစ်သည်။

'သိပ် မိုးချုပ်နေလိမ့်မယ်'

မချုပ်ပါဘူး၊ အလွန်ဆုံး ရှစ်နာရီခွဲပေါ့'

နေလင်းအောင်က စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကိုထုတ်၍ ဘူးဆောင့်ရင်း ပြောသည်။

'အိမ်ပြန်ရောက်ချင်လှပြီ'

'ကိုယ့်အဖို့တော့ အိမ်ပြန်မရောက်လေ ကောင်းလေပဲ၊ အိမ်ပြန်ရောက်ရင် စိတ်ညစ်လွန်းလို့'

အေးမ မည်သို့မျှ မပြော။

'မာလာက သိပ်သဝန်ကြောင်တယ်၊ မိန်းမမှန်သမျှ သူ့ရန်သူကြီးပဲ ထင်နေတယ်၊ ကိုယ်က သဝန်ကြောင်တဲ့ မိန်းမဆိုရင် သိပ်စိတ်ကုန်တယ်၊ အစက ဒီလောက် သဝန်ကြောင်မှန်းမသိလို့ စောစောစီးစီးများသိရင် အဝေးကြီး'

www.burmeseclassic.com



သည်ကိစ္စသည် လင်မယားကိစ္စ သူ့ကို ပြောစရာအကြောင်းမရှိ၊ နေလင်းအောင်သည် မာလာကို တကယ်စိတ်ပျက်၍ သည်စကားကို ပြောနေသည်လော၊ မည်သည့်အတွက် သူ့ကို ဒီစကားတွေ လာပြောနေသနည်း။ သည်စကားများသည် သူနှင့် ဘာမှုမဆိုင် သူတို့ လင်မယားကြားက ကိစ္စဖြစ်သည်။

'အေးမတို့ အိမ်ပေါ်မှာဖြစ်တဲ့ ကိစ္စနှင့်ပတ်သက်လို့ ကိုယ် နည်းနည်းမှ စိတ်မကောင်းဘူး၊ အေးမကို သိပ်အားနာတာပဲ'

အေးမ မည်သို့ပြောရမည်မသိ၊ အထိုက်အလျောက် ပြန်ပြောရမည်လော၊ မသိလိုက် မသိဖာသာ ငြိမ်နေရမည်လော။

ဒါတွေ မပြောနဲ့တော့၊ ပြီးပါပြီ၊ ကဲ မိုးချုပ်ပြီ ပြန်မယ်'

'ပြောရမယ်၊ ကိုယ့်အနေနဲ့ အေးမ နားလည်အောင် ပြောရမယ်၊ အစတုန်းကတော့ မာလာ့ကို ချစ်သလိုလိုပဲ၊ ဒါပေမယ့် နောက်ကျတော့ မချစ်တော့ဘူး၊ တကယ်တော့ မာလာနဲ့ ကိုယ်ဟာ ချစ်လို့ယူခဲ့ကြတာ မဟုတ်ဘူး၊ ကြုံကြိုက်လို့ ယူခဲ့ကြတာ၊ သူကလဲ ယောကျ်ားတစ်ယောက်လိုချင်တယ်၊ ကိုယ်ကလဲ မိန်းမတစ်ယောက် လိုချင်နေတယ်၊ ရောင်းသူက ရောင်းချင်နေတယ်၊ ဝယ်သူကလဲ ဝယ်ချင်နေတယ်၊ ဒီလိုနဲ့ အရောင်းအဝယ် ဖြစ်ကြတယ်၊ လမ်းကြုံလို့ ကုန်ဝင်ဆစ်ပြီး ဝယ်လာတဲ့သဘောပဲ၊ ကိုယ်တကယ်ချစ်တာက အေးမကို'

'ပြန်မယ် မိုးချုပ်လှပြီ'

နေလင်းအောင်က သူ့စကားကို ကြားဟန်မတူ။

'ကျောင်းတုန်းက တို့ကို ခေါက်ထီးနဲ့ရိုက်တာ မှတ်မိသေးသလား။ ခုကော ရိုက်ချင်သေးသလား ရိုက်ဦးလေ'

နေလင်းအောင်က သူ့ခေါင်းကို ထိုးပေးသည်။ အေးမ စိတ်ညစ်လှပြီ။

'အေးမ ရိုက်မယ်ဆိုရင် ခံမယ်ရိုက်'

'အေးမမှာ ချစ်သူရှိတယ် လက်ထပ်တော့မယ်'

'ချစ်သူရှိတာ မရှိတာ မသိဘူး၊ ကိုယ်သိတာက ကိုယ် အေးမကို ချစ်တယ် အေးမကို ချစ်တယ် ဒါပဲ'

နေလင်းအောင်က အေးမကို လှမ်းဖက်သည်။ အေးမက ရုန်းသည်။ သို့ရာတွင် ရုန်း၍မရ။

'ရှင် ဒီလိုမလုပ်နဲ့ အေးမ မကြိုက်ဘူး'

နေလင်းအောင်၏ မျက်နှာကြီးက အေးမ မျက်နှာနားသို့ ကပ်လာသည်၊ သူ့ပါးစပ်က အရက်နံ့ တထောင်းထောင်းထွက်နေသည်။ နမ်းဖို့ ကြိုးစားသော်လည်း မနမ်းမိ၊ ဆံပင် လည်ပင်း ပါး စသည်တို့ကို အကုန်လျှောက်ထိသည်။

www.burmeseclassic.com



'ချစ်တယ်၊ ဒါပဲသိတယ်၊ ဒါပဲသိတယ်'

နေလင်းအောင်က အေးမကိုဖွေ့ခနဲနေအောင် ပွေ့လိုက်သည်။ အေးမ နေလင်းအောင် လက်ထဲတွင် ရှန်းကန်းပါလာသည်။ လမ်းဘေးပြောင်းခင်းထဲသို့ ပွေ့သွားသည်။ အေးမတတ်နိုင်သမျှ ရုန်းသည်၊ ခားမြှောင်က ကားပေါ်က အိတ်ထဲတွင် ကျန်ခဲ့ပြီ။ သူ့ကိုယ်သူ ကာကွယ်ရန် လက်နက်ဆို၍ သူ့ခွန်အားမှ အပ အခြား ဘာမျှ မရှိတော့၊ သို့ရာတွင် မိန်းမသားတစ်ယောက်၏ ခွန်အား သည် မည်မျှ ရှိနိုင်မည်နည်း။

ယမားချောင်း တောင်ဘတ်ဆိပ်ကို ရောက်တော့ ရှစ်နာရီကျော်နေပြီ။

နေလင်းအောင်က တတွတ်တွတ် စကားတွေပြောလာသည်။ အေးမက စကားတစ်ခွန်းမျှ မပြောတော့။ ပြောင်းခင်းထဲကထွက်တော့ အေးမ ချုန်းပွဲချ၍ ငိုမိသည်။ သို့ရာတွင် နောက်တော့ မငိုမိတော့။ ငို၍ မရတော့။ မျက်ရည်မရှိ တော့။ ခန်းကုန်ကြပြီ။

နာကျင်စွာ အရိုက်ခံရသည့် ကလေးတစ်ယောက်၊ အားရ ပါးရ ငိုပြီး သည်နောက် မျက်ရည်ကို ကုန်ခန်းသွားကာ မျက်ရည်မကျဘဲ ရှိုက်သည့်နည်းတူ အေးမရင်ထဲက ရှိုက်မိသည်။ အရိုက်ခံရပြီးသည့်နောက်၌ ရိုက်သူကို စိတ်ဆိုးရ မည်လော။ ကြိမ်တုတ်ကို စိတ်ဆိုးရမည်လော။ အရိုက်ခံရသည့် အကြောင်းရင်း ကို အပြစ်ဖို့ရမည်လောဟု ကလေးစိတ်ထဲတွင် ဝေခွဲမရသည့်နည်းတူ သူ့ကိစ္စ၌ လည်း လောကကို စိတ်ဆိုးရမည်လော။ နေလင်းအောင်ကို စိတ်ဆိုးရမည်လော။ သူ့ဘဝကို သူအပြစ်ဖို့ရမည်လော။ အေးမ စဉ်းမစားတတ်။

ထနောင်းပင် ကတုံးဇရပ်ကလေးကို ရောက်တော့ ရွာကို အမှတ်ရသည်။ သည်ဇရပ်ကတုံးကလေးသို့ လာ၍ သူ မော်တော်ကား စောင့်စီးနေကျ၊ ကိုတင် ထွန်းကြီး၏ ထွန်စက်ဖြင့် လာနေကျ။

လယ်ထွန်စက်ဘီးကို ကိုင်မိ၍ နွားချေးပေကုန်သဖြင့် ကိုတင်ထွန်းကြီး က စသည်ကို သူအမှတ်ရသည်။

ယမားချောင်းမှာ ရောက်တော့ ရေကျနေသံကို ကြားရသည်။

အေးမက ပုံတောင်ပုံညာဘက်ဆီသို့ မျှော်ကြည့်သည်။ ယမားချောင်း ပေါ်တွင် လဆန်းဆယ့်သုံးရက် လထိန်ထိန်သာနေသည့်တိုင် အထက်ပုံတောင် ပုံညာတစ်ဝိုက်တွင် မိုးရိပ်တို့ ညိုနေသည်။ လျှပ်ပန်းလျှပ်နွယ်တို့ ဝင်းပြက်နေ သည်။

www.burmeseclassic.com



နေလင်းအောင်က ကားကို ဂီယာဖြင့် မေးထိန်း၍ ချောင်းထဲသို့ ဆင်းသည်။ ချောင်းပြင်ကျယ်ကြီးတွင် ရေသိပ်မရှိသေး။ စီးကြောင်းကလေးသာသာမျှသာ ရေကြောင်းရှိသည်။ သို့ရာတွင် ချောင်းပြင်ကျယ် လေးပုံတစ်ပုံအရောက်တွင် တဝုန်းဝုန်း အော်မြင်ကာ လှိုင်းတွေထပ်ကျလာသည်။

ရေသံကို ကြားရတော့ နေလင်းအောင် လန့်သွားသည်။ သည်လောက်မြည်သံဟိန်းသည့် ချောင်းကျသံကို နေလင်းအောင် တစ်ခါမျှ မကြားစဖူး။

နေလင်းအောင် စက်ရှိန်ကို သတ်သည်။

'ပြန်ဆုတ်မှထင်တယ်၊ ချောင်းရေ တော်တော်များပုံရတယ်'

နေလင်းအောင်အသံက အနည်းငယ်တုန်နေသည်။ စိုးရိမ်သည့်အသံ။

'ဆုတ်ရင် မြန်မြန်ဆုတ်၊ မောင်းရင် မြန်မြန်မောင်း၊ အချိန်မရှိဘူး'

နေလင်းအောင် ယမားအကြောင်းမသိ။ သိလျှင်လည်းအပေါ်ယံလောက်သာ သိမည်။ သိသည့်တိုင် ရဲရဲဖြတ်ရဲဟန် မတူ၊ မရဲတရဲဖြစ်နေသည်။ တွေဝေနေသည်။ ရှေ့ဆက်မောင်းရမည်လော၊ နောက်ပြန်ဆုတ်ရမည်လောဟု ဝေခွဲမရဖြစ်နေပုံရသည်။

အညာမှ ဆင်းလာသည့် ချောင်းရေက တော်တော်ဝေးသေးသည်။ မြည်သံဟိန်းပုံထောက်လျှင် ရေတော်တော်များပုံရသည်။ မြည်သံမည်မျှ ဟိန်းစေ၊ ချောင်းရေဝေးသေးလျှင်ယမားကို ဖြတ်၍ရသည်။ သတ္တိကောင်းဖို့၊ ပိုင်းဖြတ်မှုရှိဖို့၊ တည်ငြိမ်ဖို့သာ လိုသည်။

ထုံးစံအတိုင်းဆိုလျှင် သည်ချောင်းပြင်ကို ကားငယ်လေးဝန်ပေါ့ဖြင့် ဆယ့်ငါးမိနစ်လောက် ဖြတ်ရသည်။ ချောင်းထဲရောက်၍ လေးပုံတစ်ပုံလောက်အရောက်တွင် နေလင်းအောင် စက်ရှိန်လျှော့သည်။ ရှေ့တိုးရမည်လော၊ နောက်ဆုတ်ရ မည်လောဟုတွေနေသည်။ ထိုနောက် ဆက်မောင်းသည်။ ရှေ့နားရောက်တော့ ဟန်ပုံမရ နောက်ပြန်ဆုတ်သည်။

ချောင်းရေက အနားရောက်လာပြီ။ ရေဦးဖြစ်၍ သိပ်မနက်၊ ခြေသလုံးလောက်မျှသာ ရှိသည်။ နေလင်းအောင် ဘက်ဂီယာသွင်း၍ အတင်းဆုတ်သည်။ နောက်ပြန်ဆုတ်နေသည့်အတွက် အရှိန်သိပ်မရ၊ နှေးကွေးသည်။

နောက်ပြန်ကြည့်တော့ ကားလမ်းကြောင်းက ရေအောက်ရောက်သွားပြီ။ ကြည့်၍မရတော့။ အေးမက အောက်သို့ ဆင်း၍ လမ်းပြသည်။ လမ်းကြောင်းကို စမ်း၍ အော်သည်။ လှိုင်းသံများနှင့် အေးမအော်သံ၊ မော်တော်ကားသံ ရောထွေးနေသည်။

www.burmeseclassic.com


'ချောင်းထပ်လာတယ်၊ ချောင်းထပ်လာတယ်'

မော်တော်ကားက သဲထဲတွင် တဖြည်းဖြည်း နစ်နေပြီ။ ဘီးက နောက်ဆုတ်၍လည်း မရတော့။ ရှေ့ဆက်၍လည်း မရတော့။ တဝီဝီလည်ကာ သဲထဲတွင် တဖြည်းဖြည်း မြုပ်နေသည်။

နေလင်းအောင် ကားပေါ်မှ ခုန်ဆင်းသည်။ ရေက ပေါင်လယ်ရောက်နေပြီ။ အေးမကို အော်ခေါ်သည်။ အေးမက နောက်ဘက်ဆီမှ ပြန်အော်သံကြားရသည်။ သဲကွဲခြင်း မရှိ။ နေလင်းအောင် လန့်နေပြီ။ ချောက်ချားနေပြီ။ ပေါင်လယ်လောက်ရေထဲမှနေ၍ အေးမဘက်သို့ ရောက်လာသည်။ အေးမက ကမ်းသို့ပြန်ရန် အော်သည်။

နောက်ထပ် လှိုင်းတစ်ထပ် ကျလာပြန်သည်။ သည်တစ်ခါ လှိုင်းက တော်တော်ကြီးသည်။ လှိုင်းရိုက်သဖြင့် နှစ်យောက်စလုံး လဲကျသွားကြသည်။ ဂျစ်ကားစက်ခေါင်းကို ရေဖုံးသွားပြီ။ ပြန်ထကြသည်။ ပြန်ထတော့ ရေက ရင်ခေါင်းရောက်နေပြီ။ လမ်းသွား၍ မရတော့။ ရေစီးဖြင့် မျောပါသွားသည်။ နေလင်းအောင်နှင့် အေးမတို့နှစ်ယောက်သား တစ်ဘက်ကမ်းသို့ ကူးကြသည်။ သို့ရာတွင် ကမ်းဆီသို့မရောက်။ အဟုန်ပြင်းသော ရေစီးတွင် မျောပါနေပြီ။ ဤသည်ကို နှစ်ယောက်စလုံး သတိပြုမိကြသည်။ သတိပြုမိသည့်အလျောက် အားစိုက်၍ ကူးလေ ရေစီးတွင် မျောလေလေ။ အတန်ကြာ ကူးမိတော့ မောလှပြီ။ လက်ပန်းစပြုပြီ။ နေလင်းအောင်ဘက်သို့ အေးမလှမ်းကြည့်သည်။ မှုန်မှုန်ဝါးဝါးတွင် ဘာမှ မမြင်ရတော့။ သူကိုယ်တိုင်လည်း မောလှပြီ။

ခဏကြာတော့ နောက်လှိုင်းတစ်ထပ် ကျလာပြန်သည်။ ချောင်းရေထဲတွင် မျောပါသွားသူ လူသားနှစ်ဦးသည် သူနှင့် ဘာမျှမဆိုင်သည့်ဟန်၊ လဆန်းဆယ့်သုံးရက် လသည် ယမားချောင်းပေါ်တွင် ရွှန်းတင့်စွာ သာနေသည်။

ပုံတောင် ပုံညာတစ်ဝိုက်မှ မိုးတိမ်ညိုညိုများနှင့် လျှပ်ပန်းလျှပ်နွယ်တို့က ယမားချောင်းပေါ်က လမင်းကို ဝိုင်းပတ်ချေမှုန်းရန်အတွက် စစ်ပြင်နေကြသည့်ဟန်။

၀

www.burmeseclassic.com



သည်နေ့ အေးမအတွက် ခြောက်လလည်ဆွမ်းသွတ်သည်။ ဆရာတော် ဦးခေမာက တရားပေး၍ ဒေါ်ငွေစိန်က ရေစက်ချသည်။

ညနေပိုင်းတွင် အေးမ၏ အုတ်ဂူကို သွား၍ ရှင်းသည်။ ဆေးသုတ်သည်။ အေးမ ကြိုက်တတ်သော နှင်းဆီပန်းနှင့် စံပယ်ပန်းတို့ကို အုတ်ဂူပေါ်တွင်တင်ကာ အေးမအတွက် အမျှအတန်းဝေသည်။ အေးမ၏ အုတ်ဂူက သူတို့ရွာဘေး။ ယမားချောင်းစပ်က ဆွေမျိုးသားချင်းတစ်ဦးပိုင်သည့် ယာထဲတွင် ရှိသည်။ အရိုးပြာကို ထည့်သွင်းသည့် အုတ်ဂူအသစ်ကလေး ဖြစ်သည်။

အမေက အေးမခေါင်းချရာတွင် ဆွမ်းသွတ်လိုသည်ဆိုသဖြင့် ရွာကိုလာ၍ ဆွမ်းသွတ်ခြင်း ဖြစ်သည်။

အေးမ၏ အုတ်ဂူသို့ အမေလိုက်မလာ။ အေးမ၏ ဂူကို မကြည့်ချင်ဟုဆိုကာ ဘုန်းကြီးကျောင်းတွင် နေရစ်ခဲ့သည်။ အေးမ၏ ဂူသို့ ကိုမြင့်နှင့်တိုးနှစ်ယောက်တည်း လာခဲ့ကြသည်။ ကိုမြင့် ခြေထောက်က အကောင်းပကတိဖြစ်နေပြီ။ ချိုင်းထောက်ပင် မလိုတော့။ ဆေးရုံက ဆင်းလာပြီးသည့်နောက်သူရော ဖိုးလုချိုပါ သစ်ချောက်မိုင်းသို့ မပြန်ရသေး။ တစ်လတန်သည် နှစ်လတန်သည် နားဖို့ အေးမ ခြောက်လလည် ဆွမ်းသွတ်ပြီးမှ ပြန်ဖို့ တားသဖြင့်မုံရွာတွင် သောင်တင်နေကြသည်။

ကိုမြင့်က သဘော်ဆေးဘူး၊ စုတ်တံစသည်ကို သိမ်းသည်။ တိုးကပန်းစည်းကို ဂူပေါ်သို့ တင်ပြီးနောက် ဒူးထောက်၍ ထိုင်ကာ ရှိက်ငိုနေသည်။

ကိုမြင့် သူ့ကိုကြည့်ပြီး မျက်ရည်ဝဲသည်။ မျက်နှာကို လွှဲကာ ယမားချောင်းကို စီးကြည့်သည်။

ယခုတော့လည်း ယမားသည် လှနေသည်။

ဝင်လုဆဲ နေခြည်များက ယမားကို လွှမ်းခြုံထားကြသည်။ ချောင်းပြင်ရှိကြက်သွန်ခင်းများ၊ စိုက်ခင်းများ၊ ဆောင်းမြေပဲခင်းများက ကော်ဇောပန်းခက်များ

www.burmeseclassic.com



နယ် အပွင့်အဆုပ်၊ အပြောက်အခဲ၊ အကွေ့အကောက်တို့ ပေါ်နေသည်။ ခပ်လှမ်းလှမ်း ရှားပင်အုပ်ညိုညိုပေါ်မှ ချိုးတစ်ကောင်က တနွဲ့နွဲ့ကူနေသည်။

အတန်ကြာတော့ တိုးက အေးမဂုကို ဝတ်ချပြီး သူ့ဘေးတွင် လာရပ်သည်။ ကိုမြင့်က သူ့ကို လှည့်ကြည့်သည်။ တိုးပါးပြင်တွင် မျက်ရည်စတို့ စွန်းထင်းလျက်။

နှစ်ယောက်သား စကားမပြောမိကြ။ ယမားချောင်းပြင်ကို ငေးကြည့်နေကြသည်။ ချောင်းထဲက ကြက်သွန်ခင်းတွေကြားထဲတွင် ထွန်စက်တစ်စီး မောင်းသွားသည်။ ဆွမ်းသွတ်အတွက် တစ်ဘက်ရွာမှ ငှားလာသော ပစ္စည်းများကို သွားပို့သည့် ထွန်စက်ဖြစ်သည်။ ထွန်စက်ပေါ်တွင် လူနှစ်ယောက် ကိုတင်ထွန်းနှင့် ဖိုးလှချို။

အချိန်အတော်ကြာသည့်အထိ နှစ်ယောက်စလုံး တိတ်ဆိတ်နေသည်။ အေးမအား သတိရကြောင်းကို ထုတ်ဖော်ပြောရန် စကားလုံးရှာ၍ မရကြ။ ထုတ်ဖော်ပြောဆိုရနိုင်ကောင်းသည်ဟုလည်း မထင်မိကြ။

ကိုမြင့်က စပြောသည်။

'သစ်ချောက်မိုင်းကို တိုးတို့လာတုန်းက တိုးတို့ဆရာပြောသွားတဲ့ ကျောက်သံသရာအကြောင်းကို မှတ်မိသေးသလား'

တိုးက သူ့ကို နားမလည်သလို ကြည့်သည်။

တိုးမှတ်မိသည်။ ရာသီဥတု အပူချိန်နှင့် ဖိအားကြောင့် ကျောက်တွေ တစ်မျိုးပြီး တစ်မျိုး ဘဝပြောင်းကာ သံသရာလည်နေကြသည်။ ပတ်ဝန်းကျင် အကြောင်းတရား၏ အမျိုးမျိုးကြောင့် လူတွေ ဘဝပြောင်းကြသည့်နှယ်ဟုပင် ဆရာက ပုံခိုင်းခဲ့သေးသည်။

'ကျောက်တွေ ဘဝပြောင်းကြသလို လူတွေလဲ ပတ်ဝန်းကျင် အကြောင်းတရားအမျိုးမျိုးကြောင့် ဘဝပြောင်းကြရတယ်။ အသွင်ပြောင်းကြရတယ်။ ဒါပေမယ့် ကျောက်နဲ့လူကွာတာ တစ်ခုတော့ ရှိတယ်။ ကျောက်က အသွင်ပြောင်းသွားပေမယ့် တစ်နေ့ကျရင် နဂိုရှိရင်းစွဲ အခြေအနေကို ပြန်ရောက်နိုင်တယ်။ လူကတော့ နဂိုရှိရင်းစွဲအခြေအနေကို ပြန်မရောက်နိုင်တော့ဘူးတဲ့၊ တိုးတို့ဆရာက ပြောဖူးတယ်'

တိုး စဉ်းစားနေသည်။

'အေးမဟာ အသွင်ပြောင်းရတဲ့ ကျောက်ခဲကလေးတစ်လုံးလို့ အစ်ကို ယူဆချင်တယ်။ ယမားချောင်းဘေးက အေးမဟာ ရိုးသားတဲ့အေးမ၊ အပြစ်ကင်း

www.burmeseclassic.com



တဲ့ အေးမ၊ သန့်ရှင်းတဲ့ အေးမ၊ ဒါပေမယ့် မှောင်ခိုဖြစ်လာတဲ့အခါကျတော့ ရိုးချင်၊ အပြစ်ကင်းချင်၊ သန့်ရှင်းချင်လို့ မရတော့ဘူး။ အပူရှိန်နဲ့ ဖိအားကြောင့် မှုန့်မှုန့်ညက်ညက်ကျေသွားတဲ့ ကျောက်ခဲလေးလို အေးမဟာလဲ အစအန အမှုန်ကလေးဖြစ်ပြီး ရေစီးမှာ မျောသွားရပြီ'

တိုးက ယမားချောင်းပြင် အလယ်တွင် ဆယ့်နှစ်ရာသီစီးသည့် ရေစီးကြောင်း သေးသေးကလေးကို မျှော်ငေးကြည့်သည်။

'အေးမတင် မကပါဘူးလေ၊ ဆရာတော် ဦးခေမာ၊ အဲ ဗိုလ်ချစ်ဖုန်းဆိုတဲ့ လူတစ်ယောက်ရော၊ ကိုထွန်းအောင်ဆိုတဲ့ လူတစ်ယောက်ရော နောက်ဆုံးကျတော့ ကျောက်ခဲအစအမှုန်ကလေးတွေ ဖြစ်သွားကြရတယ်။ အပူချိန်နဲ့ ဖိအားကြောင့် အသွင်ပြောင်းသွားကြရတယ်'

'ဒီမှာတော့ အပူချိန်နဲ့ ဖိအားဟာ ဘာလို့ ပြောမလဲအစ်ကို'

'သူတို့နေထိုင်ကြီးပြင်းရာ ပတ်ဝန်းကျင် သူတို့နေထိုင်ကြီးပြင်းရာ ကာလပေါ့၊ ဒီပတ်ဝန်းကျင်၊ ဒီကာလမှာ ဦးမြမင်းတို့လို ဦးကျင်စိန်တို့လို လူတွေဟာ ရှင်သန်နေသေးတယ်။ ကြိုးကို မြွေထင်အောင်၊ မြွေကို ကြိုးထင်အောင် လုပ်နိုင်နေကြသေးတယ်။ ဒီလူတွေမှာ နာမည်ကြီးချင်တာရယ်၊ အာဏာလိုချင်တာရယ်၊ ပစ္စည်းဥစ္စာ ချမ်းသာချင်တာရယ်ဆိုတဲ့ ပြင်းပြတဲ့ အာသာဆန္ဒကြီးသုံးခုရှိတယ်။ ဒီအာသာပြေပျောက်ဖို့ ဆိုရင် ဘာကိုပဲ လုပ်ရ လုပ်ရ လုပ်မှာပဲ၊ ဦးမြမင်းကို ကြည့်လေ'

ကိုမြင့်က စိတ်အားထက်သန်စ ပြုလာသည်။

'သူ ဘာလုပ်ခဲ့သလဲ၊ အာဏာကို လိုချင်တော့ အစ်ကို့အဖေကို သတ်ခဲ့တယ်၊ အာဏာဆိုတာ နာမည်ကြီးမှုလဲ ပါတာပေါ့လေ။ စည်းစိမ်ဥစ္စာကို လိုချင်တော့ ကိုထွန်းအောင်ကို သတ်ခဲ့တယ်၊ တကယ်တော့ ဗိုလ်ချစ်ဖုန်းနဲ့ နေလင်းအောင်ရဲ့တပည့်ဟာ သူတို့ရွှေ့ရာ သွားရတဲ့ နယ်ရုပ်တွေပါ၊ အဲဒီနယ်ရုပ်တွေဟာ ခု စစ်ဘုရင်ခုံအောက် ရောက်သွားပြီ၊ လမ်းပေါ်ရောက်သွားပြီ၊ သမိုင်းဆိုတဲ့ လမ်းကြိတ်စက်က နင်းချေသွားပြီ၊ ဒါပေမယ့် ဦးမြမင်းတို့ ဦးကျင်စိန်တို့ကတော့ သူတို့ကိုယ်ကို သူတို့ ကြိုးယောင်ဆောင်နေနိုင်ကြသေးတယ်၊ တစ်ခုတော့ ရှိပါတယ်၊ သူတို့ဟာ ကြာကြာ ကြိုးယောင်ဆောင်နိုင်မှာ မဟုတ်ပါဘူး၊ တစ်နေ့မှာ လမ်းကြိတ်စက်အောက် ရောက်ကြရမှာပါ'

'နေလင်းအောင် ကျတော့ကော'

www.burmeseclassic.com



'အင်း၊ နေလင်းအောင်ကတော့ မိုက်ရူးရဲစိတ်နဲ့ ရေစီးကို ဖြတ်ပြီး ရေလယ်ခေါင်ရောက်မှ မပြတ်မသားနဲ့ ရေစီးမှာ မျောပါ နစ်မြုပ်သွားရတဲ့ လူငယ်လေး တစ်ယောက်ပါ'

တိုးက ခေါင်းညိတ်သည်။

'ချောင်းပြင်တစ်ပြင်လုံးရေတွေကျလာတော့ သဲပြင်မှာ လမ်းတွေ ပျောက်သွားတယ်၊ အဲဒီတစ်ခါမှာ ကူးမိကူးရာ၊ သွားမိသွားရာ သွားကြသလိုပေါ့၊ အေးမတို့လို ကိုဖေခင်တို့လို ကိုထွန်းအောင်တို့လို အဲ အစ်ကိုလဲ ပါ ပါတယ် လေ အဲဒီလိုလူမျိုးတွေ တစ်နည်းပြောရရင် စီးပွားရေး ကျပ်တည်းပြီး အလုပ်လက်မဲ့ ဖြစ်နေတဲ့ လူမျိုးတွေက မှောင်ခိုလုပ်ကြတယ်၊ နေလင်းအောင်တို့လို လေလွင့်ပျက်စီးနေတဲ့ လူငယ်တွေက နံပါတ်ဖိုးရှုကြတယ်၊ ကိုယ့်ရာထူး လျှော့မှာ စီးပွားပျက်မှာ ကိုယ်မကောင်းမှုတွေအတွက် တန်ပြန်ထိမှာကို စိုးရိမ်ပြီး စိတ်ဓာတ် ပျက်ပြားနေတဲ့ လူကြီးက တန်ခိုးရှင်တွေ၊ သိဒ္ဓိရှင်တွေကို လိုက်ရှာနေတယ်၊ အေးမ ပြောပြဖူးတဲ့ ဒေါ်သန်းကြည်လို မိန်းမအမျိုးအစားတွေပေါ့၊ အားလုံး လမ်းကြောင်းပျောက်ပြီး ကူးမိကူးရာ ကူးနေကြတယ်'

'အင်း အစ်ကိုပြောပုံက ရင်မောစရာကြီးပါလား အစ်ကိုရယ်၊ တိုးဖြင့် အသက်ရှုကျပ်လာတာပဲ'

တိုးက သက်ပြင်းချသည်။ ကိုမြင့်က ပြုံးလိုက်သည်။ ဟုတ်သည်။ စိတ်မကောင်းစရာတွေ တွေ့ပြီးကာစ သူ့ကို ရင်မောစရာတွေ သွားပြောမိပြီ။

'အစ်ကိုဟာ တစ်ခါတုန်းက မှောင်ခိုတွေကို အထင်သေးခဲ့ဖူးတယ်၊ စာရိတ္တပျက်ပြားနေတဲ့ ကိုယ်ကျိုးသက်သက်ကိုသာကြည့်တဲ့ လူအုပ်တွေလို့ ထင်ခဲ့ဖူးတယ်'

'ခုတော့ကော'

'ခုတော့ ဦးမြမင်းတို့လို ဦးကျင်စိန်တို့လို ဥစ္စာပစ္စည်းကိုကိုတက် ချမ်းသာချင်လို့ပြင်းပြတဲ့ အာသာဆန္ဒ သုံးခုအနက် တစ်ခုကို ဖြေဖျောက်ချင်လို့ မှောင်ခိုလုပ်တဲ့ လူမျိုးမှအပ ကျန်မှောင်ခိုအများစုကြီးကို စာနာတယ်၊ စာနာတတ်လာတယ်၊ ဝမ်းမီးလေး မှန်မှန်တောက်ဖို့ တိုးမိတိုးရာ ထွက်ပေါက်ကို စွပ်ပြီး တိုးနေကြတဲ့ လူတွေလို့ မြင်လာတယ်၊ အစာရေစာ ဝတ်နေတဲ့ သိုးအုပ်တစ်အုပ်ဟာ မြက်ခြောက်ကလေး တစ်ထုံးကို မြင်တဲ့အခါမှာ ခြံထဲတိုးဖေ့ထွက်နေသလိုပေါ့'

'ဒါဖြင့် မှန်တယ်လို့ အစ်ကိုဆိုလိုချင်တာပေါ့'

www.burmeseclassic.com



'မြက်ခြောက်ထုံးကလေး တစ်ထုံးပါ၊ မြက်ခင်းပြင်ကြီး မဟုတ်ပါဘူး၊ အမှားအမှန် ပြဿနာ မဟုတ်ပါဘူး၊ ကိုယ်ချင်းစာနာမလား၊ မစာနာဘူးလား ဆိုတဲ့ ပြဿနာပါ၊ တကယ်တော့ မှောင်ခိုလုပ်နေတာဟာ ယာယီထွက်ပေါက်ပါ၊ တကယ့်ထွက်ပေါက် မဟုတ်ပါဘူး'

ကိုမြင့် သက်ပြင်းချသည်။

'ဒါဖြင့် မရှိလို့ မှောင်ခိုလုပ်စားနေကြရတဲ့ အများစုကြီးရဲ့ ထွက်ပေါက်ဟာ ဘာလဲဟင်'

ကိုမြင့်က ပခုံးကို တွန့်ပြသည်။

'ဒါတော့ အစ်ကိုလဲ မပြောနိုင်ဘူး၊ အစ်ကိုက ပုရောဟိတ်မှ မဟုတ်ဘဲ၊ ကဲ သွားကြစို့၊ နေဝင်တော့မယ်'

'နေစမ်းပါဦး အစ်ကိုရယ်၊ အေးမရဲ့ ဂူအနားမှာ နေပါရစေဦး၊ မနက်ကျရင် တိုးတို့ မုံရွာကို ပြန်ရတော့မှာ'

နှစ်ယောက်သား တိတ်ဆိတ်နေကြသည်။

'အစ်ကို သစ်ချောက်မိုင်းကို ပြန်မှာပေါ့နော်'

'ပြန်ရမှာပေါ့၊ ဟိုမှာ အစ်ကို့ရဲ့ ရဲဘော် အလုပ်သမားတွေရှိတယ်၊ အဘ ဦးစံတင် သားကလေးကလဲ အစ်ကို့ကို ခင်နေပြီ။ ကလေးလေးက ဆယ်နှစ်လောက်ပဲ ရှိသေးတယ်။ တကယ်ကတော့ အဘ ဦးစံတင်ဟာ အစ်ကို့အတွက် သေသွားရတာ၊ အဲဒီကလေးကိုမြင်တိုင်း စိတ်မကောင်းဘူး၊ ကလေးလေး နာမည်က မောင်စံခိုင်တဲ့၊ သတ္တိရှိတယ်၊ ဝီရိယရှိတယ်။ နောင်လေးငါးနှစ်ဆိုရင် တကယ်တော်တဲ့ လူငယ်ကလေးတစ်ယောက် ဖြစ်လာမှာပဲ၊ အဲဒီ လူငယ် အညွန့်အဖူးတွေ ရေစီးကြောင်းထဲမှာ မျောပါမသွားဖို့ လိုတယ်'

'တိုးလဲ နောင်တစ်နှစ်လောက်ဆိုရင် ဘွဲ့ရတော့မှာ'

တိုးက သူ့စိတ်ကူးဖြင့် သူပြောသည်။ ရှားပင်အုပ်ညိုညိုမှ ချိုးကူသံကို ကြားရသည်။

'အတူတူပေါ့၊ အစ်ကိုကတော့ အဘ ဦးစံတင်ရဲ့သား မောင်စံခိုင်တို့လို၊ တိုးတို့လို လူငယ်တွေအပေါ်မှာ မျှော်လင့်ချက်ထားတယ်၊ အနာဂတ်ကိုတိုးတို့ ပိုင်တယ်၊ မောင်စံခိုင်တို့ ပိုင်တယ်၊ တိုးတို့ဟာ အညွန့်တလူလူရှိနေတုန်းမို့ မနက်မိုးသောက်မှာ ထွန်းတောက်တဲ့ နေမင်းကြီးနဲ့တူတယ်၊ တိုးတို့အပေါ်မှာ အစ်ကို ကိုးစားတယ်၊ အစ်ကို့အဖို့ဆိုရင် တိုးဟာ ကမ္ဘာလောကကြီး၊ ကမ္ဘာလောကကြီးဟာ တိုးပဲ၊ အစ်ကိုသာ ကမ္ဘာပေါ်မှာ အတော်ဆုံး လူတစ်ယောက်၊

www.burmeseclassic.com



ဉာဏ်အမျှော်အမြင် အရှိဆုံး လူတစ်ယောက်၊ ယောကျ်ားအပီသဆုံး လူတစ်ယောက်၊ အပြစ်ကင်းဆုံး လူတစ်ယောက်ဖြစ်ခဲ့ရင် တိုးကို တိုးရဲ့အချစ်ကို’

ကိုမြင့်က စကားကို ဆုံးအောင်မပြော၊ မျက်နှာပူပူဖြင့် လှည့်ထွက်လာကာ ဆေးသုတ်ပုံး၊ ဆေးဘူး၊ စုတ်တံတို့ကို ကောက်သိမ်းသည်။ တိုးက ခေါင်းကို ငုံ့ထားရာမှ သူ့ကို လှည့်ကြည့်သည်။ ပစ္စည်းတစ်ခု ကိုမြင့် လွယ်အိတ်ဆီမှ လျှောကျသွားသည်။

‘ဘာလဲ မသိဘူး၊ အစ်ကို့ အိတ်ထဲက ကျသွားတယ်’

‘ဩော် အေးမဆီက အစ်ကို ယူထားလိုက်တဲ့ ဓားမြှောင်ကလေးပါ’

‘တစ်နေ့က အရိုးပြာကို ဂူသွင်းတုန်း မထည့်လိုက်ဘဲကိုး’

‘ပထမတော့ ထည့်လိုက်မလို့ စိတ်ကူးရသေးတယ်၊ ဒါပေမယ့် အေးမရဲ့ ပစ္စည်းဆိုလို့ အစ်ကို့မှာ ဒီတစ်ခုပဲ ကျန်တော့တယ်၊ သူ့ဘဝနဲ့ရင်းပြီး ပေးခဲ့တဲ့ ဓားမြှောင်ကလေးကို မခွဲရက်သလို ဖြစ်နေတယ်၊ ပြီးတော့ လောကကြီးမှာ တိုးတို့၊ မောင်စံခိုင်တို့လို လူတွေချည်းပဲ ရှိတာ မဟုတ်ဘူး၊ ဦးမြမင်းတို့၊ ဦးကျင်စိန်တို့လို လူတွေလဲ ကျန်နေသေးတယ်၊ ဒီငရဲခွေးတွေ လွတ်နေသမျှ ကာလပတ်လုံး ဒီဓားမြှောင်ဟာ အသုံးဝင်နေဦးမှာ၊ ဒါကြောင့် အစ်ကို ယူထားလိုက်တယ်၊ ကဲ သွားကြစို့၊ မှောင်နေပြီ၊ အမေမျှော်လှရော့မယ်’

နှစ်ယောက်သား လူသွားလမ်းကလေးအတိုင်း လျှောက်ခဲ့ကြသည်။ လမ်းကလေးကို မှုန်ပျပျ မြင်ရသေးသည်။

ညအမှောင်သည် လျင်မြန်စွာ လျှောကျလာနေသည်။ မကြာခင် ပိန်းပိတ်အောင် မှောင်တော့မည်။ လမ်းကလေးကိုပင် ကောင်းကောင်း မြင်ရတော့မည် မဟုတ်၊ သို့ရာတွင် တိုးကမကြောက် သူ့အားတွင် ကိုမြင့်ပါသည်။

ကိုမြင့်အဖို့လည်း သည်အမှောင်သည် အရေးမဟုတ်၊ မည်သူမျှ မရှိသည့် ဥမင်ထဲက အမှောင်ထုကြီးထဲတွင် တစ်ယောက်တည်း နေခဲ့ဖူးပြီ၊ ယခု သူ့အားတွင် တိုးတို့၊ မောင်စံခိုင်တို့တစ်တွေ ရှိသေးသည်။ ဘာမျှပူစရာမရှိ၊ အမှောင်ဆုံးလျှင် အလင်းသို့ ရောက်လိမ့်မည်။ သည်အမှောင်သည် တစ်ညထက် မကြာနိုင်။

အနည်းဆုံး မနက်ဖြန် မနက်တွင်တော့ နေမင်းကြီး မုချဆက်ဆက်ထွက်လိမ့်မည်။

**မြသန်းတင့်**

www.burmeseclassic.com

